


ရွှေဒေါင်း

# စုံထောက်မောင်စံရှား

ပေါင်းချုပ်

[ဒုတိယအုပ်]

ဤ စိုက်ထောက်မောင်စံရှား ဝတ္ထုတိုများ အားလုံးသည် စာရေးဆရာတင်ဆွေမိုးနှင့် ယနေ့ မန္တလေးစာအုပ်တိုက် အယ်ဒီတာအဖွဲ့ တို့မှ စုဆောင်းရှာဖွေထားသော ဝတ္ထုများဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှ တစ်စုတစ်ဝေးတည်း စာအုပ်အဖြစ် ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးပါ။ ယခုစာအုပ်သည် ပထမအုပ် ဖြစ်သည်။

မျက်နှာဖုံးသရုပ်ဖော်

**တင်မောင်မျင့်**

စာအုပ်ချုပ်

**ကိုမြင့်**

စာအုပ်တန်ဖိုး

**၂၀၀၀ ကျပ်**

အတွင်းဖလင်

**ကိုဦး (Quality)**

စာမူခွင့်ပြုချက်အမှတ် ၇၁/ ၂၀၀၁(၁)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀/ ၂၀၀၂(၁)၊ ပထမအကြိမ်၊

အုပ်ရေ ၅၀၀၊ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖြန့်ဝေသည်။ **ထုတ်ဝေသူ** – ဦးကျော်ဆန်း (ရဲအောင် စာပေတိုက်) (၀၉၃၂)၊ အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ** – ဒေါ်ရွှေ၊ သုခ ပုံနှိပ်တိုက် (၁၂၀၇၉)၊ ၁၂၈၊ ၄၆လမ်း၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** – 'မြ' ကွန်ပျူတာ။

*Commercial use of this book will be at your own risk*

# စုံထောက်မောင်စံရှား

## ပေါင်းချုပ်

## (ဒုတိယအုပ်)

## ရွှေဥဒေါင်း

Commercial Use of This Book will be at Your OWN RISK

pdf မှတ်တမ်း

ကွန်ပြူတာ စာစီစာရိုက်

**zeta**

အချောသတ် pdf တည်းဖြတ်သူ

**Harry Lwin**

**MMCP pdf Creator Group** မှတင်ဆက်သည်

မြန်မာ EBook အဖြစ်

ပထမအကြိမ်

မတ်လ ၂၀၀၉

*Commercial use of this book will be at your own risk*

# မာတိကာ

၁။ တစ်ကျွန်းပြန်တစ်ယောက်အမှု၌ မောင်စံရှား စုံထောက်ပုံ ...... ၆
၂။ မောင်စံရှားသည် အဘယ်ကြောင့် လူပျိုကြီးလုပ်၍ နေပါသနည်း...... ၄၃
၃။ နှစ်ထပ်ကျော့ ...... ၈၇
၄။ အဆိပ်သောက်သေသည်ဆိုသောအမှု ...... ၉၈
၅။ ထူးဆန်းသော လူသတ်မှုကြီး...... ၁၀၉
၆။ သူဌေးကတော်တစ်ဦးအမှု...... ၁၁၈
၇။ ကိုယ့်ကိုယ်ကို သတ်ခြင်းလော သူတစ်ပါးသတ်ခြင်းလော ...... ၁၃၀
၈။ မြေပိုင်ရှင် လင်မယားအမှု ...... ၁၄၂
၉။ ထူးဆန်းသော မြေဘုတ်ဘီလူး အမှု၌ မောင်စံရှားစုံထောက်ပုံ ...... ၁၅၃
၁၀။ ဦးအောင်ဒွန်းကို ဘယ်သူသတ်သလဲ...... ၁၆၅
၁၁။ တရုတ်ကပြားမလေး မကျင်မြိုင်အမှု...... ၁၇၈
၁၂။ မင်းတိုင်ပင်အမတ်တစ်ဦး၏ အမှု၌ မောင်စံရှား စုံထောက်ပုံ...... ၁၉၂
၁၃။ ယစ်မျိုးစုံထောက် တစ်ယောက် သေဆုံးမှု...... ၂၀၅
၁၄။ စိန်လုယက်မှု၌ စုံထောက်ပုံ ...... ၂၁၅
၁၅။ ကိုယ့်ကိုယ်ကို သတ်သေသည်ဆိုသည့် အမှု၌ စုံထောက်ခြင်း ......၂၂၆
၁၆။ ထူးဆန်းသော အမွေမှုကြီး၌ မောင်စံရှား စုံထောက်ပုံ...... ၂၃၆
၁၇။ ဘုရင်ခံကတော် ပုလဲပုတီးပျောက်မှု၌ စုံထောက်ပုံ...... ၂၄၉
၁၈။ တူဝရီးနှစ်ယောက်၏ ထူးဆန်းသော အမှု၌ စုံထောက်ခြင်း...... ၂၆၀
၁၉။ အိန္ဒိယပြည်၊ မိုက်စိုးနယ်၊ မဟာရာဇာစော်ဘွား၏နန်းတွင်းပတ္တမြားပျောက်ဆုံးမှု၌ မောင်စံရှားစုံထောက်ပုံ...... ၂၆၉
၂၀။ မိုးကုတ်အမွေအမှု၌ မောင်စံရှား စုံထောက်ပုံ ...... ၂၇၉
၂၁။ အသက်အာမခံ ကုမ္ပဏီ အမှု ...... ၂၈၉
၂၂။ မောင်စံရှားနှင့် ထူးဆန်းသော အိုးခြမ်းပဲ့ အထိမ်းအမှတ်အမှု ...... ၂၉၉
၂၃။ အစိုးရ စာချုပ်များ ပျောက်ဆုံးမှု၌ ဦးစံရှား စုံထောက်ပုံ ......၃၀၉
၂၄။ ရေနံချောင်းတွင်းစားရိုးတစ်ယောက်၏ အမှု ......၃၂၂
၂၅။ နန်းစဉ်ပတ္တမြားအမှု၌ မောင်စံရှားစုံထောက်ပုံ...... ၃၃၂
၂၆။ ကော်ပိုရေးရှင်း ဥက္ကဋ္ဌပျောက်မှု စုံထောက်ပုံ ......၃၅၈
၂၇။ ကုလားဓားပြအသင်းကြီးနှင့် စုံထောက်မောင်စံရှား......၃၇၀
၂၈။ ဣတ္ထိယသိုက်သမား တစ်ယောက်အမှု......၃၈၃

၂၉။ ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေနှင့် ရင်ဆိုင်ရခြင်း ........ ၃၉၅
၃၀။ ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေနှင့် မောင်စံရှား ........ ၄၀၈
၃၁။ စုံထောက်မောင်စံရှားသည် လူဆိုးတို့ လက်တွင်းသို့ သက်ဆင်းရပုံ ........ ၄၁၇
၃၂။ စုံထောက်မောင်စံရှားအား လုပ်ကြံကြပုံ ........ ၄၂၆
၃၃။ ကျားလော လူလော........ ၄၃၃

## ၁။ တစ်ကျွန်းပြန်တစ်ယောက်အမှု၌ မောင်စံရှား စုံထောက်ပုံ

တစ်နေ့သော တနင်္ဂနွေနေ့၌ မောင်စံရှားသည် အိမ်ရှေ့ ဧည့်ခန်းတွင် ထိုင်လျက် ဖန်ဘူး ဖန်ခွက် ဖန်ပြွန်မှ စ၍ ကိရိယာ တန်ဆာများနှင့် ဓာတ်သတ္တုများကို မိမိ ဝါသနာအလျောက် ခွဲခြမ်းစိတ်ဖြာ စမ်းသပ်လျက် ရှိနေရာမှ ကိရိယာများကို ရုတ်တရက် ချထားပြီးလျှင် ကုလားထိုင်တွင် မှီကာ အပျင်းပြေ လိမ်ပြီးနောက်

'ပြီးပေပြီဗျာ၊ နက်ဖြန်မှပဲ ကျန်တဲ့အတွက် ဆက်ပြီး လုပ်တော့မယ်၊ ဒါထက် ကိုသိန်းမောင်ရေ့၊ အခုတလော တယ်ပြီး ကျုပ်နှင့် ဆိုင်တဲ့ အမှုများက နဲပါကလားဗျ၊ ဘာမဟုတ်တဲ့ အမှုနု ကလေးတွေချည်းပဲ တွေ့နေရတယ်၊ ကျုပ်က ခင်ဗျား သိတဲ့ အတိုင်း အမှုမရပြန်မှဖြင့် ပျင်းပြန်ရောဗျ၊ စိတ်ကို အလကား မထားတတ်ဘဲဟာကိုး ကိုသိန်းမောင်ရဲ့၊ ပျင်းလှတယ်ဗျာ၊ လမ်းလျှောက်ကြဦးစို့လား' ဟု ပြောလျက် ထိုင်ရာမှ ထမည် ပြုသည်တွင် လှေခါးမှ ခြေသံကြားလိုက်ရာ မောင်စံရှားလည်း ရုတ်တရက် ပြန်၍ ထိုင်ပြီးလျှင်

'ကော်ပြီဗျို့၊ ကော်ပြန်ပြီ။ အမှုသည်နှင့် တူတယ်၊ ခြေသံက တယ်မပြင်းလှဘူး၊ မိန်းမခြေသံနှင့် တူတယ်' ဟုပြော၍ မဆုံးမီ တံခါးကို အပြင်မှ ခေါက်သံကြားရလေ၏။

ထိုအခါ မောင်စံရှားလည်း 'ဝင်ခဲ့လေ' ဟု ပြောလိုက်သည်တွင် သူငယ်မ တစ်ယောက်လည်း အခန်းတွင်းသို့ မရဲတရဲ ဝင်လာ၍

'ကိုစံရှား ဟုတ်ပါရဲ့လားရှင်' ဟု မေးသဖြင့် မောင်စံရှားသည် ဟုတ်ပါကြောင်းနှင့် ပြောဆိုပြီးလျှင် ရိုသေသမှု ပြုသည့် အမူအရာနှင့် ကောင်းမွန်စွာ နေရာထိုင်ခင်းပေးလေ၏။

၎င်းသူငယ်မမှာ အသက် နှစ်ဆယ်အရွယ်ခန့်မျှ ရှိလျက် ကြက်သရေရှိလှသော ဣန္ဒြေသိက္ခာနှင့်လည်းကောင်း၊ လွန်မင်းစွာ ကောင်းမွန် တောက်ပခြင်း မရှိဘဲလျက် သင့်တင့်ရုံမျှ ရှိသော အဝတ်တန်ဆာများကို ကျစ်လစ်သိပ်သည်းစွာ ဝတ်ဆင်လျက်လည်းကောင်း၊ အလွန်တရာ ချိုအေးကြည်လင် နုယဉ်လှစွာသော မျက်နှာထားဖြင့်လည်းကောင်း ပြည့်စုံလှပေသည် ဖြစ်ရကား ကျွန်တော်မှာ ဤမျှလောက် ချစ်ခင်ဖွယ်ကောင်းလှသော သူငယ်မကလေးကို ဤအသက် ဤအရွယ်တိုင်ရောက်အောင် တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဘူးပေပြီတကားဟု စိတ်၌ မှတ်ထင်မိပါကြောင်း။

အချို့သော သူငယ်မကလေးတို့သည်မှာ မျက်နှာထားအားဖြင့် လှပတင့်တယ် ရှုချင်စဖွယ် ရှိကြပေ၏။ အချို့မှာလည်း ကိုယ်လုံးကိုယ်ပေါက်အားဖြင့် အဆင်းအတက် ပြေပြစ်ညီညွတ်ခြင်းနှင့် ပြည့်စုံကြပေ၏၊ သို့ရာတွင် ချစ်ခင်ဖွယ်ကောင်းခြင်း၊ ယောက်ျားတို့၏ စိတ်နှလုံးကို နူးညွတ်အောင် ဖြစ်စေခြင်း အစရှိသည့် အရာဌာနခွဲမှု ၎င်းမိန်းကလေးထက် ထူးကဲသော မိန်းကလေးတို့မှာ ရှာ၍ တွေ့နိုင်မည် မဟုတ်တော့ချေ။

မိန်းကလေးသည် အနည်းငယ် တုန်လှုပ်သော အမူအရာနှင့် မောင်စံရှားက ခင်း၍ ပေးသော ကုလားထိုင်တွင် ထိုင်ပြီးနောက်

'လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်မမိတ်ဆွေတစ်ယောက် ဒေါ် သင်းကြည်ဆိုတာကို သည်က အကိုကြီးက ကူညီစောင်မဖူးတဲ့အတွက် ကျွန်မကို လမ်းညွှန်လိုက်လေတော့ ကျွန်မကိုလည်း ထိုနည်းအတူ ကူညီလိမ့်မယ်လို့ မြော်လင့်ပြီး လာခဲ့ရပါတယ် အကိုကြီးရှင့်' ဟု မောင်စံရှားအား အလွန်တရာ အားထားလှသော မျက်နှာထားဖြင့် ပြောလေလျှင် မောင်စံရှားလည်း စဉ်းစားသည့် မျက်နှာဖြင့်

'ဒေါ်သင်းကြည်၊ ဒေါ်သင်းကြည်၊ ဩော် သတိရပြီဗျို့၊ ဟုတ်တယ် ဟုတ်တယ် ကျုပ်နည်းနည်း ကူညီဖူးတယ်၊ သို့သော်လည်း သူ့အမှုက တယ်ကြီး မနက်လှပါဘူး၊ ခပ်ရိုးရိုး ခပ်ရှင်းရှင်းပါပဲ'

'အကိုကြီးမှာသာ ရှင်းပါတယ် ရှင်၊ ခမြာမှာဖြင့် ဟိုတုံးက ရှုပ်ရာလွန်းလို့ မကြံတတ်အောင် ဖြစ်ပြီးနေလို့မို့ အကိုကြီး ကူညီတာများ ပြောလို့တောင် မဆုံးနိုင်ရှာပါဘူးရှင်၊ သို့သော်လည်း သူ့အမှုဟာကတော့ ဘယ်လိုပင် ရှင်းသည်ဖြစ်၍ ယခု ကျွန်မလာရောက်ခဲ့ရတဲ့ အမှုဟာကဖြင့် အင်မတန်လည်း ထူးဆန်း အင်မတန်လည်း ရှုပ်ထွေးတဲ့ အမှု ပါပဲ အကိုကြီးရှင့်' ဟု ပြောလျှင် မောင်စံရှားလည်း အလွန်တရာ နှစ်သက် အားရရှိသော မျက်နှာထားနှင့် သူငယ်မအား ကြည့်ပြီးလျှင် 'ကိုင်း မိန်းကလေး အမှု ပြောပြစမ်းဗျာ' ဟု ပြောလျက် နားစိုက်ကာ ရှိနေလေ၏။

ထိုအခါ ကျွန်တော်လည်း ကျွန်တော်၏ ရှေ့၌ မိန်းကလေးသည် စကားစုံလင်စွာ ပြောရမည်ကို ကြောက်ရွံ့မည်စိုးသဖြင့် ထိုင်ရာမှ ထမည်ပြုလေလျှင် သူငယ်မက

'ကိစ္စမရှိပါဘူးရှင်၊ ထိုင်သာထိုင်ပါ၊ တစ်ဆိတ်ကလေး အကိုကြီးက တောင်းပန်ပေးပါရှင်၊ အကိုကြီးမိတ်ဆွေ ဖြစ်ခဲ့လို့ရှိလျှင် ကျွန်မအမှုကို နှစ်ယောက်လုံးကြားကြရင် သာပြီး ကောင်းပါလိမ့်မယ်ရှင်' ဟု ပြောသဖြင့် ကျွန်တော်လည်း ပြန်၍ ထိုင်ရလေ၏။ ၎င်းနောက် မိန်းကလေးက

'ကိုင်း ကျွန်မ အတိုချုပ်ပြီး ပြောပါရစေရှင်၊ ကျွန်မ အဖေက ပထမကတော့ ကျောင်းဆရာ လုပ်ပြီးနေခဲ့၊ လွန်ခဲ့တဲ့ စစ်ကြီးအတွင်းမှာ ကျောင်းဆရာအလုပ်ကို စွန့်ပြီး အသက်ပင်ကြီးသော်လည်း အသက်ကို လျော့ပေါ့ပြောပြီး စစ်မှုထမ်းရွက်ဖို့ စစ်ထဲကို လိုက်သွားရပါရော့ရှင်၊ ကျွန်မ မိခင်ကတော့ ကျွန်မ ငယ်ငယ်ကလေးကပဲ၊ သေဆုံးပြီး သွားရှာ၊ ကျွန်မမှာ ဒေါ်ဒေါ်တစ်ယောက်နှင့် အတူတကွ နေထိုင်ပြီး အင်္ဂလိပ်စာများကို သင်ကြားခဲ့၊ ၇တန်းနှင့် ဆရာဖြစ် ပရိုင်မာရီ စာမေးပွဲကို အောင်မြင်ပြီး ကျောင်းဆရာအလုပ်နှင့် ကိုယ်ဝမ်းကိုယ်ခါးကို ထိန်းကျောင်းခဲ့ရပါတယ်ရှင်။'

'သည့်နောက် စစ်ကြီးပြီးမြောက်လေတော့ ကျွန်မတို့ အဖေ ပြန်လာမယ်လို့ စာများရတာနှင့် ကျွန်မမှာ စောင့်ဆိုင်းပြီး နေခဲ့၊ တစ်နေ့သ၌တော့ ပြန်လာကြောင်း သတင်းကြားတဲ့ပြင် မိတ်ဆွေတစ်ယောက်အိမ်မှာ တည်းခိုနေထိုင်ကြောင်း သတင်း ကြားရပါရောရှင်၊ သည်တော့ ကျွန်မမှာ ကျွန်မအဖေဟာ ပြန်လာရက်နှင့် ကျွန်မကိုမှ နှုတ်မဆက်သေးဘဲ သူတစ်ပါးအိမ်မှာ တည်းခိုရက်လေခြင်းလို့ စိတ်ထဲမှာ မခံချင်သော်လည်း အဖေရှိရာ သွားပြီး တစ်မနက်ခင်းမှာ မေးပါရောရှင်၊ မေးတော့ သူ့တည်းအိမ်က လူတွေက ကျွန်မအဖေဟာ ညကတည်းက ထွက်သွားလိုက်တာ ယခုတိုင် ပြန်မလာသေးကြောင်း ကြားရပါရောရှင်၊ ဒါနှင့် ကျွန်မလည်း တစ်ရက်တစ်ရက်နှင့် စောင့်လိုက်တာ ငါးရက်လောက်ကြာတော့ ဘာများ ဖြစ်လေသလဲလို့ စိတ်မချတာနှင့် ပုလိပ်ကို တိုင်ချက်ပေးပါရောရှင်၊ သည်တော့ ကျွန်မလည်း ပုလိပ်အရာရှိများက အကြံပေးချက်အရ သတင်းစာထဲမှာ ထည့်ပြီးကြော်ငြာ၊ ပုလိပ်စုံထောက်များကိုလည်း စုံထောက်ဖို့ပြော၊ အမျိုးမျိုး ကျွန်မ ကြိုးစားသော်လည်း ဘယ်နည်းနှင့် လုပ်လို့မှ သတင်းမရဘူးရှင်၊ သည်တော့'

**ရှား**။ ။'နေပါအုံးမိန်းကလေးရယ်၊ ရက်စွဲ ပြောစမ်းပါ၊ ဘယ်ရက်က ပြန်လာသလဲ'

**မိန်းကလေး**။ ။'၁၉၁၉ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပြန်ရောက်ပါတယ်ရှင်'

**ရှား**။ ။'ဘယ်နှစ်ရက်နေ့က ပျောက်သွားသလဲ'

**မိန်းကလေး**။ ။'နောက်တစ်ရက်ပဲ ပျောက်သွားတယ်ရှင့်၊ ၁၃ ရက်နေ့'

**ရှား**။ ။'တစ်နှစ်ကျော်သွားပါပြီကောဗျာ၊ ဒါထက် သူ့ပစ္စည်းများကော မကျန်ရစ်ဘူးလား'

**မိန်းကလေး**။ ။'များများမကျန်ရစ်ပါဘူးရှင်၊ အဝတ်အစားကလေး နဲနဲနှင့် စာအုပ်ကလေး သုံးလေးအုပ်နှင့် သည့်ပြင် တိုလီမိုလီပစ္စည်းကလေး နဲနဲပါးပါးပါပဲရှင်'

**ရှား**။ ။ 'ရန်ကုန်မြို့ထဲမှာ သူတည်းတဲ့ အိမ်မှတစ်ပါး သည့်ပြင် မိတ်ဆွေများ ရှိသေးသလား'

**မိန်းကလေး**။ ။'သည့်ပြင် မိတ်ဆွေတစ်ယောက်သာ ရှိတယ်လို့ ကျွန်မ ကြားဖူးပါတယ်ရှင်၊ သည်မိတ်ဆွေက ကျွန်မတို့အဖေနှင့် အတူတူ စစ်ထဲမှာ အမှုထမ်းပြီး မမာလို့ ပြန်လာတာ၊ သူက ခြောက်လလောက် အရင်ရောက်နှင့် ပါတယ်ရှင်၊ သူ့အိမ်ကိုလည်း ကျွန်မ သွားပြီး မေးပါတယ်၊ မေးတော့ သူက ကျွန်မတို့ အဖေပြန်ရောက်လာတယ် ဆိုတာတောင် သူ မသိရပါဘူးတဲ့'

**ရှား**။ ။'သူ့နာမည်က ဘယ်သူတဲ့လဲ'

**မိန်းကလေး**။ ။'ဦးထွန်းကျော်တဲ့ရှင်'

**ရှား**။ ။'ဘာရာထူးလဲဗျ၊ စစ်ထဲမှာ'

**မိန်းကလေး**။ ။'ဂျမဒါပါတဲ့ရှင်'

**ရှား**။ ။'သူငယ်မ အဖေကကော အတူတူပဲလား'

**မိန်းကလေး**။ ။'ဟုတ်ပါတယ်ရှင်၊ ဂျမဒါပါပဲ၊ အမည်ကတော့ ဦးသာဟန်ပါတဲ့'

**ရှား**။ ။'ကိုင်း သည့်ပြင် ပြောစမ်းပါဦးဗျာ'

**မိန်းကလေး**။ ။' ဒါနှင့် ကျွန်မလည်း သတင်းမကြားလေတော့ စိတ်ညစ်ညစ်နဲ့ လက်လျှော့ရမလိုဖြစ်နေတုန်း ခြောက်လလောက်အကြာမှာ တစ်နေ့သ၌တော့ သတင်းစာ တစ်စောင်ထဲမှာ ဂျမဒါဦးသာဟန် သမီးတစ်ယောက်ဟာ ဘယ်အရပ် ဘယ်ဒေသမှာ နေထိုင်ကြောင်း ၎င်းသတင်းစာထဲမှာ ပြန်ကြားဖြေဆိုလျှင်ဖြင့် ကျေးဇူးရှိပါလိမ့်မယ်တဲ့ ပါလာတာကိုးရှင့်၊ သည်တော့ ကျွန်မက ကျွန်မဒေါ်ဒေါ်ကို တိုင်ပင်ပြီး မကြာမီအတွင်းပဲနေရပ်နှင့်တကွ လိပ်ကို ဖြေကြားလိုက်ပါရောရှင့်၊ သည်လိုလဲ သတင်းစာထဲကနေပြီး ဖြေလိုက်ပါရော နောက်တစ်နေ့မှာ ကျွန်မအမည်နှင့် အထုပ်ကလေးတစ်ထုပ် ရောက်လာပါရောရှင့်၊ ဒါနှင့် ကျွန်မ ဖြည်ကြည့်တော့ အင်မတန် အရောင်ကောင်းတဲ့ ပုလဲကြီးတစ်လုံး တွေ့ပါရော ရှင်၊ သည့်ပြင်တော့ စာလည်း မပါ၊ ဘာလဲ မပါ၊ ဘယ်က ပို့လိုက်လို့ ဘယ်လို အကြံအစည်နှင့်မှန်းလည်း ကျွန်မ မသိရပါဘူးရှင်၊ ဒါနှင့် သည်ပုလဲကို စိန်တိုက်က ဘာဘူများကို သွားပြတော့ အဘိုး သုံးရာ ထိုက်တန်တယ်လို့ အဖိုးဖြတ် လိုက်ပါတယ်ရှင်၊ ဖြတ်လိုက်ပေမယ့် ဘယ်လို အကြံအစည်နှင့် ပို့လိုက်မှန်း မသိလေတော့ ကျွန်မလည်း မရောင်းဘူးရှင့်၊ ရတဲ့ လခကလေးနှင့်ပဲ ကျစ်ကျစ်ကလေး စားသောက်နေခဲ့ပါတယ်၊ ဒါနှင့် အဲဒီနေ့က စပြီး လဆန်း တစ်ရက်နေ့တိုင်း တစ်ရက်နေ့တိုင်း သည်ပုလဲမျိုး တစ်လုံးတစ်လုံး ရောက် ရောက်လာပါတယ်ရှင်၊ ယခု ၁၂ လရှိလို့မို့ ပုလဲ ၁၂ လုံး ကျွန်မဆီ ရောက်ပါပြီရှင်၊ အရွယ်ကလည်း ညီ အရောင်ကလည်း ညီပါဘိသနှင့် ကြည့်ပါတော့ရှင်' ဟု ပြောလျက် သူငယ်မလည်း ကနုကမာဖြင့် ပြုလုပ်ထားသော သေတ္တာငယ်အတွင်းမှ ပုလဲ ၁၂ လုံးကို ကျွန်တော်တို့အား ထုတ်၍ ပြလေ၏။

မောင်စံရှားလည်း ပုလဲကို သေချာစွာကြည့်ရှုပြီးနောက်

'ကောင်းပါတယ်၊ ကောင်းတဲ့ ပုလဲကြီးတွေ၊ တစ်လုံး ၄၀၀ ထက်မနဲ တန်ပါရဲ့ဗျာ။ ကိုင်း ကိုင်း သည့်ပြင် ပြောပါဦးဗျာ'

**မိန်းကလေး**။ ။'ဒါနှင့် သည်လို လစဉ် ပုလဲ တစ်လုံး တစ်လုံး ရပြီးလာခဲ့၊ သည်ကနေ့တော့ အခါတိုင်းလို ပုလဲ မရောက်လာဘဲနှင့် ဟောဒီစာတစ်စောင် ရောက်လာပါတယ်ရှင်' ဟု ပြော၍ စာတစ်စောင်ကို ထုတ်၍ ပြရာ မောင်စံရှားက 'စာအိတ်ပါပေးဗျာ' ဟု ပြော၍ စာအိတ်ပါ ယူ၍ ကြည့်ပြီးနောက်

'အင်း စာတိုက်တံဆိပ်က ကြည့်မြင်တိုင်တံဆိပ်၊ ရက်စွဲက စက်တင်ဘာလ ၁ ရက်နေ့၊ စာအိပ်ထောင့်က လက်မရာကြီးဟာက စာပို့ကုလားရဲ့ လက်မရာပဲနှင့် တူတယ်၊ စာအိပ်ကလည်း စာအိပ်ကောင်း၊ စာရေးစက္ကူကလည်း စက္ကူကောင်း၊ အနည်းဆုံး တစ်ရာကို သုံးကျပ်လောက် ပေးရမယ်။ စာထဲမှာ လက်မှတ်လည်း မထိုးဘူး၊ နေရပ်လည်း မပါဘူး၊ ရက်စွဲလည်း မပါဘူး၊ ကိုင်း ကိုင်း စာထဲမှာ ဘာပါသလဲ ကြည့်ရအောင်' ဟု ပြောလျက် မောင်စံရှားလည်း အောက်ပါအတိုင်း ဖတ်လေ၏။

***'ယနေ့ည စနာရီ အချိန်တွင် ပစ်ချားပဲလေစ့် အရိပ်ပြပွဲရုံရှေ့သို့ အဖော်နှစ်ယောက်နှင့် လာခဲ့ပါလေ။ မိန်းကလေးမှာ များစွာ အနစ်နာခံ နေရပါသဖြင့် ကျွန်ုပ် တတ်အားသမျှ ကူညီလိုပါသည်။ သို့ရာတွင် ပုလိပ်များကိုဖြင့် မခေါ်ခဲ့ပါနှင့်။ ပုလိပ်များ ပါခဲ့လျှင် ကျွန်ုပ်နှင့် တွေ့တော့မည် မဟုတ်ပါ'***

***မိတ်ဆွေတစ်ယောက်***

၎င်းစာကို ဖတ်ပြီးနောက် မောင်စံရှားက 'အင်း တော်တော် ကောင်းပုံပေါ်တဲ့ အမှုကလေးပဲ၊ ကိုင်း ကိုင်း မိန်းကလေးနာမည်က မနှင်းညွန့် ဟုတ်လား'

**ညွန့်**။ ။'ဟုတ်ပါတယ်ရှင်'

**ရှား**။ ။'ကိုင်း သည်အမှုမှာ မနှင်းညွန့် ဘယ့်နယ်လုပ်ဖို့ ကြံစည်သလဲ'

**ညွန့်**။ ။'ကျွန်မဖြင့် ဘယ့်နှယ်လုပ်ရမယ် မသိတတ်လို့ အကိုကြီးဆီ လာရခြင်း ဖြစ်ပါတယ်ရှင်'

**ရှား**။ ။'ကိုင်း ကျုပ်အကြံအတိုင်း လိုက်မှာဖြင့် သူမှာတဲ့အတိုင်း ကျုပ်တို့ သွားကြမယ်၊ အဖော်နှစ်ယောက် ခေါ်ခဲ့ဆိုတယ် မဟုတ်လား၊ နေရာကျပြီး သည်က ကိုသိန်းမောင်နှင့် ကျုပ်နှင့် လိုက်ကြမယ် ဘယ့်နှယ်လဲ'

**ညွန့်**။ ။(ကျွန်တော့်ဘက်သို့ လှည့်လျက်) 'လိုက်ခဲ့ပါဦး အကိုကြီးရှင်၊ ကျွန်မ ကျေးဇူးမမေ့ပါဘူးရှင်'

**ကျွန်တော်**။ ။'ကျွန်တော်လိုက်လို့ မိန်းကလေးမှာ ကျေးဇူးရှိမယ်ဆိုရင် သည်လမ်းမကပါဘူး၊ ဘယ်လမ်းမဆို ကျွန်တော် လိုက်ပါတယ်ဗျာ'

**ညွန့်**။ ။'ကျေးဇူးကြီးလှပါတယ် အကိုကြီးတို့ရှင်၊ ကျွန်မက ကုပ်ကုပ်ကလေး နေတတ်လေတော့ အသိမိတ်ဆွေဆိုလို့လဲ တယ်ကြီး မရှိလှဘူးရှင့်၊ အိမ်မှာလဲ မိန်းမသားတွေချည်းပဲ၊ သည်တော့ အကိုကြီးတို့ နှစ်ယောက် လိုက်ရင်ဖြင့် အင်မတန် ကျေးဇူးကြီးပါပဲရှင်၊ ကျွန်မ ဒါဖြင့် ၇ နာရီခွဲ ရောက်အောင်လာရင် တော်ပြီမှတ်တယ်'

**ရှား**။ ။'၇ နာရီခွဲတိတိ ရောက်အောင်လာပေတော့၊ နောက်မကျစေနှင့်နော်၊ ဒါထက် ကျုပ်တစ်ခု မေးပါရစေဦး၊ သည်စာရေးတဲ့ လက်ရေးနှင့် ပုလဲများကို ပို့စဉ်အခါ လိပ်တပ်ပြီးပေးတဲ့ လက်ရေးအတူတူပဲလား'

**ညွန့်**။ ။'အော် ဟုတ်ပေသား၊ ကျွန်မမှာ ပါခဲ့တယ်ရှင်၊ အထုပ်မှာ လိပ်တပ်ပြီးပေးတဲ့ လက်ရေးတွေ ပါခဲ့ပါတယ်ရှင်' ဟု ပြောလျက် မိန်းကလေးလည်း စာရွက်ငယ်များကို ထုတ်၍ မောင်စံရှားအား ပြလေ၏။

**ရှား**။ ။(စာရွက်များကို လှမ်းယူလျက်) 'တယ်တော်တဲ့ သူငယ်မပဲ၊ တယ်ပြီး စေ့စပ်ပါပေတယ်ဗျာ၊ သည်လိုလူမျိုး အမှုလိုက်ရမှ ကျုပ်က ကြိုက်တာကလား၊ ကိုင်း ကိုင်း ကြည့်ကြရအောင်' ဟု ပြောလျက် လက်ရေးများကို နှိုင်းယှဉ်ကြည့်ရှုပြီးနောက်

'အထုပ်မှာ လိပ်တပ်တဲ့ လက်ရေးတွေကတော့ ဖျက်ပြီးရေးတဲ့ လက်ရေးတွေပဲ၊ စာရွက်က လက်ရေးကတော့ဖြင့် အမှန်အတိုင်းရေးတဲ့ လက်ရေးပဲ၊ သို့သော် လူတစ်ယောက်ထဲ ရေးကြောင်း ထင်ရှားတယ်၊ ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ ခင်ဗျားလူ ဘယ်လိုပဲ ဖျက်ပြီးရေးပေမယ့် အသတ်တွေ သတ်ပုံ တစ်ချောင်းငင်ဆွဲပုံကတော့ မတူဘူးလားဗျာ၊ ကိုင်း ကိုင်း တစ်ခုထဲ မေးပါရစေဦးတော့ မနှင်းညွန့်၊ မနှင်းညွန့်အဖေ လက်ရေးနှင့် သည်လက်ရေးတွေနှင့် တူတယ်များ ထင်သလားဗျာ'

**ညွန့်**။ ။'မတူပါဘူးရှင်၊ နဲနဲကလေးမှ မတူပါဘူး'

**ရှား**။ ။'ကျုပ်လည်း သည်လိုပဲ ထင်တာပဲ၊ ကိုင်း ကိုင်း ၇နာရီခွဲထက် နောက်မကျစေနှင့်နော်၊ ယခု သုံးနာရီ ကျော်သွားပြီ၊ အချိန်တော်တော် ရှိပါသေးရဲ့၊ သည်စာရွက်တွေ ထားပစ်ခဲ့ပါဗျာ၊ ကျုပ် နဲနဲထပ်ပြီး ကြည့်ချင်ပါသေးတယ်၊ နောက်မကျစေနဲ့နော် မနှင်းညွန့်'

**ညွန့်**။ ။'စိတ်ချပါရှင်၊ မကျစေရပါဘူး၊ ကိုင်း၊ ကျွန်မပြန်ချေပါဦးမယ်ရှင်' ဟုပြောလျက် ချိုသာလှစွာသော မျက်နှာဖြင့် ကျွန်တော်တို့ နှစ်ယောက်အား နှုတ်ဆက်ပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။ မိန်းကလေး ဆင်းသွားလေလျှင် ကျွန်တော်လည်း အိမ်ရှေ့ ပြတင်းပေါက်မှ ရပ်လျက် သွားရာလမ်းကို မျက်စေ့တစ်ဆုံး မျှော်ကြည့်ကာ ရှိနေမိပါကြောင်း။

၎င်းနောက် မိန်းကလေးသည် လမ်းကွေ့မှ ချိုး၍ သွားသဖြင့် မမြင်ရသည့်အခါမှ ကျွန်တော်သည် ပြတင်းပေါက်မှပြန်လာ၍

'တယ်ချစ်စရာကောင်းတဲ့ သူငယ်မလေးဗျာ'

**ရှား**။ ။(ဆေးတံသောက်လျက် စဉ်းစားနေရာမှ) 'ဟုတ်ကဲ့လား၊ ကျုပ်ဖြင့် သတိမထားမိပါဘူဗျာ'

**ကျွန်တော်**။ ။'ခင်ဗျားမျက်စိများက ဘယ်ရောက်နေပါလိမ့်မလဲဗျာ၊ မျက်စိပါလို့မှလည်း မြင်တတ်တဲ့လူ မဟုတ်ဘူး၊ သည်လောက် ချစ်ခင်ဖို့ကောင်းတဲ့ မိန်းကလေး ဘယ်မှာ ရှာလို့ တွေ့ဦးမလဲဗျာ

**ရှား**။ ။(အနည်းငယ် ပြုံးရယ်လျှက်) 'တယ်ဆိုတဲ့ စာပါလားဗျာ၊ ကျုပ်တို့မှာတော့ ကိုယ့်အမှုသည် ချောတယ် လှတယ် အရုပ်ဆိုးတယ်ဆိုတာ မကြည့်အားဘူးဗျ၊ အမှုကိုသာ ကြည့်ရတယ်၊ အမှုသည်ကို ကြည့်မိမှဖြင့် အမှုကို ဆင်ခြင်ရာမှာ လမ်းမှားတတ်တယ်ဗျ၊ ဟိုတလောက ကိုယ့်ကလေး ကိုယ်သတ်ပြီး အသက်အာမခံငွေ ထုတ်ယူလို့ အမှုဖြစ်တဲ့

မိန်းမဟာလည်း အင်မတန်ချောလှတဲ့ မိန်းမတစ်ယောက်ပေါ့ဗျ၊ ဟိုတစ်နေ့က လူအိုရုံအတွက် ငွေငါးထောင် ထည့်လိုက်တဲ့ မိန်းမကြီးဟာလည်း အင်မတန် အရုပ်ဆိုးရှာတာကပဲ၊ သည်တော့'

**ကျွန်တော်**။ ။'သို့သော်လည်း သည်မိန်းကလေးဟာကတော့ သူ့ရုပ် သူ့ရည်နှင့်လိုက်အောင် အကျင့်စာရိတ္တလည်း'

**ရှား**။ ။'မပြောတတ်သေးဘူး၊ ပြီးမှ သိမယ်၊ ဒါထက် ကိုသိန်းမောင် လူ့လက်ရေးကို ကြည့်ပြီး အကျင့်စာရိတ္တကို ခန့်မှန်းတဲ့နည်း ခင်ဗျား တတ်ရဲ့လား၊ ကိုင်း သည်လူ့လက်ရေးကြည့်ပြီး ခင်ဗျား သိသလောက် ကျုပ်ကို ပြောပြစမ်းဗျာ'

**ကျွန်တော်**။ ။(လက်ရေးများကို သေချာစွာ ကြည့်ရှုပြီးနောက်) 'လက်ရေးကဖြင့် ပြီသတယ်၊ ညီညွတ်တယ်၊ သေသေသပ်သပ် နေတတ်ထိုင်တတ်တဲ့လူနှင့် တူတယ်'

**ရှား**။ ။(ဦးခေါင်းကို ယမ်းလျက်) 'ရေးချပုံတွေ၊ တစ်ချောင်းငင်ပုံတွေ ကြည့်ဗျ၊ ပများတောင် မောက်ချ မချချင်ဘူး၊ ဝိုင်းချ ချချင်တယ်၊ တော်တော်ပျင်းတဲ့လူပဲ၊ တစ်ချောင်းငင်တွေလည်း ကြည့်လိုက်စမ်း၊ ခြေထောက်တောင် မပါဘူး၊ ဝလုံးဆွဲပုံတွေကလည်း စိတ်သဘောတယ်ပြီး ခိုင်မာတဲ့ လက္ခဏာ မရှိဘူး၊ ယရစ်ဆွဲပုံတွေ အသတ် သတ်ပုံတွေကတော့ ကိုယ့်ကိုယ်ကို အထင်အမြင် တော်တော်ကြီးပုံရတဲ့ လူနှင့် လက္ခဏာ တူတယ်၊ ကိုင်း ကိုင်း ကျုပ်သွားစရာကလေး ရှိသေးတယ်ဗျို့၊ ခဏ သွားလိုက်အုံးမယ်၊ ဟောဒီ စာအုပ် ဖတ်စမ်းဗျာ၊ အင်မတန်ကောင်းတယ်' ဟုပြောလျက် စာတစ်အုပ်ကို ပေးပြီးလျှင် မောင်စံရှားလည်း ထွက်သွားရာ ကျွန်တော်မှာ ပြတင်းပေါက်အနီးတွင် ထိုင်လျက် စာအုပ်ကို ဖတ်ပါသော်လည်း ကျွန်တော်၏ မျက်နှာနှင့် စာအုပ်၏ အကြားတွင် သူငယ်မ၏ မျက်နှာသည် ကွက်ခနဲ ကွက်ခနဲ ပေါ်လာသည် ဖြစ်သောကြောင့် နောက်ဆုံး၌ စာအုပ်ကို ပစ်ချပြီးလျှင် သူငယ်မ၏ ချစ်ခင်ဖွယ်ကောင်းလှသော မျက်နှာကလေး၏ အကြောင်းကိုသာလျှင် စဉ်းစားစိတ်ကူးကာ ရှိနေမိလေ၏။

ညနေ ငါးနာရီကျော်အချိန်ခန့်တွင် မောင်စံရှားလည်း ဝမ်းသာအားရ ရှိသော မျက်နှာထားနှင့် ပြန်လာပြီးလျှင်

'သည်အမှုက တယ်ကြီး မရှုပ်လှဘူးဗျို့၊ သည်အမှုမှာ တွေးဖို့ရာ နည်းတစ်နည်းထဲပဲ ရှိတယ်'

**ကျွန်တော်**။ ။'ဒါဖြင့် ခင်ဗျား တွေးမိပြီပေါ့လေ'

**ရှား**။ ။'အသေအချာကြီးလည်း မဟုတ်လှသေးဘူးဗျာ၊ သို့သော်လည်း သဲလွန်စ ကလေးတော့ နည်းနည်းရပြီ၊ ရပေမယ့် လိုက်ဖို့ တော်တော်လိုသေးတယ်၊ အရေးကြီးတဲ့ အချက်တစ်ခု သိခဲ့ရတာက သူငယ်မရဲ့ အဖေ ဦးသာဟန်ရဲ့မိတ်ဆွေ ဂျမဒါ ဦးထွန်းကျော်ဟာ ၁၉၁၉ ခု ဩဂုတ်လမှာ သေရှာပြီတဲ့ဗျ'

**ကျွန်တော်**။ ။'သည်ဟာ ဘာအရေးကြီးသလဲဗျာ'

**ရှား**။ ။'ခင်ဗျား မတွေးမိဘူး၊ မမြင်ဘူး ဟုတ်ကဲ့လား၊ အံ့ဩတယ်ဗျာ၊ ကိုင်း ဒါဖြင့် ကျုပ် ပြောသလို ကြည့်စမ်း၊ သူငယ်မရဲ့ အဖေ ဦးသာဟန်မှာ ရန်ကုန်မြို့၌ အခြားမိတ်ဆွေ မရှိ။ ဂျမဒါဦးထွန်းကျော် တစ်ယောက်ပဲ ရှိတယ်၊ သူသွားပြီး ဟိုတုန်းက မိန်းကလေးက မေးတော့လည်း ဦးသာဟန်ရောက်လာကြောင်း သူမသိရသေးပါဘူးလို့ ပြောတယ်၊ ပြောပြီး ခြောက်လလောက် အကြာမှာ ဦးထွန်းကျော် သေတယ်၊ သေပြီးလို့ လေးငါးရက် အတွင်းမှာပဲ မနှင်းညွန့်ထံ ပုလဲထုပ် ရောက်လာတယ်၊ ရောက်တာမှလည်း တစ်ကြိမ်မက လစဉ် လစဉ် တစ်ထုပ်တစ်ထုပ် ရောက်လာတယ်၊ ရောက်လာပြီးတဲ့နောက် ယခုနောက်ဆုံးစာမှာလည်း မိန်းကလေးမှာ အနစ်နာခံနေရတဲ့ အကြောင်းလည်း ပါတယ်၊ သည်တော့ခါ မိန်းကလေးမှာ အနစ်နာခံရတဲ့ အချက်ဆိုတာ ဘယ်အချက်ဖြစ်မယ်လို့ တွေးစရာရှိသလဲဗျ၊ ခမြာမှာ အဖေတစ်ယောက် ဆုံးရှုံးရတဲ့ အချက်ပဲ ဖြစ်မယ် မဟုတ်လား၊ ပြီးတော့လည်း ပုလဲတွေဟာ ဦးထွန်းကျော် သေပြီးတဲ့ နောက် လေးငါးရက်အတွင်းမှာပဲ ရောက်လာတယ်၊ သည်ဟာ ဘာဖြစ်လို့ ရောက်လာသလဲတဲ့၊ ဦးထွန်းကျော်ရဲ့ အမွေခံ အမွေစားများက မိန်းကလေးမှာ အနစ်နာခံရကြောင်းသိလို့ လျော်ကြေးအဖြစ်နှင့် ပို့လိုက်တဲ့ ပုလဲတွေ ဖြစ်ရမယ် မဟုတ်ဘူးလားဗျ၊ ကိုင်းဗျာ သည်လို မတွေးရင် ဘယ်လိုများ ခင်ဗျား တွေးဖို့ ရှိသေးသလဲ'

**ကျွန်တော်**။ ။'ဒါတော့ ဟုတ်ပါစေတော့ဗျာ၊ သို့ပေမယ့် လျော်ကြေးပေးပုံက ထူးဆန်းလှချေကလားဗျ၊ ပြီးတော့လည်း စာရေးတာက ဟိုတုန်းက မရေးဘဲ တစ်နှစ်ကျော်လာတဲ့အခါမှာ ရေးရသလားဗျာ၊ သည့်ပြင်လည်း ဒီမိန်းကလေးမှာ

အဖေဆုံးခြင်းအားဖြင့် နစ်နာခြင်း ခံရရှာတယ်ဆိုရင် သည်ကဲ့သို့ နစ်နာခြင်းမှ လွတ်ကင်းအောင် ကူညီရအောင်ဟာ ယခုတိုင် သူ့အဖေ အသက်ရှင်လျက် ရှိနိုင်ပါဦးမလားဗျာ'

**ရှား။** ။'ကိုင်းလေ ဟုတ်ပါတယ်၊ သို့သော်လည်း သည်အချက်တွေတော့ သည်ကနေ့ည ရှင်းလင်းလိမ့်မပေါ့ဗျ၊ ကိုင်း ကိုင်း မိန်းကလေး မရောက်လာခင် ကျုပ်တို့ ထမင်းကလေး တစ်လုတ်နှစ်လုတ် စားလိုက်ကြဦးစို့ဗျာ'

ကျွန်တော်တို့သည် ညစာထမင်းစားသောက်ကြပြီးနောက် စကားအနည်းငယ် ပြောဆိုလျက် ရှိကြသဖြင့် ၇ နာရီကျော်ကျော်မျှ ရှိလေလျှင် မြင်းရထားတစ်စီးလည်း အိမ်ရှေ့၌ ရပ်ပြီးနောက် တစ်ခဏမျှကြာလျှင် မနှင်းညွန့်လည်း အိမ်ပေါ် သို့ တက်လာလေ၏။

**ရှား။** ။'ကိုင်း အချိန်လည်း နီးပြီ။ သွားမှ တော်မယ် ထင်တယ်၊ ကဲ ကိုသိန်းမောင် လုပ်ဗျာ၊ အဝတ်များ လဲပါ၊ တုတ်ခပ်မာမာ ယူခဲ့ဗျို့၊ မသိနိုင်ဘူး၊ ကိုယ့်ကိုယ်ကို ကွယ်ကာထားရင် ကောင်းတယ်၊ သြော် ဒါထက် မနှင်းညွန့်ကို ကျုပ် မေးစရာကလေး နည်းနည်းရှိသေးတယ်' ဟု ပြောလျက် မေးခွန်း အနည်းငယ်မေးမြန်းရာ မနှင်းညွန့်က

'ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ အဖေနှင့် ဦးထွန်းကျော်နှင့်က အင်မတန် ကျွမ်းဝင်ကြတဲ့ လက္ခဏာ ရှိပါတယ်၊ စစ်မြေပြင်က ရေးပြီး အဖေရေးပေးတဲ့ စာထဲမှာ ဦးထွန်းကျော် အကြောင်းများလည်း ခဏခဏ ပါတယ်ရှင့်၊ သြော် ဒါထက် ကျွန်မတို့ အဖေ သားရေ သေတ္တာအိတ်ပုန်းထဲက စာရွက်တစ်ရွက် ကျွန်မ တွေ့ခဲ့ပြန်ပြီရှင့်၊ ဟိုတုန်းကတော့ သည်အိတ်ကို မမြင်မိဘူး၊ သည်ကနေ့မှ သေသေချာချာ မွှေနှောက်ပြီး ရှာနေလေတော့ သည်အိတ်ပုန်းကို တွေ့မိတယ်၊ အိတ်ပုန်းထဲ နှိုက်ပြီး ကြည့်တော့ ဟောသည် စာရွက်ကြီး တစ်ရွက် ခေါက်ပြီး ထည့်ထားတာ ကျွန်မ တွေ့ရပါတယ်၊ ကျွန်မလည်း ဘာတွေရေးထားမှန်း နားမလည်ပါဘူး။ အကိုကြီးဖြင့် သိမလားလို့ ကျွန်မ ယူခဲ့ပါတယ်' ဟု ပြောလျက် မနှင်းညွန့်လည်း စာရွက်ခေါက်ကြီး တစ်ခုကို မောင်စံရှားအား ပေးရာ မောင်စံရှားလည်း စာရွက်ကို ဖြန့်၍ မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုပြီးနောက်

'အဟမ်း စက္ကူကဖြင့် ခပ်ကြမ်းကြမ်းပဲ၊ ကုလားပြည်က ဖြစ်တဲ့ စက္ကူနှင့် တူတယ်၊ ကျုပ်တို့ဆီက ဖြစ်တဲ့ မိုင်းကိုင်စက္ကူနှင့် ခပ်ဆင်ဆင် မတူဘူးလားဗျို့၊ ကိုသိန်းမောင် သည်စက္ကူဟာ တစ်ခါတုန်းက စက္ကူချပ်ပြားမှာ ကပ်ပြီး တွယ်အပ်နှင့် တွယ်ထားဖူးလို့ တွယ်အပ်ရာတွေတောင် ထောင့်လေးထောင့်မှာ ရှိနေသေးတယ်၊ အင်း ဘာတွေလဲဗျို့၊ ရေးထားတာ၊ အလို အိမ်ပုံစံနှင့် တူပါကလား၊ အင်မတန်ကြီးတဲ့ အိမ်ကြီးဗျို့၊ အခန်းကြီးတွေ အခန်းကလေးတွေ လှေခါးတွေ၊ ဆောင်ကူးခန်းမကြီးတွေ ပြည့်နေတာပါပဲကလား၊ သည်အနားက ဘာလဲဗျို့၊ မင်နီကြက်ခြေခတ်ကလေး ပြထားပါကလား၊ အောက်နားကတော့ ခဲတံနှင့် ရေးထားတာက ဘာလဲ၊ 'လက်ဝဲဘက်ကို လေးလှမ်းသွား' တဲ့၊ သည်ဟာက ဘာဆိုလိုသလဲ၊ ဟောအောက်နားက ကြက်ခြေခတ်ကလေး လူနာမည်တွေဗျို့၊ မောင်မိုးသီး၊ မာမက်ဆင်၊ ဝါဟစ်ခန်း၊ နထပ်ဆင်တဲ့၊ လေးယောက်သား နာမည်တွေပါကလား၊ ကဲ ကဲ ရှိစေဦး၊ ရှိစေဦး၊ အခုတော့ဖြင့် ဘယ်ပုံ သက်ဆိုင်တယ်ဆိုတာ ကျုပ် မပြောနိုင်သေးဘူး၊ သို့သော်လည်း သည်မြေပုံဟာ အရေးကြီးတဲ့ မြေပုံနှင့်တူတယ်၊ သည်ဟာ ကျုပ် ယူထားလိုက်မယ်နော်။ မနှင်းညွန့် သည်အမှုက ကျုပ် ထင်သလောက်မကဘူး ထင်တယ်ဗျို့၊ တော်တော် ရှုပ်လိမ့်ဦးမယ် ထင်တယ်၊ ကိုင်း ကိုင်း ၇ နာရီလည်း ခွဲသွားပြီ၊ သွားကြမှ တော်မယ်'

ကျွန်တော်တို့လည်း မော်တော်ကားတစ်စီးကို ခေါ်၍ မနှင်းညွန့်ကို အလည်မှထားပြီးလျှင် ထွက်လာကြရာ မနှင်းညွန့်မှာ ချစ်လှစွာသော ဖခင်၏ အမှုအတွက် ဖြစ်သည်လည်း တစ်ကြောင်း၊ အချိန်မဲ့ ညအခါ ဖြစ်သည်လည်း တစ်ကြောင်း။ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးက မည်ကဲ့သို့သော အကြံအစည်နှင့် ခေါ်ငင်သည်ကို မသိရှာသေးသည်လည်း တစ်ကြောင်းကြောင့် တုန်လှုပ်လျက်ရှိသည့် အမူအရာနှင့် လိုက်ပါလာခဲ့ရှာလေ၏။

ရှစ်နာရီ ထိုးချိန်နီးသဖြင့် 'ပစ်ချားပဲလေ့စ်' အရိပ်ပြပွဲရုံအနီးသို့ ရောက်လေလျှင် မောင်စံရှားလည်း မော်တော်ကားကို ရပ်စေပြီးနောက်

'ကိုင်း ခြေကျင်လျှောက်ကြမှ တော်မယ် ထင်တယ်ဗျို့၊ ဟေ့ သူငယ် သည် နေရာက စောင့်နေရစ်နော်၊ ငါတို့ ပြန်မလာရင်လည်း နက်ဖြန် ငါ့အိမ် မင်းလာခဲ့၊ စောင့်နေတဲ့ အတွက်ပါ ငါ ပေးမယ်' ဟု မော်တော်ကားမောင်းသူ သူငယ်အား မှာထားခဲ့ပြီးနောက် ကျွန်တော်တို့သည် မနှင်းညွန့်ကို အလည်မှာ ထား၍ အရိပ်ပြရုံ ရှိရာသို့ လျှောက်လာခဲ့လေ၏။

ရုံရှေ့သို့ ရောက်လေလျှင် မှောင်ရိပ်မှ လူတစ်ယောက်သည် ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် ကျွန်တော်တို့ ရှိရာသို့ ချဉ်းကပ်လာပြီးနောက် သူငယ်မအား

'မနင်းညွန့်ဆိုတာ မှတ်တယ်၊ ဟုတ်ပါသလား ခင်ဗျာ'

**ညွန့်**။ ။'ဟုတ်ပါတယ်ရှင်'

**ထိုသူ**။ ။'သည်က နောင်တော်များက မနင်းညွန့် မိတ်ဆွေများလား'

**ညွန့်**။ ။'ဟုတ်ပါတယ်ရှင်' ဟု ပြောလျှင် ထိုသူလည်း ကျွန်တော်နှင့် မောင်စံရှားတို့အား အတန်ကြာအောင် စိုက်၍ ကြည့်ပြီးနောက်

'သည်းခံပါ မနင်းညွန့် ခင်ဗျာ၊ ကျွန်တော် တဆိတ်မေးပါရစေ၊ သည်က မိတ်ဆွေများဟာက ပုလိပ်အရာရှိများ မဟုတ်ဘူးနော်'

**ညွန့်**။ ။'မဟုတ်ပါဘူးရှင်၊ စိတ်ချပါ'

ထိုအခါ ထိုသူလည်း ပါးစပ်ကို လက်ဖြင့် ကပ်ပြီးနောက် သုံးကြိမ်မျှ လေချွန်လိုက်သည်တွင် အမိုးအကာတို့ဖြင့် လုံခြုံစွာ အုပ်မိုးကာရံလျက် ရှိသော မော်တော်ကား တစ်စီးသည် ရုတ်တရက် ဆိုက်ရောက်လာပြီးလျှင် ကျွန်တော်တို့၏ အနီး၌ ရပ်လေ၏။ ၎င်းနောက် ထိုသူလည်း မော်တော်ကား မောင်းသူနှင့်အတူ ရှေ့မှ ထိုင်လျက် ကျွန်တော်တို့အား တက်ရန် လက်ပြသည်တွင် ကျွန်တော်တို့ သုံးဦးလည်း မော်တော်ကား အတွင်းသို့ ဝင်ရောက်ကြရလေ၏။ ၎င်းနောက် မော်တော်ကားလည်း လျင်မြန်စွာ မောင်းနှင်၍ သွားရာ ကျွန်တော်တို့မှာ မည်သည့် ကိစ္စနှင့် မည်သည့် အရပ်သို့ သွားရောက်ရသည် မသိဘဲ မျက်စိမှိတ်လျက် လိုက်ပါ သွားကြရလေ၏။

မော်တော်ကားလည်း ထွက်လာသည်နှင့် တပြိုင်နက် မြောက်အရပ်သို့ မျက်နှာမူလျက် ထွက်လာခဲ့ရာ ကြည့်မြင်တိုင်ကို ကျော်လွန်၍ ကြံတောသင်းချိုင်းသို့ လွန်ပြီးနောက် ကုတ်ကိုင်းကန်သို့ ရှေ့ရှုတူရူ မျက်နှာမူလျက် လာခဲ့လေ၏။ ယင်းကဲ့သို့ အင်းစိန်သို့ သွားသော လမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့၍ ခရီးအတန်ငယ် ပေါက်ရောက်ခဲ့လေလျှင် မော်တော်ကားသည် ရုတ်တရက် အရှိန်သတ်ပြီးနောက် ဝင်းခြံကြီးတစ်ခု အတွင်းသို့ ဝင်၍ အလွန်တရာ ကောင်းမွန်ကြီးမားသော ဘိုအိမ်ကြီး တစ်ဆောင်၏ ရှေ့၌ ရပ်တန့်လေ၏။ မော်တော်ကား ရပ်သည်နှင့် တစ်ပြိုင်နက် ကုလားလူမျိုး အစေခံ တစ်ယောက်လည်း အိမ်ပြင်သို့ ထွက်လာ၍ သခင်က စောင့်ဆိုင်းလျက် ရှိကြောင်း ပြောဆိုပြီးလျှင် ကျွန်တော်တို့အား ခေါ်ငင်သွားရာ ကျွန်တော်တို့လည်း ကုလားအစေခံနှင့် အိမ်တွင်းသို့ ဝင်သွားကြပြီးနောက် တစ်ခုသော အခန်းတွင်းသို့ ဆိုက်ရောက်ကြလေ၏။

၎င်းအခန်းတွင်း၌ကား အလွန်တရာ ကောင်းမွန်လှသော ဘီရိုကြီး၊ ကော်ဇောကြီး ခန်းဆီးကြီး အစရှိသည်တို့သည် တောက်ပစွာ ထွန်းလင်းလျက် ရှိသော ဓာတ်မီးရောင်တွင် အလွန်တရာ သားနားစွာ ရှိနေသည်ဖြစ်ရာ တစ်ခုသော ပက်လက်ကုလားထိုင်၌ ထိုင်လျက်ရှိသော လူတစ်ယောက်လည်း ကျွန်တော်တို့အား 'ကြွကြပါ ခင်ဗျား၊ ထိုင်ကြပါခင်ဗျား' စသည်ဖြင့် နေရာထိုင်ခင်း ပေးကာ ဧည့်ခံလေ၏။ ထိုသူမှာ အသက်ပင် မကြီးလှသေးသော်ငြားလည်း ဦးခေါင်းအလည်၌ ဆံပင်တို့သည် တစ်ပင်မျှ မပေါက်ဘဲ တောက်ပါပြောင်လက်စွာ ရှိလျက် စကားပြောသောအခါ၌လည်း မျက်နှာကို ရှုံ့မဲ့ကာ ပြောဆိုတတ်လေသည်။ ထိုသူမှာ နှုတ်ခမ်းတွဲတွဲ သွားခေါခေါနှင့် ရှိနေသည်ဖြစ်ရာ ရယ်မောသည့်အခါ၌ မိမိ၏ သွားများကို လူမြင်မည်စိုးသည့် လက္ခဏာဖြင့် လက်တစ်ဖက်ဖြင့် ပါးစပ်ကို ဖုံးကွယ်ကာ ရယ်မောလေ့ ရှိ၏။

ကျွန်တော်တို့သည် ကုလားထိုင်တစ်ခုစီတွင် ထိုင်ကြပြီးနောက် ထိုသူက

'မနင်းညွန့်ဆိုတာ မှတ်တယ်၊ ကြားဖူးပါရဲ့ ခင်ဗျာ၊ လူကိုသာ ယခုမှ မြင်ဖူးရပါတယ်၊ ကျွန်တော့်နာမည်ကတော့ မောင်ဘိုးကဲပါတဲ့ ခင်ဗျာ၊ ဂျမဒါဦးထွန်းကျော်ရဲ့ သားပါပဲ၊ သားချင်း သမီးချင်း မတွေ့ မမြင်ဘူးကြသော်လည်း အဖချင်းကတော့ဖြင့် အင်မတန်မှ အကျွမ်းတဝင်ရှိခဲ့ကြဖူးပါတယ် မနင်းညွန့်ဗျာ၊ မနင်းညွန့်လည်း သိပြီးပဲထင်ပါရဲ့'

**ညွန့်**။ ။'သိပါတယ်ရှင်'

**ကဲ**။ ။'ဒါထက် သည်က နှစ်ယောက်က မနင်းညွန့်ရဲ့ မိတ်ဆွေများပဲ မှတ်တယ်'

**ညွန့်**။ ။'မှန်ပါတယ်ရှင်၊ သည်က ဦးစံရှားတဲ့၊ သည်ဟာက ဦးသိန်းမောင်တဲ့'

**ကဲ**။ ။'ကျွန်တော်ပေးလိုက်တဲ့ စာကို ရရဲ့နော်'

**ညွန့်**။ ။'ရလို့ မှာတဲ့ အတိုင်း လာရောက်ခြင်း ဖြစ်ပါတယ်ရှင်'

**ကဲ**။ ။'တခြားကိစ္စ မဟုတ်ဘူးဗျ၊ မနှင်းညွန့် အဖေ ဦးသာဟန် ကိစ္စ ပေါ့၊ ဦးသာဟန်တော့ဖြင့် မရှိရှာဘူး၊ သို့သော်လည်း မိန်းကလေး ရသင့်ရခွင့် ရှိသလောက်ကိုတော့ ကျုပ်အစ်ကို ကိုဘိုးရွှဲက ဘယ်လိုပင် ကန့်ကွက်သော်လည်း ကျုပ်က မရ ရအောင် လုပ်ပေးပါမယ်ဗျာ၊ စိတ်သာချပါ၊ မိတ်ဆွေများ ပါလာကြတာလဲ ခပ်ကောင်းကောင်းပါပဲဗျာ၊ ကျွန်တော်ပြောသမျှကို သက်သေအဖြစ်နှင့် နားထောင်မှတ်သားတော်မူကြပါ၊ သို့သော်လည်း ခင်ဗျားတို့ ပုလိပ်ဖြင့် မဟုတ်ကြဘူးနော်၊ ပုလိပ်ပါရင်ဖြင့် ဘိုးရွှဲက ပြောလို့ မရပေဘူးဗျ၊ သူက လူသိမှာ အင်မတန် စိုးတယ်'

**ရှား**။ ။'စိတ်ချပါ မိတ်ဆွေ၊ ကျုပ်တို့အတွက်တော့ကို၊ အင်မတန်စကားလုံတဲ့ လူတွေပါဗျာ'

**ကဲ**။ ။'ကောင်းပါလေဗျာ၊ ကောင်းပါလေရဲ့၊ သည်လို ခင်ဗျ၊ ရှေးဦးစွာ မနှင်းညွန့်ထံ ကျွန်တော် စာရေးပြီး ပို့ခဲ့စဉ်အခါက ကျွန်တော်နေရပ်ကို တစ်ခါတည်း ထည့်ပြီး ရေပေးလိုက်မယ်လို့ ကြံစည်မိပါရဲ့၊ သို့သော် ရှုပ်ရှုပ်ရှက်ရှက်လူမျိုးတွေ ခေါ်ပြီးလာမှာ ကျွန်တော်က စိုးရိမ်လို့ နေရပ်ကို တစ်ခါတည်း မပြောသေးဘဲ ကျေနပ်အောင် ကျွန်တော့်လူက ကြည့်ပြီးတဲ့အခါမှ ခေါ်ခဲ့ဖို့ စီမံတာကိုးခင်ဗျ၊ တခြားကြောင့် မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က ဆူဆူညံညံ ရှုပ်ရှုပ်ရှက်ရှက် ကြိုက်တဲ့လူ မဟုတ်ဘူး ခင်ဗျ၊ ပုလိပ်တွေ ခေါ်လာခဲ့မှဖြင့် အလကား ဆူဆူညံညံ ဖြစ်ကုန်ကြမှာ ကျွန်တော်က စိုးရိမ်လို့ပါခင်ဗျာ'

**ညွန့်**။ ။'ကောင်းလှပါပြီရှင်၊ သို့သော် အချိန်က နည်းနည်း လင့်လို့မို့ ကိစ္စကို မြန်မြန် တဆိတ်လောက် ပြောပြပါရှင်၊ တောင်းပန်ပါရစေ'

**ကဲ**။ ။'စိတ်ချပါ ပြောပါ့မယ်၊ သို့သော် နည်းနည်းတော့ အချိန်ကြာလိမ့်မယ်ဗျ၊ သည်းခံတော့၊ မနှင်းညွန့်မှာလည်း အဖော်တွေ ပါသားကပဲ၊ သည်က ကိစ္စပြီးလျှင် အကိုကြီး ဘိုးရွှဲဆီ သွားကြရဦးမယ်ဗျ၊ ကျွန်တော့်အကိုက အင်မတန် လောဘကြီးတဲ့ လူတစ်ယောက်ပဲ၊ မနဲစစ်တိုက်ကြရဦးမယ်၊ စိတ်ထွက်ပြီဆိုမှဖြင့် ကျုပ်အစ်ကိုက အင်မတန် ကြောက်စရာကောင်းတဲ့ လူခင်ဗျ၊ ဘယ်လိုများ အပြောအဆိုကြပ်တဲ့ လူတစ်ယောက်မှန်း မသိဘူး'

**ကျွန်တော်**။ ။'ခင်ဗျား အစ်ကိုက ဘယ်အရပ်မှာလဲ'

**ကဲ**။ ။'မြို့ပတ်လမ်းမှာ ခင်ဗျ'

**ကျွန်တော်**။ ။'ကိုင်း ဒါဖြင့် သွားရမဲ့ အတူတူ တစ်ခါတည်း သွားကြစို့၊ လာဗျာ'

**ကဲ**။ ။'သည်လိုလည်း မဖြစ်ဘူးခင်ဗျ၊ ခင်ဗျားတို့ကို ဖြုန်းကနဲ ကျွန်တော်က ခေါ် သွားပြီးရင် သူက ဘာပြောဦးမယ် ကျွန်တော်လည်း မသိတတ်ဘူး၊ သည့်ပြင်တစ်ချက်ကလည်း သည်အဖြစ်အပျက်တွေကို ကျွန်တော်လည်း အကုန်အစင် မသိသေးဘူး၊ သိလောက်သာ ကျွန်တော်သိတယ်၊ သည်တော့ ကျွန်တော် သိသလောက်ကို ကျွန်တော်က ပြောပြပြီး ဘယ်ပုံဘယ်နည်း စီမံကြမယ်ဆိုတာ မိတ်ဆွေတို့က ဆုံးဖြတ်ကြစေချင်ပါတယ် ခင်ဗျာ'

**ရှား**။ ။'ကိုင်းဗျာ၊ ပြောစရာရှိတာ မြန်မြန် ပြောစမ်းပါ'

**ကဲ**။ ။'ပြောပါမယ် ခင်ဗျာ၊ ကျွန်တော်တို့ အဖေက လွန်ခဲ့တဲ့ စစ်ကြီးအတွင်းမှာ စစ်မှုထမ်းရွက်ခဲ့ပါတယ် ခင်ဗျာ၊ စစ်ဖြစ်သည့်အခါက အဖေမှာ အသက်ပင် ကြီးသော်လည်း ရှေးမြန်မာမင်းလက်ထက်ကတည်းက စစ်မျိုးစစ်နွယ်ဖြစ်လေတော့ အစိုးရမင်းများက အသက်ပင်ကြီးသော်လည်း အမှုထမ်းခွင့်ပြုခဲ့ပါတယ် ခင်ဗျာ၊ ဒါနှင့် ကျွန်တော်တို့ အဖေ လိုက်ပြီးသွား။ စစ်မြေပြင်မှာ မကျန်းမမာရှိတာနှင့် စစ်ကြီးမပြီးခင် ခြောက်လလောက်မှာပဲ ပြန်လာခဲ့ရပါတယ် ခင်ဗျာ၊ စစ်ထဲမှာ အမှုထမ်းရွက်စဉ်အခါက လခများ ဘယ်လောက် ရတယ် မပြောတတ်ပါဘူး၊ ပြန်လာတော့ဖြင့် ငွေတော်တော်များများကြီး ပါလာတဲ့ လက္ခဏာ ရှိတယ်ခင်ဗျ။ ပြန်လို့ ခဏလောက်ကြာရင်ပဲ မြို့ပတ်လမ်းမှာ အိမ်ကြီး တစ်ဆောင်ဝယ်၊ သည်က ခြံကိုလည်း ဝယ်၊ ဝယ်ပြီး အင်မတန် ခမ်းခမ်းနားနား နေထိုင်ခဲ့ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့လည်း စစ်မှုထမ်းရွက်တယ်ဆိုတာ တစ်ဝမ်းတစ်ခါးလုလု စားနိုင်သောက်နိုင်ရုံလောက် ထင်ပါတယ်၊ အဖေမှာတော့ ကြေးငွေတွေ

ပါလှချေကလားလို့ အံ့ဩမိပါရဲ့၊ အံ့ဩသော်လည်း ဘယ်နည်းနှင့် ရရလေ၊ ကောင်းကောင်းမွန်မွန် နေရထိုင်ရလို့ လှလှပပ သုံးစွဲရရင် ပြီးရောလို့ ဘာမှ မေးခြင်း မြန်းခြင်း မလုပ်ခဲ့ဘူး ခင်ဗျ၊ ကျွန်တော်တို့မှာ ညီအစ်ကို နှစ်ယောက်ရှိပါတယ် ခင်ဗျာ၊ ဘိုးရွဲတဲ့ ဘိုးကဲ တဲ့၊ အမြွာ မွေးခင်ဗျ၊ ဒါနှင့် ကျွန်တော်တို့အဖေ့ မိတ်ဆွေဦးသာဟန်တစ်ယောက် ပျောက်ဆုံးသွားတယ်လို့ သတင်းစာတွေထဲမှာ တွေ့တော့ ဘယ်နည်းနှင့် ပျောက်ခြင်းမလှပျောက်ရလေသလဲလို့ အဖေ့ရှေ့မှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် တိုင်ပင်နှီးနှောကြတော့ အဖေကလည်း ဘာမှ ဝင်ပြီး မပြောဘူး ခင်ဗျ၊ ပြောတော့ ပြောပါရဲ့လေ၊ သူလဲပဲ မသိတဲ့ ဟန်နှင့် တစ်ခွန်း နှစ်ခွန်း ဝင်ပြီး ပြောပါရဲ့၊ သို့သော်လည်း ဦးသာဟန် ပျောက်ဆုံးတဲ့ အကြောင်းဟာ ဘာကြောင့် ပျောက်ဆုံးမှန်း ကျွန်တော်တို့ အဖေ သိရှိကြောင်းကို ကျွန်တော်တို့ဖြင့် နည်းနည်းမှ မရိပ်မိဘူးခင်ဗျ၊ သို့သော်လည်း ကျွန်တော်တို့ တစ်ခုတော့ ရိပ်မိတယ် ခင်ဗျ၊ ဘာလဲဆိုတော့ ကျွန်တော်တို့ အဖေဟာ စစ်ထဲက ပြန်လာပြီးတဲ့နောက် တစ်စုံတစ်ခုသော ဘေးဥပါဒ်အန္တရာယ်ကို အစဉ်မပြတ် ကြောက်ရွံ့နေတဲ့ လက္ခဏာ ရှိတယ်၊ ဘာရယ်လို့တော့ မဆိုနိုင်ဘူး၊ တစ်စုံတစ်ခုကိုတော့ သူ အမှန်ကြောက်နေတဲ့ လက္ခဏာပဲ၊ ဘာကြောင့် ကျွန်တော်တို့ သိသလဲဆိုတော့ ကျွန်တော်တို့အဖေဟာ အရင်တုန်းက အင်မတန် သတ္တိကောင်းသော်လည်း စစ်ထဲက ပြန်လာပြီးတဲ့နောက် တစ်ယောက်ထဲတောင်မှ လမ်းမလျှောက်ဝံ့ဘူး ခင်ဗျ၊ ပြီးတော့လဲ ဆိုးပေ့ဆိုတဲ့ ခွေးကြီးများကိုလည်း ဝယ်ပြီးမွေးထားတယ်၊ သေနတ်လိုင်စင်ကိုလဲ မရရအောင် လျှောက်တောင်းပြီး ခါးပိုက်ထဲက ဘယ်အခါမှ မချဘူး၊ သည်ဟာတွေ မြင်တော့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် အကျိုးအကြောင်းကို မေး၊ မေးပေမဲ့ မပြောဘူး ခင်ဗျ၊ ပြီးတော့လဲပဲ ကျွန်တော်တို့ အဖေက သစ်သားခြေထောက်နှင့် လူများ မြင်ရင် အင်မတန် လန့်တတ်တယ် ခင်ဗျ။ ဟိုတလောက လူတစ်ယောက် မီးရထားနင်းမိရှာလို့ ခြေထောက်မှာ သစ်သားကြီးတပ်ပြီး တောင်းစားနေရရှာတာ၊ အဖေ မြင်တာနှင့် ဘာများ အောက်မေ့တယ် မပြောတတ်ပါဘူးခင်ဗျာ၊ ခြောက်လုံးပြူးနှင့် သွားပစ်လိုက်တာ ကံကောင်းလို့ မမှန်ပေလို့၊ ဒါတောင် ကျွန်တော်တို့မှာ ပုလိပ်တွေ ဘာတွေ ငွေတွေ ထိုးလိုက်ရတာ တော်တော် ပိုက်ဆံကုန်သွားသေးတယ်၊ ဟိုတုန်းကတော့ သည်သစ်သားခြေထောက်ကို ဘာကြောင့် အဖေ သည်လောက် မုန်းပါလိမ့်မတုန်းလို့ အောင်းမေ့မိတယ်၊ နောက်ကျတော့မှ သည်အဓိပ္ပါယ် ရိပ်မိတာကိုးခင်ဗျ၊ ဒါနှင့် ပြောရဦးမယ်၊ သည်က မနှင်းညွှန့်ရဲ့ အဖေ ဦးသာဟန် ပျောက်ဆုံးကြောင်း ကျွန်တော်တို့ သိရပြီးတဲ့နောက် သုံးလလောက် အကြာမှာ တစ်နေ့သ၌ ထမင်းစားပြီး နေကြတုန်း အဖေ့နာမည်နှင့် စာတစ်စောင် ရတယ် ခင်ဗျ၊ စာရလို့ ဖွင့်ပြီးလည်း ဖတ်ကရော အဖေလည်း မျက်နှာများ မည်းပြီး တုန်တုန်ယင်ယင်နှင့် အခြေပျက် သွားလိုက်တာ ကျွန်တော်တို့က ဘာအကြောင်းလဲလို့ မေးလို့လည်း မရဘူး ခင်ဗျ၊ သည်ကနေ့ကစပြီး ကျွန်တော်တို့အဖေ မကျန်းမမာဖြစ်လိုက်တာ အသက်သို့သာ တိုင်ပါရော ခင်ဗျာ၊ သည်စာလဲ ကျွန်တော်တို့ မမြင်ရပါဘူး၊ သည်လိုနှင့် တဖြည်းဖြည်း တပိန်ပိန် တညှော်ညှော်နှင့်ဖြစ်ပြီး နှစ်လလောက် အကြာမှာ အိပ်ရာထဲ လုံးလုံးလဲပါရော ခင်ဗျာ၊ ဒါနှင့် တစ်နေ့သ၌တော့ ကျွန်တော်တို့အဖေမှ အမောကြီးဆိုက်ပြီး သေမယ်လို့ဆဲဆဲ ဖြစ်နေလေတော့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်လည်း အနားက မခွာဘဲ ပြုစုနေခဲ့ကြ၊ ည ရှစ်နာရီကျော်အချိန်လောက်မှာ တံခါးတွေ အပိတ် ခိုင်းပြီး ကျွန်တော်တို့ နှစ်ယောက်ကို အနားခေါ်ပြီး ပြောပါရော ခင်ဗျာ၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း ခုတင် တစ်ဘက် တစ်ချက်က ဒူးထောက်ပြီး နားထောင်နေကြတယ် ခင်ဗျ'

**ရှား။** ။'ဘာများ ပြောသလဲဗျာ၊ ပြောစမ်းပါ'

**ကဲ။** ။'သည်လိုခင်ဗျ၊ ငါ့သားများရယ်တဲ့၊ အဖေ့မှာ ယခုစိတ်မအေးတဲ့ အချက်တစ်ခု ရှိတယ်တဲ့၊ သည်အချက်က ဘာလဲဆိုတော့ ဦးသာဟန်ရဲ့ သမီး မနှင်းညွှန့်ကလေးကို အဖေက မတရားသဖြင့် နစ်နာအောင် ပြုကျင့်ခဲ့မိတယ်တဲ့၊ အဖေ့မှာ ပစ္စည်းဘဏ္ဍာတွေများစွာ ရှိတဲ့အနက်က မနှင်းညွှန့်ကလေးက တစ်ဝက်မျှ ရထိုက်သော်လည်း အဖေက လောဘထွက်ပြီး တစ်ပြားတစ်ချပ်မှ ခွဲဝေပြီး မစေးဘဲ နေခဲ့မိတယ်တဲ့၊ လောဘ၊ လောဘ တယ်ခက်ပါကလားတဲ့၊ ကိုယ်လည်း ကုန်အောင် မသုံးနိုင်။ သူများလည်း ခွဲဝေပြီး မပေးရက်၊ တယ်ခက်ပါကလားတဲ့ ပြောပြီး ခေါင်းအုံးအောက်က ကနုကမာသေတ္တာကလေးတစ်လုံး ထုတ်ယူပြပြီး သည်အထဲမှာ ပုလဲကောင်း ပုလဲမြတ် ၃၀ မျှကို မနှင်းညွှန့်ထဲ ပေးပို့ဖို့ အဖေကြံခဲ့သော်လည်း ပေးခါနီးကျရင် လက်တုန်တုန်ပြီး မပေးရက်နိုင်ဘူးတဲ့၊ သည်တော့ ငါမရှိတဲ့ နောက်ကို မင်းတို့က ပေးပို့ရစ်ကြပါကွယ်တဲ့၊ ပြီးတော့မှတစ်ခါ အဖေက မနှင်းညွှန့်နှင့် ငါတို့နှင့် ဆက်သွယ်ပုံ အကြောင်းပြောပြဦးမယ်တဲ့၊ မနှင်းညွှန့်အဖေ ဦးသာဟန်က နှလုံးရောဂါစွဲနေတယ်တဲ့၊ စွဲကပ်ပေမဲ့ သည်အကြောင်း ဘယ်သူမှ မသိဘူး၊ ငါတစ်ယောက်သာ သိတယ်၊ သူလည်း ခပ်ပေါ့ပေါ့နှင့် နေခဲ့တာပေါ့လေ၊ ဒါနှင့် စစ်မြေပြင်မှာ အတူတကွ

ထမ်းရွက်နေကြတုန်း ငါတို့ နှစ်ယောက်ပစ္စည်း ဘဏ္ဍာများစွာတို့ကို အတူတကွ ရရှိကြတယ်၊ ဘယ်ပုံ ဘယ်နည်းနှင့် ရတယ်ဆိုတာကိုတော့ အဖေပြောပြဖို့ အချိန် မရှိဘူး၊ ဒါနှင့် အဖေက အရင်ပြန်နှင့်လို့ ပစ္စည်းတွေ ယူပြီး လာနှင့်ခဲ့၊ နောက် သူရောက်လာတော့ သူ့အတွက် အစု သူလာပြီး တောင်းတာပေါ့လေ၊ တောင်းလာတော့ ငါတို့နှစ်ယောက် အဝေမညီကြဘူးပေါ့၊ အဝေမညီလေတော့ တစ်ယောက်တစ်ယောက် မိုးလားကဲလားနှင့် စကားများပြီး နေကြတုန်း ဖြုန်းခနဲဆို သူငယ်ချင်း မောင်သာဟန်က ဒေါသတကြီးနှင့် ထိုင်ရာက ထလိုက်ပါရောကွယ်၊ ထလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ရင်ဘတ် သူနှိပ်ပြီး ရှေ့ထိုးအသွား၊ ငါလည်း ဆီးပြီး ဆွဲလိုက်မယ်လုပ်တုန်း မဆွဲမိဘူးဟေ့၊ မျက်နှာနှင့် ကျသွားရှာပြီး သံသေတ္တာနှင့် ခေါင်းနှင့် ဆောင့်သွားပြီး ကြမ်းပေါ်မှာ ပက်လက်ကြီး စင်းနေပါရောဟေ့၊ သည်တော့ အဖေက ထူမယ်လို့လည်း လုပ်ပါရော အသက်လည်း မရှိရှာပါဘူး၊ ခုနင်က ပြောတဲ့ နှလုံးရောဂါနှင့်ပဲ သေရှာလေသလား၊ သေတ္တာနှင့် ဆောင့်မိလို့ သေရှာလေသလား၊ အဖေဖြင့် မပြောတတ်ဘူးကွယ်၊ သို့သော် အဖေ့လက်ချက်ကြောင့် သေရှာတာဖြင့် မဟုတ်ပါဘူးကွယ်၊ အဖေလည်း သေခါနီး ငါ့သားများကို လိမ်ပြီး မပြောပါဘူး၊ ဒါနှင့် အဖေလည်း ဘယ့်နှယ် လုပ်ရမယ်မသိ၊ ဒါနှင့် အံ့အားသင့်ပြီးနေတုန်း အိမ်မှာ ခိုင်းတဲ့ အစေခံ ငပြားက အခန်းထဲ ဝင်ပြီး လာတာကိုးကွဲ၊ လာလာခြင်း သူက တံခါးကို ပိတ်တဲ့ပြီ ဆရာရှေ့ ဘာမှ မစိုးရိမ်နှင့်၊ ကျွန်တော်တစ်ယောက်လုံး ရှိသေးတယ်တဲ့၊ ဆရာ သတ်ကြောင်း ဘယ်သူမှ မသိစေရဘူး၊ ကျွန်တော် နှုတ်လုံပါတယ် ဆရာရဲ့တဲ့၊ သည်တော့ သည်အလောင်းကို အသာကလေး မြှုပ်ပစ်လိုက်လျှင် ပြီးရော မဟုတ်လား ဆရာရယ်တဲ့၊ ပြောတာကိုးကွဲ့။ သည်တော့ ငါက ငါ မသတ်ကြောင်း ပြောတော့ သူက ကျွန်တော် သိပါတယ် ဆရာတဲ့။ ဆရာတို့ လက်ဦး စကားများရော၊ များပြီး ဆရာက ရိုက်လိုက်တဲ့အသံ ကျွန်တော်ကြားပါတယ်၊ မကွယ်ပါနှင့် ဆရာ၊ ကျွန်တော့်ကို ယုံကြည့်ပါ၊ နှုတ်လုံပါတယ်၊ ကိစ္စမရှိပါဘူး၊ တစ်အိမ်လုံးလည်း အိပ်ကုန်ကြပါပြီ၊ အလောင်းကို အသာကလေး လူမသိအောင် မြှုပ်ပစ်လိုက်လျှင် ပြီးရော မဟုတ်ဘူးလားတဲ့၊ ပြောတာကိုးကွဲ့၊ သည်တော့ ကိုယ့်အစေခံကတောင် ကိုယ်သတ်တယ် ထင်နေပြီး ဥစ္စာ၊ ရုံးကျလျှင်လည်း ငါ့စကားကို ယုံကြမယ် မဟုတ်ချေဘူး၊ မယုံမှဖြင့် ငါ ခက်ချေရဲ့လို့ အောင်းမေ့ပြီး ငပြား အကြံအတိုင်း လိုက်နာပြီး အလောင်းကို ဆရာတပည့်နှစ်ယောက် ညတွင်းချင်း ဝင်းထဲမှာ တူးပြီး မြှုပ်လိုက်ကြတာကိုးကွဲ့’ ဟု မောင်ဘိုးကဲလည်း ဖခင်၏ အကြောင်းများကို ကြားသိရသည်နှင့် မျက်ရည်မဆည်နိုင်အောင် ရှိနေရှာလေ၏။

ၓင်းနောက် မောင်ဘိုးကဲလည်း ဆက်လက်၍ ‘ကိုင်း သည်တော့ သည်အမှုမှာ ကျွန်တော်တို့ အပြစ် မဟုတ်ကြောင်း ထင်ရှားပြီ မဟုတ်လားခင်ဗျာ၊ ဒါနှင့် အဖေက ပြောတာ ဆက်ပြီး ကျွန်တော် ပြောပါရစေဦး၊

‘ငါတို့လဲ အလောင်းကို တူးပြီး မြှုပ်၊ မြှုပ်ပြီးတော့ လေဘ ထွက်လာပြန်တာကိုးကွဲ့၊ သည်အလောင်းကို ဖုံးဖိနိုင်လျှင် ပစ္စည်းကိုလည်း ငါမဖုံးဖိနိုင်ဘူးလားတဲ့၊ သည်တော့ သည်ပစ္စည်းတွေ ဆိုင်ရာ အမွေခံ အမွေစားများကို ခွဲဝေပြီး မပေးဘဲ ငါချည်း တစ်ယောက်တည်း ယူရလျှင် ဘယ်သူက သိနိုင်ဦးမှာလဲတဲ့၊ ဗွေဖောက်လာပြန်တာကိုးကွဲ့၊ ကိုင်း ကိုင်း ပြောနေ စကားရှည်နေရော့မယ်၊ ငါ အသက်ရှင်စဉ်အခါ လောဘနိုင်ငံလိုက်ပြီး ပေးသင့်သည့် ပစ္စည်းများကို သူ့သမီးကလေးအား မပေးဘဲ ရှိခဲ့သော်လည်း ငါသေပြီးတဲ့နောက် မင်းတို့က မနစ်နာရအောင် ပြုစုစောင့်ရှောက်ရစ်ကြပါကွယ်၊ ငါ့သားများ ပစ္စည်းများအနက်က တစ်ဝက်ကို သူ့သမီးထံ ပေးပို့လိုက်ကြပါဘိကွယ်၊ ကဲ ကဲ ပစ္စည်းထားတဲ့နေရာ အဖေ ပြောပြဦးမယ် နားထောင်၊ မင်းတို့နား အဖေပါးစပ်နား ကပ်ကြစမ်းကွယ်၊ ပစ္စည်းထားတဲ့ နေရာကလေးလို့ ပြောကာ ရှိသေးတယ်၊ ဖြုန်းကနဲဆို မျက်လုံးကြီးတွေ ပြူးပြီးလာတာကိုး ခင်ဗျ၊ လာပြီး လှဲနေရာက လက်ထောက်ပြီး ထမလို့လုပ်ရာ ပြတင်းပေါက်ဆီကို လက်ညှိုးထိုးပြီး ဟိုအကောင် မဝင်ပါစေနှင့်၊ လုပ်ကြပါကွယ်ရို့၊ ဟိုအကောင် မဝင်ပါစေနှင့်လို့ ကြောက်အားလန့်အားနှင့် ဟစ်ပြီး အော်တာကိုခင်ဗျ၊ သည်တော့ ကျွန်တော်တို့လည်း ပြတင်းပေါက်ရှိရာ ဖြုန်းခနဲ ကြည့်လိုက်တော့ လား လား ခင်ဗျာ၊ ပြတင်းပေါက် အပြင်ဘက်က လူတစ်ယောက် မှန်ပြတင်းနှင့် မျက်နှာနှင့် ကပ်ပြီး ကျွန်တော်တို့ရှိရာ ကြည့်နေတာ တွေ့ရတာကိုး ခင်ဗျ၊ သည်လူ့မျက်နှာက နှုတ်ခမ်းမွေး ကောင်းကောင်းခင်ဗျ။ ကောင်းဆိုခင်ဗျာ၊ ဂျာမန်ဘုရင်ကိုင်ဇာ နှုတ်ခမ်းမွေးမျိုးပါပဲခင်ဗျ၊ မျက်လုံးကလည်း ပြူးတဲ့အပေါ်မှာ အင်မတန် မုန်းထားတဲ့ စိတ်နှင့် ကျွန်တော်တို့ကို စိုက်ပြီး ကြည့်နေတာကိုး ခင်ဗျ၊ သည်လူမြင်တော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း ဖြုန်းခနဲဆို ထပြီး သူရှိရာ ပြတင်းပေါက်ကို ပြေးသွားကြ၊ အနားလည်း ရောက်ကရော သူလည်း မရှိဘူး ခင်ဗျ၊ ဒါနှင့် ကျွန်တော်တို့လည်း အဖေခုတင်နား ပြန်လာကြ၊ ရောက်လည်း ရောက်ကရော အဖေလည်း အသက် မရှိပါဘူး ခင်ဗျာ၊ ဒါနှင့် သည်ညက အဖေ့ အလောင်းပြင်ပြီး အိပ်ကြတော့ မနက်ကျတော့ ကျွန်တော်တို့ အဖေ့သေတ္တာတွေ စားပွဲ အံဆွဲတွေ၊

သားရေအိတ်တွေ အကုန်လုံး မှောက်ထားလိုက်တာ ပွနေတာပဲ ခင်ဗျ။ ပြီးတော့လည်း အဖေ့အလောင်းမှာ တွယ်အပ်နှင့် စာရွက်ကလေး တစ်ခုကို ထိုးလို့၊ စာရွက်ကို ကြည့်တော့ 'လေးဦးသား လက်ချက်' လို့ ရေးထားတာကို တွေ့တယ် ခင်ဗျ၊ သည်တော့ ကျွန်တော်တို့လဲ သည်ဟာတွေဟာ ဇကွန္တ ညက မြင်လိုက်ရတဲ့ လူ လက်ချက်ပဲ ဆိုတာတော့ တွေးမိပါရဲ့၊ သူ့ ဘယ်ဆီရှာ ရမယ်လဲ မတွေးတတ်ဘူး ခင်ဗျ'

**ရှား**။ ။ 'ဘာပစ္စည်းများ ပျောက်သေးသလဲ'

**ကဲ**။ ။ 'ကျွန်တော်တို့ သိသလောက်ဖြင့် ဘာပစ္စည်းမှ မပျောက်ဘူး ခင်ဗျ၊ ကျွန်တော်တို့ တစ်ခုဖြင့် တွေးမိရဲ့၊ ညက အဖေနှင့် ကျွန်တော်တို့ မြင်လိုက်တဲ့လူဟာ အဖေ တစ်သက်လုံး ကြောက်ပြီး နေတဲ့လူပဲကိုး ဆိုတာတော့ တွေးမိရဲ့ ခင်ဗျ၊ သို့သော် ဘာကြောင့် ကြောက်မှန်းတော့ ကျွန်တော်တို့ မတွေးမိဘူးခင်ဗျ' ဟု ပြော၍ မောင်ဘိုးကဲလည်း ဆေးလိပ်ကို ညှိ၍ သောက်ပြီးနောက် ကျွန်တော်တို့၏ အံ့ဩသော မျက်နှာများကို ကြည့်ရှုကာ သဘောကျသည့် အမူအရနှင့် ရှိနေပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ

'ကိုင်း သည်တော့ အဖေလည်း သေသွားပြီ၊ ပစ္စည်းတွေလည်း ဘယ်အရပ် ဘယ်နေရာမှာ ဝှက်ထားခဲ့တယ်ဆိုတာ ပြောလည်း မသွားဘူး၊ သည်တော့ သည်ပစ္စည်းဟာဇကွန္တဝင်းခြံအတွင်း တစ်နေရာရာမှာ မြှုပ်ပြီး ထားမှာပဲလို့ သဘောရတာနှင့် အဖေ့ရျာပန ကိစ္စပြီးပြီးခြင်း တစ်ဝင်းလုံး တစ်ခြံလုံး တူးလိုက် ဆွလိုက်ကြတာဆိုတာ ဘာပြောကောင်းမလဲ ခင်ဗျ၊ တစ်ဝင်းလုံး ပြတူအုံကျသွားတာပဲ၊ သည်လိုနှင့် ရှာလိုက်ကြတာ သုံးလေးလသာ ရှိသွားပါရော ခင်ဗျာ၊ ပစ္စည်းဆို၍ ဘာအစအနမှ မတွေ့ရဘူး ခင်ဗျာ၊ သည်တော့ ကျွန်တော်တို့မှာ ပြောခါနီးဆဲဆဲကလေးမှာမှ အဖေ အသက်ထွက် သွားရလေခြင်းလို့ အင်မတန် ယူကျုံးမရ ဖြစ်ပြီး မချိမဆန့် ဖြစ်နေတာကိုးခင်ဗျ၊ သည် ပစ္စည်းတွေဟာ ဘယ်လောက် အဖိုးတန်မယ် မတန်မယ်ဆိုတာတော့ သူပြခဲ့တဲ့ သေတ္တာကလေးတစ်ခု ကြည့်ရုံနှင့် သိနိုင်လောက်တာကိုး ခင်ဗျ၊ သည်ပုလဲတွေအတွက်လည်း ကျွန်တော် အစ်ကိုနှင့် ကျွန်တော်နှင့် စကားများကြရသေးတယ် ခင်ဗျ၊ အစ်ကိုက အဖေလိုပဲ အင်မတန်လောဘထွက်တဲ့ လူတစ်ယောက်ပဲ ခင်ဗျ၊ နောက်မှ ကျွန်တော် အတန်တန် ပြောနိုင်လွန်းလို့ မိန်းကလေးမှာ မင်တ်မွတ် မဆင်းရဲရအောင် ပုလဲတွေကို တစ်လုံးစီ လီပြီး ပို့ဖို့ သူ သဘောတူတာကိုး ခင်ဗျ၊ ရရဲ့ မဟုတ်လားဗျာ မနှင်းညွန့်'

**ညွန့်**။ ။'ရပါတယ်ရှင်၊ ပုလဲ ဆယ့်နှစ်လုံး ကျွန်မ ရပါတယ်၊ သည်အတွက်လဲ ကျေးဇူးတင်ပါတယ်ရှင်'

**ကဲ**။ ။'ကျေးဇူးတင်စရာ မရှိပါဘူး မနှင်းညွန့်၊ ကျွန်တော်တို့က ဥစ္စာထိန်းပါ၊ မနှင်းညွန့်က ဥစ္စာရှင်ပါ၊ ကျွန်တော်တို့မှာတော့ သည်ပစ္စည်းများအနက် ဘယ်လောက်ထုတ်ပြီး အဖေ သုံးစွဲခဲ့မှန်း မသိ၊ ခြံမြေအိမ်မြေလည်း တော်တော်ပဲ ကျန်ရစ်ရှာပါတယ် ခင်ဗျာ၊ သည်က မနှင်းညွန့်မှာတော့ တစ်ပြားတစ်ချပ်မှ သုံးစွဲရရှာသေးတယ် မရှိ၊ သည်ဟာလောက်ကလေး ကျွန်တော်တို့ တင်ပို့လိုက်တာများ ကျေးဇူးတင်ဖို့ မရှိပါဘူး ခင်ဗျ၊ သို့ပေမယ့် အစ်ကိုကြီးကတော့ ကျွန်တော်လို သဘောမထားဘူးဗျ၊ တယ်ပြီး သူများ ဥစ္စာနှင့် သူများ ပေးရတာတောင် နမြောတဲ့ လူပဲ၊ ဒါနှင့် ကျွန်တော်လည်း သည်အိမ် ပြောင်းလာခဲ့ပါရော ခင်ဗျ၊ သည်လိုနှင့် တစ်ယောက်တစ်အိမ် နေထိုင်လိုက်ကြတာ မနေ့ကတော့ သတင်းထူး တစ်ခု ကြားရပါရော ခင်ဗျ၊ ကြားလေတော့ မနှင်းညွန့်ထံ ကျွန်တော် အကြောင်းကြား၊ အစ်ကိုကြီးလည်း အညီအမျှ ခွဲဝေယူကြဖို့ ပြောခဲ့ပြီးပဲ၊ သို့သော် လူစိတ်က ခဏခဏ ပြောင်းလဲတတ်လေတော့ ဘာများ ပြောပြန်ဦးမယ် မသိသေးဘူး ခင်ဗျ၊ ကျွန်တော်တို့ သည်ကနေ့ည လာကြမယ်လို့လည်း ကျွန်တော် ပြောခဲ့တယ်၊ မျှော်တော့ မျှော်နေမှာပဲ၊ အဝေညီကြမယ် မညီကြမယ်တော့ ကျွန်တော် မပြောတတ်ဘူး၊ ကိုင်း ဒါပါပဲ ခင်ဗျာ' ဟု ပြောပြီးနောက် မောင်ဘိုးကဲလည်း ကျွန်တော်တို့အား မျက်နှာကဲခတ်လျက် ရှိလေလျှင် ကျွန်တော်တို့မှာလည်း အထက်ပါ ထူးဆန်းလှသော အခြင်းအရာများကို ကြားရသဖြင့် တွေးတောကာ ရှိနေကြရာမှ မောင်စံရှားလည်း ထိုင်ရာမှ ထ၍

'တော်ပါပေတယ်ဗျာ ကိုဘိုးကဲ၊ ခင်ဗျား သဘော ရိုးဖြောင့်ပုံ ချီးမွမ်းမိပါပေတယ်၊ ကိုင်း ကိုင်း ခင်ဗျားလည်း ခင်ဗျား သိသလောက် ပြောပြီးပေပြီ၊ ခင်ဗျား၊ မရှင်းလင်းတဲ့ အချက်ကလေးများ ကျုပ်တို့ ကူပြီး ရှင်းနိုင်မလား မသိသေးဘူး၊ ကဲ လာကြဗျာ၊ ညဥ့်လည်း တော်တော် နက်သွားပြီ၊ ကိစ္စပြီးအောင်ဟာ ကိုဘိုးရွှဲအိမ်ကို သွားလိုက်ကြဦးစို့'

ထိုနောက် မောင်ဘိုးကဲလည်း အဝတ်များ လဲလှယ်၍ ကျွန်တော်တို့ လေးဦးသားသည် ယခင်က မော်တော်ကားနှင့် ထွက်လာခဲ့ကြပြန်လေရာ လမ်းခရီးတွင် မောင်ဘိုးကဲလည်း ပါးစပ်ကို ခေတ္တမျှ ပိတ်၍ မနေဘဲ မရပ်မစဲ စကားပြောလျက် ရှိလေ၏။

'ကျွန်တော့်အစ်ကိုက သည်ပစ္စည်းကို ရှာတဲ့နေရာမှာ အင်မတန် ဖွဲကောင်းတဲ့ လူတစ်ယောက်ပဲခင်ဗျ၊ ဝင်းခြံထဲမှာ နံ့နေအောင် လိုက်ပြီးတူးလို့ မတွေ့တော့ ဘယ်နှယ်လုပ်သလဲ သိသလား၊ အိမ်ထဲမှာ ဟိုနံရံခေါက် သည်နံရံဖောက် ဟိုကြမ်းခေါက် သည်ကြမ်းဖောက်နှင့် နောက်ဆုံးကျတော့ အိမ်ပေါ်မှာ ပစ္စည်းအဟောင်းတွေ ဘာတွေထားတဲ့ အခန်းအပေါ်က မျက်နှာကြက်ထဲမှာ သွားပြီးတွေ့တယ်ဆိုကပဲ ခင်ဗျ၊ မျက်နှာကြက်မှာ အပေါက်ကလေး လူတစ်ယောက် ဝင်သာရုံ ဖောက်ပြီး အံကျအောင် ပိတ်ထားတာဆိုကိုး ခင်ဗျ၊ ပစ္စည်းတွေဟာ ကျွန်တော့်အစ်ကို မှန်းချက်အရတော့ဖြင့် ငါးသိန်းလောက်တန်လိမ့်မယ်လို့ ပြောတယ်' ဟု ပြောလေလျှင် ကျွန်တော်တို့မှာ အံ့အားသင့်လျက် ရှိနေကြရလေ၏။ ယင်းကဲ့သို့ ပြောပြောဆိုဆိုနှင့် လာရောက်ခဲ့ကြရာ တစ်ခဏမျှကြာလျှင် မော်တော်ကားလည်း မြို့ပတ်လမ်းရှိ အိမ်ကြီးတစ်ဆောင် အတွင်းသို့ ဝင်၍ ဆင်ဝင်အောက်၌ ရပ်တန့်လေ၏။ ထိုအချိန်၌ကား ညဥ့် ဆယ်နာရီကျော်ခန့် ရှိပြီး ဖြစ်လေရာ ကျွန်တော်တို့ ဆိုက်ရောက်ပြီးနောက် မောင်ဘိုးကဲက

'ကိုကျော်လှ၊ ဗျို့ ကိုကျော်လှ' ဟု ခေါ်လိုက်သည်တွင် အသက် လေးဆယ်ကျော် အရွယ်ခန့် လူတစ်ယောက်လည်း လက်ဆွဲမှန်အိမ်ကို ဆွဲကိုင်လျက် ထွက်လာ၍ မောင်ဘိုးကဲကို မြင်လေလျှင်

'အလို ဆရာလား ခင်ဗျာ၊ ဝမ်းသာလိုက်တာ ခင်ဗျာ၊ အခန့်သင့်လိုက်တာ၊ ကျွန်တော်ဖြင့် အကြပ်ကျနေလို့ ဘယ့်နှယ်လုပ်ရမည် မသိဖြစ်နေတုန်း ဆရာရောက်လာ အခန့်သင့်လိုက်တာ ခင်ဗျာ' ဟု ပြောပြီးလျှင် ကျွန်တော်တို့အား အိမ်တွင်းသို့ ခေါ်၍ အိမ်အောက်ဧည့်ခံခန်းတွင် နေရာ ထိုင်ခင်းပေးလေ၏။ ၎င်းနောက် အစေခံကိုကျော်လှလည်း မောင်ဘိုးကဲကို ခေါ်၍ ခေတ္တမျှ စကားတီးတိုးပြောဆိုပြီးလျှင် ကိုကျော်လှလည်း မောင်ဘိုးကဲကို အိမ်ပေါ် သို့ ခေါ် သွားလေ၏။

တစ်ခဏမျှ ကြာလေလျှင် မောင်ဘိုးကဲလည်း မျက်လုံးပြူးပြူး မျက်ဆံပြူးပြူး နှင့် လှေခါးမှ ပြေး၍ ဆင်းလာပြီးလျှင်

'လာကြပါဦး ခင်ဗျ။ ကြည့်လှည့်ကြပါဦး ခင်ဗျာ၊ အစ်ကိုကြီး ဘာဖြစ်မှန်း မသိပါဘူး ခင်ဗျာ' ဟု ပြောလျက် ရှိစဉ် အစေခံ ကိုကျော်လှသည် နောက်မှ လိုက်လာ၍ 'ကိုင်း တဆိတ်ကလေး အိမ်ပေါ်တက်ပြီး ကြည့်ကြပါဦး ခင်ဗျာ' ဟု ပြောသဖြင့် ကျွန်တော်တို့ အားလုံးသည် အိမ်ပေါ် သို့တက်သွားကြလေ၏။ လှေခါးအတက်တွင် ကိုကျော်လှက

'ကျွန်တော် ဆရာကိုဘိုးရွှဲက သည်ကနေ့ တစ်နေ့လုံး သူ့အိပ်ခန်းထဲက မထွက်ဘူး ခင်ဗျ။ ကျွန်တော်လည်း မခေါ်ဝံ့တာနှင့် မခေါ်ဘူး၊ ထမင်းစားချိန်က ကျွန်တော်သွားပြီး အခန်းတံခါးကို ခေါက်သော်လည်း မထူးဘူးခင်ဗျ၊ ကျွန်တော်ဖြင့် စိတ်လေးလိုက်တာ ခင်ဗျာ၊ ဘယ့်နှယ် မျက်နှာထားကြီးနှင့် လုပ်ပြီး နေမှန်းမသိပါဘူး ခင်ဗျာ' ဟု ပြောရင်း ဆိုရင်း ကျွန်တော်တို့သည် မောင်ဘိုးရွှဲ အိပ်ခန်းဝသို့ ဆိုက်ရောက်ကြလေ၏။ ထိုခဏ၌ မောင်ဘိုးကဲလည်း ကြောက်တတ်သော သူတစ်ယောက် ဖြစ်သည်နှင့် သွားများ ခိုက်ခိုက်တုန်လျက် ရှိနေရာ မောင်စံရှားလည်း

'သည်အခန်းပဲ မဟုတ်လား' ဟု ပြောလျက် တံခါးပတ္တာကြားမှ ချောင်း၍ အခန်းတွင်းသို့ တစ်ခဏမျှ ကြည့်ပြီးနောက် ရုတ်တရက် နောက်သို့ ပြန်ဆုတ်၍

'အလိုလေး ဘုရား ဘုရား၊ ဘယ့်နှယ်ဟာလဲဟေ့' ပြောလျက် စက်ဆုပ်သော မျက်နှာထားနှင့် ရှိနေသည်တွင် ကျွန်တော်လည်း ထိုနည်းအတူ ပတ္တာကြားမှ ငုံ့၍ကြည့်လိုက်သည်တွင် အသည်းနလုံးတုန်လှုပ်ဖွယ်အခြင်းအရာများကို တွေ့မြင်ရလေ၏။

၎င်းအခန်း၌ တစ်ခုသော ပြတင်းပေါက်သည် ပွင့်လျက် ရှိသည်ဖြစ်၍ လရောင်သည် အခန်းတွင်းသို့ ထိုးဝင်လျက်ရှိရာ ၎င်းလရောင်တွင် လူတစ်ယောက်၏ မျက်နှာသည် ကျွန်တော်ရှိရာဘက်သို့ တည့်တည့် လှည့်လျက် အောက်ပိုင်းမှာမူ လရောင်မထိုးသဖြင့် မှောင်မည်းလျက် ရှိနေရကား မျက်နှာသည်သာလျှင် တွဲရရွဲဆွဲလျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ၎င်းမျက်နှာမှာလည်း ထိပ်ပြောင်ပြောင် ရှိသဖြင့် မောင်ဘိုးကဲ၏ မျက်နှာနှင့် အလွန်တူသည်ဖြစ်ရာ ကျွန်တော်မှာ မောင်ဘိုးကဲပင် ဖြစ်လေသလောဟု ကျွန်တော် အနီး၌ ရပ်နေသူ မောင်ဘိုးကဲကိုပင် စမ်းသပ်၍ ကြည့်မိလေ၏။ ၎င်း၏ မျက်နှာမှာ အလွန်တရာ ရွှင်ပြလှသည့်အဟန်ဖြင့် ကျွန်တော်တို့ ရှိရာဘက်သို့ လှည့်၍ ပြုံးရယ်နေဘိသကဲ့သို့ ရှိသည်ကို

လရောင်တွင် မြင်ရသည့်အခါ ရှုံ့မဲ့၍ နေသည်ထက်ပင်လျှင် ကြောက်မက်ဖွယ် ကောင်းလှပေ၏။ ထိုကြောက်မက်ဖွယ် အခြင်းအရာကို တွေ့မြင်ရလေလျှင် ကျွန်တော်လည်း ကြောက်ရွံ့တုန်လှုပ်လှသည်နှင့်

'ကြောက်စရာ ကောင်းလှချေကလား ကိုစံရှားဗျာ၊ ဘယ့်နှယ်ဟာကြီးလဲ၊ ဘယ့်နှယ်လုပ်ပြီး အခန်းထဲ ဝင်မလဲဗျ၊ တံခါးလဲ အတွင်းဘက်က ပိတ်ထားတယ်'

**ရှား**။ ။'တံခါးကို ပိတ်ထားလျှင် အတင်း ဖွင့်ရမှာပေါ့ဗျ' ဟု ပြောလျက် မောင်စံရှားလည်း ကိုယ်နှင့် ပစ်လှဲ၍ အတင်းတွန်းပါသော်လည်း တံခါးမှာ လှုပ်ရုံမျှသာ ရှိလေ၏။ ထိုအခါ ကျွန်တော် မောင်ဘိုးကဲနှင့်တကွ အစေခံ မောင်ကျော်လှတို့လည်း ဝင်ရောက် ကူညီကြပြီးလျှင် '၁-၂-၃' ဟု အချက်ပေးလျက် လေးယောက်သားတို့သည် တစ်ညီတစ်ညာတည်း ပြေးဝင်တိုက်ခိုက်ကြသည်တွင် တံခါးလည်း လက်ရက် ပြုတ်၍ အတွင်းဘက်သို့ ကျခါ ပွင့်သွားလေ၏။

ယင်းကဲ့သို့ တံခါးပွင့်သွားသဖြင့် ကျွန်တော်တို့လည်း အခန်းတွင်းသို့ ဝင်ကြလေလျှင် မနှင်းညွန့်ကလေးမှာ ကြောက်ရှာလှသည်ဖြစ်သောကြောင့် ခိုက်ခိုက်တုန်လျက် ရှိနေရာ ကျွန်တော်မှာ ၎င်း၏ လက်ကို ဆုတ်ကိုင်လျက် အားပေးစကား ပြောကြားရလေ၏။ ထိုသို့ရှိစဉ် ကျွန်တော်တို့သည် မောင်ကျော်လှ ကိုင်စွဲလျက် ရှိသော လက်ဆွဲမီးအိမ်၏ အလင်းရောင်ဖြင့် အခန်း၏ အခြေအနေကို ကြည့်ရှုကြရာ တစ်ခုသော ထောင့်၌ကား ကတ္တရာစေး ထည့်၍ ထားသော သံစည်တစ်ခု မှောက်လျက် ရှိသည်ဖြစ်၍ ကတ္တရာစေးတို့သည် ကြမ်းပေါ်၌ ဖိတ်လျက် ရှိသဖြင့် ၎င်း၏ အနံ့သည် တစ်ခန်းလုံးတွင် အနံ့အပြား ပျံ့လွင့်လျက် ရှိလေ၏။ ၎င်းအခန်းတွင် အခြားသော ထောင့်တစ်ခု၌ မျက်နှာကြက်တွင် လူတစ်ယောက် ဝင်သာရုံမျှရှိသော အပေါက်ငယ်တစ်ခုလည်း ရှိလေရာ ၎င်းအပေါက်မှ အုန်းဆံကြိုးတစ်ကြိုးသည်လည်း တွဲရရွဲကျလျက် ရှိလေ၏။ ၎င်းကြိုးကျရာ အနီးစားပွဲတစ်ခုတွင် ကပ်လျက် ကုလားထိုင်တစ်ခုလည်း ရှိလေရာ ၎င်းကုလားထိုင်ပေါ်၌ကား မောင်ဘိုးကဲ၏ အစ်ကို မောင်ဘိုးရွှဲသည် ကျောဖြင့် ခပ်ယိမ်းယိမ်း မှီလျက် ဦးခေါင်းသည် တစ်ဘက်သို့ ငဲ့ပြီးလျှင် မျက်နှာမှာ ပြုံးရယ်ဘိသကဲ့သို့ ရှိ၍ ထိုင်လျက် သေနေသော အလောင်းကိုလည်း တွေ့ရလေ၏။ မောင်ဘိုးရွှဲ၏ အလောင်းမှာ ထိုအခါ၌ တောင့်လျက် ရှိပြီဖြစ်၍ သေသည်မှာ အတန်ကြာပြီဟူ၍ ခန့်မှန်းဖွယ်ရှိလေရာ စားပွဲပေါ်၌လည်း စာရွက်ငယ်တစ်ခုတွင် 'လေးဦးသားတို့ လက်ချက်' ဟူ၍ ခဲတံဖြင့် ရေးထားသည်ကို တွေ့သဖြင့် မောင်စံရှားလည်း

'ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ သူတို့ လက်ချက်ပဲ'

**ကျွန်တော်**။ ။'ဘယ်သူတို့လဲဗျ'

**ရှား**။ ။'မောင်ဘိုးကဲ ပြောတုန်းက ခင်ဗျား နားမထောင်ဘူးလား'

**ကျွန်တော်**။ ။'သြော် ဟုတ်ပြီဗျို့၊ ဒါထက် ဘာပြုလို့ သေသလဲဗျာ'

**ရှား**။ ။'လူသတ်လို့ သေတာပေါ့ဗျ။ သြော် ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ ကျုပ် ထင်တဲ့ အတိုင်းပဲ၊ သည်မှာ သည်မှာ၊ နားနောက်မှာ ကြည့်စမ်းပါ' ဟု ပြော၍ ပြသဖြင့် ကျွန်တော်လည်း ပြရာသို့ ကြည့်လိုက်ရာ ကျားရှာဆူးနှင့် သဏ္ဍာန်တူသော ဆူးငယ်တစ်ချောင်းသည် စိုက်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

**ကျွန်တော်**။ ။'ဆူးကလေး မဟုတ်လားဗျာ'

**ရှား**။ ။'ဟုတ်ပါတယ်ဗျ၊ သည်ဆူးကြောင့် သေတာပဲ၊ ကိုင်း နှုတ်လိုက်စမ်း၊ ကိုသိန်းမောင် သတိထားနော်၊ လက်မစူးစေနှင့် အဆိပ်လူးထားတယ်'

ကျွန်တော်လည်း ၎င်းဆူးငယ်ကို သတိနှင့် နှုတ်လိုက်ရာ ဆူးမှာ များစွာ အားမစိုက်ရဘဲလျက် ပါလာပြီးလျှင် အသားတွင် သွေးစို့ရုံမျှ အရာထင်လျက် ရှိရစ်လေ၏။

ထိုအခါ ကျွန်တော်လည်း အံ့သြလှသည်နှင့်

'ဘယ်နှယ့်လဲ ကိုစံရှားရယ်၊ ထူးဆန်းလှချေကလားဗျ၊ သည်အမှုက ကြာလေရှုပ်လေကိုးဗျ၊ ဘယ့်နှယ်လဲ'

**ရှား**။ ။'ဘယ်က ကြာလေ ရှုပ်လေရမှာလဲဗျ၊ ကြာလေ ရှင်းလေပေါ့ဗျ' ဟု ပြောလျက် ရှိစဉ် မောင်ဘိုးကဲက ရုတ်တရက်

'ပြီးပါပြီဗျာ၊ ပစ္စည်းတွေ ပါသွားကုန်ပြီ ဆရာတို့ရေ၊ ပစ္စည်းတွေ ပါသွားပြီ ခင်ဗျ၊ မျက်နှာကြက် အပေါက်မြင်ရဲ့လား၊ သည်အပေါက်က သူတို့ချပြီး ယူသွားတာပဲ၊ ဟုတ်ပါပြီ ဟုတ်ပါပြီ၊ မနေ့ညက ကျွန်တော်နှင့် သူနှင့် ကြည့်ကြသေးတယ်'

**ရှား**။ ။'ဘယ်အချိန်လောက်လဲ'

**ကဲ**။ ။'ဆယ်နာရီလောက် ရှိပါပြီ ခင်ဗျာ၊ ပြီးပါပြီ ခင်ဗျာ၊ ကျွန်တော်တော့ မွတ်ပါပြီ ခင်ဗျာ။ ကျွန်တော်လည်း ပြန်သွေးရော သူလည်း အပေါက်ပိတ်ပြီး အတွင်းမှာ နေရစ်တယ်ခင်ဗျ၊ ကျွန်တော်များ ပုလိပ်တွေက အထင်လွဲကုန်တော့မယ်ထင်ပါရဲ့ ခင်ဗျာ၊ တဆိတ်ကလေး ခင်ဗျာ။ ခင်ဗျားတို့ ဘယ့်နှယ် ထင်ကြသလဲ၊ တကယ်လို့ ကျွန်တော် သတ်ရင်ဖြင့် ခင်ဗျားတို့ကို ကျွန်တော်ခေါ်ပြီး လာပါ့မလား စဉ်းစားကြည့်ကြပါဦး ခင်ဗျာ' ဟု တုန်တုန်ယင်ယင် ရှိသော အသံဖြင့် ပြောလေလျှင် မောင်စံရှားလည်း မောင်ဘိုးကဲ၏ ပုခုံးကို ကိုင်လျက်

'မစိုးရိမ်ပါနှင့် မောင်ဘိုးကဲ၊ ကျုပ်တို့ တတ်နိုင်သမျှ ကူညီပါ့မယ်၊ ကိုင်း ကိုင်း ဒါထက် ကျုပ်တို့ ဝတ္တရားရှိတဲ့ အတိုင်း ပြုရလိမ့်မယ် မောင်ဘိုးကဲ၊ တဆိတ်လောက် မော်တော်ကားနှင့် ချက်ခြင်းသွားပြီး အနီးဆုံး ဌာနမှာ တိုင်ချက်ပေးပေတော့၊ ကျုပ်တို့ ဒီကစောင့်နေမယ်' ဟု ပြော၍ စေလွှတ်လိုက်လေလျှင် မောင်ဘိုးကဲလည်း ပျာယီးပျာရာနှင့် အိမ်ပေါ်က ဆင်းသွားလေ၏။

မောင်ဘိုးကဲ ဆင်းသွားလေလျှင် ကျွန်တော်တို့သည် ဆရာမ မနှင်းညွန့်အား ကုလားထိုင်တစ်ခုတွင် ထိုင်စေပြီးနောက် မောင်စံရှားလည်း အခန်းတွင်း၌ စကြံလျှောက်လျက် ပြောသည်မှာ

'ကိုင်း ကိုသိန်းမောင်၊ ပုလိပ်တွေ မရောက်ခင် ကျုပ်တို့ နာရီဝက်လောက်တော့ အချိန်ရှိသေးတယ်၊ သည်အချိန်ကလေးကို အချည်းအနှီး မဖြုန်းတီးကြနှင့်ဦး၊ ဒါထက် အမှုက အခုကြည့်ရပုံတော့ ခပ်ရှင်းရှင်းပဲဗျ၊ သို့သော်'

**ကျွန်တော်**။ ။(အံ့သြစွာနှင့်) 'ခပ်ရှင်းရှင်းလားဗျာ၊ ဘာများ ရှင်းလို့လဲဗျာ'

**ရှား**။ ။'ရှင်းပုံ ကျုပ် ပြောဦးမယ်၊ ထိုင်ပါ ထိုင်ပါ ခင်ဗျား မထစမ်းပါနှင့်၊ ခြေရာတွေ ရှုပ်ကုန်ပါလိမ့်မယ်၊ ကိုင်း သည်လိုဗျ၊ ပထမရှေးဦးစွာ စဉ်းစားဖို့က သည်လူစုဟာ ဘယ်လမ်းက ဘယ်လို ဝင်လာပြီး သည်အခန်းတွင်းက ဘယ်ပုံ ထွက်သွားကြတယ်ဆိုတာ စဉ်းစားဖို့ ရှိတယ်၊ တံခါးကတော့ဖြင့် မနေ့ညထဲက ပိတ်ထားသေးတယ်ဆိုတာ သိရပြီ မဟုတ်လား၊ သည်တော့ ပြတင်းပေါက်ကို ဖွင့်ကြည့်စမ်း၊ အနားမှာ ရေပြွန်လည်းမရှိဘူး။ အမိုးကနေပြီး ဆင်းလို့လဲ မမီနိုင်ဘူး၊ သို့သော်လည်း တစ်စုံတစ်ယောက်ဟာ သည်ပြတင်းပေါက်ကနေ တက်ပြီး သည်အခန်းထဲ ဝင်ကြောင်းတော့ ထင်ရှားတယ်၊ မနေ့ညက မိုးကလေး ဖွဲဖွဲကျတယ်၊ ပြီးတော့ ပြတင်းပေါက်ပေါင်မှာ ကြည့်စမ်း၊ လူခြေရာတစ်ခု တွေ့တယ်၊ ဟောဒီမှာတော့ ဝိုင်းဝိုင်း အရာကြီးတစ်ခု၊ ဟောဒီမှာလဲ ဝိုင်းဝိုင်း အရာကြီးတစ်ခု တွေ့ပြန်ပြီ၊ ကိုင်း ခင်ဗျား ဘယ့်နှယ် ထင်သလဲ၊ သည် ဝိုင်းဝိုင်း အရာကြီးတွေ ကြည့်စမ်း'

ကျွန်တော်သည် ၎င်းအဝိုင်းကြီးများကို ကြည့်ပြီးနောက်

'ကျွန်တော်ဖြင့် ခြေရာရယ်လို့ မထင်ပါဘူးဗျာ'

**ရှား**။ ။'ခြေရာထက် အဖိုးတန်တော့ မပေါ့ဗျာ၊ သည်ဟာကြီးတွေဟာ သစ်သား ခြေထောက်ရာဗျ၊ တစ်ဖက်ခြေရာကတော့ ခြေရာပုပု ဗျက်ကျယ်ကျယ်၊ တစ်ဖက်ကတော့ သစ်သားခြေထောက်ရာပဲ'

**ကျွန်တော်**။ ။'ဒါဖြင့် သည်လူဟာ တစ်ဖက်က သစ်သားခြေထောက် တပ်ပြီး ထားတဲ့ လူပေါ့လေ'

**ရှား**။ ။'ဒါပေါ့ဗျ၊ သို့သော်လည်း သူ့အဖော် ရှိသေးတယ်၊ အဖော်ဟာက တော်တော်ကြီးကို ထူးတဲ့ အဖော်ပဲဗျ၊ ကိုင်း ကိုသိန်းမောင် အောက်ငုံ့ ကြည့်လှဲ့စမ်း၊ သည်နံရံကို တွယ်ပြီး သည်ပြတင်းပေါက် ရောက်အောင် ခင်ဗျား တက်နိုင်ပါ့မလား' ဟု မေးသဖြင့် ကျွန်တော်လည်း ၎င်းနံရံကို လရောင်တွင် ကြည့်ရာ အမြင့်မှာ ၁၈ ပေမျှ ရှိသည့်ပြင် တစ်စုံတစ်ခုသော နေရာ၌မျှ ခြေကုတ်ရန် ကြည့်၍ မမြင်နိုင်သောကြောင့် မတက်နိုင်ကြောင်းနှင့် ပြန်ပြောလေလျှင်

**ရှား**။ ။'ကူမဲ့လူ မရှိလျှင် မတက်နိုင်ဘူး မှန်တယ်၊ သို့သော်လည်း သည်ကနေပြီး တစ်ယောက်က ဟောဟို အုန်းဆံကြိုးကို ချပြီးပေးမယ်ဆိုလျှင် ခင်ဗျား တွယ်ပြီး မတက်နိုင်ပေဘူးလားဗျာ'

**ကျွန်တော်။** ။'တက်နိုင်စရာ ရှိပါတယ်ဗျာ'

**ရှား။** ။'အဲ ဟုတ်ပြီ၊ တစ်ယောက်က သည်အပေါက်က ကြိုးနှင့် တွယ်ပြီး တက်၊ တက်ပြီးလို့ သူတို့ ကိစ္စပြီးတော့ သည်ကပဲ ပြန်ပြီးဆင်း၊ ကျန်တဲ့ တစ်ယောက်က ကြိုးကို ပြန်ပြီး တင်၊ တင်ပြီး ပြတင်းပေါက်ကို အတွင်းကနေပြီး ပိတ်၊ ပိတ်ပြီး သူကတော့ ရှေးဦးစွာ လာတဲ့ လမ်းက သူ ပြန်ရောဗျ၊ ဒါထက် သစ်သားခြေထောက်နှင့်လူက သည်ကြိုးနှင့် ပြန်ပြီး အဆင်းမှာ လက်ချော်သွားလို့ လက်မှာ အရေတွေ ပွဲပြီး ကြိုးမှာ သွေးနည်းနည်း စွန်းနေရစ်တာ ကျုပ် တွေ့ရတယ်'

**ကျွန်တော်။** ။'ဒါကတော့ ဟုတ်ပါပြီတဲ့ဗျာ၊ သို့သော် ရှေးဦးစွာ တက်တဲ့ တစ်ယောက် လူကတော့ ဘယ်လမ်းက တက်လို့ သည်အခန်းထဲ ဘယ်နှယ့်ရောက်သလဲဗျ'

**ရှား။** ။'ဟာ ဒါ ဟုတ်တယ်၊ သည်တစ်ယောက်ဟာက တော်တော် ထူးဆန်းတဲ့ ပုဂ္ဂိုလ်ဗျ၊ သူ ထူးဆန်းတဲ့အတွက် အဲသည် အမှုဟာ တော်တော်ကလေး ထူးဆန်းပေတာပဲ၊ သည်ပြည်မှာ သည်လူမျိုး ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး၊ သို့သော် အိန္ဒိယပြည်များမှာတော့ သည်လူမျိုး အကြောင်း ကျုပ် ဖတ်ရဖူးတယ်'

**ကျွန်တော်။** ။' ဖတ်ဖူးတာ မဖတ်ဘူးတာ အပထားပြီး ဘယ်ပုံ ဘယ်နည်းနှင့် သည်လူ သည်အခန်းရောက်အောင် တက်တယ်ဆိုတာ ပြောပြစမ်းပါဦးဗျာ၊ တံခါးလည်း ပိတ်ထားတယ်၊ ပြတင်းပေါက်ကလည်း တက်လို့ မရောက်နိုင်ဘူး၊ ဒါဖြင့် ဘယ်ပုံ တက်လာသလဲဗျာ'

**ရှား။** ။'ခင်ဗျားက ကျုပ် ခဏခဏ ပြောနေတဲ့ နည်းကို အသုံးပြုပြီး မကြည့်ဘဲကိုးဗျ၊ အကြောင်းတစ်ခုကို ဆင်ခြင်တဲ့အခါမှာ အကယ်စင်စစ် မဖြစ်နိုင်တဲ့ အချက်တွေကို ဖယ်ထုတ်လိုက်လျှင် ကျန်တဲ့အချက်ဟာ ဘယ်လိုပင် ဖြစ်ပုံမပေါ်သော်လည်း ဖြစ်ရမယ်လို့ တွက်ယူရမယ်ဗျ၊ ကိုင်း သည်တော့ သည်လူဟာ ပြတင်းပေါက်ကလည်း မတက်နိုင်ဘူး၊ တံခါးကလည်း ပိတ်ထားလို့ မဝင်နိုင်ဘူး၊ တံခါးမပိတ်ခင် အခန်းထဲမှာ ပုန်းအောင်းပြီးနေရမှာကလဲ အခန်းက ကျဉ်းကျဉ်း၊ ပုန်းစရာကလဲ မရှိလို့ မဖြစ်နိုင်ဘူး၊ သည်တော့ သူ ဘယ့်နှယ် ဝင်မလဲဗျ၊ အခန်းထဲ ရောက်အောင်'

**ကျွန်တော်။** ။'မျက်နှာကြက်က အပေါက်က သူ ဝင်မယ် ထင်တယ်'

**ရှား။** ။'ထင်မနေနှင့်ဗျ၊ အစစ်ပဲ၊ ကိုင်း ကိုင်း သည်အပေါက်က ကျုပ်တက်ပြီး ကြည့်စမ်းမယ်၊ တဆိတ်လောက် မီးပြစမ်းဗျာ။ ကိုသိန်းမောင်' ဟု ပြောသဖြင့် ကျွန်တော်လည်း မီးအိမ်ကို မြှောက်၍ ပြသည်တွင် မောင်စံရှားသည် စားပွဲပေါ်တွင် ကုလားထိုင်တစ်ခုကို တင်ပြီးနောက် ကုလားထိုင်ပေါ် သို့ တက်၍ ဖြတ်လတ် ပေါ့ပါးသော သူတစ်ယောက်ဖြစ်သည်အတိုင်း ခုန်၍ ဆွဲငင်ပြီးလျှင် ဘားပေါ် သို့ တက်သည့် အလားကဲ့သို့ အပေါက်ငယ်မှ ကော့လိမ်၍ တက်သွားလေ၏။ ၎င်းနောက်

**ရှား။** ။'ကိုင်း ကိုသိန်းမောင်၊ မီးအိမ်ပေးလိုက်ဗျာ၊ ခင်ဗျား တက်နိုင်ရဲ့ မဟုတ်လား၊ စမ်းကြည့်စမ်း၊ တက်သာ တက်ပါဗျာ၊ ကျုပ် ဆွဲတင်ပါမယ်၊ သြော် ဒါထက် မနှင်းညွန့် နေရစ်ဝံ့ရဲ့လား၊ ကိုကျော်လှလဲ ရှိသားပဲ'

**ညွန့်။** ။(သတ္တိရှိသော သူငယ်မ တစ်ယောက်ဖြစ်သည်အတိုင်း) 'နေရစ်ဝံ့ ပါတယ်ရှင်' ဟု ပြောသဖြင့် ကျွန်တော်လည်း မောင်စံရှား၏ နည်းတူ အပေါက်ငယ်မှ တက်၍ အပေါ် သို့ ရောက်လေလျှင် အခန်းငယ်သဖွယ်ရှိသော အဆောက်အဦးတွင်းသို့ ရောက်လေရာ အလျား ၁၀ ပေ၊ အနံ ၆ ပေ အမြင့်မှာ ၅ ပေခန့်မျှ ရှိသဖြင့် ကျွန်တော်တို့မှာ ငုံ့လျှက်သာလျှင် နေနိုင်ကြလေ၏။

မောင်စံရှားလည်း အမိုးကို တီးခေါက်၍ ကြည့်သည်နှင့် တံခါးငယ်တစ်ခုကို တွေ့၍ ဖွင့်ကြည့်လိုက်ရာ ၎င်းမှာ အမိုးပေါ် သို့ ရောက်သော အပေါက်ဖြစ်ကြောင်း တွေ့ရှိရသဖြင့်

'မြင်လား ကိုသိန်းမောင်၊ တစ်ယောက်ဟာက သည်လမ်းက လာပြီး သည်လမ်းက ပြန်တဲ့ သူပဲဗျ၊ ကိုင်း ကိုင်း သူ့ခြေရာလက်ရာများ ဘာများကျန်ရစ်သလဲ ကြည့်ကြရအောင် ဗျာ' ဟု ပြော၍ မောင်စံရှားလည်း ကြမ်းတွင် မီးအိမ်နှင့် ကြည့်ရှုရာ ကြမ်းပြင်မှာမူ နှစ်လ များစွာက စုပုံ၍ နေသော မြူမှုံတို့ဖြင့် ဖုံးအုပ်လျက် ရှိရကား အကလေး၏ ခြေရာ ပမာဏမျှ ရှိသော ခြေရာများကို မြင်ရသဖြင့် ကျွန်တော်မှာ များစွာ အံ့သြစွာနှင့် 'ဘယ်နှယ့်လဲဗျာ ကိုစံရှား၊ အကလေးခြေရာတွေပါ ကလားဗျ ထူးဆန်းလှချေကလားဗျာ'

**ရှား။** ။'ဟုတ်တယ်ဗျို့၊ ကျုပ်တောင်မှ ရတ်တရက်တော့ အံ့သြသွားမိတယ်၊ သို့သော်လည်း အခုတော့ ကျုပ် ရိပ်မိပါပြီ၊ ဟောဟိုဟာက သေတ္တာလား ဘာလား ထားတဲ့ အရာပဲ၊ သေတ္တာတော့ ယူသွားပြီ၊ အရာလောက် ရှိရစ်တော့တယ်၊ ကိုင်း ကိုင်း ဆင်းကြစို့ဗျာ၊ ဒါပါပဲ၊ သည့်ပြင် ကြည့်စရာ မရှိပါဘူး'

အလောင်းရှိရာ အခန်းတွင်းသို့ ရောက်ပြန်လျှင် ကျွန်တော်က

'အကလေး ခြေရာတွေ တွေ့ပုံက ခင်ဗျား ဘယ့်နှယ် ထင်သလဲဗျာ၊ ကျွန်တော်ဖြင့် ခြေရာကြည့်ပြီး မှန်းရမှာ ခြောက်နှစ်သားအရွယ်လောက်ပဲ ရှိသေးတယ် ထင်တယ်'

**ရှား။** ။'ကိုသိန်းမောင်ကလဲဗျာ ခင်ဗျား ကျုပ်နည်းတွေ သိရက်နှင့် သည်နည်းတွေများ အသုံးပြုပြီး စဉ်းစားမှပေါ့ဗျ'

**ကျွန်တော်။** ။'ကျွန်တော်ကဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေပါပြီခင်ဗျာ'

**ရှား။** ။'ကိုင်း ကိုင်း မစဉ်းစားတတ်သေးရင် ထပ်ပြီး ကြည့်ကြဦးစို့၊ သည်အခန်းထဲမှာတော့ ဘာများ တွေ့ဦးမလဲ၊ သေသေချာချာ ကြည့်ရဦးမယ်' ဟု ပြောပြီးလျှင် မောင်စံရှားသည် မှန်ဘီလူးတစ်ခုကို အိတ်မှ ထုတ်၍ မိမိ ပြုမြဲဖြစ်သည့်အတိုင်း ကြမ်းပေါ်၌ ဝပ်ထွားကာ အရာဝတ္ထုတို့ကို သေချာစွာ ကြည့်ရှုလျက် လည်းကောင်း၊ တိုင်းထွာလျက် လည်းကောင်း အတန်ကြာအောင် ရှိနေပြီးနောက်

'ကျုပ်တို့ တယ်ပြီး ကံကောင်းတယ်ဗျို့၊ သည်မမှုမှာ ဒုက္ခများများ စိုက်ဖို့ မရှိဘူး၊ ပထမ တက်တဲ့လူဟာ ဟောဒီမှာ ဖိတ်နေတဲ့ ကတ္တရာစေးထဲမှာ သူ့ခြေထောက် ချသွားတယ်ဗျ'

**ကျွန်တော်။** ။'ချသွားတော့ ဘာဖြစ်သလဲဗျ'

**ရှား။** ။'ချသွားတော့ သူ့ကို ကျုပ်တို့ မိတာပေါ့ဗျ၊ သည်လို ကတ္တရာစေးနံ့မျိုးများရတဲ့နောက် မဟာပထဝီမြေကြီး အဆုံးတိုင်အောင် ပြေးသော်လည်း မလွတ်နိုင်အောင် အနံ့ခံပြီး လိုက်နိုင်တဲ့ ခွေးတစ်ကောင် ကျုပ် သိတယ်ဗျ၊ ဟော ဒါထက် ပုလိပ်အရာရှိတွေ ခြေသံ မှတ်တယ်၊ ကိုင်း ကိုင်း သူတို့ မလာခင် သည်အလောင်း ခင်ဗျား စမ်းကြည့်စမ်း' ဟု ပြောသဖြင့် ကျွန်တော်သည် စမ်းသပ်၍ ကြည့်ရာ

**ရှား။** ။'ဘယ့်နှယ်နေသလဲ'

**ကျွန်တော်။** ။'တောင့်နေတာပေါ့ဗျ'

**ရှား။** ။'သည့်ပြင် လူသေများ ခင်ဗျား ကိုင်ဖူးလား'

**ကျွန်တော်။** ။'ကိုင်ဖူးပါတယ်'

**ရှား။** ။'တောင့်ပုံချင်း ဘယ့်နှယ်နေသလဲ'

**ကျွန်တော်။** ။(သေချာစွာ စမ်းသပ်ပြီးနောက်) 'သည့်လိုပင် လူသေများကတော့ တောင့်ရုံပဲတောင့်တယ်၊ သည်ဟာကတော့ အကြောတွေကို မာပြီး တင်းနေတယ်'

**ရှား။** ။'အစစ်ပဲဗျ၊ ကိုင်း သည်က အကြောတွေ တင်းတုံးရယ်၊ မျက်နှာထားက သေခါနီး ဖြီးပြပုံရယ် ပေါင်းပြီး ကြည့်လိုက်တော့ ဘယ်ပုံ တွေးချက်ရသလဲ'

**ကျွန်တော်။** ။'ပြင်းထန်တဲ့ ဆိပ်လူးမြားများနှင့် ထိမှန်ပြီးသေတဲ့ လူများလည်း သည်လိုပဲ နေတယ်လို့ ကြားဖူးတယ်ဗျာ၊ တွေ့တော့ မတွေ့ဘူးပေဘူး'

**ရှား။** ။'အစစ်ပဲဗျ သည်တိုင်းပဲ၊ ဒါကြောင့် အခန်းထဲ ဝင်လာလာခြင်း ဘယ်နည်းနှင့် သည်အဆိပ်ကို သွင်းလိုက်ပါလိမ့်မလဲလို့ ဒဏ်ရာကို လိုက်ပြီးရှာတယ် မဟုတ်လား ရှာတော့ ဘာတွေ့သလဲ။ နားနောက်မှာ ဆူးလေးတွေ့တယ်၊ ဆူးမှန်တဲ့ ဒဏ်ရာကလဲ သည်လူ ထိုင်နေပုံနှင့် ကြည့်လိုက်တော့ မျက်နှာကြက်မှ ဖောက်ထားတဲ့ အပေါက်ဆီကနေပြီး ပစ်လိုက်တဲ့ ဒဏ်ရာနှင့်ပဲ တူတယ်၊ ကိုင်း ကိုင်း ဆူးကို ကြည့်စမ်းဗျို့'

**ကျွန်တော်။** ။(ဆူးကို သေချာစွာ ကြည့်ပြီးနောက်) 'တော်တော် ဆန်းတဲ့ ဆူးပဲဗျို့'

**ရှား။** ။'သည်ဆူးမျိုး ခင်ဗျား မြင်ဖူးရဲ့လား'

**ကျွန်တော်။** ။'မမြင်ဖူးဘူး'

**ရှား။** ။'ဘယ်မြင်ဘူးမလဲဗျ၊ ကျုပ်တို့ဆီမှာ သည်ဆူးမျိုး ရှိမှ မရှိဘဲ၊ ဟော ပုလိပ်အရာရှိများ ရောက်လာကြပြီ'

ထိုခဏ၌ အစိုးရပုလိပ် အင်စပိတ်တော် တစ်ယောက်နှင့် ပုလိပ်သားတို့သည် အခန်းတွင်းသို့ ဝင်လာကြရာ ၎င်းအင်စပိတ်တော်မှာ ရန်ကုန်သို့ ပြောင်းရွှေ့လာသည်မှာ မကြာသေးသည်လည်း တစ်ကြောင်း၊ ၎င်းရောက်လာသည်အတွင်း မောင်စံရှားမှာ အမှုတစ်ခုမျှ စုံထောက်ရသေးသည် မရှိသည်လည်း တစ်ကြောင်းကြောင့် ထိုသူသည် မောင်စံရှား၏ အစွမ်းကို ကြားဖူးရုံမျှ ရှိသော်လည်း များစွာ ယုံကြည်အားထားသည့် လက္ခဏာ မရှိချေ။

အင်စပိတ်တော်လည်း အခန်းတွင်းသို့ ဝင်လာ၍ တောင်မြောက် လေးပါးတို့ကို ကြည့်ရှုပြီးနောက် ဟန်ကြီးပန်ကြီးရှိသည့် အမူအရာနှင့် ကျွန်တော်တို့အား ကြည့်ရှု၍

'အင်း အင်း တယ်ကောင်း တယ်လှ၊ လက်သည် မပေါ်ဘူးဟုတ်စ၊ ဒါထက် သည်ဟာတွေက ဘယ်သူတွေလဲဗျ၊ ခြေရာတွေ ဘာတွေနှင့် ဘယ့်နှယ်ကြောင့် ဝင်ပြီး ရှုပ်နှင့်ကြတာတုန်း'

**ရှား။** ။'အင်စပိတ်တော်မင်း၊ ကျွန်တော့်ကို မမြင်ဘူးသေးမှတ်တယ်၊ ကျွန်တော် မောင်စံရှားပါပဲဗျာ'

**အင်စပိတ်တော်။** ။'သြော် ဟုတ်ပါရဲ့လား၊ ဝမ်းသာပါတယ် ခင်ဗျာ သိကျွမ်းရတာ၊ ကြားတော့ ကြားဖူးပါရဲ့၊ လူချင်းတော့ သည်တစ်ခါမှ တွေ့ရတယ်၊ ကျွန်တော်နာမည် မောင်အုန်းခိုင်ပါတဲ့ဗျာ၊ အင်း အင်း တယ်ကောင်း၊ တယ်လှတဲ့ အမှုကလေး ပါပဲ၊ လက်သည် မပေါ်ဘူးပေါ့လေ၊ ဟုတ်စ၊ ဒါထက် ဘာကြောင့် သေတယ် ခင်ဗျား ထင်သလဲဗျာ၊ ခင်ဗျားအကြောင်း ကြားဖူးပါရဲ့၊ သည်တစ်ခါ သိကြရောပလေ'

**ရှား။** ။'ကျွန်တော် ပြောဖို့ လိုပါဖူးဗျာ၊ ခင်ဗျားလည်း သိနိုင်ပါတယ် ကြည့်ပါဦးတော့'

**ခိုင်။** ။'သြော် သည်အမှုတော့ ခင်ဗျား ဉာဏ်မမှီနိုင်ဘူး မှတ်တယ်၊ ခင်ဗျား စုံထောက်ပုံတွေ ကျွန်တော်လည်း ကြားတော့ ကြားဖူးပါရဲ့၊ သို့သော် ခင်ဗျား စဉ်းစားပုံတွေက ဉာဏ်ကောင်းလို့ သည်လောက် မဟုတ်ဘူး ကံကောင်းလို့ ပေါ်တာတွေ ထင်တယ်ဗျ၊ ကျုပ်တို့ စကားပုံ ရှိတယ် မဟုတ်လား။ ကြက်ကန်းဆန်အိုးတွေ့ဆိုတာမျိုး လိုပေါ့ဗျ' ဟု ပြောလျှင် မောင်စံရှားလည်း ကျွန်တော်အား ကြည့်ကာ မသိမသာ ပြုံးရယ်လျက် မည်သို့မျှ မပြောဘဲ ရှိနေလေ၏။

အင်စပိတ်တော် ဦးအုန်းခိုင်လည်း တုပ်ခိုင်ခန့်ငြားသဖြင့် ပုလိပ်သားပီပီ ရှိသော ကိုယ်ကြီးဖြင့် ရင်ကော့ကာ ခေတ္တမျှ စကြံလျှောက်ပြီးနောက် 'အဘိုးငွေ ငါးသိန်းလောက်တန်တဲ့ ကျောက်သံပတ္တမြားများလည်း ပျောက်ဆုံးတယ်၊ တံခါးလည်း အတွင်းဘက်က ပိတ်ထားတယ်၊ ပြတင်းပေါက်ကကောဗျာ'

**ရှား။** ။'ပြတင်းပေါက်လည်း အတွင်းက ပိတ်ထားတယ်၊ သို့ပေမယ့် ပြတင်းပေါက်ဘောင်ပေါ်မှာ ခြေရာတွေ တွေ့တယ်ဗျ'

**ခိုင်။** ။'ပြတင်းပေါက်ကို အတွင်းက ပိတ်ထားတာတွေ့ရင်ဖြင့် ဘောင်ပေါ်မှာ ခြေရာတွေ့ပေမယ့် ဘာဆိုင်သလဲဗျ၊ သည်လူသေတာက လေနာပြီး သေချင် သေမယ်၊ တက်ပြီး သေချင် သေမယ်၊ သို့သော် ကျောက်သံပတ္တမြားတွေ ပျောက်နေတယ်ဆို တာက ခက်နေတယ်၊ သြော် ကျုပ် အကြံရပြီဗျို့၊ ကိုင်း ကိုင်း ဘိုးမှီတို့ အခန်းပြင် ထွက်ကြစမ်း၊ ကိုင်း ကိုစံရှား ကျုပ်က သည်လို ထင်တယ်ဗျ၊ သူ့ညီမောင်ဘိုးကဲက သူပြောချက်အရ မနေ့ညက သည်အခန်းထဲမှာ သူ့အစ်ကိုနှင့် နှစ်ယောက်တည်း ရှိကြတယ်ဆို မဟုတ်လား၊ သည်တော့ အစ်ကိုမောင်ဘိုးရွှဲက လေနာရောဂါနှင့် သေတယ်၊ သေတော့ မောင်ဘိုးကဲက ပစ္စည်းတွေ ယူပြီး ထွက်သွားတယ်၊ ကိုင်း ကျုပ်တွေးပုံ ဘယ်နှယ်လဲဗျာ၊ တယ်မရိုင်းဘူး မဟုတ်လား'

**ရှား။** ။'ဟုတ်ပုံပေါ်ပါရဲ့၊ သည်တော့ မောင်ဘိုးကဲလည်း ထွက်သွားရော၊ လူသေကလည်း ထိုင်ရာက ထပြီး အခန်းတံခါးကို အတွင်းက နေပြီး ကန့်လန့်ချလိုက်ကရော သည်လိုလားဗျာ'

**ခိုင်။** ။'ဟာ ဟုတ်ပေတယ်၊ သည်အချက်က ရှိပေသေးတယ်၊ ကိုင်း ဒါဖြင့် သည်လိုကောဗျာ။ ဘိုးကဲဟာ ဘိုးရွှဲ ညီအစ်ကို တော်တယ်၊ သူတို့နှစ်ယောက်ဟာ မကြာမီက စကားများကြဖူးတယ်၊ သည်ဟာ ကျုပ်တို့ သိရတယ် မဟုတ်လား၊ သည့်ပြင်လဲ အစ်ကို ဘိုးရွှဲဟာ သေရာတယ်၊ ပစ္စည်းတွေလည်း ပျောက်သွားတယ်၊ ဒါလည်း ကျုပ်တို့ သိရတယ်၊ မနေ့ညက

ဘိုးကဲပြန်သွားပြီးတဲ့နောက် ဘိုးရွဲဟာ ဘယ်သူနှင့်မှလဲ မတွေ့ရဘူး၊ သူ့အိပ်ရာမှာလည်း အိပ်တဲ့ လက္ခဏာ မရှိဘူး၊ ဘိုးရွဲ သေပုံ မျက်နှာထား ကြည့်ရတာကလဲ အင်း တယ်ပြီး မဟန်လှဘူး၊ ကြည့်နေဘ် ကျုပ် ဘိုးကဲအပေါ် သတ္တုကျအောင် လုပ်လိုက်မယ် နားထောင်ကြဗျ'

**ရှား**။ ။'နေပါဦး မိတ်ဆွေ၊ ဒါထက် ခင်ဗျားက အကျိုးအကြောင်း စုံလင်အောင် မသိသေးဘူးဗျ၊ ဟောဒီ ဆူးကလေးဟာ လူသေ နားရွက်နောက်က တွေ့တယ်ဗျ၊ အဆိပ်လူးထားတဲ့ လက္ခဏာလည်း ရှိတယ်၊ အလောင်းမှာ ဟောဒီ စာရွက်လည်း တွေ့တယ်၊ ကိုင်း သည်တော့ ခင်ဗျား တွေးပုံနှင့် ကိုက်ပါမလားဗျာ'

**ခိုင်**။ ။'ကိုက်ပါသော်ကော မိတ်ဆွေ၊ ဘာပြုလို့ မကိုက်ရမှာလဲ၊ သည်က အဆိပ်လူးထားတဲ့ ဆူးဟာ ဘိုးကဲရဲ့ ဆူးမဟုတ်ရင် ဘယ်သူ့ဆူး ဖြစ်နိုင်ဦးမှာလဲဗျ၊ သည်စာရွက်က ဘာလဲ၊ လေးဦးသားလက်ချက်တဲ့၊ သည်ဟာက အလကား ဘိုးကဲက ထင်ယောင်ထင်မှား ဖြစ်အောင် ဉာဏ်ဆင်တဲ့ အလုံးတွေပါဗျာ၊ ပုလိပ်လုပ်နေပြီး သည်လောက်မှ မပါးရင် ခက်နေရောပေါ့၊ သို့သော်လည်း ဘိုးကဲဟာ သူ့အစ်ကိုကို သူသတ်ပြီး ဘယ်လမ်းက ထွက်သွားသလဲတဲ့၊ သည်ဟာ တစ်ခုပဲ အရေးကြီးတယ်၊ ဩော် မျက်နှာကြက်မှာ အပေါက်ကြီးပါကလားဗျို့'

၎င်းနောက် အင်စပိတ်တော် ဦးအုန်းခိုင်လည်း သူ၏ ကိုယ်ကာယနှင့် မလိုက်အောင် ဖြတ်လတ်ပေါ့ပါးခြင်း ရှိသော အမူအရာနှင့် စားပွဲပေါ်မှ တက်၍ မျက်နှာကြက်အပေါက်မှ တက်သွားပြီးလျှင် အပေါ်မှ နေ၍

'အောင်မယ် သည်ကနေပြီး အမိုးပေါ်တက်တဲ့ အပေါက် ရှိပါကလားဗျို့၊ ခင်ဗျားတို့ တွေ့ကြရဲ့လား၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျုပ်ထင်တဲ့ အတိုင်းပါပဲ' ဟု ပြော၍ အောက်သို့ တစ်ဖန် ဆင်းလာပြီးနောက်

'ဟေ့ ဘိုးမှီတို့'

'အခန်းပြင်မှာ ဘုရား'

**ခိုင်**။ ။'ကိုင်း မောင်ဘိုးကဲကို ခေါ်ခဲ့ကြဟေ့၊ ကိုင်း မောင်ဘိုးကဲ မောင်မင်းကို ကျွန်ုပ် မောင်ဘိုးရွဲ သတ်မှုနှင့် ယခု ဖမ်းဆီးရလိမ့်မယ်'

**ကဲ**။ ။'ကိုင်း ကျွန်တော် မပြောဘူးလား ခင်ဗျာ၊ ဒါကြောင့် ကျွန်တော် မပြောဘူးလား ခင်ဗျာ၊ ကျွန်တော့်ကို ထင်ပါလိမ့်မယ်လို့ ကျွန်တော် အထင်သားကပဲ ခင်ဗျာ'

**ရှား**။ ။'ကိစ္စမရှိပါဘူး မောင်ဘိုးကဲ၊ မကြောက်ပါနှင့်၊ သည်အမှုကို ကျုပ် တတ်အားသမျှ ကူညီပြီး ရှင်းလင်းအောင် လုပ်ပေးပါမယ်၊ စိတ်သာချနေပါ၊ မစိုးရိမ်ပါနှင့်'

**ခိုင်**။ ။'တယ်ပြီးလည်း အာမခံ မရဲနှင့်ဗျနော်၊ တော်တော်ကြာတော့ ကိုယ့်စကားနှင့် ကိုယ့်ပတ်ဆိုတာလို ဖြစ်နေမယ်၊ မရဲဘဲနှင့် ကျွဲမစီးနှင့်ဗျ၊ ကိုစံရှား'

**ရှား**။ ။'စိတ်ချပါ ကိုအုန်းခိုင်၊ ကိုင်း ခင်ဗျား သိချင်ရင် သည်အခန်းတွင်းကို မနေ့ကလာတဲ့ လူနှစ်ယောက်အနက် တစ်ယောက်အကြောင်းကို အမည်နာမနှင့် တကွ ကျုပ်ပြောပြလိုက်မယ်၊ သူ့နာမည်ကတော့ မောင်မိုးသီးပါတဲ့ဗျာ၊ သည်လူဟာ စာကောင်းကောင်းမတတ်ဘူး၊ ဖြတ်ဖြတ်လတ်လတ်၊ လက်ျာဘက် ခြေထောက်က သစ်သားခြေထောက် တပ်ထားတယ်ဗျ၊ အသက်ကတော့ဖြင့် လူလတ်ထဲကပဲ၊ အသား ခပ်ညိုညို၊ ထောင်များလည်း ကျဖူးတယ်၊ သည်အချက်တွေရယ်၊ သူ့လက်ဖဝါးမှာ အသားနည်းနည်း စုတ်ပြီးနေတယ်ဆိုတဲ့ အချက်ရယ်၊ စုပေါင်းပြီး ထည့်လျှင် သည်လူကို ခင်ဗျား ရှာဖို့ မခက်လှဘူး မှတ်တယ်၊ သည့်ပြင် တစ်ယောက်ဟာကတော့...'

**ခိုင်**။ ။(ပြောင်လှောင်လိုသော မျက်နှာထားနှင့်) 'ကိုင်း ဆိုပါဦးတဲ့ဗျာ၊ သည့်ပြင် တစ်ယောက်လည်း ပါသေးသတဲ့ကိုး၊ ဆိုပါဦးဗျာ'

မောင်စံရှားလည်း ကိုအုန်းခိုင်၏ ကြားဖြတ်၍ ပြောသော စကားကို အမှုမထားသော မျက်နှာထားနှင့် ဆက်လက်၍

'သည့်ပြင်တစ်ယောက်လူဟာကတော့ တော်တော်ထူးဆန်းတဲ့လူတစ်ယောက်ပဲ၊ သို့သော် မကြာမီအတွင်း သူတို့ နှစ်ယောက်လုံးနှင့်တွေ့ရအောင် ကျုပ် စီမံနိုင်စရာရှိပါရဲ့လေ၊ ကိုင်း ဒါထက် ကိုသိန်းမောင်။ ခင်ဗျားနှင့် စကားကလေး တစ်ခွန်းပြောပါရစေဗျာ' ဟု ကျွန်တော်အားပြောသဖြင့် ကျွန်တော်လည်း မောင်စံရှားနှင့် အတူအခန်းပြင်သို့ လိုက်သွား လေလျှင်

**ရှား**။ ။'ကိုင်း ကိုသိန်းမောင်၊ ခင်ဗျားလည်း သည်ကိစ္စမှာ တစ်နေရာက ဆောင်ရွက် ရလိမ့်မယ်ဗျို့'

**ကျွန်တော်**။ ။'မနှင်းညွန့်၏ အမှုဖြစ်သဖြင့် တစ်နေရာ မကပါဘူးဗျာ၊ ဆယ်နေရာက ဆောင်ရွက်ဆိုရင် ဆောင်ရွက်ပါမယ်'

**ရှား**။ ။'ကိုင်း ဒါဖြင့် သည်လိုလုပ်ပေတော့၊ သည်အမှုကို ကျုပ်တို့ ပူပူနွေးနွေး ကိစ္စပြီးအောင် ဆောင်ရွက်ကြမှ တော်မယ်၊ ရက်ရွှေ့နေရင် နေရာမကျဘူး၊ မနှင်းညွန့်ကို ခေါ်ပြီး သူ့အိမ်ရောက်အောင်လိုက်ပို့၊ ပို့ပြီး ကြည့်မြင်တိုင် ဘော်ဂါတန်းဦးကြီးဆိုတဲ့ အဘိုးကြီးအိမ်ကို သွား၊ သွားပြီး ခွေးတစ်ကောင်ယူခဲ့၊ သူ ပေးလိုက်လိမ့်မယ်၊ ကျုပ်လည်း စာရေးပေးလိုက်မယ်၊ ကျုပ်တို့က ကျုပ်တို့ဘာသာ ကိုယ့်နည်းနှင့် ကိုယ်လုပ်၊ သည်က ကိုအုန်းခိုင်တို့ကလည်း သူတို့နည်းနှင့် သူတို့လုပ်ကြလိမ့်မယ်၊ ဩော် နေဦး၊ သည်က ကိုဘိုးကဲ မော်တော်ကား ယူသွားပေတော့၊ မကြာစေနှင့်နော်၊ အခုနာရီပြန် တစ်ချက်တောင်ကျော်သွားပြီ။ မလင်းခင် စပြီး လိုက်ရရင် ကောင်းတယ်'

ငင်းနောက် ကျွန်တော်လည်း မောင်စံရှားပေးသော စာကို ယူ၍ မနှင်းညွန့်နှင့်အတူ ၎င်း၏အိမ်သို့ မော်တော်ကားနှင့် လိုက်၍ ပို့ပြီးလျှင် ကြည့်မြင်တိုင်သို့ သွားရောက်၍ မှာထားသည့်အတိုင်း ခွေးကို ယူခဲ့ပြီးလျှင် နာရီပြန် နှစ်ချက်ကျော်ကျော်ခန့်တွင် မောင်စံရှားထံ ပြန်ရောက်လေ၏။

ဝင်းတွင်းသို့ ပြန်ရောက်လျှင် မောင်စံရှားလည်း လှေခါးပေါ်မှ ဆင်းလာ၍

'ခွေးပါသလားဗျို့၊ ဩော် နေရာကျပြီဗျို့၊ ဒါထက် ကိုအုန်းခိုင်ဖြင့် ပြန်သွားပြီဗျို့၊ မောင်ဘိုးကဲတင် မကဘူး၊ သည်အိမ်ကအိမ်စေကို ကိုကျော်လှရော၊ ထမင်းချက်တဲ့ မိန်းမကြီးရော အကုန် ဖမ်းသွားလေရဲ့ဗျို့၊ တစ်အိမ်လုံးကို ရှင်းသွားပြီ၊ သူထားခဲ့တဲ့ ပုလိပ် တစ်ယောက်ပဲ ရှိရစ်ပေတော့တယ်၊ ကိုင်း လာပါဦးဗျ၊ အိမ်ပေါ်ကို'

ကျွန်တော်တို့လည်း ခွေးကို အိမ်အောက်တွင် ချည်နှောင်ထားခဲ့၍ ယခင်က အခန်းတွင်းသို့ ရောက်ကြလေလျှင် အလောင်းမှာမူ အဝတ်တစ်ခုဖြင့် ဖုံးအုပ်လျက်ရှိရာ ပုလိပ်တစ်ယောက်လည်း အခန်းဝ၌ စင်္ကြံလျှောက်ကာ ရှိနေလေ၏။ မောင်စံရှားလည်း ပုလိပ်သားထံမှ ကျားမျက်လုံးမီးအိမ်ကို ငှားယူပြီးနောက်

'ကိုင်း ကိုသိန်းမောင် သည်ကားချပ်ကို လည်ပင်း တဆိတ် ဆွဲပေးစမ်းပါဗျ၊ အဲ ဟုတ်ပြီ၊ ကိုင်း ကျုပ် ဖိနပ်နှင့် ခြေအိတ်လဲချွတ်ရဦးမယ်၊ ခင်ဗျား လက်ကိုင်ပုဝါ ပါသလား၊ အဲ ဟောဟိုက ကတ္တရာစေးမှာ နှစ်စမ်းဗျာ၊ ဟုတ်ပြီ၊ ကိုင်း မျက်နှာကြက်ပေါ် ခင်ဗျား၊ ခဏလောက် လိုက်ခဲ့ပါဦးဗျာ'

ကျွန်တော်လည်း မောင်စံရှားနှင့်အတူ မျက်နှာကြက်ပေါ် သို့ တက်သွားကြပြီးနောက် မြူမှုံများတွင် ထင်လျက်ရှိသော ခြေရာများကို ကြည့်ရှုပြီးလျှင်

**ရှား**။ ။'သည်ခြေရာကလေးတွေကို သေသေချာချာ ခင်ဗျား ထပ်ပြီး ကြည့်စမ်းပါဦးဗျာ၊ ဘာများ ထူးခြားတာ တွေ့သလဲ'

**ကျွန်တော်**။ ။'ကျွန်တော်ဖြင့် ထူးခြားတာ မတွေ့လှပါဘူးဗျာ၊ ကလေး ခြေရာလား၊ သို့မဟုတ် အင်မတန် ခြေသေးတဲ့ မိန်းမခြေရာလား မှတ်တာပါပဲဗျာ'

**ရှား**။ ။'ဩော် ခင်ဗျားက ငယ်လို့ ပြောတာကို။ ကိုင်းဗျာ၊ သေးငယ်တဲ့အပြင် ဘာများ ထူးခြားသေးသလဲဗျာ'

**ကျွန်တော်**။ ။'ကျွန်တော်ဖြင့် အရွယ်ငယ်တဲ့ အပြင်တော့ ထူးခြားပုံ မတွေ့ပါဘူးဗျာ'

**ရှား**။ ။'ခင်ဗျားက မကြည့်တတ်ပဲတာကိုးဗျ၊ သည်မှာ ကြည့်စမ်းဗျ၊ သည်ဟာက လက်ျာဘက် ခြေရာ မဟုတ်လား၊ ဟောကြည့် ကျုပ်က သည်ဘက်က ခြေရာ တစ်ခု ချလိုက်မယ်၊ ကိုင်း ကျုပ်ခြေရာနှင့် သူ့ခြေရာနှင့် နှိုင်းယှဉ်ကြည့်စမ်း၊ ဘာများ ထူးခြားသလဲ'

**ကျွန်တော်**။ ။'ခင်ဗျား ခြေရာကတော့ ခြေချောင်းကလေးတွေဟာ စုပြီး နေတယ်၊ သူ့ခြေရာကတော့ ခြေချောင်းတစ်ခုနှင့် တစ်ခု အင်မတန် ဝေးပြီး ကွဲကွဲပြားပြား ရှိတယ်'

**ရှား။** ။'အဲ ဟုတ်တယ်ဗျ၊ သည်အချက်ပဲ အရေးကြီးတာ၊ သည်အချက် ခင်ဗျား မှတ်ထားနော်၊ မမေ့စေနှင့်၊ ကိုင်း ဟောဟိုက အမိုးပေါ်တက်တဲ့ အပေါက်က ဘောင်စွန်းကို နမ်းကြည့်စမ်း၊ ပေး ပေး ခင်ဗျား လက်ကိုင်ပဝါ ကျုပ်ကို ပေးထားခဲ့'

ကျွန်တော်လည်း မောင်စံရှားစေခိုင်းသည့် အတိုင်းနမ်းကြည့်ရာ ကတ္တရာစေးအနံ့ ပြင်းစွာ ထွက်လျက် ရှိသည်ကို တွေ့ရှိရလေ၏။

**ရှား။** ။'အဲဒါ ဟိုတစ်ယောက် ခြေထောက်ချသွားတဲ့ နေရာပဲဗျ၊ ကိုင်းသည် ခြေရာကို ခင်ဗျားတောင် အနံ့ရရင် ဟိုခွေးဆိုရင် ဘာပြောစရာရှိမလဲဗျ၊ ကဲကဲ ခင်ဗျား အိမ်အောက် ဆင်းသွားပြီး ခွေးဖြုတ်ထားပြီး ဝင်းထဲက ကျုပ်ကို စောင့်နေနှင့်ဗျို့'

ကျွန်တော်လည်း အိမ်အောက်သို့ ဆင်းသွား၍ ခွေးကို ဖြုတ်ပြီးနောက် ဝင်းတွင်းမှ စောင့်ဆိုင်းလျက် ရှိရာ မောင်စံရှားမှာ အိမ်မိုးပေါ် သို့ ရောက်ပြီးနောက် အမိုးတစ်လျှောက် တရွရွ တွားလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ အိမ်စွန်းတစက်မိတ်သို့ ရောက်လျှင်

**ရှား။** ။'ကိုသိန်းမောင်လား ဗျို့'

**ကျွန်တော်။** ။'ဟုတ်တယ်'

**ရှား။** ။'သည်အနားတိုးခဲ့ဗျာ၊ ကျုပ် အောက်တည့်တည့်က မည်းမည်းဟာ ဘာလဲဗျို့'

**ကျွန်တော်။** ။'စည်ကြီး ထောင်နေတာဗျို့'

**ရှား။** ။'မြဲရဲ့လား'

**ကျွန်တော်။** ။(လှုပ်၍ ကြည့်ပြီးနောက်) 'မြဲပါတယ်'

**ရှား။** ။'လှေခါးများ မမြင်ဘူးလား'

**ကျွန်တော်။** ။'မမြင်ဘူးဗျို့'

**ရှား။** ။'အင်း တော်တော် စွန့်တဲ့ လူပဲဗျို့၊ ကိုင်း သူ ဆင်းနိုင်ရင် ကျုပ် ဘာပြုလို့ မဆင်းနိုင်ရမလဲ၊ ကိုင်း လာလေဗျို့'

မောင်စံရှားလည်း ပေါ့ပါးသော လူတစ်ယောက် ဖြစ်သည့်အတိုင်း အိမ်မိုးစွန်းမှ စည်ပေါ် သို့ ဖြတ်လတ်စွာ ခုန်ချ၍ စည်ပေါ်မှ တစ်ဖန် မြေပေါ် သို့ သက်ဆင်းပြီးနောက် ကျွန်တော်၏ လက်မှ ခြေအိတ်နှင့် ဖိနပ်ကို လှမ်းယူ၍ စွပ်ပြီးလျှင်

'အိမ်မိုးပေါ်မှာ ကျုပ်တို့ လူက ဟောဒီဟာကလေး ချပစ်ခဲ့တယ်ဗျို့၊ ကျုပ်တွေ့လို့ ကောက်ယူလာခဲ့သေးတယ်' ဟု ပြောပြီးလျှင် မြက်ဖြင့် ယက်ထားသော အိတ်ငယ်တစ်ခုကို ကျွန်တော်အား ပြလေ၏။ ကျွန်တော်သည် မြက်အိတ်ငယ်ကို လှမ်းယူ၍ ဖွင့်ကြည့်ရာ အိတ်အတွင်း၌ကား အဆိပ်လူးလျက် ရှိသည့် ယခင်က ဆူးငယ်ပေါင်း ဆယ်ခုမျှကို တွေ့ရှိရလေ၏။

**ရှား။** ။'သတိနှင့် ကိုင်ဗျို့နော် ကိုသိန်းမောင်၊ လက်စူးသွားရင် ဘိုးရွဲလို ခင်ဗျား ဖြစ်ပြီးသားပဲ၊ သည်အိတ်ကလေးတွေ့တာလည်း ကျုပ်တို့ ကံကောင်းကောင်းပဲ၊ သည်အကောင်မှာ သည်လက်နက်ဟာ အကုန်ပဲ မှတ်တယ်၊ သည့်ပြင် ရှိပုံမပေါ်ဘူး၊ သည်လက်နက် သူတို့မှာ ရှိနေရင် သူတို့ ဖမ်းဖို့ ခပ်ကျပ်ကျပ်ပဲ၊ ကိုင်း ကိုသိန်းမောင် ခရီးတော်တော်ဝေးဝေး လမ်းလျှောက်နိုင်ပါဦးမလား'

**ကျွန်တော်။** ။'လျှောက်နိုင်ပါသေးတယ်ဗျာ'

**ရှား။** ။'ကိုင်း လာ ဒါဖြင့် ပေးပေး၊ ကျုပ်ကို ခွေးပေး' ဟု ပြောသဖြင့် ကျွန်တော်လည်း ခွေးလည်ပတ်တွင် ချည်ထားသော သံကြိုးကို ပေးလိုက်ရာ မောင်စံရှားလည်း ယခင်က ကတ္တရာစေးလူး၍ ထားသော လက်ကိုင်ပုဝါကို ခွေး၏ နှာခေါင်းသို့ ကပ်ပြီးနောက်

'ကိုင်း ဘော်ဘီ၊ နမ်းစမ်းဟေ့၊ နမ်းစမ်း၊ အနံ့ရရဲ့လား' ဟု ခွေးအား နားလည်ဘိသကဲ့သို့ ပြောလေလျှင် ခွေးလည်း နားလည်ဘိသကဲ့သို့ ဖြည်းညှင်းစွာ အသံမြည်လျက် ရှိလေ၏။

၎င်းခွေးမှာ ကျွန်တော်တို့ မြန်မာပြည်၌ ပေါက်ဖွားသော ခွေးမျိုး မဟုတ် အင်္ဂလန် ပြည်ပေါက် ခွေးမျိုး ဖြစ်လေရာ နှုတ်သီးချွန်ချွန် နားရွက်ဖားဖားနှင့် ပျောက်ကြားသော ကိုယ်ရှိလျက် အလွန်တရာ သိတတ်သော တိရိစ္ဆာန်မျိုး ဖြစ်လေသည်။

၎င်းနောက် မောင်စံရှားလည်း လက်ကိုင်ပဝါကို အဝေးသို့ ပစ်လိုက်ပြီးနောက် ခွေးကို စည်ရှိရာသို့ ယူသွား၍ စည်ပေါ် သို့ အနံ့ခံစေပြီး ၎င်းစည်၏ ထိပ်ဝ၌ ထိုသူခြေချ၍ သွားသော နေရာဖြစ်သဖြင့် ကတ္တရာစေးနံ့ ပြင်းစွာ ထွက်လျက် ရှိသည် ဖြစ်သောကြောင့် ဘော်ဘီသည် နားလည်သည့် လက္ခဏာနှင့် တဟီဟီ မြည်ပြီးလျှင် ထိုသူသွားသော ခြေရာကို ခံ၍ လိုက်သွားရာ ကျွန်တော်တို့မှာ သံကြိုးကို ကိုင်လျက် ခွေးနောက်မှ လိုက်ပါသွားကြရလေ၏။

ထိုအချိန်၌ကား အရုဏ်တက်ပြီ ဖြစ်၍ အရှေ့အရပ်မှ ရဲရဲနီလျက် လင်းရောင် အနည်းငယ် လာလျက် ရှိရာ ခွေးလည်း အိမ်ဝင်းပေါက်မှ ထွက်ပြီးနောက် အနောက်စူးစူး အနံ့ခံလျက် လိုက်သွားသဖြင့် ကျွန်တော်တို့သည် နောက်မှ လိုက်ပါလာခဲ့ကြရလေ၏။

ယင်းကဲ့သို့ ခွေးနောက်မှ သံကြိုးကို ဆွဲကာလိုက်ပါသဖြင့် ခွေးလည်း အနောက်သို့ ချိုးချည်တစ်ခါ တောင်သို့ ကွေ့ချည်တစ်လှည့်နှင့် ရှေ့မှ လျင်မြန်စွာ ပြေးသွားလျက်ရှိရာ ဘက်ပတစ်ကောလိပ်ကျောင်းအနီး ဓာတ်ရထားလမ်းသို့ ရောက်လေလျှင် ခွေးသည် တောင်ဘက်သို့ လိုက်မည်လိုလို မြောက်ဘက်သို့ လိုက်မည်လိုလို မဝေခွဲနိုင်အောင် ရှိနေသည့် လက္ခဏာနှင့် ကျွန်တော်တို့၏ မျက်နှာကို မော့ကာ မော့ကာ ရှိနေလေ၏။ ၎င်းနောက် မြေသို့ ခေတ္တမျှ အနံ့ခံပြန်ပြီးလျှင် ခွေးလည်း အနံ့ခံမိသည့် လက္ခဏာနှင့် မြောက်စူးစူးသို့ စွတ်၍ အမြီးနှံ့ကာ လိုက်သွားပြန်လေ၏။

ယင်းကဲ့သို့ ဓာတ်ရထားလမ်းတစ်လျှောက် လိုက်လာကြစဉ် ကျွန်တော်က

'နေပါဦး ကိုစံရှားရယ်၊ သည်အမှုမှာ ကတ္တရာစေးကလည်း အခန်းထဲမှာ ဖိတ်နေပြန်၊ သည်လူကလည်း အမှတ်တမဲ့ ကတ္တရာစေးမှာ ခြေထောက်ချမိပြန်၊ ဒါကြောင့်သာ ကျုပ်တို့ ခြေရာခံနိုင်တော့တာပလေ။ သည်လို မဟုတ်လျှင်ဖြင့် အခက်သားကပဲ'

**ရှား။** ။'ဘာခက်လိမ့်မလဲဗျ၊ သည်နည်းက အလွယ်ဆုံးမို့လို့၊ ကျုပ်တို့ လိုက်တာကိုးဗျ၊ သည်လို ကတ္တရာစေးနံ့နှင့် ခြေရာခံပြီး လိုက်ဖို့ မရှိဘူးဆိုရင်လဲပဲ သည်ပြင်နည်းနှင့် ကျုပ် လိုက်ဦးမှာပေါ့ဗျ'

**ကျွန်တော်။** ။'ဒါထက် သစ်သားခြေထောက်နှင့် လူဆိုတဲ့အကြောင်း ခင်ဗျား ဘယ့်နှယ်ကြောင့် သေသေချာချာ သိသလဲဗျာ၊ ကျွန်တော်ဖြင့် ကောင်းကောင်းနားမလည်သေးပါဘူးဗျာ'

**ရှား။** ။'ဘာခက်သလဲဗျာ၊ အရှင်းကြီးကပဲ၊ မြန်မာစစ်မှုထမ်းနှစ်ယောက်ဟာ စစ်မြေပြင်မှာ စစ်မှုထမ်းလျက် ရှိစဉ် စစ်သားများအနက်မှ ပြစ်မှု ကျူးလွန်တဲ့ လူများကို စောင့်ကြပ်ဖို့ တာဝန်ကျတယ်၊ သည်အတွင်းမှာ ပစ္စည်းများ မြှုပ်နှံထားတဲ့ အကြောင်းကို သူတို့ တစ်နည်းနည်းနှင့် သိတယ်၊ သိတော့ကာ သူတို့အတွက် မောင်မိုးသီး ဆိုတဲ့ လူက မြှုပ်ထားတဲ့ နေရာကို မြေပုံများ ဆွဲပြီးပြတယ်၊ သည်တော့ကာ သည်က မောင်မိုးသီးဆိုတဲ့ သူက သူကိုယ်တိုင် ဘာပြုလို့ တူးမယူဘဲ သူများကို မြေပုံဆွဲပြီး ပြပါသလဲတဲ့၊ ပြမှာပေါ့ဗျာ၊ သူကိုယ်တိုင်ကတော့ အကျဉ်းချုပ်ခံနေရလေတော့ တူးနိုင်တဲ့ အရာရှိများကို နေရာနှင့် တကွ ရေးပြီး ပြတာကိုးဗျ၊ ပြတော့ ဂျမဒါဦးထွန်းကျော်နှင့် ဦးသာဟန် နှစ်ယောက်လုံးပဲလား သို့မဟုတ် တစ်ယောက်တည်းပဲလား သွားပြီး ပစ္စည်းများကို တူးယူတယ်၊ ယူပြီး တစ်စုံတစ်ခု သူက ကတိထားခဲ့သည့်အတိုင်း မဆောင်ရွက်ဘဲ ထိုလူတွေ ပစ်ထားခဲ့ပြီး သူဖာသာ မြန်မာပြည်ကို ပြန်ပြေးလာခဲ့တာကိုးဗျ'

**ကျွန်တော်။** ။'ခင်ဗျား ဥစ္စာက တွေးလုံးပဲ ရှိတာကိုးဗျ၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာ တပ်အပ် ပြောနိုင်တာမှ မဟုတ်ပဲ'

**ရှား။** ။'တပ်အပ်မှ တကယ့် တပ်အပ်ကြီးပေါ့ဗျာ၊ သည်နည်းမဟုတ်ရင် သည့်ပြင်နည်းများ ဖြစ်နိုင်ဦးမလဲဗျ၊ ဒါနှင့် ဘိုးကဲတို့ ဘိုးရွဲတို့ အဖေ ဂျမဒါ ဦးထွန်းကျော်က ပစ္စ ည်းတွေ ယူလာခဲ့ပြီး ချမ်းချမ်းသာသာနှင့် နေထိုင်တုန်းမှာ စာတစ်စောင် ရတာကိုးဗျ၊ သည်စာက ဘာစာတဲ့လဲ၊ သူပြစ်မှားခဲ့တဲ့ လူတွေဟာ ထောင်က လွန်ကုန်ကြပြီ ဆိုတဲ့ အကြောင်း စာရတာကိုးဗျ၊ ဒါကြောင့်လည်း သည်လူ သည်လောက် တုန်လှုပ်တာပေါ့ဗျ'

**ကျွန်တော်။** ။'ဆိုပါဦးဗျာ'

**ရှား**။ ။'သည်စာ ရပြီးတဲ့နောက် သစ်သားခြေထောက်နှင့် လူများ မြင်ရင် အင်မတန် ကြောက်တတ်တယ်လို့ မောင်ဘိုးကဲက ပြောတယ် မဟုတ်လား၊ ကျုပ်တို့ပြည်မှာ သစ်သားခြေထောက်တပ်ရတဲ့ လူလည်း အရှားကြီးပါဗျာ၊ ကျုပ်ဖြင့် တစ်ယောက်ပဲ မြင်ဖူးပါတယ်၊ မီးရထား နင်းမိလို့ ဒူးဆစ်က ဖြတ်ပြီး သစ်သားခြေထောက် တပ်ရရှာတယ်ဆို ထင်ပါရဲ့၊ အဲဒီလူကို သူက သူ့လူမှတ်လို့ သေနတ်နှင့် သွားအပစ်မှာ ဒဏ်ငွေတောင် တော်တော် လျှော်လိုက်ရသေးတယ်ဆို မဟုတ်လား၊ ကျုပ် ပြောတဲ့လူဟာ မြန်မာဗျနော်၊ မှတ်ထား'

**ကျွန်တော်**။ ။'ဟုတ်ကဲ့ဗျာ'

**ရှား**။ ။'ကိုင်း ခုနင်က မြေပုံမှာ လက်မှတ်ထိုးတဲ့ လူလေးယောက်အနက် တစ်ယောက်ထဲသာ မြန်မာ ပါတယ်ဗျ၊ သည့်ပြင် ဟာတွေက ဟိန္ဒူတွေ၊ မူဆလင်မန်တွေ ချည်းပဲ ဟုတ်စ'

**ကျွန်တော်**။ ။'ဟုတ်ပါတယ်ဗျာ'

**ရှား**။ ။'သည်တော့ကာ သစ်သားခြေထောက်နှင့် မြန်မာဟာ မောင်မိုးသီး မဟုတ်ရင် ဘယ်သူ ဟုတ်နိုင်မလဲဗျ'

**ကျွန်တော်**။ ။'ဟုတ်ပါပေတယ်ဗျာ'

**ရှား**။ ။'ကိုင်း ကိုင်း ကျုပ်တို့ ကိုယ်ကို မောင်မိုးသီး နေရာမှာ ထားပြီး ကြည့်လိုက် ကြဦးစို့၊ မောင်မိုးသီးဟာ ထောင်က လွတ်လာပြီးတဲ့နောက် သူရထိုက်သော ပစ္စည်းများကို ပြန်ရရန်တစ်ကြောင်း၊ သူ့အပေါ်၌ မတရားသဖြင့် ပြုကျင့်သွားတဲ့ လူများကို လက်စားချေရန်တစ်ကြောင်း လာခဲ့တယ်၊ လာပြီး ဂျမဒါ ဦးထွန်းကျော် နေထိုင်တဲ့ အရပ်ကို သူမေးမြန်းစုံစမ်းလို့ တွေ့ရော၊ တွေ့တော့ကာ အတွင်းလူ တစ်ယောက်နှင့် သူ ပူးပေါင်းရော၊ ပူးပေါင်းပြီး အတွင်းစကားများရအောင် တီးခေါက်ကြည့်၊ ကြည့်ပေမယ့် ပစ္စည်းမြှုပ်ထားတဲ့နေရာ သူ မသိဘူးဗျ၊ ဒါနှင့် သည်လိုနေတုန်း ဦးထွန်းကျော် မနည်းဖြစ်နေတယ်လို့ သူ သတင်းရရော၊ ရတော့ ဦးထွန်းကျော်များ သေသွားရင် ပစ္စည်းတွေ သူမရရစ်မှာ စိုးရိမ်အားကြီးလွန်းတာနှင့် အရဲစွန့်ပြီး ဝင်းထဲဝင်၊ ဝင်ပြီး ပြတင်းပေါက်က ချောင်းနားထောင်နေတုန်းမှာ သေခါနီးဆဲဆဲ ဦးထွန်းကျော် မြင်သွားတယ် မဟုတ်လားဗျ၊ ဦးထွန်းကျော် သေပြီးတဲ့နောက် သည်ညမှာပဲ အိမ်ထဲကို သူဖောက်ပြီးဝင်၊ ဝင်ပြီး ပစ္စည်းတွေ မွှေနှောက်ရှာ၊ ရှာပေမယ့် မတွေ့လေတော့ အလောင်းမှာတောင် စာကပ်ပြီး ထားခဲ့သေးတယ် မဟုတ်လားဗျ၊ မှတ်မိတယ် မဟုတ်လား'

**ကျွန်တော်**။ ။'မှတ်မိပါတယ်'

**ရှား**။ ။'ကိုင်း ဦးထွန်းကျော် သေရော၊ သေတော့ သည်က မောင်မိုးသီးက ဘာလုပ်သလဲ၊ သူက တခြားကနေပြီး ပစ္စည်းများကို ဟိုသူတွေ ရှာတာ၊ တွေ့တယ် မတွေ့ဘူးဆိုတာ သတင်းနားထောင်နေတာကိုးဗျ၊ နောက်တော့ ပစ္စည်းတွေ မျက်နှာကြက်ပေါ်မှာ တွေ့တယ်ဆိုတာ သူ သတင်းရရော၊ ရတော့ သူကတော့ သစ်သားခြေထောက်ကြီး မစွမ်းမသန်ဖြစ်လေတော့ အဖော်တစ်ယောက် ခေါ်ပြီး အကြံအစည် ပြု၊ ပြုတဲ့အကြံအတိုင်းလည်း အောင်မြင်ပါပေရဲ့၊ သို့သော် အဖော်လုပ်တဲ့ လူဟာက ကတ္တရာစေးထဲမှာ ခြေချမိလို့ ခက်ရှာကြတာကိုးဗျ'

**ကျွန်တော်**။ ။'ဘိုးရွှဲကို သတ်တာက မောင်မိုးသီးက သတ်တာလား၊ အဖော်လုပ်တဲ့ လူဟာက သတ်တာလားဗျ'

**ရှား**။ ။'မောင်မိုးသီးက သတ်မယ် မဟုတ်ဘူး၊ အဖော်ဟာက သတ်တယ် ထင်တယ်၊ မိုးသီးက ရန်ငြိုးကြီးတာက ဘိုးရွှဲတို့ အဖေအပေါ်မှာသာ ရန်ငြိုးကြီးတာကိုးဗျ၊ အခန်းထဲမှာ သူ့ခြေရာတွေ နင်းထားပုံကြည့်ရတာတော့ သူ့အဖော်က ဘိုးရွှဲကို သတ်ထားနှင့်လို့ မိုးသီးက စိတ်ပေါက်ပြီး ကြမ်းပေါ်မှာ ဆောင့်ကြီးအောင့်ကြီးနှင့် နင်းထားတဲ့ လက္ခဏာပဲ၊ သို့ပေမယ့် လွန်ပြီးတဲ့ အမှုမို့ သူမတတ်နိုင်လေတော့ အလောင်းကို အသာထားခဲ့ပြီး ပစ္စည်းတွေယူပြီး ထွက်သွားကြတာကိုးဗျ၊ ကိုင်း သည့်ပြင် ခင်ဗျား ဘာများ သိချင်သေးသလဲ'

**ကျွန်တော်**။ ။'သူ့အဖော်အကြောင်း ပြောပါဦးဗျာ၊ သူ့အဖော်ဟာက လူထူး တစ်ယောက်ပဲ ထင်တယ်'

**ရှား**။ ။'ထားပါသော်ကောဗျာ၊ အင်မတန် ထူးတဲ့ လူပေါ့၊ သို့သော် သူ့အကြောင်းခင်ဗျား နောက်တော့ သိပါလိမ့်မယ်' ဟု ပြောရင်းဆိုရင်းနှင့် လျှောက်လာကြသဖြင့် ကြည့်မြင်တိုင်သို့ ရောက်လာကြရာ ငွေင်းအရပ်၌ကားလမ်းအသစ် ပြင်ဆင်ခင်းကျင်းလျက်ရှိသဖြင့် ခွေးလည်း နံဘေးမှ လျှောက်၍ ပြေးသွားလေ၏။ တစ်ခဏမျှ ကြာလေလျှင် ခွေးလည်း

လမ်းနံဘေးတွင် ရပ်လျက် ရှိသော လှည်းငယ်ကလေးသို့ ပြေးသွား၍ လက်ခြေတို့ဖြင့် ကုတ်ခြစ်ကာ မြည်အော်လျက် ရှိလေ၏။ ၎င်းလှည်းငယ်မှာ အခြားမဟုတ် ရန်ကုန်မြို့ပေါ်၌ လမ်းများ ပြင်သည့်အခါ ကတ္တရာစေးများကို ထည့်၍ အရည်ကျိုသော လှည်းငယ်ကလေးပင် ဖြစ်လေကြောင်း။

ကျွန်တော်တို့လည်း ဤမျှလောက် အပင်ပန်းခံ၍ လိုက်လာပြီးနောက်မှ ဤကတ္တရာစေး လှည်းငယ်တွင် လမ်းဆုံးလျက် ရှိသည်ကို တွေ့ရသဖြင့် မောင်စံရှားမှာ အလွန်တရာ စိတ်ရှုပ်သော မျက်နှာထားနှင့် ရှိသည်တွင် ကျွန်တော်လည်း ဤတစ်ခါမှ လှောင်ပြောင်ရန် အခွင့်ပေါ် သဖြင့် လှောင်ပြောင်ကာ ရယ်မောလျက် ရှိစဉ် မောင်စံရှားလည်း ကျွန်တော်အား အရေးမယူဘဲ ခေတ္တ ဦးခေါင်းကို ဖျောက်ခါ စဉ်းစားတွေဝေစွာ ရှိနေပြီးနောက်

'သြော် သိပြီဗျို့၊ လာ လာ ခုနင်က ဘက်ပတစ်ကောလိပ်ကျောင်းနားက လမ်းဆုံမှာ ဘော်ဘီ အစဉ်းစားရ ကျပ်နေတဲ့နေရာ သိတယ်မဟုတ်လား အဲဒီက စပြီး သူမှားလာတာပဲ' ဟု ပြောပြီးလျှင် ကျွန်တော်တို့လည်း ခွေးကို ခေါ်၍ ယခင်က နေရာသို့ ပြန်သွားကြရလေ၏။

ထိုနေရာသို့ ရောက်လျှင် မောင်စံရှားလည်း ခွေးကို အနံ့ခံစေပြန်ရာ ဘော်ဘီလည်း လမ်းဆုံရှိ မြေကြီးများကို နမ်းရှုပ်ကာ အနံ့ခံပြီးနောက် ယခင်ကကဲ့သို့ မြောက်ရပ်သို့ မသွားဘဲ တောင်စူးစူးသို့ ပြေးလွှား လိုက်သွားပြန်လေ၏။ ယင်းကဲ့သို့ တောင်စူးစူးသို့ ဓာတ်ရထားလမ်းအတိုင်း လိုက်လာကြပြန်သဖြင့် မော်တင်လမ်း သို့ရောက်လျှင် ဘော်ဘီလည်း တစ်ခုသော တိုက်ရှေ့၌ ပတ်ချာလှည့်၍ မြေ၌ အနံ့ခံပြီးနောက် အနောက်သို့ လှည့်၍ ရေဆိပ်သို့ ဆင်းပြေးလေ၏။ ရေဆိပ်သို့ ရောက်လျှင် ဘော်ဘီလည်း ရေစပ်သို့ ရောက်အောင် နှာခေါင်းနှင့် မြေကြီးနှင့် ကပ်ကာ ပြေးသွားပြီးနောက် ရေစပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ခြေရာပျောက်သွားသည့် လက္ခဏာနှင့် ကျွန်တော်တို့၏ မျက်နှာကို မော်ကြည့်ကာ မကြံတတ်အောင် ရှိနေလေ၏။

ထိုအခါ မောင်စံရှားက 'လာဗျို့၊ ကိုသိန်းမောင်၊ ကျုပ် ရိပ်မိပြီ' ပြော၍ ယခင်က ခွေးရပ်၍ ပတ်ချာလှည့်ကာ ရှိခဲ့သော တိုက်သို့ သွားရာ ၎င်းတိုက်၌ကား 'မော်တော်ဘုတ်ငှားရန် ရှိသည်' ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့လေ၏။

ထိုအခါ မောင်စံရှားလည်း ၎င်းတိုက်တွင်းရှိ ကုလားမယားနှင့် သဏ္ဍာန်တူသော မိန်းမကြီး တစ်ယောက်အား မေးမြန်းကြည့်ရှုသဖြင့် သိရှိရသည်မှာ ၎င်း၏ ခင်ပွန်းအပ္ပဒူလာမှာ မနေ့မနက် မလင်းခင်အချိန်ကပင် လူတစ်ယောက်က ငှားရမ်းသွားသဖြင့် မော်တော်ဘုတ်နှင့် လိုက်ပါသွားကြောင်း၊ မော်တော်ဘုတ်ငှားလာသူမှာ သစ်သားခြေထောက်တစ်ဘက် တပ်လျက် ရှိကြောင်း။ မနေ့ကတည်းက ထွက်သွားသည်မှာ ယခုတိုင် ပြန်မလာသေးသဖြင့် စိတ်မအေး ရှိနေကြောင်း၊ ၎င်းသစ်သားခြေထောက်နှင့် သူမှာ မသွားမီ တစ်ရက်ကပင် လာရောက်၍ မော်တော်ဘုတ် အလိုရှိကြောင်းကို ပြောပြီးလျှင် စရံငွေပေး၍ထားနှင့်ကြောင်း ၎င်းနှင့်အဖော် တစ်ယောက်ပါသည်ကို မိမိ မမြင်ကြောင်း၊ မော်တော်ဘုတ်မှာ အဝါရောင် ဆေးသုတ်၍ ထားသည်ဖြစ်သောကြောင့် အခြားမော်တော်ဘုတ်များနှင့်မတူ၊ အလွယ်တကူနှင့် သိမြင်နိုင်ကြောင်းများနှင့် မိန်းမကြီးက ပြောဆိုလေလျှင် မောင်စံရှားလည်း ၎င်း၏ ကလေးအား မုန့်ဖိုး နှစ်ကျပ်မျှပေးပြီးနောက် ထွက်လာခဲ့လေ၏။

လမ်းခရီးတွင် ကျွန်တော်က 'ကိုင်း ဘယ်နှယ် လုပ်မလဲဗျာ'

**ရှား**။ ။'ခင်ဗျားဖြင့် ဘယ်နှယ့် လုပ်မလဲ'

**ကျွန်တော်**။ ။'ကျွန်တော်ဖြင့် သည့်ပြင်မော်တော်ဘုတ်တစ်စင်းငှားပြီး လိုက်မှာပေါ့'

**ရှား**။ ။'သည်နည်း မကောင်းသေးဘူးဗျ၊ သည့်ထက်ကောင်းတဲ့ နည်းရှိသေးတယ်'

**ကျွန်တော်**။ ။'ဒါဖြင့် အင်စပိတ်တော် ဦးအုန်းခိုင်ကို ပြောပြီး ရေကြောင်းဘက်ပုလိပ် မော်တော်ဘုတ်နှင့် လိုက်မယ်ဗျာ'

**ရှား**။ ။'သည်လိုလည်း ကျုပ် မကြိုက်ဘူး၊ ကျုပ်က ကျုပ်နည်းနှင့် ကျုပ် လိုက်ပြီး နောက်ဆုံး သေချာပေါက်ရောက်မှ ပုလိပ်ကို ခေါ်ချင်တယ်'

**ကျွန်တော်**။ ။'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲဗျာ'

**ရှား**။ ။'ဟိုအရင်က ရှမ်းပြည်နယ်က မနန်းစိန်တို့ အမှုတုန်းက ကျုပ်လက်ထောက်လေးတွေ မှတ်မိသေးတယ် မဟုတ်လား'

**ကျွန်တော်**။ ။'ဂေါ်ရင်ဂျီကုလားကလေးတွေဟာလား'

**ရှား**။ ။'အစစ်ပဲဗျ၊ သူတို့ကတော့ ကျုပ်တို့ မရောက်နိုင်တဲ့နေရာ သူတို့ ရောက်နိုင်တယ်၊ ကျုပ်တို့ မဝင်နိုင်တဲ့ နေရာမှာ သူတို့က အင်မတန် အသုံးကျတယ်ဗျ၊ ကိုင်း ကိုင်း ညက တစ်ညလုံးလည်း မအိပ်ရဘူး၊ သည်ကနေ့ တနင်္ဂနွေနေ့နော်၊ တော်ပါသေးရဲ့၊ ခင်ဗျား အလုပ်သွားဖို့ မရှိဘူး၊ ကဲ လာဗျာ အိမ်ပြန်ပြီး အမောအပန်းဖြေကြဦးစို့ရဲ့'

အိမ်သို့ရောက်လျှင် မောင်စံရှားလည်း အစေခံတစ်ယောက်ကို စေလွှတ်လိုက်ပြီးနောက် ကျွန်တော်တို့လည်း ဆာလောင်မွတ်သိပ်လှသည့်အလျောက် နံနက်စာ စားသောက်ပြီးကြသည်တွင် လှေခါးမှ ဆူညံစွာ အသံကြားပြီးနောက်၊ နှစ်ဆယ်ခန့်မျှသော ဂေါ်ရင်ဂျီကုလားကလေးတို့သည် အိမ်ပေါ် သို့ ပြေးတက်လာကြလေ၏။

ထိုအခါ မောင်စံရှားက ခေါင်းလူကြီး ဂေါ်ရင်ဂျီကုလားကလေးအား

'ဟေ့ အာပနား လာခဲ့ဦး၊ နောက်ကို ငါ ခေါ်ရင် မင်းတစ်ယောက်သာ အိမ်ပေါ်တက်ခဲ့၊ သည့်ပြင်လူတွေ တိုက်အောက်က စောင့်နေပစေ၊ ကြားလား၊ ကိုင်း ကိုင်း သည်တစ်ခါတော့ အားလုံးတက်လာတာ ခပ်ကောင်းကောင်းပါပဲလေ၊ ကိုင်း မင်းတို့ အားလုံး နားထောင်ကြ' ဟု ပြောသဖြင့် ကုလားကလေးတို့လည်း စီတန်းကာ ရပ်တန့်လျက် ရှိကြလေလျှင်

**ရှား**။ ။'မော်တင်လမ်း သိသလား'

**ကုလားကလေးများ**။ ။(တပြိုင်နက် သွက်လက်စွာ) 'သိတယ် အစ်ကို'

**ရှား**။ ။'အေး မော်တင်လမ်းက စပြီး မြစ်ကြောင်းမှာ အထက်ဘက်ကို လူ ဆယ်ယောက်၊ အောက်ဘက်ကို လူဆယ်ယောက် ခွဲပြီး မော်တော်ဘုတ် တစ်စင်းကို တွေ့အောင် လိုက်ရှာရမယ်၊ မော်တော်ဘုတ်က ဆေးအဝါရောင် သုတ်ထားတယ်၊ မောင်းတဲ့ကုလားနာမည်က အပ္ပဒူလာတဲ့၊ ကြားရဲ့လား'

**ကုလားကလေးများ**။ ။(တပြိုင်နက်) 'ကြားတယ် အစ်ကို'

**ရှား**။ ။'မင်းတို့ တွေ့အောင် ရှာရော့၊ တွေ့ရင် ဟိုမှာ တစ်ယောက် အစောင့် ထားပြီး ငါ့ဆီလာ ချက်ခြင်း လာပြော၊ ကြားလား'

**ကုလားကလေးများ**။ ။'ကြားတယ် အစ်ကို'

**ရှား**။ ။'ကိုင်း သွားကြတော့' ဟု ပြောလိုက်လျှင် ကုလားကလေးတို့လည်း ပျော်ရွှင်စွာ ဆင်းပြေးကြလေ၏။

၎င်းနောက် ကျွန်တော်မှာ တစ်ညဉ့်လုံး မအိပ်ရသည်ဖြစ်၍ ပက်လက်ကုလားထိုင်ပေါ်၌ အိပ်ပျော်မိရာ မောင်စံရှားမှာမူ အနည်းငယ်မျှ အိပ်ချင်စိတ် မရှိဘဲ သတင်းစာဖြတ်ပိုင်း အဟောင်းများကို လည်းကောင်း၊ ဗဟုသုတ စာအုပ်ကြီးများကို လည်းကောင်း လှန်လှောကာ ရှာဖွေလျက် ရှိလေ၏။

ညနေ သုံးနာရီခန့် ရှိသဖြင့် ကျွန်တော်လည်း အိပ်ရာမှ နိုးလေလျှင် မောင်စံရှားမှာ ပက်လက်ကုလားထိုင်ပေါ်၌ ဆေးတံသောက်ကာစဉ်းစားစိတ်ကူးလျက် ရှိသည်ကို တွေ့ရှိရသည် ဖြစ်ရာ ကျွန်တော် နိုးသည်ကို မြင်သည်နှင့်

**ရှား**။ ။'ကိုသိန်းမောင် အိပ်ရေးဝပြီလား'

**ကျွန်တော်**။ ။'ဝပါပြီဗျာ'

**ရှား**။ ။'ခင်ဗျား အိပ်တုန်းက ကျုပ် အချည်းနှီး မဖြစ်ဘူးဗျို့'

**ကျွန်တော်**။ ။'ဘာများ တွေ့သလဲဗျာ'

**ရှား**။ ။(အင်္ဂလိပ်သတင်းစာဖိုင်ဟောင်းတစ်ခုကို ကျွန်တော်အား လှမ်း၍ ပေးပြီးနောက်) 'ဟောဒီ မျက်နှာမှာ ဖတ်ကြည့်စမ်း' ဟု ပြောသဖြင့် ကျွန်တော်လည်း ဖတ်ကြည့်ရာ မြန်မာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

***စစ်မြေပြင်၌ လူသတ်မှု ဖြစ်ပွားခြင်းအကြောင်း***

***လွန်ခဲ့သည့် ဧပြီလ ၁၁ ရက်နေ့တွင် မက်ဆိုပိုတေမီယား စစ်မြေပြင်၌ မြန်မာစစ်သားတစ်ယောက်နှင့် အိန္ဒိယတိုင်းသား ကုလားစစ်သား သုံးယောက်တို့သည် ရန်သူလူမျိုးဖြစ်သော တူရကီသူဌေးတစ်ဦးကို တိတ်တဆိတ် လက်ရဖမ်းဆီးပြီးလျှင်အထက်အရာရှိတို့ထံ ပို့သခြင်း မပြုဘဲ ၎င်းသူဌေးကြီးကို တိတ်တဆိတ် သတ်ဖြတ်၍ ၎င်း၏ ပစ္စည်းဥစ္စာများကို လုယက်ယူငင်ကြကြောင်း၊ အဆိုပါ တရားခံလေးယောက်ကို ဆိုင်ရာက စစ်ဆေးမေးမြန်းရာ ပြစ်မှုထင်ရှားသည် ဖြစ်၍ ၎င်းလေးဦးကို တစ်ကျွန်းသို့ ၁၀နှစ်စီမျှ ကျခံစေရန် စီရင်ချက် ချမှတ်လိုက်ကြောင်း။ ပစ္စည်းများမှာ အဖိုးများစွာထိုက်တန်ကြောင်း သိရှိရသော်လည်း တရားခံတို့က သို၀ှက်၍ ထားပြီးပြီ ဖြစ်သောကြောင့် စစ်ဆေးသော်လည်း မပေါ်ပေါက်ကြောင်း။***

**ကျွန်တော်။** ။'သည်သတင်းစာ ၁၉၁၇ ခုနှစ်က သတင်းစာပါကလားဗျ'

**ရှား။** ။'ဟုတ်တယ်။ အမှုဆိုရင်ဖြင့် လက်သည်ပေါ် မပေါ် ကျုပ်က သတင်းစာ ဖြတ်ပိုင်း ထုတ်ပြီး ဖိုင်တွဲထားတာ ခင်ဗျား သိတယ် မဟုတ်လားဗျ၊ သည်ဖိုင်တွဲထဲမှာ ယခုတိုင် လက်သည်မပေါ်တဲ့ အမှု ၅၀ ကျော်လောက် ရှိတယ်ဗျ၊ အခုလို တစ်ခါတစ်ခါတော့ ကျုပ် ဖိုင်တွဲဟာ အင်မတန် အသုံးကျတယ်'

**ကျွန်တော်။** ။'ကောင်းပါပေဗျာ၊ ဒါထက် သည်အမှုမှာ အမှုသည် နှစ်ယောက်အနက် ဟိုတစ်ယောက်အကြောင်း ပြောစမ်းပါဦးဗျာ၊ မြေပုံမှာပါတဲ့ ကုလား သုံးယောက်အနက် တစ်ယောက်ဟာလားဗျာ'

**ရှား။** ။'ဘာလဲဗျ၊ ဟိန္ဒူကုလားထဲက မှတ်လို့လား၊ ဟိန္ဒူကုလားဖြင့် သည်လောက် ခြေထောက်သေးပါ့မလားဗျ၊ ကိုင်း ကိုင်း ကျုပ် ဖွင့်ပြောမယ်။ ခင်ဗျား တွေးကြည့်စမ်း၊ သည်လူဟာ ခြေထောက် အင်မတန် သေးတယ်၊ ဖိနပ်လည်း ဘယ်တော့မှ စီးဖူးတဲ့ လက္ခဏာ မရှိဘူး၊ အင်မတန်လည်း သန်စွမ်းတယ်၊ အဆိပ်လူးမြားလည်း အသုံးပြုတယ်၊ ကိုင်း ဘယ်လိုလူထဲကလဲဗျာ'

**ကျွန်တော်။** ။'ကောင်းကောင်း မတွေးတတ်ပါဘူးဗျာ'

**ရှား။** ။'ကိုင်း ကိုင်း ခင်ဗျား တွေးနေရင် ကြာနေရော့မယ်၊ ကြွက်လှျောက်ပေါ်က ဟိုစာအုပ်ကြီး လှမ်းစမ်းပါဦးဗျာ' ဟု ပြောသဖြင့် ကျွန်တော်လည်း 'ဂဇက်တီယာ'ခေါ် ဗဟုသုတအမျိုးစုံ ပါရှိသော စာအုပ်ကြီး လှမ်းယူပေးကမ်းလိုက်ရာ မောင်စံရှားလည်း စာအုပ်ကို လှန်လှောရှာဖွေရင်း

'ကျုပ်တို့ မောင်မိုးသီးက တစ်ကျွန်းပြန်ဗျနော်၊ ဟုတ်စ၊ ကိုင်း တစ်ကျွန်းက လူရိုင်းမျိုးများ ဖြစ်မလား ကြည့်စမ်းရအောင်၊ ဟော တွေ့ပြီဗျို့၊ ကိုင်း နားထောင်' ဟု ပြော၍ မောင်စံရှားလည်း စာအုပ်မှ ဖတ်၍ ပြရာ မြန်မာအဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

'အန်ဒမန်ခေါ် တစ်ကျွန်းသားလူရိုင်းများအကြောင်း'

***အင်ဒမန်ကျွန်းသား လူရိုင်းများတို့သည် အရပ် ၃ ပေမှ ၄ ပေမျှအတွင်းသာလျှင် ရှိသည်ဖြစ်၍ ကမ္ဘာပေါ်၌ အသေးငယ်ဆုံးသော လူမျိုးဟူ၍ ခေါ်ဆိုထိုက်ပေသည်။ ၎င်းလူရိုင်းများမှာမူ အလွန်တရာ ခက်ထန် ကြမ်းကြုတ်လှသည်ဖြစ်ရာ အင်္ဂလိပ် အစိုးရတို့သည် ၎င်းတို့အား ယဉ်ကျေးသော အမှုအရာများကို သင်ကြားပြသပါသော်လည်း မတတ်နိုင်သည် ဖြစ်၍ နောက်ဆုံး၌ လက်လျှော့ကြရလေ၏။ သို့ရာတွင် ထိုလူရိုင်းတို့မှာ ကျေးဇူးတင်တတ်သော လူမျိုးဖြစ်သဖြင့် မိမိတို့အားကျေးဇူးပြုဖူးသောသူတို့အားမူ အလွန်စွဲမြဲစွာချစ်ခင်တတ်ကြလေသည်။ ထိုသူတို့သည် အဆိပ်လူးသော မြားဆူးများကို ပြောင်းတံဖြင့်မှုတ်၍ ရန်သူများကို လည်းကောင်း၊ တောသတ္တ၀ါများကို လည်းကောင်း သတ်ဖြတ်ဖျက်ဆီးတတ်ကြလေသည်။ ထိုလူမျိုးတို့မှာ သေးငယ်သဖြင့် အချိုးအစားမကျသော ဦးခေါင်းများလည်းကောင်း၊ ရက်စက် ကြမ်းကြုတ်ဟန်ရှိသောမျက်စိများလည်းကောင်း၊ သေးငယ်သော လက်ခြေများ လည်းကောင်း ရှိကြလေသည်။***

**ရှား**။ ။'ကိုင်း ဘယ့်နှယ်လဲ ကိုသိန်းမောင်'

**ကျွန်တော်**။ ။'ဟုတ်ပြီဗျို့၊ သည် မောင်မိုးသီးကလည်း တစ်ကျွန်းပြန်ဆိုတော့ ဟိုကျွန်းက လူရိုင်းတစ်ယောက်များ သူနှင့်အတူ ပါချင်ပါလာမယ်'

**ရှား**။ ။'အင်း တည့်တည့်ပြောရင် ခင်ဗျား ရိပ်မိတယ်ပေါ့လေ'

**ကျွန်တော်**။ ။'ရိပ်မိတာ မရိပ်မိတာ အပထားပါဦးဗျာ။ ဒါထက် အပနားတို့ဆီက ဘာသတင်းများ ကြားသေးသလဲ'

**ရှား**။ ။'မကြားသေးဘူးဗျ၊ သို့သော်လည်း ကြားပါလိမ့်မယ် မနေပါဘူး'

**ကျွန်တော်**။ ။'ဒါထက် ကျုပ်တို့ ကိုယ်တိုင်လိုက်ရရင် မကောင်းဘူးလား'

**ရှား**။ ။'မလိုပါဘူးဗျာ၊ နေပါစေ'

**ကျွန်တော်**။ ။'ကိုင်း ဒါဖြင့် ခင်ဗျား နေရစ်ဦးဗျာ၊ ကျုပ်တော့ လမ်းလျှောက်ချေဦးမယ်'

**ရှား**။ ။'ဘယ်လဲဗျ၊ မနင်းညွန့်တို့ဆီကိုလား'

**ကျွန်တော်**။ ။(အကြံကို သိသွားသဖြင့် မျက်နှာပူပူနှင့်) 'ရောက်ကောင်း ရောက်ပါလိမ့်ဦးမယ် မှတ်တယ်၊ ဘာများ မှာလိုက်ဦးမလဲ'

**ရှား**။ ။'မှာစရာ မရှိပါဘူးဗျာ၊ ဒါထက် မိန်းမတွေကို စကားကုန်မပြောနှင့်ဗျနော်၊ ဘော်ဘီလည်း ခေါ် သွားပါဗျာ၊ ပြန်ပို့လိုက်ပါ။ မလိုပါဘူး'

၎င်းနောက် ကျွန်တော်လည်း ခွေးကို ခေါ်ခဲ့၍ ကြည့်မြင်တိုင်သို့ ပြန်ပို့ပြီးလျှင် မနင်းညွန့်အပေါ်၌ ယခင်က ထုတ်ဖော်ရေးသားခဲ့ပြီးသည်အတိုင်း မေတ္တာစိတ်စူးစိုက်လျက် ရှိသည် ဖြစ်သောကြောင့် ယိုးမယ်ဖွဲ့ကာ အကြောင်းရှာ၍ အိမ်သို့ ဝင်ပြီးနောက် အမှုအကြောင်းများကို ဖြန်းသန်းကာ ရယ်မောပြောဆိုနေမိခဲ့ပါကြောင်း။

အိမ်သို့ ပြန်ရောက်သည့်အခါ ၇ နာရီကျော်ခန့်မျှ ရှိပြီဖြစ်ရာ မောင်စံရှား၏ ဆေးတံတိုနှင့် စာအုပ်မှာမူ ကုလားထိုင်ပေါ်တွင် ရှိနေသော်လည်း မောင်စံရှားကို မမြင်သည်ဖြစ်၍ ရှာဖွေရာ မောင်စံရှားမှာ နက်နဲသော အမှုတို့၌ ဆင်ခြင် စဉ်းစားမြဲ ဖြစ်သည့်အတိုင်း ခေါင်းအုံးများကို ကုလားထိုင်ပေါ်တွင် စုပုံကာ နေသာအောင် ခင်းကျင်းပြီးမှ ၎င်းတို့အပေါ်မှ ဆေးတံ အရိုးရှည်ကြီးကို သောက်ရှူလျက် တစ်ညပတ်လုံး မအိပ်မနေ စဉ်းစားစိတ်ကူးလျက် ရှိလေ၏။

နံနက်လင်းသဖြင့် လက်ဖက်ရည် သောက်ရင်း ကျွန်တော်က 'ဘယ်နှယ်လဲ ကိုစံရှား၊ ခင်ဗျား တစ်ညလုံး မအိပ်ပါပဲကလား'

**ရှား**။ ။'ခင်ဗျား သိတဲ့အတိုင်းပဗျာ၊ ကျုပ်က အပြီးမသတ်မခြင်း အငြိမ်နေတတ်တဲ့လူ မဟုတ်ဘူး၊ ရှိုင်းလိုက်လေတယ် ဗျာ။ ဘာမဟုတ်တာကလေးနှင့် လာပြီး ထစ်နေတယ်၊ လူကိုလည်း သိပြီ၊ သူတို့စီးသွားတဲ့ မော်တော်ဘုတ်ကိုလည်း သိပြီ။ ဒါနှင့်တောင် ကိစ္စချောပြီး မဖြစ်တာ၊ ကျုပ် ခံပြင်းလှတယ်ဗျ၊ သို့သော်လည်း သည်နည်းနှင့် မရလျှင် သည့်ပြင်နည်းနှင့် လိုက်ရမှာပေါ့လေ၊ တတ်နိုင်ပါဘူး'

၎င်းနေ့ ညနေ ကျွန်တော်လည်း အလုပ်တိုက်မှ ပြန်လာလျှင် မောင်စံရှားလည်း အိမ်၌ မရှိနှင့်သည်ဖြစ်၍ စားပွဲ၌ ရှာဖွေကြည့်ရှုရာ ကျွန်တော်အတွက် အောက်ပါ အတိုင်း စာတစ်စောင်ရေးသားထားသည်ကို တွေ့ရပါကြောင်း။

**မိတ်ဆွေကြီး ကိုသိန်းမောင်**

**ဤအမှု၌ စိတ်မချသည်ဖြစ်၍ ကျုပ်ကိုယ်တိုင် လိုက်ချေပြီ။ ကျုပ် မပြန်လာမီ အကြောင်းထူးသည်ဖြစ်စေ၊ အပနားပြန်လာ၍ အကြောင်းကြားသည် ဖြစ်စေ ခင်ဗျား ဉာဏ်ရှိသလောက် စီမံနှင့်ပါလေ။**

**မောင်စံရှား**

၎င်းညဥ့်၌ ကျွန်တော်သည် ဤအမှု၏ အကြောင်းကိုသော် လည်းကောင်း၊ လက်ဦး အမှုရှင်ဖြစ်သူ ဆရာမ မနှင်းညွန့်၏ အကြောင်းများကို လည်းကောင်း၊ မိတ်ဆွေ မောင်စံရှား၏ အကြောင်းများကို လည်းကောင်း စဉ်းစားစိတ်ကူးလျက် အိပ်ပျော်ပြီးနောက် အိပ်မက်ထဲ၌ ကျွန်တော်လည်း မနှင်းညွန့်၏ လက်ကို ကိုင်ဆွဲကာ သူခိုးများ၏ နောက်သို့ အတင်း ပြေးလွှားလိုက်ပါသွားသဖြင့် မောပန်းသည်အခါမှ လန့်၍ နိုးလာပါကြောင်း။

နံနက်လင်းလျှင် ကျွန်တော်သည် တစ်ညဥ့်ပတ်လုံး မောင်စံရှား မပြန်လာသည်ဖြစ်၍ ပူပင်သော စိတ်ဖြင့် တိုက်ရှေ့၌ ရထားမောင်းသွားသည့်အခါတိုင်း မောင်စံရှားအမှတ်နှင့် မျှော်လင့်လျက်ရှိရာ ၈ နာရီအချိန်ခန့်တွင် မြင်းရထား တစ်စီးသည် တိုက်ရှေ့၌ ရပ်ပြီးနောက် အင်စပိတ်တော် ဦးအုန်းခိုင်သည် ယမန်နေ့ကကဲ့သို့ မိမိကိုယ်ကို အထင်အမြင်ကြီးလျက် ဟန်ကြီးပန်ကြီး မရှိဘဲ အတန်ငယ် ညှိုးငယ်သော မျက်နှာထားနှင့် ကျွန်တော်အား

'မောင်စံရှားတစ်ယောက် မလာသေးဘူး မှတ်တယ်'

**ကျွန်တော်**။ ။'မရှိဘူးဗျာ၊ စောင့်ပါဦးလေ၊ လာလုပါပြီ မှတ်တယ်၊ ထိုင်ပါဦးဗျာ'

**ခိုင်**။ ။'ထိုင်သေးတာပေါ့လေ၊ ဒါထက် ကျုပ်မနေ့က သည်အမှုမှာ ထင်မြင်ချက်ကို ခင်ဗျား ကြားမိတယ် မဟုတ်လား၊ အခုတော့ မဟုတ်ပြန်ဘူးဗျို့၊ ဘိုးကဲတို့လည်း လွှတ်လိုက်ရပြီ၊ ကျုပ်တွေးပုံ မကိုက်သေးဘူး၊ ဒါထက် ခင်ဗျား မိတ်ဆွေ ကိုစံရှား တစ်ယောက်က တော်တော့ တော်တဲ့ သူငယ်တစ်ယောက်ပါပဲ၊ တစ်ခါတစ်လေတော့ နည်းနည်းကလေး အယူအဆ အရင်လိုတယ် မှတ်တယ်၊ သို့သော် သူ့ဟာက မှန်တာက များနေတယ်ဗျ၊ ခု မနက်ပဲ သူ့ဆီက တယ်လီဖုန်း ရတယ်၊ အိမ်က စောင့်နေပါတဲ့၊ သူလာခဲ့မယ်တဲ့၊ တစ်ခုခုတော့ ခြေရာခံမိပြီ မှတ်တယ်ဗျ' ဟု ပြောဆိုလျက် ရှိစဉ် လှေခါးမှ ခြေလှမ်းလေးလေးဖြင့် တစ်လှမ်းခြင်း တက်၍လာသည့် လူတစ်ယောက်၏ ခြေသံကို ကြားပြီးနောက် တံခါးကို ခေါက်သံကြားသဖြင့် 'ဝင်ခဲ့လေ' ဟု ကျွန်တော်က ခေါ်လိုက်ရာ အသက် ငါးဆယ်ကျော်အရွယ်ခန့်မျှရှိ အဝတ်များ၌ စက်ဆီများ စွန်းပေလျက် ရှိသည်ဖြစ်၍ စက်မောင်းသမားနှင့် တူသော ကုလားအဘိုးကြီး တစ်ယောက်သည် မောကြီးပန်းကြီးရှိသည့် အမူအရာနှင့် အခန်းတွင်းသို့ ဝင်လာ၍ 'မောင်စံရှား ဆင်ဟိုင်း' (မောင်စံရှား ရှိပါရဲ့လား ) ဟု ဟိန္ဒူစတန်နီဘာသာဖြင့် မေးမြန်းလေလျှင် ကျွန်တော်လည်း မရှိကြောင်းနှင့် ပြောဆို၍ ကိစ္စကို မေးမြန်းရာ ကုလားကြီးလည်း မိမိမှာ အခြားမဟုတ်၊ စက်ဆရာ အပ္ပဒူလာဖြစ်ကြောင်း မောင်စံရှားက တွေ့လိုသည် ဆို၍ လာရောက်ရကြောင်းနှင့် မပြောလို ပြောလိုနှင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်က အမှုနှင့် သက်ဆိုင်ကြောင်းနှင့် ပြောဆိုသဖြင့် အင်စပိတ်တော် ဦးအုန်းခိုင်လည်း ကုလားကြီးအား သိလိုအားကြီးနှင့် မေးမြန်းရာ ကုလားကြီးက

'ဆဗ္ဗလုပ် အခြားနိမ်း၊ မောင်စံရှား ဆဗ္ဗကို ဟမ်ဒစ်စနေး မန်းကတား၊ မောင်စံရှားဆပ်ကို ကျွန်ုပ် ပြောမယ်၊ ခင်ဗျားတို့ကို ကျွန်ုပ် မပြောဘူး'

**ခိုင်**။ ။' ဒါဖြင့် စောင့်ဦး ဘိုင်'

**ကုလားကြီး**။ ။'ကျွန်ုပ် မစောင့်နိုင်ဘူး၊ ကျွန်ုပ် ယခု ပြန်မယ်၊ သူသိချင်ရင် သူ့ဘာသာ သူ လာပေစေ၊ ကျွန်ုပ် ပြန်မယ်' ဟု ပြော၍ တံခါးရှိရာသို့ သွားမည်ပြုလေလျှင် အင်စပိတ်တော် ဦးအုန်းခိုင်လည်း အမှုနှင့် ပတ်သက်ကြောင်း သိသည်ဖြစ်၍ အကျိုးအကြောင်း သိလိုလှသည်နှင့် စိတ်အားကြီးစွာ ထိုင်ရာမှ ထ၍ ကုလားကြီး၏လက်မောင်းကို ဆွဲကိုင်ကာ

'နေဦး ဘာဘူကြီး၊ အမှုအကြောင်း ကျွန်ုပ်ကို ပြောရမယ်။ မပြောဘဲ မသွားရဘူး၊ ပြောပြီးမှ သွားရမယ်၊ ပြန်ချင်ရင် မြန်မြန်ပြော' ဟု ပြောလေလျှင် ကုလားကြီးလည်း အနည်းငယ် ဖယ်ရုန်းပြီးနောက် မရကြောင်း သိသည်နှင့်

'ကောင်းပြီ၊ ခင်ဗျားတို့ ကျွန်ုပ်ကို အတင်းဆွဲထားတယ်နော်၊ ကျုပ် မခံဘူး၊ တရားစွဲမယ်၊ ကောင်းပြီ' ဟု ပြော၍ ကုလားထိုင်တစ်ခုပေါ်တွင် မောင်စံရှားအား စောင့်ဦးမည်အဟန်နှင့် ငြိမ်သက်စွာ ထိုင်လျက် ရှိရာ ကျွန်တော်နှင့် ဦးအုန်းခိုင်တို့လည်း ဆေးလိပ်များကို သောက်ရှူကာ ထွေရာလေးပါး စကားတို့ကို ပြောဆိုလျက် ရှိကြလေ၏။

ထိုခဏ၌ 'ဆေးလိပ်တစ်လိပ် ပေးကြစမ်းဗျာ' ဟု ပြောသံကို ကြားလိုက်သဖြင့် ကျွန်တော်တို့ အံ့ဩစွာနှင့် မော်၍ ကြည့်လိုက်ကြရာ ယခင်က ကုလားကြီးမှာ ကုလားမဟုတ်၊ မောင်စံရှား ဖြစ်ကြောင်းကို အံ့ဩစွာ တွေ့မြင်ကြရလေ၏။

ထိုအခါ မောင်စံရှားလည်း ဟက်ဟက်ပက်ပက် ရယ်မောလျက်

'ကျုပ်ကိုယ်ကျုပ် ရုပ်ဖျက်နည်း တော်တော်တတ်တယ်လို့တော့ ထင်မိပါရဲ့၊ သို့သော် သည်လောက်တောင် ကောင်းမှန်းတော့ မရိပ်မိပေဘူးဗျာ'

**ခိုင်။** ။'တော်ပါပေတယ်ဗျာ။ ကျုပ်တို့ ပုလိပ်မျက်စိတောင် လိမ်နိုင်ပါပေတယ်၊ ခင်ဗျား အသံထားပုံက တကဲ့ကို နေရာကျတယ်ဗျို့၊ အသံက အက်လို့ ကွဲလို့၊ တကယ့် အဘိုးကြီးသံပဲ၊ သို့သော် ခင်ဗျား မျက်စိကြည့်ပုံတော့ ကျုပ်ရိပ်မိသလိုလို နည်းနည်းတော့ ရှိလိုက်ပါရဲ့၊ တော်ပါပေတယ်ဗျာ'

**ရှား။** ။'တယ်လီဖုန်းကနေ ပြောတာ ခင်ဗျားလား'

**ခိုင်။** ။'ဟုတ်ပါတယ်'

**ရှား။** ။'ဘယ့်နှယ်လဲ ခင်ဗျားအမှု'

**ခိုင်။** ။'နေရာ မကျပါဘူး၊ ဟိုနှစ်ယောက် ဖမ်းထားတာလည်း လွှတ်လိုက်ရပါပြီ'

**ရှား။** ။'နှစ်ယောက် လွှတ်လိုက်ရလျှင် သည်က နှစ်ယောက်အစား ရလိမ့်မပေါ့ဗျာ၊ မပူပါနှင့်၊ ဒါထက် ရဲကြောင်း ပုလိပ်ဘက်က မော်တော်ဘုတ် မြန်မြန် တစ်စီး သည်ကနေ့ည လိုချင်တယ်ဗျို့'

**ခိုင်။** ။'ကျွန်တော့်တာဝန်ထားပါဗျာ၊ ရပါစေ့မယ်'

**ရှား။** ။'ပြီးတော့ ပုလိပ်နှစ်ယောက် ခပ်တောင့်တောင့်ထဲက ရွေးခေါ်ခဲ့ဗျို့'

**ခိုင်။** ။'စိတ်ချပါဗျာ၊ ပါပါစေ့မယ်၊ သည့်ပြင်ကောဗျာ'

**ရှား။** ။'သည့်ပြင်တော့ မောင်မိုးသီးကို ကျုပ်ဖမ်းလို့ ရှိလျှင် သူနှင့် ကျုပ်နှင့် မရှင်းလင်းတဲ့ အချက်ကလေးများ မေးဖို့ ကျုပ်အိမ်မှာ နာရီဝက်လောက် ခွင့်ပြုရလိမ့်ယ်'

**ခိုင်။** ။'စိတ်သာချပါဗျာ၊ လူသာ မိပါစေ၊ နာရီဝက် မကပါဘူး၊ တစ်နာရီ ပြောချင်တာ ပြောနေပါ'

**ရှား။** ။'ကိုင်း ဒါဖြင့် သည်ကနေ့ည ၇ နာရီခွဲလောက် မော်တော်ဘုတ်နှင့် ထွက်ကြရအောင်၊ ၆ နာရီခွဲလောက်ကို ခင်ဗျား သည်အိမ် ရောက်အောင်လာခဲ့ဗျာ၊ ကိုင်း ဒါပါပဲ'

၎င်းနေ့ ညနေ ကျွန်တော်သည် အလုပ်မှ ပြန်လာပြီးနောက် မောင်စံရှားနှင့် အတူတကွ ထမင်းစားသောက်ပြီးကြ၍ ခြောက်နာရီကျော်ခန့် ရှိလေလျှင် အင်စပိတ်တော် ဦးအုန်းခိုင်လည်း ရောက်လာရာ

**ရှား။** ။'ဘယ့်နှယ်လဲ ပြင်ဆင်ထားခဲ့ပြီလားဗျို့'

**ခိုင်။** ။'ပြီးခဲ့ပါပြီဗျ၊ မော်တော်ဘုတ်က ပန်းဆိုးတန်းဆိပ်မှာ'

**ရှား။** ။'ဦးအုန်းခိုင်၊ ခြောက်လုံးပြူးများပါရဲ့လားဗျို့'

**ခိုင်။** ။'ပါပါတယ်ဗျာ'

**ရှား။** ။'ယမ်းတောင့်များ သေသေချာချာ ကြည့်ပြီး ထည့်ထားဗျို့နော်'

**ခိုင်။** ။'စိတ်ချပါဗျာ'

**ရှား။** ။'ကိုင်း၊ ကျုပ်တို့ လက်ဖက်ရည် တစ်ခွက်စီ သောက်ဖို့ အချိန်ရှိပါသေးတယ် ဝမ်းနွေးအောင် သောက်လိုက်ကြဦးစို့ဗျာ'

၇ နာရီကျော်ခန့်တွင် ကျွန်တော်တို့လည်း ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆိုက်ရောက်ကြလေလျှင် မောင်စံရှားလည်း မော်တော်ဘုတ်ကို သေချာစွာ ကြည့်ပြီးနောက်

'နံဘေးက မီးစိမ်းကြီးဟာ ပုလိပ်လေ့မှန်း သိသာလှတယ်၊ ထုတ်ပစ်လိုက်ဗျာ' ဟု ပြော၍ ပြောသည်အတိုင်း လိုက်နာပြီးနောက် ကျွန်တော်တို့ သုံးယောက်နှင့် ပုလိပ်နှစ်ယောက်တို့လည်း မော်တော်ဘုတ်ပေါ် သို့ တက်ကြလေ၏။

၎င်းနောက် မော်တော်ဘုတ် မောင်းသမားအား မောင်စံရှားက

'ကိုင်း ဒလဘက်ကို မောင်းဟေ့' ဟု ပြောသဖြင့် မော်တော်ဘုတ်လည်း ထွက်လာခဲ့လေ၏။ ၎င်းနောက် ဇေရာဝတီကုမ္ပဏီ သင်္ဘောကျင်းသို့ ရောက်လေလျှင် မောင်စံရှားလည်း မော်တော်ဘုတ်ကို အံ့ကြီးဘက် ချောင်းဝတွင် ရပ်စေ့ မီးများကို ငြိမ်းစေပြီးလျှင် ငြိမ်ဝပ်စွာ စောင့်ဆိုင်းလျက် ရှိကြလေ၏။

ထိုနေ့သည်ကား လပြည့်ကျော် ၁၀ ရက်ဖြစ်သဖြင့် လမထွက်သေးသည်နှင့် တစ်မြစ်လုံး မှောင်မည်းလျက် ရှိရာ တုံကင်းများ ဆွဲသော သင်္ဘောငယ်တို့လည်း မီးတထိန်ထိန်နှင့် မြစ်ကြောင်းတစ်လျှောက် ကူးသန်းသွားလာလျက် ရှိကြလေ၏။ ထိုအခါ ကျွန်တော်လည်း ပျင်းပျင်းရှိသည်နှင့် မောင်စံရှားအား

'ကိုင်း၊ ကိုစံရှား၊ ခင်ဗျား ခြေရာခံပုံကလေး တစ်ဆိတ် ပြောပြစမ်းပါဦးဗျာ'

**ရှား။** ။'ဩော်၊ ဟုတ်ပေတယ်၊ သည်လိုဗျ၊ ကျုပ်က ကျုပ်ကုလားကလေးတွေ အရှာခိုင်းတော့ သည်မော်တော်ဘုတ်ဟာ ဆေးရောင်ကလည်း ထူးထူးခြားခြားမို့လို့ အနီးအနားမှာ ရှိလျှင်ဖြင့် ဧကန္တ သူတို့ တွေ့ရမယ်လို့ ကျုပ် ယုံကြည်တယ်၊ ကျုပ် အကောင်ကလေးတွေကလည်း ကျုပ် သင်ပြီးထားလို့ အင်မတန် မျက်စိစူးတယ်ဗျ၊ ပြီးတော့လည်း မော်တော်ဘုတ် ကုလားရဲ့ မိန်းမ ပြောချက်အရ လင်းခါနီးမှ သူတို့ထွက်သွားတယ် ပြောလေတော့ ကျုပ်တို့ လူဟာ မလင်းခင် ခရီးသွားပြီး မိုးလင်းတဲ့အခါမှာ ပုန်းခိုပြီး နေမယ်ဆိုလျှင် ဧကန္တ ခရီးဝေးဝေးကြီး မရောက်နိုင်ဘူး၊ ခရီးဝေးဝေး မရောက်သေးလျှင်လည်း မုချ ကျုပ်လူစု တွေ့ရမယ်၊ ယခု ဘာကြောင့် မတွေ့ပါလိမ့်မလဲလို့ စဉ်းစားကြည့်တော့ အကြံတစ်ခု ရတဲ့အတိုင်း ကုလားလို ဝတ်၍ သင်္ဘောကျင်းထဲ သွားပြီး ထောက်လှမ်းစုံစမ်းကြည့်တော့ မင်းဘုရားများက မော်တော်ဘုတ် ဆေးအဝါရောင်ကို အညိုရောင် ဖြစ်အောင်ပြောင်းပြီး သုတ်ထားနှင့်တာကိုးဗျ၊ သည်တော့ မော်တော်ဘုတ်တော့ ကျုပ် ဒလချောင်းထဲမှာ တွေ့ရော၊ တွေ့စဉ်အခါက မော်တော်ဘုတ်ပေါ်မှာ လူတစ်ယောက်မျှ မရှိဘူး၊ မရှိလေတော့ အပွဒူလာ ရှိတတ်ရာကို စက်ရုံက ကုလားတွေ မေးမြန်းပြီးလိုက်၊ လိုက်ပြီး အရက်ကလေး ဘာကလေးတိုက်၊ တိုက်ပြီး မေးကြည့်တော့ သည်ကနေ့ည ခရီးသွားမယ်ဆိုတဲ့အကြောင်း သိရတာကိုးဗျ၊ ဟိုလူစု အကြောင်းတော့ ကျုပ်မေးလို့ မရဘူး၊ ဘယ်မှာ ရှိတယ်ဆိုတာလဲ သူလည်း သိပုံ မပေါ်ဘူး'

**ခိုင်။** ။'ဒါဖြင့်လဲဗျာ၊ ကျုပ်လိုတော့ သူတို့ မော်တော်ဘုတ်ပေါ်တက်ရမဲ့ နေရာက စောင့်ပြီး ဖမ်းရောပေါ့'

**ရှား။** ။'ဘာရမလဲဗျာ။ မောင်မိုးသီးက သာမညလူ မဟုတ်ဘူး၊ လူပါးဗျ၊ သည်လိုများ မော်တော်ဘုတ်နားက စောင့်မယ်ဆိုလျှင် ဘယ်တော့မှ လာတော့မှာ မဟုတ်ဘူး'

**ခိုင်။** ။'ဒါဖြင့်ဗျာ အပွဒူလာကို ဖွတ်တွယ်ပြီး သူတို့ ရှိရာ လိုက်အပို့ခိုင်းမယ်ဗျာ'

**ရှား။** ။'သည်နည်းလဲ မရဘူးဗျ၊ ကုလားက ပိုက်ဆံများများရတာနှင့် အေးပြီး နေတယ်၊ သူ့လူတွေ ဘယ်မှာ နေတယ်ဆိုတာ သူ့အရေးလဲ မဟုတ်ဘူး၊ တကယ်လဲ မသိဘူး၊ သူ့ကပ်လို့ အလကား ရှိမှာပေါ့ဗျာ'

**ခိုင်။** ။'ဟုတ်ပါရဲ့လေ၊ ခင်ဗျားနည်း အကောင်းဆုံးပါပဲ၊ နောက်ဆုံးကျမိရင်လဲ ပြီးတာပါပဲလေ၊ မိသာမိပါစေ ဆုတောင်းရတာပဲ၊ ဘယ့်နှယ်လဲဗျာ။ ၉ နာရီကျော် သွားပြီကော၊ မပေါ်လာသေးပါကလား' ဟု ပြောဆိုလျက် ရှိကြစဉ် မော်တော်ဘုတ်တစ်စီးလည်း ဒလချောင်းဝမှ လျှင်မြန်စွာ ထွက်လာ၍ ရန်ကုန်ဘက်သို့ ကူးမည်ပြုလေရာ မောင်စံရှားလည်း မီးဖြင့် ရုတ်တရက် ထိုး၍ ကြည့်လိုက်သည်တွင် အညိုရောင်ရှိသည်ကို မြင်သဖြင့် ကျွန်တော်တို့၏ မော်တော်ဘုတ်မောင်းသမားအား ၎င်း၏ နောက်သို့ မီအောင် လိုက်ရန် အမိန့်ပေးလေ၏။

ယင်းကဲ့သို့ မီးရောင်ဖြင့် ထိုး၍ ကြည့်လိုက်သည်တွင် ၎င်းမော်တော်ဘုတ်လည်း ကျွန်တော်တို့၏ အကြံအစည်ကို ရိပ်မိသည့် လက္ခဏာနှင့် ရန်ကုန်ဘက်သို့ မကူးဘဲ မြစ်ညာသို့ ဆန်တက်လေ၏။ ယင်းကဲ့သို့ ကျွန်တော်တို့၏ အကြံအစည်ကို ရိပ်မိကြောင်း သိရှိလေလျှင် မောင်စံရှားလည်း ပုလိပ်ဓာတ်မီးကို ၎င်းမော်တော်ဘုတ်သို့ တည့်တည့် ထိုးစေလျက် မျက်ခြေမပြတ်အောင် နောက်မှ ခြေရာခံ၍ လိုက်စေရာ ၎င်းမော်တော်ဘုတ်မှာ စက်ကုန် ခုတ်လျက် ရှိသဖြင့် အလွန်လျင်မြန်စွာ ရေပေါ်ပျံ၍ သွားဘိသကဲ့သို့ ရှိသဖြင့် ကျွန်တော်တို့မှာ မီပါမည်လောဟု စိုးရိမ်မကင်း ရှိနေကြရလေ၏။

ထိုအခါ မောင်စံရှားလည်း ကျွန်တော်တို့၏ မော်တော်ဘုတ်ကို စက်ကုန် ခုတ်စေသည်ဖြစ်ရာ လှေငယ်လည်း ရေထဲ၌ ထိုးသွားသဖြင့် ရေပန်းတို့သည် လှေဦးမှ ပန်းထွက်လျက် ရေတွင် နစ်မြုပ်မည်ကဲ့သို့ ကြောက်မက်ဖွယ် ခုတ်နှင်၍ လိုက်လေ၏။

ယင်းကဲ့သို့ နှစ်စင်းလုံး အစွမ်းကုန် ခုတ်နှင်၍ သွားကြသဖြင့် ပထမ၌ အတောင် နှစ်ရာခန့်ဝေးရာမှ အတောင် တစ်ရာမျှသာ ကျန်ရှိတော့သည်ဖြစ်သောကြောင့် ကျွန်တော်တို့၏ လှေသည် ၎င်းတို့၏ လှေထက် လျင်မြန်ကြောင်း ထင်ရှားလျက် တရွေ့ရွေ့ တဖြည်းဖြည်း နီး၍ နီး၍ လာခဲ့ရာ အတောင် ငါးဆယ်ခန့်မျှ ကျန်တော့သည့်အခါတွင် သင်္ဘောတစ်စီးသည် တုံကင်း နှစ်စီးကို ကြိုးဖြင့်ဆွဲလျက် ကျွန်တော်တို့ မော်တော်ဘုတ် နှစ်စီးအကြားမှ ဖြတ်၍ ဝင်သွားလေ၏။

ထိုအခါ ကျွန်တော်တို့၏ လှေမှာ သင်္ဘောငယ်ကို ဝင်၍ တိုက်မည်ဆဲ ဆဲရှိသည်တွင် မတိုက်မိစေရန် လျင်မြန်စွာ ကွေ့လိုက်ရာ မော်တော်ဘုတ်ကလေးမှာ ရေတွင် နစ်မြုပ်၍ တစ်ခါတည်း အစတုံးချေတော့မည်ဟူ၍ပင် ထင်မှတ်လောက်အောင် စောင့်ငဲ့၍ သွားလေ၏။

ယင်းသို့ ဖြစ်လေလျှင် အင်စပိတ်တော်နှင့် မောင်စံရှားတို့လည်း အလွန်တရာ စိတ်ပေါက်လျက် တုံကင်းများကို ကျော်ကွင်း၍ တဖန် ရှေ့မော်တော်ဘုတ်နောက်သို့ လိုက်ကြပြန်ရာ ထိုအခါ၌မူ အတောင် နှစ်ရာကျော်ခန့်မျှ ကွာခြား၍ သွားပြန်သည်ကို တွေ့ရလေ၏။

သို့ရာတွင် ကျွန်တော်တို့လည်း စိတ်မပျက်ဘဲ မိလျှင်မိစေ မမိလျှင် ရေနစ်၍ သေစေဟု အောက်မေ့ကြလျက် စက်ကုန် နှင်ပြန်ပြီးလျှင် လိုက်ပြန်ရာ မော်တော်ဘုတ် နှစ်စီးလည်း နီး၍ နီး၍ လာပြန်သဖြင့် နောက်ဆုံးအတောင် နှစ်ဆယ်ခန့်မျှသာလျှင် ကွာခြားလေတော့၏။ ထိုအခါ အင်စပိတ်တော် ဦးအုန်းခိုင်လည်း မီးရောင်ကို တည့်တည့် ထိုးစေလျက် မော်တော်ဘုတ်ဦးမှ နေ၍ ၎င်းမော်တော်ဘုတ်ကို ရပ်တန့်ရန် အကြောင်းနှင့် ဟစ်အော်ကာ အမိန့်ပေးလျက် ရှိရာ လူတစ်ယောက်လည်း ၎င်းမော်တော်ဘုတ်ပေါ်မှ နောက်သို့ လှည့်၍ ကျွန်တော်တို့အား လက်သီးကို ဆုပ်ကာ ပြလေ၏။

ထိုခဏ၌ မျောက်အိုနှင့် တူသော လူပုကလေးတစ်ယောက်လည်း ထိုသူ၏ အနီး၌ ထိုင်နေရာမှ ကျွန်တော်တို့ဘက်သို့ လှည့်၍ ကြည့်လျက်ရှိရာ

**ရှား။** ။'ဟိုအကောင်ပုကလေးမြင်ကြရဲ့လား၊ ဒီအကောင် လက်များလှုပ်လို့ ရှိရင် ခင်ဗျား ခြောက်လုံးပြူးနှင့်သာ ပစ်လိုက်ဗျို့နော်၊ ဦးအုန်းခိုင်'

၎င်းနောက် စက်ကုန်နှင်၍ လိုက်ပြန်သဖြင့် လှေတစ်စီးစာမျှသာ ကွာဝေးကြလေလျှင် ယခင်က လူပုကလေးလည်း ရုတ်တရက် ထိုင်ရာမှ ထပြီးလျှင် ကျွန်တော်တို့ဘက်သို့ လှည့်၍ မြွေနှင့် သဏ္ဌာန်တူသော အရာတစ်ခုကို ပါးစပ်တွင် တေ့ပြီးလျှင် မှုတ်လိုက်သည်တွင် ဦးအုန်းခိုင်၏ ခြောက်လုံးပြူးလည်း ဒိုင်းခနဲ မြည်ပြီးနောက် လူပုကလေးလည်း လက်ကို မြှောက်ပြီးလျှင် လည်၍ သွားပြီးမှ မြစ်ထဲသို့ ကျသွားလေ၏။

ထိုခဏ၌ ၎င်းတို့၏ မော်တော်ဘုတ်လည်း ရုတ်တရက် ကမ်းဘက်သို့ ဦးလှည့်၍ ခုတ်သွားရာ ကျွန်တော်တို့၏ လှေဦးနှင့် ၎င်းတို့၏ လှေပဲ့မှာ တစ်ပေခန့်မျှသာလျှင် လွတ်သွား၍ အသည်းအေးခမန်း သီသီမျှလွဲ၍ သွားလေ၏။

၎င်းနောက် ကျွန်တော်တို့လည်း ၎င်းတို့နောက်သို့ လိုက်ကြပြန်ရာ ၎င်းတို့၏ မော်တော်ဘုတ်သည် ကမ်းသို့ ဦးဖြင့် တည့်တည့် ထိုးဝင်လေရကား ထိုအခါ၌ ဒီရေကျလျက်ရှိသည် ဖြစ်သောကြောင့် နွံများတွင် ဦးစိုက်လျက် တင်နေလေ၏။ ထိုအခါ ကျွန်တော်တို့၏ မော်တော်ဘုတ်လည်း ၎င်းတို့၏ လှေနှင့် နံဘေးချင်း ယှဉ်လျက် နွံတွင် ဦးစိုက်ကာ ရုတ်တရက် ရပ်တန့်လေ၏။

ထိုခဏ၌ ၎င်းမော်တော်ဘုတ်ပေါ်မှ လူလည်း လှေပေါ်မှ ခုန်ချ၍ ကမ်းပေါ် သို့ ခြေကျင်တက်ပြေးမည် ပြုရာ ထိုသူ၏ သစ်သားခြေထောက်သည် နွံတွင် ကျွံ၍ နေသဖြင့် မနုတ်နိုင်ဘဲ ရှိသည်ဖြစ်သောကြောင့် ကျွန်တော်တို့လည်း လွယ်ကူစွာ ဖမ်းဆီးကြရလေ၏။

၎င်းနောက် ကျွန်တော်တို့သည် မော်တော်ဘုတ် နှစ်စင်းကို တွဲလျက် ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လာကြရာ ၎င်းမော်တော်ဘုတ်ဦးမှာကား သံသေတ္တာတစ်လုံးသည် သံကြိုးများနှင့် ချည်နှောင်လျက် ရှိသည်ကို တွေ့သဖြင့် ၎င်းသည်ကား ခိုးရာပါ ပစ္စည်းများ ပါရှိသော သံသေတ္တာတည်းဟု တွေးမိကြရလေ၏။

၎င်းသေတ္တာပေါ်၌ကား သစ်သားခြေထောက်နှင့်လူသည် လက်ထိပ်ခတ်ကာ ပုလိပ်နှစ်ယောက်၏ အလည်တွင် မှိုင်ကာ ထိုင်လျက် ရှံဖန်ရံခါ ပုလိပ်သားတို့အား မိမိ၏ လက်ထိပ်ဖြင့် ရိုက်နက်ကာ ရှိနေသဖြင့် မောင်စံရှားက

'ယောကျာ်းကပဲ ကိုမိုးသီးရယ်၊ သည်လောက် အားငယ်လို့ ဖြစ်နိုင်ရိုးလား၊ ရော့ဗျာ ဆေးလိပ်များ သောက်ပါဦး' ဟု ပြော၍ ဆေးလိပ်များ တည်ပြီးလျှင်

'သည်လောက်တောင် ကုတ်ကုတ်ကတ်ကတ် ကြံစည်ပြီးလာခဲ့ရ။ နောက်ဆုံးကျမှ မိသွား။ တယ်ဝမ်းနည်းစရာ ကောင်းပေတာပလေ'

**မောင်မိုးသီး။** ။(မောင်စံရှားပေးသော ဆေးလိပ်ကို မီးညှိ၍ သောက်လျက်) 'ဝမ်းနည်းဆို ဘာပြောဖို့ ရှိသလဲဗျာ၊ ဒါပေမယ့် မောင်ဘိုးရွဲကို သတ်တာ ကျွန်တော် မဟုတ်ရပါဘူးဗျာ၊ မြစ်ထဲကျသွားတဲ့ အရိုင်းကောင်ကလေးသတ်တာပါ၊ ကျွန်တော်က လွှန်ပြီးမှ သိပါတယ်ဗျာ၊ သည်အတွက် ကောင်ကလေးကိုတောင် လက်သီးနှင့် တစ်ချက် နှစ်ချက် ပိတ်ပြီး ထိုးမိပါသေးတယ်'

**ရှား။** ။'ဒါတော့ အပြစ်လည်း မတင်နှင့်လေ၊ ခင်ဗျားက ကြိုးနှင့် တွယ်ပြီးလာနေတုန်း သူ့ခမျာက မောင်ဘိုးရွဲကို သည်နည်းနှင့် မကိုင်လျှင် ဘယ်နည်းနှင့် ကိုင်နိုင်မလဲ'

**သီး။** ။'ခင်ဗျားက တကယ်မျက်စိနှင့်မြင်သလိုပဲ၊ တယ်သိပါကလား၊ သည်လိုဗျ၊ ကျွန်တော်တို့ တက်တဲ့အချိန်က သည်အခန်းထဲမှာ မောင်ဘိုးရွဲ မရှိတဲ့ အချိန်မှန်းပြီး တက်တာပဲဗျ၊ အခါတိုင်းတော့ သည်အချိန်မှာ သူ လက်ဖက်ရည်သောက် ဆင်းတဲ့ အချိန်ပဲ၊ ဟိုညကမှ သူသေချင်လို့ မဆင်းတာဘဲ၊ သို့သော် ကျွန်တော် မကြောက်ပါဘူး၊ မှန်မှန်ပြောပါတယ်၊ တကယ်လို့ ဘိုးရွဲတို့ အဖေကိုထွန်းကျော်သာ ဖြစ်ရင် ကျွန်တော် ကိုယ်တိုင် သတ်ပြီးသားပဲ၊ ချမ်းသာ မပေးပါဘူး၊ ကြိုးပေးရုံမကလို့ ဆယ်ခါ ပြန်ပေးစေ၊ မကြောက်ပါဘူး၊ သို့သော် သူ့သားများအပေါ်မှာတော့ ရန်ငြိုး မရှိပါဘူးဗျာ၊ မတော်တဆ ဟိုအကောင်ကလေး နောက်လို့ ဖြစ်သွားရတာပဲ'

**ရှား။** ။'ခင်ဗျား အခန်းထဲ ရောက်တော့ ဘိုးရွဲ သေနှင့်ပြီပေါ့လေ'

**သီး။** ။'သေနှင့်ပါပြီ ခင်ဗျာ၊ ဆိပ်လူးမြားတဲ့ခင်ဗျ၊ ပြင်းထန်လိုက်တာ၊ ကျွန်တော် အခန်းထဲ ကြိုးနှင့်တက်လာတော့ လူသေကောင်ကြီးက သွားကြီးဖြီးပြီး ကျွန်တော့်ကြည့်ပြီး ရယ်သလို ထိုင်နေလိုက်တာ တော်တော်တောင် လန့်သွားသေးတာကိုး ခင်ဗျ၊ မကောင်းပါဘူးခင်ဗျာ၊ သည်ပစ္စည်းတွေဟာကို ကျိန်စာသင့်တဲ့ ပစ္စည်းတွေ ထင်ပါရဲ့။ သူရောက်ရာ လူ့လက်မှာ လိုက်ပြီး ဒုက္ခပေးတဲ့ ပစ္စည်းတွေ ခင်ဗျ၊ သူဌေး ယာကုတ်လည်း အသက်သေရှာရော ဦးထွန်းကျော်လည်း ပိုင်သာ ပိုင်ရတယ်၊ တစ်သက်လုံး စိတ်မချမ်းသာရဘူး၊ အခု ကျွန်တော်လည်း လက်ထဲ ရောက်ခါရှိသေး၊ တစ်ကျွန်းလား၊ ဘယ်လား ပြန်ရောက်ရချေဦးတော့မယ်'

ထိုခဏ၌ ကျွန်တော်တို့၏ မော်တော်ဘုတ်လည်း ပန်းဆိုးတန်းတံတားသို့ ဆိုက်ရောက်လုနီးလေလျှင် မောင်စံရှားက

'ကိုင်း ကိုမိုးသီး ရောက်လည်း ရောက်တော့မယ်၊ ကျုပ်တို့ အိမ်လိုက်ပြီး အကျိုးအကြောင်း ပြောစမ်းပါဦးဗျာ၊ သည်ပစ္စည်းတွေ ဘယ်ပုံရလို့ ဦးထွန်းကျော်နှင့် ခင်ဗျားနှင့် ဘယ်ပုံ အရှုပ်အရှင်း ရှိကြတယ်ဆိုတာ ကြားစမ်းပါရစေဗျာ။ ကျုပ်က ပုလိပ် မဟုတ်ပါဘူးဗျ'

**သီး။** ။'ပြောချင်လှချေရဲ့ဗျာ၊ ကျွန်တော်ကလည်း အင်မတန် ပြောချင်ပါတယ်၊ သို့သော် ကျွန်တော် လိုက်ခွင့်ရပါ့မလား'

**ရှား။** ။'ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ကျုပ် ပြောပြီးအတိုင်းဗျနော်၊ ကိုအုန်းခိုင်' ဟု ပြော၍ အင်စပိတ်တော်အား ကြည့်လိုက်လေလျှင် အင်စပိတ်တော်သည် ခွင့်မပေးလိုသော်လည်း ပြောမိသည့် စကားဖြစ်သဖြင့်

'ကောင်းပါပြီဗျာ၊ သို့သော် တယ်ကြီး မကြာစေနှင့်ဗျနော်' ဟု ပြောလေ၏။

ထိုအခါ မောင်မိုးသီးက မောင်စံရှားအား

'ခင်ဗျား ပုလိပ်လည်း မဟုတ်ဘူး ပြောတယ်၊ ကျုပ်နာမည်လည်း ခင်ဗျား သိတယ်၊ ပုလိပ်တွေပေါ်မှာလည်း ဩဇာရှိတယ်၊ ခင်ဗျား ဘယ်သူလဲဗျ' ဟုမေးသဖြင့် မောင်စံရှားက 'ကျုပ် မောင်စံရှားပါဗျ' ဟု ပြောလျှင် ထိုသူလည်း

'ဩော် ကျုပ် ကြားဖူးတယ်ဗျို့' ပြောလျက် မောင်စံရှားကို ချီးမွမ်းသော မျက်နှာထားနှင့် ကြည့်ကာ ရှိနေလေ၏။

ည ၁၁ နာရီအချိန်ခန့်တွင် ကျွန်တော်တို့ အိမ်သို့ ဆိုက်ရောက်ကြလေလျှင် ပုလိပ်နှစ်ယောက်နှင့် အင်စပိတ်တော်တို့လည်း အတူတကွ လိုက်ပါလာကြသည် ဖြစ်ရာ မောင်စံရှားလည်း ကော်ဖီနှင့် မုံ့သေတ္တာများကို အားလုံးအား ကျွေးမွေးပြီးနောက် စားသောက်ပြီးကြလျှင်

**ရှား။** ။'ကိုင်း ကိုအုန်းခိုင်၊ သေတ္တာကြီးဖွင့်စမ်းဗျာ၊ ဘာများပါသလဲ ကြည့်စမ်းကြရအောင်'

**ပုလိပ်သား။** ။'သော့ကော ဆရာ'

**ခိုင်။** ။'မောင်မိုးသီး သော့ပေးလိုက်ကွယ်'

**သီး။** ။'ရေထဲ ချပစ်ခဲ့ပြီ၊ ငုတ်ချေပေတော့'

**ခိုင်။** ။'တယ်ညစ်တဲ့ အကောင်ကိုး၊ ကဲ ဘိုးမှီတို့ အတင်း ဖွင့်ကြဟေ့'

ထိုအခါ ပုလိပ်နှစ်ယောက်နှင့် ကျွန်တော်တို့သည် သံသေတ္တာကို ချွေးများကျအောင် ဖွင့်ကြရာ အတန်ကြာမှ သေတ္တာသည် ရုတ်တရက် ပွင့်သွား၍ သေတ္တာတွင်းသို့ ငုံ့ကာ ကြည့်ကြသည်တွင် ကျောက်သံပတ္တမြားဟူ၍ တစ်ခုမျှ မရှိသည်အဖြစ်ကို တွေ့ရှိ ရလေ၏။

ထိုအခါ ကျွန်တော်တို့အားလုံးတို့လည်း မောင်မိုးသီး၏ မျက်နှာကို တပြိုက်နက် ကြည့်လိုက်ကြရာ မောင်မိုးသီးမှာ ရယ်မောလျက် ရှိသည်ကို တွေ့သဖြင့် အင်စပိတ်တော်က 'မင်း ဘယ့်နှယ်လုပ်တာလဲ ဟေ့အကောင်'

**သီး။** ။'အံ့သြတယ်ဗျာ၊ နှစ်ပေါင်းများစွာ အပင်ပန်းခံပြီး ကျုပ်က သည် ပစ္စည်းတွေကို လက်ထဲမရောက် ရောက်အောင် ထောင်မကြောက် တန်းလဲ မကြောက် ကြိုးလဲ မကြောက်ဘဲ လိုက်ပြီးလာခဲ့၊ လက်ထဲရောက်ကာမှ ခင်ဗျားတို့က ဝင်ပြီး နှောက်ယှက်တာများ ကျုပ်က အလွယ်တကူနှင့် အပ်လိမ့်မယ် ထင်ကြသလားဗျ။ ခင်ဗျားတို့ မော်တော်ဘုတ်က ကျုပ်တို့ကို လိုက်လို့ မလွတ်မှန်းလဲ သိရော ကျုပ်လည်း သေတ္တာဖွင့်ပြီး ကျောက်တွေ စိန်တွေ တစ်ဆုပ်စီ တစ်ဆုပ်စီ မြစ်ထဲ ကြဲပစ်ခဲ့ရ၊ အသဲတောင် နာလိုက်ပါသေးရဲ့ဗျာ၊ ရှာချင်လျှင် ရှာကြပေတော့ တစ်မြစ်လုံးနှံ့နေတာပဲ'

**ခိုင်။** ။(မယုံကြည်လည်း မယုံကြည်၊ စိတ်လည်းပျက်လှသော မျက်နှာထားနှင့်) 'မညာပါနှင့်ကွယ်၊ မင်းပစ်ချင်လျှင် သေတ္တာပါ ချပစ်ခဲ့ရောပေါ့၊ မညာပါနှင့်ကွယ်'

**သီး။** ။'သေတ္တာပါ ချခဲ့လျှင် သည်လောက် အဘိုးထိုက်တဲ့ ပစ္စည်းတွေကို ခင်ဗျားတို့ ငုပ်ပြီး စမ်းယူမှာပေါ့ဗျ၊ ရရိုးလားဗျာ။ ခင်ဗျားတို့လောက် ပါးလို့'

**ခိုင်။** ။(ဆုငွေ မရမည်ကို စိုးရိမ်သဖြင့် အမျက်ထွက်သော မျက်နှာထားနှင့်) 'ဟေ့အကောင် မင်းလုပ်ပုံ မတရားဘူးကွယ်၊ တကယ်ဆိုတော့'

**သီး။** ။(ထိုင်ရာမှ ထ၍ မီးထွက်မတတ် ရှိသော မျက်လုံးများနှင့် ကြည့်၍) 'ဘာမတရားသလဲဗျ၊ ဘာများ မတရားသလဲဗျ၊ ကျုပ်အသက် ကျုပ်စွန့်ပြီး ရှာထားတဲ့ ပစ္စည်းကို သူများ မစားသောက်စေချင်လို့ ကျုပ်လွှင့်ပစ်တာ ကျုပ် ဘာမတရားသလဲ ဗျ၊ သည်ပစ္စည်းများ သူများစားရစ်ရမယ်ဆိုလျှင် ကျုပ်အသက် ဆယ်ပြန်အသေခံမယ်ဗျ၊ စားခြင်းစားလျှင် ကျုပ်သာ စားမယ်၊ ကျုပ်မစားရလျှင် ရေစားပေစေဗျ၊ လူစားတာ ကျုပ်မကြည့်နိုင်ဘူး၊ နားလည်လား' ဟု ပြောလျက် အမျက်ကြီးလှသော မျက်နှာထားနှင့် ရှိနေလေလျှင် မောင်စံရှားလည်း ထိုင်ရာမှ ထ၍ ထိုသူ၏ ကျောကို သပ်လျက်

'ကိုင်း ကိုင်း ဟုတ်ပါပြီလေ၊ သို့သော် ခင်ဗျား အဖြစ်အပျက်လဲ ကျုပ်တို့ ကြားရအောင် ပြန်ပြောဦးမှပေါ့ဗျ။ ကြားပါရစေဦးဗျာ၊ ကျုပ်တို့လဲ'

**သီး။** ။'ခင်ဗျားတစ်ယောက်ဖြင့် တော်တော်ရှိတယ်၊ ခင်ဗျား ကြားချင်လျှင်ဖြင့် ကျုပ် ပြောရတာပေါ့' ဟု ပြော၍ မောင်မိုးသီးသည် အမျက်ပြေလျက် ဆေးတစ်လိပ်ကို မီးညှိကာ သောက်ပြီးလျှင် အောက်ပါအတိုင်း ပြန်ပြောလေ၏။

'သည်လိုပါဗျာ၊ ကျုပ်က အထက်ချင်းတွင်း ဟုမ္မလင်းမြို့သားဗျ၊ ငယ်ကတည်းက အမိများ အဖများကို တော်တော် ဒုက္ခပေးခဲ့တဲ့ အကောင်ကလေးပေါ့ဗျာ၊ အလုပ်လဲမလုပ်ချင်ဘူး၊ အိမ်မှာလဲ ကူဖော်လောင်ဖက် မရဘူး၊ ကြက်တိုက်၊ ဖဲရိုက်၊ ထန်းရည်သောက် နွားခိုး၊ တကယ့်လူဆိုး လုပ်နေခဲ့တာပေါ့လေ၊ ဟိုနယ်မှာတော့ မိုးသီးတို့ မိုးပေါက်တို့ ဆိုလျှင် လူတိုင်း ကြောက်ကြ

ရတာကိုးဗျ၊ သည်လိုနှင့် ဆိုးဆိုးပေပေ လေလေလွင့်လွင့်နှင့်နေခဲ့၊ လွန်ခဲ့တဲ့ စစ်ကြီးအတွင်းမှာ စစ်မှုထမ်းဖို့ အစိုးရက လူအစုမှာ ရှာကလဲတွန်း၊ သူကြီးကလဲ တွန်း၊ မြို့အုပ်ကလဲ တွန်း၊ ဝိုင်းပြီး တွန်းကြလေတော့ ကျုပ်လဲပဲ နယ်မှာ ကြာကြာ နေလျှင် ခက်ချေရဲ့လို့ စစ်ထဲလိုက်မိခဲ့တာကိုးဗျ၊ လိုက်ပြီး စစ်မြေပြင်မှာအမှုထမ်းပြီးနေတုန်း ဖြစ်ချင်တော့ တစ်ညမှာ ကျုပ်နှင့် ကုလား သုံးယောက်နှင့် တွဲပြီး ကင်းစောင့်ကြတာကိုးဗျ'

**ရှာ:။** ။'ကုလားသုံးယောက် အမည်က မာမက်ဆင်၊ ဝါဟစ်ခန်၊ နတင်ဆင်တဲ့ မဟုတ်လား'

**သီး။** ။'အစစ်ပဲ၊ ခင်ဗျား ဘယ့်နှယ်သိသလဲ၊ သြော် ဟုတ်ပေတယ်၊ ခင်ဗျားက ကိုစံရှားပေကိုးဗျ၊ ဒါနှင့် သည်ညက သည်လိုဗျ၊ ကင်းစောင့်တော့ သည်အနားက လေးယောက်တစ်စု၊ ပြီးတော့ ကိုက်သုံးရာ ခွာပြီး ဟိုအနားက လေးယောက်တစ်စု၊ တဲကလေးတွေနှင့် တစ်စု တစ်စု စောင့်ကြတာကိုးဗျ၊ လေးယောက်အနက် နှစ်ယောက်က နားပြီးနေလျှင် နှစ်ယောက်က သေနတ်ထမ်းပြီး တဲရှေ့က ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကြတာကိုးဗျ၊ တူရကီ စစ်တပ်ကလဲ ကျုပ်တို့နှင့် မဝေးလှဘူးဗျ၊ ခေါ်လိုက်လျှင် ကြားရမတတ်ဘဲ၊ ဒါနှင့် ညဆယ်နာရီကျော်ကျော်လောက်မှာ ကျွန်တော်နှင့် ကုလား တစ်ယောက်နှင့် ခေါက်တုံ့ခေါက်ပြန် လျှောက်ကြလို့ တဲရှေ့မှာ ဆုံကြပြီး လွန်အသွားမှာ ကျွန်တော့် ပခုံးကို ဖြုန်းခနဲဆို နောက်ကနေ ဆွဲတဲ့ပြီး သဲပေါ်မှာ လှဲလိုက်ပါရောဗျ၊ လှဲလိုက်လို့ ကျွန်တော်လည်း ပက်လက်ကလေး လှန်ပြီးနေတုန်း ကျွန်တော့်အဖော် ကုလားသုံးယောက်က ကျွန်တော့် အနားမှာ တစ်ယောက်က ပါးစပ်ကို လက်နှင့်ပိတ်၊ တစ်ယောက်က လက်နှစ်ဖက်ချုပ်ထား၊ တစ်ယောက်က သေနတ်အော်လန်ချွန်နှင့် ကျွန်တော့်ရင် တေ့တဲ့ပြီး 'မာဒေးဂါး' တဲ့ ပြောတာကိုးခင်ဗျ။ လရောင်ကလဲ အင်မတန် ကောင်းလေတော့ အော်လန်ကုလား မျက်နှာကို မြင်လိုက်ရ၊ သူ့မျက်နှာထား ကြည့်ရတာ တကယ့်ကို ကျွန်တော့် 'မာဒေးဂါး' မယ့် လက္ခဏာပဲ ခင်ဗျ၊ သည်တော့ ကျွန်တော်လည်း ကုလားစကား နည်းနည်းပါးပါး တတ်တာနှင့် အော်လျှင်ဖြင့် သတ်ချေရဲ့လို့ ငြိမ်ငြိမ်ကလေး နေလိုက်ပါတော့၊ ခုနင်က အော်လန်ချွန်နှင့် ကုလားက သူတို့ အကြံကို ကျွန်တော်လိုက်လျှင် ကျွန်တော်မှာ ငွေများများကြီး ရမယ်တဲ့၊ မလိုက်လျှင်ဖြင့် ခုချက်ခြင်း သတ်ပြီး သဲထဲမှာ မြှုပ်ပစ်လိုက်မယ်တဲ့ ပြောတာကိုးခင်ဗျ၊ သည်တော့ ကျွန်တော်လည်း ငွေရမှာကို သည်လောက် မက်မောလို့ မဟုတ်ပါဘူး၊ အသက်ကလေးတစ်ချောင်း နှမြောတာနှင့်၊ မရယ်ပါနှင့်ဗျာတို့၊ လူအဘိုးမတန်ပေမယ့် ကိုယ့် အသက်တော့ ကိုယ်နှမြောသေးတာကိုးဗျ'

**ရှာ:။** ။' ဒါကြောင့် ရယ်တာ မဟုတ်ပါဘူးဗျာ၊ ပြောသာပြောပါ'

**သီး။** ။'သည်တော့မှ ကျွန်တော်က အကျိုးအကြောင်းမေးတော့ သူတို့က တော်တော်ကြာလျှင် တူရကီစစ်တပ်ဘက်က ကုလားသူဌေးတစ်ယောက် လာလိမ့်မယ်တဲ့၊ လာတဲ့အခါမှာ သူတို့ ဘယ့်နှယ်ပဲလုပ်လုပ်၊ ကျွန်တော်က အသာကလေး ကြည့်နေရမယ်တဲ့၊ ပြီးတော့ကာ ရစရာရှိတဲ့ ငွေကို ကျွန်တော်တို့ လေးယောက် အညီအမျှ ခွဲဝေပြီး ယူကြမယ်တဲ့ ပြောတာကိုး ခင်ဗျ၊ သည်တော့ ကျွန်တော်က နဂိုကလဲ ခပ်မိုက်မိုက်ဟာမို့ ငွေရမဲ့ လမ်းဆိုတော့ သူတို့အကြံကို လိုက်ဖို့ သဘောတူမိတာကိုး ခင်ဗျ၊ ဒါနှင့် သဘောတူပြီးတော့ ကျွန်တော်တို့လည်း အခြေမပျက် သေနတ်ထမ်းပြီး လမ်းလျှောက်နေခဲ့ကြ၊ ၁၁ နာရီထိုးလို့လဲ မပေါ်လာ၊ ၁၂ နာရီထိုးလို့လဲ ဘယ်သူမှ မပေါ်လာ၊ နာရီပြန်တစ်ချက်၊ နှစ်ချက်၊ သုံးချက် ထိုးသွားတော့ ကျွန်တော့် ကုလားတွေက လာမှ လာပါမလားလို့ နေမထိ၊ ထိုင်မထိ ဖြစ်ကုန်ကြတာကိုးခင်ဗျ၊ ဒါနှင့် ကျွန်တော်တို့လည်း လူးလာခပ်ပြီး နေကြတုန်း ဖြုန်းခနဲဆို သုံးနာရီခွဲကျော်ကျော်လောက်မှာ လေချွန်သံ တစ်ချက် ခပ်တိုးတိုး ကြားလိုက်ရတာကိုး ခင်ဗျ၊ သည်တော့ ကုလားတွေက 'အာတား၊ အာတား'နှင့် ပါးစပ်က ရွတ်ပြီး ငြိမ်နေကြ၊ တော်တော်ကလေးကြာတော့ ကုလား လူပုကလေးတစ်ယောက် ဟောဟိုက သံသေတ္တာကိုင်တဲ့ပြီး တဲထဲ ပြေးဝင်လာတာကိုး ခင်ဗျ၊ ကုလားမျက်နှာ ကြည့်ရတာက ကြောက်ပုံရလိုက်တာ ခင်ဗျာ၊ တစ်သက်မှာ သည်လောက်ကြောက်တဲ့လူ ကျွန်တော်ဖြင့် တစ်ခါမှ မတွေ့ဘူးပါဘူး ခင်ဗျာ၊ ဒါနှင့် ကုလားတွေက ဒီကုလားကို တဲထဲခေါ် သွား၊ တဲထဲရောက်တော့ သူတို့ ကုလားကို စီရင်ကြမယ်လို့ ကြံကြတာကိုးခင်ဗျ၊ ကျွန်တော်တော့ ဝတ္တရားမပျက် တဲပြင်က စန်ဒလီ စောင့်နေတာကိုး ခင်ဗျ၊ ဒါနှင့် တဲထဲမှာ ၁၅ မိနစ်လောက် တိုးတိုးနှင့် ပြောပြီး တော်တော်ကြာတော့ ခုနင်က ကုလားလူပုကလေးက အလန့်တကြားနှင့် တဲပြင် ထွက်ပြေးလာပါရော ခင်ဗျ၊ ကုလားလူပုလေးက ပုပုဝဝကလေးနှင့် ပြေးလာလိုက်တာ ခင်ဗျာ၊ ခြေတံက တိုပေမဲ့ ခြေနှုတ်က သွက်လေတော့ မြန်လိုက်တာ ခင်ဗျာ၊ နောက်က ခြေတံရှည်ကြီးနှင့် ကုလားက ဓားကိုင်ပြီး လိုက်လာတာ မမီနိုင်ဘူး ခင်ဗျ၊ လကလဲ သာလေတော့ လရောင်မှာ ကုလားပုကလေးဟာ အသက်ဘေး ကြောက်ရှာလွန်းလို့ ဖုတ်လိုက်ဖုတ်လိုက်နှင့် ကျွန်တော့်ဆီ ပြေးလာရှာတာ၊ ကျွန်တော်ဖြင့် အခုတောင် မျက်စိထဲ မြင်မိပါသေးရဲ့ ခင်ဗျာ၊ ဒါနှင့်

ကျွန်တော့်အနားလဲ ရောက်ကရော ကျွန်တော်က ကုလားကလေးကို သနားသော်လည်း သူ့ပစ္စည်း လိုချင်တာတစ်ကြောင်း တကယ်လို့ သူလွတ်ပြီးပြေးနေရင်လဲ ကျွန်တော်ပါ ဒုက္ခရောက်ရမှာ မြင်တာကတစ်ကြောင်းကြောင့် သူ့အသက်ကို မငဲ့ညှာနိုင်ဘဲ ကျွန်တော်ထမ်းပြီး လျှောက်နေတဲ့ သေနတ်နှင့် သူ့ခြေထောက်တိုကလေး နှစ်ချောင်းကြား ကန့်လန့်ပြီး လှဲလိုက်တာ ကုလားကလေးလည်း အွတ်ခနဲဆို မြေကြီးပေါ် လိမ့်သွားရှာပါရော ခင်ဗျ၊ ဒီလို လိမ့်သွားသည်နှင့် တပြိုင်နက် သူ့နောက်က ဓားကိုင်ပြီးလိုက်လာတဲ့ ကုလားက သဲပေါ်မှာဒူးထောက်တဲ့ပြီး ကုလားပုရင်ဝကို ဓားနှင့် စိုက်လိုက်တာ တစ်ချက်မှ မအော်နိုင်ရှာဘူး၊ ကုလားပုကလေး အသက်ထွက်ရှာပါရော ခင်ဗျာ၊ သည်တော့ ကျွန်တော်တို့ လေးဦးသား တဲထဲမှာ တွင်းတူးပြီး ကုလားပုကလေး အလောင်းကို မြှုပ်၊ မြှုပ်ပြီး တဲထဲက သူ့သံသေတ္တာကို ဖွင့်ကြည့်ကြတာကိုးခင်ဗျ၊ ဖွင့်လိုက်တော့ ခင်ဗျာ လရောင်မှာ လှလိုက်တဲ့ ကျောက်သံပတ္တမြားတွေ အင်မတန်အရည်ကောင်းတာကိုးခင်ဗျ၊ ကျွန်တော်ဖြင့် သည်ကျောက်မျိုးတွေ မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး ခင်ဗျာ၊ ငါးရတီလောက်စီရှိတဲ့ စိန်ကြီးတွေက ၃၇ လုံး ခင်ဗျ၊ ကျောက်နီက ၂၁ လုံးခင်ဗျ၊ မြက ၃၉ လုံးခင်ဗျ၊ ပုလဲက ၉၇ လုံးခင်ဗျ၊ သည့်ပြင် ကျောက်တွေ ကျွန်တော်မမြင်ဘူးတဲ့ ကျောက်ဆန်းတွေ ဆိုတာတော့ မွနေတာပဲ ခင်ဗျ၊ ဒါနှင့် ကျွန်တော်တို့ ကျောက်တွေ တစ်လုံးစီ တစ်လုံးစီ သရေများကျအောင် ကိုင်ကြည့်ကြပြီး၊ ဘယ်ဟာက ဘယ်နှစ်လုံးဆိုတာ စာရင်းမှတ်၊ မှတ်ပြီး သေတ္တာထဲ ပြန်ထည့်ကြတာကိုး ခင်ဗျ၊ ဒါနှင့် မနက်မိုးလင်းပါရော ခင်ဗျာ’

**ရှား**။ ။‘နေပါဦးဗျ၊ သည်ကုလားပုကလေးက ဘာကိစ္စ လာတာတဲ့တုံး’

**သီး**။ ။‘သည်ကုလားပုကလေးက ကျောက်ကုန်သည်တဲ့ ခင်ဗျ။ သဲကန္တာရထဲ ခရီးသွားရာမှာ ဓားပြတွေတိုက်လို့ လူစုကွဲပြီး ထွက်မိထွက်ရာ ထွက်ပြေးလို့ တူရကီစစ်တပ်ထဲ ရောက်သွားသတဲ့ ခင်ဗျ၊ ရောက်တော့ တူရကီစစ်ဗိုလ်က သူ့မှာ ပစ္စည်းတွေ ပါတာ ရိပ်မိလေတော့ ကြံစည်မယ် လုပ်လေတော့ သူက မသင်္ကာတာနှင့် အင်္ဂလိပ်စစ်တပ်ဘက် ကူးလာခဲ့ရှာတာပဲ ခင်ဗျ၊ ကျွန်တော့်ကုလားတစ်ယောက်နှင့်နေ့ခင်းကတွေ့လို့ သူတို့စီမံပြီးထင်ပါရဲ့ခင်ဗျာ၊ သည်တော့ ကျွန်တော့်ကုလားက ‘အင်္ဂလိပ်စစ်ဗိုလ်များဟာ အင်မတန် တရားသဖြင့် ရှိကြောင်း၊ ရန်သူပြည်သားဖြစ်သော်လည်း စစ်သား မဟုတ်ဘူးဆိုလျှင် ဘယ်လိုမှ မလုပ်တတ်ကြောင်း၊ ပစ္စည်းများပါလျှင်လည်း စိုးရိမ်ဖို့မရှိကြောင်း ဘာကြောင်းနှင့် ပြောပြီး နေ့ခင်းကတည်းက နှူးထားပြီးသား ဆိုကိုးခင်ဗျ’

**ကျွန်တော်**။ ။‘ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုးဆိုတာမျိုး ကျနေတာကိုး ခင်ဗျ’

**သီး**။ ။‘ဟုတ်ပါရဲ့ဗျာ၊ ဒါနှင့် မနက်မိုးလင်းတော့ ကျွန်တော်တို့လည်း စခန်းပြောင်းရပါရော ခင်ဗျာ၊ ပြောင်းရတော့ ခုနင်က သံသေတ္တာကို ကျွန်တော်တို့ ပစ္စည်းကလေးတွေထဲ ဝှက်ပြီး ယူသွားကြတာကိုးခင်ဗျ၊ သည်တော့ကာ သူတို့ ကုလားတပ်နှင့် ကျွန်တော်တို့ မြန်မာတပ်နှင့် ကွဲသွားပါရော ခင်ဗျာ၊ ကွဲပေမယ့် တပ်သာ ကွဲတယ်၊ သူတို့ တပ်ရော ကျွန်တော်တို့ တပ်ရော ကိုင်ရိုမြို့ ရောက်ကြကိုး ခင်ဗျ၊ သည်အတွင်းမှာ ကုလားတွေက ပစ္စည်းတွေကို ကျွန်တော် လက်ထဲမှာ ထားတယ်၊ သော့တော့ သူတို့ ယူထားတယ် ခင်ဗျ၊ ဒါနှင့် ကိုင်ရိုမြို့လဲ ရောက်ပါရော၊ ကျွန်တော်လည်း ပစ္စည်းတွေ ထိန်းသိမ်းရတာ ဝန်လေးတာနှင့် လေးယောက်သား သဘောတူ၊ ပလီပျက်ကြီး တစ်ခုထဲ သွားပြီး မြှုပ်ကြတာကိုး ခင်ဗျ၊ မြှုပ်ပြီး မြှုပ်တဲ့နေရာနှင့် ဘာနှင့် သေသေချာချာ ပုံစံတွေ ဘာတွေ ဆွဲပြီး တစ်ယောက် တစ်ခုစီ ယူထားကြတာကိုး ခင်ဗျ၊ ယူထားပြီး ကျွန်တော်တို့ လေးဦးသား၊ တစ်ဦးကို တစ်ဦး မပြစ်မှားပါဘူး၊ တစ်ယောက်တည်း ကောင်းစားဖို့ ဘယ်အခါမှ မကြံစည်ပါဘူးရယ်လို့ သစ္စာရေ အမျိုးမျိုး သောက်ကြရတာကိုး ခင်ဗျ၊ သည်လိုလဲ ဝှက်ပြီးရော ဘာမှ မပြောနှင့် နောက်တစ်နေ့မှာပဲ ကျွန်တော်တို့ ဖမ်းပါရော ခင်ဗျာ၊ ဖမ်းပုံက သည်လိုတဲ့ ခင်ဗျာ၊ တူရကီစစ်ဗိုလ်ကြီးက သူ့စစ်တပ်က ဧည့်သည်သူဌေးတစ်ဦး ပျောက်သွားကြောင်း ပျောက်သွားပြီးတဲ့နောက် ဘယ်အချိန် ဘယ်နှစ်နာရီမှာ အင်္ဂလိပ်စစ်တပ်ထဲက ဘယ်တဲကို ဝင်ပြီး သွားကြောင်း မြင်လိုက်တဲ့ သက်သေနှင့်တကွ စာရေးပြီး တိုင်တန်းတာကိုး ခင်ဗျ၊ တိုင်တန်းတော့ ကျွန်တော်တို့ စခန်းချတဲ့ နေရာမှာ တူးဖော်ပြီး ရှာတော့ ကုလားပုကလေး အလောင်းကို တွေ့တာကိုး ခင်ဗျ၊ သည်တော့ ကျွန်တော်တို့ လေးဦးသားကို ဖမ်းပြီးစစ်၊ စစ်တော့ ကျွန်တော်တို့က ကွယ်၊ ကွယ်ပေမယ့် အလောင်းကြီးက ထင်ရှားနေလေတော့ ပြစ်မှု ထင်ရှားလို့ တစ်ကျွန်းကို ဆယ်နှစ်စီ ကျခံစေရန် စီရင်ချက် ချလိုက်တာကိုးခင်ဗျ၊ ချလိုက်ပြီးတဲ့နောက် ဂျမဒါနှစ်ယောက်နှင့် စစ်သားလေးယောက် စောင့်ကြပ်ပြီး ကျွန်တော်တို့ လေးဦးကို သင်္ဘောနှင့် တင်ပြီး တစ်ကျွန်းပို့လိုက်တာကိုး ခင်ဗျ’ ဟု ပြောပြီးလျှင် မောင်မိုးသီးလည်း ဆေးလိပ်ကို တောင်း၍ မီးညှိပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ

'ဒါနှင့် သင်္ဘောပေါ်လိုက်သွားကြတော့...'

**ခိုင်။** ။'နေပါဦး၊ ပစ္စည်းတွေတော့ မဖော်ဘူးလား'

**သီး။** ။'ဘယ်က ဖော်မလဲဗျာ၊ ဖော်ပေမယ့် လွတ်မှာမှ မဟုတ်ဘဲ၊ ၁၀ နှစ် ထောင်ကျခံပြီး လွတ်တဲ့နေ့ကျမှ ဖော်ယူပြီး ပျော်ပျော်ကြီးနေကြမယ်လို့ အားခဲထားနှင့်ကြတာကို ခင်ဗျ'

**ရှား။** ။'အင်း ဟုတ်ပါပြီ၊ ဆိုပါဦး'

**သီး။** ။'ဒါနှင့် သင်္ဘောပေါ်ရောက်တော့ ကျွန်တော်တို့ စောင့်ကြပ်တဲ့ ဂျမဒါ နှစ်ယောက်က သည့်ပြင် သင်္ဘောစီးများနှင့် ဖဲရိုက်ကြတာကိုးခင်ဗျ၊ ကျွန်တော်တို့တော့ဖြင့် မမြင်ရပါဘူး၊ နောက်မှ သိရပါတယ်၊ သိပုံကတော့ သည်လိုခင်ဗျ၊ တစ်ညဟာတော့ ကျွန်တော်က အိုက်အိုက်ရှိတာနှင့် သင်္ဘောကုန်းပတ်ပေါ်မှာ တက်ပြီး လေညှင်းခံရင်း'

**ခိုင်။** ။'မင်းတို့ ထွက်ဖို့ အခွင့်ရသလား'

**သီး။** ။'သံခြေကျဉ်း နှစ်ဆင့် ခပ်လျက်ပါ ခင်ဗျာ၊ သည့်အပေါ် ရေလယ်ခေါင်ကြီးမှာ ဘာတတ်နိုင်မှာတုန်း၊ ဒါနှင့် ကျွန်တော် တစ်ယောက်ထဲ တစ်ထောင့်မှာ ကုပ်ပြီး လကလေး ကြည့်ရင်း ကိုယ့်တိုင်းပြည် ကိုယ်လွမ်းဆွတ်ပြီး နေတုန်း လူနှစ်ယောက်လာတာ ဦးထွန်းကျော်နှင့် ဦးသာဟန်တို့ကိုး ခင်ဗျာ၊ ကျွန်တော့်ကို သူတို့ မမြင်ဘူး၊ မမြင်တော့ သူတို့နှစ်ယောက် ကုန်းပတ်ပေါ်မှာ စင်္ကြံလျှောက်ရင် စကားပြောနေကြတာကိုးခင်ဗျ။ သည်တော့ ဦးထွန်းကျော်က

'ကျုပ်တော့ ခက်ပြီဗျာ၊ ပါသမျှငွေလည်း ကုန်ပြီ၊ ကုန်တဲ့အပြင် ကြွေး ၅၀၀ဝ လောက်တောင် ဟိုအကောင့်ဆီ တင်နေပြီဗျ၊ ခင်ဗျား သိတယ် မဟုတ်လား၊ သည်ငွေကို သင်္ဘော မဆိုက်ခင် ဆပ်လျှင်ဆပ်၊ မဆပ်လျှင် ဆိုင်ရာကို တိုင်တန်းမယ်တဲ့ဗျ၊ ကျုပ်မှာ ဆပ်စရာလည်း မရှိဘူး၊ ကျုပ်တော့ ရှက်တယ်၊ သေတော့မယ်၊ ဘယ်တော့မှ မမိုက်ခဲ့ဘူးနှင့်'

ဦးသာဟန်။ ။'မဟုတ်တာဗျာ၊ သည်လောက်နှင့် ဘာကိစ္စ ရှိရမှာတုန်း၊ ကျုပ်ဆီက လှည့်တာပေါ့၊ နက်ဖြန်ကျလျင် ကော်ချင်ကော်မှာပါ'

ဦးထွန်း**ကျော်။** ။'ကိုင်း နက်ဖြန်တစ်နေ့ ကော်လျှင်ကော်၊ မကော်လျှင်တော့ ကျုပ် လူ့ပြည်မှာ မနေတော့ဘူး၊ ကျုပ်သားတွေ ကျုပ်ရှက်လှတယ်ဗျာ' လို့ ပြောပြီး သူတို့ နှစ်ယောက် ထွက်သွားတာကိုး ခင်ဗျ၊ သည်တော့ ကျွန်တော့်မှာ သူတို့ နှစ်ယောက် ပြောတဲ့ စကားကြားပြီး အကြံပေါ်ပြီး ကျန်ရစ်ခဲ့တာကိုး ခင်ဗျ၊ ဒါနှင့် နက်ဖြန်ကျတော့ မနေ့က အချိန်မှာ မနေ့က နေရာနား ကျွန်တော်သွားပြီး စောင့်နေပြန်တာကိုးခင်ဗျ၊ နေပြန်တော့ တော်တော်ကြာတော့ ဦးထွန်းကျော် တစ်ယောက်ထဲ ပေါက်လာတဲ့ပြီး ကုန်းပတ်ပေါ် စင်္ကြံလျှောက်ရင်း အင်မတန် စိတ်ရှုပ်တဲ့ အမူအရာနှင့် ဆေးလိပ်ကြီး တဝင်းဝင်းနှင့် ဖွာနေတာကိုးခင်ဗျ၊ သည်တော့ ကျွန်တော်က အနားကပ်တဲ့ပြီး

'ဦးထွန်းကျော် ခင်ဗျာ၊ ကျွန်တော် စကားကလေး တစ်ခွန်းနှစ်ခွန်း တိုင်ပင်ပါရစေ ခင်ဗျာ' လို့ ပြောတော့ သူက 'ဘယ်သူလဲဟေ့ မောင်မိုးသီးလား၊ ဘာကိစ္စလဲ' တဲ့၊ သည်တော့ ကျွန်တော်က ကျွန်တော့်မှာ ပစ္စည်းဥစ္စာများစွာ မြှုပ်နှံထားရှိကြောင်း၊ သည်ပစ္စည်းများ ဆိုင်ရာကို အပ်နှံရလျှင် တစ်ကျွန်းကျဖို့ နှစ်များလျော့ပေါ့မည် ထင်ကြောင်းနှင့် စမ်းပြီး ကျွန်တော်က ပြောကြည့်တာကိုး ခင်ဗျ၊ သည်တော့ သူက 'မင်းပစ္စည်းတွေက အဖိုးဘယ်လောက် တန်သလဲကွဲ့' တဲ့၊ သည်တော့ ကျွန်တော်က 'အနည်းဆုံး ငါးသိန်းဖိုးလောက် ရှိလိမ့်မယ်ခင်ဗျာ' လို့ပြောတော့ သူက 'သြော် ငါ သိပြီ၊ သည်အမှုက ရတဲ့ ပစ္စည်းတွေလား' တဲ့၊ သည်တော့ ကျွန်တော်က 'ဟုတ်တယ်ဆရာ' လို့ပြောတော့ သူက 'နေပါဦးကွယ် ဘယ်အရာမျိုးမဆို စဉ်းစဉ်းစားစားလုပ်ပါ၊ အစိုးရကို ပြန်အပ်လို့လဲ မင်းမှာ အကျိုးရှိချင်မှ ရှိမှာကွဲ့၊ မရေရာဘူး၊ သည်တော့ ဟုတ်လား၊ မဟုတ်လား ငါသိရအောင် မင်းတို့ အဖြစ်အပျက်တွေ ပြန်ပြောစမ်းပါဦးကွယ်' လို့ ပြောတာကိုး ခင်ဗျ။

'ပြောတော့ ကျွန်တော်က အဖြစ်အပျက်ကို အကုန်အစင် ပြန်ပြော၊ ပြောပေမယ့် ပစ္စည်းမြှုပ်ထားတဲ့နေရာတော့ ကျွန်တော် မပြောဘူးပေါ့ ခင်ဗျာ၊ ဒါနှင့် ကျွန်တော် ပြောတာတွေ သူနားထောင်ပြီး အတန်ကြာအောင် စဉ်းစား၊ စဉ်းစားပြီးတော့ သူက 'နေဦး မင်းဥစ္စာ ငါတစ်ယောက်ထဲတော့ မကြံတတ်ဘူး၊ ဦးသာဟန် ခေါ်ချေဦးမယ်' ဆိုပြီး တော်တော်ကြာတော့ ဦးသာဟန် ဆိုသူ ခေါ်လာတာကိုး ခင်ဗျ၊ ခေါ်လာတော့ ကျွန်တော်က ခုနင်ကအတိုင်း တစ်ခါ ပြန်ပြီး အကျိုးအကြောင်းကို အပြောခိုင်း လို့ ပြောရပြန်ပါရော ခင်ဗျ၊ ပြောပြီးတဲ့နောက် ဦးထွန်းကျော်က 'ကိုင်း မင်းဥစ္စာ အစိုးရနှင့် ဆိုင်တဲ့ ကိစ္စမဟုတ်ဘူး၊

အစိုးရကို မအပ်လေနှင့်၊ ငါတို့ တတ်နိုင်သလောက် ကူညီမယ်၊ ဘယ်လိုများ မင်းက ကူညီစေချင်သလဲ၊ ကူညီပြီး ငါတို့ကို မင်း ဘယ်လောက်ပေးမလဲ’ လို့ မေးတာကိုး ခင်ဗျ၊ သည်တော့ ကျွန်တော်က ကျွန်တော်နှင့်တကွ ကျွန်တော် မိတ်ဆွေ သုံးယောက်ကို လွတ်မြောက်အောင် ကူညီပါ၊ ကူညီပြီးတဲ့နောက် ပစ္စည်းတွေကို အညီအမျှ ခွဲဝေပြီး ယူပါမယ်လို့ ပြောတာကိုးခင်ဗျ။

‘သည်တော့ သူက ‘လွတ်မြောက်ဖို့ ကူညီတာတော့ ဟုတ်ပါပြီကွယ်၊ သို့သော် ခုချက်ခြင်း မင်းတို့ကို လွတ်အောင်တော့ ငါတို့လဲ မတတ်နိုင်ဘူးကွဲ့’ တဲ့၊ သည်တော့ ကျွန်တော်က ‘ခုချက်ခြင်း ဘာဟုတ်မလဲ ခင်ဗျာ၊ ကျွန်တော် နည်းနည်း ပြောပါမယ်၊ တစ်ကျွန်းရောက်တော့ အကျဉ်းသမားများဟာ သည့်ပြင်ထောင်များမှာလို အင်မတန် ကျဉ်းကျဉ်းကျပ်ကျပ်ကြီး မရှိ၊ ချောင်ချောင်ချိချိ အချိန်နှင့် သွားခွင့် လာခွင့် ရတယ်ဆို၊ ဟုတ်ကဲ့ မဟုတ်လား’ လို့ မေးတော့ ဦးထွန်းကျော်က ‘ငါတို့လဲ သည်လိုပဲ ကြားဖူးတယ်’ တဲ့ ခင်ဗျ၊ သည်တော့ ကျွန်တော်က ‘ကောင်းပြီ၊ သည်တော့ကာ ခင်ဗျားတို့က ဘင်္ဂလားဆီ၊ မာဒရပ်ဆီက ရွက်လှေကလေးတစ်ခုဝယ်၊ ဝယ်ပြီး စားနပ်ရိက္ခာတွေ ကျွန်တော်တို့ လေးယောက်အတွက် ပြည့်စုံအောင် တင်ခဲ့၊ တင်ခဲ့ပြီးနောက် တစ်ကျွန်းက ဆိပ်ကမ်းတစ်ခုမှာ လာပြီး ကပ်၊ သည်တော့ ကျွန်တော်တို့ လေးယောက် ညအခါ ဆင်းလာပြီး ထွက်ပြေးကြမယ်၊ ကိုင်း ဘယ့်နှယ်လဲဗျာ’ လို့ မေးတော့ ဦးထွန်းကျော်က ‘ဟုတ်တော့ ဟုတ်ပါပြီကွယ်၊ မဖြစ်နိုင်စရာလဲ မရှိပါဘူး၊ သို့သော် မင်းပြောတဲ့အတိုင်း မှန် မမှန်ကိုငါ ရှေးဦးစွာ စုံစမ်းကြည့်ရလိမ့်မယ်၊ စုံစမ်းကြည့်လို့ မင်းပြောတဲ့ အတိုင်း ပစ္စည်းတွေ တွေ့လို့ ရှိလျှင် မင်းအကြံအတိုင်း ငါတို့လိုက်နာမယ်’ လို့ပြောတာကိုးခင်ဗျ။

‘သည်တော့ ကျွန်တော်က ကျွန်တော့်အကျဉ်းသမား ကုလားအဖော် သုံးယောက်ကို တိုင်ပင်ပါရစေဦး ဆိုပြီး တိုင်ပင်၊ တိုင်ပင်တော့ နောက်ဆုံးကျတော့ သူတို့ကလဲ သဘောတူရှာကြတာပါပဲ ခင်ဗျ၊ သည်တော့ ကျွန်တော်တို့ ဘယ့်နှယ် လုပ်သလဲ၊ ပစ္စည်းဝှက်ထားရာ အရပ်၏ မြေပုံကို ကူး၊ ကူးပြီး သူတို့ကိုပေး၊ ပေးပြီး ဦးထွန်းကျော်က တစ်ကျွန်းရောက်တော့ ခွင့်ခံပြီး သွားကြည့်၊ ကြည့်လို့ တကယ်ရှိလို့လျှင် ကျွန်တော် ပြောတဲ့အတိုင်း လှေကလေးတစ်ခု ငှားပြီး စားရေရိက္ခာနှင့် အပြည့်အစုံလာဖို့ကိုး ခင်ဗျ၊ ဒါနှင့် သည်အကြံအတိုင်း ခြောက်ဦးသား သဘောတူ သစ္စာရေသောက်ကြပြန်ပါရော ခင်ဗျာ၊ ကဲ တိုတို ပြောတော့မယ်၊ တစ်ကျွန်းရောက်ပါရော ခင်ဗျာ၊ ရောက်တော့ ဦးထွန်းကျော်က ခွင့်ခံပြီး ဉစ္စာကြည့်ရယ်လို့ သွားပါရော ခင်ဗျာ၊ သွားလိုက်တာ မပေါ်လာဘူးခင်ဗျ၊ မပေါ်လာတော့ နောက်တော့ ဦးသာဟန်ဆီ စာရသတဲ့၊ သူဖြင့် မကျန်းမာလို့ ခွင့်ခံပြီး မြန်မာပြည်ပြန်သွားပြီတဲ့၊ ကျွန်တော့်ကိုတောင် စာပြသေးတယ်၊ နောက်တော့ဦးသာဟန်လဲပြန်သွားရော၊ ကျွန်တော် တို့မှာ တစ်ကျွန်းအဖတ်တင်ပြီး ပစ္စည်းလဲဆုံး၊ လူလဲ မလွတ်နှင့် မွတ်ပြီးကျန်ရစ်ခဲ့တာကိုးခင်ဗျ၊ သည်တော့ ကျွန်တော့် စိတ်ထဲ ဘယ်နှယ်ဖြစ်သလဲ၊ ဧကန္တ ဦးထွန်းကျော်ဆိုတဲ့ အကောင် ကျွန်တော်တို့ကို နှပ်တာပဲ၊ သည်တော့ တစ်သက်မှာ သူ့အပေါ် လက်စားမချေရလျှင် မနေဘူးဆိုပြီး လွတ်ကြောင်းချည်းပဲ ကြံစည်ခဲ့တာကိုး ခင်ဗျ၊ သည်အခါကျတော့ ကျွန်တော် မှာ ပစ္စည်းလိုချင်လို့ သည်လောက်မဟုတ်ပါဘူးခင်ဗျ၊ လူကို လက်စားချေချင်တဲ့ စိတ်လောက်ပဲ ရှိပါတော့တယ်၊ သည်လိုနှင့် လွတ်ရာလွတ်ကြောင်း ကြံစည်ပြီးနေခဲ့၊ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ကူးပြီးသာလာခဲ့၊ အကြံကိုပဲ အထမမြောက် ခဲ့ပါဘူး ခင်ဗျာ၊ သည်လိုရှိနေတုန်း တစ်နေ့သ၌တော့ တစ်ကျွန်းက လူရိုင်းကလေး တစ်ယောက် တောစပ်မှာ ဖျားပြီးလဲနေ၊ ကျွန်တော်လည်း ဆေးကလေးဝါးကလေး ဝါသနာပါတာနှင့် ကုသပေးခဲ့၊ ပျောက်သွားရှာတာကိုးခင်ဗျ၊ သည်တော့ သည် အရိုင်းကလေးက ကျွန်တော့်ကို အင်မတန် ကျေးဇူးတင်ပြီး ဘယ်အခါမှ မခွာဘူး၊ နောက်က တကောက်ကောက် လိုက်နေ တာကိုးခင်ဗျ၊ ဩော် ဒါထက် ပြောရဦးမယ်၊ ကျွန်တော့် ခြေထောက်ဟာ အစက အကောင်းပါခင်ဗျာ၊ တစ်ကျွန်း ရောက်တဲ့နေ့မှာမှ သစ်လုံးဖိမိလို့ ဆေးရုံတက်ပြီး ခြေဖြတ်ပစ်ရလို့ သစ်သားခြေထောက် တပ်ထားရပါတယ်၊ ဒါနှင့် ခုနင်က လူရိုင်းကလေးက ကျွန်တော့်ကို အင်မတန် ချစ်ခင်ပြီး နေ့ရောညဉ့်ပါ အတူတကွ နေလေတော့ ကျွန်တော်လဲ သူတို့ ဘာသာ စကားများ တတ်ပြီး တစ်နေ့သ၌တော့ ကျွန်တော်က ထွက်ပြေးချင်တဲ့အကြောင်းများ တိုင်ပင်ကြည့်တာကိုးခင်ဗျ။ သည်တော့ သူက သူ့မှာ လှေတစ်စီးရှိတယ်တဲ့၊ သည်လှေပေါ်မှာ အုန်းသီးတွေ၊ ဘာတွေ စားစရာတွေ များများဝှက်ထည့်ပြီး ဆိပ်ကမ်းက ချုံတစ်ခုမှာ ဝှက်ပြီးထားမယ်တဲ့၊ အခွင့်သာတဲ့ အခါမှာ ထွက်ပြီးပြေးလျှင် သူလည်းလိုက်ပါမယ်တဲ့ ပြောတာကိုးခင်ဗျ။

‘သည်တော့ ကျွန်တော်လဲ သူ့အကြံအတိုင်းလိုက်ပြီး တစ်ညမှာ တစ်ကျွန်းက ဆရာတပည့်နှစ်ယောက် ထွက်ပြေးလာခဲ့တာကိုး ခင်ဗျ၊ လမ်းခရီးမှာ ရောက်လိုက်တဲ့ဒုက္ခဆိုတာတော့ မပြောပါနဲ့တော့ခင်ဗျ၊ သေရုံသလောက်မှ မကောင်းပါဘူး၊ သည်လိုနှင့် တစ်လလောက် ဒုက္ခခံပြီး ကံအားလျှော်စွာ စင်္ကာပူရောက်၊ အဲဒီမှာ ပိုက်ဆံလေး ဘာကလေး ကူလီလုပ်ရှာပြီးမှ ရန်ကုန်ကို သင်္ဘောနှင့် ပြန်ခဲ့တာကိုးခင်ဗျ၊ ရန်ကုန်ရောက်တော့ ဦးထွန်းကျော်နေတဲ့ အရပ်ကိုရှာ။ ရှာလို့ တွေ့ရော၊ တွေ့တော့ သူက

အင်မတန်သတိနှင့်နေလေတော့ သူ့အသက်ဖြတ်ဖို့ ကြံလို့ကိုမရဘူးခင်ဗျ၊ သည်လိုနှင့်နေတုန်း တစ်နေ့သ၌ သူ အသည်းအသန် ဖြစ်နေတယ်လို့ကြားရော၊ ကြားလို့ သူ့အိမ်ဝင်းထဲ မနဲကြံပြီး ဝင်သွားပါတယ်၊ ကျွန်တော်လဲ ရောက်ကရော သူလဲ အသက်ပျောက်ပါရောခင်ဗျာ၊ သည်ညက ကျွန်တော်ဝင်ပြီး အိမ်ထောင်မှုပစ္စည်းတွေဘာတွေ မွှေနှောက်ပြီး ရှာသေးတယ်၊ ရှာပေတဲ့ မတွေ့ဘူးဗျ၊ မတွေ့လို့ အလောင်းမှာ စာတောင် ကပ်ထားသေးတယ်၊ နောက်တော့ ကျွန်တော် သူ့သားများတွေ့လေသလားလို့ သတင်းနားခံပြီးနေ၊ သူတို့လဲ မတွေ့ဘူးတဲ့ ခင်ဗျ၊ တွေ့မယ့်တွေ့တော့ မျက်နှာကြက်ပေါ်မှာ သွားပြီးတွေ့သတဲ့၊ တွေ့ကြောင်းလဲ ကျွန်တော်ကြားရော၊ ကျွန်တော့် တပည့်နှင့် ကျွန်တော်နှင့် နှစ်ယောက် သွားတဲ့ပြီး သူ့ခါးမှာကြိုးချည်လွှတ်လိုက်တယ်၊ တက်သွားလိုက်တဲ့အကောင် ခင်ဗျာ၊ တကယ့်မျောက်ကျနေတာပဲ၊ ဒါနှင့် အမိုးပေါ်က အပေါက်ကသူဆင်း၊ ဆင်းတော့ ဘိုးရွဲက ကံဆိုးချင်တော့ အခန်းထဲမှာ ရှိနေရှာတာကိုး ခင်ဗျ၊ ဒါနှင့် သူ့ဆိပ်လူးမြားဆူးနှင့်မှုတ်လိုက်တာ ပွဲခြင်းပြီးရှာပါရော ခင်ဗျာ၊ နောက်ပြီးတော့မှ ကျွန်တော်က ပြတင်းပေါက်က သူချပေးတဲ့ ကြိုးနှင့် တွယ်ပြီးတက်၊ တက်လာတော့ ဘိုးရွဲ သေနှင့်ရှာပြီ၊ သည်တော့ မတတ်နိုင်ပါဘူးလို့ ကောင်ကလေး နားသယ် တစ်ချက်နှစ်ချက်ပုတ်ပြီး သံသေတ္တာကိုချ၊ သော့ကို ဘိုးရွဲအလောင်းက ယူ၊ ယူပြီး သံသေတ္တာကို ကြိုးနှင့် ပြတင်းပေါက်က လျှောချပြီးကျွန်တော်ဆင်း၊ ဆင်းပြီး တပည့်ကျော်ကို ခြေရာလက်ရာ မကျန်ရစ်အောင်လို့ ပြတင်းတံခါး အပိတ်ခိုင်းပြီး လာတဲ့လမ်းကပြန်ဆင်းစေခဲ့တာကိုး၊ ဒါပါပဲ ခင်ဗျာ၊ မရှင်းတာ ရှိရင် မေးပါတော့'

**ရှား။** ။'သည်ကနေ့ည ဘာလုပ်မယ်လို့ မော်တော်ဘုတ်နှင့် ကူးသလဲ'

**သီး။** ။'သြော် သည်လို ခင်ဗျ၊ သည်လောက်များတဲ့ ပတ္တမြားတွေကို သည်ပြည်မှာ ရောင်းလျှင် ကျွန်တော့်ပုံပန်းနှင့်ဘယ်သူကမှ ယုံကြည်မှာ မဟုတ်လေတော့ နက်ဖြန်ထွက်မယ့် သင်္ဘောနှင့် ဘင်္ဂလားလိုက်မယ်လို့ ခင်ဗျ'

**ရှား။** ။'သြော် ဟုတ်လား၊ ပြီးတော့ ကျုပ် ဆိပ်လူးမြားအိတ်ကလေး တစ်ခု တွေ့တယ်၊ မြားတွေလဲ တွေ့တယ်၊ သည်ဟာတွေ့တော့ ခင်ဗျား တပည့်ကျော်မှာ ပစ်စရာ မြား မရှိဘူး မှတ်တယ်။ သည်ကနေ့ညတော့ မော်တော်ဘုတ်ပေါ်ကနေပြီးကျုပ်တို့ကို ပစ်သေးသကိုးဗျ၊ ဘယ်က ရသလဲ'

**သီး။** ။'မြားတွေ အကုန် ကျနေရစ်တယ်၊ ပြောင်းတံမှာ ထည့်ထားတဲ့ မြားဆူးတံ တစ်ချောင်းပဲ ကျန်တယ်'

**ရှား။** ။'သြော် ဟုတ်ကဲ့လား၊ သည်ဟာ ကျုပ် မတွက်မိဘူးဗျို့' ဟု ပြောလျှင် အင်စပိတ်တော် ဦးအုန်းခိုင်လည်း ထိုင်ရာမှ ထ၍

'ကိုင်း ဦးစံရှား၊ တော်တော်လဲ အချိန်လင့်သွားပြီ၊ မေးစရာ ကုန်လောက်ပြီ မှတ်တယ်၊ ကျုပ်တို့ ပြန်ပါရစေဗျာ၊ ခွင့်ပြုပါ။ မောင်မိုးသီး မိတာတော့ ခင်ဗျား ကျေးဇူးပေပဲ၊ သို့သော် ဆုငွေတော့ဖြင့် တယ်ကြီး ရဖို့ မမြင်ဘူးဗျို့၊ ပတ္တမြားတွေလဲ ဆုံးရှာပေပေါ့၊ ကိုင်း မေးစရာရှိသေးသလား'

**ရှား။** ။'မရှိပါဘူးဗျာ၊ ညဥ့်လဲနက်ပါပြီ၊ ပြန်ကြပါတော့'

၎င်းနောက် အင်စပိတ်တော်နှင့် ပုလိပ်နှစ်ယောက်တို့လည်း တရားခံကို ခေါ်၍ တိုက်ပေါ်မှ ဆင်းသွားကြရာ ကျွန်တော်မှာမူ ၎င်းအမှုတွင် ရှေးဦးစွာ အမှုရှင် ဖြစ်သော ဆရာမ မနှင်းညွန့်ကလေး၏ ဆုံးပါးသော ပစ္စည်းဘဏ္ဍာများအကြောင်းကို စဉ်းစားစိတ်ကူးလျက် ပစ္စည်းပင် မရှိသော်လည်း ၎င်း၏ အပေါ်၌ ဖြစ်ပေါ်မိသော မေတ္တာစိတ်သည် တိုး၍ တိုး၍ သာလျှင်လာခဲ့သည် ဖြစ်သောကြောင့် ၎င်း၏မျက်နှာကလေးကို တရေးရေး ထင်မြင်လျက် ရှိစဉ် မောင်စံရှားက 'ပစ္စည်းဆုံးပေမဲ့ သူငယ်မကလေးက တယ်ပြီး မိန်းမ ပီရှာပေတာကပဲဗျာ' ဟု ခပ်ပြုံးပြုံး ပြောလိုက်သဖြင့် ကျွန်တော်မှာ အကြံကို သိသွားသဖြင့် မျက်နှာပူပူနှင့် အိပ်ခန်းသို့ ဝင်ရလေ၏။

## ပြီးပါပြီ

× × × × × ×

# ၂။ မောင်စံရှားသည် အဘယ်ကြောင့် လူပျိုကြီးလုပ်၍ နေပါသနည်း

နွေရာသီအကူးဖြစ်သဖြင့် ပူပြင်းသော နွေအခါ၌ ညနေခင်းအချိန်တွင် ကျွန်တော်နှင့် မောင်စံရှားတို့သည် သုံးထပ်တိုက် အမိုးပေါ် သို့ တက်ကြပြီးလျှင် ပက်လက်ကုလားထိုင် တစ်ခုစီနှင့် လေညှင်းခံလျက် ရှိကြစဉ် ဥတုရာသီအကြောင်းမှစ၍ ရောက်တတ်ရာရာ ထွေရာလေးပါးစကားတို့ကို ပြောဆိုလျက် ရှိကြရာ နောက်ဆုံး၌ မိန်းမအကြောင်းနှင့် ပတ်သက်၍ အိမ်ထောင်ရက်သား ပြုရခြင်း၏ အကျိုးအပြစ်တို့ကို တစ်ယောက်တစ်ခွန်း ထင်မြင်ချက်ပေးလျက် ရှိကြလေ၏။

**ကျွန်တော်။** ။'ဒုက္ခများတာတော့ ဟုတ်တယ် ကိုစံရှားရဲ့၊ နို့ပေမယ့် ခင်ဗျားလည်း အသက် လေးဆယ်ကျော်လို့ ငါးဆယ် ချဉ်းလာတော့ အိုမင်းမစွမ်း ရှိတဲ့အခါမှာ ကျောထောက် နောက်ခံ ဆိုတာလို့ သားသမီး တစ်ယောက်တစ်လေ ရှိအောင်တော့ အိမ်ထောင်ရက်သား ပြုဦးမှ တော်မယ် ထင်တယ်ဗျ'

**ရှား။** ။'သားသမီး ဆယ်ယောက် ရှိလို့ မိဘမှာ ကျောထောက်နောက်ခံ ရတဲ့ သားသမီး ဘယ်နှစ်ယောက် ပါမယ် ထင်သလဲ၊ သားသမီး ရှိတဲ့ မိဘတွေ တစ်ရာရှိတဲ့ အနက်က ၄၀မှာ အားကိုးရတဲ့ သားတစ်ယောက် ရှိပြီ၊ သမီး တစ်ယောက် ရှိပြီလို့ ရဲရဲကြီး စိတ်ချရတဲ့ မိဘ ဘယ်နှစ်ယောက် ရှိမယ် ထင်သလဲ'

**ကျွန်တော်။** ။'ဒါတော့ အဟုတ်သားပ၊ နို့ပေမယ့် သက်ကြီးရွယ်ရင့်ဖြစ်တဲ့ အခါကျတော့ ကိုယ့်သွေး ကိုယ့်သားထဲက တစ်ယောက်တစ်လေ ရှိတယ် ဆိုတာ ကောင်းတာပေါ့ဗျ'

**ရှား။** ။'တန်ပါ မိတ်ဆွေ၊ သားသမီး လိုချင်လို့ မိန်းမယူတဲ့ လူရယ်လို့ ဘယ်မှာ ကြားဖူးလို့လဲ၊ မိန်းမကို ချစ်မိ ကြိုက်မိလို့ ယူကြရတာ မဟုတ်ဘူးလားဗျ'

**ကျွန်တော်။** ။'ခင်ဗျားမှာတော့ သူတစ်ပါးလို မိန်းမတစ်ယောက်ကို စတင်ပြီး ချစ်မယ့် ကြိုက်မယ့် လူတစ်ယောက် မဟုတ်လို့ တခြားအကြောင်းပြပြီး တိုက်တွန်း ရတာပဗျ'

**ရှား။** ။'မချစ်ဘူး၊ မကြိုက်ဘူးရအောင် ခင်ဗျားက ကျုပ်ကို အာသဝေါ ကင်းနေတယ် မှတ်လို့လားဗျ'

**ကျွန်တော်။** ။'နို့ ခင်ဗျား ချစ်ဖူး ကြိုက်ဖူးလို့လားဗျ'

ထိုအခါ မောင်စံရှားသည် ပက်လက် ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ ထိုင်ရင်း အလွန်ဝေးကွာသည့် အရပ်သို့ မျှော်၍ ကြည့်နေသော မျက်နှာထားမျိုးနှင့် အတန်ကြာ စကားမပြောဘဲ ကြည့်နေပြီးနောက် သက်ပြင်းချလျက်

**ရှား။** ။'ခင်ဗျားနှင့် သိကျွမ်းကြတာ လေးငါးခြောက်နှစ်ရှိသွားပြီ၊ ခင်ဗျားကို သည်အကြောင်း ကျုပ်တစ်ခါမှ မပြောဖူးသေးဘူး၊ သို့သော် နေဦး ကျုပ် ပြဦးမယ်' ဟု ပြောပြီးလျှင် မောင်စံရှားသည် တိုက်မိုးပေါ်မှ အောက်သို့ ဆင်းသွားလေ၏။ တစ်ခဏမျှကြာသောအခါ မောင်စံရှားသည် ဓာတ်ပုံ တစ်ခုကို ကိုင်လျက် တက်လာ၍

**ရှား။** ။'ရော့ ကိုသိန်းမောင်၊ သေသေချာချာ ကြည့်စမ်း၊ သည်မိန်းမမျိုးကို ချစ်ကြိုက်ဖူးတဲ့ သူဟာ နောက်ထပ်ပြီး ချစ်နိုင် ကြိုက်နိုင်ပါဦးတော့မလားဗျာ' ဟု ပြော၍ ဓာတ်ပုံကို ကျွန်တော့်အား ပေးသဖြင့် ကျွန်တော်သည် ဓာတ်ပုံကို သေချာစွာ ကြည့်ရှုရာ ရုတ်တရက် စကားမပြောနိုင်ဘဲ မျက်လုံးများ ပြူးလျက် ရှိနေမိလေ၏။ စင်စစ်သော်ကား များစွာသော မိန်းမတို့သည် ချောကြပါ၏၊ လှကြပါ၏။ သို့ရာတွင် ထိုဓာတ်ပုံတွင် ပါရှိသော မိန်းမမှာ သာမညအားဖြင့် ချောမောလှပခြင်းထက် မိဖုရားသဖွယ် ခံ့ထယ်သိုက်၍မြိုက်စွာ ရှိသော ကိုယ်ဟန် အနေအထားနှင့် ချိုအေးကြည်လင် အလွန်လျှင် ချစ်ခင်ဖွယ်ကောင်းသော မျက်နှာထားတို့သည် တစ်ဦးသောသူ၌ ရောနှောလျက် ရှိရာကား တစ်ခုသော ဂုဏ်ထူးသည် တစ်ခုသော ဂုဏ်ထူး၏ ကြက်သရေကို တိုးတက်စေလျက် ရှုမြင်သူတို့၏ စိတ်၌ ဖိုလှိုက် အံ့ဩဖွယ်ရာ တစ်ခုပင် မှတ်ထင်ရပေ၏။ ထိုထက် အံ့ဩဖွယ်ရာတစ်ခုမှာ ထိုမိန်းမ၏ မျက်လုံးများ ဖြစ်လေရာ ၎င်း၏ မျက်လုံးတို့မှာ အထူးသဖြင့် ဉာဏ်ပညာ နက်နဲထက်မြက်ကြောင်း ထင်ရှားစေသည် ဖြစ်သောကြောင့် ရုပ်ပုံပင်ဖြစ်သော်လည်း ၎င်းရုပ်ပုံကို ကြည့်မိသော သူတို့မှာ ထိုမိန်းမသည် ငါ၏ အသည်းနှလုံးချောင်အတွင်း၌ ခိုကပ် ပုန်းအောင်းလျက် ရှိသော စိတ်ကူး အကြံအစည်ကိုပင် သိရှိလေပြီတကားဟု ထင်မှတ်လောက်အောင် ရှိပေ၏။

ကျွန်တော်သည် ဓာတ်ပုံကို ကြည့်ပြီးနောက် မောင်စံရှားလက်သို့ ပြန်အပ်၍ ထိုမိန်းမ၏ အင်္ဂါရုပ်ကို ချီးမွမ်းပြောဆိုလေရာ မောင်စံရှားသည် ကျွန်တော် ပြောဆိုသည့် စကားများကို နားထောင်သည့် လက္ခဏာ မရှိဘဲ ဓာတ်ပုံကို စိုက်ငေးကာ ကြည့်ပြီးနောက် သက်ပင့်ရှု၍ ဓာတ်ပုံကို ရုပ်အင်္ကျီအိတ်၌ ထည့်ထားလိုက်လေ၏။

**ကျွန်တော်**။ ။'ဓာတ်ပုံရှင်အကြောင်းကို တဆိတ်လောက် မကြားရဘူးလားဗျာ'

**ရှား**။ ။(အဝေးသို့ မျှော်ကြည့်နေသည့် မျက်နှာထားမျိုးနှင့် တွေဝေကာ ရှိနေပြီးနောက်) 'ဘယ်သူ့မှ ကျုပ် မပြောဖူးပါဘူးဗျာ၊ သို့သော်လည်း စကားစပ်မိလို့ ပြောပြ ရဦးမှာပဲဗျာ'

ငင်းနောက် မောင်စံရှားသည် အံ့သြဖွယ်ရာကောင်းလှသော အောက်ပါ အဖြစ်အပျက်များကို ပြော၍ ပြလေရာ ကျွန်တော်သည် ၎င်း၏ စကားအတိုင်း မဟုတ်ဘဲ ဝတ္ထုသွား အစီအစဉ်ကဲ့သို့ တည်ထွင်ပြီးလျှင် ဆိုင်ရာ ဆိုင်ရာ အခန်းခန်းခွဲ၍ ရေးသားဖော်ပြလိုက်ပေသတည်း။

× × × × × ×

**အခန်း (၁)**

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော်ခန့်အချိန်က တစ်ညသ၌ အသက် ဆယ့်ရှစ်နှစ် အရွယ်ခန့် မိန်းမပျိုတစ်ယောက်နှင့် အသက် နှစ်ဆယ့်ငါးနှစ်ခန့် လုလင်ပျို တစ်ယောက်သည် မန္တလေးမြို့ အနောက်ပြင် ဂုဏ်တန်ရပ်ကွက်ရှိ တစ်ခုသော အိမ်ကြီး လသာခန်းတွင် သမီးရည်းစားဘာဝ ကြင်နာယုယသော အမူအရာနှင့် စကားပြောဆိုလျက် ရှိကြလေ၏။ ထိုအိမ်ကြီးသည်ကား မြို့ဝန်ဦးလူကလေး၏ အိမ်ကြီး ဖြစ်လေရာ မိန်းမပျိုကလေးမှာ ဦးလူကလေး၏ တစ်ယောက်တည်းသော သမီးဖြစ်၍ အမည်မှာ မိမိကြီးဟူ၍ တွင်လေ၏။ မိမိကြီး၏ ဖခင်သည် မော်ကျော်မြ၏ ဖခင်နှင့် သူငယ်ချင်း ဖြစ်ကြသည့်အလျောက် မောင်ကျော်မြသည် ထိုအိမ်သို့ ငယ်စဉ်အခါမှစ၍ သွားလာဝင်ထွက်လေ့ရှိခဲ့သည် ဖြစ်ရာ မြို့ဝန်ဦးလူကလေးသည်လည်း မောင်ကျော်မြသည် သူငယ်ချင်း၏ သားဖြစ်သည့်ပြင် စဉ်းစားဆင်ခြင်တတ်သည့် ဉာဏ်ပညာနှင့်လည်း အထူးသဖြင့် ပြည့်စုံခဲ့သည် ဖြစ်သောကြောင့် မိမိ၏သမီး ကြီးပြင်းသည့်အခါ၌ ၎င်းသူနှင့်ပင် လက်ထပ်ထိမ်းမြားစေအံ့ဟု အကြံရှိခဲ့လေ၏။

မောင်ကျော်မြ၏ ဖခင်ကလည်း ထိုနည်းအတူ အကြံအစည်ရှိခဲ့ဟန် တူလေရာ သေခါနီးဆဲဆဲ၌ သူ၏သားအား ၎င်းအကြံအစည်ကို ဖွင့်ဟပြောဆိုပြီးလျှင် အဖ၏ စကားကို နားထောင်ရစ်စေရန် အတန်တန် မှာထားခဲ့လေ၏။ မိမိကြီးမှာလည်း အရုပ်အရည်အားဖြင့် လည်းကောင်း ဆိုဖွယ်ရာမရှိ ဖြစ်ရလေကား မောင်ကျော်မြမှာ ဖခင်၏ စကားကို လိုက်နာရန် များစွာ မခဲယဉ်းဘဲ ထိုအိမ်သို့ ရှေးကနည်းတူ ဝင်ထွက်သွားလာရင်းနှင့်ပင် တစ်နေ့သ၌ လူငယ်တို့ ဘာဝ ချစ်ကြိုက်ကြောင်းကို ဖွင့်ဟပြောဆိုပြီး ဖြစ်ကြလေ၏။

မောင်ကျော်မြမှာ ထိုအခါ၌ ကိုးတန်းစာမေးပွဲကို အောင်မြင်ပြီး ဖြစ်သော်လည်း စာရေးစာချီ အစရှိသော အစိုးရ အမှုထမ်း အလုပ်အကိုင်မျိုး၌ လုပ်ကိုင်ရန် မလိုလားသည်ဖြစ်၍ ဖခင်၏ အလုပ်ဖြစ်သော ပွဲစားလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ရာ မောင်ကျော်မြသည် ၎င်းလုပ်ငန်းကိုလည်း မနှစ်သက်သည် ဖြစ်သောကြောင့် မည်သို့သော အလုပ်မျိုးသည် မိမိ၏ အထုံဝါသနာနှင့် လျော်ညီသည်ကို ရွေးချယ်ရင် ဝတ်ကြေဝတ်ကုန်မျှသာလျှင် ဆက်လက် လုပ်ကိုင်လျက် ရှိခဲ့လေ၏။

ယခုရေးသားဖော်ပြလျက်ရှိသော ညဥ့်အခါ၌ကား ဦးလူကလေး လင်မယားတို့သည် မိတ်ဆွေတစ်ယောက်၏ အလှူမဏ္ဍာပ်သို့ သွားရောက်လည်ပတ်ခိုက် ဖြစ်သဖြင့် သမီးရည်းစားနှစ်ယောက်တို့သည် အရေးကြီးသော အကြောင်းအရာများကို တိုင်ပင်လျက် ရှိနေသည့် လက္ခဏာနှင့် အိမ်ရှေ့လသာခန်းတွင် ရှိနေကြရာ

**မိမိကြီး**။ ။'ကိုကိုမြကလဲ၊ ကိုကိုမြရယ် ဖွင့်ပြောရင်လဲ ပြောပြစမ်းပါရှင်၊ ကျွန်မကို မယုံကြည်နိုင်လို့ စကားကုန် မပြောသလား ကိုကိုမြရဲ့'

**မြ**။ ။(ရည်းစားသည်၏ လက်ကလေးကို ယုယကြင်နာသော အမူအရာနှင့် ကိုင်လျက်) 'ပြောလို့ မတော်တဲ့ စကားမို့ မပြောဘဲ ရှိပါတယ် နှမရယ်၊ ကိုကို့ကို ယုံကြည်လို့ရှိလျှင် ပြောသမျှ စကားလောက်နှင့် ယခု တင်းတိမ်ပြီး နောက်ကျတော့ အဖြစ်အပျက် အလုံးစုံကို ရှင်းလင်းပြီးပြပါမယ် နှမရယ်'

**ကြီး**။ ။(နှုတ်ခမ်းစူလျက်) 'ဟင့်အင်း သဘောမကျနိုင်ဘူး၊ ပြောရမယ်၊ အခု အကုန်ပြောပြရမယ်'

**မြ**။ ။'ခက်ပါပြီ နှမရယ်၊ အခု ဖွင့်ပြီး ပြောလို့ရှိလျှင် ကိုကို့မှာ အန္တရာယ်ကြီး ဖြစ်လိမ့်မယ် နှမရဲ့၊ ကိုင်း သည်လောက် ပြောရင် နှမက ကျေနပ်ပါတော့ကွယ်'

**ကြီး**။ ။'ကျွန်မတစ်ယောက်တည်း ပြောရုံနှင့် ကိုကို့မှာ အသက်ဆုံးရှုံးဖို့ ရှိတယ်လား'

**မြ**။ ။'အသက်ဆုံးရှုံး တတ်ပါတယ် နှမရယ်'

**ကြီး**။ ။'ဘယ်လို ကိစ္စ<များပါလိမ့် သိချင်လိုက်တာ ကိုကိုရယ်'

**မြ**။ ။'သိချိန်တန်တော့ သိပါလိမ့်မယ် နှမရယ်၊ သည်းခံလိုက်ပါဦး၊ ကိုင်း သည်တော့ နှမက ကိုကိုပြောတဲ့အတိုင်း ယခု တစ်လ နှစ်လ အတွင်းမှာ ကိုကိုမလာပေမယ့် စိတ်မဆိုးနှင့်၊ ကိုကို့အကြောင်းကို ဘယ်သူကဘယ်လိုပင် မကောင်းပြော သော်လည်း နှမ မယုံကြည်ရစ်နှင့်နော်'

**ကြီး**။ ။'ကျွန်မတို့ အိမ်ကို ကိုကို မလာရအောင် ဘယ်သွားမလို့လဲ ကိုကိုရဲ့'

**မြ**။ ။'ဘယ်သွားမယ်လို့လဲ မပြောနိုင်ဘူး နမ'

**ကြီး**။ ။'နို့ သူများက မကောင်းပြောရအောင် ကိုကိုက ဘာများ လုပ်ခဲ့လို့လဲ ကိုကိုရယ်'

**မြ**။ ။'ဒါလည်း ကိုကို မပြောနိုင်ဘူး နမရယ်၊ ကိုကို့ကို ယုံကြည်လို့ရှိလျှင် အစစအရာရာမှာ မျက်စိမှိတ်ပြီး လုံးလုံးကြီး ယုံကြည်ရစ်ပါတော့ နမရယ်၊ ဟော ဒေါ်ဒေါ်တို့၊ ဦးတို့ ပြန်လာကြပြီ၊ သွားပြီ နမရေ'

၎င်းနောက် မောင်ကျော်မြသည် အိမ်နောက်လှေခါးမှ လျင်မြန်စွာ ဆင်း၍ သွားလေရာ မိမိကြီးမှာ တားဆီးခြင်းငှာ မတတ်နိုင်ဘဲ မျက်ရည်ဝိုင်းလျက် မောင်ကျော်မြ သွားရာသို့ မျှော်ကြည့်ကာ ကျန်ရစ်လေ၏။

× × × × × ×

**အခန်း (၂)**

မောင်ကျော်မြသည် မိမိကြီးတို့၏ အိမ်မှ ဆင်းလာခဲ့၍ ကျောက်သွေးတန်းလမ်း တစ်လျှောက် လျင်မြန်စွာ လျှောက်လာခဲ့ရာ မြင်းရထားတစ်စီးကို တွေ့သည်နှင့် တက်စီးပြီးလျှင် မြင်းရထားသမားအား ဓားတန်းရပ်ကွက်သို့ မောင်းနှင်စေလေ၏။ ဈေးချိုတော် မြောက်ဘက်ရှိ ဓားတန်းရပ်ကွက်သို့ ရောက်သောအခါ မောင်ကျော်မြသည် မြင်းရထားကို ရပ်စေ့ ရထားခပေးပြီးလျှင် အနည်းငယ် ခြေကျင်လျှောက်ပြီးနောက် တစ်ခုသော တိုက်အိုကြီးသို့ ရောက်၍ မိမိအား သူတစ်ပါးတို့ မြင်လေသလောဟု တောင်မြောက် လေးပါးတို့ကို ကြည့်ရှုပြီးလျှင် မိမိ၏ အိတ်၌ ပါသော သော့နှင့် တိုက်တံခါးကို ဖွင့်၍ တိုက်တွင်းသို့ ဝင်သွားလေ၏။

အတွင်းသို့ ရောက်သောအခါ မောင်ကျော်မြသည် တိုက်တံခါးကို တဖန် ပိတ်ပြီးနောက် မိမိ၏ အိတ်ထဲ၌ ဆောင်ယူခဲ့သော လက်နှိပ်ဓာတ်မီးကို ထုတ်၍ ထိုးကြည့်ရာ လှေခါး၌ ကောင်းမွန် သပ်ယပ်စွာ ဝတ်ဆင်လျက် ရုပ်ရည်သနားကမား ရှိသော သူငယ်မ တစ်ယောက်၏ အလောင်းသည် ခွေလျက် ရှိနေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ မောင်ကျော်မြသည် ထိတ်လန့် အံ့ဩသည့် အမူအရာ အနည်းမျှ မရှိဘဲ နှုတ်ခမ်းကို ကိုက်ကာ သူငယ်မ၏ အလောင်းကို ကြည့်ရှုပြီးနောက် အလောင်းပေါ်မှကျော်၍ တိုက်ပေါ် သို့ လှေခါးမှ တက်သွားလေ၏။ ၎င်းတိုက်အိုကြီး၌ကား စားပွဲကုလားထိုင် ဘီရိုမှ စ၍ အတော်အတန် ခမ်းနားသပ်ယပ်သော အိမ်ထောင် ပစ္စည်းတို့ဖြင့် ပြည့်နှက်လျက် ရှိသော်လည်း ထိုအချိန်အခါ၌ လူတစ်ဦးတစ်ယောက်မျှ မရှိဘဲ တိတ်ဆိတ်စွာ ရှိနေလေ၏။

တိုက်ပေါ် သို့ ရောက်သောအခါ မောင်ကျော်မြသည် တစ်ခုသော စာရေးစားပွဲသို့ သွားပြီးလျှင် အံဆွဲများကို တစ်ခုပြီးလျှင် တစ်ခု ဆွဲနှုတ်၍ အတွင်း၌ ရှိသော အရာဝတ္ထုများကို မွှေနှောက်ကာ ရှာဖွေလေ၏။ အတွင်း၌ကား ဩော်ဒီမန်စာချုပ်၊ တံဆိပ်တော်ခေါင်း၊ ဓာတ်ပုံ သုံးလေးခု၊ စာရေးစက္ကူများ အစရှိသည့် ပစ္စည်းတို့ကို တွေ့လေရာ မောင်ကျော်မြသည် တစ်ခုစီ တီးခေါက်ကာ ကြည့်လေ၏။ တစ်ခုသော အံဆွဲ၌ကား လိုဏ်သံ ပါသည်ကို ကြားလေရာ မောင်ကျော်မြသည် ၎င်းကို သေချာစွာ စုံစမ်း ကြည့်ရှုသည်တွင် အဖုံးတစ်ခု ပါရှိသည်ကို တွေ့ရှိရလေ၏။ ထိုအခါ မောင်ကျော်မြသည် မိမိ၌ အသင့်ဆောင်ယူခဲ့သော လက်နက်များနှင့် ၎င်းအဖုံးကို စမ်းသပ်၍ ဖွင့်လေရာ နောက်ဆုံး၌ အဖုံးသည် ပွင့်သွား၍ အတွင်း၌ကား ခေါက်လျက်ရှိသော စက္ကူတစ်ရွက်ကို တွေ့ရှိလေ၏။ ထိုစာရွက်ကို ဖြန့်၍ မီးရောင်တွင် ကြည့်ပြီးသောအခါ မောင်ကျော်မြသည် စိတ်ကျေနပ်သည့် လက္ခဏာနှင့် မိမိ၏ အင်္ကျီအိတ်အတွင်းသို့ ခေါက်ထည့်၍ တိုက်၏ အပေါ်မှ ဆင်းမည် ပြုလေ၏။

ထိုနောက်မှ တစ်ဖန် အကြံရသည့် လက္ခဏာနှင့် မောင်ကျော်မြသည် စားပွဲရှိရာသို့ တုံ့ပြန်၍ လာပြီးလျှင် မိမိ၏ အိတ်မှ လက်ကိုင်ပဝါကို ထုတ်ပြီးနောက် မိမိ ကိုင်တွယ်ခဲ့သမျှသော အရာဝတ္ထုတို့၌ မိမိ၏ လက်ရာ မထင်ရစ်စေခြင်းငှါ လက်ကိုင်ပဝါနှင့် စေ့ငှအောင် အထပ်ထပ် ပွတ်တိုက်လေ၏။ ၎င်းနောက် မောင်ကျော်မြသည် လက်နှိပ်ဓာတ်မီးကို ထိုးလျက် လှေခါးမှ ဆင်းလာခဲ့ရာ သူငယ်မ၏ အလောင်းအနီးသို့ ရောက်သောအခါ ကြက်သီးထမိလေ၏။ သို့ရာတွင် စိတ်ကို တင်းပြီးနောက် အလောင်း၏မျက်နှာကို မီးရောင်နှင့် တည့်တည့် ထိုးလျက် အတန်ကြာ ကြည့်ပြီးလျှင် ဦးခေါင်းကိုရမ်းလျက် သက်ပြင်းချမိလေ၏။ ထိုနောက် မောင်ကျော်မြသည် တိုက်ပေါ်မှ ဆောင်ယူလာခဲ့သော စာရွက်ကို အင်္ကျီအိတ်မှ ထုတ်ပြီးနောက် သူငယ်မ၏ လက်၌ ထည့်ပြီးလျှင် တိုက်အောက်၌ စေ့ငှအောင် လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ကြည့်ပြီးမှ တိုက်ပြင်သို့ထွက်၍ တံခါးကို ပိတ်ထားခဲ့လေ၏။ ထိုအခါ၌ကား မောင်ကျော်မြမှာ မိမိ၏ အကြံအစည် အထမြောက်လေပြီဟူသော မျက်နှာထားမျိုးနှင့် ထွက်လာခဲ့ရာ တိုက်အောက်၌ လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ကြည့်စဉ်အခါက တစ်ခုသော ဗီရိုအတွင်းမှ မိမိအား ချောင်းမြောင်း ကြည့်ရှုလျက် ရှိသော လူတစ်ယောက်ကို တွေ့မြင်ရမူ ထိုသို့သော မျက်နှာထားမျိုး ရှိနိုင်မည် မဟုတ်ချေ။

× × × × × ×

## အခန်း (၃)

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် သုံးရက်မြောက်သော နေ့၌ မောင်ကျော်မြသည် ကျောက်သွေးတန်းရပ်ရှိ မိမိ၏ နေအိမ်၌ အင်္ဂလိပ်သတင်းစာ တစ်စောင်ကို ဖတ်ရှုလျက်ရှိရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

***ဈေးတန်းရပ်၌ ထူးဆန်းသော လူသတ်မှု ဖြစ်ပွားခြင်းအကြောင်း***

***'ရန်ကုန်မြို့မှ စပါးပွဲစားကြီး ဦးကြာညွန့်သည် မန္တလေးမြို့သို့ အလည်အပတ်ဆင်းလာခဲ့ရာ ဈေးတန်းရပ်တွင် တိုက်တစ်လုံးကို ခေတ္တငှားရမ်းနေထိုင်ခဲ့သည် ဖြစ်ကြောင်း၊ ၎င်းပွဲစားကြီးသည် ရွှေဘိုမြို့၌ ကိစ္စလေးတစ်ခု ပေါ်ပေါက်သည်နှင့် တိုက်ကို ပိတ်ထားခဲ့ပြီးလျှင် ခေတ္တသွားရောက်ခဲ့သည် ဖြစ်ကြောင်း၊ ကိစ္စပြီး၍ ယမန်နေ့ ညနေက ရွှေဘိုမှ ပြန်လာသောအခါ မိမိ၏ တိုက်ခန်းအတွင်း လှေခါးရင်း၌ သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်လျက် အသက် ၂၀ ကျော်အရွယ်ခန့် ရှိ၍ အရုပ်အရည်နှင့် ပြည့်စုံသော သူငယ်မတစ်ယောက်၏ အလောင်းကို တွေ့ရှိရသည်ဖြစ်ကြောင်း၊ ထိုအကြောင်းကို ပုလိပ်ဌာနသို့ အကြောင်းကြားပြီးနောက် ပုလိပ်အရာရှိများနှင့် အတူ မည်သည့် ပစ္စည်းများ ပျောက်ဆုံးသေးသည်ကို တိုက်တွင်း၌ ကြည့်ရှုကြရာ စားပွဲအံဆွဲများကို မွှေနှောက်ရှာဖွေထားသည့် အထိမ်းအမှတ်တို့ကို တွေ့ရှိရသည် ဖြစ်ကြောင်း ထို့ပြင် စားပွဲအံဆွဲ၌ အံဖုံးအတွင်းရှိ လျှို့ဝှက်၍ ထားခဲ့သော စက္ကူတစ်ရွက်မှာလည်း ပျောက်ဆုံးလျက်ရှိရာ ၎င်းစက္ကူမှာ ဦးကြာညွန့်သာလျှင် အသုံးဝင်၍ အခြားသူတို့၌ အသုံးမကျသည် ဖြစ်သောကြောင့် မည်သို့သော သူခိုးသည် မည်သည့် အကြံအစည်နှင့် ၎င်းစက္ကူကို ခိုးယူသည်များကို မတွေးတောနိုင်အောင် ရှိကြောင်း'***

ဤမျှ ဖတ်ပြီးလျှင်

မြ။ ။(တစ်ယောက်တည်း စိတ်ကူးမိသည်မှာ) 'ဘယ့်နှယ်လဲ၊ စက္ကူကို သူငယ်မလက်မှာ ငါညှပ်ပြီး ထားခဲ့ပါတယ်၊ ဘယ်သူက ဝင်ပြီး ယူသွားပြန်ပါလိမ့်၊ တယ်ကျပ်ပါကလား'

၎င်းနောက် ဆက်လက်၍ ဖတ်ပြန်သည်မှာ

***'ဦးကြာညွန့်ရောက်လာသောအခါ၌ တိုက်တံခါးသည် ကောင်းမွန်စွာပိတ်ဆို့လျက်ရှိသည်ဟု တွေ့မြင်ရသည် ဖြစ်သော ကြောင့် သူငယ်မသည် တိုက်တွင်းသို့ မည်သည့်နည်းနှင့် ဝင်ရောက်၍ ၎င်းအား သတ်သွားသောသူသည် မည်သည့်နည်းနှင့် ထွက်ခွာသည်ကို မတွေးတောတတ်နိုင်အောင် ရှိရကြောင်း။ သူငယ်မ၏ အလောင်းကို ယခုအခါ ဆေးရုံကြီးသို့ ပို့ပြီးပြီ ဖြစ်ရာ ဆရာဝန်များက ၎င်းသူငယ်မသည် ဒဏ်ရာ မရှိသဖြင့် မည်သည့်နည်းနှင့် အသက်ဆုံးရှုံးရသည်ကို အမှန် မပြောနိုင်သေးသော်လည်း သွေးရိုးသားရိုးဖြင့် သေဆုံးခြင်း မဟုတ်၊ သူတစ်ပါး သတ်၍ သေဆုံးသည်များမှာ ယုံမှားဖွယ်ရာ မရှိကြောင်း၊ ပုလိပ်အရာရှိတို့သည် ထိုသူငယ်မမှာ မည်သူမည်ဝါ ဖြစ်သည်ကို ထောက်လှမ်းစုံစမ်းလျက်ပင် ရှိနေကြကြောင်း'***

သတင်းစာကို ဖတ်ရှုပြီးနောက်

မြ။ ။(တစ်ယောက်တည်း ပြုံးရယ်လျက်) 'ထောက်လှမ်းကြလေ ထောက်လှမ်းကြ၊ ဘယ်သူ ဘယ်ဝါရယ်လို့ မင်းတို့ ပေါ်အောင် ထောက်လှမ်းနိုင်ရင် ထောက်ပေတာပေါ့၊ ကိုင်း တစ်ခါဖြင့် ငါ အကြံအောင်ကောင်းပါရဲ့ကွယ်'

× × × × × ×

**အခန်း (၄)**

မောင်ကျော်မြသည် မိမိကြီးနှင့် ထိုနေ့ညတွင် တွေ့ဆုံပြီးသည့်နောက် မိမိကြီးတို့၏အိမ် သွားရောက်ဝင်ထွက်ခြင်းမရှိ ဖြစ်ခဲ့လေရာ တစ်နေ့သ၌ မိမိကြီးထံမှ အရေးကြီးသော စာတစ်စောင်ကို ရရှိလေ၏။ ၎င်းစာမှာ ...

**တိုင်ပင်မေးမြန်းရန် ရှိ၍ ကျွန်မတို့အိမ်သို့ ယနေ့ည ဆက်ဆက်လာခဲ့ပါ ကိုကိုမြ။**

**‘ မိမိကြီး ’**

မောင်ကျော်မြသည် ထိုစာကိုရရှိသောအခါ သွားရမည် မသွားရမည်ကို အတန်ကြာအောင် စဉ်းစားပြီးနောက် နောက်ဆုံး၌ မည်သည့်ကိစ္စအရေးကြီးနေသည်ကို သိရှိလိုသည်နှင့် အဝတ်များလဲလှယ်၍ မိမိကြီးအိမ်သို့ ထွက်လာခဲ့လေ၏။ မိမိကြီးသည် သူတစ်ပါး မကြားစေလိုသော စကားကို ပြောလိုသည်ဖြစ်သောကြောင့် မိဘများ မရှိသည့် အချိန်အခါတွင် မှာထားလိုက်ခြင်း ဖြစ်ရကား ထိုည၌ မောင်ကျော်မြ သွားရောက်သောအခါ နှစ်ယောက်တည်း စကားပြောခွင့် ရခဲ့လေ၏။ ရောက်လျှင် ရောက်ခြင်း မိမိကြီးသည် မောင်ကျော်မြကို ကိစ္စ အကြီးအကျယ် တစ်စုံတစ်ရာ မပေါ်ပေါက်ဘဲလျက် မိမိတို့ နေအိမ်သို့ လမ်းဖြတ်၍ ထားသည်ကို ပြစ်တင်စကား ပြောကြားသောအခါ မောင်ကျော်မြက မိမိ ယခင်ကပင် တင်ကြိုပြောထားသော စကားအတိုင်း အပြစ်တင် မစောရန် တောင်းပန်သည်တွင် မိမိကြီးက ရုတ်တရက်

**ကြီး**။ ။‘ကျွန်မ တစ်ခု မေးချင်တယ်၊ ကိုကို မှန်မှန် ပြောမလား’

မြ။ ။‘မေးပါဗျာ၊ ပြောတာပေါ့’

**ကြီး**။ ။‘ဓားတန်းက ဦးကြာညွန့် တည်းတဲ့တိုက်မှာ မိန်းကလေး တစ်ယောက် အလောင်း တွေ့တယ်ဆိုတာ ကိုကိုမြ ကြားရသလား’

မြ။ ။‘သတင်းစာမှာ ဖတ်မိပါတယ်’

**ကြီး**။ ။‘သေသူ မိန်းကလေးဟာ ဘယ်သူလဲလို့ ကိုကိုမြ မသိဘူးလား’

မြ။ ။(အလွန်အံ့သြသော်လည်း မျက်နှာမပျက်စေအောင် ဟန်ဆောင်လျက်) ‘တောက်တီး တောက်တဲ့ နှမရယ်၊ ဘာဆိုင်လို့ ကိုကို သိရမှာလဲ’

**ကြီး**။ ။(မျက်နှာကို စေ့စေ့ကြည့်လျက်) ‘တကယ့်ကို မသိဘူးလား’

မြ။ ။‘ကြံကြံစည်စည်ဗျာ၊ ဘယ့်နယ်ကြောင့် မဆီမဆိုင် မေးပါလိမ့် နှမရယ်’

**ကြီး**။ ။‘မဆိုင် ဆိုင်ဆိုင်၊ သိ မသိကိုသာ ဖြေစမ်းပါ ကိုကိုမြရယ်’

မြ။ ။(ရယ်မောလျက်) ‘နေ့ခင်း နေ့လည် အိပ်ပျော်သွားလို့ အိပ်မက်မက်ပြီး ကယောင်ကတမ်း မေးမိမေးရာ လျှောက်မေးနေပြီမှတ်တယ်၊ ဓားတန်းက ဦးကြာညွန့်တိုက်မှာ မိန်းကလေးတစ်ယောက် သေတာနှင့် ကျောက်သွေးတန်းမှာနေတဲ့ ကိုကိုမြနှင့် ဘာဆိုင်လို့လဲ နှမရယ်’

**ကြီး**။ ။(လက်မလျှော့ဘဲ) ‘မသိဘူးပေါ့လေ’

မြ။ ။ဖြေဖို့ လိုသေးသလား နှမရယ်’

**ကြီး**။ ။အတည့်အလင်း ဖြေစမ်းပါ ကိုကိုမြရဲ့’

မြ။ ။(စိတ်နာသော အမူအရာနှင့်) ‘နေပါဦး နှမရယ်၊ ဘယ်သူကများ ကိုကို့အကြောင်း မကောင်းသတင်း ဘယ်လိုများ ပြောထားလို့ ကိုကို့ကို မေးခွန်းတွေ ဘာတွေ ထုတ်နေရတာလဲ နှမရယ်’

**ကြီး**။ ။'ကျွန်မ မေးတာကို ဖြေပါဦး ကိုကိုမြရဲ့'

မြ။ ။'တကယ် မေးနေတာလား'

**ကြီး**။ ။'အို တကယ်ပေါ့ ကိုကိုမြရဲ့'

မြ။ ။(ဝမ်းနည်းသော အမူအရာနှင့်) 'အံ့သြပါရဲ့ နှမရယ်၊ ကိုကို့မှာ အခြား အလုပ်တွေ များလွန်းလို့ အချိန်မရနိုင်ရတဲ့ အထဲမှာ နှမက လာတဲ့ပြီး စစ်လား ဆေးလား မေးလား မြန်းလားနှင့် လုပ်ရအောင် ကိုကိုသတ်တယ် ထင်လို့ မေးနေတာလား နှမရယ်' ဟု ပြောလေလျှင် မိမိကြီးမှာ မိမိကြားသော သတင်းသည် မမှန်သော သတင်း ဖြစ်ချေမည်တကား။ ငါသည် ချစ်လှသော ရည်းစားအပေါ်၌ အကြောင်းမဲ့ သက်သက် သင်္ကာမကင်း ဖြစ်မိချေတကားဟု ဝမ်းနည်းသော အမူအရာနှင့် မိမိ၏စကားကို နှုတ်သိမ်းပြီးလျှင် ပြက်ရယ်ပြုလိုသောသဘောနှင့်မေးမြန်းကြောင်း ပြောဆိုရာ အခြားစကားတို့ကို ဆက်လက် ပြောဆိုကြပြီးလျှင် နှစ်ဦး ခွဲခွာသွားကြသော ဟူသတတ်။

× × × × × ×

## အခန်း (၅)

အိမ်သို့ ရောက်သည်နှင့် တပြိုင်နက် မောင်ကျော်မြသည် စားပွဲ၌ စာရွက်ငယ်တစ်ခုကို တွေ့ရှိလေရာ ၎င်းမှာ

**'အရေးကြီးသော ကိစ္စတစ်ခုနှင့် တိုင်ပင်ရန် လာရောက်ခဲ့ရာ မိတ်ဆွေနှင့် မတွေ့ရ၍ ဝမ်းနည်းကြောင်း၊ အားလပ်ခဲ့ပါလျှင် နက်ဖြန် နံနက် ဖြစ်စေ၊ ညနေ ဖြစ်စေ ကျွန်တော်၏နေအိမ်သို့ အလည်အပတ် လာရောက်စေလိုပါကြောင်း။**

**မောင်ထွန်းမြင့်'**

၎င်းစာကို ဖတ်ရှုရသောအခါ မောင်ကျော်မြသည် မျက်နှာပျက်၍ သွားလေ၏။ မောင်ထွန်းမြင့် ဆိုသူမှာ ရှေ့နေလုပ်ငန်းနှင့် အသက်မွေးသူတစ်ယောက် ဖြစ်ခဲ့ရာ ရန်ကုန်မြို့၌ စုံထောက်မောင်စံရှား ဟူ၍ မပေါ်ပေါက်မီကပင် မန္တလေးမြို့၌ ခက်ခဲနက်နဲသော အမှုများ ပေါ်ပေါက်သည့်အခါ ပုလိပ်တို့အား အကြံဉာဏ်ပေးခြင်း၊ ရုံဖန်ရံခါ ကိုယ်တိုင်စုံထောက်ပေးခြင်း စသည်တို့ကို ပြုလုပ်လျက် ရှိသဖြင့် အစိုးရ အမှုထမ်းပင် မဟုတ်သော်လည်း စုံထောက်ခြင်းလုပ်ငန်း၌ အတော်အတန် နာမည်ရသူတစ်ယောက် ဖြစ်လေသည်။

မောင်ကျော်မြသည် မောင်ထွန်းမြင့်ထံမှ အထက်ပါစာကို ရရှိသောအခါ အလွန်တရာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်လေရကား အိမ်ဦးခန်း၌ ပက်လက်ကုလားထိုင် တစ်ခုပေါ်တွင် ထိုင်ကာ အတန်ကြာအောင် စဉ်းစားပြီးနောက် သားရေသေတ္တာ၌ အဝတ်အစားများ ထည့်ပြီး ဆွဲ၍ ဆင်းလာလေ၏။ အိမ်ရှေ့၌ မြင်းရထားတစ်စီးကို တွေ့သဖြင့် မောင်ကျော်မြသည် မြင်းရထားပေို့ တက်ပြီးလျှင် ရထားမောင်းသမားအား မီးရထား ဘူတာရုံသို့ မောင်းနှင်စေခဲ့လေ၏။

ဘူတာရုံသို့ မောင်ကျော်မြ ဆိုက်ရောက်သောအခါ ရန်ကုန်သို့ သွားသော စာပို့ရထားကြီးသည် အငွေ့ တချောင်းချောင်း လွှတ်လျက် ဘူတာရုံရှေ့၌ ရပ်တန့်ကာ ရှိနေရာ ခရီးသည်တို့သည် လက်မှတ်ရုံရှေ့၌ တိုးဝှေ့ကာ လက်မှတ်များ ဝယ်ယူလျက် ရှိကြလေ၏။ မောင်ကျော်မြသည် မြင်းရထားပေါ်မှ ဆင်းသက်ခဲ့ပြီးလျှင် ဒုတိယတန်း လက်မှတ်ပေါက်သို့ သွားရောက်ရာ လက်မှတ်စာရေး မရှိခိုက် ဖြစ်သဖြင့် သားရေသေတ္တာကို ပျဉ်ပြားပေါ်၌ တင်ပြီးနောက် ရပ်တန့်ကာ စောင့်ဆိုင်းလျက် ရှိလေ၏။ ထိုခဏ၌ လူတစ်ယောက်သည် မောင်ကျော်မြ၏အနီး၌ ရပ်ကာ သတင်းစာတစ်စောင်ကို ဖတ်ရှုလျက်ရှိရာ မောင်ကျော်မြသည် ထိုသူ၏ပုခုံးပေါ်မှ ကျော်၍ သတင်းစာကို ကြည့်လိုက်သည်တွင် စာလုံးကြီးများနှင့် အောက်ပါအတိုင်း ခေါင်းတပ်ထားသည့် သတင်းတစ်ခုကို တွေ့မြင်ဖတ်ရှုရလေ၏။

***ဓားတန်းရပ် လူသတ်မှုနှင့် စပ်လျဉ်း၍ အထူးအဆန်း တွေ့ရခြင်း***

ထိုခေါင်းစဉ်ကို တွေ့မြင်သည်နှင့် တပြိုင်နက် မောင်ကျော်မြသည် ၎င်းသတင်းစာကို ဘူတာရုံရှိ စာအုပ်ဆိုင်မှ ဝယ်ယူဖတ်ရှုရာ အောက်ပါအတိုင်း တွေ့မြင်လေ၏။

***'ဓားတန်းရပ် လူသတ်မှုနှင့် စပ်လျဉ်း၍ စုံထောက်ဘက်ဆိုင်ရာ အင်စပိတ်တော် မောင်ဘတင်နှင့် ဌာနအုပ် မောင်သန်းဖေတို့သည် စုံထောက်ခြင်းလုပ်ငန်း၌ အလွန်တရာ အထုံဝါသနာ ပါရှိ၍ ကျွမ်းကျင်နားလည်သော ရှေ့နေကြီး မောင်ထွန်းမြင့်၏ကူညီထောက်ပံ့ခြင်းဖြင့် ဦးကြာညွန့်၏တိုက်ခန်းကို သေချာစွာ စုံစမ်းရှာဖွေလျက် ရှိကြရာ မောင်ထွန်းမြင့်၏ထင်မြင်ချက်မှာ ပြစ်မှုကျူးလွန်သောသူသည် ဝါရင့်သူတစ်ယောက် ဖြစ်သောကြောင့် ခြေရာ လက်ရာမျှ မကျန်ရစ်စေအောင် လုံခြုံစွာဖုံးဖိနိုင်သည်ကိုတွေ့ရှိရကြောင်း၊ အလောင်းကို ကြည့်ရှုစုံစမ်းသော ဆရာဝန်ကြီး၏ ထင်မြင်ချက်မှာ ထိုမိန်းကလေးသည် ကိုယ်တွင်းသို့ ထိုးသွင်းသော အဆိပ်တစ်မျိုးဖြင့် အသက်***

***ဆုံးရှုံးရသည်ဟု မှတ်ထင်ကြောင်း၊ ၎င်းအဆိပ် သည် စားရသော အဆိပ်မဟုတ်၊ သွေးနှင့်ရောနှောအောင် ပြွတ်ငယ်နှင့် ထိုးသွင်းရသော အဆိပ်မျိုး ဖြစ်သည်ဟု ဆိုဖွယ်ရာရှိသော်လည်း မည်သည့်နေရာ၌ ပြွတ်ငယ်နှင့် ထိုးသွင်းသည့် ဒဏ်ရာကိုလည်း မတွေ့ရှိရသည် ဖြစ်သောကြောင့် များစွာ ကျပ်တည်းခဲယဉ်းခြင်း ရှိနေကြောင်း'*** စသဖြင့် တွေ့မြင်ဖတ်ရှုရလေ၏။

၎င်းသတင်းကို ဖတ်ရှုပြီးသည်နှင့် တပြိုင်နက် မောင်ကျော်မြသည် စိတ်သဘော ပြောင်းလွဲသွားသည့် လက္ခဏာနှင့် သားရေသေတ္တာကို တဖန် ကောက်ယူပြီးလျှင် ဘူတာရုံမှ ထွက်လာခဲ့ရာ မြင်းရထားတစ်စီးနှင့် အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ ရွှေမျက်မှန်တပ်လျက် ရှိသော လူတစ်ယောက်သည် အိမ်ဦးခန်း၌ ထိုင်ကာ စာအုပ်တစ်အုပ်ကို ဖတ်ရှုလျက် ရှိသည်နှင့် တွေ့လေရကား မောင်ကျော်မြသည် ပထမ၌ မျက်နှာပျက်၍ သွားပြီးနောက် ဟန်လုပ်ကာ အနီးသို့ ချဉ်းကပ်ပြီးလျှင်

မြ။ ။'ကိုထွန်းမြင့် ရောက်နေပြီလား၊ တော်တော်ကြာသွားပြီ မှတ်တယ်'

မြင့်။ ။(မောင်ကျော်မြ၏အမူအရာကို စေ့စေ့ကြည့်လျက်) 'ဟုတ်ကဲ့၊ မနက်မှ တွေ့ဖို့လို့ အောက်မေ့တာ၊ ယခုတော့ ကိစ္စက အရေးကြီးလာလေတော့ ညတွင်းချင်းပဲ တစ်ခေါက်ပြန်ပြီး လာခဲ့ရတယ်ဗျ၊ ကျွန်တော့် စာကလေး တွေ့တယ် မဟုတ်လား'

မြ။ ။'တွေ့ပါတယ်၊ တွေ့လို့ နက်ဖြန်နံနက်မှ လာမယ်လို့ စိတ်ကူးနေတာပါပဲ'

မြင့်။ ။(သားရေအိတ်ကို ကြည့်လျက်) 'သားရေသေတ္တာတွေ ဘာတွေနှင့် ဘယ်သွားမလို့လဲဗျ'

မြ။ ။'သားရေသေတ္တာ သော့ပျက်နေတာနှင့် သော့ပြင်တဲ့ဆိုင်မှာ အပ်ထားတာ လမ်းကြုံတာနှင့် ဝင်ပြီး ရွေးယူလာခဲ့ပါတယ်ဗျာ'

မြင့်။ ။'ဒါထက် ကိစ္စတစ်ခု အရေးကြီးနေတယ်ဗျ၊ ခင်ဗျား ကူညီနိုင် ကူညီစမ်းပါ'

မြ။ ။'ဘာကိစ္စလဲ ကိုထွန်းမြင့်'

မြင့်။ ။'ဓားတန်းရပ်က လူသတ်မှုအကြောင်း ခင်ဗျား ကြားပြီးပြီလား'

မြ။ ။'ဦးကြာညွန့် အိမ်က လူသတ်မှုအကြောင်းလား၊ သတင်းစာမှာ တွေ့မိပါတယ်၊ ဘာဖြစ်လို့လဲ'

မြင့်။ ။'ပုလိပ်က သူတို့ စုံထောက်လို့ မရနိုင်လို့ ကျွန်တော့်ကို လာပြီး အပူကပ် နေပြန်ပြီဗျ'

မြ။ ။'တော်တော်လည်း နက်နဲတဲ့ အမှုကလေးနှင့် တူတယ်'

မြင့်။ ။'နက်နဲတာကတော့ ဘာပြောစရာ ရှိမလဲဗျာ၊ ခြေရာခံလို့ကို ယခုထက်ထိ တစ်စွန်းတစ်စမှ မပေါ်နိုင်သေးဘူး၊ ဒါထက် ကိုကျော်မြ သေတဲ့ မိန်းကလေးကို ခင်ဗျား မသိဘူးလား'

မြ။ ။(အလွန်တရာ အံ့သြသော မျက်နှာထားနှင့်) 'ကြံကြံစည်စည် ကိုထွန်းမြင့်ရယ်၊ ခင်ဗျားတို့ အမှုစုံထောက်တဲ့ လူများဟာ လူမြင်သမျှကို ရာဇဝတ်ကောင်ချည့် မှတ်နေပြီ ထင်တယ်'

မြင့်။ ။(မောင်ကျော်မြ၏မျက်နှာကို စေ့စေ့ကြည့်လျက်) 'မပြောတတ်ပါဘူး ခင်ဗျာ၊ ခင်ဗျား အသိထဲကများ ဖြစ်နေမလားလို့ မေးမိတာပါပဲ'

မြ။ ။'ဘယ်သူဘယ်ဝါရယ်လို့ ပုလိပ်အရာရှိတွေတောင် စုံစမ်းလို့ မပေါ်နိုင်အောင် ရှိတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော်က အိမ်ကနေပြီး သိနိုင်ပါ့မလားဗျာ၊ မသက်သာရင်လည်း တည့်တည့်သာ ဖွင့်ပြီး မေးလိုက်ပါ၊ ဒီမိန်းကလေးကို ခင်ဗျားက ကျွန်တော် သတ်တယ်လို့ ထင်သလား'

မြင့်။ ။'စိတ်မရှိပါနှင့်ဗျာ၊ သိမလားလို့ မေးမိခြင်း ဖြစ်ပါတယ်၊ မသိရင်လည်း ပြီးရောပေါ့'

မြ။ ။'နေစမ်းပါဦးဗျာ၊ ဘယ့်နှယ်ကြောင့် ခင်ဗျားက ကျွန်တော် သိတယ်လို့ ထင်နိုင်ရသလဲ'

**မြင့်**။ ။‘ကျီစားပြီး မေးတာပါဗျာ၊ စုံထောက် အင်စပိတ်တော် ကိုဘတင်က သည်အကြောင်းကို ခင်ဗျား သိလိမ့်မယ်လို့ ထင်နေတဲ့အတွက် ကျွန်တော်က သိလိုသိငြား လာပြီး စုံစမ်းခြင်း ဖြစ်ပါတယ်၊ မသိလို့ရှိရင်လည်း နောက်ထပ်ပြီး မေးဖို့ မရှိပါဘူးဗျာ’ ဟု ပြုံးရယ်ကာ ပြောပြီးနောက် မောင်ထွန်းမြင့်သည် မောင်ကျော်မြကို နှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းသွားလေရာ မောင်ကျော်မြမှာ စိတ်မကျေနပ်သော မျက်နှာထားနှင့် မောင်ထွန်းမြင့်အား မျက်မှောင်ကြုတ်ကာ ကြည့်၍ ကျန်ရစ်လေ၏။

× × × × × ×

**အခန်း (၆)**

နောက်တစ်နေ့၌ စုံထောက် အင်စပိတ်တော် မောင်ဘတင်သည် စာတိုက်မှ အောက်ပါ စာတစ်စောင်ကို ရရှိလေ၏။

**'စာရေး အစီရင်ခံပါသည် အင်စပိတ်တော်မင်း ခင်ဗျာ၊ ကျွန်တော်၏တိုက်ခန်းအတွင်း တွေ့ရှိသော သူငယ်မ၏အကြောင်းကို ထပ်လောင်း စုံစမ်းရန် မလိုတော့ပါ၊ သူငယ်မကို သတ်သူသည် အခြားမဟုတ်၊ ကျွန်တော်ပင် ဖြစ်ပါသည်။ ထိုသူငယ်မသည် မည်သူဖြစ်၍ ကျွန်တော်သည် မည်သည့်အကြောင်းကြောင့် ၎င်း၏အသက်ကို ဆုံးရှုံးအောင် စီရင်ရသည်ကိုမူ ထုတ်ဖော်ရေးသားရန် ကျွန်တော်အလိုမရှိပါ။ ပုလိပ်အရာရှိတို့၏ဝတ္တရားမှာ အလောင်းတစ်ခုကို တွေ့ရှိခဲ့လျှင် ၎င်းကို မည်သူ သတ်သည်ဟု သိရှိခဲ့လျှင် လုံလောက်သည်ဟု ကျွန်တော် မှတ်ထင်ပါသောကြောင့် အကြောင်းကို စုံလင်စွာ ဖော်ပြခြင်း မပြုဘဲ ကျွန်တော် သတ်ကြောင်းကိုသာ ဝန်ခံလိုက်ပါသည်။ ဝန်ခံပြီးနောက် ကျွန်တော့်ကို ရှာဖွေရန်လည်း မလိုတော့ပါ။ ကျွန်တော်သည် အစိုးရ အပြစ်ဒဏ်ကို မခံလိုသည် ဖြစ်၍ မိမိကိုယ်ကိုမိမိ စီရင်လိုက်ပါသည်။**

**ဦးကြာညွန့်.'**

စာကိုဖတ်ရှုပြီးနောက် စုံထောက် အင်စပိတ်တော် မောင်ဘတင်သည် ဌာနာအုပ် မောင်သန်းဖေနှင့် တိုင်ပင်ကြရာ အတန်ငယ်ကြာသောအခါ အင်စပိတ်တော် မောင်ဘတင်သည် မောင်ထွန်းမြင့် အိမ်သို့ ရောက်၍ ၎င်းစာကို မောင်ထွန်းမြင့်အား ပြလေ၏။ မောင်ထွန်းမြင့်သည် အံ့သြသော အမူအရာနှင့် စာကို ဖတ်ရှုပြီးနောက် တီးတိုးစကား တိုင်ပင်ကြပြီးလျှင် မောင်ဘတင် ပြန်သွားသည်နှင့် တပြိုင်နက် မောင်ကျော်မြ၏နေအိမ်သို့ သွားရောက်ပြန်လေ၏။

မောင်ထွန်းမြင့် အိမ်ပေါ်ကို တက်လာသည်ကို မြင်သည်နှင့် တပြိုင်နက်

မြ။ ။'ဘာကိစ္စ လာရပြန်သလဲဗျ၊ လူသတ်မှု ကိစ္စပဲလား'

မြင့်။ ။'အစစ်ပဲ ကိုကျော်မြ၊ သတ်တဲ့လူက စာနှင့် ရေးပြီး ဖြေဖြင့်ချက်ပေးနေပြီဗျ'

မြ။ ။'အလို ဟုတ်ကဲ့လားဗျာ၊ ဘယ်သူ့ဆီကို ဖြေဖြင့်ချက်ပေးသလဲ'

မြင့်။ ။'အင်စပိတ်တော် ကိုဘတင်ဆီကို စာနှင့် ရေးပြီး ဖြေဖြင့်ချက်ပေးတယ်၊ စာကိုတောင် ကျွန်တော် ယူလာခဲ့သေးတယ်၊ ရော့ ဒီမှာ ခင်ဗျား ကြည့်ချင် ကြည့်ပါလား' ဟု မောင်ကျော်မြအား ပြရာ မောင်ကျော်မြသည် စာကို ဖတ်လျက်ရှိစဉ် မောင်ထွန်းမြင့်သည် မောင်ကျော်မြ၏မျက်နှာထားကို စိုက်ငေးကာ အကဲခတ်လျက် ရှိလေ၏။ စာကို အစမှ အဆုံးတိုင် ဖတ်ပြီးနောက် မောင်ကျော်မြသည် များစွာ အရေးမကြီးသည့် အမူအရာနှင့် စာကို မောင်ထွန်းမြင့်၏လက်သို့ ပြန်အပ်လျက်

မြ။ ။'ဒီဟာ ခင်ဗျား ဘယ့်နှယ် သဘောရသလဲ'

မြင့်။ ။'ကျွန်တော်တော့ တကယ်ရေးတဲ့ စာပဲ ထင်တာပဲ'

မြ။ ။'ဘယ့်နှယ်ကြောင့် ခင်ဗျား ထင်နိုင်သလဲ'

မြင့်။ ။'ဦးကြာညွန့် ကိုယ်တိုင်က ဒီစာမရေးရင် ဒို့ပြင် ဘယ်သူကဝင်ပြီး ဘယ်လို အကြံအစည်နှင့် ရေးဦးမှာလဲဗျ'

မြ။ ။'နေပါဦးဗျ၊ ဦးကြာညွန့်ဟာ သူ့ကိုယ်သူ သတ်လိုက်ပြီလို့ ခင်ဗျားတို့ ယုံကြည်တယ်လား'

မြင့်။ ။'ဒီလိုပဲ ထင်ရတာပဲ'

မြ။ ။'အလောင်းကို ခင်ဗျားတို့ တွေ့သလား'

မြင့်။ ။'သြော် ဟုတ်တယ်ဗျို့၊ အလောင်းကိုတော့ မတွေ့သေးဘူး'

မြ။ ။'အလောင်းကို တွေ့မှ စိတ်ချရတော့မပေါ့ဗျ'

မြင့်။ ။'ဒီကိစ္စမှာ ခင်ဗျားသဘော ဘယ်လိုရသလဲ'

မြ။ ။'ကျွန်တော့ သဘောကတော့ သတ်ကြောင်းကို ဝန်ခံပြီး၊ သတ်တဲ့လူဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ပြီလို့ အကြောင်းကြားလို့ရှိရင် ပုလိပ်က ဆက်လက်ပြီး လက်သည်ပေါ်အောင် မစုံစမ်းစေဖို့ ဥာဏ်ဆင်ပြီး ရေးလိုက်တဲ့ စာလားလို့ တွေးမိတယ်ဗျာ'

မြင့်။ ။'ခင်ဗျား ပြောသလိုလဲ တွေးစရာ ရှိနေပါတယ်'

ဎင်းနောက် မောင်ထွန်းမြင့်နှင့် မောင်ကျော်မြတို့သည် အမှုအကြောင်းကို အစမှ အဆုံးတိုင် ပြန်လှန်ပြောဆိုရင်း အသီးသီး ထင်မြင်ချက် ပေးလျက်ရှိကြရာ မောင်ထွန်းမြင့်သည်လည်း မောင်ကျော်မြ မျက်နှာ ပျက်သည် မပျက်သည်ကို သေချာစွာ အကဲခတ်လျက် ရှိလေ၏။ ထို့နောက်မှ

မြင့်။ ။'တနေ့လောက်တော့ အင်စပိတ်တော် ကိုဘတင်ကို ခင်ဗျားနှင့် တွေ့အောင် ကျုပ် ခေါ်ခဲ့ဦးမဗျာ'

မြ။ ။(ရုတ်တရက် မျက်နှာ ပျက်သွား၍) 'တောင်းပန်ပါရစေဗျာ၊ မခေါ်ခဲ့ပါနှင့်'

မြင့်။ ။'ဘာပြုလို့လဲ'

မြ။ ။'ကျွန်တော်က ခင်ဗျားသိတဲ့အတိုင်း ခပ်အေးအေး နေချင်တဲ့လူဗျ၊ ပုလိပ်အရာရှိတွေ ဘာတွေနှင့် ရောနှောစပ်ယှက် နေချင်တဲ့လူ မဟုတ်ပါဘူး'

မြင့်။ ။'နို့ပေမယ့် ကိုဘတင်က ခင်ဗျားနှင့် တွေ့ချင်တယ်လို့ ပြောတယ်'

မြ။ ။'တွေ့ချင်လို့ရှိရင်လဲ ခေါ်လာခဲ့တာပေါ့လေ၊ သို့သော် ဘယ်တော့လောက် လာကြမှာလဲ'

မြင့်။ ။'တစ်ရက် နှစ်ရက် အတွင်းပေါ့ဗျာ' ဟုပြောဆိုပြီးနောက် မောင်ထွန်းမြင့်သည် မောင်ကျော်မြအား နှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မောင်ကျော်မြသည် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ရှူရင်း အတန်ကြာအောင် စဉ်းစား စိတ်ကူးနေပြီးမှ

'စုံထောက် ပေါက်စ ယောင်ယောင် ဘာယောင်ယောင်နှင့် မင်းနှင့်ငါ ဒီတစ်ခါ တွေ့ကြရောပေါ့ကွယ် ထွန်းမြင့်ရယ်'

× × × × × ×

**အခန်း (၇)**

တစ်နေ့သော ညနေခင်းအချိန်၌ မြင်းရထားတစ်စီးသည် ကျောက်သွေးတန်းလမ်းရှိ မောင်ကျော်မြ နေအိမ်ရှေ့၌ ဆိုက်ရောက်ပြီးနောက် မိမိကြီးသည် မောင်ကျော်မြ၏အိမ်ပေါ် သို့ တက်သွား၍ အစေခံ ဦးမြတ်သာအား မောင်ကျော်မြ မရှိပါသလောဟု မေးမြန်းလေ၏။ ထိုအခါ အစေခံ ဦးမြတ်သာက မောင်ကျော်မြမှာ ယမန် နံနက်ကပင် ကိစ္စတစ်ခုနှင့် ရွှေဘိုနယ်သို့ သွားနေကြောင်း ပြောပြသည်တွင် မိမိကြီးသည် ဦးမြတ်သာအား မေးလိုသော စကားအနည်းငယ် ရှိသည်ဖြစ်သောကြောင့် ဧည့်ခန်း၌ ဝင်၍ ထိုင်လေ၏။ ၎င်းနောက် မိမိကြီးသည် ပြုံးချိုသော မျက်နှာထားနှင့်

**ကြီး**။ ။'ဘယ့်နှယ်လဲ ဦးမြတ်သာ၊ အခုတလော ရှင်တို့ ဆရာကြီးက အလည်အပတ် အားကြီး များနေတယ် ထင်တယ်'

**သာ**။ ။'မလည်ပါဘူး မမလေးရယ်'

**ကြီး**။ ။'ကွယ်မနေပါနှင့် ဦးမြတ်သာရယ်၊ ကျွန်မက အကုန်သိပြီးသားပါ'

**သာ**။ ။'ကာလသားဆိုတာ လည်တဲ့အခါလဲ လည်တာပေါ့ မမလေး'

**ကြီး**။ ။'ရွှေဘို သွားကာနီး ဘာများ မှာထားခဲ့သေးလဲ'

**သာ**။ ။'မမလေးအတွက်တော့ ဘာမှ မမှာခဲ့ဘူး မမလေးရဲ့'

**ကြီး**။ ။'ကျွန်မ အတွက် မမှာရင် ဘယ်သူ့အတွက် မှာခဲ့သေးသလဲ'

**သာ**။ ။'မခင်ကြည်ဆိုတဲ့ မိန်းကလေးတစ်ယောက် လာမေးလို့ရှိရင် ဈေးချိုစာတိုက်ကြီးမှာ သူ့နံမည်နှင့် စာများ ရောက်မနေဘူးလားလို့ သွားပြီးမေးဖို့ မှာထားခဲ့တယ်'

**ကြီး**။ ။'ဘယ်က မခင်ကြည်လဲ ဦးမြတ်သာရဲ့'

**သာ**။ ။'ကျွန်တော်လဲ မမြင်ဖူးဘူး မမလေးရဲ့'

**ကြီး**။ ။'နို့ သူတစ်ခါမှ လာမမေးသေးဘူးလား'

**သာ**။ ။'မလာသေးဘူး မမလေးရဲ့'

**ကြီး**။ ။'ဒါဖြင့် ကိုကိုမြ မှာခဲ့တဲ့ စကားလဲ မပြောရသေးဘူးပေါ့'

**သာ**။ ။'မပြောရသေးဘူး မမလေးရဲ့'

**ကြီး**။ ။'ဒါဖြင့် ကျွန်မ ပြောမယ် ဦးမြတ်သာ၊ အလို အိမ်ရှေ့က မြင်းရထား ဆိုက်နေပါကလား၊ ဘယ်သူပါလိမ့်၊ တန်တော့ မခင်ကြည်ဆိုတာ သူပဲ မှတ်တယ်၊ နေဦး ဦးမြတ်သာ၊ ကိုကိုမြ မှာခဲ့တဲ့ စကားကို သူ့ကို မပြောနှင့်ဦး၊ ကျွန်မဆီကိုသာ အရင်လွှတ်လိုက်၊ ကြားရဲ့လား'

**သာ**။ ။'ကောင်းပါပြီ မမလေး'

ထိုခဏ၌ ဝတ်စားတန်ဆာ ကောင်းမွန်စွာ ဝတ်ဆင်လျက် အလွန်တရာ အချိုးအစားကျနသော သူငယ်မတစ်ယောက်သည် မြင်းရထားပေါ်မှ ဆင်းလာ၍ ဝင်းအတွင်းသို့ ဝင်လာရာ လှေခါးဦးတွင် ဦးမြတ်သာနှင့် တွေ့၍ သူငယ်မသည် အိမ်ပေါ် သို့ တက်လာလေ၏။

ဧည့်သည်သူငယ်မသည် ဧည့်ခန်း၌ မိမိကြီးကို တွေ့မြင်သောအခါ အံ့အားသင့်သည့် အမူအရာနှင့် ဆုတ်ဆိုင်းရပ်တန့်လျက် ရှိလေရာ မိမိကြီးက လောကဝတ်ပျူငှာ မျက်နှာထား ချိုသာစွာနှင့် နေရာထိုင်ခင်း ပေးသည်တွင် တစ်ခုသော ကုလားထိုင်၌ ဝင်၍ထိုင်လေ၏။

သူငယ်မနှစ်ယောက်တို့သည် မိမိတို့ ဓမ္မတာထုံးစံအတိုင်း တစ်ယောက်၏ရုပ်အဆင်းနှင့် ဝတ်ပုံစားပုံ အနေအထားတို့ကို တစ်ယောက်ကိုတစ်ယောက် ကြည့်ရှု အကဲခတ်ကြပြီးနောက်

**ကြီး**။ ။'မခင်ကြည်ဆိုတာ မှတ်တယ်'

**ကြည်**။ ။'မှန်ပါတယ်၊ ကိုကျော်မြ တစ်ယောက် ရှိပါသလားရှင်'

**ကြီး**။ ။'ကိုကျော်မြ သည်ကနေ့ မနက်ကပဲ ရွှေဘိုသွားလို့ မခင်ကြည်ဆိုတာ လာမေးလို့ရှိရင် နှစ်ရက် သုံးရက်အတွင်း ပြန်လာလိမ့်မယ်လို့ ပြောရစ်ပါလို့ မှာသွားပါတယ်'

**ကြည်**။ ။'ဖြစ်မှဖြစ်ရလေရှင်၊ ကိစ္စက အရေးကြီးလို့ လာခါမှ သူနှင့် လွဲနေပါပြီ၊ ရှင်နှင့် ဆိုရင်ကော ဘယ်လို တော်ပါသလဲရှင်'

**ကြီး**။ ။'ငယ်သူငယ်ချင်းမို့ မောင်ရင်းနှမလို အင်မတန် ခင်ကြတာပါပဲရှင်၊ ကျွန်မ နံမည်က မိမိကြီးပါတဲ့၊ အခု ဘယ်အရပ်က လာတာပါလဲရှင်'

**ကြည်**။ ။'အမရပူရမြို့က လာခဲ့ပါတယ်၊ သိဟောင်း ကျွမ်းဟောင်းပါပဲ'

**ကြီး**။ ။'မှာထားစရာ စကားများရှိရင်လဲ ဦးမြတ်သာကို မှာထားခဲ့နိုင်ပါတယ်ရှင်'

**ကြည်**။ ။'အို နေပါစေ၊ သူပြန်လာမှပဲ ကျွန်မ နောက်ထပ်ပြီး တစ်ခေါက်လာပါဦးမယ်၊ ဒီအတွင်း သူပြန်လာလို့ရှိရင် ကျွန်မ လာပြီး မေးတဲ့အကြောင်း ပြောလိုက်ပါတော့ရှင်'

ထိုခဏ၌ ဦးမြတ်သာသည် ဧည့်သည်များအတွက် ကာဖီနှင့် မုန့်ပွဲများ ပြင်ဆင်ကာ ယူလာပြီးနောက် တည်ခင်းကျွေးမွေးလေရာ သူငယ်မနှစ်ယောက်တို့သည် ကာဖီသောက်ရင်း သင့်လျော်သော စကားတို့ကို အလိုက်အထိုက် ပြောဆိုကြလျက် တစ်ယောက်ကို တစ်ယောက် အကဲခတ်ကာ ရှိနေကြလေ၏။

မိမိကြီး၏စိတ်၌ ထိုသူငယ်မသည် အမရပူရက လာသည် ဆိုသော်လည်း ဝတ်ပုံစားပုံမှာ အလွန်တရာ အချိုးကျ၍ ဖီးပုံလိမ်းပုံမှာလည်း ရန်ကုန်သူနှင့် တူသည်ဟု မှတ်ထင်မိလေရာ၊ မခင်ကြည်၏စိတ်၌လည်း ထိုသူငယ်မသည် မန္တလေးသူပီပီ နွဲ့နွဲ့ပျောင်းပျောင်း အလွန်ပင် ကြည့်၍ကောင်းသောကြောင့် မောင်ကျော်မြနှင့် သမီးရည်းစားပင် ဖြစ်လေသလောဟု တွေးထင်မိလေ၏။

ဆယ်မိနစ်ခန့်မျှ ထိုင်နေကြပြီးနောက် မခင်ကြည်သည် မိမိကြီးကို နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းပြီးလျှင် မြင်းရထားနှင့် ပြန်သွားလေရာ မိမိကြီးသည်လည်း ငါးမိနစ်ခန့်မျှ ဆိုင်းငံ့ပြီးလျှင် မြင်းရထားတစ်စီးကို ခေါ်စေ၍ ဈေးချိုဘက်သို့ မောင်းနှင်စေလေ၏။

ဈေးချိုမြောက်ဘက် စာတိုက်ကြီးသို့ ရောက်သောအခါ မြင်းရထားကို ရပ်တန့်စေပြီးနောက် မိမိကြီးသည် စာတိုက်ဗိုလ်အား မခင်ကြည်အမည်နှင့် စာတစ်စောင် ဆိုက်ရောက်လျက် ရှိပါသလောဟု မေးမြန်းရာ စာတိုက်ဗိုလ်သည် စာအိတ်အမြောက်အမြား စုပုံထားသည့်အနက်မှ စာအိတ်တစ်အိတ်ကို ရွေးချယ်ပြီးလျှင် မိမိကြီးအား ပေးလေ၏။

**'ဈေးချို စာတိုက်ဗိုလ်မှ ကျေးဇူးပြု၍**

**မခင်ကြည် တောင်းခံလာသောအခါ ပေးရန်'**

ဟု ရေးသားပါရှိသည်ကို တွေ့ရှိရလေ၏။ ၎င်းနောက် မိမိကြီးသည် စာတိုက်ဗိုလ်အား ကျေးဇူးတင်စကား ပြောကြား၍ မြင်းရထားပေါ် သို့ တစ်ဖန်တက်ပြီးလျှင် စာအိတ်ကို လမ်းခရီး၌ ဖွင့်၍ ဖတ်လေရာ စာကို ဖတ်ပြီးသည်၏အဆုံး၌ အလွန်တရာ အံ့သြလှသည့် လက္ခဏာနှင့် မိမိကြီးမှာ အကြောင်သားငေးလျက် ရှိလေ၏။

× × × × × ×

မောင်ကျော်မြသည် မိမိအကြံအစည်ကို ရှေ့နေမောင်ထွန်းမြင့် ရိပ်မိသိရှိမည် စိုးရိမ်သဖြင့် မန္တလေးမြို့မှ ရှောင်ခွာ၍ နေရသည့်အကြောင်းကို ယခင်တစ်ပတ်က ရေးသားဖော်ပြခဲ့ပြီးလေပြီ။

ရွှေဘို ဒိစကြိတ် ဝက်လက်မြို့အပိုင် သခွတ်တောရွာအနီး တစ်ခုသော ရေကန်ကြီး နံဘေး၌ တစ်နေ့သော ညနေခင်းအချိန်တွင် မောင်ကျော်မြသည် လူတစ်ယောက်နှင့် တီးတိုး တိုင်ပင်လျက် ရှိကြရာ

**မြ**။ ။'ဘယ့်နှယ်လဲဗျို့ ကိုဒေါန၊ ခင်ဗျား ဒီကိုလာတာ ဘယ်သူများ ရိပ်မိသေးသလဲ'

**န**။ ။'ဘယ်သူ ရိပ်မိမလဲဗျာ၊ ဟိုအမှု ဖြစ်ပြီးကတည်းက မန္တလေးမြို့က ထွက်ခွာပြီး ရောက်တတ်ရာရာ လျှောက်သွားနေလိုက်တာ ယခုမှ ခင်ဗျား ခေါ်လို့ လာခဲ့တာပဲ၊ အစိုးရ စုံထောက် ကိုဘတင်ကတော့ ဒီအမှုကို လက်လျှော့လိုက်ပြီဆို ဟုတ်ကဲ့လား'

**မြ**။ ။'သူ လက်လျှော့တာက ကိစ္စ မရှိဘူးဗျ၊ မှန်တဲ့အတိုင်း ရိပ်မိသွားမှာသာ စိုးရိမ်နေရတဲ့ လူနှစ်ယောက် ရှိတယ်'

**န**။ ။'ဘယ်သူများလဲဗျာ'

**မြ**။ ။'ပထမ တစ်ယောက်က ကျုပ်တို့ မိတ်ဆွေ ကိုထွန်းမြင့်ပဗျာ'

**န**။ ။'ဟာ ဒီလူက အလကားလူ ပါဗျာ၊ ရှေ့နေမို့လို့ ဥပဒေကလေး နည်းနည်းနားလည်တာနှင့် တတ်ယောင်ကား လုပ်ပြီး လျှောက်ကြွားနေတဲ့ လူပါဗျ၊ ဒါထက် ဖြောင့်ချက် ရေးပေးလိုက်တဲ့ စာကော ဘယ့်နှယ်နေသလဲဗျို့'

**မြ**။ ။'အင်စပိတ်တော် ကိုဘတင်က ယုံကြည်တဲ့ လက္ခဏာရှိတယ်၊ ကိုထွန်းမြင့်တော့ ယုံဟန် မတူဘူးဗျ၊ တော်တော် ပါးတဲ့ လူပဲ'

**န**။ ။'ဒါထက် သေသူ မအုန်းစိန်ရဲ့ မိတ်ဆွေ မခင်ကြည် တစ်ယောက်ကော ဘယ်မှာ နေသလဲဗျ'

**မြ**။ ။'အမရပူရ ရောက်နေတယ်လို့ ကြားတယ်'

**န**။ ။'မတော်တဆ မခင်ကြည်က မန္တလေးများသွားပြီး သူ့ သူငယ်ချင်း မအုန်းစိန် ဘယ်နေသလဲလို့ စုံစမ်းခဲ့လို့ ရှိရင် ကျုပ်တို့ အကြံအစည်တော့ ဂွကျမကုန်ပေဘူးလားဗျာ'

**မြ**။ ။'မစိုးရိမ်ပါနှင့်ဗျာ၊ မတော်တဆ မန္တလေး သွားပြန်လို့ ရှိရင် ကျုပ်တို့ အကြံ ပျက်မကုန်အောင် ကျုပ်က စာနှင့် ရေးပြီးပါပြီ'

**န**။ ။'နေပါဦးဗျာ၊ မခင်ကြည်က မအုန်းစိန် သေတဲ့အကြောင်းကို တစ်နည်းနည်းနှင့် သိမသွားပေဘူးလားဗျာ'

**မြ**။ ။'ဘယ်နည်းနှင့် သိနိုင်မှာလဲ၊ အလောင်းကိုလည်း သူ မမြင်၊ အလောင်း အကယ်လို့ သူမြင်စေကာမူ သေပြီးတဲ့နောက် ရိုက်တဲ့ ဓာတ်ပုံ ဆိုတာ ရုပ်ဖမ်းဖို့ တော်တော် ခက်ပါတယ်ဗျ'

**န**။ ။'ဒါဖြင့် ကျုပ်တို့ စိုးရိမ်ဖို့ ရှိတာ နှစ်ယောက် ရှိတယ်လို့ ခင်ဗျား ပြောတယ်၊ ဒုတိယလူက ဘယ်သူလဲဗျာ'

**မြ**။ ။'သမာဓိမြို့ဝန် ဦးလူကလေးရဲ့ သမီး မိမိကြီး ပေါ့ဗျ'

**န**။ ။'မိမိကြီးလားဗျ၊ သူက ဘာဆိုင်လို့ ကျုပ်တို့ အကြံ သိနိုင်မှာလဲ'

**မြ**။ ။'ဘာကြောင့် သိတယ်လို့တော့ ကျုပ် မပြောတတ်ဘူး၊ သို့သော် အမှန် မုချ နည်းနည်း မသင်္ကာတဲ့ လက္ခဏာ ရှိတယ်၊ ကျုပ်ကလဲ မရမက အတင်းလဲ မမေးဝံ့ ပါဘူးဗျ၊ မေးလိုက်ရင် သာပြီး မသင်္ကာ ဖြစ်သွားမှာ စိုးရသေးတယ်'

**န**။ ။'စိုးရိမ်ဖို့ပဗျာ၊ အများကြီး စိုးရိမ်ဖို့ပ၊ နေဦး ခင်ဗျားတို့ နှစ်ယောက် ရန်များ ဖြစ်ကြဖူးသလား'

**မြ**။ ။'မဖြစ်ရပါဘူးဗျာ၊ သူ့ဘာသာသူ မသင်္ကာ တာပါပဲ'

**န**။ ။'ခင်ဗျား ကိုက နည်းနည်း လိုသွားပါတယ်၊ မူလကတည်းက မသင်္ကာ မဖြစ်စေရအောင် ခင်ဗျားက လုပ်ဖို့ ကောင်းတယ်'

**မြ**။ ။'ကျုပ်အပြစ် မဟုတ်ဘူး မိတ်ဆွေ၊ သူက ဘယ်က ဘယ်လို သတင်းရပြီး ကျုပ်ကို မသင်္ကာတာ မဆိုနိုင်ဘူး၊ ဒီအကြောင်းနှင့် ပတ်သက်ပြီး ကျုပ်ကို ဖွင့်မေးဖူးတယ်'

**န**။ ။'ခင်ဗျားက ဒီတော့ သင်္ကာမကင်း ဖြစ်တဲ့စိတ် လုံးလုံးပျောက်အောင် ပြောမပြလိုက်ဘူးလား'

**မြ**။ ။'ပြောတော့ လွယ်တယ် မိတ်ဆွေ၊ အလုပ်ဆိုတာ လုပ်ကြည့်မှ ခက်မှန်း သိတာ'

**န**။ ။'ဒါဖြင့် တော်တော် အကျပ်သားပဲဗျို့၊ မိမိကြီး သဘောကိုလည်း ကျုပ် သိတယ်၊ တော်တော် စိတ်ကြီးတဲ့ မိန်းကလေး တစ်ယောက်ပဲ၊ ကိုယ့်ရည်းစား ဖြစ်ပြီကောလို့ ချမ်းသာပေးမဲ့ မိန်းကလေး တစ်ယောက် မဟုတ်ဘူး၊ မဟုတ်မခံ ချင်တတ်တဲ့ သဘော ပြတ်တောက်တဲ့ စိတ်သဘောလည်း ရှိလေတော့ အမှုနှင့် တွေ့လာရင် ကိုယ့်ရည်းစားရယ်လို့ ညှာတာလိမ့်မယ် မဟုတ်ဘူး၊ နည်းလမ်း ရှိသလောက်တော့ ပြုလိမ့်မယ် ထင်တယ်'

**မြ**။ ။'ခင်ဗျား တွေးတာလဲ တယ်မရိုင်းဘူး'

**န**။ ။'နေပါဦးဗျာ၊ ကိုထွန်းမြင့် ဆိုတဲ့ လူနှင့် မိမိကြီး နှင့်က သိကျွမ်းဖူးသလားဗျ'

**မြ**။ ။'သိပုံ မရပါဘူးဗျာ၊ တစ်ခါမှ ပြောသံ မကြားဖူးပါဘူး'

**န**။ ။'ဒါဖြင့် တော်သေးရဲ့ဗျို့၊ မသင်္ကာတဲ့ လူနှစ်ယောက် တွေ့ဆုံ နီးနှောကြမယ် ဆိုရင် ကျုပ်တို့ အကြံတွေ ပေါ်ကုန်မှာ သာပြီး စိုးရိမ်ရတယ်'

**မြ**။ ။'ဒါလဲ မှန်တယ်'

**န**။ ။'ကိုကျော်မြကို ကျုပ် တစ်ခုတော့ ချီးမွမ်း ချင်တယ်ဗျာ၊ ဟိုနေ့က ခင်ဗျား ဦးကြာညွန့် ယောင်ဆောင်ပြီး ပုလိပ်ဆီမှာ တိုင်ချက်တွေ ဘာတွေ ရဲရဲဝံ့ဝံ့ ပေးဝံ့တာ ကျုပ် အံ့ဩသဗျာ၊ ဒီလို ရုပ်ပြောင်းတဲ့ အတတ်တွေ ခင်ဗျား ဘယ်တုန်းက သင်ထားသလဲ'

**မြ**။ ။'ဒီလိုပေါ့ဗျာ၊ ဒီဘက်က ကျုပ်က ဝါသနာ ထုံတာနှင့် ရယ်စရာ မောစရာ ဖြစ်အောင် လုပ်ဖို့ လေ့ကျင့်ပြီး ထားဖူးတယ်၊ ကိုင်း သို့သော် ကျုပ်ကို ချီးမွမ်းနေလို့ ကိစ္စမပြီးသေးဘူးဗျ၊

ကျုပ်တို့ အကြံကို ရိပ်မိတဲ့ လူနှစ်ယောက် ရှိတာ အမှန်ပဲ၊ ဒီနှစ်ယောက်ကို ကျုပ်တို့က နိုင်နင်းဖို့ ရှေ့ကို ဘယ်လို ဆောင်ရွက်မယ် ဆိုတာ အကြံထုတ်ကြဖို့က အရေးကြီးတယ်' ဟု ပြောပြီးနောက် ထိုသူနှစ်ယောက်တို့သည် ဆေးပြင်းလိပ် ကိုယ်စီညှိလျက် တဲနံဘေး၌ ထိုင်ကာ မိမိတို့၏အကြံအစည်များကို နီးနှောတိုင်ပင်လျက် ရှိနေကြလေ၏။

× × × × × ×

**အခန်း (၈)**

မိမိကြီးသည် မောင်ကျော်မြက မခင်ကြည်ထံ ရေးသားပေးပို့လိုက်သော စာကို စာတိုက်မှ ဖြတ်၍ ယူခဲ့ပြီးနောက် စာကို ဖောက်၍ ဖတ်မိသောအခါ အလွန်တရာ အံ့ဩလှသော စိတ်ဖြစ်ပေါ်ခဲ့ပြီးလျှင် မခင်ကြည် အကြောင်းကို တွေးမိတိုင်း သမီးရည်းစားတို့ ဘာဝ ဖြစ်ပေါ်တတ်သည့် မနာလို ဝန်တိုသော စိတ်သည်လည်း မခံနိုင်အောင် ဖိစီးလျက် ရှိလေ၏။

ထိုအချိန်မှစ၍ မိမိကြီးသည် ထိုအမှု ကိစ္စကို အမြစ်ရင်းသို့ တိုင်အောင် စုံစမ်းသိရှိစေအံ့ဟု နေ့ရော ညဥ့်ပါ မိမိ၌ ရှိသမျှ ဉာဏ်ကို ထိုအမှု၌ အသုံးပြုလျက် ရှိခဲ့လေ၏။ နောက်တစ်နေ့၌ မိမိကြီးသည် မခင်ကြည်ဆိုသော မိန်းကလေးမှာလည်း ၎င်းအမှုနှင့် စပ်လျဥ်း၍ မောင်ကျော်မြနှင့် ကြံဖော်စည်ဖက် ဖြစ်မည်ဟု ထိုစာကို ထောက်ခြင်းအားဖြင့် တွေးတောမိသည် ဖြစ်၍ မခင်ကြည်ထံမှ စကားရသမျှ အောက်အစ် ညစ်ထုတ်မည့် အကြံအစည်နှင့် မောင်ကျော်မြ၏နေအိမ်သို့ သွားရောက်လေ၏။ အိမ်သို့ ရောက်သောအခါ အစေခံ ဦးမြတ်သာနှင့် တွေ့၍ မခင်ကြည် လာရောက်ခဲ့လျှင် မိမိထံ ခေါ်ခဲ့ရန် မှာထားပြီးလျှင် ဧည့်ခန်းမှ စောင့်ဆိုင်းလျက် ရှိနေရာ တစ်နာရီခန့်မျှ ကြာသောအခါ မခင်ကြည်သည်လည်း ရှေးနည်းအတူ မြင်းရထားတစ်စီးနှင့် ဆိုက်ရောက်လာလေ၏။ မိန်းကလေး နှစ်ယောက်တို့သည် ဧည့်ခန်း၌ ထိုင်ကာ စကားပြောဆိုလျက် ရှိကြစဉ် မိမိကြီးသည် မခင်ကြည်ထံမှ စကားရနိုင်သမျှ အစ်အောင်လှည့်ပတ်ကာ မေးမြန်းပါသော်လည်း မခင်ကြည်မှာ လူသတ်မှု အကြောင်းနှင့် စပ်လျဥ်း၍ အကယ်စင်စစ် မသိသောကြောင့် သော်လည်းကောင်း၊ သို့တည်းမဟုတ် မိမိကြီးကဲ့သို့ပင် ပါးနပ်သော မိန်းကလေး တစ်ယောက် ဖြစ်သောကြောင့် အသွားအလာကို ရိပ်မိ၍ ဘူးကွယ်သောကြောင့် လည်းကောင်း ရှိနေရကား မိမိကြီးသည် မည်သည့် ထူးခြားသော သတင်းကိုမျှ ထပ်၍ မသိရှိနိုင်ဘဲ ရှိနေခဲ့လေ၏။

ထိုအခါ မိမိကြီးသည် စကားစစ်ထိုးသော အလုပ်ကို လက်လျှော့ပြီးလျှင် အကြံတစ်မျိုးနှင့်၊ မခင်ကြည်က မိမိအား နှုတ်ဆက်၍ ရထားနှင့် ပြန်သွားသောအခါတွင် မိမိကြီးသည် အခြားရထား တစ်စီးပေါ်သို့တက်၍ တံခါးကို အလုံပိတ်ပြီးနောက် မြင်းရထား မောင်းသမားအား ရှေ့မှ မောင်းသွားသော မြင်းရထားကို မလှမ်းမကမ်းမှ မီအောင် လိုက်ရန် ပြောပြလေ၏။ မြင်းရထား နှစ်စီးတို့သည် မြောက်ဘက်သို့ မောင်းနှင်ကြ၍ ဈေးချိုတော်ကြီးဘက် ဒန်ပေါက်ထမင်းဆိုင် တစ်ဆိုင်သို့ ရောက်သောအခါ မခင်ကြည် ပါသွားသော ရထားသည် ဆိုင်ရှေ့တွင် ရပ်တန့်၍ မခင်ကြည်သည် ဆိုင်တွင်းသို့ ဝင်သွားလေ၏။ ထိုအခြင်းအရာကို မိမိကြီး တွေ့မြင်ရသောအခါ မြင်းသမားအား ၎င်းဆိုင်ကို ကျော်လွန် မောင်းစေ၍ မနီးမဝေးသို့ ရောက်သောအခါ ရပ်တန့်စေပြီးလျှင် ဆိုင်ရှေ့မှ တစ်ဖန် မောင်းနှင်ပြန်လေ၏။

ယင်းကဲ့သို့ ခေါက်တုံ့ခေါက်ပြန် ဆိုင်ရှေ့မှ မြင်းရထားကို မောင်းနှင်စေ၍ မိမိကြီးသည် မြင်းရထား အတွင်းမှ ဆိုင်ကို ချောင်းမြောင်း ကြည့်ရှု မိသောအခါတွင် မခင်ကြည်သည် တစ်ခုသော စားပွဲတွင် ထိုင်လျက် ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားသဖြင့် ဘိန်းစား ကတ်ကျေးကိုက်နှင့် သဏ္ဍာန်တူသော လူတစ်ယောက်နှင့် စိတ်အားကြီးစွာ စကားပြောဆို တိုင်ပင်လျက် ရှိနေကြသည်ကို တွေ့မြင်ရလေ၏။ မခင်ကြည်မှာမူ မည်သည့် အစားအစာကိုမျှ မစားမသောက်ဘဲ မေးမြန်းရန် ရှိသမျှကို စိတ်အားထက်သန်စွာ မေးမြန်း စုံစမ်းလျက် ရှိလေရာ ထိုသူမှာမူ အစာ မတွေ့ရသည်မှာ ကြာလှသည့် လက္ခဏာနှင့် ပလုပ်ပလောင်း စားသောက်ရင်း ခေါင်းညိတ်ကာ လည်ညိတ်ကာဖြင့် ရံဖန် ပြန်ကြား ဖြေဆိုလျက် ရှိလေ၏။ နာရီ တစ်ဝက်ခန့်မျှ တိုင်ပင်ကြပြီးနောက် ထိုသူ နှစ်ယောက်တို့သည် အပြင်သို့ ထွက်လာရာ မခင်ကြည်သည် မြင်းရထား တစ်စီးပေါ် သို့ တက်တော့မည်ဆဲဆဲ ရှိသည်တွင် ထိုလူသည် ဆိုင်ရှင် ကုလားထံမှ ခဲတံနှင့် စာတစ်ရွက်ကို တောင်းပြီးလျှင် တစ်စုံတစ်ခုကို ရေးသား၍ စာရွက်ကို မခင်ကြည်၏လက်သို့ ပေးအပ်ပြီးနောက် မြင်းရထားလည်း မောင်းနှင် သွားလေ၏။

ထိုသူမှာ နှစ်သက် အားရရှိသော လက္ခဏာနှင့် မခင်ကြည်၏မြင်းရထား မောင်းနှင် သွားရာကို မျှော်ကြည့်ကာ ကျန်နေရစ်သည်ကို မိမိကြီး တွေ့မြင်ရလေ၏။ ၎င်းနောက် မိမိကြီးသည် ရှေးနည်းအတူ မခင်ကြည်၏မြင်းရထားနောက်သို့ လိုက်ပြန်စေရာ ဘုတာရုံကြီးသို့ ကျော်လွန်၍ ဟော်ကုန်းရပ်ကွက်သို့ ရောက်ရှိသောအခါ မခင်ကြည်၏မြင်းရထားသည် ယိုယွင်း ပျက်စီးစ ပြုနေသော အိမ်အိုကြီး တစ်ဆောင်၏ရှေ့၌ ရပ်တန့်၍ မခင်ကြည်သည် အိမ်ပေါ် သို့ တက်သွားလေ၏။

မိမိကြီးသည်လည်း မိမိ၏မြင်းရထားကို မနီးမဝေးမှ ရပ်တန့်စေပြီးလျှင် အရိပ်အကဲကို ကြည့်ရှုလျက်ရှိရာ ဆယ်မိနစ်ခန့် ကြာသောအခါ မခင်ကြည်သည် အိမ်ပြင်သို့ ထွက်လာ၍ ရထားပေါ် သို့ တက်ပြီးလျှင် ဘုတာရုံဘက်သို့ မောင်းနှင် သွားပြန်လေ၏။ ထိုအခါ၌မူကား မိမိကြီးသည် မခင်ကြည်၏နောက်သို့ မလိုက်တော့ဘဲ ဆယ်မိနစ်ခန့်မျှ

ဆက်လက်ရပ်တန့် စောင့်ဆိုင်းပြီးလျှင် ၎င်းအိမ်ကြီး ရှေ့သို့ မောင်းနှင် စေလေ၏။ အိမ်ရှေ့၌ မြင်းရထားကို ရပ်ပြီးလျှင် မိမိကြီးသည် အိမ်ပေါ် သို့ တက်သွားရာ အသက်လေးဆယ်ကျော် အရွယ်ခန့်မျှ ရှိသော အိမ်ရှင် မိန်းမကြီးနှင့် တွေ့၍ မိန်းကလေး တစ်ယောက် မလာရောက်ပါသလောဟု မေးမြန်းရာ ယခုပင် ပြန်သွားကြောင်းနှင့် ပြန်ပြောသည်တွင်

**ကြီး**။ ။'ဖြစ်ရလေရှင်၊ နည်းနည်းကလေး လွဲသွားတာပေါ့'

**အိမ်ရှင်**။ ။'ခုကလေးတင်ပဲ ဆင်းသွားပါတယ်'

**ကြီး**။ ။'ဒေါ်ဒေါ်နှင့် သိဟောင်း ကျွမ်းဟောင်း ပဲလား ဒေါ်ဒေါ်'

**အိမ်ရှင်**။ ။'မတွေ့ဖူး မမြင်ဖူးပါဘူး မိန်းကလေးရယ်၊ မအုန်းစိန်နှင့် သူငယ်ချင်းဆို ထင်ပါရဲ့၊ တွေ့ချင်ရှာလို့တဲ့၊ မအုန်းစိန်ကလည်း အဝေး သွားနေခိုက် ဖြစ်နေတယ်'

**ကြီး**။ ။'မအုန်းစိန်ဆိုတာ ဒေါ်ဒေါ်နှင့် ဘယ်နယ်တော်သလဲ'

**အိမ်ရှင်**။ ။'ဘယ်လိုမှတော့ မတော်ပါဘူး တူမရယ်၊ သမီးကလေးလို တူမကလေးလို ချစ်ခင်ပြီး သူကလဲ မိမဲ့ ဖမဲ့၊ အဒေါ်ကလဲ မုဆိုးမ ဖြစ်လေတော့ အတူတူ ပေါင်းစပ်ပြီး နေကြတာပါပဲ'

**ကြီး**။ ။'မအုန်းစိန် ဒေါ်ဒေါ်နှင့် အတူတူနေတာ ဘယ်လောက် ကြာပလဲ'

**အိမ်ရှင်**။ ။'တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိပါပြီ'

**ကြီး**။ ။'အခုတော့ မအုန်းစိန် ဘယ်သွားပါသလဲ'

**အိမ်ရှင်**။ ။'ပျဉ်းမနားမှာ သူ့ ဆွေမျိုးများ ရှိလို့ အလည်သွားပါတယ် တူမရယ်'

**ကြီး**။ ။'မအုန်းစိန် ဒီမှာ နေခဲ့တဲ့ အခါမှာ ယောကျ်ား ဧည့်သည်များ အလည်အပတ် လာဖူးသလား ဒေါ်ဒေါ်'

**အိမ်ရှင်**။ ။'လူတစ်ယောက်တော့ဖြင့် မကြာမကြာ လာတာ မြင်မိပါတယ်'

ထိုအခါ မိမိကြီးသည် မိမိ၏ အင်္ကျီအိတ်၌ ထည့်ထားသော ရင်ထိုး ဓာတ်ပုံကို ထုတ်၍ ပြပြီးလျှင်

**ကြီး**။ ။'ဒီဓာတ်ပုံ တဆိတ်လောက် သေသေချာချာ ကြည့်ပါ ဒေါ်ဒေါ် ဒီလူကို မြင်ဖူးသလား'

**အိမ်ရှင်**။ ။(ဓာတ်ပုံကို သေချာစွာ ကြည့်ပြီးနောက်) 'ဟာ ဒီလူပေါ့၊ မအုန်းစိန်ဆီ မကြာမကြာ လာလည်တဲ့ မောင်ကြာညွန့် ဆိုတာ'

**ကြီး**။ ။'နာမည်များ မှားပမယ် ဒေါ်ဒေါ် စဉ်းစားပါဦး၊ ကိုကြာညွန့် ဟုတ်ကဲ့လား၊ ကိုကျော်မြဆို မဟုတ်လား ဒေါ်ဒေါ်ရဲ့'

**အိမ်ရှင်**။ ။'မောင်ကျော်မြလို့ မကြားဖူးပါဘူး တူမရယ်၊ မောင်ကြာညွန့် ပါပဲ'

**ကြီး**။ ။'လူတော့ ဒီလူပဲနော် ဒေါ်ဒေါ်'

**အိမ်ရှင်**။ ။'ဒီလူမှ ဒီလူအစစ်ပါတော်၊ နှာတံ စင်းစင်း မျက်ခုံး ခပ်တုတ်တုတ်နှင့် ဒေါ်ဒေါ် ကောင်းကောင်းကြီး မှတ်မိပါတယ်'

**ကြီး**။ ။'သူနေတော့ ဘယ်အရပ်မှာ နေသတဲ့လဲ'

**အိမ်ရှင်**။ ။'နေရပ်တော့ သေသေချာချာ မသိဘူးတော့၊ စိတ်သဘောတော့ အင်မတန် ကောင်းဟန် တူတယ်'

**ကြီး**။ ။'ဒီ့ပြင်ကော ဒေါ်ဒေါ် သူ့ အကြောင်းကို ဘာများ သိသေးသလဲ'

**အိမ်ရှင်**။ ။'သူကလဲ စကားက ခပ်နည်းနည်း၊ အဒေါ်ကလဲ သူများလို မေးလား မြန်းလား မလုပ်လေတော့ ဘာမှ သည့်ပြင် မသိရပါဘူး တူမရယ်'

**ကြီး**။ ။'ဒါထက် မအုန်းစိန် အကြောင်း တော်တော် ကောင်းကောင်း သိသလား၊ မိဘများနှင့် ဒေါ်ဒေါ်နှင့်က သိဟောင်း ကျွမ်းဟောင်း ပဲလား'

**အိမ်ရှင်**။ ။'မဟုတ်ပါဘူး တူမရယ်၊ ကျွမ်းကြတာ နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်၊ ဘယ်လို အကြောင်းကြောင့် မေးပါသလဲ တူမရယ်'

**ကြီး**။ ။'အင်မတန် အရေးကြီးတဲ့ ကိစ္စအတွက် မေးမြန်းရပါတယ် ဒေါ်ဒေါ် ဒါထက် ခုနင်က လာမေးတဲ့ မခင်ကြည်ဆိုတာ ဒီကို ရောက်ဖူးပါသလား'

**အိမ်ရှင်**။ ။'မလာဖူးပါဘူး တူမရယ်'

**ကြီး**။ ။'ကျွန်မနှင့် ဒီလူနှင့်ဟာ သမီးရည်းစား ဘဝ ချစ်ကြိုက်နေကြပြီး တောင်းရမ်းမယ့်ဆဲဆဲ ရှိနေလို့ မေးပါတယ် ဒေါ်ဒေါ်ရယ်'

**အိမ်ရှင်**။ ။'နေဦး တူမရယ်၊ သူတို့တော့ တစ်ယောက်နှင့် တစ်ယောက် ခင်ခင်မင်မင်တော့ ရှိတာပဲ၊ ပြောပုံ ဆိုပုံ အမူအရာ ထောက်ကြည့်တော့ဖြင့် သမီးရည်းစား လက္ခဏာတော့ဖြင့် မရှိဘူး၊ သို့သော် နှစ်ယောက်တည်း တိုးတိုး တိုးတိုးနှင့် ပြောနေကြတာတော့ဖြင့် ဒေါ်ဒေါ် ကြားတယ်'

**ကြီး**။ ။'သမီးရည်းစားပင် မဟုတ်သော်လည်း တိုင်ပင်စရာ အကြောင်းထူး တစ်စုံတစ်ခုတော့ ရှိတယ်လို့ ဆိုချင်သပေါ့ ဒေါ်ဒေါ်'

**အိမ်ရှင်**။ ။'ဟုတ်လိမ့်မယ် တူမရေ၊ လူမသိအောင် တိုင်ပင်စရာ အကြောင်း တစ်ခုတော့ ရှိတယ်လို့တော့ ထင်တယ်'

ထိုအခါ မိမိကြီးမှာ မောင်ကျော်မြသည် မအုန်းစိန်ထံ မကြာခဏ လာရောက်ခြင်းကို လည်းကောင်း၊ မခင်ကြည်သည် မောင်ကျော်မြထံ လာရောက်၍ မောင်ကျော်မြကလည်း မခင်ကြည်ထံ စာတိုက်မှတဆင့် စာပေးစာယူ ပြုခြင်းကို လည်းကောင်း၊ မခင်ကြည်နှင့် မအုန်းစိန်တို့သည် အသိအကျွမ်း ဖြစ်ကြသည်ကို လည်းကောင်း ထောက်ချင့်ရသော် အမှန် မုချ ၎င်းတို့ သုံးဦး သုံးဖလှယ် တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ဖြစ်၍ လျှို့ဝှက်သော ကိစ္စ တစ်ခု၌ အတူတကွ ဆောင်ရွက်လျက် ရှိကြကြောင်းကို တွေးမိသည်တွင် စိတ်နှလုံးမသာမယာ ဖြစ်ခဲ့လေ၏။ အိမ်ရှင် အဒေါ်ကြီးလည်း မိမိကြီး၏ မသာမယာ မျက်နှာကို မြင်လေလျှင် ယောက်ျားတို့ မည်သည်မှာ မိန်းမသား အပေါ်၌ လိမ်လည် လှည့်ဖြား သဘောထား မတည်မကြည် ရှိတတ်ခြင်းမှာ မိမိ၌ ကိုယ်တွေ့ပင် ဖြစ်သော်လည်း ထိုသူမှာ မိမိ အကဲ ခတ်မိသလောက် ဖြောင့်မတ် တည်ကြည်ပုံရသည် ဖြစ်သောကြောင့် အထင်လွဲ၍ စိတ်နှလုံး မသက်မသာ မဖြစ်ရန် အကြောင်းနှင့် ပြောကြားပါသေး သော်လည်း မိမိကြီးကမူ နာမည်ရင်း အတိုင်း မဟုတ်ဘဲ အမည်လွှဲ၍ အသိဖွဲ့ခြင်းက ဖြောင့်မှန်သော အကြံအစည် မဟုတ်နိုင်ဟု ယူဆမိလေ၏ ။

၎င်းနောက် မိမိကြီးသည် မခင်ကြည်နှင့် နောက်တစ်ကြိမ် ထပ်မံ တွေ့ဆုံခဲ့သည် ဖြစ်က အကြောင်းများကို မပေါ်လျှင် ပေါ်အောင် ထပ်လောင်း၍ မေးမြန်းဦးမည်ဟု အကြံဖြစ်သည်နှင့် အိမ်ရှင် အဒေါ်ကြီးအား ကျေးဇူးတင်စကား ပြောကြားပြီးလျှင် မိမိ၏ နေအိမ်သို့ ပြန်လာခဲ့လေ၏။

× × × × × ×

**အခန်း (၉)**

ရွှေဘို တောင်လက် သခွပ်တောရွာသည် အနီးအပါး၌ အခြားသော ရွာများကဲ့သို့ တစ်ပေါင်း တစ်စည်းတည်း စုရုံး ဖွဲ့စည်း၍ စည်းရိုးများ ကာရံထားခြင်း မရှိဘဲ ငါးအိမ်လျှင် တစ်စု ဆယ်အိမ်လျှင် တစ်စု အစရှိသည်ဖြင့် အကွဲကွဲ အပြားပြား တခြားစီ ရှိနေသော ရွာပြန့်ကျယ်ကြီး ဖြစ်လေသည်။

ရွာ၏ အစွန်ဝယ် သေးငယ်သော အိမ်တစ်ဆောင် အတွင်း၌ မောင်ကျော်မြသည် ဟောင်းနွမ်းပေရေသော အထည်တို့ကို ဝတ်ဆင်လျက် မောင်ဒေါနဲ ဆိုသူနှင့် တီးတိုး တိုင်ပင်လျက် ရှိကြရာ

**န**။ ။'မခင်ကြည်နှင့် တွေ့အောင် သွားမယ်ဆိုတဲ့ အကြံဟာ တော်မယ် မထင်ပါဘူး ကိုကျော်မြရယ်'

**မြ**။ ။'ဘာကြောင့်လဲဗျ'

**န**။ ။'ခုနေ အခါမှာ မန္တလေးကို ခင်ဗျား သွားဖို့ သင့်တော်မယ် လို့ကို ကျုပ် မထင်ဘူး'

**မြ**။ ။'ဘယ့်နှယ် လုပ်မလဲ ကိုဒေါနဲ၊ မခင်ကြည်က မိမိကြီးနှင့် တွေ့ခဲ့တယ်လို့ စာရေးလိုက်လေတော့ မိမိကြီးက ဒီအမှုမှာ ဘယ်လောက်အထိ သိတယ်ဆိုတာ ကျုပ် သေသေချာချာ သိချင်တယ်ဗျ'

**န**။ ။'ဒါကတော့ ခင်ဗျား သဘော ပေါ့ဗျာ၊ သို့သော်လည်း သတိ ဝီရိယနှင့်သာ သွားပေတော့ ကိုကျော်မြ၊ မောင်ထွန်းမြင့် ဆိုတဲ့ လူကလဲ တော်တော် ပါးတဲ့ လူဗျ၊ မခင်ကြည်နှင့် ပူးပေါင်းပြီး တစ်ပတ်ရိုက်မှာကိုလဲ စိုးရသေးတယ်'

**မြ**။ ။'ခင်ဗျား စိုးရိမ်တာလဲ တယ်မရိုင်းဘူး၊ သို့သော် စိတ်ချပါဗျာ၊ သတိတမန် ဉာဏ်မြေကတုတ် ဆိုတဲ့ စကားလို သတိ ဝီရိယကို မပေါ့ မလျော့စေဘဲ သည်ရန်ကို ကျုပ် ကြံပြီး ဖြိုဖျက်ခဲ့မယ်ဗျာ၊ မစိုးရိမ်ပါနှင့်၊ ကိုင်း ပြောနေ ကြာရှော့မယ်၊ မီးရထားလည်း အချိန်နီးပြီ ထင်တယ်ဗျို့၊ ဘူတာကို သွားလိုက်ဦးမှ တော်မယ်၊ ကျုပ် မရှိတဲ့ အခါမှာ ခင်ဗျား ကလဲ မပေါ့မလျော့ စေနှင့်ဗျ၊ ကြပ်ကြပ် သတိထားရစ်ဗျာ၊ ကြားလား'

**န**။ ။'ကျုပ် အတွက်တော့ စိတ်ချရစ်ပါ ကိုကျော်မြရယ်'

ၚင်းနေ့ ခြောက်နာရီ အချိန်ခန့်တွင် မောင်ကျော်မြသည် ကောင်းမွန် သပ်ရပ်စွာ ဆင်ယင် ဝတ်စားလျက် မန္တလေး ဘူတာသို့ ဆိုက်လာသော စစ်ကိုင်းရထား ပေါ်မှ ဆင်းသက်ပြီးလျှင် မြင်းရထား တစ်စီးနှင့် အာဠဝီလမ်းရှိ ဟိုတယ်သို့ သွားရောက်လေ၏။ ဟိုတယ်သို့ ဆိုက်ရောက်ပြီးနောက် မောင်ကျော်မြသည် ချောင်ကျသော အခန်း တစ်ခန်းကို ဝင်သွားပြီးနောက် စားစရာ အနည်းငယ်ကို မှာထား၍ စောင့်ဆိုင်းလျက်ရှိစဉ် ဟိုတယ်ရှေ့၌ မြင်းရထားတစ်စီး ဆိုက်ရောက်ပြန်၍ မခင်ကြည်သည် ရထားပေါ်မှ ဆင်းလာလေ၏။ မခင်ကြည်သည်လည်း ဘွိုင်ကုလားကို မေးမြန်း၍ မောင်ကျော်မြ ရှိရာ အခန်းသို့ ဝင်သွားပြီးနောက် ထိုသူ နှစ်ယောက်တို့သည် ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ကြလေ၏။ ၎င်းတို့ နှစ်ယောက်သည် သိဟောင်း ကျွမ်းဟောင်း ဖြစ်ကြသည့် အတိုင်း လောကဝတ် ပျူငှာ အာလာပ သလ္လာပ စကား ပြောဆိုကြပြီးနောက်

**ကြည်**။ ။'အံ့သြပါရဲ့ရှင်၊ ကျွန်မ လာမယ် ဆိုတာ သိရက်သားနှင့် တကယ်လို့ ကိစ္စ အရေးကြီးတဲ့ အတွက် အဝေးမြို့ရွာ သွားရစေကာမူ အိမ်မှာတော့ မှာထားခဲ့ဖို့ ကောင်းပါတယ်'

**မြ**။ ။'မှာခဲ့သားပဲကိုး၊ မခင်ကြည် စာတိုက်မှာ စာသွားပြီး ယူဖို့ ဦးမြတ်သာက မပြောဘူးလား'

**ကြည်**။ ။'မပြောပါကလားရှင်'

**မြ**။ ။(အံ့သြလျက်) 'ဟာ ဘယ့်နှယ် မဟုတ်တာ၊ ဦးမြတ်သာက မပြောဘူးလား'

**ကြည်**။ ။(ခေါင်းခါလျက်) 'ဟင့်အင်း ဘာမှ မပြောဘူးရှင့်'

**မြ**။ ။'ဘယ့်နှယ်လဲဗျာ၊ မခင်ကြည် လာလို့ရှိရင် ဈေးချို စာတိုက်ကြီးသွား မခင်ကြည် နာမည်နှင့် စာတစ်စောင် မရောက်ဘူးလားလို့ မေးဖို့ ကျုပ် မှာထားခဲ့တယ်'

**ကြည်**။ ။'ပြောလဲ မပြော၊ စာလဲ မရဘူးရှင့်'

**မြ**။ ။'ဦးမြတ်သာကြီး ဘယ့်နှယ် လုပ်ပါလိမ့်မလဲ၊ တယ် ဂွကျတာကိုး'

**ကြည်**။ ။'ဒီဟာ နေပါစေတော့ရှင်၊ လူချင်း တွေ့ကြပြီ၊ စာမရပေမယ့် အရေးမကြီးပါရှင်၊ မအုန်းစိန် တစ်ယောက် ပျောက်နေတာ ခက်လှတယ်၊ ပျဉ်းမနား သွားတယ်ဆိုလို့ သံကြိုးရိုက်ပြီး မေးတော့လဲ သူ့ ဆွေမျိုးများ မအုန်းစိန် မလာတဲ့ အကြောင်း သံကြိုး ပြန်ရိုက်ပါတယ်၊ ဒါနှင့် သူ ဘယ်ကို သွားတတ်တာကို ကိုကျော်မြ မသိဘူးလားရှင်'

**မြ**။ ။'ဟာ ကျုပ်လဲ ဘာသိ မလဲဗျာ၊ အဝေး သွားနေတဲ့ လူမေးလို့ ဘယ်မှာပြောနိုင်မလဲ မခင်ကြည်'

**ကြည်**။ ။'ကျွန်မဖြင့် မအုန်းစိန် အတွက်မှ စိတ်မအေးဘူး ရှင်၊ သူနေတဲ့ အိမ်က အဒေါ်က ပြောတော့လဲ ပျဉ်းမနား သွားတာ ၁၅ ရက်လောက် ရှိပြီတဲ့၊ ကျွန်မကလဲ ၁၅ ရက်လောက် အတွင်းကပဲ မအုန်းစိန်ဆီက မန္တလေးမှ နေပြီး ပေးလိုက်တဲ့ စာတစ်စောင် ရသေးတယ်'

**မြ**။ ။'ဘယ်မလဲဗျ၊ ဒီစာ ပါသေးလား'

**ကြည်**။ ။'စာတော့ မပါဘူးရှင်၊ အိမ်မှာ မေ့ကျန်ရစ်ခဲ့တယ်'

**မြ**။ ။'ဘာ အကြောင်းများလဲ ဗျာ'

**ကြည်**။ ။'အလွန် အရေးကြီးတဲ့ ကိစ္စ တစ်ခု ရှိလို့ ကျွန်မနှင့် တိုင်ပင်ချင် ပါတယ်တဲ့၊ ကျွန်မကလဲ ချက်ချင်း မအားတာနှင့် မလာနိုင်ဘူးရှင့်၊ လာပြန်တော့လည်း ဟော သူနှင့် မတွေ့ဘူး'

**မြ**။ ။'အရေးကြီးတဲ့ ကိစ္စဆိုတာ ဘယ်လို ကိစ္စများလဲ မခင်ကြည် မတွေးမိဘူးလား'

**ကြည်**။ ။'ကျွန်မ တွေးမိတာကတော့ အိမ်ထောင်ရက်သား ပြုဖို့ အကြံအစည်ရှိလို့ ကျွန်မနှင့် တိုင်ပင်ချင်တယ် ထင်တာပါပဲရှင်'

**မြ**။ ။'ဘယ်သူနှင့်များ ထင်မိလို့လဲ'

**ကြည်**။ ။'ဟိုတုန်းကတော့ ကိုကျော်မြနှင့်ဟာ အရောတဝင် နေကြလေတော့ ရီးတီးရားတား ထင်မိပေတယ်ရှင်'

**မြ**။ ။'ထင်ရင်လဲ လွဲမှာပေါ့ မခင်ကြည်၊ ကျုပ်တို့က မောင်လို နှမလို ချစ်ခင်ကြတာပဲ၊ ကျုပ်မှာလဲ သမာဓိမြို့ဝန် ဦးလူကလေးရဲ့ သမီး မိမိကြီးနှင့် တောင်းတော့ ရမ်းတော့မယ် ဆဲဆဲသားပဲ'

**ကြည်**။ ။'ကျွန်မ သိပါတယ်'

**မြ**။ ။'နေပါဦးဗျာ၊ မခင်ကြည်နှင့် မိမိကြီးနှင့် ဘယ်မှာ တွေ့ကြတာလဲ'

**ကြည်**။ ။'ရှင့် အိမ်မှာ တွေ့တာပေါ့'

**မြ**။ ။(မျက်လုံး ပြူးလျက်) 'ဩော် ဟုတ်လား၊ ဘယ်ပုံ တွေ့ကြတာလဲ ဗျာ'

**ကြည်**။ ။'ကျွန်မက ရှင်နှင့် တွေ့ချင်လို့ ရှင့်အိမ်သွားတော့ သူရောက်နှင့် နေလို့ ဆီးပြီး ဧည့်ခံတယ်ရှင့်၊ ဒီတော့ ကျွန်မတို့ ဧည့်ခန်းမှာ ထိုင်ပြီး ရှင့် အကြောင်းကို အတန်ကြာကြီး ပြောကြသေးတယ်'

**မြ**။ ။'နေပါဦးဗျာ၊ မအုန်းစိန် အကြောင်းများ ပါကြသေးသလား'

**ကြည်**။ ။'ကြံကြံစည်စည်ရှင်၊ လူတစ်ဘက်သားကို မနာလို ဝန်တိုတဲ့ စိတ် ဖြစ်ပေါ်စေအောင် ကျွန်မ အလကား လုပ်ပမလား ရှင်'

**မြ**။ ။'မှန်ပေတယ် မှန်ပေတယ်၊ ဒါနှင့် မအုန်းစိန် ဘယ်သွားတယ်ဆိုတာ ကျုပ် သိလိုက်တယ် ထင်ပြီး မခင်ကြည်က ကျုပ်ဆီ လာမေးတာပေါ့လေ'

**ကြည်**။ ။'ရှင်တို့ နှစ်ဦးဟာ အင်မတန် အကျွမ်းဝင်တဲ့ မိတ်ဆွေ ဖြစ်လေတော့ သိတန်ကောင်းပါရဲ့လို့ မေးရတာပါပဲရှင်'

**မြ**။ ။(စဉ်းစား စိတ်ကူးနေသည့် လက္ခဏာနှင့် အတန်ကြာ ဆိုင်းငံ့ နေပြီးနောက်) 'ထွက်သွားတာ ၁၅ ရက်လောက် ရှိပြီ၊ စာရတာကလဲ ၁၀ ရက်လောက် ရှိသေးတယ်၊ တော်တော်တော့ အတွေးရ ကျပ်တာပဲဗျို့'

**ကြည်**။ ။'အတွေးရ ခက်တာ နေပါဦးရှင့်၊ တဆိတ်လောက် ကူညီပြီး ရှာပေးဖို့ကော မတတ်နိုင်ဘူးလား၊ ကိုကျော်မြ'

**မြ**။ ။'တယ်ခက်တယ်ဗျ၊ မိမိကြီးနှင့် မင်္ဂလာဆောင်ခါနီး ဆဲဆဲ ဖြစ်လေတော့ မတော်တဆ သူကြားသွားမှဖြင့် မသင်္ကာစရာ ဖြစ်ပါလိမ့်မယ် မခင်ကြည်ရယ်'

**ကြည်**။ ။'ကျွန်မ အထင် ပြောရမှာဖြင့် မိမိကြီးက အခုလဲပဲ ရှင့် အပေါ်မှာ မသင်္ကာဘူး ထင်တယ်'

**မြ**။ ။'ဘာ မသင်္ကာတာလဲ မခင်ကြည်'

**ကြည်**။ ။'ဘာရယ်လို့တော့ ကျွန်မ မပြောနိုင်ဘူး၊ သူ ပြောပုံ ဆိုပုံ မေးပုံ မြန်းပုံ ထောက်ချင့်ပြီး ကြည့်ရတာ ရှင့် အပေါ်မှာ သင်္ကာမကင်းဘူးလို့ ကျွန်မ ထင်တယ်'

**မြ**။ ။(တုန်လှုပ်သော အမူအရာနှင့်) 'မအုန်းစိန် အကြောင်းတော့ သူ သိပုံ မရပါဘူးနော်၊ မခင်ကြည်က ဘာမှ စကားစပ်ပြီး မပြောခဲ့ဘူး မဟုတ်လား'

**ကြည်**။ ။'မပြောပါဘူးရှင်'

**မြ**။ ။'ကောင်းပါတယ်ဗျာ'

**ကြည်**။ ။'ဒါတဲ့ နေပါဦး ကိုကျော်မြရယ်၊ ခုတလော ရှင် မန္တလေးက ခွာပြီးနေတာ ဝါးရမ်းပြေးနေသလို ဘာလိုလို ထင်နေကြပါကလား'

**မြ**။ ။(မျက်လုံးပြူးလျက်) 'အလို ဘယ်သူတွေက ထင်တာလဲ မခင်ကြည်ရဲ့'

**ကြည်**။ ။'မိမိကြီး ပြောပုံ ဆိုပုံ ထောက်ကြည့်ရတော့ ဒီလိုပဲ ထင်ပုံရတယ်၊ တိုက်ရိုက်ကြီးတော့ ဖွင့်ပြီးပြောတာ မဟုတ်ဘူးပေါ့၊ ရှင့်မှာ ဘာမှုလဲရှင့် ဘယ်အတွက်လဲရှင့်'

**မြ**။ ။'ထင်ချင်သလို ထင်ကြပါစေဗျာ၊ နောက်ဆုံးတစ်နေ့ကျတော့ ဘွင်းဘွင်းကြီး ပေါ်ပါလိမ့်မယ်'

**ကြည်**။ ။ 'နေပါဦး၊ ဘာမှုလဲ ပြောစမ်းပါဦးရှင့်'

**မြ**။ ။'ခုတော့ မပြောပါရစေနဲ့ မခင်ကြည်၊ သို့သော် မခင်ကြည်တစ်ခု ကျုပ်ကို ကတိထားရလိမ့်မယ်'

**ကြည်**။ ။'ဘာများလဲရှင်'

**မြ**။ ။'ဒီကနေ့ မခင်ကြည်နှင့် တွေ့ဆုံတဲ့ အကြောင်း ဘယ်သူကိုမှ မပြောပါဘူးဆိုတာ ကတိထားစေချင်တယ်ဗျာ'

**ကြည်**။ ။'မပြောပါဘူးရှင်၊ စိတ်သာချပါ'

ထိုအခါ၌ကား ဘွိုင်ကုလားတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ ပုလိပ်အရာရှိ တစ်ယောက်က 'မိန်းမဆပ်' အား တွေ့လို၍ အပြင်မှ စောင့်ဆိုင်းလျက် ရှိကြောင်း ပြောဆိုသည်တွင် နှစ်ဦးစလုံးတို့မှာ ရင်တွင်း၌ ထိတ်ခနဲ ဖြစ်သွားကြလေသော်လည်း ပြင်ပ၌မူ မျက်နှာမပျက်စေဘဲ မခင်ကြည်က ချိုသာသော အသံဖြင့် 'ခေါ်ခဲ့ပါ၊ ခေါ်ခဲ့ပါ၊ ဝင်ခဲ့ပါစေ' ပြောလိုက်သဖြင့် ဘွိုင်ကုလားသည် အပြင်သို့ ထွက်သွားလေ၏။

**အခန်း(၁၀)**

ဘွိုင်ကုလား ထွက်သွားပြီးသည်နှင့် တပြိုင်နက် မောင်ကျော်မြသည် ထိုင်ရာမှ ရုတ်တရက် ထ၍

'မခင်ကြည်ကို ကျုပ် မှာထားပါရစေနော်၊ ခုနင်က ထားခဲ့တဲ့ ကတိကို မမေ့ပါနှင့်၊ ကိုင်း ကျုပ် သွားဦးမယ်' ဟု ပြောပြီး မောင်ကျော်မြသည် ထမင်းချက် စားပွဲများ ရှိသည့် ဟိုတယ် အစေခံများ ရှိရာ မီးဖိုဘက်သို့ နောက်ဖေးတံခါးဖြင့် ထွက်သွား၍ မီးဖိုချောင်သို့ ရောက်သောအခါ အိမ်သာ သွားမည်ယောင်ယောင် ပြုပြီးနောက် ဟိုတယ်နောက်ဖေး တိုက်တံခါးမှ ထွက်သွားလေ၏။

ယင်းသို့ ရှိစဉ် စုံထောက် မောင်ဘတင်သည် မခင်ကြည်ရှိရာ အခန်းတွင်းသို့ ဝင်၍

**တင်**။ ။'မခင်ကြည် ဆိုတာ မှတ်တယ်'

**ကြည်**။ ။(ရွှင်ပျ ကြည်လင်သော မျက်နှာထားနှင့်) 'မှန်ပါတယ်ရှင်၊ ဘာကိစ္စပါလဲ'

**တင်**။ ။'မေးစရာကလေး ရှိလို့ပါ၊ မခင်ကြည်ကို မေးပါရစေ'

**ကြည်**။ ။'မေးနိုင်ပါတယ်ရှင်'

**တင်**။ ။'ဒီအခန်းထဲမှာ မခင်ကြည်နဲ့ လူတစ်ယောက်နဲ့ စကားပြောနေကြတယ် မဟုတ်လား၊ အခု သူ ဘယ်ရောက်သွားသလဲ'

**ကြည်**။ ။'ထွက်သွားပါပြီကော ရှင့်'

**တင်**။ ။'အလို ဘယ်က ထွက်သွားသလဲ ဗျာ'

**ကြည်**။ ။'သူ ထွက်သွားတာပါပဲရှင်၊ ဒါနဲ့ ကျွန်မကို တွေ့ချင်တယ် ဆိုတာ ဘယ်လို အကြောင်း ထူးလို့လဲရှင်'

**တင်**။ ။'သူ ဘယ်ထွက်သွားသလဲ ပြောစမ်းပါ၊ ရီးတီးယားတား မလုပ်စမ်းပါနှင့်' ဟု ပြောပြီးနောက် မောင်ဘတင်သည် အခန်းပြင်၌ စောင့်နေသော ပုလိပ် တစ်ယောက်အား ဝါးရမ်းပြေး တစ်ယောက် ထွက်ပြေးနှင့်ကြောင်း ပြောဆို၍ ချက်ချင်း လိုက်ရှာဖွေကြရန် အမိန့် ပေးလေ၏။

၎င်းနောက် မောင်ဘတင်သည် မခင်ကြည်အား မေးခွန်း အမျိုးမျိုး ထုတ်လျက်ရှိရာ မခင်ကြည်သည်လည်း မောင်ဘတင်၏လိုရင်းအချက်ကို နားမလည်သည့် လက္ခဏာနှင့် ဝေ့လည်လည် ဖြေဆိုလျက် ရှိလေ၏။

**တင်**။ ။(မျက်မှောင်ကုတ်ကာ မခင်ကြည်အား ကြည့်လျက်) 'ဒီ အခန်းထဲမှာ မောင်ကျော်မြ ဆိုတဲ့ လူနှင့် ခင်ဗျားနှင့် စကား ပြောနေကြတယ် မဟုတ်လား'

**ကြည်**။ ။'ဘယ်တုန်းကလဲ'

**တင်**။ ။'အခုကလေးတင်၊ အခုကလေးတင်'

**ကြည်**။ ။'ကျွန်မ မိတ်ဆွေ မအုန်းစိန် ဆိုတာ တစ်ယောက် ပျောက်နေလေတော့ တွေ့အောင် ရှာပေးနိုင်မလားလို့'

**တင်**။ ။'စကား မရှည်စမ်းပါနှင့်၊ မေးတာ ပြောစမ်းပါ၊ ဒီလူ ဘယ်လမ်းက ထွက်သွားသလဲ'

**ကြည်**။ ။'ဘယ်သူလဲရှင်'

**တင်**။ ။'ခုနင်က စကားပြောနေတဲ့ လူဟာလေ'

**ကြည်**။ ။'နေပါဦး၊ ရှင် တွေ့ချင်တဲ့ လူက ဘယ်သူတဲ့လဲ'

**တင်**။ ။'မောင်ကျော်မြလေ မောင်ကျော်မြ'

**ကြည်**။ ။'ဟင် ဒါဖြင့် ရှင်လွဲနေပြီ၊ ခုနင်က ထသွားတဲ့ လူက ကိုကျော်မြ မဟုတ်ဘူး၊ ကိုကြာညွန့် တဲ့ရှင်'

**တင်**။ ။'ဘယ်က ကိုကြာညွန့်ရမှာလဲ၊ မောင်ကျော်မြပါ ကျုပ် သိပါတယ်'

**ကြည်**။ ။'ကိုကျော်မြ ဖြစ်ဖြစ် ကိုကြာညွန့် ဖြစ်ဖြစ်၊ ဘယ်လို အမှုနှင့် တွေ့ချင်လို့ပါလဲ ရှင်၊ ဖမ်းဆီးချင်လို့ပါလား၊ ဘာမှုများလဲ'

**တင်**။ ။'ဘာမှု ဖြစ်ဖြစ် ခင်ဗျားနှင့် မဆိုင်ပါဘူး'

ထိုအခါ စုံထောက် မောင်ဘတင်သည် ၎င်းသူငယ်မသည်ကား ချိန်းခြောက်၍ ရမည် မဟုတ်သော သူငယ်မ တစ်ယောက် ဖြစ်ကြောင်းကို သိရှိသည်နှင့် ချော့မော့၍ မေးမြန်းဦးမည်ဟု အကြံနှင့်

**တင်**။ ။'ဘယ်လိုအမှုရယ်လို့တော့ ဖွင့်ပြီးပြောဖို့ ကျုပ်အရေးမပိုင်ဘူးဗျ၊ သို့သော် အစိုးရအရာရှိဆိုတာ လူကောင်းသူကောင်းများ ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ကြဖို့ လူဆိုး သူဆိုးများကို ဖမ်းဆီး နှိပ်ကွပ်ဖို့ ဝတ္တရားရှိတဲ့ အတွက် ဝတ္တရားအတိုင်း ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်ဗျာ၊ ဒီတော့ ကျုပ် မေးတာကို မခင်ကြည်က မှန်မှန် ပြောစမ်းပါ၊ ခုနင်က လူဟာ ကိုကျော်မြပဲ မဟုတ်လား'

**ကြည်**။ ။'ကျွန်မ သိသမျှဖြင့် ကိုကြာညွန့်ရယ်လို့ သိခဲ့ဖူးပါတယ်ရှင်'

**တင်**။ ။'ဘယ် ကိုကြာညွန့် များပါလိမ့်မလဲ ဗျာ၊ ဓားတန်းက လူသတ်မှုနှင့် ဖြောင့်ချက်ပေးထားတဲ့ ကိုကြာညွန့်များ ဖြစ်လေရော့သလား၊ သူ့စာ အရမှာတော့ သူ့ကိုယ်သူ သတ်ပြီး သေတော့မယ်၊ အခု မသေဘဲ ရှိနေခဲ့တယ် ဆိုလျှင် ဒီအမှုဟာ ရှုပ်သည်ထက် ရှုပ်ထွေးကုန်ပြန် တော့မှာပါကလား၊ ကိုကျော်မြ ဖြစ်စေ ကိုကြာညွန့် ဖြစ်စေ ခုနင်က လူဟာ လူဆိုးဗျ၊ ဒီတော့ လူဆိုးကို ဖမ်းဖို့ မခင်ကြည် ကူညီစေလို တယ်ဗျာ'

**ကြည်**။ ။'ဘယ်လို ကူညီရမှာလဲရှင့်'

**တင်**။ ။'သူ အခု ဘယ်မှာ နေတယ် ဆိုတာ မခင်ကြည် မသိဘူးလား'

**ကြည်**။ ။'ဘယ်က သိမှာလဲ ရှင်၊ ကိစ္စကလေး တစ်ခု ရှိလို့ ဒီနေရာမှာ တွေ့ဆုံဖို့ ကြေးနန်း ရိုက်လိုက်လေတော့ ဆုံမိကြခြင်း ဖြစ်ပါတယ်၊ ဘယ်မှာ နေတယ် လို့တော့ ကျွန်မ အမှန် မသိပါ'

ထိုအခါ၌ကား မောင်ဘတင်သည် မခင်ကြည်ထံမှ ၎င်းအကြောင်းနှင့် ပတ်သက်၍ သတင်းထူး ရရှိရန် မမျှော်လင့်တော့သည် ဖြစ်သောကြောင့် ဟိုတယ်မှ ထွက်သွား၍ ပုလိပ် အရာရှိတို့အား မီးရထား ဘူတာရုံ၊ သင်္ဘောဆိပ် အစရှိသည့် နေရာတို့မှ စောင့်ဆိုင်း ကြည့်ရှုရန် စေလွှတ်လျက် ရှိလေ၏။

× × × × × ×

**အခန်း (၁၁)**

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ခဲ့သည့် နောက်တစ်နေ့ နံနက်ခင်း အချိန်တွင် မိမိကြီးသည် ရှေ့နေ မောင်ထွန်းမြင့်၏အလုပ်ခန်းကို ဝင်သွားရာ မောင်ထွန်းမြင့်သည် ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးပြီးနောက် မောင်ကျော်မြသည် မခင်ကြည်နှင့် အာဠဝီလမ်း ဟိုတယ်၌ အချိန်းအချက် ပေး၍ ယမန်နေ့ကပင် တွေ့ဆုံကြောင်း၊ ၎င်းအကြောင်းကို စုံထောက် မောင်ဘတင်က သတင်းရ၍ သွားရောက် ဖမ်းမည် ပြုသောအခါ မောင်ကျော်မြသည် လက်မတင်ကလေးမျှ လွတ်၍ သွားကြောင်းများ ပြောဆိုသည်တွင်

**ကြီး**။ ။(တုန်လှုပ်သော အမူအရာနှင့်) 'နေပါဦးရှင်၊ ကိုကျော်မြ သတ်တယ်လို့ ရှင်တို့ သိကြသလား'

**မြင့်**။ ။'ထင်စရာရှိတယ် မရှိဘူး ဆိုတဲ့ သူပြုလုပ်ပုံ အမူအရာကိုပဲ ထောက်ချင့် ကြည့်တော့ဗျာ'

**ကြီး**။ ။'ဒါဖြင့် ဟို မိန်းမကလေးကို သတ်တာ အမှန်ပဲပေါ့'

**မြင့်**။ ။'ကျွန်တော်ဖြင့် ဒီလိုပဲ ထင်မိတယ်၊ မိမိကြီးပဲ စဉ်းစားကြည့်တော့လေ၊ တကယ်ဆိုရင် ပြစ်မှု မရှိပါဘဲလျက် လူတစ်ဦး တစ်ယောက်ဟာ ပုန်းရှောင်ပြီး နေတယ်လို့ ဘယ်မှာ တွေ့ဖူးသလဲ မိမိကြီးရဲ့၊ ပြီးတော့ တစ်ချက်က မခင်ကြည်ဆီကို ကိုကျော်မြက ရေးပေးတဲ့ စာကိုလဲ မိမိကြီး မြင်ရတယ်ဆို မဟုတ်လား၊ ဧကန် မုချ သူတို့ နှစ်ဦးဟာ တစ်ကြိတ်ထဲ တစ်ညဏ်ထဲ အကြံတစ်ခု ရှိလို့ဟာပဲ မိမိကြီးရဲ့'

**ကြီး**။ ။'ဒါဖြင့် ရှင်ပြောပုံတော့ ဒီအမှု မခင်ကြည်လဲ ပါသပေါ့လေ'

**မြင့်**။ ။'ပါတယ်လို့ ဆိုရလိမ့်မယ်'

မိမိကြီးမှာ မောင်ကျော်မြအား နှစ်များစွာ ချစ်ကြိုက်၍လာခဲ့သော ရည်းစားတစ်ယောက် ဖြစ်သဖြင့် အသက်တမျှ ချစ်ခင်စုံမက်သည် မှန်သော်လည်း နဂိုရ် သဘောအားဖြင့် ကြီးမှင့် မြင့်မြတ်သော စိတ်ရှိသည့် အပြင် အမိအဖ တို့ကလည်း နည်းစနစ်ကျနအောင် ကြပ်တည်းစွာ ဆုံးမသွန်သင်ခဲ့သည် ဖြစ်သောကြောင့် အကယ်၍ မောင်ကျော်မြသည် ပြစ်မှု တစ်စုံတစ်ရာကို ကျူးလွန်ခဲ့သည် ဖြစ်ပါလျှင် ၎င်းပြစ်မှု အတွက် မောင်ကျော်မြ၌ အပြစ်ဒဏ် ပေးခြင်းခံရ၍ မိမိ၌လည်း ရင်ကွဲနာနှင့် သေရစေကာမူ မတရားသော အပြုအမူကို ကူညီဆောင်ရွက် လျှို့ဝှက် ထိမ်ချန်လိမ့်မည့် မိန်းကလေး တစ်ဦး တစ်ယောက် မဟုတ်ချေ။ ယင်းသို့ ဖြစ်ရကား မောင်ကျော်မြက မိမိကြီးအား ခွဲခွာခါနီး ဆဲဆဲတွင် ပြောကြားခဲ့သော စကားတို့မှာ သင်္ကာ မကင်းဖွယ်ရာ ရှိသောကြောင့် မိမိကြီးသည် မောင်ထွန်းမြင့်အား ၎င်း၏အခြင်းအရာကို ပြောဆိုသည်တွင်

**မြင့်**။ ။'ကိုကျော်မြက တော်တော်ပါးတဲ့ လူတစ်ယောက်ပဲ၊ သည်အမှုဟာ နောက်ဆုံးတစ်နေ့ ကျတော့ သူ့ကို ပတ်လိမ့်မယ်ဆိုတာ သိလေတော့ မိမိကြီး ဆီမှာ သူက တင်ကူးပြီး သူ့ဘက်သား ဖြစ်အောင် ပြောနှင့် ထားတာကိုး မိမိကြီးရဲ့၊ သူက ဒီလို တင်ကူးပြီး ပြောထားနှင့်တဲ့ အတိုင်း မိမိကြီးက သူ့စကား နားဝင်ပြီး သူပြောသလို ယုံကြည်နေတယ် မဟုတ်လား'

**ကြီး**။ ။'ကျွန်မ အမှန် ပြောရမှာဖြင့် ယခု အထိမှာ ကိုကျော်မြ အပေါ်၌ ဒွိဟမကင်း ရှိတုန်းပဲ ဖြစ်တယ်၊ အမှန်ပဲ သူပြုသလား မပြုလား ဆိုတာ မဝေခွဲနိုင်အောင် ရှိနေပါသေးတယ်၊ အခု သူ တိမ်းရှောင်ပြီး နေခြင်းဟာလဲ ဒီအမှုကြောင့် မဟုတ်ဘဲ ဒါပြင် ကိစ္စတစ်ခုများ ရှိလေရော့သလားလို့လဲ ကျွန်မ ထင်မိပါတယ်'

**မြင့်**။ ။(ပြုံးရယ်လျက်) 'ကိုယ် ချစ်ခင် ကြင်နာလာခဲ့တဲ့ ရည်းစား တစ်ဦး တစ်ယောက်ဟာ ယခုလို အမှုမျိုး ပြုတတ်တယ် ဆိုတာ ရုတ်တရက် ယုံဖို့ ခဲယဉ်းပေမှာပေါ့လေ၊ ကျွန်တော်တောင်မှပင် မိတ်ဆွေ ဖြစ်ရုံမျှနှင့် ကြားစ တုန်းကများဖြင့် ယုံတောင် မယုံမိပါဘူး ခင်ဗျား၊ သို့သော်လည်း နောက်ထပ် ကြားရတဲ့ အကြောင်းများကို ချင့်ချိန်ပြီး ကြည့်ပြန်တော့လဲ မယုံချင်လို့ မနေရအောင် ဖြစ်နေပြီ မိမိကြီးရဲ့'

**ကြီး**။ ။'သို့သော်လည်း ဒီလို ရှိပါတယ်ရှင်၊ သူနှင့် တွေ့တဲ့ အခါကျတော့ ဘယ်လို ရှင်းလင်း ပြောဦးမယ် ဆိုတာ မသိနိုင်ကြသေးပါဘူး၊ သူ့ ရှင်းလင်းချက်ကို မကြားရမီ လူတစ်ဘက်သားကို အပြစ်ဆိုဖို့လဲ ခဲယဉ်းပါတယ်'

**မြင့်**။ ။'မှန်ပါတယ် မိမိကြီး ပြောတာလဲ မှန်ပါတယ်၊ ရုံးရောက်တဲ့ အခါကျလို့ ရုံးမင်းရှေ့မှာ သူ့ ထုချေချက်ကို ကြားရပြီ ဆိုတော့မှ ဆုံးဖြတ်နိုင်ကြမှာကိုး မိမိကြီးရဲ့၊ ယခုတော့ဖြင့် ထင်ချက်လောက်သာ ပြောဆိုကြရတာပဲ'

မောင်ထွန်းမြင့်မှာ ရှေ့နေ တစ်ယောက် ဖြစ်သော်လည်း စုံထောက်ဘက် ဆိုင်ရာ လုပ်ငန်း၌ များစွာ အထုံ ဝါသနာ ပါရှိသည်ဖြစ်၍ ၎င်းလူသတ်မှုနှင့် စပ်လျဉ်း၍ အစိုးရ စုံထောက်ဘက်ဆိုင်ရာ အရာရှိများနှင့် တွဲဘက်ပြီးလျှင် များစွာ ကြိုးပမ်း ထောက်လှမ်း ခဲ့ဖူးလေသည်။ ၎င်း၏လုံ့လ ဝီရိယ ကြောင့်လည်း ပုလိပ် အရာရှိတို့ အမှတ်တမဲ့နှင့် ဂရုမပြုမိသော အချက်ငယ်များစွာ တို့ကို ထင်ရှားစွာ ထွက်ပေါ်၍ လာစေသည် ဖြစ်သောကြောင့် ၎င်းအမှု၌ တရားခံမှာ အခြားသူ မဟုတ်၊ မောင်ကျော်မြ ဖြစ်ကြောင်းကိုလည်း ထင်ရှားသည်ထက် ထင်ရှားစေခဲ့လေ၏။

၎င်းနောက် မောင်ထွန်းမြင့် နှင့် မိမိကြီးတို့သည် ထိုအမှု ကိစ္စနှင့် စပ်လျဉ်း၍ ဆက်လက်ြတိုင်ပင်ကြပြန်ရာ နောက်ဆုံး၌ မိမိကြီးက မည်သည့်နည်းနှင့် မဆို မခင်ကြည်ကို တွေ့အောင် ရှာပြီးလျှင် ပေါ်အောင် မေးမြန်းမည်၊ ၎င်း လူသတ်မှုတွင်လည်း မည်ကဲ့သို့ သက်ဆိုင်သည်ကို စုံစမ်းဦးအံ့ ဟု ပြောဆို၍ ထွက်လာခဲ့လေ၏။

မိမိကြီး ထွက်သွားပြီးနောက် မောင်ထွန်းမြင့်သည် မောင်ကျော်မြနှင့် မိတ်ဆွေ ဖြစ်ဖူးသည့်အတိုင်း ၎င်း ထံမှ ဓာတ်ပုံ တစ်ခု ရဖူးသည်ဖြစ်၍ စားပွဲ အံဆွဲ၌ သိမ်း၍ ထားသော မောင်ကျော်မြ၏ဓာတ်ပုံကို ထုတ်ပြီးလျှင် မျက်နှာ ခပ်ပြုံးပြုံးနှင့် ဓာတ်ပုံကို စားပွဲပေါ်၌ မြင်သာလောက်သော နေရာတွင် ထောင်၍ ထားပြီးလျှင် ဥပဒေစာအုပ်များကို လှန်လှော ကြည့်ရှုလျက်ရှိရာ တစ်ခဏမျှ ကြာသောအခါ စုံထောက် မောင်ဘတင်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ အမှု အကြောင်းနှင့် စပ်လျဉ်း၍ အနည်းငယ် တိုင်ပင် ပြောဆိုကြပြီးနောက် မောင်ဘတင်သည် ကုလားထိုင်မှ ထ၍ ပြန်တော့မည် ပြုသည်တွင် စားပွဲပေါ်၌ ထောင်ထားသော ဓာတ်ပုံကို မြင်သဖြင့် အံ့သြသော အမူအရာနှင့်

**တင်**။ ။'အလို သည်ဓာတ်ပုံဟာ ကိုကြာညွန့် ဆိုတဲ့ လူရဲ့ ဓာတ်ပုံ မဟုတ်လား၊ ခင်ဗျား ဘယ်က ရထားသလဲ'

**မြင့်**။ ။'ဘယ်က ကိုကြာညွန့်လဲဗျာ၊ ကျုပ် မသိပါကလား'

**တင်**။ ။'ဓားတန်းက လူသတ်မှုမှာ ဖြောင့်ချက်ပေးပြီး ကိုယ့်ကိုယ်ကို သတ်ပစ်တယ် ဆိုတဲ့ လူဟာလေ'

**မြင့်**။ ။'မဟုတ်ပါဘူးဗျ၊ ဒီဟာက ကျုပ် မိတ်ဆွေ ကိုကျော်မြရဲ့ ဓာတ်ပုံပါ'

**တင်**။ ။'မှန်းစမ်းပါဦးဗျာ၊ ကျုပ် သေသေချာချာ ကြည့်စမ်းပါရစေဦး'

၎င်းနောက် မောင်ဘတင်သည် ဓာတ်ပုံကို လှမ်းယူ၍ ပြတင်းပေါက်အနီးသို့ သွားပြီးလျှင် သေချာစွာ ကြည့်ရှုပြီးနောက်

**တင်**။ ။'ကိုကြာညွန့်ရဲ့ပုံ အစစ်ပါပဲဗျာ၊ မိန်းကလေး အလောင်းကို သူ့တိုက်မှာ တွေ့တယ်လို့ ဆိုပြီး ဌာနာအုပ် မောင်သန်းဖေဆီ တိုင်ချက် လာပေးတုန်းက ကျုပ် ရှိနေခိုက် မို့လို့ သေသေချာချာ မြင်လိုက်ရပါတယ်ဗျာ၊ ဒီဟာ ကိုကြာညွန့် ဆိုတဲ့ လူရဲ့ ဓာတ်ပုံ အစစ်ပါပဲ'

**မြင့်**။ ။'ခင်ဗျား မှားပါလိမ့်မယ် ကိုဘတင်၊ ဒီဟာ ကျုပ် မိတ်ဆွေ ကိုကျော်မြရဲ့ ဓာတ်ပုံ ပါဗျာ'

**တင်**။ ။'ကျုပ်တို့ စုံထောက် ဆိုတဲ့ လူဆိုတာက မျက်နှာကို တစ်ခါ မြင်ဖူးရင် မေ့နိုင်တဲ့လူ မဟုတ်ဘူးဗျ၊ ခင်ဗျားက ဘယ်လိုပဲ ပြောပြော ကိုကြာညွန့်မှ ကိုကြာညွန့်ပဲ၊ ကျုပ်ကတော့ မလျှော့ဘူး'

၎င်းနောက် မိတ်ဆွေ နှစ်ယောက်သည် ဓာတ်ပုံ အကြောင်းနှင့် စပ်လျဉ်း၍ အတန်ကြာ ငြင်းခုံကြပြီးနောက် နောက်ဆုံး၌ ကိုကျော်မြ ဆိုသူနှင့် မောင်ကြာညွန့် ဆိုသူတို့သည် လူတစ်ဦးတည်း ဖြစ်ကြောင်းကို သဘောတူညီလေ၏။ ထို့နောက်

**တင်**။ ။'ခင်ဗျား မိတ်ဆွေဟာ တယ် ဉာဏ်များတဲ့ လူပါကလား ဗျို့၊ ရန်ကုန်က ရောက်တဲ့ ပွဲစားကြီးလေး ဘာလေးနှင့် တိုက်ခန်းတွေ ဘာတွေ ငှားပြီး ဘယ်လို အကြံအစည်နှင့် တစ်ကိုယ်တည်း နှစ်ကိုယ်ခွဲတာလဲဗျာ၊ ဒီ မိန်းကလေးကို သတ်ချင်လို့ တမင်သက်သက် ဉာဏ်ဆင်တာလား၊ သတ်ချင်ပြန်ရင်လဲ ဘယ်လိုများ ရန်ညှိုးရှိလို့လဲဗျာ၊ ရန်ညှိုးရှိတယ်ဆိုတာ သိရ အောင်ဟာလဲ ဒီမိန်းကလေးဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ရှေးဦးစွာ သိဖို့ အရေးကြီးတယ်၊ ဘယ်သူများလဲဗျာ၊ ခင်ဗျားတို့ အသိထဲကများ ဖြစ်နေမလား၊ ခင်ဗျား မရိပ်မိဘူးလား'

**မြင့်**။ ။'သိချိန်တန်တော့ သိပါလိမ့်မယ် ထင်ပါရဲ့ ခင်ဗျာ၊ ဘယ်လို အကြောင်းကြောင့် သတ်တယ်ဆိုတာ ကျုပ် ထင်မြင်ချက် ပေးရမှာဖြင့် သေသူ မိန်းကလေးက မောင်ကျော်မြရဲ့ အကြောင်းကို ရိပ်မိဟန် ရှိတယ်၊ ရိပ်မိလို့လဲ လူသိမှာစိုးတဲ့ အတွက် နှုတ်ပိတ်လိုတဲ့ သဘောနှင့် တစ်ခါတည်း အဆုံးစီရင်လိုက်တယ်လို့ ကျုပ် ထင်တယ်'

**တင်**။ ။'နို့ ဒါဖြင့် ပျောက်သွားတယ် ဆိုတဲ့ စာချုပ် စက္ကူတွေက ဘယ့်နယ်လဲဗျာ'

**မြင့်**။ ။'ကျုပ် အထင်တော့ ကိုကျော်မြ သို့မဟုတ် ကိုကြာညွန့် မရှိခိုက်မှာ သေသူ မိန်းကလေးက စာချုပ်တွေကို တိတ်တဆိတ် ခိုးကြည့်နေတာ မိလေတော့ ဒေါသအလျောက် စီရင်လိုက်တယ်လို့လဲ တွေးစရာ ရှိတယ်'

**တင်**။ ။'ခင်ဗျား တွေးတာလဲ မဝေးလှဘူး ထင်တယ်'

**မြင့်**။ ။'ကျုပ်တော့ ကျေနေပြီဗျာ၊ အစက ဒီလိုမှန်း မသိလို့ ခင်ဗျားတို့ ကိစ္စမှာ ပါဝင်ပြီး ဆောင်ရွက်မိပေတယ်၊ အခုတော့ တရားခံက တခြားသူ မဟုတ်၊ ကိုယ်နှင့် အင်မတန် ခင်နေတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်နေလေတော့ သိပ်ပြီး အားနာဖို့ ကောင်းသဗျာ'

**တင်**။ ။'ခင်ဗျားလဲ စုံထောက်ဘက်မှာ ဝါသနာပါတဲ့ လူတစ်ယောက် ဖြစ်လေတော့ ကျုပ်တို့ အစိုးရ အရာရှိများ သဘောထား သလိုပဲ ထားမှ တော်မယ်ဗျ၊ ပြစ်မှု ကျူးလွန်တဲ့ လူဆိုရင် မိတ်ဆွေ မကလို့ ညီရင်း အစ်ကိုပဲ ဖြစ်စေ သားသမီး ဖြစ်စေ တရားဥပဒေရှိတဲ့ အတိုင်း ဆောင်ရွက် ကြရတော့မှာကိုးဗျ၊ လူဆိုး တစ်ယောက်မှန်း သိရက်နှင့် ကိုယ်က သနားလို့ ညှာလိုက်မယ် ဆိုရင် သူ့အတွက်နှင့် ပြည်သူအများ ဒုက္ခပွားကုန်မှာကို စိုးရိမ်ရသေးတယ် ကိုထွန်းမြင့်ရဲ့'

**မြင့်**။ ။'မှန်ပါတယ် မှန်ပါတယ်၊ ဒီဟာတွေ ကျုပ် သိလို့လဲ ဒီအမှုမှာ ဆက်လက်ပြီး ဆောင်ရွက်နေတာပေါ့ဗျ'

၎င်းနောက် မိတ်ဆွေ နှစ်ယောက်တို့သည် အစိုးရ ဥပဒေအရ လူသတ်မှု တစ်ခု ဖြစ်ပွားရာ၌ သေသောသူသည် မည်သူမည်ဝါ ဖြစ်သည်ကို ရှေးဦးစွာ သိရှိမှသာလျှင် တရားခံကို လုံလောက်စွာ စွဲချက် တင်နိုင်သည် ဖြစ်၍ သေသော မိန်းကလေးသည် မည်သူမည်ဝါ ဖြစ်သည်ကို ထောက်လှမ်း စုံစမ်းရန် အရေးကြီးကြောင်း၊ မခင်ကြည် ဆိုသော မိန်းကလေးမှာလဲ သေသူ သူငယ်မကို သိရှိသည်ဟု တွေးထင်ရန် ရှိသည် ဖြစ်သောကြောင့် ၎င်းအား ထပ်မံ စစ်ဆေးရသော် သင့်လျော်မည် ထင်ကြောင်းနှင့် ပြောဆို တိုင်ပင်ကြပြီးလျှင် မောင်ဘတင်သည် မောင်ထွန်းမြင့် အလုပ်ခန်းမှ ထွက်လာခဲ့လေ၏။

× × × × × ×

**အခန်း (၁၂)**

တစ်နေ့သ၌ ရှေ့နေ မောင်ထွန်းမြင့်သည် မိမိ အလုပ်ခန်း၌ သတင်းစာ တစ်စောင်ကို ဖတ်ရှုလျက်ရှိစဉ် အစေခံ တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ မိမိမှာ မိမိကြီးထံမှ စေလွှတ်လိုက်သူ ဖြစ်ကြောင်း၊ မိမိကြီးက လူသတ်မှုအကြောင်းနှင့် စပ်လျဉ်း၍ မောင်ထွန်းမြင့်နှင့် အထူး တိုင်ပင်ရန် အကြောင်းတစ်ခု ရှိကြောင်း၊ မခင်ကြည်နှင့်လည်း တွေ့ပြီးဖြစ်၍ သတင်းထူး တစ်ခု နှစ်ခု ကြားသိရကြောင်း၊ အိမ်၌လည်း အမိအဖတို့ မရှိခိုက် ဖြစ်သဖြင့် မောင်ထွန်းမြင့် အားလပ်ပါက ယခု ချက်ချင်း လာရောက်စေလိုကြောင်းနှင့် ပြောကြားသည်တွင် မောင်ထွန်းမြင့်က မကြာမီအတွင်း လာခဲ့ပါမည်ဟု မှာထားလိုက်သဖြင့် အစေခံသည် ပြန်သွားလေ၏။

အစေခံ ပြန်သွားပြီးနောက် မောင်ထွန်းမြင့်သည် အမှုကိစ္စနှင့် စပ်လျဉ်း၍ တစ်ယောက်တည်း ဆင်ခြင်စဉ်းစားလျက်ရှိရာ မခင်ကြည်သည် မိမိကြီးအား မည်သည့် သတင်းထူးကို ပြောကြား၍ နေလေသနည်း၊ မခင်ကြည်နှင့် မောင်ကျော်မြတို့ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေကြသည့်ပြင် မခင်ကြည် ကိုယ်တိုင်ကလည်း အလွန်တရာ ပါးနပ်သော မိန်းကလေး ဖြစ်သောကြောင့် မောင်ကျော်မြ လွတ်စေလောက်အောင် သတင်း တစ်စုံတစ်ရာကို ရပါမည်လော စသည်ဖြင့် တွေးတော စိတ်ကူး၍ မြင်းရထား တစ်စီးနှင့် မိမိကြီး၏ အိမ်သို့ လာခဲ့လေ၏။

မောင်ထွန်းမြင့်သည် မိမိ၏ အလုပ်ခန်းတွင် ရှေ့မှ မြင်းရထားပေါ် သို့ တက်လျက်ရှိစဉ် လူနှစ်ယောက်တို့သည် မနီးမဝေးရှိ လမ်းကြားငယ် တစ်ခုမှ ၎င်းအား ချောင်းမြောင်း ကြည့်ရှုလျက် ရှိကြရာ မောင်ထွန်းမြင့်သည် မြင်းရထားနှင့် ထွက်သွား သည်ကို မြင်သည်နှင့် တပြိုင်နက် ထိုသူ နှစ်ယောက်တို့သည် မိမိတို့ အချင်းချင်း အနည်းငယ် တိုင်ပင်ကြပြီးနောက် အရပ်လေးမျက်နှာသို့ မျှော်ကြည့်၍ မောင်ထွန်းမြင့်၏ အလုပ်တိုက်သို့ သွားရောက်ကြလေ၏။ အလုပ်တိုက်မှ တံခါးကို သော့နှင့် ခတ်၍ ပိတ်ဆို့ ထားရလေကား ထိုသူ နှစ်ယောက်တို့သည် မိမိတို့၏ အပြုအမူကို အခြားသူတို့ မြင်လေသလော ဟု စောင့်မျှော်ကြည့်ရှုကြပြီးနောက် တစ်ယောက်သောသူသည် မိမိ၏ အင်္ကျီအိတ်မှ သော့တစ်ချောင်း ထုတ်ပြီးလျှင် တံခါးကို ဖွင့်လေ၏။ တံခါးဖွင့်ပြီးနောက် ထိုသူနှစ်ယောက်တို့သည် တိုက်တွင်းသို့ ဝင်ကြပြီးလျှင် တိုက်တံခါးကို အတွင်းမှ ပိတ်ထား ခဲ့၍ မောင်ထွန်းမြင့်၏ အလုပ်ခန်းကို ဝင်ကြလေ၏။ ထိုသူ နှစ်ယောက်တို့မှာ အခြားမဟုတ်၊ မောင်ကျော်မြနှင့် မောင်ဒေါ်န တို့ပင် ဖြစ်လေ၏။

မောင်ကျော်မြမှာ ခါတိုင်းကဲ့သို့ သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်လျက် မရှိဘဲ ဟောင်းနွမ်း ပေရေ၍ အလုပ်ကြမ်း သွားဖို့ ဝတ်ဆင်တတ်သော ချည်လုံချည်နှင့် ရုပ်အင်္ကျီအစုတ် တို့ဖြင့် သာလျှင် ဝတ်ဆင်လျက် ရှိလေ၏။ အခန်းတွင်းသို့ ရောက်ကြသောအခါ

**မြ။** ။'ကိုင်း ဆရာရေ့ မြန်မြန် လုပ်မှပဲ၊ တယ်ကြီး ကြာကြာ သွားတဲ့ လက္ခဏာ မရှိဘူး၊ ချက်ချင်း ပြန်လာလို့ မိနေမှဖြင့် ဒုက္ခ ရောက်ကုန်ကြလိမ့်မယ်'

**န။** ။'စိတ်ချပါဗျာ၊ ရုတ်တရက် ပြန်မလာအောင် လုပ်တဲ့နည်း ကျုပ် တတ်ပါတယ်'

ဟု ပြောပြီးနောက် မောင်ဒေါ်နသည် အကြံ တစ်ခု ရသည့် လက္ခဏာနှင့် တယ်လီဖုံးကို ကောက်ယူပြီးလျှင် ပုလိပ်ဌာနသို့ သွယ်ဆက်စေလေ၏။ ဌာန၌ ရှိသော ပုလိပ်သား တစ်ယောက်နှင့် သွယ်ဆက်မိလေလျှင် မောင်ဘတင် ဖြစ်ကြောင်း၊ ရှေ့နေ မောင်ထွန်းမြင့်သည် သမာဓိ မြို့ဝန် ဦးလူကလေး၏ နေအိမ်၌ ယခုအခါ ရှိနေကြောင်း၊ မိမိက မောင်ထွန်းမြင့်နှင့် မိမိကြီးတို့ နှစ်ယောက်လုံးကို တွေ့လိုသည် ဖြစ်၍ မောင်ထွန်းမြင့်မှာ မိမိ မလာမချင်း ဦးလူကလေး၏ နေအိမ်မှ စောင့်ဆိုင်း၍ နေစေလိုကြောင်းများကို ယခု ချက်ချင်း သွားရောက် ပြောဆိုရမည် ဖြစ်ကြောင်းနှင့် အမိန့်ပေးသောအခါ ဌာနမှ ပုလိပ်သားလည်း ခိုင်းစေသည့် အတိုင်း သွားရောက်ပါမည်ဟု ဝန်ခံ လိုက်လေ၏။

ယင်းကဲ့သို့ မောင်ထွန်းမြင့် ရုတ်တရက် ပြန်၍ မလာနိုင်အောင် စီမံကြပြီးနောက် မောင်ကျော်မြသည် မိမိ ယူဆောင်ခဲ့သော သော့တွဲကြီး တစ်တွဲကို ထုတ်ပြီးနောက်

**မြ။** ။'မောင်ထွန်းမြင့် ဆိုတဲ့ လူက တော်တော်ပါးတဲ့ လူ ဆရာရေ့၊ ကျုပ်တို့ သူ့ အခန်းမှာ မွှေနှောက်သွားကြောင်း သူမသိအောင် ခြေရာ လက်ရာ မကျန်ရစ်စေမှ တော်မယ်၊ မတော်တဆ ရိပ်မိသွားခဲ့လို့ ရှိရင် ရက်ရှည် လများ အဆင်းရဲ

အပင်ပန်းခံပြီး ကြိုးစားခဲ့သမျှတွေ အလကား ဖြစ်ကုန်လိမ့်မယ်' ဟု ပြောပြီးနောက် မောင်ကျော်မြသည် ရှေးဦးစွာ အလုပ်စားပွဲ အံ့ဆွဲ၌ရှိသော သော့ပေါက်ကို မိမိ၏ သော့တွဲရှိ သော့များနှင့် တစ်ချောင်း ပြီးလျှင် တစ်ချောင်း တပ်လျှို စမ်းသပ်လျက် ရှိလေ၏။ နောက်ဆုံး၌ စားပွဲ အံ့ဆွဲ ပွင့်၍ သွားသောအခါ ထိုနှစ်ယောက်တို့သည် အံဆွဲ အတွင်း၌ လှန်လှော မွှေနှောက်၍ ရှာဖွေရာ မိမိတို့ အလိုရှိသော အရာဝတ္ထုများကို မတွေ့သဖြင့် ပထမ အံဆွဲကို ပိတ်ပြီးလျှင် ဒုတိယအံဆွဲကို ဖွင့်ကြပြန်လေ၏။

ယင်းကဲ့သို့ အံဆွဲ တစ်ခုပြီးလျှင် တစ်ခု ဖွင့်လှစ်ရှာဖွေ၍ အောက်ဆုံး အံဆွဲကို ဖွင့်မိသောအခါ မူကား ပိုးကြိုးဖြင့် အထပ်လိုက် စည်းနှောင်၍ ထားသော စာတစ်ထုပ်ကို အံဆွဲ အတွင်း၌ တွေ့ရှိကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ထုတ်ယူ ဖတ်ရှုကြသည်တွင် ပထမစာမှာ မိန်းမလက်ရေးဖြင့် ရေးသားထားရှိသော စာတစ်စောင် ဖြစ်ကြောင်း သိရှိလေ၏။ ထိုစာကို ဖတ်ပြီးနောက်

မြ။ ။'တယ်ယုတ်မာတဲ့ လူတစ်ယောက်ပဲဗျို့၊ ကြည့်စမ်းပါဗျာ၊ မိန်းမသား တစ်ဦးတစ်ယောက်ကို ခြောက်လှန့်ပြီး ငွေညှစ်တောင်း သတဲ့၊ ကောင်းနိုင်သေးရဲ့လားဗျာ၊ ဒီမိန်းမက ဝန်ထောက်ကတော် မနှင်းမေတဲ့၊ ကျုပ်နှင့်လဲ နည်းနည်းပါးပါး သိတယ်၊ ဒီ ငနဲက ရှေ့နေ ဖြစ်လေတော့ အမှုတစ်ခုနှင့် ပတ်သက်ပြီး ရှေ့နေလိုက်ရစဉ် အခါက မနှင်းမေ ငယ်ငယ်က အဖြစ်အပျက် အကြောင်းတွေကို သိလေတော့ သူ့ကို ငွေပေးရင်ပေး မပေးခဲ့လို့ရှိရင် သူ့ယောက်ျား ဝန်ထောက်ကြီးကို ငယ်ကျိုး ငယ်နာ အကုန်ဖော်ပြီး ပြောလိုက်မယ်လို့ ခြိမ်းခြောက်လိုက်တဲ့ အတွက် ပြန်စာရေးလိုက်ရှာတဲ့ လက္ခဏာပဲ၊ တယ်ယုတ်မာတဲ့ လူဗျာ' ဟု

ပြောပြီးနောက် မောင်ကျော်မြသည် ၎င်းလက်ရေးနှင့် ဒုတိယ စာတစ်စောင်ကို တွေ့ရှိရပြန်လေရာ ၎င်းစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**'စာရေးလိုက်သည် ကိုထွန်းမြင့်၊ ကျွန်မသည် ရှင် နှိပ်စက်ခဲ့သမျှကို ခံခဲ့ရသည်မှာ ကြာလှပါပြီ၊ ရှင် တောင်းဆိုခဲ့သမျှ ငွေကို ပေးခဲ့ရသည်မှာလည်း များလှပါပြီ၊ ယခု နောက်ဆုံး တောင်းသော ငွေ ၃၀၀ မှာ ကျွန်မယောက်ျား မသိအောင် ဘယ်နည်းနှင့်မျှ ကျွန်မ မကြံစည်တတ်ပါ၊ သို့ဖြစ်၍ ၎င်းအတွက်ကို သည်းခံစေလိုပါသည်၊ အကယ်၍ ရှင်က မရလျှင် မနေနိုင်ဟု အတင်းအကျပ် ပြုလုပ်ခဲ့ပါလျှင် ကျွန်မမှာ လူ့ပြည်၌ နေနိုင်တော့ရန် အကြောင်း မရှိ၊ နှစ် လ များစွာ ရှင်၏ နှိပ်စက်ခြင်း ခံရသည့် အကြောင်းများကို စာဖြင့် စုံလင်စွာ ရေးသားခဲ့ပြီးလျှင် ကျွန်မ၏ အသက် ဆုံးရှုံးအောင် စီရင် လိုက်ရပါတော့သည်။**

**နှင်းမေ '**

စာကို ဖတ်ပြီးသည့်နောက် မောင်ကျော်မြသည် မောင်ထွန်းမြင့်၏ အပေါ်၌ အမျက်ပြင်းစွာ ထွက်သည့် လက္ခဏာနှင့် လက်သီးဆုပ်ကာ အံကြိတ်ကာဖြင့် ကျိုးဝါးပြီးနောက် ထိုစာကို မိမိအင်္ကျီအိတ် အတွင်းသို့ ထည့်ထားလိုက်လေ၏။

× × × × × ×

## အခန်း (၁၃)

စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရား နှင့် မနီးမဝေးရှိ မရမ်းခြံ တစ်ခြံအတွင်း၌ သပ်ရပ် ကောင်းမွန်စွာ ဆောက်လုပ်ထားသဖြင့် အလွန်တရာ သာယာ ငြိမ်းချမ်း စခန်းသင့်တင့် နေချင့်စဖွယ် ရှိသော အိမ်ကြီး တစ်ဆောင် ရှိလေ၏။

ထိုအိမ်ကြီးသည်ကား ပင်စင် အငြိမ်းစား ဝန်ထောက်မင်း ဦးကြာအုံနှင့် ဝန်ထောက်ကတော် မနှင်းမေတို့ နေထိုင်ကြသော အိမ်ကြီးဖြစ်လေရာ ဦးကြာအုံမှာ ပထမမယားကြီး သေဆုံးပြီးနောက် အရုပ်အရည်နှင့် ပြည့်စုံသော်လည်း အတန်ငယ် နွမ်းနယ်ပင်ပန်းသော မနှင်းမေအား ထိမ်းမြားလက်ထပ်ခဲ့လေရာ မနှင်းမေမှာ အရွယ်အားဖြင့် ဝန်ထောက်ကြီးထက် အနှစ်နှစ်ဆယ်ခန့်မျှ ငယ်သည် ဖြစ်သောကြောင့် ဝန်ထောက်ကြီး ဦးကြာအုံက အထူးသဖြင့် ချစ်ခင် ကြင်နာခဲ့ပြီးလျှင် အရာရာမျိုး၌ မနှင်းမေ အလိုအတိုင်း သာလျှင် လိုက်နာလေ့ ရှိခဲ့လေ၏။

တစ်နေ့သ၌ မြင်းရထားတစ်စီးသည် အိမ်ရှေ့၌ ရပ်ပြီးလျှင် မောင်ကျော်မြသည် ရထားပေါ်မှ ဆင်းသက်၍ အိမ်တွင်းသို့ ဝင်သွားပြီး အစေခံ တစ်ယောက်အား မင်းကတော် မရှိပါသလောဟု မေးမြန်းသည်တွင် အစေခံသည် မောင်ကျော်မြအား ဧည့်ခန်း၌ ထိုင်စေပြီးနောက် မင်းကတော်ထံ အကြောင်းကြားရန် အိမ်ပေါ် သို့ တက်သွားလေ၏။

တစ်ခဏကြာလျှင် မင်းကတော် မနှင်းမေသည် အိမ်ပေါ်မှ ဆင်းလာခဲ့၍ မောင်ကျော်မြနှင့် သိဟောင်း ကျွမ်းဟောင်း ဖြစ်သည့် လက္ခဏာဖြင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်း ဆက်သလေရာ

**မေ။** ။'ဘယ်ကများ ဘယ်လို အကြံရပြီး ပေါက်လာခဲ့ ပါသလဲရှင်၊ မတွေ့ရတာ သုံးလေးနှစ် ရှိသွားလို့ မေ့နေကြပြီ အောင်းမေ့တယ်၊ ယခုလို အမှတ်တရ ဝင်လာဖော် ရတာများ ဝမ်းမြောက်လှပါတယ်ရှင်၊ ဝန်ထောက်မင်းလဲ ကိစ္စကလေး တစ်ခုရှိလို့ မြို့ထဲ သွားနေသေးပါတယ်၊ သူ ပြန်အောင် ဆိုင်းပါဦးနော်၊ ကိုကျော်မြ'

**မြ။** ။'မီးရထား ထွက်ဖို့က တစ်နာရီ ကျော်ကျော်လောက် လိုသေးလေတော့ ဒီအတောအတွင်း ဝန်ထောက်မင်း ပြန်လာကောင်းပါရဲ့ ဗျာ'

**မေ။** ။'အောင်မယ် မီးရထားတွေ ပေါလွန်းလို့ရှင်၊ ဒီတစ်စင်း မမီ နောက်တစ်စင်းနှင့် လိုက်တာပေါ့၊ ဝန်ထောက်မင်းက ကိုကျော်မြ အကြောင်းကို ခဏခဏ ပြောနေပါတယ်၊ မရောက်စဖူး ရောက်လာတဲ့ အခါမှာ တွေ့ရအောင် စောင့်သွားပါဦးရှင်'

**မြ။** ။'ဒါတဲ့ ကျွန်တော် တစ်ခု မေးပါရစေ မနှင်းမေ၊ ကိုထွန်းမြင့် တစ်ယောက်ကော တွေ့မိသေးလား'

**မေ။** ။(ထိတ်လန့်သော အမူအရာနှင့်) 'မတွေ့ရပါကလားရှင်၊ ဘယ်လို အကြောင်းကြောင့် မေးပါသလဲ'

**မြ။** ။'ယခု ကျွန်တော် လာခဲ့ခြင်းဟာ သူ့ ကိစ္စ အတွက် လာခဲ့ရခြင်း ဖြစ်ပါတယ်၊ ဒီလူဟာ မနှင်းမေကို နှိပ်စက်ပြီး နေတယ် ဆိုတာလဲ ကျွန်တော် သိပါတယ်၊ မနှင်းမေမှာ ဒီကိစ္စ ၌ တိုင်ပင်စရာ မိတ်ဆွေ ရင်းရင်းနှီးနှီးလဲ မရှိလေတော့ ကျွန်တော်တို့ သိဟောင်း ကျွမ်းဟောင်း ဖြစ်တဲ့အတိုင်း တိုင်ပင်ရန်ရှိလျှင် တိုင်ပင်နိုင်တယ် မနှင်းမေ၊ ကျွန်တော် ပြောတဲ့ စကားကိုလဲ တခြားမှာ မပေါက်ကြားဘူး ဆိုတာ ကျွန်တော် တာဝန်ခံပါတယ်'

**မေ။** ။'တိုင်ပင်စရာ မရှိပါကလား ရှင်'

**မြ။** ။'မှန်မှန်ပြောပါ မနှင်းမေ၊ မနှင်းမေမှာ ယခုအခါ အကျဉ်းအကျပ် ကျနေတယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ဒီတော့ ကျွန်တော့်ကို မောင်အရင်းကဲ့သို့ အားထားပြီး တိုင်ပင်စရာ ရှိရင် တိုင်ပင်ပါ၊ ကျွန်တော်ကလဲ မောင်အရင်းကဲ့သို့ပင် ဆောင်ရွက်ပါမယ် မနှင်းမေ'

**မေ။** ။'ကိုကျော်မြ သိတယ် ဆိုတာ ဘယ်ပုံ သိတာလဲ'

**မြ။** ။'ကိုထွန်းမြင့် ဆိုတဲ့ အကောင်က မနှင်းမေထံမှာ ငွေညှစ်ပြီး တောင်းနေတာ ကျွန်တော် သိပါတယ် မနှင်းမေ၊ ရှက်လဲ မရှက်ပါနှင့်၊ ကြောက်လဲ မကြောက်ပါနှင့်၊ ပြောစရာရှိရင် ပြောသာ ပြောပါ မနှင်းမေ'

**မေ။** ။'နေပါဦးရှင် ကိုထွန်းမြင့်နှင့် ရှင်နှင့်ဟာ မိတ်ဆွေကြီးတွေ မဟုတ်လား'

မြ။ ။'ဟုတ်တုန်းကတော့ ဟုတ်ပါတယ်၊ အခုတော့ ရန်သူ ဖြစ်နေပြီ မနှင်းမေရဲ့၊ ပြီး သည်အကောင်ဟာ မနှင်းမေထံမှာ မတရားသဖြင့် ငွေညှစ်ပြီးနေတယ် ဆိုတာ သိလေတော့ မနှင်းမေကို ကာကွယ် စောင့်ရှောက်ဖို့ လာခဲ့ခြင်း ဖြစ်ပါတယ်'

**မေ။** ။'ကျေးဇူးတင်ပါတယ် ကိုကျော်မြရယ်၊ သို့သော်'

မြ။ ။'မသို့သော်ပါနှင့် မနှင်းမေ၊ အရှက်အကြောက် ဖက်ပြီး အသက်ကို စွန့်လွှတ်မယ် ဆိုတဲ့ အကြံအစည်ဟာ မတော်ပါဘူး မနှင်းမေ၊ ပြောစရာရှိသမျှ ဖွင့်ဟပြီးတော့သာ ပြောပါ၊ သည်ကောင့် လက်က လွတ်အောင် ကျွန်တော် စီမံပါ့မယ်'

**မေ။** ။(မျက်ရည်လည်လျက်) 'အမှန်ပါ ကိုကျော်မြရယ်၊ ဝန်ထောက်မင်းနှင့် အကြောင်းပါခဲ့သည်မှ စ၍ ကျွန်မ စိတ်ထဲမှာ ငရဲပြည်ကို လာခဲ့တယ်လို့ ထင်မိပါတယ်ရှင်၊ ဝန်ထောက်ကြီးကလဲ ကျွန်မအပေါ်မှာ အစစ အရာရာ အရေးပေးပြီး အင်မတန် အလိုလိုက်ခဲ့ရှာတယ်၊ ဒီအကောင် နှိပ်စက်တဲ့ အတွက် ကျွန်မစိတ် တစ်နေ့မှ မအေးရပါဘူးရှင်၊ အိမ်သုံးစရိတ် ဆိုပြီး တစ်ရာ့ငါးဆယ် ပေးတဲ့ အထဲကပဲ ခြစ်ခြစ်ချုပ်ချုပ်နှင့် သုံးဆယ်မျိုး လေးဆယ်မျိုး ရအောင် ကွယ်ဝှက်ပြီး သူ့ကို ပေးရသေးရဲ့ ရှင်၊ စိတ်လဲ မအေးလို့ ဝတ်ဖို့ စားဖို့ ရတဲ့ အထဲက တစ်ချို့ တစ်ဝက် ခွဲပြီး ပေးရသေးရဲ့ရှင်၊ မိဘများ ပံ့ပိုးဖို့ ဆိုပြီး လေးဆယ်မျိုး ငါးဆယ်မျိုး မကြာမတင် တောင်းပြီးလဲ ပေးရသေးရဲ့ရှင်၊ ဒီလောက် ပေးတာတောင် အားမရသေးဘဲ ဟိုတစ်လောက ငွေသုံးရာ ပေးရမယ်ဆိုပြီး အတင်းတောင်းနေပြန်ပြီ ရှင့်၊ ကျွန်မကလဲ ဝန်ထောက်က တောင်းတိုင်း ပေးရှာလေတော့ 'သဒ္ဓါလွန်း ဆွမ်းတော်ရပ်' ဆိုတာလို ပေးတိုင်း ယူရမှာ အားနာလှပြီ ကိုကျော်မြရဲ့၊ ဒီတော့ ကျွန်မမှာ ဒီတစ်ခါဖြင့် ဖြစ်ချင်သလိုဖြစ် မပေးတော့ဘူးလို့ အောင်းမေ့တော့တာပဲ ရှင်'

မြ။ ။'နေပါဦး မနှင်းမေရဲ့၊ ဘယ်အတွက်ကြောင့် သူတောင်းတိုင်း ပေးနေရတာလဲ၊ တဆိတ် ပြောပြပါဦးဗျာ'

**မေ။** ။'ကိုကျော်မြ မေးတာ နေပါဦး၊ ဒီအကြောင်း ရှင် ဘယ်က ကြားတယ် ဆိုတာ တဆိတ်လောက် ကျွန်မ သိပါရစေရှင်'

မြ။ ။'ကျွန်တော်က ကိုထွန်းမြင့် အံဆွဲထဲမှာ လိုချင်တာ တစ်ခု ရှိလေတော့ သွားပြီးရှာတုန်း ဟောဒီ စာကို တွေ့ခဲ့လို့ သိရပါတယ် မနှင်းမေ'

ဟု ပြောပြီးလျှင် မောင်ကျော်မြသည် မောင်ထွန်းမြင့်၏ အံဆွဲမှ တိတ်တဆိတ် ထုတ်နှုတ်၍ ယူခဲ့သော စာကို မနှင်းမေအား ပြရာ မနှင်းမေသည် စာကို ဖတ်ပြီးနောက်

**မေ။** ။'မှန်ပါတယ်ရှင်၊ ဒီစာထဲမှာ ရေးထားတဲ့ အတိုင်း စိတ်ညစ်လွန်းအား ကြီးလို့ လူ့ပြည်မှာဖြင့် မနေတော့ဘူးလို့ ဒီကနေ့ညပဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ဖို့ ကြံရွယ်ပြီး ထားမိပါတယ်ရှင်'

မြ။ ။'ကိုင်း ကြံရွယ်တုန်း ကြံရွယ်ပေတဲ့၊ ယခုတော့ ကျွန်တော် တစ်ယောက် အားကိုးအားထား ပေါ်လာတဲ့ အတွက် ဒီအကြံကို ဖျက်ပြီး ပြောစရာရှိသမျှ စကားကိုသာ ထုတ်ဖော်ပြီး ပြောပါတော့ မနှင်းမေ'

**မေ။** ။'ပြောလို့လဲ အပိုပဲ ထင်ပါရဲ့ရှင်၊ ဒီက ငွေသုံးရာ ရောက်အောင် ပို့ရင်ပို့၊ မပို့ရင် ဝန်ထောက်ကြီးကို အကုန်လုံး ဇာစ်မြစ်လှန်ပြီး ပြောလိုက်မယ်တဲ့ရှင်၊ ဒီလိုဆိုရင် ကျွန်မမှာ ဝန်ထောက်မင်း မျက်နှာကို ဘယ်မှာ ကြည့်ဝံ့စရာ ရှိတော့မလဲရှင်၊ နေရတာထက် သေရတာကပဲ သက်သာစရာ ရှိသေးရဲ့ ကိုကျော်မြရယ်'

မြ။ ။'မစိုးရိမ်ပါနှင့် မနှင်းမေ၊ ဒီ အကြောင်းကို သိလေတော့ ဒီကနေ့ မနက်ပဲ မနှင်းမေထံက ဆိုပြီး ငွေသုံးရာကို သူ့ လက်ထဲရောက်အောင် လူလွှတ်လို့ ပို့ပြီးပါပြီ၊ ဒီ အမှုဟာ သူ့ကို ပတ်အောင် ဘယ်လို ဆောင်ရွက်ကြမယ် ဆိုတာသာ စီမံနိုင်အောင် မနှင်းမေက အကျိုးအကြောင်းကို ဖွင့်ပြောဖို့ လိုပါတော့တယ်'

**မေ။** ။(သက်သာခွင့် ရသော လက္ခဏာနှင့်) 'ကျေးဇူးပါပဲ မောင်ကြီးရှင်၊ ကျွန်မမှာ မင်းကတော် ဖြစ်လို့ လက်ဝတ်လက်စားတွေ အပြည့်အစုံ ရှိသော်လည်း လင်ယောကျ်ား မသိအောင် ပေါင်နှံဖို့ ခဲယဉ်းလေတော့ ငွေသုံးရာ အတွက် ကျပ်တည်းနေတဲ့အခါ ယခုလို စောင့်မကြည့်ရှုတာ များများကြီး ကျေးဇူးတင်လှပါတယ် ကိုကျော်မြရှင်'

မြ။ ။'တစ်ယောက် အကြောင်းရှိ တစ်ယောက်ပေါ့ မနှင်းမေ၊ ဒီလောက်ကြီး ကျေးဇူးတင်လောက်အောင် ပင်ပန်းကြီးစွာ ဆောင်ရွက်ခဲ့ရသေးတာလဲ မဟုတ်သေးပါဘူး၊ သို့သော် အဖြစ်အပျက်ကို သိရအောင်သာ ပြောပြစမ်းပါဦး မနှင်းမေ၊ ယခု ကျွန်တော် မေးခြင်းကလဲ ကိုယ်နှင့် မဆိုင်တဲ့ သူတစ်ပါး ကိစ္စကို သက်သက်မဲ့ အပြင်းပြေ သိချင်လို့ မေးမြန်းခြင်းမဟုတ်၊ ကာကွယ်နိုင်တဲ့ နည်းလမ်းကို ရှာဖွေဖို့ အတွက်သာ မေးမြန်းရခြင်း ဖြစ်ပါတယ်'

**မေ။** ။'မှန်တဲ့ အတိုင်း ပြောရမှာဖြင့် ကျွန်မဟာ ဒီကနေ့ ဘဝဆုံးအောင် စီရင်လိုက်တော့မယ်လို့ အောက်မေ့ပြီး ဖြစ်တဲ့ အတွက် ဟုတ်တိုင်း မှန်ရာ စုံလင်စွာ ဖော်ပြပြီး ဝန်ထောက်မင်းထံ စာတစ်စောင် ရေးခဲ့ပြီး ဖြစ်ပါတယ်၊ ဒီစာကို ဖတ်ကြည့်ရင် အကြောင်း မျိုးစုံ ကုန်စင်အောင် သိရပါလိမ့်မယ်၊ ဖတ်လို့သာ ကြည့်ပါတော့ ရှင်'

ဟု ပြောပြီးလျှင် မနှင်းမေသည် မိမိ၏ အင်္ကျီအိတ်မှ စာတစ်စောင်ကို ထုတ်ယူ၍ မောင်ကျော်မြအား ပေးအပ်လေ၏။

× × × × × ×

**အခန်း (၁၄)**

မောင်ကျော်မြသည် စာကို ဖတ်၍ ပြီးသည့်နောက် အလွန်တရာ အံ့ဩလှသော အမူအရာနှင့် မနှင်းမေ၏ မျက်နှာကို စိုက်ငေးကြည့်နေရာ

**မေ။** ။'ကိုင်း သိပြီ မဟုတ်လား ရှင်၊ ဒီတော့ခါ ကျွန်မမှာ ဝန်ထောက်မင်းနှင့် အတူတကွ ဆက်လက်ပြီး နေထိုင်ဖို့ရာ အင်မတန် ခဲယဉ်းတယ် မဟုတ်ဘူးလား ရှင် ကိုကျော်မြ၊ နေလို့လဲ အကျိုးရှိမယ် မထင်ပါဘူးရှင်'

**မြ။** ။'ဟာ မတော်တာဘဲ မနှင်းမေရယ်၊ ဒီလောက် အရေးနှင့် အသက်ကို အသေခံလို့ တော်ရော့ မလားဗျာ'

**မေ။** ။'မတော်လို့ ဘယ့်နှယ် လုပ်မလဲရှင်'

**မြ။** ။'ကျွန်တော် တစ်ခု အကြံပေးပါရစေ၊ မနှင်းမေက ဝန်ထောက်မင်းကို ပထမဦးစွာ ဟုတ်တိုင်းမှန်ရာ ဖွင့်ဟပြီး ပြောလိုက်လို့ ရှိရင် ဝန်ထောက်ကြီးကလဲ ကျွန်တော် သိတဲ့အတိုင်း စိတ်သဘော ကြီးရင့်တဲ့ လူကြီး တစ်ယောက် ဖြစ်လေတော့ ဒီ အပြစ်ကလေးလောက်နှင့်တော့ အချစ် ပြယ်နိုင်မယ် မဟုတ်ပါဘူးမနှင်းမေရယ်၊ အမှန်အတိုင်း ဆိုရင်တော့ ယခု အပြစ်ဟာ မနှင်းမေ အပြစ် မဟုတ်ပါဘူး၊ မျက်နှာစုံညီစွာ ဖွင့်ပြီးတော့သာ ပြောလိုက်ပါ၊ ပြောလို့ရှိရင် မနှင်းမေမှာ ဒီဝန်ထုပ်ကြီး ကျသွားပါလိမ့်မယ်၊ အဲဒီ အခါကျတော့မှ ကျွန်တော်တို့က ဒီအကောင်ကို သူ့လုံ့နှင့် သူပြန်ပြီး ထိုးနိုင်ဖို့ ရှိပါတယ်၊ စိတ်ကူး မလွဲပါနှင့် မနှင်းမေ'

**မေ။** ။'ရှင် ပြောတဲ့ အတိုင်း ကျွန်မ အပြစ် မဟုတ်ဘူး ဆိုရင်လည်း ဟုတ်ပါတယ်၊ ကျွန်မ အပြစ်ပဲ ဆိုရင်လဲ ဟုတ်တာပါပဲ ရှင်၊ ရှေးဦးစွာ မန္တလေးကို ဝန်ထောက်မင်း မသိအောင် သွားတာ ကျွန်မ အပြစ် လုံးလုံးကြီး ဖြစ်နေပါတယ်'

**မြ။** ။'ဒီလောက် အပြစ်ကလေးက အရေးမကြီးလှ ပါဘူး မနှင်းမေ'

**မေ။** ။'ဒီအမှုဟာ ကိုယ်တိုင်က အရေးမကြီး သော်လည်း ဒီပြစ်မှုကို အကြောင်းပြုပြီး ကျွန်မ အရှက်ရစေဖို့ သူတို့ လှည့်စားခြင်းက အရေးကြီးတယ်ရှင့်၊ အံ့ဩပါရဲ့၊ ကြံစည်ရက်ကြပါပေရဲ့၊ ကျွန်မနှင့် မင်းကတော် မမြကလေးနှင့် အင်မတန် ခင်တယ် ဆိုတာလဲ သူတို့က သိတယ်၊ အိမ်မှာ ဝန်ထောက်ကြီး မရှိဘဲ နယ်လှည့်ထွက်သွားခိုက်လဲ ဖြစ်တာကို သူတို့က သိလေတော့ မမြကလေး အမည်နှင့် လိမ်ပြီး ကြေးနန်းရိုက်လိုက်လို့ အဟုတ်မှတ်ပြီး သွားမိတဲ့ အခါမှာ ချိန်းထားတဲ့ အတိုင်း မမြကလေးကို မတွေ့၊ ဘစိန်နှင့် တွေ့တာကိုး ရှင့်'

**မြ။** ။'ဘယ်က မောင်ဘစိန်လဲဗျာ၊ မိကောင်းဘခင် သားသမီး ဖြစ်ရက်နှင့် တေလေ မောင်ဘစိန်ဟာလား'

**မေ။** ။'ဟုတ်ပါတယ်ရှင် သူပါပဲ၊ ကျွန်မလဲ သိဟောင်း ကျွမ်းဟောင်း ဖြစ်လေတော့ အခန်းထဲမှာ ထိုင်ပြီး မောင်ဘစိန်ကို စကား တစ်ခွန်း နှစ်ခွန်း ပြောနေတဲ့ အခိုက် ကိုထွန်းမြင့်က အခန်းထဲ ဝင်လာပါတယ်၊ ဝင်လာပြီး ကျွန်မနှင့် မောင်ဘစိန်ကို မြင်ရင်ပဲ ရှက်ကိုးရှက်ကန်း မျက်နှာထားနှင့် ကျွန်မတို့က ချိန်းချက်ပေးပြီး ဟိုတယ်မှာ စကားပြောကြတယ်လို့ ထင်မှတ်တဲ့ လက္ခဏာနှင့် အခန်းမှားဝင်ကြောင်း တောင်းပန်ပြီး ပြန်ထွက်မည် လုပ်တော့ ကျွန်မက ယောကျ်ား တစ်ဦးတစ်ယောက်နှင့် အမှတ်မဲ့ အခန်းတွင်းမှာ ထိုင်ပြီး စကားပြောတာ အထင်မှားစရာ ဖြစ်နေပြီကောလို့ သတိရမိလေတော့ ကျွန်မက ကိုထွန်းမြင့် အထင်မမှားစေရအောင် လာပါဦး၊ ထိုင်ပါဦး လို့ ခေါ်ပေမယ့် ကိုထွန်းမြင့်က အားနာတဲ့ လက္ခဏာနှင့် အခန်းထဲက ထွက်သွားပါရောရှင်၊ ဟိုတုန်းကတော့ ကျွန်မက တကယ်ပဲ အထင်လွဲတယ်လို့ အောက်မေ့မိတယ်၊ လက်စသတ်တော့ သူတို့က တမင် ဉာဏ်ဆင်ပြီး ကျွန်မကို ထောင်ဖမ်းကြတာကိုးရှင့်'

**မြ။** ။'ဘယ်လို ထောင်ဖမ်းပုံလဲဗျ၊ ထိထိရောက်ရောက် မတော်မတရားပြုဖို့ ကြံစည်သေးတာလား'

**မေ။** ။'ဒီလိုတော့ မကြံစည်ဝံ့ပါဘူးရှင်၊ သူ့အကြံ ဘာလဲဆိုတော့ ကျွန်မနှင့် မောင်ဘစိန်ကို ဟိုတယ်မှာ နှစ်ယောက်တည်း စကားပြောတာကို ကိုထွန်းမြင့်က မိသွားတဲ့ လက္ခဏာနှင့် ဉာဏ်ဆင်ပြီး ထားတာကိုးရှင့်၊ ကျွန်မလဲ ဟိုတုန်းက ဒီအကြောင်း မရိပ်မိလေတော့ မမြကလေး လာအောင်စောင့်၊ စောင့်လို့ မလာတော့မှ စစ်ကိုင်းကို တစ်ခါ ပြန်သွားတာကိုးရှင့်၊ ဒီအကြောင်း ကိုလဲ ဝန်ထောက်မင်း တောက ပြန်လာတော့ မပြောမိပေဘူးရှင်'

**မြ။** ။'နောက်တော့ကောဗျာ'

**မေ။** ။'ကျွန်မကလဲ ဒီကိစ္စဟာ ဒီတင်ပဲ ပြီးမယ်လို့ ဝန်ထောက်မင်းလဲ မပြော၊ မမြကလေးနှင့်လဲ နောက်ထပ် မတွေ့တာနှင့် အမှတ်မဲ့ ဒီလိုပဲ နေပါရောရှင်၊ နောက် လေးငါးလ လောက် ကြာတော့ ကိုထွန်းမြင့်က ကျွန်မတို့အိမ် ပေါက်လာတယ်ရှင့်၊ ဒီအခါ ဝန်ထောက်မင်းလဲ မရှိခိုက် ဖြစ်နေတာနှင့် ကျွန်မက ဧည့်ခံပြီး စကားပြောနေတဲ့ အခါမှာ ကိုထွန်းမြင့်က ဟိုတယ်မှာ ကျွန်မနှင့် တွေ့တဲ့အကြောင်းကို စကားစပ်ပြော၊ အဘိုးကြီးကို တစ်ပတ်ရိုက်ပုံ အင်မတန် နေရာ ကျသလေး ဘာလေးနှင့် ရယ်ခါ မောခါ ပြောတာကိုးရှင့်၊ ကျွန်မက ဒီတော့ စိတ်ဆိုးလာတာနှင့် ခပ်ဆတ်ဆတ် ပြန်ပြောလိုက်တော့ ကိုထွန်းမြင့်က သူယုတ်မာ သဘောဆိုတော့ အထင်အရှား ပြလာတာကိုးရှင့်၊ ဒီတော့ သူက အကြောင်း မျိုးစုံကို သူ အကုန်သိပါတယ်တဲ့ သူသိသမျှကို ဝန်ထောက်မင်းကြီး မသိစေလိုခဲ့လို့ ရှိရင် နှုတ်ပိတ်ခ ပေးရပါလိမ့်မယ်တဲ့၊ ဝန်ထောက်ကြီးမှာလဲ တစ်သက်လုံး စုဆောင်းပြီး လယ်ယာ ချောင်း မြေတွေ ဝယ်ထားခဲ့လေတော့ တစ်လကို တစ်ရာမျိုး နှစ်ရာမျိုး ပေးဖို့ မခဲယဉ်းပါဘူး လို့ ပြောလေတော့ ကျွန်မက စိတ်ဆိုးဆိုးနှင့် တတ်နိုင် ကိုင်ချေ တစ်ပြားမှ မပေးဘူး လို့ ပြောလိုက်တာနှင့် သူလဲ စဉ်းစားဖို့ အချိန် ပေးဦးမယ် ဆိုပြီး ပြန်သွားပါရောရှင်'

**မြ။** ။'ဒီပြင်ကောဗျာ'

**မေ။** ။'နောက် လေး ငါး ရက်လောက် ကြာတော့ ကိုထွန်းမြင့် ဆီက စာတစ်စောင် ရပါရောရှင်၊ ဘယ့်နှယ် ရေးလိုက်သလဲ ဆိုတော့ ဟိုတယ်က အခန်း တစ်ခုထဲမှာ နာမည်ပျက် တေလေ တစ်ယောက်နှင့် နှစ်ယောက်တည်း စကားပြောနေတာကို ကိုထွန်းမြင့်က သိတဲ့ အကြောင်း၊ ဒီအကြောင်းကို ဝန်ထောက်မင်းအား မပြောစေလိုခဲ့လို့ ရှိရင် ငွေတစ်ရာကို သုံးရက်အတွင်း ပေးပို့ရမည့် အကြောင်း ပါလာတာကိုး ရှင့်'

**မြ။** ။'ကြံပုံ စည်ပုံ တော်တော် စိတ့် လူတွေပါဗျာ၊ ကြံလဲ ကြံစည်ရက်ပါပေတယ်ဗျာ၊ အင်း ဒါနှင့် ပြောစမ်းပါဦး'

**မေ။** ။'ဒီစာရတော့ ကျွန်မ စဉ်းစားမိတယ်၊ ကျွန်မက ဝန်ထောက်မင်း မသိအောင် မန္တလေး သွားမိတဲ့ အပြစ်က အမှန် ဖြစ်လေတော့ တကယ်လို့ ကိုထွန်းမြင့် က ဝန်ထောက်မင်းကို မဟုတ်တရုတ် လုပ်ပြီး တိုင်တန်းခဲ့လို့ ရှိရင် ဝန်ထောက်မင်းက ကျွန်မကို တစ်ခါတည်း မယုံသင်္ကာ မဖြစ်စေကာမူ စုံစမ်းမေးမြန်း လိမ့်မယ်၊ မေးမြန်းတဲ့ အခါမှာ မန္တလေးကို သွားဖူးသလား၊ မသွားဖူးဘူးလား ဆိုရင် သွားဖူးပါတယ်လို့ ဝန်ခံ ရလိမ့်မယ်၊ ဝန်ခံရတဲ့ အခါမှာ လင်သား မသိအောင် တစ်ရပ်တစ်ကျေးကို သွားဝံ့တဲ့ မိန်းမတစ်ယောက်ဟာ ကိုထွန်းမြင့် ပြောသလို အကြံအစည် ရှိလို့သာ သွားခြင်း ဖြစ်တယ်လို့ ယုံမှားသံသယ မကင်းဖွယ်ရာ ဖြစ်လိမ့်မယ်၊ တကယ်လို့ ကျွန်မက မဟုတ်ရကြောင်း နှင့် ကျမ်းသစ္စာ ကျိန်ဆို စေကာမူ မန္တလေးကိုလဲ လင်မသိအောင် သွား၊ ပြန်လာတော့လဲ လင်ကို ဘာမှ မပြော နေခဲ့လေတော့ ဘယ်နည်းနှင့် မဆို ဝန်ထောက်မင်း စိတ်ထဲမှာ ယုတ်စွအဆုံး ဇနောင့်ဇနင်း ဖြစ်စရာ ရှိတယ်လို့ ကျွန်မ တွေးမိတာကိုး ရှင့်၊ ဒီတော့ ကျွန်မ အပေါ်၌ အစစ အရာရာမှာ အင်မတန် အလိုလိုက်လာခဲ့တဲ့ လင်သားတစ်ဦးဟာ စိတ်မချမ်းသာ ဖြစ်မှာ စိုးရိမ်တာကလည်း တစ်ကြောင်း၊ ရှေးကလို အရေးမပေးဘဲ လျစ်လျူ ဥပေက္ခာ ထားမှာ စိုးရိမ်မိတာလည်း တစ်ကြောင်းကြောင့် သူတောင်းတဲ့ ငွေတစ်ရာကို ကြံစည်ပြီး ပေးလိုက်ရပါရောရှင့်'

**မြ။** ။'မနှင်းမေဟာ အစ ကတည်းက လွဲသွားတာဗျ၊ ပထမတုန်းက ဝန်ထောက်ကြီးကို အကျိုးအကြောင်း ပြောပြီး ဒီစာကို ပြလိုက်ရင် တစ်ခါတည်း ကိစ္စ ပြီးသွားမှာပဲ'

**မေ။** ။'ကျွန်မ ကလည်း ဒီငွေ တစ်ရာနှင့် တစ်ခါတည်း ပြီးလိမ့်မယ်ထင်လို့ ပေးမိတာကိုရှင့်၊ အခုတော့ မောင်မင်းကြီးသားက တစ်ရာနှင့်လဲ မအေး၊ နှစ်ရာ နှင့်လဲ မအေး၊ ငါးရာ နှင့်လဲ မအေး၊ စုစုပေါင်းလိုက်ရင် သူ့ကို ကျွန်မပေးတာ ငွေ တစ်ထောင် ကျော်သွားပြီကော ရှင့်'

**မြ။** ။'ဖြစ်ရလေဗျာ၊ ကိုင်း သို့သော် လွန်တာ လွန်ပါစေတော့၊ အခုတော့ သူ့ကို ငွေ မပေးတဲ့ အပြင် သူ့အတတ်နှင့် သူ့ပတ်အောင် ကြံစည်ကြဖို့ ရှိတော့တာပေါ့ မနှင်းမေ'

**မေ။** ။'ဖြစ်နိုင်ပမလား ကိုကျော်မြရယ်၊ ဝန်ထောက်မင်းက ကျွန်မ အပေါ်မှာ အပြစ်ကင်းရလေအောင် တတ်နိုင်ကြပမလား ရှင်'

**မြ။** ။'မစိုးရိမ်ပါနှင့်ဗျာ၊ ကျွန်တော့် တာဝန် ထားလိုက်ပါ၊ ဝန်ထောက်မင်း အပေါ်၌ မနှင်းမေအတွက် ကျွန်တော်က အသရေ မဆယ်နိုင်ခဲ့လျှင် မနှင်းမေ အိမ်မှာ တစ်သက်လုံး ကျွန်ခံပါမယ်ဗျာ'

**မေ။** ။'ကျွန်ခံတာ နေပါဦးရှင်၊ မန္တလေး ကျွန်မ သွားခြင်းဟာ ရိုးရိုးသားသား သွားခြင်း ဖြစ်ကြောင်းကိုပဲ ဝန်ထောက်ကြီး ယုံကြည်အောင် ရှင် ဘယ့်နှယ် ပြောမလဲ'

**မြ။** ။'ဘယ်လိုပဲ ပြောသည် ဖြစ်စေဦးတော့ တာဝန်ရယ်လို့သာ ရဲရဲ လွှဲအပ်ပါ၊ ဒီအကောင်တွေ လက်ကလဲ လွတ်အောင် ကျွန်တော် ဉာဏ်ရှိသမျှ ထုတ်ပြီး ဆောင်ရွက်ပေးမယ် မနှင်းမေ၊ စိတ်သာချပါ'

**မေ။** ။'ဒီ အတောအတွင်းမှာ ကိုထွန်းမြင့်က ငွေ ထပ်ပြီး တောင်းခဲ့ရင်ကော ရှင်'

**မြ။** ။'မနှင်းမေနှင့် မတွေ့ရဘဲ ကျွန်တော်နှင့် တွေ့ပါလိမ့်မယ်'

**မေ။** ။'ဘယ်ပုံ တွေ့ရမှာလဲ ကိုကျော်မြ'

**မြ။** ။'ကျွန်တော်ကလဲ သူနှင့် ဉာဏ်ချင်းပြိုင်ပြီး သူပဲ နိုင်နိုင်၊ ငါပဲ နိုင်နိုင် ၊ မနိုင်သူ ရှုံးစတမ်း ဆိုပြီး ဉာဏ်စမ်းထားတဲ့ ကိစ္စကလေး ရှိသေးတယ်၊ အဲဒါကြောင့်'

ထိုခဏ၌ မြင်းရထားတစ်စီးသည် အိမ်ရှေ့သို့ ရပ်တန့်ပြီးလျှင် အစေခံ တစ်ယောက်က ဧည့်သည်တစ်ယောက် ဆိုက်ရောက်ကြောင်းနှင့် လာရောက်ပြောဆိုလေ၏။

ထိုအခါ မနှင်းမေသည် ထိုင်ရာမှ ထကြည့်သည်တွင် မောင်ထွန်းမြင့် ဝင်းအတွင်း ဝင်လာသည်ကို မြင်သဖြင့် မောင်ကျော်မြအား ပြောပြရာ မောင်ကျော်မြက မိမိ လာရောက်သည်ဟု မောင်ထွန်းမြင့် အား ပြောရန်အကြောင်း၊ မောင်ထွန်းမြင့် အားလည်း ရှေးကကဲ့သို့ပင် ကြောက်ရွံ့သည့် ဟန်ပြု၍ လက်ခံစကား ပြောပါမည့်အကြောင်း၊ ၎င်း ပြောဆိုသမျှကိုလည်း မှတ်သား၍ မိမိအား ပြန်ပြောပါမည့် အကြောင်းနှင့် မှာထားပြီးလျှင် မောင်ကျော်မြသည် အိမ်နောက် မီးဖိုချောင်သို့ လျင်မြန်စွာ ဝင်သွားလေ၏။

× × × × × ×

နောက်တစ်နေ့ ညနေ၌ လေးနာရီ အချိန်ခန့်တွင် မောင်ကျော်မြနှင့် မနှင်းမေတို့သည် အာဠဝီလမ်းရှိ ဟိုတယ်၌ ကြေးနန်းဖြင့် ချိန်းဆို တွေ့ဆုံကြလေရာ

**မြ။** ။'ဘယ့်နှယ်လဲ မနှင်းမေ၊ ကိုထွန်းမြင့်က ဘာများ ပြောသွားသေးသလဲ'

**မေ။** ။'ရှင်ပို့လိုက်တဲ့ ငွေ သုံးရာတော့ ရပါပြီတဲ့၊ သို့သော်လည်း အခုတလော သူ့မှာ အင်မတန် ငွေလိုနေတဲ့ အတွက် တနင်္ဂနွေ တစ်ပတ်အတွင်း ငွေ နှစ်ရာလောက် လိုနေပြန်ပြီ တဲ့'

**မြ။** ။'ခုနစ်ရက် တစ်ပတ်တဲ့၊ ဟုတ်ကဲ့လား၊ ခုနစ်ရက် တစ်ပတ်အတွင်း ငွေနှစ်ရာပဲ ရမလား၊ ဘယ်သူပဲ ဘာဖြစ်မလဲ ကြည့်ရသေးတာပေါ့ဗျာ'

**မေ။** ။'ဘယ်လိုလုပ်ဖို့ အကြံအစည်များ ရှိပါသလဲ ရှင်'

**မြ။** ။'သေသေချာချာကြီးတော့ မစီစဉ်ရသေးဘူးဗျ၊ သို့သော်လည်း တစ်ခုတော့ စိတ်သာချပါ မနှင်းမေ၊ မကြာမီ အတွင်း ဒီအကောင်လက်က လွတ်ပြီး ဝန်ထောက်မင်း အပေါ်မှာလဲ နာမည် မပျက်ဘူးဆိုတာ စိတ်ချပြီးသာ နေပါဗျာ'

**မေ။** ။'နေပါဦးရှင်၊ ရှင့် အကြံဟာ ဘယ်လို ဘယ်ကဲ့သို့ အရိပ်အမြွက်လောက်ကလေး နဲနဲပါးပါး ပြောမပြနိုင်ဘူးလား ရှင်'

**မြ။** ။'အခုတော့ဖြင့် ပြောဖို့ရာလဲ အချိန်မကျသေးပါဘူး၊ မနှင်းမေ သည်းခံပါဦး ဗျာ'

**မေ။** ။'သူ မတရားကြောင်းကို ရှင် သိထားတဲ့ပြင် သည့်ပြင် အချက်တွေများ ရှိသေးပါသလား'

**မြ။** ။'အပုံကြီးပေါ့ဗျာ၊ သို့သော် မနှင်းမေက ကျုပ်ကို လုံးလုံးကြီး ယုံကြည်ရဲ့လား'

**မေ။** ။'ဘယ့်နှယ် မယုံကြည်ဘဲ နေမလဲ ကိုကျော်မြရယ်'

**မြ။** ။'ဒါဖြင့် ကျွန်တော် မေးစရာကလေး တစ်ခွန်း နှစ်ခွန်း ရှိပါသေးတယ်၊ မှန်မှန် ဖြေမှာလား မနှင်းမေ'

**မေ။** ။'အို ဘယ့်နှယ် ပြောပါလိမ့်၊ ကိုယ့်အတွက် ဒီလောက်တောင် အပင်ပန်းခံပြီး ဆောင်ရွက်နေတဲ့ လူတစ်ဦးတစ်ယောက်ကို ဘယ့်နှယ်ကြောင့် လိမ်ပြောမလဲ ရှင်၊ ရှင် မေးစရာရှိရင် မေးပါ၊ ကျွန်မ မှန်မှန်ဖြေမယ်'

**မြ။** ။'ကိုထွန်းမြင့်တို့ မောင်ဘစိန်တို့နှင့် မနင်းမေ သိဟောင်း ကျွမ်းဟောင်း ပေါ့နော်'

**မေ။** ။'မှန်ပါတယ်'

**မြ။** ။'ဒါဖြင့် မအုန်းစိန်ဆိုတဲ့ သူငယ်မ တစ်ယောက် အကြောင်းကို သူတို့ ပြောသံများ ကြားဖူးပါသလား'

**မေ။** ။(အတန်ငယ် စဉ်းစားတွေးတော ပြီးနောက်) 'မကြားဖူးပါကလား ရှင်၊ ဘာဖြစ်လို့လဲ'

**မြ။** ။'ဘာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် သိချင်လို့ပါပဲ'

၎င်းနောက် မောင်ကျော်မြနှင့် မနင်းမေတို့သည် မိမိတို့ ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်၍ အနည်းငယ် ဆက်လက် တိုင်ပင်ကြပြီးလျှင် မနင်းမေသည် နောက်ဆုံးရထားနှင့် စစ်ကိုင်းသို့ ပြန်သွားလေ၏။

× × × × × ×

**အခန်း (၁၅)**

ထိုနေ့ ညနေ ၇ နာရီခန့်တွင် စုံထောက် မောင်ဘတင်နှင့် ဌာနာအုပ် မောင်သန်းဖေတို့သည် မိမိတို့ ရရှိသော သတင်းအရ ဟိုတယ်သို့ ရောက်လာကြပြီးလျှင် မန်နေဂျာ လုပ်သူအား မောင်ကျော်မြ၏ လူပုံပန်းကို ပြောပြီးနောက် ထိုသူတစ်ယောက် လာရောက်ပါသလော ဟု မေးမြန်းရာ မန်နေဂျာက ထိုပုံပန်းသဏ္ဌာန်တူသော လူတစ်ယောက်သည် ညနေကပင် လာရောက်၍ အမည်မသိ ဂုဏ်သရေရှိ မိန်းမတစ်ယောက်နှင့် တစ်နာရီခန့်မျှ စကားပြောဆိုကြပြီးလျှင် ထွက်သွားကြကြောင်းနှင့် ပြန်ပြောလေ၏။ ထိုအခါ မောင်ဘတင်က ၎င်း မိန်းမသည် မည်သူဖြစ်သည်ကို မသိပါသလောဟု ထပ်လောင်း၍ မေးမြန်းသည်တွင် မန်နေဂျာက ၎င်းမိန်းမသည် ရံဖန်ရံခါ ဟိုတယ်သို့ လာရောက်ဖူးသည်ဟု ထင်မှတ်သော်လည်း မည်သူမည်ဝါ ဖြစ်သည့်အကြောင်းကိုမူ မမှတ်မိကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ ပုလိပ်နှစ်ယောက်တို့သည် အချင်းချင်း တိုင်ပင်ကြပြီးနောက် မောင်ကျော်မြ ရှိလောက်သည်ဟု ထင်မှတ်ရသော နေရာအရပ်တို့သို့ လှည့်ပတ်စုံစမ်း ထောက်လှန်း မေးမြန်းလျက် ရှိကြလေသည်။

ထိုအချိန်အခါ၌ကား ၎င်းတို့ ရှာဖွေလျက်ရှိသော ဝရမ်းပြေး မောင်ကျော်မြသည် မန္တလေးမြို့ အနောက်ပြင် အင်းဘဲရပ်ရှိ တစ်ခုသော အိမ်ငယ်အတွင်း၌ မောင်ဒေါနှ၊ မခင်ကြည်တို့နှင့် တိုင်ပင်နှီးနှောလျက် ရှိကြလေ၏။ ပထမ၌ မောင်ကျော်မြနှင့် မောင်ဒေါနှတို့ စကားပြောဆိုလျက် ရှိနေသည်ကို မခင်ကြည်သည် အနီးမှ နားထောင်လျက် ရှိရာ နောက်ဆုံး၌ မောင်ကျော်မြက မခင်ကြည်ဘက်သို့ လှည့်၍

**မြ**။ ။'နေပါဦး မခင်ကြည်၊ မအုန်းစိန်နှင့် မောင်ဘစိန်နှင့် သိကျွမ်းဖူးသလား၊ မအုန်းစိန် မောင်ဘစိန် အကြောင်း ပြောတာများ ကြားဖူးသလား'

**ကြည်**။ ။'လူပုံ သနားကမားနှင့် ကြာသမား ခပ်ဆန်ဆန် လူဟာလား၊ မအုန်းစိန်ဆီကို နှစ်ခါ လာတာ မြင်ဖူးတယ်'

**မြ**။ ။'တော်တော် အကျွမ်းတဝင် ရှိလား၊ သမီးရည်းစား အဖြစ်နှင့် ချစ်ကြိုက်တယ်လို့ ထင်မှတ်ဖို့ရန် အကြောင်း ရှိသလား'

**ကြည်**။ ။'မဟုတ်နိုင်ပါဘူး ရှင်၊ မအုန်းစိန်က အာဂ မာနကြီးတဲ့ မိန်းကလေး တစ်ယောက်၊ တော်တော့ လူကို ချစ်ကြိုက်မယ်လို့ ကျွန်မ မထင်ပါဘူးရှင်၊ မောင်ဘစိန် အကြောင်းကို ကိုကျော်မြ သိချင်လို့လား၊ သိချင်လို့ ရှိရင် မအုန်းစိန်ကို တွေ့အောင် ရှာပြီး မေးလို့ ရှိရင် အစုံအလင် သိရတာပေါ့၊ ဒါတဲ့ အခုတလော မအုန်းစိန်အကြောင်း သတင်း မကြားရတော့ဘူးလားရှင်၊ ကြားကြရင် သိပါရစေ၊ တွေ့မှ တွေ့ပါဦးတော့မလား ရှင်'

**မြ**။ ။'သေတဲ့လူ ကြာရင်မေ့၊ ပျောက်သောလူ ရှာရင်တွေ့ ဆိုတဲ့ စကားပုံတော့ ရှိတာပေါ့ မစိန်ကြည်ရဲ့၊ တစ်နေ့နေ့တော့ တွေ့ကောင်းပါတယ် ဗျာ'

**ကြည်**။ ။'ကျွန်မဖြင့် သူ့ အကြောင်းတွေးရင် အားကြီး စိတ်လေးတယ်ရှင်၊ ကျွန်မ သူ့ကို ဒီဘဝမှာဖြင့် တွေ့ရမယ် မထင်တော့ဘူးရှင်၊ သူတစ်ပါး လက်ချက်နှင့် အသက်များ ထိလေပြီ ထင်ပါရဲ့'

**မြ**။ ။'ဘယ့်နှယ်ကြောင့် ဒီလို တွေးနိုင်သလဲ မခင်ကြည်'

**ကြည်**။ ။'ဘယ့်နှယ်ကြောင့်ရယ် ကျွန်မ မပြောတတ်ဘူး၊ ကျွန်မ စိတ်ထဲမှာ ဒီလိုပဲ ထင်မိပါတယ်'

**မြ**။ ။'လူဆိုတာ ကိုယ်တွေ့ချင်တဲ့ လူကို ရုတ်တရက် မတွေ့ပြီ ဆိုမှဖြင့် စိတ်လေးပြီး တွေးမိတွေးရာ ထင်မိထင်ရာ ထင်တတ်တာမျိုးမို့ပါ မခင်ကြည်ရယ်၊ထင်တိုင်းလဲ မဟုတ်နိုင်ပါဘူးဗျ၊ ဒီလောက် စိတ်မပူပါနှင့်'

× × × × × ×

နောက်တစ်နေ့ ညနေ၌ ရွှေနေ မောင်ထွန်းမြင့်သည် မင်္ဂလာဈေးအနီး ဓာတ်ရထားပေါ်မှ ဆင်းသက်ခဲ့ပြီးလျှင် ဈေး၏ တောင်ဘက်ရှိ တစ်ဆောင်သော အိမ်ပေါ် သို့ တက်သွား၍ မိမိနှင့် မိတ်ဆွေရင်း ဖြစ်သော မောင်ဘစိန် ဆိုသူနှင့် တွေ့ဆုံ၍ အကျိုးအကြောင်း တိုင်ပင်ကြရာ

**စိန်။** ။'ဘယ့်နှယ်လဲ ဆရာရေ့၊ ဘာများ သတင်းထူးသေးလဲ'

**မြင့်။** ။'မထူးပါဘူးဗျာ၊ သို့သော် ဟိုအကောင်တော့ လွတ်သွားပြန်ပြီ ဗျို့၊ အရင်တစ်ခါက လိုပဲ လက်မတင်ကလေး လွဲသွားပြန်ပြီတဲ့၊ သို့သော်လည်း ဒီကနေ့ ညတော့ မလွဲနိုင်ပါဘူး၊ မုချ မိတော့မှာပါပဲ'

**စိန်။** ။'ခင်ဗျား ဘယ့်နှယ်ကြောင့် သိနိုင်သလဲ'

**မြင့်။** ။'ကျုပ်တို့ ကိုယ်တိုင် စီစဉ် ခဲ့လို့ဗျာ'

**စိန်။** ။'ဘယ်ပုံ စီစဉ်ခဲ့သလဲ'

**မြင့်။** ။'မိမိကြီးက သူနှင့် တွေ့ရအောင် ညဆယ်နာရီလောက်ကို တိတ်တဆိတ် အိမ်နောက်လာခဲ့ပါလို့ စာရေးပြီး မှာလိုက်ပြီဗျ၊ မိမိကြီးက မှာတယ် ဆိုရင် ဧကန် သူလာမှာပဲ၊ လာရင်တော့ ကိုယ့်လူတော့ ဒုက္ခပဲ'

**စိန်။** ။'စီစဉ်ပုံတော့ သပ်ရပ်ပါရဲ့ဗျာ၊ သို့သော်လည်း နေရာကျပမလား'

**မြင့်။** ။'ဆေးသေပဗျာ၊ ကိုကျော်မြက မိမိကြီးဟာ သူ့ဘက်သားပဲလို့ ထင်နေသေးတယ်၊ ဒီတော့ မိမိကြီးက မှာတယ်ဆိုရင် ဧကန် မုချ သူလာပြီပဲ'

**စိန်။** ။'ကျုပ်ဖြင့် တယ်မထင်လှပါဘူးဗျာ၊ ကိုကျော်မြက လူအ မဟုတ်သေးဘူးဗျ၊ ပုလိပ် လက်က ဒီလောက်ကြာအောင် ပွတ်ကာ သီကာ တိမ်းရှောင်နေနိုင်တဲ့ လူတစ်ယောက်ဟာ ဒီဉာဏ်မျိုးလောက်ကိုတော့ ရိပ်မိလိမ့်မယ် ထင်တယ်'

**မြင့်။** ။'မရိပ်မိနိုင်ပါဘူး ဗျာ၊ ဒီကနေ့ညတော့ အသေအချာပါပဲ၊ ကျုပ်လဲ သေချာသည်ထက် သေချာအောင် ပုလိပ်တွေနှင့်ကို အတူလိုက်ပြီး စောင့်ချေဦးမယ်'

**စိန်။** ။'ခင်ဗျား ကိုယ်တိုင် လိုက်လို့ တော်မလား ဗျာ'

**မြင့်။** ။'ဘာလို့ မတော်ရသလဲဗျာ၊ လုပ်မဲ့ လုပ်ရင် ရဲရဲတင်းတင်းကြီး လုပ်မှ ကိုယ့်အကြံကို လူ မရိပ်မိတော့ မပေါ့ဗျာ'

**စိန်။** ။'လုပ်တော့လေ ခင်ဗျား သဘောပေါ့၊ သို့သော်လည်း ကျုပ်ကတော့ မလိုက်ရဲဘူး ဆရာ၊ ဒီကပဲ နေရစ်တော့မယ်'

**မြင့်။** ။'တယ်နုံတဲ့ လူပဲ၊ ဒီလောက်မှ မျက်နှာ မပြောင်ဘဲကိုးဗျ၊ ကျုပ်တော့ ကိုယ်တိုင်သွားပြီး ဒီအကောင် ဖမ်းတာကို မြိန်မြိန် ရှက်ရှက်ကြီး ကြည့်ချည်ဦးမယ်ဗျို့၊ ဒီအကောင်ကို မိပြီးတဲ့နောက် ပြစ်ချက်ရဖို့ကတော့ သက်သေခံ အင်မတန် လုံလောက်လေတော့ ကြိုးရဖို့ကတော့ဖြင့် မလွဲနိုင်ဘူး၊ ဒီအကောင် သေရင် ကျုပ်တို့မှာ တစ်ပြည်အေးပြန်တာပေါ့ ဗျာ'

**စိန်။** ။'ခင်ဗျား စီစဉ်ပုံဟာ တကယ်ပဲ သပ်သပ်ရပ်ရပ် ရှိပေတယ်၊ ချီးမွမ်းထိုက်ပါပေတယ် ဗျာ၊ စုံထောက်ပညာ ဝါသနာ ပါယောင် ဘာယောင်ယောင်နှင့် ဉာဏ်ဆင်ပြီး လုပ်ထားလိုက်တာ။ ဟုတ်မှန်တဲ့ အတိုင်း တိုင်းပြည်က သိကြလို့ရှိရင် ဘယ်လောက် အံ့သြကြမလဲဗျာ'

**မြင့်။** ။'အံ့သြတာ အသာထားပြီး ဝန်ထောက်ကတော် မနှင်းမေနှင့် မောင်ကျော်မြနှင့် တွေ့ဆုံတိုင်ပင်ကြတယ်လို့ ကြားရတဲ့ သတင်းဟာကော ဘယ့်နှယ်လဲ ဗျို့'

**စိန်။** ။'ဟုတ်မထင်ပါဘူးဗျာ၊ မောင်ကျော်မြက ဒီလောက်တောင် ရဲတင်းမယ် မထင်ပါဘူး၊ ဒါထက် မောင်ကျော်မြကို ကျုပ်တို့က သေအောင် ကြံတာတော့ ဟုတ်ပါပြီ၊ သူ သေတော့ကော ကျုပ်တို့မှာ ဘာ အကျိုးရှိမှာလဲ'

**မြင့်။** ။'ဘယ့်နှယ် အကျိုး မရှိသလဲဗျာ၊ ဒီအကောင်က ကျုပ်တို့ အကြောင်းကို တစ်စုံတစ်ရာ တပ်အပ်သေချာ မသိသော်လည်း နည်းနည်းပါးပါးတော့ ရိပ်မိထားတဲ့ လက္ခဏာ ရှိတယ်ဗျ။ ဒီတော့ကာ သူရိပ်မိတဲ့ အတိုင်း သဲလွန်စကို လျှောက်ပြီး လိုက်မယ်ဆိုရင် ကျုပ်တို့ ဟာတွေ ပေါ်ကုန်မှာ စိုးရတယ်၊ ပေါ်ကုန်ရင် ခင်ဗျားတို့ ကျုပ်တို့ ဘယ်ရောက်ကြမလဲ' ဟု

မေးသောအခါ မောင်ဘစိန်သည် နှုတ်ဖြင့် ဖွင့်ဟ ဖြေဆိုခြင်း မပြုဘဲ မိမိ၏ လည်ပင်းကို လက်ညှိုးဖြင့် ရစ်ပတ်၍ ပြလေ၏။ ထိုအခါ

**မြင့်။** ။'ကိုင်း ဒီတော့ ဒီအကောင် သေတဲ့ အတွက် ကျုပ်တို့မှာ ငွေပင် မရသော်တဲ့ ၊ ကျေးဇူး အင်မတန် များတယ် မဟုတ်လား ဗျ၊ ဒီကနေ့ ညတော့ မလွဲနိုင်ပါဘူး ဗျာ၊ ဧကန္တ မိပြီးသားပါပဲ'

× × × × × ×

**အခန်း (၁၆)**

မန္တလေးမြို့ အနောက်ပြင် ဂုဏ်တန်ရပ်ရှိ သမာဓိမြို့ဝန် ဦးလူကလေး အိမ်၌ ထိုနေ့ည ၉ နာရီ အချိန်ခန့်တွင် လူတစ်စု တို့သည် စည်းဝေးတိုင်ပင်လျက် ရှိနေကြလေ၏။ ၎င်း လူစုတို့ အနက် ရှေးဦးစွာ ဆိုက်ရောက်လာသော သူတို့မှာ မောင်ကျော်မြ၊ မောင်ဒေါနနှင့် မခင်ကြည် တို့ဖြစ်လေသည်။ ၎င်းတို့ တက်လာသည်ကို မြင်သည်နှင့် တပြိုင်နက် မိမိကြီးသည် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြု၍ မောင်ကျော်မြအား မိမိ အထင်ရှိသည် များကို တောင်းပန်စကား ပြောဆိုပြီးနောက် မောင်ကျော်မြက လွန်ခဲ့သည့် ရက်အနည်းငယ် အတွင်း၌ မိမိပြုမူပုံများကို ထောက်ချင့် ခဲ့၍ မည်သူမဆို အထင်အမြင် လွဲစေရန် ရှိခဲ့သည် ဖြစ်သောကြောင့် မိမိအား တောင်းပန်ရန် အကြောင်း မရှိကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ

**ကြီး**။ ။'အထင်လွဲတုန်းက လွဲတာ ရှိပါဦးတော့၊ အခုလဲ ဟုတ်မှန်တဲ့ အတိုင်း အသေအချာ မသိရသေး ပါဘူးရှင်၊ ပြောပြပါဦး ကိုကျော်မြရဲ့'

**မြ**။ ။'သိရချိန် နီးပါပြီ မိမိကြီးရယ်၊ ခဏလေး သည်းခံလိုက်ပါဦး၊ စားတန်းရပ်က မိန်းကလေးကို ဘယ်သူ သတ်တယ်၊ ၎င်း မိန်းကလေး ဘယ်သူ ဘယ်ဝါ ဖြစ်တယ်၊ ဘယ် အကြောင်းကြောင့် သတ်တယ်၊ ဘယ်နည်းနှင့် သတ်တယ် ဆိုတာ တော်တော်ကြာရင် သိရပါတော့မယ်'

၎င်းနောက် မိမိကြီးနှင့် မခင်ကြည်တို့သည် သိဟောင်း ကျွမ်းဟောင်း ကဲ့သို့ ရှိနေကြပြီး မိန်းကလေးတို့ ဘာဝ မိမိတို့ အထင်လွဲကြသည်ကို ရယ်မော ပြောဆိုလျက် ရှိကြစဉ် ဝန်ကတော် မနှင်းမေလည်း ဆိုက်ရောက်၍ လာလေ၏။ ထိုအခါ မောင်ကျော်မြက မိန်းမ အချင်းချင်း အသိအကျွမ်း ဖွဲ့၍ ပေးပြီးနောက် မနှင်းမေက မောင်ကျော်မြ ဆိုသူသည် သားမယား ရွေးချယ်သည့် အရာ၌ မျက်စိ မရှိင်းကြောင်း၊ အသက်အရွယ် အတော်အတန် ကြီးရင့်အောင် လူပျိုကြီးလုပ်၍ လာခဲ့ခြင်းမှာ နောက်ဆုံး၌ စောင့်ဆိုင်းရကျိုး နပ်ပေသည် ဖြစ်ပေရာ 'လက်ဖက်ကောင်း စားလိုလျှင် ပလောင် တောင်တက် နေးရမည်' ဆိုသော စကားပုံ အတိုင်း ယူဆပါကြောင်းများနှင့် ရယ်မော ပြောဆိုနေကြရင်းပင် အချိန်သည် ကုန်မှန်း မသိ ကုန်လာခဲ့လေ၏။

ယင်းသို့ ပြောဆို ရယ်မောလျက် ရှိကြစဉ် အားလုံးသော သူတို့သည် တစ်စုံတစ်ရာကို မျှော်လင့်စောင့်ဆိုင်း ရှိဘိ သကဲ့သို့ လမ်းသို့ မကြာမကြာ မျှော်ကြည့် မိကြလေရာ ဆယ်နာရီ ထိုးချိန် နီးလေလျှင် စုံထောက် မောင်ဘတင်သည် အိမ်ပေါ် သို့ တက်လာ၍ ရောက်နှင့်သူ ဧည့်ပရိတ်သတ် တို့အား ရွှင်လန်း အားရရှိသော အမူအရာနှင့် နှုတ်ခွန်းဆက်လျက် ရှိလေ၏။

၎င်းနောက် မောင်ဘတင်သည် မောင်ကျော်မြ၏ အနီးသို့ ချဉ်းကပ်၍

**တင်**။ ။'ခင်ဗျား ပြောတာနှင့် ဘစိန်၏ အကြောင်းကို အမှုတွဲမှာ လှန်ရှာတော့ ပြစ်ချက် သုံး လေး ချက် ရှိဖူးတဲ့ အကောင်ပဲ ဗျ၊ နောက်ဆုံး ပြစ်ချက်က လိမ်လည်မှုနှင့် ဝါးရမ်း ထုတ်ထားတာ၊ အခုထက်ထိ မမိသေးဘူး'

**မြ**။ ။'မိစေမပေါ့ ဗျာ၊ စိတ်သာချပါ'

ထိုခဏ၌ မြင်းရထား တစ်စီးသည် အိမ်ရှေ့၌ ရပ်တန့်၍ မောင်ထွန်းမြင့်သည် ရထားပေါ်မှ ဆင်းလာသည်နှင့် တပြိုင်နက် ဝင်းထရံ အနီးမှ ချောင်းမြောင်းကာ စောင့်နေသော ပုလိပ် နှစ်ယောက်တို့သည် လည်ကုပ်ကို ကိုင်၍ ဖမ်းပြီးလျှင် အိမ်ပေါ် သို့ ခေါ်လာခဲ့ကြလေ၏။ မောင်ထွန်းမြင့်လည်း ပုလိပ်သား နှစ်ယောက်တို့၏ အလယ်မှ ကန့်လန့် ကန့်လန့်နှင့် ပါလာခဲ့ရာ အိမ်ပေါ် သို့ ရောက်သည်နှင့် တပြိုင်နက် ထိတ်လန့်သော မျက်နှာထားနှင့် ဧည့်ပရိတ်သတ် တို့အား တစ်ယောက်စီ ကြည့်လျက်

**မြင့်**။ ။'ဘယ့်နှယ် လုပ်ကြတာလဲဗျာ၊ ပြောင်စရာ လှောင်စရာ ဒိပြင် နည်းများ မရှိကြဘူးလားဗျာ၊ အိမ်ကို အလည်လာပါလို့ တမင် ဖိတ်ကြားပြီး လာပြန်တော့လည်း ဒီလို ပြုကြတာ ကောင်းနိုင်ကြရှော့လား' ဟု ရေရွတ်ပြောဆိုလျက် ရှိရာမှ မောင်ကျော်မြနှင့် မျက်လုံးချင်း ဆိုင်မိကြသည်တွင် မောင်ထွန်းမြင့်သည် ရုတ်တရက် ဆွံ့အ၍ သွားဘိသကဲ့သို့ ပါးစပ်ကို ဟလျက် ရှိလေ၏။ ထိုအခါမှ မောင်ဘတင်က

**တင်**။ ။'ပြောင်တာ မဟုတ်ဘူး ဆရာကြီးရေ၊ တကယ့်ကို ဖမ်းရတာပဲ၊ ကိုယ့်ရှူးကိုယ်ပတ် ဆိုတဲ့ စကားပုံသာ ကြားဖူးတယ်၊ ဒီတစ်ခါမှ လက်တွေ့ ဖြစ်နေပကော ကိုထွန်းမြင့် ရဲ့'

**မြင့်**။ ။'ဘာမှုနှင့် ခင်ဗျားတို့က ကျုပ်ကို ဖမ်းနိုင်သလဲဗျာ'

**တင်**။ ။'လွန်ခဲ့တဲ့ တပေါင်းလဆန်း ၄ ရက်နေ့က စားတန်းရပ်မှာ မအုန်းစိန်ဆိုတဲ့ သူငယ်မကလေးကို ဖြားယောင်း ခေါ်ငင် သတ်ဖြတ်တဲ့ အမှုနှင့် ခင်ဗျားကို ကျုပ်တို့ ဖမ်းရပါတယ်၊ ဝါးရမ်း ခင်ဗျား ကြည့်ချင်သေးသလား'

**မြင့်**။ ။(လက်သီး ဆုပ်ကာ၊ အံကြိတ်ကာဖြင့်) 'ဘယ်က ကျုပ် သတ်ရမှာလဲဗျ၊ သတ်တဲ့ လူက ဟောဟိုမှာ၊ ကိုကျော်မြ ဆိုတဲ့ လူ သတ်တာဗျ'

**တင်**။ ။(ဦးခေါင်းကို ရမ်းလျက်) 'မရဘူး ဆရာရေ၊ ဟိုတုန်းကသာ ခင်ဗျား ညာလို့ရတယ်၊ အခုတော့ ကျုပ်တို့ အကုန်သိကုန်ပြီ၊ ခင်ဗျား ညာပေမဲ့ မရဘူး'

**မြင့်**။ ။'ဟုတ်ပါတယ်ဗျ၊ ကိုကျော်မြ သတ်တာပါ၊ သူပဲ သတ်ပြီး သူပဲ ကိုကြာညွန့် ယောင်ဆောင်ပြီး ပုလိပ်ကို သွားတိုင်ချက်ပေးတယ် မဟုတ်လား၊ သူ မသတ်လို့ ရှိရင် ဘာပြုလို့ တိမ်းရှောင်ပြီး နေသတဲ့လဲ ဗျ'

ထိုအခါမှ မောင်ကျော်မြသည် မိမိ၏ အကြံအစည်များကို ရှင်းလင်း ထုတ်ဖော် ပြောဆိုလေ၏။ မိမိသည် မိတ်ဆွေ မောင်ဒေါနနှင့် ၎င်းအမှု၌ သက်သေခံ လုံလောက် ထင်ရှားစွာ ရနိုင်စေခြင်းငှာ လုံလ ဥဿာဟ ပြုခဲ့ရကြောင်း၊ ပထမကပင် မောင်ထွန်းမြင့် အပေါ်၌ သင်္ကာမကင်း ရှိနေခဲ့၍ အငိုက်ကို ရိုက်နိုင်စေခြင်းငှာ မိမိကိုယ်တိုင် ပြစ်မှု ကျူးလွန်သူ ဟန်ဆောင်ပြီးလျှင် ထွက်ပြေး ပုန်းရှောင်နေခဲ့ကြောင်း၊ လူသတ်မှု တစ်စုံတစ်ခု၌ လက်သည်ကို ဖမ်းဆီးသည့်အခါ မည်သည့်အတွက်ကြောင့် သတ်ဖြတ်သည့် အကြောင်းကို ထင်ရှားစွာ ပြနိုင်မှ သာလျှင် ရုံးခွင်၌ အနိုင်ရမည် ဖြစ်၍ မည်သည့် အကြောင်းကြောင့် သတ်ဖြတ်သည်ကို ထောက်လှမ်း စုံစမ်း နေခဲ့ရသဖြင့် အချိန်ကြာရှည် ခဲ့ရကြောင့်နှင့် ၎င်း ပြစ်မှုမှာ ဒေါသအလျောက် ရုတ်တရက် ဖြစ်ပွားသော ပြစ်မှု မဟုတ်၊ မအုန်းစိန်သည် ၎င်းတို့ အကြောင်း သိသင့်သည်ထက် ပိုမို၍ သိသွားသည် ဖြစ်သောကြောင့် နှုတ်ပိတ်လိုသော အကြောင်းဖြင့် ကြံစည် သတ်ဖြတ်ခြင်း ဖြစ်ကြောင်း၊ မောင်ထွန်းမြင့်နှင့် မောင်ဘစိန်တို့သည် နှစ်ဦး ပူးပေါင်း၍ ဂုဏ်သရေရှိ အမျိုးကောင်း သမီးတို့ကို နာမည် ပျက်စေအောင် ဉာဏ်ဆင်ပြီးလျှင် ငွေညှစ်ထုတ်သူများ ဖြစ်ကြောင်းကို ကြားသိရသည်နှင့် တပြိုင်နက် မိမိက ၎င်းတို့၏ အကြံကို ထုတ်ဖော်နိုင်စေခြင်းငှာ ရှေးဦးစွာ မောင်ထွန်းမြင့်နှင့် အသိအကျွမ်း ဖွဲ့ခဲ့ရကြောင်း၊ အသိအကျွမ်း ဖွဲ့ပြီးနောက် အကွက်ကောင်း အချက်ကောင်း တို့ကို စောင့်ဆိုင်း နေခဲ့ရာ အခွင့် မသာဘဲ ရှိခဲ့ရကြောင်း။

တစ်နေ့သ၌ မူကား မောင်ထွန်းမြင့်သည် မိမိနှင့် ကြံစည်ဘက် ဖြစ်သော မအုန်းစိန်အား ရန်ကုန်မှ ရောက်လာသော ပွဲစားကြီး ဦးကြာညွန့်ကို ချူမြိုက်ရန် အကြံအစည်နှင့် အသိအကျွမ်း ဖွဲ့ပေးကြောင်း၊ ၎င်း အကြောင်းကို မိမိ သိရှိ၍ ၎င်းအား သတိပေးသော အခါ ဦးကြာညွန့်က မယုံမကြည် ရှိခဲ့ကြောင်း၊ သို့ရာတွင် ဦးကြာညွန့်သည် သတိ ဝီရိယနှင့် နေထိုင်ခဲ့ကြောင်း၊ ထိုအတောအတွင်း မအုန်းစိန်နှင့် ဦးကြာညွန့် တို့သည် အတော် ရင်းနှီးသော အဖြစ်သို့တိုင် ရောက်ကြသောအခါ ဦးကြာညွန့်သည် ၎င်းတို့၏ အကြံအစည်ကို မရိပ်မိယောင်ဆောင်၍ နေခဲ့ကြောင်း၊ ဦးကြာညွန့် မရှိသည့် အခါ၌ မိမိက ၎င်း၏ အိမ်ကို ချောင်းမြောင်း စောင့်ကြပ် ခဲ့ရကြောင်း၊ ဦးကြာညွန့် ထွက်သွားပြီးနောက် သုံးရက်မြောက်သောနေ့၌ ညဉ့် ရှစ်နာရီ အချိန်ခန့်တွင် မောင်ထွန်းမြင့်နှင့် မောင်ဘစိန် တို့သည် ဦးကြာညွန့်၏ တိုက်သို့ ရောက်လာ၍ တံခါးကို ဖွင့်ပြီးလျှင် ဝင်သွားကြသည်ကို တွေ့မြင် လိုက်ရကြောင်း၊ နာရီဝက်ခန့်မျှ ရှိသောအခါ

မအုန်းစိန် ရောက်လာ၍ တိုက်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရကြောင်း၊ နာရီဝက်ခန့် ကြာသောအခါ မောင်ထွန်းမြင့်နှင့် မောင်ဘစိန်တို့သည် တိုက်တွင်းမှ ပျာယီးပျာယာ ထွက်လာကြသည်ကို တွေ့မြင်ရကြောင်း၊ အတန်ငယ် စောင့်ဆိုင်း၍ မအုန်းစိန် ထွက်လာသည်ကို မတွေ့သော အခါ စိတ်၌ သင်္ကာ မကင်း ဖြစ်၍ တိုက်တွင်းသို့ ဝင်ရောက် ကြည့်ရှုသည်တွင် သူငယ်မ၏ အလောင်းကို လှေကားရင်း၌ တွေ့ရှိရကြောင်း၊ အံဆွဲ များနှင့် ဘီရိုမှာလည်း သူခိုးတို့၏ လက်ရာဖြစ်သည်ဟု ထင်မှတ်စေခြင်းငှာ ဖွင့်လှစ်လှန်လှော မွှေနှောက်၍ ထားခဲ့ကြောင်း၊ ထိုအခါ မိမိက အိမ်သို့ ပြန်ခဲ့ပြီးလျှင် မည်သို့ ပြုရမည်ကို အကြံထုတ်ခဲ့သည်၊ အကောင်းဆုံး အကြံမှာ မိမိကိုယ်တိုင် သတ်သောသူ ထင်မှတ်အောင် ပြု၍ အကယ်၍

သတ်သော သူတို့က လုံခြုံလုပြီဟု ထင်မှတ်သောအခါ သက်သေ လုံလောက်စွာ စုဆောင်း၍ ဖမ်းရန် ကြံစည် ခဲ့ကြောင်း၊ ၎င်း အကြံ အတိုင်း မိမိကြီးထံ သွားရောက်၍ အခြားသော သူတို့ မဟုတ် မတရား စွပ်စွဲ ခဲ့ပါလျှင် ယုံကြည်မှု မရှိစေရန် တင်ကူး၍ ပြောထားခဲ့ကြောင်း၊ ထိုနေ့မှ စ၍ မိမိကိုယ်ကို ပြစ်မှု ကျူးလွန်သည့် သူတစ်ယောက်၏ အနေအထိုင်မျိုးဖြင့် နေထိုင်ခဲ့ပြီးလျှင် ဦးကြာညွန့် ယောင်ဆောင်၍ အလောင်းကို တွေ့ချင်ဟန် ပြုပြီးလျှင် ဌာနသို့ တိုင်တန်းခဲ့ကြောင်း၊ မိမိ၏ ကြံရွယ်ချက်အတိုင်း ထမြောက် အောင်မြင်ခဲ့သည် ဖြစ်၍ သတ်သူ နှစ်ယောက်တို့မှာ လုံခြုံလုပြီဟု မှတ်ထင်ပြီးလျှင် အမှုကို မိမိအပေါ်၌ ပတ်စေရန် မောင်ထွန်းမြင့် ကိုယ်တိုင်က ကြိုးစား အားထုတ်လျက် ရှိခဲ့ကြောင်းနှင့် ရှင်းလင်း ပြောဆိုလေ၏။

ထိုအခါ မိမိကြီးက မောင်ထွန်းမြင့်ကို လက်ညှိုးညွှန်လျက် ထိုသူသည် မောင်ကျော်မြ၏ အကြောင်းကို မိမိအား နားယောင်စေလောက်အောင် ဖြားယောင်း ပြောဆိုသူ ဖြစ်ကြောင်း၊ မောင်ထွန်းမြင့်၏ အဆိုမှာ မောင်ကျော်မြသည် လူရုပ်လူပွေ ဖြစ်၍ မအုန်းစိန် မခင်ကြည် နှစ်ယောက်လုံး တို့နှင့် ချစ်ကြိုက်မိ၍ မအုန်းစိန်က ဆူဆူပူပူ ပြုသည်တွင် အရှက်ကွဲမည်ကို မြင်၍ အဆုံးစီရင် လိုက်ကြောင်းများနှင့် ထင်ယောင် ထင်မှား ဖြစ်စေလောက်အောင် ပြောပြဖူးကြောင်း၊ ၎င်းနောက် မောင်ကျော်မြ ကိုယ်တိုင် တိမ်းရှောင်၍ နေပြန်သောအခါ သံသယ မကင်းဖွယ်ရာ အကြောင်းများစွာ ရှိသော်လည်း မိမိ စိတ်တွင်း၌ကား မောင်ကျော်မြသည် ဤသို့သော အပြုအမူမျိုးကို မပြုတန်ရာ ဟူ၍ အစဉ်မပြတ် မှတ်ထင် ယူဆခဲ့ကြောင်းများနှင့် ပြန်ပြောလေ၏။

ထိုအခါ မောင်ကျော်မြက မိမိမှာ သင်္ကာမကင်း ဖြစ်ဖွယ်ရာ အကြောင်းများ လုံလောက်စွာ ရှိပါလျက်နှင့် မိမိအပေါ်၌ မေတ္တာ ပျက်ပျယ်ခြင်း မရှိဘဲ ပကတိ အတိုင်း မယိမ်းမယိုင် မြဲခိုင်လှပေသော သစ္စာ သည်ကား ယခုခေတ် ယခု အခါတွင် အလွန်တရာမှ ခဲယဉ်းလှသည် ဖြစ်ကြောင်းများနှင့် မိမိ၏ ရည်းစားသည်မိမိကြီး၏ တည်ကြည် ခိုင်ခံ့သော စိတ်သဘောကို ချီးမွမ်း ပြောဆိုလျက် ရှိစဉ် ရုတ်တရက် သေနတ်သံ ကြားရသဖြင့် ဧည့်ခန်း ပရိသတ် အားလုံးတို့ ရုန်းရုန်းရင်းရင်း ဖြစ်သွားသည်တွင် မိမိကြီးသည် ရင်ဘတ်ကို ဖိလျက် မောင်ကျော်မြ လက်တွင်းသို့ လဲကျသွားလေ၏။ စင်စစ်သော်ကား မောင်ထွန်းမြင့်သည် နာမည်ကျော် ရှေ့နေ တစ်ယောက် ဖြစ်၍ ခြောက်လုံးပြူး ကိုင်ဆောင်ခွင့် ရခဲ့ရာ အစိုးရ အရာရှိတို့၏ ဖမ်းဆီး ချုပ်နှောင်မည့် ဘေးရန်ကို အစဉ်မပြတ် စိတ်တွင်း ကြောက်ရွံ့ စိုးရိမ်လျက်ရှိသည် ဖြစ်သောကြောင့် အစဉ်အမြဲ ကိုင်ဆောင်လေ့ ရှိရကား ပုလိပ်သား နှစ်ယောက်တို့သည် ၎င်းကို ဖမ်းဆီးစဉ် အခါက လက်နက် ကိုင်ဆောင်ခြင်း ရှိမရှိကို ရှာဖွေရန် မေ့လျော့သည် ဖြစ်သောကြောင့် မိမိအား မျက်နှာချင်းဆိုင် စွပ်စွဲပြောဆိုသည်များကို ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်သည်နှင့် ပုလိပ်သားတို့၏ အလယ်တွင် ၎င်းတို့၏ လက်မှ ရုတ်တရက် ကန်ကြောက် ရုန်းဖယ်၍ ခြောက်လုံးပြူးဖြင့် မိမိကြီးအား ပစ်သတ်လိုက်ခြင်း ဖြစ်လေသည်။

မိမိကြီးအား ပစ်ပြီးနောက် မောင်ကျော်မြအားလည်း ပစ်သတ်ရန် ချိန်ရွယ်လျက် ရှိစဉ် မောင်ဘတင်သည် လက်မြန်သော သူတစ်ယောက် ဖြစ်သောကြောင့် မောင်ထွန်းမြင့်၏ လက်ကောက်ဝတ်ကို လက်ဖြင့် မ လိုက်သည်တွင် ဒုတိယ ပစ်လိုက်သော သေနတ်ချက်သည် အိမ်မိုးကို သာလျှင် ဖောက်ထွင်း၍ သွားလေ၏။

မောင်ကျော်မြမှာ မူကား ၎င်းအမှု ကိစ္စ ၌ ထမြောက် အောင်မြင်ခဲ့သည် ဆိုစေကာမူ ချစ်လှသော မိမိရည်းစားသည် ရန်သူ လက်ချက်ဖြင့် အသက် ဆုံးရှုံးရရှာသည် ဖြစ်သောကြောင့် မည်မျှလောက် ယူကြုံးမရ ဖြစ်ခဲ့ရရှာသည်ကို ထုတ်ဖော် ရေးသားရန် လိုတော့မည် မဟုတ်ချေ။

ပုလိပ် အရာရှိ တို့လည်း မောင်ဘစိန် ဆိုသူကို ရှာဖွေ ဖမ်းဆီး ပြီးနောက် ရုံး၌ စစ်ဆေးသည့် အခါတွင် ပြစ်မှု ထင်ရှားသည် ဖြစ်သောကြောင့် မောင်ဘစိန်မှာ ထောင်တစ်သက် ကျခံစေရန် စီရင်ချက် ချမှတ်ပြီးလျှင် မောင်ထွန်းမြင့် မှာမူကား အသက်ဆုံးရှုံးအောင် စီရင် ဆုံးဖြတ်လိုက်လေသတည်း။

မောင်စံရှားသည် အထက်ပါ အခြင်းအရာတို့ကို ကျွန်တော့်အား ပြန်ပြောင်း ပြောဆိုပြီးနောက်

**ရှား။** ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ကိုကျော်မြ ဆိုတာ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း ခင်ဗျား ရိပ်မိတယ် မဟုတ်လား'

**ကျွန်တော်။** ။'ကိုကျော်မြ ဆိုတာ ခင်ဗျားပဲ မဟုတ်လား'

**ရှား။** ။'အစစ်ပဲ၊ မိမိကြီး သေဆုံးပြီးတဲ့နောက် အိမ်ထောင်ရက်သား ပြုချင်တဲ့ စိတ်လဲ မရှိဘူးဗျ၊ တစ်ခါတစ်လေ ယူမယ်လို့ ကြံစည်မိပြန်ရင် မိမိကြီးရဲ့ မျက်နှာကို ကွက်ခနဲ မြင်လာမိပြန်တာနှင့် ယူမယ့် အကြံအစည်ဟာ ပျက်သွားပြန်ရောဗျ၊ ခုတော့ အသက်ကလဲကြီး ကြိုက်မဲ့ လူကလဲ မရှိလေတော့ အတော်ပဲ နေတော့ တာပါပဲဗျာ၊ ဟိုအခါတုန်းကတော့ ခင်ဗျား အခု ကြားရတဲ့ အတိုင်း စုံထောက်ဘက်မှာ ဝါသနာ ပါလွန်းလို့ ဆောင်ရွက်ခဲ့ရတာကိုး ဗျ၊ ယခုလို စည်းစနစ် ကျကျနှင့် သိပ်သိပ်သဲသဲ သေသေသပ်သပ် မရှိသေးဘူးပေါ့၊ မိမိကြီး သေဆုံးတော့မှ လူဆိုး မှန်သမျှကို မုန်းထားတဲ့ စိတ် ဖြစ်ပေါ်လာခဲ့တာကြောင့် အထုံဝါသနာလဲ အားကြီးတာနှင့် ဒီအလုပ်နှင့်ပဲ အသက်မွေးပါတော့မယ်လို့ အကြံရတာ အကြောင်းများကြောင့် ကိုယ့်ကိုယ်ကို ပြန်ပြောင်းပြီး မောင်စံရှား အမည်နှင့် ရန်ကုန်မြို့ကို လာခဲ့တာကိုး ကိုသိန်းမောင်ရဲ့'

**ကျွန်တော်။** ။'ကောင်းပါလေဗျာ၊ ခင်ဗျား တစ်ယောက် ပေါ်ပေါက် လာတာဟာ တိုင်းပြည်မှာ လူဆိုးများ နည်းပါးဖို့ အကြောင်း တစ်ရပ်ပေပဲ၊ ခု အမှုမှာ နှောင် ဝါရင့် လာတဲ့အခါ စုံထောက်တဲ့ အမှုများလို အင်မတန်ကြီး သိပ်သိပ်သည်းသည်း မရှိသော်လည်း ခင်ဗျား ငယ်စဉ်က အဖြစ်အပျက်ကို ကြားသိရတဲ့ အတွက် အများကြီး ဝမ်းမြောက်သဗျာ'

**ပြီးပါပြီ။**

× × × × × ×

# ၃။ နှစ်ထပ်ကျော့

ယခုခေတ် ကာလ၌ အင်္ဂလိပ်စာ တတ်မြောက်သူ အရေအတွက်သည် တစ်နေ့တစ်ခြား တိုးတက်များပြား၍ လာခဲ့ရာ များစွာသောသူတို့သည် ၎င်းစာကို တတ်မြောက်သည်နှင့် တပြိုင်နက် အ၀တ်အစား အနေအထိုင် အမူအရာမှစ၍ များစွာ ဘိုဆန်၍ သွားတတ်ကြလေ၏။ ရှေးအခါကမူ ယောကျ်ားသူငယ်များသာလျှင် ယင်းကဲ့သို့ အမူအရာ ပြောင်းလဲခြင်း ရှိတတ်ကြသည် ဖြစ်ရာ ယခုခေတ် အခါ၌ မူကား အင်္ဂလိပ်စာ တတ်မြောက်သူ မိန်းကလေး အရေအတွက်သည်လည်း အဆများစွာ ပိုမိုတိုးတက်၍ လာခဲ့ပြီ ဖြစ်ရကား ဘိုဆန်သော မိန်းကလေးတို့၏ အရေအတွက်သည်လည်း ၎င်း အချိုးအစားအရ တိုးတက် ပေါများ၍ လာခဲ့ချေ၏။

လွတ်လပ်ခြင်းတည်း ဟူသော အခွင့်အရေးသည် စင်စစ်အားဖြင့် ကောင်းသော အခြင်းအရာတစ်ခု ဖြစ်သည် မှန်ပေ၏။ သို့ရာတွင် ဟီရိယြဩတ္တပ္ပ အရာ၌ာန၌ ကမ္ဘာတစ်ဝှမ်းလုံး၏ ချီးမွမ်းခြင်းကို ခံထိုက်ပေသော ကျွန်ုပ်တို့ မြန်မာ မိန်းမများမှာ လွတ်လပ်စွာ နေထိုင်ခြင်းတည်း ဟူသော အနောက်တိုင်းသူတို့၏ အလေ့အကျင့်ကို အတုခိုး နည်းယူခဲ့ပါမူ ပျက်စီးခြင်းသို့တိုင် ရောက်ရန် နည်းလမ်းများစွာ ဖြစ်ပေါ်တတ်ချေသည်။ ယခု ရေးသားဖော်ပြ လတ္တံ့သော ၀တ္ထုမှာလည်း ဘိုဆန်ကြသည့်အတွက် မသင့်မတင့် အချင်းများရာမှ စ၍ နောက်ဆုံး၌ ဒုက္ခကြီးစွာ ကြုံတွေ့ရသော အဖြစ်အပျက် အခြင်းအရာပင် ဖြစ်ပေသည်။

တစ်နေ့သော မွန်းတည့် အချိန်၌ အစိုးရစုံထောက်ဖက် ဆိုင်ရာ အင်စပိတ်တော် မောင်အုန်းဖေသည် မသာမယာသော မျက်နှာထားဖြင့် ကျွန်တော်နှင့် မောင်စံရှားတို့ နေထိုင်ရာ တိုက်ခန်းသို့ တက်လာပြီးလျှင် ပက်လက်ကုလားထိုင်တစ်ခု ပေါ်တွင် ပစ်လှဲ၍ ထိုင်လေ၏။ ထိုအခါ မောင်စံရှားက 'ရွှေမျက်နှာညို ဘာ အလိုမကျ သလဲ ကိုအုန်းဖေ ရဲ့' ဟု ပျက်ရယ်ပြု၍ မေးသည်တွင်

**ဖေ**။ ။'သိပ်ပြီး ၀ွကျတဲ့ အမှုပဲ ခင်ဗျာ၊ လက်သည်ပေါ်ဖို့ မခဲယဉ်းဘဲနှင့် ပေါ်အောင် မလိုက်ဝံ့တဲ့အတွက် ဒီအတိုင်း ခံနေရပြီး ကာယကံရှင် နှစ်ဦးစလုံးမှာ ဒုက္ခကြီး ရောက်တော့မလို့ ဖြစ်နေပြီကော ဆရာ'

**ရှား**။ ။'အစက စပြီး ပြောပြစမ်းပါဦး ဗျ၊ ကျုပ်တို့ တတ်နိုင်ရင်လဲ ကူညီရတာပေါ့ဗျာ'

**ဖေ**။ ။'ဒီအမှုက စင်စစ်တော့ ခင်ဗျားတို့ ကျွန်တော်တို့နှင့် တယ်ပြီး ဆိုင်တဲ့ အမှုမျိုး မဟုတ်ပါဘူး ခင်ဗျာ၊ သို့သော်လည်း ဆရာက အရာရာမှာပဲ ဉာဏ်သွားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တဲ့အတွက် တိုင်ပင်ကြည့်ရသေးတာပေါ့ ဆရာ ဟု ပြောပြီးလျှင် မောင်အုန်းဖေသည် ၀တ်လုံတော်ရ မောင်တင်လှ လင်မယား၏ အမှုကို ပြောပြလေရာ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

၀တ်လုံတော်ရ မောင်တင်လှသည် ဘိလပ်မှ ပြန်လာပြီးနောက် အမှုများစွာ လက်ခံရ၍ အတော်ပင် ကျော်ကြားသော ၀တ်လုံကလေး ဖြစ်ပေ၏။ ၀တ်လုံတကာ တို့တွင် အထူးသဖြင့် ဘိုဆန်သော ၀တ်လုံတစ်ဦး ဖြစ်၍ ကလပ်များစွာတို့၌ ပါဝင်ပြီးလျှင် လူပျိုဘဝ၌ အတော်ကြာကြာပင် ပျော်ရွှင်စွာ နေထိုင်ခဲ့လေ၏။ တစ်နေ့သ၌ ဘီအေ အတန်းကို အောင်မြင်ပြီး၍ ကျောင်းဆရာမ အဖြစ်နှင့် လုပ်ကိုင်နေသော မသန်းမြနှင့် တွေ့ကြရာတွင် မြင်လျှင် မြင်ချင်း စုံမက်ကြ၍ လက်ထပ်မင်္ဂလာ ဆောင်နှင်းကြ၏။ မသန်းမြသည်လည်း မိန်းမတကာတို့တွင် အနောက်နိုင်ငံသူ တို့၏ အတုကို အထူးသဖြင့် နည်းယူလိုက်နာ တတ်သော မိန်းကလေးဖြစ်၍ ယောကျ်ားမိတ်ဆွေတို့နှင့်လည်း လွတ်လပ်စွာ ယှဉ်တွဲ သွားလာတတ်ပေ၏။

ထိုသူ နှစ်ဦးတို့သည် လက်ထပ်မင်္ဂလာ ဆောင်နှင်းပြီးသည့်နောက် ချစ်ခင်ကြင်နာစွာ ရက် လ အနည်းငယ် နေထိုင်ပြီးကြသော် ယောကျ်ားသည် ကလပ်များသို့ သွားမြဲတိုင်း သွားပြန်၏။ မိန်းမသည်လည်း နဂိုသဘောကပင် ဘိုဆန်ခဲ့သည်ဖြစ်၍ အလုပ်မှ ပြန်လာသည့်အခါ လင်ကို အိမ်၌ မတွေ့ခဲ့လျှင် တစ်ယောက်တည်း နေရခြင်းကို ပျင်းရိသည်ဟု အောက်မေ့၍ မိန်းမသူငယ်ချင်း၊ ယောကျ်ား သူငယ်ချင်း မခြားနားဘဲ အတူ တွဲဖက် လည်ပတ်တတ်၏။ စင်စစ်အားဖြင့် မူကား မသန်းမြသည် လျှပ်ပေါ်လော်လည်ခြင်း တည်းဟူသော စိတ်သဘော အလျဉ်းမျှ ရှိသည် မဟုတ်၊ မိမိ၏ ၀မ်းခါးကို မိမိ ကောင်းစွာ ထိမ်းကျောင်းနိုင်သည် ဖြစ်၍ ဥရောပတိုက်သူတို့ နည်းတူ လွတ်လပ်စွာ သွားလာ ပျော်ပါး နေထိုင်လိုခြင်း မျှသာ ဖြစ်ပေ၏။

ယင်းသို့ မိမိတို့ အလိုအလျောက် လွတ်လပ်စွာ သွားလာ ဝင်ထွက် နေထိုင်ခဲ့ကြရာ ပထမဦးမှုကား ငါတို့ လင်မယားသည် ဖက်မိပေ၏ဟု အောက်မေ့ကြဟန်နှင့် တစ်ဦးကို တစ်ဦး သင့်တင့်စွာ ရှိသေး၏။ သို့ရာတွင် ရက် လ အတန်ငယ် ကြာလတ်သော် အရှေ့တိုင်းသားတို့၏ ထုံးစံအတိုင်း ယောကျ်ားသည် မိန်းမအား လည်းကောင်း၊ မိန်းမသည် ယောကျ်ားအား လည်းကောင်း တစ်ဦးတည်း မူပိုင် ရလိုသော သဘောသည် အသီးသီး ဖြစ်ပေါ်၍ လာခဲ့ရာ မိန်းမဖြစ်သူက မိမိ၏ ယောကျ်ားသည် ဘိုကပြားမ တစ်ယောက်နှင့် အရောတဝင် ကားပေါ် ယှဉ်တွဲ၍ စီးသွားသည်ကို မြင်လိုက်ရသဖြင့် ငြူစူ၏။ ၎င်းမိန်းမနှင့် တစ်ကြိမ်မှ နှစ်ကြိမ်၊ သုံးကြိမ် တိုင်အောင် အတူတကွ မြင်လိုက်ရသောအခါ မသန်းမြ၏ စိတ်၌ ငါသည်လည်း အညံ့ မခံချေ၊ ၎င်းကဲ့သို့ပင် ပျော်ရွှင်လွတ်လပ်စွာ နေထိုင်အံ့ဟု အောင်းမေ့၍ မိမိနှင့် သူငယ်ချင်း ဖြစ်ဖူးသော မောင်ထွန်းရီ ဆိုသူနှင့် ဘိုင်စကုပ် ကြည့်ခြင်း၊ ကန်တော်ကြီးကို ကားနှင့် ပတ်ခြင်း၊ ဟိုတယ်၌ ထမင်းစားခြင်း စသည်တို့ကို ပြုလုပ်ခဲ့လေ၏။ ထိုအကြောင်းကို မောင်တင်လှ ကြားသိလတ်သော် စိတ်၌ အတော်ပင် မချမ်းမသာ ဖြစ်သော်လည်း မာနကြီးသော သူတစ်ယောက် ဖြစ်သဖြင့် မသင့်လျော်ကြောင်းကို ချော့မော့၍လည်း မပြောလို၊ မိမိကလည်း ခပ်တွေတွေ နေထိုင်ခဲ့သည် ဖြစ်၍ တင်းကြပ်စွာလည်း မပြောဝံ့ဘဲ လင်နှင့် မယားသည် တစ်နေ့တစ်ခြား အေးစက်စက် ဖြစ်၍ ဖြစ်၍ လာခဲ့ကြလေ၏။

တစ်ညသ၌ မသန်းမြသည် မောင်ထွန်းရီနှင့် ဘိုင်စကုတ်ပွဲမှ ထွက်လာခဲ့၍ အင်ဒါဆင် ဟိုတယ်၌ ဗင်တို တစ်ခွက်စီ သောက်ကြပြီးနောက် မောင်ထွန်းရီက အချိန်ရှိသေးသည် ဖြစ်၍ ကန်တော်ကြီးကို ကားနှင့်ပတ်ကြရန် ပြောသည်တွင် သဘောတူ ကားတစ်စီးပေါ်သို့ တက်ကြလေ၏။ ကားပေါ်သို့ တက်ပြီးသည်မှ စ၍ မသန်းမြသည် အဘယ်သို့ ဖြစ်သွားရသည် မသိ၊ သတိမေ့လျော့၍ သွားလေရာ သတိရလာသဖြင့် မျက်စိကို ဖွင့်၍ ကြည့်လိုက်သောအခါ ကန်တော်ကြီး အလယ်ကျွန်း၌ မောင်ထွန်းရီနှင့် နှစ်ယောက် ထိုင်လျက် ရှိနေကြောင်းကို တွေ့ရှိရလေ၏။ ထိုအခါ မသန်းမြသည် အံ့သြစွာနှင့် ရုတ်တရက်ထ၍ မောင်ထွန်းရီအား အကျိုးအကြောင်းကို မေးမြန်းမည် ပြုဆဲတွင် လူတစ်ယောက်သည် ဓားမြောင်ကို ကိုင်စွဲလျက် ရုတ်တရက် ထွက်လာ၍ မသန်းမြ၏ လက်ဝတ်လက်စားနှင့် ငွေရှိသမျှကို လည်းကောင်း၊ မောင်ထွန်းရီ၏ ရွှေလက်ပတ်နာရီနှင့် ငွေရှိသမျှကို လည်းကောင်း ခြိမ်းခြောက် တောင်းယူလေ၏။ ခုခံရန် မတတ်နိုင်ကြသောကြောင့် အကြင်သူ နှစ်ဦးတို့မှာ ပါသမျှ ပစ္စည်းများကို ပေးခဲ့ကြရလေ၏။ မသန်းမြကမူ စိန်နားကပ် တစ်ရံ၊ လက်ထပ်လက်စွပ် တစ်ကွင်း၊ လက်ကောက် တစ်ရံနှင့် ငွေစက္ကူ ၁၀ တန် တစ်ချပ်နှင့် မောင်ထွန်းရီက ရွှေလက်ပတ်နာရီ နှင့် ငွေ ၁၅ ကျပ် ပေးခဲ့ရလေ၏။

မသန်းမြမှာ မြန်မာမိန်းမပင် ဖြစ်သော်လည်း လင်ရော မယားပါ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ ဖြစ်၍ လက်ထပ်စဉ်က မောင်တင်လှက လက်ထပ်လက်စွပ် ဟူ၍ တင်သခဲ့ဖူးလေသည်။

မိတ်ဆွေနှစ်ဦး တို့သည် ပါသမျှ ပစ္စည်းကို လူဆိုးအား ပေးခဲ့ရပြီးနောက် မြို့တွင်းသို့ ပြန်လာပြီးလျှင် အိမ်သို့ အသီးသီး ပြန်လာကြရာ မသန်းမြမှာ လက်စွပ်နှင့် တကွ လက်ကောက်၊ နားကပ်များ ပျောက်ဆုံးသည့်အတွက် လင်ကို မည်ကဲ့သို့ ပြောရမည် မသိဘဲ အလွန်တရာ အကြပ်ကြလျက် ရှိလေ၏။ ယင်းသို့ ကြပ်တည်းသည်ထက် ကြပ်တည်းအောင် အကြောင်းတစ်ခု ဖြစ်ပေါ်၍ လာပြန်သည်မှာ နောက်တစ်နေ့၌ ပစ္စည်းများကို လုယူလိုက်သော သူခိုးက မသန်းမြ၏ လက်ကောက်၊ လက်စွပ်၊ နားကပ် များကို ငွေ ၅၀၀၀ နှင့် ပြန်လည် ရွေးနှုတ်ခြင်း မပြုခဲ့ပါလျှင် ကန်တော်ကြီး အလယ်ကျွန်း၌ မသန်းမြနှင့် မောင်ထွန်းရီ တို့ ညအခါ၌ နှစ်ယောက်တည်း တွေ့ကြရသည့် အကြောင်းကို လင်ဖြစ်သူ မောင်တင်လှအား စုံလင်စွာ ပြောပြမည် ဖြစ်ကြောင်းနှင့် ထပ်လောင်း၍ ခြိမ်းခြောက် ပြန်လေ၏။

**ရှား**။ ။'ပစ္စည်းက ဘယ်လောက်ဖိုးလောက် တန်သလဲ'

**ဖေ**။ ။'တန်လှလျှင် ၁၅၀၀ ဖိုးလောက် တန်ပါလိမ့်မယ်'

**ရှား**။ ။'သြော် တန်ဖိုးထက် သုံးဆ ပေးပြီး ပြန်ရွေးရမယ် ဆိုပါတော့'

**ဖေ**။ ။'ဟုတ်တယ် ဆရာ'

**ရှား**။ ။'ဒီအမှုဟာ ခင်ဗျား ဆီကို ဘယ့်နှယ် ရောက်လာသလဲ'

**ဖေ**။ ။'တိုင်ချက်ပေးတယ်တော့ မဟုတ်ပါဘူး ဆရာရယ်။ လင်ရော မယားရော ဟာက သူငယ်ချင်း ဖြစ်နေလေတော့ မယားဖြစ်သူ မသန်းမြက သူ မကြံတတ်လေတော့ ကျွန်တော့ကို ကြိတ်ပြီး တိုင်ပင်လို့ သိရတာပါ ဆရာ'

**ရှား**။ ။'မှန်တဲ့ အတိုင်း မောင်တင်လှကို ပြောပြီး ဝန်ချလိုက်ရင်ကော ဗျ'

**ဖေ**။ ။'တယ်ခက်တယ် ဆရာ၊ ပစ္စည်း ပျောက်တာက အရေးမကြီးဘူး၊ ကန်တော်ကြီး အလယ်ကျွန်းမှာ ယောကျ်ားနှင့် မိန်းမ နှစ်ယောက်ထဲ သွားတယ်ဆိုတော့ သဘာဝထားရိုး နှင့်လို့ ဘယ်နည်းနှင့်မှ ယုံကြည်နိုင်မယ် မဟုတ်ပေဘူး ဆရာ၊ ဒီတော့ လင်မယား ကွဲသွားကြပါ လိမ့်မယ်၊ ကွဲသွားရင် ငွေ ၅၀၀၀ လဲ မက နစ်နာ ကြပါလိမ့်မယ်ဆရာ'

**ရှား**။ ။'မသန်းမြက သူ့လင် မသိအောင် ငွေ ၅၀၀၀ ရှာနိုင် သလား'

**ဖေ**။ ။'သူ့အဖေက အရေးပိုင် ဦးအောင်ကျော် ဖြစ်လေတော့ အကျိုးအကြောင်း ပြောပြရရင် ပေးနိုင်ပါလိမ့်မယ် ဆရာ'

**ရှား**။ ။'ဒါထက် နေပါဦးဗျာ၊ ငွေ ၅၀၀၀ တောင်းပုံက ဘယ်လို နည်းနှင့် တောင်းသလဲ၊ စာနှင့်လား၊ လူကိုယ်တိုင်လား'

**ဖေ**။ ။'ရှေ့နေကိုကျော်တင့်ပေါ့ ဆရာ၊ ဒီလူက ရှေ့နေအလုပ်က ဒီလောက်မဟုတ်ဘူး၊ ဒီလို မဟုတ်တရုတ်အမှုတွေ လက်ခံပြီး မြို့ပေါ်မှာ ငွေညှစ်ပြီး စားနေတဲ့ လူပေါ့ ဆရာ'

**ရှား**။ ။'ကျုပ် သိတယ်၊ ဒီလူ အကြောင်း ကျုပ်သိတယ်၊ ကျုပ်လဲ ချောင်းနေတာ ၊ ဘယ်ချောင်မှာ ပိတ်မိမလဲ မသိဘူး၊ တစ်နေ့တော့ ပိတ်မိလိမ့်မယ်ဗျာ၊ မသန်းမြက အခု အိမ်မှာ ရှိသလား'

**ဖေ**။ ။'ရှိပါတယ် ဆရာ'

**ရှား**။ ။'ကိုတင်လှကော ရုံးသွားပြီ မဟုတ်လား'

**ဖေ**။ ။'သွားပါပြီ ဆရာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် လာစမ်းဗျာ၊ ကျုပ် တွေ့စမ်းချင်တယ်'

**ဖေ**။ ။'တွေ့လို့ ထူးမယ် မထင်ပါဘူး ဆရာ'

**ရှား**။ ။'ဘာလို့ ထူးမယ် မထင်သလဲ ဗျ၊ မသန်းမြနှင့် မောင်ထွန်းရီနှင့်ဟာ တကယ်ပဲ သွေးရိုးသားရိုး သဘောရိုးနှင့် ဟိုညက အတူတကွ သွားလာ လည်ပတ်ကြရိုး မှန်ရင် ဒီအမှုမှာ ကျုပ် ကူညီမယ်၊ နို့မဟုတ်ခဲ့ရင် ဒီလူမျိုးတွေ ကျုပ် အမြင်ကပ်တယ်ဗျာ၊ သူတို့ ဒုက္ခနှင့် သူတို့ ဘယ်လိုပဲနေနေ ကျုပ် မကူညီချင်ဘူး၊ သဘောရိုး မရိုးကို ကျုပ်ကိုယ်တိုင် မျက်စိနှင့် မြင်ရမှ ကျုပ် အကဲခတ်နိုင်မယ်'

၎င်းနောက် ကျွန်တော်တို့ သုံးယောက်သည် ဝတ်လုံတော်ရ မောင်တင်လှ၏ နေအိမ်သို့ သွားရောက်ကြလေရာ မသန်းမြသည် မျက်နှာပင် မရွှင်ပျသော်လည်း ဧည့်ဝတ်ကျေပွန်စွာ ပြုငှာသော အမူအရာနှင့် နေရာထိုင်ခင်း ပေးပြီးနောက် မောင်စံရှား ပါလာကြောင်းကို မောင်အုန်းဖေ ပြောပြသဖြင့် သိရှိရသည်နှင့် တပြိုင်နက် ခိုကိုးရာမဲ့ ရှိနေသော အမူအရာနှင့် မောင်စံရှားအား အကျိုးအကြောင်း အဖြစ်အပျက် များကို ပြောလေ၏။ နောက်ဆုံး၌

**မြ**။ ။'ကျွန်မတို့ နေပုံထိုင်ပုံဟာလဲ ကောင်းကောင်းကြီး လွဲကြောင်းကို ကျွန်မ သိရပါပြီ ဦးစံရှား ရှင်၊ ဒီတစ်ခါများ ကိုတင်လှက ကျွန်မ အပေါ်မှာ ယုံကြည်လို့ အပြစ်လွတ်မယ် ဆိုရင် ကျွန်မလဲ တစ်သက်လုံး ဘယ်တော့မှ ဘိုတု မခိုးတော့ပါဘူး ရှင်၊ မှတ်ပါပြီ'

**ရှား**။ ။'မောင်ထွန်းရီနှင့် မသန်းမြက သဘောရိုးပဲ ခင်ကြသလား'

**မြ**။ ။'မှန်ပါတယ်ရှင်၊ ငယ်ငယ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းပဲ၊ လူပျို အပျို ဘဝ ကတည်းက ကျွန်မတို့ ဒီစိတ်မျိုး မကူးမိကြပါဘူး ရှင် ယုံပါတော့၊ အခု ဆိုတာမှာတော့ ကျွန်မ ကိုတင်လှ အပေါ်မှာ မခံချင်တဲ့ အတွက် ဂုဏ်ပြိုင်ပြီး ပေါင်းချင်း ပေါင်းရင် ယောကျ်ားထဲက ယုံကြည် စိတ်ချရတဲ့ ယောကျ်ားနှင့် ရွေးပြီး အပေါင်းအသင်း ပြုမယ်လို့ အောက်မေ့ပြီး ကိုထွန်းရီနှင့် သွားဖော် လာဖက် ပြုမိပါတယ် ရှင်'

**ရှား**။ ။'မောင်ထွန်းရီက ချစ်စကား ကြိုက်စကားများ ပြောဖူးသလား'

**မြ**။ ။'အပျိုတုန်းကလဲ မပြောဖူးပါဘူး၊ အခုလဲ တစ်ခွန်းမှ မပြောဖူးပါဘူး ရှင်'

**ရှား**။ ။'ကန်တော်ကြီး လိုက်တာတော့ သဘောတူ လိုက်တာပဲ၊ ဟုတ်စ'

**မြ**။ ။'မှန်ပါတယ်ရှင်၊ တစ်ကြိမ်တောင် မကပါဘူး၊ အရင်ကလဲ တစ်ခါနှစ်ခါ ရောက်ဖူးပါတယ်'

**ရှား**။ ။'ကားပေါ်တက်မိတော့ ဘာဖြစ်သွားသလဲ'

**မြ**။ ။'ဘယ်လိုဖြစ်တယ် မပြောတတ်ပါဘူး၊ မူးသလို ဝေသလို ဖြစ်ပြီး သတိမေ့သွားပါတယ်ရှင်'

**ရှား**။ ။'အရက်များ သောက်မိသလား'

**မြ**။ ။'မသောက်ရပါဖူးရှင်၊ ဘယ်တော့မှလဲ မသောက်ဖူးပါဘူး၊ ဗင်တို တစ်ခွက်တော့ဖြင့် ဟိုတယ်မှာ သောက်မိပါတယ်'

**ရှား**။ ။'ငွေ ၅၀၀၀ ရအောင် ရှာနိုင်ပါ့မလား'

**မြ**။ ။'မတတ်သာရင် ဖေဖေ့ဆီက ရအောင် တောင်းရမှာပေါ့ ရှင်'

**ရှား**။ ။'ကိုင်း တောင်းသာထားနှင့်၊ ပုံတော်ရင်လဲ ဒီအတိုင်း ပြန်ရမယ်၊ မလွဲသာရင်လဲ ငွေနှင့် ရွေးယူရလိမ့်မယ် ကြားလား'

**မြ**။ ။'ကောင်းပါပြီ ရှင်'

၎င်းနောက် ကျွန်တော်တို့သည် အိမ်ပေါ်မှ ဆင်းလာခဲ့ကြ၍ အိမ်ရှေ့ ဝင်းပေါက်သို့ ရောက်သောအခါ လူတစ်ယောက်သည် ဝင်းထဲသို့ ဝင်လာသည်နှင့် ရင်ဆိုင်တွေ့ကြရာ ထိုသူက ဒေါသကြီးသော အမူအရာနှင့် မောင်စံရှားအား

'ခင်ဗျားကို ကျုပ် သိတယ်၊ ခင်ဗျား စုံထောက် ကိုစံရှား မဟုတ်လား၊ ခင်ဗျားတို့ စုံထောက်တွေ ကျုပ်အိမ်ထဲကို ဘာကိစ္စနှင့် ဝင်ကြတာလဲ'

ဟု မေး၍ ပုခုံးချင်း ယှဉ်ကာ ရပ်နေသည်တွင် မောင်အုန်းဖေက ထိုသူ၏ ပုခုံးကို ကိုင်၍

'အရာ မဟုတ်ဘဲနှင့် ဒေါသကြီး မနေစမ်းပါနှင့် ကိုတင်လှရယ်'

**လှ**။ ။'ဘာကြောင့် အရာ မဟုတ်သလဲဗျ၊ ကျုပ်အိမ်ထဲကို စုံထောက်တွေ ဝင်လားထွက်လား လုပ်ရအောင် ကျုပ်တို့ လူသတ်မှု ဖြစ်လို့လား'

**ဖေ**။ ။'မဟုတ်ပါဘူးဗျာ၊ စိတ်ဆိုးစရာ ရှိရင် ကျုပ်ကိုသာ စိတ်ဆိုးပါ၊ ဦးစံရှားကို စိတ်မဆိုးပါနှင့်၊ ကျုပ် ခေါ်လို့ လိုက်လာရှာတာပါဗျ'

**လှ**။ ။'ခင်ဗျားက ဘာလို့ ခေါ်ခဲ့ရတာလဲ'

**ဖေ**။ ။'ခင်ဗျားတို့ လင်မယား မသင့်မတင့် ဖြစ်တဲ့ ကိစ္စမှာ '

**လှ**။ ။'အလို လင်မယား ရန်ဖြစ်တာနှင့် စုံထောက်နှင့် ဘာဆိုင်လို့လဲ ဗျ၊ စုံထောက် မကလို့ ဘုရင်ခံချုပ်ကြီး ကိုယ်တိုင် လာပြီး ဖြန်ဖြေပေမယ့် ကျုပ်တို့ မအေးဘူး၊ ခင်ဗျားတို့ မျက်နှာကို နောက်တစ်ခါ မမြင်ရစေနှင့်၊ သွားကြဗျာ'

ဟု ပြောပြီးနောက် မောင်တင်လှသည် အိမ်ပေါ် သို့ မတက်ဘဲ ကားတစ်စီး ပေါ် သို့ တက်၍ ထွက်သွားလေ၏။

ကျွန်တော်တို့ သုံးဦးသည် ဝင်းပေါက်မှ ထွက်လျှောက်လာကြသောအခါ

**ရှား**။ ။'ဒီအမှုမှာ ကျုပ်တွေ့ချင်တဲ့ လူများအနက် နှစ်ယောက်ကိုပဲ တွေ့ဖို့ ကျန်တော့တယ်၊ရှေ့နေ ကိုကျော်တင့် လိပ်ကိုတော့ ကျုပ် သိပြီ၊ မောင်ထွန်းရီရဲ့ လိပ်နှင့် ဟို ဘိုမ ဆိုတဲ့ လိပ်ကို ပေးစမ်းဗျာ'

ဟု တောင်းသဖြင့် မောင်အုန်းဖေသည် ၎င်းတို့၏ နေရပ်များကို ပြော၍ မောင်စံရှားက ရေးမှတ်လေ၏။ ၎င်းနောက် ထိုသူများနှင့် တွေ့ရန်မှာ မောင်အုန်းဖေ လိုက်ရန် မလိုတော့ကြောင်းနှင့် ပြော၍ မောင်အုန်းဖေနှင့် ခွဲခွာပြီးလျှင် ကျွန်တော်နှင့် မောင်စံရှားတို့သည် ရှေးဦးစွာ ရှေ့နေ မောင်ကျော်တင့်၏ အလုပ်တိုက်သို့ သွားရောက်ကြလေ၏။

အလုပ်တိုက်သို့ ရောက်သောအခါ မောင်ကျော်တင့်နှင့် အခန့်သင့်ပင် တွေ့ဆုံမိလေရာ မောင်ကျော်တင့် ဆိုသူမှာ အသက် ၃၅ နှစ် အရွယ်ခန့် ရှိ၍ နှာခေါင်းချွန်းချွန်း မေးချွန်းချွန်းနှင့် ထက်မြက်စူးရှ တောက်ပလှသော မျက်လုံးများအပြင် ဖျတ်ဖျတ်လတ်လတ်နှင့် သပ်ရပ်သော အမူအရာလည်း ရှိပေ၏။ ကျွန်တော်နှင့် ဦးစံရှားတို့ ဝင်လာသည်ကို မြင်သည်နှင့် တပြိုင်နက် မောင်ကျော်တင့်သည် လာရောက်သည့် ကိစ္စကို တွေးတောမိသည့် လက္ခဏာ ရှိလေရာ ၎င်း၏ မျက်နှာထားမှာလဲ မိမိအား မည်သူမျှ လက်ဖျားနှင့် မထိနိုင်ကြောင်း သိသဖြင့် ခပ်အေးအေးပင် ရှိလျက် တတ်နိုင်လျှင် ကိုင်ကြလေ ဟူသော မခန့်ငြားသည့် အမူအရာမျိုးလဲ ရှိလေ၏။

**တင့်**။ ။'ကြွပါခင်ဗျား ဦးစံရှား၊ ထိုင်ပါခင်ဗျား၊ ဘယ့်နှယ် ခင်ဗျာ ဒီအမှုမျိုးမှာ ဦးစံရှား ပါစရာ ဘာအကြောင်း ရှိလို့လဲ ခင်ဗျာ၊ ငွေ ထုတ်ပေးလိုက်ရင် ပြီးနေတဲ့ အမှုပဲ ခင်ဗျာ'

**ရှား**။ ။'ဘယ်အမှုလဲ'

**တင့်**။ ။'မသန်းမြတို့ ကိစ္စနှင့် ခင်ဗျား လာတာ မဟုတ်လား၊ ခြေလှမ်းတာကို မြင်ရင် ဘာကိစ္စ ဆိုတာ ကျွန်တော်လဲ သိတတ်ပါတယ် ခင်ဗျာ၊ ဘာများ စုံထောက်ဖို့ ရှိလို့လဲ ခင်ဗျာ'

**ရှား**။ ။'စုံထောက်ဖို့ မဟုတ်ပေါင်ဗျာ၊ စေ့စပ်ဖို့ ကျုပ် လာတာပါ'

**တင့်**။ ။'ဆိုစမ်း ခင်ဗျာ'

**ရှား**။ ။'ခင်ဗျားတို့ တောင်းတဲ့ ၅၀၀၀ ဟာ တဆိတ်တော့ များတယ်ဗျာ၊ ကိုယ့်လက်ဝတ်လက်စား ကိုယ်ပြန်ရဖို့ဟာ ဒီလောက် တောင်းတာတော့ တဆိတ် လွန်တယ် ထင်တယ်၊ နည်းနည်းလောက် လျှော့ဦးဗျာ'

**တင့်**။ ။'မှန်ပါတယ် ခင်ဗျာ၊ ၅၀၀၀ ဆိုတော့ များလွန်းတယ်လို့ ကျွန်တော် ကိုယ်တိုင် ဝန်ခံပါတယ်၊ သို့သော်လည်း နည်းတာ များတာက ကျွန်တော် တတ်နိုင်တဲ့ အလုပ် မဟုတ်ဘူး ဦးစံရှားရဲ့၊ သူပြောသမျှ ကျွန်တော်က တောင်းရတာ ခင်ဗျ၊ သူ့ ထင်မြင်ချက်ကတော့ လက်ဝတ်လက်စားများဟာ ၅၀၀၀ မတန်သော်လည်း မသန်းမြ၏ နာမည်ဟာ ၅၀၀၀ မက တန်တယ်လို့ သူက ပြောနေတယ် ခင်ဗျ'

**ရှား**။ ။'နာမည်ဆိုတာ လူမသိမှ တန်တာကိုး ဗျ၊ လူသိလေလေ တန်ဖိုး ယုတ်လျှော့လေလေ၊ အခုဆိုရင် ခင်ဗျားတို့ ကျုပ်တို့ သိနေပြီ ဟုတ်စ'

**တင့်**။ ။'ခင်ဗျားတို့ ကျွန်တော်တို့ သိတာ အရေးမကြီး၊ ကိုတင်လှ သိ မသိက အရေးကြီးတယ်၊ ဟုတ်လားဗျာ'

**ရှား**။ ။'၅၀၀၀ဝိ– ထက်တော့ မလျှော့နိုင်ဘူးပေါ့'

**တင့်**။ ။'တစ်ပြားမှ မလျှော့နိုင်ဘူးတဲ့ ခင်ဗျ၊ ဘယ့်နှယ်လုပ်မလဲ ဦးစံရှား ခင်ဗျာ၊ ကျွန်တော့် အမှုသည် လုပ်တာကို ကျွန်တော် သဘောကျလို့မှ မဟုတ်ဘဲ၊ နို့ပေမယ့် ကိုယ့်ဆီရောက်လာတော့ သူလိုချင်တဲ့အတိုင်း ရအောင်ဟာ ဝတ္တရားအတိုင်း ဆောင်ရွက် ပေးရတာကိုး ခင်ဗျ၊ တကယ်ဆိုတော့ ကိုတင်လှ မသိအောင် ကျွန်တော်က ကူညီ ဆောင်ရွက်ပေးတဲ့ အတွက် မသန်းမြ အကျိုးလဲ ပါပါတယ် ခင်ဗျာ'

**ရှား**။ ။'သူတစ်ပါး အကျိုးကို သယ်ပိုးဆောင်ရွက် ပေးတတ်ခြင်းဟာလဲ ကောင်းမြတ်သော အလေ့အကျင့် တစ်ခုပေပဗျာ၊ ဒါထက် အကယ်၍ မသန်းမြက ငွေ ၅၀၀၀ ပေးခဲ့လို့ရှိရင် နောက်နောင်ကို ဘယ်အခါမှ မောင်တင်လှ မသိစေရပါဘူး ဆိုတာ ယုံကြည် စိတ်ချရအောင် ဘယ်လိုများ ခင်ဗျားတို့က အာမခံပေးနိုင်မလဲ'

**တင့်**။ ။'ဒီအမှုမျိုးလိုလို ဟာတွေ ကျွန်တော် ကျေနပ်အောင် လုပ်ပေးလာခဲ့ပေါင်း များလှပါပြီ ခင်ဗျာ၊ ကျွန်တော် ပြောရင် ယုံကြည်ပါ၊ နောက်နောင်ကို ဘယ်အခါမှ ကိုတင်လှ မသိစေရပါဘူး၊ ကျွန်တော်က တာဝန်ခံပါမယ်၊ စိတ်ချပါတော့'

**ရှား**။ ။'ခင်ဗျားကတော့ ဟုတ်ကဲ့၊ တကယ်လို့ ခင်ဗျားလူက စိတ်ချရတဲ့ လူ မဟုတ်ရင် ဘယ့်နှယ် လုပ်မလဲဗျာ'

**တင့်**။ ။'ဒီလူ အပေါ်မှာ ကျွန်တော် နိုင်တဲ့ အချက် ရှိထားပါတယ် ခင်ဗျာ၊ စိတ်သာချပါ၊ ကျွန်တော့်ကို တစ်ပတ်မရိုက်ဝံ့ ပါဘူး ခင်ဗျာ'

**ရှား**။ ။'ဒီလူကို ကျုပ်ကိုယ်တိုင် သေချာအောင် မချည် မတုပ် ရဘူးလား'

**တင့်**။ ။'ဒီလူကို ခင်ဗျား တွေ့ချင်သပေါ့ ဟုတ်စ၊ ဒါတော့ မရဘူး ဆရာကြီးရေ့၊ ကျွန်တော်က လွဲလို့ ခင်ဗျား ဘယ်သူနှင့်မှ တွေ့ခွင့် မရပေဘူး'

**ရှား**။ ။'ဒါဖြင့် ခင်ဗျား မောင်ထွန်းရီ အတွက်ကော တာဝန်ခံနိုင်ရဲ့လား'

**တင့်**။ ။'မောင်ထွန်းရီနှင့် ကျွန်တော်နှင့်တော့ ဘာမှ မဆိုင်ဘူး ခင်ဗျ၊ သို့သော် မသန်းမြနှင့် မိတ်ဆွေ သူငယ်ချင်း ဖြစ်လေတော့ သူကတော့ဖြင့် နှုတ်လုံကောင်းပါရဲ့လို့ မျှော်လင့်ဖို့ ရှိပါတယ် ခင်ဗျာ'

**ရှား**။ ။'ဒါဖြင့် အကျဉ်းချုပ်လိုက်တော့ ကျုပ်တို့က ငွေ ၅၀၀၀ ပေးရဖို့၊ ၎င်းငွေပေးတဲ့ အတွက်လဲ နောက်နောင် နှုတ်လုံပါစေ့မယ် ဆိုတာ ခင်ဗျား ပြောစကားလောက် ရှိတာပေါ့လေ၊ ဒီထက် ခိုင်လုံအောင် ခင်ဗျား ဘာမှ မတတ်နိုင်ဘူးပေါ့'

**တင့်**။ ။'ဟုတ်ကဲ့ ကျွန်တော်က နှုတ်ကတိ ထားသည်ထက်တော့ ပိုမိုပြီး ဘာမှ မတတ်နိုင်ဘူး ပေါ့'

**ရှား**။ ။'အကယ်၍ မသန်းမြက ငွေ မထုတ်နိုင်သောကြောင့် ဖြစ်စေ၊ ခင်ဗျား ပြောစကားလောက်နှင့် မယုံကြည်နိုင်သောကြောင့် ဖြစ်စေ ဒီငွေကို မပေးခဲ့ရင် ဘယ့်နှယ်လဲဗျာ'

**တင့်**။ ။'ဒီလိုဆိုရင် လက်ဝတ်လက်စားကို ရသမျှနှင့် ရောင်းစားပြီး မသန်းမြနှင့် မောင်ထွန်းရီတို့ နှစ်ယောက်အကြောင်းကို မောင်တင်လှအား ကျွန်တော် ကိုယ်တိုင် တပ်တပ်အပ်အပ် ပြောပြဖို့ ကျွန်တော့်လူ စီမံထားတယ်၊ ဒီအကြောင်းကို လိုလိုမယ်မယ် ဆိုပြီး ကျွန်တော့် လူက စာနှင့် ရေးပြီး ထားတာ ကျွန်တော့်ဆီမှာ ရှိတယ်၊ နဂိုရ်ကမှ မောင်တင်လှက သူ့မယားကို သင်္ကာမကင်း ရှိနေတဲ့ အတွက် ဒီအကြောင်း ကြားရရင် သူ့စိတ်မှာ ဘယ်လို ဖြစ်မယ် ဆိုတာ ခင်ဗျားလဲ တွေးမိတယ် မဟုတ်လား'

ထိုအခါ မောင်စံရှားသည် မည်သို့မျှ ဖြေဆိုခြင်း မရှိဘဲ စဉ်းစား စိတ်ကူးနေသည့် လက္ခဏာနှင့် ရှိနေရာ မောင်ကျော်တင့်က ဆက်လက်၍

**တင့်**။ ။'လွတ်လပ်တာ ကြိုက်တယ်ဆိုတဲ့ လူမျိုးဟာ ကိုယ်သာ လွတ်လပ်တာ ကြိုက်တာ ခင်ဗျ၊ ကိုယ့်မယားက လွတ်လပ်ခြင်းကို ကြိုက်ပြန်တယ်၊ ထင်သလို လုပ်ချင်ပြန်တယ် ဆိုတော့ မကြိုက်နိုင်ဘူး၊ ဒီတော့ ကိုတင်လှဟာ ... '

**ရှား**။ ။'ကောင်းပြီဗျာ ပေးပါတော့မယ်၊ သို့သော် ၅၀၀၀ ဆိုတဲ့ ငွေဟာ နည်းတဲ့ ငွေ မဟုတ်လေတော့ ရှာဖို့ ဖွေဖို့ ရက်ကလေး နည်းနည်းတော့ ပေးဦးဗျာ'

**တင့်**။ ။'ဘယ်နှစ်ရက်လောက် လိုချင်သလဲ'

**ရှား**။ ။'၅ ရက် ထားဗျာ'

**တင့်**။ ။'ဟာ ၅ ရက်တော့ ကြာတယ်ဗျာ၊ ၃ ရက်ပဲ ထားစို့ရဲ့၊ ဒီကနေ့ ကြာသပတေးနေ့၊ ၃ ရက်ဆိုတော့ တနင်္ဂနွေနေ့ကို ရအောင် လုပ်ကြဗျာ'

**ရှား**။ ။'ရှိစေဗျ၊ ၃ ရက်ပဲ ထားတော့၊ သို့သော် မသန်းမြက သူ့ ပစ္စည်း ဟုတ်မဟုတ် မှန်မမှန်ကို သူ ကိုယ်တိုင် ကြည့်ချင်ပေလိမ့်မယ်၊ဒီအမှုနှင့် ပတ်သက်ပြီး စိတ်ညစ်လို့ နေမကောင်း ထိုင်မသာ ရှိလို့ သူကိုယ်တိုင်လဲ ခင်ဗျားဆီကို မလာနိုင်ပေဘူး၊ ဒီတော့ ပစ္စည်းတွေကို ခင်ဗျား ကိုယ်တိုင် တနင်္ဂနွေနေ့မှာ ကိုတင်လှ အိမ်ကို ယူခဲ့ပေတော့ဗျာ၊ စိတ်ချပါဗျ၊ လုမယူပါဘူး၊ မယုံရင် ခင်ဗျား တစ်ယောက်ထဲ မလာနှင့်၊ အဖော်များ ခေါ်ချင်ခေါ်ခဲ့နိုင်ပါတယ်'

**တင့်**။ ။'ကိုင်း ကျွန်တော် လာမယ်၊ တနင်္ဂနွေနေ့ ဘယ်နှစ်နာရီလဲ'

**ရှား**။ ။'နာရီပြန် တစ်ချက် ထားဗျာ'

**တင့်**။ ။'ကိုင်း လာမယ်၊ သို့သော် ဦးစံရှား၊ တစ်ခု ကျွန်တော် သတိပေးလိုက်မယ်၊ ခင်ဗျားဟာ စုံထောက်ဘက်မှာတော့ တော်တော်ပဲ ဉာဏ်သွားပါရဲ့၊ ကျွန်တော်လဲ ချီးမွမ်းပါတယ်၊ သို့သော် ဥပဒေ လုပ်ငန်းမှာတော့ ခင်ဗျား ကျွန်တော့်လောက် မကျွမ်းကျင်ဘူးဗျ၊ သည်တော့ ကျွန်တော့်ကို တစ်ပတ်ရိုက်မယ်များတော့ မကြံနှင့်ခင်ဗျား၊ လင်မယား တစ်ခါတည်း

ကွဲသွားမယ် နားလည်လား၊ ဒီ ၃ ရက်အတွင်း ခင်ဗျား ကိုယ်တိုင်လဲ အသွားအလာ တဆိတ်လောက် ဆင်ခြင်နေလိုက်ပါ၊ ခင်ဗျား အိမ်ကို ကျုပ်ဘက်က စုံထောက်တွေ ဝိုင်းပြီး စောင့်နေစေ့မယ်၊ တကယ်လို့ နည်းနည်းကလေး မသင်္ကာစရာ ဖြစ်ပေါ်လာတယ်လို့ ဆိုရင် ခင်ဗျား ပြောတဲ့ နေ့ကို ကျုပ် ဆိုင်းနေမှာ မဟုတ်ဘူး၊ မောင်တင်လှ လက်ကို ခုနင်က ပြောတဲ့စာ တစ်ခါတည်း ကျုပ်ကိုယ်တိုင် သွားပေးလိုက်မယ်၊ ဒီတော့ အစစ အရာရာ သတိထားပြီး လုပ်ပါလို့ သတိပေးလိုက်ပါရစေ ဦးစံရှားကြီးဗျာ'

**ရှား**။ ။'တနင်္ဂနွေ နာရီပြန် တစ်ချက်တိတိ ဟုတ်စ'

၎င်းနောက် ကျွန်တော်တို့သည် ရှေ့နေ မောင်ကျော်တင့်၏ အလုပ်တိုက်မှ ထွက်လာခဲ့ကြ၍ မောင်ထွန်းရီ၏ နေအိမ်သို့ သွားရောက်ကြရာ လမ်းခရီး၌

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ အာဂ ဇက်ရဲတဲ့ လူတစ်ယောက်ပဲ ဟုတ်စ'

**ကျွန်တော်**။ ။'ကျွန်တော်ဖြင့် ဒီလူ ပြောပုံ၊ လုပ်ပုံတွေကို ကြားကနေပြီး မခံချင်လိုက်တာ ခင်ဗျား၊ အစိုးရ ဥပဒေကလဲ ဒီလူမျိုးကို ဘယ်နှယ်မှ မတတ်နိုင်တော့ဘူးလား'

**ရှား**။ ။'ဘယ့်နှယ်လုပ်မလဲ ကိုသိန်းမောင်၊ သူ့ကို ဖမ်းဖို့တော့ ကျုပ် ကြံရင် အလွယ်လေးပေါ့၊ သို့သော် သူ့ကို ဖမ်းလိုက်ရင် မသန်းမြ လင်မယား ဒုက္ခရောက်သွားမှာကိုလဲ စိုးရိမ်နေသေးတယ်ဗျ၊ သို့သော် ဒီလိုနှင့်တော့ ကျုပ် မနေသေးပါဘူးလေ၊ သူ တောင်းတဲ့ ငွေကိုလဲ ပေးပြီး သူ့ကိုလဲ တစ်နည်းနည်းနှင့် အမှုပတ်မိအောင် ကျုပ် ကြံပါဦးမယ်'

**ကျွန်တော်**။ ။'ဒါဖြင့် ငွေကတော့ ပေးရတော့မှာပေါ့လေ'

**ရှား**။ ။'သူ့လက်တွင်း ရောက်နေတဲ့ အခါမှာ မပေးရင် ဘယ့်နှယ် လုပ်မလဲဗျ၊ သို့သော် မသန်းမြ ပြောစကား အတိုင်း သွေးရိုးသားရိုး မှန် မမှန်ကို မောင်ထွန်းရီနှင့် တွေ့ရတဲ့အခါ ကျုပ် ဆုံးဖြတ်နိုင်တယ်၊ အကယ်၍ သူတို့နှစ်ဦးဟာ ချစ်ကြိုက်၍ အဟုတ် သဘောရိုးနှင့် သွားခဲ့ရိုးမှန်ရင် မောင်ထွန်းရီဟာ သူပါ လုယက်ခြင်း ခံရတယ်လို့လဲ ယူဆနိုင်တယ်၊ ကျုပ် အထင်တော့ မောင်ထွန်းရီဟာ လူဆိုးနှင့် ဆက်သွယ်ခြင်း မကင်းဘူးလို့ ကျုပ် ထင်တယ်၊ ကြည့်နော် ခင်ဗျားလဲ ဟိုကျတော့ လူကဲခတ်ပေတော့၊ တစ်ချက် နှစ်ချက်လောက် ကျုပ် ဖိန်းလိုက်စမ်းမယ်'

မောင်ထွန်းရီ၏ နေအိမ်သို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် ၎င်းနှင့် အဆင်သင့်ပင် တွေ့ဆုံကြရာ မောင်ထွန်းရီ ဆိုသူမှာ အသက် ၃၀ အရွယ်ခန့် ရှိ၍ မွန်မွန်ရည်ရည်နှင့် အတော်ပင် ချောမောလှပသော သူတစ်ယောက် ဖြစ်လေရာ ဝတ်ပုံစားပုံ နေပုံထိုင်ပုံ တို့မှာ မတန်ပင် ကျန သေသပ်ခြင်း ရှိပေ၏။

ကျွန်တော်တို့အား နေရာထိုင်ခင်း ပေးပြီးနောက် မောင်ထွန်းရီသည် လောက၌ ပူပင်သောက ဖြစ်ဖွယ်ရာ အကြောင်းကို စိုးစဉ်းမျှ မရှိဘိသည့်အလား အေးအေးဆေးဆေး ရှိသော အမူအရာ မျက်နှာထားတို့နှင့် လက်ခံ စကားပြောပြီးလျှင် ကိစ္စကို မေးမြန်းရာ မောင်စံရှားက မသန်းမြ၏ ကိစ္စနှင့် လာရောက်ခြင်း ဖြစ်ကြောင်း ပြောပြလေ၏။

ယင်းသို့ ပြောပြသည့်အခါ အနည်းငယ် စိတ်ဝင်စား ဖော်ပြဟန် လက္ခဏာ ရှိသော်လည်း မောင်ထွန်းရီသည် တုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်း ကင်းမဲ့လျက် မိမိနှင့် ငယ်ပေါင်းကြီးဖော် ဖြစ်သည့် မသန်းမြမှာ ယခုကဲ့သို့ ဒုက္ခ ကြုံတွေ့ရသည့် အတွက် များစွာ ဝမ်းနည်းပါကြောင်းများနှင့် ပြောဆိုလေရာ မောင်စံရှားလဲ ၎င်း၏ မျက်နှာကဲကို ခတ်လျက် နေခဲ့လေ၏။

**ရှား**။ ။(ရုတ်တရက်) 'ကိုင်း ကိုထွန်းရီ၊ ယောကျ်ားချင်းပဲ ဘွင်းဘွင်း ပြောကြစို့ဗျာ၊ ယခု မသန်းမြ အကျဉ်းအကျပ် တွေ့ရခြင်းဟာ ခင်ဗျား သွေးဆောင်သည့် အတွက် ဖြစ်ရခြင်း ဖြစ်တယ်၊ သည်ဒုက္ခက လွတ်အောင် ကယ်ဆယ်ဖို့ဟာ ခင်ဗျား အပေါ်၌ တာဝန်ရှိတယ်လို့ ကျုပ် ထင်တယ်၊ ကျုပ်ကတော့ဖြင့် မသန်းမြကို သူတို့ တောင်းတဲ့ငွေ ၅၀၀ဝ မပေးနှင့်လို့ ပြောခဲ့ပြီ၊ ကိုင်း ဒီတော့ ခင်ဗျား ဘယ့်နှယ် ကြံပမယ်' ဟုပြောလိုက်သောအခါ မောင်ထွန်းရီမှာ ယခင်က အေးအေးဆေးဆေး အမူအရာတို့သည် ရုတ်တရက် ကွယ်ပျောက်၍ တုန်လှုပ်သော အမူအရာနှင့်

**ရီ**။ ။'သူတို့တောင်းတဲ့ငွေ ၅၀၀၀ မပေးရင် ဒုက္ခရောက်ကုန်မှာပေါ့ ခင်ဗျ၊ လင်မယား ကွဲသွားကြရင် ဘယ့်နှယ်လုပ်မလဲ ခင်ဗျာ'

**ရှား**။ ။'မှန်တယ် လင်မယား မကွဲစေချင်ရင် ငွေ ၅၀၀၀ ကို ခင်ဗျားက ထုတ်ပေးတော့၊ ဒါပဲ ရှိတာပဲ'

**ရီ**။ ။'ကျွန်တော့်ကို တောင်းတာလဲ မဟုတ် ခင်ဗျာ'

**ရှား**။ ။'ခင်ဗျားကို မတောင်းပေမဲ့ ခင်ဗျားကြောင့် ဖြစ်ရတဲ့ အမှု မဟုတ်လားဗျ၊ ခင်ဗျား စိတ်ထဲမှာ မြင့်မြတ်တဲ့ သဘော ကြင်နာတတ်တဲ့ သဘော နှမ်းစေ့လောက် ရှိခဲ့ရိုးမှန်ရင် ယောကျ်ားနှင့် မိန်းမ အတူ ဖြစ်ကြရာမှာ ယောကျ်ားကသာ တာဝန်ကို အကုန်ယူဖို့ ကောင်းတယ်ဗျ'

**ရီ**။ ။'ပစ္စည်း ရှေးရမှာက သူ့ ပစ္စည်း ခင်ဗျ'

**ရှား**။ ။'လာပြန်ပြီ၊ သူ့ ပစ္စည်း ပေမဲ့ ခင်ဗျား ခေါ်လို့ သူလိုက်ရတာ၊ ဒီငွေကို ခင်ဗျားက ထုတ်ပေးဖို့ ကောင်းတယ်'

**ရီ**။ ။'ကျွန်တော့မှာ ငွေလဲ မရှိပါဘူး ခင်ဗျာ'

**ရှား**။ ။'ကိုင်း ၅၀၀ဝ လုံး မပေးနိုင်ရင် ဒီလို လုပ်ပေတော့ ၊ ခင်ဗျားက ၂၅၀ဝ၊ မသန်းမြက ၂၅၀ဝ ပေးစေမယ်'

**ရီ**။ ။'၂၅၀ဝ ထားလို့ ၂၅ ကျပ်တောင် ကျွန်တော့်မှာ မရှိပါဘူး ခင်ဗျာ'

**ရှား**။ ။(မောင်ထွန်းရီ၏ မျက်နှာကို စေ့စေ့ကြည့်ကာ အတန်ကြာအောင် စဉ်းစား၍ နေပြီးမှ) 'သြော် ဒီလိုလား၊ တန်တော့ တန်တော့ ကျပ် ရိပ်မိပြီ'

**ရီ**။ ။'ဘာရိပ်မိတာလဲ ခင်ဗျ'

**ရှား**။ ။'တော်ပါပေတယ်ဗျာ၊ တော်ပါပေ့၊ ခင်ဗျားမှာ ငွေကြပ်နေတယ်လို့ သတင်း နည်းနည်းပါးပါးတော့ ကြားပါရဲ့၊ နို့ပေမယ့် သည်နည်းနှင့် ငွေရှာတယ်လို့တော့ ကျုပ် မထင်မိပေဘူး၊ နေစမ်းပါဦးဗျ၊ လူဆိုးကို ဘယ်လောက်ပေးလို့ မောင်ကျော်တင့်ကို ဘယ်လောက်ပေးရသလဲ'

**ရီ**။ ။(ထိုင်ရာမှ ရုတ်တရက် ထ၍) 'ခင်ဗျားက ကျွန်တော့်ကို … '

**ရှား**။ ။'ဒါပေါ့ ယခုလို ဖြစ်ဖို့ဟာ နဂိုကတည်းက ခင်ဗျား စီစဉ်ထားပြီးသားပဲ၊ ကျုပ် ရိပ်မိပါတယ်'

**ရီ**။ ။'မဟုတ်တာဘဲ ခင်ဗျ၊ ကြံကြံစည်စည် ခင်ဗျား ဘယ့်နှယ် လာပြီး '

**ရှား**။ ။'အပိုတွေလောက် ဖျန်းမနေပါနှင့်၊ ပြောစမ်းပါ လူဆိုးလုပ်တဲ့ လူက ဘယ်သူလဲ'

**ရီ**။ ။'ခင်ဗျား ပြောတာတွေ ကျွန်တော် ဘာမှ နားမလည်ဘူး'

ထိုအခါ မောင်စံရှားသည် မောင်ထွန်းရီကို အတန်ကြာအောင် စေ့စေ့ကြည့်ပြီးမှ…

'ကိုင်း ဒါဖြင့် ရှိစေ၊ တာဝန် ရှိသမျှကို မိန်းမသား တစ်ယောက်တည်း လွှဲချတော့ … ပေးရတော့မှာပေါ့၊ ကိုင်းဗျာ မသန်းမြ တစ်ဦးတည်းကပဲ ငွေ ၅၀၀ဝ ပေးပါစေတော့မယ်၊ သို့သော် ငွေပေးတဲ့နေ့မှာ သက်သေအဖြစ်နှင့် ခင်ဗျားလာပါ ဆိုရင် လာရဲရဲ့နော်'

**ရီ**။ ။'မသန်းမြက လာစေချင်ရင် လာတာပေါ့ ခင်ဗျာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် ကျုပ်တို့ ပြန်ဦးမယ်'

လမ်းခရီး၌ မောင်စံရှားက ကျွန်တော့်အား

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ မောင်ထွန်းရီကို ခင်ဗျား ဘယ်လို သဘောရသလဲ'

**ကျွန်တော်**။ ။'ကျွန်တော်တော့ ဒီအမှုမှာ မောင်ထွန်းရီလဲ အစုစပ်ပါတယ်လို့ ထင်တယ်ဗျ'

**ရှား**။ ။'အင်း အစုစပ်လား၊ တစ်ဦးတည်းပိုင်လားတော့ မပြောတတ်သေးဘူး၊ ငွေ ၅၀၀ဝ ရအောင် ဉာဏ်ဆင်တဲ့ အထဲမှာ သူပါတာတော့ အမှန်ပဲ၊ ဟိုတယ်က ဗင်တို တစ်ခွက်သောက်ပြီး သတိမေ့သွားတယ် ဆိုတာ ကြည့်မှပေါ့၊ ဗင်တိုထဲမှာ ဆေးခပ်တာ သူပဲ၊ ကိုင်း သို့သော် လက်ဖက်ရည် တစ်ခွက် ဝင်သောက်ကြဦးစို့ဗျာ၊ ဆာလှပြီ'

ကျွန်တော်တို့သည် အနီးရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ ဝင်၍ လက်ဖက်ရည်သောက်ကြပြီးနောက် အတူတကွ ထွက်၍ လာကြရာတွင် မောင်စံရှားသည် လမ်း၏ အခြားဘက်၌ တစ်စုံတစ်ယောက်သောသူကို မြင်လိုက်သည် ဖြစ်၍ ကျွန်တော့်အား မျက်စိမှိတ်၍ ပြပြီးလျှင် နေအိမ်ကို ပြန်ကြလေ၏။ အိမ်ပေါ် သို့ ရောက်သောအခါ

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲဗျ၊ ဘိုမ ဆီကို မသွားဘူးလား'

**ရှား**။ ။'လမ်း ဟိုဘက်မှာ မောင်ကျော်တင့်က လွှတ်ထားတဲ့ သူလျှိုတစ်ယောက် ရောက်နေပြီဗျ၊ လက်ဖက်ရည်ဆိုင်က ထွက်ကတည်းက ကျုပ်တို့ကို သူ ခြေရာ ကောက်မိတယ်၊ ဘိုမကို တွေ့ဖို့လဲ တယ်ကြီး အကြောင်း မထူးတော့ပါဘူး ဗျာ၊ သို့သော် ကျုပ်တို့ ထင်မြင်ချက် ဟုတ် မဟုတ် သေချာအောင်ဟာ ခင်ဗျား တစ်ခု လုပ်ပေးစမ်းဗျာ၊ ကျုပ်တော့ အိမ်က ထွက်လို့ နေရာမကျဘူး'

**ကျွန်တော်**။ ။'ဘာလဲဗျာ'

**ရှား**။ ။'မောင်ထွန်းရီဟာ ဘယ်ပုံ ဘယ်နည်း စားသောက် နေထိုင်တယ်၊ ငွေရေး ကြေးရေးမှာ ဘယ်လိုနေတယ် ဆိုတာ ခင်ဗျား တတ်နိုင်သလောက် စုံထောက်ချေစမ်းဗျာ၊ သို့သော် ဒီတစ်နေ့တော့ အချိန်ကုန်ပါပြီ၊ ရှိပါစေတော့၊ နက်ဖြန်က စပြီး အမြန်ထွက်စမ်းဗျာ'

နောက်တစ်နေ့၌ ကျွန်တော်သည် မောင်စံရှား စေခိုင်းသည့် ကိစ္စကို ဝမ်းမြောက်ဝမ်းသာ ထောက်လှမ်း စုံစမ်း မေးမြန်းခြင်း ပြုခဲ့ရာ မောင်ထွန်းရီမှာ အလုပ်အကိုင်လဲ ပြောပလောက်အောင် မရှိ၊ မိဘများ ထားခဲ့သော အမွေအနှစ်ကို ကုန်စင်အောင် ဖြုန်းတီးခဲ့၍ ယခုအခါ၌မူ တိုက်လခကို မှန်ကန်အောင် မပေးနိုင်သည့်ပြင် အဝတ်အစားများကိုပင် ပေါင်နှံသုံးစွဲ လက်ရှိ နေရကြောင်းနှင့် သတင်းများ စုဆောင်း ရရှိခဲ့သည့် အတိုင်း မောင်စံရှားအား ပြန်၍ ပြောပြလေ၏။

× × × × × ×

တနင်္ဂနွေနေ့ နာရီပြန် တစ်ချက် အချိန်၌ မသန်းမြ၏ နေအိမ် ဧည့်ခန်းတွင် မောင်စံရှား၊ မောင်အုန်းဖေ၊ မောင်ထွန်းရီ၊ ကျွန်တော်နှင့် မသန်းမြတို့သည် မောင်ကျော်တင့် လာရောက်မည်ကို မျှော်လင့် စောင့်ဆိုင်းလျက် ရှိနေကြလေ၏။

တစ်နာရီ ထိုးသည်နှင့် တပြိုင်နက် အိမ်ရှေ့၌ ကားတစ်စီး ဆိုက်ရောက်ပြီးလျှင် မောင်ကျော်တင့်သည် ကားပေါ်မှ ဆင်း၍ လာရာ ၎င်း၏ နောက်၌လည်း တောင့်တင်း သန်စွမ်းသော လူသုံးယောက်တို့လည်း ပါလာကြလေ၏။ မောင်ကျော်တင့်သည် အခန်းတွင်းသို့ ရောက်၍ ကျွန်တော်တို့ အားလုံးကို ကြည့်ပြီးလျှင်

**တင့်**။ ။'ဘယ့်နှယ်လဲ၊ လူတွေ တစ်စုကြီးကလားဗျ၊ များလှချေကလား'

**ရှား**။ ။'လူများပေမယ့် မကြောက်ပါနှင့် ဗျာ၊ အတင်း အဓမ္မ လုယူမယ်လို့ မကြံစည်ပါဘူး ဗျ'

**တင့်**။ ။(တပည့်များ ဘက်သို့ လှည့်၍) 'မင်းတို့ အိမ်ရှေ့က စောင့်နေကြကွယ်၊ ငါ တယ်မကြာခင် ပြန်လာခဲ့မယ်' ဟု ပြောသဖြင့် ၎င်း၏ သက်တော်စောင့် တို့သည်လည်း အိမ်ပြင်သို့ ထွက်သွားကြလေ၏။

**တင့်**။ ။'ဘယ့်နှယ်လဲ ငွေစေ့စပ်ကဲ့လား'

**ရှား**။ ။'ရှိပါတယ် အဆင်သင့်ပဲ ရှိပါတယ်၊ သို့သော် ခင်ဗျား ယူခဲ့တဲ့ ပစ္စည်းတွေဟာ မှန် မမှန်ကို မသန်းမြ ကြည့်ပေစေဦးဗျာ'

**တင့်**။ ။'ခင်ဗျားတို့ ငွေကို ပထမ ပြစမ်းပါဦး '

**ရှား**။ ။'ပြလိုက်ပါ မသန်းမြရယ်' ဟု ပြောသဖြင့် မသန်းမြသည် စာအိတ်နှင့် ထည့်၍ထားသော ၁၀ဝ တန် စက္ကူ အချပ် ၅၀ ကို ရေတွက်၍ ပြလေ၏။

**ရှား**။ ။'ကိုင်း ငွေကို စားပွဲပေါ် တင်ထားလိုက် မသန်းမြ၊ ကိုင်း ကိုကျော်တင့်ကလဲ ပစ္စည်း မှန် မမှန်ကို မသန်းမြအား ပြလိုက်၊ စေ့ငှတယ် မှန်တယ် ဆိုရင် စားပွဲပေါ်က ငွေကို ခင်ဗျား ယူတော့'

ထိုအခါ မောင်ကျော်တင့်သည် သားရေအိတ်ငယ်ကို ထုတ်၍ စိန်နားကပ်၊ လက်ကောက်၊ လက်စွပ်များကို မသန်းမြ၏ လက်သို့ ထည့်လေ၏။ မသန်းမြက ပစ္စည်းများ စေ့ငှ မှန်ကန်ကြောင်း ပြောသောအခါ

**ရှား**။ ။'ကိုင်း ကိုကျော်တင့်၊ ခင်ဗျားငွေ ယူပေတော့'

**တင့်**။ ။(ငွေစက္ကူများကို လောဘကြီးစွာနှင့် သိမ်းကြုံး၍ အိတ်ထဲသို့ ထည့်ပြီးနောက်) 'ကိစ္စ ပြီးပြီ မဟုတ်လား၊ ပြန်လိုက်ဦးမယ်ဗျာ အားလုံး'

**ရှား**။ ။'ခဏကလေး ဆိုင်းပါဦး ကိုကျော်တင့်၊ နောက်နောင်ကို နှုတ်လုံပါစေမယ်လို့ ခင်ဗျားက ကျုပ်ကို ကတိပေးထားတယ် မဟုတ်လား၊ ကိုင်း မသန်းမြ ကျေနပ်လောက်အောင် သက်သေများရှေ့မှ တစ်ခါထပ်ပြီး ပဋိညာဉ် ပေးခဲ့ပါဦး ဗျာ'

**တင့်**။ ။'ပစ္စည်းများကို လုယူသော သူခိုးဟာ နောက်နောင် ဘယ်အခါမှ ဒီအကြောင်းကို မပြောစေပါဘူးဗျာ၊ ကျုပ်က တာဝန်ခံပါတယ်'

**ရှား**။ ။'သူခိုးအတွက် တာဝန်ခံပေမဲ့ မောင်ထွန်းရီ အတွက်ကိုတော့ ဘယ်သူက တာဝန်ခံမှာလဲ'

**ရီ**။ ။'ကျွန်တော့် အတွက်တော့ မစိုးရိမ်ပါနှင့် ။ ကိုယ့်အရှက်ကို ခွဲပါ့မလား ခင်ဗျာ'

**ရှား**။ ။'ဒီလိုနှင့် မကျေနပ်နိုင်ဘူး၊ ဒီတစ်ခါ ငွေ ၅၀၀၀ ရရင် နောက်တစ်ကြိမ် ထပ်ပြီး ခင်ဗျား ငွေ ညှစ်ချင် ညှစ်ဦးမယ်၊ အားလုံး နားထောင်ကြဗျ၊ ဒီအမှုဟာ မူလ ကတည်းက မောင်ထွန်းရီက ဉာဏ်ဆင်ပြီး ခေါ်သွားတဲ့ အမှုဗျ၊ သူခိုးဆိုတာလဲ တခြားမဟုတ်ဘူး၊ သူ့လူပဲ၊ ပစ္စည်းကို ရပြီးတဲ့နောက် မောင်ကျော်တင့် နှင့် ပူးပေါင်းပြီး ငွေများများ ရအောင် ညှစ်ထုတ်တဲ့ နည်းပဲ'

**ရီ**။ ။'မဟုတ်တာဗျာ၊ ခင်ဗျား ကလဲ'

**တင့်**။ ။'ဦးစံရှား သတိထားဗျနော်၊ သူခိုးဟာ ဘယ်သူဘယ်ဝါလဲလို့ ပေါ်အောင် စုံထောက်လို့ ရှိရင် ကျုပ် မခံနိုင်ဘူး၊ ကိုတင်လှကို အကျိုးကြောင်း အကုန် ပြောပြလိုက်လိမ့်မယ်၊ ဒါပဲ'

**မြ**။ ။'ရှိပါစေတော့ရှင်၊ ပစ္စည်းပြန်ရလို့ရှိမှ ကျွန်မ ကျေနပ်ပါပြီ၊ ရှင်လည်း ကျေနပ်ပါတော့ ဦးစံရှား ရှင်'

**ရှား**။ ။'မသန်းမြက ကျေနပ်ပေမယ့် ကျုပ်က မကျေနပ်နိုင်သေးဘူး၊ နောက်ကိုလဲ ကိုတင်လှ ပြောမယ် ပြောမယ်နှင့် အကြိမ်ကြိမ် ထပ်ပြီး ငွေညှစ်နေရင် ဘယ်နှယ်လုပ်မလဲ၊ ဒီဟာတွေ အားလုံး မောင်ထွန်းရီ စီမံတာဗျ၊ သည်တော့ သူထိုးထားတဲ့ လုံကို သူ ပြန်ပြီး နှုတ်စေမှ နေရာကျမယ်'

**တင့်**။ ။'ခင်ဗျား ဒီလို ရှုပ်ရင် ကိုတင်လှကို ကျုပ် ပြန်ပြော'

**ရှား**။ ။'နေကြဦး ခင်ဗျားတို့ နှစ်ယောက်လုံး၊ မသန်းမြ၊ ခင်ဗျား နားထောင်စမ်း၊ ခင်ဗျားက ငယ်သူငယ်ချင်းရယ်လို့ ယုံကြည်စိတ်ချပြီး လာခဲ့တဲ့ မောင်ထွန်းရီဟာ လူယုတ်မာ တစ်ယောက် သက်သက်ဗျ'

**ရီ**။ ။'ခင်ဗျား ဘယ်နည်းနှင့် ကျွန်တော့်ကို'

ထိုအခါ မောင်စံရှားသည် မောင်ထွန်းရီ၏ အနီးသို့ ကပ်၍ အခြားသူများ မကြားရလေအောင် စကားတိုးတိုး ပြောလိုက်ရာ ကျွန်တော်မှာ မောင်ထွန်းရီ အနီးတွင် ထိုင်နေသည်ဖြစ်၍ အောက်ပါအတိုင်း ကြားရလေ၏။

**ရှား**။ ။'ဟုတ်တဲ့ အတိုင်း ဝန်ခံနော်၊ ဝန်မခံရင် ငွေစက္ကူ လုပ်တုန်းက အမှုကို အကုန်ဖော်ပြီး ပြောလိုက်လို့ သာပြီး အမှုကြီးသွားမယ် နားလည်လား၊ ဒီအမှုမှာ ခင်ဗျားက ရှေ့သွားလား၊ ကျော်တင့်က ရှေ့သွားလား ပြောစမ်း' ဟု ပြောလိုက်သောအခါ မောင်ထွန်းရီသည် ထိတ်လန့် အံ့ဩသော အမူအရာနှင့် မောင်စံရှားအား ကြည့်လျက်

**ရီ**။ ။'ကိုင်း ဟုတ်တိုင်း မှန်ရာ ပြောပါတော့မယ် ခင်ဗျာ၊ ကျွန်တော်ဟာ ...'

**တင့်**။ ။'ဟေ့လူ ဘယ့်နှယ် လုပ်တာလဲ'

**ရှား**။ ။'ကိုကျော်တင့် ခင်ဗျား တိတ်တိတ် နေစမ်းပါ'

**ရီ**။ ။'ဒီဟာတွေဟာ စင်စစ် ကိုကျော်တင့် ဉာဏ်ပေးပြီး ငွေနှင့် မျှားလို့ ကျွန်တော်ကလဲ ပြတ်ပြတ်လပ်လပ် ဖြစ်နေတဲ့အခါနှင့် ကြုံပြီး သူပြောတဲ့ အတိုင်း ဗင်တိုမှာ ဆေးခပ်ပြီး မသန်းမြကို ကန်တော်ကြီး ခေါ်ပါတယ် ခင်ဗျာ၊ မသန်းမြနှင့် ကျွန်တော်နှင့်ဟာ ချစ်ကြိုက်ကြတာလဲ မဟုတ်၊ ငယ်သူငယ်ချင်း မို့လို့ ရိုးရိုးသဘောနှင့် ချစ်ခင်ကြတာလဲ မှန်ပါတယ်။ ဟိုညကလဲ မသန်းမြကို ကျွန်တော်က လက်ဖျားနှင့်မှ မတို့မိပါဘူး၊ ကိုကျော်တင့်က ဉာဏ်ဆင်ပေးတဲ့အတိုင်း ရေလယ်ကျွန်းမှာ သတိရအောင် စောင့်ပြီးနေပါတယ်၊ သတိရလာတဲ့ အခါမှာ'

**တင့်**။ ။'ဟေ့လူ ခင်ဗျားပါ ဒုက္ခရောက်သွားမယ်နော် သတိထား'

**ရှား**။ ။'သူခိုး လုပ်တာက ဘယ်သူလဲ'

**ရီ**။ ။'ကိုကျော်တင့် ခင်ဗျ'

ထိုအခါ မောင်ကျော်တင့်သည် မောင်ထွန်းရီအား 'ခွေးမသား သစ္စာဖောက်တဲ့ အကောင်' ဟု ပြော၍ ထိုးကြိတ်မည် ပြုလေရာ မောင်စံရှားနှင့် မောင်အုန်းဖေတို့က ဝင်ဆွဲ၍ ထားရလေ၏။ ၎င်းနောက် မောင်စံရှားက 'ဗျို့ ကိုတင်လှ ထွက်ခဲ့တော့ဗျာ' ဟု ခေါ်လိုက်ရာ မောင်တင်လှသည် တစ်ခုသော အခန်းတွင် ပုန်းအောင်းနေရာမှ ထွက်လာ၍ မယားဖြစ်သူ မသန်းမြ၏ လက်ကို ဆွဲကိုင်လျက် ဘိုဆန်သော လင်မယား ဖြစ်ကြသည် အတိုင်း စိတ်ကျေနပ်သည့် အမူအရာကို ပြကြလေရာ ကျွန်တော်တို့မှာ မျက်နှာလွှဲ၍ နေကြရလေ၏။

**ရှား**။ ။'အခုတောင် ဘိုဆန်ကြတုန်း ရှိပါသေးသလား'

**လှ**။ ။(ပြုံးရယ်လျက်) 'မှတ်ပါပြီ ဆရာ၊ ဒီတစ်ခါ နောက်ဆုံးပါပဲ၊ နောက်နောင်ကို မြန်မာလူမျိုး မြန်မာ လင်မယား ပီပီ နေထိုင်ပါတော့မယ် ဦးစံရှား ခင်ဗျား၊ ခင်ဗျား ကျေးဇူးကိုလဲ မမေ့ပါဘူး'

**ရှား**။ ။'အစစ စိတ်ကျေနပ်ကဲ့နော်'

**လှ**။ ။'ကျေနပ်တဲ့ ဟိုဘက် လွန်သွားပါသေးတယ် ဆရာ'

၎င်းနောက် မောင်အုန်းဖေသည် မောင်ကျော်တင့်နှင့် မောင်ထွန်းရီ နှစ်ယောက်လုံးကို အိုးဘိုဌာနသို့ ခေါ်ဆောင်သွားလေသတည်း။

**ပြီးပါပြီ**။

× × × × × ×

## ၄။ အဆိပ်သောက်သေသည်ဆိုသောအမှု

ကျွန်တော်၏ မိတ်ဆွေ စုံထောက်မောင်စံရှားသည် သုံးပုံဖဲရိုက်ခြင်း၊ စစ်ဘုရင်ထိုးခြင်း အစရှိသော ဉာဏ်ကို အသုံးပြုရသည့် ကစားမျိုးတို့၌ အလွန်တရာ ကျွမ်းကျင် လိမ္မာသူ တစ်ယောက် ဖြစ်လေရာ အင်စပိတ်တော် မောင်အုန်းဖေသည် ၎င်းနှင့် ဖက်ပြိုင် ကစားသည့် အခါတိုင်း ထုံးခွေထိသည်သာ ဖြစ်သောကြောင့် မခံချင်သည့် သဘောနှင့် ရံဖန်ရံခါ လာရောက်ကစားလေ့ရှိ၏။ တစ်နေ့သ၌ ကျွန်တော်တို့ သုံးဦးသားသည် အိမ်ရှေ့ဧည့်ခန်း၌ သုံးပုံဖဲ ကစားလျက်ရှိကြစဉ် အခန်းတံခါးကို ခေါက်သံကြားသဖြင့် မောင်စံရှားက ဖွင့်ပေးလိုက်သည်တွင် ကောင်းမွန်သပ်ရပ်သော အဝတ်အစားများကို ဝတ်ဆင်လျက် အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိသော ရဟူဒီလူမျိုး တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

မောင်စံရှားသည် ၎င်းအား နေရာထိုင်ခင်း ပေးသဖြင့် ထိုသူသည် ကုလားထိုင်၌ ထိုင်မိလေလျှင် ကျွန်တော်သည် ထိုသူ၏ အင်္ကျီရပ်ကို အကဲခတ်လျက်ရှိရာ အသားမှာဝါစပ်စပ် ရှိလျက် နှာခေါင်းသည် ငှက်နှုတ်သီး ကဲ့သို့ ကောက်ချိတ်ချိတ် ရှိသည်ကို လည်းကောင်း၊ မျက်စိနှစ်လုံးမှာ တစ်လုံးနှင့် တစ်လုံး အလွန်နီးလျက် တစ်နေရာ၌ ကြာရှည်စွာ စိုက်၍ မကြည့်ဘဲ ထိုမှဤမှ ပြောင်းရွှေ့ကာ ကြည့်တတ်သော ဝါသနာရှိသည်ကို လည်းကောင်း၊ အလွန်ကျယ်ဝန်းသော နဖူးပြင် ရှိသည်ကို လည်းကောင်း၊ ထူထပ်သော မျက်ခုံးနှင့် နှုတ်ခမ်းမွေးများ ရှိသည်ကို လည်းကောင်း တွေ့မြင်ရလေ၏။

**ထိုသူ** ။ ။(အင်္ဂလိပ်ဘာသာဖြင့်) 'ကျွန်ုပ်နာမည် ဒေးဗစ် ခေါ်ပါတယ်၊ ကော်မီရှင်စား အလုပ်ကို လုပ်ပါတယ်၊ နေထိုင်တာက ပန်းဆိုးတန်းမှာ နေပါတယ်' ဟု ပြောပြီးနောက် မောင်စံရှား ဘက်သို့ လှည့်၍

'ဦးစံရှား ဆိုတာ ခင်ဗျား မဟုတ်လား'

**ရှား**။ ။'ဟုတ်ပါတယ် ။ သည်ဟာတွေက ကျွန်တော့် မိတ်ဆွေများပါပဲ၊ တိုင်ပင်စရာ ရှိလျှင် သူတို့ ရှေ့မှာပဲ တိုင်ပင်နိုင်ပါတယ်၊ လုပ်ဖော်ကိုင်ဖက်တွေ ပါပဲ'

**ဒေးဗစ်**။ ။'ကျွန်ုပ်ကိစ္စက နည်းနည်းအရေးကြီးပါတယ်၊ တိုတိုတုတ်တုတ်ပဲ ပြောပါရစေတော့၊ သည်လိုပါ ခင်ဗျာ၊ သည်ကနေ့ မနက် ကျွန်တော့်မိန်းမထံက စာတစ်စောင် ရပါတယ်၊ စာထဲမှာ သူက အင်မတန် စိတ်ညစ်တဲ့ အတွက် သူ့ကိုယ်သူ သတ်ပြီး သေပါတော့မယ် တဲ့၊ ၎င်းစာနှင့် အတူ သေတမ်းစာ တစ်စောင်လဲ ပါပါတယ်၊ ၎င်းသေတမ်းစာ အရမှာတော့ သူ့မှာရှိသမျှ ပစ္စည်းဥစ္စာ အားလုံးကို ကျွန်တော်တစ်ဦးတည်း အမွေခံ အမွေစား အဖြစ်နှင့် လွှဲပြောင်းပြီး ပေးခဲ့ပါတယ် ခင်ဗျာ၊ စာရရခြင်း ကျွန်တော်က မော်တော်ကားနှင့် သူနေတဲ့ စတီဗင်ဆင်လမ်းကို သွားတော့'

**ရှား**။ ။'ဩော် ခင်ဗျားတို့ လင်မယားက အတူတူ မနေကြဘဲကိုး'

**ဒေးဗစ်**။ ။'အတူတူ မနေကြဘူး ခင်ဗျ၊ ရန်ဖြစ်ပြီး ခွဲနေကြတာ တစ်နှစ်ကျော်ကျော် လောက် ရှိသွားပြီ၊ ခွဲနေကြပေမယ့် အမှန်ပြောရမှာဖြင့် တစ်ဦးနှင့် တစ်ဦး မေတ္တာ ကုန်ကြတာတော့ မဟုတ်ဘူးပေါ့ ခင်ဗျာ၊ တစ်ဦးကလဲ ငါကတော့ ဝန်မချဘူး၊ သူက ဝန်ချရင် ပြန်ပေါင်းမယ်၊ တစ်ဦးကလဲ ငါမှန်လျက်နှင့် ဝန်ချလို့ဖြင့် မပေါင်းဘူး၊ သူကသာ ဝန်ချရမယ်၊ သည်လို အမှုလုပ်ပြီး နေခဲ့ မိကြတာကိုး ခင်ဗျ၊ သည်ကနေ့ရတဲ့ စာထဲမှာတော့ ကျွန်တော်က စတင်ပြီး ဝန်ချလိမ့်မယ်လို့ မျှော်လင့်ပြီး နေခဲ့တာ ရက် လ များစွာ ကြာခဲ့ပါပြီ တဲ့၊ တစ်နေ့သော်လဲ ပေါ်လာနိုးနိုးနှင့် မျှော်လင့်မိခဲ့တာ သည်တစ်ခါဖြင့် မျှော်လင့်ခြင်း ကုန်တဲ့အတွက် လူ့ပြည်မှာလဲ မနေလိုတော့ ပါဘူးတဲ့ ခင်ဗျာ၊ ဒါနှင့် ကျွန်တော်က မော်တော်ကားနှင့် ပျာယီးပျာယာ မောင်းသွားလို့ သူနေတဲ့ တိုက်ကို ရောက်တော့ အခန်းတံခါးကို အတွင်းက ပိတ်ပြီးထားတာ တွေ့ရတယ် ခင်ဗျ၊ ကျွန်တော် အပြင်က လေးငါးခေါက်ခွန်း အော်ပြီး ခေါ်လို့လဲ ထူးဖော် မရဘူး၊ ဒါနှင့် ဧကန္တ တစ်စုံတစ်ခု ထူးထူးခြားခြား ဖြစ်ပြီဆိုပြီး ဦးစံရှားဆီကို ပြေးလာခဲ့ပါတယ် ခင်ဗျာ၊ အားလပ်လို့ ရှိရင် တဆိတ် လိုက်ကြည့်ပါဦး ခင်ဗျာ'

**ရှား**။ ။'ကျွန်တော်က ဆရာဝန်မှ မဟုတ်ဘဲဗျာ၊ တကယ်ဆိုတော့ ဆရာဝန်ဆီကို ခင်ဗျား ရှေးဦးစွာ သွားဖို့ကောင်းတယ်'

**ဒေးဗစ်**။ ။'အမှန်ပြောရမှာဖြင့် အခန်းထဲကို ကျွန်တော် ဝင်မိခဲ့လို့ရှိရင် သေတမ်းစာမှာလဲ ပစ္စည်းတွေကို ကျွန်တော့်ကို လွှဲပေးထားခဲ့တော့ မတော်တဆ ပုလိပ် အရာရှိများက ကျွန်တော့် အပေါ်မှာ မသင်္ကာစရာ ဖြစ်မှာကို တွေးပြီး ပူမိတဲ့ အတွက် သည်ကစုံထောက်ကြီး ဦးစံရှားနှင့် အတူ သွားရတယ်ဆိုလျှင် ကိုးကားစရာ တစ်ခု ရလိမ့်မယ်လို့ မျှော်လင့်မိလို့ပါ ခင်ဗျာ'

**ဖေ။** ။(ထိုင်ရာမှ ရုတ်တရက်ထ၍) 'ကိုင်း ဒါဖြင့် သွားကြည့်ကြစို့ဗျာ'

**ရှား။** ။(မောင်အုန်းဖေ၏ မျက်နှာကို ကြည့်လျက်)'အခုမှဖြင့် မထူးပါဘူး မိတ်ဆွေ၊ သည်လောက် ပျာယီးပျာယာ မလုပ်စမ်းပါနှင့်၊ ခင်ဗျားဆီ ရေးလိုက်တဲ့ စာနှင့် သေတမ်းစာ ပါခဲ့သလား'

**ဒေးဗစ်။** ။'ပါခဲ့ပါတယ် ခင်ဗျာ' ဟု ပြော၍ ဒေးဗစ်သည် မိမိ၏ အိတ်မှ စာရေးစက္ကူ အပြာနှင့် ရေးထားသော စာတစ်စောင်နှင့် ဖူးစကတ်စက္ကူ တစ်ရွက်ကို ထုတ်၍ မောင်စံရှားအား ပေးအပ်လေ၏။

**ရှား။** ။'သည်ဟာတွေ ခင်ဗျား ဘယ့်နှယ် ရသလဲ'

**ဒေးဗစ်။** ။'စာတိုက်က ရတယ် ခင်ဗျ'

**ရှား။** ။'ဘယ်အချိန်က ရသလဲ'

**ဒေးဗစ်။** ။'သည်ကနေ့ မနက် ခပ်စောစောပဲ ရတယ်'

**ရှား။** ။(စာကို ဖတ်ပြီးနောက်) 'စာထဲမှာတော့ အဆိပ်သောက်ပြီး သေတော့မယ်လို့ ဆိုပါကလား၊ အခု ၁၀ နာရီတောင် ထိုးပြီးပြီ၊ တယ်ပြီး အေးအေးဆေးဆေး ရှိတဲ့ ဆရာကြီး ပါကလား'

**ဒေးဗစ်။** ။'ကျွန်တော်လဲ စာရကတည်းက ထိတ်ထိတ်လန့်လန့် ဖြစ်ပြီး ဘာလုပ်ရမှန်း မသိအောင် ယောင်တောင်တောင် ဖြစ်နေပါတယ် ခင်ဗျာ၊ အပြစ်တင်ရင်လဲ ခံရတော့ မှာပါပဲ'

**ရှား။** ။'သည်စာကို ရတော့ ခင်ဗျား အဝတ်လဲပြီးပြီလား'

**ဒေးဗစ်။** ။'မလဲရသေးပါဘူး ခင်ဗျာ၊ အိပ်ရာက ထစ ရှိပါသေးတယ်'

ထိုအခါ မောင်စံရှားသည် ထိုသူ၏ ဝတ်ပုံကို ကြည့်ရှုရာ မည်သည့်နေရာ၌မျှ အဆောတလျှင် ဝတ်ဆင်ထားသည့် လက္ခဏာ မရှိဘဲ သေသပ်ကောင်းမွန်စွာ ဝတ်ဆင်ထားသည်ကို တွေ့ရှိရသောအခါ မောင်စံရှားသည် မျက်မှောင်ကြုတ်လျက် ရှိနေပြီးနောက်

**ရှား။** ။'သည်စာထည့်တဲ့ စာအိတ်ကော မပါဘူးလား'

**ဒေးဗစ်။** ။'အရေးမကြီးဘူး မှတ်လို့ မယူခဲ့မိဘူး ခင်ဗျာ'

**ရှား။** ။'ရှိပါစေ၊ ရှိပါစေ၊ သည်စာတွေကို ကျုပ်နောက်မှ သေသေချာချာ ကြည့်ချင်သေးတယ်၊ ထားခဲ့ဦးနော်'

**ဒေးဗစ်။** ။'ထားနိုင်ပါတယ်'

**ရှား။** ။'ကိုင်း ကျုပ်တို့ လိုက်ခဲ့မယ်၊ ခင်ဗျား တိုက်အောက်က စောင့်နေပေတော့ ၊ ကျုပ်တို့ အဝတ်ကလေးများ လဲလိုက်ပါရစေဦးဗျာ၊ မကြာပါဘူး'

ဒေးဗစ်သည် တိုက်အောက်သို့ ဆင်းသွားသောအခါ ကျွန်တော်တို့သည် အဝတ်များ လဲလှယ်ရင်း မောင်စံရှားက မောင်အုန်းဖေအား

**ရှား။** ။'ကိုင်း ကိုအုန်းဖေ၊ ခင်ဗျားက ဌာနကို သွားပြီး သွက်သွက်လက်လက် ရှိတဲ့ ပုလိပ် အရာရှိ တစ်ယောက်ကို စာတိုက်လွှတ်ပြီး ပန်းဆိုးတန်းလမ်း စာပို့တဲ့ စာပို့ ကုလားကို သည်ကနေ့ မနက် ဒေးဗစ်ထံ စာများ ပို့ရ မပို့ရ စုံစမ်းပစေဗျာ၊ သည့်ပြင် တစ်ယောက်ကိုလဲ မစ္စက်ဒေးဗစ်မှာ အသက်ပေါင်ထားတာများ ရှိသလား စုံစမ်းခဲ့ပေစေဗျာ၊ သူတို့ကို လွှတ်ပြီး ခင်ဗျားလဲ စတီဗင်ဆင်လမ်းကို လာခဲ့ပေတော့ ကြားလား'

**ဖေ။** ။'ကောင်းပါပြီ ခင်ဗျာ'

၎င်းနောက် ကျွန်တော်တို့သည် တိုက်ပေါ်မှ ဆင်းလာခဲ့ကြ၍ ကျွန်တော်နှင့် မောင်စံရှားမှာမူ ဒေးဗစ်၏ ကားပေါ် သို့ တက်ကြရာ မောင်အုန်းဖေမှာမူ အခြားကား တစ်စီးနှင့် ဌာနသို့ မောင်းသွားလေ၏။

ကျွန်တော်တို့သည် စတီဗင်ဆင်လမ်းသို့ လျှင်မြန်စွာ မောင်းနှင်သွားကြစဉ် လမ်းခရီးတွင် မောင်စံရှားသည် တရုတ်လက်သမား တစ်ယောက်၏ နေအိမ်ရှေ့၌ ခေတ္တ ရပ်တန့်စေ၍ လွှ၊ ဆောက် အစရှိသော လက်သမား ကရိယာများနှင့် အတူ တရုတ်လက်သမားကို ကားပေါ်၌ တင်ဆောင် ခေါ်ငင်ခဲ့လေ၏။

မစ္စက်ဒေးဗစ် နေထိုင်ရာ စတီဗင်ဆင်လမ်းသို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် တိုက်ရှေ့တွင် မော်တော်ကားကို ရပ်ပြီးနောက် တိုက်ပေါ်သို့ တက်သွားကြပြီးလျှင် တရုတ်လက်သမားသည် တံခါးပတ္တာများကို မိမိ လက်နက်ကရိယာများနှင့် ဖွင့်လေ၏။ အခန်းတံခါး ပွင့်သည်နှင့် တပြိုင်နက် ကျွန်တော်တို့သည် အခန်းတွင်းသို့ ဝင်သွားကြရာ အခန်းတွင်း၌ ဓာတ်မီးများ ထွန်းလျက်ရှိသည်ကို တွေ့ရှိရလေ၏။

၎င်းနောက် မောင်စံရှားသည် ဒေးဗစ်အား ကုလားထိုင်တစ်ခု ပေါ်၌ ငြိမ်ဝပ်စွာ ထိုင်စေပြီးလျှင် အိမ်ခန်းအတွင်းသို့ ကျွန်တော်နှင့် အတူ ဝင်သွားကြရာ ခုတင်ပေါ် ဇာခြင်ထောင် အတွင်း၌ အသက်သုံးဆယ်ကျော် အရွယ်ခန့် ရှိ၍ ရုပ်ရည် အကောင်အထည် ချောမော လှပသော ရဟူဒီ ကုလားမ တစ်ယောက်သည် အိပ်ပျော်နေဘိ သကဲ့သို့ ပက်လက်လှန်ကာ ရှိနေသည်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ မောင်စံရှားသည် ခုတင်အနီးသို့ ချဉ်းကပ်၍ ကုလားမ၏ လက်ကို ကိုင်တွယ် ကြည့်ရှုရာ လက်မှာ တောင့်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

**ရှား**။ ။'အသက်ကုန်တာ ၈ နာရီထက် မနည်း ရှိသွားပြီဗျို့၊ သေပုံကြည့်ရတာတော့ အဆိပ်သောက်ပြီး သေတာနှင့်ပဲ တူတယ်' ဟု ပြောဆိုလျက် ရှိစဉ် ဒေးဗစ်သည် အခန်းတွင်းသို့ ဝင်လိုက်လာပြီးလျှင် ငိုးတွားသော အသံဖြင့်

'ရှိကြသေးရဲ့လား ခင်ဗျာ၊ အောင်မယ်လေးဗျာ၊ အကျိုးနည်းပါပြီ ဗျာ၊ ကျုပ်မယား သေရှာပါပြီလား ခင်ဗျာ' ဟု ငိုသံနှင့် ပြောဆိုလျက်ရှိစဉ် အင်စပိတ်တော် မောင်အုန်းဖေသည် တိုက်ပေါ် သို့ တက်လာသည်တွင် မောင်စံရှားက မျက်ရိပ်ပြလိုက်သည်နှင့် မောင်အုန်းဖေသည် ဒေးဗစ်ကို အခန်းပြင်သို့ ဆွဲငင်၍ ခေါ် သွားလေ၏။

**ဖေ**။ ။'ခင်ဗျား ငိုချင်လို့ရှိရင် ဟောဒီမှာ ထိုင်ပြီး အားရအောင် ငို၊ ကျုပ်တို့ အလုပ်ဝတ္တရားကို လာပြီး မနှောက်ယှက်နှင့် ကြားရဲ့လား' ဟု ငေါက်ငန်း ပြောဆိုခဲ့ပြီးနောက် ကျွန်တော်တို့ ရှိရာ အခန်းတွင်းသို့ ဝင်လာခဲ့လေ၏။

မောင်စံရှားမှာမူ ၎င်း၏ထုံးစံအတိုင်း အလောင်းကိုလည်းကောင်း၊ အိပ်ရာကို လည်းကောင်း မှန်ဘီလူးနှင့် သေချာစွာ ကြည့်ရှုလျက်ရှိရာ ဂါဝန်အဖျား၌ သွေးစက်ငယ်တစ်ခုကို မြင်သဖြင့် လက်ညှိုးညွှန်လျက်

'ဘယ့်နှယ် ထင်သလဲ ကိုအုန်းဖေ'

**ဖေ**။ ။'သွေးစက်ပဲ ဆရာ '

**ရှား**။ ။'သေတာက အဆိပ်သောက်လို့ သေတဲ့ လက္ခဏာပဲ ၊ သွေးစက်က ဘယ့်နှယ် ရောက်နေပြန်သလဲ၊ မှန်းစမ်းဗျာ၊ ကျုပ် သေသေချာချာ ကြည့်စမ်းဦးမယ်'

၎င်းနောက် မောင်စံရှားသည် အလောင်းကို သေချာစွာ ကြည့်ရှုလျက်ရှိစဉ် ကျွန်တော်သည် စားပွဲပေါ်၌ ဆေးပုလင်းငယ်တစ်ခုကို တွေ့မြင်သဖြင့် ကောက်ယူကြည့်ရှုရာ ဆရာဝန်များ ပေးလေ့ရှိသော အိပ်ပျော်ဆေးပုလင်း ဖြစ်ကြောင်း စာကို မြင်သဖြင့် သိရှိရလေ၏။ ပုလင်းအတွင်း၌ကား ဆေးရည် တစ်စက်နှစ်စက် မျှသာလျှင် ကျန်ရှိလေတော့၏။ ကျွန်တော်သည် ထိုအကြောင်းကို မောင်အုန်းဖေအား ပြောပြရာ မောင်အုန်းဖေသည် ဆေးပုလင်းကို ကိုင်တွယ် နမ်းရှုပ် ကြည့်ရှုပြီးနောက်

'ဆေးမှာတော့ ဘိန်းပါတယ်ဗျို့၊ သို့သော် သည်ဆေး တစ်ပုလင်းကို အကုန်သောက်စေကာမူ အသက် သေနိုင်လောက်အောင်တော့ ရှိမယ် မထင်ဘူး၊ နေဦးဗျာ ပြီးမှ ဆရာ့ကို ပြစမ်းရအောင်'

ထိုခဏ၌ မောင်စံရှားက 'အလို ...' ဟု အံ့ဩလောက်သော လက္ခဏာနှင့် လွှတ်ခနဲ ပြောဆိုလိုက်သည်ကို ကျွန်တော်တို့ ကြားရသဖြင့် ၎င်းရှိရာသို့ ကြည့်လိုက်ရာ မောင်စံရှားသည် အလောင်း၏ လက်ဝဲဘက် ပေါင်တွင် အပ်ထိုးရာကဲ့သို့ ရှိနေသော ဒဏ်ရာကလေး တစ်ခုကို ကြည့်ရှုလျက် ရှိကြောင်း တွေ့မြင်ကြရလေ၏။

**ရှား**။ ။'ကြည့်လှည့်စမ်းကြဗျို့ ၊ သည်ဟာ ခင်ဗျားတို့ ဘယ်လိုထင်သလဲ'

**ဖေ**။ ။'ဆေးထိုးတဲ့ အရာများလား ဆရာ'

**ရှား**။ ။'အစစ်ပဲ၊ ဟောဒါကကော ဘာလဲ သိရဲ့လား' ဟု ပြောလျက် မောင်စံရှားသည် အလွန်တရာ သေးငယ်လှသော ငွေချည်မြှင်ကလေး တစ်ခုကို ကျွန်တော်တို့အား ပြလေရာ မောင်အုန်းဖေသည် ၎င်းကို ကိုင်ကြည့်၍

**ဖေ**။ ။'သိပြီ ဆရာရေ့၊ ဆေးထိုးတဲ့ အခါမှာ ပြွန်ကို အညစ်အကြေးများ မပိတ်မဆို့ရအောင် တတ်ပြီးထားတဲ့ ငွေချည်မြှင်နဲ့ တူတယ် ဆရာရေ့'

**ရှား**။ ။'အစစ်ပဲ၊ ဆေးထိုးတဲ့ ပြွန်ကော ရှာကြစမ်း ၊ တွေ့ကြရဲ့လား'

**ကျွန်တော်**။ ။'မတွေ့ပါဘူး ခင်ဗျာ'

**ရှား**။ ။'ကိုယ့်ဆေးကို ကိုယ်ထိုးလို့ ရှိရင် ပြွန်ကို အခန်းထဲမှာ တွေ့ရမယ် မဟုတ်ဘူးလားဗျာ၊ ကျုပ်ထင်တဲ့ အတိုင်းပါပဲ၊ သည်အမှုဟာ ရိုးရိုးအမှုကလေး ဖြစ်မယ်လိုလိုနှင့် မရိုးလှဘူးဗျာ့၊ တော်တော်ကလေး ထူးဆန်းတယ်'

၎င်းနောက် မောင်စံရှားသည် အခန်းတွင်းရှိ ကြမ်းပေါ် စားပွဲပေါ် စသည်တို့၌ သေချာစွာ မှန်ဘီလူးနှင့် ကြည့်ရှုပြန်ရာ ခုတင်အောက်၌ တံစဉ်းငယ်တစ်ခုကို လည်းကောင်း၊ ကြမ်းပေါ်၌ ဖန်ကွဲကဲ့သို့ အနည်းငယ်ကို လည်းကောင်း တွေ့ရှိရလေ၏။

**ကျွန်တော်**။ ။'တံစဉ်းကလေးက ဆေးပုလင်း လည်ပင်းကို တိုက်ပြီး ဖွင့်လို့၊ ဖန်ကွဲက ပုလင်းလည်ပင်းက ကွဲပြီး ကျတာ၊ မဟုတ်ဘူးလား ခင်ဗျာ'

**ရှား**။ ။'သည်အတိုင်းပါပဲ၊ ပြွန်လဲမတွေ့ဘူး၊ ဆေးပုလင်းလဲ မတွေ့ဘူး၊ သည်တော့ကား ကိုယ့်ကိုယ်ကို သတ်ခြင်း မဟုတ် ...'

**ကျွန်တော်**။ ။'စားပွဲပေါ်မှာ ဆေးပုလင်းတော့ တွေ့တယ်ဗျို့'

**ရှား**။ ။'မှန်းစမ်း ကြည့်ရအောင်'

ကျွန်တော်သည် ဆေးပုလင်းကို မောင်စံရှားအား ပြသဖြင့် မောင်စံရှားသည် ပုလင်းတွင် ရှိသော ဆေးရည် အနည်းငယ်ကို လက်ဝါးပေါ်၌ သွန်ချ၍ နမ်းရှုပ်ကြည့်ရှုပြီးနောက်

**ရှား**။ ။'သည်ဆေးပုလင်းက တခြားပဲ ၊ ဘိန်းပါတဲ့ အိပ်ပျော်ဆေးကပဲ၊ သည်ဟာက တစ်ပုလင်းလုံး သောက်လို့ မသေနိုင်ဘူး၊ ပြွန်နဲ့ ထိုးလို့လဲ သေနိုင်တဲ့ ဆေးမျိုး မဟုတ်ပါဘူးဗျာ'

**ဖေ**။ ။'သွေးစက်ကကော ဆရာ'

**ရှား**။ ။'ဆေးပုလင်းကို ဖွင့်ရာမှာ ကြောက်အားလန့်အားနှင့် ပျာယီးပျာယာ ဖွင့်လေတော့ ပုလင်းကွဲက လက်ကို ရှပြီး လက်ကသွေးက ဂါဝန်မှာ လူးတာပေါ့ဗျာ'

**ဖေ**။ ။'အခန်းထဲ ရောက်အောင် ဘယ့်နှယ်လုပ်ပြီး ဝင်သလဲ ဆရာ၊ အိမ်ရှေ့ကလဲ အခန်းတံခါး ပိတ်ထားပါကလား'

**ရှား**။ ။'နောက်ဖေး ပြတင်းပေါက်က ဝင်ဟန်တူတယ်၊ မှန်းစမ်း ကြည့်ရအောင်'

ကျွန်တော်တို့သည် အိမ်နောက်ဖေး ပြတင်းပေါက်ဆီသို့ သွားရောက်ကြည့်ရှုကြရာ မောင်စံရှား တွေးထင်သည့်အတိုင်း ပြတင်းပေါက်တံခါး ပွင့်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။ မောင်စံရှားသည် ၎င်းပြတင်းပေါက်မှ အောက်သို့ ငုံ့၍ကြည့်ရာ ပေါ့ပါးဖျတ်လတ်သော လူတစ်ယောက်သည် ရေပိုက်ကို တွယ်၍ တက်ပြီးလျှင် ၎င်းနည်းအတိုင်း ပြန်၍ဆင်းက အလွယ်တကူ ဆင်းနိုင်ကြောင်း တွေ့ရှိရလေ၏။

**ဖေ**။ ။'ကျွန်တော်ဖြင့် ဒေးဗစ်ကို မသင်္ကာဘူး ဆရာ'

**ရှား**။ ။'ဘာကြောင့်...'

**ဖေ**။ ။'သည်မိန်းမ သေရင် သူအမွေရမယ်လို့ သေတမ်းစာက ဆိုတယ် မဟုတ်လား ဆရာ၊ သူသတ်တာ ဖြစ်မှာပေါ့'

**ရှား**။ ။'သေတမ်းစာကိုလဲ ကျုပ် မယုံဘူး၊ သူ့ကိုလဲ ကျုပ် မယုံဘူး၊ သို့သော် သူကိုယ်တိုင် သတ်တာတော့ မဟုတ်ဘူးဗျ'

**ဖေ**။ ။'ဘယ့်နှယ်ကြောင့်လဲ ဆရာ'

**ရှား**။ ။'သူ့လက်ကို ကျုပ် ကြည့်ပြီးပြီ၊ ဖန်ကွဲရှတဲ့ ဒဏ်ရာ မတွေ့ဘူး၊ သတ်တဲ့လူဟာ လက်မှာ ဒဏ်ရာ ရှိရမယ်'

**ဖေ**။ ။'သူလဲ လုံးလုံးတော့ မကင်းဘူးပေါ့ ဆရာ'

**ရှား**။ ။'မကင်းဘူး ထင်တယ်၊ ကိုင်း သည်တော့ ကျုပ်တို့က လက်သည်အစစ် မပေါ်မခြင်း ဒေးဗစ်ကို ဖမ်းလို့ မတော်သေးဘူး၊ သူ့အပေါ်မှာ သင်္ကာမကင်း ရှိကြောင်းကို သူလုံးလုံး မသိစေဘဲ အဝေးက အမှတ်တမဲ့ အသာကလေး ချောင်းကြည့်နေကြမှ တော်လိမ့်မယ်'

ကျွန်တော်တို့သည် နောက်ဖေးပြတင်းပေါက်မှ အခန်းတွင်းသို့ ပြန်၍ ဝင်လာကြစဉ် ပုလိပ်အရာရှိ တစ်ယောက်သည် တိုက်ပေါ် သို့ တက်လာ၍ မောင်အုန်းဖေ စေလွှတ်သည့် အတိုင်း သွားရောက်စုံစမ်းရာ ယနေ့နံနက်စောစောက မစ္စတာ ဒေးဗစ်ထံ စာတစ်စောင်ကို စာပို့ကုလားက သွားရောက်ပေးပို့ရသည်ဟု ထွက်ဆိုကြောင်း၊ မစ္စက်ဒေးဗစ်၏ အသက်ကိုလဲ အိုရီယန်တယ် အသက်အာမခံ ကုမ္ပဏီတွင် ၅၀၀၀ ကျပ်နှင့် ပေါင်ထားကြောင်းကို စုံစမ်းသိရှိခဲ့ရကြောင်းနှင့် ပြောဆိုလေ၏။

**ဖေ**။ ။'ဘယ့်နှယ်လဲ ဆရာ၊ အသက်အာမခံ ကုမ္ပဏီက ကိုယ့်ကိုယ်ကို သတ်သေတဲ့ အတွက် လျှော်ကြေး မပေးဘူး မဟုတ်လား ဆရာ'

**ရှား**။ ။'မှန်ပါတယ်ဗျာ ၊ သို့သော် သည်အမှုက တော်တော် နက်နက်နဲနဲ ဆင်ပြီးထားတဲ့ အမှုနှင့်တူတယ်၊ အခုတော့ ကျုပ်တို့ ဘာရယ်လို့ သေသေချာချာကြီး မတွေးတောနိုင်အောင် ရှိနေသေးတယ်၊ သို့သော်လဲ သည်လောက် ခြေရာခံမိမှတော့ လက်သည်ပေါ်ဘို့ မခဲယဉ်းပါဘူး ထင်ပါရဲ့ဗျာ၊ ကိုင်း ကိုအုန်းဖေ အလောင်းကို ဆေးရုံပို့ပြီး ဒေးဗစ်ကိုလဲ သူသွားချင်ရာ သွားပါစေ၊ သူ့ကို စောင့်ကြပ်ပြီး ကြည့်ဖို့တော့ ကျုပ်ကိုယ်တိုင် စီမံမယ်ဗျို့၊ ကိုင်း ကျုပ်တို့ ပြန်ဦးမယ်ဗျာ၊ အကြောင်းထူးရင် ကျုပ်အိမ်ကို လာခဲ့ပေတော့'

နေအိမ်သို့ ရောက်ကြလျှင် မောင်စံရှားသည် ယခင်က တောင်းယူထားလိုက်သော စာနှင့် သေတမ်းစာကို သေချာစွာ ကြည့်ရှုပြီးနောက်

**ရှား**။ ။'ကိုင်း ကိုသိန်းမောင်၊ သည်စာနှစ်စောင်မှာ ဘာများ ထူးခြားသလဲ၊ သေသေချာချာ ကြည့်စမ်းဗျာ'

**ကျွန်တော်**။ ။(ခိုင်းစေသည့်အတိုင်း ကြည့်ရှုပြီးနောက်)'ပေးစာမှာ ပထမအပိုင်းက ကလောင်သွားတစ်မျိုး၊ ကျန်တဲ့ အပိုင်းနှင့် သေတမ်းစာက ကလောင်သွားတစ်မျိုး မဟုတ်လား ခင်ဗျာ'

**ရှား**။ ။'မှန်တယ်၊ သည့်ပြင်ကောဗျာ'

**ကျွန်တော်**။ ။'လက်ရေးကတော့ မိန်းမလက်ရေးပဲ'

**ရှား**။ ။'မှန်တယ်၊ သည့်ပြင်ကော'

**ကျွန်တော်**။ ။'ပျာယီးပျာယာနှင့် ရေးပုံရတယ်'

**ရှား**။ ။'သည့်ပြင်ကော'

**ကျွန်တော်**။ ။'ဟာ သည့်ပြင်တော့ ကျွန်တော် မပြောတတ်ဘူး ခင်ဗျာ'

**ရှား**။ ။'ကိုသိန်းမောင် နည်းနည်းညံ့သေးတယ်ဗျ၊ မင်အိုးမှာလဲ မင်နည်းနည်းသာ ရှိတယ်'

**ကျွန်တော်**။ ။'ဩော် ဟုတ်လိမ့်မယ်ဗျို့၊ နှစ်လုံး သုံးလုံး ရေးလိုက်ရင်း မင်ကုန်လို့ မှိန်သွားရင်း၊ မင်ထပ်ပြီး တို့ရရင်း၊ ဟုတ်ပြီဗျို့ ဟုတ်ပြီ'

**ရှား**။ ။'ဒုတိယအပိုင်းနှင့် သေတမ်းစာကတော့ ဖောင်တိန်နှင့် ရေးတာနှင့် တူတယ်၊ မင်လိုက်ပုံ ကြည့်စမ်း ၊ တစ်ခါတည်း ညီညီညာညာ မင်လိုက်တယ် မဟုတ်လား'

**ကျွန်တော်**။ ။'ဟုတ်ပေသဗျ'

**ရှား**။ ။'ဖောင်တိန်ကော ခင်ဗျား မြင်ခဲ့သလား'

**ကျွန်တော်**။ ။'မမြင်ခဲ့ဘူးဗျို့ မင်အိုးတော့ မြင်ခဲ့တယ်'

**ရှား**။ ။'ဘာမြင်မှာလဲဗျာ၊ သည်လိုကိုး၊ သေတမ်းစာ ရေးတဲ့အခါမှာ အနားမှာ လူတစ်ယောက်ယောက် ရှိတယ်၊ ပထမဦးစွာ ကလောင်တံနှင့် ရေးရော၊ မင်နည်းလို့ ခဏခဏတို့ရရော၊ သည်တော့ အနားက လူက သူ့ဖောင်တိန်ကို ထုတ်ပေးရော၊ သည်လို မဖြစ်နိုင်ဘူးလားဗျာ'

**ကျွန်တော်**။ ။'ဟုတ်လိမ့်မယ်ဗျို့'

**ရှား**။ ။'ကိုင်း သို့သော်၊ နေရစ်ပေဦးတော့ ဗျာ၊ ကျုပ် သိချင်တာလေး တစ်ခုနှစ်ခု ရှိသေးတယ်၊ သွားပြီး စုံစမ်းချေဦးမယ်'

ဟု ပြော၍ မောင်စံရှားသည် တိုက်ပေါ်မှ ဆင်းသွားလေလျှင် ကျွန်တော်သည် ၎င်းအမှုနှင့် စပ်လျဉ်း၍ တစ်ယောက်တည်း ဆက်လက်စိတ်ကူးကာ ရှိနေရစ်ခဲ့လေ၏။

ထိုနေ့ညနေ မောင်စံရှား ပြန်လာသဖြင့် ထပ်လောင်း သိရှိရသည်မှာ သေလွန်သူ မစ္စက်ဒေးဗစ်သည် ဒေးဗစ်နှင့် လက်မထပ်မီက ဆင်းရဲ နွမ်းပါးကြောင်း၊ ၎င်း၏ အသက်ကို အပေါင်ထားသည်မှာ တစ်နှစ်ကျော်ကျော်ခန့်မျှ ရှိကြောင်း၊ ၎င်းနောက် ဒေးဗစ်နှင့် မသင့်မတင့် ဖြစ်ကြ၍ ကွဲကွာ နေထိုင်ကြပြီးနောက် များမကြာမီအတွင်း ဦးလေးတစ်ယောက်၏ အမွေပစ္စည်း သုံးသောင်းကျော်ခန့်မျှ ရရှိကြောင်း၊ ခုတင်အနီး၌ တွေ့ရှိသော ဆေးပုလင်းမှာ ဒါလဟိုဇီလမ်း(ယခု မဟာဗန္ဓုလလမ်း)ရှိ ဆေးဆိုင်တစ်ဆိုင်သို့ ယမန်နေ့က အရပ်မြင့်မြင့် နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် ဘိုလိုဝတ်သော လူတစ်ယောက် လာ၍ ဝယ်ယူကြောင်း၊ အလောင်းကို ရင်ခွဲရုံ၌ ခွဲ၍ကြည့်ရှုသည့်အခါ ဆရာဝန်က အစာအိမ်၌ အိပ်ပျော်ဆေးများ တွေ့ရှိသော်လည်း ၎င်းမိန်းမ သေဆုံးခြင်းမှာ ထိုအိပ်ပျော်ဆေးကြောင့် မဟုတ်၊ သွေးကြောများ၌ အဆိပ်ကို ပြွတ်နှင့် ထိုးသွင်းသောကြောင့် အသက်သေဆုံးခြင်း ဖြစ်ကြောင်းနှင့် ဆရာဝန်က ထွက်ဆိုသည် ဟု ကျွန်တော့်အား ပြန်ပြောင်း ပြောပြလေ၏။

**ကျွန်တော်**။ ။'ဆေးလာဝယ်တာက အရပ်မြင့်မြင့် လို့ပြောပါတယ်၊ ဒေးဗစ်က အရပ်လဲ မမြင့်ပါကလားဗျ'

**ရှား**။ ။'ဒေးဗစ်ဝယ်တာ မဟုတ်လို့ပေါ့ဗျာ၊ သည်အမှုမှာ သည့်ပြင်လူ တစ်ယောက် ရှိသေးတယ်လို့ ကျုပ်က အစကတည်းက မပြောဘူးလား၊ ကိုင်း သို့သော် ကိုအုန်းဖေတို့ဆီ သွားပြီး လည်ကြဦးစို့ဗျာ၊ လိုက်ဦးမလား'

**ကျွန်တော်**။ ။'လိုက်တာပေါ့ဗျာ'

ကျွန်တော်တို့သည် မောင်အုန်းဖေရှိရာ ဌာနသို့ ရောက်ကြသဖြင့် အမှုအကြောင်းနှင့် ပတ်သက်ရာ တိုင်ပင်နှီးနှောလျက် ရှိကြစဉ်

**ဖေ**။ ။'နေရာကျလိုက်တာ ဆရာ'

**ရှား**။ ။'ဘာများလဲဗျ'

**ဖေ**။ ။'ဒေးဗစ်နှင့် သွားဖော်လုပ်ဖက် လုပ်တဲ့ အီဇရာဆိုတဲ့ ရဟူဒီကုလားဟာ အရပ်မြင့်မြင့် နှုတ်ခမ်းမွေးကောင်းကောင်းပဲ ဆရာရေ့'

**ရှား**။ ။'ဩော် ထောက်လှမ်းမိပြီလား၊ သည့်ပြင်ကော ဘယ်သူ ပါသေးသလဲ'

**ဖေ**။ ။'အဲဒီ အီဇရာနှင့် အတူတူ၊ ဒါကတော့ ရေဘက်ကာ ဆိုတဲ့ ကုလားမတစ်ယောက် ရှိတယ် ဆရာ၊ သတင်းရပုံကတော့ သူတို့နှစ်ယောက်က ဒေးဗစ်ကို မြှောက် စား နေတယ်လို့ ကြားတယ်'

**ရှား**။ ။'သူတို့ နှစ်ယောက် မျက်ချေ မပြတ်နှင့် ဗျို့၊ ကြားလား'

**ဖေ**။ ။'စိတ်ချပါ ဆရာ'

ထိုခဏ၌ အသက် ၄၀ ကျော် အရွယ်ခန့်ရှိ ကုလားမတစ်ယောက်သည် ဌာနသို့ ပျာယီးပျာယာ ဝင်လာပြီးလျှင်

ကုလားမ။ ။'စတီဗင်ဆင်လမ်း၊ မစ္စက်ဒေးဗစ်ကို သတ်တာ ဘယ်သူမှန်း ဆရာတို့ သိကြရဲ့လား'

**ဖေ**။ ။'စုံထောက်တုန်းပါပဲ'

**ကုလားမ**။ ။'စုံထောက်မနေနှင့် ၊ ဘယ်သူမှ မဟုတ်ဘူး၊ သူ့ယောကျာ်း သတ်တာရှင့် ၊ ချက်ချင်းသာ သွားပြီး ဖမ်းကြ'

**ဖေ**။ ။'ထိုင်ပါဦးဗျ၊ ခင်ဗျား ဘယ့်နှယ် သိသလဲ'

**ကုလားမ**။ ။'ရော့ ဟော့ဒီစာကို ဖတ်ကြည့်' ဟု ပြော၍ စာတစ်စောင်ကို စားပွဲပေါ် သို့ ပစ်၍ တင်သဖြင့် မောင်စံရှားသည် ၎င်းစာကို ဖြေကြည့်၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားကြောင်း တွေ့ရှိရလေရာ မြန်မာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

***အီဇရာသည် ကျွန်မထံ အကြိမ်ကြိမ်လာ၍ ဒေးဗစ်က မေတ္တာ မကုန်သေးကြောင်းကို ပြောပြပါသည်။ ကျွန်မတို့ နှစ်ဦး တဖန် ပြန်၍ ပေါင်းမိစေရန်လည်း အကြံပေးပါသည်။ သူ၏ အကြံမှာ ကျွန်မက စိတ်ညစ်ညူးသောကြောင့် လူ့ပြည်၌ မနေတော့မည့် အကြောင်းကို စာရေး၍ ပေးပြီးလျှင် သေတမ်းစာနှင့် တကွ ပေးပို့လိုက်ပြီးနောက် အိပ်ပျော်ဆေး တစ်ခွက်ကို သောက်ပြီးလျှင် သေချင်ပြု၍ နေပါက ဒေးဗစ်ရောက်လာသော အခါ ယူကြုံးမရ ဖြစ်ပြီးလျှင် ရှေးကထက် ပိုမို ချစ်ခင် လိမ့်ဦးမည်ဟု ပြောပါသည်။ ကျွန်မကလည်း ၎င်းအကြံအစည်ကို သဘောကျပါသည်။ ယနေ့ည ဤအကြံအတိုင်း ပြုပါတော့မည်။ မနက်ဖြန် ညနေလောက် ကျွန်မထံ အလည်လာနိုင်က လာပါ၊ အကျိုးအကြောင်း ပြောပြပါမည်။***

***မစ္စက်ဒေးဗစ်***

**ရှား**။ ။'ခင်ဗျား အမည် မစ္စက် အန်ထော်နီ ဟုတ်စ'

**မ**။ ။'ဟုတ်ပါတယ်'

**ရှား**။ ။'မစွက်ဒေးဗစ်နှင့် ဘယ့်နှယ် တော်သလဲ'

**မ**။ ။'သူငယ်ချင်း ပါပဲ၊ အင်မတန် ခင်ပါတယ်၊ ဘာမှ မတော်ပါ'

**ရှား**။ ။'ခင်ဗျား ယခု မစွက်ဒေးဗစ် အိမ်က လာတယ် ဟုတ်စ'

**မ**။ ။'မှန်ပါတယ်'

**ရှား**။ ။'ဒေးဗစ်အိမ်ကော ရောက်ခဲ့သလား'

**မ**။ ။'ရောက်သော်လည်း ဒေးဗစ်နှင့် မတွေ့ခဲ့ရပါ'

**ရှား**။ ။'သည်စာရကြောင်း ဘယ်သူ့ ပြောပြီးပြီလဲ'

**မ**။ ။'ဘယ်သူ့ကိုမှ မပြောရသေးပါ'

**ရှား**။ ။'ကောင်းပြီ၊ ခင်ဗျား သူငယ်ချင်း သတ်တဲ့လူ မိချင်ရင် သည်စာ အကြောင်းကို ဘယ်သူမှ မပြောနှင့် ကြားလား'

**မ**။ ။'ကောင်းပါပြီ'

ကုလားမ ထွက်သွားသောအခါ

**ရှား**။ ။'ယခုတော့ တော်တော် ရှင်းသွားပြီဗျို့၊ အီဇရာဆိုတဲ့ အကောင်က ဤစာမှာပါတဲ့ အတိုင်း မစွက်ဒေးဗစ်ကို သွားပြီးနူး၊ သဘောတူတဲ့ အခါမှာ အိပ်ပျော်ဆေး သွားပြီးဝယ်၊ စာနှင့် သေတမ်းစာကို သူ့ရှေ့တွင် ရေးစေ၊ နောက်ပြီး ဘေးတိုက် အိပ်ပျော်နေတဲ့ အခါမှာ သူဆောင်ခဲ့တဲ့ အဆိပ်ကို ပေါင်မှာ ထိုးထည့်၊ နောက်ဘေး ပြတင်းပေါက် ရေပွန်က ဆင်းသွား ၊ သည်လို မဟုတ်လားဗျာ'

**ကျွန်တော်**။ ။'နို့၊ နေပါဦးဗျာ၊ ဒေးဗစ်ကိုယ်တိုင်က ကျွန်တော်တို့ဆီ လာပြီး တိုင်တန်းတယ် မဟုတ်လားဗျာ'

**ရှား**။ ။'သည်ဟာက သက်သက် ဉာဏ်များတာကပဲ ဗျ၊ သည်ကိစ္စကို သူပဲ စီမံ၊ စီမံပြီး သတ်တဲ့လူက သတ်၊ သတ်ပြီး သူ့ကိုယ်သူ လုံခြုံလုပြီ ဆိုပြီး လာတိုင်တာပေါ့ဗျာ၊ သည်လို ကိုယ့်အမှုကို ကိုယ်ကဦးအောင် ကျုပ်တို့ဆီ လာပြီး တိုင်တန်းတာ တစ်ခါ နှစ်ခါ ကြုံရဖူးပြီ မဟုတ်လားဗျ၊ ကိုင်း ကိုင်း အီဇရာ လင်မယားနှင့် ဒေးဗစ်တို့ကို ကျုပ်ကိုယ်တိုင် တစောင်းက ချောင်းပြီး ကြည့်ကြရအောင်ဗျာ'

ထိုနေ့မှစ၍ ကျွန်တော်နှင့် မောင်စံရှား၊ မောင်အုန်းဖေ တို့သည် ထိုသူသုံးယောက်တို့ တိုင်ပင်စကား ပြောကြားကြမည်များကို ချောင်းမြောင်း ကြည့်ရှုနားထောင်ရန် ကြိုးစားကြပါသော်လည်း ၎င်းတို့ သုံးဦး တွေ့ဆုံကြသည်ကိုသာလျှင် တွေ့မြင်ရ၍ ၎င်းတို့ ပြောဆိုတိုင်ပင်သည့် စကားများကိုမူ ကြားနိုင်လောက်အောင် အခွင့် မရရှိခဲ့ကြချေ။

တတိယနေ့၌ မူကား ကျွန်တော်တို့ ရည်ရွယ်သည့်အတိုင်း ထမြောက် အောင်မြင်ခဲ့လေ၏။ ထိုညဉ့်၌ ကျွန်တော်တို့သည် အီဇရာလင်မယား နေထိုင်ရာ တိုက်သို့ သွားရောက်စုံစမ်း ကြရာ ၎င်းတို့မှာ ၃၂ လမ်းရှိ သုံးထပ်တိုက် တစ်တိုက်၏ အပေါ်ဆုံး ထပ်၌ နေထိုင်လျက် ရှိကြောင်း သိရှိကြသဖြင့် ၎င်းတိုက် အမိုးပေါ် သို့ တက်ကြပြီးလျှင် ကောင်းကင် မှန်ပြတင်းပေါက်ကို စိန်နှင့် အပေါက်ငယ် ဖြစ်အောင် ထွင်းဖောက်ပြီးနောက် စောင့်ဆိုင်းလျက် ရှိကြလေ၏။

ညဉ့် ၈ နာရီကျော်လောက် ရှိလတ်သော် အီဇရာတို့၏ အခန်းမှ ခြေသံများ ကြားရပြီးနောက် ဓာတ်မီးများ ရုတ်တရက် လင်း၍လာလေရာ ကျွန်တော်တို့သည် အမိုးပေါ်မှ ချောင်းမြောင်း ကြည့်ရှု ကြသည်တွင် အီဇရာ လင်မယား ရောက်လာကြကြောင်း တွေ့မြင်ကြရလေ၏။ ၎င်းတို့သည် ဧည့်ခန်းစားပွဲ၌ ထိုင်လျက် ရှိကြရာ အီဇရာသည် နာရီကို မကြာမကြာ ကြည့်သည်ကို မြင်သဖြင့် တစ်စုံတစ်ယောက်သော သူကို မျှော်လင့် စောင့်ဆိုင်းလျက် ရှိကြောင်း သိရှိရလေ၏။

၈ နာရီ ခွဲသည်နှင့် တပြိုင်နက် ဒေးဗစ်သည် အခန်းတွင်းသို့ ဝင်လာ၍ စားပွဲအနီး ကုလားထိုင် ပေါ်၌ ထိုင်ပြီးလျှင် သုံးဦးသားတို့သည် စကားဆူညံစွာ ပြောဆို ငြင်းခုံလျက် ရှိနေကြလေ၏။

**အီဇရာ။** ။'ငွေလိုတယ်ဗျ၊ ငွေ အားကြီးလိုနေတယ်၊ တိုက်ခကလဲ ပူလှ ဆူလှပြီ၊ ပုလိပ်ကလဲ ကျုပ်တို့ကို မသင်္ကာတဲ့ လက္ခဏာ ရှိတယ်၊ ငွေရအောင် မြန်မြန် လုပ်တော့ဗျ၊ ကျုပ်တို့ ဝေစုကလေး ယူပြီး အိန္ဒိယပြည် သွားချင်လှပြီ'

**ဒေးဗစ်။** ။'ဘယ့်နယ်လုပ်မလဲဗျ၊ ကျုပ်မှာလဲ ငွေမရှိဘူး၊ ကျုပ်မိန်းမ ထားခဲ့တဲ့ အမွေကလေး ရဖို့ဟာလဲ ခင်ဗျား ဝွလုပ်တာ မဟုတ်ဘူးလား'

**အီဇရာ။** ။'ကျုပ်က တံခါးကိုလဲ ပိတ်ထားခဲ့တယ်၊ ပြွတ်ကိုလဲ ယူခဲ့တယ်၊ တိုက်နောက်ဘေးကလဲ ဆင်းလာခဲ့တယ်၊ ဘာလိုသေးလဲ၊ ခင်ဗျားက ညဏ်ကွန့်ပြီး စုံထောက်တွေ တိုင်လားဘာလား လုပ်လို့ အားလုံး ဝွကျကုန်တယ် မဟုတ်လားဗျ'

**ဒေးဗစ်။** ။'ခင်ဗျားကကော အိပ်ပျော်ဆေးပုလင်းကို မေ့ပြီး ထားခဲ့တယ် မဟုတ်ဘူးလားဗျ'

**အီဇရာ။** ။'မေ့ရင်ကော ဘာဖြစ်သလဲ၊ ဒါကြောင့် သေတာမှ မဟုတ်ဘဲ'

**ဒေးဗစ်။** ။'ဒါမေ့လို့ ပုလိပ်က ခြေရာခံမိ မှာပေါ့ဗျ'

**မိန်းမ။** ။'ရှင် သည်လိုချည်းပဲ၊ ငွေကလေး ပေးရမယ် ဆိုတော့ ဟိုလူ လိုက်ချ၊ သည်လူ လိုက်ချ၊ ပေးပါရှင် ငွေ၊ ကျွန်မတို့ သွားချင်ပါပြီ'

**ဒေးဗစ်။** ။'ပေးရမယ်၊ ငွေကြီး ပေးလိုက်ရမယ်၊ ကြပ်ကြပ် ဆူကြနော်၊ ပုလိပ်ကို သွားတိုင်လိုက်မယ်'

**အီဇရာ။** ။'တိုင်ဦးကွာ၊ တိုင်ချေကွာ' ဟု ပြောလျက် ပြောင်လက်သော လက်နက်တစ်ခုနှင့် ဒေးဗစ်အား ထိုးကြိတ်လျက်ရှိရာ ကျွန်တော်တို့သည် အရေးတကြီး အမိုးပေါ်မှ လျှင်မြန်စွာ ပြေးဆင်းလာကြ၍ တိုက်ခန်းတွင်းသို့ ပြေးဝင်ကြလေ၏။

တိုက်ခန်းတွင်းသို့ ရောက်သောအခါ ကျွန်တော်တို့သည် ကြမ်းပေါ်၌ လဲနေသော ဒေးဗစ်နှင့် ကုလားမကိုသာလျှင် တွေ့ကြရတော့သည် ဖြစ်ရာ ကုလားမသည် ကျွန်တော်တို့ ဝင်လာကြသည်ကို မြင်သည်နှင့် တပြိုင်နက် အင်္ကျီအိတ်မှ တစ်စုံတစ်ခုကို ထုတ်ယူ၍ လျှင်မြန်စွာ သောက်လိုက်သည်ကို မြင်ရပြီးနောက် တစ်ခဏချင်းတွင် ကြမ်းပေါ် သို့ လဲကျသွားလေ၏။

**ရှား။** ။'ကိုအုန်းဖေ အီဇရာ့ နောက်ကို မြန်မြန်လိုက် ၊ မြန်မြန်လိုက်၊ လှေခါးက ဆင်းပြေးတယ်၊ လိုက်ပါ လိုက်ပါ၊ သည်ဟာတော့ ကျုပ်တို့ ကြည့်ရစ်ပါ့မယ်' ဟု ပြောဆိုသဖြင့် မောင်အုန်းဖေသည် ခရာကို မှုတ်လျက် လှေခါးမှ အပြေးဆင်း၍ လိုက်လေ၏။

တိုက်အောက်မှာလဲ ကျွန်တော်တို့သည် စောစောကပင် ပုလိပ်အရာရှိများကို စောင့်ဆိုင်း၍ နေစေသည် ဖြစ်သောကြောင့် ၎င်းတို့လည်း ညာသံပေး၍ အီဇရာ၏ နောက်သို့ လိုက်ကြလေ၏။

ကျွန်တော်နှင့် မောင်စံရှားတို့ မှာမူ ဒဏ်ရာရရှိသော ဒေးဗစ်နှင့် အဆိပ်သောက်ထားသော ကုလားမကို တတ်အားသမျှ စောင့်ရှောက်လျက် ဆရာဝန်၏ ထံသို့လည်း တယ်လီဖုန်းဖြင့် ဆက်သွယ် ခေါ်ငင်လေရာ ဆရာဝန်ကြီး မရောက်မီတွင်ပင် ကုလားမသည် ကြမ်းပေါ်၌ လူးလိမ့်ပြီးနောက် အသက်ကုန်၍ သွားလေ၏။ ဒေးဗစ်မှာလဲ ရင်ဝ၌ ဓားမြောင်ဒဏ်ရာ နှစ်ချက်၊

ကျော၌ တစ်ချက်၊ ဦးခေါင်း၌ တစ်ချက်၊ အနံ့အပြား ဒဏ်ရာများ ရထားသည် ဖြစ်၍ ဆရာဝန် ရောက်လာပြီးသည့်နောက် မကြာမီ အတွင်းတွင် ဒေးဗစ်လဲ အသက် ဆုံးရှုံး ခဲ့လေ၏။

ကျွန်တော်တို့သည် အလောင်းများကို ဆေးရုံကြီးသို့ တင်ပို့ရန် စီမံလျက် ရှိကြစဉ် မောင်အုန်းဖေသည် တိုက်ပေါ် သို့ ပြေးတက်လာရာ

**ရှား။** ။'ဘယ့်နှယ်လဲဗျို့၊ လွတ်သွားပြီလား'

**ဖေ။** ။'အေး၊ လွတ်သွားပြီ ဆရာ၊ သူက ကားနှင့် အတင်းပြေး၊ ကျွန်တော်တို့ကလဲ တက္ကစီနှင့် အတင်းလိုက်၊ လမ်းမတော် ဘူတာနား ရောက်တော့ ပြည်မြို့ သွားတဲ့ ရထားကြီးပေါ် အတင်း ခုန်တက် ပြေးပါရော ဆရာ'

**ရှား။** ။'လာဗျို့၊ ဒါဖြင့် မဖြစ်ဘူး၊ မီအောင် လိုက်ရလိမ့်မယ်'

ကျွန်တော်တို့သည် အလောင်းများကို ဆရာဝန်အား အပ်နှံထားခဲ့ပြီးလျှင် ဌာနသို့ လျှင်မြန်စွာ ကားနှင့် မောင်းနှင်လာကြပြီးနောက် အလွန်တရာ စက်အားကောင်း၍ လျှင်မြန်လှသော ပုလိပ်မော်တော်ကားကို ထုတ်ယူလေ၏။ ၎င်းနောက် ကျွန်တော်နှင့် မောင်စံရှား၊ မောင်အုန်းဖေ တို့သည် ထိုကားပေါ် သို့ တက်ကြပြီးနောက် အခြားပုလိပ် အရာရှိများအား ကျွန်တော်တို့ စီးလာခဲ့သော ကားနှင့် တတ်နိုင်သမျှ နောက်က လိုက်ခဲ့ကြရန် တာဝန်ပေးအပ်ခဲ့လေ၏။ ကားကြီးပေါ်သို့ တက်မိကြလျှင် မောင်စံရှားသည် ကားကို မောင်းနှင်လေရာ ကားမောင်းခြင်းအတတ်၌ အလွန်တရာ ကျွမ်းကျင်လိမ္မာသူ တစ်ယောက် ဖြစ်လေရကား ထူထပ်လှသော ရန်ကုန်မြို့တွင်းပင်လျှင် တစ်နာရီလျှင် မိုင် ၄၀ကျော်ခန့်မျှလောက် ရောက်အောင် ကွေ့ကောက်ရှောင်တိမ်းကာ အတိုက်အခိုက် မရှိစေဘဲ မောင်းနှင်ခဲ့လေ၏။ ၎င်းနောက် ရန်ကုန်မြို့ကို ကျော်လွန်ကာ ရှင်းသော ပြည်လမ်းမကြီးပေါ် သို့ ရောက်ကြသောအခါ၌ကား မောင်စံရှားသည် စက်ကို လျင်မြန်သည်ထက် လျင်မြန်အောင် ဖွင့်၍ဖွင့်၍ပေးလေရာ ကားပေါ်၌လေမုန်တိုင်းကြီးကျလျက် မောင်စံရှားမှာ ကားနှင့်တစ်သားတည်း ဘက်စပ်၍ လုပ်ထားဘိသကဲ့သို့ ပြားပြားဝပ်ကာ ကျင်လည်စွာ မောင်းနှင်ခဲ့လေ၏။ ကျွန်တော့်မှာ ဤမျှလောက် လျင်မြန်သော မော်တော်ကားကို မစီးဘူးသည် ဖြစ်၍ ဘုရား–ဘုရား–ဘုရား ဟု ရေရွတ်ကာ ကြောက်အားတကြီး လိုက်ပါလေရာ မီတာကို လှမ်း၍ ကြည့်လိုက်သော အခါ၌ကား တစ်နာရီလျှင် ၆၅ မိုင် ခရီးမျှ သွားလျက်ရှိကြောင်းကို တွေ့မြင်ရသော အခါမှစ၍ ကျွန်တော့်မှာ မျက်လုံးများဖွင့်လျက် နားများမှာလဲ မည်သည့် အသံကိုမျှ မကြား၊ တဝီဝီ မည်သံကိုသာ ကြားရသည် ဖြစ်ရာ တစ်ခုသော နေရာသို့ ရောက်သောအခါ၌ကား မီးရထားကို အဝေးမှ လှမ်း၍ ရိပ်ခနဲ လှမ်း၍ မြင်လိုက်ရသည် ဖြစ်သောကြောင့် ၎င်းကို မီလာခဲ့ကြောင်း သိရှိရလေ၏။

သို့ရာတွင် မောင်စံရှားသည် စက်ကို အရှိန်လျှော့မည့် အစား ရှေးကထက်ပင် တိုးတက် မောင်းနှင်ပြန်လေရာ ၁၀ မိနစ်ခန့်မျှ မောင်းနှင်မိသော အခါ ကားသည် နံဘေးသို့ ချိုးဝင်ပြီးနောက် ရုတ်တရက် ရပ်တန့်သည်တွင်မှ ကျွန်တော်တို့သည် ဘူတာရုံ တစ်ရုံသို့ ဆိုက်ရောက်လျက် ရှိကြောင်း သိရှိရလေ၏။

မောင်စံရှားသည် ကားပေါ်မှ လျင်မြန်စွာ ခုန်ဆင်း၍ မီးရထားရုံပိုင်အား မီးရထားကို ရပ်တန့်စေရန် အလံကို ပြစေလေ၏။ ၎င်းဘူတာမှာ သေးငယ်သော ဘူတာရုံမျှ ဖြစ်သောကြောင့် စာပို့ရထားသည် သည်လိုနေရာ၌ မရပ်ကြောင်းကို သိသဖြင့် မောင်စံရှားက စေခိုင်းရခြင်း ဖြစ်လေသည်။ တစ်မိုင်ခရီးမျှ မီးရထားသည် ကျွန်တော်တို့ ရှိရာ ဘူတာသို့ လျင်မြန်စွာ မောင်းနှင်၍ လာလျက်ရှိရာ မောင်စံရှားနှင့် မောင်အုန်းဖေ တို့သည် အလွန်တရာ အံ့သြလျက် ရှိနေသော ရုံပိုင်အား မိမိတို့၏ တံဆိပ်များကို ပြ၍ မီးရထားကို ရပ်တန့်စေရန် မီးနီများ ပြဖို့ အမိန့်ပေးလျက် ရှိလေ၏။

နောက်ဆုံး၌ ရုံပိုင်သည် အရေးကြီးကြောင်း ယုံကြည်သည်ဖြစ်၍ အလံတိုင်ပေါ် သို့ မီးအိမ်အနီများ တင်ပြီးလျှင် လက်မှ မီးအိမ်အနီကိုလည်း ရမ်း၍ ပြလေရာ မီးရထားသည် မီးနီများကို မြင်သဖြင့် ဥသြ အကြိမ်ကြိမ် ပေးပြီးနောက် စက်ဘရိတ်များ အတင်းအုပ်၍ ရပ်တန့်ရလေ၏။ ထိုခဏ၌ ပုလိပ်အရာရှိတို့လည်း ဒုတိယကားနှင့် ဆိုက်ရောက်လာကြလေ၏။

မီးရထား ရပ်တန့်သည်နှင့် တပြိုင်နက် ပုလိပ်အရာရှိများနှင့် ကျွန်တော်တို့သည် မီးရထားတွဲများပေါ် သို့ လျင်မြန်စွာ တက်ကြပြီးလျှင် တစ်တွဲပြီးလျှင် တစ်တွဲ ရှာဖွေကြလေရာ မည်သည့် တွဲ၌မျှ အီဇရာကို မတွေ့ဘဲ ရှိနေခဲ့လေ၏။

နောက်ဆုံး၌ ပုလိပ်အရာရှိ တစ်ယောက်က 'ပြေးပြီ ဆရာရေ့ ပြေးပြီ' ဟု အော်သံကြားသဖြင့် ကျွန်တော်သည် ဘူတာဘက်သို့ ကြည့်လိုက်ရာ လူတစ်ယောက်သည် ကျွန်တော်တို့ စီးလာခဲ့သော ပုလိပ်ကားကြီးကို မောင်းနှင်၍ ထွက်သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

ထိုအခါမှ ကျွန်တော်တို့လဲ လျင်မြန်စွာ လူစုပြီးလျှင် ကျန်ရှိရစ်သော ကားပေါ် သို့ ခုန်တက်၍ ကားကြီးနောက်သို့ လိုက်လေ၏။ အီဇရာသည် မီးရထား ရပ်သည်နှင့် တပြိုင်နက် ခုန်ဆင်းပြီးလျှင် လယ်ထဲမှ ကွင်း၍ ပြေးသွားပြီးနောက် ကားပေါ် ခုန်တက် မောင်းနှင်သွားခြင်း ဖြစ်လေသည်။

မောင်စံရှားသည် ကားကို မောင်းနှင်လျက် ကျွန်တော်တို့ အားလုံးမှာလဲ ကြပ်ကြပ်တည်းတည်းနှင့် လိုက်ပါခဲ့ကြလျက် ရှေ့မှ ကားကို မီအောင် အတင်းမောင်းနှင် ခဲ့ကြလေရာ မီးရထားသည်လည်း ကျွန်တော်တို့နောက်မှ ဆက်လက်မောင်းနှင် လိုက်ပါလာခဲ့လေ၏။ မောင်စံရှားသည် စက်ကုန်ဖွင့်၍ ကားကို မောင်းနှင်လေရာ ချိုင့်ဝှမ်းသော နေရာများသို့ ရောက်သောအခါ ဒုန်းမြင်းကဲ့သို့ လွှား၍ လွှား၍ ပြေးသည်ဟု ကျွန်တော်၏ စိတ်၌ မှတ်ထင်မိလေ၏။ ရှေ့က ကားနှင့် အနည်းငယ် နီးကပ်၍ လာသောအခါ မောင်အုန်းဖေသည် ရှေ့ကားမှ တိုင်ယာများကို သေနတ်နှင့် လှမ်း၍ ပစ်သော်လည်း ချန်သား မရသဖြင့် မထိမှန်ဘဲ ပြေးမြဲအတိုင်း ဆက်လက်၍ ပြေးလေ၏။

မီးရထားလမ်းကူးသို့ ရောက်သော အခါ၌ကား သံတံခါးသည် ပိတ်ဆို့ပြီးနှင့်သည် ဖြစ်သောကြောင့် မောင်အုန်းဖေက 'တစ်ခါဖြင့် မိပြီ ဆရာရေ့၊ ဆရာ့ အကောင် မလွတ်ဘူး' ဟု ပြောဆိုလျက်ရှိစဉ် ရှေ့ကားပေါ်မှ အီဇရာသည် မည်သို့ ပြုရမည် မသိသည့် လက္ခဏာနှင့် ကားကို အနည်းငယ် အရှိန်သတ်လေ၏။ ထိုခဏ၌ မီးရထားသည် ကျွန်တော်တို့၏ နောက်မှ ပေ ၂၀၀ ခန့်သာ လှမ်းဝေးကွာလျက် အရှိန်ပြင်းစွာ ခုတ်နှင်လျက် ရှိလေ၏။ အီဇရာသည် တစ်ခဏမျှသာလျှင် တွေဝေစဉ်းစားပြီးနောက် မိမိ၏ ကားကို ရှေးကထက် လျှင်မြန်စွာ မောင်းနှင်ပြီးလျှင် မီးရထားလမ်းကူး သံတံခါးကို အတင်းဝင်တိုက်လိုက်ရာ ကျွန်တော်တို့မှာ အံ့အားသင့်ကာ ကားကို ရပ်တန့်၍ ကြည့်နေကြရလေ၏။

အီဇရာ၏ ကားသည် သံတံခါးကို အရှိန်ပြင်းစွာနှင့် ဝင်၍ တိုးသဖြင့် တံခါးသည် ကျိုးပဲ့ ပျက်စီး၍ သွားပြီးလျှင် ကားသည် တံခါးကို ကျော်လွန်၍ မီးရထားသံလမ်းရှေ့၌ ထိုမှ ဤမှ ယိမ်းယိုင်လျက် ရှိသည်။ နောက်မှ ခုတ်လာသော မီးရထားသည် မော်တော်ကား၏ အလယ်ဗဟိုသို့ တည့်တည့်ဖြတ်၍ ခုတ်ဝင်လာလေ၏။

ထိုခဏ၌ ဓာတ်ဆီကန်သည် ပေါက်ကွဲသဖြင့် ဖွေးဖွေးဖြူဖြူသော မီးတောက်တို့သည် ယပ်တောင်ကြီးသဖွယ် ကောင်းကင်သို့ ဖြာတက်လျက်ရှိရာ ၎င်းမီးတောက်၏ အလင်းရောင်ဖြင့် အီဇရာသည် မီးရထား စက်ခေါင်းပေါ် သို့ တွယ်၍ လိုက်ပါပြီး လိုက်ပါပြီးလျှင် အလွန်တရာ ပူလောင်လှသော ရေနွေးပွက်များကို ကိုင်တွယ်မိသဖြင့် ရှို့မဲ့ကာ အော်ဟစ်ပြီး နောက်ဘီးများ၏ အကြားသို့ ကျသွားရှာသည်ကို ကျွန်တော်တို့ အားလုံးသည် ထင်လင်းသေချာစွာ တွေ့မြင်လိုက်ရလေတော့သတည်း။

**ပြီးပါပြီ။**

× × × × × ×

# ၅။ ထူးဆန်းသော လူသတ်မှုကြီး

တစ်နေ့သ၌ ကျွန်တော်သည် ပဲခူးမြို့သို့ အရေးကြီးသော ကိစ္စတစ်ခုနှင့် သွားရောက်၍ သုံးရက်ခန့် ကြာသောအခါမှ ညနေရထားနှင့် ပြန်လာခဲ့ရာ မောင်စံရှားမှာ အိမ်၌ မရှိကြောင်း သိရာတွင် အစေခံကို မေးမြန်းသဖြင့် မောင်စံရှားမှာ ကျွန်တော် မရှိသည့်အခိုက်တွင် အိမ်၌နေသည် မရှိဘဲ ညအိပ်ရုံလောက် သာလျှင် အိမ်သို့ ပြန်လာကြောင်းနှင့် ကြားသိရလေ၏။ ညစာစားချိန် တိုင်သော်လည်း မောင်စံရှား မပြန်လာသေးသဖြင့် ကျွန်တော် တစ်ယောက်တည်း စားသောက်ရလေရာ အိပ်ချိန်တိုင် ရောက်လေလျှင် အိပ်ရာသို့ ဝင်မည်ပြုသော်လည်း အရေးကြီးသော အမှု တစ်စုံတစ်ခု အတွက်ကြောင့် မောင်စံရှား သွားနေကြောင်းကို သိရှိသည် ဖြစ်၍ မအိပ်နိုင်ဘဲ ကုလားထိုင်ပေါ်၌ စာဖတ်ကာ စောင့်ဆိုင်းလျက် နေလေ၏။

ဆယ့်နှစ်နာရီ ထိုးလုနီးကာမှ မောင်စံရှားသည် ကားတစ်စီးနှင့် ပြန်လာ၍ ကျွန်တော့်အား မြင်သည်နှင့် တပြိုင်နက်

'အောင်မယ် အခန့်သင့်လိုက်လေ ကိုသိန်းမောင်ရယ်၊ ခင်ဗျားကို မျှော်နေတုန်း ရောက်လာတယ်ဗျာ' ဟု ပြောသဖြင့် ကျွန်တော်က

'ခင်ဗျား မျှော်လိမ့်မယ် ဆိုတာ သိလေတော့ ကျွန်တော်လဲ ခင်ဗျား မပြန်မချင်း စောင့်နေပါတယ်ဗျာ၊ ဘာအမှုများလဲ ဗျ၊ အခုတလော အမှု ကြီးကြီးကျယ်ကျယ် မလိုက်ရတာ ကြာပြီဗျာ၊ လူသတ်မှုထက် သေးရင်တော့ ကျွန်တော် မလိုက်ချင်ဘူးဗျို့'

**ရှား**။ ။'စိတ်ချ ဆရာရေ့၊ လူသတ်မှုကိုမှ တကယ့် လူသတ်မှုပဲ၊ လိုက်ဖို့သာ ပြင်ပေတော့ '

**ကျွန်တော်**။ ။'ဘယ်အရပ်မှာလဲဗျ'

**ရှား**။ ။'သန်လျင်ဘက်မှာ ၊ မယားက လင်ကို သတ်မှုတဲ့၊ ကျုပ် စုံထောက်ခဲ့ရသမျှ အမှုတွေ ထဲမှာ သည်အမှုကလေးဟာ တော်တော် ထူးထူးခြားခြား အချက်ကလေးတွေ ပါတယ်ဗျ၊ အိပ်ချင်ပြီလား ကိုသိန်းမောင်'

**ကျွန်တော်**။ ။'ခုနင်ကတော့ အိပ်ချင်သလိုလို ရှိနေတာ၊ အခုတော့ အမှုသံ ကြားရတာနှင့် မျက်စိကို ကျယ်သွားပါပြီဗျာ၊ ပြောစမ်းပါဦး ကြားပါရစေ'

ထိုအခါ မောင်စံရှားသည် အမှုအကြောင်းနှင့် စပ်လျဉ်း၍ ထိုအချိန်ထိ ၎င်းသိရှိရသမျှ အဖြစ်အပျက် အကြောင်းအရာတို့ကို ကျွန်တော့်အား ပြန်ကြားပြောဆိုလေရာ လိုရင်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

ပင်စင်အငြိမ်းစား ရာဇဝတ်ဝန်ထောက် ဦးတင်ဖေနှင့် ဝန်ထောက်ကတော် ဒေါ်မြနုစ် တို့သည် သန်လျင်ဘက် ဆိတ်ငြိမ်သော ရပ်ကွက်တစ်ခု၌ ငြိမ်းချမ်းစွာ နေထိုင်လျက် ရှိကြလေ၏။ ၎င်းဦးတင်ဖေသည် ရာဇဝတ်ဘက်တွင် အနိမ့်ဆုံး အမှုထမ်း အဖြစ်မှ စတင် ထမ်းရွက်ခဲ့သူ ဖြစ်လေရာ ၎င်း၏ သူရသတ္တိနှင့် ဉာဏ်ပညာ အရည်အချင်း တည်းဟူသော ဂုဏ်ထူးတို့ကြောင့် အထက်အရာရှိကြီး တို့သည် သာမည အမှုထမ်းပင် ဖြစ်စေကာမူ တဆင့်မှ တဆင့် ကြီးမြင့်သော ရာထူးတို့ဖြင့် ချီးမြှင့် ခန့်ထားခြင်းကို ခံရသည် ဖြစ်သောကြောင့် နောက်ဆုံး၌ ရာဇဝတ်ဝန် ရာထူးမှ အသက်တန်း စေ့သဖြင့် ပင်စင် ယူခဲ့ရခြင်း ဖြစ်လေသည်။ ဝန်ထောက်ကတော် ဒေါ်မြနုစ် မှာလည်း ရုပ်ရည် ရူပကာယ ချောမော လှပသည့် အပြင် သူတစ်ပါးတို့ထက် ထူးထူးခြားခြား ခန့်ညားမွန်ရည်သော အဆင်းအင်္ဂါနှင့် ပြည့်စုံသည် ဖြစ်ရာ ၎င်းတို့ နှစ်ဦး အကြောင်း ဆုံစည်းစဉ်အခါ ဦးတင်ဖေမှာ စာသင်ရာထူးပင် ရှိသေး၍ ဒေါ်မြနုစ်မှာလည်း ရာဇဝတ်အုပ် တစ်ယောက်၏သမီး ဖြစ်လေသည်။

၎င်းတို့ သမီးခင်ပွန်းသည် လက်ထပ်သည့် နေ့မှစ၍ တစ်ဦးနှင့် တစ်ဦး အထူးသဖြင့် သင့်မြတ်ကြသည် ဖြစ်၍ ခိုက်ရန်ဒေါသ ဖြစ်ဖူးကြမည်ကို မဆိုထားဘိ ကတောက်ကဆ စကားများဖူးကြသည်မျှ မရှိဘူး ကြသည်ဖြစ်ရာ တစ်ဦးအား တစ်ဦး ချစ်ခင် ကြင်နာ ကြကြောင်းနှင့် ပုလိပ် အရာရှိ အပေါင်းတို့၏ ချီးမွမ်းခြင်းကို ခံခဲ့ရလေသည်။ ယင်းကဲ့သို့ တစ်ဦးအား တစ်ဦး ကြင်နာကြသည် ဆိုရာ၌ ဦးတင်ဖေက ဒေါ်မြနုစ် အပေါ်၌ ကြင်နာ ချစ်ခင်ခြင်းသည် ဒေါ်မြနုစ်က ဦးတင်ဖေ အပေါ်၌ ကြင်နာ ချစ်ခင်ခြင်းထက် အဆများစွာ ပိုမိုသည်ဟု အချို့သော သူတို့က ပြောကြသည် ဖြစ်ရာ

ဦးတင်ဖေကမူ အိမ်မှ ခွာ၍ အလုပ် ဝတ္တရားနှင့် တောသွားရသည့် အခါတိုင်း မျက်နှာ ညှိုးငယ်စွာ ရှိလျက် အိမ်သို့ ပြန်ရသော နေ့မှသာလျှင် ကြည်ကြည်ရွှင်ရွှင် မြင်ရပေတော့သည် ဟု လက်အောက် အမှုထမ်းတို့၏ ကဲ့ရဲ့ လှောင်ပြောင်ခြင်းကိုပင် ခံခဲ့ရလေ၏။ ယင်းကဲ့သို့ နှစ်ပေါင်းများစွာ ပေါင်းသင်း နေထိုင် ခဲ့ကြသော်လည်း သားသမီး တစ်ဦးတစ်ယောက်မျှ ဖွားမြင်ဖူးခဲ့သည် မရှိပေ။

အမှုထမ်းရွက်စဉ် အခါက ဦးတင်ဖေသည် လက်အောက် အရာရှိကလေးများ အပေါ်၌ ဒေါသအလျောက် ငေါက်ငန်းကြိမ်းမောင်းကာ ဝါသနာ ခပ်ကြမ်းကြမ်း ရှိခဲ့သော်လည်း ၎င်း၏မယား ဒေါ်မြနှစ်၏ မျက်နှာကို မြင်သည့်အခါ၌မူ မီးတွေ့သော ဖယောင်းကဲ့သို့ ပျော့ပျောင်းစွာ ရှိကြောင်းနှင့်လည်း လက်အောက် အရာရှိတို့က လှောင်ပြောင် ပြောဆိုကြလေသည်။ ၎င်းဦးတင်ဖေသည် အမှုထမ်းရွက်သည့် အခါမှ စ၍ ထိုနေ့သို့ တိုင်အောင် ထူးခြားသော အရာတစ်ခုမှာ ရယ်ရွှင်ဖွယ် စကားတို့ကို ဖြစ်စေ၊ စိတ်နှလုံး ပျော်မြူးဖွယ်ရာ ပုံပြင်ဝတ္ထုတို့ကို ဖြစ်စေ ပြောဆိုလျက် ရှိသဖြင့် အားရပါးရ ရယ်မောလျက် ရှိနေသည့် အခိုက်တွင် တစ်ခါတစ်ရံ တစ်စုံတစ်ခုသော အကြောင်းအရာကို ရုတ်တရက် သတိရသည့် လက္ခဏာဖြင့် ရယ်လျက်ရှိသော မျက်နှာထားသည် ဣန္ဒြေကြီးသော မျက်နှာထားသို့ ပြောင်းလဲပြီးလျှင် စကားမပြောဘဲ ကြာရှည်စွာ မှိုင်ငေး တွေးတောလျက် ရှိနေတတ်လေသည်။ ထိုအခြင်းအရာကို တွေ့မြင်ရသော သူငယ်ချင်း အရာရှိတို့မှာ ဦးတင်ဖေ၌ ဝမ်းနည်းဖွယ်ရာ အကြောင်း တစ်စုံတစ်ရာ ရှိသည်ဟု တွေးတော ထင်မိကြသော်လည်း မည်သို့သော အကြောင်းဖြစ်သည်ကိုမူ တွေးလည်း မတွေးနိုင်၊ မေးလည်း မမေးဝံ့ဘဲ ရှိကြလေသည်။

၎င်းတို့ ဇနီးခင်ပွန်းသည် သန်လျင်ဘက်၌ ခမ်းနားကြီးကျယ်၍ ကောင်းမွန်လှသော အိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်၍ အစေခံနှစ်ယောက် တို့နှင့် ငြိမ်းချမ်းစွာ နေထိုင်လျက် ရှိကြရာတွင် လွန်ခဲ့သည့် နှစ်ရက် အခါကမူ မိုးလေဝသ ခေါင်းပါးသော ရာသီတွင် ရုတ်တရက် လျှပ်စစ်များ ကွန့်မြူး၍ မိုးကြိုးများ ဆူညံစွာ ထစ်ချုန်းဘိ သကဲ့သို့ ငြိမ်းချမ်းတိတ်ဆိတ်စွာ ရှိသော အိမ်သည် ကြွက်ကြွက်ဆူသော အဖြစ်သို့တိုင်ရောက်ခဲ့လေ၏။

၎င်းနေ့ညဉ့် မင်းကတော် ဒေါ်မြနှစ်သည် သန်လျင်ဘက် ကလေးသူငယ်များ ကယ်ဆယ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရှိသည်ဖြစ်၍ ညစာကို ခပ်စောစော စားပြီးလျှင် အိမ်နီးချင်း ဖြစ်သော မသန်းရင်ဆိုသူ အပျိုမကလေး တစ်ယောက်နှင့် အစည်းအဝေးသို့ ထွက်သွားလေ၏။ အစည်းအဝေးမှာ ရှစ်နာရီမှ ကိုးနာရီ ထိ တစ်နာရီခန့် စည်းဝေး၍ ဒေါ်မြနှစ်နှင့် မသန်းရင်တို့မှာ ကိုးနာရီ ၁၅ မိနစ် အချိန်တွင် အစည်းအဝေးမှ ပြန်လာကြလေသည်။

ဒေါ်မြနှစ်သည် မသန်းရင်ကို ၎င်း၏နေအိမ်တွင် ထားခဲ့ပြီးနောက် မိမိ အိမ်နောက်ဖေးခန်းသို့ ဝင်ပြီးလျှင် အစေခံတစ်ယောက်အား လက်ဖက်ရည် တစ်ခွက် ဖျော်ခဲ့ရန် အမိန့်ပေးလေ၏။ ၎င်းနောက်ဖေးခန်းသည် ဝင်းထရံနှင့် အတောင် နှစ်ဆယ်ခန့် ဝေး၍ ဝင်းထရံ၏ အခြားဘက်၌ကား လူအများ သွားလာသော လမ်းကြီး ရှိလေ၏။ ဒေါ်မြနှစ်သည် ၎င်းအခန်းအတွင်း၌ ထိုအချိန်အခါတွင် ထိုင်ဖူးသည်လည်း မရှိ၊ လက်ဖက်ရည်ကိုလည်း ညအခါ၌ သောက်ရန် အလေ့အထလည်း မရှိကြောင်းနှင့် အစေခံက ထွက်ဆိုလေသည်။

ယင်းကဲ့သို့ ဒေါ်မြနှစ် ရောက်နေကြောင်းကို ဦးတင်ဖေ သိရှိသော အခါ အိမ်ရှေ့ခန်းတွင် သတင်းစာ ဖတ်နေရာမှ မိမိ၏ မယားရှိရာ နောက်ဖေးခန်းသို့ ကူး၍ သွားသည်ကို မြင်လိုက်ရကြောင်းနှင့် ထမင်းချက်သောသူက ထွက်ဆိုလေသည်။ ထိုအချိန်မှ စ၍ ဦးတင်ဖေကို အရှင်လတ်လတ် မြင်ရသောသူ မရှိတော့ချေ။

လက်ဖက်ရည် ဖျော်ခဲ့ရန် အမိန့်ပေးထားသော အစေခံ မိန်းမသည် လက်ဖက်ရည် ဖျော်၍ ပြီးသဖြင့် လက်ဖက်ရည်ပန်းကန်နှင့် ဒေါ်မြနှစ် ရှိရာသို့ လာခဲ့သော အခါ အခန်းတံခါးသည် အတွင်းမှ ပိတ်၍ ထားသည်ကို တွေ့ရပြီးလျှင် မိမိ၏ သခင်နှင့် သခင်မတို့သည် အခန်းတွင်း၌ ရန်ဖြစ်၍ နေသကဲ့သို့ တစ်ယောက်တစ်ခွန်း ပြောနေကြသည်ကို ကြားရလေ၏။ ထိုအခါ အစေခံမိန်းမသည် လက်ဖက်ရည် ပန်းကန်ကို ချထား၍ အခန်းကို ခေါက်လေရာ မည်သူကမျှ ဖွင့်မပေးသည့် အတွက် ထမင်းချက်သောသူထံ ပြေးသွားပြီးလျှင် သခင်နှင့် သခင်မတို့ တံခါးပိတ်၍ ရန်ဖြစ်နေကြကြောင်းနှင့် တိုင်တန်းလေ၏။ ၎င်းနောက်အစေခံတို့သည် ထိုလင်မယားနှစ်ယောက် ခိုက်ရန်ဖြစ်ကြသည်ကို အဘယ်အခါမှ မမြင်ဘူးကြသည်နှင့် အံ့သြစွာဖြင့် ပြေးလာကြပြန်၍ အခန်းပေါက်မှ နားထောင်ကြလေရာ လင်မယားနှစ်ယောက်တည်း စကားပြောနေသံကို ကြားကြရ၍ ဦးတင်ဖေကမူ တီးတိုးမျှ ပြောဆိုပြီးလျှင် ဒေါ်မြနှစ်ကမူ တစ်ခါတစ်ခါ ခပ်ကျယ်ကျယ် အော်၍ ပြောသည်ကို ကြားရသော စကားများအနက် မှတ်သိသော စကားသံမှာ

'အင်မတန် ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ ရှင့်လောက်ယုတ်မာတဲ့သူ ဘယ်မှာရှိသေးသလဲ၊ ရှင် ဒီလို ကြံတာ တော်ရောလားဟင်၊ ရှင့် မျက်နှာကို ကျွန်မ သည်ကနေ့က စပြီး ဘယ်တော့မှ မကြည့်ချင်ဘူး' စသဖြင့် ကြားရလေ၏။ ထိုအခါ အစေခံတို့လည်း မည်သို့ ပြုရမည် မသိဘဲ တံခါးအနီး၌ နားထောင်ကာ ရှိနေကြစဉ် ဦးတင်ဖေသည် ထိတ်လန့် တုန်လှုပ်သည့် လက္ခဏာနှင့် ငယ်သံပါအောင် တစ်ကြိမ်မျှ အော်ဟစ်လိုက်ပြီးနောက် ကြမ်းပေါ် သို့ တစ်စုံတစ်ခုသည် ပြင်းထန်စွာ ကျဘိသည့် အလား ဒုံးခနဲ အသံ ကြားလိုက်ရပြီး သည်နှင့် တပြိုင်နက် ဒေါ်မြနှစ်၏ အသံဖြင့် စူးစူးရှားရှား အော်သံကို ကြားကြရပြန်ပြီးလျှင် ဒုံးခနဲ တစ်ဖန် ကြားကြရပြန်လေ၏။ ထိုအခါ ထမင်းသော အစေခံ ယောကျ်ားနှင့် အစေခံ မိန်းမတို့သည် အခန်းတွင်း၌ အရေးတကြီး တစ်စုံတစ်ရာ ဖြစ်ပွားလျက် ရှိသည်ဟု တွေးထင်မိကြသည် ဖြစ်၍ အခန်းကို တွန်းကြလေရာ အခန်းတွင်းမှ သော့ခတ်၍ ထားသည် ဖြစ်သောကြောင့် မဖွင့်နိုင်ဘဲ ရှိနေလေ၏။ ထိုအခါ ထမင်းချက်သော ယောကျ်ားက ၎င်းအခန်း ပြတင်းပေါက်သည် ပွင့်လျက်ရှိကြောင်းကို သတိရသည် ဖြစ်၍ အိမ်ပြင်မှ လှည့်သွားပြီးလျှင် ပွင့်နေသော ပြတင်းပေါက်မှ ခုန်ကျော်၍ ဝင်လေရာ အခန်းတွင်း၌ မင်းကတော် ဒေါ်မြနှစ်သည် တစ်ခုသော ခုံရှည်ပေါ်တွင် လဲလျက် ၊ ဦးတင်ဖေမှာမူကား ခြေတစ်ဖက်သည် ကုလားထိုင်ပေါ်၌ တင်နေပြီးလျှင် ဦးခေါင်းမှာမူကား ကြမ်းပေါ်၌ ဇောက်ထိုးကျလျက် ဒဏ်ရာ အကြီးအကျယ်နှင့် သွေးများယိုစီးလျက် ရှိကြောင်းတွေ့မြင်ရလေ၏။ ထိုအခါ အစေခံသည် မီးခွက်ကို ယူ၍ နှစ်ဦးလုံးကို သေချာစွာ ကြည့်ရှုရာ ဒေါ်မြနှစ်မှာ အသက်ရှူရှိုက်လျက် ရှိသေး၏။ ဦးတင်ဖေမှာမူ အသက်လုံးလုံး မရှိတော့သည့် အဖြစ်ကို သိရှိရလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ အစေခံသည် အစေခံမိန်းမကို ခေါ်ရန် တံခါးကို ဖွင့်မည်ပြုရာ တံခါးမှာ သော့ခတ်၍ ထားသည့်ပြင် သော့သည် တံခါး၌ တန်းလန်းလဲ မရှိ၊ ဦးတင်ဖေ၏ အိတ်၌လည်း မရှိ၊ ဒေါ်မြနှစ်၏ အိတ်၌လည်း မတွေ့ဘဲ ရှိနေလေ၏။ သို့ဖြစ်၍ အစေခံသည် ပြတင်းပေါက်မှ တစ်ခါကျော်၍ ထွက်ပြီးလျှင် ပုလိပ်သားတစ်ယောက်နှင့် ဆရာဝန်တစ်ယောက်ကို ခေါ်ခဲ့ပြီးမှ အခန်းတွင်းသို့ ဝင်၍ မူးမေ့လျက်ရှိသော ဒေါ်မြနှစ်ကို အိမ်ပေါ်ရှိ အိပ်ခန်းသို့ ပွေ့ချီ၍ ရွှေ့ပြောင်းကြရလေ၏။ ၎င်းနောက် ဦးတင်ဖေ၏ အလောင်းကို ခုံရှည်ပေါ် သို့ တင်ပြီးလျှင် ဆရာဝန်က သေချာစွာ ကြည့်ရှု၍ ပုလိပ်သားကမူ အခန်း၏ အခြေအနေကို ကြည့်ရှု မှတ်သားကြလေ၏။

ဦးတင်ဖေ၏ ဦးခေါင်းနောက်စေ့ တည့်တည့်၌ နှစ်လက်မခန့် အလျားရှိသော ဒဏ်ရာတစ်ခု တွေ့ရှိရလေရာ ၎င်းမှာ အသွားမရှိသော လက်နက်တစ်စုံတစ်ခုနှင့် ပြင်းထန်စွာ ထိခိုက်ကြောင်းနှင့် ဆရာဝန်က ထွက်ဆိုလေသည်။ အလောင်း၏ အနီး၌လည်း ဇာဝီတုတ်ကြီးတစ်ချောင်း ကြမ်းပေါ်တွင် ကျလျက်ရှိသည်ကို တွေ့ရှိရသည် ဖြစ်သောကြောင့် ဆရာဝန်၏ ထင်မြင်ချက်သည် ဟုတ်မှန်ရန် လက္ခဏာ ရှိလေသည်။ ဦးတင်ဖေ၌ လမ်းလျှောက်တုတ်ပေါင်း အချောင်း နှစ်ဆယ်ခန့် ရှိသည်ဖြစ်၍ ၎င်းတုတ်သည် ဦးတင်ဖေ၏ တုတ် ဟုတ် မဟုတ်ကို အစေခံတို့က အမှန်မပြောနိုင်ချေ။ ပုလိပ်အရာရှိကမူ ဦးတင်ဖေအလောင်း၌ လည်းကောင်း၊ ဒေါ်မြနှစ်၏ အင်္ကျီအိတ်၌ လည်းကောင်း တံခါးသော့ကို မတွေ့ရသဖြင့် ထူးဆန်းသော အချက်မှတစ်ပါး တစ်စုံတစ်ရာ ထူးခြားသော အချက်ကို မတွေ့ရချေ။

မောင်စံရှားမှာမူ မိတ်ဆွေဖြစ်သော သန်လျင်ဘက် ဌာနာအုပ်က ကြေးနန်းရိုက်ကြား ခေါ်ငင်သဖြင့် ပုလိပ်အရာရှိများကို သွားရောက်ကူညီခဲ့ရာ အမှုကို ဆက်လက်စုံစမ်း စစ်ဆေးသည့် အခါတွင် မူလက သာမညဟု ထင်မှတ်ရသော အမှုသည် အတော်ပင် ဆန်းကြယ်သော အမှုတစ်ခု ဖြစ်ကြောင်းကို သိရှိရလေ၏။ မောင်စံရှား ရောက်သွားပြီးနောက် အစေခံများကို စစ်ဆေးမေးမြန်းသဖြင့် ထပ်မံသိရှိရသည်မှာ အစေခံ မိန်းမသည် ဒေါ်မြနှစ်ရှိရာ အခန်းသို့ ရှေးဦးစွာ ရောက်သွားစဉ် အခါက ဦးတင်ဖေ အသံကို မကြားရသော်လည်း ဒေါ်မြနှစ်က 'ကိုဘိုင်စပ်' ဟူသော အမည်ကို နှစ်ကြိမ်သုံးကြိမ်မျှ ဒေါသကြီးစွာနှင့် ငေါက်ငန်း၍ ခေါ်ဆိုသည်ကို ကြားရကြောင်းနှင့် ပြောဆိုလေ၏။ ထိုအမှု၌ အထူးသဖြင့် ထူးဆန်းသည်ဟု အစေခံများနှင့် တကွ ပုလိပ်အရာရှိတို့ပါ မှတ်ထင်ကြသော အချက်တစ်ခုမှာ ဦးတင်ဖေ၏ အလောင်းကို မီးရောင်တွင် ကြည့်ရှုသည့်အခါ အလွန်အကြူး အထူးသဖြင့် ပြင်းထန်စွာ ထိတ်လန့်ကြောက်လန့်၍ အသက်ကုန်ဆုံးရသည့် လက္ခဏာဖြင့် ၎င်း၏မျက်နှာမှာ ရှုမကောင်း မြင်မကောင်းအောင် ရှုံ့မဲ့စောင်းရွဲ့ကာ ရှိနေသည့်ပြင် မျက်လုံးတို့မှာလည်း ပေါက်ကွဲ၍ ထွက်မတတ် ပြူးတူးပြဲတဲ ရှိနေသည်ကို တွေ့မြင်ရခြင်း ဖြစ်လေသည်။ ထိုအခြင်းအရာကို ထောက်ချင့်ရသော် ဦးတင်ဖေသည် သေကာနီးဆဲဆဲ၌ မိမိသေရမည့် အဖြစ်ကို သိရှိသဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်စေ၊ သို့တည်းမဟုတ် တစ်သက်ပတ်လုံး မိမိ မတွေ့လို မမြင်လိုဘဲ အမြဲအစွဲ ကြောက်ရွံ့လျက်ရှိသော ဝတ္ထုတစ်စုံတစ်ရာကို ရုတ်တရက် တွေ့မြင်ရသဖြင့် တုန်လှုပ်ခြင်းဖြစ်စေ ဖြစ်ရမည်ဟု မောင်စံရှားက ယူဆလေသည်။

မင်းကတော် ဒေါ်မြနှစ်မှာမူ အမူဖြစ်ပွားသည့် အချိန်အခါမှ စ၍ သတိကောင်းစွာ မရဘဲ ကယောင်ကတန်းနှင့် ထင်မိထင်ရာ ပြောဆိုပြီးလျှင် အသည်းအသန် ဖျားနေသည် ဖြစ်သောကြောင့် ၎င်းအား စစ်ဆေးမေးမြန်းရန် မတတ်နိုင်ဘဲ ရှိနေခဲ့လေ၏။ ပုလိပ်အရာရှိတို့၏ ထင်မြင်ချက်မှာ ဦးတင်ဖေကို ဒေါ်မြနှစ်ကပင် တုတ်လက်နက်နှင့် ရိုက်သတ်သည်ဟု သဘောရရှိ၍ ဒေါ်မြနှစ် ရောဂါသက်သာသည့် အခါတွင် ဖမ်းဆီးရန် အသင့်ပြင်ဆင်ပြီး ဖြစ်လေသည်။ ထို့ပြင် ပုလိပ်အရာရှိများအား မောင်စံရှားက မသန်းရင်ကို ထိုည အစည်းအဝေးမှ ပြန်လာစဉ်အခါတွင် ဒေါ်မြနှစ်၌ စိတ်နှလုံး မသာမယာဖွယ် အကြောင်း တစ်စုံတစ်ရာ ဖြစ်ပွားခဲ့ကြောင်းကို မေးမြန်းပြီး ဖြစ်ပါသလောဟု စစ်ဆေးသည့်အခါ တစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိဟု မသန်းရင်က ပြန်ပြောပါသည်ဟု ထွက်ဆိုကြလေ၏။

ထိုအခြင်းအရာများကို မောင်စံရှား ကြားသိရသည့်အခါ အမှုနှင့် ပတ်သက်၍ အရေးကြီးသော အချက်များနှင့် အရေးမကြီးသော အချက်များကို စီစစ်ခွဲခြား၍ ဆင်ခြင်တွေးဆ ရာတွင် ထိုအခန်းတွင်း၌ သော့ကို မတွေ့ခြင်းတည်း ဟူသော အချက်သည် အရေးအကြီးဆုံးသော အချက်ဖြစ်သည်ဟု တွေးဆ မိလေ၏။ ထိုသော့သည် ၎င်းအခန်းတွင်း၌ မရှိခဲ့ပါလျှင် တစ်စုံတစ်ယောက်သော သူသည် ၎င်းကို အခန်းတွင်းမှ ယူသွားရချေမည်။ ယူသွားသော သူသည် ဒေါ်မြနှစ်လည်း မဟုတ်နိုင်၊ ဦးတင်ဖေလည်း မဟုတ်နိုင်၊ တတိယလူ တစ်ယောက် ဖြစ်ရချေမည်။ ထိုသူသည် အခန်းတွင်းသို့ ပြတင်းပေါက်မှ ကျော်၍ ဝင်ရချေမည်။ ထိုသူ၏ ခြေရာကို ခံလိုမူ အိမ်ဝင်းအတွင်း၌ စေ့စပ်သေချာစွာ လိုက်လံ ရှာဖွေကြည့်ရှုပါမူ အစအနကို တွေ့ရချေမည်။ ယင်းသို့ သဘောရသည့်အတိုင်း မောင်စံရှားသည် ဝင်းအတွင်း၌ စေ့ငှသေချာစွာ ရှာဖွေကြည့်ရှုသည်တွင် လူတစ်ယောက်၏ ခြေရာကို လေးငါးနေရာ တို့၌ တွေ့ရှိရလေ၏။ ထိုသူသည် လမ်းမကြီးမှ ဝင်းထရံကို ကျော်၍ ဝင်လာပြီးလျှင် ဝင်းထရံ အဆင်း၌ ခြေရာတစ်ခု၊ ကွက်လပ်၌ ခြေရာသုံးခု၊ ပြတင်းပေါက် အနီး၌ ခြေရာတစ်ခု၊ ပေါင်း ခြေရာ ငါးခုတို့ကို တွေ့ရလေ၏။ ထိုလူသည် မိမိတစ်ယောက်တည်း မဟုတ်ဘဲ အဖော်လည်း ပါသေးရာ ၎င်း၏ အဖော်မှာ အတော်ပင် တွေးရခက်လေ၏။

**ကျွန်တော်**။ ။'ဘာကြောင့် အတွေးရ ခက်တာလဲဗျ'

**ရှား**။ ။'ခက်ပုံက ဒီလိုလေ ခင်ဗျား ကြည့်ပါတော့လား' ဟု ပြောပြီးနောက် မောင်စံရှားသည် စက္ကူကြီးတစ်ချပ်ကို အိတ်ထဲမှ ထုတ်ပြီး စားပွဲပေါ်၌ ခင်း၍ လက်ဖြင့် ထောက်ကာ ပြသည်တွင် သေးငယ်လှသော ခြေလေးချောင်းရာတို့ကို တွေ့မြင်ရလေ၏။ထိုအခါ

**ကျွန်တော်**။ ။'ဟာ ခင်ဗျား ဥစ္စာ ခွေးကလေး ခြေရာပဲ'

**ရှား**။ ။'ခွေးများဟာ ကန့်လန့်ကာ ကို တက်နိုင်တယ်လို့ ခင်ဗျား ကြားဖူးရဲ့လား၊ ကန့်လန့်ကာ မှာလဲ ဒီခြေရာတွေ ကျုပ် တွေ့ခဲ့တယ်'

**ကျွန်တော်**။ ။'ဒါဖြင့် မျောက် ခြေရာပဲဗျာ'

**ရှား**။ ။'မျောက်လဲ မဟုတ်နိုင်ဘူးဗျ'

**ကျွန်တော်**။ ။'ဒါဖြင့် ဘာခြေရာလဲ ဗျ'

**ရှား**။ ။'ဒီမှာ ကြည့်စမ်း ပြတင်းပေါက်နားမှာ တွေ့တဲ့ အတိုင်း ကျုပ်ကူးယူခဲ့တဲ့ ခြေရာဗျ၊ အတိုင်းအထွာလဲ အားလုံးကိုက်တယ်၊ ရှေ့လက်နှင့် နောက်ခြေရာ ဆယ့်ငါးလက်မ ဝေးတယ်၊ ဒီအထဲမှာ လည်ပင်းနှင့် ဦးခေါင်းကို ထဲ့လိုက်ရင် နှစ်ပေထက်မနည်း ရှိရမယ်၊ ဒီဟာ အမြီး မပါသေးဘူးနော်၊ အမြီးပါ ထဲ့ခဲ့လို့ ရှိရင် ဒီ့ထက် ရှည်ဦးမယ်၊ ပြီးတော့ ဟောဒါက သူလှမ်းသွားတဲ့ ခြေရာဗျ၊ ကြည့်စမ်း ခြေတစ်လှမ်းနှင့် တစ်လှမ်းဟာ သုံးလက်မလောက်သာ ရှိတယ်၊ ဒီတော့ အမြီးလွတ် အလျား နှစ်ပေလောက် ရှိတဲ့ အကောင် ခြေလှမ်းက သုံးလက်မရှိတယ် ဆိုရင် အကောင်နှင့် မလိုက်အောင် ခြေတံတိုတဲ့ အကောင် ဖြစ်ရမယ် မဟုတ်လားဗျ'

**ကျွန်တော်**။ ။'ဟုတ်ပါရဲ့ဗျာ'

**ရှား**။ ။'ပြီးတော့ ဒီအကောင်ဟာ ကန့်လန့်ကာကိုလဲ လျှောက်ပြီး တက်နိုင်တယ်၊ အသားကိုလဲ စားတတ်တယ်'

**ကျွန်တော်**။ ။'အသားစားတတ်တာ ခင်ဗျား ဘယ့်နှယ် သိနိုင်သလဲ'

**ရှား**။ ။'ကန့်လန့်ကာ အထက်က ကြက်တူရွေးအိမ်တစ်ခု ဆွဲထားတာကို ကျုပ်တွေ့ခဲ့ရတယ်၊ ဒီအကောင်ဟာ ကြက်တူရွေးကို ဖမ်းရအောင်လို့ ကန့်လန့်ကာကို တက်ဟန် လက္ခဏာ ရှိတယ်'

**ကျွန်တော်**။ ။'ဒါတော့ ဟုတ်ပါစေတော့ ဗျာ၊ နို့ပေမဲ့ ဒီအကောင်နှင့် အမှုနှင့် ဘယ်လို သက်ဆိုင်သလဲ ဗျာ'

**ရှား**။ ။'သက်ဆိုင်ပုံတော့ ကျုပ်တို့ အခု အမှန် မပြောနိုင်သေးဘူးပေါ့၊ သို့သော် ကျုပ်တို့ အခု သိရသလောက်ဟာ ဘာလဲ ဆိုတော့ လူတစ်ယောက်ဟာ လမ်းပေါ်က ရပ်ပြီး ဦးတင်ဖေ လင်မယား စကားများနေကြတာကို ကြည့်နေတယ်၊ ကြည့်နေပြီးနောက် ဝင်းထရံကို ကျော်ပြီး ဝင်းထဲက ဖြတ်ပြေးလာတယ်'

**ကျွန်တော်**။ ။'ပြေးလာမှန်း ခင်ဗျား ဘယ့်နှယ် သိသလဲဗျ'

**ရှား**။ ။'ပြေးသွားတဲ့ လူတစ်ယောက်ရဲ့ ခြေရာကို ခင်ဗျား သေသေချာချာ ကြည့်စမ်း၊ ရှေ့က ခြေချောင်းရာဟာ ခြေဖနောင့်ရာထက် မြေဝင်နက်ရမယ်၊ ဘာကြောင့်လဲဆိုတော့ လူဟာ ပြေးတဲ့ အခါမှာ ရှေ့မှာ အားကြီးနေတဲ့ အတွက်ကိုးဗျ၊ ကျုပ်တွေ့တဲ့ ခြေရာမှာလဲ ဒီအတိုင်းပဲ ကျုပ်တွေ့ခဲ့ရတယ်၊ ဒါကြောင့် ပြေးလာကြောင်းကို ကျုပ် သိရတယ်'

**ကျွန်တော်**။ ။'ဆိုပါဦးဗျာ'

**ရှား**။ ။'ဝင်းထဲဝင်လာတဲ့ အခါမှာ သူ့နောက်က ခုနင်က အကောင် ပါလာတယ်၊ ပြတင်းပေါက် ရောက်တဲ့အခါ ကျော်ဝင်ပြီး ဦးတင်ဖေကို တုတ်နှင့်ရိုက်သည် ဖြစ်စေ၊ သို့မဟုတ် ဦးတင်ဖေက သူ့ကို မြင်တာနှင့် အင်မတန်ကြောက်ပြီး လဲအသွားမှာ ကုလားထိုင်နှင့် ဦးခေါင်းနှင့် ရိုက်မိသည် ဖြစ်စေ ဖြစ်ရမယ်၊ နောက်ဆုံး ထူးဆန်းတဲ့ အချက်တစ်ခုက ထိုသူဟာ အခန်းထဲက ထွက်ပြေးတော့ သော့ကို ယူပြီး ပြန်ပြေးတယ်ဗျ'

**ကျွန်တော်**။ ။'ဒီအမှုဟာ သူ့အလိုလို နေတုန်းက ခပ်ရှင်းရှင်း ရှိသေးတယ်၊ အခု ခင်ဗျား ရှင်းလိုက်တော့ မှ သာပြီး ရှုပ်သွားပါပြီ ဗျာ၊ ကျွန်တော်ဖြင့် မတွေးတတ်အောင်ကို ဖြစ်သွားတာပါပဲ'

**ရှား**။ ။'ဒါတော့ မှန်တယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒီအမှုဟာ သူတို့ တွေးသလောက် မလွယ်ဘူးဗျ၊ တော်တော်ကလေး နက်နဲဟန် ရှိတယ်၊ ဒါကြောင့် ကျုပ်က သူတို့ လိုက်နေကြနည်းနှင့် မလိုက်ဘဲ ကျုပ်နည်းနှင့် ကျုပ် လိုက်စမ်းဦးမယ် အောက်မေ့တယ် ကိုသိန်းမောင် ၊ အိပ်ချင်ပြီ ထင်ပါရဲ့၊ မနက်မှ ဆက်ပြောကြစို့လားဗျာ'

**ကျွန်တော်**။ ။'မရဘူး ဆရာရေ့၊ တစ်ပိုင်းတစ်စတော့ လုပ်မထားနှင့်၊ ဆုံးအောင်သာ ပြောပေတော့ ဗျာ'

**ရှား**။ ။'ဒါဖြင့် ဒီလိုဗျ၊ ဒေါ်မြနှစ်ဟာ အစည်းအဝေးကို မသွားမီအခါက ဦးတင်ဖေနှင့် မသင့်မတင့် မဖြစ်သေးဘူး၊ ပြုံးကာရယ်ကာ နှုတ်ဆက်သွားတာကို အစေခံများကတောင် မြင်လိုက်ပါသေးတယ်တဲ့၊ သို့ရာတွင် အစည်းအဝေးက ပြန်လာတဲ့ အခါမှာ သူ့ယောကျ်ားရှိတဲ့ အိမ်ရှေ့ခန်းကို မသွားဘဲ အိမ်နောက်ခန်းကို ဝင်သွားတယ်တဲ့ ၊ ပြီးတော့ တစ်ခါ သူရှိရာကို သူ့ယောကျ်ား ဝင်လာလာခြင်းပဲ စကားများကြတယ်တဲ့ ၊ ဒီအချက်ကို ထောက်ချင့်ခြင်းအားဖြင့် ဒေါ်မြနှစ်ဟာ အစည်းအဝေး မသွားခင်အချိန်နှင့် အစည်းအဝေးက ပြန်လာတဲ့ အချိန်အတွင်းမှာ လင်သားအပေါ်၌ စိတ်ဆိုးစရာအကြောင်း တစ်စုံတစ်ခု တွေ့ခဲ့ရမယ်၊ ပြီးတော့ အစည်းအဝေးကို သွားတော့လဲ မသန်းရင်နှင့် အတူတူပဲသွားတယ်၊ ဒီတော့ တစ်ခုခု ဖြစ်လာခဲ့လို့ ရှိရင် မသန်းရင် သိသင့်တယ် မဟုတ်လားဗျ'

**ကျွန်တော်**။ ။'နို့ ပုလိပ်က မေးပြီးပြီဆို'

**ရှား**။ ။'မေးပေမယ့် မှန်မှန် မပြောစရာ အကြောင်း ရှိချင် ရှိမှာပေါ့ဗျ၊ လက်ဦးတော့ ကျုပ် ဘယ်လို တွေးသလဲ ဆိုတော့ ဦးတင်ဖေနှင့် မသန်းရင် ချစ်ကြိုက်နေကြတာကို ဒေါ်မြနှစ်က ရိပ်မိလို့ စိတ်ဆိုးပြီး လင်ကို ကြိမ်းလားမောင်းလား လုပ်လေသလား၊ ဒါကြောင့်ပဲ မသန်းရင်က မြုံပြီးနေလေသလားလို့ တွေးမိတယ်၊ ဒီလို တွေးပြန်တော့လဲ 'ကိုဘိုင်စပ်'လို့ ခေါ်လိုက်တဲ့ စကားက တစ်ချက်၊ ဦးတင်ဖေကလဲ သူ့မယားကို ရပ်သိရွာသိ ထူးထူးလွန်လွန် ချစ်ခင်မြတ်နိုးတာက တစ်ချက်၊ ဒီနှစ်ချက်ကြောင့် ကျုပ် တွေးတောတာကလဲ မကိုက်ပြန်တော့ဘူးဗျ၊ ပြီးတော့ကာလဲ လမ်းက ဝင်လာတဲ့ လူက ရှိနေသေးတယ်၊ သည်တော့ကာ ဦးတင်ဖေနှင့် မသန်းရင်ဟာ ချစ်ကြိုက်ကြတာတော့ဖြင့် မဟုတ်ဘူး၊ သို့သော် ဒေါ်မြနှစ် စိတ်ဆိုးပြီး ပြန်လာတဲ့ အကြောင်းကိုတော့ဖြင့် မသန်းရင် သိတန်လောက်ကဲ့လို့ အောက်မေ့တဲ့ အတိုင်း မသန်းရင်ကို ကျုပ်

သွားပြီး တွေ့တာကိုးဗျ၊ တွေ့တဲ့အခါမှာ ကျုပ်က ဘယ့်နယ် ပြောသလဲဆိုတော့ မသန်းရင်နှင့် ဒေါ်မြနှစ်ဟာ ချစ်ခင်ကြတဲ့ မိတ်ဆွေချင်း ဖြစ်သည့်အတိုင်း ဒေါ်မြနှစ်မှာ လင်ကို သတ်မှုနှင့် ပုလိပ်များက ဖမ်းဆီးမယ့်ဆဲဆဲမှာ မသန်းရင်က ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်ပြီး မပြောခဲ့လို့ ရှိရင် မိန်းမကြီးမှာ ဒုက္ခရောက်ရှာတော့ မှာပဲလို့ ပြောတာကိုးဗျ၊ သည်လိုပြောတော့ မသန်းရင်က တော်တော်ပဲ စဉ်းစားနေတယ်၊ နောက်ဆုံးကျတော့မှ ရုတ်တရက် စိတ်ကို ဆုံးဖြတ်လိုက်တဲ့ လက္ခဏာနှင့် ကျုပ်ဘက်ကို လှည့်ပြီး ဒီအဖြစ်အပျက်ကို ဘယ်သူ့မှ မပြောပါဘူးလို့ ဒေါ်မြနှစ်ဆီမှာ ပဋိညာဉ် ပေးပြီး ဖြစ်ပါတယ်တဲ့၊ သို့သော် မိတ်ဆွေ တစ်ယောက်မှာ ယခုလို အကြပ်အတည်းနှင့် တွေ့ကြုံနေတယ် ဆိုပြန်တော့ ကျွန်မ သိရှိသမျှ ပြောပါတော့မယ်တဲ့ ဆိုပြီး ဟိုနေ့က အဖြစ်အပျက်ကို ပြန်ပြောတာကိုးဗျ၊ သည်လိုတဲ့ ဗျ၊ ဟိုနေ့ညက သူနှင့် ဒေါ်မြနှစ်နှင့် အစည်းအဝေးက ပြန်လာကြတော့ လမ်းခရီး လူပြတ်တဲ့နေရာ မီးတိုင်တစ်ခုအောက်မှာ ခါးကုန်းကုန်းနှင့် အထုပ်ကြီးကို ပိုးလာတဲ့ လူကြီးတစ်ယောက်နှင့် တွေ့သတဲ့ ၊ ဒီလူက အစတော့ သူတို့ကို မမြင်ဘူးတဲ့ဗျ၊ မီးတိုင်အောက်ကျမှ ရုတ်တရက် သူတို့ကို မြင်လေတော့ မြင်မြင်ချင်းပဲ ဟိုလူကြီးက အံ့အားသင့်ပြီး အထုပ်ကြီးများကို လွှတ်ချလို့ 'အလို မမြနှစ်ပါတကား' လို့ ပြောလိုက်သတဲ့ ဗျ၊ သည်တော့မှ ဒေါ်မြနှစ်က လှည့်ကြည့်ပြီး ဟိုလူကြီးကို မြင်မြင်ချင်း မျက်နှာများ ပျက်ပြီး ကြည့်ကလိ ကြောင်ကလောင် ဖြစ်နေတယ်တဲ့ဗျ၊ သည်အခါမှာ မသန်းရင်က ပုလိပ်ခေါ်ရမလိုလို၊ ဘာလိုလို ဖြစ်နေတုန်း ဒေါ်မြနှစ်က အသံတုန်တုန်ရီရီနှင့် 'ကိုချစ်မောင်ကို မမြင်တာ အနှစ်နှစ်ဆယ်တောင် ကြာလို့ ကျွန်မမှာ သေရှာပြီလို့တောင် မှတ်မိပေတယ်'လို့ ပြောသတဲ့ဗျ၊ သည်တော့ ဟိုလူကြီးက 'သေတယ်လို့ မှတ်ချင်ရင်လဲ မှတ်ကြပေမယ်ပေါ့လေ' လို့ ခပ်ထေ့ထေ့ ပြောလိုက်သတဲ့ဗျ၊ သည်တော့မှ ဒေါ်မြနှစ်က မသန်းရင်ကို ခဏကလေး ရှေ့နားသွားနှင့်ပြီး စောင့်နေပါလို့ ပြောလေတော့ မသန်းရင်က ခပ်လှမ်းလှမ်းက စောင့်ပြီးနေသတဲ့ ဗျ၊ သည်တော့ ဒေါ်မြနှစ်နှင့် ဟိုလူကြီးဟာ မီးတိုင်အောက်မှာ ငါးမိနစ်လောက်ကြာအောင် ရပ်ပြီး စကားပြော နေရစ်ကြတယ်တဲ့ဗျ၊ စကားပြောပြီးလို့ ဒေါ်မြနှစ် ထွက်လာခဲ့တော့ ဟိုလူကြီးက လက်သီးလက်ရုံးများ တန်းပြီး နေရစ်သတဲ့ဗျ၊ ဒေါ်မြနှစ်ကတော့ဖြင့် အင်မတန် တုန်လှုပ်လာတဲ့ လက္ခဏာနှင့် အသံများတောင် တုန်ပြီး နေရောတဲ့ဗျ၊ သည်တော့ မသန်းရင်က ဘယ်သူလဲလို့ မေးလိုက်တော့ ဒေါ်မြနှစ်က သိဟောင်းကျွမ်းဟောင်း တစ်ယောက်ပါ၊ အခုတော့ ဆင်းရဲပြီး နေရှာတယ်လို့ ပြောသတဲ့ဗျ၊ ပြောပြီးတဲ့ နောက် သည်အကြောင်းကို ဘယ်သူ့မှ မပြောပါနှင့်လို့ ဒေါ်မြနှစ်က မသန်းရင်ကို ကတိထားခိုင်း သတဲ့ဗျ၊ သည်တော့ မသန်းရင်က ကတိထားလိုက်ရ သတဲ့၊ ဒါပါပဲတဲ့ ဗျာ၊ သည့်နောက်ကို သူတို့ နှစ်ယောက်လဲ ခွဲခဲ့ကြပါရောတဲ့'

**ကျွန်တော်**။ ။'နို့ ဦးချစ်မောင်ကောဗျာ'

**ရှား**။ ။'နေဦး ဒီအမှုမှာ ဦးချစ်မောင်ဟာ အရေးကြီးကြောင်း ကျုပ် ရိပ်မိလေတော့ သူ့ကို တွေ့အောင် ကျုပ်လိုက်ပြီး ရှာရပြန်တာကိုးဗျ၊ မသန်းရင် ပြောတဲ့အတိုင်း ခါးကုန်းကုန်း ၊ ခေါင်းတုံးနှင့် ဆံပင်ဖြူဖြူ ဆိုတော့ သန်လျင်မြို့ကလေး အတွင်းမှာ ရှိရိုးမှန်လျှင် မခက်လှဘူးပေါ့ဗျာ၊ မခက်တဲ့ အတိုင်း တွေ့လဲ တွေ့တာပဲဗျို့၊ လက်စသပ်တော့ ဒီလူကြီးက မျက်လှည့်ဆရာကြီးကိုဗျ၊ မြွေအလမ္ပာယ်လဲ ဟုတ်တယ်၊ သူ့မှာ မြွေဟောက်ကြီး တစ်ကောင် ၊ ငန်းစောင်းကြီး တစ်ကောင်လဲ ပါတယ်'

**ကျွန်တော်**။ ။'ခင်ဗျားနှင့် သူနှင့် တွေ့ခဲ့ပြီလား'

**ရှား**။ ။'စကားတော့ မပြောရသေးဘူး၊ မြင်တော့ မြင်ခဲ့ရပြီ၊ သူနေတဲ့ အိမ်ကိုလဲ သိခဲ့ရပြီ၊ သို့သော် သူနှင့် စကားပြောတဲ့အခါမှာ သက်သေတစ်ယောက် ရှိစေချင်တယ်ဗျ၊ ဒါကြောင့် ခင်ဗျားကို ကျုပ် လာပြီးခေါ်တယ်'

**ကျွန်တော်**။ ။'လိုက်တာပေါ့ဗျာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် မနက်ကျတော့ သွားရမယ်၊ ညဉ့်လဲ နက်လှပြီဗျာ၊ အိပ်ကြဦးစို့'

နောက်တစ်နေ့ ၁၁ နာရီ အချိန်ခန့်တွင် ကျွန်တော်နှင့် မောင်စံရှားတို့သည် သန်လျင်မြို့သို့ ဆိုက်ရောက်ကြလေရာ မောင်စံရှားသည် မြို့၏ အစွန်အဖျား၌ ရှိ၍ အလွန်တရာ သေးငယ်နုတ်စုတ်လှသော တဲကလေးတစ်ခုသို့ ကျွန်တော့်အားခေါ်၍ သွားလေ၏။ ကျွန်တော်တို့သည် တဲတွင်းသို့ ဝင်သွားကြသောအခါ အသက် ၅၀ အရွယ်ခန့် ရှိ၍

ခါးအလွန်ကုန်းလှသော လူတစ်ယောက်သည် ခုတင်တစ်ခုပေါ်တွင် ထိုင်လျက်ရှိရာ ဆွတ်ဆွတ်ဖြူသော ဆံပင်တို့ကြောင့် ၎င်း၏မျက်နှာမှာ အိုသည်ထက် အိုမင်းဟန်ရှိသော်လည်း နှာတံ၏ ပေါ်လွင်ခြင်း၊ မျက်လုံး၏ မဲနက်ခြင်း၊ မျက်တောင်၏ ကော့စင်းခြင်း၊ နဖူး၏ ကျယ်ဝန်းခြင်း တည်းဟူသော အခြင်းအရာတို့ကို ထောက်ဆသည့်ရှိသော် ထိုသူသည် ငယ်ရွယ်စဉ် အခါကမူ လူချော လူလှ တစ်ယောက်ပင် ဖြစ်ချေမည့် အကြောင်းကို သိရှိနိုင်ပေ၏။ ထိုသူသည် ကျွန်တော်တို့ ဝင်လာသည်ကို မြင်သဖြင့် သင်္ကာမကင်း ရှိသော မျက်နှာထားနှင့် ကြည့်နေပြီးလျှင် ကိစ္စကို မေးမြန်းရာ

**ရှား**။ ။'ဦးချစ်မောင် ဆိုတာ မှတ်တယ်၊ လာခဲ့တဲ့ ကိစ္စကတော့ ဦးတင်ဖေ သေဆုံးတဲ့ ကိစ္စနှင့် လာခဲ့ရတာပါပဲဗျာ'

**မောင်**။ ။'သူသေတာနှင့် ကျုပ်နှင့် ဘာဆိုင်လို့လဲ'

**ရှား**။ ။'ဆိုင်တယ် မဆိုင်ဘူးဆိုတာ အသေအချာ သိရအောင်လို့ ကျွန်တော်တို့ လာခဲ့ခြင်းပေါ့၊ ဒီကိစ္စမှာ ခင်ဗျား ရှင်းရင် ရှင်းမှ၊ နို့မို့ရင် ဒီက အမှုဟာ ဒေါ်မြနှစ် အပေါ်မှာ ပတ်နေလိမ့်မယ်'

**မောင်**။ ။'ခင်ဗျား ဘယ်သူလဲ၊ ကျုပ်တို့ အကြောင်းကို ခင်ဗျား ဘယ့်နှယ် သိသလဲ၊ ခင်ဗျား ခုပြောတာ အမှန်ပဲလား'

**ရှား**။ ။'အမှန်ပါဗျာ၊ ဒေါ်မြနှစ်ကိုတော့ သတိရရလာခြင်း ပုလိပ်က ဖမ်းဖို့ ပြင်နေကြတာပေါ့'

**မောင်**။ ။'ခင်ဗျားလဲ ပုလိပ် မဟုတ်လား'

**ရှား**။ ။'မဟုတ်ပါဘူး ခင်ဗျာ'

**မောင်**။ ။'ဒါဖြင့် ခင်ဗျားနှင့် ဘာဆိုင်သလဲ'

**ရှား**။ ။'မတရားပြုကျင့်တဲ့ လူဟာ ထိုက်တန်တဲ့ အပြစ်ကို ရဖို့ဟာ လူတိုင်းရဲ့ တာဝန်ပေါ့ဗျ'

**မောင်**။ ။'မမြနှစ် မသတ်တာ အမှန်ပါဗျာ'

**ရှား**။ ။'ဒါဖြင့် ခင်ဗျား သတ်တာပေါ့'

**မောင်**။ ။'ကျုပ်လဲ သတ်တာ မဟုတ်ပါဗျာ'

**ရှား**။ ။'ဒါဖြင့် ဘယ်သူ သတ်သလဲဗျာ'

**မောင်**။ ။'သူ့ ဝဋ္ဋရားနှင့် သူ သေရတာပါဗျ၊ သို့သော်လည်း အမှန်ကို ဖွင့်ပြောရမှာဖြင့် ကျွန်တော်က အကယ်၍ ကျွန်တော် ကြံရွယ်ရင်း အတိုင်း သည်လူကို သတ်ခဲ့စေကာမူ သတ်ထိုက်တဲ့ အကြောင်းလဲ ရှိတယ်ဗျ၊ သို့သော်လည်း ကျွန်တော့်မှာ ပါဏာတိပါတကံ မမြောက်စေခြင်းငှာ သူ့ဘာသာသူ ကျွန်တော့်ကို မြင်တာနှင့် လန့်ပြီး သေပါတယ်ဗျာ၊ လဲသွားတော့ကို အသက်ရှိတယ်လို့ မထင်ပါဘူး၊ မြင်မြင်ချင်း မျက်လုံးပြူးပြီး တစ်ခါတည်းသေတာနှင့် တူပါတယ်'

**ရှား**။ ။'ခင်ဗျားတို့ အတ္တုပတ္တိကို ကြားပါရစေလားဗျာ'

**မောင်**။ ။'ကြားချင်ရင်လဲ ပြောပါ့မယ်ဗျာ၊ ထိန်ဝှက်စရာလဲ အကြောင်းမရှိပါဘူး၊ ဒီလိုဗျ၊ သေသွားတဲ့ ကိုတင်ဖေရယ် ကျွန်တော်ရယ် ရာဇဝတ်ဘက်မှာ ပုလိပ်သားအဖြစ်က စပြီး အတူတူ အမှုထမ်းခဲ့ကြတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က မြစ်ကြီးနားနယ်စပ်မှာ တစ်ဂါတ်တည်း အတူရှိစဉ်က သူက စာသင်ဗျ၊ ကျုပ်ကတော့ ပုလိပ်သားကလေးပဲ ရှိသေးတယ်၊ သည်အခါမှာ စာသင်တစ်ယောက်ရဲ့ သမီး မြနှစ်ဆိုတာက အင်မတန်မှ ရုပ်ရည်ချောမောလေတော့ ရာဇဝတ်ဘက်သားတွေမှုမက နယ်ဘက်ကအရာရှိတွေပါ အကုန်ဝိုင်းပြီး နောက်ပိုးနေကြတာ ပေါ့ဗျာ၊ ခင်ဗျားတို့က ကျုပ်လူပုံကို အခုမြင်ရတော့ ယုံကောင်းမှ ယုံမယ်၊ ဟိုတုန်းကတော့ တော်တော်ပဲ ချောတယ်လို့ လူတိုင်းက ချီးမွမ်းခြင်း ခံခဲ့ရပါတယ်၊ ရုပ်ရည်ချောတဲ့ အတိုင်းပဲ မမြနှစ်က သည့်ပြင်က ရာဇဝတ်အုပ်၊ စာသင်၊ မြို့အုပ်များကို မစုံမက်၊ ကျုပ်နှင့် ချစ်ခင်စုံမက် ကြတာကိုးဗျ၊ ဖခင်လုပ်တဲ့ သူကတော့ ကျုပ်ကို သဘောမတူဘူးပေါ့လေ၊ နို့ပေမဲ့ မမြနှစ်ကတော့ ကျုပ်ကလွဲပြီး ဘယ်သူ့ကိုမှ မယူဘူးရယ်လို့ သစ္စာဆိုပြီးဖြစ်လို့မို့ ကျုပ်ကတော့ ခပ်အေးအေးပဲလေဗျာ၊ ဒီအတောအတွင်း တစ်နေ့သ၌တော့ နယ်က လူဆိုးတွေ ထကြွပါရောဗျ၊ သည်အခါမှာ စစ်သားများ မရောက်သေးမီ ကျုပ်တို့ ဌာန အရာရှိရော ပုလိပ်သားရော ချက်ချင်းသွားပြီး နှိမ်နင်းဖို့ အရေးမှာ ကူညီရတာကိုးဗျ၊ ကျုပ်တို့

လူစုကိုတော့ ကိုတင်ဖေက ခေါင်းသူကြီး အဖြစ်နှင့် စီမံခန့်ခွဲခြင်း ပြုတယ်၊ တစ်ညသဥ္စတော့ ကိုတင်ဖေက ကျွန်တော့်ကို ခေါ်ပြီး မြစ်ကြီးနားမြို့သို့ ချောစာပို့ရန် ကိစ္စတစ်ခု အရေးကြီးနေတယ်တဲ့၊ တော်တော့လူကိုလဲ သူ စိတ်မချနိုင်ဘူးတဲ့၊ သည်တော့ ကျုပ်သွားပြီး ပို့မယ်ဆိုရင်ဖြင့် ရာထူးများလဲ တိုးတက်ဖို့ရှိပါတယ်တဲ့ ပြောသောအခါမှာ ကျွန်တော်က ရာထူးတိုးတာ မတိုးတာ အပထား၊ မြစ်ကြီးနားရောက်ရင် မမြနှစ်နှင့် တွေ့ရတော့မယ်ဆိုတာ မျှော်လင့်တာနှင့် သွားပါမယ်လို့ ဝန်ခံမိတာကိုဗျ၊ ဝန်ခံတဲ့အတိုင်း ည ၁၂ နာရီလောက်မှာ တစ်ယောက်ထဲ စစ်စခန်းက ထွက်လာခဲ့ပါရောဗျ၊ ’

‘ထွက်လာလို့ တစ်မိုင်လောက်မှ မရောက်သေးဘူး၊ လူလေးယောက်က အဆင်သင့် စောင့်နေတာနှင့် ပက်ပင်းပါ တွေ့လို့မို့ လက်ပြန်ကြိုးနှင့် ချည်ပြီး ဖမ်းသွားပါရောဗျ၊ ယခုလို လမ်းက စောင့်နေခြင်းဟာလဲ ဘာကြောင့်လဲ ဆိုတော့ ကိုတင်ဖေက တိတ်တဆိတ် လူဆိုးများဆီကို စာရေးပြီး ကျွန်တော့်ကို ဖမ်းဖို့ အတွက် စီမံပြီးဖြစ်တယ်လို့ နောင်တော့မှ လူဆိုးများပြောလို့ သိရတာကိုးဗျ၊ ဒါနှင့် လူဆိုးများလက် ရောက်ပြီးတဲ့နောက် တစ်တောင်ကျော် တစ်တောင်ဆင်း အင်မတန်ဝေးတဲ့ အရပ်ကို ကျွန်တော့်ပို့ထားပြီး ကျွန်အဖြစ်နှင့် အသုံးပြုနေကြတာကိုး ခင်ဗျ၊ ညှင်းပန်းနှိပ်စက်လိုက်တာ ခင်ဗျား ဘာပြောစရာရှိမလဲ၊ သေရတာက မြတ်သေးရဲ့လို့တောင် အောက်မေ့မိပါတယ်၊ ဒီအထဲမှာ မမြနှစ်ကို လွမ်းတာက တစ်မျိုး၊ အထုအရိုက် အကန်အကြောက် ခံရတာက တစ်မျိုး၊ ကိုယ့်နယ်ကိုယ် ပြန်ရောက်ချင်တဲ့ စိတ်က တစ်မျိုး၊ စိတ်ချုံးပြီး လူလဲပဲ ကျန်းမာတယ်လို့ မရှိဘူး ခင်ဗျ၊ ထွက်ပြေးဖို့လဲ ၃–၄–၅ ခါ ကြံစည်ပါရဲ့၊ ကြံစည်သော်လဲ အထမမြောက်ခဲ့ဘူး ခင်ဗျ၊ အရေးပြီးလို့ အစိုးရမှာသာ ကိစ္စပြီးတယ်၊ ကျွန်တော်တစ်ယောက် ပျောက်သွားတဲ့ အကြောင်းကို ဘယ်သူကမှ သတိရကြဟန် မရှိဘူး ခင်ဗျ၊ တကယ်လို့ သတိရစေကာမူ ကိုတင်ဖေက သေပါပြီဆိုတာ ယုံကြည်လောက်အောင် ပြောမှာပေါ့ ခင်ဗျာ၊ ဒီလိုပဲ ပြောတယ်လို့လဲ လွတ်လာတဲ့ အခါကျတော့ သတင်းကြားမိပါရဲ့၊ ဒါနှင့် လူဆိုးများ လက်ထဲမှ ကျွန်အဖြစ်နှင့် ၁၅ နှစ်လောက် နေရပြီး တစ်နေ့တော့ ကံကောင်းထောက်မလို့ လွတ်ပြေးလာတဲ့ အခါမှာ မြစ်ကြီးနား ပြန်ရောက်တော့ ပုလိပ်လဲ ထပ်ပြီး မလုပ်ချင်၊ သည့်ပြင်လဲ ပညာက မတတ်လေတော့ မျက်လှည့်ဆရာကြီး တစ်ယောက်ထံ တပည့်ခံပြီး လိုက်နေခဲ့တာကိုး ခင်ဗျ၊ ကျွန်တော်ကလဲ နယ်မှာတုန်းက မြွေအလမ္ပာယ်အတတ် နည်းနည်းပါးပါး တတ်ခဲ့တယ်၊ ဒါနှင့် မျက်လှည့် ကိရိယာလေးများ ရှာ၊ မြွေဟောက်နှစ်ကောင်လောက် ဖမ်းပြီး အမြို့မြို့ အရွာရွာ လှည့်ခဲ့တာကိုး ခင်ဗျ၊ ကျွန်တော့် ရည်ရွယ်ချက်ကတော့ ဝမ်းစာအတွက် ဒီလောက် အရေးကြီးလို့ မဟုတ်ဘူး၊ မမြနှစ်တို့ လင်မယား ဘယ်မှာ နေကြသလဲလို့ သိချင်တာနှင့် လိုက်ပြီး ရှာတာပဲ ခင်ဗျ’

**ကျွန်တော်**။ ။‘ဦးတင်ဖေနှင့် ဒေါ်မြနှစ် အကြောင်းပါကြောင်း ခင်ဗျား ကြားရသပေါ့’

**မောင်**။ ။‘နယ်မှာတုန်းကတော့ မကြားရဘူး၊ မြစ်ကြီးနား ရောက်မှပဲ ကြားရတယ်၊ ဒါနှင့် အမြို့မြို့ အရွာရွာ လည်ပြီး ရှာလိုက်တာ ရန်ကုန် ရောက်တော့မှပဲ သန်လျင်ဘက်မှာ ရှိကြကြောင်း သတင်းရတာကိုး ခင်ဗျ၊ သတင်းရလို့ မျက်လှည့်ဆရာ အဖြစ်နှင့် ဝမ်းစာရှာရင်း ဒီမှာ ကုတ်နေတော့ တစ်နေ့ညက ....’

**ရှား**။ ။‘ဒေါ်မြနှစ်နှင့် ခင်ဗျား တွေ့ရော၊ တွေ့တော့ အကျိုးအကြောင်းကို ရှင်းလင်းပြီး ပြောကြရော ၊ ပြောတဲ့အခါမှာ ဒေါ်မြနှစ်က ဦးတင်ဖေ၏ ယုတ်မာသော သဘောကို သိတဲ့အတွက် အိမ်ပြန်ရောက်တဲ့ အခါမှာ အဖြစ်အပျက်တွေ ဇာတ်လှန်ကြရော၊ ဒီအတောအတွင်း ခင်ဗျားက လမ်းပေါ်က ရပ်ကြည့်နေလို့ မြင်လေတော့ အိမ်ထဲဝင်လာရော ဒီလို မဟုတ်လားဗျ’

**မောင်**။ ။‘မှန်ပါတယ် ကျုပ်က ပြတင်းပေါက် ကျော်ဝင်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ရင်ပဲ တစ်ခါတည်း ကြောင်တောင်ကြီး ငေးပြီး မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် အော်တော့မလို ဟစ်တော့မလို၊ အော်လဲ မအော်နိုင်ဘဲ မတ်တတ်ကလဲပြီး သွားတာကိုးဗျ၊ သူလဲလဲရော မမြနှစ်ကလဲ ခုံရှည်ပေါ် လဲပြန်ပါရောဗျာ၊ သည်တော့ ကျွန်တော်က အစေခံတွေကို ခေါ်မယ်လို့ တံခါးသော့ကို ဖွင့်မယ်လုပ်တုန်း၊ တကယ်လို့ ကိုတင်ဖေကို ငါ သတ်တယ်လို့များ စွပ်စွဲရင် ခက်ချေရဲ့ လို့ အောက်မေ့ပြီး သော့ကို လက်က မချခဲ့မိဘဲ၊ ပုကွကို ခေါ်ပြီး ထွက်ပြေးခဲ့တာကိုး ဗျ’

**ရှား**။ ။‘ပုကွ ဆိုတာက ဘာလဲဗျာ’

**မောင်။** ။'ပုကွ ဆိုတာ နယ်က ဖမ်းလာခဲ့တဲ့ မြွေပါကလေးပါဗျာ၊ သူနှင့်ပဲ ကျုပ်မှာ ထမင်းစားနေရပါတယ်၊ သည့်ပြင်ကောဗျာ ဘာများ သိချင်သေးသလဲ'

**ရှား။** ။'ခုဖြင့် သိချင်တာ မရှိသေးဘူးဗျာ။ သို့သော် ပုလိပ်က ဒေါ်မြနှစ်ကို ဖမ်းဆီးမယ်လို့ဆိုရင် ဒေါ်မြနှစ် အပြစ်မရှိကြောင်း ခင်ဗျားကို သက်သေ ပြရလိမ့်မယ်'

**မောင်။** ။'စိတ်ချပါဗျာ။ ကျွန်တော် သက်သေလိုက်ဖို့ ဘယ်အခါမဆို အဆင်သင့် ရှိပါတယ်'

သို့ရာတွင် အမှု၌ သက်သေ တင်သွင်းရန် မလိုတော့ချေ။ အကြောင်းကို ဆိုသော် ဦးတင်ဖေ၏ အလောင်းကို ဆရာဝန်က ရင်ကို ခွဲ၍ ကြည့်သည့်အခါ ၎င်းသည် ဦးခေါင်းမှ ရရှိသည့် ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်၊ နှလုံးသည် အပြင်းအထန် ထိတ်လန့် တုန်လှုပ်ခြင်းကြောင့် မလှုပ်ရှားဘဲ တစ်ခါတည်း ရပ်သွားသည့် အတွက် သေဆုံးခြင်းဖြစ်ကြောင်းနှင့် သက်သေထွက်ဆိုသည် ဖြစ်သောကြောင့် ဒေါ်မြနှစ်အားလဲ ဖမ်းဆီးခြင်း မပြုဘဲ ဘာသာအလျောက် သေသောအမှု ဟူ၍ တရားရုံးကြီးက စီရင်ချက် ချမှတ်လိုက်သောကြောင့် ဖြစ်ပေ၏။

ထိုအမှုနှင့် ပတ်သက်၍ ကျွန်တော် စိတ်မကျေနပ်သော အချက်တစ်ခု ရှိသဖြင့် မောင်စံရှားအား မေးမြန်းရာ

**ကျွန်တော်။** ။'နေပါဦးဗျာ၊ ဒေါ်မြနှစ်က အော်တော့ ကိုဘိုင်စပ်လို့ အော်တယ်၊ အခန်းထဲမှာ ကိုဘိုင်စပ် ကယ်လို့လဲ မရှိ၊ ဦးတင်ဖေနှင့် ဦးချစ်မောင် နှစ်ယောက်ထဲသာ ရှိပါကောဗျ'

**ရှား။** ။'ကိုဘိုင်စပ်ဆိုတာ မြန်မာမင်း လက်ထက်က အင်မတန် ဆိုးသွမ်းရန့်ကြမ်းတယ်လို့ ရာဇဝင်တင်လောက်အောင် ရှိတဲ့အတွက် သူ့လင်ကိုလဲ ထိုသူနှင့် နှိုင်းစာပြီး နာကြည်းလောက်အောင် ခေါ်လိုက်တဲ့ အလုံးပေါ့ဗျ၊ သည့်ပြင်ကော '

**ကျွန်တော်။** ။'သည့်ပြင်ကတော့ ရှင်းပါပြီဗျာ'

**ပြီးပါပြီ။**

× × × × × ×

## ၆။ သူဌေးကတော်တစ်ဦးအမှု

အခါတစ်ပါး၌ ကျွန်တော်၏မိတ်ဆွေ စုံထောက်ဦးစံရှားသည် ၎င်း၏ ဝါသနာအတိုင်း အမှုအခင်း နည်းပါးသဖြင့် ပျင်းရိထိုင်းမှိုင်းသော အမူအရာ ရှိနေသည်ဖြစ်ရာ တစ်နေ့သ၌ မူကား ကျွန်တော်သည် အိပ်ရာမှ ထလာ၍ အိမ်ရှေ့ခန်း၌ ရွှင်ပျသော မျက်နှာထားနှင့် ထိုင်နေသော ဦးစံရှားကို တွေ့မြင်လေ၏။

**ကျွန်တော်။** ။'ဘယ့်နှယ်လဲ ဆရာကြီး၊ အမှုတစ်ခုလက်ခံထားပြီ မှတ်တယ်'

**ရှား။** ။'ကိုသိန်းမောင်လဲ ကျုပ်နှင့် ပေါင်းလို့ အပုံကြီး တိုးနေပြီ၊ မှန်တယ်၊ အမှုတစ်ခု လက်ခံထားတယ်၊ အမှုမရှိလို့ တစ်လနီးပါး ပျင်းနေခဲ့တာ တစ်ခါဖြင့် အမှု ရပြန်ပြီဗျို့'

**ကျွန်တော်။** ။'ဆိုစမ်းပါအုံးဗျာ'

**ရှား။** ။'ဒီလိုဗျ၊ ပဲခူးဘူတာက လမ်းခွဲသွားတဲ့ မီးရထားလမ်းမှာ ရစ်ကန်ဆိုတဲ့ ဘူတာရှိတယ်၊ အဲဒီ ရစ်ကန်မှာနေတဲ့ မြေပိုင်ရှင် သူဌေးကြီး ဦးမင်းကျော် ဆိုတာ ရှိတယ်'

**ကျွန်တော်။** ။'သြော် ကြားဖူးတယ်ဗျို့၊ ဟိုနယ်မှာ လယ်မြေ အပေါဆုံး ဆိုပါလား'

**ရှား။** ။'ပေါ်ဆို ဘာပြောစရာရှိသလဲ၊ လယ်မြေဧကပေါင်း သုံးသောင်းကျော် ရှိလေတော့ ဟိုနယ်တွင်မက မြန်မာပြည် တစ်ပြည်လုံးမှာ သူ့လောက် လယ်မြေပေါတဲ့လူ ရှိတယ် မထင်ပေါင်ဗျာ၊ သူ့မိန်းမ မြေပိုင်သူဌေးကတော် ဒေါ်နှင်းမြ အကြောင်းကို ခင်ဗျား ကြားပြီးပလား'

**ကျွန်တော်။** ။'သေနတ်ဒဏ်ရာနှင့် သေရှာတယ် ဆိုတဲ့ အကြောင်း သတင်းစာမှာတော့ ဖတ်မိပါရဲ့၊ သို့သော် အမှုအကြောင်းကို ကောင်းကောင်းမမှတ်မိပါဘူး ဗျာ'

**ရှား။** ။'ကျုပ်လဲပဲ ဒီအမှုဟာ ကျုပ်ဆီ ရောက်လိမ့်မယ် မထင်တာနှင့် ကောင်းကောင်းကြီး ဂရုမစိုက်မိဘူး၊ မထင်ဆို ဒီလိုဗျ၊ သေသောမိန်းမသည် သူဌေးကတော် တစ်ယောက်ဖြစ်သည့် အတွက် ထိုအမှု အကြောင်းကို လူပြောများသော်လည်း အမှု အသွားအလာက ရှုပ်ရှုပ်ထွေးထွေး မရှိ ၊ အင်မတန် ရှင်းလင်းဟန်ရှိလေတော့ ကျုပ်တို့လို လူမျိုး စုံထောက်ဖို့ မလိုပေဘူးလို့ ထင်မိပေတယ်၊ အမှုက သည်လောက် ထင်ရှားလေတော့ တစ်စုံတစ်ရာ ထူးထူးခြားခြား နောက်ထပ်ပြီး မပေါ်ပေါက်ခဲ့လို့ ရှိလျှင် ကျုပ် အမှုသည် အတွက် ကျုပ် ဘာမှ တတ်နိုင်မယ် မထင်ဘူး'

**ကျွန်တော်။** ။'ခင်ဗျားကို ဘယ်သူက ငှားလို့လဲ '

**ရှား။** ။'သြော် ဟုတ်ပေသား၊ ခင်ဗျားကို မပြောရသေးပါကလား၊ ရော့ ဟောသည်စာ ဖတ်ကြည့်ဦး' ဟု ပြော၍ ဦးစံရှားသည် ကျွန်တော်အား စာတစ်စောင်ကို လှမ်းပေးလေရာ အောက်ပါအတိုင်း ဖတ်ရှု ရလေ၏။

*ရစ်ကန်*

*တော်သလင်းလဆန်း ၁၃ ရက်။*

*စာရေး အစီရင်ခံပါသည် ဦးစံရှားခင်ဗျား၊ ကျွန်တော် တွေ့ဖူးသမျှသော မိန်းမအပေါင်းတို့တွင် ဖြူစင်ဆုံးသော စိတ်နှလုံး ရှိသည့် မိန်းမတစ်ယောက်သည် မဟုတ်မမှန်ဘဲနှင့် ရာဇဝတ်ပြစ်ဒဏ် ခံရမည်ကို ကြည့်၍ မနေနိုင်သဖြင့် ဆွေမျိုး မဟုတ်သော်လည်း ဝင်ရောက်ကယ်ဆယ်လိုခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ မိန်းမကို သတ်မှုနှင့် ဖမ်းထားသော ဆရာမ မကြီးရွှေသည် မည်သည့်နည်းနှင့်မျှ ကျွန်တော်၏ မိန်းမ မနှင်းမြကို သတ်ဖြတ်သည် မဟုတ်နိုင်ပါ။ ဆရာမ မကြီးရွှေသည် လူ၏ အသက်ကို မဆိုထားဘိ၊ သန်းကြမ်းပိုးများကိုပင် မသတ်ရက်လောက်အောင်သိမ်မွေ့သော စိတ်နှလုံးရှိကြောင်းကို ကျွန်တော်ကိုယ်တိုင် ခင်ဗျားထံလာ၍ အဖြစ်အပျက် ကို စုံလင်စွာ ပြောပြပါမည်။ ဦးစံရှားသည် ရှုပ်ထွေးသောအမှုများ၌ ရှင်းလင်းနိုင်သော အစွမ်းရှိသည်ဟု ကျွန်တော်*

***ကြားဖူးသည့် အတိုင်းမှန်ပါလျှင် ထိုအစွမ်းကို ဒီအမှု၌ အသုံးပြုစေလိုပါသည်။ ကြေးငွေမည်မျှပင် ကုန်ကြရန်ရှိသည်ဖြစ်စေ အရေးမကြီးပါ။ ကျွန်တော်၏ တာဝန် ရှိပါစေ။***

ထိုစာကို ဖတ်ရပြီးနောက် ဦးစံရှားက

**ရှား။** ။'ကိုင်း ဦးမင်းကျော် မလာခင် ဒီအမှု အကြောင်းကို အကျဉ်းချုပ်ကလေး ကျုပ်ပြောပြမယ် နားထောင်၊ ဦးမင်းကျော်ဟာ ကျုပ် ခုတင်က ပြောတဲ့အတိုင်း အလွန်တရာ လယ်ပေါများတဲ့ သူဌေးကြီးတစ်ဦး ဖြစ်တယ်၊ သူ့မိန်းမ ဒေါ်နှင်းမြဆိုတာက ငယ်ရွယ်စဉ်က ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံတဲ့ မိန်းမတစ်ယောက် ဖြစ်သောလဲ ဦးမင်းကျော်ထက် လေးငါးရှစ်နှစ်လောက်ကြီးသတဲ့ဗျ၊ ဦးမင်းကျော်မှာ သားတစ်ယောက် သမီးတစ်ယောက် ရှိတယ်၊ သည်ကလေးများကို ကျောင်းသို့ မပို့ဘဲ မကြီးရွှေဆိုတဲ့ ဆရာမတစ်ယောက်ကိုငှား၍ အိမ်မှာ ပညာသင်ပေးစေသတဲ့၊ မကြီးရွှေဆိုတဲ့ ဆရာမက အင်မတန်လဲ လှသတဲ့၊ သူတို့အိမ်မှာ အတူနေလဲ ဖြစ်သတဲ့၊ တစ်ညသ၌တော့ ၉ နာရီ အချိန်လောက်မှာ သူတို့အိမ်နှင့် တစ်မိုင်လောက်ဝေးတဲ့ တံတားတစ်ခုမှာ သူဌေးကတော် ဒေါ်နှင်းမြရဲ့ အလောင်းကို တွေ့ရသတဲ့၊ နဖူးမှာလဲ ခြောက်လုံးပြူးသေနတ်က ဒဏ်ရာတစ်ခုကို တွေ့ရသတဲ့၊ အလောင်းအနီးအပါးမှာလဲ သေနတ်မတွေ့ရဘူးတဲ့ အလောင်းကို လယ်သမားတစ်ယောက်တွေ့လေတော့ ဦးမင်းကျော်ထံ ပြေးပြီး အကြောင်းကြားသတဲ့၊ ဘယ့်နှယ်လဲ ရှင်းရဲ့လား'

**ကျွန်တော်။** ။'ရှင်းပါရဲ့ဗျာ၊ သို့သော် ဘယ့်နှယ်ကြောင့် ဆရာမကို ဖမ်းသတဲ့လဲ'

**ရှား။** ။'ဖမ်းဆို ဒီလိုဗျ၊ ဆရာမ၏ ဗီရိုထဲမှာ ကျည်ဆံတစ်ချက် ပစ်ပြီးသား ခြောက်လုံးပြူးသေနတ် တစ်လက် တွေ့သတဲ့၊ ထိုခြောက်လုံးပြူးမှ ကျည်ဆံဟာလဲ အလောင်း၏ နဖူးမှာရှိသော ဒဏ်ရာနှင့် ကိုက်နေသတဲ့၊ ဘယ့်နှယ်လဲ ထင်ရှားတယ် မဟုတ်လားဗျာ၊ ထို့ပြင် တစ်ချက်ကလဲ သေလွန်သူ ဒေါ်နှင်းမြ၏ လက်ထဲမှာ ဆရာမ မကြီးရွှေက ထိုအချိန်မှာ ထိုနေရာ၌ တွေ့ဖို့ ချိန်းလိုက်တဲ့ စာတစ်စောင်ကို တွေ့သတဲ့၊ ဒီဟာကော ခင်ဗျား ဘယ့်နှယ် ထင်သလဲ၊ နောက်ဆုံးအချက်ကြီး တစ်ခု ရှိသေးတယ်၊ ဦးမင်းကျော်ဆိုသူဟာ ပိုက်ဆံလဲပေါ လူကလဲ တော်တော် ချောသတဲ့ဗျ၊ ဒီတော့ကာ ဆရာမချောချောနှင့် မယားအိုအို ရှိတဲ့သူဌေးချောတို့ တွေ့တဲ့အခါမှာ ထိုဆရာမချောချောသည် သူဌေးကတော် ဖြစ်လိုသောစိတ် မဖြစ်တတ်ပေဘူးလားဗျာ၊ ဒီတော့ကာ ဘိုဆန်ဆန် ဆရာမဆိုလျှင် ဦးမင်းကျော် သေနတ်ကို တိတ်တိတ်ယူပြီး သူဌေးကတော်ဟောင်းကို ဖြုတ်ဖို့ မကြံစည်တတ်လေဘူးလား ဗျာ'

**ကျွန်တော်။** ။'မှန်တယ်၊ ကြံမယ်ဆို ကြံလောက်ပါပေတယ်'

**ရှား။** ။'ထို့ပြင်လဲ မကြီးရွှေသည် ထိုည ထိုအချိန်လောက်က ထိုတံတားသို့ ရောက်ကြောင်း သူကိုယ်တိုင် ဝန်ခံတယ်'

**ကျွန်တော်။** ။'ဒါဖြင့် ကိစ္စတုံးနေတာပေါ့ဗျာ'

**ရှား။** ။'ဟုတ်ကဲ့ တုံးသလောက် ပါပေပဲ၊ သို့သော် လှေကားက တက်လာတာ ဦးမင်းကျော် ခြေသံနှင့် တူရဲ့၊ ခပ်စောစော ကြိုတင်ပြီး လာဟန်တူတယ်'

ကျွန်တော်သည် ထိုင်ရာမှထ၍ တံခါးကိုဖွင့်ပေးသော အခါ ပိန်ပိန်ရှည်ရှည်နှင့် ကပ္ပာကသီ အမူအရာရှိသော လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာရာ ထိုသူသည် အခန်းတွင်းသို့ ဝင်ပြီးသည့်နောက်၌ပင် လူမိသောကျီးကဲ့သို့ ကြိုကလိ ကျောင်ကလောင် ရှိနေလေ၏။

**ရှား။** ။'ထိုင်ပါဗျာ၊ ဘာကိစ္စလဲ၊ ပျာယိပျာယာ ရှိလှချေကလား'

**ထိုလူ။** ။'ကျွန်တော်က မြေပိုင်သူဌေး ဦးမင်းကျော် ကိုယ်စားလှယ် မောင်ညွှန့်လှပါတဲ့ ခင်ဗျား၊ ဦးမင်းကျော်လဲ အခုရောက်ပါလိမ့်မယ်၊ ပြောချင်တာလေးရှိလို့ သူမရောက်ခင် ဦးအောင်ပြေးလာခဲ့ပါတယ် ခင်ဗျား'

**ရှား။** ။'ဘာများ ပြောချင်လို့လဲ'

**လူ။** ။'ကျွန်တော်တို့ ဆရာ မြေပိုင်သူဌေး ဦးမင်းကျော်ဟာ အင်မတန် ဆိုးသွမ်းယုတ်မာတဲ့ သူတစ်ယောက် ဖြစ်ပါတယ် ခင်ဗျား'

**ရှား။** ။ 'ပြင်းထန်လှချေလား ဆရာရယ်'

**လူ။** ။ 'ကြာရှည် ပြောဖို့ အချိန်မရှိလေတော့ ပြင်းပြင်းထန်ထန်ပဲ ပြောရပါတယ် ခင်ဗျား၊ ဦးစံရှားထံ သူလာမယ့် အကြောင်း သိလေတော့ သူ့အရင် ဦးအောင် ကျွန်တော်က ပြေးလာပြီး သူ့အကြောင်းကို ပြောနှင့်ရပါတယ် ခင်ဗျား'

**ရှား။** ။ 'ခင်ဗျားက ဦးမင်းကျော် ကိုယ်စားလှယ် ဆို'

**လူ။** ။ 'မှန်ပါတယ် သို့သော် ထွက်စာတင်ပြီးပါပြီ၊ နောက် ၁၅ ရက်ဆိုလျှင် ကျွန်တွင်းက လွတ်ရပါတော့မယ်၊ အင်မတန် ခက်ထန်မောက်မာတဲ့ လူတစ်ယောက်ပါ ခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီလိုလူလဲ မတွေ့ဖူးဘူး၊ ကြားလဲ မကြားဖူးဘူး၊ နောင်ကိုလဲ မတွေ့ချင်ပါဘူး ခင်ဗျာ၊ လူူတဲ့တန်းတဲ့ နေရာမှာတော့ ရက်ရောပါလေရဲ့၊ သူတည်တဲ့ ဘုရားပေါင်း၊ သူဆောက်တဲ့ ကျောင်းပေါင်း၊ သူပြုတဲ့ ရှင်ပေါင်း၊ သူခံတဲ့ ရဟန်းပေါင်း၊ မရေမတွက်နိုင်အောင်ဘဲ များပါပေရဲ့၊ နို့ပေမယ့် သူနှင့် ဆက်ဆံတဲ့ လူများအပေါ်မှာတော့ အလွန်တရာ မညှာမတာ ကရုဏာနည်းတဲ့ လူတစ်ယောက်ပါပဲ ခင်ဗျာ၊ သူ့ဒဏ်ကို အများဆုံး ခံရသူကတော့ သူ့မယားဒေါ်နှင်းမြပေပဲ၊ ဒေါ်နှင်းမြဟာ ဘယ်သူ့လက်ချက်နှင့် သေရရှာတယ်တော့ ကျွန်တော် အမှန်မပြောတတ်ပေဘူး၊ မသေမီ အတွင်းမှာ ဦးမင်းကျော်က ကျော်မကောင်း ကြားမကောင်းအောင် နှိပ်စက်ခဲ့တာတော့ အမှန်ပဲ ခင်ဗျာ၊ လူရှေ့မရှောင်၊ သူရှေ့မရှောင်၊ မာန်လားမဲလား၊ ငေါက်လားငန်းလား၊ ကြိမ်းလားမောင်းလား လုပ်လေ့ရှိတာ ကျွန်တော်တို့တတွေကတောင် ဒီလို သူဌေးကတော် ဖြစ်ရလို့ဖြင့် ဘာအရေးလဲလို့ အချင်းချင်း ပြောမိကြပါသေးတယ်'

**ရှား။** ။ 'ဆိုပါဦးဗျာ'

**လူ။** ။ 'ဒီတော့ကာ ကျွန်တော်နှင့်တကွ အစေခံများအားလုံးက ဒေါ်နှင်းမြကို သနားပြီး သူ့အပေါ်မှာ ကရုဏာဖြစ်လေလေ ဦးမင်းကျော်ကို မုန်းလေလေ ဖြစ်နေကြပါတယ်၊ ကျွန်တော်တို့ဆရာ ဦးမင်းကျော်ဟာ မောက်မာခက်ထန်သည့်အပြင် လူပါးလူနပ်တစ်ယောက်လဲ ဖြစ်ပါတယ်၊ ဒီတော့ သူပြောတိုင်း မယုံဘဲ ချင့်ချိန်ပြီးမှ ယုံဖို့အကြောင်း ကျွန်တော် သတိပေးချင်လို့ လာခဲ့ပါတယ် ခင်ဗျာ၊ ကိုင်း ပြန်ပါဦးတော့မယ် ခင်ဗျာ၊ မတော်လို့များ မိနေရင် ဒုက္ခပဲ' ဟု ပြောပြောဆိုဆိုနှင့် ထိုသူသည် တိုက်ပေါ်မှ ဆင်းပြေးလေ၏။

ဦးစံရှားသည် အတန်ငယ် စဉ်းစားစိတ်ကူးနေပြီးနောက်

**ရှား။** ။ 'ဦးမင်းကျော် အိမ်သားတစ်စုကဖြင့် ဦးမင်းကျော် အပေါ်မှာ တယ်ပြီးကျေနပ်ကြဟန် မရှိဘူး၊ ယခုလို ကြိုတင်ပြီး သတိပေးနှင့်တာလဲ ကောင်းပါရဲ့၊ သို့သော် သူရောက်လာတော့မှ ကျုပ်တို့ ကိုယ်တိုင် အကဲခပ်ရဦးမှာပဲ'

ဆယ့်တစ်နာရီထိုးသည်နှင့် တပြိုင်နက် မြေပိုင်ရှင်သူဌေး ဦးမင်းကျော်သည် တိုက်ပေါ်တက်လာလေရာ ကျွန်တော်မှာ ထိုသူ၏ ရုပ်လက္ခဏာကို ကြည့်ရှုခြင်းအားဖြင့် ၎င်း၏ ကိုယ်စားလှယ် ပြောသွားသည့်အတိုင်း လူအများတို့ ရွံကြောက်ကြရသည့် အကြောင်းကို ရိပ်မိလေ၏။ ထိုသူ၏ မျက်နှာမှာ တစ်ကြိမ်မြင်ခါမျှနှင့်ပင် မောက်မာခက်ထန်ခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ မိမိလိုအပ်သော အရာကို တစ်နည်းနည်းဖြင့် မမေ့မလျော့ ကြံစည်တတ်ခြင်း၊ နက်နဲသော ဉာဏ်အမြော်အမြင်ရှိခြင်း စသော အခြင်းအရာတို့နှင့် ပြည့်စုံသည်ဖြစ်၍ မည်သည့်နေရာမျိုး၌ လုပ်ကိုင်သည်ဖြစ်စေ အကြီးအကဲအဖြစ်သို့ မတိုင်ရောက်ရဘဲ ရပ်နားခြင်းရှိမည့် လူတစ်ယောက် မဟုတ်ကြောင်း ခန့်မှန်းနိုင်လေ၏။ ဦးမင်းကျော်သည် တိုက်ပေါ် သို့ တက်လာပြီးနောက် ပိုင်ပိုင်နိုင်နိုင် ရှိသောအမူအရာဖြင့် ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ဦးစံရှားနှင့် တွေ့ဆိုင်ကာထိုင်ပြီးလျှင် ....

**ကျော်။** ။ 'တစ်ခုပြောထားပါရစေ ဦးစံရှား၊ ဒီအမှုမှာ ငွေကုန်လို့ အရေးမကြီး၊ ကုန်ချင်သလောက် ကုန်ပါစေ၊မှန်တဲ့အတိုင်း ပေါ်ပေါက်အောင် စုံထောက်နိုင်လျှင် ပြီးပါရော၊ ဆရာမ မကြီးရွှေ လွတ်မြောက်အောင် စုံထောက်ပေးလို့ ရှိရင် ခင်ဗျား တောင်းသလောက် ကျွန်တော်ပေးပါ့မယ်၊ ဘယ်လောက်ပဲ ဆိုပါ'

**ရှား။** ။ 'ကျွန်တော်က မရှိနွမ်းပါးသော လူများ၏ အမှုကို အခမဲ့ ဆောင်ရွက်၍ တတ်နိုင်သူများ၏ အမှု၌ အနည်းအများ မရှိ၊ တသမတ်တည်း ကျွန်တော် ယူပါသည်'

**ကျော်။** ။ 'သြော် ခင်ဗျားက ငွေ အရေးမကြီးတဲ့လူကို၊ ငွေကို ဂရုမစိုက်လျှင် နာမည်ကြီးဖို့တော့ ဂရုစိုက်ဖို့ ရှိပါတယ်၊ ဒီအမှုမှာ ခင်ဗျား ဆောင်ရွက်လို့ အောင်မြင်ခဲ့လို့ ရှိရင် မြန်မာပြည် တစ်ပြည်လုံး ခင်ဗျားနာမည် ထွက်သွားပါလိမ့်မည်'

**ရှား**။ ။'ကျေးဇူးတင်ပါတယ် ဦးမင်းကျော်၊ သို့သော် ကျွန်တော်က ကျော်စောခြင်းကို ဂရုစိုက်တဲ့ လူတစ်ယောက် မဟုတ်ပါ၊ မှန်တဲ့အတိုင်း ပြောရလျှင် ကျွန်တော့် သဘောမှာတော့ လူမသိ သူမသိ၊ တိတ်တဆိတ် အလုပ်လုပ်ရခြင်းကို နှစ်သက်တဲ့ လူဖြစ်ပါတယ်၊ သို့သော် အပိုတွေလျှောက်ပြောနေတာနှင့် အချိန်မကုန်စေဘဲ ဖြစ်ပျက်ပုံကိုသာ ပြောပြပါတော့ ခင်ဗျား'

**ကျော်**။ ။'အဖြစ်အပျက်ကတော့ သတင်းစာထဲမှာ ပါတဲ့အတိုင်းပါပဲ၊ မရှင်းသေးတာ ရှိလျှင်သာ မေးပါတော့'

**ရှား**။ ။'ကျွန်တော် သိချင်တာ တစ်ခု ရှိတယ်'

**ကျော်**။ ။'မေးပါတော့'

**ရှား**။ ။'ဦးမင်းကျော်နှင့် ဆရာမ မကြီးရွှေနှင့်ဟာ ဘယ်ကဲ့သို့ အခြေအနေမှာ ရှိတယ်လို့ ဆိုတာ ကျွန်တော်သိလိုတယ်'

ဦးမင်းကျော်သည် စိတ်ဆိုးသော အမူအရာနှင့် ကုလားထိုင်မှ ရုတ်တရက် ထပြီးမှ အမျက်ကို ချုပ်တည်း၍

**ကျော်**။ ။'ဒီမေးခွန်းကို ခင်ဗျားက မေးခွင့်ရှိလို့ မေးတာနှင့် တူရဲ့'

**ရှား**။ ။'ကျွန်တော် ဒီလိုပဲ သဘောရပါတယ်'

**ကျော်**။ ။'ကျွန်တော်နှင့် ဆရာမ မကြီးရွှေနှင့်ဟာ မောင်ရင်း နှမရင်းကဲ့သို့ သဘောထားရုံမက ကျွန်တော့် သားသမီးများ မျက်မှောက်မှ တစ်ပါး ကျွန်တော်တို့နှစ်ယောက်မှာ ဘယ်အခါမှ မျက်နှာချင်းဆိုင်၍ စကားမပြောဘူးပါ'

ထိုအခါ ဦးစံရှားသည် ထိုင်ရာမှ ထ၍

**ရှား**။ ။'သည်းခံပါ ဦးမင်းကျော်၊ ကျွန်တော်က အလုပ်များသည့် လူတစ်ယောက် ဖြစ်သည့်အတွက် အလဟဿ စကားတွေ လျှောက်ပြောဖို့ အချိန်မရှိပါ'

ထိုအခါ ဦးမင်းကျော်သည်လည်း အမျက်ထွက်သော မျက်နှာထားနှင့် ဦးစံရှားအား ကြည့်ကာ ထိုင်ရာမှ တဖန်ထလျက်

**ကျော်**။ ။'ဘယ့်နှယ်ပြောလိုက်တာလဲ ဦးစံရှား၊ ကျုပ်အမှုကို လက်မခံဘူး ဆိုလိုသလား'

**ရှား**။ ။'ခင်ဗျားကို လက်မခံချင်ဘူး ဆိုလိုတယ်'

**ကျော်**။ ။'ဘာကြောင့်လဲ ဘယ်လို အကြံအစည် ရှိလို့လဲ၊ ငွေပိုပြီး လိုချင်လို့လား၊ သို့မဟုတ် ကြောက်လို့လား၊ ဘာကြောင့်တုန်း ကျုပ်သိချင်တယ်'

**ရှား**။ ။'သိချင်လဲ ပြောရတာပေါ့၊ ဒီအမှုဟာ နဂိုအားဖြင့် ရှုပ်ထွေးနေရတဲ့ အထဲမှာ ပြောတဲ့လူက ဟုတ်တိုင်းမှန်ရာ မပြောခဲ့လို့ ရှိရင် ဘယ်တော့ ရှင်းလင်းနိုင်မှာလဲဗျာ့'

**ကျော်**။ ။'ခင်ဗျားက ကျုပ်ကို မုသားဆိုတယ်လို့ စွပ်စွဲလိုတယ်ပေါ့ '

**ရှား**။ ။'ကျွန်တော်က ယဉ်ကျေးတဲ့ စကားနှင့် ပြောရာမှာ ခင်ဗျားက တိုက်ရိုက်ပြောစေလိုလျှင် ဒီအဓိပ္ပာယ် ကျတာပေါ့'

ထိုစကားကို ကြားသည်နှင့် တပြိုင်နက် ဦးမင်းကျော်သည် အံကြိတ်ပြီးလျှင် လက်သီးကို ဆုပ်လျက် လက်ကို မြှောက်လိုက်ရာ ဦးစံရှားကမူ ခပ်အေးအေး အမူအရာနှင့် ပြုံးရယ်ခါဖြင့် မိမိ၏ ဆေးတံကို လှမ်းယူလေ၏။

**ရှား**။ ။'ဒီဟာမျိုးတွေ မလုပ်စမ်းပါနှင့် ဦးမင်းကျော် ဗျာ၊ ထမင်းစားပြီးလို့ ဝမ်းတောင့်နေတဲ့အခါမှာ လှုပ်လှုပ်ရှားရှား မလုပ်စမ်းပါရစေနှင့်'

ထိုအခါ ဦးမင်းကျော်သည် သတိရသည့်အနေဖြင့် အမျက်ကို ရုတ်တရက် ချုပ်တည်း၍

**ကျော်**။ ။'ဒါတော့ ခင်ဗျား သဘောပေါ့၊ ခင်ဗျား သဘောမကျလျှင်လဲ ကျုပ်အမှု လက်မခံရုံ ရှိတာပေါ့၊ ကျုပ်ကို ဆန့်ကျင်ဘက် ပြုခြင်းဟာ ခင်ဗျား လွဲပြီ၊ ခင်ဗျားလောက် မကတဲ့ လူတွေ ကျုပ်နှိမ်ခဲ့တာ ဘယ်နှစ်ယောက်ရှိပြီလဲ၊ ကျုပ်နှင့် ဆိုင်ပြိုင်ပြီး ကျုပ်ဒဏ်ကို ခံနိုင်တဲ့လူ တစ်ယောက်မှ မတွေ့သေးဘူး၊ ခင်ဗျား သတိထားလိုက်ပါ'

**ရှား။** ။'ဒီလို ပြောသွားတဲ့ လူတွေ အပုံပေါ့၊ အင်းဗျာ သို့ပေမယ့် ကျွန်တော့်မှာတော့ ဒီလို ဒီလိုပါ၊ ကိုင်း သွားပေဦးတော့ ဦးမင်းကျော် ၊ လောကကြီးမှာ ခင်ဗျား မသိ နားမလည်သေးတဲ့ အရာတွေ အပုံကြီးပါဗျာ၊ သွားဦးတော့၊ သွားဦးတော့'

ဦးမင်းကျော်မှာ ဒေါသမာန်ပွားလျက် ဆူဆူညံညံနှင့် တိုက်ပေါ်မှ ဆင်းသွားလေရာ ဦးစံရှားမှာမူ အေးအေးဆေးဆေး ရှိသော အမူအရာနှင့် ဆေးတံကို သောက်ရှူလျက် ရှိလေ၏။

**ရှား။** ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဘယ်လို ထင်မြင်ချက်များ ပေးစရာရှိသလဲ'

**ကျွန်တော်။** ။'ကျွန်တော့် ထင်မြင်ချက်ကတော့ သူ့ရုပ်လက္ခဏာကို ထောက်ခြင်းဖြင့် သည်လိုလူဟာ သူလိုချင်တဲ့ အရာရှိပြီ ဆိုမှဖြင့် မယားအသက်သော ဘာသော ...'

**ရှား။** ။'အစစ်ပဲ ကျုပ်လဲ ဒီလိုပဲ ထင်တယ်'

**ကျွန်တော်။** ။'ဆရာမ မကြီးရွှေနှင့် သူ့အဖြစ်ကို ခင်ဗျား ဘယ့်နှယ်သိသလဲ'

**ရှား။** ။'ဒါကတော့ ဖြန်းလုံး ကိုသိန်းမောင်၊ သက်သက် ဖြန်းလုံးပါ၊ သူ စာရေးပုံ၊ ဒီအမှုမှာ သူ ဂရုစိုက်ပုံတို့ကို ထောက်ခြင်းအားဖြင့် ဦးမင်းကျော်ဟာ မယားဒေါ်နှင်းမြ သေဆုံးခြင်းထက် ဆရာမ မကြီးရွှေ အဖမ်းခံရခြင်း အတွက်ကို သာ၍ ပူပန်ကြောင်းကို သိရတယ်၊ ယခုလို ပူပန်ခြင်းသည် ထိုသူနှစ်ဦးတို့ ရင်းနှီးစွာ ဆက်သွယ်ခြင်း ရှိတဲ့အတွက် ဖြစ်ရမယ်လို့ ကျုပ်ကတွေးပြီး တပ်အပ်သေချာ သိတဲ့အနေနှင့် ဖြန်းလိုက်ခြင်း ဖြစ်တယ်'

**ကျွန်တော်။** ။'သူ ပြန်လာကောင်းပါသေးဗျာ့ နော်'

**ရှား။** ။'ဧကန်မုချ ပြန်လာရမယ်၊ ဒီအမှုကို ယခုလို တစ်ပိုင်းတစ်စနှင့် ဘယ်နည်းနှင့်မှ သူ ပစ်မထားနိုင်ဘူး၊ မုချ ပြန်လာရမယ်၊ ဟော ပြောရင်းဆိုရင် လှေကားက တက်လာတာ သူ့ ခြေသံမှတ်တယ်'

ဦးမင်းကျော်သည် အခန်းတွင်းသို့ တဖန်ပြန်၍ ဝင်လာရာ ၎င်း၏ မျက်နှာထားမှာ ထွက်သွားစဉ်အခါကကဲ့သို့ ရှူးရှူးရှားရှား မရှိတော့ဘဲ အမျက်ကို မြိုသိပ်၍ ထားဟန်ရှိ၏။

**ကျော်။** ။'ဦးစံရှား ပြောစကားကို တစ်ဖန်စဉ်းစားကြည့်တော့ ကျွန်တော်က လမ်းမှားဟန် တူပါတယ်၊ သို့သော်လဲ မကြီးရွှေနှင့် ကျွန်တော်နှင့် အဖြစ်အပျက်ဟာ ဒီအမှုနှင့် ဘာမှ မသက်ဆိုင်ဘူးလို့ ကျွန်တော် ထင်ပါတယ်'

**ရှား။** ။'ဆိုင် မဆိုင် ဆုံးဖြတ်ဖို့ဟာ ကျွန်တော့် အလုပ်ဖြစ်ပါတယ်'

**ကျော်။** ။'ရှိပါစေတော့ဗျာ၊ မေးလို့ ရှိမှ ပြောရတာပေါ့၊ ကိုင်း ခင်ဗျား သိချင်တာ မေးပါတော့'

**ရှား။** ။'မှန်တဲ့အတိုင်း အလုံးစုံ ကျွန်တော် သိလိုတယ်'

ထိုအခါ ဦးမင်းကျော်သည် ဣန္ဒြေကြီးသော မျက်နှာထားတစ်မျိုး ပြင်၍ အောက်ပါအတိုင်း ပြောပြလေ၏။

**ကျော်။** ။'မလွှဲသာလို့သာ ပြောရ၊ တယ်ပြီး ပြောဖို့ ခက်တာမျိုးကလားဗျာ၊ တိုတိုရုံးပြီး ပြောရမှာဖြင့် ဒီလိုဗျ၊ ကျွန်တော်နှင့် မနှင်းမြနှင့် အကြောင်းပါကြတော့ ကျွန်တော်က အသက် ၂၅ နှစ်၊ သူက အပျိုကြီး အသက် ၃၅ နှစ်ရှိပြီ၊ ချောတာလှတာ မတော့ ပြောစရာ မရှိပါပေဘူး၊ ကျွန်တော့် မိန်းမလိုဟာ ရှားပါတယ်၊ ဟိုတုန်းကတော့ သူနှင့် ကျွန်တော်နှင့် အသက်ဆယ်နှစ် ကွာတာဟာ မထောင်းတာသေးဘူး ဆိုဦးတော့၊ အရွယ်ပင် ရင့်သော်လဲ အဆင်းက ဖုံးနေတဲ့ အတွက် မထင်ရှားလှဘူး ဆိုဦးတော့၊ ယခုတော့ ကျွန်တော်က ၄၅ နှစ်၊ သူက ၅၅ နှစ် ဆိုတော့ အင်မတန် ကွာခြားပြီး ၅၅ နှစ်သမားဟာ တကယ့် အမယ်အိုကြီးဖြစ်နေတာကို၊ ကျွန်တော်တို့ ပေါင်းသင်းလာကြတာ အနှစ်နှစ်ဆယ် ရှိကြပြီ၊ ကျွန်တော်ကတော့ မှန်တဲ့အတိုင်း ပြောရမှာဖြင့် အမယ်အိုကြီး ဖြစ်နေတာ မြင်ရဲ့သားနှင့် ဟိုတုန်းကလို နှစ်နှစ်သက်သက် မရှိနိုင်ပါဘူးခင်ဗျာ၊ သူကတော့ နှစ်ပေါင်းနှစ်ဆယ် ကြာသော်လဲ မေတ္တာ မပျက်တဲ့အပြင် ရှေးကထက်တောင် တိုးပြီး ကျွန်တော့်ကို စွဲလန်းနှစ်သက်ပါတယ်၊ လူဆိုတာမျိုးဟာ ကိုယ်က မနှစ်သက်ဘဲ ကိုယ့်ကို သူတစ်ထူးက အလွန်အမင်း စွဲလမ်းနှစ်သက်နေတာကို တွေ့ရပြီ ဆိုမှဖြင့် အင်မတန် အနေခက်ပြီး အော်ကလီ ဆန်တော့မလို ဖြစ်တတ်ပါတယ်၊ အဲဒါကြောင့် ကျွန်တော့်အပေါ်မှာ မေတ္တာစိတ် လျော့ပါစေတော့လို့ သဘောထားပြီး သူ့ကို မာန်လိုက် မဲလိုက်၊ ကြိမ်းလိုက် မောင်းလိုက် လုပ်ရခြင်း ဖြစ်ပါတယ်၊ နို့ပေမယ့် ကျွန်တော်က ရက်စက်လေလေ၊ သူက ကျွန်တော့်အပေါ်မှာ မေတ္တာ ပိုလေလေ ရှိနေပါတယ်၊ ထိုကဲ့သို့ ရှိနေတဲ့

အတောအတွင်းမှာ ဆရာမ မကြီးရွှေကို ကျွန်တော့် ကလေးနှစ်ယောက် အတွက် အိမ်မှာ ပညာသင်ဖို့ ငှားမိပါတယ်၊ ရောက်လာတဲ့ ဆရာမကလဲ အင်မတန် ချောလှတဲ့ မိန်းမတစ်ယောက် ဖြစ်လေတော့ ပုထုဇဉ်တို့ သဘောအတိုင်း ကျွန်တော်က နှစ်သက်စုံမက် မိပေတယ်၊ မကြီးရွှေကို ခင်ဗျား မြင်ရလျှင် ကျွန်တော်နှစ်သက်သည့်အတွက် အပြစ် မဆိုပေဘူးလို့ ကျွန်တော်ထင်ပါတယ်'

**ရှား**။ ။'ဟုတ်ကဲ့၊ နှစ်သက်ရုံ နှစ်သက်လို့တော့ အပြစ် မဆိုလိုပါဘူး၊ သို့သော် ခင်ဗျားကို မှီခိုပြီး နေရှာတဲ့ မိန်းကလေး တစ်ယောက် ဖြစ်သည့်အတွက် ခင်ဗျားက နှစ်သက်စုံမက်ကြောင်း ဖွင့်ဟပြီး ပြောမယ်ဆိုရင်တော့ အပြစ်ဆိုလိုတယ်'

**ကျော်**။ ။'အပြစ် ဆိုချင်လဲ ဆိုတော့၊ ကျွန်တော်ဖြင့် ပြောမိပေတယ်'

**ရှား**။ ။'ဩော် ဒီလိုလား'

**ကျော်**။ ။'မယားငယ်အဖြစ်နှင့် ချစ်ကြိုက်နိုင်ခဲ့လျှင် ငွေတစ်သောင်း တင်ပါမယ်လို့ ကျွန်တော်က ပြောမိတယ်'

ထိုအခါ ဦးစံရှားက လှောင်ပြောင်လျက်

**ရှား**။ ။'တယ်ပြီး ရက်ရောပါပေသဗျာ'

**ကျော်**။ ။'ကျွန်တော် ပြောပါရစေ ဦးစံရှား၊ ခင်ဗျားဆီကို ကျွန်တော်လာခြင်းဟာ အမှုအတွက် ဆောင်ရွက်ပေးဖို့ လာခြင်းဖြစ်ပါတယ်၊ ခင်ဗျား ဩဝါဒကို ခံယူဖို့ လာတာ မဟုတ်ပါဘူး'

**ရှား**။ ။'မှန်တယ်၊ ကျွန်တော်ကလဲ ဒီအမှုမှာ ဆောင်ရွက်ပေးလို့ရှိရင် ခင်ဗျားအတွက်မဟုတ်၊ ဆရာမကလေးကို သနားသဖြင့် သာလျှင် ဆောင်ရွက်ပေးခြင်း ဖြစ်တယ်၊ခင်ဗျားတို့လို ပိုက်ဆံပေါတဲ့ လူတွေဟာ ငါတို့ ဘာပဲလုပ်လုပ် ငွေနှင့် ဖုံးရင် လုံရော့လို့ အောက်မေ့တတ်တယ်၊ ဒီလိုလူမျိုးကို ကျွန်တော်ဘယ်တော့မှ အားမပေးချင်ဘူး'

**ကျော်**။ ။'မှန်ပါတယ်၊ ခင်ဗျား ပြောတဲ့စကား သင့်လျော်ပါတယ်၊ သို့သော် ဒီကိစ္စမှာတော့ ကျွန်တော်က ဘယ်လိုပင် ပြောသော်လဲ မကြီးရွှေက ကျွန်တော့် အကြံအစည်ကို သဘောမတူပါဘူး၊ ကျွန်တော်က ပြောသည်နှင့် တပြိုင်နက် မကြီးရွှေက အလုပ်ထွက်ဖို့ စာတင်ပါတယ်'

**ရှား**။ ။'ဒါဖြင့် ဘာကြောင့် ထွက်မသွားသလဲ'

**ကျော်**။ ။'ကျွန်တော်က နောက်ကို ဒီအကြောင်းနှင့် စပ်လျဉ်းလို့ ဘယ်တော့မှ မပြောတော့ပါဘူးလို့ ပဋိညာဉ်ပေးတာက တစ်ကြောင်း၊ ကျွန်တော်ဟာ သဘောခက်ထန်သူ တစ်ယောက် ဖြစ်သည့်အလျောက် လက်အောက်ငယ်သားများအား စည်းကမ်းအတိုင်း တင်းတင်းကြပ်ကြပ်ပြုသည့် အခါမှာ သူဝင်ပြီးပြောလျှင် ထိုသူမှာ သက်သာခွင့် ရတတ်ပါတယ်၊ အဲဒါကြောင့် သူရှိနေခဲ့လျှင် လက်အောက်ဆင်းရဲသားမှာ ချမ်းသာခွင့်ရသွားသည်ကို သူတွေ့တာကတစ်ကြောင်း၊ ထိုအကြောင်းနှစ်ချက်ကြောင့်အလုပ်မှ မထွက်ဘဲ ဆက်လက်ပြီး နေထိုင်ခြင်း ဖြစ်ပါတယ်၊ ထိုအတောအတွင်းမှာ မနှင်းမြ သေဆုံးခြင်း ဖြစ်ပါတယ်'

**ရှား**။ ။'ဒေါ်နှင်းမြ သေပုံအကြောင်း စပ်လျဉ်း၍ ဘာများပြောဖို့ ရှိပါသလဲ'

**ကျော်**။ ။'ကျွန်တော့်မယား မနှင်းမြ၊ မကြီးရွှေသည် ကျွန်တော့်အပေါ်မှာ ဩဇာရှိနေသည်ကို မြင်၍ မိန်းမတို့ ဓမ္မတာ အင်မတန် မနာလိုခြင်း ဖြစ်တာမှန်ပါတယ်၊ သည်တော့က မကြီးရွှေကို တော်ရာမှာ တွေ့ဖို့ချိန်းပြီး ဒီအိမ်က ထွက်မသွား သွားအောင် ကျွန်တော့် ခြောက်လုံးပြူးနှင့် ခြိမ်းခြောက်ရာတွင် သေနတ်ကို တစ်ယောက်နှင့် တစ်ယောက်လုရင်း သေနတ်မောင်း ကျသွားပြီး ခြိမ်းခြောက်တဲ့လူကို မှန်သွားတယ်လို့ ကျွန်တော် တွေးမိပါတယ်'

**ရှား**။ ။'ကျွန်တော်လဲ ဒီလို တွေးမိပါရဲ့'

**ကျော်**။ ။'သို့သော် မကြီးရွှေ ကိုယ်တိုင်က ဒီလို မဟုတ်ဘူးလို့ ပြောနေတယ်'

**ရှား**။ ။'ပြောပေမဲ့ နောက်ဆုံးစကား မဟုတ်သေးပါဘူးလေ၊ သေနတ်ကို ကယောင်ကတမ်းနှင့် ယူသွားပြီး ထားမိထားရာ သူ့ဗီရိုထဲမှာ ဝှက်ထားလိုက်ကရော၊ နောင် သေနတ်ကို တွေ့တော့မှ သူ့အပေါ် အမှုပတ်မှာ စိုးလေတော့ အရှင်းကွယ်တာ ဖြစ်ချင်လဲ ဖြစ်နိုင်တယ်၊ မဟုတ်ပေဘူးလားဗျာ'

**ကျော်**။ ။'ဟုတ်ကဲ့ မကြီးရွှေ သဘောကို မသိတဲ့လူတော့ သည်လိုတွေးစရာ ရှိပါရဲ့'

**ရှား**။ ။'ဒါလဲ မှန်တယ်၊ ကိုင်း ဒီတော့ မကြီးရွှေကို ကျွန်တော် တွေ့ချင်သေးတယ်၊ ဘယ်မှာထားသလဲ၊ ပဲခူးမှာ ထားသလား'

**ကျော်**။ ။'မှန်ပါတယ်'

**ရှား**။ ။'ကိုင်း ဒါဖြင့် ပဲခူးကို ကျွန်တော်တို့ လိုက်ကြဦးစို့'

**ကျော်**။ ။'ခင်ဗျားတို့ သွားနှင့်ပါ၊ ဒီမြို့မှာ ကိစ္စကလေးတစ်ခု ရှိသေးလို့ ကျွန်တော် နေရစ်ပါရစေဦး၊ ပြီးပြီးချင်း ကျွန်တော် လိုက်ခဲ့ပါမယ်'

၎င်းနောက် ကျွန်တော်နှင့် ဦးစံရှားတို့သည် ထိုနေ့ စာပို့ရထားနှင့် ပဲခူးမြို့သို့ လိုက်ကြလေ၏။ သို့ပါသော်လဲ ဆရာမ မကြီးရွှေနှင့် ထိုနေ့ တွေ့ရန် အမိန့်ခံမရဘဲ ရှိနေကား ကျွန်တော်တို့သည် အမှုဖြစ်ပွားရာ ဖြစ်သော ရစ်ကန်ဘူတာသို့ ဆက်လက်၍ လိုက်သွားကြလေ၏။

ရစ်ကန်ဘူတာသို့ ဆိုက်ရောက်ကြသော အခါ ထိုလူသတ်မှုအကြောင်းကို စုံစမ်းခဲ့ဖူးသော ဌာနာအုပ် ကိုမြဖေနှင့် တွေ့လေရာ ကိုမြဖေသည် ဦးစံရှား၏ တောင်းခံချက်အတိုင်း အမှုဖြစ်ပွားရာ နေရာကို လိုက်၍ ပြလေ၏။ လမ်းခရီး၌

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုမြဖေ၊ ခင်ဗျားသဘော ဘယ့်နှယ်ရသလဲ'

**ဖေ**။ ။'ကျွန်တော့် သဘောတော့ဖြင့် ဆရာမ မကြီးရွှေက သတ်တာ အမှန်နှင့် တူပါတယ် ဆရာ'

**ရှား**။ ။'သေနတ်ကတော့ ဦးမင်းကျော် သေနတ် အမှန်ပဲနော်'

**ဖေ**။ ။'အမှန်ပါပဲတဲ့ ဆရာ၊ ဦးမင်းကျော်က ပိုက်ဆံ အင်မတန် ပေါလေတော့ အစိုးရ စစ်စားစရိတ် ဈေးစဥ်က ငွေတွေ သိပ်ထည့်ပြီး သေနတ်လိုင်စင်တွေ ယူချင်တိုင်း ယူထားတာကိုး ဆရာ၊ ခြောက်လုံးပြူးက နှစ်လက် သုံးလက်၊ သေနတ်ကြီးက သုံးလေးလက်၊ တကယ့်အရေးပိုင်အိမ်၊ မင်းကြီးအိမ် ကျနေတာပဲ ဆရာ၊ မကြီးရွှေ ဗီရိုထဲမှာ တွေ့တဲ့ သေနတ်ဟာလဲ သူ့သေနတ်ထဲက တစ်လက်ပဲ'

**ရှား**။ ။'ကျုပ်တို့ မြန်မာလူမျိုးထဲက သေနတ်လိုင်စင် ဒီလောက်များများ ပေးသလားဗျာ'

**ဖေ**။ ။'ဟိုတုန်းအခါကတော့ ငွေငါးရာ ဈေးနိုင်ရင် သေနတ်လိုင်စင် ရတော့တာပေါ့ ဆရာ၊ သူလို ငွေတစ်သိန်း ဈေးတဲ့လူတော့ လိုင်စင် လေးငါးခု ဘာခက်မလဲ ဆရာ'

ထိုကဲ့သို့ ပြောရင်းဆိုရင်း ကျွန်တော်တို့သည် ချောင်းကို ဖြတ်ကျော်ထားသော တံတားတစ်ခုသို့ ဆိုက်ရောက်လာကြလေ၏။

**ဖေ**။ ။'ဟောဒီနေရာက ဒေါ်နှင်းမြ အလောင်းတွေ့တဲ့ နေရာပဲ ဆရာ၊ ဟိုကျောက်တုံးဟာ ကျွန်တော် မှတ်ထားတဲ့ ကျောက်တုံးပဲ'

**ရှား**။ ။'အမှုဖြစ်ပွားပြီးပြီးခြင်း ခင်ဗျား ရောက်သလား'

**ဖေ**။ ။'ရောက်ပါတယ်'

**ရှား**။ ။'ဘယ်သူက အခေါ်ခိုင်းသလဲ'

**ဖေ**။ ။'ဦးမင်းကျော်က အခေါ်ခိုင်းပါတယ်'

**ရှား**။ ။'သေနတ်ဒဏ်ရာက အနီးမှာ ကပ်ပစ်တဲ့ ဒဏ်ရာဆို'

**ဖေ**။ ။'ဟုတ်တယ် ဆရာ၊ ယမ်းခိုးတောင် စွဲသွားပါသေးတယ်'

**ရှား**။ ။'ဘယ်နေရာမှာ မှန်သလဲ'

**ဖေ**။ ။'နဖူးမှာ၊ လက်ျာဘက်က ဆရာ'

**ရှား**။ ။'ဘယ်ပုံ လဲနေသလဲ'

**ဖေ**။ ။'ပက်လက်လဲ နေတယ်ဆရာ၊ ထွေးလုံးသတ်ပုတ်တဲ့ ခြေရာလဲမရှိ၊ လက်နက်လဲ မရှိ၊ လက်ဝဲဘက်လက်မှာတော့ မကြီးရွှေ ရေးတဲ့ စာတစ်စောင် ဆုပ်ကိုင်ထားတာ တွေ့ပါတယ်'

**ရှား**။ ။'ဆုပ်ထားသလား'

**ဖေ**။ ။'ဆုပ်ထားလို့မှ မနည်း ဖြည်ယူရတယ် ဆရာ'

**ရှား**။ ။'အဲဒါ အရေးကြီးသဗျို့၊ သေပြီးမှ သူများ လာထည့်သည် မဟုတ်၊ မသေမီက ရှိနေကြောင်း ထင်ရှားတယ်၊ စာထဲပါတာက ည ၇ နာရီမှာ တံတားဦးသို့ လာခဲ့မည်၊ မကြီးရွှေတဲ့ မဟုတ်လား'

**ဖေ**။ ။'မှန်ပါတယ်'

**ရှား**။ ။'ဒီစာကို မကြီးရွှေက သူရေးကြောင်း ဝန်ခံသလား'

**ဖေ**။ ။'ဝန်ခံပါတယ်'

**ရှား**။ ။'ဒီအကြောင်း ဘယ်လို ပြောသလဲ'

**ဖေ**။ ။'စက်ရှင်ရုံးကျတော့မှ ထုချေမယ်လို့ ပြောတယ်'

**ရှား**။ ။'ဒီစာတွေ့ပုံက တော်တော် အစဉ်းစားရကျပ်တယ်လို့ ခင်ဗျား မထင်ဘူးလား'

**ဖေ**။ ။'ကျွန်တော်ဖြင့် အင်မတန် ရှင်းတယ်လို့ ထင်ပါတယ် ဆရာ'

ထိုအခါ ဦးစံရှားက ဦးခေါင်းကို ရမ်းလျက်

**ရှား**။ ။'ဒီစာကို နေအိမ်မှာ ရပြီးတဲ့နောက်၊ ချိန်းတဲ့ နေရာကို လာတဲ့အခါမှာ ဒီစာကိုယူလာဖို့ လိုသေးသလားဗျာ'

**ဖေ**။ ။'ဒါတော့ သူယူတာကိုး ဆရာ'

ဦးစံရှားသည် ဆေးတံကို ဆေးဖြည့်၍ ပြီးလျှင် တံတားလက်ရန်းပေါ်တွင် ထိုင်၍ ရှုဖွာရင်းအရပ်လေးမျက်နှာကို လှမ်းကာလှမ်းကာ ကြည့်မိလေ၏။ ထိုနောက် ထိုင်ရာမှ ရုတ်တရက် ထ၍ အခြားဘက် လက်ရန်းသို့ ကူးသွားပြီးလျှင် ငုံ့လျှိုးကာ ကြည့်ပြီးမှ

**ရှား**။ ။'ဒီနေရာမှာ ပွဲနေပါကလား'

**ဖေ**။ ။'ဟုတ်ကဲ့ ဆရာ၊ လက်ဆော့တဲ့ ကလေးများ တုတ်နှင့် ရိုက်သွားတယ် ထင်ပါရဲ့'

ကျွန်တော်သည် အနီးသို့ ချဉ်းကပ်၍ သေချာစွာ ကြည့်ရှုသောအခါ သစ်သားလက်ရန်း၌ တစ်ခုသောနေရာတွင် ပိန့်ဝင်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ဦးစံရှားသည် လက်မှ ကိုင်သော တုတ်ကောက်နှင့် လက်ရန်းကို သုံးလေးချက် ရိုက်ကြည့်ရာ ရှိနေပြီးသော အရာကဲ့သို့ နက်စွာ မထင်ကြောင်း တွေ့မြင်ရလေ၏။

**ရှား**။ ။'တော်တော်ပြင်းပြင်း ထိမှန်ခြင်းနှင့် တူတယ်၊ ပြီးတော့လဲ အထက်မှ ထိမှန်ခြင်း မဟုတ်၊ အောက်မှ ထိမှန်ခြင်း ဖြစ်ရမယ်'

**ဖေ**။ ။'ဒီနေရာက အလောင်းတွေ့တဲ့နေရာနှင့် ဆိုတော့ ဆယ့်ငါးပေလောက် ဝေးပါကလား ဆရာ'

**ရှား**။ ။'မှန်တယ်၊ ဒါကြောင့်မို့ ဒီအပွဲဟာ ယခုအမှုနှင့် သက်ဆိုင်ချင်လဲ သက်ဆိုင်မယ်၊ မသက်ဆိုင်ချင်လဲ နေမယ်၊ ထွေးလုံးသတ်ပုတ်တဲ့ ခြေရာတော့မတွေ့ဘူး ဆိုသနော်'

**ဖေ**။ ။'မြေကြီးကလဲ မာတယ် ဆရာ'

**ရှား**။ ။'ကိုင်း ရှိစေ၊ ဦးမင်းကျော် အိမ်ကို ခန သွားလိုက်ကြဦးစို့'

ကျွန်တော်တို့သည် ဦးမင်းကျော်၏ နေအိမ်သို့ ရောက်ကြသောအခါ ယခင်က တွေ့ဖူးသော ဦးမင်းကျော်၏ ကိုယ်စားလှယ် မောင်ညွန့်လူနှင့် တွေ့၍ ၎င်းက ဦးမင်းကျော်သည် အလွန်တရာ ခက်ထန်မောက်မာသော လူတစ်ယောက် ဖြစ်ကြောင်းနှင့် ထပ်လောင်း၍ အစစ်ခံလေ၏။

**ရှား**။ ။'သူ့မယားဒေါ်နှင်းမြကို ရိုက်လား ပုတ်လား ပြုဖူးသလား'

လူ။ ။'ဒီလိုတော့ လက်ထိလက်ရောက် မပြုဖူးပါဘူး ခင်ဗျာ၊ သို့သော် သူပြောတဲ့ စကားတွေက ရိုက်သလောက်မက နာကျည်းအောင် ပြောတတ်ပါတယ်'

၎င်းနောက် ဦးစံရှားသည် ခြောက်လုံးပြူးသေနတ်ကို တောင်းယူ၍ သေချာစွာ ကိုင်ကြည့်ပြီးလျှင် တစ်ဖန် ပေးအပ်ခဲ့၍ ဘူတာရုံသို့ ပြန်လာကြလေ၏။ လမ်းခရီး၌

**ရှား**။ ။'အမှုအသွားအလာ ကြည့်လိုက်တော့ဖြင့် ဆရာမ မကြီးရွှေကို စွပ်စွဲစရာ အကြောင်းတွေ များနေတာ အမှန်ပဲ၊ တစ်ချက်ပဲ ကျုပ်မကြိုက်တာ ရှိတယ်'

**ကျွန်တော်**။ ။'ဘယ်အချက်ဟာလဲ ဗျာ'

**ရှား**။ ။'သူ့ ဗီရိုထဲမှာ သေနတ်တွေ့တယ် ဆိုတဲ့ အကြောင်းဟာပဲ'

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲဗျာ၊ ဒီအတွက်ကြောင့် မကြီးရွှေ အပေါ်မှာ သာပြီးတော့ ထင်စရာရှိတယ် မဟုတ်လား'

**ရှား**။ ။'ဒီလို မဟုတ်ဘူး ကိုသိန်းမောင်၊ လူတစ်ဦးတစ်ယောက်ကို စွပ်စွဲတော့မယ်ဆိုလျှင် စွပ်စွဲရန် အကြောင်းအချက်တွေဟာ အားလုံးညီညွတ်ရင် နေရာ မကျဘူးဗျာ'

**ကျွန်တော်**။ ။'ကောင်းကောင်း မရှင်းပေါင်ဗျာ'

**ရှား**။ ။'ကောင်းပြီ၊ ကျုပ်ပြောပြမယ်၊ မိန်းမတစ်ယောက်ဟာ အခြားမိန်းမတစ်ယောက်ကို သတ်ဖို့ တင်ကူးကြံစည်ပြီး ခြောက်လုံးပြူးကို ယူထား၊ စာနှင့် ရေးပြီး သေသေချာချာချိန်း၊ ဟိုမိန်းမ လာတော့ကို ပစ်သတ်၊ ယခုလို သေသေချာချာ တင်ကူး စီစဉ်ပြီးတဲ့ နောက်မှ သေနတ်ကို နီးရာ ချောင်းထဲ ပစ်မထားခဲ့ဘဲ သူ့နေရာ ပြန်ယူသွားပြီး သူ့ဗီရိုထဲ ဝှက်ထားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား'

**ကျွန်တော်**။ ။'ကယောင်ကတန်းနှင့် ထားမိထားရာ ထားရင်ကောဗျာ'

**ရှား**။ ။'မဖြစ်နိုင်ဘူး ကိုသိန်းမောင်၊ သတ်ဖို့ရာကို ကြိုတင်ပြီး စိတ်ကူးထားခဲ့လို့ရှိရင် ခြေရာဖျောက်ဖို့ကိုလဲ ကြိုတင်ပြီး စိတ်ကူးထားရမယ်၊ ဆရာမ မကြီးရွှေက ဒီခြောက်လုံးပြူး ရောက်နေတာကို သူမသိရပါဘူးတဲ့ ပြောတယ်၊ သူ့စကား မှန်ခဲ့လို့ရှိလျှင် တစ်ယောက်က မကြီးရွှေ အပေါ်မှာ အမှုပတ်အောင် သူ့ဗီရိုထဲ လာထားမယ် မဟုတ်လား၊ ဒီလိုဆိုလျှင် ထားသောသူဟာ သတ်သောသူ မဟုတ်ပေဘူးလား၊ သို့သော် ပဲခူးရောက်မှ မကြီးရွှေနှင့် တွေ့ပြီး သေသေချာချာ ဆုံးဖြတ်ကြစို့လေ'

ကျွန်တော်တို့သည် ပဲခူးမြို့သို့ ဆိုက်ရောက်ကြသောအခါ အချုပ်ခံနေရသော မကြီးရွှေနှင့် တွေ့ရန် အခွင့် ပန်ကြားပြီးနောက် ၎င်း၏ရှေ့နေ ဦးဘဝင်းနှင့် အတူ အချုပ်ခန်းသို့ ဝင်သွားကြလေ၏။ မကြီးရွှေမှာ ရုပ်ဆင်းသဏ္ဌာန် စင်စစ်ပြည့်စုံသည့် မိန်းမတစ်ယောက်ဖြစ်ပေရာ ၎င်း၏ ထူးခြားသော အချက်တစ်ခုမှာ ၎င်း၏ မျက်နှာကို မြင်လိုက်ရသည်နှင့် တပြိုင်နက် နူးညံ့သိမ်မွေ့သော စိတ်သဘောရှိကြောင်းမှာ ကောင်းစွာထင်ရှားပေ၏။

**ရှား**။ ။'ကိုင်း ဆရာမ၊ အမှုကတော့ဖြင့် တော်တော်ပဲ ရှုပ်နေတယ်၊ သည်တော့ ဆရာမက ကျုပ်တို့ကို ဟုတ်တိုင်းမှန်ရာ ကုန်စင်အောင် ပြောလေမှ ဒီအမှုကို ကွင်းလုံးကျွတ်အောင် ကျုပ်တို့ ဆောင်ရွက်နိုင်ဖို့ ရှိလိမ့်မယ်၊ မဟုတ်ဘူးလား ဦးဘဝင်း'

**ဝင်း**။ ။'မှန်ပါတယ်'

မကြီးရွှေမှာ ဤအမှု၌ စုံထောက်ကြီး ဦးစံရှားကိုယ်တိုင် ဆောင်ရွက်မည့်အကြောင်း သိရှိသည်နှင့် တပြိုင်နက် အလွန်ညှိုးနွမ်းအားလျော့လျက်ရှိသော မျက်နှာထားမှ ကြည်လင်ရွှင်ပျသော မျက်နှာထားသို့ ပြောင်းလဲလာပြီးလျှင် မေးသမျှကို ဟုတ်မှန်သည့်အတိုင်း ပြောပါမည်ဟု ဝန်ခံလေ၏။

**ရှား**။ ။'ဒေါ်နှင်းမြနှင့် ဆရာမနှင့် အခြေအနေကို ပြောပြစမ်းပါဦး'

**ရွှေ**။ ။'ဒေါ်နှင်းမြက သူ့ယောကျ်ားနှင့် ကျွန်မကို အထင်အမြင် လွဲပြီး ကျွန်မကိုအလွန်တရာ မုန်းခဲ့ပါတယ်၊ ကျွန်မက ဆင်းရဲသား လယ်သမားများ သက်သာခွင့် ရအောင် တစ်ခါတစ်လေ ဝင်ပြောလို့ သူ့ယောကျ်ားက နားထောင်လျှင် သူ့ယောကျ်ားအပေါ်မှာ ကျွန်မသြဇာ စူးရမလားဆိုပြီး ကျွန်မအပေါ်မှာ ရန်ညှိုးဖွဲ့လျက် ရှိပါတယ်'

**ရှား**။ ။'ဒေါ်နှင်းမြသေတဲ့ နေ့က အဖြစ်အပျက်ကို ပြောပြစမ်းပါဦး'

**ရွှေ**။ ။'ထိုနေ့က ကျွန်မ စာသင်တဲ့ စားပွဲပေါ်မှာ စာတစ်စောင် တွေ့ပါတယ်၊ အဲဒီစာထဲမှာ ဒေါ်နှင်းမြက ည ၉ နာရီအချိန်မှာ ထိုတံတားကို သူနှင့်တွေ့ရအောင် လာဖို့အကြောင်း၊ လာမည် မလာမည်ကို ပြန်စာရေး၍ ဝင်းတံခါးမှာ ညှပ်ထားဖို့ အကြောင်း၊ သူ့စာကို ဖတ်ပြီးပြီးချင်း ဆုတ်ပစ်ဖို့ အကြောင်းနှင့် စာကို တွေ့ရပါတယ်'

**ရှား**။ ။'ဘယ်အတွက်ကြောင့် သူ့စာကို ဆုတ်ပစ်ဖို့ မှာသတဲ့လဲ'

**ရွှေ**။ ။'သူ့ယောကျ်ား တွေ့သွားရင် သူ့ကို ကြိမ်းမှာစိုးသည့် အတွက် ဖြစ်တယ်လို့ ထင်ပါတယ်'

**ရှား**။ ။'ဆရာမ ပြန်စာကိုတော့ သိမ်းထားပါကလား'

**ရွှေ**။ ။'ဟုတ်ကဲ့၊ သူ့လက်ထဲမှာ ပြန်စာတွေ့တယ်လို့ ကြားတော့ အံ့သြမိပါတယ်'

**ရှား**။ ။'ပြောပါဦး'

**ရွှေ**။ ။'ဒါနှင့် ဟိုညက သူမှာတဲ့အတိုင်း ကျွန်မသွားလို့ တံတားရောက်တော့ သူက စောင့်နေနှင့်တယ်၊ တွေ့တွေ့ချင်း ဘာမှ မပြောပါနှင့်တော့၊ အိမ်မှာတုန်း သူ့ယောကျ်ားရှေ့မို့ အောင့်ထားသမျှတွေ ကျွန်မကို ပြောလိုက် ဆိုလိုက် ကြိမ်းလိုက် မောင်းလိုက် ဆဲရေးလိုက် ပေးစားလိုက်နှင့် ယုတ်ယုတ်မာမာ မကြားဝံ့ မနာသာတွေ ဒလစပ် ရွတ်လေတော့ ကျွန်မမှာ မကြားဝံ့တာနှင့် နားကို ပိတ်ပြီး အိမ်ပြန်ပြေးခဲ့ရပါတယ်၊ ည ၁၁ နာရီလောက် ကျတော့ ဟိုနေရာမှာပဲ အလောင်းတွေ့တယ်လို့ ကြားရပြီး သွားကြည့်ကြပါတယ်'

**ရှား**။ ။'ဆရာမ ထွက်လာတော့ အိမ်မှာ ဦးမင်းကျော် ရှိရစ်သလား'

**ရွှေ**။ ။'ရှိရစ်ပါတယ်'

**ရှား**။ ။'ပြန်လာတော့ကော ရှိသလား'

**ရွှေ**။ ။'ရှိပါတယ်'

**ရှား**။ ။'ဆရာမ ဘီရိုထဲမှာ တွေ့တဲ့ သေနတ်ကို အရင်က မြင်ဖူးသလား'

**ရွှေ**။ ။'မမြင်ဖူးပါဘူး'

**ရှား**။ ။'သေနတ်ကို ဘယ်နေရာမှာ တွေ့သလဲ'

**ရွှေ**။ ။'အဝတ်တွေထဲမှာ တွေ့ပါတယ်'

**ရှား**။ ။'ဒီနေရာကို သေနတ်ရောက်နေတာ ဘယ်လောက်ကြာပြီလဲလို့ မပြောနိုင်ဘူးလား'

**ရွှေ**။ ။'မနက်ခင်းက ဒိုဘီလာလို့ အဝတ်ထည့်တော့ သေနတ် မတွေ့သေးပါ'

**ရှား**။ ။'ဒါဖြင့် တစ်ယောက်ယောက်က ဆရာမ အပေါ်မှာ အမှုပတ်အောင် တမင်တကာ လာထားတာပေါ့'

**ရွှေ**။ ။'ဒါနှင့် တူပါတယ်'

**ရှား။** ။'ဒီအမှု ရှင်းလင်းဖို့အတွက် ဘာများ ပြောစရာ ကျန်သေးသလဲ'

**ရွှေ။** ။'ဘာမှ တွေးမရပါ'

**ရှား။** ။'အလောင်းတွေ့တဲ့ တံတားမှာ သစ်သားနည်းနည်းပဲ့နေတာ တစ်ခုတွေ့တယ်၊ ဘယ်လိုကြောင့် ဆိုတာ ဆရာမ ပြောနိုင်သလား'

**ရွှေ။** ။'မပြောနိုင်ပါ'

ထိုအခါ ဦးစံရှားသည် ဆေးတံကို မီးညှိ၍ သောက်ပြီးနောက် မျက်မှောင်ကြုတ်ကာ အတန်ကြာအောင် ငေးစိုက်၍ နေလေရာ ကျွန်တော်နှင့် တကွ ရှေ့နေဦးဘဝင်းနှင့် မကြီးရွှေတို့သည် ၎င်း၏အကဲကို ခပ်လျက် ရှိနေကြလေ၏။ အတန်ငယ်ကြာလတ်သော် ဦးစံရှားသည် ရုတ်တရက် အကြံပေါ်လာသည့် လက္ခဏာနှင့် ပေါင်ကို ပုတ်လျက် ထိုင်ရာမှ ထပြီးလျှင်

**ရှား။** ။'လာဗျို့ ကိုသိန်းမောင်၊ သွားကြဦးစို့'

**ဝင်း။** ။'ဘာများလဲ ဦးစံရှား'

**ရှား။** ။'စိတ်ချနေပါ ဆရာမ၊ မနက်ဖြန်ခါတော့ ဒီအမှုကို ကျုပ် ရှင်းလင်းနိုင်ပါလိမ့်မယ်၊ ဒီတစ်ရက်တော့ သည်းခံပြီး စောင့်ရစ်ပေဦးတော့ဗျာ'

ဘူတာရုံသို့ ရောက်ကြသောအခါ ဦးစံရှားသည် ရန်ကုန်လက်မှတ် မယူဘဲရစ်ကန်လက်မှတ်နှစ်စောင်ကို ယူလာခဲ့လေ၏။ မီးရထားပေါ် သို့ တက်မိကြသောအခါ ဒုတိယတန်းတစ်တွဲလုံး၌ ကျွန်တော်တို့နှစ်ယောက်သာလျှင် ရှိခဲ့ရာ ဦးစံရှားသည် မိမိ ယူဆောင်ခဲ့သော ခြောက်လုံးပြူးသေနတ်ကို တကိုင်ကိုင်နှင့် ထုတ်၍ ကြည့်လေ၏။ ထိုအခါ ကျွန်တော်သည် ၎င်း၏ အမူအရာကို နားမလည်နိုင်သည် ဖြစ်၍

**ကျွန်တော်။** ။'သေနတ်ကို ဘာကြောင့် ဒီလောက်တောင် ထုတ်ထုတ်ကြည့်နေရတာလဲဗျာ့၊ ယခု သွားမယ့် လမ်းက ဘေးအန္တရာယ် မြင်လို့လား'

**ရှား။** ။'မဟုတ်ဘူးဗျာ့၊ ဒီအမှုမှာ အရှုပ်အထွေးကို ဒီသေနတ်က ရှင်းလင်းလိမ့်မယ်'

**ကျွန်တော်။** ။'ခင်ဗျားဟာ နားမလည်ပေါင်ဗျာ၊ ခင်ဗျားသေနတ်နှင့် ဒီအမှုနှင့် ဘာဆိုင်သလဲဗျ'

**ရှား။** ။'နားမလည်ရင်လဲ အသာနေလေ၊ အချိန်တန်တော့ နွားပိန်ကန်လိမ့်မယ်လို့ စကားပုံ ရှိတယ် မဟုတ်လား'

ရစ်ကန်ဘူတာသို့ ဆိုက်ရောက်ကြသော အခါ ဦးစံရှားသည် ကျူလရာဆိုင် တစ်ဆိုင်သို့ ဝင်၍ ဇန်ချည်ကြိုးတစ်ထုံးကို ဝယ်ပြီးလျှင် ဌာနာအုပ် ကိုမြဖေကို ခေါ်၍ အလောင်းတွေ့ရာ တံတားသို့ သွားကြလေ၏။ တံတားသို့ ရောက်ကြသောအခါ ဦးစံရှားသည် ဇန်ချည်ကြိုးထုံးကို ဖြေ၍ တစ်ဖက်သော အစနှင့် ၎င်း၏ ခြောက်လုံးပြူးသေနတ်ကို ချည်ပြီးလျှင် အခြားသော အစနှင့် ကျောက်ခဲကြီးတစ်လုံးကို ချည်လေရာ ကျွန်တော်နှင့် ကိုမြဖေတို့မှာ နားမလည်နိုင်သဖြင့် အံ့သြစွာနှင့် ကြည့်နေကြလေ၏။

၎င်းနောက် ဦးစံရှားသည် ကြိုးချည်ထားသော ကျောက်တုံးကို တံတားလက်ရန်းပေါ်မှ ကျော်ချ၍ သေနတ်ကို ကိုင်၍ အလောင်းတွေ့သော နေရာသို့ သွား၍ရပ်နေရာ ကြိုးသည် တောင့်လျက်ရှိလေ၏။ ၎င်းနောက် ဦးစံရှားသည် သေနတ်ကို ဦးခေါင်းဆီသို့ မြှောက်ပြီးနောက် ရုတ်တရက် လွှတ်လိုက်ရာ တံတားတစ်ဖက်၌ရှိသော ကျောက်တုံးသည် သေနတ်ထက်လေးသည် ဖြစ်သောကြောင့် သေနတ်သည် လက်မှ လွှတ်သည်နှင့် တပြိုင်နက် ကျောက်တုံးရှိရာသို့ သွား၍ တံတားလက်ရန်းနှင့် ရိုက်ပြီးလျှင် ကျောက်တုံးရော သေနတ်ပါ ချောင်းထဲသို့ ကျသွားလေ၏။

ဦးစံရှားသည် စိတ်အားကြီးစွာသော အမူအရာနှင့် လျှင်မြန်စွာပြေးသွား၍ သေနတ်နှင့် လက်ရန်းရိုက်မိသော နေရာကို ငုံ့၍ ကြည့်ပြီးနောက် ဝမ်းမြောက်လှသော အမူအရာနှင့် ကျွန်တော်တို့အား ခေါ်ငင်စေ၏။ ကျွန်တော်နှင့် ကိုမြဖေတို့သည်လည်း အနီးသို့ ချဉ်းကပ်ကြရာတွင် ယခင်ကတွေ့ရသော ပဲ့ရာအနီး၌ ၎င်းနှင့် ပုံသဏ္ဍာန်တူညီသော ဒုတိယပဲ့ရာကို တွေ့မြင်ရလေ၏။

ထိုအခါ ဦးစံရှားသည် အံ့သြစွာနှင့် ငေးကြည့်နေသော ကျွန်တော်တို့ နှစ်ယောက်အား

**ရှား။** ။'ကြည့်ကြစမ်းပါဦးဗျာ၊ ဒီထက်သေချာတဲ့ ရှင်းလင်းချက် ဘယ်မှာရှိနိုင်မှာလဲ၊ ကျုပ်သေနတ်က ဒီအမှုကို ကောင်းကောင်းကြီး ရှင်းလင်းလိုက်ပေပြီ၊ ကိုမြဖေက ရွာသားများကို ခေါ်ပြီး တံတားအောက်က ချောင်းထဲကို ရေငုပ်ပြီး ရှာစေလျှင် ကျုပ်သေနတ်နှင့် သည့်ပြင်သေနတ် တစ်လက်ရော ကျောက်တစ်လုံးစီနှင့် ချည်လျက် ရေထဲမှာ တွေ့လိမ့်မယ်၊ တော်တော်ဉာဏ်သွားတဲ့ ဒေါ်နှင်းမြပေပဲ ၊ သူ့ကိုယ်သူ ပစ်သတ်ပြီး မကြီးရွှေအပေါ် အမှုပတ်အောင် ဉာဏ်ဆင်ထားလိုက်ပုံ ဘယ်လောက်နေရာကျသလဲ၊ ကိုင်း ကိုမြဖေ၊ ခင်ဗျား သေနတ်နှစ်လက်ကို ပြန်ရအောင် လူစုပြီး ယူခိုင်းရစ်ပေတော့ ၊ ကျုပ်တို့တော့ ဒီကနေ့ ဦးမင်းကျော် အိမ်မှာ အိပ်ပြီး မနက်ဖြန်ကျမှ မကြီးရွှေ လွတ်ဖို့ စီမံရအုံးမယ်'

ထိုည၌ ဦးစံရှားသည် ၎င်းအမှု အကြောင်းကို အောက်ပါအတိုင်း ရှင်းလင်းပြောပြလေ၏။

**ရှား။** ။'ဒီအမှုမှာ ကျုပ်ချော်သွားတော့မယ်လို့ နည်းနည်း လိုတော့တယ်၊ တံတားလက်ရန်းမှာ ပွဲနေတဲ့ အရာကလေးကို တွေ့ပေလို့၊ နို့မို့ရင် ဖြင့် မကြီးရွှေအတွက် ခပ်ခက်ခက်ပဲ၊ လူများဟာ တယ်ခက်တယ်၊ လူတစ်ယောက်ကို အလွန့်အလွန် မုန်းပြီ ဆိုမှဖြင့် ထိုသူပျက်စီးအောင်ဟာ ဉာဏ်တွေ ထွက်ပြီးလာတတ်တယ်၊ ဒေါ်နှင်းမြ လုပ်ပုံ ကြည့်တော့ ဗျာ၊ ဆရာမ မကြီးရွှေကို အရှက်တကွဲ အကျိုးနည်းသေစေရအောင် ဘယ်လောက်ဉာဏ်ဆင်ပြီး ထားလိုက်သလဲ၊ မကြီးရွှေ ဆီက ဟိုနေရာမှာ ချိန်းစာရအောင် သူက စတင်ပြီးရေး၊ သူ့စာကိုတော့ ဆုတ်ပစ်ခိုင်း၊ မကြီးရွှေ စာကိုတော့ သူက ယူခဲ့၊ သူ့ယောက်ျား ခြောက်လုံးပြူးသေနတ် တစ်လက်ကို ယမ်းတောင့် တစ်ခုလျော့အောင် တစ်ချက် ပစ်ဖောက်ပြီး မကြီးရွှေ ဘီရိုထဲမှာ တိတ်တိတ်ဝှက်ထား၊ ချိန်းတဲ့ အချိန်မှာ တံတားကိုသွား၊ မကြီးရွှေ လာတဲ့ အခါမှာ သူ့စိတ်ထဲ ရှိတာတွေကို အားရအောင်ပြော၊ မကြီးရွှေ ပြန်သွားလို့ သေနတ်သံ မကြားလောက်တဲ့ နေရာရောက်တော့မှ သေနတ်ကို ကျုပ်လုပ်သလို လုပ်ပြီး သူ့ကိုယ်သူ ပစ်သတ်တာကိုဗျ၊ တော်တော်ဉာဏ်သွားတဲ့ မိန်းမဗျာ၊ သူ့အကြံအောင်ဖို့ဟာ နည်းနည်းကလေး လိုတော့တယ်၊ ကိုင်း ဘာများ မရှင်းတာ ရှိသေးသလဲ'

**ကျွန်တော်။** ။'လက်ဦးတုံးက ချောင်းထဲမှာ ဘာကြောင့် မရှာကြသလဲ ဗျာ'

**ရှား။** ။'အင်း သူများရှင်းပြီးတော့ အကြံ ပေါ်တတ်တာကလား ဗျာ၊ နောက်မှ အကြံရတဲ့လူကို ဘယ့်နှယ် ခေါ် သတဲ့လဲ'

**ကျွန်တော်။** ။'ရှိပါစေတော့ ဗျာ'

**ပြီးပါပြီ။**

× × × × × ×

## ၇။ ကိုယ့်ကိုယ်ကို သတ်ခြင်းလော သူတစ်ပါးသတ်ခြင်းလော

ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားသည် 'သုံးပွင့်ဆိုင်' အသင်းအမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့သို့ သွားရောက်ထောက်လှမ်း စုံစမ်း မေးမြန်းလျက်ရှိသည်။ တစ်နေ့သော တနင်္ဂနွေနေ့၌ စုံထောက် အင်စပိတ်တော် မောင်အုန်းဖေသည် တိုက်ပေါ် သို့ တက်လာ၍ လမ်းလျှောက်တုတ်ကို တစ်ခုသော ထောင့်၌ ထိုးပစ်ပြီးလျှင် ပက်လက်ကုလားထိုင် ပေါ်တွင် ထိုင်ကာ မှိုင်လျက်ရှိနေလေ၏။

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲ ကိုအုန်းဖေရဲ့၊ ဘာများ အကြပ်အတည်း တွေ့လာပြန်ပြီလဲဗျ'

**ဖေ**။ ။'ဝွကျလိုက်တာ ကိုသိန်းမောင်ရယ်၊ ဆရာလဲ မရှိဘူး၊ ဘယ်သူမှလဲ တိုင်ပင်ထိုက်စရာ မရှိဘူး၊ သိပ်ပြီး ဝွကျတာပဲ ဗျာ'

**ကျွန်တော်**။ ။'ကိုစံရှားလဲ လာလုပါပြီဗျာ'

**ဖေ**။ ။'လာမှာက နောက်၊ ကျွန်တော် အရှက်ကွဲမှာက အရင် ဖြစ်နေလိမ့်မယ် ထင်တယ် ကိုသိန်းမောင်ရဲ့'

**ကျွန်တော်**။ ။'ဘာများ အရှက်ကွဲရမှာလဲ ဗျာ၊ ပြောပြစမ်းပါဦးတော့လား ဗျ၊ ကျွန်တော် တတ်နိုင်လျှင်လဲ ကူညီရတာပဗျာ'

ဟု ပြောသောအခါ မောင်အုန်းဖေသည် ကျွန်တော်လို လူစားနှင့် ဝေးလေစွဟူသော မျက်နှာထားမျိုးနှင့် ကျွန်တော်အား ပြုံးစေ့စေ့ ကြည့်လျက်ရှိရာ ကျွန်တော်က အဖြစ်အပျက် အလုံးစုံကို ပြန်၍ ပြောရန် ထပ်လောင်း တောင်းပန်သည်တွင် အောက်ပါအတိုင်း သိရှိရလေ၏။

× × × × × ×

ရန်ကုန်မြို့ ကရိလမ်း (ယခု ရေကျော်လမ်း) တွင် မိုးကုတ်မြို့မှ လာရောက်ပြောင်းရွှေ့ နေထိုင်သော ကျောက်ပွဲစားကြီး ဦးဖုန်းကျော်၊ ပွဲကတော် ဒေါ်သိန်းရင် ဟူ၍ ရှိလေ၏။ ဦးဖုန်းကျော်သည် မိုးကုတ်မြို့၌ ကျောက်တွင်းများ တူးဖော်ခြင်း လုပ်ငန်းကို လုပ်ကိုင်၍ ကျောက်တွင်းအောင်သည်နှင့် ကျောက်သံပတ္တမြား အမြောက်အမြားနှင့် ရန်ကုန်မြို့သို့ ဆင်းလာခဲ့ရာ ကျောက်များကို ရောင်းချပြီးသော အခါ၌ မိုးကုတ်သို့ ပြန်လည် သွားရောက် လုပ်ကိုင်ခြင်းထက် ရန်ကုန်မြို့မှနေ၍ မိုးကုတ်သား မိတ်ဆွေ အပေါင်းတို့နှင့် ဆက်သွယ်ပြီးလျှင် ပွဲစားလုပ်ငန်းဖြင့် လုပ်ကိုင်ခြင်းသည် သာလွန်၍ အကျိုးကျေးဇူးရှိသည်ဟု မှတ်ထင်သဖြင့် ကရိလမ်း၌ တိုက်တစ်လုံးကို ဝယ်ယူပြောင်းရွှေ့ နေထိုင်ခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ နေထိုင်စဉ် မိမိတို့ မျှော်လင့်ချက်အတိုင်း ထိုစဉ်အခါက ပတ္တမြားဈေးမှာလဲ အလွန်ကောင်းသည် ဖြစ်၍ မိုးကုတ်မြို့မှ ကျောက်ကုန်သည်များ မကြာခဏ လာရောက်တည်းခို၍ ကျောက်အရောင်းအဝယ် အကြီးအကျယ် ပြုကြသည်တွင် ဦးဖုန်းကျော်တို့၏ လုပ်ငန်းမှာ ဖွံ့ဖြိုးကြီးပွားခြင်း ရှိခဲ့လေ၏။ ထို့ပြင် ဦးဖုန်းကျော်တို့၏ တိုက်အိမ်မှာ အတော်အတန် ကျယ်ဝန်းသည် ဖြစ်သောကြောင့် ကျောက်ကုန်သည်များ တည်းခိုနိုင်လောက်ရုံမျှ မက မိုးကုတ်မြို့မှ ဘုရားဖူးမြော်ရန် လာရောက်သူတို့လဲ ၁၀ ရက် ၁၅ ရက် စသည်ဖြင့် ၎င်းတိုက်ပေါ်တွင် နေထိုင်လျက် သင့်လျော်သော အခကြေးငွေတို့ကို လည်းကောင်း၊ လက်ဆောင် ပစ္စည်းတို့ကို လည်းကောင်း ပေးကမ်းကြသည် ဖြစ်သောကြောင့် ၎င်းတိုက်မှာ တစ်နည်းအားဖြင့် မိုးကုတ်သားများ အတွက် ဟိုတယ်ကြီး တစ်ခုသဖွယ် ဖြစ်လေသည်။

ဦးဖုန်းကျော် သေဆုံးပြီးနောက် ဒေါ်သိန်းရင်သည် အရွယ်လဲ ငယ်၊ သားသမီးလဲ မကျန်ရစ် ဖြစ်သောကြောင့် နောက်ထပ် အိမ်ထောင်ပြုရန် လွယ်ကူခဲ့သည် ဖြစ်ရာ နောက်ယောကျ်ားမှာ လူဘော်ကျော့ ဖြစ်၍ အိပ်ကာ စားကာ လည်ပတ်ကာ ဖြင့်သာလျှင် အချိန် ကုန်လွန်စေရကား ဒေါ်သိန်းရင်သည် ပထမယောကျ်ား၏ လုပ်ငန်းကို မိမိသာလျှင် ဆက်လက်လုပ်ကိုင် ခဲ့ရလေ၏။ ပထပ၌မူ မိတ်ဟောင်းဖြစ်သော မိုးကုတ်သားတို့သည် ရှေးယခင် ဦးဖုန်းကျော် ရှိစဉ်အခါ ကဲ့သို့ပင် ထိုအိမ်၌ တည်းခိုရောင်းဝယ်ခြင်း ပြုကြသည်ဖြစ်၍ လုပ်ငန်းသည် တိုးတက်ခြင်း မရှိစေကာမူ ဆုတ်ယုတ်ပျက်ပြားသည် ဟူ၍ မဆိုနိုင်သည် ဖြစ်ရာ များမကြာမီ အတွင်း၌ ပျက်ပြားဆုတ်ယုတ်ရန် အကြောင်းများ ဖြစ်ပေါ်လာခဲ့လေ၏။

တစ်နေ့သ၌ မိုးကုတ်မြို့မှ ကျောက်ကုန်သည်ကြီး တစ်ဦးသည် အဖိုးတန်ကျောက်နီ အမြောက်အမြားနှင့် ဒေါ်သိန်းရင် ၏ နေအိမ်သို့ ဆိုက်ရောက်လာရာ ဒေါ်သိန်းရင်သည် ဂုဏ်အရည်အချင်းနှင့် ပြည့်စုံသော ၎င်းဧည့်သည်အား မိမိ၏ တိုက်

တတိယအထပ်တွင် အကောင်းဆုံးသော အခန်းကို တည်းခိုနေထိုင်ရန် ပြင်ဆင်၍ ပေးလေ၏။ ဒေါ်သိန်းရင်၏ ယောကျ်ား ကိုဘမော်သည် ရေးယခင်ကလာရောက်တည်းခိုသောဧည့်သည်များကိုမူ များစွာဂရုပြုဖူးသည်မရှိဘဲ ဤကျောက်ကုန်သည်ကြီး အားမူ မိတ်ကျွမ်းတဝင်ဖြစ်အောင် စကားပြောဆိုလျက် ပါလာသော ကျောက်ရိုင်းများနှင့် တကွ သွေးပြီး ကျောက်များကို တောင်းယူ ကြည့်ရှုလျက်၊ အဖိုးနှုန်းတို့ကို ခန့်မှန်းဖြတ်ဆိုလျက် ရှိခဲ့လေ၏။

အဆိုပါ ကျောက်ကုန်သည်ကြီး ဆိုက်ရောက်ပြီးနောက် ငါးရက်ခန့် ကြာသောအခါ လကွယ်အဖိတ်နေ့ ဖြစ်လေရာ ကျောက်ကုန်သည်ကြီးသည် ထိုညဦး၌ အခါတိုင်းကဲ့သို့ ကိုဘမော်နှင့် မြို့တွင်းသို့ လည်ပတ်ခြင်း မပြုဘဲ ခေါင်းအနည်းငယ်ကိုက်သည်ဟု ပြောပြီးလျှင် မိမိ၏ အိပ်ခန်းသို့ ခပ်စောစောပင် ဝင်လေ၏။ ၎င်း တတိယအထပ်၌ကား အိမ်ခန်းနှစ်ခန်းမျှ ရှိလေရာ တစ်ခန်းမှာ အခြားဧည့်သည် မရှိဘဲ တစ်ခန်း၌သာလျှင် ကျောက်ကုန်သည်ကြီး အိပ်လေ၏။

လကွယ်နေ့ နံနက်၌ အစေခံ သာဦးသည် မိမိ ပြုမြဲ ဖြစ်သည့်အတိုင်း ကာဖီနှင့် ပေါင်မုန့်များကို တိုက်ပေါ် သို့ ယူသွားလေရာ ကျောက်ကုန်သည်ကြီး မထသေးသည်ကို မြင်သည်နှင့် ကာဖီခွက်နှင့် ပေါင်မုန့်ကို စားပွဲတစ်ခုပေါ်၌ တင်ထားခဲ့ပြီးလျှင် တိုက်အောက်သို့ ဆင်းသွားလေ၏။ ၁၅ မိနစ်ခန့် ကြာသောအခါ သာဦးသည် ကာဖီခွက်များကို သိမ်းဆည်းရန် တိုက်ပေါ် သို့ တက်လာရာ ကာဖီခွက်များမှာ မိမိထားခဲ့သည့် အတိုင်း ရှိသည့်ပြင် ကျောက်ကုန်သည်ကြီး၏ အခန်းမှာလဲ မဖွင့်သေးဘဲ ရှိနေသည်ကို တွေ့ရှိရလေ၏။ အခါတိုင်း၌မူကား ကျောက်ကုန်သည်ကြီးသည် မိုးလင်းသည်နှင့် တပြိုင်နက် အိပ်ရာမှ ထမြဲဖြစ်ကြောင်းကို သာဦး သိရှိသည်နှင့် နေထိုင်မကောင်း၍ မထသေးဘဲ ရှိနေသလောဟု မေးမြန်းစုံစမ်းရန် အခန်းတံခါးကို ခေါက်လေရာ အခန်းတွင်းမှ မည်သည့်အသံမှ မကြားရဘဲ ရှိနေလေ၏။ ထိုအခါ သာဦးသည် အနည်းငယ် စိုးရိမ်မကင်း ရှိသည်ဖြစ်ရာ အခန်းတံခါးကို ခပ်ပြင်းပြင်းခေါက်လျက် ခေါ်ငင်ပြန်လေရာ အခန်းတွင်း၌မူကား ရှေးနည်းအတူ တိတ်ဆိတ်စွာ ရှိနေသည်ကိုသာလျှင် တွေ့ရပြန်လေ၏။ ထိုအခါ သာဦးသည် စိုးရိမ်သည်ထက် စိုးရိမ်ခြင်း အားကြီးလာသည် ဖြစ်၍ တိုက်အောက်သို့ ဆင်းပြီးလျှင် ဒေါ်သိန်းရင် အား အကျိုးအကြောင်းကို ပြောပြလေ၏။

ကိုဘမော်မှာမူ ထိုအချိန်အခါ၌ အပြင်သို့ သွားရောက် လည်ပတ်နေခိုက် ဖြစ်သဖြင့် တိုက်အောက်၌ မရှိချေ။ ဒေါ်သိန်းရင်သည် သာဦး ပြောစကားကို ကြားရလျှင် ကျောက်ကုန်သည်ကြီးမှာ ညအခါကလည်း ခေါင်းကိုက်သည်၊ ယခုမှာမူ ထူးရန်ကိုမျှ မတတ်နိုင်အောင် အသည်းအသန် ဖျားနာ၍ပင် နေလေသလောဟု ပျာယီးပျာယာ သာဦးနှင့်အတူ တိုက်ပေါ်သို့ တက်လာပြီးလျှင် တံခါးကို ခပ်ပြင်းပြင်း ဆောင့်၍ ခေါက်လေ၏။ သို့ရာတွင် အခန်းတွင်း၌ကား ဆိတ်ငြိမ် လျက်ပင် ရှိနေလေ၏။

အခန်းဖွဲ့ထားသော ပျဉ်တို့မှာ တိုက်၏ အမိုးသို့ တိုင်အောင် ထိရောက်လေရကား အခန်းတွင်းသို့ တံခါးမှ တစ်ပါး ကျော်၍ တက်ရန် နည်းလမ်း မမြင်သည် ဖြစ်သောကြောင့် ဒေါ်သိန်းရင်သည် သာဦးအား တံခါးကို ကိုယ်စောင်းတိုက်၍ အတင်းဖွင့်စေရာ သုံးကြိမ်မျှ တိုက်မိသောအခါ တံခါးသည် ရုတ်တရက် ပွင့်သွားပြီးလျှင် အခန်းတွင်း၌ ကြောက်မက်ဖွယ် အခြင်းအရာကို တွေ့မြင်ရသည်နှင့် ဒေါ်သိန်းရင်မှာ မျက်နှာကို လက်ဝါးနှင့် အုပ်ကာ 'ကယ်တော်မူကြပါ' ဟု ဟစ်အော်လျက် ရှိလေ၏။ ထို့နောက်မှ ဒေါ်သိန်းရင်သည် အကြံရသည်နှင့် တိုက်အောက်သို့ ဆင်းပြေးခဲ့၍ တယ်လီဖုန်းနှင့် ဌာနာသို့ အကြောင်းကြားလေရာ ဌာနာအုပ်နှင့် ပုလိပ်အရာရှိ နှစ်ယောက်တို့လဲ တိုက်သို့ ရောက်လာကြလေ၏။ ပုလိပ်အရာရှိများ ရောက်လာကြသောအခါ ဒေါ်သိန်းရင် မှာ မည်သို့မျှ မပြောနိုင်ဘဲ ရင်ဘတ်ကို စုံထုလျက် 'အကျိုးနည်းပါပြီတော့ ၊ အကျိုးနည်းကုန်ပါပြီတော့' ဟူ၍ သာလျှင် ရေရွတ်မြည်တမ်းလျက် ရှိရာ ပုလိပ်အရာရှိတို့သည် သာဦးကို ခေါ်၍ တိုက်ပေါ် သို့ သွားရောက်ကြည့်ရှုကြသည်တွင် အောက်ပါ အခြင်းအရာများကို တွေ့မြင်ကြရလေ၏။

အခန်းတွင်း၌ သံခုတင်၏ ခြေရင်းတိုင်ကို မှီလျက် ကျောက်ကုန်သည်ကြီးသည် ကြမ်းပေါ်၌ ဒူးထောက်လျက် ရှိရာ သံခုတင်ကို ကာလျက်ရှိသော ကန့်လန့်ကာတစ်ခု၏ ကြိုးစသည် ကျောက်ကုန်သည်ကြီး၏ လည်ပင်းကို ကွင်းလျှော ချည်လျက် ရှိလေ၏။ ကျောက်ကုန်သည်ကြီး၏ မျက်နှာမှာ ရောင်ယမ်းလျက် ပြာငန်းငန်းရှိလေရာ မျက်လုံးတို့သည် ပေါက်ကွဲ၍ ထွက်မတတ် ပြူးပြီးလျှင် လျှာသည် မေးစေ့ကို ကျော်အောင် တွဲရွဲကျလျက် ရှိနေရကား ပုလိပ်အရာရှိတို့ပင်လျှင် ပထမ၌ အမြင်ဆိုးလှသဖြင့် မျက်နှာလွှဲလျက် ရှိကြလေ၏။ ၎င်းနောက် ပုလိပ်အရာရှိတို့သည် ကြိုးကို ဖြေပြီးလျှင် ဆရာဝန်ကို ခေါ်ငင်၍ အခန်းကိုလည်း သေချာစွာ မွှေနှောက်ကြည့်ရှုကြရာ ၎င်းတို့၏ ထင်မြင်ချက်မှာ အခန်းသည်

အတွင်းမှ ပိတ်လျက်ရှိသည် ဖြစ်သောကြောင့် ကျောက်ကုန်သည်ကြီးသည် သူတစ်ပါး၏ လုံ့လ ပယောဂကြောင့် သေဆုံးရခြင်း မဟုတ်၊ မိမိ၏ ကိုယ်ကို မိမိ ကြိုးဆွဲချ၍ သေဆုံးရှာခြင်း ဖြစ်ကြောင်းနှင့် ထွက်ဆို ကြလေ၏။ သို့ရာတွင် ပုလိပ်သား တစ်ယောက်က ဌာနာအုပ်အား 'သေတဲ့လူဟာ တော်တော် စိတ်တင်းတဲ့လူ ဆရာရေ့၊ တကယ်ဆိုတော့ သူ့ခြေထောက်နှင့် ကြမ်းနှင့် မီနေလျက်သားနှင့် ခြေထောက်ကို တမင် မထောက်ဘဲထားတာ အံ့သြစရာပဲ ဆရာ၊ ကျွန်တော့် လိုဖြင့် လည်ပင်းက နည်းနည်းအစ်လာလျှင် ခြေထောက်က ကြမ်းကို ထောက်လိုက်မှာပဲ ဆရာရဲ့' ဟုပြောသောအခါ ဌာနာအုပ်က 'သေချင်တဲ့လူကိုးကွဲ့၊ မင်းလို သေရမှာ ကြောက်တဲ့လူ မဟုတ်ဘဲကိုး' ဟု ပြန်ပြောလေ၏။

၎င်းနောက် ဆရာဝန် ရောက်လာသောအခါ ထုံးစံအတိုင်း စမ်းသပ်ကြည့်ရှုပြီးလျှင် သေသူမှာ လေမွန်း၍ သေဆုံးခြင်း ဖြစ်ကြောင်း၊ သေသည်မှာ အနည်းဆုံးအားဖြင့် ၅ နာရီ၊ ၆ နာရီ ခန့်မျှ ရှိပြီ ဖြစ်ကြောင်းနှင့် ထွက်ဆိုပြီးလျှင် ဌာနာအုပ် ထင်မြင်သည့်အတိုင်း ကိုယ့်ကိုယ်ကို သတ်သေခြင်းပင် ဖြစ်ဟန်တူကြောင်းနှင့် ပြောဆိုရာ အလောင်းကို ဆေးရုံကြီးသို့ ယူသွားလေ၏။

၎င်းနောက် တစ်လခန့်မျှ ကြာပြန်သောအခါ ဒေါ်သိန်းရင်၏ တိုက်သုံးထပ်တွင် အထက်ပါ အခြင်းအရာနှင့် ထပ်တူထပ်မျှ ဖြစ်သော ကြောက်မက်ဖွယ် အခြင်းအရာတစ်ခု ဖြစ်ပေါ် ပြန်လေ၏။ ထိုအချိန်အခါ၌ မိုးကုတ်မှ ကျောက်ကုန်သည်များသည် အမြောက်အမြား စုရုံးလာရောက်ကြ၍ ဒေါ်သိန်းရင်၏ တိုက်၌ တည်းခိုလျက်ရှိကြရာ အားလုံးသော အခန်းတို့မှာ ပြည့်နှက်လျက် ကျောက်ကုန်သည်ကြီး သေဆုံး၍သွားသော အခန်းတစ်ခန်း သာလျှင် လွတ်လပ်လျက် ရှိလေ၏။ လကွယ် အဖိတ်နေ့၌ကား နောက်ထပ် ဧည့်သည် တစ်ယောက် ဆိုက်ရောက်၍ လာပြန်လေရာ ထိုအခန်း၏ အဖြစ်အပျက်ကို ကြားဖူးသော ဧည့်သည် တစ်ယောက်က နောက်ရောက်လာသူအား

'သည့်ပြင် အခန်းတော့ အိပ်စရာ မရှိဘူး ဆရာကြီးရေ့၊ ကျောက်ကုန်သည် ဦးမြသီး သေသွားတဲ့ အခန်းပဲ အိပ်စရာ ရှိတော့တယ်၊ ခင်ဗျား အိပ်ဝံ့ ပါ့မလား'

'ဘာလို့ မအိပ်ဝံ့ရသလဲ ဗျ၊ လူသေလျှင်ကော ဘာဖြစ်သလဲ၊ လူမသေဖူးတဲ့ အခန်းရယ်လို့ ဘယ်မှာရှိမလဲဗျ'

'အိပ်ဝံ့လျှင်လည်း ကောင်းပါရဲ့ဗျာ၊ ကျုပ်တို့တော့ ဟိုဘက်အခန်းက အိပ်တာတောင် တွေးမိလျှင် ကြက်သီး ထမိသေးတယ်'

'ခင်ဗျားတို့က နဂို ကြောက်နေတဲ့ လူကိုးဗျ၊ ကျုပ်တို့တော့ ကြက်သီးလဲ မထတတ်ဘူး၊ ကျုပ် အိပ်ပါမယ်'

နောက်ရောက်လာသော ဧည့်သည်သည် သတ္တိကောင်းသော လူတစ်ယောက် ဖြစ်သည်နှင့် ၎င်းအခန်းသို့ ဝင်၍အိပ်ရာ လကွယ်နေ့ နံနက်သို့ လင်းသောအခါ၌ ကျောက်ကုန်သည် ဦးမြသီး၏ နည်းတူ ခုတင်တိုင်ကို မှီလျက် ကြမ်းပေါ်၌ ခြေကို ကွေးလျက် ဒူးထောက်ကာ ကြိုးဆွဲချ၍ သေဆုံးလျက်ရှိသည်ကို တွေ့ရှိကြရသည် ဖြစ်သောကြောင့် အိမ်သားများနှင့် ဧည့်သည်များပါ ဖိန့်ဖိန့်တုန်မျှ ကြောက်ရွံ့လျက် ရှိကြလေ၏။

ထိုအခါ ပုလိပ်အရာရှိတို့နှင့် ဆရာဝန်ကြီးလည်း အလောင်းကို လာရောက် စမ်းသပ်ကြည့်ရှုရာ ပုလိပ်အရာရှိတို့က ကိုယ့်ကိုယ်ကို ကြိုးဆွဲချ၍ သေခြင်းဖြစ်သည်ဟု မှတ်ထင်သော်လည်း တစ်ခန်းတည်း၌မှု နှစ်ယောက်မျှ တစ်လအတွင်း ဖြစ်ပျက်ခြင်းမှာ အတန်ငယ်ထူးဆန်းကြောင်းနှင့် ပြောပြသောအခါ ဆရာဝန်ကြီးက လူတို့၏ စိတ်မှာ အလွန် ထူးဆန်းကြောင်း၊ တစ်ဦးသော သူ၌ ဖြစ်ဖူးသော စိတ်သည် နောက်တစ်ဦးအား လှုံ့ဆော် တိုက်တွန်းဘိသကဲ့သို့ ဖြစ်တတ်ကြောင်း၊ လူတို့ မည်သည်မှာ သေဘေးကို ကြောက်ရွံ့မြဲ ဓမ္မတာ မှန်သော်လည်း အလွန်မြင့်မားသော တောင်တစ်ခု ၏ ထိပ်မှ ဖြစ်စေ၊ အဆောက်အဦးကြီးတစ်ခု၏ အစွန်အဖျားမှ ဖြစ်စေ ရပ်လျက် အောက်သို့ ကြည့်မိသောအခါ ခုန်၍ချလိုက်ချင်သော စိတ်သည် အချို့သောသူတို့၌ ရုတ်တရက် ဖြစ်ပေါ်၍လာတတ်ကြောင်း၊ မီးရထားသည် အနီးသို့ ခုတ်လာသော အခါ ကိုယ်ကို ပစ်လှဲ၍ အကြိတ်ခံလိုသောစိတ်သည် ဖြစ်ပေါ်လာတတ်ကြောင်းများနှင့် ဥပမာ ဆောင်၍ ပြပြီးလျှင် ယခုသေဆုံးသူမှာလဲ ယခင်က ကျောက်ကုန်သည်ကြီး၏ နည်းတူ မိမိ ပယောဂကြောင့် မိမိ သေဆုံးရှာခြင်း ဖြစ်မည်ထင်ကြောင်းနှင့် ထင်မြင်ချက် ပေး၍ ထုံးစံအတိုင်း အလောင်းကို ဆေးရုံသို့ ဆောင်ယူစေလေ၏။

ထိုအိမ်၌ တည်းခိုသော ဧည့်သည် အပေါင်းတို့မှာမူ အလွန်တရာ ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်ကြပြီးလျှင် ထိုနေ့အတွင်းပင် ရပ်ရွာသို့ ပြန်လည်သွားရောက်ကြရုံမျှမက ဒေသသို့ ရောက်သော အခါ၌လည်း မကောင်းသော သတင်းကို လွှင့်ကြသည်

ဖြစ်သောကြောင့် အခြားသော ကျောက်ကုန်သည်တို့သည် လည်းကောင်း၊ ဘုရားဖူး သွားရောက်သော သူတို့သည် လည်းကောင်း ဒေါ်သိန်းရင် ၏ တိုက်၌ တည်းခိုခြင်း မပြုကြသဖြင့် ဒေါ်သိန်းရင် မှာ ဝင်ငွေ နည်းပါးလျက် ရှိခဲ့လေ၏။

ဒေါ်သိန်းရင် သည် ရေးအခါက ကဲ့သို့ မိမိ၏အိမ်၌ ကုန်သည် အဝင်အထွက် မစည်ကားသည် ဖြစ်၍ မည်သို့ပြုရမည်မသိ၊ စိတ်ညစ်ညူးလျက် ထိုအခန်း၌ တစ်ည အိပ်ဝံ့သူအား ငွေတစ်ရာကျပ်ကို လက်ငင်းထုတ်၍ ပေးမည်ဟု ပြောဆိုလေ့ရှိသည် ဖြစ်ရာ တစ်နေ့သ၌ ဌာနာအုပ်နှင့် လိုက်ပါလာဖူးသော ပုလိပ်သားကလေး တစ်ယောက်သည် ဒေါ်သိန်းရင်၏ တိုက်သို့ ဝင်လာ၍

**လိပ်**။ ။'ဒေါ်ဒေါ် ကျွန်တော် သတင်း တစ်ခု ကြားတယ်၊ အဟုတ်လား ဒေါ်ဒေါ်'

**ရင်**။ ။'ဘာပါလိမ့် မောင်'

**လိပ်**။ ။'ဟိုအခန်းမှာ တစ်ည အိပ်ဝံ့တဲ့လူကို ငွေတစ်ရာ ပေးမယ်ဆို'

**ရင်**။ ။'ပေးပါမယ် မောင်ရယ်၊ မောင် အိပ်ဝံ့လို့လား'

**လိပ်**။ ။'ကျွန်တော်က တစ္ဆေလည်း ကြောက်တဲ့ အကောင် မဟုတ်ဘူး၊ သရဲလည်း ကြောက်တဲ့ အကောင် မဟုတ်ဘူး၊ အရက်တစ်ပုလင်းနှင့် ငွေတစ်ဆယ်သာ ပေးပါဗျာ၊ ကျွန်တော် အိပ်ပါ့မယ်'

ထိုအခါ ဒေါ်သိန်းရင်သည် အရက်ဖိုးငွေနှင့် ငွေတစ်ဆယ်ကို ပုလိပ်သားကလေးအား ဝမ်းမြောက်ဝမ်းသာ ပေးလိုက်လေရာ ပုလိပ်သားကလေးသည် ထိုညဉ့်၌ အရက်ပုလင်းကို ပွေ့လျက် ၎င်းအခန်း၌ အိပ်ရန် တိုက်သို့ လာရောက်လေ၏။ ဒေါ်သိန်းရင်နှင့် ကိုဘမော်တို့သည်လည်း အခြည်းများကိုပင် ဝယ်ချမ်း၍ ပေးပြီးလျှင် အခန်းတွင်းသို့ ဝင်စေရာ ပုလိပ်သား ကလေးသည် ဝက်အူချောင်းများကို လက်တစ်ဖက်မှ ကိုင်လျက် အရက်ပုလင်းကို လက်တစ်ဖက်မှ ပွေ့ပြီးလျှင် ရွှင်ပျသော အမူအရာနှင့် အခန်းတွင်းသို့ ဝင်သွားပြီးနောက် တံခါးကို ပိတ်လိုက်လေ၏။

ထိုညဉ့်၌ ဒေါ်သိန်းရင်သည် ကိုဘမော်ကို ခေါ်၍ ပုလိပ်သားကလေး အတွက် စိုးရိမ်မကင်း ဖြစ်သည်နှင့် တံခါးပေါက်သို့ သုံးလေးကြိမ်မျှ လာရောက်ချောင်းမြောင်း၍ နားထောင်ရာ အတွင်းမှ ဟောက်သံကို ကြားရသဖြင့် ကောင်းမွန်စွာ အိပ်ရာသို့ ဝင်ကြလေ၏။

နံနက်မိုးလင်းသဖြင့် ဒေါ်သိန်းရင်သည် တိုက်ပေါ် သို့ တက်သွားသော အခါ ပုလိပ်သားကလေးသည် အိပ်ရာမှ နိုးပြီးဖြစ်၍ ပို့လာသော ကာဖီနှင့် ပေါင်မုန့်တို့ကို မြိန်ယှက်စွာ စားသောက်ရင်း 'ကျွန်တော်တော့ သက်သက် အချောင် ကော်တာပဲ ဒေါ်ဒေါ်ရေ့၊ ငွေတစ်ဆယ်လဲ ရသေး၊ အရက်တစ်ပုလင်းလဲ သောက်ရသေး၊ ခြင်မကိုက် ဘာမကိုက် မွေ့ရာထူထူနှင့်လဲ အိပ်ရသေး၊ သည့်ထက်ကောင်းတဲ့ အလုပ် ဘာရှိသေးသလဲ ဒေါ်ဒေါ် သည်လိုများ အိပ်ရမယ် ဆိုလျှင် ကျွန်တော်တော့ ညတိုင်း အိပ်ချင်ပါရဲ့ဗျာ' ဟု ပြောလေ၏။

ပုလိပ်သားကလေး ပြန်၍ သွားသောအခါ ဒေါ်သိန်းရင်သည် ထိုအခန်း၏ မကောင်းသတင်း ပပျောက်စေခြင်းငှာ မိမိ၏ အိမ်နီးပါးချင်းတို့အား ပုလိပ်သားကလေး အိပ်၍သွားသော်လည်း မည်သို့မျှ မဖြစ်ဘဲ ကောင်းကောင်းမွန်မွန် ချောချော မောမော ပြန်၍သွားကြောင်းနှင့် ပြောဆိုသော အခါ အိမ်နီးချင်းတို့က ဦးခေါင်းကို ယမ်းလျက်

'အိပ်ဝံ့မှာပေါ့ရှင်၊ လကွယ်နေ့မှ မဟုတ်ဘဲကိုး၊ ရှင့်လူ သတ္တိရှိလျှင် လကွယ်အဖိတ်နေ့ညကို လာပြီး အိပ်စမ်းပါစေလား၊ သူမှ မသေလျှင် ဘယ်သူသေဦးမှာလဲ ရှင့်' စသည်ဖြင့် ပြောကြပြန်သောအခါ ဒေါ်သိန်းရင်မှာ စိတ်လေးမြဲတိုင်း လေးပြန်လေ၏။ သို့ဖြစ်သောကြောင့် အချို့သောသူတို့က ၎င်းတိုက်ကို ရောင်းချ၍ ရွှေ့ပြောင်းနေထိုင်ရန် အကြံပေးကြသောအခါ ရောင်းလိုသော ပစ္စည်းတို့မှာ အဖိုးကောင်းစွာ မရသည့် အဖြစ်ကို သိရှိ၍ အဆမတန် လျှော့ပေါ့ရောင်းချပြန်လျှင်လဲ နစ်နာ ဆုံးရှုံးမည် မုချဖြစ်သောကြောင့် ဒေါ်သိန်းရင်သည် တိုက်ကို မရောင်းဘဲ နာမည်ဆိုး ပျောက်အောင် ပြုလုပ်အံ့ ဟူ၍သာလျှင် အကြံပြုလျက် ရှိလေ၏။

လကွယ် အဖိတ်နေ့၌ ဒေါ်သိန်းရင် သည် ပုလိပ်ဌာနာသို့ သွားရောက်၍ ယခင်က ပုလိပ်ကလေးအား မေးမြန်းရာ အခန့်သင့်ပင် တွေ့ရှိလေ၏။

**လိပ်**။ ။'ဘာလဲ ဒေါ်ဒေါ် ကျွန်တော် အိပ်စေချင်ပြန်လို့လား'

**ရင်။** ။'သည်ကနေ့ တစ်ည မောင် အိပ်ဝံ့လျှင် အိပ်စမ်းပါဦး မောင်ရယ်'

**လိပ်။** ။(လက်ဝါးနှစ်ဘက်ကို ပွတ်လျက်) 'ကော်ပြန်ပြီဗျို့၊ တစ်ည မဟုတ်ဘူး၊ ဆယ်ည အိပ်စေချင် အိပ်မယ်၊ သည်ဈေးသာ ပေး၊ အရက်တစ်ပုလင်းနှင့် ငွေတစ်ဆယ် ဟုတ်စ'

ထိုည၌ ပုလိပ်သားကလေးသည် ဝမ်းမြောက်ဝမ်းသာ လာရောက် အိပ်စက်လေရာ နံနက်လင်းသည့် အခါ၌ ဒေါ်သိန်းရင်သည် တိုက်ပေါ် သို့ တက်သွားသော အခါ ယခင်အခါက ကဲ့သို့ ပုလိပ်သားကလေးသည် ကာဖီ သောက်လျက် မရှိဘဲ အခန်းသည် ပိတ်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ဒေါ်သိန်းရင်သည် အခန်းတံခါး အနီးသို့မျှ သွားရောက်ခြင်းငှာ မဝံ့ဘဲ တိုက်အောက်သို့ ပြေးလာပြီးလျှင် သာဦးနှင့် ကိုဘမော်တို့ကို ခေါ်ပြီးမှ တိုက်ပေါ် သို့ တက်လေ၏။ သာဦးနှင့် ကိုဘမော်တို့လဲ အခန်းတံခါးကို နှစ်ယောက်သား ကန်ကြောက် ဖွင့်လှစ်ကြသည်တွင် ပုလိပ်သားကလေးသည် ယခင်က နှစ်ယောက်သော သူတို့၏အလား ကြိုးဆွဲချကာ သေလျက်ရှိသည်ကို တွေ့ရှိကြရ ပြန်လေ၏။

ထိုအခါ၌မူကား အင်္ဂလိပ်သတင်းစာ၊ မြန်မာသတင်းစာ အပေါင်းတို့က 'တစ္ဆေခြောက်သော အခန်းအကြောင်း ဟူ၍လည်းကောင်း၊ 'နမိတ်မကောင်းသော အိမ်ကြီးအကြောင်း' ဟူ၍လည်းကောင်း ခေါင်းတပ်လျက် ရန်ကုန်မြို့ကြီး အတွင်း ဖြစ်ပါလျက် မကြုံဖူး မကြားဖူးလောက်အောင် ထူးဆန်းအံ့သြဖွယ်ရာ ကောင်းသော အခြင်းအရာများ ဖြစ်ပွားရခြင်း အကြောင်းများကို အကျယ်တဝင့် ထုတ်ဖော်ရေးသားလျက် ရှိကြလေကုန်၏။ အချို့သတင်းစာတို့ကလဲ ထိုအိမ်သည် ပုဏ္ဏကတိုက်ခြင်း ဖြစ်မည် ထင်သည် ဟူ၍လည်းကောင်း၊ အချို့ကလဲ မြေခံ မကောင်းသောကြောင့် ဖြစ်သည် ဟူ၍လည်းကောင်း၊ အချို့ကလဲ တိုက်တည်စဉ် အခါက အုတ်များ ဝယ်ယူသည့်အခါ ဘုရားပျက် ကျောင်းပျက်များက အုတ်များ ပါသည် ဟူ၍လည်းကောင်း အနည်းနည်း အဖုံဖုံ တွေးတော ရေးသားလျက် တိုက်ကို ဖြို၍ပစ်သင့်သည် ဟူ၍လည်းကောင်း၊ ပရိတ်ရွတ်၍ ကမ္မဝါ ဖတ်ရမည် ဟူ၍လည်းကောင်း အမျိုးအမျိုး အကြံပေးလျက် ရှိကြလေ၏။ ပယောဂဆရာ တစ်ယောက်၊ နှစ်ယောက်တို့လဲ ပေါက်လာ၍ ထိုအခန်း၌ သရဲအောင်းသည် သဘက်အောင်းသည် စသည်ဖြင့် ပြောဆို၍ သရဲ သဘက်များကို နှင်ထုတ်ရန် မိမိတို့တတ်နိုင်ကြောင်းနှင့် ကြွားဝါကာ ငွေများကို ညှစ်ယူကြလေ၏။ ထိုအတော အတွင်း ဒေါ်သိန်းရင် မှာ တစ်နည်းကောင်းနိုး၊ တစ်နည်းကောင်းနိုးနှင့် နည်းမျိုးစုံ ပြုလုပ်ပါသော်လဲ ကြောက်ရွံ့ခြင်း မပြေပျောက်နိုင်အောင် ရှိခဲ့လေ၏။

တစ်နေ့သ၌ အသက်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိ စုံထောက်ပေါက်စ တစ်ယောက်သည် ဒေါ်သိန်းရင်၏ အိမ်သို့ လာရောက်၍ မိမိသည် ထိုအခန်း၏ အရှုပ်အထွေးကို ရှင်းလင်းနိုင်ကြောင်းနှင့် ပြောဆိုပြီးလျှင် အခန်းကို ကြည့်ရှုစုံစမ်းရန် အခွင့်တောင်းလေ၏။ ထိုအခါ၌ကား ဒေါ်သိန်းရင်မှာ ထိုအခန်းအကြောင်းနှင့်ပတ်သက်၍ စိတ်ညစ်ညူးလှပြီ ဖြစ်သောကြောင့် မပြောချင် ပြောချင် လက်ခံစကားပြောလျက် ရှိသည်ဖြစ်ရာ ထိုသူက အကြိမ်ကြိမ် အဖန်ဖန် အခွင့်တောင်းသည် ဖြစ်သောကြောင့် ၎င်းအခန်း၏ သော့မှာ ဌာနာအုပ်ထံ ပေးအပ်၍ထားကြောင်း၊ ထိုအခန်းကို မည်သူမျှ မဝင်ရန် မှာထားခဲ့ကြောင်း၊ အကယ်၍ အရှုပ်အထွေးကို ရှင်းလင်းလိုခဲ့မူ ဌာနာအုပ်ထံ သွားရောက် ခွင့်တောင်း၍ ၎င်းထံမှ သော့ကို တောင်းခဲ့နိုင်ကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ ထိုသူသည် ဌာနာအုပ်ထံသို့ သွားရောက်ပြီးလျှင် ဌာနာအုပ်အား အကျိုးအကြောင်း ပြောပြရာ ဌာနာအုပ်သည် ထိုသူပြောသော စကားများကို နားထောင်ပြီးနောက် ဆရာဝန်တစ်ယောက်ကို ခေါ်၍ ထိုသူအား စမ်းသပ်စစ်ဆေးစေလေ၏။ ဆရာဝန်လည်း ထိုသူမှာ လူရူးမဟုတ်၊ ကျန်းကျန်းမာမာ ရှိကြောင်းနှင့် အစစ်ခံသည်တွင် ဌာနာအုပ်သည် ထိုသူအား အမှန်မုချ ထိုအရှုပ်အထွေးကို ရှင်းလင်းရန် အကြံတစ်ခုရှိသောသူ တစ်ယောက်ဖြစ်သည်ဟု သဘော ရရှိခဲ့လေ၏။ သို့ရာတွင် ဌာနာအုပ်သည် ထိုအခန်းသို့ ဝင်ရောက်အိပ်စက်ခွင့် မပြုမီ အိမ်အောက်၌ ရှိသော တယ်လီဖုန်းကို ၎င်းအခန်းသို့ ရွှေ့ပြောင်း တပ်ဆင်စေလျက် တယ်လီဖုန်းတိုက်သို့လည်း ၎င်းအခန်းမှ တယ်လီဖုန်းကို ကြွရုံမျှ ဖြစ်စေ ကြွခဲ့လျှင် မိမိထံ ချက်ချင်း အကြောင်းကြားဖို့ အကြောင်းနှင့် မှာထားလေ၏။ ထို့ပြင် မိမိသည် အပြင်သို့ သွားခိုက်ဖြစ်၍ ဌာနာအုပ် မရှိစေကာမူ ထိုအခန်းမှ တယ်လီဖုန်း ဆက်ခဲ့လျှင် ချက်ချင်း သွားရောက်စုံစမ်းရန် မိမိ၏ တပည့် စာသင်အား မှာ၍ ထားလေ၏။ ထိုအခြင်းအရာကို ထိုသူ သိရှိတွေ့မြင်သောအခါ ဤကဲ့သို့ ပြင်ဆင်ရခြင်းတို့မှာ အပိုသက်သက်မျှသာ ဖြစ်ကြောင်း၊ မိမိမှာ သေလိုသောစိတ် နည်းနည်းမျှ မရှိသည်ဖြစ်ရာ ကိုယ့်ကိုယ်ကို သတ်သေမည် မဟုတ်ကြောင်း၊ ဤအရှုပ်အထွေးကို အများတို့

စိတ်ကျေနပ်အောင် တစ်ခါတည်း ရှင်းလင်းဖော်ပြနိုင်တော့မည် ဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။ ထိုသူ၏ အမည်မှာ မောင်သိန်းတန် ဖြစ်လေသတည်း။

မောင်သိန်းတန်သည် ရှေးဦးစွာ ဝင်ရောက် အိပ်စက်ခွင့် ရသော နေ့သည်ကား လပြည့်ကျော် ၁၀ ရက်နေ့ ဖြစ်လေရာ မောင်သိန်းတန်သည် နေ့ရော ညဉ့်ပါ အခန်းတွင်း၌ အောင်းလျက် ဒေါ်သိန်းရင် ပို့လာသော ထမင်းနှင့် လက်ဖက်ရည်တို့ကိုလည်း အခန်းတွင်း၌ပင် စားသောက်လေ၏။ ဌာနာအုပ်သည်လည်း တစ်နေ့လျှင် နှစ်ကြိမ်သုံးကြိမ်မျှ တယ်လီဖုန်း ဆက်ပြီးလျှင် အကျိုးအကြောင်း မေးမြန်းလေ့ရှိ၏။ ယင်းကဲ့သို့ မေးမြန်းသည့်အခါ မောင်သိန်းတန်က အရှုပ်အထွေးကို ရှင်းလင်းနိုင်လုပြီ ဖြစ်ကြောင်းနှင့် ဖြေဆိုလေ၏။

ထိုလသည်ကား သီတင်းကျွတ်လဖြစ်၍ ရက်မစုံဖြစ်သောကြောင့် လပြည့်ကျော် ၁၃ ရက်နေ့သည် လကွယ်အဖိတ်နေ့ ဖြစ်ရကား ထိုညဉ့်၌ ဒေါ်သိန်းရင် သည် မောင်သိန်းတန်အတွက် များစွာ စိုးရိမ်မကင်း ဖြစ်လေ၏။ ဌာနာအုပ် ကိုယ်တိုင်မှာလည်း ကြောင့်ကြမကင်း ဖြစ်သည်နှင့် အခန်းတွင်းသို့ ကိုယ်တိုင် ဝင်လာပြီးလျှင် ထိုညဉ့်၌ အထူး သတိဝီရိယနှင့် နေရန် သတိပေးလေရာ မောင်သိန်းတန်က ပြုံးရယ်လျက် မိမိမှာ သေမည့်လူတစ်ယောက် မဟုတ်ကြောင်းနှင့် ဖြေဆိုလေ၏။

လကွယ်နေ့ နံနက်တိုင် ရောက်သောအခါ၌ကား မောင်သိန်းတန်သည် အခြားလူသုံးယောက်တို့၏ သွားရာလမ်းသို့ လိုက်ရှာပြန်လေ၏။ ထိုသူများ၏ နည်းတူ လည်ပင်းတွင် ကန့်လန့်ကာကြိုးဖြင့် ချည်နှောင်လျက်ရှိရာ ခြေထောက်တို့မှာ ကွေးလျက် ကြမ်းပေါ်၌ ဒူးထောက်ကာ သေနေသော အလောင်းကို တံခါးဖွင့်သောအခါ၌ တွေ့ရှိကြပြန်လေ၏။ ၎င်းနောက် တယ်လီဖုန်းနှင့် ဌာနာသို့ အကြောင်းကြားမည် ပြုသောအခါ တယ်လီဖုန်းကြိုးတို့မှာ ပြတ်လျက်ရှိသည်ကို တွေ့ရှိကြရလေ၏။ ထိုအခါ ဒေါ်သိန်းရင်သည် အစေခံသာဦးကို ဌာနာသို့ သွားရောက်တိုင်တန်းစေရာ ဌာနာအုပ်သည် ထိုအိမ်သို့ လိုက်လာ၍ တယ်လီဖုန်းကြိုးများ ပြတ်လျက်ရှိသည်ကို မြင်သဖြင့် ဤအမှုကား ကိုယ့်ကိုယ်ကို သတ်၍သေသော အမှု မဟုတ်၊ သူတစ်ပါး၏ လုံ့လ ပယောဂကြောင့် သေဆုံးသော အမှုဖြစ်ကြောင်း သိရှိသည်နှင့် မောင်အုန်းဖေထံ အကြောင်းကြားလေရာ မောင်အုန်းဖေလည်း မကြံတတ်သည် ဖြစ်၍ မောင်စံရှားထံ ပြေးလာခဲ့ခြင်း ဖြစ်လေသည်။

အထက်ပါ အဖြစ်အပျက်တို့ကို ပြန်ပြောင်းပြောဆို ပြီးနောက် မောင်အုန်းဖေက

'ကျွန်တော်ဖြင့် မကြံတတ်အောင် ဖြစ်နေပြီဗျ၊ အခန်းတံခါးလဲ မပွင့်ဘူးလို့ ပြောတယ်ဗျ'

**ကျွန်တော်**။ ။'မပွင့်ဘူးလို့ ပြောတာလား၊ ခင်ဗျားကိုယ်တိုင် မြင်လို့လား'

**ဖေ**။ ။ 'ကိုယ်တိုင်တော့ မမြင်ဘူးဗျ၊ သူတို့ အပြောပဲ'

**ကျွန်တော်**။ ။'မောင်သိန်းတန်သေတာ သူများသတ်လို့ သေလျှင် သူ့အရင်က လူတွေ သေတာကော ဘယ်နည်းနှင့် သေတယ် ထင်သလဲ'

**ဖေ**။ ။'မောင်သိန်းတန်ရော၊ သူ့ အရင်လူ သုံးယောက်ရော ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်၊ သူများ သတ်လို့ သေတာချည်း ကျုပ်ထင်တယ်ဗျ'

**ကျွန်တော်**။ ။'ဒါဖြင့် ဘယ်သူ သတ်သလဲဗျာ'

**ဖေ**။ ။'အဲ့ဒါကြောင့် ခက်တယ် မဟုတ်လား၊ အိမ်ရှေ့မှာတော့ မြင်းရထား ရပ်တယ်ဗျို့၊ ဆရာများ ပြန်လာတာ ဖြစ်ပါစေဗျာ'

ထိုခဏ၌ တိုက်ရှေ့တွင် မြင်းရထားတစ်စီးရပ်သည့် အသံကို ကြားသဖြင့် ကျွန်တော်တို့သည် ပြတင်းပေါက်မှ မျှော်ကြည့်ကြရာ မောင်စံရှားသည် မြင်းရထားပေါ်မှ ဆင်းလာသည်ကို တွေ့ကြရသဖြင့် ဝမ်းသာ အားရ ဖြစ်ကြလေ၏။ တိုက်ပေါ် သို့ ရောက်လာပြီးနောက် မောင်အုန်းဖေက အကျိုးအကြောင်းကို အကျဉ်းချုပ်မျှ ပြန်ပြောပြီးနောက် မောင်စံရှားက

'လာလာချင်း ဆောက်နှင့်ထွင်း ဆိုတဲ့ စကားပုံလို ဖြစ်နေပါပြီကောဗျာ၊ ထိုင်ပဲ မထိုင်ရသေးဘူး၊ အမှုက အရင်ရောက်နှင့်နေပြီ၊ ကိုင်း သို့သော် တတ်နိုင်သမျှ ကူညီရသေးတာပဗျာ၊ လာ သွားကြမယ်၊ အလောင်းကို ဖြုတ်ပြီးပြီလား'

**ဖေ**။ ။'အလောင်းတော့ ဖြုတ်ပြီး ဆေးရုံ ပို့လိုက်ပြီ ဆရာရေ့'

**ရှား**။ ။'နောက်ကျသွားတယ်၊ သို့သော် ရင်မခွဲခင် မီကောင်းပါသေးရဲ့လားဗျာ၊ ဆေးရုံကို အရင် သွားကြည့်စို့၊ ဩော် နေဦးဗျို့၊ အခန်း အခြေအနေကို ကြည့်ချင်သေးတယ်၊ ပြီးမှပဲ ဆေးရုံသွားစို့ဗျာ'

၎င်းနောက် ကျွန်တော်တို့ သုံးဦးသည် ကရိလမ်းရှိ ဒေါ်သိန်းရင်၏ တိုက်သို့ သွားရောက်ကြရာ မောင်စံရှားသည် အခန်းတွင်းသို့ ဝင်ရောက်၍ ကြမ်းပေါ်၌ လေးဘက်တွား၍ လည်းကောင်း၊ ခုတင်၏အောက်သို့ အလျားမှောက်ကာ ဝင်၍ လည်းကောင်း၊ နံရံများကို တီးခေါက်၍ လည်းကောင်း သေချာစွာ စုံစမ်းကြည့်ရှုလျက် ရှိရာ ကျွန်တော်တို့မှာ မောင်စံရှား၌ ပြုမြဲ ဓမ္မတာမျှသာ ဖြစ်သဖြင့် တစ်စုံတစ်ခုကို ခြေရာခံမိသည်၊ မခံမိသည်ကို ၎င်း၏ မျက်နှာထား၌ မထင်ရှားအောင် ရှိနေခဲ့လေ၏။

ထို့နောက် မောင်စံရှားက ကြည့်ရှုရန်ရှိသမျှကို ကြည့်ပြီးကြောင်း ပြောဆို၍ ဆေးရုံသို့ သွားရောက်ကြပြန်လေရာ အလောင်းမှာ ရင်ခွဲရုံအတွင်းရှိ ကျောက်စားပွဲပေါ်၌တင်ကာ ရင်ခွဲမည့်ဆဲဆဲရှိနေသည်ကို တွေ့ရှိကြရလေ၏။ ဆရာဝန်ကြီးလဲ မောင်စံရှားအား သိရှိပြီး ဖြစ်သဖြင့် အလောင်းကို ခေတ္တမျှ စစ်ဆေးခွင့် ပြုလေရာ မောင်စံရှားသည် တစ်ကိုယ်လုံးကို နံ့စပ်သေချာစွာ ကြည့်ရှု ပြီးနောက် အုံ့အားသင့်သော အမူအရာနှင့် လည်ပင်းကို ကိုင်လျက်

**ရှား**။ ။'ကိုအုန်းဖေ သည်ဟာ သတိထားမိရဲ့လား'

**ဖေ**။ ။'ဘာလဲ ဆရာ'

**ရှား**။ ။'လည်ပင်းက အရာကိုလေ'

**ဖေ**။ ။'သည်ဟာ ကြိုးရာပေါ့ ဆရာရဲ့'

**ရှား**။ ။'ကြိုးရာတော့ ဟုတ်ပါပြီ၊ သို့သော် အရွယ် ဘယ့်နှယ်နေသလဲ'

**ဖေ**။ ။'မပြောနိုင်ဘူး ဆရာ'

**ရှား**။ ။'ကျုပ် ပြောမယ်၊ ကြိုးရာကို ကြည့်စမ်း၊ သေးသေးကလေးရယ်၊ မီးခြစ်ဆံလောက်ပဲ ရှိမယ် ဟုတ်စ၊ ကန့်လန့်ကာကြိုးက ဘယ်လောက်တုတ်သလဲ ခင်ဗျား မြင်ခဲ့တယ် မဟုတ်လား'

**ဖေ**။ ။'လက်မ လောက် တုတ်တယ် ဆရာ'

**ရှား**။ ။'လက်မ လောက်တုတ်တဲ့ ကြိုးနှင့် ကြိုးဆွဲချပြီးသေတာ မီးခြစ်ဆံလောက်သာ ကြိုးရာ ထင်သတဲ့၊ ဘယ့်နှယ် အဓိပ္ပာယ်လဲ'

**ဖေ**။ ။'ဟုတ်ပါပြီ ဆရာရေ့၊ သေအောင်ညှစ်သတ်တဲ့ ကြိုးက တစ်ချောင်း၊ ချည်ထားတဲ့ ကြိုးက တစ်ချောင်း ထင်တယ် ဆရာရေ့'

**ရှား**။ ။'အစစ်ပဲ ဘာ့ကြောင့် သည်လိုလုပ်သလဲ'

**ဖေ**။ ။'မသိဘူး ဆရာ'

**ကျွန်တော်**။ ။'ကြိုးတစ်ချောင်းနှင့် ညှစ်သတ်ပြီး ကိုယ့်ကိုယ်ကို ကြိုးဆွဲချတယ် ထင်အောင် ကန့်လန့်ကာကြိုးနှင့် အလောင်းကို ချည်၍ ထားခဲ့တာ ဟုတ်လား ခင်ဗျာ'

**ရှား**။ ။(ကျွန်တော်၏ ပုခုံးကို ပုတ်လျက်) 'တော်တယ်ဗျို့ ကိုသိန်းမောင်၊ သူတို့ ဝင်လာရော၊ ဝင်လာတဲ့ အခါမှာ မောင်သိန်းတန်မှာ မလှုပ်မရှားနိုင်တဲ့ အဖြစ်ရောက်နေပြီဗျ၊ သည်တော့မှ လည်ပင်းကို ကြိုးနှင့် ညှစ်သတ်ပြီး သေပြီဆိုတော့မှ အလောင်းကို ကြိုးနှင့် ချည်ထားခဲ့တာကိုး ဗျ၊ ကိုင်း သို့သော် အခန်းကို ကျုပ် တစ်ခါ ကြည့်ချင်ပြန်ပြီဗျာ၊ သည်းခံပြီး လိုက်ခဲ့ကြပါဦးဗျာ'

ဒေါ်သိန်းရင် အခန်းသို့ ရောက်ကြပြန်သောအခါ မောင်စံရှားသည် အခန်းတွင်း၌ ရှေးကထက် သေချာစွာ ကြည့်ရှုပြန်လေရာ အခန်း၏ထောင့်၌ စက္ကူလုံးကလေးတစ်ခုကို တွေ့ရှိရလေ၏။ ထိုအခါ မောင်စံရှားသည် ၎င်းကို ကောက်၍ ဖြေကြည့်ရာ ၎င်းမှာ စာရေးစက္ကူတစ်ရွက်ဖြစ်၍ အောက်ပါအက္ခရာများကို ခဲတံနှင့်မထင်မရှားရေးသားထားသည်ကိုလည်း တွေ့ရှိရလေ၏။

'လာပြီ၊ ဟော ဟော ထရံက လင်းလို့၊ ဘယ့်နှယ် ဟာကြီးပါလိမ့်'

ကျွန်တော်တို့သည် မောင်စံရှား၏ ပုခုံးပေါ်မှ ကျော်ဖတ်၍ ထိုစာကို တွေ့မြင်ရသောအခါ

'ဘယ်သူရေးတဲ့ စာလဲဗျာ'

**ရှား**။ ။'မောင်သိန်းတန် ရေးတာပေါ့ဗျ'

**ဖေ**။ ။'ဘယ်လို အဓိပ္ပာယ် ...'

ထိုခဏ၌ ဒေါ်သိန်းရင်နှင့် ကိုဘမော်တို့သည် အခန်းတွင်းသို့ ဝင်လာကြ၍ မည်သို့ ထူးခြားပါသေးသနည်း ဟု မေးမြန်းရာ မောင်စံရှားက မောင်သိန်းတန် ဆိုသူမှာ စိတ်ကတောက်ကတက် ဖြစ်ဟန်လက္ခဏာ ရှိကြောင်းနှင့် ပြောဆို၍ ကိုဘမော်၏ မျက်နှာကို စိုက်၍ကြည့်ပြီးလျှင် တိုက်ပေါ်မှ ဆင်းလာခဲ့ကြလေ၏။ လမ်းခရီး၌ မောင်စံရှားသည် ကျွန်တော်တို့အား စကားတစ်ခွန်းမျှ ပြောဆိုခြင်းမရှိဘဲ ဆေးတံကို သောက်ကာ ငြိမ်သက်စွာ လိုက်ပါလာလေရကား ကျွန်တော်တို့မှာ မောင်စံရှားသည်ကား တစ်စုံတစ်ခုကို အကြံထုတ်လျက် ရှိကြောင်း သိရှိကြသဖြင့် မေးမြန်းခြင်း မပြုဘဲ အကဲကို သာလျှင် ခတ်၍လာကြရလေ၏။

ကျွန်တော်တို့၏နေအိမ်သို့ ဆိုက်ရောက်ကြသောအခါ မောင်စံရှားသည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်လျက် ဆေးတံကို သောက်ရှုရင်း ငြိမ်သက်စွာ ရှိနေသေးရာ ကျွန်တော်နှင့် မောင်အုန်းဖေတို့မှာ ကျောင်းသားသူငယ် နှစ်ယောက်ကဲ့သို့ တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်ချည်တစ်ခါ၊ မောင်စံရှား၏ မျက်နှာကို အကဲခတ်ချည် တစ်လှည့်နှင့် ရှိနေကြလေ၏။ နောက်ဆုံး၌ မောင်စံရှားသည် ဆေးတံကို ပါးစပ်မှ ဖြုတ်ပြီးနောက်

**ရှား**။ ။'ကိုသိန်းမောင် ဟိုအခန်းမှာ ခင်ဗျား အိပ်ဝံ့ရဲ့လား'

**ကျွန်တော်**။ ။(ကြက်သီး ထလျက်) 'တစ်ယောက်တည်းလားဗျ'

**ရှား**။ ။'ကျုပ်နှင့်ပါဗျာ'

**ကျွန်တော်**။ ။'ခင်ဗျားနှင့် ဆိုလျှင်တော့ တတ်နိုင် သင်းချိုင်းကုန်းမှာ အိပ်ရ အိပ်ရဗျာ၊ အိပ်ဝံ့ပါတယ်'

**ရှား**။ ။'သို့သော် သည်ကနေ့ ညတော့ မဟုတ်သေးဘူးဗျ၊ နောက်တစ်လ ကြာမှ အိပ်ရမယ်'

**ကျွန်တော်**။ ။'ခင်ဗျာ'

**ရှား**။ ။'သည်ကနေ့ည စောင့်ပြီး အိပ်ပေမယ့် သူတို့ လာမှာ မဟုတ်ဘူးဗျ၊ အချည်းနှီးနေမှာပဲ၊ နောက်လကွယ် အဖိတ်နေ့မှ အိပ်မှ တော်မယ်'

**ဖေ**။ ။'နို့ သည်အတွင်း သည်အမှုကို တန်းလန်းကြီး ထားရမှာလား ဆရာ'

**ရှား**။ ။'မထားလျှင် ဘယ့်နှယ်လုပ်ရမလဲဗျ၊ ကျုပ်သဘောကို ခင်ဗျား သိတယ် မဟုတ်လား၊ ကျုပ်က လက်ဆုပ်လက်ကိုင် တပ်အပ်သေချာ မိလောက်မှ ဖမ်းချင်တာကိုးဗျ၊ သို့သော် သည်လိုရှိပါတယ်လေ၊ ကျုပ်က တစ်လစောင့်ရမယ် ဆိုပေမယ့် ခင်ဗျားတို့ နည်းနှင့် ခင်ဗျားတို့ သည်အတွင်းမှာ ကြိုးစားနိုင်ပါတယ်၊ မိလျှင်လဲ မိရောပေါ့၊ မမိလို့ ရှိလျှင်လဲ နောက်လကွယ်နေ့မှာ သည်လူစုကို ခင်ဗျား လက်ရောက်အောင် ကျုပ် အပ်မပေါ့'

ထိုအခါ မောင်အုန်းဖေသည်ဤမျှလောက်အချိန်တာရှည်စွာစောင့်ဆိုင်းရခြင်းကိုမနှစ်သက်သော်လည်း မောင်စံရှားအား စီစဉ်ပြီးသောအလုပ်တစ်ခုကို ဖျက်ဆီးရန် တိုက်တွန်းခြင်းငှာ မတတ်နိုင်သည်ဖြစ်သောကြောင့် အောင့်အောင့်အီးအီးနှင့် တိုက်ပေါ်မှ ဆင်းသွားရလေ၏။

ထိုရက်အတောအတွင်း အစိုးရပုလိပ်တို့သည် ထိုအမှုကို ပေါ်ပေါက်အောင် ကြိုးစားအားထုတ်၍ ထောက်လှမ်းစုံစမ်း ပါသော်လည်း ခြေရာမခံမိအောင် ရှိနေခဲ့လေ၏။ သို့ဖြစ်သောကြောင့် တန်ဆောင်မုန်းလကွယ် အဖိတ်နေ့တွင် မောင်အုန်းဖေ သည် ကျွန်တော်တို့ရှိရာသို့ ပေါက်လာ၍

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုအုန်းဖေ၊ နေရာကျပြီလား'

**ဖေ**။ ။'ဘယ်ကမှ အစအန မပေါ်ပါဘူး ဆရာ၊ သိပ်ပြီး ဝှကျတာပဲ'

**ရှား**။ ။'ဒါကြောင့် ကျုပ် မပြောဘူးလား၊ သို့သော် သည်ကနေ့ညတော့ နေရာကျကောင်းပါရဲ့ဗျာ၊ ကျုပ် ပြောသလိုသာ လုပ်ပါ'

**ဖေ**။ ။'ဘယ်လိုလုပ်ရမှာလဲ ဆရာ '

**ရှား**။ ။'ဒေါ်သိန်းရင် အိမ်နှင့် မနီးမဝေး လောက်က နေပြီး ပုလိပ် ခပ်တောင့်တောင့် ခြောက်ယောက်လောက်ရယ် သည်ကနေ့ည ဆယ်နာရီ လောက်က စပြီး စောင့်ကြပေတော့ဗျာ'

**ဖေ**။ ။'ပြီးတော့ကော ဆရာ'

**ရှား**။ ။'ပြီးတော့ ဒေါ်သိန်းရင် တိုက်ထဲက ခရာမှုတ်သံ ကြားသည်နှင့် တပြိုင်နက် တိုက်ရှေ့ ရောက်အောင် ပြေးလာပြီး တောင်ဘက်တံခါးက လေးယောက်စောင့်ရမယ်၊ သုံးယောက်က ဒေါ်သိန်းရင် တိုက်ပေါ် ပြေးတက်ခဲ့ရမယ်၊ နားလည်လား'

**ဖေ**။ ။'တောင်ဘက်တိုက်က တရုတ်တွေ နေတာလား ဆရာ'

**ရှား**။ ။'ဟုတ်တယ်၊ တရုတ်တိုက်ရှေ့ကနေ စောင့်ပြီး ထွက်လာသမျှ လူတွေကို အကုန်ဖမ်းရမယ် နားလည်လား'

**ဖေ**။ ။'ကောင်းပါပြီ ဆရာ'

**ရှား**။ ။'ခင်ဗျား လူ များမှာ လက်နက် အပြည့်အစုံ ပါပေ့စေဗျနော်၊ တော်တော်ဆိုးတဲ့ လူစုတွေ ၊ ယီးတီးယားတား လုပ်လျှင် ခြောက်လုံးပြူးနှင့်သာ ပစ်သတ် ကြားလား'

**ဖေ**။ ။'စိတ်ချပါ ဆရာ'

**ရှား**။ ။'ကိုင်း ခင်ဗျား ပြန်ပေတော့ ၊ ၁၀ နာရီ ထိုးထိုးခြင်း ရောက်အောင်လာခဲ့နော်'

**ဖေ**။ ။'ကောင်းပါပြီ ဆရာ'

ကိုအုန်းဖေ ဆင်းသွားပြီးနောက်

**ရှား**။ ။'ကိုင်း၊ ကိုသိန်းမောင်၊ ကျုပ်တို့ သည်ကနေ့ည ဒေါ်သိန်းရင် တိုက်မှာ အိပ်ကြရလိမ့်မယ်၊ ကြောက်သလား'

**ကျွန်တော်**။ ။'မကြောက်ပါဘူးဗျာ၊ ခင်ဗျား တစ်ယောက်လုံး ရှိသေးတာကပဲ'

**ရှား**။ ။'သို့သော် ၊ သည်လိုဗျ ၊ ကျုပ်တို့က စုံထောက်သဘောနှင့် အိမ်ကို ဝင်ဖို့ မဟုတ်ဘူး၊ ဧည့်သည် သဘောနှင့် သွားပြီး တည်းကြရမယ်'

**ကျွန်တော်**။ ။'ဘယ်လို ဧည့်သည်လဲဗျ'

**ရှား**။ ။'ခင်ဗျားက အညာသား ဖြစ်တော့ မိုးကုတ်မြို့သား ယောင်ဆောင်ဖို့ များများကြီး မခက်ပါဘူး မှတ်တယ်'

**ကျွန်တော်**။ ။'ကြိုးစားရတာပဗျာ'

**ရှား**။ ။'ကောင်းပါပြီ၊ ခင်ဗျားက သည်ကနေ့ညနေ မန္တလေးရထား ဆိုက်တဲ့ အချိန်လောက်မှာ ဝန်စည်စလယ် ပစ္စည်း အပြည့်အစုံနှင့် မိုးကုတ်က လာတဲ့ ကျောက်ကုန်သည်ကြီး ယောင်ဆောင်ပြီး ဒေါ်သိန်းရင်တို့ အိမ်ကို သွားတည်းချေ၊ မိုးကုတ်သားနှင့် တူအောင် စကားကိုလဲ ဝဲဝဲပြော၊ ကျောက်ကုန်သည်နှင့် တူအောင် ကျောက်နီ ခပ်များများ ပါဖို့တော့ ကျုပ် တာဝန်ထား၊ ကျုပ် ငှားပြီးပေးမယ်၊ ရောက်တဲ့အခါမှာ အိပ်ဖို့ အခန်းပေးတော့ နှစ်ထပ်မှာပေးလို့ရှိရင် ခင်ဗျားက အိုက်တတ်လို့ အောက်ထပ်မှာ မအိပ်လို၊ သုံးထပ်မှာ အိပ်လိုကြောင်းပြော၊ အကယ်၍ သူတို့လင်မယားက သုံးထပ်က အကြောင်းကို ပြောပြခဲ့လို့ ရှိလျှင် သည်ဟာမျိုး အယုံအကြည် မရှိတဲ့ အကြောင်းပြော၊ ကြားလား'

**ကျွန်တော်**။ ။'ကောင်းပါပြီဗျာ၊ နို့ ခင်ဗျားကကော'

**ရှား**။ ။'ကျုပ်ကလဲ တစ်နည်းနည်းနှင့် ရောက်အောင် လာမယ်ပေါ့ဗျာ'

ထိုနေ့ညနေ၌ ကျွန်တော်သည် ရှမ်းဘောင်းဘီ၊ ဂွမ်တုံးအင်္ကျီ၊ စီ–အိုင်–ဒီ ဦးထုပ် အစရှိသော မိုးကုတ်သားများ ဝတ်ဆင်တတ်သော အဝတ်အစားများကို မောင်စံရှား သင်ကြားပြသသည့်အတိုင်း ကျနစွာ ဝတ်ဆင်ပြီးနောက် လက်ဆွဲ သားရေအိတ်၊ သံသေတ္တာ၊ အိပ်ရာလိပ်များပါ မြင်းရထားပေါ်သို့ တင်၍ ကရိလမ်းရှိ ဒေါ်သိန်းရင်၏တိုက်သို့ သွားရောက် လေ၏။

အိမ်သို့ ရောက်သောအခါ ဒေါ်သိန်းရင်သည် အပြင်သို့ထွက်သွားခိုက်ဖြစ်သည်နှင့် ကိုဘမော်သည် မိုးကုတ်မှ ဆိုက်ရောက် လာသော ကျောက်ကုန်သည်တစ်ယောက်ဖြစ်သည်ဟု ကြားရသည်နှင့် တပြိုင်နက် ကောင်းမွန်စွာ ခရီးဦးကြိုပြုပြီးလျှင် ကျွန်တော်တို့ မျှော်လင့်သည့်အတိုင်း သုံးထပ်၌ ရှိသော အခန်းတစ်ခန်းသို့ ကျွန်တော်၏ ပစ္စည်းများကို အစေခံသာဦးအား သည်ပိုးရွှေ့ပြောင်းစေလေ၏။ သို့ရာတွင် ၎င်းအခန်းမှာ ကြိုးဆွဲချ၍သေသော အခန်းမဟုတ်၊ ၎င်းနှင့် ယှဉ်လျက်ရှိသော အခန်းမျှသာ ဖြစ်လေသည်။

၎င်းနောက် ဒေါ်သိန်းရင် ရောက်လာ၍ အိမ်ရှင်တို့သည် ကျွန်တော်အား ညစာထမင်းများကို ကောင်းမွန်စွာ တည်ခင်း ကျွေးမွေးလျက် ရှိကြသည်။ အိမ်ရှေ့၌ ကားတစ်စီး ဆိုက်ရောက်လာသဖြင့် ကိုဘမော်သည် သွားရောက်ကြည့်ရှုလေ၏။ တစ်ခဏမျှကြာလျှင် အစေခံသာဦးသည် တရုတ်ကော်ဇောကြီးဖြင့် လိပ်လျက်ရှိသော အိပ်ရာကြီးများ၊ သားရေ သေတ္တာကြီးများ၊ တရုတ်ဆေးဗူးများ အစရှိသော ထောင်ကဲကြီးများ၏ ခန့်ငြားသော အသုံးအဆောင်များကို သွင်းလာလေရာ ၎င်းနောက်ကား ပိုးဘောင်းဘီ၊ ရွှေသီးတပ် သက္ကလပ်အင်္ကျီ၊ သက္ကလပ်ဦးထုပ် အစရှိသည်တို့ကို ဝတ်ဆင်လျက် ရှိသော ပေါက်ဖော်ကြီး တစ်ယောက်သည် ဝင်လာလေ၏။ ထိုသူမှာ အခြားမဟုတ်၊ ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားပင် ဖြစ်လေသည်။ တိုက်တွင်းသို့ ရောက်၍ ကုလားထိုင်၌ ထိုင်မိလေလျှင်

**ရှား**။ ။'ပဲနှယ်လဲဗျ၊ ပွဲစားကီးကော ဘယ်စွားသလဲ'

**ရင်**။ ။'ပွဲစားကြီး ဆုံးရှာပြီရှင်၊ ထောင်ကဲကြီးက ဘယ်ကလဲ'

**ရှား**။ ။'မော်လမြိုင်ကပဲဗျ၊ ဖြစ်ရလေဗျာ၊ ပွဲစားကီးနှင့် အားကီး ခင်တာပဲ၊ ဘယ်လောက် ကြာပီးလဲ ဆုံးတာ'

**ရင်**။ ။'တစ်နှစ်ကျော်ကျော်လောက် ရှိပါပြီရှင်'

**ရှား**။ ။'အို မသိဘူးဗျ၊ ဖြစ်ရလေ အားကီး ဝမ်းနည်းတယ်၊ မော်လမြိုင် ရောက်တဲ့အခါမှာ ပွဲစားကီး ကျွန်တော်တို့ အိမ်မှာ တည်းတာပဲ၊ ကျွန်တော်လည်း ကျောက်ကောင်းကောင်း လေးငါးလုံးလောက် လိုချင်တာနှင့် ဝယ်ဖို့လာခဲ့တယ်၊ မိုးကုတ်က ကျောက်ကုန်သည်များ မရောက်ဘူးလား'

**ရင်**။ ။'ရနိုင်ပါတယ်ရှင်၊ ရနိုင်ပါတယ်၊ အခန့်သင့်ပဲ မိုးကုတ်က ကျောက်ကုန်သည်တစ်ယောက်လည်း အခုပဲ ရောက်ပါတယ်၊ ထောင်ကဲကြီး သည်မှာပဲ တည်းဖို့ပေါ့နော်'

**ရှား**။ ။'လမ်းမတော်မှာ မိတ်ဆွေ တစ်ယောက်တော့ ရှိတာပဲ၊ ပွဲစားကီး မရှိတော့ အားနာလို့'

**ရင်**။ ။'အို ဘယ်က အားနာရမလဲ၊ ဝန်မလေးပါဘူးရှင်၊ ကျွန်မတို့ တိုက် အကျယ်ကြီးပါ'

ထိုခဏ၌ ကိုဘမော်သည် ထောင်ကဲကြီး သို့မဟုတ် ကိုစံရှား၏ ပစ္စည်းများအား တိုက်ပေါ် သို့ သာဦးအား ယူသွားစေ၍ ကိုယ်တိုင် နေရာချထားလျက် ရှိလေ၏။

၎င်းနောက် ဒေါ်သိန်းရင်သည် မောင်စံရှားအား ညစာထမင်းကို ကျွန်တော်နှင့် အတူဝင်၍ စားသောက်ရန် တိုက်တွန်းလေရာ၊ မောင်စံရှားက မိမိမှာ မီးရထားဟိုတယ်မှ စားသောက်ခဲ့ပြီး ဖြစ်ရာ သည်းခံရန် တောင်းပန်လေ၏။

ထမင်းစားသောက်၍ ပြီးကြသော် ကျွန်တော်သည် အင်္ကျီဘေးအိတ်၌ ဆောင်၍ ယူခဲ့သော ကျောက်နီများကို ဒေါ်သိန်းရင်၏ ရှေ့တွင် မောင်စံရှားအား ပြရာ မောင်စံရှားသည် ကျောက်နီ သုံးလေးလုံးကို ဆစ်ပြီးနောက် ဈေးတည့်သည်နှင့် ငွေများချေ၍ ဝယ်ယူလိုက်လေ၏။ ထို့နောက် ပွဲစားကြီး ဦးဖုန်းကျော်၏ အကြောင်းများကို ဆက်လက်ပြောဆိုကြ၍ အတန်ငယ် ညဉ့်နက်သောအခါ သာဦးသည် ကျွန်တော်တို့ နှစ်ယောက်အား သုံးထပ်သို့ လိုက်၍ ပို့လေ၏။ မောင်စံရှား၏ အခန်းမှာမူ ကြိုးဆွဲချ၍ သေသော အခန်းပင် ဖြစ်လေ၏။

အစေခံသာဦး ဆင်း၍သွားသော်လည်း တိုက်ပေါ်၌ ဓာတ်မီးများ ထွန်းလျက် ရှိသေးသည် ဖြစ်၍ မောင်စံရှားသည် ကျွန်တော်နှင့် ရင်းနှီးစွာ စကားမပြောသေးဘဲ ယခုမှ တွေ့ကြသော သူကဲ့သို့ ဟန်လုပ်ကာ စကားပြောလျက် ရှိရာ ၁၀ နာရီ ထိုးသည့် အခါတွင် မောင်စံရှားသည် ဓာတ်မီးများကို ငြိမ်း၍ အိပ်ခန်းသို့ ဝင်လေ၏။ ကျွန်တော်လည်း မောင်စံရှား၏ မျက်နှာကဲ ကို ရိပ်မိ၍ ကျွန်တော်၏ အခန်းသို့ မဝင်ဘဲ ၎င်း၏ အခန်းသို့ ဝင်၍ လိုက်သွားလေ၏။ အခန်းတွင်းသို့ ရောက်လျှင် မောင်စံရှားသည် တံခါးကို ပိတ်လျက် ဓာတ်မီးကို ဖွင့်ပြီးလျှင် တီးတိုးလေသံဖြင့်

**ရှား**။ ။'ကျုပ် တွက်ကိန်းကလေး ကိုက်တယ်ဗျို့'

**ကျွန်တော်**။ ။'ဘာတွက်ကိန်းလဲ ဗျာ'

**ရှား**။ ။'လင်ကြီးအကြောင်း လင်ငယ်ရှေ့မှာ ပြောလို့ရှိရင် ကျုပ်ကို သည်အခန်း ပို့လိမ့်မယ်ဆိုတာ ကျုပ်တွက်ပြီးပဲဗျ၊ ဒါကြောင့် ကျုပ် ရောက်ရောက်ချင်း ဦးဖုန်းကျော် အကြောင်း စပြီး ပြောတယ် မဟုတ်လား၊ အဲဒါ သည်အခန်းကို ကျုပ်ကို ပို့အောင် ပြောတာဗျ'

**ကျွန်တော်**။ ။'နေရာကျပါပေ့ဗျာ'

**ရှား**။ ။'တိုးတိုး ဆရာရေ့၊ သည်လောက် မကျယ်စေနှင့်၊ ကိုင်း ကိုသိန်းမောင် ညောင်းတယ်လို့ မအောင်းမေ့နှင့်၊ ခင်ဗျား သည်ကနေ့ ကျုပ်ကုတင်အောက်မှာ ဝင်ပြီးစောင့်ရလိမ့်မယ်၊ ပြောနေကြာရော့၊ ဝင်ပေတော့ဗျာ၊ တော်တော် ညဥ့်နက်သွားပြီ၊ နေဦး ကျုပ်ပေးထားတဲ့ ခြောက်လုံးပြူးပါရဲ့လား၊ ကျုပ် မထမချင်း ခင်ဗျား သည်အောက်က မထွက်ခဲ့နှင့်နော်'

**ကျွန်တော်**။ ။'ကောင်းပါပြီဗျာ'

**ရှား**။ ။'ဩော် နေဦးဗျို့၊ ကံကောင်းလို့ မေ့လိုက်တာ ကြည့်စမ်း၊ အခန်းတွင်းမှာအနံ့တစ်မျိုးတစ်မည် ထူးထူးဆန်းဆန်း ရခဲ့လို့ရှိလျှင် အနံ့ရရချင်းဟောဒါနှင့် နှာခေါင်းဝမှာ ဆို့ထားပြီး အသက်ရှူတဲ့အခါမှာ ပါးစပ်နှင့် မရှူနှင့်၊ နှာခေါင်းနှင့် ရှူနော် ကြားလား' ဟု ပြောပြီးလျှင် မောင်စံရှားသည် စိမ်းရွှေရွှေအနံ့ရှိသော ဝါဂွမ်းအနည်းငယ်ကို ကျွန်တော်အား ပေးအပ်လေ၏။ ကျွန်တော်သည် ဝါဂွမ်းကို အင်္ကျီအိတ်တွင်ထည့်ပြီးလျှင် ခြောက်လုံးပြူးသေနတ်ကို ကိုင်လျက် မောင်စံရှား စေခိုင်းသည့် အတိုင်း ခုတင်အောက်သို့ ဝင်၍ ဝပ်တွားမိသည်နှင့် တပြိုင်နက် မောင်စံရှားသည် ဓာတ်မီးကို ငြိမ်းလိုက်သဖြင့် တစ်ခန်းလုံး မှောင်အတိကျပြီးလျက် ရှိနေလေ၏။

ထိုအခါ ကျွန်တော်မှာ မည်သို့သော ဘေးရန်မျိုးသည် မည်သည့်အရပ်မှ လာမည်ကို မသိရှိဘဲ မောင်စံရှားကိုသာ အားထားလျက် မျက်စိမှိတ်ကာ စောင့်နေရသည်ဖြစ်ရာ တစ်ခါတစ်ရံ ကျွန်တော်၏ခြေထောက်ကို ဆွဲကိုင်တော့မည်ကဲ့သို့ လည်းကောင်း၊ ကျောကို လက်အေးကြီးနှင့် စမ်းလိုက်တော့မည်ကဲ့သို့ လည်းကောင်း စိတ်၌ ထင်မှတ်မိလေ၏။ ပထမ၌မူကား တိုက်ရှေ့လမ်းပေါ်မှ လူသွားလူလာတို့၏ အသံများကို ကြားရသေးသည် ဖြစ်ရာ တစ်နာရီခန့်မျှကြာလျှင် တစ်ရပ်လုံး တိတ်ဆိတ်လျက် အိမ်သူအိမ်သားတို့မှာလည်း လှုပ်ရှားခြင်းမရှိ ဖြစ်လေရကား ကျွန်တော်တို့၏ အသက်ရှူသံများကို လည်းကောင်း၊ အခန်းပြင်ရှိနာရီကြီးမှ 'ဒေါက်–ဒေါက်–ဒေါက်' နှင့် မှန်မှန်မြည်လျက်ရှိသော စက်သံကို လည်းကောင်း ထင်ရှားစွာ ကြားရလေ၏။

၎င်းနာရီကြီးမှ ၁၂ နာရီထိုးသံ ကြားရသောအခါ၌ ကျွန်တော်မှာ ညောင်းညာနေပြီ ဖြစ်သော်လည်း နေရာကိုမျှ ရွှေ့ပြောင်း ပြင်ဆင်ခြင်းငှာ မဝံ့ဘဲ ငြိမ်ဝပ်စွာ ကုပ်လျက်ရှိခဲ့ရာ တစ်ခဏမျှကြာလျှင် အခန်းနံရံမှ ချောက်ခနဲ မြည်သံတစ်ခုကို ကြားရသဖြင့် ကျွန်တော်၏ရင်ထဲ၌ ဒိန်းခနဲ ဖြစ်၍ သွားလေ၏။ ထိုအခါ ကျွန်တော်မှာ လက်ပေါ်၌မေးတင်လျက် မောင်စံရှား ရှိရာသို့ ခန့်မှန်းကြည့်ရှုလျက်ရှိရာ မောင်စံရှား၏ မျက်နှာသည် ရုတ်တရက်လင်း၍ သွားပြီးလျှင် နှာဝ၌ကား ဝါဂွမ်း ဆို့လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ နောက်တစ်ခဏ၌ အမွှေးတိုင်၏ အနံ့ကဲ့သို့ ခပ်သင်းသင်းရှိသော အနံ့တစ်မျိုးကို ကျွန်တော်ခံစားရလေရာ ကျွန်တော်သည် မောင်စံရှားပေးထားသော ဝါဂွမ်းကို နှာခေါင်း၌ဆို့လျက် ၎င်း၏ မျက်နှာကို စိုက်၍ကြည့်နေစဉ် မောင်စံရှားမှာ မျက်စိများမှေး၍ သွားပြီးလျှင် အိပ်ချင်သောသူတစ်ယောက် ကဲ့သို့ ဦးခေါင်းသည် ရှေ့သို့ တဖြည်းဖြည်း ညွတ်၍ သွားလေ၏။ ထိုအခြင်းအရာကို ကျွန်တော်တွေ့မြင်သောအခါ ကျွန်တော်သည် ကုတင်အောက်မှ ထွက်လိုလှသော်လည်း မောင်စံရှားက မိမိ မထမချင်း ကုတင်အောက်မှ မထွက်ရန် မှာထားသည်နှင့် မထွက်ဝံ့ဘဲ ရှိနေခဲ့လေ၏။

ထိုခဏ၌ မောင်စံရှား၏ တစ်ကိုယ်လုံးသည် လင်းသည်ထက်လင်း၍ လာခဲ့ရာ ကျွန်တော်သည် အလင်းရောင်လာရာ အရပ်သို့ မျှော်ကြည့်သည်တွင် အလင်းရောင်သည် အုတ်ထရံရှိရာ အရပ်မှ လာရောက်၍ အုတ်ထရံမှာ အလျင်း မရှိတော့သည့် အဖြစ်ကို တွေ့မြင်ရသဖြင့် ပါးစပ်ဟကာ အံ့အားသင့်လျက်ရှိလေ၏။ ထိုအခါ ကျွန်တော်သည် မောင်စံရှားကို မကြည့်ဘဲ အလင်းရောင် လာရာအရပ်သို့ စိုက်ငေးကာ ကြည့်နေမိရာ ဘောင်းဘီပွ အင်္ကျီပွကြီးများကို ဝတ်ဆင်လျက်ရှိသော တရုတ်လူမျိုး တစ်ယောက်သည် ခြေကားယား လက်ကားယား လုပ်လျက် မညီညာသော သွားများကို ဖြဲပြပြီးလျှင် အထက်သွားနှင့် အောက်သွားတို့ တဆတ်ဆတ် မြည်အောင် ရိုက်လျက် အရောင်တလက်လက်ထွက်သော မျက်စိများနှင့် မောင်စံရှားကို ပြူးလုမက ပြူးအောင် ဖြဲကြည့်ပြီးလျှင် မောင်စံရှား၏ အနီးသို့ တဖြည်းဖြည်း တရွေ့ရွေ့ လျှောက်လာခဲ့ရာ မောင်စံရှားမှာ စိတ်ညှို့ခြင်း ခံရသူတစ်ယောက် ကဲ့သို့ မတုန်မလှုပ် ရှိနေလေ၏။ ထိုသူ၏ နောက်၌ကား တရုတ်လူမျိုး သုံးယောက် လေးယောက်တို့သည် တစ်ယောက်သော သူ၏လက်၌ကား ပိုးကြိုးဖြင့် ကျစ်ထားသော ကွင်းလျှော တစ်ခု ပါရှိလျက် အခြားသူတို့၏ လက်၌ကား လက်နှိပ်ဓာတ်မီးများ ပါရှိလေ၏။ ကွင်းလျောကို ကိုင်လျက်ရှိသော သူသည် မောင်စံရှား၏ အနီးသို့ ရောက်၍ လည်ပင်းကို ကွင်းစွပ်မည် ပြုသည်နှင့် တပြိုင်နက် မောင်စံရှားသည် လက်ခေါက်ကို ခြောက်လုံးပြူး အနှောင့်နှင့် ဆောင့်၍ ထိုင်ရာမှ ထလေရာ ကျွန်တော်လည်း ကုတင်အောက်မှ တိုး၍ ထွက်လာလေ၏။

ထိုအခါ၌မူကားတစ်ခန်းလုံးမှောင်၍သွားပြီးလျှင် မောင်စံရှား၏ခရာမှုတ်သံတို့ကိုလည်းကောင်း၊ ခြောက်လုံးပြူးမှကျည်ဆံများ ထွက်သည့်အသံကို လည်းကောင်း၊ ကြမ်းပေါ်၌ လူအမြောက်အများ ပြေးလွှားသည့် ခြေသံတို့ကို လည်းကောင်း၊ တံခါးကို ခြေနှင့် ကန်ကြောက်၍ ဖွင့်သည့်အသံတို့ကို လည်းကောင်း တရှုံရှုံ တဝီဝီ တဒုန်းဒုန်း တဒိုင်းဒိုင်း နှင့် ဆူညံစွာ ရှိနေသည့်အတွင်း ကျွန်တော်သည် ဖမ်းမိဖမ်းရာ ဆွဲမိဆွဲရာ လူတစ်ယောက်၏လက်ကို ဆွဲ၍ ဖမ်းထားရာ တစ်ယောက်သော သူသည် ကျွန်တော်၏ခြေနှစ်ဘက်ကို ဆွဲ၍ လှဲပြီးနောက် တစ်ယောက်က လက်မှ ခြောက်လုံးပြူးကို လုယူသည်ကို သိရှိလိုက်ရလေ၏။ ထိုခဏ၌ အခန်းတံခါးသည် ဖြုန်းခနဲ ပွင့်လာပြီးလျှင် လက်နှိပ်ဓာတ်မီးအရောင်သည် တိုးဝင်လာ၍ မောင်အုန်းဖေ၏ အသံဖြင့် 'ဆရာ ဆရာ' ဟု ခေါ်၍ လူသုံးလေးယောက် ဝင်လာကြရာ မကြာမီအတွင်းတွင် တရုတ်လေးယောက်တို့သည် ပုလိပ်တို့၏ လက်တွင်း၌ ချုပ်နှောင်ပြီး ဖြစ်ကြလေ၏။ ထိုခဏ၌ တောင်ဘက်မှ တရုတ်တိုက်ရှေ့တွင်လည်း ဆူညံစွာရှိသော အသံတို့ကို ကြားရလေရာ မောင်စံရှားက 'ကူချေဦးမှ ထင်တယ်၊ လာဗျာ ကိုအုန်းဖေ' ဟု ပြော၍ မောင်အုန်းဖေနှင့် နှစ်ယောက် ဆင်း၍ သွားကြသည်တွင် ကျွန်တော်နှင့် ပုလိပ်သားတို့မှာ တရုတ်များကို စောင့်ကြပ်၍ နေရစ်ရလေ၏။ ငါးမိနစ်ခန့် ကြာသောအခါ မောင်စံရှားနှင့် မောင်အုန်းဖေတို့သည် တရုတ်လေးယောက်ကို နှစ်ယောက်တစ်တွဲ ချုပ်လျက် အခန်းတွင်းသို့ သွင်းလာကြလေသတည်း။

**ပြီးပါပြီ။**

× × × × × ×

# ၈။ မြေပိုင်ရှင် လင်မယားအမှု

တစ်နေ့သ၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် တိုက်ရှေ့ဧည့်ခန်းတွင် ထိုင်လျက် မျက်စိတစ်ဖက်လပ် အသင်းအမှုတွင် စုံထောက်ခဲ့ရပုံ အကြောင်းကို စကားစပ်မိကြသဖြင့် ပြောဆိုတိုင်ပင်လျက် ရှိနေကြရာမှ

**ရှား။** ။'အခုတလောဖြင့် အမှုများလဲ တယ်ပြီး ပါးရှားနေပြန်ပြီဗျာ၊ အမှုသစ် မပေါ်လာလေတော့ အဟောင်းတွေ ပြန်ပြီး စမြုံ့ပြန်နေကြရတော့တာပဲကိုး ကိုသိန်းမောင်ရေ့'

**ကျွန်တော်။** ။'ပြစ်မှုပြုမယ့်လူ မရှိလို့ စုံထောက်စရာ မရှိရင်လဲ တိုင်းသူပြည်သားများမှာ ငြိမ်းချမ်းကြလို့မို့ ဝမ်းမြောက်ကြဖို့ပဲ မဟုတ်ဖူးလားဗျာ'

**ရှား။** ။'ဒါတော့ ဟုတ်ပါရဲ့ဗျာ၊ သို့သော်လည်း ကျုပ်မှာတော့ ဟိုအထက် မြန်မာပြည်က လယ်သမား ဆင်မပစ်ရလို့ လယ်ကိုစွန့်ပြီး ဆင်နောက်လိုက်ကြသလို ဖြစ်နေပြီဗျ'

**ကျွန်တော်။** ။'ဘယ်ပုံ လိုက်တာလဲ ပြောစမ်းပါဦးဗျာ'

**ရှား။** ။'သည်လိုဗျ၊ ဟိုအထက် မြန်မာပြည် ကသာနယ်မှာ တောင်သူဘာဝ လုပ်ကိုင်စားသောက် ကြရတဲ့ လယ်သမားများမှာ လယ်တွေကို ဆင်ရိုင်းတွေက ဝင်ပြီး ဖျက်ဆီးလေတော့ ဆင်များကို ခြောက်ဖို့ သေနတ်များ ပေးထားသတဲ့၊ သည်တော့ ညတိုင်ကျရင် ဆင်တွေဝင်လာမှဖြင့် လယ်သမားတွေက သေနတ်နှင့် စောင့်ပြီး ပစ်သတဲ့၊ နာတဲ့ ဆင်လဲ နာ၊ သေတဲ့ ဆင်လဲ သေသွားတာပေါ့ဗျာ၊ ဒါနှင့် သည်လို ပစ်ဖန်များတော့ လယ်သမားတွေမှာ သေနတ်ပစ်ဖို့ ဝါသနာပါပြီး လယ်ထဲကို ဆင်မဝင်ရင် တမင်လိုက်ပြီး ချောက်သွင်းသတဲ့ဗျ'

**ကျွန်တော်။** ။'ကောင်းလှပြီကောဗျာ၊ ခင်ဗျားမှာလဲ လူသတ်မဖြစ်ရင် ဖြစ်အောင် လူဆိုးတွေကို လိုက်ပြီး အားပေးချင်သေးတယ် မှတ်တယ်' ဟု ပြောသောအခါ မောင်စံရှားမှာ ဟက်ဟက်ပက်ပက် ရယ်မော၍

'မပြောတတ်ပါဘူးဗျာ၊ အလံရှူးများ ထားရဦး မလိုလို ဖြစ်နေပါပြီ' ဟု ပြောဆို၍ ပျင်းပျင်းရိရိနှင့် ဆေးတံကို မီးညှိလေ၏။

ထိုအခါ ကျွန်တော်သည် သတင်းစာတစ်စောင်ကို ကောက်ယူ၍ ထူးခြားသော အမှုများ ပါခဲ့လျှင် မောင်စံရှားအား ပြရန် အကြံအစည်နှင့် လှန်လှော ရှာဖွေလျက်ရှိစဉ် တိုက်ရှေ့၌ ကားတစ်စီး ရပ်သံကြားရပြီးနောက် ကျွန်တော်တို့ ကြိမ်ဖန်များစွာ ကြားနေကြဖြစ်သော ခြေသံသည် တိုက်ပေါ် သို့ တက်လာသည်ကို ကြားရသောအခါ

**ကျွန်တော်။** ။'ကိုင်းဗျာ၊ ခင်ဗျား ဆုတောင်းပြည့်ပါပြီ၊ တိုက်ပေါ် တက်လာတာ ကိုအုန်းဖေ ခြေသံနှင့် တူတယ်၊ ခြေလှမ်းပုံ ကြားရတာလဲ တိုင်ပင်စရာ အမှုတစ်ခု ရှိပုံ လက္ခဏာတူတယ်'

**ရှား။** ။'ကိုသိန်းမောင် တော်တော် တိုးလာပြီ ဗျို့'

**ကျွန်တော်။** ။'ဆရာကောင်း တပည့်ပဲဗျာ'

ထိုခဏ၌ စုံထောက်အင်စပိတ်တော် မောင်အုန်းဖေသည် ပျာယီပျာယာနှင့် အခန်းတွင်းသို့ ဝင်လာ၍

**ဖေ။** ။'အားနေသလား ဆရာ'

**ရှား။** ။'အားတာတော့ ဘာပြောကောင်းမလဲဗျာ၊ အားလွန်း အားကြီးလို့ ပျင်းများတောင် နေပြီကော ကိုယ့်လူရဲ့၊ ဘာကိစ္စများလဲ ဗျာ'

**ဖေ။** ။'ဒါဖြင့်၊ ကျွန်တော်နှင့် ကန်ကြီးထောင့်ရွာကို လိုက်ခဲ့စမ်းပါလား ဆရာ'

**ရှား**။ ။'ပဲခူးနယ်က ကန်ကြီးထောင့်ရွာလား ဗျ၊ ကျုပ်တို့လဲ ရောက်ဖူးပါတယ်၊ ဘာမှုလဲဗျို့'

**ဖေ**။ ။'လူတစ်ယောက်တော့ သေတာပဲ ဆရာ၊ သတ်လို့ပဲ သေသလား၊ ဘာသာအလျောက်ပဲ သေသလားတော့ဖြင့် မပြောတတ်ဘူး၊ သည်မနက်ပဲ ကြေးနန်းရလို့ မင်းကြီးက ကျွန်တော့်ကို လွှတ်နေတယ် ဆရာ၊ ကိုင်း သို့သော် လမ်းကျမှပဲ အကျိုးအကြောင်း ပြောပါရစေတော့၊ ကျွန်တော့ကားနှင့် တစ်ပါတည်း လိုက်ခဲ့ကြပါတော့ ခင်ဗျာ'

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ လိုက်နိုင်ပမလား'

**ကျွန်တော်**။ ။'စိန်လိုက်ဗျာ လိုက်မယ်'

ငင်းနောက် ကျွန်တော်တို့သည် လျင်မြန်စွာ အဝတ်အစားများ လဲလှယ်ကြပြီးလျှင် တိုက်ပေါ်မှ ဆင်းလာကြ၍ မောင်အုန်းဖေ၏ ကားနှင့် ထွက်လာကြသဖြင့် လူသူထူထပ်သော လမ်းများကို ကျော်လွန်ကြပြီးနောက် ပြည်လမ်းတလျှောက် မောင်းနှင်မိကြသော အခါ

**ဖေ**။ ။'သည်လို ဆရာရဲ့၊ ကန်ထောင့်ကြီးရွာက ပင်စင်အငြိမ်းစား မြေစာရင်း အင်စပိတ်တော်ဟောင်း ဦးစံထယ်ဆိုတဲ့ အဘိုးကြီးဟာ မနေ့က သူ့အိမ်က အထွက် တံတားပေါ် တက်လိုက်ရာမှာ တံတားကျိုးပြီး ချောင်းထဲကျလို့ သေရှာတယ်တဲ့ ဆရာ'

**ရှား**။ ။'ဒါနဲ့ဖြင့် ဘာမှ မထူးခြားသေးပေါင် ဗျာ'

**ဖေ**။ ။'နေဦးဆရာရဲ့၊ ကျွန်တော် ပြောဦးမယ်၊ အိမ်ရှေ့မှာ ခင်းထားတဲ့ တံတားကလဲ ပျဉ်ပြားကလေး တစ်ချပ်ထဲပဲ ဆရာ၊ အဘိုးကြီးက အမှတ်မဲ့ လျှောက်လာတော့ ပျဉ်ပြားကျိုးပြီး ချောင်းထဲ အကျမှာ ကျောက်စွန်းနှင့် ခေါင်းနှင့် ရိုက်မိပြီး သေပါရောတဲ့ ဆရာရဲ့'

**ရှား**။ ။'ပျဉ်ပြားက ဆွေးနေလို့လား'

**ဖေ**။ ။'ပျဉ်ပြားက ဆွေးလို့ မဟုတ်ဘူးတဲ့ ဆရာ၊ တဲတဲကလေးနေအောင် လွှနဲ့တိုက်ပြီး တမင်ထောင်ထားတယ်တဲ့ ဆရာရဲ့'

**ရှား**။ ။(ရုတ်တရက် တည့်မတ်စွာ ထိုင်လျက်) 'အလဲ့ ဆိုစမ်းပါဦးဗျာ၊ အဘိုးကြီးက ဘယ်သူနှင့် နေတာလဲ'

**ဖေ**။ ။'အဘိုးကြီးက မုဆိုးဖိုကြီးတဲ့ ဆရာရဲ့၊ သူ့မှာ သမီးပျိုကလေး တစ်ယောက်ရှိတယ်၊ သားအဖ နှစ်ယောက်ထဲပဲ နေကြသတဲ့၊ သူတို့နှင့် အိမ်နီးချင်းကတော့ ကိုဘဌေးဆိုတဲ့ မြေပိုင်ရှင် လင်မယားနှစ်ယောက် ရှိကြတယ်၊ သူတို့အိမ် နှစ်အိမ်မှာ ချောင်းခြားနေလေတော့ ခုနင်က ပြောတဲ့ ပျဉ်ပြားတစ်ချပ်ကို တံတားလုပ်ပြီး ခင်းထားသတဲ့ ဆရာ'

**ရှား**။ ။'ဆိုစမ်းပါဦးဗျာ'

**ဖေ**။ ။'ဒါနှင့် အဲသည်နေ့ မနက်ကတော့ ကိုဘဌေးကလဲ ရန်ကုန်က သူ့အမများထံ အလည်သွားနေခိုက် ဖြစ်လို့ သူ့မယား မမြရင်က ဦးစံထယ်ရဲ့ သမီး မလွန်းမေ အိမ်မှာ လက်ဖက်ရည်သောက် ဖိတ်ထားလို့ တံတားကို ကူးမယ်လို့ အလာမှာ တံတားကျိုးပြီး ဦးစံထယ်လည်း ရေစပ်မှာလဲနေတာ တွေ့သတဲ့ ဆရာ၊ သည်တော့မှ မမြရင်က အိမ်ရှေ့က ခေါ်ပြီး သမီး မလွန်းမေကို အကျိုးအကြောင်း ပြောပြလို့ အစေခံတွေ ဘာတွေနှင့် အဘိုးကြီးကို ဆယ်တင်တော့ အဘိုးကြီးမှာ ခေါင်းကွဲပြီး အသက်လုံးလုံး မရှိတော့ဘူးတဲ့ ဆရာ၊ သည်ဟာနှင့် အုတ်အော် သောင်းနင်း ဖြစ်နေတုန်း ဖြုန်းဆို ကိုဘဌေးက ရန်ကုန်က ကားနှင့် အပြင်းမောင်းလာပြီး ရောက်ရောက်ခြင်း 'ဘယ့်နှယ်လဲ ဘယ့်နှယ်လဲဟေ့၊ နောက်များကျသွားပြီလားကွယ်၊ ငါ မိုက်တာပါ၊ ငါကိုက မိုက်မိတာပါ' လို့ ပြောပြီး အရူးလို တောင်ပြော မြောက်ပြောနှင့် သူ့မယားမျက်နှာကို မြင်တော့မှ 'ငါ မိုက်သကွဲ့ မြမြရယ်၊ ငါ့ကြောင့် သေရှာရသကွဲ့' လို့ပြောသတဲ့ ဆရာရဲ့'

**ရှား**။ ။'ဒါဖြင့် ခင်ဗျား ဥစ္စာ လက်သည်ပေါ်နေမင့်ပဲ၊ ကျုပ်လိုက်လို့ ဘာလုပ်ဦးမှာလဲ ဗျာ'

**ဖေ**။ ။'မဟုတ်သေးဘူး ဆရာရဲ့၊ တစ်ခုက သည်လို ရှိနေပြန်တယ်၊ ဦးစံထယ် မသေမီ ညနေက သည်တံတားပေါ်ကို အစေခံ တစ်ယောက် လျှောက်သေးသတဲ့၊ သည်တုန်းကလဲ အကောင်းကြီးပဲ ရှိသေးသတဲ့၊ သည်တော့ကာ တံတားကို လွှနဲ့တိုက်တဲ့

လူဟာ ညအခါကျမှ တိုက်ရမယ် မဟုတ်လား ဆရာ၊ သည်ညက ကိုဘဌေးလဲ ရန်ကုန်က သူ့အမများ အိမ်မှာပဲ အိပ်တယ် ဆရာ၊ ကျွန်တော် မနက်က သွားပြီး မေးမြန်းစုံစမ်းကြည့်တော့ ကိုဘဌေးဟာ ဟိုညက အိပ်ခန်းကို ဝင်သွားတာ အစေခံ တစ်ယောက်က သေသေချာချာ မြင်လိုက်ရကြောင်း၊ အိပ်ခန်းထဲကို ရောက်ပြီးနောက် စာဖတ်နေတဲ့ လက္ခဏာနှင့် ဓာတ်မီးကို မငြိမ်းဘဲ နေပြီးနောက် သန်းခေါင်ကျော်ကျော်လောက်မှာ ဓာတ်မီး ခလုပ်နှိပ်ပြီး မီးငြိမ်းလိုက်တာကို သူကိုယ်တိုင် ကြားလိုက် မြင်လိုက်တဲ့ အကြောင်း တပ်တပ်အပ်အပ်ကြီး ထွက်ဆိုနေတယ် ဆရာရဲ့၊ သည်တော့ ပဲခူးနယ်မှာ ရှိတဲ့ တံတားကို ကိုဘဌေးက ညတွင်းချင်းသွားပြီး တိုက်ဖြတ်ဖို့ရန် အင်မတန် ခဲယဉ်းနေတယ် ဆရာရဲ့'

**ရှား**။ ။'ကိုဘဌေးကို စစ်ဆေးတော့ကော ဘယ့်နှယ်များ အစစ်ခံသတဲ့လဲ'

**ဖေ**။ ။'ဘာတစ်ခုမှ မေးလို့မရဘူးတဲ့ ဆရာရဲ့၊ ပါးစပ်ကို ရေငုံထားသလို တစ်ခါတည်း ပိတ်ထားတာပဲတဲ့ ဆရာ၊ သို့သော်လည်း သူ့မိန်းမကတော့ ဘယ်နည်းနှင့်မှ ကိုဘဌေးလုပ်တာ မဟုတ်ဘူးလို့ ပြောနေတယ် ဆရာရဲ့၊ ခက်နေပြီကော ဆရာ'

**ရှား**။ ။'ကိုဘဌေးရောက်လာခြင်းဟာ မမျှော်လင့်ဘဲနှင့် ရုတ်တရက် ရောက်လာခြင်းနှင့် တူတယ်၊ သည်တော့ သည်အချက်ကို သူ့မိန်းမက ဘယ့်နှယ်ထုချေသတဲ့လဲ၊ ရန်ကုန်က အစ်မများကကော သူဘယ်နည်းနှင့် ပြန်သွားတယ်လို့ ပြောသလဲ'

**ဖေ**။ ။'နံနက်စောစော အိပ်ယာက ထထချင်း ဖြုန်းဆို စိတ်ကူးရပြီး သူ့အစ်မများကိုတောင် နှိုးပြီး နှုတ်မဆက်နိုင်ဘဲ တစ်ခါတည်း မော်တော်ကားနှင့် ထွက်သွားတယ်လို့ ပြောတယ် ဆရာ'

**ရှား**။ ။'လူသတ်မှုပြုတဲ့ လူတစ်ယောက်ဟာ များသောအားဖြင့် ရည်ရွယ်ချက် တစ်ခုခု ရှိတတ်မြဲပဲဗျ၊ ဘာလဲ ဆိုတော့ တစ်စုံတစ်ခုကို ရလို၍သော်လည်းကောင်း၊ သက်သက်မဲ့ မုန်း၍သော်လည်းကောင်း၊ မနှင့် ပတ်သက်၍ မနာလိုသောကြောင့် လည်းကောင်း တစ်ခုခု ဖြစ်တတ်တယ်၊ သည်အမှုမှာ ဘယ်လိုရည်ရွယ်ချက်မျိုးနှင့် သတ်တယ်လို့ ခင်ဗျား ထင်သလဲ'

**ဖေ**။ ။'အခုဖြင့် မထင်တတ်နိုင်အောင် ရှိနေသေးတာပဲ ဆရာ'

**ရှား**။ ။'ကိုဘဌေးကလွဲပြီး သည့်ပြင် ဘယ်သူ့ကိုမှ ထင်စရာ မရှိဘူးလား၊ မမြရင်ကော ဘယ့်နှယ်လဲ'

**ဖေ**။ ။'ကျွန်တော်ဖြင့် မတွေးတတ်နိုင်အောင် ရှိနေပါတယ် ဆရာ'

**ရှား**။ ။'သည့်ပြင်ကော ဘာများ ခင်ဗျား ပြောစရာ ရှိသေးသလဲ'

**ဖေ**။ ။'ကုန်ပါပြီ ဆရာ၊ မရှိပါဘူး'

ထိုအခါ မောင်စံရှားသည် ဆေးတံကို ဆေးထည့်၍ မီးညှိကာ သောက်ဖွာရင်း စဉ်းစားစိတ်ကူးလျက်ရှိရာ မောင်အုန်းဖေမှာလည်း ကားကိုသာလျှင် လျင်မြန်စွာ မောင်းနှင်လျက် ရှိလေ၏။

ကန်ကြီးထောင့်ရွာသို့ ဆိုက်ရောက်ကြသောအခါ တောနယ်မှ ဌာနာအုပ်လည်း ကြိုဆိုစောင့်ဆိုင်းလျက် ရှိရာ ကျွန်တော်တို့သည် ဦးစံထယ်၏ နေအိမ်အနီး၌ ကားကို ဆိုက်ရပ်၍ ဌာနာအုပ်နှင့် တွေ့ဆုံနေကြသည်တွင်

**ဖေ**။ ။'ဘယ့်နှယ်လဲ ကိုမောင်တင်၊ ဘာများ အကြောင်းထူးသေးသလဲ ဗျ'

**တင်**။ ။'ကိုဘဌေးကိုတော့ ချုပ်ထားပြီးပြီ ခင်ဗျ'

**ဖေ**။ ။'ချုပ်လို့ တော်မှ တော်ပါ့မလား ဗျာ၊ ဟိုညက ရန်ကုန်မှာ သူရှိတယ် ဆိုတာကပဲ '

**တင်**။ ။'မဟုတ်ဘူး ဆရာ၊ ရန်ကုန်ကို တယ်လီဖုန်း ဆက်ပြီး မေးတော့ ဟိုညက ကိုဘဌေးက သန်းခေါင်ကျော်လောက်မှာ အိုက်လွန်းလို့ မအိပ်နိုင်ဘူး ဆိုပြီး ကားနှင့် ထွက်သွားသေးတယ် ဆရာရဲ့၊ ဘယ်အချိန်မှ ပြန်လာတယ် ဆိုတာ ဘယ်သူမှ အမှန်မပြောနိုင်ဘူး တဲ့၊ သည်တော့ကာ ကားကို ခပ်ပြင်းပြင်း မောင်းမယ်ဆိုရင် မလင်းခင် ရန်ကုန်ကို ပြန်ရောက်နိုင်တာကိုး ဆရာ'

**ရှား**။ ။(လှောင်ပြောင်သော မျက်နှာထားနှင့် မောင်အုန်းဖေအား ကြည့်လျက် ) 'ဘယ့်နှယ်လဲ ကိုအုန်းဖေ ၊ ခင်ဗျားလဲ ရောက်ခဲ့တယ်ဆို၊ တောကနေပြီး စုံစမ်းတဲ့ လူက ခင်ဗျားထက် စုံလင်အောင် သိနေပါပြီကောလား' ဟု ပြောလိုက်သော အခါ ဌာနာအုပ်မှာ အားရနှစ်သက် ဖြစ်လျက် မောင်အုန်းဖေမှာမူ ခပ်ရှက်ရှက် မျက်နှာထားနှင့် ရှိလေ၏။ ၎င်းနောက်

**ရှား**။ ။'ဦးစံထယ်နှင့် ကိုဘဌေးဟာ ငွေကြေးနှင့် ပတ်သက်ပြီး ဘယ်လို ဆက်ဆံခြင်းများ ရှိဖူးသလဲ '

**တင်**။ ။'ကိုဘဌေးက ရန်ကုန်ဗဟိုဘဏ်မှ ငွေများ အပ်နှံထားတဲ့ အနက်က ဦးစံထယ်ကို ၂၀ဝ တန် ၊ ၃၀ဝ တန် ချက်များ ရေးပြီး ခဏခဏ ပေးရဖူးသတဲ့ ဆရာ'

**ဖေ**။ ။'ဩော် တန်တော့ ဆရာရေ၊ ဦးစံထယ်က ကိုဘဌေး မကောင်းကြောင်း တစ်စုံတစ်ရာကို သိလေတော့ နှုတ်ပိတ်ခ အတွက် ခဏခဏ ငွေညှစ်ပြီး တောင်းလို့မို့ နောက်ဆုံးတစ်နေ့ကျတော့ မခံနိုင်တာနှင့် ကိုဘဌေးက အဆုံးစီရင်လိုက်တာနှင့် တူတယ် ဆရာ'

**တင်**။ ။'ကျွန်တော်တို့လည်း သည်အကြောင်းကြောင့်ပဲ လို့ တွေးမိပါတယ် ခင်ဗျာ'

**ဖေ**။ ။'ဟုတ်ပြီဗျို့၊ ဟုတ်ပြီ ၊ ဒါကြောင့် သတ်တာကိုးဗျ'

'မသတ်ပါဘူးရှင်၊ ကျွန်မယောကျ်ား သတ်တာ မဟုတ်ရပါဘူး ရှင်' ဟု ပြောသံကြားကြသဖြင့် နောက်သို့လှည့်၍ ကြည့်လိုက်ကြသည်တွင် အသက်သုံးဆယ်ကျော် အရွယ်ခန့်ရှိ၍ အသားဖြူဖြူ သေးသေးသွယ်သွယ်နှင့် ရုပ်ဆင်းအင်္ဂါ ပြည့်စုံလှစွာသော မိန်းမတစ်ယောက်သည် အနီးသို့ ရောက်လျက်ရှိကြောင်း တွေ့မြင်ကြရလေရာ ၎င်းမှာ ကိုဘဌေး၏ ဇနီး မမြရင်ပင် ဖြစ်လေ၏။

ထိုအခါ ဌာနာအုပ် ကိုမောင်တင်သည် မမြရင်၏ အနီးသို့ချဉ်းကပ်၍ 'ကျွန်တော်တို့လည်း ဝတ္တရားရှိလို့သာ ဆောင်ရွက်ရ ပါတယ် ခင်ဗျာ၊ ကိုဘဌေးကို ဖမ်းဆီးရတာတောင် အင်မတန် အားနာပါရဲ့၊ လွဲပါစေ ဖယ်ပါစေလို့ပဲ ဆုတောင်းမိပါတယ်၊ တကယ်လို့ ကိုဘဌေး သတ်တာ မဟုတ်ခဲ့ရင်လည်း မသတ်ကြောင်းကို ထင်ရှားအောင်လုပ်နိုင်မယ့် ပုဂ္ဂိုလ်ဟာ ဟောသည်က ဦးစံရှားအပြင် မရှိပါဘူး ခင်ဗျာ ၊ ရန်ကုန်က စုံထောက်ကြီး ဦးစံရှားဆိုတာ သူပါပဲ' ဟုပြော၍ မောင်စံရှားနှင့် အသိအကျွမ်း ဖွဲ့ပေးလေလျှင် မမြရင်သည် မောင်စံရှား၏ မျက်နှာကို တစ်ခဏမျှ စိုက်၍ ကြည့်ပြီးနောက် ယုံကြည်အားထားသည့် လက္ခဏာနှင့်

'ကယ်တော်မူပါ ဦးစံရှားရှင်၊ ဘယ်သူက ဘယ်လိုပင် ပြောသော်လည်း ကျွန်မယောကျ်ားကို သည်အမှုက လွတ်အောင် နှုတ်ပေးနိုင်ခဲ့လို့ ရှိရင် ရှင်လိုချင်သလောက် ကျွန်မ ချီးမြှင့် ပါမယ် ရှင်'

**ရှား**။ ။'ချီးမြှင့်သည်ဖြစ်စေ၊ မချီးမြှင့်သည်ဖြစ်စေ၊ အကယ်စင်စစ် မသတ်ခဲ့ရိုး မှန်ခဲ့လျှင်ဖြင့် လွတ်အောင် ဆောင်ရွက်ဖို့မှာ ကျွန်တော့် တာဝန်ရှိပါစေ ဗျာ ၊ စိတ်ချပါ'

ရင်။ ။'ကျေးဇူးကြီးလှပါတယ် ရှင်၊ နို့ ... '

ထိုခဏ၌ ပုလိပ်တစ်ယောက်သည် ကြက်ပေါင် ဖိနပ်တစ်ရံကို ကိုင်လျက် ကျွန်တော်တို့ ရှိရာသို့ ပြေးလာရာ

**ဖေ**။ ။'ဘယ်မှာတွေ့သလဲ ဟေ့'

**လိပ်**။ ။'အိမ်နောက်က ပစ္စည်းဟောင်းတွေထားတဲ့ တဲကုတ်ထဲမှာ ဝှက်ထားတာ ကျွန်တော် တွေ့တယ် ခင်ဗျ'

ဖိနပ်မှာ စိုလျက်ပင်ရှိသေးသော ရွှံ့နွံများ ပေကျံလျက်ရှိရာ ထိုနေရာ အရပ်၌ တံတားကူး၍ထားသော ချောင်းတွင်းရှိရေစပ်မှ တစ်ပါး မည်သည့်နေရာ၌မျှ ရွှံ့နွံဟူ၍ မရှိချေ။ ထိုဖိနပ်ကို မြင်သောအခါ မမြရင် မျက်နှာပျက်၍ သွားသည်ကို မောင်စံရှားက မြင်လိုက်သဖြင့်

**ရှား**။ ။'သည်ဟာ ကိုဘဌေး ဖိနပ်ပဲလား'

**ရင်**။ ။(မပြောချင် ပြောချင်နှင့်) 'ဟုတ်ပါတယ်ရှင်'

**ရှား**။ ။'ကိုင်း ဒါဖြင့် တံတားအောက်က ချောင်းကို တစ်ဆိတ်လောက် သွားကြည့်လိုက်ကြဦးစို့ ဗျာ'

တံတားကျိုး၍ကျသော နေရာသို့ ရောက်ကြလေလျှင် ကျွန်တော်တို့သည် ချောင်းကမ်းပါးပေါ်မှ ရပ်လျက်ရှိကြစဉ် မောင်စံရှားသည် ပုလိပ်သား၏ လက်မှ ကြက်ပေါင်ဖိနပ်ကို လှမ်းယူ၍ ချောင်းတွင်းသို့ ဆင်းသွားလေ၏။

မောင်စံရှားသည် ရွှံ့နွံများ အတွင်း၌ ထိုမှ ဤမှ မွှေနှောက်ကြည့်ရှုပြီးနောက် ကုန်းပေါ် သို့ တဖန် ပြန်၍တက်လာရာ

**ဖေ**။ ။'ဘယ့်နှယ်လဲ ဆရာ၊ တွေ့ခဲ့သလား'

**ရှား**။ ။'သည်က ကြက်ပေါင်ဖိနပ်ရာတွေ တော့ဖြင့် တွေ့ခဲ့တယ်ဗျို့'

**ဖေ**။ ။'ဒါဖြင့် ထင်ရှားနေပြီကော ဆရာ၊ ဘာလိုတော့သလဲ၊ ကိုဘဌေး သတ်တာ အမှန်ပဲပေါ့၊ ကိုင်း ကျွန်တော်ကတော့ အစိုးရ ဝတ္တရားအတိုင်း ဆောင်ရွက်စရာ ကိစ္စကလေးတွေ ရှိသေးတယ် ဆရာ၊ ကိုသိန်းမောင်နှင့် ဆရာနှင့် ရန်ကုန်ကို ပြန်ချင်ရင်လဲ ကျွန်တော့်ကားနှင့် ပြန်နှင့်ကြရင် ကောင်းမယ်ထင်တယ်၊ ဆရာ ဆက်လက်ပြီး ဆောင်ရွက်စရာ ကိစ္စ မရှိတော့ပါဘူးဆရာ'

**ရှား**။ ။'ဘယ့်နှယ် ကိစ္စ မရှိသလဲ၊ မပြရင်က ကျုပ်ကို ငှားထားတာ ရှိသေးသကော'

**ဖေ**။ ။'ငှားပေမယ့် ဘာလုပ်တော့မှာလဲ ဆရာ၊ သည်လောက် ထင်ရှားနေပြီး ဥစ္စာ ၊ သူ့ဘက်က ဆရာ ဆောင်ရွက်စရာ ဘယ်ကိစ္စ ရှိတော့သလဲ ဆရာ'

**ရှား**။ ။'ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ကျုပ်သိသမျှက ကျုပ်ကို အမှုသည်တစ်ယောက်က ငှားလို့ရှိရင် ဆုံးခန်းတိုင် ရောက်အောင် မဆောင်ရွက်ရမချင်း ပစ်ထားခဲ့တဲ့ ထုံးစံမရှိဘူးဗျ'

**ဖေ**။ ။'ဒါဖြင့်လဲ ဆရာ့သဘောပဗျာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် လာဗျ၊ ကိုစံထယ်အိမ်ကို တစ်ဆိတ်လောက် ဝင်ကြည့်လိုက်ကြဦးစို့' ဟု ပြော၍ ကျွန်တော်တို့သည် သေလွန်သူ ဦးစံထယ်၏ အိမ်တွင်းသို့ ဝင်ကြမည်အပြုတွင် မောင်စံရှားသည် တစ်စုံတစ်ခုသော အရာဝတ္ထုကို စာအိတ်တွင် ထည့်၍ပိတ်ပြီးနောက် မောင်အုန်းဖေ၏ လက်သို့ ပေးအပ်လျက်

'ရော့ ကိုအုန်းဖေ၊ ဟော့သည်ဟာကလေး တစ်ခု သိမ်းထားစမ်းဗျာ၊ ကျုပ် တောင်းတော့မှ ထုတ်ပြီးပေးပေတော့ '

**ဖေ**။ ။(ပိတ်ထားသော စာအိတ်ကို ယူငင်၍ စမ်းသပ်ကြည့်လျက်) 'ဘာများ ပါသလဲ ဆရာ '

**ရှား**။ ။'အဖိုးတန် ပစ္စည်းတစ်ခု ပါလေရဲ့ဗျာ'

ငင်းနောက် ကျွန်တော်တို့သည် ဦးစံထယ်၏ အိမ်သို့ သွားရောက်ကြ၍ အတွင်းသို့ ရောက်ကြသည်တွင် အခန်းဆီးများ စားပွဲများ ကုလားထိုင်များမှ စ၍ အိမ်ထောင်ပစ္စည်းများကို တွေ့မြင်ရသောအခါ သေလွန်သူ ဦးစံထယ်မှာ ပင်စင်ငွေကလေးနှင့် မလောက်မငရှိ၍ နဲနဲနှင့် ကြဲကြဲဝိုင်း ဟူသော စကားကဲ့သို့ ခြစ်ချုပ်ကုတ်ကပ်၍ ဟန်လုပ်ကာ နေထိုင်ရကြောင်း ထင်ရှားလေ၏။

ဧည့်ခန်း၌ကား အသက်နှစ်ဆယ်ကျော် အရွယ်ခန့်ရှိ ရုပ်ရည်ချောမော လှပလျက် တင်းမာသော မျက်နှာထား ရှိသည့် သူငယ်မတစ်ယောက်သည် ကျွန်တော်တို့အား ဧည့်ခံစကားပြောဆိုလေရာ ငင်းမှာ ဦးစံထယ်၏ သမီး မလွန်းမေပင် ဖြစ်လေ၏။ မလွန်းမေသည် ကျွန်တော်တို့ လူစုအား တစ်ခဏမျှ စိုက်ကြည့်၍ မည်သူသည် အကြီးအမှူးဖြစ်သည်ကို အကဲခတ်ပြီးနောက် မောင်စံရှားအား

**မေ**။ ။'မနေ့က လိုက်လာတဲ့ စုံထောက်ကြီး ဦးစံရှားဆိုတာ မှတ်ပါတယ်ရှင်'

**ရှား**။ ။'မှန်ပါတယ် မိန်းကလေးရယ်၊ မိတစ်ဆိုး ဖြစ်ရတဲ့ အထဲမှာ ဖခင်က ယခုလို ရုတ်တရက် ပျက်စီးသွားပြန်တော့ အင်မတန် ဝမ်းနည်းဖို့ ကောင်းပါပေတယ်ဗျာ'

**မေ။** ။'မှန်ပါတယ်ရှင်၊ မိခင်ဆုံးပြီးတဲ့နောက် မွေးသဖခင်ကလဲ အင်္ဂရိတ်ဘက်မှာ သိပ်ဝါသနာပါပြီး နေ့ရော ညရော အင်္ဂရိတ် တဲထဲက မထွက်ပါဘူးရှင်၊ ဟိုတုန်းက စုဆောင်းထားတဲ့ ပစ္စည်းကလေးတွေ ဆိုရင်လဲ မီးသွေးနှင့်ပဲ ကုန်ပါပြီရှင်'

**ရှား။** ။'သြော် ဦးစံထယ်က သည်ဘက်က ဝါသနာ ပါသကိုး'

**မေ။** ။'ဝါသနာပါတာတော့ မပြောပါနှင့်တော့၊ ဟောဟို ဝင်းထောင့်ကတဲဟာ ဖိုထိုးတဲ့ တဲပါပဲရှင်၊ ရသမျှ ပင်စင်ကလေး ဟာလဲ စားရသောက်ရတယ်လို့ သည်လောက်မရှိပါဘူး၊ လုံဘိုး မီးသွေးဘိုး ဒုတ္တာဘိုး လက်ချားဘိုးနှင့်ပဲ ကုန်ရတာပါပဲ ရှင်၊ တစ်နေ့သော်လည်း ဓာတ်ပေါက်လုပြီတဲ့၊ တစ်နေ့သော်လည်း ကိစ္စပြီးလုပြီတဲ့၊ ဘယ်တော့မှ ပြီးနိုင်တယ်လဲ မရှိပါဘူးရှင်၊ ဟော အခု ရုတ်တရက် သေဆုံးသွားပြန်တော့ ကျွန်မဖို့ တစ်ပြားတစ်ချပ်မှ ထားခဲ့တယ်လို့ မရှိပါဘူးရှင်' ဟု မိမိ၏ ဒုက္ခများကို ညည်းညူတိုင်တန်းလေ၏။ ထိုအခါ မောင်အုန်းဖေသည် အချည်းနှီးဖြစ်သော စကားများကို ပြောဆိုခြင်းအားဖြင့် အချိန်မကုန်လိုသည့် လက္ခဏာနှင့် စကားဖြတ်၍

**ဖေ။** ။'ဦးစံထယ်ကို သတ်တဲ့ တရားခံ ကိုဘဌေးကို ဖမ်းထားတာ မလွန်းမေ သိတယ် မဟုတ်လား'

**မေ။** ။'ကြားပါတယ်ရှင်'

**ရှား။** ။'ပစ္စည်းကလဲ ခိုင်လုံ၊ သူ့မယားကလဲ ချောပါဘိသနှင့် ဘယ်လိုများ ရန်စလို့ သတ်တယ် ထင်သလဲ မလွန်းမေ'

**မေ။** ။'မပြောတတ်ပါဘူးရှင်၊ သူ့မယား မမြရင် ခမြာမှာတော့ ဒုက္ခပါပဲ ၊ ကိုယ်ချင်းစာပြီး သနားလိုက်ပါရဲ့ရှင်'

**ရှား။** ။'ဘယ်သူက ဘယ်သူ့ကို သနားဖို့ ကောင်းသလဲဗျ'

**မေ။** ။'သြော် ကျွန်မမှာတော့ သေပြီးသားမို့ စိတ်ချလက်ချ ပူရလို့ တော်ပါသေးတယ်ရှင်၊ ခမြာမှာတော့ သေမှာလားဟဲ့၊ လွတ်မှာလားဟဲ့၊ တနွေးနွေးနှင့် နေ့မအေး ညမအေး၊ တောင်ပြေးရမလို မြောက်ပြေးရမလို၊ သာပြီးတော့ ဆိုးလိမ့်မယ်လို့ ထင်ပါတယ်ရှင်'

ဟု ပြောသောအခါ မောင်စံရှားသည် မလွန်းမေအား ထူးဆန်းသော မျက်နှာထားနှင့် စိုက်ကြည့်ကာ ရှိနေလေ၏။ ၎င်းနောက် မောင်စံရှားသည် ထိုင်ရာမှ ရုတ်တရက်ထ၍

**ရှား။** ။'ဦးစံထယ် ဖိုထိုးတဲ့ အင်္ဂရိတ်တဲကို တစ်ဆိတ်လောက် ကြည့်ပါရစေ မိန်းကလေးရယ်' ဟု ပြောသည်နှင့် မလွန်းမေသည်လည်း ရုတ်တရက်ထ၍ ကျွန်တော်တို့အား ဝင်းထောင့်၌ရှိသော တဲငယ်သို့ ခေါ်ငင်၍ သွားလေ၏။ တဲအတွင်း၌ကား လုံကြီးလုံငယ်တို့သည် ကြွက်လျှောက်ပေါ်၌ သပ်ရပ်ကောင်းမွန်စွာ စီစဉ်၍ထားလျက် လုပ်ရပ်ဘက်ဆိုင်ရာ ကိရိယာတို့မှာလည်း နေရာတကျ သိုမှီး၍ ထားသည်ကို တွေ့ရှိရလေ၏။ တစ်ခုသော ခုံရှည်ကလေးပေါ်၌ကား ရွှံ့နွံများ ပေစွန်းလျက်ရှိသော အင်္ကျီတစ်ထည် တင်လျက်ရှိရာ မောင်စံရှားသည် ၎င်းကို လက်ညှိုးညွှန်လျက်

**ရှား။** ။'သည်အင်္ကျီက ဘယ့်နှယ်ဟာလဲ'

**မေ။** ။'သြော် အဖေ့အလောင်းကို ချောင်းထဲက တင်လာတုန်းက အသက်များ ပါဦးမလားလို့ ခုံပေါ်မှာတင်ပြီး အင်္ကျီကို ချွတ်ပေးကြတာ မှတ်ပါတယ်ရှင်၊ ကျွန်မလဲ စိတ်ညစ်တာနှင့် ဘာမှ မသိမ်းမိ မဆည်းမိဘဲ သည့်အတိုင်းပဲ ထားလိုက်ရသေး တာပဲရှင်' ဟု ပြောပြီးနောက် ပြတင်းပေါက်အနီးသို့ သွားရောက်၍ လက်ထောက်ပြီးလျှင် အပြင်သို့ မျှော်ကြည့်ရင်း စိတ်ညစ်ညူးသည့် အမူအရာနှင့် ရှိနေရာမောင်အုန်းဖေလည်း ၎င်း၏အနီးသို့ ချဉ်းကပ်၍ ပူပန်ခြင်း ပြေပျောက်စေအောင် စကားတို့ကို ဖျော်ဖြေ ပြောဆိုလျက် ရှိလေ၏။ မောင်စံရှားသည် ကျွန်တော့်အား အမှတ်မဲ့ လက်ယပ်ခေါ်၍

'အပြင်သို့ ခဏကလေး သွားလိုက်ဦးမယ်၊ ကျုပ်သွားမှန်း သူတို့ မသိအောင် ခင်ဗျားက စကားကို အမျှင်မပြတ်အောင် ပြောနေရစ်စမ်းပါဗျာ ' ဟု ပြောပြောဆိုဆိုနှင့် ထွက်သွားရာ ကျွန်တော်သည် ထွေရာလေးပါးစကားတို့ကို အလျှင်မပြတ် အောင် ပြောဆို၍ နေရစ်ရလေ၏။

နှစ်မိနစ်ခန့်ကြာသောအခါ မောင်စံရှားသည် တဲအတွင်းသို့ တစ်ဖန်ပြန်၍ ဝင်လာပြီးလျှင် မလွန်းမေအား တဲအတွင်းသို့ ဝင်ရောက်ကြည့်ရှုခွင့် ပြုသည်ကို ကျေးဇူးတင်စကား ပြောကြား၍ နှုတ်ဆက်ပြီးနောက် ကျွန်တော်တို့သည် အပြင်သို့ ထွက်လာခဲ့ကြလေ၏။

မလွန်းမေမှာ အိမ်တွင်းသို့ ဝင်သွား၍ ကျွန်တော်တို့သည် ဝင်းပေါက်အနီးသို့ ရောက်သောအခါ ဌာနာအုပ် မောင်တင်မောင်သည် လွတစ်စင်းကို ယူ၍

'ဟောဒါနှင့် တိုက်ပြီးဖြတ်တာပဲ ဆရာ'

**ရှား။** ။'ဘယ်အနားက ရခဲ့သလဲ'

**အုပ်။** ။'တံခါးနှင့် မနီးမဝေး ချုံတစ်ခုထဲမှာ ထိုးပြီး ဝှက်ထားတယ် ဆရာ'

**ရှား။** ။'ဘယ့်သူ့လွလို့ ပြောသလဲ '

**အုပ်။** ။'ကိုဘဌေးရဲ့ အစေခံတစ်ယောက်ကတော့ သူတို့ အိမ်က လွပဲလို့ ပြောတယ် ဆရာ၊ ဦးစံထယ်တို့အိမ်မှာ သုံးစရာ ကိစ္စရှိရင်လဲ ယူပြီးသုံးကြတာပဲတဲ့ ဆရာ'

**ရှား။** ။'တော်ပါပေတယ်ဗျာ ကိုမောင်တင်၊ ဒါထက် ခင်ဗျား ဘယ်မှာ တည်းသလဲ'

**အုပ်။** ။'သူကြီးအိမ်မှာပဲ တည်းတယ်'

**ရှား။** ။'ကိုင်း ဒါဖြင့် သူကြီးအိမ်ကို သွားလိုက်ကြဦးစို့ဗျာ'

**ဖေ။** ။'ဆရာ လိုက်ဖို့ မလိုပါဘူးမှတ်တယ် ဆရာ၊ သည်ကိစ္စမှာ ကျွန်တော်တို့ ဆောင်ရွက်ဖို့ပဲ ရှိပါတော့တယ်၊ ဆရာတို့နှစ်ယောက် ရန်ကုန်ကို ပြန်နှင့်ရင် ကောင်းလိမ့်မယ် ထင်တယ် ဆရာ'

**ရှား။** ။'ကျုပ်တို့ ရှုပ်တယ်လို့ ထင်ရင်လဲ လမ်းခွဲချင် ခွဲကြတာပေါ့ဗျာ၊ ကျုပ်ကတော့ဖြင့် မဖြရင် ငှားထားလို့ တစ်ပိုင်းတစ်စနှင့် ပြန်လို့ မဖြစ်သေးဘူးဗျ'

**ဖေ။** ။'ရှုပ်တယ်လို့တော့ မထင်ပါဘူး ဆရာ၊ ပိုနေလို့ ပြောမိတာပါ၊ မပြန်ချင်သေးလို့ ရှိရင်လဲ ဆရာ့သဘောပေါ့ ဆရာ'

ထိုည၌ ကျွန်တော်တို့သည် ရွာသူကြီးအိမ်၌ အိပ်စက်ကြရလေရာ နံနက်လင်းသဖြင့် အိပ်ရာမှ ထကြသောအခါ မောင်စံရှားမှာ အိမ်၌မရှိတော့ဘဲ ပျောက်သွားလေ၏။ မောင်အုန်းဖေနှင့် ဌာနာအုပ်တို့မှာ အတန်ကြာအောင် စောင့်ဆိုင်းကြသော်လည်း မောင်စံရှား မပေါ်လာဘဲ ရှိလေလျှင် မောင်စံရှားကို ရှာဖွေရန် မဖြရင်၏အိမ်သို့ ကျွန်တော်နှင့်အတူ ထွက်လာခဲ့ကြလေ၏။ ဝင်းပေါက်သို့ရောက်လျှင် မဖြရင်နှင့် မောင်စံရှားတို့သည် စားပွဲတစ်ခုအနီးတွင် တစ်စုံတစ်ခုသော အရာဝတ္ထုကို သေချာစွာ ငုံ့ကြည့်နေကြသည်ကို တွေ့မြင်ကြရလေ၏။

ကျွန်တော်တို့သည် အိမ်ပြင်မှ ခေါ်ငင်ပြီးနောက် အိမ်တွင်းသို့ ဝင်သွားကြသောအခါ မဖြရင်မှာ ဧည့်ခန်း၌ မရှိတော့ဘဲ မောင်စံရှားတစ်ယောက်တည်း အပြင်၌ရှိလျက် မောင်စံရှားကမူ ထိုအိမ်မှာ မိမိ၏အိမ်ပိုင် ဖြစ်သည့်အနေမျိုးနှင့် ကျွန်တော်တို့အား ဧည့်ခံပြီးလျှင် မဖြရင်မှာ ဦးခေါင်းကိုက်သဖြင့် အိပ်ရာသို့ ဝင်သွားကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ မောင်အုန်းဖေက မောင်စံရှားမှာ မဖြရင်ဘက်မှ ကြိတ်ကြိတ်နယ် ဆောင်ရွက်လျက် ရှိကြောင်းကို ရိပ်မိသည်ဖြစ်၍ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် အချည်းနှီး ဖြစ်ကြောင်းကို ထင်ရှားဖော်ပြတော့အံ့ဟု အကြံနှင့်

**ဖေ။** ။'ဆရာကတော့ဖြင့် တရားခံဘက်က လုံးလုံးဖြစ်နေပြီကိုး ဆရာ၊ သို့သော် သတင်းတစ်ခု ဆရာ ကြားရရင် အံ့သြသွားလိမ့်မယ် ဆရာ'

**ရှား။** ။'ဘာများလဲ ဗျ'

**ဖေ။** ။'တရားခံ ကိုဘဌေးရဲ့ အိမ်ထဲမှာ ဒိုင်ယာရီစာအုပ် တစ်အုပ် တွေ့တယ် ဆရာ၊ စာအုပ်ထဲမှာလဲ ဦးစံထယ်ကို ပေးရတဲ့ ငွေတွေ မှတ်ပြီးထားတာ တွေ့ရတယ်၊ တော်တော်ပဲ များနေပြီကော ဆရာ ၊ နောက်ဆုံးတစ်ခါ ငွေ ၁၀၀ ပေးလိုက်တုန်း ကတော့ သူ့စာအုပ်ထဲမှာ သူရေးထားတဲ့ မှတ်တမ်းကလေး တစ်ခုကိုတောင် တွေ့ရတယ် ဆရာရဲ့'

**ရှား။** ။'ဘယ်လိုများ မှတ်တမ်းရေးသားပါသလဲ ဗျာ'

**ဖေ။** ။'သည်တစ်ခါ နောက်ဆုံးပေးခြင်းပဲ လို့ ရေးသားတယ် ဆရာရဲ့၊ သည်တော့ သူ့ကို အကြိမ်ကြိမ် ငွေညှစ်လို့ သတ်ပစ်ကြောင်း သည်လောက်ထင်ရှားနေပြီဟာ ၊ ဆရာ လက်လျှော့လိုက်ပါတော့ ဆရာရယ်'

**ရှား။** ။'မနက်စာ စားဖို့ အချိန်တန်ပြီ ထင်တယ်၊ ခင်ဗျားတို့ ပြီးခဲ့ကြပြီလား'

ထိုအခါ မောင်အုန်းဖေမှာ မောင်စံရှားအား ပြန်သွားရန် တိုက်တွန်းပါသော်လည်း မရတော့မည့်အကြောင်းကို သိရှိသဖြင့် ထပ်လောင်း၍ မတိုက်တွန်းဘဲ သူကြီးအိမ်သို့ ထမင်းစားသောက်ရန် ပြန်လာခဲ့ကြလေ၏။

၎င်းအမှုကို မြို့နယ်တရားသူကြီးရုံး၌ ရှေးဦးစွာ စစ်ချက်ယူရန် တင်သွင်းသည့်နေ့၌ မြို့နယ်ရှိ လူအပေါင်းတို့လည်း တရားခံ၏ ကြွယ်ဝချမ်းသာကြောင်းကို သိရှိသဖြင့် အမြောက်အမြား စုရုံးလာရောက် နားထောင်ကြလေ၏။

ပုလိပ်သားနှစ်ယောက်တို့လည်း လက်ထိပ်ခတ်လျက်ရှိသော တရားခံကိုဘငွေးကို ရုံးခန်းသို့ သွင်းလာခဲ့ရာ လူအပေါင်းတို့လည်း အရွယ်လည်း ကောင်း၊ ဥစ္စာနေလည်း ကြွယ်ဝသူ တရားခံအား သနားကရုဏာ ရှိကြသဖြင့် ဖြစ်မှ ဖြစ်ရလေခြင်း စသည်ဖြင့် ငြီးတွားကြလေ၏။ တရားခံမှာမူ မျက်နှာကို မြေသို့ချလျက် ဦးခေါင်းထောင်၍မျှ မကြည့်ဘဲ ပုလိပ်တို့၏ အလယ်မှ လိုက်ပါလာခဲ့လေ၏။ ၎င်းနောက် မမြရင်သည် ရုံးခန်းသို့ ဝင်လာရာ ၎င်း၏ နောက်မှမူ မောင်စံရှားသည် ကပ်၍လိုက်ပါခဲ့လေ၏။ မမြရင်မှာမူ မျက်နှာညှိုးငယ်စွာ ရှိသော်လည်း လွန်စွာ ဝမ်းနည်းလှဟန် မရှိသဖြင့် မျှော်လင့်ဖွယ်ရာ ရှိသေးသည်ဟု ကျွန်တော်၏ စိတ်၌ မှတ်ထင်မိလေ၏။

နောက်ဆုံး၌ ဦးစံထယ်၏သမီး မလွန်းမေသည် ရုံးခန်းသို့ ဝင်လာရာ ပရိသတ်တို့လည်း ရုတ်တရက် အုတ်အုတ်ကျက်ကျက် ဖြစ်သွားလျက် တရားခံမှာမူ တုန်လှုပ်၍ သွားသည့်အမူအရာ ရှိလေ၏။

၎င်းနောက် ဆရာဝန်သည် သက်သေခန်းသို့ ရှေးဦးစွာ ဝင်ပြီးလျှင် သေလွန်သူ ဦးစံထယ်မှာ တံတားပေါ်မှ ကျသော ဒဏ်ရာဖြင့် သေဆုံးရခြင်းမှန်ကြောင်းကို အစစ်ခံလေ၏။

ထို့နောက် တရားခံကို လှောင်အိမ်တွင်းသို့ သွတ်သွင်း၍ စစ်ဆေးလေရာ

'လွန်ခဲ့သော တနင်္ဂနွေနေ့ညက မောင်မင်း မော်တော်ကားကို ထုတ်၍ မောင်းသလား'

'မောင်းပါသည်'

'ဘယ်ကို မောင်းသလဲ'

တရားခံသည် တိတ်ဆိတ်နေလေ၏။

'မေးခွန်းကို ဖြေပါ'

'ကျွန်တော် မမှတ်မိပါ'

'ဦးစံထယ်ကို ငွေများ ခဏခဏ ပေးရဖူးသလား'

'ပေးရဖူးပါတယ်'

'ဘယ်အတွက်ပေးရသလဲ'

တရားခံသည် နှောင့်နှေးတွေးတော၍ နေပြီးနောက်

'အင်္ဂရိတ်ထိုးရန် အတွက် စရိတ်မလုံလောက်၍ ချေးငှားရပါသည်'

'မှန်မှန်ပြောပါ၊ ချောက်လှန့်ပြီး ငွေညှစ်လို့ ပေးရတယ် မဟုတ်လား'

'မဟုတ်ပါ'

'ပျဉ်ပြားကို မောင်မင်း လွှနှင့် တိုက်ထားသလား'

တရားခံသည် ဆိတ်ဆိတ်သာ နေလေ၏။

'ဤဖိနပ်များကော မင်းဖိနပ်လား'

'မှန်ပါ၏'

ထိုခဏ၌ မောင်စံရှားသည် ထိုင်ရာမှ ထ၍ တရားသူကြီးထံ အခွင့်ပန်ပြီးလျှင် အထုပ်ငယ် တစ်ခုကို ဖြေ၍ စိန်နားကပ် တစ်ဖက်ကို ထုတ်ပြလျက်

'သည်ရွှာသားများအနက် သည်နားကပ်ကို ဘယ်သူများ မြင်ဖူးကြပါသလဲ'

ထိုအခါ လူနှစ်ယောက် သုံးယောက်တို့က မိမိတို့ မြင်ဖူးကြောင်း၊ ၎င်းမှာ ဦးစံထယ်၏ သမီး မလွန်းမေ၏ နားကပ် ဖြစ်ကြောင်း နှင့် ထွက်ဆိုကြသော အခါ မောင်စံရှားသည် မလွန်းမေအား ဟုတ်ပါသလောဟု မေးသဖြင့် မလွန်းမေသည် ဟုတ်ပါကြောင်း ဝန်ခံလေ၏။

ထိုအခါ မောင်စံရှားသည် အင်စပိတ်တော် မောင်အုန်းဖေရှိရာသို့ လှည့်၍

**ရှား။** ။'ကိုအုန်းဖေ၊ ခင်ဗျားကို ကျွန်တော် ဟိုတစ်နေ့က အပ်ထားတဲ့ စာအိတ်ဟာ ပါရဲ့လား၊ ထုတ်ပြစမ်းဗျာ'

ထိုအခါ မောင်အုန်းဖေသည် အင်္ကျီအိတ်မှ စာအိတ်ကို ထုတ်ပြီးနောက် ဖွင့်၍ကြည့်လိုက်ရာ မောင်စံရှား၏ လက်မှ နားကပ်နှင့် တစ်စုံဖြစ်သော အခြားနားကပ် တစ်ဖက်ကို မြင်ကြရသဖြင့် လူအားလုံးတို့သည် စူးစိုက်ကာ ကြည့်နေကြလေ၏။

ထိုအခါ မလွန်းမေသည် မျက်လုံးများ ပြူးလျက်

**မေ။** ။'သည်ဟာတွေ ရှင်ဘယ်က တွေ့သလဲ'

**ရှား။** ။'တစ်ဖက်ကတော့ ဦးစံထယ်၏ အလောင်းအနီး ချောင်းထဲမှာ တွေ့တယ်ဗျ၊ တစ်ဖက်ကတော့'

**မေ။** ။'ရှင်က ဉာဏ်ဆင်ပြီး ကျွန်မကို အမှုပတ်အောင်'

**ရှား။** ။'သည်းခံပါ မလွန်းမေ၊ ကျုပ် ပုံ တစ်ခု ပြောပြပါရစေ၊ ရှေးရှေးတုန်းက ပင်စင်အငြိမ်းစား အင်္ဂရိတ်သမားကြီး တစ်ယောက် ရှိသတဲ့ဗျ၊ သူ့မှာ သမီးချော တစ်ယောက် ရှိတယ်၊ သူတို့ အိမ်နားမှာလဲ မြေပိုင်သူဌေး လင်မယားနှစ်ယောက် ရှိကြတယ်၊ လင်ဖြစ်သူက အဖိုးကြီးကို အင်မတန်ချစ်ခင်တဲ့ အတွက် အင်္ဂရိတ်ထိုးဖို့ မီးသွေးဘိုး၊ လုံဘိုး မှစ၍ ငွေများ ခဏခဏ ချေးရှာသတဲ့ဗျ၊ သည်လိုနှင့် နေကြတော့ အဖိုးကြီးရဲ့ သမီးဟာ မြေပိုင်ရှင် သူဌေးကို စုံမက် ချစ်ခင်ပါရော ဗျာ'

ထိုခဏ၌ မလွန်းမေသည် ထိုင်ရာမှ ထ၍ အပြင်သို့ထွက်သွားတော့မည် ပြုလေရာ ဌာနာအုပ်ကိုမောင်တင်က ပခုံးပေါ် သို့ လက်နှင့် ဖိနှိပ်၍ ထားသောကြောင့် တစ်ဖန်ပြန်၍ ထိုင်ရလေ၏။ ထိုအခါ မောင်စံရှားက ဆက်လက်၍

**ရှား။** ။'သို့သော်လည်း သူဌေးကလေးက သူ့မယားကို အင်မတန် မြတ်နိုးချစ်ခင်တဲ့ အတွက် ဖျားယောင်းလို့ မရဘူးတဲဗျ၊ သို့သော်လဲ မိန်းကလေးက အကြိမ်ကြိမ် အဖန်ဖန် မိအောင် ဖမ်းလေတော့ ပုထုဇဉ်သား ဖြစ်လို့မို့ နောက်ဆုံးတစ်နေ့မှာ စင်စစ် မေတ္တာ မဟုတ်သော်လဲ '

**မေ။** ။'တန်ပါရှင်'

**ရှား။** ။'သည်လို ဖြစ်မိကြတော့ နောက်ဆုံးတစ်နေ့မှာ ယောကျ်ားဖြစ်သူက နောင်တ တရားရပြီး ရှေးကကဲ့သို့ မောင်လို နှမလို သဘောထားကြဖို့ ပြောရာမှာ မိန်းကလေးက စိတ်ဆိုးပြီး စာတော့ အတန်တန်ရေး၊ ပထမတော့ ယောကျ်ား ဖြစ်သူက ပြန်ပြီး စာရေးပါသေးရဲ့၊ တော်တော်ကြာတော့ လုံးလုံးပင် ပြန်မရေးဘဲ နေပါရော၊ သည်တော့ မိန်းကလေးက ဘယ့်နှယ် အကြံဖြစ်သလဲ ဆိုတော့ မယားကြီးရှိနေလို့သာ ငါ့ကို လုံးလုံးလျားလျား မချစ်ကြိုက်ဘဲ နေတယ်၊ မယားကြီး မရှိရင် နေရာကျလေရဲ့လို့ အကြံဖြစ်တာကိုးဗျ၊ သည်တော့ ဘယ့်နှယ်လုပ်သလဲတဲ့၊ သူ့ယောကျ်ား မရှိခိုက်မှာ မယားကို လက်ဖက်ရည်သောက် ဖိတ်၊ နက်ဖြန်လာမယ် ဆိုရင် သည်ကနေ့ ညလိုက တံတားကို လွှနှင့် တိုက်ပြီးထား၊ လင်ဖြစ်သူကိုလဲ အချစ်ကြီးလွန်းလို့ ပြုလုပ်ရတဲ့ အကြောင်းကို စာနှင့် ရေးပြီး ဝန်ခံချက်ပေး၊ လင်ဖြစ်သူက သည်စာရတော့ သူ့မယားအတွက် စိုးရိမ်ပြီး မော်တော်ကားနှင့် တစ်ခါတည်း ပြန်လာပါရောဗျာ ၊ သို့သော်လဲ အဖိုးကြီးက ကံဆိုးချင်တော့ သူဌေးကလေး မရှိတဲ့ အကြောင်းကို သတိမေ့ပြီး ပြဒါးလုံး ပြချင်လို့ အသွားမှာ "ယုန်ထောင် ကြောင်မိ" ဆိုတဲ့စကားလို စပ်ကြားက ဝင်ပြီး အသေခံရရှာတာကိုးဗျ'

**မေ။** ။'မဟုတ်တရုတ်တွေ'

**ရှား။** ။'ဟောဒီမှာ မိန်းကလေးကိုယ်တိုင်က ယောကျ်ားထံ ရေးတဲ့ စာတွေ သက်သေရှိတယ်၊ ဟောဒါက ယောကျ်ားက ရေးတဲ့ စာတွေဗျ၊ သည်တော့ မိန်းကလေးက ညဦးက သွားပြီး သူ့ခြေရာ မထင်ရအောင် ကိုဘဌေးရဲ့ ဖိနပ်ဟောင်း တစ်ရံနှင့် သွားပြီး လွှကိုယူ၊ တံတားကို လွှနှင့်တိုက်၊ လွှရော ဖိနပ်ရော ဖွက်ပြီးထား၊ လွှတိုက်ရာမှာ ကိုဘဌေး ဝယ်ပြီး ပေးထားတဲ့ နားကပ်တစ်ဖက် ကျွတ်ကျခဲ့'

ထိုအခါ တရားခံသည် မည်သူမျှ မမျှော်လင့်ဘဲလျက် ရုတ်တရက် ထ၍

'နေစမ်းပါဦး၊ ခင်ဗျားက ကျွန်တော့်အကြောင်းတွေ ဘယ့်နှယ်ကြောင့် သည်လောက်တောင် သိနေရတာလဲဗျာ' ဟု မေးသောအခါ မမြရင်က

'မသိဘဲ နေမလား၊ ကျွန်မက ရှင်တို့ အကြောင်းတွေ သိနေတာ ကြာပကောရှင့်၊ သို့သော်လဲ ရှင့်စိတ်ကို ကျွန်မသိလို့ ယုံကြည်ပြီး ဖွင့်မပြောဘဲ နေခဲ့တယ်၊ ကျွန်မပြောလို့ ဦးစံရှား သိတာပေါ့ ရှင်'

ထိုခဏ၌ တရားသူကြီးက

'နို့ နေပါဦးဗျာ၊ ဒိုင်ယာရီ စာအုပ်ထဲမှာ ရေးထားတဲ့ နောက်ဆုံးပေးခြင်း ဆိုတာက ဘယ့်နှယ် အဓိပ္ပာယ်လဲ ဗျာ'

**ရှား။** ။'ကိုဘဌေးက ဦးစံထယ် နောက်ထပ်မံ၍ မချေးငှားတော့ဘူး လို့ ရေးသားခြင်း ဖြစ်ပါတယ်'

**တရားသူကြီး။** ။'ဒါဖြင့် ဟိုညက ကားနှင့် သူ ဘယ်သွားသလဲ'

**ရှား။** ။'သည်ဟာတော့ ကိုဘဌေး ဖြေပါလိမ့်မယ်'

**ဌေး။** ။'ဟိုညက ခပ်အိုက်အိုက် ရှိတာနှင့် ကန်တော်ကြီး တစ်ပတ်နှစ်ပတ် လျှောက်၍ ပတ်ပါသည်၊ သက်သေ မပြနိုင်သည့် အတွက် ပထမမေးစဉ်က မဖြေဘဲနေခဲ့ပါသည်'

ထိုခဏ၌ မလွန်းမေသည် ထိုင်ရာမှ ရုတ်တရက်ထ၍

'သည်လိုမှန်းသိရင် ရှင့်ကိုပါ သေအောင်ကြံသေးတယ်၊ နှစ်ယောက်လုံး စုံတွဲသေအောင် ဖြုတ်လိုက်ရရင် ဘယ်လောက်များ နေရာကျမယ်လို့ကွယ်၊ သည်လောက်တောင် ချစ်ချင်လှတဲ့ လင်မယား၊ တစ္ဆေဘ၀မှာ သွားပြီး ပေါင်းစေရရင် တော်ရာရော့မယ်ကွယ်' ဟု ပြောဆဲတွင် ပုလိပ်နှစ်ယောက်တို့လည်း ကိုမောင်တင် သွန်သင်ချက်အရ မလွန်းမေအား ဖမ်းဆီးကြလေ၏။

၎င်းနောက် တရားသူကြီးက

'အံ့သြပါရဲ့ဗျာ၊ သည်အကြောင်းကို အကုန် သိလျက်နှင့် မြံပြီး မပြောဘဲ နေနိုင်တာ အံ့သြပါတယ်ဗျာ'

**ငွေး။** ။'ဘယ့်နှယ်လုပ်မလဲ မြို့အုပ်မင်း၊ အင်မတန် ဆီလျော်နေလေတော့ ကျွန်တော်က ရှင်းလင်းပြောပြသည့်တိုင်အောင် ယုံကြည်ကြမှာလဲ မဟုတ်ပါဘူး ခင်ဗျာ၊ သည့်ပြင် တစ်ကြောင်းကလဲ ကိုယ်တိုင်ကလဲ မိုက်မဲမိတဲ့ အတွက် ခမြာမှာ ပြုမိပြုရာ ပြုရှာခြင်း ဖြစ်လေတော့ ခံစရာရှိရင် ကျွန်တော်ပဲ ခံလိုက်တော့မယ်လို့ အောက်မေ့မိပါတယ် ခင်ဗျာ'

**တရားသူကြီး။** ။'တော်ပါပေ့ဗျာ၊ သည်က ဦးစံရှား မရောက်လာရင်တော့ ကျုပ်တို့တစ်တွေလဲ အထင်လွဲပြီး ဇာကေန္တ မှားမှားယွင်းယွင်း ဖြစ်ကုန်ကြတော့ မှာပဲဗျို့'

ကျွန်တော်တို့သည် ကန်ကြီးထောင့်ရွာမှ ကားနှင့် ပြန်လာကြရာ လမ်းခရီးတွင် မောင်အုန်းဖေက

**ဖေ။** ။'နေပါဦး ဆရာ၊ ဘယ်လိုလုပ်ပြီး ခြေရာကောက်လိုက်တယ် ဆိုတာ တစ်ဆိတ်ကလေး ရှင်းလင်းပြီး ပြောပြစမ်းပါဦး ဆရာ'

**ရှား။** ။'မခက်လှပါဘူး ကိုအုန်းဖေ၊ ကိုဘငွေးကို ခင်ဗျားတို့ ဖမ်းပြီး စစ်ဆေးတဲ့ အခါမှာ ဘာမှ ပြောဖော်မရဘဲ မြံနေတယ် ဆိုတာ ကြားရကတည်းက သည်လူဟာ သာမည လူတစ်ယောက် မဟုတ်ဘူး ဆိုတာ ကျုပ်ရိပ်မိတယ်၊ သူတစ်ပါးနှင့် နှီးနှောကြည့်ပြန်တော့ သူသတ်တာ ဟုတ်ဟန်မတူဘူးလို့ ယုံကြည်မိပြန်တယ်၊ ဒါနှင့် အဂ္ဂိရတ်တဲထဲမှာ ခင်ဗျားနှင့် မလွန်းမေ စကားပြောနေတုန်း ကျုပ်က အိမ်ထဲကို တိတ်တိတ်ဝင်ပြီး ရှာဖွေတဲ့အခါမှာ နားကပ်တစ်ဖက်ရော စာတွေရော တွေ့ပြန်တာကိုးဗျ၊ နားကပ်တစ်ဖက်ဟာလဲ အလောင်းနားမှာ တွေ့ပြန်တော့ မလွန်းမေ အပေါ်မှာ တော်တော် သင်္ကာမကင်းဖို့ ဖြစ်လာခဲ့ရောဗျ၊ သည့်နောက် မမြရင်နှင့်အတူ သူ့အိမ်ထဲရှာပြန်တော့ မလွန်းမေက ကိုဘငွေးထံ ရေးဖူးတဲ့ စာတွေကို တွေ့ရပြန်တာကိုး ၊ သည်တော့မှ ကျုပ်တို့က "ယုန်ထောင် ကြောင်မိ" ဆိုတဲ့ စကားလို မမြရင်ကို သေကြောင်းကြံစည်ရာမှာ အဖိုးကြီးက ကြားဝင်ပြီး ဒဏ်ခံသွားရှာသကိုး လို့ သိရတာကိုး ကိုအုန်းဖေရဲ့'

**ဖေ။** ။'အမှုအတွက် ဘာများ လက်ဆောင် ရခဲ့သလဲ ဆရာ' ဟု မေးသော အခါ မောင်စံရှားသည် အင်္ကျီအိတ်မှ စာရွက်တစ်ရွက်ကို ပြရာ ၎င်းမှာ ငွေ ၅၀၀ တန် ချက်လက်မှတ် တစ်ခုဖြစ်ကြောင်း တွေ့ရှိကြလေသတည်း။

**ပြီးပါပြီ။**

× × × × × ×

## ၉။ ထူးဆန်းသော မြေဘုတ်ဘီလူး အမှု၌ မောင်စံရှားစုံထောက်ပုံ

ကျွန်တော်နှင့် မောင်စံရှားတို့သည် ပြန်ပေးအမှုနှင့် ပတ်သက်၍ ပြည်မြို့သို့ မော်တော်ကားနှင့် သွားရောက်ကြရာ လူဆိုးတို့သည် ရန်ကုန်မြို့မှ စုံထောက်ကြီး ဦးစံရှား ကိုယ်တိုင် လိုက်ပါလာကြောင်းကို ကြားသိရသည်နှင့် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ကြပြီးလျှင် ဖမ်းယူသွားသော သူငယ်ကလေးကို ရွေးနှုတ်အောင် မစောင့်ဆိုင်းဘဲ ပြန်၍ လွှတ်လိုက်ကြသည် ဖြစ်သောကြောင့် မောင်စံရှားမှာ ကိစ္စပြီးမြောက်လျှင် ကြာရှည်စွာ မနေလိုသည့် သဘောအတိုင်း ညတွင်းချင်းပင် မော်တော်ကားနှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြလေ၏။ ထိုညသည်ကား အလွန်တရာ ချမ်းအေးလှသော ညဖြစ်လေရာ ကျွန်တော်မှာ ကား၏နောက်မှ ကွေးလျက်၊ မောင်စံရှားမှာမူ ချမ်းအေးခြင်းကို ပမာဏမပြုဘဲ ကားကို လျင်မြန်စွာ မောင်းနှင်လျက် ရှိခဲ့လေ၏။

ဆယ်နာရီအချိန်ခန့်တွင် ကျွန်တော်မှာ ဒိုင်းခနဲ အသံတစ်ခုကို ကြားရသဖြင့် မှိန်း၍နေရာမှ ရုတ်တရက် လန့်နိုးပြီးလျှင် အပြင်သို့ မျှော်ကြည့်လိုက်ရာ ကားသည် လမ်းဘေးသို့ ချော်ဆင်းပြီးနောက် သစ်ပင်တစ်ပင်နှင့် တိုက်ခါနီး ဆဲဆဲတွင်မှ ရုတ်တရက် ရပ်သွားလေ၏။

**ရှား**။ ။'ဒီတစ်ခါဖြင့် ကျပ်ပြီဗျို့ ကိုသိန်းမောင်၊ အပိုဆောင်ခဲ့တဲ့ ဘီးတစ်ဘီးလဲ စောစောက ထည့်ပြီးပြီ၊ အခုတစ်ခါ တိုင်ယာ ကွဲသွားပြန်ပြီ၊ ဘယ့်နှယ်လုပ်ကြမလဲ'

**ကျွန်တော်**။ ။'ဖာလို့ မရဘူးလားဗျာ'

**ရှား**။ ။'ကွဲသွားတဲ့ တိုင်ယာကို ရုတ်တရက် ဖာလို့ ဘယ်ရမှာလဲဗျ'

**ကျွန်တော်**။ ။'ဒါဖြင့် ကားပေါ်မှာ အိပ်ကြရုံပဗျာ'

**ရှား**။ ။'ခင်ဗျား အိပ်ချင် အိပ်ရစ်ပေတော့၊ ကျုပ်တော့ အနီးအနားမှာ ရွာများ ရှိသလားလို့ သွားပြီး စုံစမ်းချေဦးမယ်'

ထိုအခါ ကျွန်တော်မှာ တစ်ယောက်တည်း တောခရီး၌ နေရစ်ရမည်ကို မနှစ်သက်သည် ဖြစ်၍ ပျင်းပျင်းရိရိနှင့် ကားပေါ်မှ ဆင်းပြီးလျှင် မောင်စံရှားနှင့် အတူ လိုက်သွားရလေ၏။

အတန်ငယ်လျှောက်မိကြလျှင် ခရီးအတော်အတန် ဝေးသောအရပ်မှ မီးရောင်ကလေးများ တလက်လက် ထွက်နေသည်ကို မြင်သဖြင့် မောင်စံရှားက ရွာနှင့်တူသည်ဟု ပြော၍ ၎င်းသို့ ရှေးရှုလျှောက်သွားကြလေ၏။

ထိုညဉ့်သည်ကား လဆန်း ၈ ရက်ညဉ့် ဖြစ်သဖြင့် ထိုအချိန်၌ လမင်းသည် ထန်းတစ်ဖျား ခန့်သာလျှင် ကျန်တော့သည် ဖြစ်ရာ ကျွန်တော်တို့သည် ရေးရေးပေါ်နေသော လမ်းကလေးအတိုင်း လိုက်သွားကြစဉ် ကျွန်တော်မှာ မောင်စံရှား၏ နောက်သို့ လိုက်ရခြင်းသည် အိမ်၌ ကွေး၍ အိပ်နေရသလောက် စည်းစိမ်မရှိ ဟူ၍ ငိုက်ငိုက်မျဉ်းမျဉ်းနှင့် တွေးမိတွေးရာ တွေးတော၍ သွားဆဲတွင် 'အမယ်လေးဗျာတို့' ဟု လိပ်ပြာစင်၍ထွက်မတတ် နက်ကျယ်သော အသံကြီးဖြင့် ကြောက်အားကြီးစွာ အော်ဟစ်လိုက်သည်ကို ကြားကြရလေ၏။

ထိုအခါ မောင်စံရှားသည် ရှေ့က လျှောက်သွားရာမှ ရုတ်တရက် တန့်ရပ်ကာ နားထောင်လျက်ရှိရာ ကျွန်တော်မှာလည်း မျက်စိများကျယ်၍ အသံကြားရာသို့ နားစွင့်ကာ ရှိလေသည်။ ယင်းသို့ရှိစဉ် ကျွန်တော်တို့၏ လက်ယာဘက်မှ လျင်မြန်စွာ ပြေးလာသော ခြေသံများကို ကြားကြရလေရာ ခြေသံများသည် နီး၍ နီး၍ လာသည်တွင်

**ရှား**။ ။'ပြေးလာတာတော့ တစ်ယောက်ထဲပဲ ဗျို့၊ လိုက်တဲ့သူ မပါလို့ ကူညီဖို့ မလိုပါဘူး၊ ဒီကသာ စောင့်နေပါ ၊ ရောက်လာပါလိမ့်မယ်' ဟု ပြောပြီးသည်နှင့် တပြိုင်နက် လူတစ်ယောက်သည် ကြောက်အားကြီးလှသဖြင့် မျက်လုံးများ ပေါက်ထွက်လုမတတ် ပြူးလျက်အသက်ကို ရှိုက်ကာ ရှိုက်ကာ ရှူပြီးလျှင် လက်နှစ်ဖက်ကို ကိုးယိုးကားယား အပေါ် သို့

မြှောက်ကာ လျင်မြန်စွာ ကျွန်တော်တို့ ရှိရာသို့ ပြေးလာသည်ကို လရောင်အောက်တွင် မြင်ကြရလေ၏။ ထိုသူသည် ကျွန်တော်တို့ကို မြင်လျှင်

'ကယ်ကြပါဦးခင်ဗျာ၊ အမယ်လေး ကြောက်လှချည်ရဲ့ ခင်ဗျ'

**ရှား**။ ။(ထိုသူ၏ ပုခုံးကို ကိုင်ကာ အားပေးလျက်) 'မကြောက်ပါနှင့်လေ၊ ကျုပ်တို့ ရှိသားကပဲ၊ ဘာဖြစ်တာလဲဗျ၊ ပြောစမ်းပါဦး'

**ထိုသူ**။ ။'မှော်ဆရာကြီး ဘီလူးဖြစ်ပြီး လူသားစားနေပါတယ် ခင်ဗျ'

**ရှား**။ ။'ဘယ်က မှော်ဆရာကြီးလဲ ကိုယ့်လူရဲ့၊ ရေလည်အောင် ပြောပြစမ်းပါဦး' ဟု မေးသော်လည်း ထိုသူမှာ အသားများ ဆတ်ဆတ်တုန်၍ မေးချင်းရိုက်အောင် ခိုက်ခိုက်တုန်မျှ ကြောက်ရွံ့လျက် ရှိနေသေးရကား မောင်စံရှားသည် ထိုသူ၏ ကျောကို လက်ဖြင့် သပ်၍ တုန်လှုပ်ခြင်းကင်းသော အသံဖြင့် အေးအေးဆေးဆေး အားပေး၍ နေလေ၏။ ထိုအခါမှ ထိုသူသည် တဖြေးဖြေး အကြောက်ပြေလာခဲ့၍ မောင်စံရှား၏ မျက်နှာကို မော့ကြည့်ပြီးလျှင်

'ခင်ဗျားတို့နှင့် တွေ့ပေလို့ ခင်ဗျာ၊ နို့မို့ရင် ကျွန်တော်တော့ အသေပဲ'

**ရှား**။ ။'ကိုင်း ပြောစမ်းပါဦးလေ၊ ဘာမြင်လို့ သည်လောက်ကြောက်ရတာလဲ'

**ထိုသူ**။ ။'ဒီရွာမှာ အောက်လမ်းမှော်ဆရာကြီး ဦးပေါ်သိန်း ဆိုတာ ရှိတယ် ခင်ဗျ၊ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က သေတယ်၊ သူသေပြီးကတဲက တစ်ယောက်ကလဲ အစိမ်းသဘက် ဖြစ်သလိုလို၊ တစ်ယောက်ကလဲ သရဲ ဖြစ်သလိုလို ပြောကြတယ် ခင်ဗျ၊ ဒီကနေ့ညတော့ လူသားစားနေတာကို ကျွန်တော့် မျက်စေ့နှင့်ကို မြင်ခဲ့ရပါတယ် ခင်ဗျာ'

**ရှား**။ ။'ဘယ်အနားမှာလဲ'

**ထိုသူ**။ ။'ဟောဟို သင်္ချိုင်းကုန်း ဒီဘက်နားတင်ပါ ခင်ဗျာ၊ အစားခံရတဲ့လူက ဘယ်သူဘယ်ဝါတော့ မဆိုနိုင်ဘူး၊ ပက်လက်ကြီးကို လန်လို့၊ ဦးပေါ်သိုင်း က သူ့အပေါ်က လေးဘက်ကြီးကို ထောက်လို့ ခင်ဗျ'

**ရှား**။ ။'ကိုင်း ဒါဖြင့် လာ၊ ကျုပ်တို့ကို လိုက်ပြစမ်း'

**ထိုသူ**။ ။(ဆတ်ဆတ်တုန်လာပြန်၍) 'မလုပ်တော်မူပါနှင့် ခင်ဗျာ၊ တောင်းပန်ပါရစေ'

**ရှား**။ ။'ကျုပ်တို့နှင့်ကပဲ ၊ ဘာကြောက်စရာ ရှိသလဲ'

**ထိုသူ**။ ။'မလိုက်ပါရစေနှင့် ခင်ဗျာ၊ ခင်ဗျားတို့လဲ မသွားကြပါနှင့်'

**ရှား**။ ။'ကိုင်း ဒါဖြင့် နေရစ်၊ တစ်ယောက်ထဲ နေရစ်လျှင် လာပြီးစားမှာ မကြောက်ဘူးလား'

**ထိုသူ**။ ။'အမလေး မလုပ်ပါနှင့်၊ လိုက်ပါတော့မယ် ခင်ဗျာ'

ထို့နောက် ကျွန်တော်တို့သည် အလွန်တရာ ကြောက်ရွံ့တုန်လှုပ်လျက်ရှိသော ထိုသူကို အလယ်မှထားပြီးလျှင် မြင်ခဲ့သည် ဆိုသောနေရာသို့ သုံးယောက်သား သွားရောက်ခဲ့ကြ၏။ ငါးမိနစ်ခန့် သွားမိခဲ့ကြလေလျှင် ထိုသူသည် သစ်ပင်တစ်ပင်၏ အရိပ်ကို လက်ညှိုးညွှန်၍ ပြလေရာ ကျွန်တော်တို့သည် ညွှန်ပြရာ အရပ်သို့ ကြည့်လိုက်သည်တွင် လူတစ်ယောက်သည် မြေပေါ်တွင် ပက်လက်လှန်လျက် ခေါတစ်ပိုင်းသည် အရိပ်တွင်း ကျနေသဖြင့် တစ်ပိုင်းသာလျှင် လရောင်၌ မြင်ကြရလေ၏။ အနီးအပါး၌ကား အခြားသူ တစ်ယောက်မျှ မတွေ့မမြင်ရချေ။ မောင်စံရှားသည် ထိုသူက အနီးသို့ မသွားရန် ဆွဲငင်ထားသည်ကို ဖယ်ရှန်းပြီးလျှင် အနီးသို့ ချဉ်းကပ်ကြည့်ရှုရာ ထိုသူ၏ လည်ပင်းမှာ ပြတ်လုမတတ်ရှိအောင် ဒဏ်ရာကြီးတစ်ခုနှင့် သေဆုံးလျက်ရှိကြောင်း တွေ့ရှိရလေ၏။ သေဆုံးသည်မှာလည်း မကြာသေးသည် ဖြစ်၍ သွေးတို့မှာ ယိုစီးထွက်လျက်ပင် ရှိသေး၏။

**ရှား**။ ။'ဟေ့လူ၊ ဒီရွာ ဘာရွာ ခေါ် သလဲ'

**ထိုသူ**။ ။'ကျွန်းတောကုန်း ခေါ်ပါတယ်'

**ရှား**။ ။'သေသူဟာ ဒီရွာသားလား၊ မျက်နှာကို ကြည့်စမ်း'

**ထိုသူ**။ ။ (မရဲတရဲ ကြည့်လျက်) ' မြင်တော့ မြင်ဖူးသလိုလိုပဲ၊ ဒီရွာသားတော့ မဟုတ်ဘူး ခင်ဗျ'

**ရှား**။ ။'ခင်ဗျား နာမည် ဘယ့်နှယ်ခေါ် သလဲ'

**ထိုသူ**။ ။'မောင်ပေါက်စ ပါတဲ့ ခင်ဗျာ'

**ရှား**။ ။'ဒီရွာသားပဲ ဟုတ်စ'

**ထိုသူ**။ ။'မှန်ပါတယ် ခင်ဗျာ'

**ရှား**။ ။'ကိုင်း ဒါဖြင့်၊ အလောင်းကို ကျုပ်တို့ စောင့်နေမယ်၊ ရွာသူကြီးနှင့် ရွာသား လေးငါးယောက်လောက် သွားပြီး ခေါ်ချေပေတော့'

**ထိုသူ**။ ။'ကျွန်တော် တစ်ယောက်တည်းဖြင့် မသွားဝံ့ပါဘူး ခင်ဗျာ၊ သချိုင်းကုန်း လွန်အောင်ဖြစ်ဖြစ် လိုက်ပို့ကြပါဦး ခင်ဗျာ'

၎င်းနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် ထိုသူကို လိုက်ပို့ကြရာ နှစ်ဖာလုံမျှ သွားမိလျှင် သုသာန်သို့ ရောက်ကြလေ၏။ ၎င်းကို ကျော်လွန်မိ၍ မောင်စံရှားက ထိုသူအား တစ်ယောက်တည်းသွားရန် ပြောသောအခါ မောင်ပေါက်စက မော်ဆရာကြီး ဦးပေါ်သိုင်း သည် ရွာတွင်း၌ မနေထိုင်ဘဲ သချိုင်းကုန်းနှင့် တစ်ဖာလုံကွာလောက်တွင် တစ်ယောက်တည်းနေထိုင်ကြောင်း၊ ယခုမှာ ၎င်း၏ အိမ်၌ လူသူတစ်ဦးတစ်ယောက်မျှ နေထိုင်ခြင်းမရှိသည် ဖြစ်၍ ၎င်းအိမ်ရှေ့မှ ဖြတ်သန်း၍ မသွားဝံ့ကြောင်း၊ သို့ဖြစ်၍ ၎င်းအိမ်ကို ကျော်လွန်သည့် တိုင်အောင် လိုက်ပို့ကြပါရန် တောင်းပန်ပြန်သည်တွင် ကျွန်တော်တို့သည် လိုက်ပို့ကြရပြန်လေ၏။ တစ်ဖာလုံခရီးမျှ လျှောက်မိကြသောအခါ ကျားလျှာခြုံများ ကာရံလျက်ရှိသော အိမ်အိုကြီးတစ်ဆောင်ကို တွေ့ရှိကြလေရာ မောင်ပေါက်စက ၎င်းအိမ်ကြီးသည် ဦးပေါ်သိုင်း ၏ အိမ်ဖြစ်ကြောင်း၊ ဦးပေါ်သိုင်း မှာ အောက်လမ်းဆရာ တစ်ယောက်ဖြစ်သည့် အတိုင်း သရဲသဘက်များကို မွေးမြူသည်ဖြစ်၍ ရွာအတွင်း၌ မနေထိုင်ဘဲ သုသာန်နှင့် နီးနီးနေထိုင်ကြောင်းများကို ပြောဆိုပြီးလျှင် ကျွန်တော်တို့အား ၎င်းအိမ်ရှေ့မှ စောင့်ဆိုင်း၍နေလျှင် မိမိတစ်ယောက်တည်း သွားဝံ့ပြီဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

**ရှား**။ ။'နေပါဦး ကိုယ့်လူ၊ သည်လောက် ကြောက်တတ်ရင် တစ်ယောက်ထဲ ရွာထဲက ဘာကိစ္စနှင့် ထွက်လာခဲ့သလဲ '

**စ**။ ။'ဦးကျော်ငြိမ်းရဲ့ ထန်းတောမှာ ထန်းရည်သောက်နေတာနှင့် မိုးချုပ်သွားလို့ပါ ခင်ဗျာ၊ ထန်းရည်သောက်ပြီး ဖဲဝိုင်းမှာ ညဉ့်နက်မှန်းမသိ ညဉ့်နက်သွားပါတယ် ခင်ဗျာ'

**ရှား**။ ။'ကိုင်း ကိုင်း ရှိစေ၊ မြန်မြန် ပြန်လာခဲ့နော်၊ အလောင်းနားက ကျုပ်တို့ စောင့်နေမယ်'

မောင်ပေါက်စ ထွက်သွားလျှင်

**ရှား**။ ။'ကျုပ်မှာ လက်နှိပ်ဓာတ်မီး မေ့လာခဲ့ပြီဗျို့ ကိုသိန်းမောင်၊ ခင်ဗျားမှာ ပါသေးသလား'

**ကျွန်တော်**။ ။'ပါ ပါသေးတယ်'

မောင်စံရှားသည် ကျွန်တော်၏ထံမှ လက်နှိပ်ဓာတ်မီးကို ယူပြီးလျှင် မော်ဆရာကြီး ဦးပေါ်သိုင်းနေဖူးသော အိမ်ကြီးသို့ ထိုးကြည့်ရာ အိမ်ရှေ့တံခါးမှာ မစေ့တစေ့ ပိတ်ထားသည်ကို တွေ့မြင်ရသည်တွင်

**ရှား**။ ။'ကိုသိန်းမောင်၊ သည်အိမ်ကြီးထဲကို ကျုပ်ဝင်ပြီး ကြည့်ချင်တယ်ဗျာ၊ ခင်ဗျား လိုက်ဝံ့ရဲ့ မဟုတ်လား'

**ကျွန်တော်။** ။(ခပ်ကြောက်ကြောက်ဖြစ်သော်လည်း ရဲချင်ပြ၍) 'ကျွန်တော့်ကို မောင်ပေါက်စ မှတ်နေသလား၊ ကြည့်ချင်လို့ လိုက်တာပေါ့ဗျာ၊ ဘာကိစ္စလဲ'

**ရှား။** ။'ဘီလူးဖြစ်နေတယ်ဆိုတာ ဟုတ်လေသလား အောက်မေ့လို့တော့ မဟုတ်ဘူး၊ သို့သော် ဟိုမှာ အလောင်းတွေ့တဲ့ အတွက် စုံထောက်ချင်လို့ပါဗျာ၊ ကိုင်း လာ ဝင်ကြမယ်'

ကျွန်တော်တို့သည် ဝင်းအတွင်းသို့ ဝင်ကြပြီးလျှင် အိမ်ရှေ့လှေကားမှ အိမ်ပေါ် သို့ တက်သွား၍ တံခါးကို တွန်းကြည့်ရာ တံခါးသည် အလွယ်တကူပင် ပွင့်သွားလေ၏။ မောင်စံရှားသည် တံခါးဝမှ ရပ်လျက် လက်နှိပ်ဓာတ်မီးကို အတွင်းသို့ ထိုး၍ကြည့်ရာ အိပ်ခန်းတစ်ခန်း၊ ဧည့်ခန်းတစ်ခန်းနှင့် မီးဖိုဆောင်ကလေးအတွက် တစ်ခန်း၊ ပေါင်း သုံးခန်းမျှသာ ရှိကြောင်း တွေ့မြင်ရလေရာ အိမ်ထောင်မှုပစ္စည်း ဟူ၍လည်း များစွာ မရှိဘဲ ဧည့်ခန်း၌ ဖျာကလေးနှစ်ချပ် ၊ သင်ဖြူးလိပ်ကလေးတစ်ခု ၊ တိုင်တစ်တိုင်၌ လွယ်အိတ်ကလေး တစ်ခုချိတ်လျက် ၊ အခန်း၏ အလယ်၌ သုံးကျောင်းထောက် ခုံကလေး တစ်ခု မျှသာလျှင် ရှိသည်ကို တွေ့မြင်ကြရလေ၏။

၎င်းနောက် မောင်စံရှားသည် အိမ်တွင်းသို့ ဝင်သွားသဖြင့် ကျွန်တော်လည်း ၎င်း၏နောက်မှ လိုက်သွားခဲ့ရာ မောင်စံရှားသည် ဓာတ်မီးရောင်ကို တစ်အိမ်လုံးအနှံ့အပြား လှည့်ပတ်ကာ ထိုး၍ ကြည့်ပြီးနောက် သုံးချောင်းထောက် ခုံအနီးသို့ သွားပြီးလျှင် 'အလို ဒါက ဘာတွေလဲဗျို့' ဟု ပြော၍ ဖျာပေါ်သို့ ညွှန်ပြလေရာ သူရိယသတင်းစာ ငါးစောင်မျှတို့ကို ကျွန်တော် မြင်ရလေသည်။ သတင်းစာတို့မှာ ပတ်ထားသော စက္ကူများကို ဖွင့်၍ ဖတ်ပြီးဖြစ်ဟန် လက္ခဏာရှိလေရာ မောင်စံရှားသည် ရက်စွဲများကို သေချာစွာ ကြည့်ရှုပြီးနောက်

**ရှား။** ။'လူမနေဘူးသာ ဆိုတယ်၊ ထူးဆန်းလှပါကလား ကိုသိန်းမောင်'

**ကျွန်တော်။** ။'သတင်းစာတွေက လူသေပြီးတဲ့နောက်မှ ရောက်တဲ့ သတင်းစာ မို့လို့လား၊ လပိုင်းနှင့် မှာပြီး ဖတ်တဲ့လူဖြစ်တော့ လူသေပေမယ့် ရက်မစေ့မချင်း သတင်းစာတိုက်က ဆက်ပြီး ပို့နေမှာပေါ့ဗျ'

**ရှား။** ။'ခင်ဗျား ပြောပုံတော့ သတင်းစာပို့တဲ့ ကုလားက အိမ်ထဲဝင်ပြီး သတင်းစာတွေကို ဖောက်ဖောက်ပြီးမှ ချထားတယ်ပေါ့လေ'

**ကျွန်တော်။** ။'ဟုတ်တယ်ဗျို့၊ ဒါတော့လဲ ထူးဆန်းတယ်'

**ရှား။** ။'ဒါဖြင့် သည်ဟာတွေကို ဘယ်သူဖောက်ကြည့်သလဲ'

**ကျွန်တော်။** ။(နောက်ဆုံးရက်စွဲကို ကြည့်ပြီးနောက်) 'တစ်ယောက်ယောက်တော့ သည်ကနေ့ သည်အိမ်ထဲကို အမှန်ဝင်တယ်ဗျို့၊ ဝင်ပြီး သတင်းစာတွေ တွေ့တာနှင့် ဖောက်ကြည့်ဟန် ရှိတယ်'

**ရှား။** ။'သည်ကနေ့ တစ်နေ့တည်း မကဘူးဗျ၊ နေ့တိုင်း ဝင်ပြီး ကြည့်ဟန်ရှိတယ်'

**ကျွန်တော်။** ။'ဘယ့်နှယ်ကြောင့်လဲဗျာ'

**ရှား။** ။'သည်တစ်နေ့တည်း ဝင်ပြီး ကြည့်ရင် သတင်းစာတွေဟာ ဖောက်မိဖောက်ရာ ဖောက်ဖတ်လို့ ရောနှောပြီး နေရမယ်ဗျ၊ အခုတော့ သူ့ရက်စွဲ နှင့် သူ ကြမ်းပေါ်မှာ အစဉ်လိုက် ထပ်ပြီး ထားတာ တွေ့ရတယ်၊ နေ့တိုင်း ဖတ်ဟန် သဏ္ဌာန်တူတယ်၊ သို့သော် နေဦး' ဟု ပြော၍ မောင်စံရှားသည် မိမိဆောင်မြဲဖြစ်သော မှန်ဘီလူးကို ထုတ်ပြီးနောက် သတင်းစာ တစ်စောင်စီ သေချာစွာ ကြည့်ရှုပြီးလျှင်

**ရှား။** ။'ကျုပ်ထင်တဲ့ အတိုင်းပဲ ကိုသိန်းမောင်၊ သတင်းစာ အဖုံးတိုင်းမှာ မြူကလေးတွေ တင်ပြီးနေတယ်၊ တစ်စောင်ဖတ်ပြီး ချထားရင် မြူတင်နေရင် တစ်ရက်ပဲ ၊ အားလုံးဖောက်ပြီး ဖတ်ရင် အပေါ်ဆုံး သတင်းစာမှာသာ မြူတင်ရမယ် မဟုတ်ဘူးလားဗျာ'

**ကျွန်တော်။** ။'ဟုတ်ပါပေတယ်ဗျာ'

**ရှား။** ။'သို့သော် ဘာသတင်းများ တွေ့ချင်လို့ နေ့တိုင်းမှန်မှန်လာပြီး ဖတ်သလဲ ကြည့်စမ်းရအောင်ဗျာ' ဟု ပြော၍ မောင်စံရှားသည် သတင်းစာများကို တစ်ခုစီ လှန်လှော ကြည့်ရှုပြီးလျှင်

**ရှား။** ။'အလို ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ ဟောဒါက ဦးပေါ်သိုင်း အနိစ္စရောက်ကြောင်းကို ဓာတ်ပုံနှင့်တကွ ထည့်ထားပါကလား' ဟု ပြောပြီးနောက် သတင်းစာကို ကျွန်တော့်အား လှမ်း၍ ပေးသဖြင့် ကြည့်ရှုသည်တွင် ဦးပေါ်သိုင်း ၏ ဓာတ်ပုံတစ်ခြမ်းနှင့် တကွ အနိစ္စရောက်သည့် အကြောင်းကို အကျဉ်းချုပ် ရေးသားထားရှိကြောင်း တွေ့ရ၏။ ဓာတ်ပုံတွင် တွေ့ရှိရသည့် အတိုင်း ထောက်ချင့်ရသော် ဦးပေါ်သိုင်း သည် နှခေါင်းချွန်ချွန် မျက်ခုံးတုတ်တုတ် နားရွက်ကားကား ပါးစပ်ပြဲပြဲ ရှိ၏။ အတော်အတန် ခက်ထန်သည့် လက္ခဏာလည်း ရှိ၏။ ကျွန်တော်သည် ဓာတ်ပုံကို ကြည့်ပြီးနောက် သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်သည့် အကြောင်း တွေးတောလျက် ရှိစဉ် လေ့ကားမှ လျှို့ဝှက်စွာ ဆင်းသွားသော ခြေသံများကို ကြားရသလိုလို ရှိ၏။ ဦးခေါင်းများ ကြီးပြီး ကြက်သီးများထလျက် မောင်စံရှား၏ မျက်နှာကို ကြည့်လိုက်ရာ မောင်စံရှားလည်း ကျွန်တော်ကဲ့သို့ ကြားရဟန်ရှိ၍ နားစိုက်ကာ ရှိနေလေ၏။

နောက်တစ်ခဏ၌ မောင်စံရှားလည်း ထိုင်ရာမှ ရုတ်တရက် ထ၍ တံခါးရှိရာသို့ ပြေးသွားလေရာ ကျွန်တော်လည်း ကြောက်အားလန့်အားနှင့် နောက်မှ ကပ်၍ လိုက်ပါသွားလေ၏။ တံခါးကို တွန်းပြီးနောက် အပြင်သို့ မျှော်ကြည့်သောအခါ ကုတ်ကုတ် ကုတ်ကုတ်နှင့် ဝင်းအပြင်သို့ ထွက်သွားသော လူတစ်ယောက်၏ သဏ္ဍာန်ကို ရိပ်ခနဲ မြင်လိုက်ရလေ၏။ ထိုအခါ မောင်စံရှားလည်း လေ့ကားကို တစ်ကြိမ်လျှင် နှစ်ထစ်သုံးထစ်မျှ ကျော်ဆင်း၍ လူရိပ်မြင်ရာသို့ လိုက်ပြန်လေရာ ကျွန်တော်လည်း ထပ်ကြပ်လိုက်ပါသွားရလေ၏။

ဝင်းပြင်သို့ ရောက်သောအခါ ကျွန်တော်တို့နှင့် ပေ ၅ဝ လောက်တွင် လျင်မြန်စွာ လျှောက်သွားနေသော လူတစ်ယောက်ကို မြင်ကြရသဖြင့် ပြေးလွှား၍ လိုက်ကြလေရာ ထိုသူသည် ကျွန်တော်တို့ ရှိရာသို့ တစ်ကြိမ်မျှ လှည့်မကြည့်ဘဲ သုသာန်ရှိရာသို့ စိုက်စိုက် စိုက်စိုက်နှင့် သွားလေ၏။ ထိုအချိန်၌ကား လမင်းသည် ဝင်လုဆဲဆဲ ရှိပြီဖြစ်လေရာ ကျွန်တော်တို့မှာ လမ်းကို ကောင်းစွာ မမြင်နိုင်သည် ဖြစ်၍ ရော်ရမ်းကာ လိုက်ကြရသောကြောင့် ရုတ်တရက် မမီနိုင်ဘဲ တဖြည်းဖြည်းသာလျှင် သုသာန်နှင့် နီး၍ နီး၍ လာခဲ့လေ၏။

ထိုသူသည် သုသာန်သို့ ရောက်ပြီးနောက် ဦးပေါ်သိုင်း ၏ အရိုးအိုး အနီးသို့ ချဉ်းကပ်မိလေလျှင် ကျွန်တော်တို့နှင့် ၁၅ ပေခန့်မျှသာ ကွာလေသည်ဖြစ်ရာ တိမ်များ ဖုံးအုပ်လျက်ရှိသော လမင်းသည် ဝင်တော့မည့်ဆဲဆဲတွင်မှ နှုတ်ဆက်ဘိ သကဲ့သို့သော အနေဖြင့် ရုတ်တရက် တိမ်ကြားမှ ထွက်ပေါ်ခိုက်နှင့် ထိုသူသည် ကျွန်တော်တို့ ရှိရာသို့ လှမ်းကြည့်ခိုက်နှင့် ကြုံကြိုက်လေရကား ၎င်း၏မျက်နှာကို ထင်ရှားစွာ မြင်လိုက်ရသည် ဖြစ်၍ ကျွန်တော်တို့နှစ်ယောက်စလုံးသည် တစ်ယောက်လက်ကို တစ်ယောက်ကိုင်ဆွဲကာ ကြက်သေသေလျက် ရှိနေကြလေ၏။ ထိုသူမှာ မျက်ခုံးတုတ်တုတ် နားရွက်ကားကားနှင့် ရှိနေရကား ကျွန်တော်တို့ မြင်တွေ့ရသော ဓာတ်ပုံအတိုင်း တသဝေမတိမ်း တူညီသည် ဖြစ်သောကြောင့် ဦးပေါ်သိုင်း ပါတကားဟု မှတ်ထင်မိကြသောကြောင့် ပေတည်း။

ထိုသူသည် ယင်းကဲ့သို့ တစ်ခဏမျှ လှည့်ကြည့်ပြီးနောက် အရိုးအိုး၏ အခြားဘက်သို့ လျှောက်သွားသဖြင့် ကွယ်ပျောက်၍ သွားလေရာ မောင်စံရှားသည် အတော်အတန်ပင် တုန်လှုပ်လျက်ရှိရာမှ စိတ်ကိုတင်း၍ ထပ်မံလိုက်သွားပြန်လေ၏။ အရိုးအိုး၏ အခြားဘက်သို့ ရောက်သောအခါ၌ကား ထိုသူမှာ အစအနပင် မမြင်လိုက်ရတော့ချေ။ မြေမျို၍ သွားဘိသကဲ့သို့ အလျင်းပျောက်၍ သွားလေ၏။ ထိုအခါ ကျွန်တော်တို့သည် အရပ်လေးမျက်နှာကို မျှော်၍ကြည့်ပါသော်လည်း ထိုသူကို မမြင်သဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ပြီးလျှင်

**ကျွန်တော်။** ။'ဘယ့်နှယ်ထင်သလဲ ကိုစံရှား၊ နာနာဘာဝတွေ ရှိတယ်လို့သာ ကြားဖူးတယ်၊ သည်တစ်ခါဖြင့် လက်တွေ့ ဖြစ်နေပြီ ထင်တယ်'

**ရှား။** ။'သည်တစ်ခါတော့ဖြင့် မပြောတတ်အောင် ဖြစ်နေပြီဗျို့၊ တယ်ကြပ်ပါကလား ကိုသိန်းမောင်'

ထိုအခါ၌ လူသံများ ကြားသဖြင့် မျှော်ကြည့်ရာ ရွာသားတို့သည် မီးစည်းများနှင့် လာနေကြသည်ကို အဝေးက မြင်ကြရလေ၏။ အနီးသို့ရောက်လာကြသော အခါ မောင်ပေါက်စနှင့်တကွ ရွာသူကြီးပါ ရွာသားခြောက်ယောက်တို့သည် ထမ်းစင်တစ်ခုနှင့် လာကြကြောင်း သိကြရလေရာ ကျွန်တော်တို့သည် အလောင်းကို ထမ်းစင်ပေါ် သို့ ကူညီ၍ တင်ကြပြီးနောက် ရွာသားများနှင့် အတူ ရွာသို့ လိုက်ကြရလေ၏။ လမ်းခရီးတွင်

**သူကြီး**။ ။'ခင်ဗျားတို့ ဘယ်ကလဲ'

**ရှား**။ ။'ရန်ကုန် ကပဲ'

**သူကြီး**။ ။'နာမည် ဘယ်လို ခေါ် သလဲ'

**ရှား**။ ။'မောင်စံရှား ခေါ်ပါတယ်'

**သူကြီး**။ ။'မဂ္ဂဇင်းတွေမှာ ဖတ်ဖူးတဲ့ ဦးစံရှား ဆိုတာများလား'

**ရှား**။ ။'မှန်ပါတယ်'

**သူကြီး**။ ။'ဒါဖြင့် သည်က ကိုသိန်းမောင်ပေါ့'

**ကျွန်တော်**။ ။'ဟုတ်ပါတယ်'

**သူကြီး**။ ။'အခန့်သင့်လိုက်လေ ခင်ဗျာ၊ အလောင်းကိုတွေ့တာလဲ ခင်ဗျားတို့ပဲ တွေ့တယ်၊ ခင်ဗျားတို့ လူသတ်မှုကို ခင်ဗျားတို့ပဲ ပြီးစီးအောင် စုံထောက်ပေးခဲ့ပါတော့ ခင်ဗျာ'

မောင်စံရှားမှာလည်း ထူးဆန်းသောအမှုကို ဆုံးခန်းတိုင်ရောက်အောင် စုံထောက်ရန် ဆုံးဖြတ်ပြီး ဖြစ်လေရကား ကျွန်တော်တို့သည် ရွာသူကြီး အိမ်၌ တည်းခိုရန် လိုက်ပါသွားကြလေ၏။

နံနက်လင်း၍ အိပ်ရာမှ ထကြသည်နှင့် တပြိုင်နက် မောင်စံရှားက ကျွန်တော်အား လမ်းလျှောက်ရန် ခေါ်သွားပြီးလျှင် လမ်းခရီး၌ ယမန်နေ့ညက ၎င်းကိုယ်တိုင် အတော်အတန် တုန်လှုပ်ခဲ့သည် ဖြစ်၍ ထိုသူ၏ ခြေရာကို ကြည့်ဖို့ရာ သတိမေ့လျော့သွားကြောင်း၊ ထိုသူသည် တွေးထင်သည့်အတိုင်း နာနာဘာဝ ဖြစ်ခဲ့လျှင် မြေပေါ်၌ ခြေရာထင်မည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ မြေပေါ်၌ ခြေရာ ထင်မထင် သွားရောက်စုံစမ်း ကြည့်ရှုလိုသည် ဖြစ်ကြောင်းနှင့် ပြောဆို၍ သုသာန်ရှိရာသို့ ကျွန်တော်အား ခေါ် သွားလေ၏။

ကျွန်တော်တို့သည် ရှေးဦးစွာ မှော်ဆရာကြီး ဦးပေါ်သိုင်း နေအိမ်သို့ ရောက်ကြသောအခါ လှေကားအဆင်းမှ စ၍ ခြေရာများကို ကြည့်ရှုကြသော်လည်း မြက်ပင်များ ထူထပ်လျက် ရှိသည်ဖြစ်သောကြောင့် ကျွန်တော်တို့၏ ခြေရာများကိုလဲ မမြင်နိုင်၊ အခြားသူ တစ်ဦးတစ်ယောက်၏ ခြေရာကိုလည်း မတွေ့ရှိဘဲ ရှိနေခဲ့ကြလေ၏။ ၎င်းနေရာမှ တစ်ဖန် သုသာန်သို့ လိုက်သွားကြပြန်ရာ လမ်းခရီး၌လည်း ခြေရာများမတွေ့နိုင်ကြချေ။ အကြောင်းကို ဆိုသော် ထိုသူသည် လမ်းရိုးမှ မသွားဘဲ မြက်ခင်းပင်များ ထူထပ်သော ကွင်းပြင်တို့မှ ဖြတ်သန်း၍သုသာန်သို့ တည့်တည့်လျှောက်သွားခြင်း ဖြစ်သောကြောင့် ကျွန်တော်တို့၏ ခြေရာလည်း မထင်နိုင်၊ ထိုသူ၏ ခြေရာလည်း မထင်နိုင်အောင် ရှိနေခြင်း ဖြစ်လေသည်။

သုသာန်သို့ ရောက်ကြ၍ ဦးပေါ်သိုင်း၏ အရိုးအိုးအနီးသို့ ရောက်ကြသော အခါ၌ကား ကျွန်တော်တို့မှာ မြက်ပင်များ ရှင်းလင်းလျက် ရှိသော မြေကွက်တစ်ခုပေါ်၌ ထူးဆန်းလှသော အခြင်းအရာတစ်ခုကို တွေ့ကြရသဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ငေးလျက်ရှိနေကြလေ၏။ အကြောင်းသော်ကား မြက်ပင်တွင် ခြေရာတစ်ခု ထင်လျက်ရှိရာ အလျား တစ်တောင်နှင့် လက်လေးသစ်၊ ဖျက်မှာ တစ်မိုက်ခန့် ရှိသည်ကို တွေ့ကြရသောကြောင့်တည်း။ အံ့သြခြင်း ပြေပျောက်သောအခါ

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲ ကိုစံရှား၊ လူသားစင်စစ် ဆိုရင် ခြေထောက်ခြေရာ သည်လောက်တောင် ကြီးနိုင်ပါ့မလား'

**ရှား**။ ။'မှန်တယ်၊ ဒီခြေရာလောက်ကြီးတဲ့ လူဟာ အနည်းဆုံး အမြင့် ၁၅ ပေလောက် ရှိရမယ်၊ ကျုပ်တို့ မြင်တဲ့လူဟာလဲ သာမည အရပ်အမောင်းပဲ ဖြစ်မယ်'

**ကျွန်တော်**။ ။'ဒါဖြင့် နာနာဘာဝ ပေါ့'

**ရှား**။ ။'နာနာဘာဝ ဆိုရင်လဲ ခြေရာထင်ဖို့ မကောင်းဘူးဗျ'

**ကျွန်တော်**။ ။'ချောက်ခြား ချင်တဲ့ အတွက် ခြေရာကို တမင် ထင်အောင် လုပ်ထားချင် ထားနိုင်တာပေါ့ဗျာ'

**ရှား**။ ။'မှန်တယ်၊ ချောက်ခြားလိုတဲ့ အတွက် ခြေရာလုပ်ထားခဲ့တယ် ဆိုတာ ကျုပ် သဘောတူတယ်' ဟု ပြောပြီးနောက် မောင်စံရှားသည် မျက်နှာတစ်မျိုးနှင့် ရှိနေရာ ကျွန်တော်မှာ မည်သည့်အတွက်ကြောင့် ထိုသို့သော မျက်နှာထားမျိုး ရှိနေသည်ကို ထိုအခါမတွေးတောတတ်ဘဲ ရှိနေခဲ့လေ၏။

၎င်းနောက် ကျွန်တော်တို့သည် ရွာသူကြီးအိမ်သို့ ပြန်လာခဲ့ရာ လမ်းခရီး၌ မောင်စံရှားသည် ကျွန်တော်အား စကား တစ်ခွန်းမျှ မပြောဘဲ ၎င်း၏ ထုံးစံအတိုင်း ဆေးတံကို ပြင်းထန်စွာ ရှုရှိုက်ကာ စဉ်းစားစိတ်ကူးလျက် လိုက်ပါလာခဲ့လေ၏။

ရွာသူကြီးအိမ်သို့ ရောက်ကြသောအခါ ကျောင်းဆရာမကဲ့သို့ သပ်ရပ်စွာ ဝတ်ဆင်၍ထားသော မိန်းမတစ်ယောက်သည် စောင့်ဆိုင်းလျက်ရှိရာ ရွာသူကြီးက ၎င်းသူငယ်မမှာ သေလွန်သူ ဦးပေါ်သိုင်း ၏ အမွေစား အမွေခံ ဖြစ်ကြောင်း၊ ရန်ကုန်မြို့က မိန်းကလေးကျောင်း၌ ဆရာမအလုပ်ကို လုပ်ကိုင်၍ အမည်မှာ မကြီးရွှေဖြစ်ကြောင်းနှင့် အသိအကျွမ်းဖွဲ့၍ ပေးလေသည်။

**ရွှေ**။ ။'သည်ကနေ့ ကျောင်းပိတ်တာနှင့် မော်တော်ကားနှင့် ရောက်လာခဲ့ပါတယ်ရှင့်၊ ဦးစံရှား ရောက်နေတယ် ကြားလို့ ကျွန်မမှာ ဝမ်းသာမိပါတယ်ရှင်၊ အလကားပါရှင်၊ တောသားတွေဟာ ထင်မိထင်ရာ လျှောက်လျှောက်ပြီး ပြောတတ်ကြပါတယ်၊ ကျွန်မတို့ ဦးလေးကို အောက်လမ်းဆရာဆိုပြီး သရဲဖြစ်သလေး၊ သဘက်ဖြစ်သလေးနှင့် သွားပုတ်လေလွင့် ပြောနေကြတာ ပပျောက်အောင် တဆိတ် လုပ်ပေးခဲ့ပါရှင်'

**ရှား**။ ။(သူငယ်မ၏ မျက်နှာကဲ ကို ခတ်လျက်)' ဦးပေါ်သိုင်း ဟာ အသက်အာမခံများ ထားသလား'

**ရွှေ**။ ။'၅၀၀၀ ထားတယ်လို့ ပြောပါတယ်ရှင်၊ ကျွန်မကိုပဲ အမွေခံ အမွေစား အဖြစ်နှင့် အာမခံ ကုမ္ပဏီမှာ အမည်သွင်းပြီးထားခဲ့ပါတယ်၊ အခုတော့ ခက်နေတာက သူလဲ သေရော ကုမ္ပဏီစာချုပ်တွေကလဲ ဘယ်မှာထားခဲ့မှန်း မသိလို့ အခုထက်ထိ ငွေမထုတ်ရသေးအောင် ရှိနေပါတယ်ရှင်၊ ဒါကြောင့် အိမ်ထဲမှာ တစ်ခါထပ်ပြီး ရှာမယ်လို့ ကျွန်မ လာခဲ့ခြင်း ဖြစ်ပါတယ်'

**ရှား**။ ။'ဦးပေါ်သိုင်း သေဆုံးစဉ် အခါက မိန်းကလေး လာသေးသလား'

**ရွှေ**။ ။'ကျွန်မက ခေါင်းသွင်းပြီးမှ ရောက်ပါတယ်ရှင်'

**ရှား**။ ။'ဘာရောဂါနှင့် အနိစ္စရောက်သလဲ'

**ရွှေ**။ ။'လေသင်တုန်းမိလို့ ရုတ်တရက်ဆုံးတယ်လို့ ပြောကြပါတယ်ရှင်၊ ရွာသားတွေက ဦးပေါ်သိုင်း ဆိုရင် ဘယ်လောက် မကြောက်တတ်တယ်၊ ကြောက်တတ်တယ် မပြောနှင့်တော့၊ သေတာတောင် အိမ်ပေါ်ကို မတက်ကြဘူး၊ သုဘရာဇာ လက်အပ်ပြီး ခေါင်းသွင်းခိုင်းကြပါတယ်ရှင်'

**ရှား**။ ။'ဒါဖြင့် အလောင်းကို ဆရာမလဲ မမြင်၊ ရွာသားထဲကလည်း ဘယ်သူမှ မမြင်လိုက်ကြရဘူးလား'

**ရွှေ**။ ။'မှန်ပါတယ်'

**ရှား**။ ။'သင်္ဂြိုဟ်ပြီးနောက် စာချုပ်တွေ ရှာရော ဆိုပါတော့'

**ရွှေ**။ ။'မှန်ပါတယ်၊ အသက်ပေါင်ထားတယ် ဆိုလို့ စာချုပ်ကို ရှာလိုက်တာ၊ တစ်အိမ်လုံးနှံ့နေပါရောရှင်၊ ဘယ်မှာမှ မတွေ့ဘူး၊ ဒါကြောင့် စိတ်မကျေနပ်သေးလို့ ယခုအခါ ထပ်ပြီး ရှာဖို့ လာခဲ့ပါတယ်'

**ရှား**။ ။'အလောင်းကို မီးသင်္ဂြိုဟ်ပြီးမှ ဂူသွင်းသလား၊ သည်အတိုင်း သွင်းသလား'

**ရွှေ**။ ။သည်အတိုင်းပဲ ကျွန်မ ဂူသွင်းထားပါတယ်ရှင်၊ ကိုင်း ဦးစံရှားနှင့် စကားပြောနေရတာတော့ ကောင်းပါရဲ့၊ သို့သော် ကျွန်မကိစ္စလေး ပြီးစီးအောင် အချိန်ရှိခိုက် သွားပြီး ရှာစမ်းပါရစေဦးရှင်'

ဟု ပြောပြီးနောက် မကြီးရွှေသည် ရွာသား သုံးလေးယောက်တို့နှင့် ဦးပေါ်သိုင်း၏ နေအိမ်သို့ သွားလေ၏။ ရွာလူကြီးလည်း ယမန်နေ့ညက အလောင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသော ကိစ္စများကို ဆောင်ရွက်လျက်ရှိရာ

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲ ကိုစံရှား၊ ဘယ်လိုထင်သလဲ'

**ရှား**။ ။'ကျွန်တော်တော့ ဦးပေါ် သိုင်း သေတယ် မထင်ဘူး'

**ကျွန်တော်**။ ။'အသက်အာမခံ ကုမ္ပဏီကို လိမ်လည်ပြီး ငွေထုတ်ဖို့ ကြံစည်ကြတယ် ထင်သပေါ့လေ'

**ရှား**။ ။'အစစ်ပဲ'

**ကျွန်တော်**။ ။'ဒါဖြင့် ငွေထုတ်ရင် ဦးပေါ်သိုင်း ထုတ်မှာပေါ့'

**ရှား**။ ။'သူမထုတ်ရင် ဘယ်သူထုတ်မလဲ၊ ဒါကြောင့် စာချုပ်တွေ မတွေ့ဘဲ ဖြစ်နေတာပေါ့'

**ကျွန်တော်**။ ။'ဒါဖြင့် အသက်အာမခံ ကုမ္ပဏီကို အကြောင်းကြားဖို့ မလိုဘူးလားဗျာ'

**ရှား**။ ။'ဘာဆိုင်သလဲ၊ ကျုပ်တို့ကို အသက်အာမခံ ကုမ္ပဏီက ငှားထားတာမှ မဟုတ်ဘဲ၊ သို့သော်လည်း ယခု လူသတ်မှုမှာ လက်သယ်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဦးပေါ်သိုင်း၏ အလောင်းထင်မှတ်ပြီး ဂူသွင်းထားတဲ့သူဟာ ဘယ်သူဖြစ်တယ် ဆိုတာကိုတော့ ကျုပ်တို့ စုံထောက်ကြရလိမ့်မယ်'

**ကျွန်တော်**။ ။ရုတ်တရက် အကြံရ၍ 'သြော် တန်တော့ဗျို့၊ ခေါင်းထဲမှာ အလောင်း ပါတယ် မပါဘူး ဆိုတာ ဘယ်သူမှ အမှန်မပြောနိုင်ဘဲ၊ တကယ်လို့ ခပ်လေးလေးရှိအောင် တစ်ခုခု ထည့်ပြီးထားရင်လဲ ရွာသားတွေ ယုံကြည်ရမယ် မဟုတ်လားဗျာ'

**ရှား**။ ။'မှန်တယ်'

**ကျွန်တော်**။ ။'ဒါဖြင့် ဂူဖောက်ပြီး ကြည့်ကြရင် မကောင်းဘူးလားဗျာ'

**ရှား**။ ။'ကျုပ်လဲ သည်လိုပဲ ကြံစည်နေတယ်၊ သို့သော် ဖောက်ကြည့်ဖို့ ဆိုရင် အမိန့်တွေ ဘာတွေ ခံနေကြရလိမ့်မယ်၊ အမိန့်ခံနေတယ် ဆိုရင် ကြာနေလိမ့်မယ်၊ ကျုပ်တို့လဲ မစောင့်နိုင်ဘူး'

**ကျွန်တော်**။ ။'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ ဗျာ'

**ရှား**။ ။'သည်ကနေ့ည နှစ်ယောက်ထဲ တိတ်တိတ်ကလေး ဖွင့်ပြီး ကြည့်လိုက်ရအောင်'

**ကျွန်တော်**။ ။'လုပ်လေဗျာ'

× × × × × ×

နေ့လည်အချိန်ခန့်၌ ဆရာမ မကြီးရွှေသည် ကျွန်တော်တို့ရှိရာ သူကြီးအိမ်သို့ လာပြီးလျှင် ဦးပေါ် သိုင်း ၏ နေအိမ်၌ တစ်အိမ်လုံး အနှံ့အပြား ရှာဖွေခဲ့သော်လည်း မည်သည့်နေရာမှ စာချုပ်ကို မတွေ့ရှိကြောင်း၊ မိမိမှာလည်း ကြာရှည်စွာ မနေနိုင်သည် ဖြစ်၍ ပြန်ရမည် ဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင် ကျွန်တော်တို့အား နှုတ်ဆက်၍ မော်တော်ကားဖြင့် ပြန်သွားလေ၏။

၎င်းညဉ့် ၁၂ နာရီကျော် အချိန်ခန့်တွင် တစ်ရွာလုံး အိပ်ပျော်လျက် ရှိကြသည် ဖြစ်ရာ ကျွန်တော်နှင့် မောင်စံရှားတို့သည် လက်နှိပ်မီးတစ်ခုနှင့် ရွာသူကြီး၏ အိမ်မှ လျှို့ဝှက်စွာ ဆင်းလာပြီးလျှင် သုသာန်သို့ သွားကြလေ၏။ ဦးပေါ် သိုင်း ၏ ဂူသို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် လက်နှိပ်ဓာတ်မီးနှင့် ဂူဝသို့ ထိုးကြည့်သည်တွင် ဂူမှာ သံတံခါးဖြင့် ပိတ်ထား၍ သော့ခတ်လျက်ရှိကြောင်း တွေ့ရှိရလေ၏။ ထိုအခါ မောင်စံရှားမှာ ပိတ်ထားသော သော့ခလောက်ကို ဖွင့်သည် အရာ၌ာနှင့် သူခိုးများထက်ပင် ကျွမ်းကျင်သူ တစ်ယောက်ဖြစ်လေရကား မိမိ၌ပါသော လက်နက် ကိရိယာများနှင့် စမ်းသပ်ဖွင့်လှစ်ရာ နာရီဝက်အတွင်း သော့ပွင့်လေ၏။

ထိုအခါ ကျွန်တော်တို့သည် သံတံခါးကို ဆွဲဖွင့်၍ အတွင်းသို့ ဓာတ်မီးဖြင့် ထိုး၍ ကြည့်သည်တွင် သာမညသစ်သားဖြင့် သင့်လျော်အောင် ပြုလုပ်ထားသော ခေါင်းတစ်ခုကို တွေ့ရှိရလေ၏။ ၎င်းနောက် နှစ်ယောက်သားတို့သည် ခေါင်းကို လက်ကိုင်မှ ကိုင်၍ ဆွဲထုတ်ကြရာ အတော်အတန်ပင် လေးလံသည်ဖြစ်၍ တစ်ခုခု ထည့်သွင်း၍ ထားကြောင်းကို ယုံမှားဖွယ်ရာ မရှိချေ။

ခေါင်းကို မြေပေါ် သို့ ချပြီးနောက် မောင်စံရှားသည် ခေါင်းဖုံး၌ စုပ်ထားသော ဝက်အူများကို ဝက်အူလှည့်ဖြင့် လှည့်၍ ဖွင့်ရာ ဝက်အူတစ်ချောင်းကို ဖွင့်မိပင်လျှင် ပုပ်ဟောင်သော အနံ့တို့သည် ခေါင်းအတွင်းမှ ထောင်းခနဲ ထွက်လာသည် ဖြစ်၍ တစ်စုံတစ်ယောက်၏ အလောင်းပါရှိကြောင်းကို သိရှိကြရလေ၏။ ဝက်အူတစ်ချောင်းပြီး တစ်ချောင်း ဖွင့်လေလေ၊ ပုပ်စပ်သော အနံ့တို့သည် တိုး၍တိုး၍ လာလေလေ ရှိခဲ့ရာ ကျွန်တော်တို့မှာ လက်ကိုင်ပုဝါများဖြင့် နှာခေါင်းပါးစပ်တို့ကို လုံခြုံအောင် ကြပ်တည်းစွာ စည်းကြရလေ၏။

နောက်ဆုံးဝက်အူ ဖွင့်ပြီးသောအခါ မောင်စံရှားသည် ခေါင်းကို ခေါင်းရင်းဖက်သို့ တွန်းဖယ်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ နှစ်ယောက်သားတို့မှာ အံ့သြစွာနှင့် ငေးလျက်ရှိနေကြရလေ၏။ ကျွန်တော်တို့၏ ထင်မြင်ချက်မှာ ထိုအလောင်းသည် ဦးပေါ်သိုင်း၏ အလောင်း မဟုတ်ဟု ကောင်းကောင်းကြီး တွေးထင်ကြပြီး ဖြစ်ရာ ကျွန်တော်တို့ မြင်ကြရသော အလောင်းမှာ ဆယ်ရက်ခန့်ကြာပြီ ဖြစ်၍ ပုပ်ရိလျက် ရှိသော်လည်း နှာခေါင်းချွန်ခြင်း၊ မျက်ခုံးတုတ်ခြင်း၊ ပါးစပ်ပြဲခြင်း၊ နားရွက်ကားခြင်း အစရှိသော အခြင်းအရာတို့ကို ထင်ရှားစွာ တွေ့မြင်ရသည် ဖြစ်သောကြောင့် ဦးပေါ်သိုင်း၏ အလောင်းစစ်စစ် ဖြစ်ကြောင်း သိရှိရလေ၏။

ထိုအခါ မောင်စံရှားက 'ကျုပ်တို့ သည်တစ်ချက် အတွေးချော် ပြန်ပြီဗျို့' ဟု ပြောပြီးနောက် ခေါင်းကို တစ်ဖန် ပြန်၍ ပိတ်ပြီးလျှင် ဝက်အူများကို မူလအတိုင်း ပြန်၍ စုပ်ကြရလေ၏။ ဝက်အူငါးချောင်းခန့် စုပ်မိကြလျှင် မနီးမဝေးမှ ချွတ်ခနဲ မြည်သံ ကြားကြရလေရာ ကျွန်တော်တို့မှာ ယခင်ကမူ ဦးပေါ်သိုင်း သေသည်မဟုတ်ဟု ယုံကြည်ထားပြီး ဖြစ်ရာ ကြောက်ရွံ့ခြင်း ကင်းလျက်ရှိရာမှ ယခုတစ်ဖန် ဦးပေါ်သိုင်း အမှန်တကယ် သေဆုံးကြောင်း သိရှိရပြီးနောက် ထိုအသံများကို ကြားရရုံမျှနှင့် ယမန်ညဉ့်က အဖြစ်အပျက် များနှင့် တကွ တစ်တောင်ကျော် ခန့်မျှသော ခြေရာကြီးကို သတိရပြီးလျှင် ကြက်သီးများ ထ ခေါင်းများကြီး၍ ခတ်တရော်သော ကိုယ်ရှိ၍ ဖျဉ်းခနဲ ဖြစ်သွားလေ၏။ မောင်စံရှား လက်နှိပ်ဓာတ်မီးနှင့် အသံကြားရာကို ထိုးကြည့်ရာ မည်သည့်အရာမျှ မမြင် အရိုးအိုးဟောင်းများကို သာလျှင် တွေ့ကြရလေ၏။

ထို့နောက် ဝက်အူများကို ဆက်လက်ပိတ်ကြပြီးလျှင် ပြီးစီးသည်နှင့် တစ်ပြိုင်နက် သံတံခါးကို ဖွင့်၍ မောင်စံရှားက ခေါင်းကို နေရာ၌ ပြန်၍ မထားသေးမီ ဂူအတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ ကြည့်လိုက်ရာ 'အလို တယ်နေရာကျပါကလား၊ ကြည့်လှည့်စမ်းဗျို့ ကိုသိန်းမောင်' ဟု ခေါင်ငင်သဖြင့် ကျွန်တော်လည်း ၎င်း၏ နောက်မှ တွင်းထဲသို့ ဆင်းလိုက်လေ၏။

ဂူအတွင်း၌ တစ်စုံတစ်ယောက်သော သူက ချဲ့ထွင်ထားသည် ဖြစ်၍ အတော်ပင်ကျယ်ဝန်းလျက် ရှိရာ အောက်သို့လည်း ဥမင်လှိုဏ်ခေါင်းသဖွယ် တူး၍ ထားလေ၏။ မောင်စံရှားလည်း ဓာတ်မီးကို ကိုင်လျက် ရှေ့မှ သွား၍ ကျွန်တော်လည်းနောက်မှ လိုက်ပြီးလျှင် လှိုဏ်ခေါင်းကို ကြည့်နေကြဆဲတွင် အပြင်မှ ချောင်းကနဲ အသံတစ်ခုကို ကြားရပြီးနောက် သံတံခါးလည်း ပိတ်သွားလေ၏။ ၎င်းနောက် သော့ခလောက်ကို အပြင်မှ ပိတ်လိုက်သည့် အသံကို ကြားကြရလေ၏။

ကျွန်တော်မှာ တံခါးနှင့် အနီးဆုံး ရှိနေသည်ဖြစ်၍ တအားတွန်း၍ ဖွင့်ပါသော်လည်း မပွင့်ဘဲ ရှိရာ မောင်စံရှား ကိုယ်တိုင်က ကူညီ၍ နှစ်ယောက်သား တွန်းကြပါသော်လည်း အနည်းငယ်မျှ လှုပ်ရှား ရွေ့လျားခြင်း မရှိဘဲ မြဲခိုင်စွဲမြဲစွာ ရှိနေလေ၏။

**ရှား**။ ။'ကိုင်း တစ်ခါဖြင့် ဂူထဲမှာ ပိတ်ပြီးသား ဖြစ်နေပြီ၊ မနက်လင်းမှ ရွာက ဖွင့်ပေးမှပဲ ထွက်ကြရတော့မှာပဲ ဗျို့'

**ကျွန်တော်**။ ။'လူပိတ်တာလား တစ္ဆေပိတ်တာလား'

**ရှား**။ ။'တစ္ဆေဆိုတာ ပိတ္တာပေါ့ဗျ'

**ကျွန်တော်**။ ။'မဟုတ်ဘူးဗျာ၊ လူလာပြီး ပိတ်သလား၊ တစ္ဆေ လာပြီး ပိတ်သလား မေးပါတယ်'

**ရှား**။ ။'လူစင်စစ်ပါ ကိုသိန်းမောင်၊ တစ္ဆေမဟုတ်ပါဘူး၊ ကိုင်း ကိုင်း မထွက်နိုင်မယ့် အတူတူ လိုဏ်ခေါင်းထဲကို စုံစမ်းကြအုံးစို့ဗျာ'

ငှင်းနောက် မောင်စံရှားသည် လက်နှိပ်ဓာတ်မီးနှင့် အောက်သို့ သွားသော အခေါင်းကို ထိုး၍ ကြည့်သည်တွင် လူတစ်ယောက် ချောင်ချိစွာ ပုန်းအောင်း၍ နေနိုင်သော နေရာလပ်တစ်ခုကို တွေ့သည့်အပြင် ဓာတ်ပုံတစ်ခုနှင့် စာအိပ်လေးငါးလုံးကို တွေ့ရှိရလေ၏။

မောင်စံရှားသည် ဓာတ်ပုံကို ယူ၍ကြည့်ရာ မိန်းမတစ်ယောက်သည် ကလေးနှစ်ယောက်ကို ဒူးတစ်ဘက်တစ်ချက်တွင် တင်၍ ရိုက်ထားသော ပုံဖြစ်ကြောင်း တွေ့ရှိကြရလေ၏။ မောင်စံရှားသည် ဓာတ်ပုံကို အတန်ကြာအောင် စိုက်၍ ကြည့်ပြီးနောက် 'အောင်မယ်လေး အခုမှ ရိပ်မိတော့တယ်ဗျာ ' ဟု ပြော၍ ကျွန်တော်က 'ဘာများ ရိပ်မိတာလဲ ဗျာ' ဟု မေးသောအခါ မောင်စံရှားသည် မိန်းမဓာတ်ပုံကို ဆံထိုးရော ကိုယ်ပါ လက်ဖြင့် ကွယ်ပြီးလျှင် မျက်လုံး မျက်ခုံးတို့ကိုသာ ပေါ်စေလျက်

**ရှား**။ ။'ကိုင်း ကြည့်စမ်း၊ ဘယ်သူနှင့် တူသလဲ'

**ကျွန်တော်**။ ။'ဦးပေါ်သိုင်း ဓာတ်ပုံနှင့် တူတယ်ဗျို့၊ မိန်းမလို ဝတ်ပြီး ရိုက်ထားတာလား'

**ရှား**။ ။'တယ်အတဲ့ လူပဲ၊ ဦးပေါ်သိုင်း မဟုတ်ဘူးဗျ၊ ဦးပေါ်သိုင်း ရဲ့ အမေပုံပဲ၊ ဟောသည် ကလေး နှစ်ယောက်က အရွယ်လဲ တူတယ်၊ ရုပ်ရည်လဲ တူတယ်၊ အမြွှာမွေး ဖြစ်ရမယ်၊ အဲဒါကြောင့် ဦးပေါ်သိုင်း က သူ့ညီကို သတ်ပြီး အသက်အာမခံ ကုမ္ပဏီက ငွေကို လိမ်ထုတ်တာ ဖြစ်ရမယ်'

**ကျွန်တော်**။ ။'သြော် ရိပ်မိပြီဗျို့၊ ဒါဖြင့် ခုနင်က အလောင်းက ဦးပေါ်သိုင်း အလောင်း အစစ်မဟုတ်၊ သူနှင့် ညီအစ်ကို အမွှာမွေးပေါ့ဗျာ'

**ရှား**။ ။'အစစ်ပဲ'

**ကျွန်တော်**။ ။'ခုမှပဲ ရှင်းပေတော့တယ်ဗျာ၊ ဒါဖြင့် ဦးပေါ်သိုင်းကို ရှာဖို့ ရှိတော့တာပလေ'

**ရှား**။ ။'တံခါးကို အပြင်က ပိတ်တာ သူပေါ့ဗျာ၊ မနက်လင်းလို့ ရွာက ကျုပ်တို့ကို လိုက်ရှာရင် တော်ပါရဲ့၊ မတော်လို့များ ဦးပေါ်သိုင်း ကို ကြောက်တာနှင့် သုသာန်ကို မလာဝံ့ဘဲ ရှိနေကြရင် ကျုပ်တို့တော့ မွတ်တာပေါ့ဗျာ'

**ကျွန်တော်**။ ။'ခင်ဗျားနှယ်ဗျာ၊ ကြောက်ရတဲ့ အထဲမှာ မလုန့်စမ်းပါနဲ့ဗျာ'

**ရှား**။ ။'ကိုင်း သင့်တော်သလို ကြည့်ပြီး တွေးကြဦးစို့ဗျာ၊ အိပ်ပျော်မယ်တော့ မဟုတ်ပါဘူး၊ ကိုသိန်းမောင် ကျုပ် ဆေးလိပ်မသောက်ရဘူးလားဗျို့'

**ကျွန်တော်**။ ။'မလုပ်ပါနှင့် ဆရာကြီးရယ်၊ လေဝင်ပေါက် မရှိဘဲနှင့် မွန်းပြီး သေကြပါမယ်'

ငှင်းနောက် ကျွန်တော်တို့သည် နံရံကို မှီကာ ငိုက်မျဉ်းလျက် ရှိနေကြလေ၏။ ကျွန်တော်မှာ မေးကနဲ ဖြစ်၍ သွားစဉ် သံတံခါးကို 'ဒုံး ဒုံး ဒုံး ဒုံး' နှင့် တီးခေါက်သံ ကြားသဖြင့် မျက်စိကို ဖွင့်ကြည့်သောအခါ မောင်စံရှားသည် အပြင်က လူများ ကြားအောင် တီးခေါက်လျက် ရှိကြောင်း သိရှိရလေ၏။ ထိုအခါ အပြင်မှ အသံ 'ဘယ်သူလဲ အထဲက'

**ရှား**။ ။'ကျုပ်တို့ပါ'

**အသံ**။ ။'ကျုပ်တို့ ဆိုတာ ဘယ်သူလဲ'

**ရှား**။ ။'မောင်စံရှားပါ သူကြီးရဲ့၊ ရန်ကုန်က စုံထောက် မောင်စံရှားလေ'

**အသံ**။ ။'ကြံကြံစည်စည်ဗျာ၊ ဘယ့်နှယ် အထဲ ရောက်နေကြသလဲ'

**ရှား**။ ။'နောက်တော့ ပြောပါမယ်၊ ဖွင့်စမ်းပါဦးဗျ'

ငှင်းနောက် လူသံများနှင့် သံတူရွင်း ကလန့်သံများကို ကြားရပြီးလျှင် ငါးမိနစ်ခန့် ကြာသောအခါ သံတံခါး ပွင့်သွားလေ၏။ ထိုအချိန်၌ကား မိုးကောင်းစွာလင်း၍ ၇ နာရီ အချိန်ခန့် ရှိပြီ ဖြစ်လေသည်။

အပြင်သို့ရောက်သောအခါ သူကြီးက ပြောပြသည်မှာ လယ်ထွန်သမားတစ်ယောက်သည် သုသာန်အနီးမှ ဖြတ်၍ သွားသောအခါ ခေါင်းကြီး အပြင်သို့ ရောက်နေသည်ကို မြင်သဖြင့် ထူးဆန်းသော အခြင်းအရာကို မိမိအား လာရောက်

တိုင်တန်းကြောင်း၊ မိမိက ရွာသားများစုဆောင်း၍ အကြောင်းမည်သို့ရှိသည်ကို စုံစမ်းခြင်း ဖြစ်ကြောင်း၊ တိုင်တန်းစဉ် အခါကပင် မောင်စံရှားတို့ ပျောက်သွားကြောင်း သိသဖြင့် ၎င်းတို့ လက်ချက်ဖြစ်သည်ကို တွေးထင်မိကြောင်းများနှင့် ပြန်ပြော လေ၏။

၎င်းနောက် ကျွန်တော်တို့သည် ရွာသူကြီးအိမ်သို့ ရောက်သွားကြပြီးလျှင် မောင်စံရှားသည် ယမန်ညဉ့်က ဂူတွင်းမှ တွေ့ခဲ့သော စာများကို ဖတ်ကြည့်ရာ ၎င်းတို့မှာ ဦးပေါ်သိုင်း ထံ ၎င်း၏ ညီအစ်ကို တော်သူ ဦးသံခဲ ပေးလိုက်သော စာများဖြစ်ကြောင်း၊ လက္ခဏာမှာ ဦးသံခဲ ဆိုသူသည် ရာဇဝတ်ပြစ်မှုဖြစ်၍ ဝါးရမ်းပြေးလျက်ရှိစဉ် ဦးပေါ်သိုင်း က စားရိတ် ထောက်ရကြောင်း၊ ၎င်းထံသို့လည်း မကြာမကြာ လာရောက်၍ ကြေးငွေများ ညှဉ်းလေ့ရှိကြောင်း၊ ဦးပေါ်သိုင်းက မပေးနိုင်ဟု ငြင်းဆန်သောအခါ အတင်းအဓမ္မတောင်းခံဟန် ရှိကြောင်းများကို ၎င်းစာများကို ဖတ်ခြင်းအားဖြင့် ရိပ်မိနိုင်ပေ၏။

**ကျွန်တော်**။ ။'နို့ နေပါဦးဗျာ ၊ ဦးပေါ်သိုင်း ကို မိအောင် ဘယ့်နှယ်ဖမ်းမလဲ'

**ရှား**။ ။'မခက်ပါဘူးဗျာ၊ ဘယ်မှ မပြေးပါဘူး၊ ဒီအနားတင် ရှိပါတယ်'

**ကျွန်တော်**။ ။'ဘယ့်နှယ်ကြောင့် ခင်ဗျား သိသလဲ'

**ရှား**။ ။'အသက်အာမခံ ကုမ္ပဏီမှ စာချုပ်တွေက ကျုပ်ဆီ ရောက်နေတယ်၊ သူ ဘယ်မှ မပြေးနိုင်ဘူး'

**ကျွန်တော်**။ ။'နို့ နေပါဦးဗျ၊ ခြေရာကြီး တစ်တောင်လောက်တွေ့ကာက ဘယ့်နှယ်လဲဗျ'

**ရှား**။ ။'ဦးပေါ်သိုင်း က သူ့ကို ဘီလူးဖြစ်ကြောင်း ရွာသားများက ထင်မှတ်ကြောင်း သိလေတော့ ကြောက်သည်ထက် ကြောက်ပြီး သူ့ အရိုးအိုးနား မသွားဝံ့အောင် သစ်သားခြေထောက်ကြီး လုပ်ပြီး ခြေရာချထားတာပါဗျ'

ထမင်းစားသောက်၍ပြီးကြလျှင် မောင်စံရှားသည်ရွာသူကြီးနှင့်တကွရွာသားလေးငါးယောက်တို့ကိုခေါ်ငင်ပြီးလျှင် ဦးပေါ်သိုင်း ၏ နေအိမ်သို့ သွားရောက်ကြလေ၏။ ၎င်းနောက် မောင်စံရှားလည်း ထင်းများကို ခုတ်စေ၍ အိမ်၏ ပတ်ဝန်းကျင် လှည့်ပတ်ကာ ဝိုင်းရံပြီးလျှင် မီးရှို့စေရာ မီးများ အတန်ငယ် ပူလာသည်နှင့် တပြိုင်နက် အိမ်မိုးပေါ်မှ လူတစ်ယောက် ဖောက်ထွင်း၍ ပေါ်လာလေ၏။ ထိုအခါ ရွာသားတို့လည်း 'တစ္ဆေချောက်တယ် တစ္ဆေချောက်တယ်' ဟု အော်ဟစ်လျက်ရှိရာ

**ရှား**။ ။'တစ္ဆေမဟုတ်ပါဘူး ဗျာတို့၊ ဦးပေါ်သိုင်း စင်စစ်ပါ၊ ဘယ့်နှယ်လဲ ဦးပေါ်သိုင်း အလွယ်တကူနှင့် အဖမ်းခံမလား၊ မီးရှို့ပြီး သတ်ရမလား'

**သိုင်း**။ ။'အဖမ်းခံပါတော့မယ်ဗျာ'

**ရှား**။ ။'ကိုင်း မီးတွေ ငြိမ်းကြစမ်းဗျာ'

ဦးပေါ်သိုင်း ကို ဖမ်းဆီးရမိသောအခါ

**ရှား**။ ။'ဦးပေါ်သိုင်း၊ မှန်မှန် အစစ်ခံမလား'

**သိုင်း**။ ။'ခံပါတော့မယ်ဗျာ'

**ရှား**။ ။'ကိုသံခဲကို သတ်တာ ခင်ဗျားတော့ မဟုတ်ဘူး ဟုတ်လား'

**သိုင်း**။ ။'မဟုတ်ရပါဘူးဗျာ၊ အရက်မူးပြီး သေတာပါ'

**ရှား**။ ။'ခင်ဗျား ဝှက်ထားတာ ဘယ်လောက်ကြာပြီလဲ'

**သိုင်း**။ ။'တစ်လလောက် ရှိပါပြီ'

**ရှား**။ ။'သူသေသွားတော့ ခင်ဗျားနှင့် ရုပ်ဆင်းတူလေတော့ အသက်အာမခံငွေကို ခင်ဗျား လိမ်လည်ဖို့ ကြံစည်တယ် ဟုတ်စ'

**သိုင်း**။ ။'မှန်ပါတယ်'

**ရှား**။ ။'ဒါလောက်နှင့်များ လူတစ်ယောက်ကို နောက်ထပ်ပြီး သတ်ပစ်ပါပေတယ်ဗျာ'

**သိုင်း။** ။'သည့်လူက သေချင်တော့ ကျုပ်နှင့် ပက်ပင်းပါ တွေ့ပြီး ခင်ဗျား သေတယ်ဆို ဘာလုပ်နေသလဲတဲ့ မေးတော့ ကျုပ်က ကျုပ်အမှု ပေါ်မှာ စိုးတာနှင့် လုပ်မိလုပ်ရာ လုပ်လိုက်မိပါပေတယ်'

**ရှား။** ။'ကိုင်း ကိုသိန်းမောင်၊ ကျုပ်တို့ ပြန်ဖို့ ရှိတော့တယ်'

## ပြီးပါပြီ။

× × × × × × × × ×

# ၁၀။ ဦးအောင်ဒွန်းကို ဘယ်သူသတ်သလဲ

အချို့သော သူတို့သည် လူတစ်ဦး တစ်ယောက်၏အင်္ဂါရုပ်ကို ကြည့်ရှုအကဲခတ်ခြင်းအားဖြင့် ထိုသူ၏ အကျင့်စာရိတ္တနှင့် တကွ စိတ်နေသဘောထားကို ခန့်မှန်းနိုင်ကြသည်ဖြစ်ရာ ကျွန်တော်၏မိတ်ဆွေ မောင်စံရှားမှာ ၎င်းအတတ်ပညာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဟု ကျွန်တော်ထင်မြင်သဘော ရရှိခဲ့ပါကြောင်း၊ ၎င်းပညာကို အသုံးပြုခြင်းအားဖြင့် မောင်စံရှားသည် ထိုသူကား ပြစ်မှုကျူးလွန်သောသူ ဖြစ်၏။ ထိုသူကား ပြစ်မှုကျူးလွန်သောသူ မဟုတ်နိုင်ရာ စသည်ဖြင့် ဆုံးဖြတ်ပြောဆိုနိုင်ခဲ့သည် ဖြစ်ရာ အောက်၌ ရေးသား ဖော်ပြလတ့်သော အဖြစ်အပျက်အကြောင်းအရာတို့မှာ မောင်စံရှားသည် ၎င်းအတတ်ပညာကို အသုံးပြုခြင်းအားဖြင့် လူတစ်ယောက်မှာ ကြိုးမိန့်ကျလုဆဲဆဲ ရှိရာမှ အသက်ချမ်းသာ ရခဲ့ဖူးသော အတ္ထုပ္ပတ္တိဖြစ်လေသည်။

ကျွန်တော်တို့သည် အထက်မြန်မာပြည်မှ ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြပြီးနောက် ကျွန်တော်မှာ ခွင့်ရက် မစေ့ကုန်သေးသည် ဖြစ်၍ မောင်စံရှားနှင့်အတူ ရာဇဝတ်ရုံးများသို့ မောင်စံရှား၏ ပြမြဲထုံးစံအတိုင်း သွားရောက်လည်ပတ် ကြည့်ရှုကြသည်။ စက်ရှင်ရုံးသို့ရောက်၍ တရားခံတစ်ယောက်အား တရားသူကြီး၏ ရှေ့သို့သွင်းလာသည်ကို တွေ့မြင် ကြရလေ၏။ ထိုအခါ မောင်စံရှားသည် တရားခံ၏ အမှုအရာ အင်္ဂါရုပ်ကို စေ့စေ့ကြည့်ပြီးနောက် အမှုလိုက် အင်စပိတ်တော် အား မည်သည့်အမှုနှင့် စွပ်စွဲထားကြောင်း မေးမြန်းရာ အမှုလိုက် အင်စပိတ်တော်က ဘောင်ဒရီလမ်း လူသတ်မှုနှင့် စွပ်စွဲထားသော တရားခံ မောင်ထွန်းစိန် ဖြစ်ကြောင်းနှင့် ပြန်ပြောလေ၏။ ၎င်းနောက် ကျွန်တော်တို့သည် တရားလိုဘက်မှ တင်ပြသော သက်သေများ ထွက်ဆိုချက်ကို အနည်းငယ် ရပ်တန့်နားထောင်လျက် ရှိကြစဉ် စုံထောက်အင်စပိတ်တော် မောင်အုန်းဖေသည် ရုံးပေါ် သို့ တက်လာ၍ ကျွန်တော်တို့ကို မြင်သည်နှင့်

**ဖေ**။ ။'အလို ဆရာတို့ ပြန်ရောက်လာကြပြီလား၊ ဘယ်တုန်းက ရောက်လာကြသလဲ ဆရာ'

**ရှား**။ ။'သည်မနက်ပဲ ရောက်တယ် ကိုအုန်းဖေ၊ ဒါထက် သည်အမှုမှာ တရားခံကို လက်ဆုပ်လက်ကိုင် မိတာလား၊ သို့မဟုတ် စုံထောက်လို့ ရတာလား ကိုအုန်းဖေ'

**ဖေ**။ ။(နှုတ်ခမ်းမွေးကို သတ်လျက်) 'စုံထောက်လို့ ပေါ်တဲ့ အမှုပါ ဆရာ၊ ဆရာ မရှိပေမယ့် ကျွန်တော်လဲ တစ်မှုတစ်လေတော့ ပေါ်အောင် စုံထောက်နိုင်ပါသေးတယ်'

**ရှား**။ ။'အင်မတန် ထင်ရှားသလားဗျာ'

**ဖေ**။ ။'ထင်ရှားဆို သည့်ထက် ထင်ရှားတဲ့ အမှု ဘယ်မှာ ရှိသေးသလဲ ဆရာ၊ တရားခံတော့ ကြိုးက ဘယ်လွတ်မလဲ'

**ရှား**။ ။'ကိုအုန်းဖေ သည်ကနေ့ ညနေ မအားဘူးလား'

**ဖေ**။ ။'အားပါတယ် ဆရာ၊ ဘာပြုလို့လဲ'

**ရှား**။ ။'အားလို့ရှိရင် ကျုပ်တို့အိမ်ကို ညနေလောက် အလည်လာစေချင်တယ်ဗျာ'

**ဖေ**။ ။'လာတာပေါ့ ဆရာ၊ ငါးနာရီလောက် ရောက်အောင် လာခဲ့ပါမယ်'

**ရှား**။ ။'လာဖြစ်အောင် လာခဲ့စမ်းပါဗျာ'

၎င်းနောက် ကျွန်တော်တို့သည် ရုံးမှ ဆင်း၍ လာခဲ့ကြရာ

**ရှား**။ ။'မဟုတ်လျှင်လဲ လွဲရော့၊ တရားခံ ကြည့်ရတာ ရာဇဝတ်ကောင်နှင့် မတူပါဘူး ခင်ဗျာ၊ ဘယ့်နှယ်ထင်သလဲ ကိုသိန်းမောင်'

**ကျွန်တော်**။ ။'ဘာကြောင့်လဲဗျာ၊ လူပုံကလေး သနားကမား မို့လား'

**ရှား**။ ။'လူချောရင် ရာဇဝတ်မှု မပြုဘူးလို့ ခင်ဗျားကို ဘယ်သူ ပြောသလဲ ၊ ဆရာမ မလေးမေ သတ်တုန်းက မောင်ဘထွန်းထက် ဘယ်သူချောဦးမှာလဲ'

**ကျွန်တော်**။ ။'နို့ ဘာကြောင့်လဲဗျာ'

**ရှား**။ ။'ကျုပ်စိတ်က ထင်လို့ ဆိုပါတော့ဗျာ၊ လူအင်္ဂါရုပ် အကြောင်းကို နောက်များမှ စာအုပ်တစ်အုပ် ထုတ်ဦးမယ်'

**ကျွန်တော်**။ ။'ခင်ဗျားက အင်္ဂဝိဇ္ဇာလဲ တတ်သလား'

**ရှား**။ ။'ရှေးကလဲ ပညာရှိတွေ ရှိတယ် ကိုသိန်းမောင်ရဲ့၊ ပညာတွေ တိမ်ကောပြီး လူတွေက အသုံးမပြုတတ်လို့ တစတစကွယ်ပျောက်ပြီး ခင်ဗျားတို့ နောက်ပေါက်တွေဟာ အသုံးမကျ ဖြစ်ကုန်ကြတာဗျ'

**ကျွန်တော်**။ ။'ဟုတ်ကဲ့ အဘိုးရယ်'

ယင်းကဲ့သို့ ရယ်မော ပြောဆိုကြပြီးနောက် ကျွန်တော်တို့သည် စကားစ ပြတ်၍ ဘုရားကုန်းတော်၊ တိရစ္ဆာန်ရုံ စသည်တို့၌ တစ်နေ့လုံးလည်ပတ်ခြင်းဖြင့် အချိန်ကုန်လွန်ခဲ့လေ၏။

ညနေအချိန်တွင် အိမ်သို့ ပြန်ရောက်ကြပြီးနောက် ခဏမျှ ကြာသောအခါ အင်စပိတ်တော် မောင်အုန်းဖေသည် မှာထားသည့်အတိုင်း အိမ်ပေါ် သို့ တက်လာရာ မောင်စံရှားက ခရီးရောက်မဆိုက်ပင် နေ့လည်က အမှုအကြောင်းကို မိမိအား ပြန်ပြောရန် တိုက်တွန်းသဖြင့် မောင်အုန်းဖေသည် အစမှ အဆုံးတိုင် ပြန်ပြောလေ၏။ အခင်းသွားကို မောင်အုန်းဖေ၏ စကားအတိုင်း ရေးသားဖော်ပြရသော် အဆင်မပြေမည် စိုးသဖြင့် ကျွန်တော်က ဝတ္ထုသွားအဖြစ်နှင့် အောက်ပါအတိုင်း ပြင်ဆင်ရေးသား ဖော်ပြရပေအံ့။

× × × × × ×

ဘောင်ဒရီလမ်း (ဓမ္မစေတီလမ်း) ဦးပြားတောရနှင့် အနီးတွင် သိုက်မြိုက်ခမ်းနားသော ဘိုအိမ်ကြီးများသည် စီတန်းလျက်ရှိရာ တစ်ခုသော တိုက်ခံအိမ်ကြီး၌ကား စက်သူဌေး ဦးအောင်ဒွန်းနှင့် ၎င်း၏ ဇနီး စက်သူဌေးကတော် မစောမြိုင် တို့ နေထိုင်ခဲ့လေ၏။ ဦးအောင်ဒွန်းမှာ ခနောင်တိုဘက်၌ ဆန်စက်ကြီး နှစ်လုံး ရှိခဲ့သည် ဖြစ်ရာ မိမိ၏ ပထမ မယားကြီး သေဆုံးသည့် အခါတွင် သားသမီးလည်း မကျန်ရစ်၊ အရွယ်မှာလည်း ၅၀ နီးပါးမျှ ရှိခဲ့ပြီ ဖြစ်ရကား ကြီးပွားတိုးတက်လိုသော စိတ်ဆန္ဒကုန်ခမ်းခဲ့ပြီးလျှင် ၎င်းဆန်စက်လုပ်ငန်းကို မိမိ၏ ညီတစ်ယောက်မှ ပေါက်ဖွားခဲ့သော မောင်ထွန်းစိန် ဆိုသူ မိမိ၏ တူအား လွှဲအပ်လုပ်ကိုင် စေခဲ့လေ၏။ ၎င်းစက်များကို မောင်ထွန်းစိန်အား လွှဲအပ်ခဲ့သည့်အခါ တူဝရီးနှစ်ယောက် ပဋိညာဉ်ပြုကြသည်မှာ မောင်ထွန်းစိန်က ဆန်စက်နှစ်လုံးကို မိမိသဘောအတိုင်း စီမံခန့်ခွဲ လုပ်ကိုင်ပြီးလျှင် တစ်လလျှင် ဦးအောင်ဒွန်း သုံးစွဲနေထိုင်ရန် အတွက် ၁၅၀၀ ကျပ်မျှ လစဉ်ပေးအပ်ရန် ပဋိညာဉ်ပြုလုပ်ခဲ့လေသည်။ ယင်းကဲ့သို့ လွှဲအပ်ပြီးနောက် ဦးအောင်ဒွန်းသည် ဘောင်ဒရီလမ်း၌ အိမ်ကြီးတစ်လုံး ငှားရမ်း နေထိုင်ခဲ့ရာ တစ်နှစ်ကျော် နှစ်နှစ်ခန့်မျှ နေထိုင်ခဲ့သောအခါ စပါးပွဲစားကြီး တစ်ဦး၏ သမီး မစောမြိုင်နှင့် စေ့စပ်ထိမ်းမြားခဲ့လေ၏။ ထိုအခါ မစောမြိုင်မှာ အသက်နှစ်ဆယ်ကျော်ကလေးမျှ ဖြစ်၍ လှပတင့်တယ်သော ရုပ်အဆင်း နှင့်လည်း ပြည့်စုံခဲ့ရာ ဦးအောင်ဒွန်းမှာမူ အသက် ၅၀ ကျော်မျှရှိသော မုဆိုးဖိုကြီး ဖြစ်သဖြင့် ပစ္စည်းကို မက်မော၍ လက်ထပ်ခြင်း ဖြစ်သည်ဟု မိတ်သင်္ဂဟတို့၏ စွပ်စွဲကဲ့ရဲ့ခြင်းကို ခံခဲ့ရလေ၏။

ဦးအောင်ဒွန်းသည် မယားချော မစောမြိုင်နှင့် အကြောင်းဆက်၍ ပေါင်းဖက်နေထိုင်ခဲ့သည့် အခါ လောက၌ ကြီးပွားလိုသေးသော စိတ်တို့သည် တဖန်ဖြစ်ပေါ်၍ လာပြန်လေရကား မိမိ၏လုပ်ငန်းကို မောင်ထွန်းစိန်အား လွှဲအပ်ခဲ့မိသည်မှာ မှားလေသည်ဟု အောက်မေ့ခဲ့မိလေ၏။ သို့ရာတွင် ပဋိညာဉ် ပြုလုပ်ပြီးသဖြင့် မဖျက်ကောင်းသည့် အပြင် တစ်လလျှင် ၁၅၀၀ ကျပ်မျှသော ငွေကို မှန်ကန်စွာ ရရှိခဲ့သည် ဖြစ်သောကြောင့် လင်ကိုယ်မယား လှပစွာ စားသောက်လောက်ပါပြီ ဟူ၍ အောက်မေ့ခဲ့ရလေ၏။

အဘိုးကြီးတို့မှာ မယားအနုအရွှောကို ရခဲ့သည့်အခါ ငါသေသော အခါ၌ ငါ၏ မယားသည် ဆင်းရဲရစ်ရာမည်၊ ပင်ပန်းရစ်ရာမည် စသည်ဖြင့် တွေးတော ပူပန်ရာကြစမြဲ ဖြစ်လေရကား မယားကလည်း တိုက်တွန်းနှိုးဆော်သည် ဖြစ်သောကြောင့် ဦးအောင်ဒွန်းသည် မိမိ၏ အသက်ကို ငွေ ၃၀၀၀၀ ကျပ်နှင့် အသက်အာမခံ ထားခဲ့လေ၏။ အဆိုပါ ငွေ ၃၀၀၀၀ ကျပ်မှာလဲ မိမိသေဆုံးသည့်အခါ မယားအား ပေးအပ်ရစ်ရန် လက်မှတ်ထိုးပြီး ဖြစ်လေ၏။

တူဝရီးနှစ်ယောက်တို့ ပြုလုပ်ကြသော ပဋိညာဉ်စာချုပ်အကြောင်းနှင့် စပ်လျဉ်း၍ ဖော်ပြရေးသားရန် ကျန်သေးသည်မှာ ဦးအောင်ဒွန်းသည် မိမိ၏ လုပ်ငန်းကို တူ မောင်ထွန်းစိန်အား လွှဲအပ်ခဲ့သည့် အခါ မိမိမှာ သားမယားယူရန် အကြံအစည်လည်း မရှိခဲ့သည် တစ်ကြောင်းကြောင့် စက်နှစ်လုံးနှင့်တကွ ဆက်သွယ်လျက် ရှိသော အဆောက်အဦး အားလုံးတို့ကို မောင်ထွန်းစိန်အား အပြီးအပိုင် ပေးအပ်ပြီးလျှင် မိမိ မသေမီအတွင်း မသေမခြင်း တစ်လလျှင် ငွေ ၁၅၀၀ ကျပ်ကျ မောင်ထွန်းစိန်က အသုံးစရိတ် ထောက်ပံ့ရန် ချုပ်ဆိုခဲ့ခြင်း ဖြစ်လေသည်။ ထို့ပြင် ဦးအောင်ဒွန်းမှာ ထိုစဉ်အခါက မကျန်းမမာ ရှိနေရကား ဆရာဝန်ကြီးများက အလွန်ဆုံးအားဖြင့် ဦးအောင်ဒွန်း၏ အသက်ပိုင်းမှာ သုံးနှစ်လေးနှစ်မျှသာလျှင် ရှိကြောင်းနှင့် ထွက်ဆိုကြသည် ဖြစ်သောကြောင့် မောင်ထွန်းစိန်သည် ထိုပဋိညာဉ်စာချုပ်ကို အထူးကျေနပ်ခဲ့လေ၏။ သို့ရာတွင် အလုပ်ကို လွှဲအပ်ပြီးနောက် တစ်နှစ်ခန့်မျှ ရှိသောအခါ ကောင်းမွန်စွာ ကျန်းမာလာခဲ့၍ မသေရုံမျှမက အိမ်ထောင်ရက်သား ပြုနိုင်သော အခြေသို့ပင် ဆိုက်ရောက်ခဲ့ခြင်း ဖြစ်လေ၏။

ထိုအခြင်းအရာကို မောင်ထွန်းစိန် သိရှိရသောအခါ နှစ် လ အနည်းငယ်မျှသာလျှင် ဝန်ထမ်းရမည်ဟု အောက်မေ့ရာမှ နှစ်ပေါင်းကြာရှည်စွာ တစ်လလျှင် ငွေ ၁၅၀၀ ကျပ်မျှ ပေးနေရမည့် သဘော အကြောင်းကို တွေ့မြင်ရသောအခါ နလုံးမသာယာခြင်း ဖြစ်မည်မှာ ဓမ္မတာ သဘောပင် ဖြစ်ပေလိမ့်မည်။ သို့ဖြစ်သောကြောင့် မောင်ထွန်းစိန်သည် မိမိ၏ ဘကြီးအိမ်သို့ ရံဖန်ရံခါ လာရောက်လည်ပတ်သည့်အခါ ဦးအောင်ဒွန်းမှာ သေမည်နှင့် ဝေးစွ တစ်နေ့တခြား နုပျို၍လာသည်ကို တွေ့မြင်လေရကား စိတ်၏ မရွှင်ပျခြင်း ဖြစ်သည်ကို ဦးအောင်ဒွန်းက တွေ့မြင်သည်နှင့် မခံချင်အောင် ပျက်ရယ်ပြောဆိုလေ့ရှိသည်မှာ

**ဒွန်း။** ။'ထွန်းစိန်က ငါ့စက်တွေကို ဝယ်ဖို့ စာချုပ်တုန်းက လူသေလက်ထဲက ဖြေယူရတဲ့ ပစ္စည်းလို့ အောက်မေ့ဟန်တူတယ်၊ အခုတော့မှ သည်လောက် အရ မချောင်မှန်း သိလို့ စိတ်ညစ်နေပြီလား ကွဲ့'

**စိန်။** ။'မဟုတ်ပါဘူး ဘကြီးရယ်' ဟု ပြောရသော်လည်း ဘကြီးဝမ်းတွင်းမှာ ပုဏ္ဏားပါသည် ဟူ၍သာလျှင် မိမိကိုယ်ကို ပြောဆိုခဲ့လေ၏။

ယင်းကဲ့သို့ရှိသည့်အတွင်း စက်ကလေးရှင်တို့သည် နိုင်ငံခြား စက်ကြီးသမားတို့၏ ဖိနှိပ်ခြင်းကို ခံရသည်ဖြစ်သောကြောင့် ဆန်စျေးမကိုက်ဘဲ ဖြစ်ပြီးလျှင် မောင်ထွန်းစိန်၏ လုပ်ငန်းမှာလည်း အမြတ်အစွန်း မရရှိသည့်အပြင် လုပ်ငန်းမပျက် စေရန်ကိုပင် အနိုင်နိုင် ကြံ၍နေရသည် ဖြစ်ရကား ဦးအောင်ဒွန်းအား ပေးရသော လစဉ်ကြေးငွေသည် မောင်ထွန်းစိန်၌ အလွန်တရာ ဝန်လေးခဲ့လေ၏။ ထိုအတောအတွင်း မောင်ထွန်းစိန်မှာ အလုပ်များ၌ စိတ်ညစ်သည်က တစ်ကြောင်း၊ ငွေမလည်၍ ကြပ်တည်းသည်က တစ်ကြောင်း၊ လုပ်ငန်းသည် ဇယားမကိုက်သဖြင့် စိတ်ရှုပ်သည်က တစ်ကြောင်း တို့ကြောင့် မကျန်းမမာ ဖြစ်ပြီးလျှင် ဦးအောင်ဒွန်း၏ အိမ်၌ ခေတ္တ လာရောက် တည်းခိုနေထိုင် ခဲ့လေ၏။ ယင်းကဲ့သို့ အတူတကွ နေထိုင်လျက် ရှိကြသည့် တူဝရီး နှစ်ယောက်တို့သည် နေ့စဉ် မပြတ် စကားများလျက် တကျက်ကျက် ရှိနေကြလေ၏။ အချင်းဖြစ်ပွားကြပြီး ဦးအောင်ဒွန်းသည် အခန်းတွင်း တစ်ယောက်တည်း လမ်းလျှောက်လျက် 'ခွေးမသား၊ အင်မတန် ကျေးဇူးကန်းတဲ့ ခွေးမသား၊ ဒင်းနှင့် ငါနှင့်တော့ သိကြရောပေါ့ဟယ်' အစရှိသော စကားများ ရေရွတ်ပြောဆို သည်ကို အစေခံတို့ပင် ကြားကြရဖူးလေ၏။ ယင်းကဲ့သို့ တူဝရီး နှစ်ယောက်တို့ တစ်ယောက်တစ်ခွန်း အပြန်အလှန် ပြောဆိုကြသည့် အခါ အစေခံတို့ ရှိကြ၍ မစောမြိုင် တစ်ယောက်သာလျှင် ရယ်နိုင်ပြုံးနိုင် ရွှင်ရွှင်ပြုံးပြုံးရှိလျက် မည်သူ၏ ဘက်သို့မှ ဝင်ရောက်ကူညီခြင်း မပြုဘဲ ရံဖန်ရံခါ နှစ်ဦးနှစ်ဝ ကျေနပ်လောက်အောင် ဖြန်ဖြေ ပြောဆိုလေ့ရှိလေ၏။

မောင်ထွန်းစိန်သည် ဦးအောင်ဒွန်း၏ အိမ်၌ နေထိုင်လျက်ရှိစဉ် မစ်ရှင်လမ်း (ယခု အလုံလမ်း) ၌ နေထိုင်သော သူငယ်ချင်း ငွေတိုက်ဝန်ထောက် မောင်ဘသော်၏ နေအိမ်သို့ ညနေတိုင်း တင်းနစ်သွား၍ ကစားလေ့ရှိလေ၏။ ယင်းကဲ့သို့ သွားရောက်သည့်အခါ မောင်ဘသော်က မော်တော်ကားနှင့် လာလာ၍ ခေါ်ပြီးလျှင် ပြန်သောအခါ၌လည်း ထိုနည်းအတူ ကားနှင့် လိုက်၍ ပို့တတ်လေ၏။ အမှုဖြစ်ပွားသော ညနေ၌ကား မောင်ဘသော်က လာရောက်ခေါ်ငင်ခြင်း မပြုသဖြင့်

မောင်ထွန်းစိန်က ဦးအောင်ဒွန်းအား မော်တော်ကား ခေတ္တငှားရမ်းရန် ပြောဆိုလေရာ ဦးအောင်ဒွန်းက မငှားလိုကြောင်း ပြောဆိုသဖြင့် တူဝရီးနှစ်ယောက် အချင်းဖြစ်ပွားကြသည်ကို အစေခံ ဘိုးမှန်က တစ်ခွန်းတစ်လေ ကြားမိလေ၏။

**ဒွန်း**။ ။'ငါကားဝယ်ထားတာ မင်းအပျော်စီးဖို့ ဝယ်ထားတာ မဟုတ်ဖူးကွ၊ သိရဲ့လား'

**စိန်**။ ။'သည်အကောင်က နဖူးကချွေး ခြေမ ကျအောင် လုပ်နိုင်လို့ ခင်ဗျား စီးနိုင်တာပါဗျာ၊ အနို့မို့ ကားဝေးရော့၊ လန်ခြားတောင် ခင်ဗျား မစီးရဘူးဗျ'

**ဒွန်း**။ ။'ဟေ့ မင်းက လန်ခြား မဟုတ်ဘူး၊ မသာရထားကြီး ငါစီးသွားတာ မြင်ချင်လှပါပြီကွဲ့၊ ငါသိပါတယ်'

**စိန်**။ ။'မြင်ချင်တယ်ဗျာ ၊ ဘာဖြစ်သလဲ'

ထိုခဏ၌ မစောမြိုင်သည် သစ်လွင်သော အဝတ်အစားများနှင့် ပြုံးရယ်ကာ အခန်းတွင်းသို့ ဝင်လာ၍ တူဝရီး နှစ်ယောက်တို့ ရန်ဖြစ်ခြင်း အကြောင်းရင်းကို သိရှိသည်နှင့် တစ်ပြိုင်နက်

'လာပါလေ ကိုထွန်းစိန်၊ ကျွန်မလဲ ဖေဖေတို့ အိမ်ကို သွားမယ်လို့ မစ်ရှင်လမ်းကို ရောက်ဦးမှာပဲ ၊ ကျွန်မကားနှင့် လိုက်ခဲ့တာပေါ့၊ အပြန်တော့ တော်သလို ကြံဖန်ပြီး ပြန်ခဲ့တာပေါ့ ရှင်' ဟု ပြောပြီးလျှင် လင်ဖြစ်သူ ဦးအောင်ဒွန်း၏ အနီးသို့ ချဉ်းကပ် ပခုံးကို ပုတ်ကာ 'ကိုကိုကြီးက တယ်ပြီး စိတ်တိုတာကိုး၊ လူပုမှ စိတ်ဆိုးတယ် ဆိုပါတယ်၊ လူရှည်များလည်း ဒေါသ အကြီးသားပဲကိုး၊ ကိုင်း ကိုင်း လာ ကိုထွန်းစိန် သွားကြမယ်'

ငှင်းနောက် မောင်ထွန်းစိန်နှင့် မစောမြိုင်တို့သည် ကားထားသော နေရာသို့ သွားကြစဉ် မစောမြိုင်က မောင်ထွန်းစိန်အား ပြုံးရယ်ကာ ပြောလိုက်သည်ကို အစေခံဘိုးမှန်က ကြားရသည်မှာ

**မြိုင်**။ ။'ကိုထွန်းစိန်ကလည်း သည်းခံမှပေါ့၊ အဘိုးကြီးဆိုတာ အသက်ကြီးတော့ စိတ်တိုတတ်တာ မျိုးကလား ကိုထွန်းစိန်ရဲ့'

**စိန်**။ ။'တိုပဲ တိုလွန်းလှတယ်ဗျာ၊ အခုတလော စံဖဲ ထနေတယ် ပြောတယ်၊ သည်လူကြီးများ လာပြီး သတ်သွားရင် တော်လေရော့မယ်ဗျာ'

ငှင်းတို့ နှစ်ယောက် ကားနှင့် ထွက်သွားကြပြီးနောက် ဦးအောင်ဒွန်းသည် ထိုင်ရာမှ ထ၍ စင်္ကြံလျှောက်ရင်း လက်သီးလက်မောင်း တန်းလျက် ရှိသည်ကိုလည်း အစေခံဘိုးမှန်က တွေ့မြင်ရလေ၏။

မစောမြိုင်သည် မိမိ၏ မိဘများအိမ်မှ ပြန်လာသော အခါ မိမ၏ ခင်ပွန်း ဦးအောင်ဒွန်းမှာ ဒေါသ မပြေပျောက်သေးအောင် ရှိနေသည်ကို တွေ့မြင်သည်နှင့် ရယ်စရာ မောစရာ စကားတို့ကို ရွှင်ပြသောမျက်နှာထားနှင့် အလျင်မပြတ် ပြောဆိုလေရာ ဦးအောင်ဒွန်းသည် မျက်မှောင်ကြုတ်ခြင်း ပြေပျောက်သော်လည်း ဝမ်းတွင်း၌မူ တငွေ့ငွေ့ လောင်ကျွမ်းလျက်ရှိသည့် လက္ခဏာနှင့် ဆိတ်ငြိမ်စွာ ရှိခဲ့လေ၏။

ညအခါ ထမင်းစားချိန် ရောက်သော်လည်း မောင်ထွန်းစိန်သည် အိမ်သို့ မပြန်လာသေးဘဲ ရှိလေရာ

**ဒွန်း**။ ။'ဟေ့ ဘိုးမှန်၊ ထမင်းပြင်လေကွယ်၊ ၇ နာရီ ထိုးပါပြီကော'

**မှန်**။ ။'ကိုထွန်းစိန် မလာသေးလို့ ခင်ဗျ'

**ဒွန်း**။ ။'သူများ စားချိန် ပြန်မလာတဲ့ အကောင်၊ တော်သွားရင်ကော သနားရဦးမှာလား ကွဲ့'

**မြိုင်**။ ။'ပြင်သာပြင်ပါကွယ်၊ မင်းပြင်တုန်း ရောက်လာပါလိမ့်မယ်'

ထမင်းပြင်ပြီး၍ ထမင်းစားကြသောအခါ မောင်ထွန်းစိန် မပေါ်လာ၊ ထမင်းစား၍ ပြီးကြသော်လည်း မပြန်လာသေးဘဲ ရှိလေ၏။

ည ၉ နာရီထိုးသဖြင့် အိပ်ရာသို့ ဝင်ကာနီးတွင် ဦးအောင်ဒွန်းက ဘိုးမှန်အား ..

'ကိုင်း၊ မင်းလဲ အိပ်ချေတော့ ၊ ထွန်းစိန်လာရင် ငါကိုယ်တိုင် တံခါးဖွင့်ပေးမယ်၊ မင်း မဖွင့်နှင့် ကြားလား'

**မှန်**။ ။'ဟုတ်ကဲ့ ခင်ဗျ'

၁၀ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဘိုးမှန်သည် အိမ်ရှေ့မှ မြင်းရထား တစ်စီး ရပ်သံကြားရသဖြင့် မောင်ထွန်းစိန် ဖြစ်ကြောင်းသိသော်လည်း ဦးအောင်ဒွန်းက ဖွင့်မပေးရန် မှာထားသဖြင့် ဖွင့်၍ မပေးဝံ့ဘဲ ရှိလေ၏။ အစေခံမကလေး မိရှင်နှင့် ထမင်းချက် မိန်းမကြီး ဒေါ်ကျော့ တို့မှာမူ မိုးကလေး တစိမ့်စိမ့် ရွာနေသဖြင့် အိပ်ပျော်လျက် ရှိနေကြလေ၏။

ဦးအောင်ဒွန်းနှင့် ဇနီး မစောမြိုင်တို့မှာမူ ၉ နာရီကျော်ကျော်လောက် အချိန်က အိပ်ရာသို့ဝင်ကြ၍ တစ်အိမ်လုံးမှာ မီးငြိမ်းပြီး သဖြင့် မောင်ထွန်းစိန် ရောက်လာသော အခါ၌ ပြတင်းပေါက်၊ တံခါးပေါက် အစရှိသည်တို့ကို ပိတ်ဆို့ပြီးဖြစ်၍ မှောင်နှင့်မည်းမည်း ရှိပြီးလျှင် မိုးကလေးလဲ တဖွဲဖွဲ ရွာလျက်ရှိလေ၏။

ပထမ၌ အိမ်တံခါးကို ဖြေးညှင်းစွာ ခေါက်သံကြားပြီးနောက် လူများမနိုးကြသည်ကို တွေ့သဖြင့် တဖြည်းဖြည်းကျယ်သည်ထက် ကျယ်လောင်စွာ တီးခေါက်ဟစ်အော် ခေါ်ငင်လျက်ရှိရာ ခွေးများမှာလည်း တစီစီနှင့် ရှိသဖြင့် မိရှင်နှင့် ဒေါ်ကျော့ တို့ပင်လျှင် အိပ်ရာမှ နိုးကြရာတွင် တံခါးဖွင့်ရန်အလုပ်မှာ ဘိုးမှန်၏ အလုပ်ဖြစ်၍ မထဘဲ ရှိကြရာ ဘိုးမှန်ကလည်း မဖွင့်ရန်မှာထားသောကြောင့် မဖွင့်ဝံ့ဘဲ နားထောင်၍သာ နေလေ၏။

အိမ်ရှေ့မှ ခေါက်သံအော်သံများ ကြားရပြီးနောက် လူများမနိုးသည်နှင့် အိမ်နောက်မှ လှည့်၍ နောက်ဖေးတံခါးကို ခေါက်သံကိုလည်း အစေခံများ ကြားကြရလေ၏။ သို့ပါသော်လည်း အစေခံတို့သည် မိုးအေးအေးနှင့် ကွေးလျက်ရှိကြရာ တစ်ခဏမျှ ကြာသောအခါ နောက်ဖေးမှ သေနတ်သံတစ်ချက်ကို ရုတ်တရက် ကြားရလေ၏။ ထိုအခါ အစေခံတို့သည် နားစွင့်၍ ထောင်ကြသော်လည်း ထပ်မံ၍ လူသံဟူ၍ မကြားရဘဲ မိုးကလေး တစိမ့်စိမ့် ကျလျက်ရှိသည့် အသံကိုသာလျှင် ကြားကြရလေ၏။ ထိုအခါ အစေခံအားလုံးတို့သည် ထ၍လည်း မကြည့်ဝံ့၊ အိပ်လည်း မအိပ်ဝံ့ဘဲ တုန်လှုပ်ကာ ရှိနေကြသည်တွင် မစောမြိုင်သည် ဒေါ်ကျော့နှင့် မိရှင်တို့ အိပ်သောအခန်းသို့ လက်နိပ်ဓာတ်မီး တစ်ခုကို ကိုင်လျက် ဝင်လာကာ

'ဒေါ်ကျော့ ဒေါ်ကျော့ ၊ ထစမ်းပါဦးရှင့်၊ ဒုက္ခဖြစ်ကုန်ကြပြီ ထင်တယ်၊ ထစမ်းပါဦးရှင့် ၊ ဘိုးမှန်ကိုလည်း နှိုးစမ်းပါဦး '

ထိုအခါ အစေခံအားလုံးတို့သည် အိပ်ရာမှ လူးလဲ၍ ထကြရာ ဘိုးမှန်က ဓာတ်မီးများကို ဖွင့်လိုက်သဖြင့် အလွန်တရာ ကြောက်ရွံ့တုန်လှုပ်ဟန် လက္ခဏာရှိသော မိမိတို့၏ သခင်မကို မြင်သောအခါ သာ၍ပင် တုန်လှုပ်ကြလေ၏။ ထိုအခါ မစောမြိုင်သည် ဘိုးမှန်၏ လက်ထဲသို့ ဓာတ်မီးကို ထည့်လျက် 'နောက်ဖေးတံခါးပေါက်က ထွက်ကြည့်စမ်းကွယ်၊ လက်နိပ်ဓာတ်မီးနှင့် ထိုးကြည့်စမ်းပါကွယ်' ဟု တုန်တုန်လှုပ်လှုပ်နှင့် ပြောသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်ဖေးတံခါးပေါက်မှ ရပ်ကာ လက်နိပ်ဓာတ်မီးနှင့် ထိုး၍ကြည့်လိုက်သည်တွင် ပထမလှေကားထစ်ပေါ်တွင် မည်းမည်းအရာဝတ္ထုကို တွေ့မြင်ရလေ၏။ ၎င်းနောက် သေချာစွာ ထပ်မံကြည့်ရှုသည်တွင် 'အောင်မယ်လေး လုပ်ကြပါဦးဗျာ' ဟု ဟစ်အော်မိလေ၏။ အကြောင်းကိုဆိုသော် လှေကားထစ်ပေါ်၌ တစ်ပိုင်းတစ်စ၊ မြေပေါ်၌ တစ်ပိုင်းတစ်စ တင်လျက် ဦးအောင်ဒွန်း၏ အလောင်းသည် သွေးပွက်ပွက် ယိုစီးလျက် အလျားမှောက်ကာ ရှိနေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်ပေ၏။ ဘိုးမှန်အော်သံ ကြားသည်နှင့် တစ်ပြိုင်နက် မိရှင်နှင့် ဒေါ်ကျော့ တို့လည်း မည်သို့ဖြစ်မှန်း မသိရသေးမီ ကယ်ပါ ယူပါနှင့် တစာစာ အော်ဟစ်လျက်ရှိကြရာ မစောမြိုင်တစ်ယောက် သာလျှင် အိန္ဒြေဆည်နိုင်သည့် လက္ခဏာ ရှိလေ၏။

၎င်းနောက် မော်တော်ကား မောင်းသမားကိုလည်း နိုးစေပြီးလျှင် ဘိုးမှန်နှင့် ကားမောင်းသမားတို့သည် ဦးအောင်ဒွန်း၏ အလောင်းကို အိမ်တွင်းသို့ ပွေ့ချီ၍ သွင်းခဲ့ကြလေ၏။ ၎င်းနောက် ဌာနာသို့ တယ်လီဖုန်းနှင့် အကြောင်းကြားရာ ဌာနာအုပ်က လာရောက်ကြည့်ရှုပြီးနောက် ထိုအမှုသည် မောင်အုန်းဖေ၏ လက်သို့ ရောက်လေ၏။

အင်စပိတ်တော် မောင်အုန်းဖေသည် အမှုနှင့် ပတ်သက်၍ သွားရောက်စုံစမ်း စစ်ဆေးသည့်အခါ တူဝရီးနှစ်ယောက်တို့ မသင့်မတင့် ရှိကြ၍ မကြာခဏ ခိုက်ရန်ဖြစ်ပွား စကားများကြသည်များကို သိရှိရသည်နှင့် တစ်ပြိုင်နက် ဦးအောင်ဒွန်းအား သတ်သောသူမှာ အခြားမဟုတ် မောင်ထွန်းစိန်ပင် ဖြစ်သည်ဟု ထင်မြင်သဘော ရရှိခဲ့လေ၏။ မောင်အုန်းဖေ ရောက်သွားပြီးနောက် အလောင်းကို သေချာစွာ ကြည့်ရှုရာ အလောင်းမှာ ရင်ဝ၌ သေနတ်ဒဏ်ရာ တစ်ခုကို တွေ့ရှိရ၍ ကျည်ဆန်သည် နှလုံးသားကို ဖောက်ထွင်း၍ သွားသည် ဖြစ်သောကြောင့် ဦးအောင်ဒွန်းသည် ပွဲခြင်းပြီး သေဆုံးကြောင်း သိရှိရလေ၏။ ထို့ပြင် အလောင်းနှင့် ကိုက်ပေါင်း နှစ်ဆယ်ကျော်ခန့် ဝေးကွာသည့် အိမ်နောက်ဖေး ဝင်းပြင်၌လည်း ခြောက်လုံးပြူးသေနတ် တစ်လက်ကို တွေ့ရှိရလေ၏။ ၎င်းခြောက်လုံးပြူးသေနတ်မှာလည်း ဦးအောင်ဒွန်း၏ သေနတ်ပင်ဖြစ်ကြောင်း သိရှိရသော်လည်း ဦးအောင်ဒွန်းသည် မိမိကိုယ်ကို မိမိ သေနတ်နှင့် ပစ်သတ်သည်ဟု ယူဆရန်

များစွာ ခဲယဉ်းလေ၏။ အကြောင်းကို ဆိုသော် ဦးအောင်ဒွန်းသည် မိမိ၏ ရင်ဝကို သေနတ်နှင့် ပစ်ပြီးနောက် ကိုက်ပေါင်းနှစ်ဆယ်ခန့် ဝေးသည့်အရပ်သို့ရောက်အောင် သေနတ်ကို လွှင့်ပစ်ရန် မည်သည့်နည်းနှင့်မျှ မတတ်နိုင်သောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ပုလိပ်အရာရှိတို့၏ ထင်မြင်ချက်မှာ တစ်စုံတစ်ယောက်သော သူသည် ၎င်းသေနတ်နှင့် ဦးအောင်ဒွန်းအား အနီးမှ ကပ်၍ ပစ်သတ်ပြီးနောက် အိမ်နောက် ဝင်းထရံကို ကျော်၍ ထွက်ပြေးရာ သေနတ်ကို ပြေးရင်းလွှားရင်း ကျန်ရစ်သည်ဖြစ်စေ၊ သို့တည်းမဟုတ် မိမိ၏ လက်၌ သေနတ်တွေ့ရှိက အပြစ်ရောက်သည်ကို သတိရ၍ တမင်ချထားခဲ့သည် ဖြစ်စေ ဖြစ်ရမည်ဟု ထင်မြင်သဘော ရရှိလေ၏။ ၎င်းသေနတ်မှာ ဦးအောင်ဒွန်း၏ သေနတ်ပင် ဖြစ်လေရကား မောင်အုန်းဖေက မစောမြိုင်အား ထိုသေနတ်ကို မောင်ထွန်းစိန် ကိုင်တွယ်သည်ကို မြင်ဖူးလေသလော၊ ထိုည၌ ဦးအောင်ဒွန်း၏ အိပ်ရာအနီး၌ သေနတ်ကို မြင်မိပါသလောဟု မေးမြန်းရာ မစောမြိုင်သည် သေနတ်ကို မောင်ထွန်းစိန် ဘယ်အခါမှ မကိုင်တွယ်ဖူးကြောင်းနှင့် အစစ်ခံလေ၏။ သို့ရာတွင် အစေခံတို့ကမူ ရံဖန်ရံခါ မောင်ထွန်းစိန်၏ လက်၌ ထိုသေနတ်ကို မြင်ဖူးကြောင်းနှင့် အစစ်ခံကြလေသည်။ သို့ဖြစ်၍ မောင်အုန်းဖေ၏ ထင်မြင်ချက်မှာ မောင်ထွန်းစိန်သည် မစောမြိုင်နှင့် ချစ်ကြိုက်နေကြသည် ဖြစ်၍ ကာကွယ်လိုသော သဘောနှင့် လိမ်လည်၍ အစစ်ခံသည်ဟု ထင်မြင်ခဲ့လေ၏။ ၎င်းအကြောင်းများကို မောင်အုန်းဖေက ပြန်ပြောင်းပြောပြပြီးသော အခါ

**ရှား။** ။'နေပါဦး ကိုအုန်းဖေရဲ့၊ သည်သေနတ်က မောင်ထွန်းစိန် လက်ထဲ ဘယ်နည်းနှင့် ရောက်နိုင်သလဲ'

**ဖေ။** ။'သူ ယူသွားချင် ယူသွားနိုင်တာကိုး ဆရာ'

**ရှား။** ။'တင်းနစ်ကစား သွားတယ်ဆို မဟုတ်လားဗျ၊ တင်းနစ်ကစားသွားရာမှာ ခြောက်လုံးပြူးသေနတ်ကို ယူသွားပါ့မလားဗျာ'

**ဖေ။** ။'ဆရာ ဝင်ရှုပ်လျှင်တော့ ကျွန်တော့်ဟာတွေ အူပေါက်ကုန်တော့မယ်၊ အိမ်ပေါ်က ဦးအောင်ဒွန်းက ဒေါသတကြီးနှင့် သေနတ်ကိုင်ပြီး ဆင်းလာတော့ တူဝရီး နှစ်ယောက် စကားများပြီး မောင်ထွန်းစိန်က သူ့လက်ထဲက သေနတ်ဆွဲလုပြီး သူ့ပြန်ပစ်လျှင်ကော ဆရာ'

**ရှား။** ။'အစေခံတွေလဲ နိုးနေတယ်ဆို မဟုတ်လား၊ တကယ်ဆိုတော့ စကားများကြလျှင် ကြားကြဖို့ကောင်းတယ်'

**ဖေ။** ။'မိုးကလဲ ရွာ၊ အိမ်ကြီးကလဲ ကြီးတော့ တစ်အိမ်လုံးလုံးတော့ ကြားကောင်းမှ ကြားကြမယ် ဆရာရဲ့၊ ပြီးတော့လဲ တူဝရီးနှစ်ယောက်က နည်းနည်းမှ သင့်မြတ်ကြတာ မဟုတ်ဘူး၊ ခဏခဏလဲ ရန်ဖြစ်ကြတယ်၊ ပြီးတော့ ဦးအောင်ဒွန်း သေရင်လဲ မောင်ထွန်းစိန်မှာ တစ်လ ငွေ ၁၅၀၀ ကျပ် အပေးရငြိမ်းသွားမယ်၊ ဟိုညကလဲ တံခါးကို အတန်တန် ခေါက်လိုခေါက် ခေါ်လိုခေါ် ပြုလျက်နှင့် ဖွင့်မပေးလို့ စိတ်ဆိုးပြီး နေရတဲ့အထဲ ဦးအောင်ဒွန်းက လာတည့်ပြီး မခံချင်အောင်ပြောမယ်ဆိုတော့ ပြုမိပြုရာ မပြုမိပေဘူးလား ဆရာ၊ ပြီးတော့ တစ်ချက်ကလဲ ငွေတိုက်ဝန်ထောက်အိမ်မှာ ဟိုညက မောင်ထွန်းစိန်က ညစာစားသွားတဲ့အခါမှာ အသောက်ကလေး နည်းနည်းလွန်သွားတယ်လို့လဲ သတင်းကြားတယ် ဆရာ'

**ရှား။** ။'နို့ နေပါဦးဗျာ ၊ ဦးအောင်ဒွန်း သေပြီးတဲ့နောက် ခင်ဗျား သူ့အိမ်ကို ရောက်တော့ ဝင်းထဲမှာ ခြေရာတွေ ဘာတွေ ခင်ဗျား ကြည့်သေးသလား'

**ဖေ။** ။'ကျွန်တော်က မနက်လင်းမှ ရောက်သွားတယ် ဆရာ၊ ကျွန်တော်ရောက်တော့ ညကလဲ မိုးကလေးက ရွာထားလေတော့ ခြေရာရယ်လို့ ထင်ထင်ရှားရှား ဘာမှ ကျွန်တော် မတွေ့ရဘူး'

**ရှား။** ။'ဦးအောင်ဒွန်းက ထိုညက အိပ်ရာထဲ ဝင်ပြီးမှ ထသွားသတဲ့လား'

**ဖေ။** ။'အိပ်ရာထဲ ဝင်အိပ်ပြီးမှ မောင်ထွန်းစိန်က အိမ်ရှေ့က တော်တော်ကြာအောင် ခေါက်တော့မှ အိပ်ရာက ငေါက်ကနဲ ထပြီး ဆင်းသွားတယ်လို့ မစောမြိုင်က ပြောတယ် ဆရာ'

**ရှား။** ။'သည့်ပြင် ထူးခြားတဲ့ အချက်၊ ဘာများတွေ့မြင်ရသေးသလဲ ဗျ'

**ဖေ။** ။'ပြော် တစ်ခုတော့ရှိတယ် ဆရာရေ့၊ ဦးအောင်ဒွန်းဟာ သေသည့်အခါက သူ့ခြေထောက်မှာ ဖိနပ်စွပ်လျက် မရှိဘူး၊ သူ့ဖိနပ်ကို အိပ်ရာနားမှာ တွေ့လို့ ကြည့်တဲ့အခါမှာ ရွှံ့တွေကပ်နေတာ တွေ့ရတယ်၊ ဖိနပ်ကို ဓာတုဗေဒဆရာ ရုံးသို့ ပို့တဲ့အခါမှာ ဖိနပ်မှာ ကပ်နေတဲ့ ရွှံ့ဟာ အိမ်ဝင်းထဲမှာ ရှိတဲ့ မြေကြီးနှင့် တူညီကြောင်း အစစ်ခံတယ်၊ ရွှံ့ရှိတာကလဲ မိုးရွာပြီးတဲ့နောက်မှ ရှိတဲ့ရွှံ့ဖြစ်လေတော့ ထိုညက သည်ဖိနပ်မှာ ဘယ်နည်းနှင့် ရွှံ့ကပ်နေရတယ် ဆိုတာ ကောင်းကောင်းကြီး မရှင်းလင်းဘူး ဆရာ'

**ရှား။** ။'သည်တစ်ချက်တော့ တော်တော်ကောင်းတယ်ဗျို့၊ သို့သော် ခင်ဗျား ဘယ့်နှယ်ထင်သလဲ၊ မစောမြိုင်က ဘယ်လိုများပြောသလဲ'

**ဖေ။** ။'မစောမြိုင်က ပြောတော့ အိပ်ကာနီးမှာ ဦးအောင်ဒွန်းက အိမ်အောက်ဆင်းပြီး အိမ်ကို ပတ်ပတ်လှည့်သလိုလို ပြောတယ်'

**ရှား။** ။'မစောမြိုင်နှင့်လဲ ကျုပ်တွေ့ချင်သဗျာ၊ ကိုအုန်းဖေ ခုနင်က ပြောတဲ့ ဖိနပ်တွေလဲ ကျုပ် ကြည့်စမ်းချင်တယ်'

**ဖေ။** ။'ဒါတော့ မခက်ပါဘူး ဆရာ၊ သူ့အိမ်သွားလျှင် တွေ့ကြရမှာပါပဲ၊ အချိန်လဲ ရှိပါသေးရဲ့၊ သည်ကနေ့ သွားချင်လျှင် လိုက်တာပေါ့ ဆရာ'

ငင်းနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် မောင်အုန်းဖေနှင့်အတူ ဘောင်ဒရီလမ်းသို့ ကားတစ်စီးနှင့် သွားရောက်ကြလေ၏။ ထိုအချိန်သည်ကား ည ၇ နာရီကျော် ရှိပြီဖြစ်၍ ဦးအောင်ဒွန်း၏ အိမ်မှာ ဓာတ်မီးများ ထိန်ထိန်လင်းလျက် ရှိရာ အိမ်တွင်းသို့ ဝင်မိကြ၍ မောင်အုန်းဖေက မောင်စံရှား၏ အမည်ကို မစောမြိုင်အား ပြော၍ပြသည်နှင့် တစ်ပြိုင်နက် မစောမြိုင်သည် မောင်စံရှားအား လောကွတ်ပျူငှာ ဧည့်ခံလေ၏။ မစောမြိုင်မှာ အသက် နှစ်ဆယ်ကျော်ခန့် ရှိ၍ သေးသေးသွယ်သွယ် ဖြူဖြူစင်စင် ရှိလျက် နဂိုအားဖြင့် ရွှင်ပြသော သဘောရှိသော သူငယ်မတစ်ယောက် ဖြစ်လေရာ လင်ယောကျ်ား သေဆုံးပြီးစ ဖြစ်သော်လည်း များစွာ စိတ်ညစ်ညူးသည့် လက္ခဏာမရှိဘဲ အင်္ကျီပါးနှင့် ဇာဘော်လီ၊ လုံချည်ခွဲလည်း အနားပန်းများ ထိုးလျက် သိုက်မြိုက်တင့်တယ်စွာ ဝတ်ဆင်ထားသည်ကို တွေ့ရှိရလေ၏။

**မြိုင်။** ။'ကြွပါရှင် ကြွပါ၊ ဦးစံရှားဆိုတာ နာမည်ကဖြင့် ကြီးပါပေရဲ့၊ လူချင်း မမြင်ဖူးသော်လည်း နာမည်ကိုတော့ ကြားရတာ ကြာလှပါပြီရှင်၊ ယခု လူကိုယ်တိုင် အိမ်ကို ကြွလာပေလို့ တွေ့ရ မြင်ရတာ အများကြီး ဝမ်းသာပါတယ် ရှင်'

**ရှား။** ။(မစောမြိုင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်) 'သည်အမှုမှာ မစောမြိုင် ဘယ်လို သဘောရသလဲ'

**မြိုင်။** ။'ကျွန်မဖြင့် မထင်တတ်အောင် ရှိနေပါတယ်'

**ရှား။** ။'မောင်ထွန်းစိန် သတ်တယ်ဆိုတာ မဟုတ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်'

**မြိုင်။** ။(ဝမ်းသာအားရနှင့် )'ကိုင်း ဘယ့်နှယ်ရှိစ အင်စပိတ်တော်မင်း၊ ကျွန်မက အစကတည်းက မပြောဘူးလား၊ ဘယ်နည်းနှင့်မှ မောင်ထွန်းစိန် သတ်တာ မဟုတ်ပါဘူးလို့ ကျွန်မ ပြောပါတယ်ရှင်'

**ဖေ။** ။'မောင်ထွန်းစိန် မသတ်လျှင် ဘယ်သူက သတ်ဦးမှာလဲ ခင်ဗျာ'

**မြိုင်။** ။'ဒါတော့ ဘယ်ပြောတတ်မလဲရှင်၊ လူဆိုးဆိုတာ ချိုပေါက်တာမှ မဟုတ်ဘဲ၊ သတ်ချင်တဲ့လူက ချောင်းပြီးသတ်မှာပေါ့ရှင်'

**ရှား။** ။'ဒါထက် ဟိုညက ဦးအောင်ဒွန်းရဲ့ ဖိနပ်မှာ ရွှံ့တွေ လူးနေတယ်လို့ ကြားပါတယ်၊ တဆိတ် ကြည့်ပါရစေဗျာ'

**မြိုင်။** ။'ရွှံ့တွေတော့ ရှိမထင်ပါဘူးရှင်၊ သုတ်ပစ်လိုက်ပြီ ထင်ပါရဲ့၊ ဖိနပ်တော့ ကြည့်ချင် ကြည့်နိုင်ပါတယ်'

ငင်းနောက် မစောမြိုင်သည် အစေခံ ဘိုးမှန်အား ဖိနပ်ကို ယူခဲ့ရန် စေလွှတ်လိုက်ရာ ဘိုးမှန်သည် တရုတ်ချုပ် ပတ္တူဖိနပ် အဟောင်းတစ်ရံကို အခန်းတွင်းမှ ယူလာခဲ့လေ၏။ ထိုအခါ မောင်စံရှားသည် ဖိနပ်ကို ကိုင်၍ မှန်ဘီလူးနှင့် သေချာစွာ ကြည့်ရှုပြီးနောက် ..

**ရှား**။ ။'သည်ဖိနပ်ကို ဦးအောင်ဒွန်း အသုံးမပြုတာ တော်တော်ကြာပြီ ထင်တယ်'

**မြိုင်**။ ။'ဟုတ်ကဲ့ရှင်၊ တစ်ခါ တစ်ခါမှ သူစီးတယ်'

**ရှား**။ ။'သည်ဖိနပ်တစ်ဖက် ကျွန်တော် ဖျက်ကြည့်ပါရစေဗျာ'

**မြိုင်**။ ။'ဖိနပ်အဟောင်းကြီးကပဲ ရှင်၊ ဖျက်ချင် ဖျက်တာပေါ့'

ထိုအခါ မောင်စံရှားသည် ပတ္တူအထည်ကို မောင်းချဓားနှင့် လှီးဖြတ်ပြီးနောက် အတွင်းမှ အောက်ခံသားရေကို သေချာစွာ မှန်ဘီလူးနှင့် ကြည့်ရာ မိမိမျှော်လင့်သည့် အတိုင်း တစ်စုံတစ်ခုကို တွေ့ရှိသည့် လက္ခဏာနှင့် မျက်စချီလျက် ရှိလေ၏။ ထိုအခြင်းအရာကို မစောမြိုင်သည် မျက်စိလျှင်သူ တစ်ယောက်ဖြစ်၍ တွေ့မြင်ရသောအခါ

**မြိုင်**။ ။'ဘာများတွေ့လို့လဲ ရှင် ဦးစံရှား'

**ရှား**။ ။'သည်ဖိနပ်ကို ဦးအောင်ဒွန်း မစီးတာ ကြာတဲ့အကြောင်း တွေ့ရလို့ ပါဗျာ၊ ဦးအောင်ဒွန်း မစီးပေးမယ့် ဟိုညက တစ်ယောက်ယောက် စီးတဲ့ လက္ခဏာ ရှိတယ်'

**မြိုင်**။ ။(ရယ်မောလျက်) 'ကြံကြံစည်စည်ရှင်၊ သူ့ ဖိနပ်ကို သူ မစီးလို့ ဘယ်သူက စီးဦးမှာလဲ ရှင်'

**ရှား**။ ။'ဘယ်သူ စီးတယ်တော့ မပြောတတ်သေးဘူး၊ သို့သော် သူ့ခြေရာတော့ မဟုတ်ဘူး'

**မြိုင်**။ ။(မျက်နှာပျက်သော်လည်း ဟန်ဆောင်ကာရယ်မောလျက်) 'လူကိုမှ မမြင်ရသေးဘူးဘဲနှင့် သူ့ခြေရာ ဟုတ်မဟုတ် ပြောနိုင်တာ တော်လဲ တော်ပါပေတယ်ရှင်၊ ဒါကြောင့်လဲ ဦးစံရှားဆိုတာ ကျော်ကြားပေတာပဲ'

ထိုအခါ မောင်စံရှားသည် မိမိအား လှောင်ပြောင်၍ ပျက်ရယ်ပြောဆိုသည်ကို ပမာဏမပြုဘဲ မိမိမေးရန် မေးခွန်း လေးငါးခွန်း ကို မေးမြန်းပြီးနောက် မစောမြိုင်အား နှုတ်ဆက်၍ ကျွန်တော်တို့သည် အိမ်မှ ထွက်လာခဲ့ကြလေ၏။ မစောမြိုင်မှာမူ ကျွန်တော်တို့ ပြန်လာသော အခါ လာစအခါက ကဲ့သို့ ရွှင်ပြသော အမူအရာ မရှိဘဲ အနည်းငယ်တွေဝေလျက် ကျန်ရှိရစ်လေ၏။ လမ်းခရီးတွင်

**ဖေ**။ ။'ဘယ့်နှယ်လဲ ဆရာ ၊ ဖိနပ်ကို ဦးအောင်ဒွန်း မစီးဘဲ တစ်ယောက်ယောက်က စီးတယ် ဆိုတာ တကယ်လားဗျာ'

**ရှား**။ ။'တကယ်ပါဗျာ'

**ဖေ**။ ။'နို့ ဘယ်သူလဲဆရာ'

**ရှား**။ ။'မစောမြိုင်လေ'

**ဖေ**။ ။(အံ့ဩလျက် ) 'ဆရာ ဘယ့်နှယ်သိသလဲ'

**ရှား**။ ။'ဖိနပ်က မစီးတာ ကြာလေတော့ အတွင်းက မြူတွေတင်နေတယ် ဗျ၊ ပတ္တူကို ဓားနှင့် ခွဲကြည့်တော့ မိန်းမခြေရာကလေး တွေ့တာပေါ့ဗျ'

**ဖေ**။ ။'ဒါဖြင့် မစောမြိုင် သတ်တာပေါ့လေ ဆရာ'

**ရှား**။ ။'သည်လိုလဲ ကျုပ်မဆိုလို၊ ဖိနပ်ကို ဟိုညက မစောမြိုင် စီးတဲ့ အကြောင်းကိုသာ ကျုပ် ပြောလိုတယ်'

**ဖေ**။ ။'ဘယ်လို ရည်ရွယ်ချက် ရှိလို့လဲ ဆရာ '

**ရှား**။ ။'ငွေ ၃၀၀၀၀ ကျပ် ရဖို့ ရည်ရွယ်ချက် ပေါ့ဗျ'

**ဖေ**။ ။'ဘယ်က ငွေ ၃၀၀၀၀ ကျပ်လဲ ဆရာ'

**ရှား**။ ။'အသက်အာမခံထားတဲ့ ငွေ ၃၀၀၀၀ ကျပ် လေ၊ အသက်အာမခံထားတဲ့ ဥပဒေ အရမှာ ကိုယ့်ကိုယ်ကို သတ်လျှင် ငွေ မရဘူး၊ သူတစ်ပါးက သတ်လျှင် ငွေရတယ် ၊ သည်လို မဟုတ်လား'

**ဖေ**။ ။'ဟုတ်တယ် ဆရာ'

**ရှား**။ ။'အဲဒါကြောင့် သည်ငွေကို ရအောင် မစောမြိုင်က ဆင်တာပေါ့ဗျာ'

**ဖေ**။ ။'ဒါဖြင့် ဦးအောင်ဒွန်းဟာ သူတစ်ပါး သတ်လို့ သေသည် မဟုတ်၊ သူ့ကိုယ်သူ သတ်တာပေါ့ ဆရာ'

**ရှား**။ ။'သည်လိုပဲ ကျုပ် ယူဆတယ်၊ သို့သော် မောင်ထွန်းစိန်ကို ကျုပ် ခဏလောက် တွေ့ချင်တယ်ဗျာ၊ မသေထိုက်ဘဲနှင့် မသေရှာပါစေနှင့်၊ သူ့ ရှေ့နေ ဘယ်သူလဲ'

**ဖေ**။ ။'ဝတ်လုံ ဦးထွန်းမြင့် ဆရာ'

**ရှား**။ ။'ဦးထွန်းမြင့်ကိုလဲ ကျုပ်တွေ့ချင်တယ်ဗျာ၊ ဟိုနေ့ကျတော့ မစောမြိုင်ကို မေးခွန်းထုတ်ဖို့ စကားကလေးတွေ သင်ပေးချင်တယ်'

**ဖေ**။ ။'တွေ့ရပါစေ့မယ် ဆရာ'

နောက်တစ်နေ့ ညနေ၌ မောင်စံရှားသည် မြို့ထဲမှ ပြန်လာ၍ တိုက်ပေါ် သို့ တက်လာခဲ့ရာ

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲဗျ၊ သည်ကနေ့ တစ်နေ့လုံး ခင်ဗျား ဘယ်ပျောက်နေသလဲ'

**ရှား**။ ။'ဝတ်လုံကိုထွန်းမြင့်နှင့် တရားခံမောင်ထွန်းစိန်တို့ကိုသွားပြီးတွေ့ခဲ့တယ်ဗျ၊ ကံကောင်းလို့ကိုသိန်းမောင်ရှေ့၊ ကျုပ်တို့ အထက်က ပြန်ရောက်တာ နည်းနည်းကလေး နောက်ကျသွားရင် ခများ တစ်ယောက်တော့ ကြိုးပေးခံရတော့မှာပဲ ဗျို့'

**ကျွန်တော်**။ ။'နို့ နေရာကျခဲ့ပြီလားဗျာ'

**ရှား**။ ။'ဟုတ်ကဲ့ ကိုထွန်းမြင့်ကို မေးခွန်းထုတ်စရာတွေ သင်ပြထားခဲ့ပါပြီ'

**ကျွန်တော်**။ ။'ဘာတွေများ သင်ခဲ့သလဲဗျာ'

**ရှား**။ ။'မနက်ဖြန်ကျတော့ တရားခွင်သွားပြီး အမှုစစ်တာ နားထောင်ရင် ကြားရပါလိမ့်မယ်ဗျာ'

မနက်ဖြန်တိုင်ရောက်သောအခါ ကျွန်တော်နှင့် မောင်စံရှားတို့သည် စက်ရှင်ရုံးသို့ သွား၍ တရားသူကြီးသည် တရားလိုဘက်မှ တင်ပြသော သက်သေများ၏ ထွက်ချက်တို့ကို ရေးသားသည်များကို လည်းကောင်း၊ စစ်ဆေး မေးမြန်းချက်များကိုလည်းကောင်း ဝင်ရောက်နားထောင်ကြလေရာ မောင်စံရှားမှာ တရားခံမောင်ထွန်းစိန်၏ ရှေ့နေ ကိုထွန်းမြင့် အနီးမှ ထိုင်လျက် ကျွန်တော်မှာ ဧည့်သည်များ ထိုင်သော ခုံရှည်၌ ထိုင်၍ နားထောင်လေ၏။

မောင်ထွန်းစိန်၏ ရှေ့နေဝတ်လုံမောင်ထွန်းမြင့်သည် မောင်စံရှားနှင့် တီးတိုးတိုင်ပင်ကြပြီးနောက် အစိုးရရှေ့နေကြီးက သက်သေအဖြစ်နှင့် တင်သွင်းခဲ့သော မစောမြိုင်ကို မေးခွန်းထုတ်လိုကြောင်းနှင့် ပြောဆိုရာ တရားသူကြီးလည်း သက်သေ မစောမြိုင်ကို သက်သေခန်းသို့ သွင်းခဲ့စေလေ၏။ ထိုအမှုမှာ လူဂုဏ်တန်များ၏ အမှုဖြစ်သောကြောင့် နားထောင်သူ ပရိတ်သတ်တို့လည်း အလွန်တရာ စည်ကားလေရာ မစောမြိုင်သည် မသစ်လွန်း မညှိုးလွန်းသော အဝတ်များကို ဝတ်ဆင်လျက် ညှိုးငယ်သော မျက်နှာကလေးနှင့် သက်သေခန်းသို့ ဝင်လာသည်ကို ပရိတ်သတ်တို့ တွေ့မြင်ကြရသောအခါ အချို့မှာ သနားဂရုဏာ ဖြစ်ကြ၍ အချို့ကလည်း ပရိယာယ်ကောင်းသည်၊ ဟန်လုပ်ကောင်းသည် စသည်ဖြင့် မဲ့ရွဲ့ကာ ကဲ့ရဲ့ကြလေ၏။

ကျွန်တော်မှာမူ မည်သို့မျှ ဆုံးဖြတ်ခြင်း မပြုသေးဘဲ ၎င်း၏မျက်နှာထားကို သေချာစွာ ကြည့်ရှုအကဲခတ်လျက် ရှိရာ မစောမြိုင်သည် စိန်ရွှေ စသည်တို့ကို ဝတ်ဆင်ခြင်း မရှိဘဲ ရှောတဘက်ကလေးကို ခြုံလျက် သက်သေခန်းသို့ ဝင်ပြီးနောက် ပရိသတ်များနှင့် တကွ ရှေ့နေများထိုင်သော စားပွဲကို သိမ်းကြုံး၍ ကြည့်သဖြင့် မောင်စံရှားနှင့် မျက်နှာခြင်းဆိုင်မိသည်နှင့် တစ်ပြိုင်နက် အနည်းငယ် မျက်နှာပျက်သွားသည်ဟု ကျွန်တော်၏ စိတ်၌ မှတ်ထင်ခဲ့လေ၏။ ၎င်းနောက် တရားခံဘက်မှ ရှေ့နေက ထိုင်ရာမှ ထ၍

**ရှေ့နေ**။ ။'အမှုဖြစ်ပွားတဲ့ညက အမှု ဖြစ်ပွားတဲ့ အချိန်ထိ မစောမြိုင် အိပ်မပျော်သေးဘူးလား၊ သို့မဟုတ် အိပ်ပျော်ရာက လန့်နိုးတာလား'

**မြိုင်**။ ။'အိပ်မပျော်သေးပါ'

**နေ**။ ။'အိမ်ရှေ့က တံခါးကို ခေါက်သံကြားသလား'

**မြိုင်**။ ။'ကြားပါသည်'

**နေ**။ ။'ခေါက်တော့ ဘယ်သူခေါက်တယ် ထင်သလဲ'

**မြိုင်**။ ။'ကိုထွန်းစိန် ခေါက်သည် ထင်ပါသည်'

**နေ**။ ။'ခေါက်သံကြားရုံနှင့် ကိုထွန်းစိန် ဖြစ်ကြောင်း အမှန် ပြောနိုင်သလား'

**မြိုင်**။ ။'ခေါ် သံကိုလည်း ကြားရပါသည်'

**နေ**။ ။'နောက်တစ်ခါ အိမ်နောက်က လှည့်ပြီး ခေါက်သံ ကြားသလား'

**မြိုင်**။ ။'ကြားပါသည်'

**နေ**။ ။'ဦးအောင်ဒွန်းကော ထိုအခါက နိုးနေသလား'

**မြိုင်**။ ။'အိပ်မပျော်သေးပါ နိုးနေပါသည်'

**နေ**။ ။'ဘာကြောင့် တံခါးကို ဖွင့်မပေးသလဲ'

**မြိုင်**။ ။'စိတ်ဆိုး၍ ဖွင့်မပေးပါ၊ ကျွန်မ ဖွင့်ပေးလိုက်ဖို့ ပြောပါသည်'

**နေ**။ ။'ဘယ်လောက်ကြာမှ ဦးအောင်ဒွန်း ထသွားသလဲ'

**မြိုင်**။ ။'ငါးမိနစ်လောက်ကြာမှ ဦးအောင်ဒွန်း ထသွားပါသည်'

**နေ**။ ။'ထသွားတဲ့ အခါ ဘာယူသွားသလဲ'

**မြိုင်**။ ။'မှောင်မိုက်နေသောကြောင့် ကျွန်မ မမြင်ရပါ'

**နေ**။ ။'ဦးအောင်ဒွန်း ထသွားစဉ်အခါမှာ ခေါက်သံ ကြားတုန်းပဲလား'

**မြိုင်**။ ။'ကျွန်မ အမှန် မပြောနိုင်ပါ၊ ကောင်းကောင်း မမှတ်မိပါ'

**နေ**။ ။'ဦးအောင်ဒွန်း ထသွားပြီး ဘယ်လောက်ကြာမှ မစောမြိုင် လိုက်သွားသလဲ'

**မြိုင်**။ ။'သေနတ်သံ ကြားတော့မှ လိုက်သွားပါတယ်'

ထိုခဏ၌ မောင်စံရှားသည် မောင်ထွန်းမြင့်အား တီးတိုးစကား ပြောကြားလျက် ရှိရာ မောင်ထွန်းမြင့်က ဦးခေါင်းညိတ်ပြီးနောက်

**နေ**။ ။'အိမ်ပေါ်က ဆင်းသွားလို့ အိမ်အောက် ရောက်တဲ့အခါမှာ ဘာကိုတွေ့သလဲ'

**မြိုင်**။ ။'ဦးအောင်ဒွန်း၏ အလောင်းကို တွေ့ပါသည်'

**နေ**။ ။'အလောင်းနားမှာ ဘာတွေ့သလဲ'

**မြိုင်**။ ။(မောင်စံရှား၏ မျက်နှာကို ဖြတ်ခနဲ မော်ကြည့်ပြီးနောက် ခေါင်းငုံ့လျက် ) 'ဘာမှ မတွေ့ပါ'

**နေ**။ ။'စဉ်းစားပြီးပြောပါ မစောမြိုင်၊ ဘာမှ မတွေ့ဘူးလား သူ့လက်ထဲမှာလေ'

**မြိုင်**။ ။'ဘာမှ မတွေ့ပါ'

**နေ**။ ။'ခြောက်လုံးပြူးသေနတ်ကို တွေ့တယ် မဟုတ်လား'

**မြိုင်**။ ။'မဟုတ်ပါ'

**နေ**။ ။'ခြောက်လုံးပြူးသေနတ်ကို တွေ့တော့ တောင်မြောက်လေးပါးကို ကြည့်ပြီး ဘာလုပ်သလဲ'

**မြိုင်**။ ။'အစေခံများကို နှိုးပါသည်'

**နေ**။ ။'အစေခံများကို မနှိုးမီ အိမ်ပေါ်ကို တစ်ဖန် ပြန်ပြီး တက်သွားတယ် မဟုတ်လား'

**မြိုင်**။ ။'မဟုတ်ပါ'

**နေ**။ ။'အိမ်ပေါ်ရောက်တော့ ဦးအောင်ဒွန်းရဲ့ ပတ္တူဖိနပ်ကြီးကို လက်က ကိုင်ပြီး တစ်ဖန်ဆင်းလာခဲ့တယ် မဟုတ်လား'

**မြိုင်**။ ။'မဟုတ်ပါ'

**နေ**။ ။'ဖိနပ်ကိုင် ဆင်းလာပြီး အလောင်းနားရောက်တော့ ဖိနပ်ကို စွပ်ပြီး ဦးအောင်ဒွန်းလက်က ခြောက်လုံးပြူးသေနတ်ကို ယူ၊ ယူပြီး အိမ်နောက်ကထွက် ၊ ဝင်းတံခါးနား သွားပြီး သေနတ်ကို လွှင့်ပစ်ခဲ့တယ် မဟုတ်လား'

**မြိုင်**။ ။(ငိုသံပါနှင့်) 'မဟုတ်ရပါ'

**နေ**။ ။'ပြီးတော့မှ အိမ်ပေါက်က ဝင်လာပြီး ဖိနပ်ကို ချွတ်ပြီးမှ အစေခံများကို နှိုးတယ် မဟုတ်လား'

ထိုခဏ၌ မစောမြိုင်သည် ရှေ့နေ၏ မေးခွန်းကို ဖြေဆိုခြင်း မပြုနိုင်ဘဲ မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ငိုယိုလျက် ရှိရာ ပရိသတ်အားလုံးတို့မှာ အံ့အားသင့်လျက် ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားမှာမူ အားရဝမ်းသာရှိသော မျက်နှာထားနှင့် ကျွန်တော်အား တစ်ချက်တစ်ချက် လှမ်း၍ ကြည့်လေ၏။ ထိုအခါ တရားသူကြီးသည် မစောမြိုင်အား မည်သည့်အတွက်ကြောင့် ငိုယိုရပါသနည်းဟု မေးမြန်းရာ မစောမြိုင်က ဟုတ်မှန်သည့် အတိုင်း ဖြောင့်ချက်ပေးပါတော့မည်ဟု ပြောပြီးလျှင် အောက်ပါအတိုင်း အစစ်ခံလေ၏။

ဦးအောင်ဒွန်းဆင်းသွားစဉ်အခါက လက်၌ ခြောက်လုံးပြူး သေနတ်ပါ၍ သွားသည်ကို မိမိအမှန် မသိရကြောင်း၊ အကယ်၍ မိမိ သိရှိခဲ့ပါမူ တစ်ယောက်နှင့် တစ်ယောက် လွန်လွန်ကြူးကြူး ဖြစ်ကြမည်ကို စိုးရိမ်ရသည်ဖြစ်၍ မိမိက မုချတားဆီးမည် ဖြစ်ကြောင်း၊ ဦးအောင်ဒွန်း ဆင်းသွားပြီးနောက် အတန်ကြာ၍ သေနတ်သံ ကြားရသောအခါ ဦးအောင်ဒွန်းသည် မောင်ထွန်းစိန်အား သေနတ်နှင့် ပစ်သတ်ပြီ ဟူ၍ မှတ်ထင်လျက် ဆင်းသွားခြင်းဖြစ်ကြောင်း၊ နောက်ဖေးတံခါးသို့ ရောက်၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သောအခါ မောင်ထွန်းစိန်၏ အလောင်းမဟုတ်၊ ဦးအောင်ဒွန်း၏ အလောင်းကို တွေ့ရှိရကြောင်း၊ ၎င်းနောက် လက်နှိပ်ဓာတ်မီးနှင့် အဝေးသို့ ထိုးကြည့်သောအခါ မောင်ထွန်းစိန်ကို မမြင်၊ ဦးအောင်ဒွန်း၏ လက်၌ ခြောက်လုံးပြူး သေနတ်ကို တွေ့မြင်ရကြောင်း၊ ထိုအခါ ဦးအောင်ဒွန်းမှာ မောင်ထွန်းစိန် သတ်၍ သေရခြင်းမဟုတ်၊ မိမိကိုယ်မိမိ သေနတ်နှင့် ပစ်၍ သတ်ခြင်း ဖြစ်ကြောင်းကို သိရှိရကြောင်း၊ ထိုအခါ မိမိ၏ နာမည်နှင့် အသက်အာမခံငွေ ၃၀၀၀၀ ကျပ်ကို ရုတ်တရက် သွား၍ သတိရကြောင်း၊ ဦးအောင်ဒွန်းသည် မိမိကိုယ်ကို မိမိ သတ်၍ သေခြင်း ဖြစ်ခဲ့လျှင် ထိုငွေ ၃၀၀၀၀ ကျပ်ကို မိမိရမည် မဟုတ်သည်ကိုလည်း သတိရကြောင်း၊ သို့ဖြစ်၍ ခြောက်လုံးပြူးသေနတ်ကို အလောင်း၏လက်မှ ယူ၍ တခြားသို့ ပစ်လိုက်ရသော် ကိုယ့်ကိုယ်ကို သတ်ခြင်း ထင်ရှားနိုင်မည် မဟုတ် ဟူ၍လည်း အကြံဖြစ်ကြောင်း၊ ယင်းသို့ အကြံရ၍ ခြောက်လုံးပြူးကို ယူပြီးလျှင် မိမိကိုယ်တိုင် သွား၍ ပစ်ချေမူ မိမိ၏ ခြေရာကို စုံထောက်များ မြင်၍ မိမိအပေါ်၌ သင်္ကာမကင်း ဖြစ်မည်ကို စိုးရိမ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဉာဏ်ရလာသည့် အလျောက် ဦးအောင်ဒွန်း၏ ဖိနပ်ဟောင်း တစ်ရံကို အိမ်ပေါ်မှ သွား၍ ယူပြီးလျှင် ၎င်းကို စွပ်လျက် ခြောက်လုံးပြူးကို ယူပြီးလျှင် နောက်ဖေး ဝင်းထရံကို ကျော်၍ လွှတ်ပစ်လိုက်ခြင်းဖြစ်ကြောင်း၊ ထို့နောက်မှ ဖိနပ်ကို နေရာတကျ ထားပြီးလျှင် အစေခံများကို နှိုးခြင်း ဖြစ်ကြောင်းနှင့် အစစ်ခံလေလျှင် တရားသူကြီးသည် လည်းကောင်း၊ ရှေ့နေများသည် လည်းကောင်း၊ ပရိသတ်များသည် လည်းကောင်း အံ့သြလျက် ရှိကြရာ မောင်စံရှား တစ်ယောက်သာလျှင် အံ့သြခြင်း ကင်းလျက် ခပ်ပြုံးပြုံး မျက်နှာထားနှင့် ရှိနေလေ၏။

၎င်းနောက် တရားသူကြီးက မစောမြိုင်အား ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် အပြစ်မရှိသော သူတစ်ယောက်အပေါ်၌ ထင်ယောင်ထင်မှား ဖြစ်စေ၍ ရက်စက်သော သဘောရှိကြောင်းနှင့် အပြစ်တင်လေရာ မစောမြိုင်က မိမိသည် ခြောက်လုံးပြူးသေနတ်ကို သွားရောက်စွန့်ပစ်စဉ် အခါက ထိုအမှု၌ အနည်းငယ်မျှ သတိမရမိခဲ့ကြောင်း၊ အကယ်၍ မောင်ထွန်းစိန် အပေါ်၌ အပြစ်ရောက်လိမ့်မည် ဟူ၍ မိမိ ပထမ သိခဲ့ရပါမူ မည်သည့်နည်းနှင့်မျှ ထိုကဲ့သို့ ပြုလုပ်လိမ့်မည် မဟုတ်ကြောင်း၊ မိမိမှာလည်း အကယ်၍ လင်ယောကျ်ား သေဆုံးခဲ့လျှင် အသက်အာမခံ ထားသော ငွေမှ တစ်ပါး တစ်ပြားတစ်ချပ်မျှ မရှိသည် ဖြစ်သောကြောင့် ကြံမိကြံရာ ကြံစည်ရခြင်း ဖြစ်ကြောင်းများနှင့် ငိုယိုမိကာ လျှောက်လဲလေလျှင်

တရားသူကြီးသည် မစောမြိုင်၏ အရွယ်ကလေးကို လည်းကောင်း၊ နုနယ်ပြေပြစ်သော ရုပ်အဆင်းကို လည်းကောင်း၊ ရုတ်တရက် ရှောင်တခင် ဖြစ်ရခြင်းကို လည်းကောင်း သနားကရုဏာ ဖြစ်ပေါ်ခဲ့သည့် လက္ခဏာ ရှိလေ၏။

ယင်းကဲ့သို့ ကရုဏာရှိသည့် အရ တရားခံ မောင်ထွန်းစိန်ကို အမှုမထင်ရှား သဖြင့် တရားသေ လွှတ်ပြီးနောက် အစိုးရရှေ့နေကြီးက မစောမြိုင် အပေါ်၌ အရေးယူရန် အကြံပေးသော အခါ တရားသူကြီးသည် အထက်ပါ ဒုက္ခကို အကြောင်းပြု၍ ပြစ်တင်ဆုံးမ ရုံနှင့် သာလျှင် ချမ်းသာ ပေးလိုက်လေ၏။

ထိုညနေ၌ လမ်း ၄၀ ရှိ ကျွန်တော်တို့၏ တိုက်ခန်းတွင် သေတွင်းမှ လွတ်လာသော မောင်ထွန်းစိန်သည် ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားအား မိမိ၏ အသက်ကို ကယ်ဆယ်သည့် အတွက် ကျေးဇူးတင်လှကြောင်းနှင့် အကြိမ်ကြိမ် အဖန်ဖန် ပြောဆိုလျက် ရှိလေသည်။ အင်စပိတ်တော် မောင်အုန်းဖေသည် တိုက်ပေါ် သို့ တက်လာ၍ မောင်ထွန်းစိန်၏ လက်ကို ဆွဲကာ တောင်းပန်လျက်

**ဖေ**။ ။'စိတ်မရှိပါနှင့် ကိုထွန်းစိန်၊ ကျွန်တော်တို့မှာ ဝတ္တရား မို့လို့ ပြောရတာပါဗျာ၊ ပြစ်မှုမရှိကြောင်း ထင်ရှားလို့ တရားခံ တစ်ယောက် လွတ်လာပြန်တော့ ကျွန်တော်က ဝမ်းသာတတ်တဲ့ လူတစ်ယောက်ပါဗျာ'

**စိန်**။ ။'ဘယ်လိုမှ သဘောမထားပါဘူး ခင်ဗျား၊ ကျွန်တော် စိတ်ကျေနပ်ပါတယ်'

**ဖေ**။ ။'ကောင်းပါလေဗျာ၊ ဒါထက် နေပါဦး ဆရာ၊ ဦးအောင်ဒွန်း ဘာပြုလို့ ကိုယ့်ကိုယ်ကို သတ်ရတာလဲ ဆရာရဲ့'

**ရှား**။ ။'သည်လိုဗျ၊ ခြောက်လုံးပြူးကို ကိုင်ပြီး အိမ်ပေါ်က ဆင်းလာတုန်းကတော့ မောင်ထွန်းစိန်ကို တွေ့လျှင် ပစ်သတ်ချင် ပစ်သတ်ဖို့ပဲ ၊ သို့သော်လဲ အိမ်အောက်ရောက်တော့ မောင်ထွန်းစိန်က မရှိနှင့်ဘူး ဟုတ်စ'

**စိန်**။ ။'ကျွန်တော်က အတန်တန် နှိုးလို့ မရတာနှင့် စိတ်ပျက်ပြီး စီးလာခဲ့တဲ့ မြင်းရထားနှင့်ပဲ ပြန်သွားတယ်ခင်ဗျ၊ တော်တော်လှမ်းလှမ်းရောက်တော့ သေနတ်သံတော့ ကြားပါရဲ့၊ နို့ပေမယ့် သည်အိမ်က မထင်တာနှင့် ပြန်မလှည့် ခဲ့ဘူးခင်ဗျာ'

**ရှား**။ ။'ဒါနှင့် အောက်ရောက်တော့ မောင်ထွန်းစိန်ကိုလဲ မတွေ့ဘူး၊ သူ့ဆန်စက် လုပ်ငန်းတွေကလည်း အမြတ်မရှိ၊ အရှုံးသာ ရှိတယ်လို့ ကြားရပြန်၊ သူ့မယားနှင့် မောင်ထွန်းစိန်နှင့်လဲ ..'

**စိန်**။ ။'ပေးချင်တဲ့ သစ္စာကို ပေးပါခင်ဗျာ၊ ကျွန်တော် သည်လို သစ္စာမရှိတဲ့ အကောင်တစ်ယောက် မဟုတ်ရပါဘူး ခင်ဗျာ'

**ရှား**။ ။'မောင်ထွန်းစိန်က မဟုတ်ပေမဲ့ သူ့စိတ်ကတော ့ဟုတ်တယ်လို့ ထင်ဟန်ရှိတယ် မဟုတ်လား၊ သည်တော့ မဟုတ်သည်ဖြစ်စေ၊ ဟုတ်သည်ဖြစ်စေ၊ ထင်တဲ့ လူမှာတော့ စိတ်မချမ်းမသာ ဖြစ်တာ အမှန်ပဲ မောင်ရဲ့၊ အဲဒါကြောင့် ဦးအောင်ဒွန်းက ကြမ်မွှင်ပြီး ယုန်ထင်ကြောင်ထင်နှင့် ဖြစ်ပြီး သူ့ကိုယ်သူ သေနတ်နှင့် ပစ်သတ်လိုက်တာပေါ့ ကိုအုန်းဖေရယ်'

**ဖေ**။ ။'ဟုတ်ပါလိမ့်မယ် ဆရာ'

၎င်းနောက် တနင်္ဂနွေ တစ်ပတ်ခန့် ကြာရှိသောအခါ ကျွန်တော်သည် ဤအမှု အကြောင်းကို သတိရသည်နှင့် 'ဘယ့်နှယ်လဲ ကိုစံရှား၊ မောင်ထွန်းစိန်တို့ အမှု က တော့ဖြင့် ခင်ဗျားမှာ ဘာတစ်ခုမှ မရလိုက်ပါကလားဗျာ' ဟု ပြက်ရယ်ပြောမိရာ မောင်စံရှားသည် ထိုင်ရာမှ ထ၍ တိုင်၌ ချိတ်ထားသော ၎င်း၏ အင်္ကျီအိတ်မှ ရွှေစီးကရက် တစ်ဘူးကို ထုတ်ပြီးလျှင် ကျွန်တော့်အားပြ၍

**ရှား**။ ။'မရဘူး ဆိုပေမဲ့ အချည်းနှီးတော့ မဟုတ်သေးဘူးဗျို့'

**ကျွန်တော်**။ ။'ဘယ်ကလဲဗျ၊ မောင်ထွန်းစိန်ဆီကလား'

**ရှား**။ ။'အသက်အာမခံ ကုမ္ပဏီကလေ၊ ကျောဘက်က လှည့်ကြည့်ပါလား'

ထိုအခါ ကျွန်တော်သည် စီးကရက်ဘူး၏ ကျောဘက်ကို လှည့်ကြည့်ရာ အသက်အာမခံကုမ္ပဏီ၏ အမည်နှင့် တကွ စုံထောက်ကြီး ဦးစံရှားအား ကျေးဇူးတင် စကားများ ပါရှိသည်ကို တွေ့မြင်ရလေသတည်း။

**ပြီးပါပြီ။**

× × × × × × × × × × × × × × × × × ×

# ၁၁။ တရုတ်ကပြားမလေး မကျင်မြိုင်အမှု

လေ အလွန်တရာပြင်းထန်သော တစ်မနက်၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် ဧည့်ခန်းတွင် ထိုင်၍ ရှေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောင်းပြောဆိုလျက်ရှိနေကြစဉ် အခန်းတံခါးသည် ဒိုင်းကနဲ ပြင်းထန်စွာပွင့်လာပြီးလျှင် အရပ်အမောင်း အလွန်တရာ ထွားကြိုင်း၍ ကာယဗလနှင့် ပြည့်စုံသော လူတစ်ယောက်သည် ဘောင်းဘီတိုကလေးနှင့် စွတ်ကျယ်အင်္ကျီကို ဝတ်ကာ အခန်းတွင်းသို့ ရုတ်တရက် ဝင်လာ၍ မုန်းထားသော မျက်နှာထားနှင့် ကျွန်တော်တို့၏ မျက်နှာကို တစ်ယောက်စီကြည့်ပြီးမှ 'ကိုစံရှားဆိုတာ ဘယ်ဒင်းလဲ' ဟု မေးလေ၏။

ထိုအခါ မောင်စံရှားသည် ကိုက်ထားသော ဆေးတံကို ပါးစပ်မှ နှုတ်ပြီးနောက် အေးအေးဆေးဆေးရှိသော အမူအရာနှင့် ဦးခေါင်းကို ညိတ်၍ ပြသည်တွင် ထိုသူသည် မောင်စံရှား၏ ဘက်သို့ ချာကနဲ လှည့်ထည့်၍ မျက်နှာကို စေ့စေ့ကြည့်ကာ အနီးသို့ ချဉ်းကပ်ပြီးလျှင်

**ထိုသူ**။ ။'ဟေ့ဆရာ၊ ကျုပ်ပြောမယ်၊ ကိုယ့်အလုပ်ကို ကိုယ်မလုပ်ဘဲနှင့် သူများ အလုပ်ထဲ လိုက်လိုက်ပြီး နှောင့်ယှက်တာ ခင်ဗျား ဘယ့်နှယ်လုလဲ'

**ရှား**။ ။(ခပ်ပြုံးပြုံး မျက်နှာထားနှင့်) 'ကျုပ် နားမလေးပါဘူးဗျ၊ အော်ကျယ် အော်ကျယ် မလုပ်စမ်းပါနှင့်၊ ခပ်တိုးတိုး ပြောရင်လဲ ကျုပ် ကြားပါတယ်'

**ထိုသူ**။ ။'သြော် နားမလေးဘူး ဟုတ်စ၊ ကျုပ် လက်သီးချက် မိတဲ့ အခါ ကျရင် နားလေးရုံမကဘူး ၊ နားပင်းသွားလိမ့်မယ် ကြားရဲ့လား' ဟု ပြော၍ ထိုသူသည် စလယ်တောင်းခန့်မျှ ရှိသော လက်သီးကြီးကို တင်းမာအောင် ဆုပ်ပြီးလျှင် မောင်စံရှား၏ မျက်နှာအနီး၌ လှုပ်၍ ပြလေ၏။

ထိုအခါ မောင်စံရှားသည် မမြင်စဖူး ထူးဆန်းသော အရာဝတ္ထုတစ်ခုကို ကြည့်ရှုသော မျက်နှာထားမျိုးနှင့် ၎င်း လက်သီးကြီး ကို ခပ်အေးအေး အမူအရာနှင့် စိုက်၍ ကြည့်ပြီးမှ 'နေပါဦးဗျ၊ မင်းလက်သီးက မွေးကတည်းက ကြီးလာတာလား၊ ကျင့်သားရပြီး ကြီးလာသလား'

ဟု မေးဆဲတွင် ကျွန်တော်သည် အခန်းထောင့်တွင် ထောင်ထားသော ရှားနှစ်တုတ်ကို လှမ်း၍ ဆွဲလိုက်ရာ ထိုသူသည် ကျွန်တော်၏ လက်နက်ကို မြင်သောကြောင့်လေလော၊ မောင်စံရှား၏ မတုန်မလှုပ် အေးအေးဆေးဆေး ရှိလွန်းသော အမူအရာကို မြင်သောကြောင့် ဖိန်း၍ သွားလေသလော မသိ။ အလွန်တရာ ခက်ထန်ကြမ်းကြုတ်သော မျက်နှာထားသည် အနည်းငယ် လျှော့၍ လာခဲ့ပြီးလျှင်

**ထိုသူ**။ ။'နောင်ခါတော့ သတိမပေးဘူးလို့ အပြစ်တင်မှာ စိုးလို့ပါဗျာ၊ ကြို့ကုန်းမှာ ကျုပ်မိတ်ဆွေ တစ်ယောက်ရှိတယ်၊ သူ့အထဲကို ခင်ဗျား ဝင်မရှုပ်ရင် ကျုပ် ဘယ်နှယ်မှ မလုပ်ဘူး၊ ဝင်ရှုပ်ရင်တော့ တွေ့ကြလိမ့်မယ်ဗျ၊ ဒါပဲ'

**ရှား**။ ။'ဟေ့လူ သံလက်သီး ဆိုတာ မင်း မဟုတ်လား၊ မင့် တွေ့ချင်တာ ကြာလှပြီ'

**ထိုသူ**။ ။'အစစ်ပဲ ဆရာ၊ သည်သံလက်သီးနှင့် မျက်နှာပေါင်း ဘယ်နှစ်ခု စုတ်အောင် ထိုးခဲ့ပြီ ဆိုတာ ကြားဖူးရဲ့ မဟုတ်လား၊ ခင်ဗျားလဲ မျက်နှာကလေး ချောချောမွေ့မွေ့ အပေါ်မှာ အမာရွတ်တွေ မရချင်ရင် သတိထားလိုက်ပါ'

**ရှား**။ ။'လက်ဝှေ့ပွဲမှာ မျက်နှာစုတ်အောင် ထိုးတာက ကိစ္စ မရှိဘူးကွ၊ ပွဲပြင်မှာ ရမ်းကားပြီး သတ်လားဖြတ်လား လုပ်ရင် မကောင်းဘူး၊ ဒါထက် ကြည့်မြင်တိုင် ကမ်းနားလမ်းက ကဖော်ဆိုင်မှာ အချီးယား ဆိုတဲ့ ဂေါ်ရင်ဂျီကုလားကို သတ်တဲ့ အမှုဟာ ဘယ့်နှယ်လဲဟေ့၊ ဘယ်လဲကွ သွားတော့မလား'

ထိုသူသည် ရုတ်တရက် မျက်နှာပျက်၍ သွားပြီးလျှင် အလွန်တရာ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်ကာ

'အချီးယား သေတာနှင့် ကျုပ်နှင့် ဘာဆိုင်သလဲဗျ၊ အချီးယားသေတုန်းက ရန်ကုန်မှာတောင် ကျုပ်မရှိဘူး၊ မန္တလေး သွားနေပါတယ်'

**ရှား**။ ။'အေးပါကွယ်၊ ဒီအလုံးမျိုးတွေနှင့် တရားသူကြီးကိုသာ ဖြန်းပါ၊ ငါ့ကိုလာပြီး မဖြန်းပါနှင့်၊ အဲ့ဒီအခါတုန်းက ငါက မင်းနှင့် စိန်ဟုတ် ဆိုတဲ့ တရုတ်ကို ခြေရာခံနေဆဲ ဖြစ်လို့ ...'

**ထိုသူ**။ ။'မဆိုင်ပါဘူး ဆရာ၊ ကျွန်တော်နှင့် ဒီအမှုနှင့် ဘာမှ မဆိုင်ပါဘူး ဆရာရယ်'

**ရှား**။ ။'အေးကွယ် တော်ပြီ၊ မင်း သွားလိုက်၊ လိုချင်တဲ့ အခါမှာ မင်းကို ဖမ်းယူမယ်'

**ထိုသူ**။ ။'အခု ကျွန်တော်လာတဲ့ အတွက် ဘယ်လိုမှ စိတ်မရှိပါနှင့် ဆရာ နော်'

**ရှား**။ ။'မင်းကို ဘယ်သူက လွှတ်လိုက်တယ် ဆိုတာ မှန်မှန် ပြောရင်တော့ဖြင့် ငါ စိတ်မရှိဘူး၊ နို့မို့ စိတ်တင်မက လက်ထိပ်ပါ ရှိရလိမ့်မယ် မောင်'

**ထိုသူ**။ ။'ခုတင်က ဆရာ ပြောတဲ့လူက လွှတ်လိုက်တာပါပဲ ဆရာ'

**ရှား**။ ။'စိန်ဟုတ် ဟုတ်လား၊ သူ့ကိုကော ဘယ်သူက ခိုင်းတာလဲ'

**ထိုသူ**။ ။'ဒါတော့ ကျွန်တော် မသိဘူး ဆရာ၊ သူက ကျွန်တော့်ကို ဟေ့ သံလက်သီး ကိုစံရှားကို မင်းသွားပြီး သတိပေးလိုက်စမ်း ဆိုလို့ ကျွန်တော် လာခဲ့တာပဲ'

**ရှား**။ ။( ဆေးတံကို ယမ်းလျက် ) 'သွား သွား'

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သံလက်သီးသည် တက်လာစဉ်အခါက ကဲ့သို့ပင် ပျာယီပျာယာနှင့် ဆင်းပြေးလေ၏။

ထိုသူ ဆင်းသွားပြီးနောက် မောင်စံရှားသည် ဆေးတံမှ ဆေးပြာများကို ခါထုတ်၍ ဆေးအသစ် ထည့်ပြီးလျှင် မီးညှိကာ ရှိုက်ရင်း ရယ်မောလျက်

**ရှား**။ ။'ခင်ဗျားက ကျုပ် အတွက် စိုးရိမ်လို့ ရှားနှစ်တုတ်ကြီးကို ဆွဲယူလိုက်တာ ကျုပ်မြင်လိုက်ပါတယ်၊ ဒီအကောင်မျိုးကို ခွန်အားခြင်း တိုက်ဖို့ မလိုပါဘူး၊ စိတ်တန်ခိုးနှင့် နှိမ်လိုက်ရင် ပြီးတာပဲ၊ သူတို့က ဘယ်လိုပဲ ပြူးတူးပြဲတဲ လုပ်ပြီး ထိုးမယ် ကြိတ်မယ်၊ ခြောက်လား လှန့်လား လုပ်ရင် ကိုယ်က ခပ်အေးအေးနှင့် မကြောက်မရွံ့ မတုန်မလှုပ် နေလိုက်ရင် အလိုလို ဖိန်းသွားတာပဲ ၊ ခုတင်က ပြောတဲ့ စိန်ဟုတ်တို့၊ သံလက်သီးတို့ ၊ ဆိုးတေတို့ ဆိုတဲ့ အကောင်တွေဟာ တစ်ကြိတ်တည်း တစ်ညဏ်တည်း အကောင်တွေပဲ၊ သူတို့ လူစုကို ကျုပ် တစ်နေ့နေ့တော့ ဖြုတ်လိမ့်မယ်၊ သူတို့ အထဲမှာ စိန်ဟုတ် ဆိုတဲ့ တရုတ်ကပြားက ဗိုလ်ပဲ ၊ သူက တော်တော်ကလေး ညဏ်သွားတယ်၊ သူတို့ အလုပ်က ကြောက်တတ်တဲ့ လူကို ချောက်လှန့် ဖိန်းရှိန်းပြီး ငွေညှစ်တဲ့ အလုပ် ဖြစ်တယ်၊ သို့သော် ကျုပ်တို့ကို ယခုလာပြီး ခြောက်တဲ့ အမှုမှာ ပင်ရင်း ဘယ်သူလဲလို့ ကျုပ် သိဖို့ လိုတယ်'

**ကျွန်တော်**။ ။'နေပါဦးဗျာ၊ ဘာကြောင့် ခင်ဗျားကို သူတို့ လာခြောက်ရတာလဲ'

**ရှား**။ ။ 'ဟောဒီက ကြို့ကုန်းမှုပေါ့ဗျာ၊ ခုနင်က အရေးမကြီးဘူးထင်လို့ အမှုကို လက်မခံဘူးလို့တောင် အောင်းမေ့မိတယ်၊ အခုတော့ ကျုပ်ကိုတောင် လာပြီး ခြောက်လား လှန့်လားနှင့် လုပ်တာ အရေးမကြီးဘဲနှင့်တော့ မလုပ်ဘူး၊ ဒါကြောင့် လက်ခံလိုက်မှပဲ တော်မယ်'

**ကျွန်တော်**။ ။'ဘာမှုလဲ ခင်ဗျာ'

**ရှား**။ ။'အမိန့်တော်ရ ကတော် ဒေါ် စိန်ခင်ဆီက မနေ့က စာတစ်စောင်ရတယ်၊ မနေ့ကတော့ လက်ခံရကောင်းပါ့မလားလို့ စဉ်းစားနေမိတယ်၊ ရော့ ဟောဒီမှာ ဖတ်ကြည့်စမ်း ကိုသိန်းမောင်'

ဟုပြော၍ မောင်စံရှားသည် စားပွဲအံဆွဲမှ စာတစ်စောင်ကို ကျွန်တော့်အား ပေးလေ၏။ ၎င်းစာမှာ

**စာရေးအစီရင်ခံပါသည် ဦးစံရှားရှင့်။ ကျွန်မ ယခုနေထိုင်သော အိမ်ကို အကြောင်းပြု၍ ထူးထူးဆန်းဆန်း အဖြစ်အပျက်များကို တွေ့ကြုံရောက်ရှိရပါသောကြောင့် မည်သို့ပြုရမည်ကို အကြံပေးစေလိုပါသည်။ ကျွန်မ၏**

**ခင်ပွန်းသည် ကိုကျော်ငြိမ်း ရှိစဉ်အခါက ဦးစံရှားက တစ်ကြိမ်ဆောင်ရွက် ပေးဖူးသဖြင့် ကျွန်မ၏ နေအိမ်ကို ရှင်သိပြီး ဖြစ်ပါသည်။ မနက်ဖြန် ဘယ်အချိန် မဆို လာရောက်နိုင်က ကျွန်မ မျှော်၍ နေပါမည်။**

**မစိန်ခင်**

**ကျွန်တော်။** ။'ဘယ်ဒေါ် စိန်ခင်လဲဗျာ၊ ကျွန်တော် မမှတ်မိပါကလား'

**ရှား။** ။'ခင်ဗျား ဒီတုန်းက အညာပြန်နေတယ် ထင်တယ်၊ ကိုင်း ဘယ့်နှယ်လဲ လိုက်မလား'

**ကျွန်တော်။** ။'လိုက်ပြီလား ခင်ဗျာ'

ကျွန်တော်တို့သည် မော်တော်ကားနှင့် ထွက်သွားကြ၍ ကြို့ကုန်းရွာလမ်းသို့ ရောက်ကြသောအခါ မောင်စံရှားသည် ဆီးဖြူပင်များ ကာရံလျက်ရှိသော တိုက်ခံအိမ်တစ်လုံးရှေ့၌ ကားကို ရပ်လေ၏။ ထိုခဏ၌ အသက်ငါးဆယ် အရွယ်ခန့်ရှိ အဒေါ်ကြီးတစ်ယောက်သည် ပျူပျူငှာငှာ အမူအရာနှင့် အိမ်ရှေ့သို့ ထွက်လာ၍

'ကြွပါ ကိုစံရှား ကြွပါ၊ တစ်မနက်လုံး မျှော်လိုက်ရတာ ရှင်၊ လာမှ လာပါတော့မလားလို့၊ နောက်ထပ်စာရေးမယ် လို့တောင် ကြံမိသေးတယ်၊ ဝင်ကြပါ ဝင်ကြပါ'

အိမ်၏ အောက်ထပ် ဧည့်ခန်းအတွင်းသို့ ဝင်မိကြလျှင် ကောင်းမွန်သပ်ရပ်စွာ ခင်းကျင်းပြင်ဆင်၍ ထားသော အိမ်ထောင် ပစ္စည်းများကို တွေ့မြင်ကြရလေရာ ကျွန်တော်တို့သည် ကုလားထိုင်၌ အသီးသီးထိုင်ကြပြီးနောက်

**ခင်။** ။'ဒီအိမ်ကို ဦးစံရှား အရင်တစ်ခါ ရောက်ဖူးတာ လေးငါးနှစ်လောက် ရှိသွားပြီ မှတ်တယ်'

**ရှား။** ။'မှန်ပါတယ်၊ လေးနှစ်နှင့် ရှစ်လရှိပါပြီ၊ ဦးကျော်ငြိမ်း တစ်ယောက် ဆုံးသွားတာ ရပ်ရွာမှာ အပုံကြီး နစ်နာတယ် ခင်ဗျာ၊ ရပ်မှုရွာမှု ဆိုလျှင် မအိပ်မနေ ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ပါပေပဲ၊ ဒါထက် မောင်ညွန့်ဖေ တစ်ယောက်ကော အစ်မ'

**ခင်။** ။(မျက်ရည်ဝိုင်းလျက်) 'ဆုံးရှာပြီ ဦးစံရှားရဲ့၊ အမရပူရမှာ မြို့အုပ်လုပ်နေတာ၊ တုတ်ကွေးရောဂါ နှင့် ဆုံးရှာတယ်'

**ရှား။** ။'သြော် ဖြစ်ရလေ၊ လူလုံးလူထည်က ချောသနှင့်၊ ထောင်ထောင် မောင်းမောင်း သန်သန်မာမာကြီး၊ တော်တော့ ရောဂါနှင့်များ သေနိုင်လောက်စရာ မရှိဘူး ခင်ဗျာ၊ ဘယ်တုန်းက ဆုံးပါလိမ့်'

**ခင်။** ။'တစ်လလောက်ပဲ ရှိပါသေးတယ်၊ ဦးစံရှား ဟိုတုန်းက မြင်ဖူးတာကိုး၊ သေခါနီး မမြင်စေရရှင်၊ မစားနိုင် မသောက်နိုင် တုန်တုန်ရီရီ ဖြစ်သွားလိုက်တာ နောက်ဆုံးကြတော့ တုတ်ကွေးရောဂါ ဝင်လာလို့ လတ်စသတ်သွားပါရောရှင်'

**ရှား။** ။'မစားနိုင် မသောက်နိုင်တာက ဘာရောဂါ ကြောင့်လဲ ခင်ဗျာ'

**ခင်။** ။'ရင်ကွဲနာ ပေါ့ရှင်'

**ရှား။** ။'သြော် တန်တော့ မိန်းမမှုကိုး'

**ခင်။** ။'မိန်းမ မဟုတ်ပါဘူးရှင်၊ ဒီကောင်မမျိုး လူရာသွင်းပြီး .... သို့သော် ဒီအကြောင်း စကားဖြတ်လိုက်ကြပါစို့ရှင်၊ ကျွန်မ ကိစ္စကို ပြောပါရစေတော့'

**ရှား။** ။'အမိန့်ရှိပါ ခင်ဗျာ'

**ခင်။** ။'ဒီလိုပါရှင်၊ ဒီအိမ်မှာ ကျွန်မ တစ်သက်လုံးနေလာတာ အခုမှပဲ လာပြီး ထူးထူးဆန်းဆန်း ကြုံတွေ့ရပါတယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက်က အိမ်ပွဲစားတဲ့ရှင် လူတစ်ယောက်ပေါက်လာပါတယ်၊ ကျွန်မနေတဲ့ အိမ်ကို ဒီ့ပြင် လူတစ်ယောက်က လိုချင်လို့ မေးမြန်းစုံစမ်းဖို့ လွှတ်လိုက်ပါတယ် တဲ့၊ ရောင်းမယ်ဆိုလို့ ရှိရင် အဖိုးကို မမြင်ပါဘူးတဲ့ ပြောလာတာကိုးရှင့်၊

ဒီတော့ ကျွန်မမှာလဲ သားကလေးတစ်ယောက် ရှိတာ ဆုံးသွားလေတော့ ဒီအိမ်မှာ သူငယ်ငယ်က ခြေရာလက်ရာကလေးတွေ မြင်တိုင်းမြင်တိုင်း ပူဆွေးဒုက္ခဖြစ်ရလေတော့

မနေချင်တာနှင့် အခန့်သင့်ပဲ ဖြစ်နေတယ်၊ သို့ပေမဲ့ ရောင်းရမယ် ဆိုတော့ နမျောမျော ရှိတာနှင့် ဈေးမတဲ့အောင်ရယ်လို့ တန်ဖိုးထက် ငွေသုံးထောင်လောက်တင်ပြီး ဆိုလိုက်သကိုးရှင့်၊ ဒီတော့ အိမ်ပွဲစားက တစ်ပြားတစ်ချပ်မှ မဆစ်ဘဲ ကျွန်မ တောင်းတဲ့ အဖိုးကို ပေးပါမယ်တဲ့၊ နို့သော်လဲ အိမ်တွင်း ပရိဘောဂ အိမ်ထောင်ပစ္စည်းတွေကိုလဲ ရောင်းစေလိုပါတယ်တဲ့၊ အဖိုးကိုသာ ဆိုပါတဲ့၊ ဒီတော့ ကျွန်မက ဝန်ပဲပေါ့သေးရဲ့ လို့ အောက်မေ့ပြီး အဖိုးခပ်မြက်မြက်ကလေးပဲ တင်ဆိုလိုက်တယ်၊ ဆိုတဲ့ အဖိုးအတိုင်းပဲ သူက ပေးတယ်၊ ပြီးတော့ ကျွန်မမှာလဲ သိဟိုဠ်ကျွန်းတို့၊ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာတို့ကို ဘုရားဖူးသွားချင်တာနှင့် အင်မတန်အခန့်သင့်တာပဲ လို့ အောက်မေ့မိတယ်၊ ဒါနှင့် နောက်တစ်နေ့တော့ အိမ်ပွဲစား ရောက်လာပြီး စာချုပ်ကို လက်မှတ်ထိုးဖို့ ယူလာခဲ့တယ်၊ ကျွန်မကလဲ စာချုပ်ပေးတယ် ဆိုတာ အရေးကြီးမှန်း သိလေတော့ ကျွန်မမတ် ရှေ့နေ မောင်အောင်ဘကို သွားပြတာကိုးရှင့်၊ ဒီတော့ မောင်အောင်ဘက စာချုပ်ကို ဖတ်ကြည့်ပြီး ဒီစာချုပ်ရေးပုံဟာ အင်မတန်ထူးဆန်းတာပဲ တဲ့၊ ဒီအတိုင်း လက်မှတ်ထိုးမိခဲ့လို့ရှိရင် ကိုယ့်ခါးက အဝတ်တောင် ချန်ထားခဲ့ရမလို ဖြစ်နေပကော တဲ့၊ ဒါနှင့် ဒီအကြောင်းကို အိမ်ပွဲစားအား ပြန်ပြီး အိမ်ထောင်မှုကိုသာ ကျွန်မရောင်းကြောင်း ပြောတော့ ပွဲစားက မဟုတ်ဘူး၊ အလုံးစုံ ရောင်းမှ ဝယ်နိုင်မယ်တဲ့၊ ဒါဖြင့် လက်ဝတ်လက်စားတွေပါ ပေးခဲ့ရမှာလားလို့ မေးတော့ ဒီလောက် ကြပ်ကြပ်တည်းတည်း ကြီးတော့ မဟုတ်ပါဘူးတဲ့၊ ယူခွင့်ပြုသင့်တာတော့ ပြုပါလိမ့်မယ်တဲ့၊ သို့သော်လဲ စာချုပ်ထဲမှာတော့ အလုံးစုံဆိုတဲ့ စကားကို ထည့်ပြီးချုပ်ရမှပဲ ဝယ်နိုင်မယ်တဲ့၊ ဒီတော့ ကျွန်မက ဒါဖြင့် မရောင်းနိုင်ဘူးရှင်လို့ ပြောတော့ ပွဲစားလဲ ပြန်သွားရော၊ သူပြန်သွားပြီးတဲ့နောက် ဒီအကြောင်းကို တွေးလေတွေးလေ ထူးဆန်းလေလေ ရှိတာနှင့် ဦးစံရှားကို တိုင်ပင်ရရင် ....'

ထိုခဏ၌ ကျွန်တော်တို့သည် ထူးဆန်းသော အနှောင့်အယှက် တစ်မျိုးနှင့် တွေ့ကြုံရလေ၏။ မောင်စံရှားသည် ဒေါ် စိန်ခင်ကို စကားပြောရပ်စဲရန် လက်ပြ၍ ထိုင်ရာမှ လျှင်မြန်စွာ ထသွားပြီးလျှင် မီးဖိုချောင်သို့ သွားသော တံခါးကို ရုတ်တရက် တွန်း၍ ဖွင့်ပြီးနောက် မိန်းမကြီးတစ်ယောက်ကို အခန်းတွင်းသို့ ဆွဲသွင်းလာခဲ့လေ၏။ မိန်းမကြီးလည်း ကြက်ခြင်းထဲမှ ဆွဲထုတ်ယူလိုက်သော ကြက်ပေါက်စကြီးကဲ့သို့ ကိုးရိုးကားယားနှင့် ဖယ်ရန်းကာ ပါလာလေ၏။

'လွှတ်ပါ လွှတ်ပါ ကျုပ်ကို မကိုင်ပါနှင့် လွှတ်ပါ'

**ခင်**။ ။'ဘယ့်နှယ်လဲ မစောတင်၊ အပြင်မှာ ဘာလုပ်နေတာလဲ'

**တင်**။ ။'ဧည့်သည်တွေကို လက်ဖက်ရည် တိုက်ဦးမလားလို့ မေးမယ် လုပ်တုန်း ဟောဒီလူကြီးက ကျွန်မကို ဆွဲခေါ်ပါတယ်ရှင်'

**ရှား**။ ။'မညာပါနှင့် မစောတင်၊ ကျုပ် နားထောင်နေတာ နှစ်မိနစ်လောက် ရှိပြီ၊ ချောင်းဆိုးတတ်တဲ့လူဟာ လူများ တိုင်ပင်တာကို ချောင်းနားထောင်တဲ့ အလုပ်မျိုး လုပ်လို့ မရဘူးဗျ'

ထိုအခါ မစောတင်ဆိုသော အစေခံမသည် ဒေါသကြီးသော မျက်နှာထားနှင့် မောင်စံရှား၏ ဘက်သို့လှည့်၍...

**တင်**။ ။'ရှင်က ကျွန်မကို ဆွဲလား ငင်လားနှင့် လုပ်ရအောင် ရှင်က ဘာအရာရှိလဲ'

**ရှား**။ ။'ခင်ဗျားရှေ့မှာ ကျုပ်မေးချင်တာလေး တစ်ခုရှိလို့ပါ၊ ဒါနှင့် ဒေါ် စိန်ခင်၊ ကျွန်တော့်ဆီ စာရေးတဲ့ အကြောင်း၊ ဘယ်သူများ ပြောမိသေးလဲ'

**ခင်**။ ။'ဘယ်သူမှ ကျွန်မ မပြောမိပါဘူးရှင်'

**ရှား**။ ။'ကျွန်တော့်ဆီ ပေးလိုက်တဲ့ စာကို ဘယ်သူ့ အထည်ခိုင်းသလဲ'

**ခင်**။ ။'မစောတင်ကို အထည့်ခိုင်းတယ်'

**ရှား**။ ။'ကိုင်း မစောတင်၊ ကျုပ်ဆီ စာရေးတဲ့ အကြောင်းကို ခင်ဗျား ဘယ်သူ့ကို သတင်းပေးလိုက်သလဲ'

**တင်**။ ။'မဟုတ်တရုတ် ဘာလုပ်ဖို့ ကျုပ်က သတင်းပေးရမလဲ'

**ရှား**။ ။'အဆုတ်နာရှိတဲ့ လူ ဆိုတာ အသက်ရှည်ရှည် မနေရတတ်ဘူး။ လိမ်မပြောနှင့်လေ မစောတင်၊ မှန်မှန်ပြောစမ်းပါ'

**ခင်**။ ။'သြော် ရိပ်မိပြီ၊ ဒီမိန်းမ ကောင်းတဲ့ မိန်းမ မဟုတ်ဘူး၊ မနေ့ကလဲ အိမ်နောက်ဖေးမှာ ဆူးချုံ ဟိုဘက်လှမ်းပြီး ဘယ်သူနှင့် စကားပြောတယ် မဆိုနိုင်ဘူး၊ ကျွန်မ မြင်လိုက်တယ်'

**တင်**။ ။(မျက်မှောင်ကုတ်လျက်) 'ပြောရင်ကော ဘယ်သူနှင့် ဘာဆိုင်သလဲ'

**ရှား**။ ။'ကျုပ်သိပါတယ်၊ စိန်ဟုတ်နှင့် တိုင်ပင်ကြတယ် မဟုတ်လား မစောတင်'

**တင်**။ ။'သိရင်လဲ ဘာလို့ မေးရသလဲ'

**ရှား**။ ။'ခုနင်က မသေချာဘူး၊ အခုမှ သေချာတယ်၊ ကိုင်း မစောတင် စိန်ဟုတ်ကို ဘယ်သူက ခိုင်းတယ် ဆိုတာ ပြောလို့ ရှိရင် ကျုပ်ငွေ ၅၀ ကျပ်ပေးမယ်၊ ဘယ့်နှယ်လဲ'

**တင်**။ ။'ရှင်က ငါးဆယ်ပေးရင် ငါးထောင် ပေးနိုင်တဲ့လူ ရှိတယ်'

**ရှား**။ ။'သြော် ဒါဖြင့် ၊ လူချမ်းသာကြီး တစ်ယောက်ပါလား၊ အလို သူက ပြုံးတယ်၊ ဒါဖြင့် ယောကျာ်း မဟုတ်ဘူး မိန်းမပဲ၊ ကိုင်းဗျာ မစောတင် ဒီလောက်သိနေမှဖြင့် နာမည်ကိုသာ ပြောလိုက်ပါတော့ ၊ ငွေ ၅၀ အချောင်ရရင် မကောင်းဘူးလား'

**တင်**။ ။'တယ် ၊ ငါ စော.....'

**ခင်**။ ။'ဟဲ့ ဟဲ့'

**တင်**။ ။'ဖယ်ပါ၊ ရှင်တို့ အိမ်မှာ ကျုပ်လဲ မနေပါဘူး၊ သွားတော့မယ် လွှတ်' ဟု ပြောပြောဆိုဆိုနှင့် အစေခံမ မစောတင်သည် အိမ်ပြင်သို့ ထွက်သွားလေ၏။

၎င်းထွက်သွားသည့်နောက် မောင်စံရှားသည် တံခါးကို လိုက်၍ ပိတ်ပြီးလျှင် ဒေါ်စိန်ခင်၏ အနီး၌ ထိုင်ကာ ကြွေကြီးသော မျက်နှာနှင့်

'မဖြစ်ဘူး ဒေါ် စိန်ခင်၊ ဒီအမှုဟာ ပေါ့တော့တော့ လုပ်နေရင် အပျက်အပျက်နှင့် နှာခေါင်းသွေးထွက် ဆိုတာလို ဖြစ်လိမ့်မယ်၊ ကြည့်စမ်း သူတို့ ဘယ်လောက် ဂရုစိုက်ပြီး ကြိုးပမ်းအားထုတ် လုပ်နေကြသလဲ၊ ကျွန်တော့်ဆီ စာရေးလိုက်ကာ ရှိသေး၊ သတင်းပေးတဲ့လူက ပေး၊ ကျွန်တော့်ဆီလာခြောက်တဲ့လူက ခြောက်၊ ရောက်လာတော့ ချောင်းနားထောင်တဲ့ လူက ထောင်၊ တော်တော် အရေးတကြီး ရှိပုံရတယ်'

**ခင်**။ ။'သူတို့ ဘာလိုချင်ကြလို့လဲ ရှင်'

**ရှား**။ ။'အဲ့ဒါ စဉ်းစားဖို့ အရေးကြီးတယ် မဟုတ်လား၊ ဒီအိမ်ဟာ ဆောက်ယူတဲ့ အိမ်လား၊ ဝယ်သူတဲ့ အိမ်လား'

**ခင်**။ ။'ရှေ့နေ ဦးစောမောင် ဆိုတဲ့ လူဆီက ဝယ်ယူတဲ့ အိမ်ပါရှင်'

**ရှား**။ ။'ဦးစောမောင်က ဘာများထူးထူးခြားခြား ရှိသလဲဗျ'

**ခင်**။ ။'ထူးထူးခြားခြား ဘာမှ မကြားဖူးပါဘူးရှင်'

**ရှား**။ ။'ကျွန်တော်မေးတာက ဦးစောမောင် မြှုပ်ထားခဲ့တဲ့ ပစ္စည်းများရှိသလားလို့ မေးတာကိုး ခင်ဗျ၊ နို့သော် ပစ္စည်းမြှုပ်ထားတာကို သတင်းရလို့ အိမ်ကို ဝယ်ချင်ရင်လဲ အိမ်ထောင်မှုကို ဝယ်စရာ အကြောင်းမရှိဘူး၊ အိမ်ထောင်ပစ္စည်းတွေ အနက်မှာ အဖိုးတန်မှန်းမသိ ဖြစ်နေတဲ့ ပစ္စည်းတစ်ခုခုများ ရှိလေရော့သလား ခင်ဗျာ၊ ဒင်္ဂါးဟောင်းများ ဘာများ ဦးကျော်ငြိမ်း စုတတ်သလား'

**ခင်**။ ။'မစုတတ်ပါဘူးရှင်'

**ရှား**။ ။'အချို့လူတွေ ရှိသေးတယ် ခင်ဗျ၊ နှစ်ပေါင်း သုံးထောင် လေးထောင်က ပေါ်တဲ့ ဒင်္ဂါးတစ်ပြားကို ငွေ ငါးထောင် တစ်သောင်း ပေးဝယ်တဲ့ လူမျိုးတွေ ရှိသေးတယ်၊ ဒါကြောင့် ကျွန်တော် မေးတာပါ'

**ခင်**။ ။'ဟုတ်ပါတယ်၊ ကျွန်မ ကြားဖူးပါတယ်'

**ရှား**။ ။'ကျွန်တော် အခုတွေးလို့ ရတာတော့၊ ဒေါ်စိန်ခင်လက်ထဲမှာ အဖိုးတန်ပစ္စည်း တစ်စုံတစ်ခု ရှိတယ်၊ အဲ့ဒါကို ဖွင့်ပြောပြီး ငွေနှင့် ဝယ်လို့ မရောင်းပေဘူးဆိုတာ သိတဲ့ အတွက် အားလုံးခြုံပြီး ဝယ်လိုတဲ့ သဘောပဲနှင့် တူတယ်'

**ကျွန်တော်**။ ။'ကျွန်တော်လဲ ဒီလိုပဲ ထင်တယ်'

**ရှား**။ ။(အနည်းငယ် ပြုံးလျက်) 'ကိုသိန်းမောင်လဲ ဒီလိုပဲ ထင်သတဲ့ဗျို့၊ သူထင်တော့ ဧကန္တဟုတ်ပြီ'

**ခင်**။ ။'နေပါဦးရှင်၊ ဘယ်လို ပစ္စည်းမျိုးများ ဖြစ်နိုင်မလဲ'

**ရှား**။ ။'ကိုင်း ကိုင်း ကျွန်တော်ခွဲပြီး စစ်မယ်၊ ဒီအိမ်မှာ ဒေါ် စိန်ခင်တို့ နေတာ ဘယ်လောက်ကြာပြီလဲ'

**ခင်**။ ။'ဆယ်နှစ် ဆယ့်တစ်နှစ်လောက် ရှိပါပြီ'

**ရှား**။ ။'ဒီအတောအတွင်းမှာ ဝယ်မယ့်လူ တစ်ဦးတစ်ယောက်မျှ မပေါ်လာ၊ အခုတလောတွင်မှ အဖိုးတကြီး ပေးဝယ်တာ ဘယ့်နှယ်သဘောရသလဲ'

**ကျွန်တော်**။ ။'သူတို့ လိုချင်တဲ့ ပစ္စည်းဟာ မကြာမီ အတွင်းတွင်မှ ဒီအိမ်ရောက်လာတယ်လို့ တွေးရမှာပေါ့ဗျာ'

**ရှား**။ ။'ကိုသိန်းမောင် တယ်ပြီး ဉာဏ်ရွှင်နေပါကလား၊ ကိုင်း ဒေါ် စိန်ခင် ၊ မကြာမီ အတွင်းက ဘာပစ္စည်းများ ရောက်သလဲ'

**ခင်**။ ။'ဘာပစ္စည်းမှ မဝယ်ဖူးပါဘူးရှင်'

**ရှား**။ ။'ဒါဖြင့် တော်တော် အကြပ်သားပါကလား၊ ကိုင်း သို့သော် ခဏခဏ စောင့်ကြည့်ရရင်ဖြင့် ကွင်းကွင်း ကွက်ကွက်ပေါ်ကောင်း ပါရဲ့ဗျာ၊ ဒီအိမ်မှာ စောစောက မစောတင်အပြင် ဘယ်သူများ ရှိသေးသလဲ'

**ခင်**။ ။'ဘိုးထူးဆိုတဲ့ သူငယ်လေး တစ်ယောက်လဲ ရှိတယ်'

**ရှား**။ ။'ဒါဖြင့် ဒေါ် စိန်ခင်ရဲ့ မတ် ကိုအောင်ဘကို တစ်ညနှစ်ညလောက် ဒီအိမ်လာပြီး စောင့်အိပ်ပေးစေ ခင်ဗျာ၊ ပေါ့ပေါ့ဆဆ မနေကြနှင့်'

**ခင်**။ ။'ဘယ်သူ့ စိုးရိမ်ဖို့ ရှိလို့လဲရှင်'

**ရှား**။ ။'ခုတော့ ကျွန်တော် မပြောနိုင်အောင် ရှိနေသေးတယ်၊ သို့သော် သူတို့ လိုချင်တဲ့ ပစ္စည်းကို တွေးလို့မရရင်၊ လူကို တွေ့အောင် လိုက်မှာပဲ၊ အိမ်ပွဲစား ဆိုတဲ့ လူက ဘယ်မှာ နေသတဲ့လဲ'

**ခင်**။ ။'ဦးဘကျော်တဲ့ ၊ ၁၁ လမ်းမှာနေတယ် ပြောပါတယ်'

**ရှား**။ ။'နေရပ်ကို မှန်မှန်ပြောမဲ့ လူစား ဟုတ်မယ် မထင်ပါဘူး၊ ရှာပေမဲ့ အလကားပါပဲ ၊ ကိုင်း ဒေါ် စိန်ခင်၊ အကြောင်းထူးရင် ကျွန်တော့်ဆီကိုသာ သတင်းရောက်အောင် ပို့ပေတော့ ၊ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် ' ဟု နှုတ်ဆက်ပြီးနောက် ကျွန်တော်တို့သည် ထိုင်ရာမှ ထခဲ့၍ အိမ်ပြင်သို့ ထွက်တော့မည် ပြုသည်တွင်မှ လှေကားအောက်၌ သံသေတ္တာကြီး နှစ်လုံးနှင့် ထင်းရှူးသေတ္တာ သုံးလေးလုံးတို့ကို တွေ့မြင်သဖြင့်

**ရှား**။ ။'သေတ္တာမှာ တံဆိပ်တွေ ကပ်လို့ပါကလား၊ ဘယ်က ရောက်လာတဲ့ သေတ္တာတွေလဲ ဒေါ် စိန်ခင်'

**ခင်**။ ။'မောင်ညွန့်ဖေရဲ့ ပစ္စည်းတွေပါရှင်၊ မီးရထားနှင့် တင်ပို့လိုက်လို့ တစ်နေ့ကမှ ရောက်လာပါတယ်'

**ရှား**။ ။'တစ်နေ့ကဆို၊ ဘယ်နှစ်ရက်လောက် ရှိပြီလဲ ခင်ဗျာ'

**ခင်**။ ။'သုံးလေးရက်လောက် ရှိပါသေးတယ် '

**ရှား**။ ။'နို့ ဒါနှင့် ခုတစ်လောမှာ ပစ္စည်းတွေ ဘယ်ကမှ မရောက်ဘူးဆို၊ ဒီအထဲမှာ အဖိုးတန် ပစ္စည်းများ ပါချင်ပါမယ်၊ ဖွင့်ကြည့်ပြီးပလား'

**ခင်**။ ။'အဖိုးတန်တာ မပါနိုင်ပါဘူးရှင်၊ လခ ၂၀၀ ကို မလောက်လို့ အိမ်က ငွေထောက်ပြီး နေရတဲ့ လူမှာ ဘယ်က အဖိုးတန်ပစ္စည်း ပါနိုင်မှာလဲ'

**ရှား။** ။(အတန်ကြာ စဉ်းစား စိတ်ကူးနေပြီးမှ) 'ကိုင်း ဒီပစ္စည်းတွေ အိမ်ပေါ်မှာ တင်ပြီး လုံလုံခြုံခြုံ ထားပါ ခင်ဗျာ၊ ဘာများပါသလဲ ဖွင့်လို့လဲ ကြည့်ပါဦး၊ မနက်ဖြန်တော့ ကျွန်တော် လာခဲ့ပါဦးမယ်'

ကျွန်တော်တို့သည် ကားပေါ် သို့ တက်ကြပြီးလျှင် မောင်းနှင်လာကြ၍ လမ်းကွေ့တစ်ခုသို့ ရောက်သောအခါ သံလက်သီးဆိုသူသည် သစ်ပင်တစ်ပင်ကို ကွယ်၍ ချောင်းနေသည်ကို ရိပ်ကနဲ မြင်လိုက်ရလေ၏။

ထိုအခါ မောင်စံရှားသည် ကားကို ရုတ်တရက် ရပ်ပြီးလျှင်

**ရှား။** ။'ဟေ့လူ ထွက်ခဲ့ ၊ မင်း ဘာချောင်းနေသလဲ'

**သီး။** ။'ဘာချောင်းချောင်း ခင်ဗျားနှင့် ဘာဆိုင်သလဲ'

**ရှား။** ။'သယ် ငါ မနက်က သတိပေးလိုက်တာ မင်းမေ့သွားပလား'

**သီး။** ။'မမေ့ပါဘူး ဆရာ၊ ဆရာ ခိုင်းချင်တာရှိ ခိုင်းပါ၊ ဆရာ့ တပည့်ပါပဲ'

**ရှား။** ။'ခိုင်းစရာတော့ မရှိဘူး၊ မေးစရာရှိတယ်၊ မင်းတို့ အခု ကြံစည်နေတဲ့ အကြံဟာ ဘယ်သူ ပင်ရင်းလဲ'

**သီး။** ။'ကျွန်တော်တော့ စိန်ဟုတ် သိတာပဲ ဆရာ'

**ရှား။** ။'သည့်ပြင်ကော'

**သီး။** ။'သည့်ပြင်တော့ ကျွန်တော် မသိရပါဘူး ဆရာ'

**ရှား။** ။'အေး ကောင်းပြီနော်၊ သတိပေးလိုက်ပါပေရဲ့၊ ဟောဟို အိမ်မှာ နေတဲ့ ဒေါ် စိန်ခင်ဆိုတာ ငါ့ အမှုသည်ကွဲ့၊ တစ်ခုခု ဖြစ်လို့ရှိရင် မင်းဒုက္ခပဲ'

**သီး။** ။'ကောင်းပါပြီ ဆရာ'

၎င်းနောက် ကျွန်တော်တို့သည် ဆက်လက်မောင်းနှင် သွားကြရာ မောင်စံရှားက

'သံလက်သီးဆိုတဲ့ အကောင်တော့ ကျုပ် ဖိန်းလိုက်တာ တော်တော် ရှိန်းသွားပြီ၊ အကြောင်းရှိရင် ကျုပ်တို့ လူပဲ၊ သို့သော် ဒီကိစ္စမှာ သူနှင့် ပူးပေါင်းဖို့ မလို၊ ပဲခူးဆားကို တွေ့အောင် ရှာပြီး သိချင်တာ ကလေးတွေ တစ်ခွန်း နှစ်ခွန်း လောက်ပဲ မေးဖို့ လိုတော့တယ်'

ပဲခူးဆား ဆိုသူမှာ ကလပ်ပေါင်းစုံ၊ အသင်းပေါင်းစုံ၊ ဟိုတယ်ပေါင်းစုံတို့ကိုရောက်၍ ရန်ကုန်မြို့၌ အရှုပ်အထွေး အကြောင်းကိုရေးသားရမည်ဆိုသော် ဆီးဖြူသီးကိုလက်ဝါးပေါ်တွင်တင်၍ကြည့်ဘိသကဲ့သို့ ကွက်ကွက်ကွင်းကွင်း တတ်တတ် အပ်အပ် ရေးသားနိုင်သဖြင့် ပဲခူးဆား အမည်ဖြင့် သတင်းစာ၊ ဂျာနယ် အစရှိသည်တို့ကို ရေးသားပေးပို့လေ့ရှိသော ဆောင်းပါးရေးသူလည်းဖြစ်၏။ ဖဲသမားလည်းဖြစ်၏။ တေလေ အကြီးစားလည်း ဖြစ်၏။ အရေးကြီးသည့် သတင်းတစ်ခုကို အလိုရှိသည့်အခါ ၊ မောင်စံရှားကလည်း အထက်တန်းစား လူမော်လူကြွားတို့၏ အတင်းစကားကို အသုံးဝင်သဖြင့် ကြားလိုသောအခါ ထိုသူ၏ ထံသို့ သွားရလေ၏။ မည်သည့် စက်ပိုင်၏ မယားလင်ငယ်နေသည်၊ မည်သည့် ဝတ်လုံ၏ မယားသည် ဝတ်လုံနှင့် ရစဥ်က အပျိုစင်စစ် မဟုတ်၊ မည်သည့်ဝန်ထောက်သည် မည်သည့် အရပ်၌ အပျော်အပါး လိုက်စားသည် အစရှိသော သတင်းတို့သည် ထိုသူသည် အစဥ်မပြတ် ဆည်းပူး မှတ်သားထားလေ့ ရှိ၏။

အိမ်သို့ ပြန်ရောက်ကြသောအခါ မောင်စံရှားသည် ထိုနေ့တစ်နေ့လုံး ပျောက်နေ၍ ညဉ့်၌လည်း ဘယ်အချိန်မှ ပြန်၍ လာသည်ကို ကျွန်တော် မသိချေ။

နောက်တစ်နေ့ နံနက်၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် ကော်ဖီသောက်လျက် ရှိကြစဉ် ကျွန်တော်က မောင်စံရှားအား အမှုအကြောင်းနှင့် စပ်လျဉ်း၍ မေးမြန်းသဖြင့် မောင်စံရှားက သိသင့်သိထိုက်သလောက်ကို သိရပြီ ဖြစ်ကြောင်းနှင့် ပြောဆို၍ စကားမဆုံးမီ ကြေးနန်းတစ်စောင် ရောက်၍ လာလေ၏။ ၎င်းမှာ ...

အမြန်လာပါ ၊ အိမ်ကို ညက သူခိုးများ ဝင်ပါသည်။

**မောင်အောင်ဘ**

ကြေးနန်းကို ဖတ်ပြီးနောက်

**ရှား**။ ။'ကျုပ်တွက်ကိန်းထက်တောင် မြန်နေပါသေးသလား၊ ကျုပ်ကြားတဲ့ သတင်းအရဆိုရင်ဖြင့် မြန်မယ်ဆိုလဲ မြန်ထိုက်ပေတယ်၊ ကြေးနန်းရိုက်တဲ့လူက ကိုအောင်ဘတဲ့ ၊ သူ့မတ်ပဲ ၊ လတ်စသတ်တော့ ခပ်ဖျင်းဖျင်းလူနဲ့ တူတယ်၊ ညက အိမ်ကို စောင့်ဖို့ ထားခဲ့မိတာ ကျုပ်မှားသွားတယ်ဗျ၊ ကိုင်း သို့သော် သွားကြဦးစို့ဗျာ'

ကျွန်တော်တို့သည် ဒေါ် စိန်ခင်၏ နေအိမ်သို့ ရောက်ကြသောအခါ ၎င်းအိမ်မှာ ယမန်နေ့ညကကဲ့သို့ တိတ်ဆိတ်စွာ မရှိချေ။ ရွာသားလေးငါးဆယ်ခန့်တို့သည် ဝင်းရှေ့၌ စုရုံးကာ ကြည့်ရှုလျက် ပုလိပ်သားနှစ်ယောက်တို့သည်လည်း ဝင်းအတွင်းရှိပန်းဥယျာဉ် ထဲတွင် ခြေရာကောက်လျက် ရှိကြလေ၏။

ကျွန်တော်တို့၏ ကားရပ်ပြီးနောက် သေးသေးသွယ်သွယ်နှင့် ပုဆိုးရှည်ကို ဝတ်လျက်ရှိသော လူတစ်ယောက်သည် အိမ်ပြင်သို့ ထွက်လာ၍ မိမိမှာ ဦးအောင်ဘ ဖြစ်ကြောင်းပြောဆိုပြီး ခရီးဦးကြိုပြုလေရာ ၎င်းနှင့်အတူ ဝဝတုတ်တုတ် မျက်နှာဝိုင်းဝိုင်း နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ဌာနာအုပ် တစ်ယောက်လည်း ပါရှိလေ၏။ ဌာနာအုပ်သည် မောင်စံရှားနှင့် သိဟောင်းကျွမ်းဟောင်း ဖြစ်သည့်လက္ခဏာနှင့် ဖော်ရွေစွာ နှုတ်ဆက်ပြီးနောက်

'သြော် ဆရာ ၊ ရောက်လာသလား၊ သာမည ခိုးမှုကလေးပါ ဆရာရယ်၊ ဒီဟာမျိုးလောက်တော့ ဆရာ လာဖို့တောင် မလိုပါဘူး၊ ကျွန်တော်တို့နှင့်ပဲ ကိစ္စပြီးနိုင်ပါတယ်'

**ရှား**။ ။ 'မှန်ပါတယ် ၊ ခင်ဗျားတို့နှင့် လုံလောက်ကြောင်းကိုလဲ ကျုပ်သိပါတယ်၊ သို့သော် သာမညဆိုတာက ဘယ်လို သာမညလဲ ဗျ'

**အုပ်**။ ။'ဘယ့်နှယ်ဆရာ ၊ သူခိုးဟာ ဘယ်သူဘယ်ဝါ ဆိုတာ သိနေမယ့်ဟာ ဘာလိုသေးသလဲ ဆရာ၊ စိန်ဟုတ်တို့ သံလက်သီးတို့ လူစု ပေ့ါ ဆရာ၊ ဒီအကောင်တွေ ဒီအိမ်နားမှာ ခဏခဏ ရစ်နေတယ် ဆိုပါကလား'

**ရှား**။ ။'တော်ပေဗျာ၊ ဘာများ ပါသွားသတဲ့လဲ'

**အုပ်**။ ။'များများပါမယ် မထင်ပါဘူး ဆရာ၊ ဒေါ် စိန်ခင်ကို မေ့ဆေးသွင်းပြီး .. ဟော ဒေါ် စိန်ခင် ကိုယ်တိုင် လာပါပြီ ခင်ဗျာ'

ထိုခဏ၌ ဒေါ်စိန်ခင်သည် မျက်ကွင်းများ ညိုလျက် ဖျော့တော့သော အသားအရည်နှင့် ဧည့်ခန်းကို ဖြေးညင်းစွာ ဝင်လာပြီးလျှင်

'ဦးစံရှားကတော့ သတိပေးရှာသားပဲ ၊ ကျွန်မက ကိုအောင်ဘကို ခေါ်ရမှာ အားနာတာနှင့် ဒီလို ဖြစ်ရတာပဲ'

**အောင်**။ ။'ကျွန်တော်လဲ ခုမနက်မှ ကြားပါတယ်'

**ရှား**။ ။'ဒေါ် စိန်ခင် ကြည့်ရတာ အားနည်းပုံရလိုက်တာ၊ ညက ဖြစ်ပုံကို ပြန်လို့မှ ပြောနိုင်ပ့ါမလား ခင်ဗျာ'

**အုပ်**။ ။(အကျႌကို ပုတ်ပြ၍) 'ကျွန်တော် စစ်ချက် ယူပြီးပါပြီ ခင်ဗျာ'

**ရှား**။ ။'သို့သော် အင်မတန် အားနည်းလို့ ရှိရင် '

**ခင်**။ ။'ပြောနိုင်ပါတယ် ၊ များများကြီး ပြောရမှာမှ မဟုတ်ဘဲ၊ လက္ခဏာမှာတော့ စောတင်ဆိုတဲ့ မိန်းမက သူလျှိုလုပ်ပြီး ဒီအိမ်မှာ ဘယ်နေရာ ဘာရှိတယ် ဆိုတာ အကုန်လုံး လမ်းညွှန်ခဲ့တဲ့ ဟန်တူတယ်၊ ကျွန်မ အိပ်ပျော်နေတုန်းကို မေ့ဆေးဖျန်းထားတဲ့ အဝတ်နှင့် နှာခေါင်းပါးစပ်ကို ပိတ်ပြီး သူတို့ လိုချင်တာကို မွှေနှောက်ရှာဖွေကြဟန်တူတယ်၊ ကျွန်မလဲ

ဘယ်လောက်ကြာကြာ မေ့နေတယ် မဆိုနိုင်ဘူး၊ သတိရလို့ မျက်စိကို ဖွင့်ကြည့်လိုက်တော့ လူတစ်ယောက်က ကုတင်နံဘေးမှာထိုင်၊ တစ်ယောက်က မောင်ညွန့်ဖေရဲ့ သံသေတ္တာထဲက အထုပ်ကြီးတစ်ထုပ်ကို ဆွဲထုပ်ပြီး ကုန်းထနေတာ မြင်ရတာကိုးရှင့်၊ ဒီတော့ ကျွန်မက ဗြုန်းဆို ထပြီး အထုပ်ကို ဆွဲယူတာကိုး'

**အုပ်။** ။'ရဲပါပေ ခင်ဗျာ'

**ခင်။** ။'ဒါနှင့် ကျွန်မကဆွဲ၊ သူက ရုန်း၊ ရှေ့ထိုးနောက်ငင် ဖြစ်နေကြတုန်း၊ ကျွန်မခေါင်းကို ဘာနှင့် ရိုက်လိုက်တယ် မဆိုနိုင်ဘူး၊ မူးလဲ သွားရော ၊ ဒီတော့မှ ဘိုးထူးက လန့်နိုးပြီး ပြတင်းပေါက်က ကုန်းအော်လိုက်တာ ရွာသားတွေလဲ လာရော၊ သူခိုးတွေလဲ ပြေးရော'

**ရှား။** ။'ဘာများ ပါသွားသလဲ'

**ခင်။** ။'အဖိုးတန် ပစ္စည်းဆိုလို့ ဘာမှ မပျောက်ပါဘူး ရှင်'

**ရှား။** ။'ဘာမှ ခြေရာမခံမိဘူးလား'

**ခင်။** ။'သူခိုးလက်ထဲက ကျွန်မ ဆွဲလုလိုက်တာ စက္ကူစုတ် တစ်ခုတော့ ရလိုက်တယ်၊ လက်ရေးကတော့ မောင်ညွန့်ဖေရဲ့ လက်ရေးပဲ'

**အုပ်။** ။'ဒါက အရေးမကြီးပါဘူး ဆရာ၊ အလကား ဟာပါ'

**ရှား။** ။'ခင်ဗျား အရေးမကြီးပေမဲ့ ကျုပ် အရေးကြီးချင်ကြီးမယ်၊ ကြည့်ပါရစေဗျာ၊ ဘယ်မလဲ'

ထိုအခါ ဌာနာအုပ်သည် အင်္ကျီအိတ်မှ ဖူးစကတ်စက္ကူ တစ်ရွက်ကို ထုတ်ယူပြီးလျှင် မောင်စံရှားအား ပြလေရာ မောင်စံရှားသည် စက္ကူပေါ်တွင် ရေးသားပါရှိသော မြန်မာစာ အက္ခရာများကို သေချာစွာ ဖတ်ကြည့်ပြီးနောက်

**ရှား။** ။'ဒီဟာကို ခင်ဗျား ဘယ့်နှယ် သဘောရသလဲ ဌာနာအုပ်'

**အုပ်။** ။'ဝတ္ထု တစ်ပိုင်းတစ်စနှင့် တူပါရဲ့ ဆရာ'

**ရှား။** ။'ဝတ္ထုပဲလား ဒိုင်ယာရီ မှတ်တမ်းပဲလား မပြောတတ်ဘူး၊ နံပါတ်တပ်ထားတာ ကြည့်စမ်း ၂၄၅ တဲ့၊ ကျန်တဲ့ စာမျက်နှာ ၂၄၄ ရွက်ဟာ ဘယ်ရောက်သွားပလဲ'

**အုပ်။** ။'သူခိုးလက်ထဲ ရောက်သွားပြီ ထင်ပါရဲ့ ဆရာ၊ ဈေးထဲမှာ ရောင်းရင် တစ်ပိသာ တစ်မတ်ရမှာပေါ့'

**ရှား။** ။'တစ်ပိသာ တစ်မတ်နှင့် ရောင်းစားဖို့ စက္ကူကို ဒီလောက် အပင်ပန်းခံပြီး ဝင်ခိုးပါ့မလား ခင်ဗျာ'

**အုပ်။** ။'ဒေါ် စိန်ခင် သတိရလာလေတော့ ဆွဲမိဆွဲရာ ဆွဲပြေးရတာနှင့် တူပါတယ် ဆရာ'

**ခင်။** ။'ကျွန်မသား ပစ္စည်းကို ဘာပြုလို့ မွှေကြပါလိမ့်မလဲ ရှင်'

**အုပ်။** ။'အိမ်အောက်မှာ အဖိုးတန်တဲ့ ပစ္စည်း မတွေ့လေတော့ အိမ်ပေါ် တက်ရှာ တာပေါ့ အဒေါ်ရဲ့၊ မဟုတ်ဘူးလား ဆရာ'

**ရှား။** ။'ကျုပ် စဉ်းစားရဦးမယ်၊ လာစမ်းဗျို့ ကိုသိန်းမောင်'

ဟု ကျွန်တော်အား ပြတင်းပေါက်အနီးသို့ ခေါ်ပြီးလျှင် စာရွက်ကို ဖတ်ကြည့်ကြရာ စာမှာ အစုတ်ဖြစ်သဖြင့် စာပိုဒ်တစ်ခု၏ အလယ်မှ စကားသည် အောက်ပါအတိုင်း တွေ့ရလေ၏။

**မျက်နှာနှင့်တကွ တစ်ကိုယ်လုံး အနှံ့အပြား ဒဏ်ရာ အနာတရ ရရှိခဲ့လေ၏။ သို့ရာတွင် ကိုယ်ကာယ၌ ထိခိုက်သော ဒဏ်ရာသည် မနောဒွါရ၌ ထိခိုက်သော ဒဏ်ရာနှင့် နှိုင်းစာ လိုက်ပါက အရေးမကြီးလှချေ။ ယင်းကဲ့သို့ ဒဏ်ရာ ကြီးစွာနှင့် မြေပေါ်၌ မရှိမဆန့် တွန့်လိမ်ကာ ပြင်းပြသော ဝေဒနာကို ခံစားလျက် ရှိစဉ် အသက်မက ချစ်လှသော ရည်းစားသည် သည် သနားကရုဏာ ရှိမည်နှင့် ဝေးစွ၊ လှောင်ပြောင်ချင်သကဲ့သို့ ပြုံးရွှင်သော မျက်နှာထားနှင့် ထိုသူအား ငုံ့၍ကြည့်လိုက်သောအခါ၌ကား ထိုသူမှာ အသည်းကို လှံနှင့်ဆွလိုက်ဘိသကဲ့သို့ ဆတ်ဆတ်ခါအောင်**

**နာရှာလှပေ၏။ ထိုခဏမှစ၍ ကြီးလှစွာသော ချစ်ခြင်းသည် တောက်တောက်ခါးခါး မုန်းထားသော အဖြစ်သို့ ပြောင်းလဲခဲ့လေ၏။ နောက်နောင် အခါများ၌ကား ကျွန်ုပ်သည် နှစ်ဦးပေါင်းဆုံဖို့ လုံ့လမပြုတော့ဘဲ ထိုမိန်းမ အသက်ဆုံးရှုံးအောင် လက်စားချေရန် အတွက်ကိုသာ မနေမနား အားထုတ်တော့မည် ဖြစ်လေသည်။**

၎င်းစာရွက်ကို ဖတ်ပြီးနောက် မောင်စံရွှားသည် ဌာနာအုပ်လက်သို့ ပြန်ပေးလျက် ‘စာရေးပုံ တော်တော် ထူးဆန်းတယ်၊ ပထမတော့ (သူ) ဆိုတဲ့ စကားသုံးပြီး အောက်နားကျတော့ (ကျွန်ုပ်) ဆိုတဲ့ စကားသုံးတယ်၊ ရေးရင်း ရေးရင်းနှင့် စိတ်အားထက်သန် သည်ထက် ထက်သန်ပြီး ဇာတ်လိုက်ဖြစ်တဲ့ အဖြစ်အပျက်ကို ကိုယ်မှာ ဖြစ်ပျက်ဘိသကဲ့သို့ ရေးမိဟန် ရှိတယ်’

**အုပ်။** ။‘အလကားစာပါ ဆရာ၊ ဘာရေးရေး အမှုနှင့် မဆိုင်ပါဘူး၊ ဘယ့်နှယ်လဲ ဆရာ ပြန်တော့မလို့လား’

**ရှား။** ။‘ခင်ဗျားတို့ ရှိနေရက်သားပဲ၊ ကျုပ်ဒီမှာ လုပ်စရာ အလုပ် မရှိဘူး၊ ဒါထက် ဒေါ် စိန်ခင် ၊ သီဟိုဠ်ကျွန်းကို ဘုရားဖူး သွားချင်သလားဗျာ’

**ခင်။** ။‘သွားချင်နေတာ ကြာပြီကောရှင်၊ ဗုဒ္ဓဂါယာရော ကုသိနာ္နာရုံရော၊ သာဝတ္ထိပြည်ရော သီဟိုဠ်ကျွန်းရော၊ ပိုက်ဆံများရှိရင် လျှောက်ပြီး သွားစမ်းချင်တယ် ရှင်’

**ရှား။** ။‘ကောင်းပါခင်ဗျာ၊ ကောင်းပါရဲ့၊ ကိုင်း ကိုင်း ၊ ကျွန်တော် ပြန်ဦးမယ်၊ ညနေတော့မှ စာတစ်စောင်ရေးပြီး အကြောင်းပြန်လိုက်ပါဦးမယ်’

ဟု ပြော၍ အိမ်ပြင်သို့ ထွက်လာခဲ့ကြရာ ဌာနာအုပ်သည် အံ့သြသော မျက်နှာထားနှင့် မောင်စံရှားအား ကြည့်လျက် သူ၏ စိတ်၌ကား ဦးစံရှားဆိုတာ တော်တယ် တော်တယ်နှင့် နာမည်ကျော်ပြီး ရှုးပေါပေါထင်ပါရဲ့ ဟု အောက်မေ့ဟန် လက္ခဏာ ရှိလေ၏။

ကားပေါ် သို့ တက်ကြ၍ ရန်ကုန်သို့ ပြန်လည်မောင်းနှင် လာကြစဉ်

**ရှား။** ။‘ကိုင်း ကိုသိန်းမောင်၊ ဒေါ် စိန်ခင် အမှုမှာ အရေးအကြီးဆုံးဖြစ်တဲ့ နောက်ဆုံးအချက်ကို ရောက်နေပြီ၊ တစ်ခါဖြင့် အားလုံးရှင်းလင်းတော့မယ်၊ သို့သော် မိန်းမဆိုတာမျိုးဟာ၊ အထူးသဖြင့် မကျင်မြိုင်လို မိန်းမမျိုးဟာ ပရိယာယ်မာယာ အလွန်များလေတော့ ခင်ဗျားလို လူတစ်ယောက် ပါတာလဲ ကောင်းတယ်ဗျာ’

၎င်းနောက် မောင်စံရှားသည် ဆက်လက်၍ စကားမပြောတော့ဘဲ ကားကိုသာလျှင် လျင်မြန်စွာ မောင်းနှင်လာခဲ့ရာ ဝင်ဒါမီယာလမ်း အနီးသို့ ရောက်ကာမှ

‘ဒါထက် ကိုသိန်းမောင်၊ ဒီအမှုကို ခင်ဗျား တော်တော် အကဲခတ်မိရဲ့လား’

**ကျွန်တော်။** ။‘ဘယ်က အကဲခတ်မိမှာလဲ ဗျ၊ ကျွန်တော်သိသလောက်ဖြင့် ခု ကျွန်တော်တို့ သွားတွေ့မယ့် မကျင်မြိုင် ဆိုတဲ့ မိန်းမဟာ ဒီအမှုမှာ ဝန်ကိုင် ဖြစ်တယ်ဆိုတာ တစ်ခုလောက်သာ ကျွန်တော် ရိပ်မိတယ်’

**ရှား။** ။‘အစစ်ပဲ၊ သို့သော် မကျင်မြိုင် ဆိုတာ ကြားဖူးရဲ့ မဟုတ်လား၊ ရန်ကုန်မြို့ပေါ်မှာ ရှိတဲ့ တရုတ်ကပြားမထဲမှာ အချောဆုံး အလှဆုံး ပေါ့ဗျ၊ ဟိုတုန်းကများ ဟိုထောင်ကဲက လိုချင်၊ ဒီစက်ပိုင်က လိုချင်နှင့် တရုတ်သူဌေးချင်းကို မိုးမွှန်နေတာပေါ့၊ နောက်ဆုံးကျတော့ ရော်ဘာခြံတွေ ဘာတွေ အများကြီး ရှိလို့မို့ ရန်ကုန်မှာ အချမ်းသာဆုံး ဖြစ်တဲ့ သူဌေးကြီး ဦးချိန်ကန်နှင့် ရတာကိုးဗျ၊ ရပြီးလို့ နှစ်နှစ်လောက်လဲ ကြာရော ဦးချိန်ကန်လဲ သေရော၊ မကျင်မြိုင်လဲ မူလ အချောဆုံး မိန်းမတစ်ယောက် ဖြစ်တဲ့ အပေါ်မှာ ပိုက်ဆံအကြွယ်ဝဆုံး မိန်းမ တစ်ယောက်လဲ ဖြစ်ပြန်တာကိုး၊ ဦးချိန်ကန် သေပြီးတဲ့နောက် အရွယ်ကလေးကလဲ ခပ်ကောင်းကောင်း၊ ရုပ်ကလေးကလဲ ခပ်ချောချော၊ ပိုက်ဆံကလေးကလဲ ခပ်ပေါပေါနှင့် ထင်သလို ပျော်မြူးပြီးနေလိုက်တာပေါ့ ခင်ဗျာ၊ သူ့ကို ရချင်တဲ့ လူတွေ မှိုလိုပေါက်ပြီးနေတာပဲ၊ ၎င်းအထဲမှာ ကျုပ်တို့ မိတ်ဆွေ မောင်ညွန့်ဖေလဲ အပါအဝင် ဖြစ်ဖူးတယ်၊ လူကလေးက ရုပ်က ချောချော ၊ ပြောရေး ဆိုစကလေးကလဲ ရှိပြန်၊ ဟန်ကလေးကလဲ ခပ်ကောင်းကောင်း ဖြစ်ပြန်တော့ ‘တစ်ဘီးလိမ့်’ မျှမက မကျင်မြိုင် ကိုယ်တိုင်ပဲ အတော် စွဲလမ်းသွားတယ်၊ သို့သော်လဲ မကျင်မြိုင်လိုမိန်းမစားမျိုးဟာ စိတ်ကူးတိုင်းပေါက်လို့ အကြံမြောက်ပြီဆိုမှဖြင့် ဒီတစ်ယောက်

ကို အီသွားပြီး ဟိုတစ်ယောက်ကို စွဲလန်းပြန်တာကိုး၊ ခမြာကလေးကတော့ မနူးမနပ်သေးတဲ့ အရွယ်မို့လို့ ချစ်မိတယ် ဆိုရင်ပဲ စွဲစွဲမြဲမြဲ အသည်းလှိုက် အူလှိုက် ချစ်ကြိုက်မိရှာတာကိုး ဗျ'

**ကျွန်တော်**။ ။'သြော် တန်တော့၊ ခုနက စာရွက်ဟာ သူ့အကြောင်းသူ ဝတ္ထုလုပ်ပြီး ရေးထားတာနှင့် တူတယ်'

**ရှား**။ ။'ခင်ဗျား ရိပ်မိလာပြီကိုး၊ ခုတလောမှာ မကျင်မြိုင်က ကျုပ်တို့ မြန်မာလူမျိုးထဲက ပထမဦးစွာ အိုင်စီအက်စ် အောင်တဲ့ လူတစ်ယောက်နှင့် လက်ထပ်မယ်လို့ ကြားတယ်၊ အရွယ်မှာတော့ မကျင်မြိုင်ထက် အပုံကြီး ငယ်သပေါ့လေ၊ လူကလေးက တော်တော်ကြာရင် အရေးပိုင် ဖြစ်မယ့်လူ ဆိုတော့ အရေးပိုင်ကတော်ဟာ မုဆိုးမဖြစ်ဖူးရုံမက သူတစ်ပါးနှင့် မှားယွင်းဖူးတယ် ဆိုတာ ရှက်စရာကြီးဖြစ်မှာ စိုးရိမ်သည့် အတွက် ... ဟော ပြောရင်း ဆိုရင်း ရောက်လာပြီဗျို့'

ကျွန်တော်တို့သည် ဥရောပတိုက်သားများ နေထိုင်သော အိမ်ကြီးများလောက်မျှ မက ပန်းဥယျာဉ်များ ခြံရံလျက် သိုက်မြိုက်တင့်တယ်စွာ ဆောက်လုပ်ထားသော တိုက်ခံအိမ်ကြီး၏ ဝင်းအတွင်း၌ ကားကို ရပ်ပြီးလျှင် မောင်စံရှားသည် အစေခံတစ်ယောက်အား မိမိ၏ နာမည်ရိုက်နှိပ်ထားသော ကားချပ်ကလေးကို ပေးအပ်လိုက်သည်တွင် အစေခံသည် ၎င်းကို ယူ၍ အိမ်ပေါ် သို့ တက်သွားလေ၏။ တစ်ခဏမျှကြာလျှင် အစေခံသည် ပြန်ဆင်းလာခဲ့၍ သခင်မမှာ မအားမလပ်သဖြင့် ဧည့်သည် လက်မခံနိုင်ကြောင်းနှင့် ပြန်ပြောလေ၏။

**ရှား**။ ။'ဒါဖြင့် မအားလပ်သေးလို့ ရှိရင် အားလပ်တဲ့ အချိန်တိုင်အောင် ကျုပ်တို့ ထိုင်ပြီး စောင့်ရုံရှိတာပ'

အစေခံ။ ။(မျက်မှောင်ကုတ်လျက်) 'မအားသေးဘူး ဆိုတာ မတွေ့ချင်လို့ ပြောတာဗျ'

**ရှား**။ ။'သြော် ဟုတ်လား၊ ဒါဖြင့် စောင့်နေဖို့ မလိုဘူးပေါ့၊ ရော့ ဒါဖြင့် ဟော့ဒီစာကလေး သွားပေးလိုက်စမ်းပါ'

ဟု ပြော၍ စာရွက်တစ်ခုပေါ်တွင် စာလေးငါးတန်းကို ရေးပြီးနောက် အစေခံအား ပေးလိုက်ရာ အစေခံသည် စာကိုယူ၍ တက်သွားပြန်လေ၏။

**ကျွန်တော်**။ ။'ဘာများ ရေးပေးလိုက်သလဲ ဗျာ'

**ရှား**။ ။'ဒါဖြင့် ဂတ်တဲကို ကျုပ်တို့ သွားတော့မယ်လို့ ရေးလိုက်တာပါပဲ၊ စိတ်ချပါဗျာ၊ အတွေ့ခံပါတယ်'

တစ်ခဏမျှကြာလျှင် အစေခံသည် တစ်ဖန် ပေါ်လာခဲ့၍ ကျွန်တော်တို့အား လက်ရပ်ခေါ်ငင်ပြီးလျှင် အကောင်းဆုံးသော တရုတ်အသုံးအဆောင်၊ အကောင်းဆုံးသော ဥရောပတိုက်သားတို့ အသုံးအဆောင်၊ အကောင်းဆုံးသော မြန်မာ အသုံးအဆောင် အစရှိသည်တို့ကို ရောပြွန်းလျက် အလွန်တရာ စည်းစိမ်ရှိအောင် ကြံစည်စိတ်ကူး ထူးကဲစွာ ဆင်ပြင်၍ ထားသော အခန်းကြီး တစ်ခုအတွင်းသို့ ခေါ် သွားလေ၏။ အခန်း၏ တစ်ခုသော ထောင့်တွင် ဆိုဖာကြီး တစ်ခုအပေါ်၌ ဖဲမွေ့အုံးကြီးများ၏ အလယ်မှ မိန်းမတစ်ယောက်သည် ကျွန်တော်တို့ ဝင်လာသည်ကို မြင်သဖြင့် လျောင်းလဲကာ နေရာမှ ထလိုက်သည်တွင် ကျွန်တော်မှာ ဤမျှလောက် လှပတင့်တယ်သော မျက်နှာ၊ ဤမျှလောက် အချိုးအစားကျန၍ သိမ်မွေ့ ပျော့ပြောင်းသည့် ကိုယ်လုံးကိုယ်ပေါက်ကို အဘယ်အခါမျှ မမြင်ဖူး ဟူ၍ စိတ်တွင်း၌ ချီးမွမ်းမိလေ၏။ စင်စစ်အားဖြင့် ဆိုသော် ၎င်းမကျင်မြိုင်မှာ မြန်မာလူမျိုးတို့အနက် အတင့်တယ်ဆုံးသော ရုပ်လက္ခဏာနှင့်၊ တရုတ်လူမျိုးတို့အနက် အမွန်မြတ်ဆုံးသော ရုပ်လက္ခဏာတို့ကို သင့်တင့်အောင် ရောစပ်ပူးပေါင်း၍ ထားသည်နှင့် တူလှပေ၏။ မကျင်မြိုင်သည် ကျွန်တော်တို့နှစ်ယောက်ကိုမြင်လျှင် အရောင်တလက်လက် မီးများထွက်ဘိသကဲ့သို့သော မျက်လုံးများဖြင့် ကျွန်တော်တို့အား ခြေဆုံးခေါင်းဆုံး ကြည့်လျက်

**မြိုင်**။ ။'တယ်လွန်တဲ့ လူတွေပါကလား၊ ဘယ်လို အဓိပ္ပာယ်နှင့် ဒီစာ ရေးပေးလိုက်ကြတာလဲ'

**ရှား**။ ။'ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ် တစ်ဦး ပဲဗျာ၊ ဖွင့်ပြောဖို့ မလိုပါဘူး၊ သို့သော်လည်း အခုတစ်လောမှာတော့ ပညာရှိ သတိဖြစ်ခဲ ဆိုတာလို ခပ်ချော်ချော် ဖြစ်နေတယ် ထင်တယ်'

**မြိုင်**။ ။(မျက်ခုံးချီလျက်) 'ရှင် အခု ပြောတာ ဘာပြောနေတာလဲ'

**ရှား**။ ။'လူမိုက်တွေ ငှားပြီး ကျုပ်ကို အခြောက်ခိုင်းရင် ကြောက်လန့်သွားလိမ့်မယ်လို့ မကျင်မြိုင် ထင်တာ မှားတာပေါ့၊ ဘေးအန္တရာယ်ဆိုတာ ကြောက်တတ်တဲ့ လူသာ ကြောက်တတ်တာဗျ၊ ကျုပ်တို့လို လူက ဘေးအန္တရာယ် ထူထပ်လေလေ

နေလို့ထိုင်လို့ ကောင်းလေလေ၊ ဒါကြောင့်သာ ဒီအလုပ်ကို ကျုပ် လုပ်နိုင်တာပေါ့၊ ဒေါ်စိန်ခင် အမှုကို လက်ခံရကောင်းမလား လို့ စဉ်းစားနေတုန်း ခင်ဗျား အခြောက်ခိုင်းလိုက်တာနှင့် လက်ခံဖြစ်တာပဲ'

**မြိုင်။** ။'ဒီလူက ဘာတွေ လျှောက်ပြောနေပါလိမ့်မလဲ ၊ လူမိုက်တွေနှင့် ကျွန်မနှင့် ဘာဆိုင်သလဲ ရှင့်'

**ရှား။** ။(ရုတ်တရက် တံခါးပေါက် ရှိရာသို့ လှည့်ပြီးလျှင်) 'ကိုင်း ၊ မခိုင်းလို့ရှိမှ ပြန်ပါတော့မယ်ဗျာ'

**မြိုင်။** ။'နေပါဦးရှင်၊ ဘယ်သွားမလို့တုန်း'

**ရှား။** ။'ဂါတ်တဲ သွားရုံ ရှိတာပဲ'

ထိုခဏ၌ မကျင်မြိုင်မှာ ခက်ထန်သော မျက်နှာထားမှ အထူးသဖြင့် ချိုသာသိမ်မွေ့သော မျက်နှာထား အဖြစ်သို့ ရုတ်တရက် ပြောင်းလဲခဲ့၍ မောင်စံရှား၏ လက်မောင်းကို ကိုင်ဆွဲလျက် ...

'ထိုင်ကြပါဦးတော့ရှင်၊ အလျင်တလို မလုပ်ကြစမ်းပါနှင့်၊ ပြောစရာရှိရင်လဲ ဖြေးဖြေးဆေးဆေး ပြောကြတာပေါ့၊ ဦးစံရှား ဆိုတာ ဂုဏ်အသရေရှိ လူကြီးလူကောင်း တစ်ယောက်ဖြစ်ကြောင်း၊ လူတစ်ဖက်သားကို သနားညှာတာတတ်ကြောင်းကို လူမြင်ရုံနှင့် ကျွန်မ သိပါတယ်၊ ကျွန်မကို မိတ်ဆွေလိုပဲ သဘောထားပါရှင်'

**ရှား။** ။(မျက်နှာထားတင်းတင်းနှင့်) 'မိတ်ဆွေလို သဘောထားဖို့ တော်တော်ကြပ်တယ် မကျင်မြိုင်၊ ကျုပ်ဟာ အစိုးရ လခစား မဟုတ်သော်လည်း ကိုယ့်စွမ်းအားရှိသမျှ တရားနည်းအတိုင်း ဖြစ်ကြစေဖို့ကို ဆောင်ရွက်နေတဲ့ လူတစ်ယောက်ဖြစ်တယ်၊ တရားနည်းလမ်း ဆိုတာ အင်္ဂလိပ်တရားဥပဒေကို ဆိုလိုတာ မဟုတ်ဘူးဗျနော်၊ ဟုတ်တိုင်းမှန်ရာ ဓမ္မတာသဘောတရားကို ကျုပ် ဆိုလိုတယ်၊ ကိုင်း မကျင်မြိုင် ပြောစရာရှိတာ ပြော၊ နားထောင်ပြီးမှ ကျုပ် ဆုံးဖြတ်မယ်'

**မြိုင်။** ။'ဦးစံရှားလို သတ္တိဗျတ္တိနှင့် ပြည့်စုံလုံလောက်တဲ့ လူတစ်ယောက်ကို အခြိမ်းခြောက်ခိုင်းတာလဲ ကျွန်မ မိုက်မိတာပါပဲ ရှင်'

**ရှား။** ။'ဒီထက် မိုက်တာ ရှိသေးတယ်၊ ဘာလဲ ဆိုတော့ ကိုယ့်အကြောင်းကို မနက်ဖြန်ပေါ် မလား၊ သဘက်ခါ ပေါ်မလား စိတ်မချရတဲ့ လူဆိုးတွေနှင့် ပူးပေါင်းပြီး၊ တော်တော်ကြာရင် သူတို့ ငွေညှစ်တိုင်း ထုတ်ပေးနေရအောင် စီမံလိုက်ပုံက သာပြီးတော့ မိုက်ရာကျတယ် မကျင်မြိုင်'

**မြိုင်။** ။'သည်လောက်တောင် တော့လည်း ကျွန်မ မမိုက်ပါဘူးရှင်၊ အမှန် ဖွင့်ပြောရမှာဖြင့် စိန်ဟုတ်နှင့် မစောတင် ကလွဲလို့ ကျွန်မအကြောင်းကို ဘယ်သူမှ မသိပါဘူး၊ သူတို့ ဆိုတာမှာတော့ တစ်တက်စားလဲ ကြက်သွန်၊ နှစ်တက်စားလဲ ကြက်သွန် ဆိုတာမျိုးလို ခိုင်းစေနေကြ ဖြစ်နေတော့ မထူးပါဘူးရှင်'

**ရှား။** ။'ဩော် သည်လိုလား'

**မြိုင်။** ။'မှန်ပါတယ်၊ စမ်းပြီး သပ်ပြီးသားတွေပါ'

**ရှား။** ။'နို့ပေမဲ့ လူဆိုတာ မျိုးဟာ ဖောက်ပြန်တတ်တယ် ဗျနော်၊ မတော်လို့ ဖော်လိုက်လျှင် ဘယ့်နှယ်လုပ်မလဲ၊ ပုလိပ်က သူတို့ကို ဖောက်ထွင်းမှုနှင့် အခု ဖမ်းတော့မယ် ကြားလား'

**မြိုင်။** ။'ဖမ်းလျှင်လဲ ကျွန်မ ဘာကိစ္စရှိသလဲ၊ သူတို့ကျေနပ်လောက်အောင် ပေးပြီးသားကပဲ၊ ကျွန်မ ပါစရာ ဘာမှ မရှိဘူး'

**ရှား။** ။'ကျုပ်က ဖော်လိုက်လျှင် ဘယ့်နှယ်လုပ်မလဲ'

**မြိုင်။** ။'ရှင် သည်လို မလုပ်ပေဘူးဆိုတာ ကျွန်မ သိပြီးသားကပဲ၊ သည်လောက်တောင် စိတ်သဘောထား မြင့်မြတ်နေတဲ့ လူတစ်ယောက်ဟာ မိန်းမ တစ်ယောက်ကို အရှက် မခွဲပေဘူး ဆိုတာ ကျွန်မ ယုံကြည်ပြီး သားကပဲ'

**ရှား။** ။'ကိုင်း ဒါဖြင့် စာရွက်တွေ ပြန်ပြီးပေးပါဗျာ'

ထိုအခါ မကျင်မြိုင်သည် လက်ခုပ်လက်ဝါး တီးကာ ရယ်မောပြီးနောက် ကျွန်တော်တို့ နှစ်ယောက်ကို မီးဖိုချောင်သို့ ခေါ် သွားပြီးလျှင် မီးဖိုကို ပြရာ ပြာများသည် အထပ်ထပ် ရှိနေသည်ကို တွေ့မြင်ကြရလေ၏။

**မြိုင်။** ။(မောင်စံရှား၏ မျက်နှာကို ကြည့်၍ ကြာဆန်ဆန် ပြုံးလျက် ) 'ရှင် လိုချင်လျှင်ဖြင့် သည်ဟာပဲ ယူသွားပေတော့'

**ရှား။** ။(မျက်နှာထားတင်းတင်းနှင့်) 'ကိုင်း တစ်ခါဖြင့် ချမ်းသာ မပေးနိုင်တော့ဘူး၊ စာရွက်တွေ ပြန်ရရင် ချမ်းသာ ပေးမယ်လို့ဟာ မီးရှို့ပစ်နှင့်တာကိုး မကျင်မြိုင်'

**မြိုင်။** ။'သည်လိုလဲ မရက်စက်ပါနှင့် ဦးစံရှားရှင်၊ အကျိုးအကြောင်းကို ကျွန်မ အကုန် ပြန်ပြီး ပြောပြရမလား'

**ရှား။** ။'ကျုပ် သိပြီးပါပြီ၊ ပြောဖို့မလိုပါဘူး'

**မြိုင်။** ။'သိပေမဲ့ ဦးစံရှားတို့က ယောကျ်ား မျက်စိနှင့် ကြည့်တာကိုး၊ ကျွန်မတို့ မိန်းမ မျက်စိနှင့်လဲ ကြည့်ဦးမှပေါ့ရှင့်၊ မိန်းမတို့ မျှော်လင့်ချက်ကြီး အထမြောက်လု ဆဲဆဲမှာမှ တစ်ယောက်ယောက် လာပြီး နှောင့်ယှက်မယ် ဆိုရင် ကာကွယ်ဖို့ရာ နည်းလမ်းအတိုင်း မဟုတ်ပါလားရှင်'

**ရှား။** ။'မှားတာက အရင် စပြီး မှားတာပဲ'

**မြိုင်။** ။'မှန်ပါတယ်၊ မှန်ပါတယ်၊ အင်မတန် စိတ်သဘော ကောင်းရှာတဲ့ သူငယ်ကလေး ပါပေရှင်၊ ဒါကြောင့်လဲ ကျွန်မ စုံမက် မိပေတာပဲ၊ နို့ပေမဲ့ သူ့သဘောက လင်နှင့်မယား အဖြစ် နေထိုင်ရမှ ကျေနပ်နိုင်မှာရှင့်၊ ဝက်သားဟင်းကို မြင်နေတဲ့လူဟာ ငပိချက်နှင့် ဘယ်ကျေနပ်နိုင်မလဲ၊ သူက သည်အထဲမှာ တစ်နေ့ထက် တစ်နေ့ ခေါင်းမာပြီး လာတယ်၊ သူ့ ထင်မြင်ချက်ကို တစ်ခါ ပေးမိရင် အစဥ်မပြတ် ပေးရမယ်၊ သူ့ တစ်ယောက်ထဲကိုမှလဲ ပေးရမယ်၊ သည်လိုကိုးရှင့်၊ သည်တော့ ကျွန်မ ဘယ့်နှယ်တတ်နိုင်မလဲ၊ ဖွင့်ပြောရတော့တာပေါ့'

**ရှား။** ။'ဖွင့်ပြောပုံကလဲ လူမိုက်တွေ ငှားပြီး ရိုက်ခြောက်လိုက်တယ် မဟုတ်လား'

**မြိုင်။** ။'ဦးစံရှားက အလုံးစုံ သိပြီး ဖြစ်နေတာကိုး၊ လိမ်လို့တောင် ရမှာ မဟုတ်ပါဘူး၊ မှန်ပါတယ်ရှင်၊ ခြောက်မိပါတယ်၊ သည်တော့ သူက ဘယ့်နှယ်လုပ်သလဲ ရှင်သိရဲ့လား၊ ဂုဏ်အသရေရှိ မိကောင်းဖခင် သားတစ်ယောက် လုပ်နေပြီး မိန်းမကို အရှက်ခွဲမယ်လို့တဲ့ ရှင်၊ ကြားဖူးကြရဲ့လား၊ သူက သူ့ကိုယ်သူတော့ သူတော်ကောင်းကလေး၊ ကျွန်မကိုတော့ မိန်းမဆိုးကြီး တစ်ယောက်လုပ်ပြီး ဝတ္ထုရေးပြီး ထုတ်မလို့တဲ့၊ ကျွန်မတို့ အကြောင်းဟာ တစ်မြို့လုံး ရိပ်မိနေကြတော့ နာမည်ကို တိုက်ရိုက် ဖော်မရေးသော်လည်း၊ ဘယ်သူ့ အကြောင်း ရေးတယ်ဆိုတာ မတွေးမိကြဘဲ နေပေါ့မလားရှင်၊ ကြည့်ပါဦးတော့ ကြံကြံစည်စည်'

**ရှား။** ။'ဝတ္ထုဆိုတာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ထင်တာကို ကိုယ်ရေးပိုင်တယ် မဟုတ်ဘူးလား'

**မြိုင်။** ။'ဝတ္ထုရေးပြီး ပုံမနှိပ်မီ နှစ်အုပ်ဖြစ်အောင် ကော်ပီကူးသတဲ့ ရှင်၊ ကူးပြီး တစ်အုပ်ကို ကျွန်မဆီပို့ ၊ တစ်အုပ်ကိုတော့ စာပုံနှိပ်တိုက် ပို့မယ်လို့တဲ့ ရှင်၊ ကောင်းသေးရဲ့လားရှင်'

**ရှား။** ။'ပုံနှိပ်တိုက်ကို မပို့သေးကြောင်း ခင်ဗျား ဘယ့်နှယ် သိသလဲ'

**မြိုင်။** ။'သူပို့နေကြ သူရိယတိုက်ကို ကျွန်မ စုံစမ်းကြည့်လို့ သိပါတယ်ရှင်၊ သူ့လက်ရေးနှင့် ဝတ္ထုလဲ ရရော သူလဲ ရုတ်တရက် သေရှာတယ် လို့ ကျွန်မ ကြားရတယ်၊ သည်တော့ကာ တစ်အုပ်ဟာ သူ့ပစ္စည်းတွေထဲမှာ ကျန်နေရစ်ရမယ်၊ ကျန်ရစ်လျှင်လဲ သူ့အမေဆီ ပို့ရမယ်ဆိုတာ ကျွန်မသိတော့ ၊ ရှင် ကြားပြီး ဖြစ်တဲ့ အတိုင်း ရိုးရိုးနည်းနှင့် ကျွန်မ ရအောင် ဝယ်ယူပါတယ်ရှင်၊ ဒါပေမဲ့ ရှင်သိတဲ့ အတိုင်းပဲ ဝယ်လို့မရဘူး၊ မရတော့မှ သည့်ပြင်တစ်နည်းနှင့် ရအောင် ကျွန်မ ကြံစည်ရတာပါရှင်၊ မောင်ညွန့်ဖေကလေး အပေါ်မှာ ကျွန်မ ဆိုးမိတာလဲ ဆိုးမိပါရဲ့၊ နို့ပေမဲ့ တစ်သက်လုံး အကြံအစည်တွေ ပျက်ကုန်မှာ စိုးလေတော့ ပြုမိပြုရာ ပြုရတော့တာပဲ ဦးစံရှားရဲ့'

**ရှား။** ။(အတန်ကြာ စဉ်းစားနေပြီးနောက်) 'အင်း အစိုးရ သိလျှင်တော့ ထိန်ချန်မှု ဖြစ်ဦးတော့မှာပဲ ၊ ဒါထက် အိန္ဒိယပြည်ကို အဖော်တစ်ယောက်နှင့် ပထမတန်းစီးပြီး လျှောက်လည်လျှင် ဘယ်လောက်ကုန်မလဲ' ဟု မေးသော အခါ မကျင်မြိုင်သည် အံ့သြသော မျက်နှာထားနှင့် မောင်စံရှားအား ကြည့်၍နေသည်တွင်

**ရှား။** ။'၃၀၀၀ ကျပ် လောက်ပေါ့မလား'

**မြိုင်။** ။'လောက်ကောင်းပါရဲ့ရှင်'

**ရှား။** ။'ကိုင်း မကျင်မြိုင်၊ ၃၀၀၀ ကျပ်တန် ချက်စက္ကူ တစ်ခုကို လက်မှတ်ထိုးဗျာ၊ ဒေါ်စိန်ခင် လက်ကို ငွေလဲပြီး ကျုပ် ပို့လိုက်မယ်၊ ခမျာမှာလဲ ဘုရားဖူး သွားချင်နေတာ ကြာလှပြီတဲ့'

ဟု ပြောပြီးနောက် ချက်စက္ကူကို ရသောအခါ မောင်စံရှားသည် လက်ညှိုးကို ထောင်ကာ ယမ်းလျက်

'သတိထားနော် မကျင်မြိုင်၊ သတိထား၊ မီးကို အရောဝင်ပြီး ကစားတဲ့ ကလေးဟာ တစ်နေ့နေ့ကျတော့ လက်ကို လောင်တတ်သဗျနော်၊ မကျင်မြိုင် သတိထားလိုက်ပါ'

## ပြီးပါပြီ။

× × × × × ×

## ၁၂။ မင်းတိုင်ပင်အမတ်တစ်ဦး၏ အမှု၌ မောင်စံရှား စုံထောက်ပုံ

သမိုင်းဘူတာရုံနှင့်အနီး တစ်ခုသော တိုက်ခံအိမ်ကြီး တစ်အိမ်သည် လပေါင်းများစွာ နေထိုင်သူ မပေါ်ပေါက်ဘဲ တစ်နေ့သ၌ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိ၍ သူဌေးဟန်ပေါက်သော လူတစ်ယောက်သည် ထိုအိမ်ကို ငှားရမ်းပြီးနောက် အိမ်ထောင်မှု ပစ္စည်းအမြောက်အမြားနှင့် တကွ ရွှေ့ပြောင်းနေထိုင်လျက် ရှိလေ၏။ ထိုသူ၏ အမည်မှာ ဦးကျော်ဦးဟု ခေါ်တွင်ခဲ့လေရာ အနီးအပါးရှိ အိမ်ရှင်တို့လည်း ဤမျှလောက် အဖိုးအခကြီးမြင့်သော အိမ်ကြီးကို ငှားရမ်းနေထိုင်နိုင်သော သူမှာ မည်ကဲ့သို့သော သူမျိုး ဖြစ်လေသနည်းဟု အိမ်နီးခြင်း ဘာဝ တစောင်းမှ အကဲခတ်လျက် ရှိကြစဉ် ၎င်းကျော်ဦးသည် ရဟန်းတော်များအား ဆွမ်းဝတ်ကွမ်းဝတ် ပြုသည့်အရာဌာန၌ လည်းကောင်း၊ ရပ်ရွာမှုကိစ္စတို့၌လည်း ရက်ရောစွာ အလှူငွေ ပါဝင်ခြင်းဖြင့် လည်းကောင်း၊ စာဖတ်အသင်း ဝတ်အသင်း ဆွမ်းကြီးလောင်းအသင်း စသည်တို့၌လည်း ထက်သန်ဟန်ရှိသော သဒ္ဓါတရားဖြင့် ငွေ ၅၀ ကျပ်၊ ၁၀၀ ကျပ် စသည်တို့ကို ရက်စက်စွာ လှူဒါန်းခြင်းအားဖြင့် ၎င်းရပ်ရွာရှိ လူကြီးလူကောင်း အပေါင်းတို့က ထိုသူသည်ကား ဓနဥစ္စာနှင့် ခိုင်လုံပြည့်စုံသည့်ပြင် စိတ်စေတနာလည်း အလွန်တရာ ကောင်းလှပေသည်တကားဟု အားရဝမ်းသာ ချီးမွမ်းကြရာလေ၏။ အနည်းငယ် သိကျွမ်းသော သူတို့က ထိုသူ၏ အလုပ်အကိုင်ကို မေးမြန်းကြည့်ရှုသောအခါ ဦးကျော်ဦးက မိမိမှာ အမိန့်တော်ရ ရှေ့နေကြီးတစ်ယောက်ဖြစ်၍ အထက်မြန်မာပြည်တွင် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းပြီးနောက် လယ်ယာချောင်းမြေများကို ဝယ်ချမ်းပြီးလျှင် အောက်အရပ်ဒေသ၌ တစ်နှစ်ခန့်မျှ ငြိမ်းချမ်းစွာ နေထိုင်လိုသဖြင့် လာရောက်တည်းခို နေထိုင်ကြောင်းနှင့် ပြောဆိုသည်တွင် အသိအကျွမ်းတို့လည်း စိတ်ကျေနပ်ကြလေ၏။

ဦးကျော်ဦးသည် ထိုအိမ်ကြီး၌ လာရောက်နေထိုင်ပြီးနောက် တစ်လကျော် နှစ်လခန့်မျှ ရှိလတ်သော် တစ်နေ့သ၌ စာပို့ကုလားသည် ဦးကျော်ဦး အမည်နှင့် စာလေးငါးစောင်ကို လာရောက်ပေးပို့၍ ပြန်သွားသည်တွင် ဦးကျော်ဦးမှာ အိမ်ရှေ့ ဧည့်ခန်းအတွင်းရှိ စားပွဲတစ်ခုတွင် စာများကို မဖောက်သေးဘဲ လိပ်စာများနှင့် စာတိုက်တံဆိပ်များကို ကြည့်ရှုလျက်ရှိရာ

**ဦး**။ ။‘သည်စာက ကုသိုလ်ဖြစ်ဆေးရုံက အလှူခံတဲ့ စာပဲ ၊ အရေးမကြီးသေးဘူး ရှိပေစေ၊ သည်ဟာကတော့ ဝပ်ဆင်တိုက်က ကုန်ဖိုးတောင်းတဲ့ ဘီလ်ပဲ၊ နေပေစေဦး၊ အလို သည်စာက မန္တလေးက စာပါလား၊ ဦးဘိုးလှ ဆီက မှတ်တယ်၊ မှန်းစမ်း’

ဟု ပြောပြီးနောက် ဦးကျော်ဦးသည် စာအိပ်ကို ဖွင့်ကြည့်ရာ အတွင်း၌ကား ငွေစက္ကူ ၁၀၀ တန် သုံးချပ်နှင့် စာတစ်စောင်ကို တွေ့ရှိရလေ၏။ ဦးကျော်ဦးသည် ငွေစက္ကူများကို ရေတွက်ကြည့်ရှု ဖယ်ထားပြီးနောက် စာကို ဖတ်ကြည့်ရာ ၎င်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**ဤငွေသည် နောက်ဆုံးပေးခြင်း ဖြစ်သည်။ ကျွန်တော်၏ထံမှ နောက်ထပ်မျှော်လင့်ရန် မရှိပါ။ ယခုငွေ သုံးရာကိုပင် ခဲယဉ်းစွာနှင့် စုဆောင်းပေးပို့ရပါသည်။ နောက်ထပ်၍တောင်းဦးမည် ဆိုလျှင် မတတ်နိုင်တော့ပါ။ ဖော်ချင်လျှင် ဖော်လိုက်ပါတော့။ သို့ရာတွင် ကျွန်တော့်ထံမှ ငွေတစ်ထောင်ကျော် ရပြီးဖြစ်၍ ကျေနပ်လောက်ကောင်းပါပြီ။**

စာကို ဖတ်ပြီးနောက် ဦးကျော်ဦးသည် ငွေစက္ကူများကို စားပွဲအံဆွဲအတွင်းသို့ သွတ်သွင်း၍ မျက်နှာထား ပြုံးပြုံးနှင့် ‘သည်လိုလူမျိုးဟာ ပြောတော့ဖြင့် မပေးနိုင်ဘူးလေး နောက်ဆုံးလေး ဘာလေးနှင့် တော်တော်ကြာ ထပ်ပြီး ညှစ်ပြန်ရင်လဲ ရပြန်တာပဲ၊ ကိုင်း သည်စာကကော ဘယ်သူ့ဆီကလဲ မှန်းစမ်း’ ဟု တစ်ယောက်တည်း တီးတိုး ပြောပြီးနောက် စတုတ္ထစာတစ်စောင်ကို ဖောက်၍ ဖတ်ရာ ၎င်းစာမှာ ရေးသူ၏ အမည်နေရပ်နှင့် တကွ အလုပ်အကိုင်တို့ကို ကောင်းမွန်ချောမွေ့သော စာရေးစက္ကူပေါ်တွင် သေသပ်စွာ ပုံနှိပ်ပါရှိလေ၏။ စာရွက်ပေါ်၌ ရေးသား ပါရှိသော စာမှာကား

**ခင်ဗျားသည် အလွန်တရာ သိမ်ငယ်ယုတ်ညံ့သော သဘောရှိသည်ဖြစ်၍ ကျွန်တော်၏ ထံမှ ငွေညှစ်၍ တောင်းခြင်းဖြစ်သော်လည်း မပေးခဲ့လျှင် ကျွန်တော်တွင် မက ကျွန်တော်၏ မယားပါ အရှက်ကွဲရမည် ဖြစ်သောကြောင့် ခင်ဗျားတောင်းသော ငွေ သုံးထောင်ကျပ်ကို ပေးပါတော့မည်။ ခင်ဗျားပြောသော**

**သက်သေခံစာများကို ယခု တနင်္လာနေ့ည ၉ နာရီ အချိန်ခန့်တွင် ကျွန်တော်၏ နေအိမ်သို့ ယူခဲ့လျှင် ကျွန်တော်၏ ကတိအတိုင်း ငွေ သုံးထောင်ကျပ် ပေးပါမည်။ စင်စစ်အားဖြင့် ပုလိပ်ကို တိုင်တန်းလိုသော်လည်း မယား၏ အရှက်ကို ငဲ့ညှာသဖြင့် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတိုင်ပင်ဝံ့ပါ။ သို့ဖြစ်၍ စိုးရိမ်ရန်မရှိ။ လာဖြစ်အောင်လာပါ။**

၎င်းစာကို ဖတ်ပြီးနောက် ဦးကျော်ဦးသည် ရွှင်လန်းအားရသော မျက်နှာထားနှင့်

'စက်ပိုင်လဲ ဖြစ်တယ်၊ မြူနီစပါယ်လူကြီးလဲ ဖြစ်တယ်၊ သမာဓိမြို့ဝန်လဲ ဟုတ်တယ်၊ မင်းတိုင်ပင်အမတ်လဲ ဖြစ်လိုက်သေးတယ်၊ သည်လိုလူမျိုး ငွေသုံးထောင်ကျပ် ပေးရလို့ ဘာဖြစ်ရမှာလဲ၊ ငါတောင်းမိတာတောင် နည်းသွားသေးတယ်ကွယ်၊ သို့သော်လဲ သည်အကြိမ်နှင့် မပြီးသေးပါဘူးလေ၊ နောက်လဲ ထပ်ပြီးတောင်းနိုင်သေးတာပဲ '

စသည်ဖြင့် တွေးတော ပြောဆိုလျက် ရှိလေ၏။

၎င်းဦးကျော်ဦးသည် ရှေ့နေတစ်ယောက်ဖြစ်သည် မှန်သော်လည်း ရှေ့နေအလုပ်ကို ဟန်ဆောင်မျှ လုပ်ကိုင်၍ အခြားသောနည်းအားဖြင့် ပစ္စည်းဥစ္စာရှာဖွေ စုဆောင်းခဲ့သူ တစ်ယောက် ဖြစ်လေသည်။ ထိုသူ၏ နည်းမှာ သူတစ်ပါးအိမ်၌ အစေခံလုပ်သူများ၊ သမီးရည်းစား အောင်သွယ်၍ ပေးတတ်သော အမယ်ကြီးများ နှင့် အကျွမ်းဝင်အောင် ပေါင်းသင်းပြီးလျှင် သူတစ်ပါးတို့ မသိစေလိုသည့် လျှို့ဝှက်သော စာများကို ကြေးငွေပေး၍ ဝယ်ယူတတ်လေသည်။ လူဂုဏ်တန် တစ်ယောက်၏ သမီးတစ်ယောက်သည် အကယ်၍ မိမိ၏ရည်းစားအား စာတစ်စောင်ပေးခဲ့ပါမူ ထိုစာသည် ဦးကျော်ဦး၏ လက်သို့ ရောက်ခဲ့လျှင် ထိုမိန်းကလေးအား မိဘများကို တိုင်ကြားမည်အကြောင်း နှင့် ချောက်လှန့်၍ ငွေများကို အစ်အောက် ညှစ်ယူတတ်လေသည်။ ထိုထက် ငွေရလမ်းပွင့်သော နည်းလမ်းတစ်ခုမှာကား မိန်းမဖြစ်စေ ယောက်ျားဖြစ်စေ မိမိတို့ အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် ရှေးဦးစွာ ချစ်ကြိုက်မိခဲ့သော ရည်းစားနှင့် အကြင်လင်မယား အဖြစ်သို့ တိုင်အောင် ပေါင်းသင်းနေထိုင်ရသူမှာ အလွန်တရာ နည်းပါးလှသည် ဖြစ်ရာ များစွာသော ယောက်ျားမိန်းမတို့မှာ ပထမချစ်ကြိုက်သော ရည်းစားသည် တစ်ဦးဖြစ်၍ မိမိတို့နှင့် ပေါင်းဖက်ရသော လင်ယောက်ျား သားမယားသည် တစ်ဦးဖြစ်ခဲ့တတ်လေသည်။ ယင်းသို့ဖြစ်၍ တစ်စုံတစ်ယောက်သော မိန်းမသည် မိမိ၏ ရည်းစားထံ သမီးရည်းစားတို့ ဘာဝ ချစ်ကြိုက်ကြောင်း စာတစ်စောင်ကို ပေးခဲ့ငြားအံ့၊ ထိုမိန်းမသည် ဂုဏ်သရေရှိ အခြားသော သူတစ်ယောက်နှင့် အကြောင်းအားလျော်စွာ အကြင်လင်မယား အဖြစ်သို့ တိုင်ရောက်သည့်အခါ၌ ယခင်က စာသည် ဦးကျော်ဦး၏ လက်သို့ ဆိုက်ရောက်ခဲ့ပါလျှင် ထိုစာကို လင်သားအား ပြမည်ဟု ခြိမ်းခြောက်၍ ထိုမိန်းမ၏ထံမှ ကြေးငွေများကို အင်အားနှင့် လျော်စွာ ညှစ်ထုတ် ခြောက်လှန့် တောင်းယူတတ်လေသည်။ ထို့ပြင် ကုန်သည်ကြီး တစ်ဦးသည် အလုပ်နှင့် ပတ်သက်၍ လျှို့ဝှက်သော စာတစ်စောင်ကို တစ်စုံတစ်ယောက်ထံ ရေးသားမိရာ ၎င်း၏ စာရေးထံမှတဆင့် ကိုယ်စားလှယ်ခံသည့် ဦးကျော်ဦးထံသို့ ဆိုက်ရောက်သည့်အခါ ရှေးကနည်းတူ ကုန်သည်ကြီးထံမှ ငွေညှစ်ရန် နည်းလမ်း ပွင့်ပြန်လေသည်။ အထက်တွင် ဖော်ပြခဲ့ ပြီးသည့်အတိုင်း ဦးကျော်ဦးသည် အစေခံအမျိုးမျိုး၊ စာရေးအမြောက်အမြား၊ အောင်သွယ်ကြီး အများအပြားတို့နှင့် ဆက်သွယ်ပြီးလျှင် ၎င်းတို့ထံမှ စာများကို လူအရည်အချင်း နှင့် အကြောင်းကိစ္စကို လိုက်၍ အခကြေးငွေ ပေးကမ်းဝယ်ယူလေ့ရှိလေသည်။ ရံဖန်ရံခါ စာတစ်စောင်ကို ငွေ သုံးရာကျပ်မျှ အဘိုးပေး၍ ဝယ်ယူပြီးလျှင် ဦးကျော်ဦးသည် နှစ်နှစ် သုံးနှစ် စသည်ဖြင့် အခွင့်မပေါ်ပေါက်မခြင်း လျှို့ဝှက်စွာ စောင့်ဆိုင်းသိုမှီး၍ ထားရတတ်လေသည်။ သို့ရာတွင် အခွင့်သင့်သည့် အခါ၌မူကား ထိုငွေထက် ဆယ်ဆ မကသော ကြေးငွေ ရအောင် ညှစ်၍ ယူတတ်လေသည်။

ဦးကျော်ဦးသည် ၎င်းစာကို ဖတ်ပြီးနောက် စားပွဲအံဆွဲကို ဖွင့်၍ ပိုးကြိုး နှင့် သေချာစွာ တွဲ၍ထားသော ဖိုင်တွဲ တစ်တွဲကို ထုတ်ယူပြီးလျှင် စာများကို လှန်လှောကြည့်ရှုလျက် ရှိရာ နောက်ဆုံး၌ မိမိရှာသော စာကို တွေ့ရှိသည့် လက္ခဏာနှင့် စာကို ဖိုင်တွဲမှ ထုတ်ပြီးနောက်

'နေရာကျလိုက်လေကွယ်၊ ရေးပုံကလေးက တယ်မိပါကလား၊ ကိုယ့်ထက်ငယ်ကလေးမို့ သာပြီးချစ်ရပါတယ်တဲ့၊ အိမ်မှာ ရှိတဲ့ မယားကြီးကို ပေါင်းလို့သာနေရ ၊ ငွေမျက်နှာကြောင့် ပေါင်းရတာပါတဲ့၊ မင်းကိုချစ်သလောက် ဆယ်ပုံပုံ တစ်ပုံတောင် မချစ်ပါဘူးတဲ့၊ သည်စာများ သူ့မယားကြီးမြင်လိုက်ရ၊ ဘယ်လောက်များ ပွက်လောထလိမ့်မလဲလို့၊ ငွေလိုချင်လို့သာ နို့မို့များဖြင့်

စက်သူဌေးကြီးကို နှုတ်ခမ်းမွေး ဆွဲဆွဲပြီး သူဌေးကတော်ကြီးက ပွက်တာ ကြည့်လိုက်စမ်းချင်လှသကွယ်၊ ဟယ် သို့သော် ငွေသုံးထောင်က သေးရိုးလား၊ တစ်မျိုးမျိုးနှင့်ကြံပြီး ငါ ညှင်းဦးမှာပေါ့၊ အလို…'

ထိုသို့ လန့်၍ အော်ဟစ်ရခြင်းမှာ ဦးကျော်ဦးသည် မိမိ၏ လည်ကုပ်၌ အေးစက်စက် ရှိသော အရာဝတ္ထု တစ်ခုနှင့် ထိတွေ့သည်ဖြစ်၍ နောက်သို့လှည့်ကြည့်လိုက်သည်တွင် ဘီးစပတ်ကြီးကို အက်ကွဲအောင် ပတ်လျက်ရှိသော မိန်းမကြီး တစ်ယောက်သည် ရက်စက်ကြမ်းကြုတ်သော မျက်နှာထားနှင့် မိမိအား ကြည့်လျက် ခြောက်လုံးပြူးသေနတ်နှင့် လည်ကုပ်ကို ကပ်၍ ထားသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်လေသည်။ ထိုအခါ

**မိန်း**။ ။'လက်မြှောက်လိုက်ပါ ဆရာကြီး၊ နည်းနည်းကလေး လှုပ်လျှင် သည်က မောင်းကို ဖြုတ်လိုက်မယ်နော်၊ ညှာလိမ့်မယ် များတော့ မထင်နှင့် '

ဟု အမိန့်ပေးသဖြင့် ဦးကျော်ဦးသည် လက်ကို မြှောက်၍ထားစဉ် ထိုမိန်းမကြီးသည် ဘီးစပတ်ကို ဖြုတ်၍ပစ်လိုက်ရာ ခေါင်းတုံးကို ပြောင်အောင် ရိပ်၍ထားသော လူတစ်ယောက်၏ အသွင်သည် ပေါ်လာသည် ဖြစ်သောကြောင့် ထိုသူမှာ မိန်းမစင်စစ် မဟုတ်ကြောင်းကို ဦးကျော်ဦး သိရှိလေ၏။

**ဦး**။ ။'ခင်ဗျား ဘယ်သူလဲ'

**ထိုသူ**။ ။'ဆိုးတေဆိုတာ ကြားဖူးရဲ့လား'

**ဦး**။ ။( အံ့အားသင့်လျက် ) 'ဝါးရမ်းပြေး ဆိုးတေ ဆိုတာ မိသွားပါပြီကော'

**တေ**။ ။'မနေ့က မိတယ်၊ သည်ကနေ့ လွတ်လာတယ် နားလည်လား'

**ဦး**။ ။'ဘာကိစ္စလဲ ဗျာ'

**တေ**။ ။'ဘာကိစ္စပဲ ဖြစ်ဖြစ် လက်ကို မြှောက်ထားလိုက်ပါ၊ လှုပ်လျှင် ပစ်လိုက်မယ် ၊ မမေ့နှင့်နော် သတိထား'

၎င်းနောက် ဆိုးတေသည် သေနတ်ကို ဦးကျော်ဦး၏ လည်ကုပ်မှ ခွာပြီးနောက် ဦးကျော်ဦးနှင့် မျက်နှာချင်းဆိုင်ရှိသော ကုလားထိုင်သို့ သွား၍ ထိုင်ပြီးလျှင် သေနတ်ကို ဦးကျော်ဦးဘက်သို့ လှည့်လျက် စားပွဲပေါ်၌ တင်ထားလေ၏။ ထိုအခါ ဦးကျော်ဦးသည် တုန်လှုပ်လှသော်လည်း ဟန်ဆောင်လျက်

**ဦး**။ ။'ကိုဆိုးတေ ဆိုတာ ကြားသာကြားဖူးရတယ်၊ ယခုမှ လူချင်းတွေ့ရလို့ ဝမ်းမြောက်သဗျာ၊ ကျုပ်လဲ ခင်ဗျားလိုပါပဲဗျ၊ ဥပဒေနှင့် ဆန့်ကျင်ဖက် ခရီးသွားနေတဲ့ လူတစ်ယောက်ပါပဲ'

**တေ**။ ။'ကျုပ်တို့ကို ခင်ဗျားနှင့် နှိုင်းပြီး မပြောစမ်းပါနှင့်ဗျာ၊ ကျုပ်တို့က ယောက်ျားပီပီ ပြောင်ပြောင်ကြီး တိုက်ခိုက်ပြီး စားတဲ့လူပါဗျာ၊ ခင်ဗျား အလုပ်က မိန်းမလို မိန်းမရနှင့် လူတစ်ဖက်သားကို နှိပ်စက်တဲ့ အလုပ်ကပဲ ဆရာကြီးရဲ့'

**ဦး**။ ။'ဘာပဲ ဖြစ်ဖြစ် ငွေရတာ လိုရင်း မဟုတ်ဘူးလားဗျာ၊ လောကမှာ ငွေရလျှင် ပြီးတန်း မဟုတ်လား'

**တေ**။ ။'ငွေရတန်းပေမဲ့ ခင်ဗျားလိုလူနှင့် ကျုပ် ထမင်းလက်ဆုံ စားတဲ့လူ မဟုတ်ဘူး၊ စားပွဲမှာ အတူယှဉ်ပြီး ထိုင်ရတာတောင် လွန်လှပြီ'

ဆိုးတေဆိုသူမှာ လူဆိုးတစ်ယောက်ဖြစ်၍ ရန်ကုန်မြို့ကြီး အတွင်း၌ နှစ်ပေါင်းများစွာ ကြာအောင် တိုက်ခိုက်လုယက်၍ အသက်မွေးမြူခဲ့သော သူတစ်ယောက်ဖြစ်လေရာ ၎င်း၏စွမ်းရည်သတ္တိမှာကား လူဆိုးတိုင်းကပင် ချီးမွမ်းကြရ၍ ရှိသမျှ တွေ့သမျှသော လူဆိုးတို့၏ ဘုရင်ဖြစ်ပြီးလျှင် ၎င်းအား 'ဆရာ' ဟူ၍ ခေါ်ကြရလေသည်။ ဆိုးတေသည် တပည့်ပေါင်း များစွာရှိ၍ တိုက်ခိုက်လုယက်မှု အမျိုးမျိုးတို့၌ ဆိုင်ရာ ဆိုင်ရာ တပည့်တို့အား တာဝန်ခွဲဝေ၍ ပေးပြီးလျှင် မိမိကမူ စီမံရုံမျှ လည်းကောင်း၊ အကြံဉာဏ်ပေးရုံမျှ လည်းကောင်း၊ ခိုးရာပါ ပစ္စည်းတို့ကို ထုခွဲရောင်းချရုံမျှ လည်းကောင်း ပြုလုပ်ခဲ့သည် ဖြစ်ရာ၊ အစိုးရအရာရှိတို့သည် ထိုလူ၏ အကြောင်းကို ရိပ်မိသိရှိသည်နှင့် ဆိုးတေမှာ လူသတ်မှုနှင့် တိုက်ခိုက်မှုပေါင်း ဆယ်မှုမက စွပ်စွဲခြင်းခံရလျက် ဝါးရမ်းပြေးတစ်ယောက် ဖြစ်ခဲ့ဖူးလေရာ ၎င်းနောက် ၁၇ လမ်း ဓားပြမှုတွင် လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့သည် ဖြစ်၍ အချုပ်ထောင်၌ ချုပ်နှောင်၍ထားစဉ် စန်ဒလီကုလား၏ ဦးခေါင်းကို ရိုက်ဖောက်ပြီးနောက် ထွက်ပြေးတိမ်းရှောင် လာခဲ့ခြင်းဖြစ်လေသည်။

ဆိုးတေသည် ကုလားထိုင်တွင် ဦးကျော်ဦးနှင့် မျက်နှာချင်းဆိုင်ထိုင်၍ ဦးကျော်ဦး၏ စာများကို ဖတ်ရှုလျက်ရှိစဉ် ဦးကျော်ဦးသည် ငြိမ်ဝပ်စွာ မနေသည်ကို ရံဖန်ရံခါ လှမ်း၍ကြည့်မိလေ၏။ စာများကို အစမှ အဆုံးတိုင် ဖတ်ရှုပြီးနောက်

**တေ။** ။'တယ်နေရာကျတဲ့လူပဲ၊ မင်းတိုင်ပင်အမတ် ဦးစံမင်းဆီကတောင် ငွေသုံးထောင်ကျပ် ရဦးမှာပါကလား၊ နေဦး ဘယ်နေ့တဲ့လဲ၊ တနင်္လာနေ့တဲ့၊ မနက်ဖြန်ညပဲ၊ သူမသိစေချင်တဲ့ အကြောင်းများက ဘယ်လိုအကြောင်းများကြောင့် ငွေသုံးထောင်ကျပ်တောင် နှုတ်ပိတ်ခ ပေးပါလိမ့်မယ်၊ မှန်းစမ်း၊ ဖိုင်တွဲ ကြည့်စမ်းဦးမယ်' စသည်ဖြင့် ပြောဆိုရေရွတ်ရင်း စာများကို တစ်စောင်ပြီး တစ်စောင် ကြည့်ရှုလျက် ရှိစဉ် ဦးကျော်ဦးမှာ လက်ကို မြှောက်ထားရင်း အကြဲထုတ်လျက် ရှိလေ၏။ ၎င်း၏ အကြံမှာ မိမိ၏ စားပွဲအောက်ဆင့်၌ ခြောက်လုံးပြူးသေနတ် တစ်လက်ရှိသည်ဖြစ်သောကြောင့် ဆိုးတေ မျက်စိလစ်သည့် အခိုက်တွင် ရုတ်တရက်ယူ၍ ဆိုးတေကို ပစ်သတ်လိုက်ရသော် အစိုးရက ထုတ်ပြန်ထားသော ဆုငွေသုံးထောင်ကျပ်ကိုလည်း ရချေမည်။ ငါ၏ အိမ်အတွင်းသို့ အခွင့်မရှိဘဲ ဝင်ရောက်၍ ပိုင်ပိုင်နင်းနင်း ငါ၏စာများကို မွှေနှောက်ကြည့်ရှုသူ တစ်ယောက်အားလည်း ဆုံးမရာရောက်ချေမည်။ သည့်ပြင် စဉ်းစားရင်း ဆိုးတေ၏ အလစ်ကို ချောင်းလျက် ရှိလေ၏။ သို့ရာတွင် ဆိုးတေသည် အလွန်တရာ သတိကောင်းသူ တစ်ယောက်ဖြစ်၍ လစ်သည့်အကွက်ကို မတွေ့ နိုင်ခဲ့ချေ။

ဆိုးတေသည် စာများကို ဖတ်ရှုပြီးနောက်

**တေ။** ။'သည်စာလောက်နှင့် ငွေသုံးထောင်ကျပ် ပေးပြီးဝယ်သလားဗျာ၊ ကိုယ့်မယားကပဲ ကိုယ်နားလှည့်ပြီး ပြောလိုက်ရင် ပြီးရောပေါ့'

**ဦး။** ။(အကြံရလျက်) 'သည်စာလောက် ဘာကမလဲဗျာ၊ စားပွဲအံဆွဲထဲမှာ သည့်ပြင်အပြင် စာတွေ ရှိသေးတယ်၊ နေဦး ကျုပ်ပြမယ်'

ဟု ပြော၍ ဦးကျော်ဦးသည် ခြောက်လုံးပြူးသေနတ်ထားသော စားပွဲအံဆွဲကို ဆွဲ၍ ခြောက်လုံးပြူးကို ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက် ဆိုးတေသည် ထိုသူ၏မျက်နှာထားကိုရိပ်မိသောကြောင့်လေလောမသိ၊ အနီး၌ တင်ထားသော ခြောက်လုံးပြူးကို ရုတ်တရက်ကောက်ယူ၍ ဦးကျော်ဦး၏ ရင်ဝကို ပစ်လိုက်ရာ ဦးကျော်ဦးသည် မျက်လုံးများပြူး၍ သွားပြီးနောက် စားပွဲပေါ်၌ ငိုက်၍ လဲသွားလေ၏။ ၎င်းနောက် ဆိုးတေသည် အသုံးရှိက ရနိုင်အောင် မိမိ၏ အိတ်၌ထည့်ထားသော စိန်ရောင်ချည် ဖျောက်အိုး နှစ်လုံးသုံးလုံးကို လျင်မြန်စွာ ထုတ်၍ မီးရှို့ပြီးနောက် အိမ်ပြင်သို့ ပစ်လိုက်ရာ ဖျောက်အိုးတို့သည်လည်း တထိုင်းထိုင်း ပေါက်ကွဲကြလေ၏။

ထိုအခါ အိမ်နီးပါးချင်းတို့သည် ပထမ၌ သေနတ်သံလိုလို ကြားသည်နှင့် အိမ်ပြင်သို့ ထွက်၍ ကြည့်ကြသောအခါမှ ဖျောက်အိုးများပေါက်ကွဲသည်ကို တွေ့မြင်ကြသဖြင့် အရေးမယူဘဲအမှတ်မဲ့သာလျှင်နေကြလေ၏။ ထိုအခြင်းအရာကို ဆိုးတေ တွေ့မြင်ရသောအခါ

**တေ။** ။'ဖျောက်အိုးတွေ ပေါ်လာတာ တယ်နေရာကျသကွယ်၊ ဖျောက်အိုးလုပ်တဲ့ လူများကို ကျေးဇူးတင်ရသေးတယ်၊ သေနတ်သံလိုလို ဖျောက်အိုးသံလိုလိုနှင့် တယ်ပြီး လှည့်စားလို့ကောင်းတာပဲ၊ ဩော် ကိုကျော်ဦး ကိုကျော်ဦး၊ အညာမှာနေလျှင် အကောင်းသားနှင့် အောက်ဆင်းလာတဲ့ပြီး ငါလိုလူကိုများ အလစ်အုပ်လို့ ရမယ်လို့ မှတ်ရှာတယ်၊ မိုက်လှတဲ့ သတ္တဝါ သေတာပဲ ကောင်းတယ်'

ဟု တစ်ယောက်တည်း ရေရွတ်ပြောဆိုရင်း ဆိုးတေသည် စားပွဲအံဆွဲများကို မွှေနှောက်၍ ရှာဖွေလေ၏။

၎င်းနောက် ဆိုးတေလဲ တစ်အိမ်လုံးကို အနှံ့အပြား စေ့စုံအောင် ကြည့်ရှုပြန်ရာ တစ်ခုသောထောင့်၌ သော့တန်းလန်းနှင့် သစ်သားဗီရိုကြီးတစ်ခုကို မြင်သည်နှင့် ဗီရိုကို ဖွင့်ခဲ့ပြီးလျှင် ဦးကျော်ဦး၏ အလောင်းကိုပွေ့ချီခဲ့၍ ဗီရိုတွင်းသို့ သွတ်သွင်းပြီးနောက် သော့နှင့် ပိတ်ထားပြီးလျှင် သော့ကို မိမိ၏ အိတ်တွင်းသို့ ထည့်ထားလိုက်လေ၏။ ၎င်းနောက် ဆိုးတေသည် ဦးကျော်ဦး၏ အိပ်ခန်းသို့ ဝင်ပြီးလျှင် ခုတင်ပေါ်၌ အိပ်ရာနေရာကို သေသပ်စွာ ခင်းကျင်းပြီးနောက် မိမိ၏ နေအိမ်၌ အိပ်ရသကဲ့သို့ စိတ်ချလက်ချ အိပ်စက်လေ၏။

နေဝင်သည်နှင့် တစ်ပြိုင်နက် ဆိုးတေသည် အိပ်ရေးဝသည့် လက္ခဏာနှင့် အိပ်ရာမှထပြီးလျှင် နာရီကြီးကိုကြည့်ရာ ခြောက်နာရီထိုးပြီးကြောင်း သိရသည်နှင့် 'အချိန်တော်ပဲဟော့၊ ဦးကျော်ဦးကားနှင့် သုတ်သုတ်မောင်းသွားလိုက်ရရင် ကိုးနာရီမထိုးခင် ရောက်သွားမှာပဲ'

ဟု ပြောပြီးနောက် ထိုအိမ်သည် မိမိ၏ အိမ်ပိုင်ဖြစ်ဘိသကဲ့သို့ ဆိုးတေသည် ဦးကျော်ဦး၏ ကားထားသော တဲသို့ သွားရောက်လေ၏။ ဦးကျော်ဦးမှာ နှစ်ယောက်စီး ကားကလေးတစ်စီး မကြာမီက ဝယ်ယူထားသည်ဖြစ်ရာ ဆိုးတေသည် ကား၌ ပက်ထရိုအပြည့် ထည့်ထားကြောင်းတွေ့ရှိသဖြင့် မီးထွန်းချိန်တိုင်ရောက်သည်နှင့် တစ်ပြိုင်နက် ကားကို စက်နှိုး၍ အိမ်ပြင်သို့ မောင်းလာခဲ့လေ၏။ ၎င်းနောက် ကားကို ပြည်လမ်းမကြီးသို့ ရောက်အောင် မောင်းနှင်ပြီးလျှင် ၎င်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် စက်ကုန်ဖွင့်၍ ပြည်မြို့ဘက်သို့ မောင်းနှင်သွားလေ၏။

ကိုးနာရီ ထိုးလုနီးလေလျှင် ဆိုးတေသည် မင်းတိုင်ပင်အမတ် ဦးစံမင်း၏ နေအိမ်သို့ ဆိုက်ရောက်လေရာ ဆိုးတေသည် ကားကို အိမ်ဝင်းအတွင်းသို့ မောင်းနှင်ပြီးနောက် အိမ်ပေါ်သို့ တက်၍ အစေခံတစ်ယောက်အား ဦးစံမင်း နှင့် တွေ့လိုကြောင်း ပြောဆိုပြီးလျှင် အိမ်ဦးခန်းရှိ ကုလားထိုင်တစ်ခုတွင် အခန့်သားထိုင်လျက် ရှိလေ၏။

တစ်ခဏမျှကြာလျှင် အိမ်ရှင်ဦးစံမင်းသည် ဧည့်ခန်းသို့ ထွက်လာ၍ ကိစ္စကို မေးမြန်းရာ ဆိုးတေသည် ကုလားထိုင်ပေါ်တွင် ခြေများကို ဆန့်လျက် ထိုင်နေရာမှ 'ဖြည်းဖြည်းပေါ့ဗျာ၊ ထိုင်ပါဦးတော့ စက်ပိုင်ကြီးရယ်' ဟု မိမိက အိမ်ရှင်ဖြစ်ဘိသကဲ့သို့ ကုလားထိုင်တစ်ခုကို ညွှန်ပြကာ ဖိတ်ကြားသည်တွင် စက်ပိုင်ဦးစံမင်းလည်း ယီးတီးယောင်တောင်နှင့် ထိုင်ရလေ၏။

**မင်း**။ ။'ကျုပ်ဆီကို စာရေးပြီး ငွေတောင်းတာ ခင်ဗျားလား'

**တေ**။ ။'မှန်ပါတယ် အမတ်မင်း'

**မင်း**။ ။'ဘယ်မှာလဲ သက်သေခံစာတွေ ပါရဲ့လား'

**တေ**။ ။'တစ်ချို့ပါတယ်ဗျ၊ တစ်ချို့ကိုတော့ ကိစ္စပြီးမှ ကျွန်တော် ပို့လိုက်မယ်'

**မင်း**။ ။'ဘာကိစ္စပြီးစီးရမှာလဲဗျ၊ ကျုပ် သေသေချာချာ စာရေးလိုက်တယ် မဟုတ်လား'

**တေ**။ ။'ဖြေးဖြေးပေါ့ အမတ်မင်း၊ ဘာကြောင့် အရင်လိုသလဲဗျာ'

**မင်း**။ ။'ကျုပ်က ငွေသုံးထောင်ကျပ်ပေးလို့ ရှိရင် ကျုပ်စာတွေကို ပြန်ပေးမယ် မဟုတ်လား'

**တေ**။ ။(ကုလားထိုင်ပေါ်တွင် လက်ပိုက်ကာ ခပ်အေးအေး ထိုင်လျက်) 'ကျွန်တော် အခု စိတ်ပြောင်းသွားပြီ၊ ငွေကို မလိုချင်တော့ဘူး'

**မင်း**။ ။'အလို ငွေမယူဘဲ သည်အတိုင်း ပြန်ပေးပါလား'

**တေ**။ ။'သည်လိုလဲ ဟုတ်ရိုးလားဗျာ၊ ငွေမယူဘဲနှင့် တခြားဟာ တောင်းချင်လို့ပေါ့'

**မင်း**။ ။'ဘာများတောင်းချင်သလဲဗျာ'

**တေ**။ ။'ကျွန်တော့်ကို ငွေပေးမဲ့ အစား ကျွန်တော်ပေးတဲ့ အကြံကို လိုက်နာပြီး ကျွန်တော်ခိုင်းသလို ခင်ဗျားလုပ်လျှင်ဖြင့် ခင်ဗျား စာတွေကို ပြန်ပေးမယ်၊ နို့မဟုတ်လျှင်ဖြင့်'

**မင်း**။ ။'မင်းတိုင်ပင်အမတ် လုပ်နေပြီး တစ်နိုင်ငံလုံးရှေ့မှာ အရှက်မကွဲပါရစေနှင့်၊ မောင်မင်းကြီးသားရယ်၊ ခိုင်းချင်တာ ခိုင်းပါ၊ စာတွေကိုတော့ မပြလိုက်ပါနှင့်ဗျာ'

× × × × × ×

တစ်နေ့သ၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် သတင်းစာများကို တစ်ယောက်တစ်စောင်စီ ကိုင်လျက် လှန်လှော ဖတ်ရှုနေကြစဉ် ကျွန်တော်သည် အောက်ပါအခြင်းအရာများကို သတင်းစာတွင် တွေ့ရှိသည်ဖြစ်၍ မောင်စံရှားအား နားထောင်ရန် ပြောပြီးလျှင် ဖတ်၍ပြလေ၏။

**ထူးဆန်းသောလူသတ်မှုအကြောင်း**

**သမိုင်းမြို့၌ အထက်မြန်မာပြည်မှ ရွှေ့နေဦးကျော်ဦး ဆိုသူသည် 'ကိုးဇီးဗီလာ' အမည်ရှိနေအိမ်ကို ငှားရမ်းနေထိုင်ပြီးနောက် လွန်ခဲ့သည့် တနင်္ဂနွေနေ့က ပျောက်ခြင်းမလှ ပျောက်၍သွားသည်ဟု သတင်းဖြစ်ပွားလျက် ရှိခဲ့ကြောင်း၊ အိမ်နီးပါးခြင်း တို့သည် တံခါးကိုဖွင့်လျက် ညအခါ၌လည်း မီးထွန်းညှိခြင်း မရှိဘဲ မှောင်နှင့်မည်းမည်း ရှိနေသည့် အိမ်ကြီးကို သုံးလေးရက်မျှ စောင့်ဆိုင်းကြည့်ရှုကြပြီးနောက် သင်္ကာမကင်းဖြစ်သည်နှင့် ပုလိပ်ဌာနသို့ တိုင်တန်းကြကြောင်း၊ ထိုအခါ ဌာနာအုပ် မောင်ဘရှင်နှင့် ပုလိပ်သားနှစ်ယောက်တို့သည် အရပ်လူကြီးများနှင့် အဆိုပါအိမ်ကြီး အတွင်းသို့ ဝင်ရောက်ရှာဖွေရာ ပထမ၌ အိမ်ရှင် ဦးကျော်ဦးကို မတွေ့ဘဲ ရှိကြကြောင်း၊ ၎င်းနောက် အိမ်၏အထက်အောက်မှ စ၍ မီးဖိုချောင်မကျန် လှန်လှောရှာဖွေကြသည့်အခါ တစ်ခုသောအခန်းအတွင်းရှိ ဗီရိုကြီးတစ်လုံးအနီး၌ ယင်မမည်းရိုင်းများ မြောက်မြားစွာ စုရုံးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုအခါ ပုလိပ်အရာရှိတို့လည်း သော့ခတ်လျက်ရှိသော ၎င်းဗီရိုကြီးကို သံတူရွင်းများနှင့် ကန့်လန့်၍ဖွင့်ကြလေရာ ဦးကျော်ဦး၏ အလောင်းကို ဗီရိုအတွင်း၌ တွေ့ရှိရကြောင်း၊ အလောင်းမှာ ရင်ဘတ်၌ သေနတ်ဒဏ်ရာတစ်ခု တွေ့မြင်ကြရာ ပုတ်သိုးဖူးယောင်လျက်ရှိသည့် အရာကို ထောက်ရှုသော် အနည်းဆုံး ငါးရက်ခန့်မျှ ကြာရှိပြီဟူ၍ တွေးထင်ရန်ရှိကြောင်း။**

**ထိုတနင်္ဂနွေနေ့၌ အိမ်နီးချင်း ဦးတုတ်ပေါနှင့် ၎င်း၏အိမ်သူ အိမ်သားတို့သည် ဦးကျော်ဦးအိမ်မှ သေနတ်သံလိုလို ကြားရပြီးနောက် ဖျောက်အိုးများပေါက်ကွဲလျက်ရှိသည်ကို တွေ့မြင်ကြရသဖြင့် ဖျောက်အိုးဖောက်သည်ဟူ၍ ထင်မှတ် ကြကြောင်း၊ ၎င်းအပြင် ထိုည၌ ဦးကျော်ဦး၏ ကားကိုလည်း မောင်းနှင်သွားသည်ကို ဦးတုတ်ပေါတို့ တွေ့မြင်ကြရသည်ဖြစ်ရာ ဦးကျော်ဦးသည် ကားနှင့် အလည်အပတ် ထွက်သွားသည် ထင်မှတ်သဖြင့် အရေးတယူ မရှိခဲ့ကြကြောင်း၊ ၎င်းကားမှာ ယခု ပျောက်ဆုံးနေသည်ဖြစ်ရာ ပုလိပ်အရာရှိတို့၏ ထင်မြင်ချက်မှာ ဦးကျော်ဦးကို သတ်သောသူသည် ကားကို ခိုးယူသောသူနှင့် တစ်ဦးတည်းပင်ဖြစ်မည်ဟု တွေးထင်လျက်ရှိကြကြောင်း။**

ကျွန်တော်သည် သတင်းစာကို ဖတ်၍ပြပြီးနောက်

**ရှား။** ။'တနင်္ဂနွေနေ့ကတဲ့ ဟုတ်လား၊ သည်နေ့က ကျုပ်တို့ ဆိုးတေ အချုပ်ထောင်က ထွက်ပြေးတဲ့နေ့ မဟုတ်လား'

**ကျွန်တော်။** ။'ခင်ဗျားကလဲဗျာ၊ ရန်ကုန်မြို့နှင့် အနီးအနားတဝိုက်မှာ ဖြစ်သမျှအမှုတွေဟာ ဆိုးတေ လက်ချက်ချည်း ဖြစ်ရတော့မှာလားဗျ'

**ရှား။** ။'သည်လိုလဲ မဆိုလိုပါဘူး ကိုသိန်းမောင်၊ သို့သော် နေ့ချင်းကပ်နေတဲ့အကြောင်း ကျုပ်စိတ်မှာ ပေါ်လာလို့ ပြောမိတာပါ၊ ဟော ပြောရင်းဆိုရင်း လှေကားပေါ်က တက်လာတဲ့ ခြေသံဟာ ကိုအုန်းဖေ ခြေသံများလားဗျာ'

ထိုခဏ၌ ကျွန်တော်သည် တံခါးကို ခေါက်သည်နှင့်ထ၍ ဖွင့်ပေးရာ အင်စပိတ်တော် မောင်အုန်းဖေသည် လက်ဆွဲသားရေအိတ်တစ်လုံးကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။

**ရှား။** ။'ဘယ့်နှယ်လဲ ကိုအုန်းဖေရဲ့၊ သမိုင်းကို မသွားဘဲနှင့် ဘယ်ကိုသွားအုန်းမလို့လဲ'

**ဖေ။** ။'သမိုင်းက အမှုကို ကိုဘတင် လိုက်ပါလိမ့်မယ် ဆရာ၊ ကျွန်တော်က စက်ပိုင်သူဌေး မင်းတိုင်ပင်အမတ် ဦးစံမင်းရဲ့ စိန်ထည်ရွှေထည်တွေ ပျောက်သွားတဲ့ အမှုကို ကြေးနန်းရိုက်ခေါ်လို့ လိုက်မလို့ပါ ဆရာ'

**ရှား။** ။'ဩော် ဦးစံမင်းလား၊ တွေ့ဖူးပါရဲ့ဗျာ၊ ဘယ်လောက်ဖိုး ပါသွားသတဲ့လဲ'

**ဖေ။** ။‘မနည်းဘူးဆရာ၊ သုံးသောင်းဖိုးလောက် ပါသွားတယ်၊ တတ်နိုင်ရင် လိုက်ခဲ့ပါဦးလား ဆရာ’

**ရှား။** ။‘ခင်ဗျား စိန်ပျောက်မှုကလေးနှင့် ကျုပ် မလိုက်နိုင်ပါဘူး၊ အလုပ်တစ်ပိုင်း တစ်စတွေ ရှိပါသေးတယ်’

**ဖေ။** ။‘ပျောက်ပုံက တော်တော်ထူးဆန်းတယ် ဆရာရဲ့၊ အိမ်တံခါးလည်း မပွင့်ဘူး၊ မီးခံသေတ္တာကိုလည်း မဖျက်ဆီးဘူး၊ သော့လဲ မပျောက်ဘူး’

**ရှား။** ။‘မလိုက်နိုင်သေးပါဘူး ကိုအုန်းဖေ၊ ရှိပါစေဦးတော့’

ဟု ငြင်းပယ်သည်နှင့် မောင်အုန်းဖေသည် သားရေသေတ္တာကို လက်ဆွဲလျက် တိုက်ပေါ်မှ ဆင်းသွားလေ၏။

နောက်တစ်နေ့၌ ကျွန်တော်သည် အလုပ်တိုက်သို့ သွားမည်အပြုတွင် မောင်စံရှား၏အမည်နှင့် ကြေးနန်းတစ်စောင်ကို ကြေးနန်းကုလား လာရောက်ပို့ပေးသည်နှင့် ကျွန်တော်သည် လက်မှတ်ထိုး၍ ယူပြီးနောက် မောင်စံရှား မရှိခိုက်ဖြစ်သဖြင့် အရေးကြီးသော ကြေးနန်းဖြစ်မည်လောဟု ဖောက်၍ဖတ်ရာ ၎င်းကြေးနန်းမှာ အောက်ပါ အဓိပ္ပာယ်အတိုင်း ပါရှိလေ၏။

**အင်စပိတ်တော် မောင်အုန်းဖေ ထူးထူးဆန်းဆန်းပျောက်၍ သွားပါသည်။ ချက်ချင်းလိုက်ခဲ့ပါ။ ကုန်ကျသမျှစရိတ် ကျွန်တော်၏ တာဝန်ဖြစ်ပါသည်။**

**စံမင်း**

ကျွန်တော်သည် ၎င်းကြေးနန်းကို ဖတ်ရ၍ အံ့သြလျက်ရှိစဉ် ကံအားလျော်စွာ မောင်စံရှားသည် တိုက်ပေါ် သို့ တက်လာသည်နှင့် ကြေးနန်းကို ပြသည်တွင်

**ရှား။** ။‘စိန်ပျောက်တာတော့ အရေးမကြီးဘူးဗျို့၊ လူတစ်ယောက်လုံး ပျောက်တယ်ဆိုတော့ သိပ်အရေးကြီးလာပြီ၊ လိုက်ဦးမှ တော်မယ်ထင်တယ်၊ ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ လိုက်နိုင်ပါ့မလား’

**ကျွန်တော်။** ။‘သွားပါဦးတော့ဗျာ၊ ခုတလော ကျွန်တော် အလုပ်တွေ များနေသေးတယ်၊ တကယ်ထူးဆန်းလို့ ရှိလျှင်လဲ ပြန်တော့မှ ပြောပါတော့၊ ကျွန်တော် ဝတ္ထုရေးစမ်းပါရစေဗျာ’

ထိုနေ့ညနေ ကျွန်တော်သည် အလုပ်မှ ပြန်လာသောအခါ မောင်စံရှားမှာ မော်တော်ကားနှင့် မင်းတိုင်ပင်အမတ် ဦးစံမင်း၏ထံ သွားရောက်နှင့်ပြီး ဖြစ်ကြောင်း သိရှိရလေ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်တော်သည် အိပ်ရာမှ ထ၍ လက်ဖက်ရည်သောက်မည်ဟု စားပွဲမှာ ထိုင်လျက်ရှိစဉ် စုံထောက်အင်စပိတ်တော် မောင်ဘတင်သည် ပျာယီးပျာယာ တိုက်ပေါ် သို့ တက်လာပြီးလျှင် ကြေးနန်းတစ်စောင်ကို အရေးတကြီး ကျွန်တော်အား ပြသဖြင့် ကျွန်တော်သည် ကြေးနန်းကို ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

**ကိုစံရှား ပျောက်သွားပြန်ပါပြီ။ အမြန်လာ၍ ထောက်လှမ်းပါဦး။**

**စံမင်း**

ကြေးနန်းကို ဖတ်ပြီးနောက် ကျွန်တော်နှင့် မောင်ဘတင်သည် မောင်စံရှားတို့မှာ မည်သည့်အဓိပ္ပာယ်နှင့် တစ်ယောက်ပြီးတစ်ယောက် ပျောက်ဆုံးသွားရလေသည်ကို စဉ်းစားစိတ်ကူးလျက် ရှိစဉ်

**တင်။** ။‘ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ကျွန်တော်ဖြင့် သူတို့ နှစ်ယောက် ပျောက်ပုံကို နည်းနည်းမှ မသင်္ကာဘူး၊ ကျွန်တော်သွားရဦးမယ် ခင်ဗျား လိုက်ဦးမလား’

ဟု ပြောသဖြင့် ကျွန်တော်မှာ သွက်လက်စွာပင် မောင်ဘတင်နှင့် အတူ လိုက်ပါသွားခဲ့လေ၏။

ဦးစံမင်း၏နေအိမ်သို့ရောက်လျှင် ဦးစံမင်းလည်း ကျွန်တော်တို့အား ကောင်းမွန်စွာ ခရီးဦးကြိုပြုလေရာ

**မင်း**။ ။'သားမယားကလဲ မရှိခိုက် ဖြစ်လေတော့ ဧည့်ဝတ်တော့ ကောင်းကောင်း မကျေပွန်လှဘူးဗျာ၊ နို့ပေမဲ့ စိတ်စေတနာကိုသာ ပဓာနထားပြီး အထိုက်အလိုက် နေကြထိုင်ကြပေတော့'

**တင်**။ ။'ဒါထက် နေပါဦးဗျာ၊ ပျောက်ပုံ ပြောပြစမ်းပါဦး'

**မင်း**။ ။'ပျောက်ပုံကတော့ အင်မတန် ထူးဆန်းလှပါတယ်ဗျာ၊ ကြည့်ပါဦးတော့ ၊ တစ်ယောက်လာလဲ အိပ်ရာဝင်ပြီး မနက်လင်းတော့ ပေါ်မလာဘူး၊ နောက်တစ်ယောက်လဲ အိပ်ရာဝင်ပြီး မနက်လင်းတော့ ရှာမတွေ့ဘူး၊ နှစ်ယောက်စလုံးဟာ ဖိနပ်လဲ မစွပ်သွားဘူးဗျ၊ အဝတ်အစားဆိုလဲ ဘာမှ ဝတ်မသွားကြဘူး၊ ရှပ်အင်္ကျီတောင်မှ ပါမသွားကြဘူး၊ စွပ်ကျယ် အင်္ကျီကလေးတွေနှင့်ချည်း ပျောက်သွားကြတယ်၊ လာကြည့်ကြစမ်းပါဦးဗျ၊ သူတို့ အိပ်သွားတဲ့အခန်း ကျွန်တော်ပြပါဦးမယ်'

ဟု ပြော၍ ဦးစံမင်းသည် တစ်ခုသော အိပ်ခန်းသို့ ကျွန်တော်တို့အား ခေါ် သွား လေ၏။

အခန်းတွင်းသို့ရောက်ကြလျှင် ကျွန်တော်နှင့် မောင်ဘတင်တို့သည် အခန်းတွင်းရှိ ပစ္စည်းများကို သေချာစွာ ကြည့်ရှုလျက် ရှိကြရာ အခန်း၏တစ်ခုသော ထောင့်၌ ကျွန်းသားကုတင်ကြီး တစ်ခုရှိလျက် ခုတင်၏ ခြေရင်း၌ မောင်စံရှား၏ ရှူးဖိနပ် အညိုရောင်နှင့် မောင်အုန်းဖေ၏ ဖိနပ်အနက်တို့ကို လည်းကောင်း၊ ကုလားထိုင်တစ်ခု၌ မောင်အုန်းဖေ၏ အပေါ်ဝတ် အင်္ကျီနှင့် ရှပ်အင်္ကျီတို့ကို လည်းကောင်း၊ တစ်ခုသောချိတ်၌ မောင်စံရှား၏ သက္ကလပ်အင်္ကျီနှင့် ရှပ်အင်္ကျီတို့ကိုလည်းကောင်း၊ ခြင်ထောင်တိုင်၌ မောင်စံရှား၏ ခေါင်းပေါင်းကို ခြင်းနှင့် အခွေလိုက် ချိတ်လျက်လည်းကောင်း၊ စားပွဲဝိုင်းငယ် တစ်ခုပေါ်၌ မောင်အုန်းဖေ၏ ခေါင်းပေါင်းကိုလည်းကောင်း၊ ခုတင်အောက်၌ မောင်အုန်းဖေ၏ သားရေသတ္တာကို လည်းကောင်း၊ အသီးသီး တွေ့မြင်ကြရလေ၏။ ယင်းကဲ့သို့ ကြည့်ရှုလျက် ရှိကြစဉ်

**မင်း**။ ။'တကယ်ဆိုတော့ ကိစ္စနှင့် ရုတ်တရက် ထွက်သွားခဲ့လို့ရှိရင် ကျွန်တော့်ကို ပြောဖို့ကောင်းပါရဲ့ ဗျာ၊ အခုတော့'

**ကျွန်တော်**။ ။'ဘယ်လို ကိစ္စကြီးဦးတော့၊ စွပ်ကျယ် အင်္ကျီကလေးတွေနှင့် ဖိနပ်ကိုတောင် မစွပ်နိုင်ဘဲ သွားမယ့်လူတွေ မဟုတ်ပါဘူး ခင်ဗျာ'

**တင်**။ ။'တစ်ခုခု မြင်လို့ ပြန်းခနဲ ဆင်းလိုက်သွားရသလား ၊ သို့မဟုတ်'

**မင်း**။ ။'ဒါနှင့်ပဲ တူတယ်ဗျို့၊ ကျွန်တော့်ကို ပြောဖို့အချိန်ရှိရင် ပြောသွားမှာပဲ ထင်ပါရဲ့ဗျာ'

**တင်**။ ။'နေပါဦးခင်ဗျ၊ ပျောက်တာက ဘယ်အချိန်လဲ ခင်ဗျာ'

**မင်း**။ ။'ဘယ်အချိန်ရယ်လို့ ဘယ်မှာပြောတတ်မလဲ ခင်ဗျာ၊ ည ၁၀ နာရီလောက်တိုင်အောင် ကျွန်တော်နှင့် စကားပြော နေကြပြီး အိပ်ရာဝင်သွားကြတာပဲ၊ မနက်လင်းလို့ ကျွန်တော် လက်ဖက်ရည်သောက်ရအောင် စောင့်ပြီး နေလိုက်တာ မလာနိုင်တာနှင့် အခန်းထဲ ဝင်ကြည့်တော့ မရှိတော့ပါဘူး ခင်ဗျာ၊ ဒါနှင့် ကိုအုန်းဖေ ပျောက်သွားလို့ ကိုစံရှား မှာလိုက်ပါ၊ ကိုစံရှားကလဲ သည်နည်းအတိုင်း ပျောက်သွားပြန်ပါရော ခင်ဗျာ'

ငင်းနောက် ကျွန်တော်တို့သည် အိမ်ခန်းမှ ထွက်လာကြပြီးလျှင် ဧည့်ခန်းသို့ ဝင်၍ အမှုနှင့် စပ်လျဉ်းသည့် စကားများကို ပြောဆိုလျက်ရှိကြရာ ကျွန်တော်၏ စိတ်၌ ဦးစံမင်းသည် ဖြစ်သမျှအကြောင်းအရာများကို ကုန်စင်အောင် ပြန်၍မပြောဘဲ သိုဝှက် ချန်လှပ်၍ ထားသည်ဟု တွေးထင်မိလေ၏။

ထိုနေ့တစ်နေ့လုံး အင်စပိတ်တော် မောင်ဘတင်သည် မြို့တွင်းသို့ သွားချည်ပြန်ချည်နှင့် စုံစမ်းမေးမြန်းလျက်ရှိရာ ကျွန်တော်မှာလဲ မောင်စံရှား၏ နည်းစနစ်များကို အသုံးပြုပြီးလျှင် တတ်သရွေ့ မှတ်သရွေ့ စုံစမ်းထောက်လှမ်းပါသော်လည်း မည်သို့မျှ မထူးခြားဘဲ ရှိနေခဲ့လေ၏။ သူတစ်ပါးတို့ ပျောက်ဆုံးသည့် အမှုများ၌ကား မောင်စံရှားသည် မပေါ်လျှင် ပေါ်အောင် စုံထောက်တတ်သည် ဖြစ်ရာ ယခု မောင်စံရှားကိုယ်တိုင် ပျောက်ဆုံးသည့် အမှုကား မည်သူသည် လာရောက်စုံထောက် ပေတော့အံ့နည်းဟု အောက်မေ့လျက် မောင်စံရှားသည် ရန်သူ၏ လက်တွင်းသို့ ကျရောက်ဆုံးရှုံးခြင်း မဖြစ်ပါစေနှင့် ဟူ၍သာလျှင် ဆုတောင်းမိခဲ့လေ၏။

ထိုည၌ ကျွန်တော်တို့သည် အိမ်ရှင် ဦးစံမင်းအား နှုတ်ဆက်ပြီးနောက် အိပ်ရာသို့ အသီးသီး ဝင်ရောက်ကြလေရာ အင်စပိတ်တော် မောင်ဘတင်မှာ မောင်စံရှားတို့ အိပ်သွားသော အခန်း၌အိပ်ရန်နေရာပေး၍ ကျွန်တော်မှာ ၎င်းအခန်းနှင့် ယှဉ်လျက် ရှိသော အခန်းတစ်ခု၌ အိပ်ရန်နေရာပေးလေ၏။ မောင်ဘတင်သည် ၎င်း၏အခန်းသို့ ဝင်ခါနီးတွင် ကျွန်တော်က 'ဗျို့ ကိုဘတင်၊ ခင်ဗျား တစ်ယောက်လည်း ပျောက်မသွားပါနှင့်ဦးဗျာ၊ ကြာတော့ လူကုန်ရချေရဲ့' ဟု လှောင်ပြောင်ကာ ပြောမိသည်တွင် မောင်ဘတင်သည် မျက်နှာများ ပျက်၍ သွားပြီးနောက် ဟန်ဆောင်ကာ ရယ်မောလျက် အိပ်ခန်းသို့ ဝင်သွားလေ၏။

ကျွန်တော်သည် ကောင်းမွန်စွာ ခင်းကျင်းပြင်ဆင်၍ထားသော အိပ်ရာပေါ်၌ အိပ်ရင်း မောင်စံရှား၏ အကြောင်းများကို တွေးတော စိတ်ကူးလျက်ရှိစဉ် အထူးကောင်းမွန် ဆိမ့်အီသော ညစာထမင်းကို စားသောက်ရသည်ဖြစ်၍ မကြာမီအတွင်းပင် အိပ်ပျော်၍ သွားခဲ့လေ၏။ နှစ်နာရီကြာသည်မသိ၊ သုံးနာရီကြာသည်မသိ အိပ်ပျော်မိသောအခါ ကျွန်တော်သည် မည်သည့်အကြောင်းကြောင့် မသိ အိပ်ရာမှ ရုတ်တရက် လန့်နိုး၍ နားစွင့်ကာ ထောင်မိသည်တွင် အခြားအခန်းမှ လူများ ဖြေးညှင်းစွာ ခြေဖျားထောက်၍ လမ်းလျှောက်သည့် ခြေသံလိုလို ကြားရသည်ဟု စိတ်၌ မှတ်ထင်မိလေ၏။ သို့ရှိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်ရာပေါ်မှ ထ၍ထိုင်ပြီးလျှင် ထိုအခြင်းအရာကို လျှို့ဝှက်စွာ စုံစမ်းအံ့ဟု အောက်မေ့၍ ပြတင်းပေါက်ရှိရာသို့ ဖြေးညင်းစွာ သွားပြီးနောက် ဖွင့်ထားသော ပြတင်းပေါက်မှ အောက်သို့ ငုံ့၍ကြည့်လိုက်လေ၏။

ထိုညသည် မှောင်မိုက်လျက် ရှိသည်ဖြစ်သောကြောင့် ကျွန်တော်သည် ပထမ၌ မည်သည့်အရာဝတ္ထုကိုမျှ မမြင်နိုင်ဘဲ မှောင်နှင့်မည်းမည်း ရှိနေသည်ကို သာလျှင် တွေ့မြင်ရသည်ဖြစ်ရာ အတန်ကြာသော အခါမှ လူနှစ်ယောက်သည် မောင်ဘတင်၏ အိပ်ခန်းပြတင်းပေါက်၏ အောက်တည့်တည့်မှ ရပ်လျက်ရှိကြသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်တော်သည် ပြတင်းပေါက် ကန့်လန့်ကာကို ကွယ်လျက် လျှို့ဝှက်စွာ ကြည့်နေရာ တစ်ခဏမျှကြာလျှင် လူတစ်ယောက်သည် မောင်ဘတင်၏ ပြတင်းပေါက်မှ ကြိုးနှင့်လျှော၍ ချမိသကဲ့သို့ တဖြည်းဖြည်း တရွေ့ရွေ့ မြေသို့ ရောက်သွားလေ၏။ နောက်တစ်ခဏ၌မူကား အခြားတစ်ယောက်သည် ၎င်းပြတင်းပေါက်မှ မြေသို့ ခုန်၍ချလိုက်သည့် အသံကို ကြားရပြီးနောက် လေးယောက်သားတို့သည် ဝင်းပေါက်ရှိရာသို့ တရွေ့ရွေ့ ထွက်သွားကြသည်ကို မြင်လိုက်ရပြီးနောက် မှောင်ရိပ်တွင် ပျောက်ကွယ်သွားကြလေ၏။

ထိုအခါ ကျွန်တော်သည် အင်စပိတ်တော် မောင်ဘတင်အတွက် စိုးရိမ်မကင်းဖြစ်သည်နှင့် ၎င်း၏အခန်းသို့ ဝင်ရောက်ကြည့်ရှုရာ မောင်ဘတင်ကို အိပ်ရာတွင် မတွေ့ရဘဲ ၎င်း၏ ဖိနပ်နှင့် ပုဝါ၊ အင်္ကျီ စသည်တို့ကို သာလျှင် တွေ့ရှိရလေ၏။ ယင်းကဲ့သို့ တွေ့မြင်ရသည့်အခါ ကျွန်တော်သည် မည်သို့ပြုရမည်ကို တစ်ခဏမျှ အကြံယူပြီးနောက် စိတ်ကူးတစ်ခုပေါက်သည်နှင့် ပြတင်းပေါက်မှ ခုန်၍ချပြီးလျှင် ဝင်းပေါက်ရှိရာသို့ တိတ်တဆိတ်လိုက်သွားလေ၏။ ဝင်းပေါက်အနီး၌ကား မော်တော်ကားတစ်စင်းသည် စက်နှိုးလျက်ရှိသည်ကို တွေ့မြင်ရလေရာ လူသုံးယောက်တို့သည် လူတစ်ယောက်ကို ကားပေါ် သို့ ပွေ့ချီ၍ တင်ပြီးသည်နှင့် တစ်ပြိုင်နက် ကားသည်ထွက်စပြုသဖြင့် ကျွန်တော်သည် ကား၏နောက်၌ တိုက်ခိုက်ခြင်းကို ကာကွယ်ရန် တပ်ဆင်၍ထားသော ဒန်ကိုင်းပေါ် သို့ ခုန်တက်ပြီးနောက် ကားကိုကွယ်၍ လိုက်ပါသွားလေ၏။ တစ်ခဏမျှ မောင်းနှင်မိလျှင် မော်တော်ကားသည် ပြည်လမ်းကြီးသို့ ဆိုက်ရောက်လေရာ ၎င်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် ကားသည် ပြည်မြို့ဘက်သို့ လှည့်ပြီးလျှင် လျင်မြန်စွာ စက်ကုန်ဖွင့်၍ မောင်းနှင်သွားလေရကား ကျွန်တော်မှာ လက်ချော်ခြေချော် ဖြစ်က အနည်းဆုံး မလုမပ အနာတရ ဖြစ်ရမည်ကို သိရှိသဖြင့် သတိနှင့် တွယ်၍ လိုက်သွားခဲ့လေ၏။

တစ်နာရီခန့်မျှ မရပ်မနား မောင်းနှင်မိလေလျှင် ကားသည် အုတ်နံရံကြီးဖြင့် မြင့်မားစွာ ကာရန်လျက်ရှိသော နေရာသို့ ဆိုက်ရောက်သည်နှင့် ရပ်တန့်လေရာ တစ်ယောက်သောသူသည် ကားပေါ်မှ ဆင်းသက်၍ သံတံခါးမှ တီးတိုးခေါ်ငင်လိုက်ပြီးနောက် တစ်ခဏမျှကြာလျှင် သံတံခါးကြီးသည် ပွင့်သွားသည်နှင့် ကားသည် တံခါးပေါက်မှ အတွင်းသို့ မောင်းနှင်၍ ဝင်သွားလေ၏။ အတွင်းသို့ ရောက်လျှင် တစ်ဖန်ရပ်တန့်ပြီးနောက် ကားပေါ်မှ လူသုံးယောက်တို့သည် တစ်ယောက်သောသူကို တွဲလျက် အဆောက်အဦးကြီး တစ်ခု အတွင်းသို့ သွင်းသွားကြလေရာ ကျွန်တော်သည် အတန်ငယ်ကြာအောင် ကားနောက်မှီးမှ စောင့်ဆိုင်းနေပြီးနောက် လူသံမကြားသောအခါမှ မြေသို့ ဆင်းသက်ခဲ့လေ၏။

ထိုအခါ ကျွန်တော်မှာ တွဲ၍သွင်းသွားခြင်းကို ခံရသောသူသည်ကား အခြားမဟုတ်၊ အင်စပိတ်တော် မောင်ဘတင် ဖြစ်သည်ကို ရိပ်မိသော်လည်း မည်သူတို့သည် ၎င်းအား မည်သည့်အရပ်သို့ ခေါ်ဆောင်သွားကြသည်ကို မတွေးတောတတ်သဖြင့် မှောင်နှင့်မည်းမည်း ရှိသော အဆောက်အဦးကြီးကို ကြည့်ရှုအကဲခတ်လျက်ရှိစဉ် လူနှစ်ယောက်တို့သည် ခပ်သုတ်သုတ် ထွက်လာကြ၍ တစ်ယောက်သောသူသည် 'ကိုင်း ကော်တာပဲ ကိုအုန်းဖေ၊ ကားတစ်စီးတော့ဖြင့် တွေ့ပြီ၊ ခတ်ဆီကုန်နေလျှင်တော့ ကျုပ်တို့ ကံပဲ' ဟု ပြောသံကို ကြားရသည်တွင် ၎င်းအသံမှာ မောင်စံရှား၏ အသံဖြစ်ကြောင်း သိရှိသည်နှင့် ကျွန်တော်က အားရဝမ်းသာ နှုတ်ဆက်မိလေ၏။ ထိုအခါ မောင်စံရှားသည် ကျွန်တော်အား ထိုနေရာ၌ တွေ့ရသည်ကို အံ့ဩဟန်လက္ခဏာနှင့် ကားပေါ် သို့ တက်၍ စက်နှိုးလေ၏။ ကျွန်တော်လည်း ၎င်းတို့သည် ရန်သူတို့၏ လက်မှ လွတ်၍လာကြသည့် အကြောင်းကို ရိပ်မိသည်နှင့် သံတံခါးကို ဖွင့်ပေးပြီးနောက် ကားပေါ် သို့ တက်သွားရာ မောင်စံရှားလည်း ကားကို လျင်မြန်စွာ မောင်းနှင်ခဲ့လေ၏။

မောင်စံရှားနှင့် မောင်အုန်းဖေတို့သည် အဘယ့်ကြောင့် ရုတ်တရက် ပျောက်သွားကြ၍ မည်သည့်နည်းနှင့် ထိုနေရာသို့ရောက်နေကြသည်ကို မောင်စံရှားက ပြန်၍ ပြောပြသဖြင့် သိရှိရသည်မှာ ...

မောင်စံရှားသည် ဦးစံမင်း၏ နေအိမ်၌ အိပ်ခန်းသို့ ဝင်သွားပြီးနောက် အိပ်ရာမှ နိုးသဖြင့် ကြည့်လိုက်သောအခါ နေမင်းသည် ပူပြင်းစွာ ထွန်းတောက်လျက် ရှိသည်ကို တွေ့ရသည်နှင့် ဤမျှလောက်နေမြင့်အောင် အိပ်ပျော်နေမိသည်ကို ပထမ၌ အံ့ဩမိကြောင်း၊ ၎င်းနောက် အခန်းတွင်းရှိ ပရိဘောဂ အသုံးအဆောင်များကို ကြည့်မိပြန်သည့်အခါ မိမိမှာ သံခုတင်တစ်ခုပေါ်၌ အိပ်ပျော်လျက် ခေါင်းအုံး၊ စောင်၊ မွေ့ရာ စသည်တို့မှာလည်း ညံ့ဖျင်းစွာ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် အခန်းမှာလည်း ကျဉ်းမြောင်းလှသည့်ပြင်၊ ကြမ်းမှာ အင်္ဂတေဖြင့် ခင်းလျက် ရှိသည့်ပြင် မိမိ၏ ဖိနပ် အင်္ကျီ စသည်တို့မှာလည်း အခန်းတွင်း၌ မရှိတော့ဘဲ မိမိ၏ ကိုယ်၌လည်း ထောင်သားတို့ ဝတ်ဆင်သော အဝတ်တို့ဖြင့် ဝတ်ဆင်ထားသည်ကို တွေ့ရှိရကြောင်း၊ ထိုအခါ မောင်စံရှားမှာ ငါသည် မည်သည့်အရပ်သို့ မည်သည့်နည်းနှင့် ရောက်နေရသည်ကို မတွေးတောတတ်အောင် ရှိနေသဖြင့် အပြင်သို့ထွက်၍ စုံစမ်းဦးမည်ဟု တံခါးကို ဖွင့်ရာ အခန်းတံခါးကို ဖွင့်၍မရ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထိုအခါမောင်စံရှားသည် ခုတင်ပေါ် သို့ တစ်ဖန်ပြန်၍ ထိုင်ပြီးလျှင် ယမန်ညက အဖြစ်အပျက်များကို ပြန်လှန်တွေးတောလျက် ရှိစဉ် တံခါးကို ဖွင့်သံကြား၍ ကုလားစန္ဒလီတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့ရကြောင်း၊ ထိုအခါ မောင်စံရှားက ကုလားအား စိတ်ဆိုးဆိုးနှင့် ငေါက်ငန်းမေးမြန်းရာ စန္ဒလီကုလားသည် ဦးခေါင်းကိုသာ ယမ်းလျက် ပြုံးစိစိ လုပ်ပြီးလျှင် မည်သို့မျှ ပြန်၍ မပြောဘဲ ရှိနေကြောင်း။

ထိုအခါ မောင်စံရှားသည် ရှေးကထက် ဒေါသထွက်ပြီးလျှင် ဤအရပ်သည် မည်သည့်အရပ်ဖြစ်သည်၊ မည်သည့်နည်းနှင့် မိမိအား ဤအရပ်သို့ ခေါ်ဆောင်ခဲ့သည်များကို ကြိမ်းမောင်းခြိမ်းခြောက်၍ မေးမြန်းပြန်လေရာ ကုလားကြီးသည် မေးသည့်စကားကို မဖြေကြားဘဲ မောင်စံရှား၏ကျောကို သတ်ပြီးလျှင် စိတ်ဆိုးခြင်းသည် မကောင်းသည့် အကြောင်းများကို ချော့မော့ကာ တရားဟောလျက် ရှိလေ၏။ ထိုအခါ၌ကား မောင်စံရှားမှာ လက်အောက်ခံစားမျှ ဖြစ်သော ကုလားတစ်ဦးတစ်ယောက်က ကျောသပ်ရင်သပ်ပြု၍ အရောတဝင် ပြုလုပ်လျက်ရှိသည်ကို သည်းမခံနိုင်အောင် ရှိသည်နှင့် တွန်းထိုးကန်ကြောက်မည် ပြုသည်တွင် မိမိသည် မည်သည့်အရပ်၌ရောက်နေသည်ကို ရုတ်တရက် တွေးတောရိပ်မိသဖြင့် အံ့အား သင့်လှ မက သင့်လျက် စကားထပ်၍ မပြောနိုင်ဘဲ ငေးလျက်သာလျှင် ရှိနေလေ၏။ အကြောင်းမူကား မောင်စံရှားသည် မိမိမှာ အရူးထောင်တစ်ခု၏အတွင်းသို့ ကျရောက်နေကြောင်းကို သိရှိရသောကြောင့် ဖြစ်လေသည်။

ထိုအခါမှ ကုလားကြီးက 'ကောင်းကောင်း လူကလေး ရှိတယ်၊ မုန့်များများပေးမယ်၊ သခင်က တွေ့ချင်တယ် ၊ လိုက်ခဲ့ပါ' ဟု ချော့မော့ ခေါ်ငင်သည်တွင် မောင်စံရှားသည် တစ်သက်တွင် မအံ့ဩဖူးလောက်အောင် အံ့ဩလျက် စကားတစ်ခွန်းမျှ မပြောဘဲ ကုလားကြီး၏ နောက်သို့ လိုက်ပါသွားခဲ့လေ၏။ တစ်ခုသော အခန်းတွင်းသို့ ဝင်မိကြလျှင် စားပွဲတစ်ခု၌ အင်္ဂလိပ်အရာရှိ တစ်ယောက်သည် စာရေးလျက်ရှိရာ ၎င်း၏ အနီး၌ကား ခေါင်းပေါင်းအုပ်ပေါင်းနှင့် သပ်ရပ်စွာ ဝတ်ဆင်လျက်ရှိသော မြန်မာတစ်ယောက်သည် ရပ်လျက်ရှိလေ၏။ မောင်စံရှားနှင့် ကုလားကြီးတို့ ဝင်လာသည်ကို မြင်သောအခါ မြန်မာသည် မောင်စံရှား၏ ဘက်သို့ လှည့်ပြီးလျှင် 'သူပါပဲ ဆရာကြီး' ဟု အင်္ဂလိပ်လို ပြောလိုက်သဖြင့် မောင်စံရှားသည် ၎င်း၏ မျက်နှာကို ကြည့်မိသည်တွင် ဝါးရမ်းပြေးလူဆိုး ငဆိုးတေ ဖြစ်ကြောင်း သိရှိပြန်လေရာကား ပြစ်ချက်များစွာနှင့် ဖမ်းဆီးခြင်းခံရပြီးနောက် ပုလိပ်တို့၏ လက်မှ မကြာမီကထွက်ပြေးသွားသော ဆိုးတေသည် ဤထောင်၌

အရာရှိတစ်ဦးသဖွယ် အခန့်စားဖြစ်၍ နေသည်ကို တွေ့မြင်ရသည်မှာ ငါသည် တကယ်ပင် ရူးသွပ်၍ ထင်မိထင်ရာ မြင်မိမြင်ရာ ထင်မြင်ရလေသလောဟု မိမိကိုယ်ကိုပင် မိမိ သံသယ မကင်းအောင် ရှိနေခဲ့လေ၏။

ငင်းနောက် အံ့သြခြင်း၊ စိတ်ဒွိဟ ဖြစ်ခြင်း စသည်တို့ ပြေပျောက်သည့်အခါမှ မောင်စံရှားသည် ဆရာဝန်ကြီးအား ဤအမှု၌ လူမှား၍ ခေါ်ခဲ့ဟန် လက္ခဏာရှိကြောင်း၊ မိမိမှာ အခြားမဟုတ် စုံထောက်မောင်စံရှားပင် ဖြစ်ကြောင်းနှင့် ပြောဆိုသောအခါ ဆရာဝန်ကြီးသည် ဆိုးတေနှင့် တစ်ယောက်ကို တစ်ယောက်ကြည့်၍ ပြုံးရယ်ကြလေ၏။ ထိုအခါ ဆိုးတေက 'ကျွန်တော်ပြောတဲ့ အတိုင်းပါပဲ ဆရာဝန်ကြီး ၊ သည်လူက စုံထောက်ရူးရူးပြီး သူ့ကိုယ်သူ စုံထောက်ကြီး ဦးစံရှားဆိုပြီး ဟိုလူဖမ်း သည်လူဖမ်းနှင့် အင်မတန် ရမ်းကားနေလို့မို့ မြို့ဝန်မင်း ဦးစံမင်းက ပို့လိုက်ခြင်း ဖြစ်ပါတယ်' ဟု ပြောလေလျှင် မောင်စံရှားသည် စိတ်ကို မချုပ်တီးနိုင်အောင် ရှိသည်ဖြစ်၍ ဆိုးတေ၏ လည်ကုပ်ကို ကိုင်ညှစ်မည်ပြုသည်တွင် စန္ဒလီကုလားကြီးသည် မောင်စံရှား၏ လက်ကို ချုပ်တီးလေ၏။ ငင်းနောက် ဆရာဝန်ကြီးလည်း မောင်စံရှား၏ လက်ကို သွေးစမ်းမည်ဟု ကိုင်တွယ်လေရာ မောင်စံရှားမှာ မခံမရပ်နိုင်အောင် စိတ်ဆိုးလှသည်ဖြစ်သောကြောင့် သွေးစမ်းမခံဘဲ ရှိနေသည်တွင် ဆရာဝန်ကြီးလည်း ဦးခေါင်းကို ယမ်းလျက် စန္ဒလီကုလားအား လက်ပြလိုက်သည်နှင့် စန္ဒလီကုလားလည်း မောင်စံရှားကို ခေါ် သွား၍ မူလက အခန်းတွင်းသို့ ပို့ပြီးနောက် အခန်းကို သော့ခတ်၍ သွားလေ၏။

အခန်းတွင်းသို့ရောက်လျှင် မောင်စံရှားသည် ခုတင်ပေါ်တွင် ပက်လက်လှန်ပြီးနောက် စဉ်းစားစိတ်ကူးလျက်ရှိရာ ငါးမိနစ်ခန့် ကြာသောအခါ "ငိုအားထက် ရယ်အားသန်" ဟူသော စကားပုံကဲ့သို့ တစ်သက်တွင် ဤမျှလောက် လှိုက်လှိုက်လှဲလှဲ ရယ်မောဖူးသည် မရှိဘဲ မျက်ရည်များ တွေတွေကျအောင် ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိလေ၏။ ထို့နောက်မှ 'တော်ပါပေ ဆိုးတေရယ်၊ လူ့ပြည်မှာ မင်းတစ်ယောက် ရှိတာ ငါ အပျင်းပြေလွန်းလို့၊ မင်း သေသွားမှာတောင် ငါ စိုးလိုက်ပါသေးရဲ့' ဟု ရေရွတ်ရင်း လွတ်မြောက်ရေးကို သာလျှင် အကြံထုတ်လျက် ရှိလေ၏။

ငင်းနောက် မောင်စံရှားသည် ထွက်လမ်းကို ဆင်ခြင်ရာ ပြတင်းပေါက်မှသော်လည်းကောင်း၊ အခန်းပေါက်မှသော် လည်းကောင်း သာလျှင် ထွက်ရန်ရှိသည်ကို တွေ့ရှိရလေ၏။ ပြတင်းပေါက်မှာ တစ်ပေခန့် မြင့်သည့်အပြင် တစ်လက်မ လုံးပတ်ရှိသော သံတိုင်များနှင့် စိုက်ထူလျက်ရှိသည်ကို တွေ့ရသဖြင့် မတတ်နိုင်ကြောင်း သိရှိရလေ၏။ ထိုနောက် အခန်းပေါက်ကို ကြည့်ရှုရာ တံခါးမှာ သဘော်ဘကယ်ဗင် အခန်းမှာကဲ့သို့ အပြင်မှလည်းကောင်း၊ အတွင်းမှ လည်းကောင်း သော့ခတ်ရသော တံခါးမျိုးဖြစ်ကြောင်း တွေ့ရှိရလေ၏။ ထိုအခါ မောင်စံရှားသည် သော့မှ ခလုတ်၏ အခြေအနေကို သေချာစွာကြည့်ရှုစုံစမ်းသည်တွင် အကြံတစ်ခု ရသည်နှင့် ငြိမ်ဝပ်စွာ နေလေ၏။

နေ့လည်အချိန်၌ စန္ဒလီကုလားသည် လက်ဖက်ရည်နှင့် ပေါင်မုန့်နှစ်ချပ်ကို ဘွိုင်ကုလားနှင့်အတူ မောင်စံရှား၏ အခန်းသို့ လာ၍ပို့ပြီးနောက် ထွက်သွားရာ မောင်စံရှားသည် ပေါင်မုန့်နှစ်ချပ်ကို လက်တွင်း၌ ညက်အောင် နယ်ချေပြီးနောက် အိတ်တွင်း၌ ဂုက်ထား၍ လက်ဖက်ရည်ကိုလည်း မသောက်လိုဘဲလျက် ယုတ္တိရှိအောင် ကျိုက်၍ချလေ၏။

ထိုနေ့ညနေ၌ စန္ဒလီကုလားသည် မောင်စံရှား၏ အခန်းတွင်းသို့ ဝင်လာပြီးလျှင် လက်ပြခေါ်ငင်သွားသဖြင့် မောင်စံရှား လည်း လိုက်ပါသွားရာ ထောင်ဝင်းကြီးအတွင်း တစ်ခုသော နေရာလပ်၌ အရူးနှစ်ဆယ်ခန့်တို့သည် အညောင်းပြေ လမ်းလျှောက်လျက်ရှိရာ အနီး၌ကား စန္ဒလီတို့သည် တုတ်များနှင့် စောင့်နေကြလေ၏။ မောင်စံရှားကို ခေါ်ခဲ့သော စန္ဒလီကုလားလည်း မောင်စံရှားကို လမ်းလျှောက်စေသည်ဖြစ်ရာ မောင်စံရှားသည် အရူးများနှင့် အဖော်လုပ်ရမည်ကို စက်ဆုပ်စွာနှင့် ခိုင်းစေသည့်အတိုင်း ပြုမည်အလုပ်တွင် အရူးတစ်ယောက်နှင့် မျက်နှာချင်း ဆိုင်မိ၍ ထိုအရူးက 'အလို ဆရာလဲ ရောက်နေပြီကိုး' ဟု ပြော၍ အံ့အားသင့်လျက် ရှိလေ၏။ ထိုသူမှာ မောင်အုန်းဖေပင် ဖြစ်လေသည်။

ထိုသူနှစ်ယောက်တို့သည် မိမိတို့၏ အဖြစ်အပျက်များကို တိုင်ပင်ပြောဆိုကြမည် ပြုဆဲတွင် ဆိုးတေသည် ပေါ်လာ၍ စန္ဒလီများအား အရူးများကို အချင်းချင်း စကားမပြောစေရန် အမိန့်ပေးလေရာ စန္ဒလီတို့လည်း "ချွတ်တားဆပ်" ၏ အမိန့်အတိုင်း တားမြစ်သည်နှင့် မောင်စံရှားတို့မှာ ရယ်မောကာ လိုက်နာကြလေ၏။ နာရီဝက်ခန့်မျှ လမ်းလျှောက် စေပြီးနောက် စန္ဒလီကုလားတို့သည် အရူးများကို မိမိတို့၏ အခန်းသို့ အသီးသီး သွတ်သွင်းပြီးနောက် သော့ခတ်၍ ပိတ်ထားလိုက်လေ၏။ မောင်စံရှားမှာ ဤနေရာ၌ ကြာကြာနေရသည်ဖြစ်က အကယ်ပင် ရူး၍သွာချေတော့မည်ဟု ပြုံးရယ်ကာ တွေးတောပြီးနောက် လွတ်မြောက်ရေးကို သာလျှင် အကြံပြုလျက် ရှိလေ၏။

ညစာထမင်းပွဲကို ဘွိုင်ကုလားက သိမ်းပြီးနောက် စန္ဒလီကုလားသည် အခန်းအပြင်သို့ ထွက်သွား၍ အခန်းတံခါးကို သော့ခတ်မည်ပြုဆဲတွင် မောင်စံရှားသည် အခန်းတံခါးရှိရာသို့ လျင်မြန်စွာ ပြေးသွား၍ ယခင်က နယ်ချေထားသော ဂျုံလုံးကို သော့ပေါက်တွင်းသို့ ထိုးသွင်းလိုက်လေ၏။ စန္ဒလီကုလားသည် သော့ကို ပိတ်သောအခါ သော့သည်လှည့်၍ လည်သော်လည်း ခလုပ်သည် ကွင်းသို့မရောက်ဘဲ ဘေးသို့ ချော်လျက်ရှိလေ၏။ သို့ရာတွင် စန္ဒလီကုလားသည် ထိုအခြင်းအရာကို မသိရှိဘဲ သော့ကို အိတ်၌ထည့်ပြီးလျှင် ထွက်သွားလေ၏။ ကုလားထွက်သွားပြီးနောက် ၈ မိနစ် ခန့်ကြာသောအခါ မောင်စံရှားသည် တံခါးလက်ကိုင်ကို လှည့်၍စမ်းရာ အလွယ်တကူနှင့် ပွင့်သွားသည်ကို တွေ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ သို့ရာတွင် အချိန်မတန်သေးသည်ဖြစ်၍ တစ်ဖန်ပြန်၍ ပိတ်ထားပြီးလျှင် မောင်စံရှားသည် ငြိမ်ဝပ်စွာ စောင့်ဆိုင်းလျက်ရှိလေ၏။

ထိုည ၁၀ နာရီ အချိန်ခန့်တွင် စန္ဒလီကုလားသည် အရူးများ ငြိမ်ဝပ်ပိပြားစွာ ရှိသည်မရှိသည်ကို တံခါး၌ အဆင်သင့် ပြုလုပ်ထားသော အပေါက်ငယ်များမှ အခန်းစေ့အောင် လိုက်လံချောင်းမြောင်း ကြည့်ရှုလေရာ မောင်စံရှားမှာ စောင်ကို ခြုံလျက် ငြိမ်သက်စွာ အိပ်နေသည်ကိုသာလျှင် တွေ့မြင်၍ သွားလေ၏။

သန်းခေါင်တိုင်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် အိပ်ရာမှ ထပြီးလျှင် ခုံမှ ခြေထောက်တစ်ချောင်းကို လိုလိုမယ်မယ် ဖြုတ်၍ယူခဲ့ပြီးနောက် တံခါးကို ဖြေးညှင်းစွာ ဖွင့်၍ အခန်းပြင်သို့ ထွက်လာခဲ့လေ၏။ ထောင်ကြီးအတွင်း၌ကား မည်သည့်အသံကိုမျှ မကြားရဘဲ ဆိတ်ငြိမ်စွာ ရှိနေသည်ဖြစ်ရာ မောင်စံရှားသည် မှေးမှိန်စွာ ထွန်းထားသော မီးအိမ်များ၏ အရောင်တွင် ထွက်လမ်းကို မှန်းဆလျက် တဖြေးဖြေး လျှောက်လာခဲ့လေ၏။ တစ်ခုသော ထောင့်ကွေ့သို့ရောက်လျှင် ခုံရှည်တစ်ခုပေါ်၌ အိပ်ငိုက်လျက်ရှိသော စန္ဒလီတစ်ယောက်သည် ရုတ်တရက်လန့်နိုး၍ မောင်စံရှားကို ပွေ့ဖက်မည်ပြုလေရာ မောင်စံရှားသည် ညှာတာရမည့်နေရာ မဟုတ်သဖြင့် မေ့လောက်သောနေရာတွင် ဦးခေါင်း၌ ရိုက်လိုက်ရာ စန္ဒလီကုလားသည် စိုက်၍လဲသွားလေ၏။ ထိုအခါ မောင်စံရှားသည် စန္ဒလီကုလား၏ အိတ်ကို စမ်းသပ်ရှာဖွေ၍ သော့တွဲကို နှုတ်ယူပြီးနောက် မောင်စံရှားသည် ခွန်အားနှင့် ပြည့်စုံသူ တစ်ယောက် ဖြစ်သည့်အတိုင်း စန္ဒလီကုလားကို ကျောပိုးပြီးလျှင် မောင်အုန်းဖေ၏ အခန်းနံပါတ်ကို မှတ်မိသည်နှင့် သွားရောက်ရှာဖွေရာ အလွယ်တကူပင် တွေ့ရှိလေ၏။ ကုလားကို ကြမ်းပေါ် သို့ ချပြီးနောက် မောင်စံရှားသည် တံခါးကို သော့နှင့် ဖွင့်၍ အခန်းတွင်းသို့ ဝင်သွားရာ မောင်အုန်းဖေမှာ အိပ်မပျော်သေးသည် ဖြစ်၍ အံ့အားသင့်လျက်ရှိလေ၏။ ၎င်းနောက် နှစ်ယောက်သားတို့သည် ကုလားကြီးကို အခန်းတွင်းသို့ သွင်းပြီးလျှင် စောင်များကို ဆုတ်၍ တုတ်နှောင်ပြီးနောက် ပါးစပ်၌လည်း အဝတ်ဆို့ထားခဲ့၍ အခန်းပြင်သို့ ထွက်ကြလေ၏။

အခန်းပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် လူတစ်စုတို့သည် မောင်စံရှားတို့ ရှိရာသို့ လျှောက်လာသည်ကို တွေ့မြင်ရသည်နှင့် မောင်စံရှားတို့သည် တစ်ဖန်ပြန်၍ အခန်းတွင်းသို့ ဝင်ကြပြီးလျှင် ခြေသံများ ပျောက်သွားသည့်အခါမှ ထွက်လာကြပြန်လေ၏။ ဝင်းတံခါးသို့ရောက်သည့်အခါ မော်တော်ကား တစ်စီးကို တွေ့၍ ထွက်ပြေးရပုံများကိုမူ ဖော်ပြခဲ့ပြီး ဖြစ်လေသည်။

အရူးထောင်မှ ထွက်လာကြပြီးနောက် ကျွန်တော်နှင့် မောင်စံရှား၊ မောင်အုန်းဖေ တို့သည် အနီးဆုံးဌာနာသို့ သွားရောက်၍ ဌာနာအုပ်ကို နှိုးလေရာ ဌာနာအုပ်သည် အရူးထောင်မှ အဝတ်အစားများနှင့် ရှိနေသေးသော မောင်စံရှားနှင့် မောင်အုန်းဖေတို့ကို တွေ့မြင်သည်နှင့် အံ့အားသင့်ကာ ရှိနေပြီးမှ မောင်စံရှားနှင့် မောင်အုန်းဖေတို့က အကျိုးအကြောင်းကို ပြော၍ပြသည်တွင် အားလုံး ဝိုင်းဝန်းရယ်မော ကြရပြန်လေ၏။ ထိုည၌ ကျွန်တော်တို့မှာ အိပ်စက်ခြင်း မရှိဘဲ ဆိုးတေကို လက်ရဖမ်းဆီးရန် စီမံလျက်ရှိကြရာ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် အရူးထောင်သို့ ပုလိပ်အရာရှိ အပြည့်တင်ဆောင်လျက် ကားနှစ်စီးနှင့် သွားရောက်ကြလေ၏။ သို့ရာတွင် ဆိုးတေသည် ပါးနပ်သူတစ်ယောက် ဖြစ်သဖြင့် ကြွက်သည် ကြောင်နံ့ရဘိသကဲ့သို့ မောင်စံရှားလွတ်သွားကြောင်းကို သိနှင့် သည်နှင့် တစ်ပြိုင်နက် တိမ်းရှောင်ထွက်ပြေး လေရာ လက်မတင်ကလေးမျှ လွဲ၍သွားလေ၏။

ကျွန်တော်တို့သည် အရူးထောင်မှ တစ်ဖန် ဌာနာသို့ ပြန်ရောက်ကြသောအခါ ဦးစံမင်းသည် ယနေ့နံနက် စောစောကပင် မိမိ၏ ကိုယ်ကို မိမိ သေနတ်နှင့် ပစ်သတ်၍ သေကြောင်း သတင်း ရရှိပြန်သည်နှင့် ဦးစံမင်း၏ အိမ်သို့ တစ်ဖန် သွားရောက်ကြပြန်လေ၏။

ဦးစံမင်း၏အလောင်းမှာ ဦးခေါင်းကွဲကြေလျက် ဦးနှောက်များ ထွက်နေသည်ကို တွေ့ရှိရလေရာ အနီး၌ကား ခြောက်လုံးပြူးသေနတ် တစ်လက်နှင့် စာတစ်စောင်ကို တွေ့ရှိရလေ၏။ ၎င်းစာမှာ

**စာရေးခဲ့ပါသည် မိတ်ဆွေကိုစံရှား။ ကျွန်တော်သည် အရှက်ကို ငဲ့မိသည့်အတွက် ယခုအသက်သို့ တိုင်ရခြင်းဖြစ်ပါသည်။ ငဆိုးတေသည် ကျွန်တော်၏ အရှက်ကို ခွဲနိုင်သောသူ တစ်ယောက်ဖြစ်သည်နှင့် ၎င်းစေခိုင်းရာကို ကျွန်တော်ပြုရခြင်း ဖြစ်ပါသည်။ အရှုးထောင်၌ လစ်လပ်သော ထောင်မှူး၏ နေရာကို ၎င်းအား ကျွန်တော်က ကြံစည်သွတ်သွင်းပြီး ပေးရပြီးနောက် ကိုစံရှားနှင့် ကိုအုန်းဖေ ကိုလည်း ကျွန်တော်၏ လက်မှတ်နှင့် ထောင်သို့ ပို့ရခြင်းဖြစ်ပါသည်။ သို့ရာတွင် မိတ်ဆွေတို့လည်း ယခုလွတ်မြောက်ပြီ ဖြစ်၍ ကျွန်တော်၏ အပေါ်၌ ခွင့်လွှတ်ကြရန် တောင်းပန်ပါသည်။ အရှက်ကို ငဲ့မိသည့်အတွက် လုံလိမ့်နိုးနိုးနှင့် လူဆိုးတစ်ယောက် စေခိုင်းရာကို ပြုခဲ့မိသော ကျွန်တော် ငမိုက်အိုးသည် လူ့ပြည်၌ ဤမျှသာလျှင် နေထိုက်သည်ဖြစ်၍ မိုက်စတုံးအောင် ကိုယ့်ကိုယ်ကို စီရင်ခဲ့ပါတော့သည်။**

**စံမင်း**

စာကို ဖတ်ပြီးနောက် အိမ်သူအိမ်သားတို့လည်း အလောင်းကို ဆေးရုံသို့ ပို့ရန် ပြင်ဆင်လျက်ရှိကြစဉ် ကျွန်တော်တို့သည် အိမ်ပေါ်မှ ဆင်းလာကြ၍ ရန်ကုန်သို့ မော်တော်ကားနှင့် ပြန်လာကြရာ လမ်း၌ မောင်စံရှားသည် နှစ်ခြိုက်သည့် အမူအရာနှင့် စဉ်းစားစိတ်ကူးရင်း

**ရှား။** ။'တပန်းသာသွားပေတယ် ဆိုးတေရယ်၊ နောက်ကို ဝတ္တရားအရသာ မိအောင်ဖမ်းရတော့မယ်၊ မင်း ဖမ်းရမှာ ငါဖြင့် နှမြောမြော ပါပဲကွယ်'

## ပြီးပါပြီ။

× × × × × ×

# ၁၃။ ယစ်မျိုးစုံထောက် တစ်ယောက် သေဆုံးမှု

ဒိုက်ဦးမြို့နယ် ရုံးခန်းအတွင်း အမှုနှင့် ဆိုင်ရာ သက်သေများ ရောက်ကြပြီးနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် တရားသူကြီးနှင့်အတူ ဝင်သွားကြပြီးလျှင် တရားသူကြီးသည် အမှုအကြောင်းနှင့် ပတ်သက်၍ အကျဉ်းချုပ် ပြောပြသည်နှင့် တစ်ပြိုင်နက် နားထောင်သူ ပရိသတ်တို့သည် သက်သေများ ထွက်ဆိုမည်ကို မျှော်လင့်စောင့်ဆိုင်းလျက် ရှိကြလေ၏။ ပထမသက်သေမှာ အသက်လေးဆယ်ကျော် ဦးထွန်းကျော် အမည်ရှိ လယ်သမားကြီး တစ်ယောက်ဖြစ်ရာ ၎င်းအား သက်သေခန်းသို့ သွင်းပြီးသည်နှင့် တစ်ပြိုင်နက်

**တရားသူကြီး**။ ။'အလောင်းကို ခင်ဗျားဘယ်နည်းနှင့် တွေ့သလဲ၊ ပြောစမ်းပါ'

**ကျော်**။ ။'လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီခွဲ အချိန်လောက်မှာ နွားတွေကို နွားခြံထဲ သွင်းမယ်လို့ မောင်းလာခဲ့တော့ ရေကန်ထဲမှာ ဘွတ်ဖိနပ်တစ်ဖက် ထောင်လျက်ကြီး ပေါ်နေတာကို ကျွန်တော်မျိုး မြင်ပါတယ်၊ ဘယ့်နှယ်ဟာ ဘာလိမ့်မလဲလို့ အနီးကပ်ပြီး ကြည့်ပြန်တော့ နောက်ထပ်ဖိနပ်တစ်ဖက် ပေါ်လျက်နေတာကို တွေ့ရပြန်ပါတယ်၊ သည်တော့ ကျွန်တော်မျိုးက ထူးဆန်းလှပါကလားလို့ ရေပေါ်က မှော်တွေကို ဖယ်ပြီး ကြည့်လိုက်တော့ လူတစ်ယောက် ရေထဲမှာ ပက်လက်လှန်လျက် သေနေတာကို တွေ့ရပါတယ်၊ သည်တော့မှ ကြောက်အားလန့်အားနှင့် ဘယ့်နှယ့် လုပ်ရပါ့မလဲလို့ တောင်ကြည့်မြောက်ကြည့် ကြည့်တော့ ခပ်လှမ်းလှမ်းက စာရင်းငှား ဖိုးကြူ ရောက်လာတာကို မြင်ပါတယ်၊ ဒါနှင့် သူ့ခေါ်ပြီး အလောင်းကို ကမ်းပေါ် ဆွဲတင်ပြီး ဖိုးကြူကို သူကြီးအိမ် သွားတိုင်ဖို့ လွှတ်လိုက်ရပါတယ်'

**တရားသူကြီး**။ ။'သည့်နောက်ကော'

**ကျော်**။ ။'တော်တော်ကြာတော့ ရွာသူကြီးနှင့် ရွာသား လေးငါးယောက် လိုက်လာကြပြီး ထမ်းစင်လုပ်ပြီး အလောင်းကို တင်၍ ဒိုက်ဦးမြို့ ဆေးရုံကို ပို့လိုက်ရပါတယ်၊ ဒါပါပဲ မြို့အုပ်မင်း'

၎င်းနောက် ရွာသူကြီးအား သက်သေခန်းသို့ သွင်းပြန်ရာ

**တရားသူကြီး**။ ။'သူကြီး သိသလောက် ပြောစမ်း'

**သူကြီး**။ ။'ဖိုးကြူက ရေကန်ထဲမှာ အလောင်းတစ်ခုတွေ့တယ်လို့ ခေါ်လာလို့ ကျွန်တော်မျိုး လိုက်သွားပြီး ကြည့်တော့ အလောင်းကို ကမ်းပေါ်မှာ တွေ့ရပါသည်၊ ရေကန်နံဘေး၌ မည်သည့်ခြေရာကိုမျှ မတွေ့ရပါ၊ လုံးထွေးသတ်ပုတ်ကြသည့် အထိမ်းအမှတ် လက္ခဏာ တစ်စုံတစ်ရာကိုမျှ မတွေ့ရပါ၊ အင်္ကျီအိတ်တွင်း၌ စာတစ်စောင်၊ ဆေးတံတစ်ချောင်း၊ ဆေးအိတ်တစ်လုံးကို တွေ့ရှိရပါသည်၊ စာအိတ်တစ်အိတ်မှာ ဦးသာအောင်ဟု အမည်ပါရှိ၍ အတွင်းက စာမှာ ဦးသာမောင်ထံမှ ပေးပို့လိုက်သောစာဖြစ်ကြောင်း တွေ့ရှိပါသည်၊ နာမည်ချင်း လိုက်သောကြောင့် ညီအစ်ကို တော်စပ်မည် ထင်၍ စာရေးစက္ကူတွင်ပါရှိသည့် လိပ်စာအတိုင်း ဦးသာမောင်ကို ကြေးနန်းရိုက်၍ အကြောင်းကြားလိုက်ပါသည်'

**တရားသူကြီး**။ ။'ရေကန်က ဘယ်လောက်နက်သလဲ'

**သူကြီး**။ ။'အလယ်မှာ သုံးတောင်လောက် နက်ပါသည်၊ အလောင်းတွေ့သော နေရာ၌ နှစ်တောင်လောက်သာ နက်ပါသည်'

**တရားသူကြီး**။ ။'ရေကန်ထဲသို့ လူတစ်ယောက် မတော်တဆ ကျခဲ့လို့ရှိလျှင် မတက်နိုင်စရာ အကြောင်း ဘာများရှိသလဲ'

**သူကြီး**။ ။'အရက်မမူးခဲ့လျှင် မတက်နိုင်စရာ အကြောင်း မရှိပါ၊ အလွယ်တကူနှင့် တက်နိုင်လောက်ပါသည်'

၎င်းနောက် ဆရာဝန်ကို သက်သေခန်းသို့ သွင်းပြန်ရာ

**တရားသူကြီး**။ ။'အလောင်းကို ရင်ခွဲရုံသို့ တင်သည့်အခါ ဘာများ သိရှိရပါသလဲ'

**ဝန်**။ ။'သေသူမှာ အသက် ၄၅ နှစ်ခန့် ရှိပါသည်၊ ကျွန်ုပ် စစ်ဆေးကြည့်ရှုသည့် အခါ ထိုလူ သေသည်မှာ ၁၀ နာရီမှ ၁၅ နာရီခန့် ကြာရှိပြီဟု ထင်မြင်ပါသည်၊ ထိုသူမှာ ရောဂါလည်းမရှိပါ၊ ဒဏ်ရာဒဏ်ချက်လည်း မရှိပါ'

**တရားသူကြီး**။ ။'ဘယ်အတွက် အသက် ဆုံးရှုံးတယ်လို့ ဆိုချင်သလဲ'

**ဝန်**။ ။'ရေနစ်ပြီး အသက်သေရမည်ဟု ဆိုချင်ပါသည်'

**တရားသူကြီး**။ ။'သေပြီးသည့်နောက်မှ ရေထဲသို့ ပစ်ချခြင်း မဖြစ်နိုင်ဘူးလား'

**ဝန်**။ ။'မဖြစ်နိုင်ပါ၊ သေပြီးမှ ပစ်၍ ချခဲ့လျှင် အစာအိမ်ထဲ အဆုတ်ထဲသို့ ရေမဝင်နိုင် ဖြစ်ပါသည်၊ ရေကို မျိုမိသောကြောင့် အစာအိမ်ထဲသို့ ရေဝင်နိုင်ပါသည်၊ အစာအိမ်နှင့် အဆုတ်ထဲ၌ ရေတစ်ပုလင်းခန့် တွေ့ရှိရသည်'

**တရားသူကြီး**။ ။'အရက်မူးပြီး ရေထဲကျတာများ ဖြစ်နိုင်သလား'

**ဝန်**။ ။'မဖြစ်နိုင်ပါ၊ အစာအိမ်ထဲ၌ အရက်အနည်းငယ်မျှ မတွေ့ရှိရပါ၊ ရေသာလျှင် တွေ့ရှိပါသည်၊ ရေထဲ၌လည်း မှော်ဖတ်ကလေးများ ပါရှိပါသည်၊ ၎င်းအစာအိမ်ထဲနှင့် အဆုတ်ထဲမှ ရေကို ကြည့်လိုက ကြည့်နိုင်ရန် ပုလင်းနှင့် သွတ်သွင်း၍ ယူလာခဲ့ပါသည်'

ဟု ပြောပြီးနောက် ဆရာဝန်က စက္ကူဖြင့် ရစ်ပတ်၍ထားသော ပုလင်းတစ်လုံးကို ထုတ်၍ ပြလေရာ တရားသူကြီးက များစွာ အရေးမယူဘဲ ရှိနေသဖြင့် ဆရာဝန်သည် ရေပုလင်းကို ကျွန်တော်နှင့် မောင်စံရှားထိုင်နေရာ စားပွဲပေါ် သို့ တင်ထားလိုက်လေ၏။

ကျွန်တော်သည် ရေပုလင်းကို ကြည့်မိရာ မှော်ဖတ်ကလေး တစ်ဖတ် နှစ်ဖတ် တို့သည် ရေထဲ၌ ငုပ်ချည်ပေါ်ချည် ရှိနေသည်ကို တွေ့မြင်ရလေ၏။ မောင်စံရှားမှာမူ ကျွန်တော်ကဲ့သို့ သာမန်အားဖြင့် ကြည့်ရှုကာမျှနှင့် မတင်းတိမ်ဘဲ ရေပုလင်းကို လက်ပေါ် သို့ တင်ပြီးလျှင် ၎င်း၏ ထုံးစံအတိုင်း သေချာစွာ စုံစမ်းကြည့်ရှုလျက် ရှိနေလေ၏။

ထိုအတောအတွင်း

**တရားသူကြီး**။ ။'သေသူဦးသာအောင်သည် ရေထဲသို့ မည်သည့်နည်းနှင့် ကျသည်ကို ပြောပြနိုင်လောက်မည့် အကြောင်း တစ်စုံတစ်ရာ ရှိပါသလား'

**ဝန်**။ ။'မရှိပါ၊ မည်သည့်နည်းနှင့် ကျသည်ဟု မပြောနိုင်ပါ'

ထိုခဏ၌ မောင်စံရှားက ထိုင်ရာမှ ထ၍

**ရှား**။ ။'အလောင်း၌ မည်သည့်ဒဏ်ရာကိုမျှ မတွေ့ဘူးလား'

**ဝန်**။ ။'ပြောလောက်အောင် ဒဏ်ရာ အကြီးအကျယ် မတွေ့ပါ'

**ရှား**။ ။'အကြီးအကျယ် မတွေ့လျှင် သေးသေးနုပ်နုပ်ကော တွေ့သလား'

**ဝန်**။ ။'လက်ျာဘက် လက်မောင်း တံတောင်ဆစ် အထက်နားမှာ ညိုနေသော ဒဏ်ရာကလေးတစ်ခု တွေ့ပါသည်'

**ရှား**။ ။'ဘယ်နည်းနှင့် ရတဲ့ ဒဏ်ရာ ထင်သလဲ'

**ဝန်**။ ။'တုတ်နှင့် ရိုက်သော ဒဏ်ရာလည်း ဖြစ်နိုင်ပါသည်၊ သို့ရာတွင် တပ်အပ်သေချာ မပြောနိုင်ပါ'

၎င်းနောက် တရားသူကြီးသည် သေသူ၏ ညီဖြစ်သူ ဦးသာမောင်ကို စစ်ဆေးပြန်ရာ ၎င်းဦးသာမောင်မှာ မောင်စံရှားအား ငှားရမ်းခေါ်ငင်ခဲ့ခြင်း ဖြစ်သဖြင့် ကျွန်တော်တို့ လိုက်ပါခဲ့ရခြင်း ဖြစ်လေသည်။

**တရားသူကြီး**။ ။'အလောင်းကို ခင်ဗျား မြင်ခဲ့ပြီလား'

**မောင်**။ ။'မြင်ခဲ့ပါပြီ၊ ကျွန်တော်၏ အစ်ကို ဦးသာမောင် ဖြစ်ပါသည်၊ အလောင်းကို မတွေ့မီ တစ်ရက်က ကျွန်တော်နှင့် တွေ့ပါသေးသည်'

**တရားသူကြီး**။ ။'အင်္ဂါနေ့က တွေ့တာပေါ့'

**မောင်**။ ။'မှန်ပါသည်'

**တရားသူကြီး**။ ။'ဘယ်မှာတွေ့သလဲ'

**မောင်**။ ။'ရန်ကုန်မှာ တွေ့ရပါသည်'

**တရားသူကြီး**။ ။'တွေ့သည့်အခါက ဘယ်လိုများ ထူးခြားသလဲ၊ စိတ်ညစ်ညူးပုံ ရသလား'

**မောင်**။ ။( အတန်ငယ် စဉ်းစားပြီးနောက် )'အနည်းငယ် တွေဝေထိုင်းမှိုင်းစွာ ရှိသည်ကို တွေ့ရပါသည်'

**တရားသူကြီး**။ ။'သူ့ကိုယ်သူ သတ်တယ်လို့ ထင်စရာ အကြောင်းများ ရှိသလား'

**မောင်**။ ။'မည်သည့်နည်းနှင့်မျှ ကိုယ့်ကိုယ်ကို သတ်မည့် လူတစ်ယောက် မဟုတ်ပါ'

**တရားသူကြီး**။ ။'ဘယ့်နှယ့်ကြောင့် အသေအချာ ပြောနိုင်သလဲ'

**မောင်**။ ။'ကျွန်တော်၏ အစ်ကိုသည် ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူ တစ်ယောက်ဖြစ်၍ ကိုယ့်အသက်ကို ကိုယ်သတ်ခဲ့လျှင် အဖန်ငါးရာငါးကမ္ဘာတိုင်အောင် ဝဋ်လိုက်မည်ကိုကြောက်တတ်ပါသည်၊ အကြောင်းမှာလည်း ကျွန်တော့်ထံမှ ငွေသုံးထောင်ချေးငှား၍ သုံးထားပါသည်၊ ၎င်းငွေကို မပေးအပ်နိုင်သေးသောကြောင့် သူ၏ အသက်ကို ငွေသုံးထောင်နှင့် အာမခံထားသော လက်မှတ်ကို ကျွန်တော်အား ပေးအပ်၍ ထားပါသည်၊ အကယ်၍ သူ့ကိုယ်သူ သတ်ခဲ့လျှင် ၎င်းငွေသုံးထောင်ကို အသက်အာမခံ ကုမ္ပဏီက ကျွန်တော့်အား ပေးမည်မဟုတ်သည်ကို သူ သိသောကြောင့် ဘယ်နည်းနှင့်မျှ သူ့ကိုယ်သူ သတ်မည် မဟုတ်ပါ'

**တရားသူကြီး**။ ။'ဦးသာအောင်ဟာ ဘာအလုပ်အကိုင်များ လုပ်ကိုင်စားသောက်သလဲ'

**မောင်**။ ။'ယစ်မျိုးဘက်မှာ အထူးစုံထောက် ဖြစ်သည်ဟု ပြောပါသည်'

**တရားသူကြီး**။ ။'စိတ်ညစ်ညူးသည့် အကြောင်း တစ်စုံတစ်ရာများ ရှိသလား'

**မောင်**။ ။'ကျွန်တော်သိရသလောက်ဖြင့် မရှိပါ'

**တရားသူကြီး**။ ။'သားမယား မရှိဘူးလား'

**မောင်**။ ။'မုဆိုးဖို ဖြစ်ပါသည်၊ သားသမီး မရှိပါ၊ ဆွေမျိုးဉာတိဟူ၍ ကျွန်တော် တစ်ယောက်သာ ရှိပါသည်'

**တရားသူကြီး**။ ။'ယစ်မျိုး အရာရှိ ဆိုတော့ အရက်သောက်တတ်မှာပေါ့'

**မောင်**။ ။'ဝမ်းစာအတွက် ၎င်းဘက်၌ လုပ်ကိုင်ရသော်လည်း အရက်သေစာဟူ၍ အလျဉ်း မသောက်တတ်ပါ'

**တရားသူကြီး**။ ။'မူးဝေတတ်တဲ့ ဝေဒနာများ စွဲကပ်ဖူးသလား'

**မောင်**။ ။'မစွဲကပ်ဖူးပါ'

**တရားသူကြီး**။ ။'လူသူမနီးတဲ့ ၎င်းနေရာကို ညအချိန်မှာ ဘယ်နည်းနှင့် သူသွားတယ် လို့ ခင်ဗျား ထင်သလဲ'

**မောင်**။ ။'ကျွန်တော် မပြောနိုင်ပါ'

၎င်းနောက် တရားသူကြီးသည် သက်သေများ ထွက်ချက်ကို ချင့်ချိန်ပြီးနောက် ၎င်းအမှုမှာ သေသူသည် သူတစ်ပါးသတ်၍ သေသည်၊ သို့လည်းမဟုတ် မိမိ၏ အသက်ကို မိမိသတ်၍သေသည်ကို မဆုံးဖြတ်နိုင်သေးသည် ဖြစ်သောကြောင့် ပုလိပ်ဘက်ဆိုင်ရာ အရာရှိများအား တစ်နည်းနည်းဖြင့် ထင်ရှားအောင် သက်သေ သာဓက ရှာဖွေစုဆောင်းရမည်ဟု မှတ်ချက်ချလိုက်လေ၏။

ကျွန်တော်တို့သည် ရုံးခန်းပြင်ဘက်သို့ ထွက်လာခဲ့ကြလေလျှင် ကျွန်တော်က ဦးသာမောင်အား

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲ ဦးသာမောင်၊ အကယ်၍ အသက်အာမခံ ကုမ္ပဏီက ဦးသာအောင်ဟာ သူ့ကိုယ်သူ သတ်ပြီးသေလို့ ငွေသုံးထောင် ထုတ်မပေးနိုင်ဘူးလို့ ငြင်းဆန်ခဲ့လို့ရှိရင် ကိုယ့်ကိုယ်ကို သတ်ကြောင်း ထင်ရှားအောင် သက်သေပြဖို့ ဝတ္တရားဟာ သူတို့မှာ ရှိတာကပဲ ခင်ဗျ၊ ခုအတိုင်းဆိုလျှင် သူတို့လဲ ဘယ်နည်းနှင့်မှ ထင်ရှားလောက်အောင် မပြနိုင်ပါဘူး ခင်ဗျ၊ သည်တော့ ခင်ဗျား ငွေသုံးထောင် အတွက်ကတော့ အေးနေပါပြီ'

**မောင်**။ ။'ငွေမရတာ ရတာကို ကျွန်တော်က သည်လောက် အရေးမကြီးလှပါဘူး ခင်ဗျာ၊ ကျွန်တော့်အစ်ကို လူသတ်လို့ သေခဲ့ရိုးမှန်လျှင် သတ်တဲ့လူကို ပေါ်စေချင်တာလောက်သာ ရှိတာပါပဲ ခင်ဗျာ'

**ရှား**။ ။'စိတ်ချပါ ဦးသာမောင်၊ ကျွန်တော် တတ်နိုင်သလောက် ကြိုးစားပါ့မယ်၊ ဒါထက် ဆရာဝန်ကြီး၊ အလောင်းကို ကျွန်တော် ကြည့်ချင်တယ်ဗျာ၊ ရင်ခွဲရုံမှာ ရှိသေးတယ် မဟုတ်လား'

**ဝန်**။ ။'ကြည့်နိုင်ပါတယ်'

**မောင်**။ ။'ဒါဖြင့် ကြည့်ကြပေတော့လေ၊ ကျွန်တော်က ဘူတာရုံက စောင့်နေတော့မယ်၊ အစ်ကိုကြီးအလောင်း ကြည့်ရတာ ဝမ်းနည်းလွန်းလို့ မကြည့်နိုင်ဘူး ခင်ဗျာ'

**ရှား**။ ။'ကောင်းပြီလေ ၊ သွားနှင့်ပေတော့၊ ကျွန်တော်တို့ လာခဲ့မယ်၊ ဒါထက် သူကြီးတော့ လိုက်ခဲ့ပါဦး ခင်ဗျာ'

**သူကြီး**။ ။'လိုက်ပါမယ် ခင်ဗျာ၊ ကြွကြပါ'

၎င်းနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် ဆရာဝန်နှင့် ရွာသူကြီး တို့နှင့် အတူ ဒိုက်ဦးမြို့ ဆေးရုံသို့ သွားရောက်ကြလေ၏။ လမ်းခရီးတွင်

**ဝန်**။ ။'ကျွန်တော်က အစာအိမ်ထဲက ရတဲ့ ရေကို အရေးကြီးမလားလို့ ယူခဲ့တာ ၊ တရားသူကြီးက တယ်ပြီး အရေးကြီးဟန် မတူပါဘူး ခင်ဗျာ'

**ရှား**။ ။'အရေးကြီးလှပေ့ ခင်ဗျာ၊ နောင်ခါတော့ အသုံးပြုခွင့် ပေါ်လာပါလိမ့်မယ်၊ ချိတ်တံဆိပ်ခတ်ပြီး ဘီရိုထဲမှာ ကောင်းကောင်းမွန်မွန် သိမ်းထားလိုက်စမ်းပါ ခင်ဗျာ'

**ဝန်**။ ။'စစ်ဆေးလို့ပဲ ပြီးပြီဟာ ၊ ဘယ်မှာ အသုံးကျဖို့ ရှိတော့မလဲဗျာ'

**ရှား**။ ။'နောင်တော့ အသုံးပေါ်လာပါလိမ့်မယ်၊ ကျွန်တော်ပြောသလိုသာ သိမ်းထားလိုက်ပါဆရာဝန်ကြီး'

**ဝန်**။ ။'အမှုကတော့ တော်တော်ထင်ရှားနေပြီကော ဗျ'

**ရှား**။ ။'ဘယ်ပုံထင်ရှားတာလဲ ဗျ'

**ဝန်**။ ။'ရေက တိမ်တယ်၊ မတော်တဆ ကျလို့ရှိရင်လဲ မတက်နိုင်လောက်အောင် မရှိ၊ အရက်လဲ မူးတာမဟုတ်၊ ဒဏ်ရာဒဏ်ချက်လဲ ပြောလောက်အောင် မရှိ၊ ထွေးလုံးသတ်ပုတ်ကြတဲ့ အရိပ်လက္ခဏာလဲ မတွေ့ရဘူး၊ မသေခင် တစ်ရက်လောက် ကလဲ တွေတွေဝေဝေ ထိုင်းထိုင်းမှိုင်းမှိုင်း ရှိတယ်လို့ ကြားရတယ်၊ သည်တော့ကာ ကိုယ့်ကိုယ်ကို သတ်ကြောင်း ထင်ရှားတယ် မဟုတ်ဘူးလား ဦးစံရှား'

**ရှား**။ ။'ဟုတ်ကဲ့ ထင်စရာပါပဲ၊ သို့သော်လည်း အစကနေ အဆုံးကြည့်ကြဖို့ ဝတ္ထုရား ကျွန်တော့်မှာ ရှိသေးတာကိုးခင်ဗျ၊ ဟိုရှေ့ကဟာ ဆေးရုံပဲ မဟုတ်လား'

ကျွန်တော်တို့သည် ရင်ခွဲရုံ အတွင်းသို့ ဝင်မိကြလျှင် ကျောက်စားပွဲပေါ်၌ အဝတ်ဖုံးလျက်ရှိသော အလောင်းတစ်ခုကို တွေ့မြင်ကြလေရာ ဆရာဝန်သည် အနီးသို့ ချဉ်းကပ်၍ အဝတ်ကို ဖြေးညှင်းစွာ လှန်လိုက်သည်တွင် အသားဖြူဖြူ မျက်ခုံးတုတ်တုတ် နှာတံပေါ်ပေါ် အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိသော အလောင်းကို တွေ့မြင်ကြလေ၏။ အလောင်း၏ လက်ျာဘက် ပါးပေါ်၌ကား အမာရွတ်တစ်ခု ရှိလေရာ မျက်လုံးတို့မှာ မပွင့်တပွင့်ရှိလျက် ပါးစပ်မှာလည်း မစေ့တစေ့ ရှိနေသဖြင့် အထက်သွား သုံးလေးချောင်းခန့်မျှ မရှိသည့် အဖြစ်ကိုလည်း တွေ့မြင်ကြရလေ၏။ မောင်စံရှားသည် အလောင်း အနီး၌ရပ်ကာ သေချာစွာ စိုက်၍ကြည့်ပြီးနောက် မျက်နှာမှသည် တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ကြည့်ရှု သည်တွင် လက်ျာဘက်လက်၌ ဗေဒါပင်တစ်ပင်ကို ကြပ်တည်းစွာ ဆုပ်ကိုင်ထားသည်ကိုလည်း တွေ့မြင်ရလေ၏။ မောင်စံရှားသည် ၎င်း ဗေဒါပင်ကို အလောင်း၏လက်မှ ဖြေးညှင်းစွာ ဖြေယူ၍ စားပွဲပေါ်၌ ချထားပြီးနောက် လက်ျာဘက်လက်မောင်း တံတောင်ဆစ် တစ်ဖက်၌ ကြည့်ရှုပြီးလျှင်

**ရှား**။ ။'ဟုတ်တယ် ဆရာဝန်ကြီး၊ ညိုနေတဲ့ ဒဏ်ရာတော့ ရှိတယ်၊ တုတ်နှင့် ရိုက်မိတာလဲ ဖြစ်နိုင်တယ်၊ ဒါထက် ရှေ့သွားလေးချောင်း မရှိပါကလား၊ စိုက်ထားတဲ့ သွားမို့လို့ ကျွတ်နေရစ်ပြီ ထင်တယ်'

**ဝန်**။ ။'ဟုတ်တယ် ၊ သွားပိုးစားလို့ အထက်သွားလေးချောင်း နှုတ်ပစ်ပြီး သွားစိုက်ထည့်ထားရတယ်လို့ သူ့ညီက ပြောတယ်၊ ရေထဲမှာ ကျနေရစ်တယ် ထင်ပါရဲ့ဗျာ'

**ရှား**။ ။'ရှာကြည့် သေးသလား'

**ဝန်**။ ။'ရှာတော့ မရှာမိကြဘူး ထင်တယ်'

**ရှား**။ ။'သူ့အိတ်ထဲကတွေ့တဲ့ ပစ္စည်းဆိုတာ ဘယ်မှာလဲဗျာ'

**ဝန်**။ ။'စာတစ်စောင်နှင့် ဆေးတံတစ်ချောင်း၊ ကြက်ပေါင်ဆေးအိတ် တစ်လုံးပါပဲ ခင်ဗျာ'

မောင်စံရှားသည် ၎င်းပစ္စည်းများကို တောင်းယူကြည့်ရှုသည်တွင် ကြက်ပေါင်ဆေးအိတ်အတွင်းမှ စာရွက်ငယ်တစ်ခု ပေါ်ထွက်လျက်ရှိသည်ကို မြင်သည်နှင့် နှုတ်ယူကြည့်ရှုရာ မီးရထားလက်မှတ်မပါဘဲ စီးသဖြင့် ဒဏ်ရိုက်ပြီးလျှင် ပြေစာပေးလိုက်သော ဖြတ်ပိုင်းစက္ကူကလေး တစ်ခုဖြစ်ကြောင်းကို တွေ့ရှိရလေ၏။

**ရှား**။ ။'လက်မှတ်ခိုးစီးမယ့်လူတော့ မဟုတ်ဘူး၊ လက်မှတ်ပျောက်သွားလို့ ဒဏ်ရိုက်ခံရတယ် မှတ်တယ်၊ နေဦးဗျို့၊ နေ့စွဲက မေလ ၁၈ နေ့ဆိုတော့ အင်္ဂါနေ့၊ ဒါဖြင့် အလောင်းမတွေ့ခင် တစ်ရက်ကပါလား'

**ကျွန်တော်**။ ။'ဟုတ်ဟန်တူတယ်၊ ပြစမ်းဗျာ၊ ဘယ်က ဘယ်ကို စီးတာလဲ ကြည့်စမ်းရအောင်'

ကျွန်တော်သည် ဖြတ်ပိုင်းစက္ကူကို ယူငင်ကြည့်ရှုရာ (RGNW STGNHEK) ဟု ရေးသားပါရှိသည်ကို တွေ့ရှိရသဖြင့် စီးလာခဲ့သော အရပ်မှာ ရန်ကုန်မြို့ ဖြစ်သော်လည်း မည်သည့်နေရပ်ကို စီးနင်းခဲ့သည်ကို မတွေးတော နိုင်အောင် ရှိလေ၏။ ၎င်းပြင် ဒဏ်ရိုက်လိုက်သော ငွေမှာလည်း ( ) ဖြစ်ကြောင်းတွေ့ရှိရလေ၏။ ၎င်းနောက် မောင်စံရှားသည် ၎င်းဖြတ်ပိုင်းကို ဆရာဝန်ထံမှ တောင်းခံ၍ အိတ်ထဲသို့ ထည့်လိုက်ပြီးနောက်

**ရှား**။ ။'ဦးသာမောင်က ပြောတော့ မုဆိုးဖိုကြီး၊ သူတစ်ယောက်ထဲလဲ နေတယ်ဆိုတော့ သူ့အိမ်က သေတ္တာတို့ ဘာတို့ ခတ်တဲ့ သော့များ တစ်ချောင်းတစ်လေ ပါဖို့ကောင်းတယ်၊ ဘယ့်နှယ်လဲ သူကြီး ၊ အိတ်ထဲက သော့များ မတွေ့ဘူးလား'

**သူကြီး**။ ။'မတွေ့ရပါကလား ခင်ဗျာ၊ ရေထဲများ ကျနေရစ် ထင်ပါရဲ့'

**ရှား**။ ။'ဟုတ်ပါလိမ့်မယ်၊ သို့သော်လဲ တွေ့အောင် ရှာဖို့တော့ ကောင်းသေးတယ်၊ အလောင်းတွေ့တဲ့ နေရာကို သည်က ဘယ်လောက် ဝေးသလဲ'

**သူကြီး**။ ။'တစ်တိုင်ကျော်ကျော် လောက် ဝေးပါတယ်'

**ရှား**။ ။'ကျွန်တော် ကြည့်ပါရစေဦးဗျာ၊ လိုက်ပြပါဦးနော်'

**သူကြီး**။ ။'ကောင်းပါပြီ ခင်ဗျာ၊ ပြပါ့မယ်'

**ရှား**။ ။'ဆရာဝန်ကြီးကော လိုက်ဦးမလား'

**ဝန်**။ ။'ခွင့်ပြုပါ ခင်ဗျာ၊ အလုပ်တွေ များနေသေးလို့ မလိုက်ပါရစေနှင့်တော့ ခင်ဗျာ'

၎င်းနောက် ကျွန်တော်တို့သည် ဆေးရုံမှ ထွက်လာခဲ့ကြ၍ အလောင်းတွေ့ရာ ရေကန်သို့ သွားရောက်ကြလေရာ လမ်းခရီးတွင် ရွာသူကြီးသည် အသိတစ်ယောက်နှင့် တွေ့သဖြင့် ခေတ္တမျှ ရပ်၍ စကားပြောနေခိုက်တွင် ကျွန်တော်က မောင်စံရှားအား

**ကျွန်တော်**။ ။'ခုပုံတော့ဖြင့် ဆရာဝန်ကြီး ပြောတဲ့အတိုင်း ကိုယ့်ကိုယ်ကို သတ်ပြီး သေကြောင်း ထင်ရှားနေပြီ ထင်တယ်ဗျ'

**ရှား**။ ။'ကိုသိန်းမောင်နယ်ဗျာ၊ ကိုယ့်ကိုယ်ကို သတ်ချင်ရင်ဗျာ၊ သည်လောက်ဝေးဝေး မီးရထားစီးပြီး လာရအောင်ဟာ ရန်ကုန်မှာ ရေမရှိလို့လားဗျ၊ ပြီးတော့ တစ်ချက်ကလဲ လူတစ်ယောက်ဟာ ဘယ်လိုပင် သေချင်စေကာမူ ခြေထောက်လို့ မိနိုင်တဲ့ ရေထဲမှာ အတင်းကိုယ့်ကိုယ်ကို နှစ်ပြီး သတ်ဖို့ အင်မတန် ခဲယဉ်းတယ်ဗျ၊ ကျုပ်ဖြင့် ကြားပဲ မကြားဖူးသေးဘူး'

ထိုခဏ၌ ရှာသူကြီးသည် ကျွန်တော်တို့အား မီလာသည်ဖြစ်သောကြောင့် ဆက်လက်မပြောကြဘဲ ရေကန်ရှိရာသို့ ဆိတ်ငြိမ်စွာ သွားရောက်ကြလေ၏။ တစ်မိုင်ခရီးမျှ သွားမိကြလေလျှင် ရှေ့မှ သွားသော ရှာသူကြီးသည် လမ်းမကြီးနံဘေးကို ချိုးဝင်သွားသော လမ်းကလေးကို လိုက်သွားသဖြင့် ကျွန်တော်တို့လည်း ၎င်း၏နောက်မှ လိုက်ကြရလေ၏။ ၎င်းလမ်းငယ်မှာမူကား ကောင်းမွန်စွာ ဖောက်လုပ်၍ထားသော လမ်းမဟုတ်ဘဲ လှည်းများသည် လယ်တောသို့ ဖြတ်သန်းမောင်းနှင်သွားသော မြေလမ်းကလေးမျှ ဖြစ်လေ၏။

ငါးမိနစ်ခန့်သွားမိကြပြန်လျှင် ရှာသူကြီးသည် ၎င်းလမ်းငယ်ကိုပင် ပစ်ထားခဲ့ပြန်၍ လှည်းဘီးရာ အနည်းငယ်မျှသာ ရှိသော လမ်းကလေးတစ်ခုအတိုင်း လိုက်သွားပြန်ရာ ကမူတစ်ခုကို တက်မိသည်နှင့် တစ်ပြိုင်နက် မှော်များဖုံးအုပ်လျက် ရှိသော ရေကန်တစ်ခုကို တွေ့မြင်ကြရလေ၏။

**သူကြီး**။ ။'သည်ကန်ပါပဲ ခင်ဗျာ၊ အလောင်းတွေ့တာကတော့ ဟောဟိုနေရာမှာပဲ ခင်ဗျ'

မောင်စံရှားသည် ရေကန်ကို မြင်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ခုကို စဉ်းစားမိသည့်လက္ခဏာနှင့် အတန်ကြာအောင် တန့်ရပ်တွေးတောနေပြီးလျှင် မှော်များကို တုတ်ကောက်ဖြင့် ထိုမှ ဤမှ ဖယ်ရှားကြည့်ရှုလျက် ရှိလေ၏။

**သူကြီး**။ ။'ဘယ့်နှယ်လဲ ခင်ဗျာ ၊ သေ့တွေ့အောင် ကျွန်တော် ဆင်းပြီးရှာရဦးမလား'

**ရှား**။ ။'အားနာစရာကြီးပဲ ခင်ဗျ၊ နို့ပေမဲ့ တတ်နိုင်လျှင် ... '

ရှာသူကြီးသည် ဖျတ်လတ်လျင်မြန်သော လူတစ်ယောက် ဖြစ်သည်နှင့် စကားမဆုံးမီပင် ရေထဲသို့ ဆင်း၍ရှာပါသော်လည်း သေ့ဟူ၍တစ်ချောင်းမျှမတွေ့ဘဲရှိလေ၏။ ကမ်းပေါ်သို့ရောက်လာသော် ရှာသူကြီးသည် မိမိ၏အဝတ်များစွတ်စိုလျက်ရှိသည် ဖြစ်သောကြောင့် အရေးမကြီးက အိမ်သို့ပြန်ခွင့်ပြုရန် ပြောဆိုလေရာ မောင်စံရှားသည် ၎င်းအား ကျေးဇူးတင်ကြောင်းကို ထပ်လောင်းကာ ပြောဆိုပြီးနောက် ပြန်ခွင့်ပြုလိုက်လေ၏။ သူကြီးထွက်သွားသောအခါ

**ကျွန်တော်**။ ။'သေ့ကို သည်လောက် အရေးတကြီး ရှာရအောင်ဟာ သေ့တွေ့တော့ကော ဘာများထူးဦးမှာလဲ ဆရာကြီးရဲ့'

**ရှား**။ ။'သေ့တွေ့တော့ သူ့မှာ သေ့ပါတယ်ဆိုတာ အသေအချာ ကျုပ်တို့ သိရတာပေါ့၊ သို့သော် မတွေ့တော့ကော မပါဘူး လို့ ကျုပ်တို့ အတတ်မပြောနိုင်ဘူးပေါ့လေ၊ သို့ပေမဲ့ သေ့ပါတယ် မပါဘူးဆိုတာ သေသေချာချာ ကျုပ်တို့ သိအောင် လုပ်ရလိမ့်မယ်ဗျို့'

၎င်းနောက် ကျွန်တော်တို့သည် ရေကန်မှ ထွက်ခွာလာခဲ့ကြ၍ ကမူပေါ် သို့ တက်မိသောအခါ မောင်စံရှားသည် သွားရာလမ်းကို ရှေးကထက်သေချာစွာ ကြည့်ရှုလျက် တစ်ခုသော နေရာသို့ရောက်သည်နှင့် တစ်ပြိုင်နက် မြေကြီးကို တုတ်ကောက်နှင့် ညွှတ်ပြလျက်

**ရှား**။ ။'ကြည့်စမ်းဗျို့ ကိုသိန်းမောင်'

**ကျွန်တော်**။ ။'လှည်းကြောင်းရာ မဟုတ်ဘူးဗျို့၊ မော်တော်ကား တာယာနှင့် တူတယ်'

**ရှား**။ ။'သည့်ပြင်ကော'

**ကျွန်တော်**။ ။'လေထိုးတဲ့ တာယာမျိုး မဟုတ်ဘူး၊ ကြက်ပေါင် ဘီးပြားနှင့် တူတယ်'

**ရှား**။ ။'သည့်ပြင်ကော'

**ကျွန်တော်**။ ။'သည်လမ်းကို မောင်းလာစဉ်က ဝန်လေးလေးကြီး မတင်ခဲ့ဘူးထင်တယ်'

**ရှား**။ ။'သည့်ပြင်ကော'

**ကျွန်တော်**။ ။'မဆိုနိုင်ဘူးဗျာ'

ထိုအခါ မောင်စံရှားသည် နောက်ပြန်လျှောက်၍ တာယာကြောင်းကို တုတ်နှင့် ထောက်ပြလျက် 'ဟောဒီဟာက သံချွန်ရာဗျ၊ ဟောဒီဟာက ကြက်ပေါင်မှာ ခဲဝင်ပြီး စူးနေတဲ့အရာဗျ၊ သံချွန်ရာနှင့် ခဲစူးရာဟာ တုတ်ကောက်တစ်ပြန်လောက် ဝေးတယ်၊

သည်တော့ကာ နောက်ဘီးက လက်ျာဘက်တာယာမှာ သံချွန်တစ်ချောင်းနှင့် ခဲတစ်လုံး စူးဝင်နေတဲ့ မော်တော်လော်ရီကို တွေ့ရင်ဖြင့် သည်လော်ရီပဲလို့ ကျုပ်တို့ သိရမယ် မဟုတ်ဘူးလား'

**ကျွန်တော်**။ ။'သိရင်ကော ဘာဖြစ်သလဲဗျာ'

**ရှား**။ ။'သြော် လိုလိုမယ်မယ် မှတ်ခဲ့ရတာပေါ့ ကိုသိန်းမောင်၊ လော်ရီရပ်တဲ့ နေရာကိုကော ခင်ဗျား ရှာတတ်ရဲ့လား'

**ကျွန်တော်**။ ။'ရှာတတ်ပါတယ်ဗျာ၊ ဟောဒီမှာပါ'

**ရှား**။ ။'ရေကန်ဆီ ချိုးသွားတဲ့ လမ်းကလေးနားမှာ ဟုတ်စ၊ ကိုင်း ကိုင်း ဦးသာမောင်က မျှော်လှရော့မယ်၊ သွားလိုက်ကြဦးစို့ဗျာ'

ကျွန်တော်တို့သည် ဘူတာရုံသို့ရောက်ကြသောအခါ မီးရထားနှင့် တစ်ပြိုင်နက် အတူဝင်ကြရန် ချိန်း၍ထားဘိသကဲ့သို့ မီးရထားလည်း ဝင်လာသဖြင့် ဦးသာမောင်က ဝယ်ယူ၍ထားနှင့်သော လက်မှတ်များနှင့် ကျွန်တော်တို့သည် လွတ်လပ်သော ဒုတိယတွဲ တစ်တွဲပေါ် သို့ ခုန်တက်ကြပြီးနောက် မီးရထားလည်း ထွက်သွားလေ၏။ ရထားထွက်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ဆေးတံကို ဆေးထည့်၍ စည်းစိမ်နှင့် ရှူဖွာရင်း

**ရှား**။ ။'ဦးသာအောင်နှင့် နောက်ဆုံးတွေ့လိုက်ရစဉ်က တွေတွေဝေဝေရှိတယ်ဆိုတာ ဘယ်လိုလဲဗျ၊ ဘေးအန္တရာယ် တစ်စုံတစ်ရာကို စိုးရိမ်တဲ့ လက္ခဏာရှိသလား'

**မောင်**။ ။'စိုးရိမ်တဲ့လက္ခဏာတော့ ရှိတယ်ဗျ၊ ဘာကြောင့်လဲ ဆိုတော့ အသက်အာမခံ ကုမ္ပဏီကို နောက်ဆုံးအရစ်အတွက် ပေးသွင်းခဲ့တဲ့ ပြေစာဖြတ်ပိုင်းကို ကျွန်တော့်ဆီလာပြီး ဂရုတစိုက်ပေးလာတယ်'

**ရှား**။ ။'သည့်အရင်ကကော မပေးဖူးဘူးလား'

**မောင်**။ ။'သည့်အရင်ကလဲ ပေးတော့ပေးပါရဲ့၊ နို့ပေမဲ့ လမ်းကြုံမှပဲ ပေးတာပဲ၊ ဟိုနေ့ကတော့ ချက်ချင်းပဲ လာပြီး အပ်တယ်'

**ရှား**။ ။'သူ့မှာ ရန်သူများ ရှိတယ်လို့ ကြားဖူးသလား'

**မောင်**။ ။'မကြားမိပါဘူးခင်ဗျာ၊ သို့သော်လဲ မရှိဘူးလို့တော့ မပြောနိုင်ဘူး ခင်ဗျ၊ ကျွန်တော့်အစ်ကိုက စကားအနည်းသား၊ သူ့အကြောင်းကို တယ်ပြီး ပြောတတ်တဲ့လူ မဟုတ်ဘူး'

**ရှား**။ ။'ခင်ဗျားဆီက ငွေသုံးထောင်ကို ဘယ်အတွက် သူချေးသလဲ'

**မောင်**။ ။'သူ့မိတ်ဆွေတစ်ယောက် အတွက် အာမခံကြွေး မိသွားလို့တဲ့ ခင်ဗျ'

၎င်းနောက် အမှုစကားကို ဖြတ်ပြီးလျှင် မောင်စံရှားသည် အခြားစကားများကို ရယ်မောကာ ဆက်လက်ပြောသွားကြရာ ရန်ကုန်သို့ရောက်သောအခါ ဦးသာမောင်မှာ ၎င်း၏နေအိမ်သို့ သွားသဖြင့် ကျွန်တော်တို့လည်း လမ်း ၄၀ ရှိ ကျွန်တော်တို့ နေအိမ်သို့ ပြန်ခဲ့ကြလေ၏။ အိမ်သို့ရောက်ပြီးနောက် ညစာထမင်း စားပြီးကြသဖြင့် ဆေးလိပ်ကိုယ်စီ သောက်ရှူလျက် ရှိကြစဉ်

**ကျွန်တော်**။ ။'ဦးသာအောင် ကိစ္စအတွက် ဘာများ လုပ်ဦးမယ် ကြံသလဲ'

**ရှား**။ ။'အင်္ဂါနေ့က ဦးသာအောင်ဟာ ဘယ်က ဘယ်ကိုသွားတယ် ဆိုတာ ခရီးစဉ်ကို ကျုပ်သိအောင် လုပ်ရမယ်'

**ကျွန်တော်**။ ။'ဖြတ်ပိုင်းမှာ ပါတဲ့ ဘူတာ နာမည်က ဘာတဲ့လဲဗျ'

**ရှား**။ ။'မီးရထားအချိန်စာရင်း စာအုပ် တဆိတ်လောက် လှမ်းလိုက်စမ်းဗျာ၊ ဘူတာနာမည် အတိုကောက်ကတော့ (STGN) တဲ့၊ အဖိုးက သည်အဖိုးဟာ ဒဏ်ရိုက်တဲ့ အတွက် ပိုပေးရခြင်းဖြစ်တော့ အမှန်အတိုင်းဆိုလျှင် တစ်ဝက်ဖိုးသာ ရှိတယ်၊ တစ်ဝက်ဆိုလျှင် ဟုတ်စ၊ ဒိုက်ဦးကို ဘယ်လောက်ပေးရသလဲ'

**ကျွန်တော်**။ ။'တတိယတန်းကို ( ) ဗျ'

**ရှား**။ ။'ဒါဖြင့် ဒိုက်ဦးနှင့် ၁၀ မိုင်လောက် ဝေးတာပေါ့၊ မှန်းစမ်း ရှာစမ်းမယ်၊ ဩော် တန်တော့ တွေ့ပြီဗျို့၊ ဆတ်သေကုန်း ဘူတာဗျို့၊ ခေတ္တဘူတာကလေးပဲ၊ ကိုင်း သည်ကနေ့တော့ အချိန် မရှိဘူး၊ နက်ဖြန် ဆတ်သေကုန်း ကို လိုက်ဦးမလား ဗျို့'

**ကျွန်တော်**။ ။'လိုက်တာပေါ့ဗျာ'

နောက်တစ်နေ့၌ ကျွန်တော်တို့သည် လော်ကယ်ရထားနှင့် လိုက်ပါသွားကြ၍ ဆတ်သေကုန်းဘူတာသို့ ရောက်သောအခါ ကျွန်တော်တို့သည် မီးရထားမှ ဆင်းသက်ကြလေရာ အလွန်သေးငယ်သော ဘူတာသစ်ကလေး ဖြစ်သဖြင့် ခရီးသည်ဟူ၍ ကျွန်တော်တို့သာလျှင် ပါခဲ့လေ၏။ ကျွန်တော်တို့ဆင်းပြီးနောက် မီးရထားလည်း ထွက်သွားလေလျှင် မောင်စံရှားသည် ရုံပိုင်၏ အခန်းသို့သွား၍ လက်မှတ်ပေးအပ်ရင်း

**ရှား**။ ။'ရုံပိုင်ကြီး အလုပ်ကဖြင့် တယ်အေးပါတယ်ဗျာ၊ လခကို အချောင်လိုလို ရနေတာပဲ ထင်တယ်'

**ပိုင်**။ ။'မှန်ပါတယ် ခင်ဗျာ၊ ဒုတိယတန်းစီး ခရီးသည်ရယ်လို့တော့ တယ်ပြီးမရှိလှပါဘူး၊ ဘဲမွေးတဲ့ တရုတ်ကလေး ၄-၅-၁၀ ယောက်နှင့် ဆတ်သေကုန်းရွာက တစ်ခါတစ်ခါ ခရီးသည်ကလေးများပါ တက်တာပါပဲ၊ မျက်နှာစိမ်းရယ်လို့ တစ်လလောက်အတွင်း ခင်ဗျားတို့ နှစ်ယောက်ထဲ လာဖူးပါသေးတယ်'

**ရှား**။ ။'ရုံပိုင်ကြီး သတိမေ့တတ်တယ် ထင်တယ်၊ ဟိုတစ်နေ့က ကျုပ်မိတ်ဆွေ တစ်ယောက် သည်မှာ ဆင်းသွားတယ် မဟုတ်လား၊ လက်မှတ်ပျောက်သွားလို့ ဒဏ်ရိုက်ခံရတဲ့လူ ဟာလေ'

**ပိုင်**။ ။'ဩော် သိပြီ သိပြီ၊ ပါးမှာ အမာရွတ်နှင့် လူဟာ မဟုတ်လား၊ သည်လူက မျက်နှာစိမ်းမှ မဟုတ်ဘဲခင်ဗျာ၊ မကြာမကြာ လာနေကြလူပဲ၊ ယစ်မျိုးဘက်က မှတ်တယ်'

**ရှား**။ ။'ဟုတ်ပါတယ် ဟိုနေ့က သူဘယ်အချိန် ပြန်သွားသလဲဗျို့'

**ပိုင်**။ ။'မပြန်ပါဘူး ခင်ဗျာ၊ ကျွန်တော်တောင် ပြန်နေကြ ပြန်မလာလို့ အံ့ဩမိသေးတယ်'

ကျွန်တော်တို့သည် ဘူတာရုံမှ ထွက်လာကြပြီးနောက် ပတ်ဝန်းကျင်သို့ မျှော်ကြည့်ရာ မိုင်တစ်ဝက်ခန့် ခရီးတွင် တဲကုပ်ကလေး လေးငါးတဲကို မြင်သဖြင့် ၎င်းတို့ရှိရာသို့ လျှောက်လာခဲ့ကြလေ၏။

တဲများ၏ အနီး၌ ရေကန်ကြီးတစ်ခုထဲ၌ ဝမ်းဘဲတို့သည် ရေကူးလျက် ရှိကြလေရာ မောင်စံရှားသည် ခေတ္တမျှ ရပ်တန့်၍ ဝမ်းဘဲများကို ကြည့်ရှုလျက် ရှိစဉ် မော်တော် လော်ရီ တစ်စင်းသည် ဝမ်းဘဲများ အပြည့်တင်လျက် ကျွန်တော်တို့၏ အနီးမှ ဖြတ်၍မောင်းသွားလေ၏။ မောင်စံရှားသည် လော်ရီကို လှမ်းကြည့်ပြီးနောက် စိတ်ကျေနပ်သည့် လက္ခဏာနှင့် ဦးခေါင်းကို ဆတ်လိုက်သည်ဟု ကျွန်တော်ထင်မှတ် လိုက်ရလေ၏။

လော်ရီ မောင်းသွားပြီးနောက် မောင်စံရှားသည် ရေကန်ဘက်သို့ တစ်ဖန် လှည့်ကြည့်ပြီးလျှင် ရေကန်၏ အခြေအနေကို ကြည့်ရှုပြန်ရာ ၎င်းရေကန်မှာ အရပ်လေးမျက်နှာ တို့၌ ရွှံ့နွံတို့ဖြင့် ဝိုင်းရံလျက် ရှိသည်ဖြစ်သောကြောင့် တစ်ခုသော နေရာ၌ ရေများအလွယ်တကူ ခပ်ယူနိုင်ရန် ပျဉ်ပြားများကို တံတားပြုလုပ် တည်ခင်းထားသည်ကို တွေ့ရှိရလေ၏။ ရေကန်နံဘေးမှ လျှောက်သွားကြ၍ တံတားသို့ရောက်သောအခါ မောင်စံရှားသည် တံတား၏ အဆုံးသို့ရောက်အောင် လျှောက်ပြီးလျှင် အိတ်ထဲ၌ထဲ့၍ ယူခဲ့သော ပိုက်ကွန်ငယ်တစ်ခုကို လမ်းလျှောက်တုတ်ကောက်၏ အဖျား၌တပ်ဆင်ပြီးလျှင် ရွှံ့နွံများကို မွှေနှောက်လျက် ရှိလေ၏။ ရံဖန်ရံခါ ပိုက်ကိုနှစ်ပြီးနောက် ရံဖန်ရံခါ ထုတ်ဖော်၍ ကြည့်လျက်ရှိသည်။ တစ်ခုသော တဲငယ်မှ တံခါးသည် ရုတ်တရက်ပွင့်လာပြီးလျှင် တရုတ်တစ်ယောက်သည် ကျွန်တော်တို့ရှိရာသို့ မျှော်ကြည့်လေ၏။ ထိုအခြင်းအရာကို ကျွန်တော်သည် မောင်စံရှားအား ပြသော်လည်း မောင်စံရှားသည် ဂရုမမူသည့်လက္ခဏာနှင့် ဆက်လက်လုပ်ကိုင်လျက် ရှိနေခဲ့ရာ ယခင်က တရုတ်သည် တဲငယ်မှ ထွက်လာခဲ့၍ ကျွန်တော်တို့ ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့လေ၏။ မောင်စံရှားသည် ၎င်းတရုတ်အား တစ်ချက်မျှ စောင်းငဲ့ကာ ကြည့်ပြီးလျှင် ဆက်လက်မွှေနှောက်မြဲတိုင်း မွှေနှောက်လျက် ရှိလေ၏။ တရုတ်သည် အနီးသို့ရောက်သောအခါ ဒေါသကြီးစွာဖြင့် 'ခွီးမစွားတွေ ပါလာပြီး ရှုပ်နေသလဲ စွား' ဟု ငေါက်ငန်း၍ ပြောလိုက်သောအခါ မောင်စံရှားသည် ပိုက်ကွန်ကို ဖော်တော့မည် ပြုပြီးမှ တစ်ဖန်ပြန်၍ နှစ်ထားပြီးနောက်

**ရှား**။ ။'ဒေါသကြီးလှချေကလား ပေါက်ဖော်ကြီးရယ်၊ ဘာကြောင့်လဲဗျ'

**ရုတ်**။ ။'ဘာစကား များနေသလဲ စွား၊ တီဟာ ငါ့ရေကန်၊ ပယ်သူမှ မလာရဘူး စွား'

**ရှား**။ ။'ခင်ဗျားရေကန်ဖြင့် လူမဝင်စေချင်လျှင် ကာထားပါတော့လား'

**ရုတ်**။ ။'ငါ ကာကျင်ကာမယ်၊ မကာကျင် မကာဘူး၊ နင် ပါလုပ်တယ် ပြော'

**ရှား**။ ။'စိတ်မဆိုးပါနှင့် ပေါက်ဖော်၊ မှော် နဲနဲ ရချင်လို့ပါ'

**ရုတ်**။ ။'မှော် ပါမှော်၊ ငါ နားမလည်ဘူး၊ စွား ၊ နင် ပါရတယ် ပြစမ်း ၊ ငါ ကြည့်မယ်'

ထိုအခါ မောင်စံရှားသည် ကျွန်တော့်အား လှမ်း၍ ကြည့်လိုက်ရာ၊ ကျွန်တော်မှာ မောင်စံရှား၏ အကြံကို ရိပ်မိသည်ဖြစ်၍ တရုတ်ကြီးအား ကျွန်တော်၏ ဘက်သို့လှည့်စေခြင်းငှာ

**ကျွန်တော်**။ ။'ပေါက်ဖော်ကြီး၊ ဝမ်းဘဲ နှစ်ကောင်လောက် ရောင်းစရာ မရှိဘူးလား'

**ရုတ်**။ ။(ကျွန်တော်၏ ဘက်သို့ ရုတ်တရက် လှည့်၍) 'မရှိဘူး မရှိဘူး၊ မရောင်းဘူး၊ စွား စွား၊ နင်တို့အားလုံး စွား'

ဟု ငေါက်ငန်းပြောဆိုလျက် ရှိသည်အတွင်း မောင်စံရှားသည် ပိုက်ကွန်ထဲမှ တစ်စုံတစ်ခုကို လျင်မြန်စွာ ကောက်ယူ၍ အင်္ကျီအိတ်တွင်းသို့ ထည့်လိုက်လေ၏။ ၎င်းနောက်

**တရုတ်**။ ။'ကောင်းပီ နင်တို့ မစွားရင် ခွေးနှင့် ရှူးတိုက်မယ်' ဟုပြော၍ တဲဘက်သို့ပြေးသွားလေရာ ကျွန်တော်တို့မှာ ရေကန်မှ ခပ်သုတ်သုတ် ထွက်လာခဲ့ကြရလေ၏။ လမ်းခရီး၌

**ကျွန်တော်**။ ။'ပိုက်ကွန်ထဲက ခင်ဗျားကောက်ယူလိုက်တာ ဘာလဲဗျို့' ဟု မေးသောအခါ မောင်စံရှားသည် အင်္ကျီအိတ်တွင်းသို့ လက်ဖြင့်နှိုက်ယူ၍ တစ်စုံတစ်ခုကို ကျွန်တော်အားပြသလေရာ ၎င်းမှာ ကြက်ပေါင်ဖြင့်တွဲဖက်၍ ထားသော သွားလေးချောင်း ဖြစ်သည်ကို တွေ့ရှိရသဖြင့် အံ့သြမိလေ၏။

**ကျွန်တော်**။ ။'ဘယ်မှာလဲဗျို့၊ ဦးသာအောင်ရဲ့ သွားတွေမှတ်တယ်'

**ရှား**။ ။'အစစ်ပေါ့'

**ကျွန်တော်**။ ။'သည်နေရာမှာ သည်သွားတွေ ကျန်ရစ်ကြောင်းကို ခင်ဗျား ဘယ့်နှယ်ရိပ်မိသလဲ'

**ရှား**။ ။'မျက်စိကို ခပ်ကျယ်ကျယ် ဖွင့်ကြည့်တဲ့လူဟာ သူများထက်ပိုပြီး မြင်တာပေါ့ဗျ၊ ဟောသည်က တိုင်ယာကြောင်းကို ကြည့်စမ်း' ဟု ပြော၍ တုတ်ကောက်နှင့် ထောက်ပြရာ ၎င်းမှာ ဦးသာအောင်သေသော ရေကန်အနီး၌ တွေ့ခဲ့ရသော တိုင်ယာကြောင်းကဲ့သို့ သံချွန်ရာတစ်ခု၊ ခဲလုံးရာ တစ်ခု စူးဝင်လျက် ရှိသည်ကို တွေ့မြင်ရလေရာ ၎င်းကို တိုင်းထွာ၍ ကြည့်သောအခါ၌လည်း တုတ်ကောက်တစ်ပြန် ဝေးကွာသည်ကို တွေ့ကြရလေ၏။

**ကျွန်တော်**။ ။'ခုတင်က မောင်းပြီး သွားတဲ့ လော်ရီက တိုင်ယာကြောင်းပဲ ဗျို့'

**ရှား**။ ။'အစစ်ပေါ့ဗျာ၊ ကျုပ်က မောင်းသွားတာ မြင်လိုက်ကတည်းက သံချွန်နဲ့ ခဲလုံးစူးဝင်နေတာကို မြင်လိုက်ပြီးသားပဲ ၊ ဒါထက် ခင်ဗျား ခုတင်က မေးတဲ့ မေးခွန်းကို ကျုပ်ဖြေရဦးမယ်၊ သည်လိုဗျ၊ ဦးသာအောင်ရဲ့ အလောင်းတွေ့စဉ် အစာအိမ်ထဲက ရတဲ့ရေတစ်ပုလင်းကို ကျုပ်တို့ ကြည့်စဉ်က ရေထဲမှာ ဘာများ ခင်ဗျား တွေ့လိုက်သလဲ'

**ကျွန်တော်**။ ။'မှော်ဖတ်ကလေးတွေ တွေ့လိုက်တယ်'

**ရှား**။ ။'ဘယ်လိုမှော်မျိုးလဲ ဗျ'

**ကျွန်တော်**။ ။'အမျိုးအမည်တော့ ကျွန်တော် မပြောတတ်ဘူးဗျာ'

**ရှား**။ ။'ခင်ဗျားတို့အညာမှာတော့ ခရမ်းမှော် ခေါ်တဲ့ မှော်ကလေးမျိုးကို ဗျ၊ ခရမ်းစေ့ကလေးတွေနှင့် ခပ်ဆင်ဆင် တူတာပဲ၊ ဒါနှင့် အလောင်းတွေ့တဲ့ ရေကန်ကို ရောက်လို့ ကျုပ်တို့ ကြည့်ပြန်တော့ ရေကန်မှာ မှော်တွေတော့ ရှိပါရဲ့၊ သို့ပေမဲ့ ခရမ်းမှော် မဟုတ်ဘူးဗျ၊ မှော်ကြီးတွေသာ ရှိတယ်၊ ပြီးတော့ တစ်ချက်ကလဲ အလောင်းရဲ့ လက်ထဲမှာ ဗေဒါပင်ကလေး တစ်ပင်ကို ဆုပ်ပြီး ကိုင်ထားတာ ခင်ဗျား တွေ့လိုက်တယ် မဟုတ်ဘူးလား၊ အလောင်းတွေ့တဲ့ ရေကန်ထဲမှာ ဗေဒါပင်များ ခင်ဗျား မြင်မိရဲ့လား'

**ကျွန်တော်။** ။'မမြင်မိဘူးဗျို့'

**ရှား။** ။'တစ်ပင်မှ မရှိဘူးဗျ၊ သည်တော့ ဘာထင်ရှားသတဲ့လဲ၊ ဦးသာအောင်ဟာ ရေနစ်လို့ သေတာတော့ မှန်ပါရဲ့၊ နို့ပေမဲ့ ဟိုကန်မှာ နစ်ပြီး သေတာ မဟုတ်ဘူး၊ တစ်ကန်မှာ ကိုယ့်ကိုယ်ကို နစ်သတ်ပြီးမှ အခြားတစ်ကန်သို့ ရွှေ့ပြောင်းနိုင်ဖို့လည်း မရှိဘူး၊ သည်တော့ တစ်ယောက်ယောက်က သတ်ပြီး ရွှေ့ပြောင်းထားတာ ဖြစ်ရမယ် မဟုတ်လားဗျာ၊ ပြီးတော့ တစ်ခါ မီးရထားဘက်က ပြေစာဖြတ်ပိုင်းကို ကြည့်ပြန်တော့ ဟိုနေ့က သူသွားရာ အရပ်ကို သိရပြန်တယ် မဟုတ်ဘူးလားဗျ'

**ကျွန်တော်။** ။'ဟုတ်ပါပေ့ဗျာ၊ သို့သော် လက်မောင်းဒဏ်ရာက ဘယ့်နှယ်လဲဗျာ'

**ရှား။** ။'လက်ပြန်ကြိုးချည်ပြီး ရေထဲချလို့ ကြိုးပွန်းတဲ့ ဒဏ်ရာနှင့် တူတယ်'

**ကျွန်တော်။** ။'ဟုတ်ပြီဗျို့၊ သို့သော် သည်နေရာမှာ သတ်ပြီး ဘယ့်နှယ်ကြောင့် ဟိုနေရာ ပြောင်းထားရသလဲဗျ'

**ရှား။** ။'သတ်တဲ့လူများဟာ ရေကန်အနီးမှာ နေလေတော့ ကိုယ့်အိမ်နားမှာ ကိုယ်သတ်တဲ့အလောင်းကြီး ရှိနေလျှင် ရိပ်မိမှာ စိုးလေတော့ ရွှေ့ထားလိုက်တာပေါ့ဗျာ'

**ကျွန်တော်။** ။'တန်တော့ဗျို့၊ ခုတင်က ဝမ်းဘဲတင်တဲ့ လော်ရီနှင့် အလောင်းကို တင်ယူသွားပြီး ဟိုက ရေကန်မှာ ပစ်ချထားခဲ့ဟန် တူတယ်'

**ရှား။** ။'အစစ်ပေါ့ဗျာ'

**ကျွန်တော်။** ။'ဒါဖြင့် သတ်တဲ့လူဟာ ခုတင်က ပေါက်ဖော်ကြီးများပေါ့'

**ရှား။** ။'သူတို့ လူစု ဖြစ်ရမယ်'

**ကျွန်တော်။** ။'ဘယ်အတွက် သတ်သလဲဗျာ'

**ရှား။** ။'ဦးသာအောင်ကလဲ ယစ်မျိုးအရာရှိ၊ တရုတ်ဆိုတဲ့ လူမျိုးကလဲ ယစ်မျိုးမပါဘဲ ကုန်ကူးတတ်တဲ့လူမျိုး မဟုတ်၊ ခေါက်ဆွဲဆိုင်ကလေး ဖွင့်ရင်လဲ အရက်ခန်းနှင့် ဘိန်းခန်းနှင့်၊ ဘာလုပ်လုပ် ဘိန်းတင်းကဖော် လှော်ဇာ အရက် မပါဘဲ လူတတ်တဲ့ လူစု မဟုတ်ဘူး၊ သည်တော့ ဦးသာအောင်က မကြာမကြာလာပြီး မွှေနှောက်စုံထောက်၊ သည်တော့ ရန်သူဖြစ်လာကြတာ ပေါ့ဗျာ၊ ဒါနှင့် ဒီလူသေရင် တစ်ပြည်အေးတယ် ဆိုပြီး သုတ်သင်လိုက်ကြဟန် တူတယ်၊ ကိုအုန်းဖေတို့ကို သတင်းပေးလိုက်မှ တော်မယ်ဗျို့'

ကျွန်တော်တို့သည် ရန်ကုန်မြို့သို့ ပြန်ရောက်ကြသောအခါ မောင်စံရှားသည် အစိုးရစုံထောက် အင်စပိတ်တော် ကိုအုန်းဖေအား စုံလင်စွာ သတင်းပေးလိုက်ရာ ကိုအုန်းဖေသည် ပုလိပ်အရာရှိများနှင့် သွားရောက်ဖမ်းဆီးသည်တွင် မြေတွင်မြှုပ်ထားသော ဘိန်း တိုလာချိန် ၁၀၀၀ ခန့်ကို တွေ့ရှိသည့်ပြင် တရုတ်များကို ဖမ်းဆီးသည့်အခါ တစ်ယောက်သော တရုတ်အား လွတ်စေမည်ဟု အာမခံ၍ ချော့မော့မေးမြန်းရာ ဦးသာအောင်ကို သတ်ကြောင်း ဖြောင့်ချက်ပေးသဖြင့် ကျန်တရုတ်တို့မှာ မောင်စံရှား၏ သက်သေခံချက်အရ အပြစ်ဒဏ် ရရှိကြလေသတည်း။

## ပြီးပါပြီ။

× × × × × ×

# ၁၄။ စိန်လုယက်မှု၌ စုံထောက်ပုံ

ကျွန်တော်သည် စုံထောက်မောင်စံရှား အကြောင်းကို ၁၉၁၇ခုနှစ်ကစ၍ သူရိယ မဂ္ဂဇင်းတွင် ရေးသားခဲ့ရာ ထိုစဉ်အခါကမူကား မောင်စံရှားမှာ လူသိမများသေးသည် ဖြစ်၍ လမ်း၄၀ရှိ တိုက်ခန်းတစ်ခန်းကို ကျွန်တော်တို့ နှစ်ဦး အတူတကွ ငှားရမ်းနေထိုင်ကာမျှနှင့်ပင် လုံလောက်ခဲ့လေ၏။ သို့ရာတွင် ယခုအခါ၌ မူကား နှစ်ပရိစ္ဆေဒ ရှည်ကြာလှသည်လည်း တစ်ကြောင်း၊ ၎င်း၏ စုံထောက်မှုများကို ကျွန်တော်ကိုယ်တိုင်ရေးသား၍ အရပ်ရပ် မဂ္ဂဇင်း များတွင် ထည့်သွင်း ဖော်ပြခဲ့သည့်အတွက် ၎င်း၏အမည်ကို ကျွန်တော်က အခမဲ့ ကြော်ငြာ၍ ပေးဘိသကဲ့သို့ ရှိသည် တစ်ကြောင်းကြောင့် ၎င်း၏ထံသို့ အမှုသည် မြောက်မြားစွာ လာရောက်ကြသည်ဖြစ်၍ ပန်းဆိုးတန်းလမ်း၌ တိုက်ခန်းကြီး တစ်ခန်းငှားရမ်းပြီးလျှင် အလုပ်တိုက်ဟူ၍ သီးသန့် ဖွင့်လှစ်ထားရလေ၏။ သို့ရာတွင် လမ်း၄၀ရှိတိုက်ခန်းကို မောင်စံရှားသည် မိမိမူလကြီးပွားရာ နေရာကလေးဖြစ်သည်ဟု အစွဲအလမ်းရှိသည်နှင့် ၎င်းအခန်းကို မစွန့်လွှတ်ဘဲ နေအိမ်အဖြစ်နှင့် အသုံးပြုလျက်ရှိခဲ့လေသည်။

ယင်းကဲ့သို့ အလုပ်များ၍ လာခဲ့သည့်အလျောက် မောင်စံရှားသည် စာပေးစာယူအတွက်လည်းကောင်း၊ ကိစ္စအသေးအဖွဲ အတွက်လည်းကောင်း၊ ထိုထိုဤဤ စေလွှတ်ရန် အတွက်လည်းကောင်း၊ မိန်းမစာရေးကလေး တစ်ယောက်ကို လခပေး၍ ငှားရမ်း၍ ထားခဲ့လေ၏။ ယင်းကဲ့သို့ မိန်းကလေးကို စာရေးလုပ်ငန်း၌ ခန့်ထားခြင်းမှာ မိန်းကလေးတို့မည်သည် အလုပ်အကိုင်ကို လုပ်ကိုင်တတ်သည့်အပြင် စုံထောက်မှုနှင့် ပတ်သက်သော အချို့နေရာတို့၌လည်း ယောကျ်ားကလေး များထက် အသုံးဝင်လှသည် ဖြစ်သောကြောင့် ခန့်ထား ငှားရမ်းခဲ့ခြင်းဖြစ်လေသည်။

၎င်းစာရေးမကလေးမှာ အသက် ၂၃နှစ်ခန့်ရှိ၍ အင်္ဂလိပ်စာ ၇တန်းမျှအောင်မြင်ခဲ့ရာ အမည်မှာ မသန်းမြင့်ဖြစ်လေသည်။ ၎င်းမသန်းမြင့်သည် ဖြူဖြူစင်စင် သေးသေးသွယ်သွယ်နှင့် ချစ်ခင်ဖွယ် ရုပ်အဆင်းကိုဆောင်လျက် သွက်လက် ဖျတ်လတ်သော ကိုယ်ဟန်အမူအရာလည်းရှိလေရကား ကျွန်တော်၏မိတ်ဆွေ မောင်စံရှားနှင့် အမှုများကို တွဲဖက် စုံထောက် နေကြဖြစ်သော အင်စပိတ်တော် မောင်အုန်းဖေသည် ၎င်းအား မေတ္တာသက်ဝင် ချစ်ခင်စုံမက်ဟန် လက္ခဏာရှိ၍ အမှုနှင့် ပတ်သက်သည် ဖြစ်စေ၊ မပတ်သက်သည် ဖြစ်စေ မောင်စံရှား၏ အလုပ်ခန်းသို့ ရှေးကထက် အကြိမ်ပေါင်းများစွာ လာရောက်လည်ပတ်လေ့ရှိခဲ့၏။

တစ်နေ့သ၌ ကျွန်တော်သည် အလုပ်အားလပ်သည်ဖြစ်၍ မောင်စံရှား၏ အလုပ်ခန်းသို့ သွားရောက် လည်ပတ်ပြီးလျှင် စားပွဲထိုင်ကာ ထွေရာလေးပါး စကားတို့ကို ရယ်မောပြောဆိုကာ ရှိနေကြစဉ် စာရေးမသန်းမြင့်သည် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ပြီးသော စာများကို မောင်စံရှား လက်မှတ်ထိုးရန် ယူဆောင်၍ အခန်းတွင်းသို့ ဝင်လာခဲ့လေ၏။ မောင်စံရှားသည် စာများကို လက်မှတ်ထိုးပြီးနောက် မသန်းမြင့်သည် ၎င်းတို့ကို ယူဆောင်၍ ထွက်သွားလေလျှင်

**ကျွန်တော်။** ။ ‘ကိုအုန်းဖေ စွဲရင်လဲ စွဲလောက်ပါပေတယ်ဗျာ၊ တကယ့်ကို သနားကမားရှိတဲ့ ရုပ်ကလေးပါပေပဲ’

**ရှား။** ။ ‘ခင်ဗျားတို့က ရုပ်လောက်သာကြည့်တတ်တဲ့ လူတွေကိုးဗျ’

**ကျွန်တော်။** ။ ‘ရုပ်ကို မကြည့်လို့ ဘာကိုကြည့်ရဦးမှာလဲ ဆရာကြီးရယ်’

**ရှား။** ။ ‘မျက်လုံးကို ကြည့်စမ်းဗျ၊ သည်လိုမျက်လုံးမျိုး၊ ခင်ဗျားမြင်ဖူးရဲ့လား’

**ကျွန်တော်။** ။ ‘ပါးရည်နပ်ရည်တော့ ရှိပုံရပါတယ်ဗျာ’

**ရှား။** ။ ‘ပါးရုံနပ်ရုံဘယ်ကမလဲဗျာ၊ ဉာဏ်ပညာလဲ ထက်မြက်တယ်၊ သတ္တိကလေးလဲ ရှိတယ်၊ တစ်စုံတစ်ခုကို ကြံစည်တော့မယ်ဆိုရင် မဖြစ်မြောက်မချင်း ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စကားလို စွဲစွဲမြဲမြဲ ကြံတတ်တဲ့ သဘောလဲရှိတယ်’

**ကျွန်တော်။** ။ ‘သူ့မိဘက ဘယ်သူလဲဗျ’

**ရှား။** ။ ‘အခုတော့မိဘမရှိဘူးလို့ပြောတယ်’

ထိုခဏ၌ မောင်စံရှား၏ အလုပ်ခန်းတံခါးသည် ပွင့်လာ၍ အင်စပိတ်တော် မောင်အုန်းဖေသည် အခန်းတွင်းသို့ ဝင်လာရာ

**ကျွန်တော်**။ ။ 'ဟော ပြောရင်းဆိုရင်း ပေါက်လာပြီ'

**ဖေ**။ ။ 'ဘာတွေများပြောနေကြသလဲဗျာ၊ ကျွန်တော့် အကြောင်းများလား'

**ကျွန်တော်**။ ။ 'ခင်ဗျားအကြောင်းရယ်လို့ မဟုတ်ပါဘူးဗျာ' ဟုပြောပြီးနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် ရယ်မောကြလေလျှင် မောင်အုန်းဖေလဲ ရောယောင်ကာ ရယ်မောရသော်လည်း မရွှင်ပြသော မျက်နှာထားနှင့်တွေဝေ စဉ်းစားကာ ရှိနေလေ၏။

**ရှား**။ ။ 'ဘာလဲဗျ ကိုအုန်းဖေရဲ့၊ ဘာများဖြစ်လာပြန်လို့လဲ'

**ဖေ**။ ။ 'သည်လိုပါဆရာ၊ မဂိုလမ်းက ကုလားစိန်တိုက်တွေကို ဟိုတလောက ခဏခဏ ဖောက်ထွင်းပြီး စိန်တွေခိုးသွားတယ်ဆိုတာ ဆရာတို့ကြားလိုက်ရဲ့ မဟုတ်လား'

**ရှား**။ ။ 'ဟုတ်ကဲ့၊ ကြားလိုက်ပါတယ်ဗျာ'

**ဖေ**။ ။ 'အဲဒီအမှုတွေက ယခုထက်ထိ လက်သည်မပေါ်သေးလို့ စုံထောက်မင်းကြီးက ဒီအမှုအတွက် ကျွန်တော့်ကို သက်သက်လွှဲအပ်ပြီးပေးလိုက်ပါတယ် ဆရာခင်ဗျာ'

**ရှား**။ ။ 'ဒါနဲ့များ သည်လောက်မှိုင်နေရလားဗျာ၊ သည်လောက်ခဲယဉ်းမယ့် အမှု မဟုတ်ပါဘူး၊ စိန်တွေခိုးပြီး ဒင်းတို့ ဘယ်လွှင့်ပစ်နိုင်မှာလဲဗျာ၊ ခြေရာခံလို့ အလွယ်သားပေါ့'

**ဖေ**။ ။ 'သည်လို ဆရာရဲ့၊ သူတို့က တော်တော် လူစုလူဝေးကောင်းတယ်၊ မြန်မာပြည်ထဲမှာတောင် ကမယ်မထင်ဘူး၊ အိန္ဒိယပြည်၊ ပြင်သစ်ပြည်ထဲမှာတောင် သူတို့လူတွေရှိဟန်တူတယ်၊ သည်တော့သူတို့က သည်ပြည်က ခိုးပြီး သည်မှာတွင် မရောင်းဘဲ တခြားပြည်ကို တင်ပို့လိုက်ဟန်တူတယ်၊ ဒါကြောင့် သည်လောက်ကြာအောင် ကျွန်တော်တို့ ခြေရာခံလို့ မတွေ့နိုင်တာပေါ့ ဆရာ'

**ရှား**။ ။ 'သြော် ခင်ဗျားတစ်ခါပြောဖူးတဲ့ လူမျိုးပေါင်းစုံပါတယ်ဆိုတဲ့ အသင်းကြီးဟာလား'

**ဖေ**။ ။ 'အစစ်ပဲ ဆရာ၊ သူတို့အထဲမှာ တရုတ်ပါတယ်၊ ကုလားပါတယ်၊ မြန်မာပါတယ်၊ ဘိုကပြားမတောင် ပါတယ်လို့ ကြားတယ် ဆရာ'

**ရှား**။ ။ 'ခေါင်းဆောင်က ဘယ်သူလဲဗျ သိရဲ့လား'

**ဖေ**။ ။ 'ခေါင်းဆောင်ကတော့ ရဟူဒီလူမျိုး ဒေးဗစ်တဲ့ ဆရာ'

ထိုအခါ မောင်စံရှားသည် ထိုင်ရာမှထ၍ ကြွက်လျှောက်ပေါ်၌ တင်ထားသော စာအုပ်ကြီးတစ်အုပ်ကို လှမ်းယူပြီးလျှင် လှန်လှော ရှာဖွေလေ၏။ ၎င်းစာအုပ်ကြီးသည်ကား မောင်စံရှားသည် စုံထောက်အလုပ်ကို စတင်လုပ်ကိုင်ခဲ့သည်မှစ၍ နာမည်ကျော် လူဆိုးတို့၏ အမည်များ၊ ၎င်းတို့၏ အတ္ထုပ္ပတ္တိများမှစ၍ အထူးတလည် ဆန်းကြယ်သော သတင်းများကို သတင်းစာ၊ မဂ္ဂဇင်းတို့မှ ကိုက်ညှပ်ကပ်ထားခြင်းဖြင့် လည်းကောင်း၊ လက်ဖြင့်ရေးသားခြင်းဖြင့် လည်းကောင်း၊ ဆည်းပူးသိမ်း၍ ထားခဲ့သော စာအုပ်ကြီးဖြစ်လေ၏။ မောင်စံရှားသည် စာအုပ်၏ တစ်ခုသော မျက်နှာကို လှန်ပြီးနောက် မိမိရှာဖွေသော အရာကို တွေ့ရှိသည့်လက္ခဏာ နှင့် စာအုပ်ကို စားပွဲပေါ်၌ ခင်း၍ အောက်ပါအတိုင်းဖတ်ပြလေ၏။

**'အဆီဒိုဒေးဗစ်သည် ခရစ်သက္ကရာဇ် ၁၈၈၅ခုနှစ်တွင် မဒရပ်မြို့၌ ဖွားမြင်သည်။ မြန်မာပြည်သို့ ၁၉၁၀ခုနှစ် ဇွန်လ ၅ရက်နေ့က ဆိုက်ရောက်သည်။ ဘာသာစကား အမျိုးမျိုးတတ်သည်။ အရပ်ပုပု၊ ထုကောင်းကောင်း၊ နှုတ်ခမ်းမွေးနီနီ၊ လက်တံရှည်၍ မျောက်နှင့်တူသည်။ ကျောက်ကုန်ကူးသည်ဟု အများက သိကြသည်။ ၁၉၁၁ခုနှစ်က လိမ်လည်မှုနှင့် တစ်ကြိမ်၊ ၁၉၁၅ခုနှစ်က ပန်းဆိုးတန်း ဓါးပြမှုကြီးတွင်ပါဝင်သည်ဟု သင်္ကာ**

**မကင်းသောကြောင့် တစ်ကြိမ်၊ မန္တလေး စာပို့မီးရထားကြီးကို မှောက်အောင်ကြံစည်ရာ၌ ပါဝင်သည်ဟု တစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် ဖမ်းဆီးခြင်းခံရဖူးသည်။ သို့ရာတွင် မည်သည့်အမှု၌မျှ ပြစ်မှုမထင်ရှားသဖြင့် လွှတ်၍ ပစ်လိုက်ရသည်။ ၄င်းနှင့် တစ်ကြိမ် နှစ်ကြိမ်တွေ့ဖူးရာ စွမ်းရည်သတ္တိနှင့် ပြည့်စုံ၍ ဉာဏ်သွားသော သူတစ်ယောက်ဖြစ်သည်ဟု ထင်မြင်သည်။'**

အထက်ပါ အကြောင်းအရာတို့ကို မောင်စံရှားက ဖတ်၍ ပြသောအခါ

**ဖေ။** ။ 'စုံလင်ပါပေတယ်ခင်ဗျာ၊ ကျွန်တော်တို့မှာရှိတဲ့ မှတ်တမ်းထက်တောင် ဆရာ့ဟာက စုံပါသေးတယ်၊ ကျွန်တော်တို့က ဓါတ်ပုံ ရှိတာလေးတစ်ခုလောက်ပဲ သာတော့တယ်' ဟုပြော၍ အင်္ကျီအိတ်မှ ဓါတ်ပုံကို ထုတ်၍ ပြသဖြင့် ကျွန်တော်တို့သည် ဒေးဗစ်၏ ဓါတ်ပုံကို ကြည့်ရှုလျက်ရှိစဉ် မသန်းမြင့်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

မသန်းမြင့်သည် ကျွန်တော်တို့ကြည့်နေသော ဓါတ်ပုံကို စောင်းငဲ့ကာ ကြည့်လိုက်သဖြင့် မြင်ရသည်နှင့်တပြိုင်နက် မျက်နှာပျက်၍ သွားလေရာ မောင်စံရှားသည် ထိုအခြင်းအရာကိုမြင်သည်နှင့်

**ရှား။** ။ 'ဘာဖြစ်လို့လဲ မသန်းမြင့်၊ သည်လူကိုသိလို့လား'

မြင့်။ ။ 'မဟုတ်ပါဘူးရှင်၊ သူ့မျက်နှာကြီးက ကြောက်စရာကောင်းလွန်းလို့လန့်သွားတာပါ'

၄င်းနောက် မသန်းမြင့်သည် မောင်စံရှားအား ပြောရန် စကားတစ်ခွန်း နှစ်ခွန်းကို ပြောပြီးနောက် အခန်းပြင်သို့ထွက်သွားလေ၏။ ၄င်းထွက်သွားလျှင်

**ကျွန်တော်။** ။ 'မိန်းကလေးမျက်နှာကြည့်ရတာ ဘာလိုလိုရှိတယ်ဗျ'

**ဖေ။** ။ 'မဟုတ်တရုတ် ဆရာရယ်၊ အင်မတန်ရိုးသားတဲ့ မိန်းကလေးပါဆရာ'

**ရှား။** ။ 'ရိုးသားတဲ့လူကော အကြံမရှိဘူးလားဗျာ။ သူ့အကြံဟာ မကောင်းဘူး၊ ကောင်းတယ်လို့မှ ကျုပ်က မပြောသေးဘဲ'

ထိုခဏ၌ တယ်လီဖုန်းမှ နှိုးစက်ပေးသဖြင့် မောင်စံရှားသည် နားကြပ်ကို ကောက်ယူ နားထောင်ပြီးလျှင် 'ရော့ ကိုအုန်းဖေ၊ ခင်ဗျားနှင့် စကားပြောချင်လို့တဲ့' ဟုပြော၍ မောင်အုန်းဖေအား ပေးအပ်လိုက်လေ၏။

ကျွန်တော်တို့သည် မောင်အုန်းဖေ စကားပြောလျက်ရှိသည်ကို ကြည့်ရှုနားထောင်လျက်ရှိကြရာ မောင်အုန်းဖေသည် နားကြပ်ကို နားနှင့်ကပ်လျက် အတန်ကြာကြီး နားထောင်ပြီးနောက် မျက်နှာများ ပျက်သွားပြီးနောက် ကောင်းပါပြီ၊ ကောင်းပါပြီ ဟု ပြောပြီးလျှင် နားကြပ်ကို ချထားလိုက်လေ၏။ ၄င်းနောက်

**ဖေ။** ။ 'ကိုင်း ဆရာရေ၊ ပြောရင်းဆိုရင် အမှုရောက်ကုန်ပြန်ပကော ဆရာ၊ မဂိုလမ်းက စိန်ဘာဘူတစ်ယောက်က သူ့တပည့်တစ်ယောက်ကို စိန်တွေနှင့်လွှတ်လိုက်တာ မပေါ်လာဘူးတဲ့ ဆရာရေ၊ သည်အမှုဟာလဲ စိန်အမှုနဲ့ ပတ်သက်လေတော့ ဒေးဗစ်တို့ လက်ချက်ပဲ ဖြစ်တန်ကောင်းရဲ့ဆိုပြီး ကျွန်တော့်ကိုပဲ လွှဲလိုက်သတဲ့၊ ကိုင်း လာပါ၊ ဆရာပြောသလို ပူပူနွေးနွေးလိုက်စမ်းကြရအောင်'

ကျွန်တော်တို့သည် ကားတစ်စီးနှင့် ထွက်သွားကြ၍ မဂိုလမ်းရှိ စိန်ဘာဘူတိုက်သို့ ရောက်သောအခါ မေးမြန်းစုံစမ်းသဖြင့် သိရှိကြရသည်မှာ မင်တိုမင်ရှင်ဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသော ဘိုမတစ်ယောက် စိန်တိုက်သို့လာ၍ စိန်လက်စွပ်များ၊ စိန်နားသန်သီးများမှ စ၍ အဖိုးထိုက်တန်သော လက်ဝတ်လက်စားများကို ဝယ်ခြမ်းလိုသည်ဖြစ်၍ မိမိတည်းခိုရာ ဟိုတယ်သို့ လက်ဝတ်လက်စား အမျိုးမျိုးကို လာရောက်ပြသရန် ပြောဆိုကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းမှာ ဘိုမတို့ပြုနေကြနည်း ဖြစ်၍ စိန်ဘာဘူသည် ယုံကြည်စိတ်ချရသော မိမိ၏စာရေး အီစမန်အင်ကို စိန်လက်စွပ် အမျိုးမျိုး၊ နားသန်သီး အမျိုးမျိုး၊

စိန်လက်ကောက် အမျိုးမျိုးတို့နှင့် ၄င်းဟိုတယ်သို့ စေလွှတ်လိုက်ကြောင်း၊ အီစမန်အင်သည် အဆိုပါပစ္စည်းများကို လက်ဆွဲသားရေအိတ်တွင် ထည့်ပြီးလျှင် တက္ကစီတစ်စီးနှင့် သွားရောက်ကြောင်း။

၄င်းထွက်သွားသောအခါ ၁၁နာရီခန့်မျှသာရှိသေးသည် ဖြစ်ရာ အကြာဆုံးအားဖြင့် နာရီပြန် ၁ချက်ခန့်တွင် ပြန်၍ ရောက်သင့်ကြောင်း၊ ၂နာရီထိုးအောင် စောင့်ဆိုင်းပါသော်လည်း အီစမန်အင် ပြန်၍ မရောက်လာသောအခါ စိန်ဘာဘူသည် စိုးရိမ်မကင်းရှိသည်ဖြစ်၍ ဟိုတယ်သို့တယ်လီဖုန်းဆက်၍ မေးမြန်းကြောင်း၊ ထိုအခါ မန်နေဂျာလုပ်သူက အီစမန်အင်ဆိုသူမှာ တစ်နာရီထိုးလောက်ကပင် ပြန်သွားပြီ ဖြစ်ကြောင်း၊ ဘိုမ၏အခန်းမှဆင်းလာသောအခါ အီစမန်အင်သည် မန်နေဂျာကိုပင် စိန်များပြသ၍ ဝယ်ယူရန် တိုက်တွန်းသေးကြောင်း၊ ဘိုမကိုလည်း စိန်ထည် တစ်စုံတစ်ရာမျှမရောင်းခဲ့ရ၍ ညည်းညူ၍ သွားကြောင်းများနှင့် ပြောဆိုကြောင်း၊ ထိုအခါမှ စိန်ဘာဘူက ဌာနာသို့ တိုင်ကြားခြင်း ဖြစ်ကြောင်းများနှင့် သိရှိရလေသည်။

ထိုအခါ မောင်စံရှားသည် စိန်ဘာဘူအား အီစမန်အင်ဆိုသူ၏ ဓာတ်ပုံကို ရအောင်ရှာစေ၍ ထိုနေ့က ၄င်းဝတ်ဆင်သွားသော အဝတ်အစားများ အကြောင်းကိုလည်း မေးမြန်းပြီးလျှင် မင်တိုမင်ရှင်ဟိုတယ်သို့ သွားရောက်ကြလေ၏။

မန်နေဂျာနှင့်တွေ့သောအခါ မောင်စံရှားသည် ဘိုမ၏အကြောင်းကိုမေးမြန်းကြည့်ရှုရာ ၄င်းဘိုမမှာ မကြာသေးမီက အိန္ဒိယပြည်မှ ဆိုက်ရောက်လာကြောင်း၊ စိန်၊ ရွှေ အမြောက်အမြား ဝတ်ဆင်လျက် အစေခံတို့ကို 'ဘောက်ဆူး' ပေးကမ်းသော အရာဌာနၥ် အလွန်တရာ ရက်ရောလှသည် ဖြစ်သောကြောင့်၊ ဥစ္စာဓနေ ခိုင်လုံသူ တစ်ဦးတစ်ယောက်၏ သားမယား ဖြစ်မည်ထင်ကြောင်း၊ အမည်မှာ မစ္စဒေါ်ဆင် ဖြစ်ကြောင်းနှင့် ပြောဆိုလေသည်။

ထိုအခါ မောင်စံရှားက ထိုဘိုမကို တွေ့လိုပါကြောင်းပြောဆိုသောအခါ ပထမ၌ အနှောင့်အယှက် အကန့်အကွက်တို့နှင့် တွေ့ကြုံရသော်လည်း နောက်ဆုံး၌တွေ့ဆုံခွင့် ရခဲ့လေ၏။ ၄င်းဘိုမမှာ အသက် သုံးဆယ် အရွယ်ခန့်ရှိ၍ လှပပြေပြစ်သော ရုပ်အဆင်းနှင့် ခန့်ထည်သော အမူအရာလည်း ရှိသည့်အပြင် ဖြူစင်သော အရေအသားလည်း ရှိလေရကား ဘိလပ်သူအစစ် ဖြစ်သည်ဟု ခန့်မှန်းကြရလေ၏။

မောင်စံရှားသည် ကျွန်တော်တို့လာရောက်သည့် ကိစ္စကို ပြော၍ပြသောအခါ ဘိုမသည် မိမိအား အကြောင်းမဲ့ လာရောက်နှောင့်ယှက်ဘိသကဲ့သို့ မောင်စံရှား၏မေးခွန်းများကို စိတ်တိုသော အမူအရာနှင့် မဖြေချင့်ဖြေချင် ဖြေဆိုလေ၏။ သို့ဖြစ်သောကြောင့် မန်နေဂျာထံမှ ကြားသိရသည်ထက် ဘိုမထံမှ သတင်းထူး ပိုမို၍ မကြားသိရချေ။

နောက်ဆုံး၌ ကျွန်တော်တို့သည် ဘိုမ၏အခန်းမှ အောက်ထပ်သို့ ဆင်းလာခဲ့၍ အပေါက်စောင့် ဒရဝမ်ကုလားအား မေးမြန်းကြပြန်ရာ ဒရဝမ်က အီစမန်အင်ဆိုသူသည် ဟိုတယ်မှ ဆင်းသွားပြီးလျှင် တက္ကစီ တစ်စင်းပေါ်သို့ တက်သွား၍ ဒရိုင်ဘာအား မဂိုလမ်းသို့ မောင်းနှင်ရန်ပြောဆိုသည်ကို ကြားလိုက်ရကြောင်း။ တက္ကစီနံပါတ်မှာ အာရ် ၄၈၉၂ ဖြစ်ကြောင်းနှင့် ပြောဆိုလေသည်။

ထိုအခါ ကျွန်တော်တို့သည် ၄င်းတက်ကစီကို ရှာ၍ ဒရိုင်ဘာအား မေးမြန်းစုံစမ်းရာ အီစမန်အင်သည် မိမိ၏ကားပေါ်သို့တက်၍ ၄င်းစေခိုင်းသည့် အတိုင်း မဂိုလမ်းသို့ မောင်းနှင်သွားသဖြင့် လမ်းတဝက်သို့ ရောက်သောအခါ အီစမန်အင်သည် ရုတ်တရက် စိတ်သဘော ပြောင်းလဲဟန် လက္ခဏာနှင့် ကုလားပျော်ပွဲစားရုံ တစ်ရုံသို့ မောင်းနှင်စေကြောင်း၊ ၄င်းသို့ရောက်သောအခါ အီစမန်အင်သည် သောက်စားမူးရစ်လျက်ရှိသော မိန်းမယောကျ်ား တစ်စုတို့နှင့် အတူ စားပွဲသို့ဝင်၍ရောနှော သောက်စားခြင်းကို မှန်ပြတင်းမှ မြင်လိုက်ရကြောင်းကို ထွက်ဆိုလေ၏။

ထိုအခါ ကျွန်တော်တို့သည် ၄င်းတက်ကစီနှင့်ပင် ပျော်ပွဲစားရုံသို့ လိုက်သွားကြပြန်ရာ ဆိုင်ရှင်ကုလားနှင့် တွေ့သဖြင့် မေးမြန်း၍ ကြည့်သည်တွင် အီစမန်အင်သည် ထိုဆိုင်သို့လာရောက် စားသောက်နေကြဖြစ်သဖြင့် မိမိနှင့် သိကျွမ်းကြောင်း၊ ၄င်းသည် ရှေးအခါက မူးယစ်သောက်စားသည်ကို ဝေးစွ၊ ဆေးလိပ်သောက်သည်ကိုမျှ မမြင်ဘူးသော်လည်း ထိုနေ့၌မူ မိန်းမယောကျ်ားတစ်စုတို့နှင့် ရောစပ်မိ၍ စီးကရက်များ တစ်လိပ်ပြီးတစ်လိပ် သောက်ဖွာရုံမျှမက အရက်များကိုပင် တစ်ခွက်ပြီးတစ်ခွက် မြိန်ရှက်စွာ သောက်သုံးသည်ကို တွေ့မြင်ရကြောင်း၊ ၄င်း၏ လက်ဆွဲသားရေအိပ်ငယ်တစ်ခု ပါလာသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ၄င်းတို့သည် မိမိဆိုင်၌ ရှိသည့် အကောင်းဆုံးသော အစားအစာများကို မြောက်မြားစွာ မှာယူစားသောက်ကြပြီးနောက် တက်ကစီ နှစ်စီးနှင့် မြင်းပွဲသို့ ထွက်သွားကြကြောင်းနှင့် ပြောဆိုလေသည်။

ထိုအခါ ကျွန်တော်တို့သည် မြင်းတာပတ်သို့ ဆက်လက်၍ လိုက်သွားကြပြန်ရာ အီစမန်အင်တို့လူစုသည် ယခုလေးပင် မြင်းပွဲမှ ထွက်သွားကြ၍ ရှိုင်ရယ်ဟိုတယ်သို့ သွားရောက်ကြကြောင်း ခြေရာခံ မိပြန်လေ၏။ ၎င်းဟိုတယ်သို့ ဆိုက်ရောက်ကြသောအခါ ထိုလူစုမှာ ယခုလေးပင် ကလပ်တစ်ခုသို့ သွားရောက်နှင့်ကြပြီဖြစ်ကြောင်း သတင်းရရှိလေသည်။ ယင်းသို့ ဖြစ်ရကား ကျွန်တော်တို့သည် ၎င်းတို့နောက်မှ အစဉ်မပြတ် ကပ်၍လိုက်ပါလျက် ရှိသော်လည်း မည်သည့်နေရာ၌မျှ မတွေ့ဆုံလိုက်ရဘဲ လက်မတင်ကလေးမျှ လွဲ၍ လွဲ၍ သွားခဲ့လေ၏။

ဤနည်းအားဖြင့် ဟိုတယ်တစ်ခုမှ သည်တစ်ခုသို့၊ ကလပ်တစ်ခုမှ သည်တစ်ခုသို့ သတင်းနာခံ၍ လိုက်လာခဲ့ကြရာ နောက်ဆုံး၌ ကျွန်တော်တို့သည် လမ်းမတော်ရှိ တရုတ်ကလပ်တစ်ခုသို့ ဆိုက်ရောက်ကြ၍ ၎င်းတို့ လူစုရှိနေသေးကြောင်းကို သတင်းရရှိလေသည်။ ထိုအခါ ကျွန်တော်တို့ သုံးဦးသည် တိုက်ပေါ်သို့ တက်သွားကြရာ တရုတ်တစ်ယောက်သည် မောင်အုန်းဖေကိုမြင်သဖြင့် ပုလိပ်အရာရှိတစ်ယောက် ဖြစ်ကြောင်း သိရှိ၍ မိမိတို့၏ အနီးထောင်ဝိုင်းကို ဖမ်းဆီးရန်လာရောက်ခြင်း ဖြစ်သည်ဟု မှတ်ထင်သဖြင့် အချက်ပေးလိုက်လေ၏။

တရုတ်ကလပ်တို့မှာ လှေခါး၌ အပေါက်စောင့်များ ထားသည့်အပြင် ပုလိပ်အရာရှိများ ဖမ်းဆီးရန် လာရောက်သည့်အခါ တိုက်မိုးပေါ်မှ ကျော်၍ တစ်ခန်းမှ တစ်ခန်းသို့ ကူးကျော်တိမ်းရှောင်ရန် လမ်းများ စီစဉ်၍ ၍ထားတတ်သည် ဖြစ်ရကား ကလပ်ခန်းသို့ ရောက်သောအခါ လူတစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ ပေါက်ဖော် လေးဦး ပိုက်ကျူး ဖဲကစားလျက် ရှိသည် ကိုသာလျှင် တွေ့မြင်ရလေ၏။

ထိုအခါ မောင်အုန်းဖေသည် ကလပ်ခန်းအတွင်း၌ အနှံ့အပြား လိုက်လံရှာဖွေရာ ခုတင်တစ်ခု၏ အောက်၌ မြန်မာတစ်ယောက် ဝပ်လျှိုးကာ ပုန်းအောင်းနေသည်ကို တွေ့သဖြင့် မီးရောင်သို့ ဆွဲထုတ်လာလေ၏။ ထိုသူမှာ စွပ်ကျယ်အင်္ကျီမျှဖြင့် ဝတ်ဆင်လျက်ရှိရာ မီးရောင်သို့ ရောက်သည်နှင့် မောင်အုန်းဖေသည် အသိဖြစ်၍ နေသဖြင့်

**ဖေ**။ ။ 'ဟေ့ ဘိုးကျော်၊ အီစမန်အင်ဆိုတဲ့ ကုလားတစ်ယောက် မတွေ့ဘူးလား'

**ကျော်**။ ။ 'မတွေ့ပါဘူး ဆရာ'

**ဖေ**။ ။ 'မှန်မှန် ပြောစမ်းပါကွ၊ ကစားဝိုင်းဖမ်းမယ်လို့ ငါတို့လာတာ မဟုတ်ပါဘူး၊ အီစမန်အင် ဆိုတဲ့လူကိုတွေ့ချင်လို့ ငါတို့လာတာပါကွ'

**ကျော်**။ ။ 'မှန်မှန်ပြောတာပါပဲ ဆရာ၊ အီစမန်အင်ဆိုတာ ကျွန်တော်ဖြင့် တွေ့လဲမတွေ့ဖူးဘူး၊ ကြားလဲ မကြားဖူးပါဘူး'

**ဖေ**။ ။ 'ကိုင်း ဒါဖြင့်လာ၊ မင်းလိုက်ခဲ့၊ မှန်မှန်မပြောချင်တဲ့ကောင်တွေ အချုပ်ခန်းမှာ အိပ်စေရမှာပဲ'

၎င်းဘိုးကျော်ဆိုသူမှာ နာမယ်ကျော် လူဆိုးတစ်ယောက် ဖြစ်လေရာ မောင်အုန်းဖေသည် မောင်စံရှားနှင့် တိုင်ပင်ကြသည်တွင် ဘိုးကျော်သည် အီစမန်အင်နှင့် အတူသွားလားသော လူစုတွင် အပါအဝင်ဖြစ်သည်ဟု ထင်မြင်သဘော ရရှိကြသည် ဖြစ်၍ ထိုအမှုကို စုံစမ်းရာ၌ အသုံးဝင်မည်ဖြစ်သော သူတစ်ယောက် ဖြစ်ဟန်ရှိနှင့် ဌာနသို့ ခေါ်ဆောင်၍ ချုပ်နှောင်ထား လိုက်လေ၏။ ၎င်းနောက် ကျွန်တော်တို့မှာ ဆက်လက်ဆောင်ရွက်ရန် အကြံကုန်ကြပြီ ဖြစ်၍ ဤမျှနှင့်ပင် အိမ်သို့ ပြန်လာ ခဲ့ကြရလေ၏။

နောက်တစ်နေ့ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် မောင်အုန်းဖေသည် မောင်စံရှားနှင့် ကျွန်တော်တို့နေထိုင်ရာ လမ်း၄၀ရှိ တိုက်ခန်းသို့ ရောက်လာခဲ့၍

**ဖေ**။ ။ 'အီစမန်အင်တော့ မိနေပြီ ဆရာရေ့'

**ရှား**။ ။ 'ပစ္စည်းတွေကော ပြန်ရရဲ့လား'

**ဖေ**။ ။ 'ပစ္စည်းတော့ မပါဘူးဆရာ၊ လူကိုသာတွေ့တယ်'

**ရှား။** ။ 'ဘယ်မှာသွားတွေ့သလဲ'

**ဖေ။** ။ '၂၉လမ်းမှာ ဂျပန်တွေတိုက်ခန်းငှားပြီး လူတစ်ယောက်ကို တစ်ညအိပ်ရင် တစ်ကျပ်ဆိုပြီး ငှားတာရှိပါလေကော၊ အဲဒီအိပ်ခန်းမှာ သွားတွေ့တယ် ဆရာ၊ ကျွန်တော်တို့ ရောက်သွားတော့ အီစမန်အင်က မူးလို့ လူမှန်းတောင် ကောင်းကောင်းမသိသေးလို့ ဆရာဝန်လက် အပ်ခဲ့ရတယ်'

**ရှား။** ။ 'တွေ့ပုံကို အစက စပြီးပြောစမ်းပါဦးဗျာ'

**ဖေ။** ။ 'သည်လိုဆရာရဲ့။ တိုက်ခန်းငှားတဲ့ ဂျပန်က သူ့လူကိုတယ်ပြီး မသင်္ကာလေတော့ မိုးလင်းလင်းချင်း ဌာနာကို တယ်လီဖုန်းဆက်ပြီ တိုင်ချက်ပေးလိုက်တယ်၊ ဒါနှင့် ကျွန်တော်တို့လိုက်သွားတော့ ဘသားက အိပ်ရာကတောင် မထနိုင်ဘူး၊ မူးနေတာကိုး ဆရာ၊ ဘယ်လိုနှိုးလို့မှ မရဘူး၊ ဒါနဲ့ ကျွန်တော်က အရက်မူးတာဟုတ်ပါလေစလို့ ဆရာဝန်ခေါ်ပြတော့ သည်လူဟာ အရက်မူးတာ မဟုတ်ဘူး၊ အဆိပ်မိပြီး နေတယ်လို့ ပြောတယ် ဆရာ၊ ဒါနှင့် ကားပေါ်ပွေ့တင်ပြီး ဌာနာ ခေါ်သွားရတယ် ဆရာ'

**ရှား။** ။ 'လက်ဆွဲသားရေအိတ်တော့ မတွေ့ဘူးပေါ့'

**ဖေ။** ။ 'မတွေ့ဘူး ဆရာ'

**ရှား။** ။ 'ဘယ်ပုံရောက်လာတယ် ပြောသလဲ'

**ဖေ။** ။ 'သည်လိုဆရာ၊ မနေ့ညက ၁၂နာရီ ကျော်ကျော်လောက်မှာ မိန်းမနှစ်ယောက်က သူ့ကိုတွဲခေါ်လာပြီး အိပ်ခန်းတစ်ခန်း ငှားသတဲ့၊ ငှားလို့ သုံးယောက်အတွက် ငွေသုံးကျပ်ကိုပေးပြီး အခန်းထဲမှာပဲ အတူအိပ်ဖို့ ဝင်သွားကြသတဲ့၊ အရက်ပုလင်း တွေလဲ ပါလာတယ်လို့ ပြောတယ်၊ နာရီပြန် တစ်ချက်ကျော်ကျော်လောက်ရှိတော့ မိန်းမနှစ်ယောက်လဲ တိုက်အောက် ခဏလိုလိုနှင့် ဆင်းသွားလိုက်ကြတာ တစ်ခါတည်း မပေါ်လာကြဘူးတဲ့၊ မနက်ကျတော့လဲ နှိုးလို့ မရနိုင်တာနှင့် ကျွန်တော်တို့ဆီကို တိုင်ချက်ပေးသတဲ့'

**ရှား။** ။ 'လက်ဆွဲသားရေအိတ်ကတော့ ညကတည်းက မပါလာဘူးပေါ့'

**ဖေ။** ။ 'မပါဘူးတဲ့ ဆရာ'

ထိုအခါ မောင်စံရှားသည် ဆေးတံကိုဆေးထည့်၍ မီးညှိပြီးလျှင် မျက်စိမမှေးတမှေးနှင့် ရှုဖွာရင်း စဉ်းစားနေရာမှ ရုတ်တရက် အကြံတစ်ခုပေါ်ပေါက်လာသည့် လက္ခဏာနှင့် ထိုင်ရာမှထပြီးလျှင်

**ရှား။** ။ 'ကိုင်း ကိုအုန်းဖေ၊ ခင်ဗျား အီစမန်အင်ဆိုတာ ကျုပ်တွေ့ချင်စမ်းချင်တယ်ဗျာ။ သွားကြည့်လိုက်ကြဦးစို့'

ကျွန်တော်တို့သည် ဌာနာသို့ ရောက်ကြသောအခါ ဆရာဝန်က အီစမန်အင်အား အဆိပ်ပြေဆေးထိုး၍ ပေးထားနှင့်သည် ဖြစ်သောကြောင့် အီစမန်အင်မှာ သက်သာရာရပြီးလျှင် မောင်စံရှား၏ မေးခွန်းများကို ဖြေဆိုနိုင်သော အခြေအနေသို့ ရောက်ခဲ့လေ၏။ ၎င်း အီစမန်အင်မှာ မဟာမေဒင် ကုလားလူမျိုးတစ်ယောက် ဖြစ်၍ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိ၍ ၎င်း၏ မျက်နှာမှာ ရိုးသားဖြောင့်မတ်သည့် လက္ခဏာ ရှိလေ၏။ မောင်စံရှားသည် ၎င်းအား မေးခွန်းများ ထုတ်သဖြင့် ထွက်ဆိုသည်မှာ

အီစမန်အင်သည် စိန်ဘာဘူ ခိုင်းစေသည့် အတိုင်း ငွေ ၅၀၀၀ ကျပ်မျှ အဖိုးထိုက်သော ကျောက်သံပတ္တမြား လက်ဝတ်လက်စားတို့ကို လက်ဆွဲသားရေအိတ်ငယ်တွင် ထည့်ပြီးလျှင် မော်တော်ကားတစ်စီးနှင့် မင်တိုမင်ရှင်ဟိုတယ်သို့ သွားရောက်ကြောင်း၊ ဟိုတယ်သို့ရောက်သော အခါ မစ္စက်ဒေါ်ဆင် ရှိပါသလော ဟု မန်နေဂျာအား မေးမြန်းရာ မန်နေဂျာသည် ဘွိုင်ကုလားတစ်ယောက်ကို မစ္စက်ဒေါ်ဆင် အခန်းသို့ လိုက်၍ပြစေကြောင်း၊ အိပ်ခန်းနှင့် တွဲလျက်ရှိသော ဧည့်ခန်းကလေးတစ်ခုတွင် မစ္စက်ဒေါ်ဆင်နှင့် တွေ့၍ သားရေအိတ်ကို စားပွဲဝိုင်းကလေးပေါ်သို့ တင်ပြီးလျှင် စိန်ထည်များကို တစ်ခုစီ တစ်ခုစီ ထုတ်၍ပြကြောင်း။

ယင်းသို့ပြလျက်ရှိစဉ် မစ္စက်ဒေါ်ဆင်သည် မြလက်စွပ်တစ်ကွင်းကို ကိုင်တွယ်ကြည့်ရှုရာမှ မြလက်စွပ်သည် လက်မှ လွတ်၍ ကြမ်းပေါ်သို့ ကျသွားကြောင်း၊ ထိုအခါ အီစမန်အင်သည် မြလက်စွပ်ကို ကြမ်းပေါ်မှ ငုံ့၍ကောက်လျက်ရှိစဉ် ဆိုဖာတစ်ခု၏

အောက်မှ မွေးကြိုင်သော အငွေ့အသက်များသည် မိမိ၏မျက်နှာသို့ တည့်တည့်ပန်း၍ ထွက်လာသည်ဟု ထင်လိုက်သည်နှင့် တစ်ပြိုင်နက် ထုံကျင်ဆိုင်းတွ၍ သွားပြီးလျှင် ခြေလက်အင်္ဂါတို့သည် မလှုပ်ရှားနိုင်အောင် ရှိနေခဲ့ကြောင်း၊ နောက်တစ်ခဏ၌ အခန်းသည် ချာလပတ်လည်၍ သွားပြီးလျှင် မိမိမှာ ကြမ်းပေါ်သို့လဲသွားစဉ် တစ်စုံတစ်ယောက်သော သူသည် မိမိ၏ လက်ခြေတို့ကို တုတ်နှောင်၍ ကြမ်းပေါ်တစ်လျှောက် တရွတ်ဆွဲ၍ ယူသွားသည်ဟု မှတ်ထင်ရပြီးသည်နှင့် တစ်ပြိုင်နက် သတိမေ့လျော့ မူးဝေ၍ သွားခဲ့ကြောင်း၊ သတိရလာသဖြင့် မျက်စိများကိုဖွင့်၍ ကြည့်လိုက်သောအခါ မိမိမရောက်ဘူးသော အခန်းတစ်ခန်းအတွင်း၌ ဆရာဝန်တစ်ယောက်သည် မိမိအား စမ်းသပ်ကြည့်ရှုလျက်ရှိသည်ကို တွေ့ရှိရကြောင်း ဖြေဆိုလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ဌာနမှ ထွက်လာကြရာ လမ်းခရီးတွင်

**ရှား**။ ။ 'ဘယ်နှယ့်လည်း ကိုအုန်းဖေ၊ အီစမန်အင် ထွက်ချက်ကို ခင်ဗျား ဘယ့်နှယ့် သဘောရသလဲ'

**ဖေ**။ ။ 'ညာတာပေါ့ ဆရာ၊ ဘယ့်နှယ့် ဟုတ်နိုင်မလဲ။ ဟိုတယ်က ထွက်သွားတာကို မန်နေဂျာကလည်း မြင်လိုက်တယ်၊ ဒရဝမ်ကုလားကလည်း မြင်လိုက်တယ်၊ ကုလားပျော်ပွဲစားရုံ ရောက်တော့လည်း ဆိုင်ရှင်က သူ့ကို မှတ်မိတယ်။ သည်လောက်ထင်ရှားနေလျက်နှင့် သူပြောတဲ့စကားကို ဘာယုံနိုင်မှာလဲ ဆရာ'

**ရှား**။ ။ 'အီစမန်အင်ပြောတာတွေက အမှန်ချည်းပဲ ကိုအုန်းဖေရဲ့'

**ဖေ**။ ။ 'ဒါဖြင့် မန်နေဂျာတို့က မြင်လိုက်တယ်ဆိုတာတွေ ဘယ်နှယ့်လုပ်မလဲ ဆရာ၊ ညာပြီးပြောတာလား'

**ရှား**။ ။ 'ညာတာမဟုတ်ဘူးဗျာ၊ သူတို့ပြောတာလဲ အမှန်ပဲ'

**ဖေ**။ ။ 'ဟာ ဘယ်နှယ့်ဟာလဲ ဆရာ'

**ရှား**။ ။ 'သူတို့မြင်လိုက်တယ်ဆိုတာက အီစမန်အင် အစစ်မဟုတ်ဘူးဗျ၊ အီစမန်အင် အတုပဲ'

**ဖေ**။ ။ (အတန်ကြာအောင် စိုက်ငေးတွေးတောနေပြီးမှ) 'သြော် ဟုတ်လိမ့်မယ် ဆရာရေ့၊ ဒါဖြင့် ဇကွ္က ဒေးဗစ်တို့ လူစုလက်ချက်ပဲနှင့်တူတယ်'

**ရှား**။ ။ 'အစစ်ပေါ့ ကိုအုန်းဖေ'

**ဖေ**။ ။ 'ဒါဖြင့် ဘယ့်နှယ့်လုပ်ပါ့မယ် ဆရာ၊ ဟိုတယ်က မစ္စက်ဒေါ်ဆင်ကို သွားပြီးဖမ်းမှ ထင်တယ်'

**ရှား**။ ။ 'ဖမ်းလို့ကော ခင်ဗျား ဘာတွေ့မလဲဗျာ၊ စိန်ထည်တွေလည်း တွေ့မှာမဟုတ်ဘူး၊ အခုလောက်ရှိရင် လူတောင်မှ တွေ့တော့မယ်လို့ ကျုပ်မထင်ဘူး'

**ဖေ**။ ။ 'ဝွကျကုန်ပါပြီ ဆရာ၊ ဘယ့်နှယ့်လုပ်ရပါ့မယ်'

**ရှား**။ ။ 'ညက ကလပ်မှာတွေ့လို့ ဖမ်းချုပ်ထားတဲ့ ဘိုးကျော်တော့ ရှိသေးတယ် မဟုတ်လား'

**ဖေ**။ ။ 'သြော် ဟုတ်တယ်ဆရာရေ့၊ ဒီအကောင်ဟာ သူတို့ အသင်းသားနှင့်ပဲတူတယ်၊ ဒီအကောင်ကို ရိုက်ပြီးစစ်ရရင်ဖြင့် ပေါ်လိမ့်မယ် ထင်တယ်'

**ရှား**။ ။ 'ဒေးဗစ်က တော်တော်ပါးတဲ့ အကောင်ဗျ၊ ဘိုးကျော်ကို ဘယ်လိုစစ်သော်လဲ ဒေးဗစ်ဆီရောက်အောင် ပေါ်မှာ မဟုတ်ဘူး၊ သို့သော် စိတ်မပူပါနဲ့ဗျာ၊ ကျုပ်မိအောင် ကြံပြီးပေးပါ့မယ်၊ ကျုပ်အလုပ်တိုက်ကိုသာ ခင်ဗျားလိုက်ခဲ့ပါ'

ကျွန်တော်တို့သည် ပန်းဆိုးတန်းလမ်းရှိ မောင်စံရှား၏ အလုပ်တိုက်သို့ ထွက်လာကြ၍ စားပွဲ၌ ထိုင်မိကြသောအခါ

**ရှား**။ ။ 'အီစမန်အင် ကိုယ်စားလုပ်တဲ့လူ ဘယ်သူလဲဗျို့ ကိုအုန်းဖေ၊ ခင်ဗျား ရိပ်မိရဲ့လား'

**ဖေ**။ ။ 'မရိပ်မိဘူး ဆရာ'

**ရှား**။ ။ 'ညကကျုပ်တို့ဖမ်းထားတဲ့ ဘိုးကျော်ပေါ့'

ဖေ။ ။'ဟုတ်တယ် ဆရာရေ့ လူလုံးလူထည်တော့ တူတယ်၊ ဒါ့ထက် ဆရာ ဘယ်နှယ့်ကြောင့် သိနိုင်သလဲ ဆရာ'

ရှား။ ။'တရုတ်ကလပ်မှာ ဖမ်းမိတုန်းက ဘိုးကျော်မှာ စွပ်ကျယ်အင်္ကျီလေးနဲ့ ဖမ်းမိတယ် မဟုတ်လား၊ အဲဒါဘာကြောင့်လဲ'

ဖေ။ ။'ဟုတ်လိမ့်မယ် ဆရာရေ၊ အီစမန်အင် အဝတ်တွေဝတ်ပြီး အီစမန်အင် အယောင်ဆောင်ထားလေတော့ အရေးရှိတဲ့ အခါမှာ ဒါတွေ ချွတ်ခွာပြီးပစ်နေရတာကိုး ဆရာရဲ့၊ ဒါကြောင့် မောင်မင်းကြီးသား စွပ်ကျယ်အင်္ကျီလေးနဲ့ မိထားတာကိုး'

ရှား။ ။ 'အစစ်ပဲ'

ဖေ။ ။ 'ဒါဖြင့် တော်ပြီ ဆရာရေ့၊ ဒီအကောင်ကိုပေါ်အောင်စစ်ရမှာပဲ'

ရှား။ ။ 'ပေါ်အောင်စစ်လို့ မရဘူးဗျ၊ သည်အကောင်ကို လွှတ်ပစ်ရလိမ့်မယ်'

ဖေ။ ။ (အံ့သြလျက်) 'ဆရာ'

ရှား။ ။ 'ငါးကြီးမိချင်တော့ ငါးအသေးလေးနဲ့ ထောင်ဖမ်းရတယ် မဟုတ်လားဗျာ၊ သည်တော့ ကျုပ်တို့မှာ ဒေးဗစ်ကို မိချင်ရင် ဘိုးကျော်နှင့် ထောင်ဖမ်းကြရလိမ့်မယ်၊ သည်တော့ ဘိုးကျော်ကို လွှတ်ပစ်လိုက်ဗျာ။ လွှတ်ပစ်လိုက်ပြီး နှစ်ယောက် သုံးယောက်လောက် အရပ်ဝတ် အရပ်စားနှင့် သူ့နောက်က အမှတ်တမဲ့ လိုက်ပေစေ၊ ဧကန္တ ဘိုးကျော်ဟာ သူ့ဆရာ ဒေးဗစ်နဲ့ တစ်နေရာမှာ တွေ့ဆုံကြတော့မှာပဲ၊ သည်အခါကြတော့ ဒေးဗစ်နေတဲ့နေရ ကျုပ်တို့ သိရရော မဟုတ်လား၊ သို့သော်လည်း ဘိုးကျော်နောက်က လိုက်မယ့် ပုလိပ်တွေကို သတိထားပြီး ရွေးဗျနော်၊ အင်မတန် ပါးနိုင် နပ်နိုင်မှ တော်ကာ ကျလိမ့်မယ်'

ဖေ။ ။ 'စိတ်ချပါ ဆရာ'

၎င်းနောက် မောင်အုန်းဖေသည် မောင်စံရှား၏ စီမံချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ဌာနသို့ ထွက်သွားလေရာ နာရီဝက်ခန့်အတွင်းတွင် တစ်ဖန်ပြန်၍ လာလေ၏။

ရှား။ ။'ဘယ့်နှယ်လဲဗျာ၊ ကိစ္စပြီးခဲ့ပြီလား'

ဖေ။ ။'ပြီးခဲ့ပါပြီ ဆရာ'

ရှား။ ။'နေဦးဗျို့ ကိုအုန်းဖေ၊ သည်နည်းကတော့ဖြင့် ဟုတ်ပြီ၊ သို့သော် ထောင်ပြီးဖမ်းတယ်ဆိုတာ ပိုက်ကွန်များနိုင်သမျှ များရင် ကောင်းတာပဲ ၊ သည့်ပြင်တစ်နည်းလဲ ကြံကြဦးစို့ဗျာ'

ဖေ။ ။'ဆိုစမ်းပါဦးဆရာ'

ရှား။ ။'သည်လိုဗျ၊ ဒေးဗစ်ဆိုတဲ့ အကောင်က လောကမှာ အာသာမဖြတ်နိုင်လောက်အောင် အစွဲအလမ်းကြီးတာ နှစ်ခုရှိတယ်လို့ ကျုပ် ကြားဖူးတယ်'

ဖေ။ ။'ဘာများလဲ ဆရာ'

ရှား။ ။'မိန်းမ ချောချောလှလှက တစ်ခု၊ ပတ္တမြားအရည်ကောင်းကောင်းက တစ်ခု၊ သည်နှစ်ခုကို သူမြင်ရရင် ငမ်းငမ်းတက် ဖြစ်တတ်တယ်လို့ ကြားတယ်၊ သည်တော့ ကျုပ်က ဒီလိုကြံတယ်၊ မသန်းမြင့်ကလေးကို ပတ္တမြားကျောက် အရည် ကောင်းကောင်းတစ်ခု ရှာအပ်ပြီး ခိုးရာပါ ပစ္စည်းလိုလိုလုပ်ပြီး ရောင်းချင်တဲ့သဘောနှင့် သူတို့လူစု သွားလာတတ်တဲ့ ပျော်ပွဲစားရုံကို လွှတ်ရရင် တစ်ယောက်ယောက်က မသန်းမြင့်ကို ဒေးဗစ်နှင့်တွေ့အောင် ဆွယ်ပြီးပေးလိမ့်မယ် ထင်တယ်'

ဖေ။ ။(မျက်နှာများပျက်လျက်) 'ဟာ မတော်တာပဲ ဆရာရယ်၊ သည်အကောင်တွေက ဆိုးက ဆိုးပါဘိသနှင့်၊ ကျားခံတွင်း ထဲကို ယုန်သူငယ်လွှတ်ရသလို ဖြစ်နေတော့မှာပေါ့ ဆရာရဲ့'

**ရှား။** ။'ကျုပ်တို့ ရှိသေးတာကပဲဗျာ၊ ကျုပ်တို့က မနီးမဝေးကစောင့်ပြီး အကြောင်းရှိတယ်ဆိုရင် ဖြုန်းခနဲ ဝင်ပြီး ကူညီနိုင်တာပဲ၊ မသန်းမြင့်ကလဲ သာမည မိန်းကလေး မဟုတ်ပါဘူးဗျာ၊ သတ္တိဗျတ္တိနှင့် လာတဲ့ မိန်းကလေး၊ အရေးဆိုရင် တကယ်ကို စိတ်ချလောက်ပါတယ်'

**ဖေ။** ။'ဆရာ့စကား မပယ်ဝံ့လို့သာ လိုက်နာရတော့မယ် ဆရာရယ်၊ ကျွန်တော်ဖြင့် မသန်းမြင့်အတွက် အင်မတန် စိုးရိမ်တာပဲ'

၎င်းနောက် မောင်စံရှားသည် မသန်းမြင့်ကို ခေါ်၍ အကျိုးအကြောင်းပြောပြရာ မသန်းမြင့်မှာ မောင်စံရှား၏ အကြံအစည်ကို ကျွန်တော်တို့ မျှော်လင့်သည်ထက်ပိုမို၍ စိတ်အားထက်သန်စွာ လိုက်နာဆောင်ရွက်ရန် သဘောတူညီလေ၏။ ထို့နောက် မောင်စံရှားက မသန်းမြင့်အား ဒေးဗစ်၏တပည့်များနှင့် တွေ့သည့်အခါ အလွန်အမင်းလိုက်လျောစွာ မပြုလုပ်ဘဲ လူမသိစေချင်သည့် လက္ခဏာပေါ်ပေါ်ကအောင် ဟန်ဆောင်ရမည့်အကြောင်း၊ တစ်ယောက်ယောက်နှင့် တွေ့သောအခါ မိမိ၌ပါသော ပတ္တမြားကို နမူနာပြ၍ ၎င်းပတ္တမြားမျိုး အမြောက်အမြားကို တိတ်တဆိတ်လျှို့ဝှက်ရောင်းချလိုကြောင်းကို ဘွင်းဘွင်းကြီးမဟုတ်ဘဲ စောင်းပါးရိပ်ခြေသဘောမျိုးနှင့် ပြောရမည်ဖြစ်ကြောင်း၊ အကယ်၍ ထိုသူက ဒေးဗစ်ထံ ခေါ်သွားခဲ့လျှင် ရုတ်တရက် မလိုက်ပါသေးဘဲ မသကာ်ယောင်ဆောင်ပြီးမှ လိုက်ပါရမည်ဖြစ်ကြောင်းများနှင့် မှာထားသွန်သင်လေ၏။

၎င်းနေ့ညနေ၌ မောင်စံရှားသည် ပတ္တမြားကျောက်တစ်လုံးကို မသန်းမြင့်သို့ ပေးအပ်၍ ၎င်းကိုယ်တိုင် မော်တော်ကားမောင်းသမား ဒရိုင်ဘာယောင်ဆောင်ပြီးလျှင် မသန်းမြင့်ကို ကားပေါ်မှတင်၍ ကုလားပျော်ပွဲစားရုံသို့ ခေါ်သွားရာ ကျွန်တော်နှင့်မောင်အုန်းဖေတို့လည်း မလှမ်းမကမ်းမှ ကားတစ်စီးနှင့် လိုက်ပါသွားကြလေ၏။

တစ်နာရီခန့်မျှ ကြာရှိသော အခါ မသန်းမြင့် ထွက်လာ၍ မောင်စံရှား၏ ကားပေါ်သို့တက်ပြီးလျှင် မောင်းနှင်၍ သွားကြရာ ကျွန်တော်တို့လည်း နောက်မှလိုက်ပါသွားကြလေ၏။ မြို့ကိုလှည့်ပတ်ကာ မောင်းနှင်ပြီးနောက် အိမ်သို့ဆိုက်ရောက်သောအခါ မသန်းမြင့်က ပြောပြသဖြင့် သိရသည်မှာ ဆိုင်တွင်းသို့ ဝင်သွားပြီးနောက် နာရီဝက်ခန့်မျှ ကြာအောင် လူများ၏ အရိပ်အကဲကို ခတ်ပြီးလျှင် စားစရာများကို တဖြည်းဖြည်း မှာယူစားသောက်လျက် ရှိနေစဉ် ဘိုကပြားတစ်ယောက်သည် မိမိအနီးသို့ လာထိုင်၍ အသိအကျွမ်းဖွဲ့ကြောင်း၊ ၎င်းဘိုကပြားမှာ ခပ်ထွေးထွေး ခပ်ရှုပ်ရှုပ်ဟန် လက္ခဏာ ရှိသဖြင့် ၁၅ မိနစ်ခန့် စကားပြောမိကြသောအခါ မသန်းမြင့်က မောင်စံရှား မှာလိုက်သည့်အတိုင်းပြောပြ၍ နမူနာ ပတ္တမြားကျောက်ကို ထုတ်၍ ပြကြောင်း၊ ဘိုကပြားသည် မိမိအား အကဲခတ်သည့်လက္ခဏာဖြင့် ခြေဆုံးခေါင်းဆုံးကြည့်၍ စကားအနည်းငယ် တီးခေါက်စမ်းသပ်ပြီးလျှင် ၎င်းပတ္တမြားမျိုးကို မိမိကိုယ်တိုင် မဝယ်နိုင်သော်လည်း ဝယ်နိုင်သူ ရဟူဒီလူမျိုးတစ်ယောက်နှင့် ဆက်သွယ်၍ ပေးနိုင်ကြောင်း၊ သို့ဖြစ်၍ မနက်ဖြန်ည ၈ နာရီအချိန်ခန့်တွင် ဤဆိုင်သို့ လာရောက်နိုင်က ၎င်းရဟူဒီလူမျိုးထံ ခေါ်ဆောင်သွားနိုင်သည်ဟု ပြောလိုက်ကြောင်းများနှင့် ပြန်၍ပြောလေ၏။

နောက်တစ်နေ့ည ၈ နာရီထိုးသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် မသန်းမြင့်အား အရေးရှိက အသုံးပြုနိုင်ရန် ခြောက်လုံးပြူးသေနတ်တစ်လက်ကို ပေးအပ်ပြီးလျှင် ယမန်ညနည်းတူ ပျော်ပွဲစားရုံသို့ သွားရောက်ကြလေ၏။

ပျော်ပွဲစားရုံသို့ ဆိုက်ရောက်ကြသောအခါ ဘိုကပြားတစ်ယောက်သည် တိုက်ပေါက်ဝမှ မတ်တပ်ရပ်ကာ လမ်းကို မျှော်ကြည့်လျက်ရှိရာ မောင်စံရှား၏ကား ဆိုက်ရောက် မသန်းမြင့်သည် ကားပေါ်မှဆင်းသည်နှင့်တစ်ပြိုင်နက် ဘိုကပြားသည် မိမိငှားရမ်း၍ထားသော ကားတစ်စီးပေါ်သို့ မသန်းမြင့်ကို ခေါ်ပြီးနောက် ကားသည် မောင်းနှင်သွားလေ၏။ ၎င်းကား၏ မနီးမဝေးမှ မျက်ခြေမပြတ်အောင် ကျွန်တော်တို့ကားက လိုက်၍ ကျွန်တော်တို့ကား၏နောက်မှ မောင်စံရှား၏ ကားသည် လိုက်ပါလာခဲ့လေ၏။ ၁၇ လမ်းရှိတစ်ခုသော တိုက်ရှေ့သို့ ဆိုက်ရောက်ကြလေလျှင် မသန်းမြင့်တို့ကားသည် ရပ်တန့်ပြီးနောက် ဘိုကပြားသည် ကားပေါ်မှဆင်း၍ တိုက်တံခါးကို ခေါက်လျက် ရှိရာ ကျွန်တော်တို့၏ ကားနှင့် မောင်စံရှား၏ကားတို့လည်း ၎င်းတိုက်ကိုကျော်လွန်၍ မောင်းနှင်သွားကြလေ၏။

ကျွန်တော်တို့သည် အကယ်၍ ကားကိုရပ်တန့်ပြီးလျှင် ထိုလမ်းအတိုင်း ပြန်၍လျှောက်လာခဲ့ပါက သကာ်မကင်းဖွယ် ဖြစ်မည်ကို စိုးရိမ်ရသည်ဖြစ်၍ ဆက်လက်မောင်းနှင်ပြီးလျှင် ကမ်းနားဘက်မှ လှည့်၍ ၁၈ လမ်းသို့ချိုးဝင်ပြီးနောက် ဒါလဟိုဇီလမ်းပေါ်၌ ကားများကို ရပ်ထားခဲ့ပြီးမှ ၁၇ လမ်းသို့တစ်ဖန် ဝင်လာခဲ့ကြပြန်လေ၏။

ထိုအခါ၌မူကား ယခင်က တိုက်ရှေ့၌ မသန်းမြင့်နှင့် ဘိုကပြားတို့ မရှိတော့သည့်ပြင် ၎င်းတို့စီးလာသော ကားမှာလည်း ပြန်၍လွတ်လိုက်ခဲ့လေပြီ။

မောင်အုန်းဖေသည် လမ်းစောင့်ပုလိပ်များအား လမ်းထိပ်မှ စောင့်ဆိုင်း၍ ခရာသံကြားရာသို့ ပြေးလာကြရန် မှာထားခဲ့ပြီးဖြစ်လေရာ ကျွန်တော်တို့သည် မသန်းမြင့်တို့ ဝင်သွားသော တိုက်၏အနီးရှိ မြေရာလပ်တစ်ခုမှ ချောင်းမြောင်းစောင့်ဆိုင်းကာ ရှိနေကြလေ၏။ အကယ်၍ မသန်းမြင့်၌ ဘေးဥပါဒ်အန္တရာယ်တစ်စုံတစ်ရာနှင့် တွေ့ကြုံခဲ့သည်ဖြစ်စေ၊ ဒေးဗစ်ကိုဖမ်းဆီးရန် အချက်ကောင်းတွေ့ခဲ့သည်ဖြစ်စေ၊ မသန်းမြင့်က သေနတ်တစ်ချက် ပစ်ဖောက်၍ အချိန်းအချက်ပေးရန်ကိုလည်း မောင်စံရှားက မှာထားလိုက်ပြီးဖြစ်လေသည်။

ကျွန်တော်တို့သည် မှောင်မိုက်သော ထောင့်တစ်ခုမှ ချောင်းမြောင်းစောင့်ဆိုင်းနေကြသဖြင့် နာရီဝက်ခန့်မျှ ရှိလေသော်လည်း တစ်စုံတစ်ရာမှ မထူးခြားဘဲ ဆိတ်ငြိမ်စွာ ရှိနေလေလျှင် ကျွန်တော်မှာ စိုးရိမ်သည်ထက် စိုးရိမ်မကင်းဖြစ်ပေါ်၍ လာရာ မောင်အုန်းဖေမှာမူကား ထချည်ထိုင်ချည်ဖြင့် နေမထိထိုင်မထိ ရှိနေလေ၏။

တစ်နာရီခန့်မျှ ကြာသောအခါ အလွန်ပြင်းထန်စွာ ပေါက်ကွဲလိုက်သော အသံကြီးတစ်ခုကို ကြားလိုက်ရပြီးနောက် ကျွန်တော်တို့ မျှော်ကြည့်ရာ တိုက်ခန်းမှ ထိခိုက်နာကျင်သဖြင့် ငယ်သံပါအောင် အော်ဟစ်သော အသံများကို ကြားကြရလေ၏။

ထိုအခါ ကျွန်တော်တို့သည် ချောင်းမြောင်းရာမှ ထပြီးလျှင် ခရာများကို မှုတ်လျက်အသံကြားရာ တိုက်ခန်းသို့ ပြေးသွားကြလေ၏။ တိုက်တံခါးကို တွန်း၍ဖွင့်ပါသော်လည်း မပွင့်ဘဲ ရှိနေလျှင် ကျွန်တော်တို့သုံးဦးသားသည် တစ်ညီတစ်ညာတည်း အရှိန်နှင့်ပြေး၍ တံခါးကိုကိုယ်ဖြင့် အကြိမ်ကြိမ် တိုက်ခတ်တိုးဝှေ့၍ ဖွင့်ကြလေရာ ထိုခဏ၌ မိန်းမတစ်ယောက်၏ ထိတ်လန့်အော်ဟစ်သံကိုကြားရပြီးနောက် ကြားရပြီးနောက် ယောကျ်ားတစ်ယောက်၏ ခြိမ်းခြောက်မောင်းမဲ ဆဲရေးတိုင်းထွားသည့် အသံကိုကြားကြရပြန်လေရာ ကျွန်တော်တို့သည် ရှေးကထက်ခွန်အားထုတ်၍ ပြေးဝင်တွန်းတိုက်ကြသည်တွင် တံခါးသည် ကျိုးထွက်သွားလေ၏။ ထိုအခါကား လမ်းစောင့်ပုလိပ်တို့သည် ကျွန်တော်တို့၏နောက်မှ ရောက်လာကြပြီဖြစ်ရာ ကျွန်တော်တို့သည် တံခါးပွင့်သည်နှင့်တစ်ပြိုင်နက် တိုက်တွင်းသို့ ပြေးဝင်သွားကြ၍ ပုလိပ်တို့လည်း နောက်မှ လိုက်လာကြလေ၏။

တိုက်တစ်ထပ်မှ နှစ်ထပ်၊ နှစ်ထပ်မှ သုံးထပ်သို့ တက်မိ၍ အပေါ်ဆုံးတိုက်ထပ် အခန်းတံခါးကို တွန်းချိုးပြီးနောက် အတွင်းသို့ ဝင်မိသောအခါ ကျွန်တော်တို့မှာ တစ်စုံတစ်ရာကို တွေ့မြင်ရတော့ချေမည်ဟု မြော်လင့်ပါသော်လည်း အခန်းတွင်း၌ တစ်ဦးတစ်ယောက်မျှ မရှိဘဲ တိတ်ဆိတ်သာ ရှိနေသည်ကိုသာလျှင် တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်တော်တို့သည် အိပ်ခန်း ရေအိမ်ခန်း စားပွဲအောက် အစရှိသည်တို့၌ လျင်မြန်စွာ လှန်လှောရှာဖွေကြပါသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ဘဲ ရှိခဲ့ရာ မောင်စံရှားသည် တစ်ခုသောဗီရိုကို ကန့်ကြောက်ဖွင့်လှစ်လိုက်သည်တွင် ဗီရိုအတွင်းဘက်မှ အခြားဘက်အခန်းသို့ ကူးနိုင်သော အပေါက်တစ်ခုကို တွေ့ရှိကြရလေ၏။ ထိုအခါ ကျွန်တော်တို့သည် ၎င်းမှ ဖြတ်၍ အခြားဘက်အခန်းသို့ တစ်စုတစ်ရုံးတည်း ကူးသွားကြသဖြင့် လူအားလုံးတို့ ဆိုက်ရောက်ကြသည်နှင့် တစ်ပြိုင်နက် အမိုးပေါ်သို့ တက်သော လှေကားထက်မှ ညည်းညူသံကို ကြားကြရလေ၏။ ထိုအခါ မောင်စံရှားနှင့် မောင်အုန်းဖေတို့က ခြောက်လုံးပြူးကိုယ်စီနှင့် ရှေ့ဆုံးမှ တက်မည်ပြုကြသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့၏ မျက်နှာများကို အလွန်တရာ လင်းထိန်လှစွာသော ဓာတ်မီးရောင် ရုတ်တရက်ထိုးပြီးနောက် အင်္ဂလိပ်ဘာသာဖြင့် ..

'တစ်လှမ်းမတက်နှင့်နော်၊ တက်ခဲ့လျှင် ကောင်မကလေး လည်ပင်းပြတ်သွားမယ် ကြားလား'

ဟု ခြိမ်းခြောက်ပြောဆိုသံကို ကြားကြရလေ၏။

ထိုအခါ၌မူကား ရှေ့မှတက်ကြသော မောင်အုန်းဖေနှင့် မောင်စံရှားတို့မှာ သူငယ်မအတွက် စိုးရိမ်လှသည်ဖြစ်၍ ဇွတ်အတင်းဝင်ရောက်ခြင်းငှာ မဝံ့ကြဘဲ တန့်ရပ်ကာ ရှိနေသည်တွင် တစ်စုံတစ်ခုသော အရာဝတ္ထုကို လှေကားမှ ဒရွတ်ဆွဲ၍ တက်နေဘိသကဲ့သို့သော အသံကိုကြားရ၍ လက်နှိပ်ဓာတ်မီးသည်လည်း အပေါ်သို့ တရွေ့ရွေ့တက်လေ၏။ မောင်စံရှားနှင့်

မောင်အုန်းဖေတို့မှာ ခြောက်လုံးပြူးများကို ကိုင်ထားကြသည်မှန်သော်လည်း မီးရောင်ထိုးရာသို့ ရမ်းဆ၍ ပစ်ခတ်ခဲ့ပါမူ သူငယ်မကို မှန်မည် စိုးရသဖြင့် ငေးလျက်သာလျှင် ကြည့်နေကြရလေ၏။

ထိုသူသည် လှေကား၏အဆုံးသို့ ရောက်လုပြီဖြစ်၍ အမိုးပေါ်သို့တက်မိခဲ့လျှင် တံခါးကို ပိတ်လိုက်က ကျွန်တော်တို့ လိုက်နိုင်ရန် လမ်းမရှိတော့သည်ဖြစ်၍ မည်သို့ပြုရမည်ကို မသိဘဲ အကျပ်အတည်းနှင့်တွေ့ကြုံလျက် ရှိရာတွင် မသန်းမြင့်၏ အသံဖြင့်မဟုတ်ဘဲ အခြားမိန်းမတစ်ယောက်၏ အသံဖြင့် ..

'ခေါ်ခဲ့ဦး၊ နင့်မယားငယ်၊ ချောင်းနေတာ ကြာလှပြီ၊ ခုမှ ငါမိတယ်'

ဟု အလွန်တရာ အမျက်ကြီးသော အသံဖြင့် ဟစ်အော်ပြောဆိုပြီးနောက် လေးလံသော အရာဝတ္ထုတစ်ခုနှင့် ပြင်းထန်စွာ ရိုက်နှက်လိုက်သည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့၏ မျက်နှာသို့ ထိုးထားသော လက်နှိပ်ဓာတ်မီးသည် လွတ်ကျကာ လှေကားမှလည်း လူများ ဒလိမ့်ကောက်ကွေး လျောကျလာသည့် အသံများကို ကြားကြရလေ၏။

ကျလာသူများအနက် တစ်ဦးမှာ ဒေးဗစ်ဖြစ်၍ တစ်ဦးမှာ မသန်းမြင့်ဖြစ်လေသည်။ မောင်အုန်းဖေသည် မသန်းမြင့်ကို ဖမ်းယူပွေ့ချီလျက် ပုလိပ်တို့လည်း ဒေးဗစ်ကို ချုပ်နှောင်ကြလေ၏။ မောင်စံရှားမှာမူ တိုက်မိုးပေါ်သို့တက်၍ ပြန်ဆင်းလာသော အခါ၌ ဓာတ်တုတ်ကြီးတစ်ချောင်းကို ကိုင်ထားသော ရဟူဒီကုလားမတစ်ယောက် ပါလာသည်ကို တွေ့ရှိကြရလေ၏။ ၎င်းကုလားမမှာ ဒေးဗစ်၏မယားပင် ဖြစ်လေသည်။

ဒေးဗစ်မှာမူ ဦးခေါင်းတွင် ဒဏ်ရာအကြီးအကျယ်နှင့် တွေ့ရှိရ၍ ၎င်း၏အဝတ်အတွင်း၌ကား ခိုးရာပါပစ္စည်းဖြစ်သော ကျောက်သံပတ္တမြားအမြောက်အများတို့ကို တွေ့ရလေ၏။ မသန်းမြင့်မှာမူ ဆေးငွေ့မိသည့် လက္ခဏာနှင့် မူးမေ့လျက်ရှိရာ သတိရ၍ လာသောအခါ၌ မောင်အုန်းဖေသည် ၎င်း၏လက်ကလေးကို ကိုင်ကာ

'ဖြစ်ရလေ နှမရယ်၊ သည်လိုဖြစ်မယ်လို့များ အစက သိခဲ့လို့ရှိရင် ဆရာ စိတ်ဆိုးချင်ဆိုး ၊ ကျုပ် မခိုင်းရက်ပါဘူးဗျာ'

ဟု ညည်းတွားပြောဆိုလျက်ရှိသည်ကို ကြားရသဖြင့် ကျွန်တော်နှင့် မောင်စံရှားတို့မှာ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးရယ်မိကြလေသတည်း။ ။

**ပြီးပါပြီ။**

× × × × × ×

# ၁၅။ ကိုယ့်ကိုယ်ကို သတ်သေသည်ဆိုသည့် အမှု၌ စုံထောက်ခြင်း

မိုးဥတုရာသီ တစ်ခုသော တနင်္ဂနွေ၌ မိုးသည် မရပ်မစဲ တဖွဲဖွဲ ရွာလျက်ရှိသဖြင့် ကျွန်တော်နှင့် မိတ်ဆွေ မောင်စံရှားတို့သည် အခါတိုင်းကဲ့သို့ မြို့ပေါ်၌ လည်ပတ်ခြင်း မပြုနိုင်ဘဲ တိုက်ခန်းအတွင်း၌ ဆေးပြင်းလိပ်များကို တစ်လိပ်ပြီးလျှင် တစ်လိပ်သောက်ရှူလျက် ရှေးအခါက မောင်စံရှားစုံထောက်ခဲ့ရသည့် အမှုအခင်းများအကြောင်းနှင့် စပ်လျဉ်း၍ မဂ္ဂဇင်းများတွင် ကျွန်တော်ရေးသားထည့်သွင်းခဲ့သည် များကို မည်သည့်အချက်၌ လိုသည်၊ မည်သည့်အချက်၌ ပိုသည် အစရှိသည်ဖြင့် မောင်စံရှားက အပြစ်အနာအဆာ ရှာ၍ ပြောဆိုသောအခါ ကျွန်တော်မှာ ၎င်းကိုယ်တိုင် စုံထောက်ခြင်း အလုပ်ကိစ္စ၌ ချီးမွမ်းလောက်သည် မှန်သော်လည်း ကျွန်တော် ရေးသားဖော်ပြသောကြောင့်သာလျှင် ၎င်း၌ သာ၍ နာမည်ကျော်ကြားခဲ့သည် ဖြစ်သောကြောင့် ယင်းကဲ့သို့ ပြစ်တင်ကဲ့ရဲ့ခြင်းကို စိတ်နာသည် ဖြစ်၍

**ကျွန်တော်**။ ။'ဒါဖြင့်လဲ ခင်ဗျားဟာ ခင်ဗျား ရေးပါတော့လားဗျာ၊ ဘာပြုလို့ ကျွန်တော့်ကို ရေးစေသေးသလဲ'

**ရှား**။ ။'စိတ်မတိုပါနှင့် ကိုသိန်းမောင်၊ ကျုပ် ပြောတာက ဒီလိုပါ၊ ခင်ဗျား အခုတလော ရေးပုံက ဝတ္ထုသွားခပ်ဆန်ဆန် ရေးနေလေတော့ ဖတ်လို့တော့ ကောင်းပါရဲ့၊ သို့သော်လဲ ကျုပ် ဆင်ခြင်စဉ်းစားပုံတွေကို ကွက်ကွက်ကွင်းကွင်းကြီး ပေါ်ဖို့ နည်းနည်းလိုသေးတယ် ထင်လို့ ပြောပါတယ် ဗျာ'

**ကျွန်တော်**။ ။'ဒီ့ပြင်တော့ မရေးတတ်ဘူး ဆရာကြီး၊ ကျွန်တော်ရေးပုံကို အားမရလို့ ရှိရင် ခင်ဗျား ကိုယ်တိုင်ပဲ ကြံပေတော့ '

**ရှား**။ ။(ကျွန်တော်၏ ပုခုံးကို ပုတ်လျက် ) 'ပြောလို့သာ ပြောရပါတယ်ဗျာ၊ ကျုပ်ကိုယ်တိုင် ရေးရမယ်ဆိုရင်လဲ ခင်ဗျားလို ဇာတ်လမ်းမရှင်ဘဲ သိပ်နက်နဲပြီး ခြောက်ကပ်ကပ် ဖြစ်ချင်လဲ ဖြစ်နေမှာ ၊ သို့သော်လဲ လက်စွမ်းကို သိရအောင် တစ်နေ့တော့ စမ်းကြည့်ဦးမပေါ့ဗျာ'

ထိုခဏ၌ တယ်လီဖုန်းမှ နှိုးစက်ပေးသဖြင့် မောင်စံရှားသည် တယ်လီဖုန်းကို ကောက်ယူနားထောင်၍ အပြန်အလှန် စကားပြောဆိုကြပြီးနောက် ကုလားထိုင်သို့ တစ်ဖန်ထိုင်ပြီးလျှင်

**ရှား**။ ။'ကိုင်း ကိုသိန်းမောင်၊ ခင်ဗျားရေးစရာ အမှုတစ်ခုတော့ ပေါ်လာပြန်ပြီ ထင်တယ်'

**ကျွန်တော်**။ ။'ဘာမှုလဲဗျာ ဘယ်ကလဲ'

**ရှား**။ ။'ယူနိုက်တက် အသက်အာမခံ ကုမ္ပဏီမှာ မန်နေဂျာ လုပ်တဲ့ မစ္စတာဘာကလေးက ဒီကနေ့ ညနေ အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက်နှင့် တိုင်ပင်စရာရှိလို့ မင်တိုမင်ရှင်ဟိုတယ်ကို ခင်ဗျားရော ကျုပ်ပါ ညစာစား လာပါတဲ့ဗျ၊ ဘယ့်နှယ်လဲ ခင်ဗျား လိုက်နိုင်ပါ့မလား၊ ဒီ့ပြင် ချိန်းထားတဲ့ ကိစ္စများ ရှိနေသေးသလား'

**ကျွန်တော်**။ ။'ကိစ္စကလေးတစ်ခုတော့ ရှိတာပဲဗျာ၊ သို့သော်လဲ အရေးမကြီးလှပါဘူး၊ အမှုနှင့် ပတ်သက်လို့ ခေါ်တာဖြင့် ကျွန်တော်လဲ လိုက်ပါမယ်'

ထိုနေ့ည ၇ နာရီ အချိန်ခန့်တွင် ကျွန်တော်နှင့် မောင်စံရှားတို့သည် အဝတ်များလဲလှယ်ကြပြီးနောက် မင်တိုမင်ရှင်ဟိုတယ်သို့ သွားရောက်ကြရာ မစ်စတာ ဘာကလေးမှာ ရောက်နှင့်နေပြီး ဖြစ်သဖြင့် အခန့်သင့်ပင် တွေ့ဆုံကြလေ၏။

မစ်စတာဘာကလေးသည် အနည်းငယ် စိတ်ရှုပ်ထွေးသော အမူအရာနှင့် ကျွန်တော်တို့အား နှုတ်ခွန်းဆက်သပြီးနောက် စားပွဲခန်း၌ ထိုင်မိကြသည်တွင်

**ရှား**။ ။'ဘယ်လိုကိစ္စလဲ မစ်စတာဘာကလေး'

**လေး**။ ။'အသက်အာမခံ အမှုနှင့် ပတ်သက်တယ် မောင်စံရှား၊ သို့သော် ညစာကို ပထမစားကြဦးစို့ ၊ စားပြီးမှပဲ အေးအေးဆေးဆေး တိုင်ပင်စမ်းပါရစေ'

**ရှား**။ ။'စားဖို့အလုပ်ကို ပထမလုပ်ရမယ် ဆိုရင်လဲ ကျွန်တော်ကတော့ ဦးမလေးပါဘူး၊ မဟုတ်ဘူးလား ကိုသိန်းမောင်'

**ကျွန်တော်**။ ။'ခုတ်သိချင်းပဲဗျာ'

ၿငင်းနောက် ကျွန်တော်တို့သည် ဥရောပတိုက်သား ထုံးစံအတိုင်း ကောင်းစွာ တည်ခင်းကျွေးမွေးသော စားစရာများကို မြိန်ရှက်စွာ စားသောက်ကြပြီးနောက် ဆေးပြင်းလိပ် ကိုယ်စီညှိလျက် စည်းစိမ်ရှိသော ကြိမ်ကုလားထိုင်ကြီးများ ပေါ်၌ ပြောင်းရွှေ့၍ ထိုင်မိကြသောအခါ

**လေး။** ။'အမှုကတော့ ငွေငါးထောင်မှုမို့လို့ များများစားစားတော့ မဟုတ်ဘူးမောင်၊ သို့သော် ငွေငါးထောင်ထက် ကုမ္ပဏီ နာမည် ပျက်မှာက သာပြီး အရေးကြီးနေတယ်'

**ရှား။** ။'အစက ပြောပါဗျာ'

**လေး။** ။'ကျွန်ုပ်ထင်မြင်ချက် မှာတော့ ဒီအမှုဟာ ကိုယ့်ကိုယ်ကို သတ်တဲ့ အမှုစစ်စစ်ပဲ မောင်စံရှား'

**ရှား။** ။'ဘယ်သူလဲဗျ့ ဘယ်သူသတ်တာလဲ'

**လေး။** ။'ပဲခူးက ရာဇဝတ်ဝန်ကလေး မောင်ဘသောင်းလေ'

**ရှား။** ။'သြော် သတင်းစာထဲမတော့ တွေ့လိုက်မိသဗျို့၊ မိန်းမရတာလဲ မကြာသေးဘူး ဆိုတယ် မှတ်တယ်၊ ဘယ်လို အကြောင်းကြောင့် ကိုယ့်ကိုယ်ကို သတ်တာတဲ့လဲဗျာ'

**လေး။** ။'ငွေမှုပေါ့ မောင်စံရှား၊ မောင်ဘသောင်းက မြင်းပွဲကလေးလဲ ဝါသနာပါတယ်ဆို ထင်ပါရဲ့၊ စနေအပတ်တိုင်းလဲ ရန်ကုန် လာလာပြီး မြင်းလောင်းလေတော့ တော်တော်ပဲ ရှုံးတယ်လို့ ကြားတယ်၊ မသေခင် တစ်လလောက်ကပဲ သူ့အသက် အာမခံ ပေါ်လစီကို အပေါင်ပြုပြီး ကျွန်ုပ်တို့ကုမ္ပဏီက ငွေချေးဖို့ စာရေးထားသေးတယ်'

**ရှား။** ။'သူသေရင် သူ့အသက် အတွက် အာမခံငွေကို ဘယ်သူ့ပေးဖို့ မှာထားသလဲ'

**လေး။** ။'သူ့မယားကို ပေးဖို့ ပေါ်လစီမှာ ပြထားတယ်၊ သူ့မယားကလဲ မောင်စံရှားသိတဲ့အတိုင်း ကိုယ့်ကိုယ်ကို သတ်ပြီးသေတယ် ဆိုရင် ကျွန်ုပ်တို့ ကုမ္ပဏီထံမှ ငွေငါးထောင် မရမှာ စိုးလေတော့ ဘယ်နည်းနှင့်မှ ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်နိုင်ဘူးလို့ ပြောနေတယ် မောင်စံရှားရဲ့'

**ရှား။** ။(အတန်ငယ် စဉ်းစား စိတ်ကူးပြီးနောက်) 'ခင်ဗျား ထင်မြင်ချက်က မောင်ဘသောင်းဟာ အကြွေးတွေများတဲ့ အတွက် စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကို သေနတ်နှင့် ပစ်သတ်တယ်၊ ပစ်သတ်စဉ်အခါကလဲ ယင်းသို့ ပြုခြင်းအားဖြင့် အသက်အာမခံကုမ္ပဏီက သူ့မယား ငွေငါးထောင် မရဘူးဆိုတာ မစဉ်းစားမိဘူး ၊ ဒီလို ထင်တယ်လား'

**လေး။** ။'ကျွန်ုပ် သိသမျှမှာတော့ မောင်ဘသောင်းဟာ လူပါးလူနပ် တစ်ယောက်ပဲ၊ သို့သော်လဲ စိတ်ညစ်လွန်းအားကြီးတော့ ပြုမိပြုရာ ပြုမိတဲ့ အတွက် ဒီအချက်ကို မစဉ်းစားမိဘူး ထင်တယ်၊ အလောင်းကို တွေ့တော့ သူ့အိမ် ဝင်းထောင့် အနီး ညောင်ပင်ကြီးအောက်မှာ လက်ျာဘက်နားထင်မှာ သေနတ်ဒဏ်ရာနှင့် တွေ့တယ်၊ အနားမှာလဲ သူကိုင်တဲ့ ခြောက်လုံးပြူး သေနတ်ကို တွေ့တယ်'

**ရှား။** ။'အဲဒါကြောင့် ပုလိပ်အရာရှိများရဲ့ ထင်မြင်ချက်ကလဲ ကိုယ့်ကိုယ်ကို သတ်သေခြင်း ဖြစ်တယ်လို့ပဲ ထင်တယ် မဟုတ်လား'

**လေး။** ။'မှန်ပါတယ်၊ ပုလိပ်ကလဲ ဒီလိုပဲ ထင်တယ်၊ ကျွန်ုပ်တို့ကလဲ ဒီလိုပဲ ထင်တယ်၊ သို့သော် မောင်ဘသောင်းရဲ့ ကျန်ရစ်တဲ့ မိန်းမက ကိုယ့်ကိုယ်ကို သတ်ခြင်း မဟုတ်ဘူးလို့ ငွေငါးထောင် တောင်းခံခဲ့လို့ ရှိရင် ကျွန်ုပ်တို့ ကုမ္ပဏီက မပေးဘဲ နေဖို့လဲ အခက် ပေးဖို့လဲ အခက် ဖြစ်နေတယ်'

**ရှား။** ။'ဘယ့်နှယ်ကြောင့်လဲဗျာ'

**လေး။** ။'ပေးပြန်လို့ ရှိရင်လဲ ကိုယ့်ကိုယ်ကို သတ်တာ မှန်ရက်နှင့် ဒီငွေကို ထုတ်ပေးဖို့ရာ နည်းလမ်း စည်းကမ်း မကျရာ ရောက်နေတယ်ဗျ၊ အကယ်၍ မပေးပြန်ဘူး ဆိုရင်လဲ ကုမ္ပဏီမှာ နာမည်ပျက်မှာကိုလဲ စိုးရိမ်ရတယ်၊ အဲဒါကြောင့် ကျွန်ုပ်တို့က ကိုယ့်ကိုယ်ကို သတ်သေခြင်း ဟုတ်မဟုတ်ကို မောင်စံရှား စုံထောက်ပြီး ထင်မြင်ချက် ပေးစေချင်တယ်၊ ကျွန်ုပ်တို့ သဘောမှာတော့ ငွေငါးထောင်ကို ပေးချင်ပေးရပါစေ၊ နည်းလမ်းကျနတာကိုသာ အလိုရှိပါတယ်၊ နာမည်လဲ မပျက်ချင်ပါဘူး'

ထိုအခါ မောင်စံရှားမှာ ဤအမှုနှင့် ပတ်သက်၍ ၎င်းကိုယ်တိုင် အတော်အတန် ထောက်လှမ်း စုံစမ်းပြီးသည့် လက္ခဏာနှင့်

**ရှား။** ။'မောင်ဘသောင်းဟာ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ ကျွန်တော် မထင်ဘူး မစ္စတာ ဘာကလေး၊ ဘာကြောင့်လဲ ဆိုတော့ သူနှင့်လဲ တော်တော်တန်တန် သိကျွမ်းဖူးတယ်၊ ဒီလို အမှုမျိုးကို ပြုမယ့် လူတစ်ယောက် မဟုတ်ဘူး၊ ဒို့ပြင်တစ်ချက်ကလဲ သူ့မယားကို အင်မတန် နှစ်သက်မြတ်နိုးတဲ့ လူတစ်ယောက် ဖြစ်လေတော့ ကြွေးထူလို့ ဆင်းရဲရတဲ့ အပေါ်မှာ အသက်အာမခံ အတွက် ငွေငါးထောင်ကိုလည်း မရပေဘူးဆိုတော့ သူ့မယားမှာ ပင်ပန်းဆင်းရဲ ဖြစ်ရစ်လိမ့်မယ် ဆိုတာ မုချ သူစဉ်းစားမိလိမ့်မယ်'

**လေး။** ။'ခင်ဗျားဟာက တွေးချက်ပဲ ရှိသေးတာပဲ၊ အဖြစ်အပျက်ကို သေသေချာချာ စစ်စစ်ပေါက်ပေါက်လဲ ကြည့်ဦးမှပေါ့ဗျ'

**ရှား။** ။'ကြည့်ပြီလားဗျာ၊ ကျွန်တော့်လောက် စစ်ပေါက်တဲ့ အကောင် ဘယ်မှာ ရှိဦးမလဲ၊ မောင်ဘသောင်း၏ အလောင်းကို စစ်ဆေးကြည့်ရှုစဉ်အခါက ပုလိပ်အရာရှိများ ရှုန်းသွားတဲ့ အချက် တစ်ချက် ရှိတယ်ဗျ'

**လေး။** ။'ဘာလဲဗျာ'

**ရှား။** ။'သေနတ်မှန်တဲ့ လက်ျာဘက်နားထင်မှာ အရေပြားလောင်ကျွမ်းခြင်း မရှိတဲ့အကြောင်းကို ထုတ်ဖော်ပြီး ရေးတော့ ရေးတယ်၊ ရေးပေမယ့် ဒီအချက်ကို ကောင်းကောင်းအရေးယူတဲ့ လက္ခဏာ မရှိဘူး'

**လေး။** ။'ဟုတ်တယ် မောင်စံရှား၊ ဒီဟာကို သူတို့ အရေးမယူဘူး'

**ရှား။** ။'မစ္စတာဘာကလေးလည်း စဉ်းစားကြည့်လေ၊ ကိုယ့်သေနတ် ကိုယ်ကိုင်ပြီး နားထင်မှာ တေ့ပစ်ခဲ့လို့ရှိရင် ပြောင်းဝက ထွက်တဲ့ယမ်းခိုး ဟာ အသားကို လောင်ကျွမ်းရမည် မဟုတ်လား ဗျာ၊ အခုတော့ လောင်ကျွမ်းတဲ့ အရာ မရှိဘဲနှင့် မောင်ဘသောင်းမှာ အခြေထူးတာက တစ်ကြောင်း၊ အလောင်းအနီးမှာ သူကိုင်တဲ့ ခြောက်လုံးပြူးသေနတ်ကို တွေ့တာက တစ်ကြောင်းကြောင့် ကိုယ့်ကိုယ်ကို သတ်ခြင်းဖြစ်တယ်လို့ တစ်ခါတည်း ယုံကြည်လိုက်ကြတာကိုး ဗျ'

**လေး။** ။'ခင်ဗျားက ဒီလို မယုံနိုင်ဘူးပေါ့လေ'

**ရှား။** ။'ဒီလိုမဟုတ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော့် ထင်မြင်ချက်ကတော့ မောင်ဘသောင်းကို တစ်စုံတစ်ယောက် သောသူက သတ်ရမယ်၊ သတ်သောသူဟာ မောင်ဘသောင်းသည် ဘယ်အချိန်မှာ ဘယ်ကို သွားတတ်တယ်ဆိုတာ တင်ကူး သိထားနှင့်သော လူတစ်ယောက်ဖြစ်ရမယ်၊ အလောင်းအနီး၌ ခြောက်လုံးပြူးသေနတ်ကို တွေ့ခြင်းသည် ကိုယ့်ကိုယ်ကို သတ်ကြောင်း မထင်ရှား၊ ၎င်းအား သတ်သောသူသည် မိမိ၏ ခြေရာလက်ရာကို သူတစ်ပါးတို့ မရိပ်မိနိုင်အောင် လုံခြုံစွာ ဖုံးဖိနိုင်သည့် ဉာဏ်ရှိသော သူတစ်ယောက် ဖြစ်ကြောင်းကိုသာ ထင်ရှားတယ် လို့ ကျွန်တော် ထင်ပါတယ်'

**လေး။** ။'ခင်ဗျား ပြောပုံတော့ မောင်ဘသောင်းရဲ့ မိန်းမ မမိန်းကလေးတောင်'

**ရှား။** ။'ဒီလိုလဲ အရင်စလို တွေးလို့ မတော်ဘူး၊ မစ္စတာ ဘာကလေး ကျွန်တော်ယခု တွေးထင်ချက်က သတင်းစာထဲမှာ တွေ့တဲ့အတိုင်း မောင်ဘသောင်းအလောင်းကို လွှန်ခဲ့တဲ့ တနင်္ဂနွေတစ်ပတ်က နံနက်စောစော ညောင်ပင်ကြီး အောက်မှာတွေ့တယ် ၊ ညဉ့်ဦးယံကတော့ သူ့မယားနှင့် အတူတူပဲ အိပ်ရာဝင်တယ်၊ လက်ျာဘက်နားထင်က ကျည်ဆံဝင်ပြီး လက်ဝဲဘက် ကျည်ဆံထွက်တဲ့နေရာက မေးရိုးကျိုးသွားတယ် ၊ ဒါလောက်ပဲ ကျွန်တော်သိရသေးတာကိုး၊ သိရသမျှ ချင့်ချိန်ပြီး ပြောရမှာဖြင့် မောင်ဘသောင်းဟာ အမှန်မုချ ကိုယ့်ကိုယ်ကို သတ်တာ မဟုတ်ဘူး၊ သူတစ်ပါးသတ်လို့ သေတာ အမှန်ပဲ၊ အဘယ့်ကြောင့်ဆိုသော် သတ်သောသူဟာ မည်သူမည်ဝါ ဖြစ်တယ်ဆိုတာကို ဒီကနေပြီး မခန့်မှန်းနိုင်သေးပေဘူးဗျ'

ထိုအခါ မစ္စတာဘာကလေးသည် ဆေးပြင်းလိပ်ကို ဖွာလျက် မောင်စံရှား၏ မျက်နှာကို အတန်ကြာအောင် စိုက်၍ ကြည့်နေပြီးနောက်

**လေး။** ။'မောင်ဘသောင်းဟာ ကိုယ့်ကိုယ်ကို သတ်တာ မဟုတ်ဘူး၊ သူတစ်ပါး သတ်ခြင်း ဖြစ်တယ်လို့ ထင်ရှားအောင် ခင်ဗျားက သက်သေခံပြနိုင်ခဲ့လို့ရှိရင် ကျွန်ုပ်တို့ ကုမ္ပဏီမှာ ငွေငါးထောင်တော့ဖြင့် လျော်ရတော့မှာပဲ ၊ သို့သော်လဲ ကျွန်ုပ်တို့ သဘောက ထင်ရှားခဲ့လို့ ရှိရင် ငွေကို လျော်ချင်ပါတယ်၊ နာမည်အပျက်မခံချင်ပါဘူး မောင်စံရှား၊ ဒီတော့ကာ ကုန်ကျသမျှ စရိတ်ကို ဘီလ်လုပ်ပြီး ပို့လိုက်ပါ၊ ကျွန်ုပ်တို့က အကုန်ပေးမယ်၊ တတ်နိုင်ခဲ့လို့ ရှိရင် မောင်စံရှားကိုယ်တိုင် သွားပြီးစုံစမ်း စစ်ဆေးစေလိုပါတယ်'

**ရှား**။ ။'ကောင်းပါပြီ၊ ကျွန်တော် တတ်နိုင်သမျှ ဆောင်ရွက်ပါ့မယ်၊ ဘယ့်နှယ်လဲဗျို့ ကိုသိန်းမောင် လိုက်မလား'

**ကျွန်တော်**။ ။'ကျွန်တော်လဲ အခုတလော အလုပ်ပါးပါးပါရဲ့ဗျာ၊ လိုက်တာပေါ့'

၎င်းနောက် မစ္စတာဘာကလေးသည် တစ်ဆယ်တန်စက္ကူငါးချပ်ကို စရိတ်စက အတွက် စရံငွေအဖြစ်ဖြင့် ပေးအပ်ပြီးလျှင် ကျွန်တော်နှင့် မောင်စံရှားတို့သည် မစ္စတာဘာကလေးသည်အား နှုတ်ဆက်၍ ဟိုတယ်မှ ပြန်လာခဲ့ကြလေ၏။

နောက်တစ်နေ့ နံနက်စောစော၌ ကျွန်တော်နှင် ့မောင်စံရှားတို့သည် မီးရထားဖြင့် ပဲခူးမြို့သို့ လိုက်ပါသွားကြပြီးလျှင် ဘုတာရုံသို့ မီးရထားဆိုက်သည်နှင့် တစ်ပြိုင်နက် ဌာနာသို့ သွားရောက်ကြလေ၏။

ထိုအချိန်၌ ဌာနာအုပ်သည် အပြင်သို့ သွားရောက်ခိုက်ဖြစ်သဖြင့် မောင်စံရှားသည် စာသင်အား မောင်ဘသောင်း၏ အမှုနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလေရာ ၎င်းစာသင်သည် မောင်စံရှားအား ကြားဖူးသည် ဖြစ်သောကြောင့် မောင်စံရှား မေးမြန်းသမျှကို ရိုသေစွာ ဖြေဆိုလေ၏။ အရေးမကြီးလှသော မေးခွန်းအနည်းငယ်ကို မေးမြန်းပြီးနောက်

**ရှား**။ ။'နောက်ထပ်ဘာများ သတင်းထူးသေးလဲ'

**သင်**။ ။'ဘာမှ မထူးပါဘူး ဆရာ'

**ရှား**။ ။'သဲလွန်စကလေးများ မရဘူးလား'

**သင်**။ ။'မရဘူး ဆရာ'

**ရှား**။ ။'ခြေရာများကော မတွေ့ဘူးလား'

**သင်**။ ။'ထင်ထင်ရှားရှား မတွေ့ပါဘူး ဆရာ၊ အလောင်းနားမှာ ညောင်ရွက်တွေနှင့် ရွှံ့တွေ ရှုပ်ရှက်ခတ်ဖြစ်နေလေတော့ ခြေရာတွေ့ဖို့ အင်မတန်ခဲယဉ်းပါတယ် ဆရာ'

**ရှား**။ ။'မှန်တယ်၊ သစ်ရွက်ပေါ်မှာ ခြေရာတွေ့ဖို့တော့ အခက်သားပဲ ၊ အိမ်ထဲကော ဝင်ရှာကြသေးလား'

**သင်**။ ။'အင်စပိတ်တော်တော့ ဝင်ရှာတယ် ဆရာ၊ နို့ပေမယ့် ဘာဆိုင်သလဲ ဆရာ၊ အလောင်းတွေ့တာက ညောင်ပင် အောက်မှာ တွေ့တယ်၊ အိမ်ထဲမှာ ဝင်ရှာလို့ ဘာအကျိုး ရှိမှာလဲ ဆရာ'

**ရှား**။ ။'ဘာများတွေ့သလဲ'

**သင်**။ ။'ဖန်ကွဲတစ်ခု၊ သံမှိုတစ်ချောင်းနှင့် သစ်ရွက်တစ်ရွက်ကို အိမ်ပေါ် လှေကားထိပ်မှာ တွေ့သတဲ့ ဆရာ'

**ရှား**။ ။(ဖြတ်လတ်သော အမူအရာနှင့်) 'အလို သစ်ရွက် ဟုတ်စ၊ ဘာသစ်ရွက်လဲ'

**သင်**။ ။'သစ်ရွက်ခြောက်ပါ ဆရာ၊ ညောင်ရွက်ခြောက်ပါ၊ ရွှံ့တွေနှင့် လူးလို့ သူခြေထောက် သူကပ်ပါလာတာ၊ သူပြန်ပြီး တွေ့နေတာ ထင်ပါရဲ့ ဆရာ'

**ရှား**။ ။'သူတွေ့တဲ့ ပစ္စည်းတွေ ဘယ်မှာ ထားသလဲ'

**သင်**။ ။'မှန့်သေတ္တာ အလွတ်ကလေးနှင့် ထည့်ပြီး ဘီရိုထဲမှာ ထားတယ် ဆရာ'

**ရှား**။ ။'ကျုပ်ကြည့်ချင်တယ်၊ သော့မရှိဘူးလား'

**သင်**။ ။'ဂတ်စာရေးဆီမှာ သော့ရှိတယ် ဆရာ၊ ကြည့်ပေမယ့် ထူးမယ်တော့ မထင်ပါဘူး'

**ရှား**။ ။'သွားယူခဲ့စမ်းပါဗျာ၊ ကျုပ် ကြည့်စမ်းပါရစေ'

တစ်ခဏမျှကြာလျှင် စာသင်သည် မုန့်သေတ္တာ သံပုံးတစ်ခုကို ယူလာ၍ မောင်စံရှားအား ပေးအပ်ရာ မောင်စံရှားသည် ဖန်ကွဲနှင့် သံမှိုတို့ကိုမူ အရေးမကြီးသည့် လက္ခဏာနှင့် ဖယ်ရှားထားပြီးနောက် သစ်ရွက်ခြောက်ကိုမူ သေချာစွာ ကြည့်ရှု၍ တစ်စုံတစ်ခု အကြံရသည့်လက္ခဏာဖြင့် ခေါင်းညိတ်ကာ လည်ညိတ်ကာဖြင့် ဝမ်းသာအားရ ရှိနေခဲ့လေ၏။ ၎င်းနောက်

**ရှား**။ ။'အင်စပိတ်တော်က အလောင်းကို သွားပြီး ကြည့်တဲ့အခါမှာ ခင်ဗျားပါသွားသလား'

**သင်**။ ။'ပါသွားပါတယ် ဆရာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် ကျုပ်မေးတာ သေသေချာချာ စဉ်းစားပြီး ဖြေစမ်းဗျာ၊ အင်စပိတ်တော် သွားစဉ်အခါက အိမ်ထဲကို အရင်ဝင်သလား၊ ညောင်ပင်အောက်ကို အရင်သွားသလား'

**သင်**။ ။'မြင်းရထားနှင့် သွားပြီး ရထားရပ်ရပ်ခြင်း အိမ်ပေါ်ကို တစ်ခါတည်း တက်သွားတာပဲ ဆရာ'

**ရှား**။ ။'ဒီပြင်တစ်ခု မေးဦးမယ်၊ စဉ်းစားဖြေနော်၊ အလောင်းကို ယူလာပြီးတဲ့နောက် အိပ်ပေါ်ကို တင်သေးသလား၊ အိမ်အောက်မှာပဲ ထားသလား'

**သင်**။ ။'အိမ်အောက်မှာပဲ ထားတယ် ဆရာ'

**ရှား**။ ။'အိမ်ပေါ်မှာ ဦးဘသောင်း လင်မယားအပြင် ဘယ်သူများ အိပ်သေးသလဲ'

**သင်**။ ။'အစေခံ မောင်ဘိုးဦးက အိမ်ပေါ်မှာ အိပ်တယ် ဆရာ၊ အိမ်အောက်မှာတော့ ဒေါ်ကျော့တို့ လင်မယား အိပ်တယ်'

**ရှား**။ ။'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ် ရောက်လာတဲ့ အကြောင်းကို ရပ်ထဲရွာထဲမှာ ဘယ်သူမှ မပြောနှင့်နော်'

**သင်**။ ။'ကောင်းပါပြီ ဆရာ'

**ရှား**။ ။'ဦးဘသောင်းအိမ်က လူများကို မပြောနှင့်နော်'

**သင်**။ ။'စိတ်ချပါဆရာ'

၎င်းနေ့ညနေ၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် မောင်ဘသောင်း၏ နေအိမ်သို့ သွားရောက်ကြလေ၏။ ၎င်းမှာ လိပ်ပြာကန်ကြီး၏ အနီး၌ တည်ရှိ၍ ကျယ်ဝန်းသော ဝင်းကြီး အတွင်းမှာ သပ်ရပ်စွာ ဆောက်လုပ်ထားရှိ၍ ကောင်းမွန်ခမ်းနားသော အိမ်ထောင် ပစ္စည်းများဖြင့် သားသားနားနား ပြင်ဆင်လျက် ထားရှိလေရာ ကျွန်တော်တို့သည် အိမ်တွင်းသို့ ဝင်သွားကြသောအခါ မောင်ဘသောင်း၏ ဇနီး မမိန်းကလေးသည် ကျွန်တော်တို့အား ဧည့်ခန်း၌ ဧည့်ခံ၍ စကားပြောဆိုလျက် ရှိကြလေ၏။

မမိန်းကလေးမှာ အသက် နှစ်ဆယ့်ငါးနှစ်ခန့်မျှ ရှိ၍ ပိန်ပိန်ပါးပါးနှင့် သနားကမားရှိသော မိန်းမ တစ်ယောက် ဖြစ်လေရာ ၎င်း၏ ရုပ်လက္ခဏာကို ထောက်ချင့်ခြင်းအားဖြင့် အထက်တန်းစား မိန်းမတစ်ယောက် ဖြစ်၍ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ရှိကြောင်းကိုလည်း ထင်ရှားပေ၏။ ကျွန်တော်တို့နှင့် စကားပြောဆိုလျက် ရှိစဉ် ကြည်လင်တောက်ပြောင်သော မျက်လုံးများကို ရှည်လျားကော့စင်းသော မျက်တောင်တို့ဖြင့် ဖုံးအုပ်လျက် မျက်လွှာချကာ စဉ်းစားဆင်ခြင်ကာ ရှိနေသည့် အမူအရာကို ထောက်ချင့်ပြန်သောအခါ ၎င်းမိန်းမသည် စဉ်းစား ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍ မိမိ၏ စိတ်ကို ချုပ်တည်းနိုင်သော အမျိုးကြီးမိန်းမ တစ်ယောက်ဖြစ်ကြောင်းကိုလည်း ထင်ရှားခဲ့ပေ၏။

ကျွန်တော်တို့အား နေရာထိုင်ခင်းပေးပြီးနောက် ကိစ္စကို မေးမြန်းသောအခါ မောင်စံရှားက ကွယ်လွန်သူ မောင်ဘသောင်းနှင့် မိတ်ဆွေကြီး တစ်ဦး ဖြစ်ကြောင်း၊ ၎င်း သေဆုံးသည်ဟု ကြားရ၍ ပုလိပ်အရာရှိတို့၏ ယူဆပုံကို ကောင်းစွာ မကျေနပ်သဖြင့် လာရောက်ရခြင်း ဖြစ်ကြောင်း၊ သို့ပင် လာရောက်ရပါသော်လည်း လူတစ်ဦးတစ်ယောက်၏ စိတ်လက် မကြည်မသာ ရှိသည့် အခါတွင် မေးလားမြန်းလား စုံစမ်းလား လုပ်ရမည်ကို များစွာ အားနာလှကြောင်းနှင့် ပြောဆိုသည်တွင် မမိန်းကလေးက မိမိအား အားမနာဘဲ မေးလိုသမျှကို မေးမြန်းပြောဆိုနိုင်ပါကြောင်း၊ ပုလိပ်အရာရှိတို့၏ ထင်မြင်ချက်ကို မိမိကိုယ်တိုင်ကပင် စိတ်မကျေနပ်သည် ဖြစ်သောကြောင့်၊ ဦးစံရှားက ဟုတ်တိုင်းမှန်စွာ ပေါ်ပေါက်စေအောင် ထောက်လှမ်းစုံစမ်းနိုင်သည် ဖြစ်ပါက များစွာ ကျေးဇူးကြီးလှသည် ဖြစ်ပါကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ

**ရှား**။ ။'မင်းကတော်က ယခုလို ကူညီမယ် ဆိုလို့ရှိရင်ဖြင့် ပေါ်ပေါက်အောင် စုံထောက်နိုင်ဖို့ မျှော်လင့်ရန် ရှိပါတယ်၊ ဒီအမှုကိစ္စနှင့် ပတ်သက်ပြီး အရေးကြီးတယ် ထင်တဲ့ အချက် ရှိသမျှကို ပြောပြပါ၊ ဒါထက် ကျွန်တော် မေးပါရစေ၊ ဟိုညက ကိုဘသောင်းဟာ အိပ်ရာထပြီး ညောင်ပင်အောက်ကို ဘာကိစ္စ သွားတာလဲ မင်းကတော်'

ဟု မေးသောအခါ မမိန်းကလေးသည် နှလုံးမသာယာဖွယ် ဖြစ်သော အကြောင်းအရာများကို ပြန်လည်ထုတ်ဖော်တွေးတောရသောကြောင့် လည်းကောင်း၊ သို့တည်းမဟုတ် မိမိ၏ စကား၌ အပြစ်အနာအဆာ ပါရှိမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း အတန်ကြာအောင် စဉ်းစားစိတ်ကူးနေပြီးမှ

မိန်း။ ။'ဒီလိုပါရှင်၊ ကိုဘသောင်းက လွန်ခဲ့တဲ့ လေးငါးလလောက် အတွင်းမှာ မြင်းပွဲကလေး လောင်းလိုက် ဘာလိုက်နှင့် ကြွေးငွေပစ္စည်း ဆုံးရှုံးလို့ စိတ်မငြိမ်မသက် ရှိတဲ့အတွက် မအိပ်နိုင် မစားနိုင်ဖြစ်ပြီး တစ်ခါတစ်ခါ အိပ်ရာထဲ ရောက်ပေမယ့် စိတ်အိုက်တဲ့ လက္ခဏာနှင့် အိပ်ရာကထပြီး ဝင်းထဲ စင်္ကြံလျှောက်လေ့ ရှိပါတယ်၊ ကျွန်မလဲ လောင်းကစားတဲ့ အလေ့အကျင့်ကို စွန့်ပစ်ဖို့ အကြိမ်ကြိမ်ပဲ တောင်းပန်ပေမယ့် မရဘူး၊ ကျွန်မက ပါတဲ့ ပစ္စည်းလဲ ကုန်ပါရော၊ သူရတဲ့ လခ ဟာလဲ အလျင်မီတယ်လို့ပဲ မရှိခဲ့ပါဘူးရှင်'

**ရှား။** ။'လောင်းကစားတဲ့ အလေ့အကျင့် မျိုးဆိုတာ တစ်ခါစွဲမိရင် ဖြတ်နိုင်ခဲတာမို့လား မင်းကတော်၊ ဒါထက် ကိုဘသောင်းဟာ အိမ်ဝင်းထဲမှာ လမ်းလျှောက်သည့် အခါတိုင်း ခြောက်လုံးပြူး ဆောင်လေ့ရှိသလား'

မိန်း။ ။'အရင်တစ်ခါ ဓားပြတစ်စုကို ဖမ်းတုန်းက ဓားပြတစ်ယောက် လွတ်သွားကတည်းက ဒီလူဟာ သူ့အသက်ကို ရန်ရှာမယ့် လူရယ်လို့ သတင်းရလေတော့ ဒီကတည်းက စပြီး ခြောက်လုံးပြူးကို ဘယ်တော့မှ မချဘူးရှင့်'

ယင်းကဲ့သို့ မေးမြန်း ဖြေဆိုလျက် ရှိကြစဉ် မောင်စံရှားသည် မမိန်းကလေး၏ မျက်နှာထားကို လည်းကောင်း၊ အမှုအရာကို လည်းကောင်း စေ့စေ့ကြည့်ကာ အကဲခတ်လျက် ရှိရာ ပြောဆိုသော စကားနှင့် ၎င်း၏ မျက်နှာထားသည် ညီညွတ်ပါ၏လော ဟူ၍လည်း သေချာစွာ အကဲခတ်လျက် ရှိသည်ကို ကျွန်တော် တွေ့ရှိရလေ၏။

၎င်းနောက် မောင်စံရှားက ထိုအမှု၌ ဆုံးခန်းတိုင်အောင် စုံထောက်လိုသည် ဖြစ်ပါ၍ အမှုမပြီးမချင်း ကျွန်တော်တို့ နှစ်ယောက်ကို ထိုအိမ်၌ တည်းခိုရန် ခွင့်ပြုပါမည်အကြောင်းနှင့် တောင်းပန်သောအခါ မမိန်းကလေးသည် မည်သို့မျှ ပြန်မပြောဘဲ မျက်လွှာချကာ စဉ်းစား ဆင်ခြင်လျက် ရှိနေလေ၏။
ထိုအခါ မောင်စံရှားက ထိုအမှုကို ပေါ်ပေါက်အောင် စုံထောက်မည် ဆိုသော်လည်း နေ့ရက်ရှည် ကြာမည် မဟုတ်ဘဲ တစ်ရက်နှစ်ရက် မျှသာလျှင် တည်းခို နေထိုင်မည် ဖြစ်ပါကြောင်း၊ မင်းကတော်နှင့် သိဟောင်းကျွမ်းဟောင်း မဟုတ်သဖြင့် ယင်းကဲ့သို့ တည်းခိုရခြင်းကို အားနာလှသည် မှန်သော်လည်း အရေးကြီးသည့် လူသတ်မှုကို စုံထောက်ရသည့်အခါ၌ အမှုဖြစ်ပွားသည့် နေအိမ်၌ နေ့ရောညဥ့်ပါ တည်းခို စုံထောက်ရမှသာလျှင် ပေါ်ပေါက်နိုင်ရန် ရှိကြောင်းနှင့် ထပ်လောင်း၍ ပြောဆိုသည်တွင်မှ မမိန်းကလေးသည် စိတ်မပါ့တပါရှိသော အမူအရာနှင့် ကျွန်တော်တို့ တည်းခိုခြင်းကို သဘောတူညီခဲ့လေ၏။

ထိုအခါ ကျွန်တော်တို့သည် ရန်ကုန်မှ ယူဆောင်လာခဲ့သော လက်ဆွဲသားရေအိတ်များကို ဌာနသို့စေလွှတ်ယူငင်စေပြီးနောက် ထိုအိမ်၌ တည်းခို နေထိုင်ခဲ့ကြလေရာ မောင်စံရှားသည် မင်းကတော် မမိန်းကလေးနှင့် စကားပြောဆိုလျက်ရှိသည့် အခါတို့၌ အခြားစကားတို့ကို ပြောဆိုလျက် ရှိရာမှ အလစ်ကိုကောက်၍ လူသတ်မှုအကြောင်းကို တစ်ကြိမ်နှစ်ကြိမ် စသည်ဖြင့် မေးမြန်းပြီးလျှင် မမိန်းကလေး၏ မျက်နှာကဲကို ခတ်လျက် ရှိလေ၏။ သို့ရာတွင် ကျွန်တော် တွေ့မြင်ရသမျှမှာ မမိန်းကလေးသည် မည်သည့်အခါမျှ မျက်နှာပျက်သည်ကို မတွေ့မမြင် ခဲ့ရချေ။

၎င်းနောက် ကျွန်တော်တို့သည် အလောင်းတွေ့ရှိသည် ဆိုသော နေရာသို့ သွားရောက်ကြည့်ရှုကြရာ မောင်စံရှားက အခြားသော နေရာတို့၌ ညောင်ရွက်များ မရှိဘဲ ထိုဝင်းထောင့်၌သာလျှင် ညောင်ရွက်များရှိခြင်းသည် အရေးကြီးသော အချက်တစ်ခု ဖြစ်ကြောင်းကို ပြောဆိုပြီးလျှင် လေ့ခါးထက်၌ အင်စပိတ်တော် တွေ့ရှိသော ညောင်ရွက်ခြောက်သည် ဤအရပ်မှ လာသော ညောင်ရွက်ပင် ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ထိုညဥ့်၌ ကျွန်တော်တို့သည် အိပ်ရာသို့ မဝင်မီ အိမ်ရှေ့ဝင်းအတွင်း၌ ပက်လက်ကုလားထိုင်များနှင့် ထိုင်နေကြပြီးလျှင် မောင်စံရှားသည် အစေခံများကို တစ်ယောက်စီ စစ်ဆေးလိုသည်ဖြစ်၍ ဥပါယ်တံမျှင်ဖြင့် ခေါ်ငင်ပြီးလျှင် ရှေးဦးစွာ ဒေါ်ကျော့လင်မယားကို စစ်ဆေးမေးမြန်းလေ၏။ ၎င်းနောက် မောင်ဘိုးဦးကို လက်ဖက်ရည်ကြမ်းယူခဲ့ရန် ခေါ်ငင်ပြီးနောက် မောင်စံရှားသည် ၎င်း၏ ဝါသနာအတိုင်း တိုက်ရိုက်စစ်ဆေးသည့် အနေမျိုးဖြင့် မဟုတ်ဘဲ အပျင်းပြေ စကားပြောသည့် အနေမျိုးဖြင့် စမ်းသပ်ထောက်လှမ်းလျက်ရှိရာ

**ရှား။** ။'ဘယ့်နှယ်လဲဟေ့ ငါ့လူ၊ မင်းတို့တော့ သခင်သစ် ရှာရပြန်တော့မယ် မှတ်တယ်'

**ဦး။** ။'ဟုတ်ကဲ့ ခင်ဗျာ၊ မင်းကတော်က တစ်လလောက်တော့ နေကြပါဦးလို့ ပြောတယ်၊ တစ်လကျော်မှပဲ သူလဲ မိဘရပ်ထံပြန်ပြီး ကျွန်တော်တို့လဲ အလုပ်ရှာကြပေတော့ တဲ့'

**ရှား။** ။'အလုပ်လုပ်ရပေမယ့် ကိုဘသောင်းလို ဆရာကောင်းနှင့် လုပ်ရတော့ အနေချောင်ချိတာပေါ့ကွယ် မဟုတ်ဘူးလား'

**ဦး။** ။'မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ ဆရာက ပိုက်ဆံမရှိပေမယ့် နည်းနည်းမှ အနှမြော မရှိဘူးဗျ၊ ပေးကမ်းတဲ့ နေရာမှာလဲ အင်မတန်ပဲ ရက်ရောပါတယ်'

**ရှား။** ။'ဖြစ်ရလေကွယ် ကြည့်ပါဦးတော့ ၊ တစ်သက်ပတ်လုံး သူခိုးတွေဖမ်း၊ ဓားပြတွေဖမ်းနှင့် လူဆိုးတွေနှင့်ချည်း စစ်တိုက်လာခဲ့ရတဲ့ သူဟာ ဟိုတုန်းကတော့ ဘာမှ မဖြစ်ပဲနှင့် ကိုယ့်အိမ်ထဲမှာ အေးအေးဆေးဆေး နေရတဲ့ အခါမှ ဒီလိုလာပြီး ဖြစ်ရတယ်ကွယ်'

**ဦး။** ။'အောင်မယ် ဟိုတုန်းကလဲ ဘာမှ မဖြစ်ဘူးလို့ မဆိုနိုင်ဘူး ဆရာရဲ့၊ သူ့ညာဘက်လက်မှာ '

ထိုခဏ၌ မောင်စံရှားသည် ဆတ်ခနဲ မော်ကြည့်လိုက်သည် ဖြစ်၍ မောင်ဘိုးဦးသည် ပြောမည့်စကားကို ရုတ်တရက် မပြောဘဲ ရပ်တန့်လျက် ရှိနေရာ

**ရှား။** ။'ဘာဖြစ်သလဲကွဲ့၊ ညာဘက်လက်မှာ ဘာပါသလဲ'

**ဦး။** ။'ဟိုတုန်းက လူဆိုးက လက်မောင်းကို ဓားနှင့် အခုတ်ခံရဖူးတယ် ဆရာရဲ့၊ ဒီကတည်းက အကြောပြတ်ပြီး ညာဘက် လက်ကို ပခုံးအထက်ရောက်အောင် မမြှောက်နိုင်ဘူး၊ ဒီအကြောင်းကို ကျွန်တော်က ဆရာတပည့် အရင်းမို့လို့ သိတယ်၊ ကျွန်တော်ကလွဲရင် မင်းကတော်တစ်ယောက်ပဲ သိတယ်ထင်တယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ ဆရာဟာ ခေါင်းပေါင်းတောင်မှ ဘယ်အခါမှ မပေါင်းဘူး၊ ဦးထုပ် ဆောင်းတာနှင့်ပဲ ပြီးတာပဲ၊ ညာဘက်လက် မသန်တဲ့ အတွက် '

ထိုခဏ၌ ဘိုးဦးသည် ပြောမည့်စကားကို ဆက်လက်၍ မပြောဘဲ တစ်စုံတစ်ရာကို သတိရသဖြင့် ထိတ်လန့်သည့် လက္ခဏာနှင့် ရပ်တန့်လျက် ရှိရာ

**ရှား။** ။'ဟုတ်လားဟေ့ ဒါနှင့်တောင် ..'

ဟု ပြော၍ စကားမဆုံးမီပင် အိမ်ပေါ်မှ မမိန်းကလေး၏ အသံဖြင့် 'ဘိုးဦးရေ' ဟု ခေါ်လိုက်သဖြင့် ဘိုးဦးလည်း အိမ်ပေါ် သို့ ပျာယီးပျာယာ တက်ပြေးလေ၏။

ထိုအခါ မောင်စံရှားက ဘိုးဦး၏ အမူအရာကို မသင်္ကာစရာ ဖြစ်သဖြင့် ၎င်းအား အလစ်မခံဘဲ စောင့်ကြပ် ကြည့်သင့်ကြောင်းနှင့် ပြောဆိုပြီးနောက် ကျွန်တော်တို့သည် အိမ်ပေါ် သို့ တက်ကြလေ၏။

၎င်းအိမ်ကြီး၏ အပေါ် ထပ် ၌ကား အိပ်ခန်းသုံးခန်းမျှ ရှိလေရာ လက်ဝဲဘက်၌ ရှိသော အခန်းကြီးမှာ မောင်ဘသောင်း လင်မယား အိပ်သော အခန်းကြီး ဖြစ်၍ လက်ယာဘက်၌မူ အခန်းနှစ်ခန်းဖြစ်အောင် ကန့်ထားလျက် နောက်ဖေးဘက်က အခန်းမှာ အစေခံ ဘိုးဦး အိပ်စေ၏။ အိမ်ရှေ့ခန်းမှာ ဧည့်သည်များအတွက် သီးသန့်ထားဟန် လက္ခဏာ ရှိလေသည်။ ကျွန်တော်တို့သည် အိမ်ပေါ် သို့ ရောက်ကြသောအခါ မမိန်းကလေးသည် ဒေါ်ကျော့နှင့် အတူ အိပ်ခန်းကြီးသို့ ဝင်သွားပြီး ဖြစ်သဖြင့် ကျွန်တော်တို့မှာ ကျွန်တော်တို့အတွက် ပြင်ဆင်ထားသော အိပ်ခန်းသို့ ဝင်ကြမည် ပြုသည်တွင် အစေခံဘိုးဦးသည် မိမိ၏ အခန်းသို့ မဝင်သေးဘဲ အောက်ထပ်၌ ရှိသော ဒေါ်ကျော့၏ ယောက်ျား ဦးပေါနှင့် အိမ်ထောင်ပစ္စည်းများကို သိမ်းဆည်းရင်း အစေခံတို့ဘာဝ စကားပြောဆိုလျက် ရှိနေကြလေ၏။

ထိုအခြင်းအရာကို မောင်စံရှား သိရှိလေလျှင်

**ရှား။** ။'ကိုင်း ကိုသိန်းမောင်၊ ဘိုးဦး အခန်းကို ကျုပ်ဝင်ပြီး ရှာချင်တယ်ဗျာ၊ ခင်ဗျားက အခန်းဝက စောင့်နေပြီး ဘိုးဦးလာတာ မြင်ရင် ချောင်းဟန့် လိုက်ပေတော့' ဟု ပြောပြီးနောက် ဘိုးဦး၏ အခန်းတွင်းသို့ ဝင်သွားလေ၏။

ကျွန်တော်သည် အခန်း၀ အနီးမှ ရပ်လျက် အိမ်နောက်လေ့ခါးသို့ မျှော်ကာ ဘိုးဦးတက်လာမည်ကို စောင့်ဆိုင်းလျက်ရှိရာ ဆယ်မိနစ်ခန့်မျှ ကြာသောအခါ မောင်စံရှားသည် အရေးကြီးသော အရာဝတ္ထု တစ်စုံတစ်ခုကို တွေ့ရှိသည့် လက္ခဏာနှင့် ဝမ်းမြောက်ဝမ်းသာ ထွက်လာခဲ့၍ အိပ်ခန်းသို့ ဝင်ကြလေ၏။

အခန်းတွင်းသို့ ရောက်သောအခါ ကျွန်တော်က မည်သည့်အရာကို တွေ့ရှိပါသနည်းဟု မေးမြန်းပါသော်လည်း မောင်စံရှားသည် အမှုတစ်စုံတစ်ခု၌ ဆုံးခန်းတိုင် မရောက်သေးသမျှ ကာလပတ်လုံး ထုတ်ဖော်ပြောဆိုလေ့ မရှိသော မိမိ၏ ဝါသနာအတိုင်း

'အိပ်ချင်လှပါပြီဗျာ၊ မနက်ဖြန်ကာ ညကျတော့ ခင်ဗျား သိပါလိမ့်မယ်၊ အိပ်ကြပါဦးစို့'

ဟု ပြောသဖြင့် ကျွန်တော်မှာ ထပ်လောင်း၍ မေးမြန်းသော်လည်း အကျိုးမရှိသည့် အကြောင်းကို သိရှိသည် ဖြစ်၍ အိပ်ရာသို့ ဝင်ရလေ၏။

နောက်တစ်နေ့၌ ကျွန်တော်တို့သည် ရွှေမော်ဓော ဘုရားသို့ လည်းကောင်း ၊ အာဇာနည်အသင်းအမှုနှင့် ပတ်သက်၍ စုံထောက်ခဲ့ရသော ကျိုက်ပဒိုင်ရွာသို့ လည်းကောင်း သွားရောက်လည်ပတ်ခြင်း အားဖြင့် အချိန်ကုန်လွန်စေခဲ့ပြီးလျှင် မိုးချုပ်သည့် အခါမှ အိမ်သို့ ပြန်လာခဲ့ကြလေ၏။

ထိုနေ့ညနေတွင် မောင်စံရှားသည် ကျွန်တော့်အား တည်းအိမ်၌ ထားခဲ့ပြီးလျှင် ဌာနသို့ သွားရောက်၍ တစ်နာရီကျော်ခန့် ကြာသည့်အခါမှ ပြန်လာခဲ့လေ၏။

ည ၁၀ နာရီ ထိုးလတ်သော် ကျွန်တော်တို့သည် အိပ်ခန်းသို့ ဝင်ကြ၍ မောင်စံရှားက 'ဒီကနေ့ည ကိစ္စရှိတယ်နော် ကိုသိန်းမောင်၊ မအိပ်နှင့်အုံး' ဟု မှာထားသဖြင့် ကျွန်တော်တို့သည် အိပ်ရာ၌ ပက်လက်လှန်ကာ စကားမပြောဘဲ ဆေးလိပ်များကို ဖွာလျက် ရှိနေကြလေ၏။ ၁၂ နာရီ ထိုးသဖြင့် တစ်အိမ်လုံး တိတ်ဆိတ်လျက် ရှိလတ်သော် မောင်စံရှားသည် ကျွန်တော့်အား လက်ကုပ်ပြီးနောက် အိပ်ခန်းပြတင်းပေါက်ကို ဖြေးညင်းစွာ ဖွင့်လေ၏။ ၎င်းနောက် ပြတင်းပေါက်ပေါ်မှ ကျော်တက်၍ မောင်စံရှားသည် အိမ်အောက်သို့ ခြေသံမကြားအောင် ဖြည်းညင်းစွာ လျှောချလေရာ ကျွန်တော်မှာလည်း ၎င်းနည်းတူ အိမ်ပေါ်မှ လျှောချလေ၏။ အိမ်အောက်သို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ကျွန်တော်၏ လက်ကို ကိုင်ဆွဲ၍ ခေါ် သွားလေရာ ထိုညမှာ လဆန်း ၆ ရက် ဖြစ်၍ မှောင်နှင့်မည်းမည်း ရှိနေခဲ့လေ၏။ ကျွန်တော်သည် မောင်စံရှား ခေါ်ရာသို့ လိုက်ပါသွားရာ မောင်ဘသောင်း၏ အလောင်းကို တွေ့ရှိရာဖြစ်သော ညောင်ပင်ကြီးအောက်သို့ ရောက်လျှင် မောင်စံရှားသည် ကျွန်တော့်အား ညောင်ပင်ကို မှီလျက် မလှုပ်မရှားဘဲ စောင့်ဆိုင်းနေရန် မှာထားပြီးနောက် ညောင်ပင်၏ အခြားဘက်၌ ကျွန်တော်ကဲ့သို့ ညောင်ပင်ကို မှီကာ တိတ်ဆိတ်စွာ စောင့်ဆိုင်းမျှော်လင့်လျက် ရှိလေ၏။

ထိုအချိန်သည်ကား သန်းခေါင်ကျော်ပြီ ဖြစ်သဖြင့် တစ်မြို့လုံး တိတ်ဆိတ်လျက် ရှိခဲ့သည် ဖြစ်ရာ မည်သည့်အရပ်မှ ဘေးအန္တရာယ် လာရောက်မည်ကို မသိဘဲလျက် စောင့်ဆိုင်းကာ နေရသောကြောင့် ကျွန်တော့်မှာ ကြောက်လန့် တုန်လှုပ်လှသည် ဖြစ်၍ ရင်တွင်းမှ တဒိန်းဒိန်း တဒိုင်းဒိုင်း လှုပ်ရှားလျက် ရှိသည့် အသံမှာ မီးရထား စက်သံကဲ့သို့ ကျွန်တော်၏ နား၌ ထင်ရှားစွာ ကြားရလေ၏။ ဌာနမှ နာရီပြန် တစ်ချက် ထိုးသံကို ကြားရသောအခါ ကျွန်တော်တို့ စောင့်ဆိုင်း၍ နေခြင်းမှာ တစ်နာရီမျှသာ ကြာသေးသည့် အကြောင်းကို သိရှိရသော်လည်း ကျွန်တော်၏ စိတ်၌ကား ကြာလှပြီ မှတ်ထင်၍ လင်းအားကြီး အချိန်တိုင် ရောက်ပြီ ဟူ၍ပင် ထင်မှတ်မိခဲ့လေ၏။

တစ်ချက်ထိုးသဖြင့် စန္ဒလီကုလားသည် 'ယေးဘကြားဟိုး' ဟု အသံရှည်ရှည် ဆွဲ၍ အော်ဟစ်ပြီးသည်၏ အဆုံး၌ ကျွန်တော်တို့သည် မမိန်းကလေး၏ အိမ်ဘက်မှ ဖြေးညင်းစွာ လျှောက်လာသော ခြေသံများကို ကြားကြရလေရာ ကျွန်တော့်မှာ နားမျက်စိများကို ဖွင့်လျက် အသက်ကိုမျှ မရှူမိဘဲ အောင့်အီးကာ စောင့်ဆိုင်းလျက် ရှိနေလေ၏။ ခြေသံသည် တဖြည်းဖြည်း နီး၍ လာသဖြင့် ကျွန်တော်တို့ ရှိရာ အရပ်နှင့် ဆယ်တောင်မျှ ကွာသော အရပ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ညောင်ပင်အမြစ်ရင်းကို ခြေဖနောင့်ဖြင့် တအားကုန် ဆောင့်လိုက်လေရာ ထိုသူသည် ရုတ်တရက် ရပ်တန့်၍ 'ကိုမိုးလားဗျို့' ဟု မေးလိုက်သည်ကို ကြားလိုက်ရလေရာ ထိုအသံမှာ အခြားမဟုတ် ၊ ဘိုးဦး၏ အသံ

ဖြစ်ကြောင်းကို ကျွန်တော် သိရှိရလေ၏။ ထိုအခါ မောင်စံရှားက အသံကို ဖျက်၍ 'အေးလကွယ်' ဟု ခပ်မာမာ ပြောလိုက်ရာ ဘိုးဦးသည် စိတ်ကျေနပ်သည့် လက္ခဏာနှင့် မောင်စံရှား၏ အနီးသို့ ချဉ်းကပ်၍ လာလေ၏

ထိုညဉ့်မှာ ကျွန်တော် ဖော်ပြခဲ့ပြီးသည့် အတိုင်း လဝင်ပြီးဖြစ်သည့်ပြင် ညောင်ပင်အောက်လည်း ဖြစ်သဖြင့် အလွန်တရာ မှောင်မိုက်လှသည်ဖြစ်၍ မိမိလက်ကိုပင် မိမိ မမြင်နိုင်အောင် ရှိနေခဲ့သည်ဖြစ်ရာ ဘိုးဦးမှာလည်း မိမိ မျှော်လင့်သောသူ မဟုတ်ကြောင်းကို မသိဘဲ မောင်စံရှား၏ အနီးသို့ ချဉ်းကပ်၍ 'ဘာပြုလို့ ခင်ဗျားက အိပ်ချိန်ကြီးမှာ တွေ့ဖို့ ချိန်းရတာလဲဗျ၊ ခင်ဗျား တတ်နိုင်ရင်တိုင်တော့၊ ခင်ဗျားကိုတော့ ပိုက်ဆံတစ်ပြားမှ ကျုပ် ထပ်ပြီး မပေးဘူးဗျာ၊ ပေးစရာလဲ မရှိတော့ဘူး၊ ကျုပ်အကြောင်းလဲ ခင်ဗျား သိတယ်၊ ခင်ဗျား အကြောင်းလဲ ကျုပ်သိတာပဲ'

**ရှား**။ ။'ငါ့အကြောင်း မင်း ဘာသိသလဲ'

**ဦး**။ ။'ခင်ဗျားလဲ ဦးဘသောင်းကို သေနတ်နှင့် ပစ်သတ်တာ ကျုပ် သိတာပဲ၊ ပစ်တာက ကျုပ်ကို ခင်ဗျား ပစ်တယ်၊ မှန်တော့ ဦးဘသောင်းကို မှန်တယ်၊ ကျုပ် သိပါတယ်၊ သေနတ်တွေ ဘာတွေနှင့်၊ ခင်ဗျား ဘယ်ကရသလဲ၊ မပြောချင်လဲ နေဗျာ၊ ကျုပ်ကို လာပြီး မနှောင့်ယှက်ရင် ကျုပ်ကလဲ ဖော်မပြောဘူး၊ နို့မို့ရင် ကျုပ်က အကုန် ဖော်ပြောလိုက်မယ်၊ နားလည်လား'

ထိုခဏ၌ ကျွန်တော်တို့နှင့် မနီးမဝေးအရပ်မှ လူတစ်ယောက်သည် လန့်၍ အော်လိုက်သည့် အသံကို ကြားရပြီးနောက် ထွေးလုံးသတ်ပုတ်ကြသည့် အသံများကို ကြားရပြန်ပြီးလျှင် နောက်ဆုံး၌ ဆိတ်ငြိမ်၍ သွားလေ၏။ ထိုအခြင်းအရာကို ဘိုးဦး ကြားရသည့်အခါ မသင်္ကာသည့် လက္ခဏာနှင့် လက်မှ ဓာတ်မီးနှင့် မောင်စံရှား၏ မျက်နှာကို ထိုး၍ ကြည့်လိုက်ရာ နောက်တစ်ခဏ၌ ဘိုးဦးသည် မောင်စံရှား၏ လက်သီးချက်ဖြင့် မြေပေါ်၌ ပက်လက်လန်လျက် ရှိလေ၏။ သို့ရာတွင် ဖျတ်လတ်သွက်လက်သူ တစ်ယောက် ဖြစ်သည့်အတိုင်း ဘိုးဦးသည် မြေပေါ်မှ လူးလဲကာ ထပြီးနောက် မောင်စံရှား ရှိရာသို့ ပြေးဝင်၍ တစ်ယောက်လည်ပင်းကို တစ်ယောက် ဖြစ်ညှစ်ကာ ရှိနေကြစဉ် ဌာနာအုပ်နှင့် ပုလိပ်သား သုံးလေးယောက်တို့သည် ရုတ်တရက် ပြေးလာကြ၍ ဘိုးဦးအား လက်ထိပ်ခတ်ကာ ချုပ်နှောင် ဖမ်းဆီးကြလေ၏။

**ရှား**။ ။'ဘယ့်နှယ်လဲဗျို့ ၊ ငမိုး မိရဲ့လား'

**အုပ်**။ ။'မိပါတယ် ဆရာ၊ ငနဲက ခြောက်လုံးပြူးတွေ ဘာတွေနှင့် ပါလား ဆရာ၊ ကျွန်တော်တို့က ဦးသွားပေလို့သာ ၊ နို့မို့ရင်ဖြင့် တစ်ယောက် နှစ်ယောက်တော့ ထိဦးတော့ မလို့ပဲ'

အစေခံဘိုးဦးမှာ မျက်နှာကို အောက်ချလျက် ပုလိပ်သား နှစ်ယောက်တို့၏ အလယ်၌ ရှိနေသည်ဖြစ်ရာ အခြားပုလိပ်သား နှစ်ယောက်တို့သည်လည်း ငမိုးဆိုသူကို လက်ထိပ်ခတ်ကာ ခေါ်ဆောင်လာခဲ့၍ ပုလိပ်အရာရှိတို့သည် တရားခံ နှစ်ယောက်စလုံးတို့ကို ဌာနာသို့ ခေါ်ဆောင်သွားကြလေ၏။

ကျွန်တော်နှင့် မောင်စံရှားတို့မှာမူ တည်းအိမ်သို့ ပြန်ပြီးနောက် ရှန်းရှန်းရင်းရင်း အသံကြားသဖြင့် လန့်၍ နိုးနေသော မင်းကတော် မမိန်းကလေးအား အကျိုးအကြောင်းကို ပြော၍ ပြကြလေ၏။

ထိုအမှုကို စက်ရှင်ရုံးသို့ တင်ပို့သောအခါ ငမိုးမှာ တစ်ကျွန်းသို့ အနှစ်နှစ်ဆယ် ပို့ခြင်းခံရ၍ ဘိုးဦးမှာမူ ထိန်ချန်မှုနှင့် ထောင်ဒဏ် သုံးနှစ် အပြစ်ရခဲ့လေ၏။

၎င်းအမှုကို ရုံးတော်၌ စစ်ဆေးသည့်အခါ သိရှိရသည်မှာ ..

ဘိုးဦးသည် ခိုးမှုနှင့် ပြစ်ချက် တစ်ကြိမ် ရဖူးကြောင်း၊ ပြစ်ချက်ရခြင်းမှာ အထက်မြန်မာပြည် နေစဉ်အခါက ရခဲ့ခြင်းဖြစ်၍ ဦးဘသောင်းက မသိရှိကြောင်း၊ ထိုအကြောင်းကို ဦးဘသောင်း မသိသဖြင့် စာသင်အလုပ်ဖြင့် ပုလိပ်ဘက်တွင် အမှုထမ်း စေရန် စီမံလျက် ရှိကြောင်း၊ ထိုအကြောင်းကို ဓာတ်သိဖြစ်သော လူဆိုးငမိုးက သိရှိ၍ ဘိုးဦးထံမှ ငွေငါးကျပ် တစ်ဆယ် စသည်တို့ကို မကြာခဏ ခြိမ်းခြောက် ညှစ်ထုတ်၍ ယူခဲ့ကြောင်း၊ မောင်ဘသောင်း သေဆုံးသည့် ညက ငမိုးသည် အသုံးပြတ်သည်ဖြစ်၍ ဘိုးဦးထံ စာနှင့် ချိန်းဆိုပြီးလျှင် ညောင်ပင်ကြီးအောက်၌ တွေ့ဆုံကြကြောင်း၊ ဘိုးဦးက ငွေမပေး နိုင်ကြောင်း ငြင်းဆို၍ အိမ်သို့ ပြန်သွားသောအခါ ငမိုးသည် သေနတ်ကို ကိုင်ကာ အံကြိတ်လျက် အကြံယူနေပြီးလျှင် မည်းမည်း မြင်သော လူတစ်ယောက်ကို ဘိုးဦး ထင်မှတ်သဖြင့် သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း၊ ထိုသူလဲသွားသည်ကို မြင်သောအခါ ငမိုးသည် သွားရောက်ကြည့်ရှုရာ ထိုသူမှာ ဘိုးဦးမဟုတ် ၊ ရာဇဝတ်ဝန်ကလေး ဦးဘသောင်း ဖြစ်ကြောင်းကို

သိရှိရကြောင်း၊ ၎င်း၏ ခါး၌လည်း ခြောက်လုံးပြူးသေနတ် တစ်လက်ကို တွေ့ရှိသည်ဖြစ်၍ ငမိုးသည် ရုတ်တရက် အကြံရပြီးလျှင် ၎င်း၏ ခြောက်လုံးပြူးကို နှုတ်ယူ၍ တစ်ချက်မျှ ပစ်ဖောက်ပြီးမှ အလောင်းအနီး၌ ချထားခဲ့၍ ထွက်ပြေးကြောင်း၊ ထိုညကလည်း ဘိုးဦးထံမှ ထပ်မံ၍ ငွေညှစ်လိုသေးသည် ဖြစ်သောကြောင့် စာဖြင့် ရေးသားချိန်းဆိုပြန်ရာ မောင်စံရှားသည် ဘိုးဦး၏ အခန်းကို ဝင်ရောက်ရှာဖွေသည်တွင် ထိုစာကို တွေ့ရှိရခြင်း ဖြစ်ကြောင်းများနှင့် ရှင်းလင်းပြောဆိုလေ၏။

**ကျွန်တော်။** ။'နေပါဦး ကိုစံရှားရဲ့၊ ဘိုးဦး အပေါ်မှာ ရှေးဦးစွာ မသင်္ကာ ဖြစ်တဲ့ အကြောင်းဟာ ဘယ်အတွက်ကြောင့်လဲဗျာ'

**ရှား။** ။'လှေကားထက်မှာ ညောင်ရွက်ခြောက် တွေ့တယ် ဆိုလို့ မဟုတ်လားဗျှ၊ ဒီဟာကို တွေ့တယ် ဆိုကတည်းက လူသတ်မှု ဖြစ်တဲ့ ညက တစ်ယောက်ယောက်ဟာ ညောင်ပင်အောက်ကနေပြီး အိမ်ပေါ်ကို တက်လာတယ်လို့ ကျုပ်တွေးမိတာကိုး၊ တက်လာတဲ့ လူဟာ ဘယ်သူလဲ ဆင်ခြင်ပြန်တော့၊ အိမ်ပေါ်မှာ နေတဲ့ လူထဲကပဲ ဖြစ်ရမယ်၊ အိမ်ပေါ်မှာ ဘယ်သူနေသလဲ၊ မမိန်းကလေးနှင့် ဘိုးဦးပဲ နေတယ်၊ ဒီတော့ကာ မမိန်းကလေး အမူအရာကို ရှေးဦးစွာ အကဲခတ်တော့ သူက မူမပျက်၊ ဘိုးဦးက မူပျက်တာကိုးဗျ၊ ပြီးတော့ တစ်ခါ ဘိုးဦးပြောတဲ့ စကားထဲမှာလဲ ကိုဘသောင်းဟာ လက်မှာ ဓားခုတ်ခံရဖူးတဲ့ အတွက် ညာဘက်လက်ကို ပခုံးအထက်ကျော်အောင် မမြှောက်နိုင်ဘူးလို့ ပြောတယ်၊ ဒီအကြောင်း မမိန်းကလေး မေးကြည့်တော့ မမိန်းကလေးကလဲ ဒီလိုပဲ ပြောတယ်၊ ကိုင်း ဒီတော့ ခင်ဗျား စဉ်းစားကြည့်စမ်း၊ လူတစ်ယောက်ဟာ သေနတ်ကို လက်ဝဲဘက်နှင့် ကိုင်ပြီး ကိုယ့်ကိုယ်ကို ပစ်ခဲ့လို့ရှိရင် လက်ဝဲဘက်နားထင်ကိုသာ ပစ်ဖို့မဟုတ်ဘူးလားဗျာ

တကယ်လို့ လက်ျာဘက်ကို မမြှောက်နိုင်ဘဲ ခေါင်းကို ငုံ့ပြီး လက်ျာဘက်နှင့် ပစ်မယ်ဆိုခဲ့လို့ ရှိရင် လက်ဝဲဘက်က ထွက်တဲ့ကျည်ဆံဟာ မေးရိုးဆီမှာ မထွက်နိုင်ဘူးဗျ၊ အပေါ်ကို ထောင်ပြီး ခေါင်းဆီက ဖောက်ထွက်ရမယ်၊ ပြီးတော့လဲ ဘိုးဦးက ကျုပ်တို့နှင့် စကားပြောရင်းဆိုရင်း မူပျက်တယ် မဟုတ်လား၊ ဒီဟာ ဘာကြောင့်လဲ ဆိုတော့ ကျုပ်တို့ကို စုံထောက်ဖြစ်မှန်း ရိပ်မိလေတော့ သူပြောတဲ့ စကားထဲမှာ ကိုဘသောင်းဟာ ကိုယ့်ကိုယ်ကို သတ်ခြင်း မဟုတ်၊ သူတစ်ပါး သတ်တာဖြစ်ကြောင်း ထင်ရှားအောင် စကားအရိပ်အမြွက် ပါသွားတဲ့ အတွက် မူပျက်ပြီး သွားတာဗျှ၊ အဲ့ဒါကြောင့်မို့ ကျုပ်က သူ့အခန်းဝင်ရှာတော့ ငမိုးထံက စာကို တွေ့ပြီး ညောင်ပင်အောက်က စောင့်ကြတယ် မဟုတ်လား၊ မှတ်ထား ကိုသိန်းမောင်၊ ကိုယ့်ကိုယ်ကို သေနတ်နှင့် ပစ်သတ်တယ် ဆိုတဲ့ လူဟာ ပြောင်းဝကို ပါးစပ်မှာ ငုံလို့ဖြစ်စေ၊ နားထင်မှာ တေ့ပြီးဖြစ်စေ ခလုတ်ကို ဖြုတ်တတ်တယ်၊ နားထင်မှာ ပစ်ခဲ့လို့ရှိရင် အသားကို မုချ ယမ်းခိုးလောင်ပြီမှတ်တော့၊ နားထင်မှာ ဒဏ်ရာကို တွေ့ရက်နှင့် အသားကို မလောင်မကျွမ်းဘူး ဆိုတာ ကြားရကတည်းက ဒီအမှုဟာ ကိုယ့်ကိုယ်ကို ပစ်သတ်တာ မဟုတ်ဘူး၊ သူတစ်ပါး ပစ်သတ်တာပဲလို့ ကျုပ် သိပြီးသားပဲဗျှ၊ ဘယ့်နှယ်လဲ ရှင်းပြီလား ကိုသိန်းမောင်'

**ကျွန်တော်။** ။'ရှင်းပါပေပြီဗျာ'

## ပြီးပါပြီ။

× × × × × ×

## ၁၆။ ထူးဆန်းသော အမွေမှုကြီး၌ မောင်စံရှား စုံထောက်ပုံ

**ကျွန်တော်သည် ရှေးအထက်ကျော်ကာရီက မောင်စံရှား စုံထောက်ခဲ့သော အမှုများကို ရေးသာဖော်ပြရာ၌ များသောအားဖြင့် လူသတ်မှုမှ စ၍ ကြောက်မက်ဖွယ်ရာကောင်းသော အမှုတို့သာလျှင် များခဲ့သည်ဖြစ်ရာ ယခုရေးသားဖော်ပြလတ္တံ့သော အမှုကြီးမှာ အမွေမှုနှင့် ပတ်သက်၍ အလွန်ဆန်းကြယ် အံ့သြဖွယ်ရာကောင်းလှသည် ဖြစ်၍ ၎င်းအမှုကို စစ်ဆေးစဉ် အခါက တစ်တိုင်းပြည်လုံး တုန်လှုပ်ချောက်ချားလောက်အောင် ဖြစ်ပွားခဲ့သော အမှုကြီးတစ်ခု ဖြစ်လေသည်။**

**ဤအမှုကြီးကို ဝတ္ထုသွားအဖြစ်ဖြင့် ရေးသားဖော်ပြရာ၌ ပထမအပိုင်း ၎င်းအမှု၌ လိုက်ခဲ့ရသော ရှေ့နေကြီးများ ထံမှ ကြားသိရသည့် အတိုင်း ထည့်သွင်းရေးသား၍ ထိုနောက်မှ မောင်စံရှားနှင့် ကျွန်တော်တို့ ပါဝင်ကြသည့် အခန်းကို အစီအစဉ်အားဖြင့် ရေးသားဖော်ပြပေအံ့။**

ဖျာပုံဒိစတြိတ်၊ တစ်ခုသော မြို့ငယ်၌ ဥယျာဉ်၊ ခြံမြေ၊ အိမ်မြေ၊ တိုက်တာ မှစ၍ လယ်ဧက ၃၀၀၀ ခန့်မျှရှိ၍ မြေပိုင်သူဌေးကြီးဟူ၍ ခေါ်တွင်လောက်ပေသည့် ဦးအောင်ကြီးအမည်ရှိ သူဌေးကြီး တစ်ဦး ရှိလေ၏။ ၎င်းအောင်ကြီးမှာ သားသမီး သုံးယောက်မျှ ရှိလေရာ ၎င်းတို့၏ မိခင်မှာ ငယ်ရွယ်စဉ်ကပင် သေဆုံးခဲ့၍ ဦးအောင်ကြီးသည် ထပ်မံ၍ အိမ်ထောင်သစ် မပြုဘဲ မုဆိုးဖိုကြီး အဖြစ်ဖြင့် ကလေးများကို အုပ်ထိန်းစောင့်ရှောက်၍ နေထိုင်ခဲ့လေ၏။ သားသမီး သုံးယောက်အနက် အကြီးဆုံးမှာ သမီးမတင်ချို၊ သားအလတ်မှာ မောင်ဘသော်၊ သားအငယ်မှာ မောင်ဘကျော် ဟူ၍ ခေါ်တွင်ခဲ့လေ၏။ မောင်ဘသော်နှင့် မောင်ဘကျော် တို့မှာ အထက်အောက်ပင် ဖြစ်သော်လည်း အသက်မှာ ၇ နှစ်ခန့်မျှ ကွာခြားခဲ့သည် ဖြစ်၍ မောင်ဘသော်မှာ ကောလိပ်ကျောင်း အိုင်အေ အထက်တန်းသို့ ရောက်၍ လူလားမြောက်သော အခါမှ မောင်ဘကျော်မှာ ကျောင်းသားသူငယ် အရွယ်မျှ ရှိခဲ့သေးလေ၏။

သားကြီး မောင်ဘသော်သည် ကောလိပ်ကျောင်းသို့ ရောက်သောအခါ၌ သူဌေးသား တစ်ယောက် ဖြစ်သည့်အားလျော်စွာ အလွန်တရာ အသုံးအစွဲကြီးပြီးလျှင် လူပေါင်းစုံတို့ဖြင့် ပေါင်းသင်း၍ အပျော်အပါးတို့ကို လိုက်စားခဲ့သည် ဖြစ်ရာ ဖခင် ဦးအောင်ကြီးမှာလည်း မည်မျှပင် ကြွယ်ဝချမ်းသာစေကာမူ ကြေးငွေသုံးစွဲခြင်း အရာ၌ အလွန်တရာ ချွေတာ ကျစ်လစ်ခဲ့သည် ဖြစ်ရကား ကြေးငွေအကြောင်းနှင့် ပတ်သက်၍ သားအဖ နှစ်ယောက်တို့သည် မကြာခဏ စကားများ ခဲ့ကြရလေ၏။

သို့ပါသော်လည်း သမီးအကြီး အပျိုကြီး မတင်ချိုသည် မောင်ဘသော်၏ ဘက်မှ ဖေးမပြီးလျှင် ဖခင်သိအောင် တစ်မျိုး၊ မသိအောင် တစ်မျိုး၊ ကြေးငွေများ ပေးပို့လျက် ရှိသည်ဖြစ်သောကြောင့် မောင်ဘသော် ဟော့ရမ်းသလောက် ဖခင်ကြီး မသိစေဘဲ ဖုံးဖိသိုသိပ်နိုင်ခဲ့လေ၏။ တစ်နေ့သ၌ မူကား မောင်ဘသော်သည် ကျောင်းပိတ်ရက်အတွင်း အိမ်သို့ ပြန်လာခိုက်တွင် ဦးအောင်ကြီး၏ တူတော်စပ်၍ ငယ်စဉ်အခါကပင် ၎င်းတို့နှင့် အတူနေထိုင်လာခဲ့သော မောင်ဘိုးထိန် ဆိုသူနှင့် မတင်ချိုတို့ ချစ်ကြိုက်ကြကြောင်းကို သိရှိလေရကား မောင်ဘသော်သည် စိတ်မြန်သော သူငယ်တစ်ယောက် ဖြစ်သည့်အတိုင်း အစ်မဖြစ်သူနှင့် အစ်ကို တော်စပ်သူ မောင်ဘိုးထိန်ကိုပါ ခြေဖြင့် ကန်ကြောက်ကြိမ်းမောင်း ဆဲဆိုခြင်းကို ပြုခဲ့လေ၏။ ယင်းသို့ ဖြစ်ရကား အစ်မဖြစ်သူ မတင်ချိုသည် ရှက်လည်းရှက် စိတ်လည်းနာလှသည် ဖြစ်သောကြောင့် မောင်ဘသော်၏ အပေါ်၌ အကြိတ်အခဲ မကြေနိုင်ဘဲ ရန်ညှိုးကြီး ဖွဲ့ခဲ့လေ၏။

သို့ဖြစ်သောကြောင့် မောင်ဘသော် ကျောင်းသို့ ပြန်သွားသည့်အခါ၌ ရေးကကဲ့သို့ ဖခင်မသိအောင် တစ်ဖက်လှည့်ဖြင့် ကြေးငွေများ ပေးပို့ခြင်း မပြုတော့သည့်ပြင် မောင်ဘသော်က ဖခင်ထံမှ ငွေမှာသည့် အခါတိုင်း အလွန်တရာ အသုံးအစွဲ ကြီးကြောင်းနှင့် ဖခင်ဖြစ်သူ မဆူလျှင် ဆူအောင် အဆင်းတွန်းစကား ပြောကြားလေ့ ရှိခဲ့လေ၏။

ထိုအတောအတွင်း၌ မောင်ဘသော်သည် အသုံးအစွဲကို မလျှော့ပေါ့သည့်ပြင် ရေးကထက်ပင် သည်း၍ လာလေရကား အိမ်မှ ငွေမှာ၍ မရလျှင် အဝတ်အစားတို့ကို ပေါင်နှံခြင်း၊ ၎င်းတို့ ကုန်ခမ်းသည့်အခါ ချစ်တီးများထံမှ ကြေးငွေများ ချေးငှားခြင်း စသည်ဖြင့် တစ်နည်းနည်းနှင့် ရအောင်ကြံ၍ ဖြုန်းတီးခဲ့လေ၏။ ချစ်တီးတို့လည်း သူဌေးဦးအောင်ကြီး၏ သားဖြစ်ကြောင်း သိရှိခဲ့သည့်ပြင် အဆမတန်သော အတိုးငွေကိုလည်း ရရှိသည် ဖြစ်သောကြောင့် အလွယ်တကူနှင့်ပင် ချေးငှားကြလေ၏။ နောက်ဆုံးတစ်နေ့၌ကား မောင်ဘသော် ကတိထားသည့်အတိုင်း ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်ခဲ့သည်တွင် ချစ်တီးတို့သည်

အဖေဦးအောင်ကြီးထံ သွားရောက်ပြီးလျှင် မောင်ဘသော်၏ လက်မှတ်ကိုပြ၍ ၎င်းငွေများကို ပြရန် ဆူပူတောင်းခံကြလေရာ ဦးအောင်ကြီးသည် အလွန်တရာ စိတ်ဆိုးလှသည်ဖြစ်၍ မိမိယူသော ငွေလည်း မဟုတ်ကြောင်း၊ အခွင့်ပြုခြင်းလည်း မရှိကြောင်း၊ သို့ဖြစ်၍ မိမိက မပေးမဆပ်နိုင်၊ ငွေယူသော သူထံမှသာ တောင်းခံကြရမည် ဖြစ်ကြောင်းနှင့် ငေါက်ငန်းပြောဆိုလိုက်လေ၏။

ချစ်တီးတို့လည်း မောင်ဘသော်ထံ တစ်ဖန်သွားရောက် ဆူပူကြလေရာ မောင်ဘသော်မှာ ဖခင်ထံမှ အကျိုးအကြောင်း စာဖြင့်ရေးသား၍ ငွေများတောင်းခံပါသော်လည်း တစ်ပြားတစ်ချပ်မျှ မရရှိသည်အတွင်း ကျောင်းအုပ်ကြီး သိသွားသဖြင့် တစ်ကျောင်းလုံး ပွက်ပွက်ဆူမျှဖြစ်သွားလေရကား မောင်ဘသော်မှာ တင်းမာသောစိတ်ရှိသည့် သူငယ်တစ်ယောက် ဖြစ်သည့် အတိုင်း ဤဖခင်ဤဆွေမျိုးတို့အား တစ်သက်တွင် မတွေ့မြင်ရပါစေသား ဟူ၍ အံကြိတ်ကာ ကြုံးဝါးပြီးလျှင် မည်သူ့အားမျှ အကြောင်းမကြားဘဲ တစ်ညသောအခါဝယ် ကျောင်းမှ တိတ်တဆိတ် ထွက်ပြေးခဲ့လေ၏။

ထိုစဉ်အခါက မိုးကုတ်မြို့၌ ပတ္တမြားတွင်းများတူးဖော်ခြင်းလုပ်ငန်းသည် အလွန်တရာကြီးကျယ်ခဲ့သည်ဖြစ်ရာ တစ်လအတွင်း သူဌေးဖြစ်၍သွားသူလည်း မရှား၊ နှစ်လအတွင်း ကြွယ်ဝချမ်းသာ၍သွားသူလည်း အလွန်ပေါများခဲ့လေ၏။ မောင်ဘသော်မှာလည်း မိုးကုတ်မြို့သို့ ရောက်သွားသည်ဟု သတင်းသန့်သန့် ကြားရသဖြင့် ထောက်လှမ်း စုံစမ်းကြပါသော်လည်း မတွေ့မရှိဘဲ နောက်ဆုံးတစ်နေ့၌ မောင်ဘသော်မှာ နာမည်မျှသာ ကျန်ရစ်ခဲ့၍ မိဘသားချင်းတို့ထံသို့ တစ်ခါတစ်ခေါက်မျှ လာရောက်ဖူးသည် မရှိဘဲ လုံးလုံး ကွယ်ပျောက်၍ သွားလေ၏။

ထိုသို့ ဖြစ်နေသည့် အတောအတွင်း ဦးအောင်ကြီး၏သမီး မတင်ချိုသည် မောင်ဘိုးထိန်နှင့် တိတ်တဆိတ် ထွက်ပြေးကြလေရာ ဖခင် ဦးအောင်ကြီးသည် ဒေါသ အလွန်တရာ ထွက်လှသည်ဖြစ်သောကြောင့် သမီးကိုလည်း သမီးဟူ၍ မပြော၊ တူသားမက်ကိုလည်း သားမက် ဟူ၍ အသိအမှတ် မပြုဘဲ ပြတ်ပြတ်တောက်တောက် ပြုလုပ်ခဲ့လေ၏။ သို့ဖြစ်သောကြောင့် ဦးအောင်ကြီးမှာ သမီးတစ်ယောက်နှင့် သားတစ်ယောက် ဆုံးပါးခဲ့၍ သားအငယ် မောင်ဘကျော် တစ်ယောက်သာလျှင် ကျန်ရှိခဲ့လေ၏။

၎င်းမောင်ဘကျော်မှာမူ လိမ္မာရေးခြားရှိ၍ မိဘစကားနားထောင်သော သားတစ်ယောက် ဖြစ်ခဲ့ရာ အင်္ဂလိပ်ကျောင်းမှ ဘီအေ အောင်မြင်ပြီးနောက် စစ်ကဲကြီး တစ်ယောက်၏ သမီးနှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် မြို့အုပ်ရာထူးမှ စ၍ အစိုးရအမှုကို ကျိုးနွံ ရိုသေစွာ ထမ်းရွက်ခဲ့လေ၏။ ယင်းကဲ့သို့ ထမ်းရွက်ခဲ့သည့်အတိုင်း တစ်ဆင့်မှ တစ်ဆင့် ရာထူးတိုးတက်ခဲ့၍ ဖခင်သေဆုံးသည့် အချိန်အခါတွင် ပထမတန်း စစ်ကဲကြီး အဖြစ်သို့ တိုးတက် ချီးမြှင့်ခြင်း ခံခဲ့ရလေ၏။

သူဌေးကြီး ဦးအောင်ကြီးမှာ အိုမင်းမစွမ်း ရှိသည့်အခါ၌ တစ်ယောက်တည်းတည်း နေထိုင်ရခြင်းကို ငြီးငွေ့ဟန်လက္ခဏာ ရှိသည်ဖြစ်၍ သမီး မတင်ချိုက ဝန်ချတောင်းပန်သည့် အတွက် ၎င်း၏ အပေါ်၌ အမျက်ပြေခဲ့ပြီးလျှင် ဘိုးထိန်မပါဘဲ မတင်ချို တစ်ယောက်တည်း မိမိ နေအိမ်၌ လာရောက်နေထိုင်လိုက နေထိုင်ရန် ခွင့်ပြုလိုက်လေ၏။ မတင်ချိုတို့ လင်မယားမှာ အထက်မြို့ကျေးရွာသို့ လွင့်ပါးခဲ့ပြီးလျှင် မောင်ဘိုးထိန်မှာ ပညာနည်းသည် ဖြစ်၍ စာရေးစားချီ အစရှိသော အလုပ်မျိုးတို့ဖြင့် အသက်မွေးမြူရသည် ဖြစ်သောကြောင့် ဆင်းရဲပင်ပန်းလှသည် ဖြစ်ရကား မတင်ချိုသည် ဖခင်၏ထံမှ အတူလာရောက်နေထိုင်ရန် စာကို ရသည်နှင့် တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာ ဖခင်ထံ ရောက်လာခဲ့လေ၏။ ထိုအချိန်၌ကား သားအဖတို့ တစ်ကွဲတစ်ပြား နေခဲ့ကြသည်မှာ နှစ်ပေါင်းနှစ်ဆယ် ခန့်မျှပင် ကြာရှိခဲ့လေပြီ။

မတင်ချိုသည် သားသမီးလည်း မရှိခဲ့သည် ဖြစ်၍ မိမိတစ်ယောက်တည်း ဖခင်၏ နေအိမ်၌ လာရောက်နေထိုင်ခဲ့ရာ သုံးနှစ်ကျော် လေးနှစ်ခန့်မျှ ကြာသော်လည်း ၎င်း၏ ခင်ပွန်းမောင်ဘိုးထိန်မှာ တစ်ကြိမ်တစ်ခါမျှ ထိုအိမ်သို့ လာရောက်ခွင့် မရခဲ့ချေ။

၎င်းနောက် တစ်နှစ်ခန့်မျှ ကြာသောအခါ သူဌေးဦးအောင်ကြီး သေဆုံးခဲ့ရာ ကျန်ရစ်သော ပစ္စည်းများကို အောက်ပါအတိုင်း ခွဲဝေပေးကမ်းခဲ့လေ၏။

(၁) ၃၀၀၀ ကျော်မျှသော လယ်၊ မြေ၊ ဧက တို့ကို သားအကြီး မောင်ဘသော် က ယူရန်

(၂) အဘိုးငွေ တစ်သိန်းကျော်မျှ ထိုက်တန်သော တိုက်တာ နေအိမ်တို့ကို သားအငယ် မောင်ဘကျော် က ယူရန်

(၃) ဈာပနကိစ္စအတွက် ကုန်ကျရန်ငွေ ၃၀၀၀ ကျပ်ကို နုတ်ပြီးနောက် ကျန်သော ငွေသားများနှင့် စိန်ထည် ရွှေထည် ၊ လက်ဝတ်လက်စားများကို သမီး မတင်ချို က ယူရန်

(၄) မောင်ဘသော် မလာမရောက်သေးသည့် အတောအတွင်း လယ်မြေများ အပေါ်မှ ရရှိသော လယ်ထောက်ခများကို မောင်ဘကျော်နှင့် မတင်ချိုတို့က အညီအမျှ ခွဲခြမ်းဝေယူပြီးလျှင် အကယ်၍ မောင်ဘသော်သည် အမွေခံ၊ အမွေစား မရှိဘဲ သေဆုံးနှင့် ခဲ့သည် ဖြစ်မူ ၎င်းမြေများကို မောင်ဘကျော်၏ သားသမီးများက အညီအမျှ ခွဲဝေယူကြရန်။

အထက်ပါ ခွဲဝေပေးကမ်းပုံကို ထောက်ချင့်ခဲ့သော် ဦးအောင်ကြီးသည် မိုက်မဲသော သားအပေါ်၌ ကရုဏာ ပိုမိုကြောင်းကို လည်းကောင်း၊ သမီး မတင်ချို ပေါ်၌ အမျက် လုံးလုံးကြီး မကြေကြောင်းကို လည်းကောင်း ထင်ရှားခဲ့လေ၏။

မတင်ချိုသည် ၎င်းခွဲဝေပုံကို စိတ်ကျေနပ်ဟန် လက္ခဏာ မရှိသည်ကို မောင်ဘကျော် သိရှိရသောအခါ မိမိမှာ ရာထူးနှင့် တကွ ခိုင်လုံသူတစ်ယောက် ဖြစ်သည်လည်း တစ်ကြောင်း၊ ပင်ပန်းသော အစ်မကြီး အပေါ်၌ ကရုဏာ သက်သည်လည်း တစ်ကြောင်းကြောင့် မိမိရရှိသော အမွေများ အနက်မှ အိမ်တစ်ဆောင်နှင့် တိုက်တစ်လုံးကို ခွဲဝေ ပေးကမ်းခဲ့လေ၏။

၎င်းနောက် သုံးနှစ်ခန့် ကြာသောအခါ မောင်ဘသော်လည်း မပေါ်လာ ၊ ၎င်း၌ အမွေစား အမွေခံ ရှိသည်ဟူ၍လည်း သတင်းမကြား ရှိနေခဲ့လေရကား ၎င်း၏ အမွေ လယ်မြေတို့မှာ မောင်ဘကျော်၏ သားသမီးများ လက်သို့ ရောက်ချေတော့မည် ကဲ့သို့ ရှိနေခဲ့လေ၏။

ထိုအတော အတွင်း၌ မတင်ချို မှာ မုဆိုးမ အဖြစ်သို့ ရောက်နေခဲ့လေ၏။ ၎င်း၏ ခင်ပွန်း မောင်ဘိုးထိန်မှာ ငှက်ဖျားရောဂါ စွဲကပ်လျက် ရှိကြောင်းနှင့် ကသာမြို့မှ ကြေးနန်းရောက်ရှိသည် ဖြစ်၍ မတင်ချိုက အဆောတလျင် သွားရောက်ပါသော်လည်း အသက်မီရုံမျှ ရှိခဲ့ရာ ၎င်း၏ ဈာပနကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် ပြန်လာခဲ့၍ မောင်ဘကျော် ခွဲဝေ၍ ပေးသော တိုက်၌ နေထိုင်ခဲ့လေ၏။ ထိုအခါ၌ကား မောင်ဘသော် ပေါ်လာတော့မည် ဟူ၍ မည်သူ တစ်ဦးတစ်ယောက်မျှ မမြော်လင့်ခဲ့ကြချေ။

သို့ရာတွင် လောက၌ ဖြစ်မည်ဟူ၍ မည်သူမျှ မထင်သော အရာမျိုးတို့သည် ဖြစ်ပေါ်ခဲ့၍ ၊ ဖြစ်ရမည်ဟူသော အရာမျိုးတို့မှာလည်း မဖြစ်ပေါ်ဘဲ ရှိတတ်လှသည် များခဲ့ပေ၏။ သို့ဖြစ်ရကား တစ်နေ့သ၌ စစ်ကဲ မောင်ဘကျော်သည် ပျောက်ဆုံးနေသူ အစ်ကို မောင်ဘသော် ထံမှ စာတစ်စောင်ကို ရရှိခဲ့လေ၏။ ၎င်းစာမှာ 'ညီမောင် ထော်တိ' ဟူ၍ အစချီပြီးလျှင် 'ထော်ကံ' ဟူ၍ အဆုံး၌ လက်မှတ်ရေးထိုး ပါရှိလေ၏။ အတွင်း၌ပါသော အကြောင်းအရာများမှာ မူကား မိမိမှာ ယိုးဒယားပြည်မှ ထိုနေ့ပင် ဆိုက်ရောက်ခဲ့၍ ညီမောင်ရှိရာ သာယာဝတီမြို့သို့ မကြာမီအတွင်း လာရောက်ခဲ့မည် ဖြစ်ကြောင်းနှင့် ပါရှိလေသည်။ ၎င်းစာ၌ အရေးကြီးသော အချက်မှာ ညီအစ်ကိုနှစ်ယောက် တို့သည် ကျောင်းသား အရွယ် ဖြစ်စဉ် အခါက အစ်ကိုသည် ညီအား ထော်တိ ဟူ၍လည်းကောင်း၊ ညီသည် အစ်ကိုအား ထော်ကံ ဟူ၍လည်းကောင်း တစ်ဦးအား တစ်ဦး ပြောင်လှောင်ခေါ်ငင်သော အမည်ကို အသုံးပြု၍ ရေးသား ပါရှိခြင်း ဖြစ်လေသည်။

စစ်ကဲမောင်ဘကျော်သည် ၎င်းစာကို ရရှိသောအခါ များစွာအံ့သြခဲ့သည်ဖြစ်ရာ လောဘသားတို့မည်သည်မှာ နှစ်ပေါင်းများစွာ ပျောက်ဆုံး၍နေခဲ့သော အစ်ကိုကိုတွေ့ရသည့်အတွက် ဝမ်းမြောက်ခြင်းထက် သုံးသိန်းကျော်တန် ပစ္စည်းများကို လက်တွင်းသို့ ရောက်တော့မည့်ဆဲဆဲဖြစ်ပြီးမှ တစ်ဖန်ပြန်၍ထွက်ရသည့်အတွက် ဝမ်းနည်းခြင်းက ပိုမိုခဲ့လေ၏။ သို့ဖြစ်၍ ဦးဘကျော်သည် ၎င်းစာ ရသည့်အကြောင်းကို မိမိ၏ သားမယားတို့အား မပြောကြားသေးဘဲ အစ်မဖြစ်သူ ထံသို့ သာလျှင် ကြေးနန်းရိုက် မှာကြားထားလိုက်လေ၏။

ဦးဘကျော်သည် အမွေပစ္စည်းများကို စွန့်လွှတ်ရန် နှမြောလှသည် မှန်သော်လည်း ရိုးသားဖြောင့်မတ်သော သူတစ်ယောက် ဖြစ်သဖြင့် အကယ်စင်စစ် မိမိ၏ အစ်ကို ဖြစ်ခဲ့မူ ပေးအပ်ရန် အဆင်သင့် ရှိခဲ့လေ၏။ သို့ရာတွင် ငယ်စဉ်မှ စ၍ နှစ်ပေါင်းများစွာ ကွဲကွာ၍ နေခဲ့ကြသည် ဖြစ်သောကြောင့် အစ်ကိုအား ကောင်းစွာ မမှတ်မိနိုင်လောက်အောင် ရှိနေသဖြင့် လူလိမ်လူကောက် တစ်ယောက်က အစ်ကို ယောင်ဆောင်ပြီးလျှင် အချောင် ယူသွားမည်ကိုလည်း စိုးရိမ်ရသေးသည် ဖြစ်ရကား၊ အစ်မကြီး ရောက်လာသော အခါ၌ မည်သို့ ပြုရမည်ကို တိုင်ပင်နှီးနှောရန် ဝတ်လုံတစ်ယောက်ကို အသင့် ပြောဆို၍ ထားခဲ့လေ၏။

အစ်မ ဖြစ်သူ မတင်ချိုလည်း ဦးဘကျော်ထံမှ ကြေးနန်းရသည်နှင့် တစ်ပြိုင်နက် သာယာဝတီမြို့သို့ ဆိုက်ရောက်လာခဲ့ရာ မောင်နှမ နှစ်ယောက်နှင့် ဝတ်လုံတော်ရကြီးတို့ တိုင်ပင်ကြသည်မှာ ...

**ကျော်။** ။'ဝတ်လုံကြီးသဘောကတော့ ကျွန်တော့် အစ်ကို မဟုတ်နိုင်ဘူး၊ တစ်ယောက်ယောက်က ကျွန်တော်တို့ အကြောင်း သိလေတော့ ငွေသုံးသိန်းကို အချောင်ရအောင် အစ်ကို ယောင်ဆောင်တာ ဖြစ်မယ်လို့ ဆိုတယ်မဟုတ်လား၊ ကျွန်တော်ကတော့ ဝတ်လုံကြီး ပြောသလို မဖြစ်နိုင်ဘူး ထင်တယ်ဗျာ၊ ဘာ့ကြောင့်လဲ ဆိုတော့ ထော်တီနှင့် ထော်ကံ ဆိုတဲ့ နာမည်ဟာ ကျောင်းသားဘဝတုန်းက ကျွန်တော်တို့ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ပေးထားခဲ့ကြတဲ့ နာမည်ဗျ၊ သည်လောက် နှစ်ပေါင်း ကြာရှည်လာတဲ့ အခါမှာ တစ်ယောက်ကို တစ်ယောက် သည်နာမည်နှင့် ခေါ်လေ့ရှိတဲ့ အကြောင်း သိတဲ့လူ အင်မတန် ရှားလိမ့်မယ် ထင်တယ်ဗျ၊ ပြီးတော့လည်း ကျွန်တော်တို့လို အရာရှိတစ်ဦးတစ်ယောက်ကို ညာဝံ့ လိမ်ဝံ့ လိမ့်မဲ့ လူလည်း ရှိလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး၊ အဲဒါကြောင့် ကျွန်တော်ဖြင့် သည်စာကို ရေးထည့်လိုက်တဲ့လူဟာ ကျွန်တော့်အစ်ကို ကိုဘသော် အစစ်ပဲလို့ ကျွန်တော် ထင်တယ်၊ မမကော ဘယ်လို သဘောရသလဲ'

**ချို။** ။'မောင်ဘသော် သဘောကို ငါသိပါတယ်ကွယ်၊ သည်အချိန်အထိ အသက်ရှင်လျက် ရှိခဲ့တယ်ဆိုရင် ဖေဖေ့ဆီကို ဖြစ်စေ၊ မင်းဆီကို ဖြစ်စေ၊ ငါ့ဆီကို ဖြစ်စေ စာရေးပြီး ငွေမညှစ်ဘဲ နေမယ့် လူတစ်ယောက် မဟုတ်ပါဘူးကွဲ့၊ အင်မတန်များ ကြီးပွားပြီး နေရင်ဖြင့် မပြောတတ်ပေဘူး၊ နို့ပေမဲ့ ကြီးပွားမည့် လူစားမျိုးလည်း မဟုတ်ပါဘူးကွယ်၊ ငါသိပါတယ်၊ တစ်ပဲလောက် ရာရရင် တစ်ကျပ်လောက် သုံးချင်တဲ့လူပါကွဲ့၊ သည်တော့ ငါဖြင့် မောင်ဘသော်ဟာ ရှိတော့တယ်လို့ ငါမထင်ဘူး၊ ဘယ်အကြို ဘယ်အကြားမှာ ကြွေးဝိုင်းဝိုင်းလည်ပြီး ဆေးဆရာတောင်မှ မခေါ်နိုင်တဲ့ အဖြစ်ကို ရောက်ပြီး သေရှာတာ ကြာပြီလို့ ငါထင်ပါတယ်'

**ကျော်။** ။'မမက ထင်ရုံ ထင်နိုင်တာကိုး မမရဲ့၊ တတ်အပ် သေချာ ပြောနိုင်တာမှ မဟုတ်ဘဲကိုး'

**ချို။** ။'ဟော့ မြေကြီး လက်ဝါးနှင့် ပုတ်ရင် လွဲချင် လွဲလိမ့်ဦးမယ်၊ ငါထင်တာက မလွဲပါဘူး မောင်ဘကျော်ရယ်၊ မင်းကတော့ ဟိုတုန်းက ငယ်သေးလို့ သူ့သဘောကို ကောင်းကောင်းမသိဘူး၊ အင်မတန်သုံးချင်ဖြုန်းချင်တဲ့လူတစ်ယောက်ပါ၊ ဝတ်လုံတော်ရ မင်းရှင့်၊ သေပြီးလို့သာ သည်လောက်ကြာအောင် သူငြိမ်နေတာပေါ့၊ အနို့မို့များဖြင့် တစ်နှစ်ကို ဆယ်ခါထက်မနည်း ဖေဖေ့ဆီကို ငွေညှင်းပြီးသား မှတ်ပါရှင်'

**ကျော်။** ။'နို့ပေမဲ့ အိမ်က ထွက်သွား ကတည်းက အဖေ့ဆီကို တစ်ခါမှ မညှင်းဖူးဘူး မဟုတ်လား မမရယ်'

**ချို။** ။'သွားခါစတုန်းကတော့ မညှင်းသေးဘူးကွဲ့ ၊ နောက် တစ်နှစ် နှစ်နှစ်လောက် ကြာတော့ ဖေဖေ့ဆီကို စာနှင့် ရေးပြီး ငွေတောင်းတယ်ကွဲ့၊ တောင်းပေမယ့် ဖေဖေက မပေးလေတော့ ငါ့ဆီကို စာရေးပြီး တောင်းသေးတယ်'

**ကျော်။** ။'ဘယ်တုန်းကလဲ မမရယ်၊ ဘယ်နှစ်ခါများ ရေးပြီး တောင်းဖူးသလဲ'

**ချို။** ။'နှစ်ခါ သုံးခါလောက် ရေးပြီး တောင်းဖူးပါတယ်ကွယ်၊ နောက်ဆုံးစာကတော့ စစ်ကြီး ဖြစ်မယ့် နှစ်ကပဲ'

**လုံ။** ။'ဘယ်လိုများ အကြောင်းပြပြီး တောင်းပါသလဲ ခင်ဗျာ'

**ချို။** ။'ရေးရိုးရေးစဉ်ပါ ဝတ်လုံတော်ရမင်းရှင်၊ သူ့မှာ အင်မတန်မှ ဆင်းရဲဒုက္ခရောက်ပြီး နေပါတယ်တဲ့၊ ဖေဖေ့ဆီကို ရေးပြီး တောင်းတာလဲ တစ်ပြားတစ်ချပ်မှ မရပါဘူးတဲ့၊ အဲဒါကြောင့် တတ်အားသမျှ သူ့ကို ကူညီ စောင်မပါဦးတဲ့ ၊ ရေးလိုက်တယ်ရှင်'

**ကျော်။** ။'နို့ မမက ငွေ တင်ပို့လိုက်သေး သလား'

**ချို။** ။'ငါလည်း လက်ထဲမှာ စုဆောင်းပြီး ရှိသမျှ ပို့လိုက်ရတာပေါ့ကွယ်'

**လုံ။** ။'ဟိုတုန်းက ကိုဘသော် ထံမှ ရဖူးတဲ့ စာတွေ တစ်စောင်တစ်လေများ သိမ်းထားတာ ရှိပါသလား ခင်ဗျာ'

**ချို။** ။'ရှိပဲရှိလေသလား မပြောတတ်ပါဘူးရှင်၊ သို့သော် နောက်ဆုံးရတဲ့ စာတစ်စောင် သေတ္တာထဲမှာ မြင်မိသလိုလို မှတ်ပါတယ်ရှင်'

**လုံ။** ။'ဘယ်တုန်းက ရေးထည့်လိုက်တဲ့ စာလဲ'

**ချို** ။ 'စစ်ကြီး ဖြစ်ပြီး နောက်တစ်နှစ်မှ ရတဲ့ စာပါရှင်'

**လုံ** ။ 'ဘယ်ကနေပြီး ထည့်လိုက်တာလဲ ခင်ဗျာ'

**ချို** ။ 'ဘတ်ဆာရာမြို့က ထည့်လိုက်တဲ့ စာပါရှင်'

**လုံ** ။ 'ဩော် စစ်ထဲ သူလိုက်သွားတာကိုး'

**ချို** ။ 'ဟုတ်ကဲ့ရှင် ဂျာမဒါ ရာထူး ရ ဆိုလား၊ မပြောတတ်ပါဘူး၊ လိုက်တုန်းကလည်း ကျွန်မတို့ မသိရပါဘူး၊ ဟိုရောက်လို့ စာရတော့မှပဲ စစ်မြေပြင် ရောက်နေမှန်း သိရပါတယ်ရှင်၊ အဲဒီစာထဲမှာလည်း ဖေဖေ့ဆီကို စာနှင့် ရေးပြီး ငွေတောင်းဖူးပါတယ်တဲ့၊ တောင်းပေမယ့်လဲ ငွေလဲ မတင်၊ စာတောင်မှ မပြန်ပါဘူးတဲ့'

**ကျော်** ။ 'မဟုတ်နိုင်ပါဘူး မမရယ်၊ ဖေဖေက သည်လောက် ရက်စက်မယ် မထင်ပါဘူး၊ သူ ထည့်လိုက်တဲ့ စာတွေဟာ ဖေဖေ့ လက်ထဲကို မရောက်ဘူးလို့ ကျွန်တော် ထင်ပါတယ်'

**လုံ** ။ 'သည်းခံပါဦး ဝန်ထောက်မင်းရဲ့၊ ကျွန်တော် တစ်ခု မေးစမ်းပါရစေဦး ခင်ဗျာ၊ ကိုဘသော် ဆီက နောက်ဆုံးထည့်လိုက်တဲ့ စာဟာ အခု ရှိသေးတယ်ဆို ဟုတ်စ'

**ချို** ။ 'ရှိပါတယ်ရှင်'

**လုံ** ။ 'ကိုင်း ဒါဖြင့် ၊ အဲဒီစာ မပါလို့ ယုဉ်မကြည့်ရသော်လည်း သည်လက်ရေးဟာ ကိုဘသော် လက်ရေး ဟုတ်မဟုတ် ၊ တဆိတ်လောက် သေသေချာချာ ကြည့်ပြီး ပြောစမ်းပါ ခင်ဗျာ'

ဟု ပြောပြီးလျှင် ဦးဘကျော် ရရှိသော စာကို မတင်ချိုအား ထုတ်၍ ပြစေလေ၏။

ထိုအခါ မတင်ချိုသည် ကိုဘသော် ထံမှ ရရှိသော စာကို သေချာစွာ ကြည့်ရှုပြီးနောက် ..

**ချို** ။ 'ဘယ်နည်းနှင့်မှ မောင်ဘသော် ရေးတဲ့စာ မဟုတ်နိုင်ပါဘူးရှင်၊ မောင်ဘသော်က စစ်ထဲမှာ ကျပြီး ဆုံးရှာပါတယ်ရှင်'

**ကျော်** ။(စိတ်တိုသော အမူအရာနှင့်) 'မမကလဲ မေးတာဖြေစမ်းပါ မမရယ်၊ တောင်ပြောမြောက်ပြော လျှောက်ပြော မနေစမ်းပါနှင့်၊ ဝတ်လုံကြီးမေးတာက သည်လက်ရေးဟာ ကိုဘသော် လက်ရေး ဟုတ်မဟုတ်ကို သိလိုပါတယ်တဲ့ မမရဲ့၊ မေးတာကို ဖြေစမ်းပါဗျာ'

**ချို** ။ 'ဘယ်နည်းနှင့်မှ သည်လက်ရေးဟာ မောင်ဘသော်လက်ရေး မဟုတ်နိုင်ပါဘူးကွယ်'

**လုံ** ။ 'ဒီအတိုင်း မှန်ရင်တော့ဖြင့် မျှော်လင့်စရာ အပုံကြီး ရှိတာပဲ၊ သို့သော် တစ်ခုမေးပါရစေဦး ခင်ဗျာ၊ ဟိုတုန်းက ကိုဘသော်က စာနှင့်ရေးပြီး ငွေတောင်းတော့ စုဆောင်းပြီး ရှိသမျှ တင်ပို့လိုက်ရတယ်လို့ ပြောပါတယ်၊ ဘယ်နည်းနှင့် ပို့လိုက်ပါသလဲ ခင်ဗျာ'

**ချို** ။ '၁၀ ကျပ်တန် စက္ကူ ငါးချပ်ကို စာအိပ်နှင့် ထည့်ပြီး စာတိုက်က ထည့်လိုက်ပါတယ်ရှင်'

**လုံ** ။ 'ရကြောင်းကို စာပြန်သေးသလား'

**ချို** ။ 'မပြန်ပါဘူးရှင်၊ အရင်ကလဲ ဘယ်တော့မှ စာပြန်ဖူးတယ်လို့ မရှိပါဘူး'

**လုံ** ။ 'ဘတ်ဆာရာမြို့ကနေပြီး ထည့်လိုက်တဲ့ စာအပြင် သည့်အရင်က ထည့်လိုက်တဲ့ စာများကော ရှာရင် တွေ့ပါဦးမလားဗျာ'

**ချို** ။ 'တွေ့မယ်လို့ မထင်ပါဘူးရှင်'

**လုံ** ။ 'သို့သော်လဲ မှတ်တော့ဖြင့် မှတ်မိရဲ့နော်'

**ချို** ။ 'ဘယ်နှစ်က ရတယ်၊ ဘယ်မြို့က ထည့်လိုက်တယ် ဆိုတာလောက်တော့ မှတ်မိပါရဲ့ရှင်'

**လုံ** ။ 'ဟာ အဲဒါ အရေးကြီး တာပဲ ဗျို့၊ နို့ စာမှာပါတဲ့ အကြောင်းအရာ များကော ဗျာ'

**ချို**။ ။'ဒါတော့ ဝိုးတိုးဝါးတား ဖြစ်နေပါပြီရှင်၊ သို့သော် ရှာနိုင်ရင် တွေ့ကောင်း တွေ့ပါလိမ့်ဦးမယ်၊ ကျွန်မလဲ ကြိုးစားရှာပြီး ရှင့်ထံကို အကြောင်းပြန်ပါ့မယ်ရှင်'

**လုံ**။ ။'ဒါထက် ကိုဘသော်ဟာ စစ်ထဲမှာ ကျဆုံးတယ်လို့ ခုနင်က ပြောလိုက်ပါတယ်၊ ဘယ်လိုကြောင့် ပြောနိုင်ပါသလဲ ခင်ဗျာ'

**ချို**။ ။'သည်လိုပါရှင်၊ စစ်ထဲမှာလိုက်တော့ မောင်အုံးတင် ဆိုတဲ့ အမည်နှင့် လိုက်တယ်လို့ သူ့စာထဲမှာပါပါတယ်၊ ငွေတင်တော့လဲ မောင်အုံးတင် အမည်နှင့် တင်လိုက်ရပါတယ်၊ တစ်နေ့ကသဉ္ဇတော့ သတင်းစာထဲမှာ မောင်အုံးတင်ဆိုတဲ့ ဂျမဒါကလေးဟာ သေနတ်ဒဏ်ရာရရှိပြီး ဆေးရုံတက်နေတဲ့အခါမှာ ပျောက်ဆုံးပြီးသွားတဲ့အကြောင်း၊ စစ်ဘက်အရာရှိကြီး များ၏ အထင်မှာ အခြားသူများနှင့် အတူ ဂျာမန်များ၏ လက်အတွင်းသို့ ကျရောက်သွားတယ်လို့ ထင်မှတ်ကြောင်းနှင့် ဖတ်မိလိုက်ရပါတယ်ရှင်၊ သည့်နောက် အကျဉ်းသမားခြင်း လဲလှယ်တဲ့ အခါမှာလည်း အမည်စာရင်းထဲမှာ မောင်အုံးတင်ရဲ့ အမည် မပါလာပါဘူးရှင်၊ အဲဒါကြောင့် ကျွန်မက သေနတ်မှန်တဲ့ ဒဏ်ရာနှင့်ပဲ ဂျာမန်များလက်တွင်မှာ သေဆုံးတယ်လို့ ထင်မိပါတယ်ရှင်၊ ဒီကတည်းက စပြီး မောင်ဘသော်ဆီက စာလည်း တစ်စောင်မှ မရတော့ပါဘူးရှင်'

**ကျော်**။ ။'ဒါဖြင့် မမပြောပုံအတိုင်း ဆိုရင် ယခု ဒီစာရေးတဲ့လူဟာ ကိုဘသော် မဟုတ်ဘူး၊ လူညာတစ်ယောက် ပေါ့လေ'

**ချို**။ ။'ဒါပေါ့ကွယ်၊ ဘယ်အကြံအကြားက အကောင်က ထပြီး အမွေတွေ လိုချင်တာနှင့် မောင်ဘသော် ယောင်ဆောင်သလဲ မပြောတတ်ပါဘူး၊ အမွေမရဘဲနှင့် ထောင်ကျမှာ ငါမြင်ပါသေးတယ်'

**ကျော်**။ ။'ဝတ်လုံကြီးကကော ဘယ့်နှယ်ထင်သလဲ'

**လုံ**။ ။'ကျွန်တော်လည်း သည်လိုပဲ ထင်မိပါတယ် ဝန်ထောက်မင်း၊ သို့သော် ကျွန်တော်တို့ ထင်တဲ့ အတိုင်း ဟုတ်မည်လဲ မဆိုနိုင်ဘူး၊ မဟုတ်မည်လဲ မဆိုနိုင်ဘူး၊ သည်အတောအတွင်း ကျွန်တော်တို့ကတော့ဖြင့် လွယ်လွယ်ကူကူနှင့် လျှောက်လို့တော့ မပေးနိုင်ဘူး၊ သူကလဲ သူ့ကိုယ်သူ ကိုဘသော် ဖြစ်ကြောင်း ထင်ရှားအောင် သက်သေ ပြပေစေ၊ ကျွန်တော်တို့ကလဲ မဟုတ်နိုင်ကြောင်းကို တတ်အားသမျှ ကြိုးစားပြီး သက်သေပြကြဖို့ ရှိတာပဲ၊ ကျွန်တော်တို့ ကိုယ်တိုင်ကလဲ စစ်ဘက်ဆိုင်ရာ အရာရှိများထံမှာ ကိုအုံးတင် ဆိုသူ အကြောင်းကို ထောက်လှမ်း စုံစမ်းပါဦးမယ်၊ မတင်ချိုကလဲ ကိုဘသော်ထံက ရဖူးတဲ့ စာများကို တတ်နိုင်သမျှ ကြိုးစားရှာဖွေပြီး ကျွန်တော့်ထံ ပို့လိုက်ပါ ခင်ဗျား၊ တကယ်လို့ ကိုယ်တိုင် ရှာမတွေ့လို့ ရှိရင်လဲ ဘယ်နှစ်လောက်ဆီက ဘယ်မြို့ကနေပြီး ဘယ်လိုအကြောင်းအရာမျိုးနှင့် စာရဖူးတယ် ဆိုတာကို ဇယားကွက်ချပြီး တတ်နိုင်သလောက် အနီးဆုံး မှန်းဆပြီး ရေးပို့လိုက် စမ်းပါ ခင်ဗျာ'

**ကျော်**။ ။'မမက သည်လောက်တောင် အမှတ်အသား ကောင်းမယ် မထင်ပါဘူး ဝတ်လုံကြီးရယ်'

**ချို**။ ။'ဘာကြောင့် မကောင်းရမှာလဲကွယ်'

**ကျော်**။ ။'ဟုတ်မှလဲ လုပ်ပါ မမရယ်၊ အစ်ကိုကြီး အပေါ်မှာ စိတ်နာတဲ့ အခံရှိတာနှင့် ဟိုတုန်းကလဲ ဖေဖေမသေခင် အစ်ကိုကြီးနှင့် ဖေဖေနှင့် မတွေ့ဆုံရအောင် မမ လုပ်ခဲ့ပြီ၊ အခုလဲပဲ ခမြာမှာ အမွေရဖို့ ရှိရင်လဲ ရရှာပါစေ ခင်ဗျာ၊ သူ မရစေချင်တာနှင့် မဟုတ်တရုတ်တွေများ လျှောက်ပြီး ရေးမထဲ့ပါနှင့် မမရယ်'

**ချို**။ ။'အောင်မယ်၊ ဘသော်က ဖေဖေ့ဆီ ပို့လိုက်တဲ့ စာတွေကို ဖေဖေ့လက် မရောက်အောင် ငါက ကြားကဖြတ်ပြီး ဖုံးထားတယ်လို့ မင်းက ဆိုချင်သလား'

**ကျော်**။ ။'မမ ပြောတဲ့ စကားထဲမှာကို ပါနေတာကိုး မမရဲ့'

**ချို**။ ။'အောင်မယ် ၊ မင်းကများ ငါ့ ဒီလို ပြောရသလား၊ ငါတို့ သားချင်း တစ်စု အနက်က မောင်ဘသော် အတွက်ဆို ငါတို့ လင်မယားက လွဲပြီး ဘယ်သူကများ အကျိုးဆောင်ဖူးတယ် ရှိလို့လဲ၊ တဆိတ်ရှိရင် ငါတို့ လင်မယားကပဲ တိတ်တိတ်ကလေး ငွေပို့ခဲ့ရတယ် မဟုတ်လား၊ မင်းဆီလဲ စာတစ်စောင် တစ်လေတော့ သူထည့်မှာပဲ၊ မင်းက ဘာများ တင်ပို့ဖူးလို့လဲ၊ ဖေဖေဆိုတာမှာတော့ သူ့ဆီက စာရရင် နည်းနည်းကလေး ဖတ်ကြည့်လို့ သူ့ဆီက စာမှန်းသိရင်ပဲ ဆုံးအောင်တောင် ဖတ်မကြည့်ဘူး၊ တစ်ခါတည်း ဆုတ်ပစ်လိုက်တာပဲ'

**ကျော်**။ ။'မယုံပေါင် မမရယ်'

**ချို**။ ။'မယုံချင်နေ ၊ ယုံချင်ယုံလေ၊ ငါကတော့ ဟုတ်တဲ့ အတိုင်း ပြောတာပဲ'

ဝတ်လုံတော်ရကြီးမှာမူ ယင်းကဲ့သို့ ၎င်းတို့မောင်နှမ စကား ကတောက်ကဆ ပြောကြသည်ကို မည်သူက မှန်သည်၊ မည်သူက မှားသည်ဟူ၍ မဝေခွဲနိုင်ဘဲ ငေးမောကာ သာလျှင် ကြည့်နေရလေ၏။

× × × × × ×

မိမိ၏ ကိုယ်ကို ဦးဘသော် ဖြစ်ကြောင်းနှင့် ပြောဆို၍ အမွေအနှစ် ပစ္စည်းများကို မိမိ ဆိုင်သည်ဟု ဆိုသောသူမှာ ယခုအခါ၌ အသက်ငါးဆယ် အရွယ်ခန့်မျှ ရှိခဲ့လေပြီ။ ၎င်း၏ ထွက်ဆိုချက်မှာ သူသည်ဖခင်နှင့် ရန်ဖြစ်ခဲ့၍ ကျောင်းမှ ထွက်ပြေးပြီးနောက် မိုးကုတ်မြို့သို့ သွားရောက်ပြီးလျှင် ပတ္တမြားတွင်းတူးဖော်သည့်လုပ်ငန်းကိုလုပ်ကိုင်ခဲ့ရာ ပထမ၌ များစွာ မကြီးပွားခဲ့ကြောင်း၊ သို့ရာတွင် နှစ်အနည်းငယ် အတွင်းတွင် အဖိုးတန်ပတ္တမြား အမြောက်အများ တူးဖော်ရရှိခဲ့၍ ကြွယ်ဝချမ်းသာသော အဖြစ်သို့တိုင်ရောက်ခဲ့သည်တွင် တစ်ဦးသောသူနှင့် ခိုက်ရန်ဖြစ်ပွား၍ ရိုက်နှက်သည့်ဒဏ်ရာဖြင့် ဆေးရုံ၌ တက်နေရကြောင်း၊ ၎င်း၏ ဒဏ်ရာမှာ အတော်အတန် ကြီးကျယ်ခဲ့သည်ဖြစ်၍ ဆေးရုံ၌ ရက်ပေါင်းများစွာ တက်နေရဆဲတွင် မိမိနှင့် အစုစပ်လုပ်ကိုင်သော သူသည် ရှိသမျှ ပစ္စည်းများကို ယူ၍ ထွက်ပြေးကြောင်း၊ ထိုအချိန်အခါမှ စ၍ မိမိမှာ ရှေးနည်းအတူ လူမွဲတစ်ယောက် ဖြစ်မြဲသာ ဖြစ်၍ မြန်မာပြည်အတွင်း ခြေဦးလှည့်ရာ အနှံ့အပြား လှည့်လည်သွားလာ နေထိုင်ခဲ့ကြောင်း၊ နောက်ဆုံး၌ စစ်ကြီး ဖြစ်ပွားခဲ့သည်တွင် စစ်သားများ စုဆောင်းသော စစ်ဗိုလ်သည် မိမိအား မြင်လျှင်မြင်ခြင်းပင် ချစ်ခင်ကြင်နာသည်ဖြစ်၍ ဂျမဒါရာထူး၌ ခန့်ထားသည်နှင့် စစ်မြေပြင်သို့ လိုက်ပါသွားခဲ့ကြောင်း၊ တစ်နေ့သ၌ ဗုံးဆံ ထိမှန်သည့် ဒဏ်ရာနှင့် ဆေးရုံ၌ နေရစဉ် မိမိတို့ စစ်တပ်သည် ဂျာမန်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ အရေးနိမ့်ခဲ့သည် ဖြစ်၍ မိမိနှင့် တကွ စစ်သားအချို့တို့သည် ရန်သူတို့၏ လက်တွင်းသို့ ကျရောက်ခဲ့ကြောင်း၊ ယင်းသို့ ရှိစဉ် သုံ့ပန်းစစ်သားခြင်း လဲလှယ်မည်ကို စောင့်ဆိုင်း၍ နေရခြင်းမှာ ပျင်းရိဖွယ်ကောင်းလှသည် ဖြစ်၍ အစိုးရကို အားမကိုးဘဲ မိမိ အလိုအလျောက် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကြံစည်ခဲ့ရာ နောက်ဆုံးတစ်နေ့၌ မိမိအကြံ အထမြောက်၍ ဂျာမန်တို့၏ လက်မှ ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ကြောင်း။

ယင်းကဲ့သို့ လွတ်ကင်းခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်လည် လာရောက်ရန် အလိုမရှိသည် ဖြစ်၍ ယိုးဒယားပြည်သို့ ဝင်ပြီးလျှင် စစ်ဘက်ဆိုင်ရာ၌ အမှုထမ်းရွက်ခဲ့ကြောင်း၊ တစ်နေ့သ၌ မြန်မာပြည်မှ ထုတ်ဝေသော နယူးဘားမား သတင်းစာ တစ်စောင်ကို ကောက်ယူကြည့်ရှုမိသည်တွင် မိမိ၏ ဖခင် သေဆုံးပြီ ဖြစ်၍ ညီဖြစ်သူ မောင်ဘကျော်က အမွေအနှစ် ပစ္စည်းများ အကြောင်းနှင့် စပ်လျဉ်း၍ မိမိအမည်ကိုပါ ဖော်ပြပြီးလျှင် ကြော်ငြာထည့်သွင်း၍ ထားသည်ကို ဖတ်ရှုရကြောင်း၊ ကြော်ငြာကို တွေ့မြင်စ အခါ၌ အမွေများကို လိုချင်သည့်စိတ် မရှိသဖြင့် ထိုက်သင့်ရာ ဆွေမျိုးများ စားသုံးပေစေတော့ဟူ၍ပင် အောက်မေ့မိခဲ့ကြောင်း၊ သို့ရာတွင် နှစ်ပရိစ္ဆေဒရှည်ကြာသော အခါ၌ မိမိမွေးဖွားရာ ဇာတိဖြစ်သော မြန်မာပြည်ကြီးကို မိုးအုံ့နေ့တစ်နေ့တွင် လွမ်းဆွတ် တမ်းတ မိသည် ဖြစ်၍ ပြန်လည်သွားရောက်ပြီးလျှင် မိမိ ရထိုက်သမျှသော လယ်၊ ယာ၊ ချောင်း၊ မြေ၊ အမွေအနှစ်တို့ကို ဆက်ခံသိမ်းပိုက်ရန် အကြံဖြစ်ခဲ့ကြောင်း၊ ယင်းကဲ့သို့ အကြံဖြစ်ခဲ့သည်နှင့် တစ်ပြိုင်နက် ယိုးဒယားပြည် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများထံ ခွင့်ပန်ပြီးလျှင် မြန်မာပြည်သို့ တစ်ဖန် ပြန်လည် လာရောက်ခဲ့ကြောင်း၊ ညီဖြစ်သူ စစ်ကဲမောင်ဘကျော် နေထိုင်ရာ အရပ်ကိုလည်း 'စီဗီလစ်' ခေါ် အစိုးရအရာရှိတို့၏ နာမည်စာရင်းတွင် ကြည့်ရှုခြင်းအားဖြင့် သိရှိခဲ့ရ၍ ၎င်းထံ မိမိဆိုက်ရောက်ကြောင်းကို စာဖြင့် ရေးသား အကြောင်းကြားလိုက်ခြင်း ဖြစ်ကြောင်းများနှင့် ထွက်ဆိုလေ၏။

စစ်ကဲကြီး မောင်ဘကျော်မှာ တည့်မတ်ရိုးဖြောင့်သော စိတ်သဘောရှိခဲ့သည့် အလျောက် ၎င်းအဖြစ်အပျက်များကို ကြားသိကာမျှ နှင့်ပင် ရုံးပြင်ကန္နား၌ ခုခံပြောဆိုခြင်းမပြုဘဲ ဆိုင်ရာပစ္စည်းအရပ်ရပ်တို့ကို လွှဲအပ်၍ ပေးလိုသော စိတ်ဆန္ဒ ရှိခဲ့လေ၏။ သို့ရာတွင် ၎င်းအား ချစ်ခင်သူ မိတ်ဆွေအပေါင်းနှင့် တကွ ဝတ်လုံတော်ရကြီး ဦးသာဒင်က ယင်းကဲ့သို့ တစ်ခါတည်း လွှဲအပ်ခြင်းသည် မသင့်မလျော်၊ ထိုသူသည် မိမိကိုယ်ကို သူဌေး ဦးအောင်ကြီး၏သား ဦးဘသော် ဖြစ်ကြောင်းကို ရုံးမင်းများ စိတ်ကျေနပ်လောက်အောင် သက်သေ သာကေ တင်ပြနိုင်သည့် အခါမှ သာလျှင် လွှဲအပ်၍ ပေးသင့်ကြောင်းများနှင့် အကြံပေးကြလေ၏။

ညီအစ်ကို နှစ်ယောက်တို့သည် တစ်ဦးအား တစ်ဦး မမြင်ဘူးကြဘဲ ကွဲကွာလျက် ရှိကြသည်မှာ နှစ်ပေါင်း ၃၀ နီးပါးမျှ ရှိခဲ့ကြလေပြီ။ ၎င်းပြင် ဦးဘသော် ထွက်သွားစဉ်အခါ ဦးဘကျော်မှာ ၁၅ နှစ်အရွယ် ကျောင်းသားသူငယ်မျှ သာလျှင် ရှိခဲ့လေသေးသည် ဖြစ်၍ မှတ်မိနိုင်ရန် ခဲယဉ်းလေတော့၏။ သို့ရာတွင် ဦးဘသော်သည် ကောလိပ်ကျောင်း နေစဉ်အခါက ရိုက်ကူး၍ ပို့လိုက်သော ဓာတ်ပုံတစ်ပုံ ၊ သူဌေးဦးအောင်ကြီး၏ ဇနီး မသေဆုံးမီက မိသားတစ်စု ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံ ရှိခဲ့သည် မှန်၏။ ဒုတိယ ဓာတ်ပုံ၌ သမီးကြီး မတင်ချိုမှာ ၁၃ နှစ်၊ မောင်ဘသော်မှာ ၁၁ နှစ်၊ မောင်ဘကျော်မှာ ၄ နှစ်သားအရွယ်မျှ အသီးသီး ရှိခဲ့ကြလေ၏။ ယခုရောက်လာသူ ဦးဘသော် ဆိုသူသည် လူပုံလူပန်းသည် ဓာတ်ပုံနှစ်ပုံတွင် ရှိသော လူပုံလူပန်းနှင့် တူညီကြောင်းကို မြင်ရသူတိုင်းကပင် ဝန်ခံခဲ့ကြရလေ၏။

ထို့ပြင် ဦးဘကျော်ထံသို့ 'ထော်တီ' အစချီ၍ ရေးလိုက်သော စာမှ လက်ရေးသည် မတင်ချိုထံ ရေးအခါက ရေးခဲ့ဖူးသော စာနှင့် ယပင့်၊ ရရစ် ဆွဲပုံ၊ တစ်ချောင်းငင် ဆွဲပုံ၊ အသတ်ဆွဲပုံ မှစ၍ အလုံးစုံတူညီ၍ လူတစ်ယောက်တည်း ရေးသော စာဖြစ်ကြောင်း ကောင်းစွာ ထင်ရှားခဲ့လေ၏။

ယင်းသို့ ဖြစ်ရကား ၎င်းအမှုကို ဟိုက်ကွတ်ရုံး၌ စစ်ဆေးသည့်အခါတွင် ဦးဘကျော်ဘက်မှ လျှောက်လဲ ကန့်ကွက်သော ဝတ်လုံတော်ရကြီး ဦးသာဒင်မှာ ကြီးစွာသော အခက်အခဲ ကြီးများနှင့် တွေ့ကြုံရလေ၏။

ဦးဘကျော်ဘက်မှ အရေးအကြီးဆုံးသော သက်သေမှာ မတင်ချို ဖြစ်လေသည်။ မတင်ချိုသည် ပကတူးမှ စ၍ ထိုသူသည် မည်သည့်နည်းနှင့်မျှ ဦးဘသော် မဖြစ်နိုင်ဟု စွဲမြဲစွာ ယုံကြည်ခဲ့သူ တစ်ယောက် ဖြစ်လေသည်။ သို့ဖြစ်၍ ကျမ်းသစ္စာ တိုက်ပြီးနောက် ရှေ့နေကြီးက မေးခွန်းထုတ်သည့် အခါတွင် ယခုအမှု၌ တရားလိုသည် မည်သည့်နည်းနှင့်မျှ မိမိ၏ မောင် မောင်ဘသော် မဟုတ်နိုင်ကြောင်း၊ တရားလို၏လူပုံလူပန်းနှင့် မောင်ဘသော်၏လူပုံလူပန်းမှာ မည်သည့်နေရာ တစ်ကွက်၌မျှ တူညီသည့် အချက်ကို မိမိ ကြည့်၍ မမြင်နိုင်ကြောင်း၊ မိမိရရှိသော စာမှ လက်ရေးနှင့် မောင်ဘကျော် ရရှိသော စာမှ လက်ရေးသည်လည်း တစ်လုံးတစ်ပါဒမျှ မတူညီကြောင်းနှင့် အတိအလင်းပင် တင်းတင်းမာမာ ငြင်းဆိုခဲ့လေ၏။ ၎င်းအထိမှာမူကား ဦးဘကျော် ဘက်မှ အရေးသာဘိသကဲ့သို့ ရှိနေခဲ့လေ၏။

သို့ရာတွင် မတင်ချို မထုချေနိုင်သော အချက်မှာလည်း ရှိခဲ့လေသေးသည်။ ၎င်းတို့မှာ ဝတ်လုံတော်ရကြီး ဦးသာဒင်သည် ဦးဘသော်ဘက်မှ တစ်ချက်တည်းနှင့် အရေးနိမ့်စေရန် ရည်ရွယ်ခဲ့ပြီးလျှင် ဦးဘသော် ထံမှ မတင်ချို ရရှိဖူးသော စာများကို အလုံးစုံ ရှာ၍ မတွေ့သော်လည်း စာများရရှိသော ခုနှစ် သက္ကရာဇ်၊ စာများထည့်လိုက်သော အရပ်ဒေသတို့၏ အမည်များနှင့်တကွ စာတွင်ပါရှိသော အကြောင်းအရာတို့ကိုပါ တတ်နိုင်သမျှ စုံလင်စွာ မတင်ချိုအား ရေးသားစေပြီးလျှင် ရုံးမင်းထံ တင်သွင်းပြထား ခဲ့လေ၏။ တရားလိုဦးဘသော်၏ ဘက်မှလည်း ဦးဘသော်က မည်သည့်နှစ်၊ မည်သည့်အခါတွင် မည်သည့်နေရာမှ နေ၍ မည်သို့သော အကြောင်းကိစ္စ ကြောင့် အစ်မထံသို့ လည်းကောင်း၊ ဖခင်ထံသို့ လည်းကောင်း စာများ ရေးသား ပေးပို့ခဲ့ဖူးကြောင်းများကို အလွှာရေးသား တင်သွင်း၍ ထားခဲ့လေ၏။ ရုံးမင်းသည် မတင်ချို၏ အလွှာနှင့် ဦးဘသော်၏ အလွှာတို့ကို နှိုင်းယှဉ်၍ ဖတ်ရှုသော အခါ ခုနှစ် သက္ကရာဇ်လည်း မလွဲ၊ စာများထည့်ရာ အရပ်ဒေသလည်း မလွဲ၊ စာတွင် ပါရှိသည် ဆိုသော အကြောင်းအရာ တို့မှာလည်း မကွဲမပြားဘဲ အလုံးစုံ ထပ်တူထပ်မျှ အံ့ကျလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ သို့ပါသော်လည်း ဦးဘကျော်၏ ဘက်မှ ထုချေသည့်တရားလိုသည် ဦးဘသော် အစစ်မဟုတ်ဘဲလျက် ဦးဘသော် ကဲ့သို့ပင် လူလေလူလွင့် တစ်ယောက် ဖြစ်၍ ဦးဘသော် အစစ်နှင့် တစ်နေရာရာ၌ ဆုံတွေ့မိကြသည်ဖြစ်၍ ၎င်းထံမှ ထိုအခြင်းအရာ အဖြစ်အပျက်များကို ကြားသိ မှတ်သား၍ထားခြင်း ဖြစ်ကြောင်းနှင့် ထုချေပြန်လေ၏။

ထိုအခါ တရားလိုသည် ငယ်စဉ်အခါက မိဘများနှင့် အတူ နေထိုင်ခဲ့ရသည့် အဖြစ်အပျက် အကြောင်းအရာများနှင့် တကွ ကျောင်းသား အရွယ်တွင် ကျောင်း၌ နေထိုင်ခဲ့ရပုံ၊ ကြေးငွေသုံးစွဲမှုနှင့် ပတ်သက်၍ ဖခင်ဖြစ်သူနှင့် မကြာခဏ စကားများရပုံ အကြောင်းများကို စပ်ကြားမှသိရသည့် လက္ခဏာမပါမရှိဘဲ ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံခဲ့ရသောအကြောင်းအရာများ ဖြစ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားစေလောက်အောင် ကွက်ကွက်ကွင်းကွင်း ထင်လင်းသေချာ သွက်လက်စွာ ပြောဆိုနိုင်လေရကား မောင်နှမနှစ်ယောက်တို့သည် များစွာအံ့အားသင့်လျက် ရှိနေခဲ့ကြလေ၏။ သို့ဖြစ်သောကြောင့် တရားသူကြီးသည် တရားလိုမှာ မိမိ၏အမှု ထင်ရှားအောင် သက်သေ သာဓက တင်ပြနိုင်ပါပေသည်ဟု သဘောကျပြီးလျှင် တရားလိုအား အနိုင်ပေး၍ ဧက ၃၀၀၀ ကျော် လယ်မြေတို့ကို တရားလိုအား လွှဲအပ်စေဟု အမိန့်ချမှတ်လိုက်လေ၏။

စစ်ကဲ ဦးဘကျော်သည် ၎င်းအမိန့် ချမှတ်ချက်အတိုင်း မိမိလက်ဝယ်၌ ထိန်းသိမ်း၍ ထားရသော လယ်မြေများကို တရားလိုသို့ လွှဲအပ်ခဲ့ရ၍ တရားလိုသည် ပစ္စည်းများကို လက်ခံ သိမ်းပိုက်ပြီးနောက် အခြေတကျ နေထိုင်ခဲ့သဖြင့် ခြောက်လခန့်မျှ ကြာသောအခါ တစ်နေ့သ၌ အသက်လေးဆယ်အရွယ်ခန့် ရှိ၍ ဖြူဖြူတုတ်တုတ် ခန့်ခန့်ငြားငြားနှင့် မင်းကတော်ဟန်ပေါက်သော မိန်းမ တစ်ယောက်သည် ကျွန်တော်နှင့် မောင်စံရှားတို့ နေထိုင်ရာ တိုက်ခန်းသို့ တက်လာ၍ 'ဦးစံရှား မရှိပါသလော' ဟု မေးမြန်းလေ၏။

ထိုအခါ မောင်စံရှားသည် ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးပြီးနောက် ကိစ္စကို မေးမြန်းရာ ၎င်းမိန်းမက မိမိမှာ စစ်ကဲ ဦးဘကျော်၏ ဇနီးဖြစ်ကြောင်း ၊ ဦးဘကျော် ဆိုသူမှာလည်း မကြာသေးမီက ဖြစ်ပွားခဲ့သော အမွေမှုကြီးတွင် တရားခံဖြစ်ခဲ့၍ တရားရှုံးခဲ့သည် ဖြစ်ကြောင်း၊ မိမိတို့မှာ ရာထူးနှင့်တကွ ပစ္စည်းဥစ္စာ အရာဌာနနှ၌ ဆိုဖွယ်ရာ မရှိသည့်ပြင် လင်နှင့် မယားမှာလဲ အထူးသဖြင့် သင့်တင့်ညီညွတ်ကြ၍ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း အစရှိသည်တို့နှင့် ပြည့်စုံခဲ့သည် မှန်သော်လည်း မိမိတို့၏ သားသမီးများ ရသင့်ရထိုက်သော ပစ္စည်းများကို လူလိမ်လူကောက် တစ်ဦး တစ်ယောက်က မဟုတ်မတရား လိမ်လည် စားသုံးလျက် ရှိသည်ကို လျစ်လျူရှုပေက္ခာပြု၍ နေခဲ့ပါမူ မိဘတို့၏ တာဝန် ဝတ္တရား ကျေပွန်ရာရောက်မည်မဟုတ်ကြောင်း၊ ၎င်းအမှုကြီး၌ အနိုင်ရခဲ့သော တရားလိုမှာ ဦးဘသော် အစစ် မဟုတ်နိုင် ကြောင်း၊ သို့ဖြစ်၍ မိမိနှင့်တကွ မိတ်သင်္ဂဟအပေါင်းတို့က ခင်ပွန်းသည် ဦးဘကျော်အား အယူခံဝင်ရန် တိုက်တွန်း နှိုးဆော် ကြပါသော်လည်း ဦးဘကျော်၏ သဘောမှာ တရားလိုသည် မိမိ၏ အစ်ကို အစစ်ဟုတ်လျှင်လည်း ဟုတ်မည်၊ မဟုတ်ဘဲ ရှိလျှင်လည်း ရှိမည်၊ အကယ်၍ အယူခံ ဝင်ခဲ့သော် အစ်ကို အစစ်မဟုတ်လျှင် သင့်လျော်ပါ၏၊ အကယ်၍ အစ်ကို အစစ် ဖြစ်ခဲ့ပါမူ နှစ်ပေါင်းများစွာ မိဘဆွေမျိုးတို့နှင့် ခွဲခွာ၍ ကြပ်တည်းဆင်းရဲစွာ နေထိုင်ခဲ့ရပြီးနောက် လက်သို့ရောက်ပြီးသော အမွေကို ညီဖြစ်သူက တွန့်တိုသည့် သဘောဖြင့် နှောင့်ယှက်ကန့်ကွက်ရာ ရောက်ချေတော့မည်၊ အကယ်၍ အစ်ကိုရင်း စစ်စစ် မှန်ပါလျက်နှင့် မိမိက အယူခံဝင်ခဲ့၍ မိမိက အနိုင်ရခဲ့ပါမူ ၎င်းပစ္စည်းများကို စားသောက်ရသော မိမိ၏ သားသမီး တို့မှာ သံခဲတွေကို မျိုရဘိသကဲ့သို့ ပူလောင်ရရှာချေတော့မည်၊ သို့ဖြစ်သောကြောင့် မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ အယူခံမဝင်လိုတော့ကြောင်းများနှင့် ပြန်ပြောကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ မောင်စံရှားသည် ၎င်းအမှုကြီး စစ်ဆေးစဉ်အခါကပင် အရေးတယူ စောင့်ကြပ်နားထောင်ခဲ့ပြီးလျှင် မိမိနှင့် မသက်ဆိုင်သဖြင့် မည်သို့မျှ ပါဝင်စွက်ဖက်ရန် အခွင့်အရေး မရရှိခဲ့ဘဲ ၎င်းအမှုကြီး၌ မှတ်သားဖွယ်ရာ အချက်များ ပါရှိသည် ဟု ကျွန်တော့်အား ပြောကြားခဲ့ဖူးသည် ဖြစ်ရာ ယခုတဖန် အမှုသည်တစ်ဦးကိုယ်တိုင် မိမိထံ လာရောက်ပြန်သော အခါ၌ကား ဝမ်းမြောက်ဝမ်းသာ နားစိုက်ခါ ရှိနေလေ၏။

၎င်းနောက် စစ်ကဲကတော် ဒေါ်စိမ်းမြ ဆက်လက်၍ ပြောပြသည်မှာ

**မြ**။ ။'ကျွန်မလဲ သည်လောက် လောဘထွက်လို့ မဟုတ်ပါဘူးရှင်၊ နို့ပေမဲ့ သားသမီးတွက် ဆိုတာ မိဘဖြစ်သူက ရသင့် ရခွင့် ရှိသလောက် ရရှိဖို့ဟာ မိဘတို့မှာ ဝတ္တရား ရှိတာကိုး ဦးစံရှားရဲ့'

**ရှား**။ ။'မှန်ပေတယ်၊ မှန်ပေတယ်'

**မြ**။ ။'ကိုဘကျော် ကတော့လဲ အယူခံဝင်ဖို့ရာ ကျွန်မ ပြောခဲ့တဲ့ အတိုင်း ဘယ်နည်းနှင့်မှ ပြောလို့ နားမဝင်ဘူးရှင့်၊ အဲဒီတော့ အယူခံလဲ မဝင်ဘဲနှင့် ဦးစံရှားက တစ်နည်းတစ်ဖုံ ကြံစည်ပြီး သည်အမှုမှာ မှန်တဲ့အတိုင်း ဖြစ်ရအောင် ကြံဆောင်ပြီး ပေးစေချင်ပါတယ် ရှင်'

**ရှား**။ ။'တတ်နိုင်သမျှ ကြိုးစားပါ့မယ် ခင်ဗျာ၊ စိတ်ချပါ၊ ဒါထက် နောက်ထပ်ပြီး သင်္ကာမကင်း ဖြစ်စရာ တစ်စုံတစ်ရာများ ပေါ်ပေါက်သေးပါသလား ခင်ဗျာ'

**မြ**။ ။'သည်လို ပေါ်ပေါက်လို့လဲ မဟုတ်ပါဘူးရှင်'

**ရှား**။ ။'ဒါဖြင့် ထင်ရှားထင်ရတာပဲလား'

**မြ**။ ။'သည်လိုလဲ မကပါဘူးရှင်'

**ရှား**။ ။'ဒါဖြင့် ဘယ်လိုလဲ ခင်ဗျာ၊ ပြောပြစမ်းပါဦး'

**မြ**။ ။'တပ်တပ်အပ်အပ် သေသေချာချာ ကြီးရယ်လို့တော့ ဘာတစ်ခုမှ ပြောပလောက်အောင် မရှိပါဘူးရှင့်၊ နို့ပေမဲ့ သည်လူဟာ ကိုဘသော် အစစ်မဖြစ်နိုင်ဘူးဆိုတာ ကျွန်မစိတ်ထဲမှာ အစဉ်အမြဲပဲအစွဲကြီးစွဲပြီးနေပါတယ်ရှင်၊ သည်အမှုမှာရှင်းလင်းနိုင်တဲ့ လူဟာလဲ မြန်မာပြည်မှာ ရှင်တစ်ယောက်ပဲရှိတယ်လို့ ယုံကြည်ပြီး တတ်နိုင်သမျှ ကူညီဖို့ တောင်းပန်မယ်လို့ လာရောက်ခဲ့ခြင်း ဖြစ်ပါတယ် ဦးစံရှားရှင်၊ သည်အတွက် ကုန်ကျရသမျှ စရိတ်ကိုလဲ ကျွန်မ တာဝန်ပဲ ရှိပါစေရှင်'

**ရှား**။ ။(ဆေးတံကို ဆေးထည့်၍ မီးညှိကာဖွာရင်း) 'သည်အမှုနှင့် ပတ်သက်ပြီး ဝတ်လုံတော်ရ ဦးသာဒင်နှင့် မင်းကတော်နှင့် တိုင်ပင်နှီးနှော ဖူးကြ ပါသလား'

**မြ**။ ။'ဦးသာဒင် မသေမီက တစ်ခါ တိုင်ပင်ကြည့်ဖူးပါတယ်ရှင်'

**ရှား**။ ။'သူ ဘာပြောသလဲ ခင်ဗျာ'

**မြ**။ ။'တရားလိုဘက်က တင်ပြတဲ့ သက်သေသာကေ တွေဟာ အင်မတန်လုံလောက်ပြီး နေလို့ အယူခံဝင်ဖို့တောင် တော်တော်ခဲယဉ်းသွားပဲတဲ့ သူကလဲပဲ တရားလိုဟာ ကိုဘသော် အစစ်မဟုတ်ဘူး ရယ်လို့တော့ သူ့စိတ်မှာ ထင်ပါတယ်တဲ့၊ နို့ပေမဲ့ အစစ် မဟုတ်ကြောင်းကို ထင်ရှားအောင် လုပ်ဖို့ မတတ်နိုင်လောက်အောင် ဖြစ်နေတယ်တဲ့ ပြောဖူးပါတယ်ရှင်'

ထိုအခါ မောင်စံရှားသည် မည်သို့မျှ ပြန်၍ မပြောဘဲ ဆေးတံကို သောက်ဖွာ၍ အတန်ကြာအောင် စဉ်းစားစိတ်ကူးကာ ရှိနေခဲ့ရာ ဒေါ် စိမ်းမြသည် ၎င်း၏ ထင်မြင်ချက်ကို သိလိုလှပြီ ဖြစ်၍

**မြ**။ ။'ဘယ့်နယ်လဲရှင်၊ ဖြစ်နိုင်ဖို့ရာ နည်းလမ်းများ မြင်ပါသလား'

**ရှား**။ ။'မှန်တဲ့အတိုင်းတော့ ဖြစ်ပါစေ့မယ် ခင်ဗျာ၊ သို့သော်လဲ သည်းခံပြီး စောင့်ရလိမ့်မယ်'

**မြ**။ ။'ဘယ်လောက်ကြာကြာများ စောင့်ရမလဲ ရှင်'

**ရှား**။ ။'တစ်နှစ်ပဲ ကြာမလား၊ သည်ထက်ပဲ ကြာဦးမလား၊ အမှန်မပြောနိုင်အောင် ရှိပါတယ် မင်းကတော်၊ သည်အမှုမှာ ကျွန်တော် မျှော်လင့်ထားတာလေးတစ်ခု ဖြစ်ပေါ်လာဖို့စောင့်ဆိုင်းရလိမ့်မယ်၊ အဲဒါတစ်ခု ဖြစ်ပေါ်လျှင်ဖြစ်ပေါ်ခြင်း ကျွန်တော် စတင်ပြီး အလုပ်လုပ်ဖို့ပဲ ရှိတယ်'

**မြ**။ ။'တကယ်လို့ မျှော်လင့်တဲ့ အတိုင်း မဖြစ်ပေါ်ခဲ့လို့ ရှိလျှင်ကော ရှင်'

**ရှား**။ ။'ဖြစ်ရမယ် မင်းကတော်၊ ကျွန်တော့် စကားကို ယုံကြည်ပါ၊ အမှန် ဖြစ်ပေါ်ပါလိမ့်မယ် ခင်ဗျာ'

**မြ**။ ။'ကိုင်းဒါဖြင့် ကျွန်မ စိတ်ချပြီး စောင့်နေတော့မယ် ၊ ပြန်လိုက်ပါအုံးမယ်ရှင်'

× × × × × ×

၎င်းနောက် ခြောက်လခန့် အတွင်း မောင်စံရှားသည် ဦးဘသော် ဆိုသူ၏ အကြောင်းကို သတင်းနားထောင်လျက် မျှော်လင့်စောင့်ဆိုင်းလျက် ရှိခဲ့ရာ တစ်စုံတစ်ရာမျှ ထူးထူးခြားခြား မဖြစ်ပွားခဲ့သေးဘဲ ရှိနေခဲ့လေ၏။ ဦးဘသော် ဆိုသူသည် လယ်မြေအချို့ကို ရောင်းချပြီးလျှင် ကောင်းမွန်ခမ်းနားသော တိုက်ကြီးတစ်တိုက်ကို တည်ဆောက်လျက် အစဉ်မပြတ် အငြိမ့်တီးခြင်း၊ ပွဲခံခြင်း၊ စားပွဲကျွေးခြင်း၊ မူးယစ်သောက်စားခြင်း အစရှိသော ပျော်ပါးမှု အမျိုးမျိုးတို့ဖြင့် အချိန်ကုန်လွန်လျက် ရှိကြောင်းကို သတင်းရရှိခဲ့သည် မှန်၏။ သို့ရာတွင် ၎င်းအပြုအမူသည် ဦးဘသော် အစစ်၏ အကျင့်စာရိတ္တနှင့် မညီမညွတ်ဟု ပြောဆိုရန် မရှိသည်ဖြစ်၍ ၎င်းအတွက် အရေးယူရန်အကြောင်း တစ်စုံတစ်ရာမျှ မရှိချေ။

ယင်းသို့ရှိစဉ် ဦးဘသော်မှာ ထိုအသက်အရွယ်သို့ တိုင်အောင် သားမယား မရှိသေးသည်ဖြစ်၍ မြို့သူမြို့သား အပေါင်းတို့က ထိုသူသည် ပစ္စည်းဥစ္စာနှင့်ပြည့်စုံပါလျက် တစ်သက်လုံးပင် လူပျိုကြီးလုပ်၍နေချေတော့မည်လော၊ အကယ် အိမ်ထောင်ရက်သား ပြုခဲ့ပါလျှင်လဲ မည်သို့သော မိန်းမမျိုးနှင့် စုံဖက်ပါမည်နည်း အစရှိသဖြင့် တွေးတော ပြောဆိုကြပြီးလျှင် ခနဥစ္စာ

မခိုင်လုံဘဲလျက် ရုပ်ရည်ချောမောလှပသောသမီးရှင်တို့မှာလည်း အဆင်းနှင့်ဥစ္စာလဲလှယ်ရသော် သင့်လျော်မည် ထင်ကြောင်းများနှင့် မျှော်လင့် စောင့်ဆိုင်းကာ ရှိနေခဲ့ကြရှာလေ၏။

တစ်နေ့သ၌မူကား ဦးဘသော်သည် အစ်မဖြစ်သူ မုဆိုးမ မတင်ချိုနှင့် ရန်ငြိုးပြေကြပြီးလျှင် မတင်ချိုသည် မောင်ဖြစ်သူ၏ အိမ်ထောင်ကို ဦးစီးရန် ၎င်းနှင့် အတူတကွ ပြောင်းရွှေ့နေထိုင်ခဲ့သည်တွင် ယခင်က သမီးရှင်တို့မှာ မျှော်လင့်ဖွယ်ရာ မရှိချေတော့ပြီ တကား ဟု များစွာ ဝမ်းနည်းကြရှာလေ၏။

၎င်းသတင်းကို ကျွန်တော်၏ မိတ်ဆွေ မောင်စံရှား ကြားသိရသောအခါ ယခင်က ထိုအမှုကို မေ့လျော့လျက် ရှိဘိသကဲ့သို့ လုံးလုံးပစ်၍ ထားရာမှ အရေးတယူ ဖြစ်ခဲ့ပြီးလျှင် ဦးဘသော်၊ ဦးဘကျော် တို့ မွေးဖွားရာ ဖြစ်သော မြို့ရွာသို့ လည်းကောင်း၊ ယခုအခါ မောင်နှမ နှစ်ယောက်တို့ အတူတကွ နေထိုင်ကြသော မြို့သို့လည်းကောင်း၊ သွားရောက်ထောက်လှမ်း စုံစမ်းမေးမြန်းပြီးလျှင် ၎င်းဒေသများ၌ နေထိုင်သူ တစ်ဦးနှစ်ဦး တို့နှင့်လည်း မကြာခဏ စာပေးစာယူ ပြုလုပ်သည်ကိုလည်း ကျွန်တော် သိရှိရလေ၏။

၎င်းနောက် တစ်လခန့်မျှ ကြာခဲ့ပြန်သော် မောင်စံရှားသည် ကျွန်တော့်ကို ခေါ်ပြီးလျှင် ဦးဘသော်တို့ မောင်နှမ နေထိုင်ရာမြို့သို့ သွားရောက်၍ မိတ်ဆွေ တစ်ဦးထံ၌ တည်းခိုနေထိုင်လျက် ထိုမောင်နှမနှင့် အသိအကျွမ်း ဖြစ်အောင် ကြိုးစား အားထုတ်ခဲ့လေ၏။

မောင်စံရှားမှာ ထိုအခါက မိမိအမည်နှင့် အလုပ်အကိုင် တို့ကို လွှဲပြောင်းပြောဆိုပြီးလျှင် စက်ပိုင်တစ်ယောက် ဖြစ်၍ စပါးများ ဝယ်ခြမ်းရန် တောသို့ တက်လာခြင်း ဖြစ်သည့်အနေဖြင့် နေထိုင်ခဲ့ရာ တစ်နေ့သ၌ စပါးပွဲစားတစ်ယောက်က အသိမိတ်ဆွေ ဖွဲ့ပေးသဖြင့် ကျွန်တော်တို့မှာ ဦးဘသော်၏ နေအိမ်သို့ ဝင်ထွက်ခွင့် ရခဲ့လေ၏။

တစ်နေ့သ၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် ဦးဘသော်က ညစာထမင်း လာရောက်သုံးဆောင်ရန် ဖိတ်ကြားသဖြင့် သွားရောက်ကြရာ ထမင်းစားသောက်၍ ပြီးကြလျှင် မောင်စံရှားသည် မတင်ချိုနှင့် နှစ်ယောက်တည်း စကားပြောရန် အခွင့်ကို စောင့်ဆိုင်း၍ အခွင့်သာသည်နှင့် တစ်ပြိုင်နက်

**ရှား**။ ။'နေပါဦး မမချို ခင်ဗျ၊ ကျွန်တော် တစ်ခု မေးပါရစေဦး၊ မမချို ယောက်ျား ကိုဘိုးထိန် ဆိုတာ ကျွန်တော်နှင့် ကျောင်းနေဘက် သူငယ်ချင်း ကိုဘိုးထိန် ဟာပဲ မှတ်ပါတယ်'

**ချို**။ ။'ရှင်က ဘယ်အရပ်သားလဲ'

**ရှား**။ ။'ကျွန်တော်က ဖျာပုံမြို့သား ဇာတိပါ ခင်ဗျာ၊ ကျွန်တော်သိတဲ့ ကိုဘိုးထိန်ဟာ'

**ချို**။ ။'ဟုတ်ကဲ့ ဟုတ်ကဲ့' ဟု ပြောပြီး မောင်စံရှား၏ စကားကို ဆုံးအောင် နားမထောင်ဘဲ ထိုင်ရာမှ ထသွားလေ၏။ မောင်စံရှားမှာမူ ဆေးတံကိုသောက်ရှူရင်း မတင်ချို သွားရာကို မျှော်ကြည့်လျက် ဦးခေါင်းညိတ်ကာ ကျန်နေရစ်လေ၏။

ထိုနေ့မှစ၍ ဦးဘသော်သည် ကျွန်တော်တို့အား ၎င်းအိမ်သို့ လာရောက်လည်ပတ်ရန် မဖိတ်ကြားတော့သဖြင့် ကျွန်တော်တို့မှာ ၎င်း၏ နေအိမ်သို့ ဝင်ထွက်ခွင့် မရဘဲ ရှိခဲ့ရာ တစ်နေ့သ၌မူကား မောင်စံရှား၏ စီမံချက်ကြောင့် ၎င်း၏ မိတ်ဆွေက ဦးဘသော်ကို ထမင်းစား ဖိတ်ကြားသဖြင့် ၎င်း၏ မိတ်ဆွေအိမ်တွင် ဦးဘသော်နှင့် တွေ့ဆုံခွင့် ရခဲ့ပြန်လေ၏။ မောင်စံရှားသည် ဦးဘသော်နှင့် နှစ်ယောက်တည်း စကားပြောဆိုရန် အခွင့်ပေါ် သည်နှင့် တစ်ပြိုင်နက်

**ရှား**။ ။'ဦးဘသော်တို့ အမှုဆိုင်တုန်းက ကျွန်တော်ဖြင့် နေ့တိုင်း ရုံးသွားပြီး အမှုစစ်တာ နားထောင်မိတာပဲ ခင်ဗျာ'

**သော်**။ ။'ဘာကြောင့်လဲဗျာ့'

**ရှား**။ ။'မမချို ယောက်ျား ကိုဘိုးထိန်နှင့် ကျွန်တော်နှင့် ဆိုတော့ အင်မတန် ခင်ကြတဲ့ ကျောင်းနေဘက် သူငယ်ချင်း ဖြစ်ခဲ့ကြဖူးတာကိုး ခင်ဗျ၊ ဒါထက် ကိုဘိုးထိန် တစ်ယောက်'

**သော်**။ ။'ကိစ္စကလေးတစ်ခု ရှိသေးတယ်ခင်ဗျာ၊ ခွင့်ပြုပါဦး ' ဟုပြောပြီးလျှင် ထိုင်ရာမှထ၍ အိမ်ရှင်အား နှုတ်ဆက်ပြီးနောက် အိမ်ပေါ်မှ ဆင်းသွားလေ၏။

နောက်တစ်နေ့၌ မောင်စံရှားသည် အရေးကြီးသော ကိစ္စတစ်ခု ရှိသဖြင့် တွေ့ဆုံလိုပါကြောင်းနှင့် ဦးဘသော်ထံ စာတစ်စောင် ရေးသား စေလွှတ်လိုက်ရာ ဦးဘသော်သည် စာကိုလည်း မပြန်၊ စာပို့သူအားလည်း မည်သို့မျှ စကားပြန်မကြားဘဲ ရှိနေခဲ့ လေ၏။

ထိုအခါ၌ကား မောင်စံရှားသည်၎င်းမြို့ရှိ ဌာနာသို့ သွားရောက်၍ ဌာနာအုပ်အား အဖြစ်အပျက် အကျိုးအကြောင်း အနည်းငယ်ကို အကျဉ်းချုပ် ပြောပြပြီးလျှင် ဌာနာအုပ်နှင့် ကျွန်တော်တို့နှစ်ယောက် တို့သည် ဦးဘသော်၏ နေအိမ်သို့ သွားရောက်ကြလေ၏။ ဌာနာအုပ်လဲ ပုလိပ်သား လေးယောက်တို့အား ဦးဘသော်၏ တိုက်နောက် တိုက်ရှေ့ စသည်တို့မှ အမှတ်မဲ့ စောင့်ဆိုင်းနေကြရန်လည်း မှာထားခဲ့လေ၏။

ကျွန်တော်တို့သုံးဦးသည် ဦးဘသော်၏ တိုက်တွင်းသို့ ဝင်မိကြသောအခါ မတင်ချိုနှင့် ဦးဘသော် ဆိုသူ တို့က မိမိတို့၏ ပိုင်နက်အတွင်းသို့ အခွင့်မရှိဘဲနှင့်ဝင်လာကြသည်ကို ဟစ်အော်ငေါက်ငန်းကာကြုံးဝါးလျက်ရှိစဉ် မောင်စံရှားက အလွန်တရာ ချိုသာလှသော မျက်နှာထားနှင့် ၎င်းတို့၏ စကားကို ပမာ မထားဘဲ

**ရှား။** ။'ဦးဘိုးထိန်တစ်ယောက် ကသာမှာ ဆုံးရှာတယ်ဆိုတာ ဝမ်းနည်းလိုက်ပါတော့တယ် ခင်ဗျာ၊ တဆိတ်ကလေးမှ မမချို ခင်ဗျာ၊ ဘယ်နှစ်က ဆုံးပါလိမ့်ခင်ဗျာ'

**ချို။** ။'ဘယ်နှစ်က ဆုံးဆုံး ရှင်နှင့် ဘာဆိုင်သလဲ'

**ရှား။** ။'မဟုတ်ပါဘူး ခင်ဗျာ၊ တစ်ချို့ မနာလိုတဲ့ လူများက ပြောနေကြတယ် ခင်ဗျ၊ ကိုဘိုးထိန် သေတယ် ဆိုတဲ့ စကားဟာ မမှန်ဘူးတဲ့၊ ဘယ်တော့ကမှ မသေဘူးတဲ့၊ မသေတဲ့အပြင် ရေးကထက်တောင် ကျန်းကျန်းမာမာကြီး ဖြစ်ပြီး ဦးဘသော် အမည်နှင့် ဟောဟိုမှာ ထိုင်နေတဲ့လူဟာ သူပဲလို့တောင် ပြောနေကြတယ်ခင်ဗျ'

ထိုခဏ၌ ဦးဘသော် ဆိုသူနှင့် မတင်ချိုတို့မှာ မျက်နှာများ မည်း၍ သွားကြပြီးလျှင် ဦးဘသော် ဆိုသူက ရုတ်တရက် ဟန်လုပ်ကာ မျက်နှာထားပြင်ပြီးလျှင်

'မဟုတ်တာတွေ ခင်ဗျား ဘယ့်နှယ် လာပြောနေတာလဲ၊ အသရေပျက်မှုနှင့် တရားစွဲရမှာလား'

**ရှား။** ။'မှန်ပါတယ် မှန်ပါတယ်၊ ကျွန်တော်လဲ သည်စကားကို မယုံလို့ ကသာမြို့ကို ကိုယ်တိုင်သွားပြီး စုံစမ်းမယ်လို့ ကြံဆဲပါပဲ၊ သည်လိုကြံနေတုန်းမှာ မမချိုယောက်ျား ကိုဘိုးထိန်ကို ငယ်ငယ်တုန်းက သိကျွမ်းခဲ့တဲ့ အဒေါ်ကြီး တစ်ယောက်က သူ့လက်ဝဲဘက် လက်မောင်းမှာ မီးလောင်ထားတဲ့ အမာရွတ်ကြီး တစ်ခု ရှိတယ်လို့ ပြောပါတယ်၊ မိတ်ဆွေ လက်မောင်း တဆိတ်လောက် ပြစမ်းပါလား ခင်ဗျာ'

'သေရောဟဲ့ ခွေးမသား' ဟု ကြိမ်းဝါးလျက် ဦးဘသော် ဆိုသူသည် မောင်စံရှားအား ကုလားထိုင်တစ်ခုနှင့် ကိုင်၍ ပေါက်လိုက်ရာ မောင်စံရှားသည် ဦးခေါင်းကိုငုံ့ကာ တိမ်းရှောင်ပြီးလျှင် နောက်တစ်ခဏ၌ ဌာနာအုပ်နှင့် မောင်စံရှားတို့သည် ဦးဘသော် သို့မဟုတ် ကိုဘိုးထိန်၏ လက်ကို တစ်ယောက် တစ်ဖက်ဆီ ဆုပ်ကိုင်ပြီး ဖြစ်ကြလေ၏။ ၎င်းနောက် ဌာနာအုပ်က ခရာမှုတ်လိုက်သည်တွင် တိုက်ပြင်မှ စောင့်နေသော ပုလိပ်သားတို့သည် တိုက်တွင်းသို့ ပြေးဝင်လာကြ၍ တရားခံနှစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်ကြပြီးလျှင် လိမ်လည်မှုနှင့် ဌာနာသို့ ခေါ်ဆောင်သွားကြလေ၏။

၎င်းတရားခံနှစ်ဦးတို့အနက် မတင်ချိုမှာ သာလွန်၍ ချီးမွမ်းဖွယ်ရာ ကောင်းခဲ့လေသည်။ ဦးဘသော်နှင့် ဦးဘိုးထိန်တို့မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်သည်ဖြစ်၍ လူပုံပန်းခြင်းအနည်းငယ်တူသည့်အချက်ကိုအသုံးပြုပြီးလျှင် ပျောက်ဆုံးသူ ဦးဘသော် ၏ နေရာ၌အစားထိုး၍ပေးရန် နှစ်ပေါင်းများစွာမှ အကြံဖြစ်ပေါ်နှင့်၍ စိတ်ရှည်လက်ရှည် ကြံစည်စီမံပုံကိုလည်းကောင်း၊ လင်ယောက်ျားဆုံးဟန်ဆောင်ပြီးနောက် မုဆိုးမ အပူသည်အဖြစ်နှင့် နေထိုင်ခဲ့ပုံကိုလည်းကောင်း၊ အမှုကို စစ်ဆေးသည့် အခါ၌ ၎င်းကပင် ဦးဘကျော်ဘက်မှ နေ၍ အကြောက်အကန် ငြင်းဆန်ကန့်ကွက်ပုံကို လည်းကောင်း၊ နောက်ဆုံးနေ့၌ အစစအရာရာ အဆင့်သင့်ရှိသော အခါ မိမိတို့၏ အကြံအစည် အထမြောက်အောင် ကြံဆောင်စီမံပုံကို လည်းကောင်း၊ ထောက်ချင့်ခဲ့သော် ၎င်းမိန်းမသည် အလွန်တရာဉာဏ်သွားလှသည် ဖြစ်၍ ကောင်းမြတ်သော အကြံအစည်ကို ကြံစည် ဆောင်ရွက်ခဲ့ပါမူ မုချကြီးပွားထိုက်သော မိန်းမတစ်ယောက် ဖြစ်ကြောင်းကို ဝန်ခံကြရပေလိမ့်မည်။

အမှုကိစ္စပြီးစီး၍ စစ်ကဲဦးဘကျော် လင်မယားသည် မောင်စံရှားထံ လာရောက်ကြ၍ ကျေးဇူးတင်စကား ပြောကြားသော အခါ၌

**ကျော်။** ။'တော်လဲ တော်ပါပေတယ် ဦးစံရှား ခင်ဗျာ၊ ဒါကြောင့်လဲ ကျော်ကြားပေတာပဲ၊ ဒါထက် နေစမ်းပါဦးဗျာ၊ သူတို့ လင်မယား အပေါ်မှာ ဘယ်အချက်က စပြီး ခင်ဗျား မသင်္ကာ ဖြစ်တာလဲ ၊ ပြောပြစမ်းပါဦး ခင်ဗျာ'

**ရှား။** ။'သည်လိုပါ ခင်ဗျာ၊ ကျွန်တော်ကလဲ ဦးဘသော် သေဆုံးပြီ ဆိုတာ စစ်ကဲကြီးတို့လိုပဲ ကောင်းကောင်း ယုံကြည်ပြီး ဖြစ်လေတော့ တရားလို လုပ်တဲ့လူဟာ ဇကန္တလူလိမ်ပဲ လို့ ယူဆမိပါတယ်၊ ဒါဖြင့် ကောင်းပြီ လူလိမ် ဖြစ်ခဲ့လို့ရှိရင် ဦးဘသော် အကြောင်းကို ငယ်ငယ်ကတည်းက စပြီး တပ်တပ်အပ်အပ် တစ်တစ်ခွခွ ၊ ခရေစေ့တွင်းကျ သိနိုင်ရပါသလဲလို့ စဉ်းစားကြည့်ပြန်တော့ သည်လူဟာ ဇကန်မုချ အိမ်သားသော်လည်း ဖြစ်ရမယ်၊ သို့တည်းမဟုတ် အတွင်းလူ တစ်ယောက် ယောက်နှင့်သော်လည်း ဆယ်သွယ်ခြင်း ရှိရမယ်လို့ တွေးမိပြန်တယ်၊ ပြီးတော့ တစ်ခါ ဓာတ်ပုံနှင့် တရားလိုဟာ ခပ်ဆင်ဆင် တူတဲ့ အချက်ကို သတိရပြန်တော့ သည်လူဟာ တခြားမဟုတ်၊ ဦးဘသော်ရဲ့ အစ်ကို ဝမ်းကွဲ မတင်ချိုရဲ့ ယောက်ျားပဲ ဖြစ်ရမယ်လို့ ကျွန်တော်စဉ်းစားမိပါတယ် ခင်ဗျာ'

မတင်ချိုတို့ လင်မယားမှာ စစ်ကဲ ဦးဘကျော်က ငွေကုန်ကြေးကျခံ၍ တတ်နိုင်သမျှ ပြစ်မှုပေါ့လျော့အောင် ကြိုးစားအားထုတ်ခဲ့သည် ဖြစ်သောကြောင့် ထောင်ဒဏ်အနည်းငယ်မျှ သာလျှင် ကျခံကြရလေရာ ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားမှာမူ ၎င်းအမှု၌ ဆောင်ရွက်သည့် အတွက် လယ်မြေဇကေ ၁၀၀ ခန့်မျှ လက်ဆောင်အဖြစ်နှင့် ဦးဘကျော်ထံမှ ရရှိခဲ့ဖူး လေသတည်း။

## ပြီးပါပြီ။

× × × × × ×

# ၁၇။ ဘုရင်ခံကတော် ပုလဲပုတီးပျောက်မှု၌ စုံထောက်ပုံ

တစ်နေ့သော ညနေ၌ မောင်သိန်းမောင်သည် မန္တလေးမြို့သို့ အလည်အပတ် သွားရာမှ စာပို့ရထားနှင့် ပြန်လာခဲ့ရာ ရန်ကုန်ဘူတာသို့ မီးရထား ဆိုက်ရောက်ပြီးနောက် စုံထောက်ကြီး မောင်စံရှား နေထိုင်ရာ လမ်း ၄၀ ရှိ တိုက်သို့ တက်သွားသော အခါ အစေခံ မောင်ဘိုးသစ်နှင့် တွေ့၍ မောင်စံရှား မရှိပါသလောဟု မေးမြန်းရာတွင် ဘိုးသစ်က မောင်စံရှား အိပ်ပျော်၍ နေကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်သိန်းမောင်က မောင်စံရှား၏ အိပ်ချိန်မမှန် စားချိန်မမှန်၊ ထင်ရာမြင်ရာ ပြုတတ်သော အလေ့အကျင့် ကို သိရှိပြီး ဖြစ်၍ ညနေခင်းအချိန်၌ အိပ်ပျော်၍ နေခြင်းကို များစွာ မအံ့သြဘဲ

**မောင်**။ ။'ဘယ့်နှယ်လဲဟေ့ ဘိုးသစ်၊ ယခုတလော စုံထောက်ဖို့ လိုက်ရသေးသလား'

**သစ်**။ ။'လိုက်ရပြီလား ဆရာ၊ ဘာရှိတယ်လို့တော့ မဆိုနိုင်ဘူး၊ အိပ်တယ်လဲ မရှိ၊ စားတယ်လဲမရှိ၊ တစ်နေ့တခြား ပိန်ကုန်ပါပြီကော ဆရာ၊ ခုနင်က ကျွန်တော်က ညစာထမင်း ဘယ်အချိန် စားမလဲ မေးတော့ သဘက်ခါ ညနေ ၇ နာရီရှိမှ စားမတဲ့ ဆရာ၊ ဦးစံရှား လုပ်လိုက်မှဖြင့် အလွန်ချည်းပါပဲ ဆရာ'

**မောင်**။ ။'ဒါကတော့ သူ့ထုံးစံပဲကို၊ ငါလဲ သိပါတယ်'

**သစ်**။ ။'ဒီအမှုက ဘယ်သူ့နောက်ကို ခြေရာခံပြီး လိုက်ရတဲ့ အမှုလဲတော့ မသိဘူး ဆရာ၊ မနေ့တုန်းကလဲ တိုက်ဆေးသုတ်တဲ့ လူယောင်ဆောင်ပြီး ထွက်တယ် ဆရာ၊ ဒီကနေ့ အဘိုးကြီးအို အယောင်ဆောင်ပြီး ထွက်တော့ဗျာ ကျွန်တော်တောင် အထင်မှားမိသေးတယ် ဆရာ၊ တောင်ဝှေးကြီး ကိုင်လို့၊ လွယ်အိတ်ကလေး လွယ်လို့၊ ကွမ်းတွေစားပြီး ယောင်ပေစုးကလေးနှင့် လုပ်လာတော့ တကယ့်အညာသား အဘိုးကြီးအို ပါပဲ ဆရာ'

**မောင်**။ ။'ဘာ အမှု အတွက်လဲ ဆိုတာတော့ မင်း နည်းနည်းမှ မရိပ်မိဘူးလား'

**သစ်**။ ။'ကျွန်တော့်အထင်တော့ ဘုရင်ခံကတော် ဝတ်တဲ့ ပုလဲပုတီး ပျောက်သွားတယ် ဆိုတဲ့ အမှုဟာ ထင်တယ် ဆရာ'

**မောင်**။ ။'သြော် ဟိုတစ်နေ့က ငွေတစ်သောင်းကျော် တန်တဲ့ ပုလဲပုတီး တစ်ကုံး ပျောက်သွားတယ် ဆိုတဲ့ ဟာလား'

**သစ်**။ ။'ဟုတ်ဟန်တူတယ် ဆရာ၊ ဘုရင်ခံကတော် ပစ္စည်းပျောက်တယ် ဆိုတော့ ခုတလောများဖြင့် ပုလိပ်မင်းကြီးရော၊ ပြည်ထဲရေး အမတ်ရော၊ အိမ်မှာ ရှုပ်သွားတာပဲ ဆရာ'

**မောင်**။ ။'သြော် ၊ ပြည်ထဲရေး အမတ်ကြီး ကိုယ်တိုင် လာသလား'

**သစ်**။ ။'လာတယ် ဆရာ၊ အင်မတန် စိတ်ကြီးဝင်ပုံရတဲ့ လူကြီး တစ်ယောက်ပဲ၊ သူ စိတ်ကြီးဝင်ပေမဲ့ ဦးစံရှားက ဆရာ သိတဲ့ အတိုင်းပဲ၊ ဂျော့ဘုရင်မင်းမြတ်ကိုယ်တိုင် ကြွလာဦးတော့၊ ကြောက်လိမ့်မလား လန့်လိမ့်မလားတော့ နည်းနည်းမှမရှိဘူး၊ ခပ်အေးအေးနှင့် ရှိရှိသေသေပဲ စကားပြောတာပဲ၊ ဒါထက် ပြည်ထဲရေးအမတ်ကြီးကတော့ ဦးစံရှားအစွမ်းကို တယ်ပြီး ယုံကြည်လှတဲ့ လက္ခဏာ မရှိဘူးဆရာ၊ ဒီအမှုကို စုံထောက်ဖို့ ပုလိပ်မင်းကြီးက ဦးစံရှားကို ငှားတာတောင် သူက သဘောတူဟန် လက္ခဏာ မရှိဘူး'

**မောင်**။ ။'ဒီအကြောင်းကို ဦးစံရှား သိသလား'

**သစ်**။ ။'ကျွန်တော်တောင် စပ်ကြားကနေပြီး သိသေးတာပဲ ဆရာ၊ ဦးစံရှား မသိဘဲ နေပါ့မလား'

**မောင်**။ ။'ဒါဖြင့် ဒီလောက် ဟန်ကြီးပန်ကြီး ရှိလှတဲ့ ပြည်ထဲရေးအမတ် အာဏာကလေး တဆိတ်ကျိုးသွားအောင် ဒီအမှုမှာ ကိုယ့်လူ အထမြောက်ပါစေ ခင်ဗျာ၊ ဒါထက် ဟိုက ပြတင်းပေါက် နားမှာ အဝတ်ကြီးကာထားတာ ဘယ်အတွက်လဲ ကွဲ့'

**သစ်**။ ။'ဘယ်သူ့ကို ထောင်တယ်လို့ မဆိုနိုင်ပါဘူး ဆရာ၊ ဆရာ သွားပြီး အဝတ်ကို ဖယ်ကြည့်ရင် မြင်ပါလိမ့်မယ်'

ထိုအခါ မောင်သိန်းမောင်သည် ထိုင်ရာမှ ထ၍ အဝတ်ကို လက်နှင့် ဖယ်လိုက်ရာ မောင်စံရှား၏ ရုပ်ပုံနှင့်တူအောင် ပြုလုပ်၍ထားသော ဖယောင်းရုပ်ကြီးတစ်ရုပ်ကို တွေ့မြင်ရလေ၏။

**မောင်**။ ။'ဒီဟာမျိုး လုပ်ပြန်ပြီကိုး၊ အရင်တစ်ခါလဲ ဒီအရုပ်နှင့် ထောင်ပြီး ဖမ်းလိုက်တာ လူဆိုးတွေ မိဖူးပါကလား၊ ဒီတစ်ခါ ဘယ်သူ့ကို ထောင်ပြန်တယ် မဆိုနိုင်ဘူး'

**သစ်**။ ။'ဒီအရုပ်ကြီးထားတဲ့နေ့က စပြီး ဟိုဘက်တိုက်ကနေပြီး ပြတင်းပေါက်မှာ ပြုံးစိပြုံးစိနှင့် လူဆိုးတွေ ချောင်းကြတာ ကျွန်တော်မြင်ရတယ် ဆရာ၊ မီးကအတွင်းက ထွန်းပြီး အရုပ်က ပြတင်းပေါက်ဘက်က ထားလေတော့ အခန်းဆီးပေါ်မှာ ဦးစံရှားရဲ့ အရိပ်က သွားပြီး ထင်တာကိုး ဆရာရဲ့၊ တိုက်ရှေ့က ကြည့်ရင် ဦးစံရှား စာဖတ်နေတာနှင့် တစ်ထေရာထဲပဲ၊ ကျွန်တော်က ဒီအရုပ်ကို နာရီမှာ တစ်ခါလောက် တစ်ခါလောက် လှည့်လှည့်ပြီး ပေးရတယ် ဆရာရဲ့'

**မောင်**။ ။'ငါ သိပါတယ်ကွယ်၊ ဒါမျိုး ငါတို့ တစ်ခါ လုပ်ဖူး ပါတယ်'

ထိုခဏ၌ အိမ်ခန်းတံခါးသည် ပွင့်လာ၍ မောင်စံရှားသည် အခန်းတွင်းမှ ထွက်လာရာ နဂိုရ်အားဖြင့် ပိန်ပိန်ရှည်ရှည် ရှိသော မောင်စံရှား၏ ကိုယ်လုံးကိုယ်ပေါက်သည် အစားအစာကို မစားသဖြင့် ထိုအခါ၌ ရှေးကထက်ပင် ပိန်ရှည်ကြီး ဖြစ်နေလေ၏။

**ရှား**။ ။'ဩော် ကိုသိန်းမောင် ရောက်လာပြီကိုး၊ ကိုင်း ဘိုးသစ် အရုပ်နားမှာ မင်းမနေနှင့်တော့၊ တော်ပြီ ၊ မတော်တဆ သေနတ်များ မှန်သွားမှဖြင့် တပည့်ကောင်း တစ်ယောက် ဆုံးသွားပြန်တော့မယ်၊ ဒါထက် ကိုသိန်းမောင်၊ တကယ့်အချက်ပဲ၊ ခင်ဗျား ရောက်လာတာ နေရာကျလိုက်တာဗျာ၊ ကျွန်တော့်ကို သေနတ်နှင့် ပစ်သတ်ချင်တဲ့ အကောင်တွေ ပေါ်လာကြပြန်ပြီဗျ'

**မောင်**။ ။'အရင်ကလို လေသေနတ်မျိုးပဲလားဗျို့'

**ရှား**။ ။'အရင်ကဟာက ဘီအက်စ်အေ နံပါတ်တူး ဗျ၊ အခု ဒီလူတွေက ကျုပ်ကို ပစ်ဖို့ ချောင်းနေတဲ့ သေနတ်က ဒီထက် ကောင်းသေးတယ်၊ ခေါင်းများမှန်လိုက်မယ် ဆိုရင် ထုတ်ချင်းပေါက်ပဲ၊ ဂျာမန်က လာတဲ့ လေသေနတ်လို့ ပြောတယ်'

**မောင်**။ ။'ဒါထက်၊ အခုတစ်လော ခင်ဗျား ထမင်း မစားဘူးဆို ၊ ဘယ့်နှယ်ကြောင့်လဲ ဗျာ'

**ရှား**။ ။'လူဆိုတာ ဝမ်းဝရင် ဉာဏ်မရွှင်ဘူးဗျ၊ တကယ့် အဟုတ်အဟတ် ပြင်းပြင်းထန်ထန် ဉာဏ်ထုတ်ဖို့လိုတဲ့ အခါကျရင် ကျုပ် ထမင်းမစားဘဲ နေတဲ့ အကြောင်းကို ခင်ဗျား သိတယ် မဟုတ်လား၊ ဒါကြောင့် ကမ္ဘဋ္ဌာန်း ဘာဝနာ အားထုတ်တဲ့ လူများဟာ ရှစ်ပါးသီလ ထိန်းပြီး ညစာထမင်းမစားဘဲ နေရင် တရားကို မြင်လွယ်တဲ့ အတွက် မြတ်စွာဘုရား ပညတ်တော် မူတယ် မဟုတ်လား'

**မောင်**။ ။'ဒါ ရှိစေဦးတော့ ခင်ဗျာ၊ ခင်ဗျား အသက်ကို အခုတစ်လော သေကြောင်းကြံတဲ့ လူများက ဘယ်သူများလဲ'

**ရှား**။ ။'ဟုတ်တယ်ဗျို့ ကိုသိန်းမောင်၊ မတော်တဆ သူတို့ အကြံအစည် အထမြောက်လို့ ကျုပ်သေသွားမယ်ဆိုရင် ခြေရာခံဖို့ လွယ်အောင်ဟာ ရန်သူ့နာမည် ကျုပ် ပြောထားခဲ့မှ တော်မယ်၊ တဆိတ် ရေးယူထားစမ်းဗျာ၊ ပါတာနီကုန်းလမ်း နံပါတ် ၁၂၆ မှာနေတဲ့ ဦးတိုင်းကျော်တဲ့ဗျ၊ ရေးပြီးပါလား'

**မောင်**။ ။'ပြီးပါပြီဗျာ၊ ဒါဖြင့် ဒီလောက် သေသေချာချာ သိရင်လဲဗျာ၊ ကိုယ့်ကိုကိုယ် ဘေးရောက်ခံနေပါပေတယ်၊ တစ်ခါတည်း သွားပြီး ဖမ်းလိုက်ရင် မလွယ်ဘူးလားဗျာ'

**ရှား**။ ။'ဖမ်းလိုက်တာကတော့ အလွယ်သားပေါ့ဗျာ၊ ဖမ်းလိုက်ရင် လူကိုသာ မိမှာပေါ့ဗျာ၊ ပုလဲပုတီး မရပေဘူး'

**မောင်**။ ။'ဩော် ဒီလိုလား'

**ရှား**။ ။'ဒီလိုဗျ၊ သို့သော် တံငါ ပြောတာမျိုးလို ဒင်းတို့ ဘယ်မှ မပြေးနိုင်အောင် ပိုက်တွေနှင့်တော့ အကုန် ဝိုင်းပြီးပြီ၊ ခက်တာက ဘာခက်နေသလဲ ဆိုတော့ အခုနေ အခါမှာ ပိုက်ကို ဆွဲလိုက်ရင် လူကိုသာ မိမယ်ဗျ၊ ပုလဲပုတီး မရဘူး'

**မောင်**။ ။'လူ ဘယ်နှစ်ယောက် မိဖို့ ခင်ဗျား ထောင်ထားသလဲ'

**ရှား**။ ။'ဦးတိုင်းကျော် ဆိုတဲ့ လူက ဆရာကြီးပဲ၊ ဒီအပြင် သူ့တပည့် ဆေးနီဘိုးဆင် ဆိုတဲ့ အကောင်များလဲ ပါတယ်၊ ပေါင်း သုံးယောက်ပါပဲ'

**မောင်**။ ။'သူတို့ အခု ဘယ်မှာလဲ'

**ရှား။** ။'ဒီကနေ့ တစ်မနက်ခင်းလုံး အဘိုးကြီး ယောင်ဆောင်ပြီး သူတို့နောက် ကျုပ် လိုက်နေတာပေါ့၊ ကိုတိုင်းကျော် ဆိုတဲ့ လူက တောင်ဝှေး လွတ်ကျတာတောင် ကျုပ်ကို ကောက်ပြီးပေးသေးတယ်'

**မောင်။** ။'ဒါဖြင့် သူက ခင်ဗျားမှန်းကို လုံးလုံး မရိပ်မိဘူးပေါ့'

**ရှား။** ။'ဘယ်က ရိပ်မိလိမ့်မလဲဗျာ၊ ရိပ်မိရင် ကျုပ် အသေပေါ့ဗျ'

ထိုအခါ၌ လှေကားမှ တက်လာသည့် ခြေသံများကို ကြားသဖြင့် မောင်စံရှားနှင့် မောင်သိန်းမောင် တို့သည် စကားပြောရပ်စဲကြပြီးလျှင် အပေါ် ထပ်သို့ တက်သော ခြေသံလော၊ သို့တည်းမဟုတ် မိမိတို့၏ အခန်းသို့ လာမည်ဖြစ်သော ခြေသံလောဟု နားစွင့်ကာ ရှိနေကြရာ ၎င်းအထပ်သို့ ရောက်သောအခါ တံခါးကို ခေါက်သံကြားသဖြင့် မောင်သိန်းမောင်က မည်သူဖြစ်ကြောင်းကို မေးလိုက်သည်တွင် အပြင်က လူက ကိုတိုင်းကျော် ဖြစ်ကြောင်းနှင့် အော်ဟစ်၍ ပြောလေ၏။

ထိုအခါ မောင်စံရှားက တိုက်အောက်၌ ဘယ်သူရှိသလဲဟု တိုက်ရှေ့ပြတင်းပေါက်မှ မောင်သိန်းမောင်အား ချောင်းမြောင်း ကြည့်ရှုစေရာ ဝဝတုတ်တုတ် ခေါင်းတုံးပြောင်နှင့် လူတစ်ယောက် ဓာတ်မီးတိုင်အောက်၌ ရပ်နေသည်ကို မြင်ရကြောင်းနှင့် ပြန်ပြောသောအခါ မောင်စံရှားက ထိုသူသည် အခြား မဟုတ်၊ ဆေးနီဘိုးဆင် ဖြစ်ကြောင်း၊ ၎င်းတို့သည် စွန့်စွန့်စားစား ပြုလုပ်တော့မည့် အကြံအစည် ရှိ၍ မိမိထံသို့ ယင်းကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မောင်သိန်းမောင်က ပန်းဆိုးတန်းဌာနသို့ သွားပြီးလျှင် အင်စပိတ်တော် မောင်အုန်းဖေနှင့် ပုလိပ်သားနှစ်ယောက်ကို ခေါ်ခဲ့ရန် မှာထားပြီးလျှင် အိမ်အောက်လှေကားမှ တိတ်တဆိတ် ဆင်းသွားစေရာ မောင်သိန်းမောင်လည်း ခိုင်းစေသည့်အတိုင်း ပြုလုပ်ပါမည်ဟု ဝန်ခံ၍ ဆင်းသွားလေ၏။

မောင်သိန်းမောင် ဆင်းသွားပြီးနောက် မောင်စံရှားသည် ဘိုးသစ်ကို ခေါ်၍ ယခုဝင်လာမည့် ကိုတိုင်းကျော် ဆိုသူကို မိမိ မလာမခြင်း ဧည့်ခန်းမှ ထိုင်၍ စောင့်နေစေရန် မှာထားပြီးလျှင် အိပ်ခန်းသို့ ဝင်သွားလေ၏။

ထိုနောက် ဘိုးသစ်သည် တံခါးကို ဖွင့်၍ ပေးလိုက်သောအခါ အလုံးအရပ် ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် မျက်ခုံးတုတ်တုတ်၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ် ရှိသော လူတစ်ယောက်သည် ဇာဝီတပ်ထားသော တုတ်ကြီးတစ်ချောင်းကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာရာ မသင်္ကာသော မျက်နှာထားနှင့် အခန်းတွင်းသို့ စောင်းမြောင်းကာ ကြည့်ရာတွင် ဖယောင်းရုပ်၏ အရိပ်ကို ကန့်လန့်ကာ ပေါ်တွင် မြင်သဖြင့် အံ့အားသင့်ဘိသကဲ့သို့ ရှိနေလေ၏။ ၎င်းနောက် အခန်းတွင်း၌ မည်သူများ ရှိနေသေးသလဲဟု ဦးခေါင်းလှည့်ကာ ကြည့်ရာတွင် မှန်အိမ်ပြောင်းတစ်ခုကို ပွတ်တိုက်၍နေသော ဘိုးသစ်မှ တစ်ပါး အခြားသူ တစ်စုံတစ်ယောက်ကိုမျှ မမြင်ရသည်နှင့် ဖယောင်းရုပ်ရှိရာသို့ ခြေဖျားထောက်ကာ သွားပြီးလျှင် တုတ်ကြီးကို မြှောက်ကာ အားကုန်လွှဲ၍ ရိုက်တော့မည် ပြုဆဲတွင် 'မလုပ်ပါနှင့် ကိုတိုင်းကျော်၊ ပျက်စီး သွားပါ့မယ်' ဟု မောင်စံရှား၏ အသံဖြင့် ၎င်း၏ နောက်မှ ပြောလိုက်သော အသံကို ကြားရသည်ဖြစ်၍ အံ့သြကြီးစွာနှင့် အသံကြားရာသို့ ချာခနဲ လှည့်၍ ကြည့်လေ၏။

ထိုအခါ အခန်းဝ၌ မတုန်မလှုပ် ရပ်လျက် ရှိနေသော မောင်စံရှားကို မြင်လေလျှင် ကိုတိုင်းကျော်သည် အသံကြားစဉ်က အံ့သြစွာနှင့် ချထားလိုက်သော တုတ်ကြီးကို တစ်ဖန်မြှောက်ပြီးလျှင် ဦးခေါင်းကို ရိုက်ခွဲလိုက်တော့မည်ဟန်နှင့် မောင်စံရှား၏ အနီးသို့ ခြေသုံးလှမ်းမျှနှင့် ရောက်အောင် လှမ်းလာခဲ့လေရာ မောင်စံရှားသည် ကြောက်ရွံ့ခြင်း အမူအရာ အလျှင်းမပါဘဲ ပြုံးစိစိ မျက်နှာထားဖြင့် လက်ကိုပိုက်ကာ ခပ်အေးအေး ရပ်နေသည်ကို မြင်ရလေရာ မြှောက်ထားသော လက်သည် အောက်သို့ တစ်ဖန် ကျသွားပြန်လေ၏။

**ရှား။** ။'မလုပ်ပါနှင့် ဆရာကြီးရယ်၊ ဒီအရုပ် တစ်ရုပ်ဆိုရင် ငွေနှစ်ရာကျော် နီးပါး အကုန်ခံပြီး လုပ်ထားရတာပါဗျာ၊ ခင်ဗျားတို့ လေသေနတ်ထက် အဖိုးကြီးပါသေးတယ်'

**ကျော်။** ။'ဘယ်က လေသေနတ်လဲ၊ ဘယ်သူ့မှာ လေသေနတ် ရှိလို့လဲ'

**ရှား။** ။'ဂျာမနီက ခင်ဗျားတို့မှာယူတဲ့ လေသေနတ်ပြောပါတယ်၊ မတ်တတ်ကြီး လုပ်မနေစမ်းပါနှင့်ဗျာ၊ တုတ်များ အသာချ ထားပြီး ကုလားထိုင်မှာ ထိုင်စမ်းပါဦးဗျ၊ ခါးထဲက ဓားမြှောင်က ထိုင်တဲ့အခါမှာ မတော်တဆ ခါးကို စူးတော့မယ်၊ ထုတ်ပြီး ထားးပါဦးတော့လားဗျ၊ ဒါထက် ခင်ဗျားလာတာ အခန့်သင့်လိုက်တာဗျာ၊ ကျုပ်ကလဲ ခင်ဗျားကို တွေ့ချင်နေဆဲပါပဲ'

**ကျော်။** ။(မျက်မှောင်ကြုတ်ကာ နှုတ်ခမ်းမွေးကို ကိုင်လျက်) 'ကျုပ်ကလဲ ခင်ဗျားနှင့် တွေ့ချင်လို့ လာခဲ့တာပဲ၊ ခင်ဗျား ခေါင်းကို ကျုပ်ရိုက်ခွဲမလို့ဟာ နည်းနည်းကလေး လိုတော့တယ်၊ ခင်ဗျား တယ်ကံကောင်းတဲ့လူပဲ'

**ရှား။** ။(ပေါင်တစ်ဖက်ကို စားပွဲအစွန်းတွင် တင်၍ ခြေတစ်ဖက်ကိုယမ်းလျက်) 'ခင်ဗျား ရိုက်ချင်တယ်ဆိုတာ ကျုပ်လဲ ရိပ်မိပါတယ် ဗျ၊ ဘာကြောင့် ကျုပ်ကို ခင်ဗျားတို့ ဒီလောက် မျက်မုန်းကျိုးနေကြသလဲဗျာ'

**ကျော်။** ။'ကျုပ်ကို ခင်ဗျားက ဘာကြောင့် လိုက်ပြီး နှောင့်ယှက်သလဲ၊ ခင်ဗျား လူတွေကို ဘာ့ကြောင့် ကျုပ်နောက် တကောက်ကောက် လိုက်စေသလဲ'

**ရှား။** ။'ဘယ်က ကျုပ် လူတွေလဲ၊ ဘယ်သူ့ကိုမှ ကျုပ် အလိုက်မခိုင်းရပါကလား ခင်ဗျာ'

**ကျော်။** ။'ဘာကြောင့် ခင်ဗျား ကျုပ်ကို လိမ်ပြောချင်သလဲ၊ ကျုပ် မျက်စိနှင့်ကို ဒိဋ္ဌမြင်တယ်'

**ရှား။** ။'လိမ်ဖို့ဆိုတာ ကျုပ်တစ်သက်လုံး ဝါသနာ မပါပါဘူး ကိုတိုင်းကျော်၊ ခင်ဗျား အထင်လွဲပါလိမ့်မယ်'

**ကျော်။** ။'ခင်ဗျားက ခင်ဗျားတစ်ယောက်ထဲ မျက်စိစူးတယ် မထင်နှင့်ဗျ၊ ဒီက အကောင်တွေလဲ ခင်ဗျားလို ကြည့်တတ်တာပဲ၊ မနေ့တုန်းကလဲ ဆေးသုတ်တဲ့ အကောင်တစ်ယောက် ကျုပ်နောက်ကို တစ်ကောက်ကောက် လိုက်နေတယ်၊ ဒီကနေ့လဲ အဘိုးကြီးတစ်ယောက် တစ်လိုက်ထဲ လိုက်နေတာပဲ၊ ဒီဟာတွေ ခင်ဗျားက ခင်ဗျားလူတွေ မဟုတ်ဖူးလို့ ပြောချင်တာပေါ့လေ'

**ရှား။** ။'သေသွားတဲ့ စက်ကလေးက ပြောရှာတယ်၊ ရုပ်ပြောင်းရုပ်လွှဲ အဆင်ကွဲတဲ့ နေရာတော့ ကျုပ်လိုလူ နှစ်ယောက်မရှိဘူးလို့ ချီးမွမ်းရှာတယ်၊ သူ ချီးမွမ်းတာလဲမပိုလှဘူးဗျို့'

**ကျော်။** ။'အလို ဒါဖြင့် ကျုပ်နောက်က လိုက်နေတာ ခင်ဗျား ကိုယ်တိုင်ပေါ့လေ'

**ရှား။** ။(ရယ်မောလျက်) 'အဘိုးကြီးအိုကြီးက လက်တုန်တုန်ရီရီနှင့်မို့ တောင်ဝှေးလွတ်ကျတော့တောင် ခင်ဗျားက ကောက်ပေးသေးတယ် မဟုတ်လား'

**ကျော်။** ။(တောက်ခေါက်လျက်) 'ရှိုင်းလိုက်လေဗျာ၊ ခင်ဗျားမှန်း မသိလိုက်ရပါပေပဲ'

**ရှား။** ။'သိများ သိလိုက်ရင် အခုလောက်ရှိ ရင်ခွဲရုံ ရောက်ပြီပေါ့လေ၊ ကျုပ်လဲ ရိပ်မိပါတယ်'

**ကျော်။** ။'မဟုတ်ပါဘူး၊ နေပါဦး၊ ကျုပ်နောက်ကို ဘယ့်နှယ်ကြောင့် ခင်ဗျား တစ်ကောက်ကောက် လိုက်နေရတာလဲ ပြောစမ်းပါဦး'

**ရှား။** ။'ကိုတိုင်းကျော် ရာဇဝတ်အုပ် အလုပ်နှင့် တုန်းက အမဲလိုက်ဖူးတယ် မဟုတ်လား'

**ကျော်။** ။'လိုက်ဖူးတယ်၊ ဘာဖြစ်သလဲ'

**ရှား။** ။'ဘာကြောင့် ခင်ဗျား လိုက်သလဲ'

**ကျော်။** ။'ကျားအန္တရာယ်ထူတဲ့ နေရာကို အသက်စွန့်ပြီး သွားရတာ ပျော်လို့ပေါ့ဗျာ'

**ရှား။** ။'ကျုပ်လဲ ဒီအတိုင်းပဲ၊ ခင်ဗျားက ကျား၊ ကျုပ်က မုဆိုးပဲ၊ အဲဒီ ဥပမာ အတိုင်းပဲ'

ထိုအခါ ကိုတိုင်းကျော်သည် ရိုက်နှက်တော့မည်ကဲ့သို့ ထိုင်ရာမှ တစ်ဖန် ထပြန်လေရာ

**ရှား။** ။'ဒါတွေ လုပ်မနေစမ်းပါနှင့်ဗျာ၊ စကားပြော ပျက်လှတယ်၊ ဒါထက် ပုလဲ ပုတီးကို ခင်ဗျား ဘယ်မှာ ထားသလဲ'

**ကျော်။** ။'ကြုံကြိစည်စည်ဗျာ၊ ဘယ်က ပုလဲပုတီးလဲ'

**ရှား။** ။'ကျုပ် သိပြီးသားတွေပါဗျာ၊ ဟန်လုပ်မနေစမ်းပါနှင့်၊ ခင်ဗျား ဒီကနေ့ည ကျုပ် ဆီကို လာခြင်းဟာလဲ ဒီအကြောင်းကို ကျုပ် ဘယ်လောက် သိမသိ၊ ကျုပ်ကို သုတ်သင်ဖို့ ဘယ်လောက် အရေးကြီးမကြီး သိရအောင် စုံစမ်းဖို့ ခင်ဗျား လာတာ

မဟုတ်လား၊ အမှန်ပြောရမှာဖြင့် ကျုပ်ကို သုတ်သင်ဖို့ တကယ့်ကို အရေးကြီးတယ်ဗျ၊ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားတို့ အကြံအစည်တွေ အကုန်လုံး ကျုပ်သိတယ်၊ ကျုပ် မသိတာ တစ်ခုရှိတယ်'

**ကျော်**။ ။(လှောင်ပြောင်လိုသော မျက်နှာထားနှင့်) 'အမိန့်ရှိပါဦးခင်ဗျာ၊ မသိသေးတာက ဘာများတဲ့လဲ'

**ရှား**။ ။'ပုလဲပုတီးကို ခင်ဗျားတို့ ဘယ်နေရာမှာ ဝှက်ပြီးထားတယ် ဆိုတာ တစ်ခုတည်း ကျုပ်မသိတယ်၊ ဒီဟာလဲ ခင်ဗျားကို အခု ရတော့မှာပဲ'

**ကျော်**။ ။'အလိုတော်ပေ့ဗျာ၊ ခင်ဗျား သိချင်တာနှင့် ကျုပ်က ပြောရတော့မယ် ပေါ့လေ'

**ရှား**။ ။'ဟုတ်တယ် ပြောရမယ်'

**ကျော်**။ ။'တကယ်လို့ ကျုပ်သိပါဦးတော့၊ ခင်ဗျားက အမိန့်ပေးတာနှင့် ကျုပ် ပြောရမပေါ့လေ'

**ရှား**။ ။( မောင်တိုင်းကျော်၏ မျက်နှာကို စေ့စေ့ပါအောင် ကြည့်လျက် ) 'ခင်ဗျား ကိုယ်ဟာ ကျုပ်မျက်စိထဲမှာ ဖန်၏ သဖွယ် ဖြစ်တယ်၊ ခင်ဗျား စိတ်ထဲမှာ ဘာရှိတယ် ဆိုတာ ကျုပ် အကုန် သိနိုင်တယ်'

**ကျော်**။ ။'သိနိုင်ရင် ပုလဲပုတီး ဘယ်မှာထားတယ် ဆိုတာ ခင်ဗျားဘာသာ ကြည့်ယူပါတော့လား'

**ရှား**။ ။(ပြုံးရယ်လျက်) 'သြော် ပုလဲပုတီး ရှိကြောင်းကို ဝန်တော့ခံပြီကိုး'

**ကျော်**။ ။'မခံပေါင်ဗျာ၊ ဘယ်က ဝန်ခံလို့လဲ'

**ရှား**။ ။'အကျိုးနှင့် အကြောင်းနှင့် ပြောပြရင် နားထောင်ပါမှပေါ့ ကိုတိုင်းကျော်ရယ်၊ ခေါင်းကြပ်ကြပ်မာရင် ကြပ်ကြပ် ခင်ဗျား ဒုက္ခရောက်လိမ့်မယ်'

**ကျော်**။ ။'ကျုပ်လဲ ပုလိပ် လူထွက်ပါ ကိုစံရှား၊ လူတိုင်းကို ခြောက်လှန့်လို့ ရလိမ့်မယ်ချည်း ခင်ဗျား မထင်ပါနှင့်'

ထိုအခါ မောင်စံရှားသည် စစ်ဘုရင်ထိုးသော လူတစ်ယောက်သည် အရေးကြီးသော အကွက်တစ်ခုသို့ ရွှေ့တော့မည် ပြုသည့်အခါ၌ စဉ်းစားကာ ကြည့်ဘိသကဲ့သို့သော မျက်နှာထားမျိုးနှင့် မောင်တိုင်းကျော်အား ကြည့်ပြီးနောက် စားပွဲအံဆွဲမှ မှတ်တမ်းစာအုပ်ငယ်တစ်ခုကို ထုတ်၍

**ရှား**။ ။'ဒီစာအုပ်ထဲမှာ ဘာများပါတယ်လို့ ခင်ဗျား ထင်သလဲ'

**ကျော်**။ ။'ဘယ်ပြောတတ်မလဲဗျာ'

**ရှား**။ ။'ခင်ဗျား ပါတယ်ဗျာ'

**ကျော်**။ ။'ဟာ ဘယ့်နှယ် ကျုပ် ပါတာလဲ'

**ရှား**။ ။'ခင်ဗျား တစ်သက်လုံးမှာ ဘယ်အမှုများ ပြုခဲ့တယ် ဆိုတာ ဒီစာအုပ်ကလေးထဲမှာ အကုန်ပါတယ်'

**ကျော်**။ ။'ဘယ့်နှယ်လူပါလိမ့်ဗျာ၊ ဘာတွေ လျှောက်ပြီး ဖျန်းနေပါလိမ့်မလဲ'

**ရှား**။ ။'ဒီစာအုပ်ထဲမှာ ခင်ဗျား မယား မကျော့ကို ဘယ်လောက်နှင့် အသက်အာမခံကုမ္ပဏီမှာ အပေါင်ထားတယ်၊ မကျော့ ဘာရောဂါနှင့်သေတယ်၊ ရတဲ့ငွေကို မြင်းပွဲဘယ်လောက် ပို့တယ်ဆိုတာ အကုန်သိပါတယ်ဗျ'

**ကျော်**။ ။'ဒီလူ ကယောင်ချောက်ခြား ဘာတွေ လျှောက်ပြောနေပါလိမ့်မလဲ'

**ရှား**။ ။'ပြီးတော့ တွံတေးက မောင်အောင်ညွှန့်ကလေး တစ်ယောက်လဲ သေခြင်းမလှ ဘယ်နည်းနှင့်သေရတယ် ဆိုတာလဲ ပါတယ်'

**ကျော်**။ ။'ပါရင်ကော ဘာဖြစ်သလဲ၊ ဘယ်သူ သက်သေရှိသလဲ'

**ရှား**။ ။'နေဦးဗျ၊ မကုန်သေးဘူး၊ လွှစ္စလမ်း (ယခု ဆိပ်ကမ်းသာလမ်း) မှာ တစ်မြန်နှစ်က တိုက်ဖောက်မှုက တစ်မှု၊ မနှစ်တုန်းက ငွေသုံးထောင်ကျော် လက်မှတ် လိမ်မှုက တစ်မှု'

**ကျော်။** ။'ဒါတော့ ခင်ဗျား မှားပြီ'

**ရှား။** ။'ဒါဖြင့် ဒီဟာတွေဟာ မှန်တာပေါ့၊ ကျုပ်ပြောမယ် ကိုတိုင်းကျော်၊ ခင်ဗျား သုံးပုံဖဲ ရိုက်တတ်တယ် ဟုတ်လား၊ တစ်ဖက်သားမှာ လေးဘက် တီပါ မင်္ဂလာကို ကိုင်ထားတဲ့အခါ ခင်ဗျားက အရှုံးပေးရင် ဘာတတ်နိုင်သေးသလဲ'

**ကျော်။** ။'ဒါနှင့် ပုလဲပုတီးနှင့် ဘာဆိုင်လို့လဲဗျာ'

**ရှား။** ။'အရင်မလိုပါနှင့် ကိုတိုင်းကျော်၊ တဖြည်းဖြည်းတော့ ရောက်ပါလိမ့်မယ်၊ ကျုပ်နည်းနှင့် ကျုပ်ပြောစမ်းပါရစေ၊ ဒီတော့ကာ ခင်ဗျား အပေါ်မှာ ခုပြောခဲ့တဲ့ ပြစ်ချက်တွေ ရှိတယ်၊ အခု ပုလဲပုတီးအမှုလဲ ခင်ဗျားရော ၊ ခင်ဗျား တပည့် ဆေးနီဘိုးဆင်ရော နှစ်ယောက်စလုံး အပေါ်မှာ ပြစ်ချက် ထင်ရှားသလောက် ထင်ရှားနေပြီ'

**ကျော်။** ။'မောင်မင်းကြီးသား အခုတောင် ဖြန်းတုန်း ရှိသေးတာကိုး'

**ရှား။** ။'ဖြန်းတာမဟုတ်ဘူး ဆရာကြီးရဲ့၊ ကျုပ် စုံထောက်ပြီး သိလို့ ကျုပ်ပြောတာ၊ ဘုရင်ခံအိမ်တော်ကို ဟိုညက ခင်ဗျားတို့ စီးသွားတဲ့ တက္ကစီမောင်းသမားရော၊ အိမ်တော်နား မောင်းသွားတာကို မြင်လိုက်တဲ့ ပုလိပ်သားရော၊ ပုလဲပုတီးကို ခင်ဗျားတို့ သွားရောင်းလို့ မဝယ်ဝံ့တဲ့ လာလာဘိုင်ဆိုတဲ့ စိန်ဘာဘူရော အားလုံး ကျုပ်တွေ့ခဲ့ပြီဗျ'

ထိုအခါ၌ကား မောင်တိုင်းကျော်သည် နဖူးမှ ချွေးစီးများ ပြန်လျက် လက်သီးများမှာလည်း ဆုပ်မိဆုပ်ရာ ကျစ်ကျစ်ပါအောင် ဆုပ်ပြီးလျှင် စကားပြောတော့မည်ဟု ပါးစပ်ကို ဟ သော်လည်း ရုတ်တရက် စကားမထွက်နိုင်ဘဲ ရှိနေလေလျှင်

**ရှား။** ။'ဒါကြောင့် ကျုပ် ပြောတယ် မဟုတ်ဘူးလားဗျ၊ ကျုပ်လက်ထဲမှာ လေးဘက်မင်္ဂလာနှင့် ပါတင်း တစ်လုံး ကိုင်ထားပြီး ဖဲတစ်ပြားထဲ မလွတ်တာ ရှိတော့တယ်၊ ဒါဘာလဲဆိုတော့ ပုလဲပုတီးထားတဲ့ နေရာကို မသိတာ တစ်ခုပဲ ကျုပ်မှာ လိုနေတော့တယ်'

**ကျော်။** ။'လိုနေရင် အသာထားလိုက်တော့ဗျာ၊ ဘယ်တော့မှ ခင်ဗျား သိမှာ မဟုတ်တော့ဘူး'

**ရှား။** ။'ဒီလိုမလုပ်ပါနှင့်လေ ကိုတိုင်းကျော်ရဲ့၊ ခင်ဗျား စဉ်းစားကြည့်ပါဦး၊ ကျုပ် တတ်နိုင်သမျှ တိုင်လိုက်ရမယ် ဆိုရင် အနည်းဆုံး ခင်ဗျား ထောင်ဆယ်နှစ်တော့ ကျပြီးသားပဲ၊ ခင်ဗျား ထောင်ထဲမှာ နေရရင် ဒီပုလဲပုတီးကို ခင်ဗျား ဘာလုပ်နိုင်ဦးမှာလဲ၊ ဒီအပေါ်က အကျိုးကျေးဇူး ခံစားစရာ ခင်ဗျားမှာ ဘာမှ မရှိဘူး ဟုတ်စ၊ ခင်ဗျားလဲ အသက်ငယ်တော့တာ မဟုတ်ဘူး၊ လေးဆယ်ကျော် ငါးဆယ်နီးပါး ဖြစ်နေပြီ၊ အဘိုးကြီးအို ဖြစ်မှ ထောင်က ထွက်လာရရင် ပုလဲပုတီးပေါ်က ဘာများ အကျိုးထူးတရား ခံစားစရာ ရှိသေးသလဲ၊ သို့သော် ပုလဲပုတီးကို ကျုပ်လက်သို့ ပြန်အပ်ခဲ့လို့ ရှိရင်ဖြင့် ထိမ်ချန်မှု ဖြစ်ချင် ဖြစ်ပေစေတော့၊ အသာအုပ်ပြီး ခင်ဗျားကို ကျုပ် လွှတ်လိုက်မယ်၊ အထူးသဖြင့် ဒီအမှုမှာ ခင်ဗျားကိုလဲ မလိုချင်၊ ဘိုးဆင်ကိုလဲ မလိုချင်၊ ပုလဲပုတီးကိုသာ ကျုပ်လိုချင်တယ်၊ ထောင်ထဲမှာ ဆင်းဆင်းရဲရဲ မနေချင်ပါနှင့် ခင်ဗျာ၊ ပြန်ပေးခဲ့လို့ရှိရင်ဖြင့် နောက်နောင်ကို ကောင်းစွာမွန်စွာ နေထိုင်သမျှ ကာလပတ်လုံး ကျုပ်ကဖြင့် မနှောင့်ယှက်ပါဘူးခင်ဗျာ'

**ကျော်။** ။'တကယ်လို့ ကျုပ်က ငြင်းဆန်ခဲ့လို့ရှိရင်ကောဗျာ'

**ရှား။** ။'ဒီလိုဆိုရင်တော့ ပုလဲပုတီးကို ရရ မရရ ခင်ဗျားကို ကျုပ် ဖမ်းရလိမ့်မယ်၊ ပုတီးပြန်အပ် သင့်မသင့်ကို ခင်ဗျား တစ်ယောက်တည်း မပြီးလို့ ဘိုးဆင်ကို တိုင်ပင်ချင်လို့ ရှိရင် တိုင်ပင်နိုင်ပါတယ်၊ ဟေ့ ဘိုးသစ်ရေ၊ ခဏ လာစမ်းပါဦးဟေ့၊ တိုက်ရှေ့မှာ လူတစ်ယောက်၊ ဝဝတုတ်တုတ်၊ အရုပ်ဆိုးဆိုးတစ်ယောက် တွေ့လိမ့်မယ်၊ တိုက်ပေါ် လာပါ ဆို သွားပြီး ပြောလိုက်စမ်းကွယ်'

**ကျော်။** ။'ခေါ်လို့ လာချင်မှ လာမယ်ဗျ'

**ရှား။** ။'သြော် ဒီမှာ ဘိုးသစ်၊ ဖွတ်အရမ်းတော့ ဆွဲမခေါ်ပါနှင့်နော်၊ ဦးတိုင်းကျော်က လာခဲ့ပါတဲ့လို့ ပြောရင်ဖြင့် လာပါလိမ့်မယ်'

ဘိုးဆင် ဆင်း၍သွားသောအခါ

**ကျော်။** ။'သူလာရင် ခင်ဗျား ဘာလုပ်မလို့လဲဗျာ'

**ရှား။** ။'ခုတင်က ကျုပ်မိတ်ဆွေ ကိုသိန်းမောင်ကို ပြောပါသေးတယ်၊ ကွန်နှင့် ဝိုင်းပြီး၊ ငါးကြီးနှစ်ကောင် ထောင်ထားလိုက်တာ တစ်ခါဖြင့် ကွန်ကို ဆွဲတင်ပြီး ငါးဖမ်းမိအောင် ဖမ်းရတော့မှာပါဗျာ'

ထိုအခါ မောင်တိုင်းကျော်သည် ဓားမြှောင်ကို ထုတ်တော့မည့် ဟန်နှင့် ခါးဆီသို့ လက်လှမ်းရာ မောင်စံရှားလည်း အင်္ကျီအိတ်ကို နှိုက်သည်တွင် အိတ်တွင်းမှ ပြောင်းဝ ပြူ၍ထွက်သည်ကို မြင်သဖြင့်

**ကျော်။** ။'ကိုစံရှား၊ ခင်ဗျားဟာ သူများလို ဖျားလို့နာလို့ အေးအေးဆေးဆေး သေရမယ့်လူ မဟုတ်ဘူး ထင်တယ်'

**ရှား။** ။'ဟုတ်ပါရဲ့၊ ကျုပ်လဲ တွေးမိတယ်၊ ခင်ဗျားလဲ ပက်လက်မသေဘူး၊ တွဲလောင်းကလေးကျပြီး သေးမယ့်လူနှင့်တူတယ်၊ သို့သော်လဲ ရှေ့အရေးတွေကို လျှောက်ပြီး တွေးမနေပါနှင့်တော့ဗျာ၊ စိတ်မရှင်စရာကောင်းလှပါတယ်၊ လောလောဆယ်အရေးလောက်သာ ပြီးပြတ်အောင် ပြောကြပါဦးစို့'

ထိုအခါ မောင်တိုင်းကျော်သည် သားကောင်ကို ခုန်၍အုပ်တော့မည်ကဲ့သို့သော ကျားတိရိစ္ဆာန်၏ အမူအရာဖြင့် လက်သီးဆုပ်ကာ အံကြိတ်ကာဖြင့် ထိုင်ရာမှ ထပြန်လေလျှင် မောင်စံရှားမှာမူ မတုန်မလှုပ် ခပ်အေးအေးရှိသော အမူအရာနှင့် အိတ်ထဲ၌ ထည့်ထားသော လက်နက်ကိုသာလျှင် သတိနှင့် ဆုပ်ကိုင်၍ ထားလေ၏။

**ရှား။** ။'ဟေ့ ဆရာရဲ့၊ ခင်ဗျား ဓားမြှောင်ကို အသာထားစမ်းပါဦးဗျ၊ နီးနီးကပ်ကပ် ချဉ်းပြီးသုံးရတဲ့ လက်နက်မျိုးကို ကျုပ်နှင့် ဘာရမလဲ၊ လေသေနတ်သာ လုပ်ပါ၊ အဲဒါက အဝေးကနေပြီး ခြောက်ခနဲဆိုရင် ကိစ္စပြီးတာပဲ၊ ကိုင်း ခင်ဗျားလူလဲ လာပါပြီ၊ ဘယ့်နှယ်လဲ ကိုဘိုးဆင်၊ လမ်းပေါ်က မတ်တပ်ကြီး စောင့်နေရတာ မညောင်းဘူးလားဗျ၊ ထိုင်ပါဦးလေ'

ဆေးနီဘိုးဆင် ဆိုသော သူသည် တုတ်တုတ်ပြဲပြဲ အသားမည်းမည်း၊ နှုတ်ခမ်းတွဲတွဲနှင့် ကြောက်မက်ဖွယ်ကောင်းလှသော လက်ဝှေ့သမားတစ်ယောက် ဖြစ်လေရာ ထိုသူလည်း အခန်းဝမှ ရပ်၍ မောင်စံရှား၏ ပမာမခန့် အေးအေးဆေးဆေး ရှိနေသော အမူအရာနှင့် လှောင်ပြောင်သလို ခပ်ချိုချို ရှိနေသော မျက်နှာထားကို မြင်လျှင် အနေအထိုင် ခက်နေသည့် လက္ခဏာနှင့် မောင်တိုင်းကျော် ဘက်သို့ လှည့်၍ ကျယ်လောင်လှသော အသံသြကြီးနှင့်

**ဆင်။** ။'ဘာလဲဗျ ကိုတိုင်းကျော်၊ ဒီငနဲက ဘာတဲ့လဲ' ဟု မေးသော်လည်း မောင်တိုင်းကျော်သည် ပြန်၍မပြောဘဲ မောင်စံရှား၏ မျက်နှာကို ကြည့်နေလေလျှင်

**ရှား။** ။'ဘာမှတော့ မလဲပါဘူး ခင်ဗျာ၊ ခင်ဗျားတို့ အကြံအစည်ကို ကျုပ်သိတဲ့ အတွက် အကုန်ပျက်တာ တစ်ခုပါပဲ'

**ဆင်။** ။( မောင်တိုင်းကျော်အား ကြည့်၍ )'လူမှာ မရယ်ချင်ရတဲ့အထဲ ခင်ဗျား ငနဲက တယ်ရယ်စရာ ပြောပါကလား'

**ရှား။** ။'တော်တော်ကြာတော့ မရယ်ချင်ရုံမကဘူး၊ ငိုတောင် ငိုချင်ကြလိမ့်ဦးမယ် ကိုဘိုးဆင်ရဲ့၊ ကိုင်း ခင်ဗျားတို့ နှစ်ယောက် စလုံး နားထောင်၊ ကျုပ်ကအလုပ်များတဲ့လူဗျ၊ ခင်ဗျားတို့ကိုဧည့်ခံပြီးကြာကြာစကားပြောမနေနိုင်ဘူး၊ ကိုင်း ကျုပ်က ဟောဟို အခန်းထဲမှာ ဝင်ပြီးတော့နေမယ်၊ ကျုပ် မရှိတုန်း ခင်ဗျားတို့နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် တိုင်ပင်ကြပေတော့၊ ငါးမိနစ် ကျုပ်အခွင့်ပေးမယ်၊ လိုရင်းအချုပ်ကို ကိုတိုင်းကျော် သိပြီး မဟုတ်လား၊ ပုလဲပုတီး အပ်မလား၊ လူကို အပ်မလား၊ ဒီနှစ်လမ်း တစ်လမ်းပဲ ရှိတယ် မဟုတ်လား၊ တယော မထိုးရတာများ ကြာလှပါပြီဗျာ၊ ထူးမခြားနား တစ်ပုဒ်လောက် ဆုံးအောင် ထိုးစမ်း ချည်ပါဦးမယ်၊ တိုင်ပင်ရစ်ကြပါဦး' ဟု ပြော၍ မောင်စံရှားသည် ကြွက်လျှောက်ပေါ်၌ ရှိသော တယောကို ကောက်ယူပြီးလျှင် အခန်းတွင်းသို့ ဝင်သွားလေ၏။

တစ်ခဏမျှကြာလျှင် သီချင်းခံကြီးကို မထိုးမီ ဘွဲ့ခံလျက်ရှိသော တယောသံတို့သည် မောင်စံရှား၏ အခန်းတွင်းမှ ညီးညီးတွားတွား ဆွဲဆွဲငင်ငင် ထိုးနေသည်ကို ထိုသူနှစ်ယောက်တို့ ကြားကြရလေ၏။ ထိုအခါ ၎င်းတို့နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် နီးကပ်စွာ ကုလားထိုင်၌ ယှဉ်၍ ထိုင်ကြပြီးလျှင် တိုင်ပင်ကြသည်မှာ

**ဆင်။** ။'ဘယ့်နှယ်လဲဗျ ကိုတိုင်းကျော်၊ ပုလဲပုတီးအကြောင်းကို ဒီငနဲက သိသွားပြီလား'

**ကျော်။** ။'ဘာမှ လိုလေသေးတယ် မရှိဘူး၊ အကုန် သူသိသွားပြီ ဆရာရဲ့'

**ဆင်။** ။'တယ် ဝှကျပါကလား၊ ဘယ်နည်းနှင့် သိသွားပါလိမ့်မလဲ'

**ကျော်။** ။'ကျုပ်တို့ သွားရောင်းတဲ့ ဘာဘူကုလားက သတင်းပေးလိုက်တယ် ထင်ပါရဲ့ဗျာ'

**ဆင်။** ။'ခွေးမသား ဘာဘူကုလား၊ ဒင်းတော့ သိစေ့မယ်၊ ဒင်း မျက်နှာလောက် စုတ်အောင် မထိုးနိုင်ရင် ကျုပ် လက်သီး ဖြတ်ပစ်လိုက်မယ်ဗျာ'

**ကျော်။** ။'ထိုးတာက နောက် ဆရာ၊ ဒီက ငနဲကို ဘယ်လို စကားပြန်ကြမယ်၊ ဒီတော့ ခုလက်ငင်း အရေးကြီးနေတယ်'

**ဆင်။** ။'တိုးတိုးပြောပါဗျာ၊ ငနဲက ပါးပါဘိကနှင့် ကြားများသွားပါ့မယ်'

**ကျော်။** ။'တယောသံကြီး ဒီလောက် တီးနေတဲ့ အထဲမှာ ဘယ်ကလာပြီး ကြားမလဲဗျာ'

**ဆင်။** ။'ဟုတ်ပါရဲ့လေ၊ ဒါထက် ဟိုနေရာမှာ ကန့်လန့်ကာကြီး ကာထားတာက ဘယ်အတွက်လဲဗျာ' ဟု ပြော၍ ကန့်လန့်ကာ ရှိရာသို့ သေချာစွာ လှမ်း၍ကြည့်ရာတွင် ဘိုးဆင်သည် အံ့ဩသော အမူအရာနှင့် မျက်လုံးများ ပြူးလျက် ရှိလေ၏။

**ကျော်။** ။'ဖယောင်းရုပ်ပါ ဆရာရဲ့၊ မလန့်ပါနှင့်'

**ဆင်။** ။'ဪ ဟုတ်လား၊ လန့်လိုက်တာဗျာ၊ တကယ့်ကို တစ်ထေရာတည်းတူအောင် လုပ် လုပ်တတ်ပါပေ့ဗျာ၊ အတော်လဲ ဉာဏ်များတဲ့ လူတစ်ယောက်ပဲ'

**ကျော်။** ။'အို ဒါတွေလိုက်ပြီး ချီးမွမ်းမနေစမ်းပါနဲ့ဗျာ၊ တိုင်ပင်စရာ ရှိတာ တိုင်ပင်ကြပါဦးစို့၊ ပုလဲပုတီး ကျုပ်တို့ ယူတာတော့ဖြင့် ငနဲ သိသွားပြီဗျို၊ ပုတီးကို ပြန်ပေးလို့ ရှိရင်ဖြင့် ကျုပ်တို့ကို ချမ်းသာပေးမယ်တဲ့ နှုးနေတယ်'

**ဆင်။** ။'ကြိကြိစည်စည်ဗျာ၊ သုံးလေးလ အပင်ပန်းခံပြီး ကြံစည်ခဲ့ရတာ လက်ထဲရောက်တော့မှ ပြန်ပေးရမယ်ဆို တော်နိုင်ပါ့မလား၊ အဖိုးကလဲ နည်းတာ မဟုတ်ဘူး၊ တစ်သောင်းကျော် တန်တယ်ဆို'

**ကျော်။** ။'တန်တာက ကိစ္စမရှိဘူး၊ ပုတီးမရရင် လူကို ထောင်ချမယ့်အရေးက ရှိသေးတယ်ဗျ၊ ဘယ့်နှယ်လုပ်ကြမလဲ'

ထိုအခါ ဘိုးဆင်သည် ခေါင်းကိုကုတ်ကာ စဉ်းစားပြီးနောက်

**ဆင်။** ။'ဟိုအခန်းထဲမှာ သူတစ်ယောက်ထဲ မဟုတ်လား၊ စီရင်လိုက်ရရင် မကောင်းဘူးလားဗျာ၊ ဒီငနဲသေရင် ကျုပ်တို့မှာ တစ်ပြည်အေးတာပဲ'

**ကျော်။** ။'မလုပ်နှင့် ဆရာရေ့၊ ကျုပ်ကြံတာ ဘယ်နှစ်ခါ ရှိပလဲ၊ အလစ်ကို မတွေ့ဘူး၊ အင်မတန် သတိကောင်းတဲ့လူ၊ လက်နက်လဲ ဘယ်တော့မှ မချဘူး၊ အလို ဘာပါလိမ့်'

ထိုခဏ၌ အိမ်ရှေ့ပြတင်းပေါက်ဆီမှ အသံလိုလို ကြားသဖြင့် ထိုသူနှစ်ယောက်တို့သည် ဖြတ်လတ်သော အမူအရာနှင့် နားစွင့်ကာ ရှိနေကြရာ မည်သည့်အသံကို မျှ နောက်ထပ်၍မကြားဘဲ ဖယောင်းရုပ်ကြီးသာလျှင် ရှိနေသည်ဖြစ်သောကြောင့် စိတ်ချ နှလုံးချ ရှိသည့် လက္ခဏာနှင့် ဆက်လက်ကာ ထိုင်ကြပြန်လေ၏။

**ဆင်။** ။'လမ်းက အသံနှင့် တူပါရဲ့ဗျာ၊ ကိုင်း ကိုတိုင်းကျော်၊ ခင်ဗျားက ဉာဏ်ရှိတဲ့ လူတစ်ယောက် ဖြစ်တယ်၊ အကြံထုတ်ဦးလေဗျာ၊ သုတ်သင်တဲ့ နည်းနှင့် မရနိုင်ရင် ဒီပြင် ဘယ်နည်း ရှိသေးတယ် ဆိုတာ အကြံထုတ်ဦးမှ ပေါ့ဗျာ'

**ကျော်။** ။'စိတ်ချပါ ကိုဘိုးဆင်ရယ်၊ သူ့လောက်မကတဲ့လူတွေ ကျုပ် နှပ်ပြီးလာတာ ဘယ်နှစ်ခါ ရှိပလဲ၊ ပုလဲပုတီး ကျုပ်ဆီမှာ ပါပါတယ်၊ မြန်မာပြည်မှာ ရောင်းလို့မရရင် ဘင်္ဂလားတင်ပြီးရောင်းတာပေါ့ဗျ၊ ကုလားပြည်မှာ ဆိုတော့ နယ်က ကျယ်သနှင့်၊ ဘယ်သူက လာပြီး လိုက်ရှာနိုင်ဦးမလဲဗျာ'

**ဆင်။** ။'တင်ပို့တာက ဟုတ်တယ်၊ ကျုပ်တို့လဲ မသွားနိုင်ဘူး၊ ဘယ်သူ့ ခင်ဗျား အပ်မလဲ'

**ကျော်။** ။'ဘာခက်သလဲဗျာ၊ ဂျာဘတ်အလီ လက်ကိုအပ်လိုက်တာပေါ့၊ ဘင်္ဂလားကို သူသွားပြီးရောင်းလိမ့်မယ်'

**ဆင်။** ။'သူထည့်ပြီး ယူသွားစရာ အဖုံးနှင့် သေတ္တာ မှာပြီးပလား'

**ကျော်။** ။'စိတ်ချပါ ဆရာ၊ ဒါမျိုးတော့ ဒီအကောင်က ပကတူးက စီမံပြီးသားပဲ၊ နေစမ်းပါဦး ဘာသံလဲ'

ထိုခဏ၌ ထိုသူနှစ်ယောက်တို့သည် စကားပြော ရပ်စဲကြပြန်၍ ပြတင်းပေါက် ရှိရာသို့ ကြည့်ကြပြန်ရာ ဘာသံကိုမျှ မကြားရသည်နှင့် မိမိတို့ စိတ်က ခြောက်သဖြင့် လန့်ခြင်း ဖြစ်သည်ဟု အောက်မေ့လျှင် ဆက်လက်၍ ပြောကြပြန်လေ၏။

**ကျော်။** ။'ခင်ဗျားလူ ကိုစံရှား ပါးလှနပ်လှတယ် ဆိုပေမဲ့ ကျုပ် တစ်ပတ်ရိုက်လိုက်ရင် မခံနိုင်ပါဘူးဗျ၊ ပုလဲပုတီးကို ပြန်ပေးရင် ကျုပ်တို့ကို မဖမ်းဘူးလို့ သူပြောတယ်၊ ဒီတော့ ကျုပ်တို့က ပြန်အပ်ပါမယ်လို့ ပဋိညာဉ်ပေးပြီး အချိန် ကလေးရအောင်ဆွဲ၊ အဲဒီအတောအတွင်းမှာ ဂျာဘတ်အလီကို ဘင်္ဂလား လွှတ်လိုက်တာပေါ့ဗျ၊ မကောင်းဘူးလား'

**ဆင်။** ။'ဒီလိုဖြင့် တော်ရဲ့ဗျို့'

**ကျော်။** ။'ကိုင်း ဒီတော့ ခင်ဗျားက ဂျာဘတ်အလီကို တွေ့အောင်ရှာပြီး စီမံပေးနှင့်ပေတော့၊ ကျုပ်က ဒီကငနဲကို တော်အောင် ပြောထားနှင့်မယ်၊ နားညည်းလိုက်တဲ့ တယောသံကလဲဗျာ၊ ဘာသီချင်းတွေများ လျှောက်ပြီးထိုးနေတယ် မဆိုနိုင်ပါဘူး၊ ကိုင်း ရော့ ကိုဘိုးဆင်၊ ဟော ဒီက ပုလဲပုတီးကို ခင်ဗျားက ယူသွားနှင့် ၊ ကိုစံရှားကို ဖြန်းဖို့ရာ ကျုပ် တာဝန် ထားလိုက်ပါဗျာ'

**ဆင်။** ။'ဒီရာဇဝတ်ထုပ်ကြီးကို ဘယ်မှ ချမထားခဲ့ဘဲ ဟိုဟိုဒီဒီ ခင်ဗျား ယူဝံ့တာ ကျုပ် အင်မတန် အံ့သြတယ်'

**ကျော်။** ။'ဘယ်မှာ ထားလို့ လုံနိုင်မလဲ၊ ဘုရင်ခံအိမ်တော်က ကျုပ်တို့ ရအောင် ထုတ်နိုင်သေးတာ၊ ကျုပ် ထားတဲ့ နေရာကကော သူများ မထုတ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ဒါကြောင့် နေ့ရော ညဉ့်ပါ အိတ်ပုန်းထဲမှာ ထည့်ပြီး ဆောင်ထားရတယ်ဗျာ'

**ဆင်။** ။'ဘယ်မလဲ ၊ ကျုပ် ကြည့်စမ်းပါရစေဗျာ၊ သေသေချာချာတောင် မမြင်ရသေးပါဘူး'

**ကျော်။** ။'ဒီလူကလဲဗျာ၊ တကယ့်အရေးထဲမှာမှ ကြည့်ချင်လိုက်ရတာ၊ ကြည့်ချင်ရင်လာ၊ ဒီနေရာမှာ မကြည့်နှင့် ၊ အခန်းထဲက ချောင်းကြည့်ရင် မြင်သွားလိမ့်မယ်၊ လာခဲ့ ဟောဒီ ပြတင်းပေါက်နားမှာ ကြည့်၊ ရော့ အဲဒီမှာ မြင်ပလား'

**ဆင်။** ။'လှပါပေရဲ့ဗျာ၊ ဒါကြောင့်လဲ အဖိုးတစ်သောင်းကျော် တန်ပေတာပဲကိုး'

ထိုခဏ၌ မောင်စံရှားသည် ဖယောင်းရုပ်ထားသော ကုလားထိုင်မှ ဖြုန်းခနဲ ခုန်၍ထပြီးလျှင် ပုလဲပုတီးကို လက်တစ်ဖက်ဖြင့် လုယူ၍ တစ်ဖက်သော လက်မှ ခြောက်လုံးပြူးနှင့် ထိုသူနှစ်ယောက် ဦးခေါင်းကို ချိန်ရွယ်၍ ထားလေရာ ထိုသူနှစ်ယောက်တို့မှာ အံ့သြကြီးစွာနှင့် ကြောင်တောင်ငေး၍ ကြည့်နေကြလေ၏။ ထိုအခါ မောင်စံရှားသည် ခေတ်ခေါင်းလောင်းကို လက်ဖြင့် နှိပ်လိုက်ပြီးလျှင်

**ရှား။** ။'ဘရုတ်သုတ်ခ မလုပ်ကြနှင့်လေ မိတ်ဆွေတို့ ပစ္စည်းတွေ ကျိုးပဲ့ကုန်ပါ့မယ်၊ ပြေးလို့လဲ ခင်ဗျားတို့ မလွတ်ပါဘူး'

**ကျော်။** ။'ခင်ဗျား ဘယ်နည်းနှင့် ဘယ့်နှယ်လုပ်ပြီး … '

**ရှား။** ။'ဘာခက်သလဲ ကိုတိုင်းကျော်ရယ်၊ တိုက်နောက်ဖေးလှေကားက ဆင်းပြီး တိုက်ရှေ့ပြတင်းပေါက်က တက်တာများ ဘာခက်လို့လဲဗျာ၊ ဒီထက်မက မြင့်တဲ့ တိုက်တွေတောင် ခင်ဗျားတို့ တက်ခဲ့သေးတယ် မဟုတ်လား၊ ဖယောင်းရုပ်ကို ကုလားထိုင်ပေါ်က ဖယ်ချလို့တောင် အသံနည်းနည်း မြည်သွားလေတော့ ခင်ဗျားတို့ ကြားသွားပလားလို့ စိုးရိမ်မိသေးတယ်၊ မကြားပေလို့ တော်ပေသေးရဲ့ဗျာ၊ အရုပ်ထားတဲ့ နေရာက ထိုင်ပြီး ခင်ဗျားတို့ပြောတာတွေ ကျုပ် နားထောင်နေတာ အကုန်လုံးကြားရပါတယ်ဗျ'

**ကျော်။** ။'ကျိုးနဲ တတ်နိုင်တဲ့ လူပါပဲကလား'

ဘိုးဆင်မှာမူ ဉာဏ်လေးသော သူတစ်ယောက် ဖြစ်သဖြင့် ထိုအခါမှ မိမိတို့အား ထောင်၍ဖမ်းသည့် အဖြစ်ကို ရိပ်မိသည်နှင့်

**ဆင်။** ။'တယ်ပြီး ဉာဏ်သွားတဲ့ လူပါကလား၊ နို့ ဟိုထဲက တယောထိုးတာက ဘယ်သူလဲဗျ၊ အခုတောင် ကျုပ် ကြားတုန်း ရှိသေးတယ်'

**ရှား။** ။'လူရှိမှ တယောသံ ထွက်ရတော့မလားဗျ၊ ဓာတ်ပြားတစ်ပြားလောက် ဖွင့်ပြီး ထားလိုက်ရင်လဲ ပြီးတာပဲကို ဗျ'

ထိုခဏ၌ လေ့ကားမှ တက်လာသော ခြေသံများကို ကြားကြရလေရာ တံခါးသည် ရုတ်တရက် ပွင့်လာပြီးလျှင် မောင်သိန်းမောင်နှင့် တကွ အင်စပိတ်တော် မောင်အုန်းဖေနှင့် ပုလိပ်သား သုံးယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြ၍ ရာဇဝတ်ကောင်များကို လက်ထိပ်ခတ်ပြီးလျှင် ကားပေါ် သို့ တင်သွားကြလေ၏။

၎င်းနောက် မောင်စံရှားနှင့် မောင်သိန်းမောင် တို့သည် တိုက်ပေါ်၌ ကျန်ရစ်ခဲ့၍ မောင်သိန်းမောင်အား ထိုအမှုအကြောင်းနှင့် ပတ်သက်၍ ရယ်မောကာ ရှင်းလင်းပြောဆိုလျက် ရှိကြရာ ဘိုးသစ်သည် တိုက်ရှေ့ပြတင်းပေါက်မှ ပျာရိပျာယာ ပြေးလာ၍ ပြည်ထဲရေးအမတ်၏ ကားကြီး ဆိုက်ရောက်လျက် ရှိကြောင်းကို ပြောပြလေ၏။

ထိုအခါ မောင်စံရှားက

'ပြည်ထဲရေး အမတ်ဟာ လူတော့ဖြင့် လူကောင်းတစ်ဦးပါပဲ၊ နို့ပေမဲ့ ရာထူးဂုဏ်မောက်ပြီး အတော်ကလေး မာနကြီးတယ်၊ ဒီတစ်ခါ ဆုံးမလိုက်စမ်းကြရအောင်ဗျာ ကိုသိန်းမောင်' ဟု ပြောဆဲတွင် အခန်းတံခါးသည် ပွင့်၍ အမတ်ကြီးသည် အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုအချိန်သည်ကား မိုးဥတု ရာသီဖြစ်၍ မိုးကလေး တဖွဲဖွဲကျနေသည်နှင့် အမတ်ကြီးသည် မိုးကာအင်္ကျီကို ဝတ်လျက်နှင့်ပင် တိုက်ပေါ် သို့ တက်လာရာ

**ရှား။** ။'ဩော် ၊ မိုးထဲမှာတောင် ကြွလာခဲ့ပေသကိုး ခင်ဗျ၊ ထိုင်ပါဦးခင်ဗျာ၊ ဖြည်းဖြည်းပေါ့၊ မိုးကာ အင်္ကျီကြီးများ ချွတ်ထားပါအုံးတော့' ဟု ပြော၍ ထိုင်ရာမှထပြီးလျှင် အမတ်ကြီးဝတ်ထားသော ဝါတာဖရူးကို ချွတ်ပေးတော့မည်ကဲ့သို့ ပြုလေရာ အမတ်ကြီးသည် မိမိအား ဤကဲ့သို့ အရေတဝင် ပြုလုပ်သည့် အခြင်းအရာကို မနှစ်သက်သည့် မျက်နှာထားနှင့်

**မတ်။** ။'ရှိပါစေ ကိုစံရှား၊ ရှိပါစေ၊ အခု ကျုပ် သွားမှာပဲ၊ မချွတ်ပါဘူး'

**ရှား။** ။'မကောင်းပါဘူး ခင်ဗျာ၊ မိုးရေတွေ ရွှဲလို့၊ ချွတ်ထားပါဦးမှပေါ့' ဟု ပြော၍ အတင်းချွတ်ပေးတော့မည်ကဲ့သို့ အင်္ကျီလက်ကို ကိုင်ဆွဲလေလျှင် အမတ်ကြီးသည် စိတ်တိုစွာနှင့် မောင်စံရှားကို ဖြေးညှင်းစွာ တွန်းဖယ်၍

**မတ်။** ။'ဒုက္ခမရှာပါနှင့် ဗျာ၊ ရှိပါစေ၊ အခု ကျုပ် သွားပါ့မယ်၊ ဟို ကိစ္စကလေးဟာ ဘယ့်နှယ်လဲ'

**ရှား။** ။'ခဲယဉ်းပါတယ် အမတ်မင်း ၊ အင်မတန် ခဲယဉ်းလှပါတယ်'

**မတ်။** ။'ဒါကြောင့် ကျုပ် အစက မပြောဘူးလား၊ နာမည်ကြီးပေမဲ့ ဟုတ်ချင်မှ ဟုတ်တာပါဗျာ'

**ရှား။** ။'မှန်ပါတယ် ခင်ဗျာ၊ တည့်တည့်ချော်တဲ့ အခါလဲ ချော်ကြသေးတာပါ အမတ်မင်း'

**မတ်။** ။'လူများဟာ တစ်ခါတစ်လေလဲ အခုလို ချော်တဲ့အခါ ချော်ပေဦးမှာပဗျ၊ ကုသိုလ်ကံကောင်းလို့ ဆက်လက်ပြီး တည့်နေပြီ ဆိုမှဖြင့် ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သွားတတ်တယ်ဗျ'

**ရှား။** ။'မှန်လှပါ အမတ်မင်း၊ သို့သော် ယခုအမှုမှာ ကျွန်တော် နားမလည်တဲ့ အချက်ကလေးတစ်ခု ရှိနေပါတယ်ဗျ၊ အခန့်သင့်ရောက်လာတဲ့အခါမှာ လင်းတော်မူခဲ့ပါ'

**မတ်။** ။'ကိုယ့်လူ တော်တော်ပျော်သွားမင့်ကို ၊ စောစောစီးစီးက အခုလို မေးလားမြန်းလားလုပ်ရင် အကောင်းသားပဲ၊ ဘာများ မေးချင်လို့လဲဗျာ၊ မေးပါ မေးပါ'

**ရှား။** ။'သူခိုးများ အပေါ်မှာ ကျွန်တော်တို့ စွဲချက်တင်နိုင်မယ် မဟုတ်လား ခင်ဗျာ'

**မတ်။** ။'အို ဘယ့်နှယ်မေးတာလဲဗျ၊ မိတဲ့အခါကျတော့ စွဲချက်တင်နိုင်တာပေါ့၊ မမိသေးခင်က ဘယ်သူ့ကို သွားပြီး စွဲချက်တင်မလဲ'

**ရှား။** ။'နို့ပြီးတော့ ပစ္စည်း လက်ခံတဲ့လူကိုကောဗျာ၊ တရားစွဲဆိုနိုင်ပါရဲ့လား'

**မတ်။** ။'ဟာ သူခိုးမှ မမိသေးဘဲနှင့် လက်ခံတဲ့လူတွေ ဘာတွေတောင် ထည့်ပြီးစီမံကုန်ပလား၊ ခင်ဗျားဟာ အရင်လိုလှ ချည်လားဗျ'

**ရှား။** ။'အမှုဆိုတာ မဖြစ်ခင်က တင်ကြိုပြီး စီမံထားနှင့်ရင် ကောင်းတာပေါ့ အမတ်မင်း၊ သူခိုးလက်ခံ အပေါ်၌ ပစ္စည်းကို လက်ခံကြောင်း ဘယ်လိုမှ လုံလောက်ပါသလဲ ခင်ဗျာ'

**မတ်။** ။'သူ့လက်ထဲမှာ ပစ္စည်း တွေ့ရင်ဖြင့် ဖမ်းနိုင်တယ် ဆိုပါတော့ ခင်ဗျာ'

**ရှား။** ။'ဒါဖြင့် အမတ်မင်းကို ပစ္စည်း လက်ခံမှုနှင့် ကျွန်တော် ဖမ်းရပါလိမ့်မယ် ခင်ဗျာ'

**မတ်။** ။(အလွန်တရာ စိတ်ဆိုးသော မျက်နှာနှင့်) 'တယ်ပြီး အရောဝင်တဲ့ လူတစ်ယောက်ပါကလား၊ အံ့ဩပါရဲ့ဗျာ၊ ကျုပ်ဖြင့် ရာထူးအမျိုးမျိုးမှာ အမှုထမ်းပြီးလာခဲ့တာ နှစ်ပေါင်း သုံးလေးဆယ် ရှိပါပြီ၊ ခင်ဗျားလိုလူ ဒီတစ်ခါပဲ ကျုပ် တွေ့ဖူးတယ်၊ ပြောရမှာဖြင့် အရင်ကတည်းကိုက ခင်ဗျားအစွမ်းကို သူများ ပြောသံကြားရတာတွေ ကျုပ် နည်းနည်းမှ မယုံကြည်ခဲ့ဘူး၊ အခု လူကိုယ်တိုင်တွေ့ရတော့ နာမည်မကြီးထိုက်ပဲနှင့် ကြီးရုံမျှမက လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိ၊ အင်မတန်လူပါးဝတဲ့ လူတစ်ယောက်ဆိုတာ ကျုပ် သိရပေတယ်၊ ကိုင်း ကျုပ် ပြန်မယ်' ဟု ပြော၍ တံခါးသို့ သွားမည် အပြုတွင် မောင်စံရှားသည် ၎င်း၏ ရှေ့မှဆီးလျက်

**ရှား။** ။'ကျွန်တော် တစ်ခု သတိပေးပါရစေ အမတ်မင်း၊ ခိုးရာပါ ပစ္စည်းကို လက်ဆုပ်လက်ကိုင် တွေ့ခြင်းထက် ပစ္စည်းကိုယူပြီး အတင်းထွက်ပြေးမယ်ဆိုရင် သာဆိုးပါလိမ့်မယ်'

**မတ်။** ။'ဘယ့်နှယ်လူလဲ ဒီလူ၊ ဖယ်ပါဗျာ၊ လမ်းက မနေပါနှင့်'

**ရှား။** ။'အမတ်မင်းရဲ့ မိုးကာအင်္ကျီ လက်ျာဘက်အိတ်ကို နှိုက်ကြည့်စမ်းပါ အမတ်မင်း'

**မတ်။** ။'ဘာများလဲ ဒီလူက'

**ရှား။** ။'ကျွန်တော် ခိုင်းသလိုသာ လုပ်ပါ'

ထိုအခါ အမတ်ကြီးသည် မောင်စံရှား ခိုင်းစေသည့်အတိုင်း အင်္ကျီအိတ်သို့ လက်နှိုက်လိုက်သည်တွင် ပုလဲပုတီးတစ်ခု ပါလာသည်ကို တွေ့မြင်ရသဖြင့် အံ့အားသင့်လျက် ရှိလေ၏။

**မတ်။** ။'ဘယ့်နှယ်လုပ်တာလဲ ကိုစံရှား၊ ခင်ဗျား မျက်လှည့်ဆရာလား'

**ရှား။** ။'မှန်ပါတယ် အမတ်မင်း၊ အင်္ကျီ ချွတ်ပေးမယ်လို့ အနီးကို ကပ်စဉ်အတွင်း ပုလဲပုတီးကို အိတ်ထဲကို ထည့်လိုက်တယ်'

**မတ်။** ။(ပုလဲပုတီးကို လက်ပေါ်တွင် တင်၍ သေချာစွာ ကြည့်ရှုပြီးနောက်)'ဟုတ်သားပဲဗျာ၊ ဘုရင်ခံကတော် ပုလဲပုတီး အစစ်ပဲ၊ ကိုင်း ကိုစံရှား၊ ခင်ဗျား လူပါးဝတာ မဝတာ အပထား၊ ခင်ဗျားအစွမ်း ကျုပ်ခုနင်က သေးနုတ်အောင် ရှုံ့ချ ပြောမိတဲ့အတွက် ကျုပ် တောင်းပန်ပါတယ်၊ တော်လည်းတော်ပါပေတယ်ဗျာ၊ ဘယ့်နှယ်လုပ်ပြီး ခင်ဗျား ပြန်ရအောင် လုပ်သလဲ'

**ရှား။** ။'အမှုက တစ်ပိုင်းတစ်စ ရှိသေးတဲ့အတွက် စုံလင်အောင် ပြောပြဖို့ အခါမရောက်သေးသဖြင့် သည်းခံပါဦး အမတ်မင်း၊ သို့သော် ဘယ်သူ့လက်ကပဲ ရရ၊ ပုလဲပုတီးပြန်ရရင် ပြီးတာမို့ ဘုရင်ခံကတော် ဆီမှာ မျက်နှာရအောင်ဟာ အမတ်မင်းပဲ ယူသွားလိုက်ပါတော့ အမတ်မင်း၊ ကိုင်း ဘိုးသစ်ရေ၊ ကိုသိန်းမောင်ဖို့ရော၊ ငါဖို့ရော၊ နှစ်ယောက်အတွက် ထမင်း ပြင်လိုက်ဟေ့'

**ပြီးပါပြီ။**

× × × × × ×

## ၁၈။ တူဝရီးနှစ်ယောက်၏ ထူးဆန်းသော အမှု၌ စုံထောက်ခြင်း

တစ်နေ့သော နံနက်ခင်းအချိန်၌ ကျွန်တော်သည် အိပ်ရာမှ ထပြီးနောက် ကာဖီသောက်ပြီးသည်နှင့် တစ်ပြိုင်နက် ကိစ္စကလေးတစ်ခုနှင့် အပြင်သို့ ထွက်မည်ဟု အဝတ်လဲလှယ်လျက် ရှိစဉ် မောင်စံရှားသည် ၎င်း၏ထုံးစံအတိုင်း နံနက်စောစော လမ်းလျှောက်ရာမှ ပြန်လာခဲ့၍

**ရှား**။ ။'ဘယ်ကိုလဲဗျ ကိုသိန်းမောင်'

**ကျွန်တော်**။ ။'ကိစ္စကလေးရှိလို့ အပြင်သွားစမ်းမယ်လို့ ဗျ'

**ရှား**။ ။'ခင်ဗျား ကိစ္စက အင်မတန် အရေးကြီးသလား'

**ကျွန်တော်**။ ။'အရေးတော့ဖြင့် မကြီးလှပါဘူးဗျာ'

**ရှား**။ ။'ဒါဖြင့်ရင်လဲ နေဦးလေဗျာ၊ အမှုသည်တစ်ယောက် လာလိမ့်မယ်၊ ဟောဒီမှာ မနက်စောစောကပဲ ကြေးနန်းတစ်စောင် ရထားတယ်' ဟု ပြော၍ ကျွန်တော်အား ကြေးနန်းကို လှမ်း၍ပေးလေရာ ကျွန်တော်သည် ကြေးနန်းကို ယူ၍ ဖတ်ရှုကြည့်သည်တွင် ညောင်လေးပင်မြို့မှ ဦးဘခင်ဆိုသူက အရေးကြီးသော ကိစ္စတစ်ခုအတွက် တိုင်ပင်ရန်ရှိသောကြောင့် ထိုနေ့ နံနက်ပင် ညောင်လေးပင်မြို့မှ မီးရထားနှင့် လိုက်ပါလာခဲ့မည် ဖြစ်ကြောင်းကို ရိုက်ကြားချိန်းဆိုလိုက်သော ကြေးနန်းဖြစ်ကြောင်း သိရှိရလေ၏။ ၎င်းနောက် ကျွန်တော်သည် နာရီကို ကြည့်ပြီးလျှင်

**ကျွန်တော်**။ ။'စာပို့မီးရထားနှင့် လိုက်ခဲ့မယ် ဆိုရင် ရောက်လောက်ပြီကောဗျာ'

**ရှား**။ ။'ကျုပ်လဲပဲ ရောက်လောက်ပြီလို့ တွက်ပြီးပြန်လာခဲ့တာပဲ၊ ဟော လှေခါးက ခြေသံကြားတယ်ဗျို့၊ သို့သော် လူနှစ်ယောက် ခြေသံနှင့် တူတယ်၊ အဖော်များ ခေါ်လာခဲ့လေရော့ သလားဗျာ'

ခြေသံတို့သည် ကျွန်တော်တို့ရှိရာ အရပ်သို့ ရောက်သောအခါ အပေါ် ထပ်သို့ ကျော်လွန်၍ တစ်ထစ်နှစ်ထစ်တက်သွားပြီးမှ တစ်ဖန်ဆင်းလာခဲ့ပြန်၍ တံခါးကို ခေါက်သည်တွင် ကျွန်တော်သည် ထိုင်ရာမှ ထ၍ တံခါးကို ဖွင့်သဖြင့် လူကြီးတစ်ယောက်နှင့် မိန်းမပျိုကလေး တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာကြလေ၏။

မောင်စံရှားသည် ထိုင်ရာမှ ထ၍ အိမ်ရှင်ဝတ္တရားအတိုင်း ၎င်းတို့အား နေရာထိုင်ခင်းပေးလျက်ရှိစဉ် ကျွန်တော်သည် ထိုသူနှစ်ဦးတို့၏ ရုပ်လက္ခဏာကို အကဲခတ်လျက် ရှိရာ လူကြီးမှာ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိ၍ ထောင်ထောင်မောင်းမောင်း မွှန်မွှန်ရည်ရည် ပုဆိုးရှည်ကြီးနှင့် အလွန်ကြည့်၍ကောင်းသည့်ပြင် စိတ်နှလုံးလည်း ကောင်းဟန် လက္ခဏာ ရှိလေ၏။ မိန်းမပျိုကလေးမှာကား အသက် ၁၈ နှစ်အရွယ်ခန့် ရှိ၍ ပစ္စည်းဥစ္စာ ခိုင်လုံသည့် လူဂုဏ်တန် တစ်ယောက်၏ သားသမီး ဟုတ်ဟန်မရှိဘဲ အနည်းငယ် ဆင်းရဲသည့်အလျောက် သင့်တင့်ရုံလောက်သော အဝတ်တို့ဖြင့် ဝတ်ဆင်လျက် ရှိငြားသော်လည်း အရုပ်အရည်မှာမူကား အလွန်တရာပင် လှပချောမောပေ၏။ ဝတ်ဆင်ပုံမှာ လူကြီးနှင့် တန်းချင်း မတူညီသည့်ပြင် အရုပ်အရည်မှာလည်း တစ်ဆင်စီဖြစ်သောကြောင့် သားအဖ မဟုတ်တန်ရာဟု ခန့်မှန်းမိလေ၏။ ထို့ပြင် သူငယ်မမှာ မျက်လုံးများ နီမြန်းလျက် ရှိသည့်ပြင် မျက်နှာမှာလည်း အလွန်တရာ ညှိုးငယ်စွာ ရှိသည် ဖြစ်သောကြောင့် ဒုက္ခတစ်စုံတစ်ရာနှင့် ကြုံတွေ့လျက် ရှိကြောင်း ထင်ရှားပေ၏။ ကုလားထိုင်၌ ထိုင်မိကြလျှင် ဦးဘခင် ဆိုသူလူကြီးက

**ခင်**။ ။'ကျွန်တော့် ကြေးနန်း ရပါစ ခင်ဗျာ'

**ရှား**။ ။'ဟုတ်ကဲ့၊ သည်မနက် စောစောကပဲ ရပါတယ်'

**ခင်**။ ။'ကျွန်တော် လာရောက်ရခြင်းက ကျွန်တော့် ကိစ္စတော့ဖြင့် မဟုတ်ပါဘူး ခင်ဗျာ၊ သက်သက်မဲ့ ဟောဒီက သူငယ်မကလေးကို သနားတဲ့အတွက် ဦးစံရှား သတင်းကိုလည်း ကြားဖူးလေတော့ လိုက်ပို့ရခြင်း ဖြစ်ပါတယ်၊ ဟောဒီက မသောင်းမြရဲ့ ရည်းစားက လူကောင်းကလေး တစ်ယောက်ပါ ခင်ဗျာ၊ ဝါမဝင်ခင် တောင်းတော့ ရမ်းတော့မယ့် ဆဲဆဲမှာ လူသတ်မှုနှင့် အချုပ်ခံနေရပါတယ် ခင်ဗျာ'

ထိုအခါ ဦးစံရှားက ဦးခေါင်းညိတ်သဖြင့် ဦးဘခင်က ဆက်လက်၍ ပြောပြန်သည်မှာ

**ခင်။** ။'ဖြစ်ပုံကို ကျွန်တော် အစကနေပြီး ပြောပါမယ်၊ သည်လို ခင်ဗျာ၊ သေတဲ့လူကြီးဟာက မသောင်းမြရဲ့ ရည်းစားမောင်သက်ထွန်းရဲ့ ဦးလေး ဦးသန့် ပါတဲ့ ခင်ဗျာ၊ ဒေါသကလဲ တော်တော်ကြီးတယ်၊ လောဘကလဲ တော်တော်၊ ပိုက်ဆံကလေးကလည်း တော်တော်ပဲ ရှိပါတယ်၊ သားမရှိ သမီးမရှိနှင့် မုဆိုးဖိုကြီး ဖြစ်လေတော့ မောင်သက်ထွန်းကို အမွေခံ အမွေစား မွေးစားပြီး သူသေရင် ပစ္စည်းတွေ အားလုံးကို မောင်သက်ထွန်း ရဖို့ခင်ဗျာ၊ သို့သော်လည်း မကြာမီအတွင်းကတော့ မောင်သက်ထွန်းက ဟောဒီက မသောင်းမြနှင့် စုံမက်ကြရာမှာ အဘိုးကြီးက သဘောမတူဘူးခင်ဗျ၊ သူကိုယ်တိုင်က ကုတ်ကုတ်ပတ်ပတ်နှင့် စုဆောင်းခဲ့ရတဲ့ ပစ္စည်းတွေကို ဘာမရှိ ညာမရှိ မိန်းမတစ်ယောက်နှင့် ဝေပြီး သုံးစွဲရစ်လို့ တော်ရော့မလားတဲ့၊ ပိုက်ဆံမရှိတဲ့ မိန်းမကို ယူရင် ကိုယ့်မှာပါတဲ့ ပိုက်ဆံကုန်ရုံ ရှိမှာပတဲ့ ခင်ဗျ၊ သည်က မသောင်းမြကလေးကတော့ မိမရှိ ဖမရှိ၍ ဆင်းရဲရှာလေတော့ အဘိုးကြီးက လားလားမှ သဘောမတူတဲ့အပြင် သူ့ကို ယူခဲ့လို့ရှိရင် အမွေပြတ် တစ်ခါတည်း စွန့်ပယ်လိုက်မယ်လို့ ခြိမ်းခြောက်ဖူးသတဲ့ ခင်ဗျ'

**ရှား။** ။'ဆိုပါဦးခင်ဗျာ'

**ခင်။** ။'ဒါနှင့် တူဝရီးနှစ်ယောက် မသင့်မတင့်ဖြစ်ပြီး တစ်ယောက်တစ်ကွဲစီ နေကြတဲ့ဟာ ဟိုနေ့ညနေကတော့ ဦးသန့်က မောင်သက်ထွန်းကို လူလွှတ်ပြီး အခေါ်ခိုင်းလို့ မောင်သက်ထွန်းက သွားပါရောတဲ့ ခင်ဗျ၊ မောင်သက်ထွန်းရောက်တော့ ဦးသန့်က အင်မတန် စိတ်ဆိုးပြီး နေသတဲ့၊ စိတ်ဆိုးတဲ့အလျောက် မသောင်းမြနှင့် ဖြတ်မလား မဖြတ်ဘူးလားလို့ မေးသတဲ့၊ မေးတော့ မောင်သက်ထွန်းက ချစ်ခင်စုံမက်ခဲ့ကြပြီး ဖြစ်လို့ သစ္စာမဖောက်ကောင်းကြတဲ့ အကြောင်း ပြောတဲ့အခါမှာ စိတ်ဆိုးမာန်ဆိုးနှင့် လူကြီးစကားကို နားမထောင်ဘဲ ရှိရမလားလို့ ကြိမ်းလားမောင်းလား လုပ်သတဲ့ ၊ သည်တော့ မောင်သက်ထွန်းက သည့်ပြင်အရာမှာ ဦးလေးစကားကို နားထောင်နိုင်သော်လည်း သားမယားယူတဲ့ ကိစ္စမှာ နားမထောင်နိုင်တဲ့အကြောင်းကို ပြတ်ပြတ်တောက်တောက် ပြောလိုက်သတဲ့ ၊ သည်တော့ ဦးသန့်က မီးခံသေတ္တာဖွင့်တဲ့ပြီး စာချုပ်စက္ကူတွေကို ထုတ်၊ စားပွဲပေါ်မှာတင် အိတ်ထဲက နာရီကိုထုတ်၊ စာချုပ်တွေပေါ်မှာတင်၊ တင်ပြီး "ရော့ ဟောဒါ နင့်အမွေပဲ၊ ယူသွားလေတော့၊ သည်ကနေ့ကစပြီး နင်နှင့်ငါနှင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လည်း မကြည့်လို၊ မြင်လည်း မမြင်လို၊ နင့်သတင်းကိုလည်း ငါမကြားလိုဘူး" လို့ ပြောပြီး ပေးပါရောတဲ့ ခင်ဗျ၊ ပထမတော့ မောင်သက်ထွန်းက သူ့ဦးလေး ပေးတဲ့ ပစ္စည်းကို မယူဘူးရယ်လို့နေတာ၊ ဦးသန့်စိတ်ဆိုးသည်ထက် ဆိုးမှာကြောက်လို့ နာရီနှင့် စာချုပ်တွေ ယူပြီး အိမ်က ထွက်လာခဲ့ပါရောတဲ့ ခင်ဗျ'

**ရှား။** ။'ဘယ်အချိန်လောက်ရှိပြီလဲ'

**ခင်။** ။'ညနေ ၆ နာရီလောက် ရှိပြီခင်ဗျ'

**ရှား။** ။'အိမ်မှာ သည့်ပြင်လူ မရှိဘူးလား'

**ခင်။** ။'ခါတိုင်းတော့ ခိုင်းတဲ့ လူကြီးတစ်ယောက် ဦးထော်ဆိုတာ ရှိတယ်ခင်ဗျ၊ အဲဒီညနေကတော့ ဒိုက်ဦးကို ကိစ္စတစ်ခုနှင့် ခိုင်းလိုက်လို့ သွားနေသတဲ့'

**ရှား။** ။'ဘယ်အချိန်က သွားသလဲ'

**ခင်။** ။'မောင်သက်ထွန်း ရောက်လာပြီးတဲ့နောက်မှ သွားသတဲ့ ၊ မေင်သက်ထွန်း ရောက်လာပြီးတဲ့နောက် ဧည့်ခန်းထဲမှာ တူဝရီးနှစ်ယောက် ကျယ်လောင်ကျယ်လောင်နှင့် စကားပြောနေကြတာ ကြားသေးတယ် ဆိုတာပဲ'

**ရှား။** ။'ဘယ်အချိန် ပြန်သလဲ'

**ခင်။** ။'နောက်တစ်နေ့ မနက်မှ ပြန်လာတယ်၊ ဦးထော်က မီးရထားက ဆင်းပြီး အိမ်ပြန်လာလို့ ရောက်တော့ ခွေးကတက်မှာ သွေးစက်တွေ တွေ့သတဲ့၊ ဒါနှင့် ဘယ်သူ့ သွေးစက်တွေပါလိမ့်မလဲလို့ ခပ်ထိတ်ထိတ်နှင့် အိမ်ပေါ်တက်လာတော့ ဧည့်ခန်းထဲက ကြမ်းပေါ်မှာ သူ့ဆရာဦးသန့်ဟာ အလျားမှောက်လျက်ကြီး သေနေတာကို တွေ့တယ်တဲ့ ခင်ဗျ၊ လည်ပင်းမှာလဲ ဒဏ်ရာကြီးနှင့် ၊ အလောင်းနားမှာလဲ သင်တုံးဓားတစ်လက် တွေ့သတဲ့ ၊ သွေးတွေကလဲ အိုင်ထွန်းလို့တဲ့ ခင်ဗျ၊ ဒါနှင့် ဦးထော်က ကြောက်ကြောက်လန့်လန့်နှင့် အိမ်ပေါ်က ဆင်းပြေးပြီး ပုလိပ်ဌာနကို တိုင်မယ်လို့ ပြေးသွားတော့ လမ်းမှာ ကျွန်တော်နှင့် တွေ့ပါရော ခင်ဗျာ၊ သည်တော့ ကျွန်တော်က အကျိုးအကြောင်းမေးကြည့်လို့ သိရတဲ့အခါမှာ ဌာနကို အတူသွားပြီး တိုင်ချက်ပေးကြပါရော ခင်ဗျာ၊ ဌာနအုပ်ကလဲ ကျွန်တော်စိုးရိမ်တဲ့ အတိုင်းပဲ မောင်သက်ထွန်းက

သတ်တယ်လို့ သဘောရပြီး ပုလိပ်သားတစ်ယောက် နှစ်ယောက်နှင့် မောင်သက်ထွန်းအိမ်ကို သွားပါရော့ ခင်ဗျာ၊ သည်တော့ကာ ကျွန်တော်ကလဲ မောင်သက်ထွန်းတို့ သမီးရည်းစားနှစ်ယောက်ကို သနားနား ရှိတာကတစ်ကြောင်း၊ သိလိုတဲ့ စိတ်ရှိတာက တစ်ကြောင်းကြောင့် အတူလိုက်ပါပြီး သွားပါရော ခင်ဗျာ၊ ပုလိပ်သားနှစ်ယောက်ကိုတော့ မောင်သက်ထွန်းကို အဖမ်းခိုင်းလိုက်ပြီး ဌာနာအုပ်ရယ် ၊ ကျွန်တော်ရယ် ၊ ဦးထော်ရယ်ကတော့ ဦးသန့်ရဲ့ အိမ်ကို သွားကြပါရော ခင်ဗျာ၊ အိမ်ရောက်တော့ ဧည့်ခန်းထဲမှာ ဦးထော်ပြောတဲ့ အတိုင်း သင်တုံးဓားဒဏ်ရာနှင့် သေနေတဲ့ ဦးသန့်ရဲ့ အလောင်းကို လက်နက်နှင့် တကွ တွေ့ပါရောခင်ဗျာ၊ မီးခံသေတ္တာကြီးကလဲ ပွင့်လို့ ၊ သော့တွဲကလည်း တန်းလန်းပဲ ခင်ဗျာ၊ ဒါနှင့် ဌာနာအုပ်က ဦးသန့်ရဲ့ အလောင်း အင်္ကျီအိတ်မှာ စမ်းသပ်ရှာဖွေတော့ ဘာမျှ မတွေ့ဘူးခင်ဗျ၊ အစေခံဦးထော်ကတော့ ဦးသန့်ဟာ သူ့ခါးပိုက်ဆောင်နာရီကို အင်္ကျီအိတ်ထဲက ဘယ်အခါမှ မချဘူးလို့ ပြောသော်လည်း အင်္ကျီအိတ်မှာ နာရီကို မတွေ့ဘူး ခင်ဗျ၊ သည်တော့ကာ နာရီကိုလဲ မတွေ့၊ ခွေးကတက်မှာလဲ သွေးစက်ကို တွေ့ပြန်တော့ ဦးသန့်ကို လူတစ်ယောက် သတ်ကြောင်း ထင်ရှားသလိုလို ရှိနေတာကို ခင်ဗျာ့၊ ပြီးတော့ကာ ဦးထော် ထွက်ချက်အရ ဟိုနေ့ညနေက တူဝရီးနှစ်ယောက် စကားများကြတယ်လို့ ဆိုပြန်တော့ မောင်သက်ထွန်းက သတ်တယ်လို့ ထင်မယ်ဆိုရင်လဲ ထင်စရာ ဖြစ်နေပြီကော ခင်ဗျာ’

**ရှား။** ။‘နေစမ်းပါဦး ခင်ဗျာ့၊ လှေကားထစ်ပေါ်မှာ ခွေးကတက်ပေါ်မှာ သွေးတွေ့ပုံက စွန်းပေပြီးနေတာ တွေ့တာလား၊ တစ်စက်စက် ကျနေတာ တွေ့တာလား’

**ခင်။** ။‘တစ်စက် တစ်စက် ကျတာ တွေ့တယ် ခင်ဗျ’

**ရှား။** ။‘လူတစ်ယောက်ကို တစ်ယောက်က သင်တုံးဓားနှင့် လှီးပြီးသတ်လို့ လက်မှာ သွေးလူးစေကာမူ စွန်းပေရုံအပြင် မရှိနိုင်ဘူး ခင်ဗျာ့၊ တစ်စက်တစ်စက် ကျလောက်အောင် တော်တော်ခဲယဉ်းတယ်၊ တစ်ယောက်နှင့် တစ်ယောက် ထွေးလုံးသတ်ပုတ်ကြတဲ့ အခြေအနေများတွေ့ရသလား’

**ခင်။** ။‘ဘာမှ မတွေ့ဘူး ခင်ဗျ၊ စားပွဲ ကုလားထိုင်တွေလည်းပဲ အားလုံးအကုန် နေရာတကျ ရှိနေတာကို တွေ့ရတယ်’

**ရှား။** ။‘အင်း တော်တော် ထူးဆန်းတာပဲ၊ ဆိုစမ်းပါဦးခင်ဗျာ၊ သည့်ပြင်ကော’

**ခင်။** ။‘ဌာနာအုပ်ကတော့ဖြင့် ဘယ်သူ့သွေးပဲဖြစ်ဖြစ် မောင်သက်ထွန်း အပေါ်မှာ သက်ာမကင်းနိုင်ဘူးလို့ ဆိုပြီး ပုလိပ်များ ဖမ်းဆီးလာခဲ့တဲ့ မောင်သက်ထွန်းကို အချုပ်ထောင်မှာ ထားတာကိုး ခင်ဗျ၊ သည်တော့မှ ဟောဒီက မသောင်းမြက သည်အကြောင်းကြားလေတော့ အချုပ်ထောင်ကိုပြေးပြီး ငိုလားရီလားနှင့် မေးရာတော့ ခုတင်က ကျွန်တော်ပြောတဲ့ အတိုင်း တူဝရီး စကားများကြတာဖြင့် မှန်ပါတယ် တဲ့၊ သေတာတော့ဖြင့် သူမသိရပါဘူးတဲ့ ပြောရှာတာကိုး ခင်ဗျ၊ ကျွန်တော်ကလည်း မိန်းကလေးရော လူကလေးရော ငယ်ငယ်ကတည်းက သိကျွမ်းပြီးလာခဲ့လေတော့ ဦးစံရှား အကြောင်းကိုလည်း ကြားဖူးတာနှင့် ခေါ်ပြီး လာခဲ့ရခြင်းဖြစ်ပါတယ် ခင်ဗျာ၊ တတ်နိုင်ရင် စောင်မကြည့်ရှုပါ၊ ကုန်ကျသမျှ စရိတ်ငွေကို ကျွန်တော့်တာဝန် ထားလိုက်ပါ ခင်ဗျာ၊ သူငယ်ကလေးက ရိုးလွန်းလို့ မဟုတ်ရင်လဲ လွတ်ပါစေ ခင်ဗျာ၊ အင်မတန်ရိုးတဲ့ ကောင်းတဲ့ လူကလေးပါ ခင်ဗျာ၊ ဘယ်နည်းနှင့်မှ သည်လိုရက်ရက်စက်စက် လုပ်ဝံ့မဲ့ လူကလေး မဟုတ်ပါဘူးခင်ဗျာ’

**ရှား။** ။‘ဟိုညက ဦးသန့်က မောင်သက်ထွန်းကို ပေးလိုက်တဲ့ စာချုပ်တွေ ဆိုတာက ဘာစာချုပ်တွေလဲ’

**ခင်။** ။‘သြော် ဒါတွေလဲ မောင်သက်ထွန်း လက်မှာပဲ တွေ့တယ်ခင်ဗျ၊ ဒါတွေက အမျိုးသားကြီးပွားရေး ကုမ္ပဏီက အစုစပ်ရှယ်ယာ လက်မှတ်တွေ ဆိုထင်ပါရဲ့ ခင်ဗျာ၊ ၅၀၀၀ ဘိုးလောက် ရှိတယ်ဆိုကပဲ’

**ရှား။** ။‘သည်ကုမ္ပဏီ ပျက်သွားပြီကော ခင်ဗျ’

**ခင်။** ။‘သည်လိုပဲ ကြားပါတယ်’

**ရှား။** ။‘သြော် ဒါဖြင့် အခုတလောဦးသန့်မှာ ငွေကြေးတော်တော် ဆုံးရှုံးရှာသပေါ့၊ သည်တစ်ချက်ကလေးဖြင့် မောင်သက်ထွန်းအတွက် မျှော်လင့်စရာကလေး ရှိပါရဲ့ ခင်ဗျာ၊ ကိုင်း ကိုင်း ကျွန်တော်တို့ ကိုယ်တိုင် လိုက်ပြီး ကြည့်ပါဦးမယ် ခင်ဗျာ၊ နေ့လည် စာပို့ရထားနှင့် လိုက်ကြတာပ’

ကျွန်တော်နှင့် မောင်စံရှားတို့သည် ဦးဘခင်တို့နှင့်အတူ ထိုနေ့နေ့လည် အဆန်ရထားနှင့် လိုက်ပါသွားကြလေရာ ညနေ၌ပင် ညောင်လေးပင်မြို့သို့ ဆိုက်ရောက်ကြလေ၏။

မီးရထားပေါ်မှ ဆင်းသက်မိကြလေလျှင် မောင်စံရှားသည် ဦးဘခင်တို့အား မိမိစွမ်းအား ရှိသမျှ ဆောင်ရွက်ပါမည်အကြောင်းနှင့် အာမဝန်တာ ခံခဲ့ပြီးလျှင် ၎င်းတို့နှင့် ခွဲခွာ၍ ကျွန်တော်နှင့် မောင်စံရှားတို့သည် ပုလိပ်ဌာနာသို့ သွားရောက်ကြလေ၏။ ဌာနာအုပ်နှင့် တွေ့ဆုံကြသောအခါ မောင်စံရှားက မိမိမှာ တရားခံဘက်က ၎င်းရမ်းသဖြင့် ပုလိပ်အရာရှိတို့၏ ထင်မြင်ချက်အတိုင်း ဟုတ်မဟုတ်၊ မှန်မမှန်ကို စုံစမ်းကြည့်ရှုရန် လိုက်လာခဲ့ရခြင်း ဖြစ်ကြောင်းနှင့် ပြောပြသောအခါ ဌာနာအုပ်က ပြုံးရယ်လျက်

**အုပ်**။ ။'သည်အမှုမှာတော့ ဆရာ လိုက်ခဲ့ရတာ ပင်ပန်းရုံရှိမှာပါ ဆရာ ၊သည်ထက် ထင်ရှားတဲ့အမှု ဘယ်မှာ ရှိဦးမှာလဲ ဆရာ'

**ရှား**။ ။'၎င်းသူရှိပြန်တော့လဲ လိုက်ခဲ့ရပြန်တာပဲဗျာ၊ ဒါထက် မောင်သက်ထွန်းမှာ ဒဏ်ရာများ တွေ့သလား'

**အုပ်**။ ။'မတွေ့ပါကလား ဆရာ'

**ရှား**။ ။'ဒါဖြင့် တော်သေးရဲ့ဗျို့၊ ကိုင်း ကိုင်း ဦးသန့်အိမ်ကို လိုက်ခဲ့စမ်းပါဦးဗျာ၊ ကျုပ် ကြည့်စမ်းချင်ပါသေးတယ်'

ထိုအခါ ဌာနာအုပ်သည် လိုက်သော်လည်း အကျိုးရှိမည်မဟုတ် ဟူ၍ ဖွင့်ဟ၍ မပြောဝံ့သောကြောင့်သာလျှင် မပြောသော်လည်း ၎င်း၏ မျက်နှာထားမှာမူ ထိုအကြောင်းကိုကောင်းစွာ ထင်ရှားစေလျက် ခပ်ပြုံးပြုံးမျက်နှာနှင့် လိုက်ပါခဲ့လေ၏။

ဦးသန့်၏အိမ်ကြီးမှာ ရှေးအိမ်ကြီး ဖြစ်သည့်အတိုင်း အလွန်တရာ ဟောင်းနွမ်းအိုမင်း၍ ကျယ်ဝန်းလှသော သုံးဆောင်ပြိုင်အိမ်ကြီး ဖြစ်လေရာ ကျွန်တော်တို့သည် ထိုအိမ်ကြီးသို့ ရောက်သောအခါ မောင်စံရှားသည် လှေကားထစ်မှစ၍ သေချာစွာ ကြည့်ပြီးမှ တဖြည်းဖြည်း အိမ်ပေါ် သို့ တက်ကြလေ၏။ လှေကားထစ်များနှင့် ခွေးကတက်ပေါ်၌ကား သွေးများသည် ဝိုင်းဝိုင်းစက်စက် စွန်းပေလျက် ရှိသည်ကို တွေ့ရသဖြင့် ဦးဘခင်ပြောသည့်အတိုင်း တစ်စုံတစ်ခုသော ဒဏ်ရာမှ တစ်စက်တစ်စက် ကျခဲ့သည့် လက္ခဏာ ရှိလေ၏။

အလောင်းမှာမူ အိမ်ပေါ်မှ ရွှေ့ပြောင်း၍ ဆေးရုံသို့ ပို့ပြီးပြီ ဖြစ်လေရာ မောင်စံရှားသည် ဦးသန့်သေဆုံးရာ ဧည့်ခန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ၎င်း၏ ထုံးစံအတိုင်း ကြမ်းပေါ်၌ လေးဖက်တွားပြီးလျှင် ကြမ်းများကို မှန်ဘီလူးနှင့် သေချာစွာ ကြည့်လေ၏။ အလောင်းရှိဖူးသော နေရာ၌ ကား သွေးတို့သည် စကောပမာဏမျှ ကျယ်ဝန်းအောင် အကွက်ကြီးဖြစ်၍ နေလေရာ မောင်စံရှားသည် ၎င်းအနီး၌ အထူးသဖြင့် ဂရုစိုက်၍ မှန်ဘီလူးနှင့် ကြည့်ပြီးမှ တဖြည်းဖြည်း တရွေ့ရွေ့ လှေကားသို့ ရောက်သည့်တိုင်အောင် လိုက်သွားလေ၏။

အခန်းဝအနီးသို့ ရောက်သောအခါ၌ကား တစ်စုံတစ်ခုကို တွေ့ရှိသည့်လက္ခဏာနှင့် တန့်ရပ်ကာ သေချာစွာ ကြည့်ရှုပြီးနောက် ထိုနေရာမှစ၍ တစ်တောင်ကွာ တစ်တောင်ကွာ နေရာတို့၌ ခဏခဏ ရပ်တန့်လျက် လှေကား ရောက်သည် တိုင်အောင် တရွေ့ရွေ့ တွားသွားလေ၏။

၎င်းနောက် တစ်ဖန် အိမ်ပေါ် သို့ တက်လာခဲ့ပြန်ပြီးလျှင် မောင်စံရှားသည် ဦးသန့်၏အလောင်းမှ ယိုစီး၍ကျရစ်သော သွေးကွက်ကို ရေစိုသော အဝတ်တစ်ခုနှင့် ပွတ်တိုက်၍ ပုလင်းငယ်တစ်ခုသို့လည်းကောင်း၊ လှေကားပေါ်၌ တွေ့ရှိသော သွေးကွက်ကို ထိုနည်းအတူ အနည်းငယ် ပွတ်တိုက်ယူငင်ပြီးနောက် ပုလင်းငယ်တစ်ခုသို့ လည်းကောင်း အသီးသီး ထည့်၍ ယူငင်လေ၏။

၎င်းနောက် မောင်စံရှားသည် အိမ်ပေါ်မှ ဆင်းသွားပြန်၍ မြေကြီးပေါ်၌ သေချာစွာ ကြည့်ရှုပြန်လေရာ အမှုမဖြစ်ပွားမီတစ်နေ့၌ မိုးရွာသွန်း၍ ထားသည် ဖြစ်သောကြောင့် ခြေရာတို့သည် မြေပေါ်၌ ကောင်းမွန်စွာ ထင်ရှားလျက် ရှိသည်ကို တွေ့ရလေ၏။ သို့ရာတွင် အမှုဖြစ်ပွားပြီးသည့်နောက် လူအမြောက်အမြား တက်ဆင်းသွားလာကြသည် ဖြစ်သောကြောင့် ခြေရာတို့သည် တစ်ခုပေါ်၌ တစ်ခုထပ်လျက် ရှုပ်ယှက်ခတ် ဖြစ်နေသည်ကို တွေ့ရလေ၏။ သို့ရာတွင်

မောင်စံရှားသည် စိတ်ပျက်ဟန်လက္ခဏာမရှိဘဲ ၎င်းခြေရာတို့ကို လှေကားဦးမှ ဝင်းတံခါးသို့ရောက်သည် တိုင်အောင် သေချာစွာ မှန်ဘီလူးနှင့် ကြည့်ရှုလျက် ရှိရာ နောက်ဆုံး၌ စိတ်ကျေနပ်သည့် လက္ခဏာနှင့် ကျွန်တော့်အား ခေါ်ငင်ပြီးလျှင်

**ရှား**။ ။'ကိုသိန်းမောင် ၊ ဟောသည် ခြေရာကြီး ကြည့်စမ်း၊ မြင်ရဲ့လား၊ ဟောသည်နေရာမှာ ကောင်းကောင်းကြီး ပီသတယ်၊ ဟောသည်နေရာမှာ ကောင်းကောင်းကြီး မပီသဘူး၊ ဟောဒီနေရာမှာတော့ သူ့အပေါ်ကို သည့်ပြင် ခြေရာတစ်ခုက ထပ်ပြီးနင်းသွားလို့ ခပ်ပျက်ပျက်ဖြစ်နေတယ် တွေ့ရဲ့လား'

**ကျွန်တော်**။ ။'တွေ့တယ်ဗျို့'

**ရှား**။ ။'သည်ဟာ ခင်ဗျား ဘယ့်နှယ်သဘောရသလဲ'

**ကျွန်တော်**။ ။'ခြေရာကတော့ သည့်ပြင်ခြေရာတွေထက် ကြီးတယ်၊ ဖိနပ်လည်း မပါဘူး၊ ဖိနပ်စီးလို့ရှိရင် အနည်းဆုံးနံပါတ် ၁၀ လောက်မှပဲ တော်မယ့် ခြေရာပဲ'

**ရှား**။ ။'မှန်တယ်၊ သည့်ပြင်တစ်ချက်က သူ့ခြေရာပေါ်ကို သည့်ပြင်ခြေရာတွေက ထပ်ပြီးနင်းသွားလို့ သူပျက်ရတယ်လို့သာ ရှိတယ်ဗျ၊ သည့်ပြင်ခြေရာတွေကို သူနင်းမိလို့ သည့်ပြင်ခြေရာတွေ ပျက်တယ်လို့မရှိဘူး၊ သည်ဟာ ဘာကြောင့်လဲဗျာ'

**ကျွန်တော်**။ ။(စဉ်းစားမိသဖြင့် ဝမ်းသာအားရနှင့်) 'သူကအရင်ဆုံးရောက်ပြီး သည့်ပြင်ခြေရာတွေက သူ့နောက်မှ ရောက်တယ်၊ သည်လို မဟုတ်ဘူးလား ခင်ဗျာ'

**ရှား**။ ။'တော်လာပြီဗျို့ ကိုသိန်းမောင်၊ ကိုင်း ပြီးတော့ တစ်ချက်က ကျုပ်တို့ တွေ့ရသမျှ ခြေရာကြီးတွေဟာ လက်ျာဘက်ခြေထောက်ရာချည်းပဲ တွေ့ရတယ်၊ သူနှင့်လိုက်အောင် လက်ဝဲဘက်ခြေရာကော ခင်ဗျာ၊ တွေ့ရရဲ့လား'

**ကျွန်တော်**။ ။'မတွေ့ဘူးဗျို့၊ ပျက်ကုန်လို့ ထင်ပါရဲ့ဗျာ'

**ရှား**။ ။'လက်ျာဘက် ခြေထောက်ရာတွေကိုတော့ တွေ့ရတယ်၊ လက်ဝဲဘက်ခြေထောက်ရာမှ ရွေးပြီးအားလုံးပျက်သွားတယ်၊ မဖြစ်နိုင်ဘူးဗျ၊ တစ်ခုတစ်လေတော့ ကျန်ရစ်ရဦးမယ် ၊ ဟောသည်မှာ ကြည့်စမ်း၊ သည်ဟာ လက်ျာဘက်၏ အလယ်ဗဟိုမှာ ရှိတော့ လက်ဝဲဘက်ခြေထောက် ချတဲ့ နေရာနှင့်တူတယ်၊ ကြည့်စမ်းဗျို့ သေသေချာချာ'

**ကျွန်တော်**။ ။'သည်ဟာက လူခြေထောက်ရာနှင့် မတူပါကလားဗျာ၊ ဝိုင်းတိုင်းတိုင်းနှင့် ဘာကောင်က ခြေထောက်ရာများလဲဗျာ'

**ရှား**။ ။'ဘာကောင်က ခြေရာမှ မဟုတ်ဘူး၊ လက်ျာဘက်ခြေရာကြီးက နှစ်ခု၏ အလယ်မှာချည်း ရှိလေတော့ ခြေရာကြီးနှစ်ဖက်ပဲလို့ ဆိုရမယ်၊ သည်နေရာမှာတော့ ကောင်းကောင်းကြီးထင်ရှားတယ်၊ ဟောဒီမှာ မထင်ရှားဘူး၊ တစ်ပိုင်းသာ ပေါ်တယ်၊ ဟောဒီမှာလဲ တစ်ဝက်သာ ပေါ်တယ်၊ သို့သော် ပေါ်တိုင်းပေါ်တိုင်း အလယ်မှာချည်း ရှိလေတော့ လူတစ်ယောက်တည်း၏ ခြေရာဖြစ်တယ်လို့မယူသင့်ဘူးလားဗျာ'

**ကျွန်တော်**။ ။'ဩော် ဟုတ်ပြီဗျို့၊ တစ်ဖက်ကတော့ ခြေထောက်အကောင်း၊ တစ်ဖက်ကတော့ သစ်သားခြေထောက် တပ်ထားတယ်ဗျို့'

**ရှား**။ ။'အစစ်ပဲ ကိုသိန်းမောင်၊ သည်အချက် တော်တော် အရေးကြီးတယ်ဗျ၊ ကိုင်း ကိုင်း အိမ်ပေါ်ကို တက်ပြီး ကြည့်ကြဦးစို့ဗျာ'

၎င်းနောက် မောင်စံရှားသည် အိမ်ပေါ် သို့ တစ်ဖန်တက်သွားပြန်၍ တံခါးများကို လည်းကောင်း၊ နံရံများကို လည်းကောင်း၊ တိုင်ကပ်မီးအိမ်ကို လည်းကောင်း သေချာစွာ ကြည့်ရှုပြန်လေရာ နောက်ဆုံး၌ အိမ်၏မိကျောင်းတန်း၌ မီးအိမ်ချိတ်ရန် တပ်ဆင်၍ထားသော သံချိတ်တစ်ခုကို တွေ့ရှိရလေ၏။ ထိုအခါ၌ကား မီးအိမ်တပ်ဆက်လျက် မရှိချေ။ မောင်စံရှားသည် ၎င်းသံချိပ်ကို သေချာစွာ ကိုင်တွယ်ကြည့်ရှု၍ တစ်စုံတစ်ခုကို တွေ့ရှိသဖြင့် လက်ဖြင့် ယူငင်ကာ စက္ကူဖြင့် ထုပ်ပြီးလျှင် အိတ်တွင်းသို့ ထည့်ထားလိုက်လေ၏။ ၎င်းနောက် သံချိပ်ကို မိမိအရပ်ဖြင့် တိုင်းတာလျက်ရှိရာ သံချိပ်ရှိသောနေရာမှာ မောင်စံရှား၏ အရပ်ထက် လက်တစ်အုပ်ခန့်မျှ မြင့်လျက် ရှိလေ၏။ ဥာနာအုပ်မှာမူ မောင်စံရှား၏ အကြောင်းကို

ကြားဖူးသော်လည်း ၎င်း၏စုံထောက်ပုံ နည်းနာနိဿျကို နားမလည်နိုင်သည်ဖြစ်၍ ခပ်ပြုံးပြုံးမျက်နှာထားနှင့် ကြည့်လျက်ရှိလေ၏။ ယင်းကဲ့သို့ စေ့စပ်သေချာစွာ ကြည့်ရှု၍ ပြီးလတ်သော် မောင်စံရှားက

**ရှား**။ ။'ကိုင်း၊ တော်လောက်ပါပြီဗျာ၊ ဌာနာကို ပြန်ကြပါစို့၊ သြော် နေဦး မောင်သက်ထွန်းဆိုတဲ့ သူငယ်ကို ခဏလောက် တွေ့ပါရစေလားဗျာ'

**အုပ်**။ ။'တွေ့နိုင်ပါတယ် ဆရာ'

ဌာနာသို့ရောက်သောအခါတရားခံ၏လူပုံပန်းကို သာလျှင် သေချာစွာစိုက်ကြည့်၍ စကားများစွာ မပြောဘဲ ၎င်း၏ လက်မောင်းမှ သွေးအနည်းငယ် ရလိုကြောင်းနှင့် ပြောဆိုပြီးလျှင် မောင်းချအားငယ်နှင့် အနည်းငယ် လက်မောင်းကို ခြစ်ဖောက်ပြီးနောက် အဝတ်ဖြင့် သုတ်ယူ၍ ယခင်က သွေးများနည်းတူ ပုလင်းတစ်ခု၌ ထည့်ထားပြန်လေ၏။ ၎င်းနောက် ပုလင်းများ၌ 'မောင်သက်ထွန်းသွေး'၊ 'ဦးသန့်၏သွေး'၊ 'လှေကားပေါ်မှ တွေ့သောသွေး' အစရှိသည်ဖြင့် စာဖြင့် ရေးသား၍ ပုလင်းအသီးသီးတို့၌ ကပ်ထားလိုက်လေ၏။ ထိုအခြင်းအရာကို မြင်သဖြင့် ဌာနာအုပ်က

**အုပ်**။ ။'လူတစ်ယောက်သွေးနှင့် တစ်ယောက်သွေးဟာ အတူတူချည်းပဲ မဟုတ်ဘူးလား ဆရာ၊ တိရစ္ဆာန်သွေးနှင့် လူသွေး ခြားနားကြောင်းကိုတော့ ကြားဖူးပါရဲ့၊ လူအချင်းချင်း ခြားနားတယ်လို့တော့ မကြားဖူးသေးပါဘူး ဆရာ'

**ရှား**။ ။'မှန်ပါတယ် သာမည သွေးဆိုလျှင်တော့ ခြားနားပြီးပြောနိုင်ဖို့ ခဲယဉ်းပါတယ်၊ သို့သော် တစ်ခါတစ်ရံတော့လည်း ခွဲခြားပြီးပြောနိုင်တာကိုးဗျ၊ သို့သော်လည်း ကံစွန့်ကံစား ဆိုတာလို့ပဲဗျာ၊ မထူးခြားသည် ဖြစ်စေ၊ ထူးခြားသည် ဖြစ်စေ၊ အမှုကတော့ ထင်ရှားသလောက် ထင်ရှားနေပါပြီ'

**အုပ်**။ ။'ဟုတ်ပါတယ် ဆရာ၊ မောင်သက်ထွန်း သတ်ကြောင်းတော့ ထင်ရှားပြီးသား ပါပဲ'

ဟု ပြောသောအခါ မောင်စံရှားသည် မိမိ၏ ထင်မြင်ချက်ကို အလွယ်တကူ ထုတ်ဖော်၍ ပြောလွယ်လှသော ဌာနာအုပ် ကလေးအား မည်သို့မျှ ပြန်၍ မပြောဘဲ ပြုံးရယ်ကာသာလျှင် ရှိနေလေလျှင် ကျွန်တော်မှာ မောင်စံရှား၏ သဘောကို သိရှိပြီးဖြစ်၍ မောင်သက်ထွန်းအတွက် မျှော်လင့်ခြင်း ရှိသေးသည်ဟု မှတ်ထင်မိလေ၏။

အမှန်ကို ဆိုရမည်ဖြစ်လျှင် ကျွန်တော်သည် တရားခံမောင်သက်ထွန်းကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မည်မျှပင် စိတ်ခက်ထန်သော သူတစ်ယောက် ဖြစ်စေကာမူ ရိုးသားဖြောင့်မတ်ကြောင်း၊ စိတ်နှလုံးမြင့်မြတ်ကြောင်းကို ကျွန်တော်၏ စိတ်၌ ကောင်းကောင်းကြီး သဘောကျပြီး ဖြစ်သောကြောင့် လွတ်မြောက်ပါစေဟု စိတ်ထဲ၌ ဆုတောင်းမေတ္တာပို့လျက် ရှိခဲ့မိလေ၏။

ဌာနာမှ ထွက်လာခဲ့ကြပြီးနောက် မောင်စံရှားသည် ကျွန်တော့်အား ကိစ္စတစ်ခု ရှိသေးကြောင်းနှင့် ပြောဆို၍ မကြာမီအတွင်းတွင် ပြန်လာခဲ့ရန် အာမခံပြီးလျှင် လမ်းခွဲ၍ သွားလေရာ ကျွန်တော်မှာ ဦးဘခင်၏နေအိမ်သို့ သွားရောက် စောင့်ဆိုင်းလျက် ရှိလေ၏။ ဦးဘခင်နှင့် မသောင်းမြတို့ကလည်း မည်သို့ရှိပါသနည်းဟု စိတ်အားထက်သန်သော အမူအရာနှင့် မေးမြန်းကြလေရာ ကျွန်တော်က မောင်စံရှားသည် အမှုတစ်စုံတစ်ရာ ဆောင်ရွက်၍ မပြီးစီးသေးမီ ၎င်း၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုရန် ဝါသနာ မရှိသဖြင့် မည်သို့မျှ မပြောသေးသော်လည်း တရားခံအတွက်မှာ မျှော်လင့်ရန်ရှိသည်ဟု ကျွန်တော်ထင်မြင်ကြောင်းနှင့် သာလျှင် ပြန်ပြော၍အားပေးရလေ၏။ ထိုညဉ့် ၆ နာရီအချိန်ခန့်တွင် မောင်စံရှားသည် ဦးဘခင်၏ အိမ်သို့ ရောက်လာခဲ့ရာ

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲဗျ၊ ဆေးရုံက လာခဲ့တာ မဟုတ်လား'

**ရှား**။ ။'ဟုတ်ပါတယ်'

**ကျွန်တော်**။ ။'သွေးသုံးမျိုးကို ဓာတုဗေဒနည်းနှင့် ခွဲပြီးကြည့်တော့ ဘယ့်နှယ် ထူးခြားသလဲ'

**ရှား**။ ။'ကိုသိန်းမောင် အခုတလော အပုံကြီး တိုးလာပြီဗျို့၊ ထူးခြားပါတယ်'

**ကျွန်တော်**။ ။'လှေကားပေါ်က သွေးဟာ ဘယ်သူ့သွေးလဲဗျ၊ မောင်သက်ထွန်းရဲ့ သွေးလား၊ ဦးသန့်သွေးလား'

**ရှား**။ ။'မဟုတ်သေးဘူး၊ တွေးဦးဗျာ'

**ကျွန်တော်**။ ။'သစ်သားခြေထောက်တစ်ဖက် တပ်ထားတဲ့ လူရဲ့ သွေးလား'

**ရှား**။ ။'အစစ်ပဲ၊ ကိုယ့်လူက တော်တယ်ဆိုလေ တော်လေပါလားဗျ'

ထိုအခါ ကျွန်တော့်မှာ ဆရာ၏ ချီးမွမ်းခြင်းကို ခံရသော တပည့်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင် နောက်ထပ်၍ မေးမြန်းပြောဆို တွေးတောခြင်း ပြုခဲ့ပါမူ အပြစ်တင်ဖွယ် အကြောင်းများပေါ်ပေါက်၍ လာမည်ကို စိုးသောကြောင့် ငြိမ်ဝပ်စွာနှင့် အိပ်ရာသို့ ဝင်ခဲ့လေ၏။

နောက်တစ်နေ့ နံနက်စောစော၌ ဌာနာအုပ်သည် ထိုနေ့က မောင်စံရှား၏ မျက်နှာထားကို စဉ်းစားမိသည့် လက္ခဏာနှင့် အိမ်သို့ ရောက်လာခဲ့၍

**အုပ်**။ ။'ပြောစမ်းပါဦးဆရာ၊ ဆရာ့မျက်နှာထား ကြည့်ရတာ တစ်ခုခု တွေ့ထားတဲ့ လက္ခဏာ ရှိပါတယ်၊ သိတန်ရင်လဲ သိပါရစေ ဆရာ'

**ရှား**။ ။'ကျုပ်လဲ သေသေချာချာကြီးတော့ စုံစမ်းလို့ မရသေးဘူးဗျ၊ သို့သော် ကျုပ်သိသလောက် ပြောပြရမှာဖြင့် ကုလားလူမျိုး လက်ဝဲဘက် ခြေထောက်မှာ ဆင်ခြေထောက်ရောဂါစွဲပြီး၊ ခြေသလုံးကြီးတုတ်တုတ်နှင့် တွေ့လို့ရှိရင် ဝေးဝေး မသွားစေနှင့်နော်၊ နဖူးအထက်နားက ခေါင်းပေါ်မှာလဲ ဒဏ်ရာတစ်ခု တွေ့လိမ့်မယ်၊ သည်ကုလား တွေ့ခဲ့လို့ရှိရင် ဖမ်းပြီးချုပ်ထားရင်လဲ မလွန်နိုင်ဘူး ထင်တယ်' ဟု ပြောသောအခါ ဌာနာအုပ်နှင့်တကွ ကျွန်တော်တို့မှာ များစွာ အံ့အားသင့်လျက် ရှိနေကြလေ၏။ ဌာနာအုပ်မှာမူ များစွာအံ့သြဟန် လက္ခဏာရှိသော်လည်း မောင်စံရှားတွေးတောချက်မှာ လွန်လွန်းလှသည်ဟု အောက်မေ့သည့် လက္ခဏာဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ပင် ဌာနာသို့ ပြန်သွားလေ၏။

ထိုနေ့၌ အမှုကို မြို့ပိုင်ရုံး၌ စစ်ဆေး၍ စက်ရှင်ရုံးသို့ ပို့သင့် မပို့သင့် ဆုံးဖြတ်မည် ဖြစ်လေရာ ကျွန်တော်နှင့် မောင်စံရှားတို့သည် ရုံးခန်းသို့ ဝင်မိကြလေလျှင် မြို့ပိုင်သည် ဤအမှုနှင့် ပတ်သက်၍ စုံထောက်ကြီး ဦးစံရှားကိုယ်တိုင် လာရောက်နားထောင်လျက် ရှိကြောင်း သတင်းကြားပြီး ဖြစ်သဖြင့် ကျွန်တော်တို့အား ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးလေ၏။ နားထောင်လာသူ ပရိတ်သတ်တို့အနက် ဦးဘခင်နှင့် မသောင်းမြတို့လည်း ပါရှိကြလေရာ ၎င်းတို့သည် မောင်စံရှား၏ မျက်နှာထားကို မြင်သဖြင့် များစွာ အားတက်လျက် ရှိကြလေ၏။ တရားခံ မောင်သက်ထွန်းကိုလည်း နှောင်အိမ်တွင်းသို့ သွတ်သွင်းလျက် ရှိရာ ဆရာဝန်မှာလည်း မကြာမီ ရောက်လာခဲ့၏။

ရှေးဦးစွာ အစေခံဦးထော်ကို စစ်ဆေးရာ ဦးထော်က မောင်သက်ထွန်းသည် ဦးသန့် သေဆုံးမည့် ညနေက အိမ်သို့ လာရောက်ပြီးလျှင် ဦးသန့်နှင့် တစ်ယောက်နှင့်တစ်ယောက် အခြေအတင် အချင်းများလျက် ရှိကြသည်ကို ကြားရကြောင်းနှင့် အစစ်ခံလေ၏။ ၎င်းနောက် ဆရာဝန်ကြီးကို စစ်ဆေးပြန်ရာ ဆရာဝန်ကြီးက သေလွန်သူ ဦးသန့်မှာ လည်ပင်းတွင် သင်တုံးဓားဒဏ်ရာနှင့် သေဆုံးခြင်း မှန်ကြောင်းကို အစစ်ခံလေ၏။ မည်သည့်အချိန်၌ သေဆုံးကြောင်းကို မောင်စံရှားက မေးမြန်းသောအခါ အလောင်း၏ အခြေအနေကို ထောက်ခြင်းအားဖြင့် သန်းခေါင်နီးနီးဖြစ်စေ၊ သန်းခေါင်ကျော်ကျော်လောက် ဖြစ်စေ သေဆုံးခြင်း ဖြစ်နိုင်ကြောင်းနှင့် ထွက်ဆိုလေ၏။

ထိုအခါ တရားသူကြီးသည် ထိုင်၍ မောင်စံရှားဘက်သို့ လှည့်ပြီးလျှင် နိုင်ငံကျော် စုံထောက်ကြီး ဦးစံရှားသည် ဤအမှု၌ လာရောက်စုံစမ်းလျက် ရှိသည်ဟု ကြားသိရ၍ ဟုတ်မှန်သည့်အတိုင်း ဖြစ်လိမ့်မည်ဟူ၍ မျှော်လင့်ရသည့်အတွက် များစွာ ဝမ်းမြောက်ကြောင်း၊ ဦးစံရှားမှာ ဤအမှု၌ သက်သေအဖြစ်နှင့် အစစ်ခံရန် ဆင့်ခေါ်ခြင်း မပြုသော်လည်း အမှုနှင့် ပတ်သက်၍ ထင်မြင်ချက် ပေးလိုသည်ဖြစ်က ဝမ်းမြောက်ဝမ်းသာ နားထောင်မည် ဖြစ်ပါကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်စံရှားက ၎င်းအမှုနှင့် ပတ်သက်၍ ထင်မြင်ချက် ပေးလိုပါကြောင်းနှင့် ပြောဆိုသည်တွင် တရားသူကြီးသည် မောင်စံရှားအား ကျမ်းရွက်စေ၍ သက်သေခန်းသို့ သွင်းလေ၏။

ထိုအခါ မောင်စံရှားက ၎င်းအမှု၌ သွေးစက်များသည် အရေးကြီးသော အချက်တစ်ခုဖြစ်ကြောင်းကို အများပင် ဝန်ခံ ကြရမည် ဖြစ်သည့်အတိုင်း မိမိသည် အခန်းတွင်း၌ တွေ့ရှိသော သွေးစက်များနှင့် လှေကား ၊ ခွေးကတက် စသည်တို့တွင် တွေ့ရှိသော သွေးစက်တို့၏ နမူနာကို ယူပြီးလျှင် ဆေးရုံဆရာဝန်ကြီးထံ ဓာတ်ဖြင့် ခွဲစိတ်ကြည့်ရှုရန် တင်ပို့ခဲ့ကြောင်း၊ သို့ဖြစ်၍ ဤ ဆရာဝန်၏ ထွက်ဆိုချက်ကို ကြားမိကြရန် ဆရာဝန်ကြီးအား စစ်ဆေး ကြည့်ရှုသင့်ကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ တရားသူကြီးသည် မောင်စံရှားပြောဆိုသည့်အတိုင်း ဆရာဝန်အား သက်သေခန်းသို့ ဝင်စေပြီးလျှင် ကျမ်းတိုက်စေပြီးနောက်

**ရှား**။ ။'သွေးကိုကြည့်ခြင်းအားဖြင့် မည်သူ၏ သွေးဖြစ်သည်ကို ပြောနိုင်ပါသလား'

**ဝန်**။ ။'မပြောနိုင်ပါ၊ လူတစ်ဦး၏ သွေးသည် အခြားတစ်ဦး၏ သွေးနှင့် အတူတူပင် ဖြစ်ပါသည်'

**ရှား**။ ။'ရောဂါရှိသော လူတစ်ယောက်၏ သွေးနှင့် ကျန်းမာသော လူတစ်ယောက်၏ သွေးသည် တူညီပါသလား'

**ဝန်**။ ။'မတူညီပါ၊ ရောဂါရှိသူ၏ သွေးသည် ရောဂါနှင့်ဆိုင်ရာ ပိုးကလေးများ ပါရှိတတ်ပါသည်'

**ရှား**။ ။'ကျွန်တော်သည် ဆရာဝန်အား သွေးနမူနာ သုံးမျိုးကို ဓာတ်ခွဲ၍ ကြည့်ရန် ပေးအပ်ပါသလား'

**ဝန်**။ ။'ပေးအပ်ပါသည်'

**ရှား**။ ။'၎င်းသုံးမျိုးသည် တူညီပါသလား၊ ခြားနားခြင်း ရှိပါသလား'

**ဝန်**။ ။'မတူညီပါ၊ နှစ်မျိုးမှာ ကျန်းမာသောသူ၏ သွေးဖြစ်ပါသည်၊ တစ်မျိုးမှာ ပိုးများပါပါသည်'

**ရှား**။ ။'မည်သည့်ပိုးမျိုး ပါပါသနည်း'

**ဝန်**။ ။'ဆင်ခြေထောက်ရောဂါ စွဲကပ်သူ တစ်ယောက်၏ ပိုးများ ပါပါသည်'

၎င်းနောက် မောင်စံရှားသည် ဆရာဝန်အား စစ်ဆေးခြင်းမှာ လုံလောက်ပြီဟူ၍ ပြောဆိုပြီးလျှင် မိမိကိုယ်တိုင် သက်သေခန်းသို့ တစ်ဖန် ဝင်ပြီးနောက် ၎င်းအမှု၌ ကုလားလူမျိုး အရပ်မြင့်မြင့်၊ ဆံပင်ကောက်ကောက်၊ နဖူးမှာ ဒဏ်ရာတစ်ခု ရှိ၍ လက်ဝဲဘက်ခြေသလုံးကြီးကြီး၊ သစ်သားခြေထောက် တပ်ထားသူ တစ်ယောက်သည် မောင်သက်ထွန်း ထက်ပင် အရေးကြီးသော တရားခံဖြစ်ကြောင်းနှင့် ထွက်ဆိုလေ၏။ ထိုအခါ

**တရားသူကြီး**။ ။'ကျွန်တော်တို့ နားလည်အောင် ရှင်းလင်း၍ ပြောပြပါ'

**ရှား**။ ။'ကျွန်တော်သည် အခန်းတွင်း၌ တွေ့ရသော ဦးသန့်၏သွေး၊ ခွေးကတက်နှင့် လှေကားပေါ်မှာ တွေ့ရသော သွေး၊ ထို့ပြင် မောင်သက်ထွန်း၏ သွေး၊ သွေးနမူနာ သုံးခုကို ယူ၍ ဆရာဝန်အား ပြသရာ လှေကားနှင့် ခွေးကတက်ပေါ်မှာ တွေ့ရသောသွေးမှာ ဆင်ခြေထောက်ရောဂါ စွဲကပ်သူတစ်ယောက်၏ သွေးဖြစ်ကြောင်းကို ဆရာဝန်က ထွက်ဆိုပါသည်၊ ထို့ကြောင့် ထိုညက မောင်သက်ထွန်းအပြင် အခြားလူ တစ်ယောက်လည်း ထိုအိမ်သို့ လာရောက်ကြောင်းကို ကျွန်တော်သိရှိရပါသည်၊ ခြေရာများကို သေချာစွာ ကြည့်ရှုသောအခါ၌လည်း သစ်သားခြေထောက်တစ်ဖက်ကို တွေ့ရပါသည်၊ ဆရာဝန်က ဆင်ခြေထောက်ရောဂါ စွဲကပ်သူ၏ သွေးဖြစ်ကြောင်းကို ထွက်ဆိုသည့်အခါ သစ်သား ခြေထောက် တပ်ထားသော သူသည် ထိုသူပင် ဖြစ်ရမည်ဟု တွေးတောရန်ရှိပါသည်၊ ဆင်ခြေထောက်ရောဂါ ဆိုသည်မှာ ခြေသလုံး တစ်ဖက်သည် ရှုမြင်၍ မကောင်းလောက်အောင် ကြီး၍ နေသော ရောဂါဖြစ်၍ ကုလားလူမျိုးများ၌ စွဲကပ်တတ်သော ရောဂါဖြစ်ပါသည်'

**တရားသူကြီး**။ ။'အရပ်မြင့်ကြောင်းကို အဘယ့်ကြောင့် သိနိုင်ပါသနည်း'

**ရှား**။ ။'အခန်းတွင်းရှိ တစ်ခုသော နေရာ၌ ချိတ်ရန်တပ်ဆင်၍ ထားသော သံကောက်တစ်ခု ရှိပါသည်၊ ၎င်း သံကောက်သည် ကြမ်းမှ ခြောက်ပေခန့် မြင့်ပါသည်၊ ၎င်းသံကောက်၌ ဆံပင်ကောက်ကောက် သုံးပင်လေးပင် ကပ်လျက်ရှိနေသည်ကို တွေ့ရပါသည်၊ သို့ဖြစ်၍ တစ်စုံတစ်ယောက်သောသူသည် ပျာယီးပျာယာနှင့် ထွက်လာသော အခါ သံကောက်ကို ဦးခေါင်းနှင့် တိုက်မိပါသည်၊ ခြောက်ပေခန့်မြင့်သော သံကောက်ကို ဦးခေါင်းနှင့် တိုက်မိသောသူမှာ အရပ်မြင့်သော သူတစ်ယောက် ဖြစ်ရပါမည်'

**တရားသူကြီး**။ ။'ဦးခေါင်းမှာ ဒဏ်ရာတစ်ခု ရှိသည်ဟု ဆိုခြင်းမှာ ၎င်း ဒဏ်ရာကို ဆိုပါသလား'

**ရှား**။ ။'မှန်ပါသည်'

ထိုခဏ၌ ရုံးခန်းအတွင်း၌ အုပ်အုပ်ကျက်ကျက် ဖြစ်သွားသဖြင့် ကျွန်တော်သည် မည်သို့သော အကြောင်းကြောင့်ပေနည်းဟု လှည့်၍ ကြည့်လိုက်ရာ အရပ်အလွန်မြင့်မားသော ပထန်ကုလားကြီး တစ်ယောက်သည် အခန်းတွင်းသို့ တဖြည်းဖြည်း ဝင်လာသည်ကို တွေ့မြင်ရလေ၏။ ထိုသူ၏ လက်ဝဲခြေသလုံးကြီးသည်ကား ဆင်၏ ခြေထောက် ကဲ့သို့ပင် ကြီးမားလျက် ရှိသည်ကို တွေ့ရလေ၏။

ရုံးအတွင်း၌ ရှိသော ပရိသတ်များနှင့်တကွ တရားသူကြီးတို့လည်း ကုလားကြီးအား အံ့သြစွာ ကြည့်နေကြရာ ပုလိပ်အရာရှိ နှစ်ယောက်တို့မှာမူ ကုလားကြီး၏ အနီးသို့ ချဉ်းကပ်ကြလေ၏။ ထိုအခါ ကုလားကြီးက 'ကျွန်ုပ် ထွက်မပြေးပါဘူး၊ မှန်မှန်ပြောဖို့ ကျွန်ုပ် လာပါတယ်' ဟု ပြောသောအခါ တရားသူကြီးက ပြောပြရန် အခွင့်ပြုသည်တွင် ကုလားကြီးက ဤအမှု၌ အပြစ်မရှိသော သူတစ်ယောက်ကို ဖမ်းဆီး၍ ထားသည်ဟု ကြားသိရ၍ လာရောက် အစစ်ခံရခြင်း ဖြစ်ကြောင်း၊ ထိုညက မိမိသည် သန်းခေါင်ရထားကို စီးရန် ဘူတာရုံသို့ သွားသောအခါ မိုးကလေးတဖွဲဖွဲ ရွာလျက် ရှိကြောင်း၊ အခြားသော အိမ်များမှာ တံခါးများပိတ်လျက် ဆိတ်ငြိမ်စွာ ရှိနေကြရာ၊ ထိုအိမ်တစ်အိမ်တည်းသာလျှင် မီးလင်းလျက် ရှိသည်ကို တွေ့ရကြောင်း၊ အိမ်ရှေ့သို့ ရောက်သောအခါ လေးလံသောအရာဝတ္ထုတစ်ခုသည် ကြမ်းပေါ် သို့ ရုတ်တရက် လဲကျသည့် အသံကို ကြားရသဖြင့် အံ့သြစွာနှင့် နားထောင်လျက်ရှိစဉ် လူတစ်ယောက်၏ ညည်းညူသံကို ကြားရကြောင်း၊ ထိုအခါ မိမိက ကယ်ဆယ်ရန်လိုက ကယ်ဆယ်လိုသည် ဖြစ်၍ လှေကားမှတက်ပြီးလျှင် ဖွင့်ထားသော တံခါးမှ အိမ်တွင်းသို့ ဝင်သွားကြောင်း၊ အခန်းတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဓားဒဏ်ရာနှင့် အခန်းတွင်လဲလျက် အသက်ကုန်နေသော လူတစ်ယောက်၏ အလောင်းကို တွေ့မြင်ရသောအခါ အကယ်၍ အခြားသူတို့က မိမိအား ထိုအိမ်ပေါ်၌ တွေ့မြင်၍ သွားခဲ့လျှင် မိမိသတ်သည်ဟု ထင်မှတ်မည်ကို ရုတ်တရက် စိုးရိမ်ကြောက်ရွံ့သည် ဖြစ်သောကြောင့် အိမ်ပေါ်မှ ပျာယီးပျာယာ ဆင်းလာခဲ့ရကြောင်းနှင့် ပြောဆိုသည်တွင် မောင်စံရှားက

**ရှား**။ ။'ဦးခေါင်းနှင့် ဘာနှင့် တိုက်မိသလဲ'

**ကုလားကြီး**။ ။(ဒဏ်ရာကို လက်ညှိုးညွှန်လျက်) 'ဘာနှင့် တိုက်မိတယ် မသိဘူး၊ အားကြီး နာသွားတယ်'

၎င်းနောက် မောင်စံရှားက ၎င်းအမှု၌ လက်သယ်သည် မောင်သက်ထွန်းမဟုတ်နိုင်၊ ဦးသန့်သည် မိမိ၏ ပစ္စည်းများ ဆုံးရှုံးသည့်အတွက် စိတ်ညစ်ညူးသည်ဖြစ်ရာ မိမိ၏ကိုယ်ကိုမိမိ ဓားနှင့် ထိုး၍ သတ်ကြောင်း ထင်ရှားသည်ဟု ပြောဆိုသည့်အခါ တရားသူကြီးလည်း ကောင်းစွာ ကျေနပ်သည့်အတိုင်း တရားခံကို လွှတ်လိုက်ရာ မောင်သက်ထွန်းနှင့် မသောင်းမြ၊ သမီးရည်းစား နှစ်ယောက်တို့မှာ မောင်စံရှား၏ လက်ကို တစ်ယောက်တစ်ဖက်စီ ကိုင်လျက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ပြောကြားကြလေသတည်း။

**ပြီးပါပြီ**။

× × × × × ×

## ၁၉။ အိန္ဒိယပြည်၊ မိုက်စိုးနယ်၊ မဟာရာဇာစော်ဘွား၏နန်းတွင်းပတ္တမြားပျောက်ဆုံးမှု၌ မောင်စံရှားစုံထောက်ပုံ

အလွန်တရာ ပူအိုက်လှသော ညတစ်ည၌ ကျွန်တော်နှင့် ကျွန်တော်၏ မိတ်ဆွေမောင်စံရှားတို့သည် ညဉ့်နက်သော်လည်း အိပ်ရာသို့ မဝင်နိုင်သေးဘဲ အိမ်ရှေ့ဝရန်တာသို့ ထွက်ပြီးလျှင် ပန်ကာကိုဖွင့်လျက် လေညင်းခံလျက် ရှိနေစဉ် တယ်လီဖုန်းနှိုးစက်သံကြားသဖြင့် ကျွန်တော်သည် သွားရောက်နားထောင်သည်တွင် စုံထောက်အင်စပိတ်တော် မောင်အုန်းဖေက အရေးကြီးသော ကိစ္စတစ်ခု တိုင်ပင်ရန် ရှိသည်ဖြစ်၍ ပန်းပဲတန်းဌာနသို့ ချက်ချင်းလာရောက်ကြရန် တောင်းပန်ခြင်းဖြစ်ကြောင်းကို သိရှိရလေ၏။ ထိုအကြောင်းကို ကျွန်တော်သည် မောင်စံရှားအား ပြောပြရာ မောင်စံရှားက မအိပ်နိုင်သေးသည့်အတူတူ ၎င်းနှင့်လိုက်ခဲ့ရန်ခေါ်ငင်သဖြင့် ကျွန်တော်တို့သည် လန်ခြားကလေးတစ်စီးနှင့် ဌာနသို့ သွားရောက်ကြလေ၏။

ဌာနသို့ ရောက်ကြလျှင် အင်စပိတ်တော် မောင်အုန်းဖေနှင့် ဌာနအုပ်တို့သည် ပုလိပ်သား တစ်ယောက်နှင့် စားပွဲတစ်ခုအနီးတွင် တိုင်ပင်ပြောဆိုလျက် ရှိကြရာ မောင်အုန်းဖေသည် ကျွန်တော်တို့ ဝင်လာသည်ကို မြင်လိုက်သည်နှင့်

**ဖေ။** ။'ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာတို့ အိပ်ကုန်ကြပြီလားလို့ စမ်းပြီးခေါ်ကြည့်လိုက်တာ မအိပ်ကြသေးပဲကိုး၊ ထိုင်ကြပါ ဆရာ'

**ရှား။** ။'ဘာကိစ္စများလဲဗျာ'

**ဖေ။** ။'ကိစ္စကတော့ တယ်ကြီး အရေးကြီးလှတယ်လို့ မဟုတ်ပါဘူး ဆရာ၊ သို့သော် ဆရာက မြအမျိုးမျိုး မြင်ဖူးကြောင်း၊ ယခုခေတ်အခါမှာ စိန်တွေ ဘယ်လိုပင် ပေါသော်လည်း မြကောင်း၊ ကျောက်နီကောင်းများ ရှားပါးကြောင်း ကို တစ်နေ့က စကားစပ်မိလို့ ပြောလေတော့ ဟောဒီမှာ ကျောက်တစ်လုံး တွေ့ထားတာ၊ မြ စစ်လား မစစ်လား ပြကြည့်ချင်လို့ပါ ဆရာ' ဟုပြော၍ မောင်အုန်းဖေသည် စားပွဲပေါ်ရှိ မင်နှိပ်စက္ကူပေါ်တွင် တင်ထားသော အလွန်တရာ စိမ်းလှသည့် ကျောက်တစ်လုံးကို ယူပြီးလျှင် မောင်စံရှားအား ပြလေ၏။

မောင်စံရှားသည် ကျောက်ကိုယူ၍ အင်္ကျီလက်မောင်းဖြင့် ပွတ်ပြီးနောက် မီးရောင်တွင် ထောင်၍ လည်းကောင်း၊ စောင်း၍ လည်းကောင်း၊ မျက်စိတစ်ဖက်ကို မှိတ်ကာ အမျိုးမျိုး ထား၍ ကြည့်ပြီးနောက် ပေတံတစ်ခုကို တောင်းယူပြီးလျှင် တိုင်းထွာကြည့်ရာ အလျား လက်မတစ်ဝက်ခန့်၊ အနံလက်မ သုံးမူး၊ ထု တစ်မူးခန့် ရှိကြောင်းကို တွေ့ရှိရလေ၏။ ယင်းကဲ့သို့ တွေ့ရှိရသည်နှင့် တစ်ပြိုင်နက် မောင်စံရှားမှာ ရုတ်တရက် အတန်ငယ် တုန်လှုပ်သော အမူအရာ ရှိလေရာ

**ဖေ။** ။'ဘယ့်နှယ်လဲ ဆရာ၊ မြအတု မဟုတ်လား၊ မြ စစ်ရင် သည်လောက်တောင် ကြီးနိုင်မယ် မထင်ပါဘူး ဆရာ'

**ရှား။** ။'စစ်တယ် မစစ်တယ်၊ ဟောသည်မှာသာ ကြည့်စမ်းပါဦးဗျာ' ဟု ပြော၍ မောင်စံရှားသည် မိမိအင်္ကျီအိတ်မှ အင်္ဂလိပ် သတင်းစာ ဖြတ်ပိုင်းကလေးတစ်ခုကို ထုတ်၍ ကျွန်တော်တို့အား ပြရာ မြန်မာလို အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏

**အိန္ဒိယပြည်၊ မိုက်စိုးနယ်၊ မဟာရာဇာ စော်ဘွားကြီးမှာ နန်းတွင်းပတ္တမြား အမြောက်အမြား ရှိသည့်အနက်မှ အဖိုးအတန်ဆုံးဖြစ်၍ မိဖုရားကြီး နားကပ်လုပ်ရန် အတွက် မကြာမီက ဝယ်ယူထားသော မြကြီးနှစ်လုံးသည် မည်သည့်နည်းနှင့် ပျောက်ဆုံးသည် မသိ၊ ပျောက်ဆုံး၍ သွားကြောင်း၊ မြနှစ်လုံးမှာ အလွန်တရာ အရွယ်ညီ အရောညီ ဖြစ်၍ တစ်လုံးလျှင် အဘိုးငွေ ၅၀၀၀၀ိ မျှ ထိုက်တန်လေရာ နှစ်လုံးအတွက်ကိုမူ ၁၀၀၀၀၀ိ နှင့် ဝယ်ယူထားရှိကြောင်း။**

**၎င်းတို့၏ အရွယ်မှာ အလျား လက်မ တစ်ဝက်၊ အနံ သုံးမူး၊ ထု တစ်မူးခန့်ရှိရာ ၎င်းတို့ကို ပြန်လည်ရရှိအောင် သတင်းပေးနိုင်သူအား မဟာရာဇာ စော်ဘွားကြီးက ထိုက်တန်သော ဆုငွေကို ချီးမြှင့် ပေးသနားတော်မူလိမ့်မည် ဖြစ်ကြောင်း။**

**ဖေ။** ။'ဟိုက် ၊ ကျွန်တော်တို့ လူတော့ ကော်ပြီကော ဆရာ'

**ရှား။** ။'သည်ဟာကို ဘယ်သူတွေ တွေ့သလဲ'

**ဖေ။** ။'ဟောဒီက ပုလိပ်သား မောင်ချစ်က ပတ်တရောင်လှည့်သွားရင်း တွေ့ခဲ့သတဲ့ ဆရာ'

**ရှား။** ။'ဘယ်အနားက တွေ့ခဲ့သလဲဟေ့'

**ချစ်။** ။'ကုန်သည်လမ်းနှင့် လမ်း ၄၀ ထောင့်နားဆီက တွေ့ခဲ့တယ် ဆရာ'

**ရှား။** ။'ဘယ်ပုံတွေ့သလဲ'

**ချစ်။** ။'ကျွန်တော် ပတ်တရောင်လှည့်လို့ အပြန် ...'

**ရှား။** ။'နေပါဦး လမ်းပေါ်မှာလား'

**ချစ်။** ။'သမံတလင်း အအက်ကလေးထဲမှာ ညပ်ပြီးနေတယ် ဆရာ'

**ရှား။** ။'ဘယ်တိုက်ရှေ့ကလဲ'

**ချစ်။** ။'အဲဒီတိုက်မှာ လူမရှိဘူးဆရာ ၊ တိုက်ရှင်များက မန္တလေး ဘုရားဖူး ထွက်သွားကြလို့ တိုက်ကို ပိတ်ထားတယ်'

**ရှား။** ။'ဩော် သိပြီ သိပြီ၊ တိုက်ပိတ်ထားတာ တစ်လလောက် ရှိသွားပြီ မဟုတ်လား'

**ချစ်။** ။'ဟုတ်တယ် ဆရာ'

**ရှား။** ။'ကိုင်း ကိုအုန်းဖေ၊ တွေ့တဲ့ နေရာနှင့် အဲဒီတိုက်ပေါ်ကို တစ်ဆိတ် ကျုပ် ကြည့်စမ်းချင်တယ်ဗျာ၊ သွားကြရအောင်'

**ဖေ။** ။'ဆရာ ကြည့်ချင်ရင်လဲ လိုက်ရတာပ ဆရာ'

ကျွန်တော်တို့သည် ဌာနာမှ ထွက်လာခဲ့၍ ကုန်သည်လမ်းနှင့် လမ်း ၄၀ ထောင့်သို့ ရောက်သောအခါ ပုလိပ်သားမောင်ချစ်သည် မြတွေ့ရှိသော နေရာကို ပြသဖြင့် မောင်စံရှားသည် သေချာစွာ ကြည့်ရှုပြီးနောက်

**ရှား။** ။'ကိုင်း၊ လူမရှိတဲ့ တိုက်ကို တစ်ဆိတ် ဝင်ပြီး ကြည့်ချင်တယ် ကိုအုန်းဖေ'

**ဖေ။** ။'တံခါးပိတ်ထားတာ ဘယ့်နှယ်လုပ် ဝင်မလဲ ဆရာ'

**ရှား။** ။'တိုက်ရှေ့က တံခါးကို သော့ခလောက်နှင့် ပိတ်ထားတာ မဟုတ်လား၊ ကျုပ် ကြံပြီးနှင့်ပါဗျာ'

**ဖေ။** ။'ဆရာ ဝင်ချင်လို့ရှိရင်လဲ ဝင်တာပေါ့ ဆရာ'

ထိုအခါ ကျွန်တော်တို့သည် တိုက်ရှေ့သို့ သွားကြပြီးလျှင် မောင်စံရှားသည် မိမိနှင့် အစဉ်မပြတ် ဆောင်ယူလေ့ရှိသော ပင့်ကူ ဟု ခေါ်သည့်လက်နက်ကလေးကို အင်္ကျီအိတ်မှ ထုတ်ပြီးနောက် သော့ခလောက်မှ သော့ပေါက်ကို လျှို၍ စမ်းသပ်လေ၏။ သံချောင်းငယ် တစ်ချောင်းပြီးလျှင် တစ်ချောင်း စမ်းသပ်၍ လျှိုပြီးနောက် ထိုမှ ဤမှ ထိုးကော်လှုပ်နဲ့သဖြင့် နှစ်မိနစ်ခန့်မျှ ကြာလတ်သော် သော့ခလောက်သည် ပွင့်သွားလေ၏။ တံခါးဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ရှေ့ဆုံးမှဝင်၍ ခါးပိုက်ဆောင်လက်နိုပ်ဓာတ်မီးနှင့် ထိုး၍ကြည့်ဆဲတွင် ကျွန်တော်တို့သည် ၎င်း၏နောက်မှ လိုက်ပါသွားကြရာ တံတောင်နှင့် ရင်ဝကို ရုတ်တရက် တွက်လိုက်သဖြင့် ကျွန်တော်တို့မှာ မည်သို့ အကြောင်းလေနည်းဟု အံ့သြလျက် ရှိကြစဉ်

**ရှား။** ။'နောက်ကို ဆုတ်ကြဗျို၊ နင်းမိမယ်'

**ဖေ။** ။'ဘာများလဲ ဆရာ'

ဟု မေးသဖြင့် မောင်စံရှားသည် လက်နိုပ်ဓာတ်မီးနှင့် ကြမ်းပေါ် သို့ ထိုး၍ ပြလေရာ မောင်စံရှား၏ ခြေရင်း၌ လူတစ်ယောက်သည် အလျားမှောက်ရက် လဲနေသည်ကို တွေ့မြင်ကြရလေ၏။ ထိုသူ၏ နောက်ဘက်၌ကား တစ်မိုက်ခန့် အလျားရှိသော ဒဏ်ရာကြီးတစ်ခုသည် ဟက်ပက်ပြဲလျက် ရှိရာ ထိုသူမှာမူကား အသက်ကုန်ဆုံးပြီးဖြစ်ကြောင်း သိရှိကြလေ၏။ ၎င်းနောက် ကျွန်တော်သည် ထိုသူကို ပက်လက်လှန်မိသည်နှင့် တစ်ပြိုင်နက် ပုလိပ်သား မောင်ချစ်က

'အလား၊ ဦးသက်ထွန်းပါကလား ဆရာရေ့ ...'

**ရှား**။ ။'ဘယ်က ဦးသက်ထွန်းလဲကွဲ့'

**ချစ်**။ ။'သည်တိုက်မှာ စာရေးလုပ်နေတဲ့ ဦးသက်ထွန်းပါ ဆရာ'

**ရှား**။ ။'တိုက်ရှင်က ဘယ်သူတဲ့ လဲ'

**ချစ်**။ ။'ဦးတိုးကလေးတဲ့ ဆရာ ၊ ကျောက်ကုန်သည်ပဲ'

**ရှား**။ ။'အစေခံ ဘယ်နှစ်ယောက် ရှိသလဲ'

**ချစ်**။ ။'ဦးတိုးကလေးရယ်၊ ထမင်းချက်တဲ့ မိန်းကလေးရယ်၊ တိုလီမိုလီခိုင်းတဲ့ ကောင်ကလေးရယ်၊ သုံးယောက် ဆရာ'

**ရှား**။ ။'ငါ့လူက တယ်ပြီးသိပါကလား'

**ချစ်**။ ။'ကျွန်တော်က ဒီအကွက်မှာ ခဏခဏ ပတ်တရောင် လှည့်ရတယ် ဆရာ၊ ပြီးတော့လဲ ထမင်းချက်တဲ့ မစောမြနှင့် ကျွန်တော်နှင့် တော်တော် အကျွမ်းဝင်တယ် ဆရာ'

**ရှား**။ ။'ချစ်ကြိုက်ပြီး နေကြတယ် ဆိုပါတော့'

**ချစ်**။ ။(မျက်နှာနီလျက်) 'သည်လောက်လဲ မဟုတ်သေးပါဘူး ဆရာ'

**ရှား**။ ။'အစေခံတွေ အားလုံး ဦးတိုးကလေးနှင့် မန္တလေးကို လိုက်သွားသလား'

**ချစ်**။ ။'လိုက်သွားကြတယ် ဆရာ'

**ရှား**။ ။'ဒါဖြင့် ဦးသက်ထွန်းက ဘယ်နည်းနှင့် ပြန်ရောက်နေနှင့်သလဲ'

**ချစ်**။ ။'သူ့ ဆရာ လာမယ်ဆိုလို့ သူက လာပြီး ပြင်ဆင်နှင့် တာများ ဖြစ်လေမလား ဆရာ'

**ရှား**။ ။'ဟုတ်နိုင်လောက်ပါရဲ့၊ သို့သော် တံခါးပိတ်လျက် တွေ့တာက စဉ်းစားဖို့ တစ်ချက် ရှိနေတယ်၊ ကိုင်း သို့သော် သူ့ အိတ်ထဲမှာ ဘာများ တွေ့မလဲ ရှာကြဦးစို့'

ထိုအခါ ကျွန်တော်တို့သည် အလောင်း၏ အင်္ကျီအိတ်များကို နှိုက်၍ ပစ္စည်းများကို အပြင်သို့ ထုတ်ယူကြရာ ၎င်းတို့မှာ ဆေးပြင်းလိပ် သုံးလိပ်၊ မီးခြစ် တစ်ဘူး၊ အလုံရပ် ဦးသက်ထွန်းဟု လိပ်တပ်၍ထားသည့် စာမပါသော စာအိတ်တစ်လုံး၊ သော့တွဲတစ်တွဲ၊ ပိုက်ဆံ အနုပ် ၁၁ ပဲနှင့် ၁ဝ တန် ငွေစက္ကူတစ်ချပ်၊ ဒူးဂဏန်းနှင့်တူသော အက္ခရာများ ရေးခြစ်ပါရှိသော စက္ကူတစ်ရွက် ဖြစ်လေသည်။ အခြားပစ္စည်းများကိုမူ မောင်အုန်းဖေ၏ လက်သို့ အပ်၍ မောင်စံရှားသည် ဒူးဂဏန်း ကြေးဂဏန်း ပါရှိသော စာရွက်ကိုသာလျှင် မိမိအိတ်ထဲသို့ ထည့်ထားလိုက်လေသည်။ ၎င်းနောက်

**ဖေ**။ ။'ကိုင်း၊ ဘယ့်နှယ်လဲ ဆရာ၊ အလောင်းကို ဆေးရုံယူမှ ထင်တယ်'

**ရှား**။ ။'နေပါဦးဗျာ၊ သေပြီးမှတော့ မထူးပါဘူး၊ သည်တိုက်ကို ကျုပ်သေသေချာချာ စုံစမ်းချင်ပါသေးတယ်'

၎င်းနောက် မောင်စံရှားသည် အလောင်းအနီးရှိ ကြမ်းပြင်စားပွဲအစရှိသည်တို့၌ သေချာစွာ လိုက်လံ ရှာဖွေရာ တစ်ခုသော စားပွဲအောက်၌ ကြေးဆင်းတု ရုပ်တော်မူကလေး တစ်ခုကို တွေ့ရှိသဖြင့် ရှိသေစွာ ကောက်ယူပြီးနောက် ကြည့်ရှုသည်တွင်

**ရှား**။ ။'ကြံကြံစည်စည်ဗျာ၊ လက်နက်ရှားပါးလွန်းလို့ ဆင်းတုတော်နှင့် ကိုင်ပေါက်သတဲ့ဗျာ၊ သို့သော် နေဦး ဘယ်နေရာက ယူသလဲ'

ဟု ပြော၍ အခန်း၏ အခြေအနေကို ကြည့်ရှုပြန်ရာ ဆင်းတုတော် ထားသော စားပွဲကလေးကို တွေ့ရှိသဖြင့် မောင်ချစ်၏ ဘက်သို့ လှည့်၍

**ရှား**။ ။'ဆင်းတုတော်ကို တိုက်ပေါ်မှာ မထားဘဲ တိုက်အောက်မှာ ထားပုံကို ထောက်ချင့်ကြည့်တော့ ကိုးကွယ်ဖို့ထားဟန် မတူဘူး၊ သည်လူဟာ ခရစ်ယာန်ဘာသာ မဟုတ်လား မောင်ချစ်'

**ချစ်**။ ။'ဟုတ်တယ် ဆရာ'

၎င်းနောက် ကျွန်တော်တို့သည် အိမ်ရှေ့ခန်းမှ နောက်ဖေးခန်းသို့ ဝင်၍ကြည့်ကြရာ ထမင်းစားခန်းရှိ စားပွဲပေါ်၌ကား ထမင်းဟင်း အကြွင်းအကျန်တို့နှင့် စားအင်ခွက်ယောက်များကို တွေ့ရှိကြရလေ၏။ ဟင်းမှာ ကြက်သားဟင်း၊ ငါးပိကျော် မှတစ်ပါး ဝက်အူချောင်း၊ ဝက်သားသုပ်၊ ဆယ့်နှစ်မျိုးဟင်းချို အစရှိသည့် တရုတ်ထမင်းဆိုင်မှ ဝယ်ယူသော ဟင်းမျိုးများ ဖြစ်လေသည်။ ထမင်းဟင်းတို့မှာ သိုးပုတ်ခြင်း မရှိသေးဘဲ လတ်ဆတ်ကောင်းမွန်စွာပင် ရှိသေးလေ၏။

မောင်စံရှားသည် ထိုအခြင်းအရာကို ကြည့်ရှုမှတ်သားပြီးနောက် ကျွန်တော်တို့သည် ဓာတ်မီးခလုတ်ကို ရှာဖွေ၍ ဓာတ်မီးများကို ဖွင့်ပြီးလျှင် တိုက်၏ ဒုတိယထပ်သို့ တက်မည်ပြုကြရာ ပုလိပ်သား မောင်ချစ်ကိုမူ တိုက်ရှေ့တံခါးအနီးမှ အစောင့်ထားခဲ့လေ၏။ ဒုတိယထပ်သို့ ရောက်သောအခါ အိမ်ထောင်မှုပစ္စည်းတို့မှာ ဥစ္စာကြွေ ခိုင်လုံသူတို့၏ ထုံးစံအတိုင်း အတော်အတန် သပ်ရပ်ကောင်းမွန်စွာ ရှိလေရာ ထိုအထပ်၌ အိပ်ခန်းနှစ်ခန်း ရှိလေ၏။ အခန်းများကို ဖွင့်၍ ကြည့်သောအခါ ခုတင်မွေ့ရာ စသည်တို့ဖြင့် ကောင်းစွာပြင်ဆင်၍ ရှိသော်လည်း အိပ်ရာခေါင်းအုံး စသည်တို့မရှိသဖြင့် လူမနေသည့်အဖြစ်ကို သိရှိရလေ၏။

ထိုမှတစ်ဖန် ကျွန်တော်တို့သည် တတိယထပ်သို့ တက်ကြပြန်ရာ ထိုအထပ်၌ကား အိပ်ခန်းတစ်ခန်းသာလျှင် ရှိ၍ အိမ်ထောင်ပစ္စည်းတို့မှာမူ ဒုတိယအထပ် ထက်ပင် ကောင်းမွန်ခမ်းနားစွာရှိသည်ကို တွေ့မြင်ကြရလေ၏။ မောင်စံရှားသည် အခန်းပြင်၌ နံ့စပ်အောင်ကြည့်ပြီးနောက် ရှေ့ဆုံးမှ သွား၍ အခန်းတံခါး ဖွင့်ပြီးလျှင် ဝင်မည်ပြုသဖြင့် ကျွန်တော်တို့သည် နောက်မှဝင်၍ လိုက်ကြမည် အပြုတွင်မောင်စံရှားသည် နောက်သို့ ရုတ်တရက် တွန့်ဆုတ်လိုက်လေ၏။ ထိုသို့ပြုစဉ် ကျွန်တော်တို့သည် ၎င်း၏ပုခုံးပေါ်မှ ကျော်၍ ကြည့်လိုက်ရာ ခုတင်ပေါ်တွင် မိန်းမတစ်ယောက်သည် အိပ်ပျော်နေဘိ သကဲ့သို့ ရှိသည်ကို တွေ့မြင် ရလေ၏။

ထို့နောက်မှ ကျွန်တော်တို့အားလုံးသည်အသံပေး၍အခန်းတွင်းသို့ဝင်ကြရာမိန်းမသည်မလှုပ်မရှားရှိနေသဖြင့်မောင်စံရှားသည် အနီးသို့ ချဉ်းကပ်ကာ ငုံ့၍ သေချာစွာကြည့်ပြီးမှ ဦးခေါင်းကို ရမ်းလျက် လက်ကို စမ်းသပ်ကြည့်ရှုသည်တွင် အသက် ကုန်ဆုံးပြီး ဖြစ်သော အလောင်းမျှ ဖြစ်ကြောင်း သိရှိရလေ၏။

၎င်းမိန်းမမှာ အသက်သုံးဆယ်ကျော် အရွယ်ခန့်ရှိ၍ အရုပ်အရည်မှာ အတော်အတန်ပင် ချောမောလှပလေရာ ရွှေလက်ပတ်နာရီ၊ ဇာဘော်လီလည်ဟိုက် ရှန်သားအင်္ကျီပါး၊ ပွင့်ထိုး ဖဲလုံချည်မှစ၍ ဝတ်ပုံစားပုံ လိမ်းပုံတို့မှာ အင်္ဂလိပ် ကျောင်းထွက် ဖြစ်ဟန် သဏ္ဌာန် တူပေ၏။

တစ်ကိုယ်လုံး၌မူ ဒဏ်ရာလည်းမရှိ၊ သွေးသံထွက်ခြင်းလည်း မရှိဖြစ်လေရာ လည်ပင်း၌သာလျှင် ညိုမည်းသော အရာတစ်ခု ရှိသည်ဖြစ်၍ လက်ဖြင့် တစ်စုံတစ်ယောက်သော သူက လည်ပင်းကို ညှစ်သတ်ခြင်း ဖြစ်ကြောင်း ထင်ရှားပေ၏။ ခုတင်အနီး ၌မူ ပြတင်းပေါက်တစ်ဖက်သည် ပွင့်လျက်ရှိရာ မောင်စံရှားသည် ပြတင်းပေါက်သို့ သွား၍ အပေါက်မှ အောက်သို့ မျှော်၍ ကြည့်လေ၏။

**ဖေ**။ ။'ဘယ့်နှယ်လဲ ဆရာ ၊ တစ်အိမ်ထဲမှာ တစ်ညထဲ တစ်လောင်းမက နှစ်လောင်းပြူး တွေ့နေပါပြီကော ဆရာ'

**ရှား**။ ။'ကျုပ် ဝင်ကြည့်ဖို့ ကြံစည်တုန်းက သည်လောက်တောင်...'

ထိုခဏ၌ တိုက်အောက်ထပ်မှ ပုလိပ်သားမောင်ချစ်၏ အသံဖြင့် အော်သံကြားပြီးနောက် ခရာမှုတ်သံများကို ရုတ်တရက် ကြားရသည်နှင့် ကျွန်တော်တို့သည် အောက်ထပ်သို့ ပြေးလွှားခုန်ပေါက်၍ ဆင်းခဲ့ကြရာ မောင်ချစ်မှာ မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်လျက်

'အောင်မယ်လေးဗျ၊ လုပ်ကြပါဦးဗျ၊ စပ်လှချေရဲ့ဗျ' ဟု အော်ဟစ်ကာ ရှိနေသည်ကို တွေ့ကြရလေ၏။

**ရှား**။ ။'ဘာဖြစ်တာလဲကွဲ့ မောင်ချစ်'

**ချစ်**။ ။'ငရုတ်ကောင်းမှုန့် ဆရာရေ့၊ ငရုတ်ကောင်းမှုန့်'

ယင်းသို့ပြောသည့်အတိုင်း ကျွန်တော်တို့၏ နှာဝဌ် ငရုတ်ကောင်းမှုန့်တို့၏ အနံ့သည် တထောင်းထောင်း တိုး၍ ဝင်လေ၏။

**ဖေ**။ ။'ဟော့လူ ဘာဖြစ်တာလဲကွဲ့ ၊ ပြောစမ်းပါဦး'

**ချစ်**။ ။(မျက်စိများကို လက်ကိုင်ပုဝါနှင့် ပွတ်ရင်း) 'သည်လိုပါ ဆရာ၊ ကျွန်တော်က ခပ်ရွှံ့ရွှံ့နှင့် အလောင်းနားမှာ ထိုင်ပြီး စောင့်နေရင်း လေ့ခါးက ခြေသံလိုလို ကြားတာနှင့် မော့ကြည့်လိုက်တော့ မိန်းမတစ်ယောက် စောင်ကို ခေါင်းမြီးခြုံပြီး လေ့ခါးက ဆင်းလာတာကို မြင်ရတာကိုး ဆရာ၊ သည်တော့ ကျွန်တော်ကလည်း လေ့ကားပေါ်ပြေးတက်ပြီး မိအောင်ဖမ်းတော့ ရုတ်ခနဲ လှည့်တဲ့ပြီး ကျွန်တော့်မျက်စိကို ငရုတ်ကောင်းမှုန့်တွေနှင့် ဆုပ်ပက်ပါရော ခင်ဗျာ၊ ကျွန်တော့်မှာ မျက်စိထဲလဲ ဝင်၊ နှာခေါင်းထဲလဲ လုံးပြီး ဝင်လေတော့ ဘယ့်နှယ်မှ မတတ်နိုင်ဘဲ မျက်နှာကို လက်ဝါးနှင့် အုပ်ထားရတုန်း ဖြုံးဆို ကျွန်တော့် နံဘေးက ပြေးဆင်းပြီး တိုက်ရှေ့တံခါးက ထွက်ပြေးပါရော ဆရာ၊ ကျွန်တော်လဲ မမြင်မကန်းနှင့် လေ့ကားက ဆင်းပြီး လိုက်လို့ မမီတာနှင့် ဆရာတို့ ကြားအောင် အော်ဟစ်ပြီး ခရာကိုသာ မှုတ်ရပါတော့တယ် ဆရာ'

**ရှား**။ ။'မိန်းမမျက်နှာကို မင်းမမြင်လိုက်ရဘူးပေါ့'

**ချစ်**။ ။'ခေါင်းမြီးခြုံထားလို့ မမြင်ရဘူးဆရာ'

**ရှား**။ ။'တယ်တော့ မကြီးသေးဘူးပေါ့'

**ချစ်**။ ။'ဟုတ်ကဲ့ ပေါ့ပါးလျင်မြန်ပုံနှင့် ခြေဟန်လက်ဟန် အကဲခတ်ပြီး ကြည့်ရတော့ ခပ်ငယ်ငယ် အရွယ်ပဲလို့ မှတ်တယ် ဆရာ'

**ရှား**။ ။'ဘယ်သူတဲ့ ဟိုမိန်းကလေး၊ အဲ မစောမြများ ဖြစ်ချင်ရင် ဖြစ်နိုင်လောက်တယ် ဆိုပါတော့'

**ချစ်**။ ။(တစ်ခဏမျှ စဉ်းစားပြီးနောက်) 'ဖြစ်မယ်ဆိုရင်လဲ ဖြစ်နိုင်လောက်ပါတယ် ဆရာ'

ငင်းနောက် ကျွန်တော်တို့သည် တက္ကစီ တစ်စီးကို ခေါ်၍ အလောင်းများကိုဆေးရုံကြီးသို့ ပို့လိုက်ကြလေ၏။ ဆေးရုံမှ ပြန်လာကြပြီးနောက် မောင်အုန်းဖေမှာ နံနက်လင်းမှ လာဦးမည်ဟု ပြော၍ ပြန်သွားရာ ကျွန်တော်နှင့် မောင်စံရှားတို့မှာ အိမ်သို့ ရောက်သောအခါ ညဉ့်နာရီပြန်နှစ်ချက်ထိုးပြီးသော်လည်း မောင်စံရှားမှာ အိပ်ချင်သေးသည့် လက္ခဏာမရှိဘဲ အလောင်း၏ အင်္ကျီအိတ်မှ တွေ့ခဲ့သော ဒူးဂဏန်း ကြေးဂဏန်း အသွင် အက္ခရာများ ပါရှိသော စာရွက်ကို ထုတ်၍ စဉ်းစားဆင်ခြင်လျက် ရှိနေလေ၏။

ကျွန်တော်မှာလည်း ၎င်း၏ အနီးမှ ထိုင်၍ စာရွက်ကို ကြည့်မိရာ ငှက်ရုပ်ကလေးများ၊ ခွေးရုပ်ကလေးများနှင့် သဏ္ဌာန်တူသော အက္ခရာများ၊ စတုရန်းပုံကလေးများ၊ သုံးထောင့်ပုံကလေးများ အစရှိသည်တို့နှင့် ပြည့်နှက်လျက်ရှိကြောင်း တွေ့မြင်ရလေ၏။

**ရှား**။ ။'ကိုသိန်းမောင်၊ ခင်ဗျား ဒီစာရွက် ဘယ့်နှယ်ထင်သလဲ'

**ကျွန်တော်**။ ။'လျှို့ဝှက်လိုတဲ့ သဘောနှင့်ရေးပြီး တစ်ဦးက တစ်ဦးကို ပေးတဲ့ စာနှင့်တူတယ်ဗျာ'

**ရှား**။ ။'ကျုပ်လဲ သည်အတိုင်းပဲ ထင်တယ်၊ သို့သော် လျှို့ဝှက်စာရေးနည်းပေါင်း ၁၂၄ နည်းရှိတဲ့အနက်က ဘယ်နည်းထဲက ဖြစ်မလဲ ကြည့်ရအောင်ဗျာ၊ ကြွက်လျှောက်ပေါ်က သားရေဖုံးနှင့် စာအုပ်ထူထူဟာ လှမ်းလိုက်စမ်းဗျာ'

ကျွန်တော် လှမ်းယူ၍ ပေးသော စာအုပ်ကို ဖွင့်၍ မောင်စံရှားသည် အတန်ကြာအောင် ရှာဖွေကြည့်ရှုပြီးနောက်

**ရှား**။ ။'ကြည့်စမ်းဗျို့ ကိုသိန်းမောင်၊ ဟောဒီက နံပါတ် ၇၉ က အက္ခရာများနှင့် မတူဘူးလား'

**ကျွန်တော်**။ ။'တူတယ်ဗျို့'

**ရှား**။ ။'တူဆို ဘာပြောစရာ ရှိသလဲ၊ သည်အတိုင်းပဲဗျို့ ၊ နေဦး၊ ဖတ်ကြည့်စမ်းကြရအောင် မှန်းစမ်း၊ ဩော် ဟောဒီမှာ ၊ တနင်္ဂနွေနေ့ မသိန်းတင် ရောက်လိမ့်မည်၊ နေရာကျအောင် စီမံလိုက်ပါ ဆိုပါကလားဗျ'

**ကျွန်တော်။** ။'ဟုတ်ပြီဗျို့ ဟုတ်ပြီ၊ သည်ကနေ့ တနင်္လာနေ့ဖက်ကူးပြီ၊ တနင်္ဂနွေနေ့ ဆိုတော့ မနေ့ကပဲ'

**ရှား။** ။'မနေ့က မသိန်းတင် ရောက်တာပေါ့ ဟုတ်စ၊ ကိုင်း သို့သော် သည်အမှုမှာ ကျုပ်တို့ စဉ်းစားဖို့ရှိတာက မိုက်စိုးပြည်က မဟာရာဇာ စော်ဘွားကြီး၏ မြကြီးတစ်လုံးကို ၎င်းတိုက်ရှေ့မှာ တွေ့ခြင်းဟာ တစ်ခုနှင့် တစ်ခု ဆက်သွယ်ခြင်း ရှိသလား၊ သို့တည်းမဟုတ် ဆက်သွယ်ခြင်း မရှိဘဲ ကံအားလျော်စွာ တစ်ပြိုင်တည်း တွေ့ခြင်းပဲလား စဉ်းစားဖို့ရှိတယ်၊ အကယ်၍ ဆက်သွယ်ခြင်း မရှိဘူး ဆိုရင် မြမှုက တစ်မှု၊ လူသတ်မှုက တစ်မှု ဖြစ်မယ် ဟုတ်စ၊ အကယ်၍ မြမှုနှင့် လူသတ်မှုဟာ ဆက်သွယ်ခြင်း ရှိတယ်လို့ ဆိုခဲ့ရင် ၎င်းမြ အတွက်နှင့် မိန်းမတစ်ယောက်နှင့် ယောကျာ်းတစ်ယောက်ကို တစ်စုံတစ်ယောက်သော သူက သတ်ဖြတ်ခြင်း ဖြစ်ရမယ်၊ သတ်သောသူဟာ ပုလိပ်သား မောင်ချစ် မြင်လိုက်ရသော မိန်းမဖြစ်နိုင်သလားတဲ့၊ စဉ်းစားကြည့်စမ်း၊ ဦးသက်ထွန်း နောက်ဆက်မှာရှိတဲ့ ဒဏ်ရာကိုဖြစ်စေ၊ ခုတင်ပေါ်မှာ တွေ့တဲ့ မိန်းမသေပုံကို ဖြစ်စေ၊ စဉ်းစားပြီးကြည့်ခဲ့လို့ရှိရင် သတ်သူဟာ ဧကန္တ မိန်းမ မဟုတ်နိုင်ဘူးဗျ၊ ခွန်အားဗလနှင့် တော်တော်ပြည့်စုံတဲ့ ယောကျာ်းဖြစ်ရမယ်၊ ၎င်းယောကျာ်းနှင့် မောင်ချစ် မြင်လိုက်တယ် ဆိုတဲ့ မိန်းမနှင့်လဲ တစ်နည်းနည်းအားဖြင့် ဆက်သွယ်ခြင်း ရှိတယ်လို့ ယူဆရမယ် မဟုတ်လားဗျာ'

**ကျွန်တော်။** ။'ယူဆသင့်ပါတယ်'

**ရှား။** ။'ပြီးတော့ကာ တိုက်ရှင် ဦးတိုးကလေးကလဲ ကျောက်ကုန်သည် ဖြစ်ပြန်တော့ ကျုပ်တွေးရပုံဖြင့် ၎င်းမြနှင့် လူသတ်မှုတွေဟာ ဆက်သွယ်ခြင်း ရှိတယ်လို့ ကျုပ်ထင်တယ်၊ သို့သော် ဦးတိုးကလေးဟာ ဘယ်လိုလူဖြစ်တယ်၊ သည်အမှုမှာ သူ အပါအဝင် ဖြစ်မဖြစ်ကို ကျုပ်တို့ စုံထောက်ဖို့ရှိတယ် မဟုတ်လားဗျာ'

**ကျွန်တော်။** ။'မှန်ပါတယ်'

**ရှား။** ။'ပြီးတော့ တနင်္ဂနွေနေ့ကို မသိန်းတင် ရောက်လာမယ်လို့ စာထဲမှာ ပါတယ် မဟုတ်ဘူးလား၊ မသိန်းတင်ဆိုတာ ကျုပ်တွေးပုံတော့ သေတဲ့ မိန်းမဟာပဲ ထင်တယ်၊ သို့သော် မသိန်းတင်ကို ဦးသက်ထွန်းက စီမံလိုက်သလား သို့မဟုတ်၊ သူတို့နှစ်ယောက်လုံးကိုပဲ သည့်ပြင်တစ်ယောက်ယောက်က စီမံလိုက်သလားတော့ အမှန်မပြောနိုင်ဘူး၊ ကိုင်း သို့သော်၊ ညဉ့်လဲ တော်တော်နက်သွားပြီဗျာ၊ နက်ဖြန်မှပဲ ဆက်လက်ပြီး စဉ်းစားကြဦးစို့'

နောက်တစ်နေ့ နံနက်၌ ကျွန်တော်မှာ ညဉ့်အခါက အအိပ်ပျက်သည် ဖြစ်သောကြောင့် အိပ်ရာမှ နံနက်ကိုးနာရီ ထိုးလုနီးမှ ထလာခဲ့လေရာ မောင်စံရှားမှာ ဘယ်အချိန်ကထ၍သွားသည်မသိ။ အိမ်၌မရှိတော့ချေ။ အတန်ကြာကာလမှ မောင်စံရှားသည် မောင်အုန်းဖေနှင့်အတူ တိုက်ပေါ် သို့ တက်လာကြ၍

**ကျွန်တော်။** ။'စောစောစီးစီး ဘယ်များရောက်ခဲ့ကြပြီလဲဗျာ'

**ရှား။** ။'နံ့နေပြီကောဗျာ၊ ကြေးနန်းရုံးကော ၊ ပုလိပ်ဌာနရော စုံလို့ပဲဗျို့'

**ကျွန်တော်။** ။'ဘာများ အကြောင်းထူးကြသေးလဲဗျာ'

**ရှား။** ။'ဦးတိုးကလေး မန္တလေး သွားတယ်ဆိုလို့ ကြေးနန်းရိုက်ပြီးမေးတာ ရန်ကုန်ပြန်လာပြီ ဆိုကပဲ၊ ယခု သူ့တိုက်မှာ မနေဘူး၊ ရွှိုင်ရယ် ဟိုတယ်မှာ တည်းနေသတဲ့'

**ကျွန်တော်။** ။'အလဲ့ တော်တော်ထူးဆန်းပါလား'

**ရှား။** ။'ထူးဆန်းဆို ဘာပြောစရာ ရှိသလဲ၊ ဦးတိုးကလေးနှင့် တွေ့ဖို့က အပုံကြီး အရေးကြီးနေတယ်၊ ထမင်းစားပြီးရင် သူနှင့် တွေ့ရအောင် ဟိုတယ်ကို သွားကြရလိမ့်မယ်၊ မနေ့က မြဟာ ဘယ်မှာ သိမ်းထားသလဲ ကိုအုန်းဖေ'

**ဖေ။** ။'ဌာနာက မီးခံသေတ္တာထဲမှာ ထည့်ထားပါတယ် ဆရာ'

**ရှား။** ။'သေသူဟာ ဘယ်သူလဲလို့ သိရပြီလား'

**ဖေ။** ။'ဆရာထင်တဲ့အတိုင်းပါပဲ မသိန်းတင်ပါတဲ့၊ လိမ်လည်မှုနှင့် တစ်ကြိမ်၊ ဖြားယောင်းသွေးဆောင်မှုနှင့် တစ်ကြိမ်၊ ထောင်ကို နှစ်ကြိမ်ကျဖူးလို့ သူ့ဓာတ်ပုံဟာ ပုလိပ်ဖိုင်တွဲမှာ ရှိပါတယ် ဆရာ၊ မသေခင်က ပုလိပ်များကိုတော့ တော်တော် အနှောင့်အယှက်ပေးတဲ့ မိန်းမပဲ ဆရာ၊ အင်မတန်လဲ လည်ပတ်တယ်၊ သည်တစ်ခါမှ ဇက်ပြုတ်ရှာပေတော့တယ် ဆရာ'

နံနက်စာ စားသောက်၍ ပြီးကြလျှင် ကျွန်တော်တို့သည် ရှိုင်ရယ်ဟိုတယ်သို့ သွားရောက်ကြ၍ မန်နေဂျာနှင့် တွေ့ဆုံကြရာ မန်နေဂျာက ဦးတိုးကလေးအမည်ရှိသော လူတစ်ယောက်သည် ယမန်နေ့ကပင်ရောက်လာ၍ ဒုတိယထပ် အခန်းနံပါတ် ၅ ၌ တည်းခိုလျက် ရှိကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်စံရှားက ၎င်းနှင့် တွေ့လိုကြောင်း ပြောပြသည့်အခါ မန်နေဂျာသည် ဘွိုင်ကုလားတစ်ယောက်ကို ခေါ်၍ ၎င်း၏ အခန်းသို့ ကျွန်တော်တို့အား လိုက်၍ပို့ရန် ထည့်လိုက်လေ၏။

ကျွန်တော်တို့သည် အခန်းနံပါတ် ၅ သို့ ရောက်သောအခါ မောင်စံရှားသည် တံခါးကို ခေါက်၍ သုံးကြိမ်မျှ ခေါ်ငင်ပါသော်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ ထူးသံမကြားသည်နှင့် တံခါးကို တွန်း၍ ကြည့်ရာ တံခါးမှာ အတွင်းမှ သော့ခတ်၍ ထားလေ၏။ ထိုအခါ မောင်စံရှားက ဘွိုင်ကုလားအား သော့တစ်ချောင်းသွားရောက်ယူစေခဲ့ပြီးလျှင် မောင်စံရှားသည် တံခါးကို သော့နှင့်ဖွင့်၍ ရှေ့ဆုံးမှ ဝင်သွားသဖြင့် ကျွန်တော်တို့သည် ၎င်း၏ နောက်မှ အခန်းတွင်းသို့ ဝင်မိကြသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်သည် လက်ဆွဲသားရေအိတ်တစ်ခုပေါ်၌ ဝမ်းလျားမှောက်ကာ လဲလျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။ မောင်အုန်းဖေလည်း သွက်လက်သော လူတစ်ယောက် ဖြစ်သည်အတိုင်း ထိုလူကို ပက်လက်လှန်၍ ကြည့်သည်တွင် ရင်ဝ၌ ဓားမြှောင်ဒဏ်ရာ တစ်ခုနှင့် သေဆုံးလျက် ရှိကြောင်း တွေ့မြင်ကြရလေ၏။

**ဖေ။** ။'ဘယ့်နှယ်လဲ ဆရာ၊ တစ်လောင်းပြီး တစ်လောင်း တွေ့ရင်း အလောင်းတွေ တွေ့လို့ပဲ မဆုံးနိုင်ပါကလား ဆရာ'

**ရှား။** ။'လောဘသားတွေကိုး ကိုအုန်းဖေ၊ တစ်ယောက်လက်က တစ်ယောက်လုတာနှင့် သုံးယောက်တောင် သေရှာကြပြီကော'

**ဖေ။** ။'ဘာကိုလုကြတာလဲ ဆရာ'

**ရှား။** ။'မောင်ချစ်တွေ့တဲ့ မြကို လုကြတာပေါ့ဗျ၊ မြကဖြင့် ကျုပ်တို့ လက်ကို ရောက်နေပြီ၊ သူတို့က မသိရှာလို့ တစ်ယောက်ကို တစ်ယောက်

သတ်ကြတုန်းပဲ ရှိသေးတယ်၊ သည်တစ်ခါဖြင့် လမ်းဆုံးပြီ ထင်ပါရဲ့ဗျာ'

**ဖေ။** ။'ဒါဖြင့် လက်သည် မပေါ်တော့ဘူးလား ဆရာ'

**ရှား။** ။'ဘယ့်နှယ်မပေါ်ရမှာလဲဗျ'

**ဖေ။** ။'ဘယ်သူလဲ ဆရာ'

**ရှား။** ။'ဦးမင်းဟန် လက်ချက်ပေါ့ဗျ'

ဦးမင်းဟန်ဆိုသူမှာ ဘုရားလူကြီးယောင်ယောင်၊ ကျောင်းတကာယောင်ယောင်၊ ဂုဏ်အသရေရှိ လူကြီးလူကောင်းတစ်ယောက်ကဲ့သို့ နေထိုင်လျက် ရန်ကုန်မြို့ပေါ်၌ အကြီးအကျယ် တိုက်ခိုက်လုယက်လေသမျှမှာ ၎င်း၏ စီမံချက်ချည်းသာလျှင် ဖြစ်လေရာ မောင်စံရှားသည် ၎င်းစီမံသော အမှုများကို နှစ်ကြိမ်သုံးကြိမ်မျှ စုံထောက်၍ ရဖူးသော်လည်း ငယ်သားများကိုသာလျှင် ဖမ်းမိ၍ ဆရာကြီးဖြစ်သူ ဦးမင်းဟန်ကိုမူ လက်ပူးလက်ကြပ်မိခဲ့ဖူးသည် မရှိချေ။

**ဖေ။** ။'ဟုတ်ပါ့မလား ဆရာ'

**ရှား။** ။'ဟုတ်ပါတယ်ဗျ၊ မလွဲပါဘူး၊ ဒီလူက စိန်ကောင်းကျောက်ကောင်း ပတ္တမြားကောင်း ဆိုလျှင် တစ်နည်းနည်းနှင့် သူ့လက်ကို မရောက်ရောက်အောင် ကြံစည်တဲ့ လူတစ်ယောက်ပဲ၊ မဟာရာဇာစော်ဘွားကြီးလက် ကတော့ ကုလားတွေ ခိုးခဲ့တာနှင့်တူရဲ့၊ ခိုးပြီး မြန်မာပြည်ကို ထုတ်လာခဲ့တော့ သူတို့လူစုက ကုလားတွေလက်က ရအောင် ထုတ်တာနှင့်တူတယ်၊ သို့သော် အချိန်လင့်နေတော့မယ်၊ ခင်ဗျားအလောင်းနှင့် ခင်ဗျား နေရစ်ပေဦးတော့ ကိုအုန်းဖေ၊ ကျုပ်တို့တော့ ဦးမင်းဟန်နောက်ကို လိုက်ဦးမယ်'

မောင်အုန်းဖေကို ဟိုတယ်၌ ထားခဲ့ကြပြီးနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် ဟိုတယ်မှ ဆင်းလာခဲ့ကြ၍ လမ်းခရီးတွင် မောင်စံရှားသည် ကျွန်တော့်အား အိမ်သို့ ပြန်သွားနှင့်၍ ၎င်းအား စောင့်ဆိုင်းနေရန် မှာထားပြီးလျှင် ထွက်သွားလေ၏။

ကျွန်တော်တို့သည် အိမ်သို့ပြန်သွားပြီးနောက် အမှုအကြောင်းနှင့် ပတ်သက်၍ စဉ်းစားရင်း မောင်စံရှားအား စောင့်စားလျက် ရှိနေရာ ညနေတိုင်ရောက်သော်လည်း မောင်စံရှား မလာမရောက်သေးဘဲ ရှိနေလေ၏။ ည ၈ နာရီ ထိုးကာနီးမှ တိုက်ရှေ့တွင် ကားတစ်စီး ဆိုက်ရောက်လာပြီးနောက် မောင်စံရှားသည် တိုက်ပေါ် သို့ တက်လာရာ

**ကျွန်တော်။** ။'ဘယ့်နှယ်လဲ ကြာလိုက်လေ ဆရာကြီးရယ်'

**ရှား။** ။'ဦးမင်းဟန် အကြောင်း စုံထောက်ရတာ သည်လောက်နှင့် ပြန်လာရင် မြန်တယ်လို့ မှတ်ပါ ဆရာရေ့၊ ကိုင်းလာဗျာ၊ ကိုသိန်းမောင် ၊ လိုက်မယ် မဟုတ်လား'

**ကျွန်တော်။** ။'လိုက်မှာပါဗျာ ဘယ်ကိုလဲ'

**ရှား။** ။'တော်တော်ဝေးဝေး မော်တော်ကား စီးရလိမ့်မယ်၊ အအေးမမိချင်ရင် ခပ်ထူထူ အဝတ်ကလေးများ ဝတ်ခဲ့ပေတော့'

ကျွန်တော်သည် မောင်စံရှားနှင့် အတူ တိုက်ပေါ်မှ ဆင်း၍ လာသော အခါ ကားပေါ်မှ လူတစ်ယောက် စောင့်ဆိုင်းလျက် ရှိရာ ကျွန်တော်တို့သည် ကားပေါ် သို့ တက်ကြပြီးနောက် မောင်စံရှားကိုယ်တိုင် ကားကို မောင်းနှင်လေ၏။ မောင်စံရှားသည် လူသူရှုပ်ထွေးသော မြို့ထဲလမ်းများပေါ်၌ ကားကို ခပ်ဖြေးဖြေး မောင်းနှင်၍ မြို့တွင်းမှ ထွက်၍ ပြည်လမ်းမကြီးပေါ် သို့ ရောက်သောအခါ၌မူ တစ်နာရီလျှင် မိုင် ၄၀ ကျော် ခရီးမျှ ပေါက်ရောက်အောင် စက်ကို ဖွင့်၍ ပေးလေ၏။ ချမ်းအေးသော ရာသီဖြစ်၍ ကားမှာလည်း အလွန်လျင်မြန်စွာ မောင်းနှင်လေလျှင် လေပြင်းမုန်တိုင်း တိုက်ခတ်ဘိသကဲ့သို့ တဝီဝီမြည်အောင် တိုး၍ တိုး၍ ပြေးလေရကား ကျွန်တော့်မှာ ကိုယ်လဲအေး အသည်းလဲအေးလှသဖြင့် တစ်ထောင့်၌ ကုတ်၍ လိုက်ပါခဲ့လေ၏။ ယင်းကဲ့သို့ လျင်မြန်စွာ သွားသည်ကို စိတ်မကျေနပ်သေးသည့် လက္ခဏာနှင့် မောင်စံရှားသည် တစ်နာရီလျှင် မိုင် ၅၀ ကျော် ၆၀ ခန့် တိုင်အောင် မောင်းနှင်ပြန်ရာ ကျွန်တော်မှာ မျက်စိကို စုံမှိတ်၍ လိုက်ရတော့ဘနန်း ရှိနေခဲ့လေ၏။

တစ်နာရီခန့်မျှ မောင်းနှင်မိလေလျှင် ကျွန်တော်တို့နှင့် အတူပါလာသူက စက်ကို လျှော့ရန် အချက်ပေးသည်တွင် မောင်စံရှားလည်း စက်ကို လျှော့၍ လက်ျာဘက်သို့ ချိုးသွားသော လမ်းငယ်တစ်ခုကို လိုက်သွားလေ၏။ အနည်းငယ် သွားမိသောအခါ မော်တော်ကားကို ရပ်တန့်ထားပြီးနောက် ကျွန်တော်တို့သည် ကားပေါ်မှ ဆင်းသက်ကြ၍ ခြေလျင် ဆက်လက် လျှောက်သွားကြရလေ၏။ အတန်ငယ်သွားမိသောအခါ ရှေ့မှ မီးရောင်တစ်ခုကို မြင်ကြရလေရာ ကျွန်တော်တို့သည် မီးရောင်ရှိရာဆီသို့ တဖြည်းဖြည်း ခြေသံမကြားရအောင် သွားလျက်ရှိကြသည့်အတွင်း ထိုအရပ်မှ မိန်းမတစ်ယောက်၏ အသံဖြင့် ကယ်တော်မူကြပါရှင်တို့ ဟု ငယ်သံပါအောင် ရုတ်တရက် ဟစ်အော်လိုက်လေရကား အလွန်တရာ လူခြေတိတ်ဆိတ်သော အရပ်ဒေသဖြစ်၍ ကြောက်ရွံ့တုန်လှုပ်ဖွယ် ကောင်းလှပေ၏။

မောင်စံရှားမှာမူ ယခင်က လျို့ဝှက်စွာ သွားလေသမျှ ထိုအော်သံကို ကြားရသော အခါ၌ကား အသံကြားရာ အရပ်သို့ သွားလေ၏။ အဟုန်ဖြင့် တစ်ခါတည်း ပြေးလေရာ ကျွန်တော်တို့မှာ နောက်မှ လိုက်၍ ပြေးကြလေ၏။ အတန်ငယ်ပြေးမိလေလျှင် ယခင်က အသံသည် ထပ်လောင်း၍ ပြင်းပြစွာအော်ဟစ်ပြန်ရာ ကျွန်တော်တို့သည် အိမ်ပျက်ကြီး တစ်ဆောင်သို့ ရောက်ရှိ၍ မောင်စံရှားသည် ပိတ်၍ထားသော ရှေ့တံခါးကို အတင်းဝင်၍ ကိုယ်စောင်းတိုက်လေ၏။ တံခါးသည်လည်း ဆွေးမြေ့သည်ဖြစ်၍ တစ်ကြိမ်တည်းနှင့် ကျိုးပဲ့၍ ပွင့်သွားလေရာ မောင်စံရှားမှာ ရုတ်တရက် မဟန်နိုင်ဘဲ လဲတော့မည်ကဲ့သို့ ရှိဆဲတွင် ကျွန်တော်သည်ငင်း၏ ဦးခေါင်းပေါ်မှ ကျော်၍ မြင်မိသည်မှာ ကုလားထိုင်တစ်ခုပေါ်၌ မိန်းမတစ်ယောက်သည် ကော့၍နေအောင် ကြပ်တည်းစွာ လက်ပြန်ကြိုး ချည်နှောင်လျက် အနီး၌ကား လူတစ်ယောက်သည် ကျွန်တော်တို့ရှိရာသို့ ကျောခိုင်း၍ လက်တစ်ဘက်မှ ဆေးပုလင်းနှင့် တူသော ပုလင်းငယ်တစ်ခုကို ကိုင်ပြီးလျှင် 'ပြောနော် မပြောရင်..' ဟု ပြောဆဲတွင် ကျွန်တော်တို့၏ အသံကို ကြားသဖြင့် ရုတ်တရက်လှည့်၍ ကြည့်လိုက်လေ၏။

ထိုသူမှာကား အခြားမဟုတ်၊ ဦးမင်းဟန်ပင် ဖြစ်လေသည်။ ဦးမင်းဟန်သည်ကျွန်တော်တို့ကို မြင်လျှင် လက်မှ ပုလင်းတွင်းရှိ အရည်ကို ရှေ့ဆုံးမှ ရှိနေသော မောင်စံရှား၏ မျက်နှာသို့ ပက်လောင်းလိုက်ရာ မောင်စံရှားသည် ဦးခေါင်းကို ငုံ့ပေးလိုက်သဖြင့် ပုလင်းမှ အရည်သည် ကျွန်တော်၏ နံဘေး၌ ရှိသောလူ လည်ပင်းနှင့် မေးစိတို့ကို ထိသွား၍ အမယ်လေးဗျ၊ ပူလှချည်ရဲ့ ဟု အော်ဟစ်ကာ လက်ဖြင့် ဖုံးအုပ်လျက်ရှိလေ၏။ နောက်တစ်ခဏ၌ကား ဦးမင်းဟန်နှင့် မောင်စံရှားတို့သည် တစ်ယောက်နှင့် တစ်ယောက် ဖျစ်ညှစ်ကာ ထွေးလုံးသတ်ပုတ်လျက် ရှိကြလေ၏။

ကျွန်တော်တို့နှင့် လိုက်ပါလာသူမှာမူ ဆေးရည်ပက်မိသော ဒဏ်ရာကြောင့် အလွန်ပူစပ်လှသဖြင့် လက်ဖြင့် အုပ်ကာ မနေသာဘဲ အော်ဟစ်ညည်းညူလျက်ရှိရာ ကျွန်တော်မှာ မောင်စံရှား၏ အစွမ်းသတ္တိကို သိပြီးဖြစ်၍ ကူညီခြင်း မပြုဘဲ ကုလားထိုင်ပေါ်၌ ချည်နှောင်ထားသော မိန်းကလေးကိုသာလျှင် အနှောင်အဖွဲ့မှ လွတ်အောင် ဖြေလျက်ရှိခဲ့လေ၏။

ဦးမင်းဟန်မှာ မောင်စံရှားထက် အသက်အတော်အတန် ကြီးရင့်ပြီ ဖြစ်သော်လည်း တုတ်ခိုင်တောင့်တင်းသော ကိုယ်ကာယ ရှိသည့်ပြင် ရှေးအခါက လက်ဝှေ့သမားလည်း လုပ်ဖူးသည် ဖြစ်၍ မောင်စံရှားမှာ ကျွန်တော်ထင်သလောက် လွယ်ကူစွာ မနိုင်နင်းဘဲ သူတစ်ပြန် ငါတစ်ပြန် ကြမ်းပေါ်၌ လူးလိမ့်ဖက်တွဲကာ ရှိနေကြရာ တစ်ကြိမ်သော ခဏ၌ ဦးမင်းဟန်သည် အထက်မှ စီးပြီးလျှင် မောင်စံရှား၏ လည်ပင်းကို ညှစ်လျက် လက်သီးနှင့် မျက်နှာကို ထိုးတော့မည်ပြုဆဲတွင် မျက်နှာကို ဆေးရည်နှင့် ပက်ခြင်းခံရသောသူသည် မခံမရပ်နိုင်အောင် ပူလောင်စပ်ရှိန်းသည့်အတွက် အမျက်ကြီးစွာ ထွက်သည့် လက္ခဏာနှင့် မိမိ၌ ပါရှိသော ခြောက်လုံးပြူးသေနတ်နှင့် နှစ်ဦးလုံးထွေးလျက်ရှိရာသို့ ပြေးဝင်၍ နမူးရှူးထိုး ရော်ရမ်း ပစ်ခတ်လိုက်ရာ ကံအားလျော်စွာနှင့် မောင်စံရှားကို မထိဘဲ ဦးမင်းဟန်ဆိုသူ၏ ရင်ဝကိုထိမှန်သဖြင့် ကြမ်းပေါ်သို့ လိမ့်သွားလေ၏။ ယင်းသို့ ရှိလျက်နှင့်ပင် ထိုသူသည် သေနတ်နှင့် ဆက်လက် ပစ်ခတ်လျက် ရှိရာ ကျွန်တော်နှင့် မောင်စံရှားတို့က လက်ကို အတင်းဆွဲငင်၍ သေနတ်ကို လုယူကြရလေ၏။ ဦးမင်းဟန်မှာမူကား ရင်ဝတွင် လှလှကြီး ထိမှန်မိသဖြင့် ကြမ်းပေါ်၌ လှုပ်ရှားခြင်း မရှိတော့ချေ။

၎င်း၏ ရုပ်အင်္ကျီ အတွင်း၌ကား မောင်စံရှားသည် သားရေအိတ်ငယ်တစ်ခုကို တွေ့ရှိရာ ၎င်းကို ဖွင့်လိုက်သောအခါ ပုလိပ်သား မောင်ချစ် တွေ့ခဲ့သော မြကြီးနှင့် အလုံးတူ အရောင်တူဖြစ်သော မြကြီးတစ်လုံးကို တွေ့ရှိရလေ၏။

ကျွန်တော်နှင့် မောင်စံရှားတို့သည် မော်တော်ကားနှင့် ရန်ကုန်သို့ ပြန်ရောက်ကြသောအခါ အင်စပိတ်တော်မောင်အုန်းဖေနှင့် ပုလိပ်သား မောင်ချစ်တို့ရောက်လာ၍ မောင်စံရှားက ရှင်းလင်း ပြောပြသည်မှာ

**ရှား**။ ။'သည်လိုကိုးဗျ ကိုအုန်းဖေရဲ့၊ ဦးတိုးကလေး တိုက်ရှေ့မှာ မောင်ချစ်က မြကြီးကို တွေ့တယ်ဆိုကတည်းက ကျုပ်က မဟာရာဇာစော်ဘွားကြီးထံက ကျုပ်တတ်နိုင်သမျှ မြကြီးနှစ်လုံးကို ပြန်ရအောင် ကြိုးစားပြီး ရှာဖွေဖို့ အကြောင်းကြားစာ ရပြီးဖြစ်ပြန်၊ မြကြီးကလဲ စာမှာပါသည့်အတိုင်း အရွယ်ချင်းတူပြန်၊ ဦးတိုးကလေးကလဲ ကျောက်ကုန်သည်ဖြစ်ပြန်၊ သည်တော့ကာ မဟာရာဇာစော်ဘွားကြီးနှင့် ဦးတိုးကလေးနှင့် သည်မြကြီးနှင့်ဟာ ဆက်သွယ်ခြင်းရှိတယ်လို့ ကျုပ်တွေးမိတယ်၊ အဲ့ဒါကြောင့် ကျုပ်က ဦးတိုးကလေး တိုက်ထဲကို ဝင်ပြီးရှာချင်တယ်လို့ ကျုပ်ပြောတယ် မဟုတ်လား၊ သို့သော် ရှာစဉ်အခါကတော့ အလောင်းတွေကို ကျုပ်တွေ့လိမ့်မယ်လို့ မျှော်လင့်မထားမိဘူးပေါ့လေ၊ သည်နောက် ဝင်ပြီးရှာတော့ အလောင်းနှစ်လောင်းကိုတွေ့၊ တွေ့ပြီးတစ်ခါ ဦးတိုးကလေး ရှိမရှိ မန္တလေးကို သံကြိုးရိုက်ပြီး မေးပြန်တော့ ဦးတိုးကလေး တစ်ယောက်တည်း ရန်ကုန်ပြန်လာ၊ ဟိုတယ်မှာ တိတ်တဆိတ် တည်းခိုပြီးနေ၊ သူ့တွေ့အောင် တစ်ခါသွား၊ သွားတော့ သူ့ကိုမတွေ့၊ အလောင်းကိုသာ တွေ့လိုက်ရတော့တယ် မဟုတ်လား၊ မူလကတော့ ကျုပ်က သည်အမှုမှာ ဦးတိုးကလေးဟာ လူကြီးပဲလို့ ထင်မိတယ်၊ အလောင်းကို တွေ့ပြန်တော့မှ သူ့ထက်အကြီးအကဲ ရှိသေးတယ်လို့ သိရပြန်တာကို၊ သည်လူဟာ ဘယ်သူလဲ ဆိုတော့ ဦးမင်းဟန်ဆိုတာ တစ်ခါတည်း ဖြစ်ပေါ်ပြီး လာခဲ့တယ်'

**ဖေ**။ ။'နေပါဦး ဆရာ၊ မသိန်းတင်က ဘယ့်နယ်ဝင်ပါပြီး သေနေရသလဲ ဆရာ'

**ရှား**။ ။'သည်လိုဗျ၊ မသိန်းတင်က ခင်ဗျားပြောတဲ့ အတိုင်း ခပ်ရှုတ်ရှုတ် မိန်းမ ဖြစ်လေတော့ ဦးမင်းဟန်နှင့် တစ်နေရာရာမှာ တွေ့ကြပြီး ဦးမင်းဟန်က နေရာကျအောင် ကြည့်ရှုပြီး ခိုင်းစေထားဟန်တူတယ်၊ လက္ခဏာက သည်လိုဗျ၊ ဦးတိုးကလေးနှင့် မသိန်းတင်နှင့် ပူးပေါင်းပြီး မြကြီးနှစ်လုံးကို ဦးမင်းဟန်လက်ရောက်အောင် ကြံဆောင်ပြီးပေးကြဖို့၊ သို့သော် တစ်လုံးသာ ရောက်သေးတယ်၊ တစ်လုံးက မရောက်သေးဘူး၊ မသိန်းတင်နှင့် ဦးတိုးကလေးလက်မှာပဲ ရှိသေးတယ်၊ သူတို့နှစ်ယောက်က ပါတနာ ဆိုပါတော့ ဗျာ၊ တော်တော်ကြာတော့ တစ်ခါ သူတို့ချင်း အဝေမညီကြပြန်ဘူး၊ မသိန်းတင်က တစ်ခါ ဦးတိုးကလေးရဲ့ အစေခံနှင့် ပူးပေါင်းပြီး ဉာဏ်တစ်မျိုး ဆင်ကြပြန်တာကိုး၊ ဦးတိုးကလေးက သည်အကြံကို ရိပ်မိရော၊ ရိပ်မိတော့ မသိန်းတင်ကို တိုက်မှာချိန်း၊ ထမင်းကျွေး၊ တိုက်ထဲကို လူမသိအောင် တိတ်တိတ်ကလေးဝင်၊ ထမင်းစားကြတုန်းမှာ မြကြီးနှင့် ပတ်သက်ပြီး စကားများ၊ စားပြီးရာက တစ်ခါ တိုက်ပေါ်တက်ပြီး စကားများကြပြန်၊ ဦးတိုးကလေးက အတင်းလု၊ မသိန်းတင်ကလဲ အတင်းရုန်း၊ ရုန်းလို့ မလွတ်မည်ထင်တော့ ပြတင်းပေါက်က မြကြီးကို

လွှင့်ပစ်လိုက်၊ လွှင့်ပစ်ကြောင်း ဦးတိုးကလေးက မသိလေတော့ အတင်းလုရာကနေပြီး လည်ပင်းကိုညှစ်၊ ညှစ်ရင်းနှင့် မသိန်းတင်သေ၊ မြကြီးကို ရှာလို့မတွေ့၊ တိုက်အောက်ဆင်းလာ၊ အစေခံနှင့်တွေ့၊ တွေ့တော့ သူပဲ ယူထားတယ် ထင်ပြီး ဆင်းတုတော်နှင့် ကိုင်ရိုက်၊ အစေခံသေ၊ အစေခံ မစောမြ တစ်ယောက်ကိုလဲ သတ်ဦးမယ်လို့ လိုက်ရှာ၊ ရှာပေမဲ့ မစောမြက ဗီရိုကြီး တစ်ခုထဲမှာ ဝင်ပြီးပုန်းနေ၊ ငရုတ်ကောင်းမှုန့် တစ်ထုပ်ကိုတွေ့၊ တကယ်လို့ ဗီရိုကို ဖွင့်ခဲ့လို့ရှိရင်လဲ ငရုတ်ကောင်းမှုန့်နှင့် မျက်နှာကို ပက်မယ်လို့ ကြံစည်ထား၊ ဦးတိုးကလေးက မစောမြ ရှာမတွေ့လို့ တိုက်အောက်ဆင်း၊ တိုက်ပြင်ထွက်၊ သော့ခပ်ပြီးထားခဲ့၊ ကျုပ်တို့က ရောက်သွား၊ ကျုပ်တို့က အခန်းတွေ မွှေနှောက်ပြီး ရှာတုန်း မစောမြတိုက်ပေါ်က ဆင်းလာ၊ မောင်ချစ်က ဖမ်းတော့မယ်လုပ်၊ သူ့ရည်းစားဖြစ်နေ၊ အလွန်အံ့သြလျက် ရည်းစားဖြစ်ပေမဲ့ ဝတ္တရားမို့ မနေသာဘူးဆိုပြီး ဖမ်းမယ်လုပ်တော့ မစောမြက ငရုပ်ကောင်းမှုန့်နှင့် မျက်နှာကို ပက်ပြီး ထွက်ပြေး၊ ကျုပ်တို့ ဆင်းလာတော့လဲ မောင်ချစ်က သူ့ရည်းစားမို့လို့ မစောမြရယ်လို့ အတိအလင်း ထုတ်ပြီးမပြော၊ မိန်းမတစ်ယောက်လို့သာ ပြောရော ၊ ဟုတ်ကဲ့ မဟုတ်လား မောင်ချစ်'

**ချစ်**။ ။'မှန်ပါတယ် ဆရာ ခင်ဗျာ'

**ရှား**။ ။'မစောမြက တိုက်ထဲက ထွက်ပြေးတော့ ဦးမင်းဟန်ကလဲ သူ့လူစုနှင့် ဦးတိုးကလေးတို့ကို မယုံကြည်လို့ စောင့်ပြီး နေဆဲ တွေ့လို့ မြကြီးပါတယ် မှတ်ပြီး ဖမ်းသွား၊ မရရအောင် စစ်ဆေးပြီး တခြားမှာ ဝှက်ထား၊ ကျုပ်က ဦးမင်းဟန်လက်ချက်ပဲလို့ မသင်္ကာလေတော့ သူဘယ်မှာ ရှိတယ်ဆိုတာ တိတ်တဆိတ်စုံထောက်၊ သူရှိရာသိတဲ့ ဦးမင်းဟန်ရဲ့ ရန်သူတစ်ယောက်ကို ငွေ ၅၀ဝိ ကျုပ်ကပေးပြီး လိုက်ခိုင်း၊ ကျုပ် ခြောက်လုံးပြူးသေနတ် သူ့ကိုအပ်၊ မော်တော်ကားနှင့်လိုက်၊ ဟိုရောက်တော့ ဦးမင်းဟန်က မစောမြကို ခြောက်လှန့်ပြီး စစ်ဆေးနေခိုက်နှင့်တွေ့၊ အတင်းဝင်ဖမ်း၊ ကျုပ်ကို ဗျိုတရော ခေါ်တဲ့ ဆေးရည်နဲ့ပက်၊ ကျုပ်လူထိ၊ တော်တော်ကြာတော့ ကျုပ်လူက ဦးမင်းဟန်ကို သေနတ်နှင့်ပစ်၊ ဦးမင်းဟန်တော့ သေမယ် မသေမယ် မဆိုနိုင်ဘူး၊ ဆေးရုံပို့လိုက်ရလေရဲ့ဗျာ'

**ဖေ**။ ။'မြတစ်လုံးရော ဆရာ'

**ရှား**။ ။'မြတစ်လုံးတော့ ဦးမင်းဟန် လက်မှာ ကျုပ်တွေ့တာပေါ့၊ သည်ဟာကတော့ ကျုပ် ကုန်ထားတဲ့ စရိတ်ကလေးကြေအောင်ဟာ စော်ဘွားကြီးထံက ကျုပ်က ဆုငွေထုတ်ယူရလိမ့်မယ်၊ သည့်ပြင် တစ်လုံးအတွက်တော့ မောင်ချစ်က ဆုငွေရလိမ့်မယ်'

**ဖေ**။ ။'ဆရာက သည်အကြောင်းတွေ ဘယ့်နှယ်လုပ်ပြီး သိသလဲ'

**ရှား**။ ။'မျက်မြင်ဒိဋ္ဌ သိတဲ့လူက ကျုပ်ကို ပြောလို့ပေါ့ဗျ၊ မစောမြရေ ထွက်ခဲ့ပါကွယ်'

ထိုခဏ၌ မောင်စံရှား ဝှက်၍ ထားသော အစေခံမကလေး မစောမြသည် အခန်းတွင်းမှ ထွက်လာရာ

**ရှား**။ ။'ကိုင်း ကိုင်း သည်မြမှုနှင့် ပတ်သက်ပြီး ဒုက္ခ ရောက်ရရှာတယ်၊ မောင်ချစ်မှာတော့ ဆုငွေရရဲ့၊ သည်တော့ မစောမြက ဒုက္ခ ရောက်ရတယ်လို့ မအောက်မေ့နှင့်တော့ကွယ်၊ သည်ကနေ့ကစပြီး အသက် ၁၂၀ ကျော်သည်တိုင်အောင် တစ်ဦးနှင့် တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ သင့်သင့်မြတ်မြတ် ပေါင်းသင်းဆက်ဆံ ကြရပါစေဗျား'

**ပြီးပါပြီ**။

× × × × × ×

## ၂၀။ မိုးကုတ်အမွေအမှု၌ မောင်စံရှား စုံထောက်ပုံ

တစ်နေ့သ၌ မောင်စံရှားသည် ညောင်ကန်ရွာ ဓားပြမှုနှင့် လူသတ်မှုများအတွက် အလွန်တရာ အလုပ်ရှုပ်လျက်ရှိနေစဉ် အသက် ၂၃ နှစ်ခန့်ရှိ၍ ဖျပ်ဖျပ်လတ်လတ်ရှိသော သူငယ်မတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍

'ဦးစံရှား ရှိပါရဲ့လားရှင်'

ဟု မေးရာ မောင်စံရှားသည် လူသတ်မှုအကြောင်းနှင့် စဉ်းစားစိတ်ကူးလျက် ရှိသည်ဖြစ်သောကြောင့် မိမိအလုပ်လုပ်နေစဉ် နှောင့်ယှက်ခြင်းကို မကြိုက်မနှစ်သက်တတ်မြဲ ဖြစ်သည့်အတွက် စိတ်ရှုပ်သည့် လက္ခဏာနှင့်

'ရှိတော့ရှိပါတယ် ကလေးမရယ်၊ သို့သော်လဲ အမှုတစ်ခု ရှိနေသေးလို့' ဟု ပြန်ပြောလေရာ ထိုမိန်းကလေးက မောင်စံရှား၏ မျက်နှာကို ခပ်ပြုံးပြုံးကြည့်၍

'အလုပ် ဘယ်လိုရှုပ်သော်လည်း ကျွန်မက တိုင်ပင်စရာရှိလို့ လာခဲ့တာများ အိမ်ပေါ်ကတော့ မောင်းမချကောင်းဘူး ထင်ပါရဲ့ရှင်' ဟုပြောသည်တွင် မောင်စံရှားမှာ မိန်းကလေး၏ ပြုံးရွှင်သောမျက်နှာကို မြင်ရ၍ စိတ်ကူး၍ ရသွားဘိသကဲ့သို့ ပြုံးရယ်ပြီးလျှင်

'ကိုင်း ကိုင်း ဘာကိစ္စရှိလို့တုန်း ဆရာမ၊ ဆယ်မိနစ်လောက်တော့ ကျုပ်နားထောင်ရမှာပေါ့လေ'

**သူငယ်မ**။ ။'ကျွန်မက ဆရာမမှန်း ရှင်ဘယ့်နှယ်လုပ် သိသလဲ'

**ရှား**။ ။'မိန်းကလေး ၁၀၀ အင်္ဂလိပ်စာသင်ရင် ၉၀ လောက်ဟာ လက်ပြင်နဲနဲ ကုန်းရောဗျ၊ ၉၅ ယောက်လောက်က ဘိုဆန်ဆန် ဖြစ်ကရော၊ ၉၉ ယောက်က ဆရာမ လုပ်ကရောဗျ'

ဟု ပြောလေလျှင် သူငယ်မသည် ရယ်မော၍

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ ဆရာမပါပဲ၊ ကျွန်မ အဖြစ်အပျက်ကလေး တစ်ဆိတ်လောက် သည်းခံပြီး နားထောင်စေချင်ပါတယ်ရှင်'

**ရှား**။ ။'ပြောပါဗျာ ပြောပါ၊ ဆယ်မိနစ်နော်'

**သူငယ်မ**။ ။'ကောင်းလှပါပြီရှင်၊ ကျွန်မက မုဆိုးမသမီးပါရှင်၊ ကျွန်မ အဖေ ဆုံးတာ ငါးနှစ်လောက် ရှိပါပြီ၊ ကျွန်မတို့ အဖေမှာ ညီတစ်ယောက်ရှိတာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ပျောက်ပြီး သွားလိုက်တာ မိုးကုတ်မှာလိုလို သတင်းတော့ ကြားရပါရဲ့၊ သို့သော် သူ့ဆီကတော့ ပျောက်သွားကတည်းက စာလဲမပေး၊ လူလဲမလာ၊ လူကြုံကလေးများ တွေ့တဲ့အခါမှာ သတင်းကလေး ကြားရရဲ့ရှင်၊ အခုဖြင့် အဖေဆုံးပြီးကတည်းက တစ်ခါမှ မကြားရပါဘူးရှင်၊ သည်လိုနှင့်နေတုန်း တစ်နေ့သ၌တော့ လူနှစ်ယောက် ကျွန်မတို့အိမ်ကို မေးပြီး ပေါက်လာကြတယ်ရှင်၊ သူတို့က ကျွန်မတို့ ဦးလေးနှင့် သူငယ်ချင်း မိတ်ဆွေများပါတဲ့၊ အင်မတန် ခင်ပါတယ်တဲ့၊ ရန်ကုန်ရောက်တဲ့အခါ ဝင်ခဲ့ပါဆိုလို့ ဝင်ခဲ့ပါတယ်တဲ့'

**ရှား**။ ။'သည်ဟာက ဘယ်တော့ကလဲ၊ ဘယ်လောက်ကြာပြီလဲ'

**မ**။ ။'နှစ်လလောက် ရှိပါပြီရှင်'

**ရှား**။ ။'ကောင်းပြီ၊ ပြောပြစမ်းပါဦး'

**မ**။ ။'သည်လူနှစ်ယောက်အနက် တစ်ယောက်ကတော့ ကိုအဲရီတဲ့၊ မိုးကုတ်ရှမ်း ပါပဲ၊ လူပုံက တယ်ကြီး အရုပ်မဆိုးပေမဲ့ လူမြင်မြင်ချင်း ပြုံးစိစိလိုလို ဘာလိုလို မျက်နှာထားနှင့် အင်မတန် ရွံ့ဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲ၊ တစ်ယောက်ကဖြင့် အသက်သုံးဆယ်ကျော်လောက် ရှိပြီ၊ ဦးလင်းတဲ့၊ သူကတော့ဖြင့် မွန်မွန်ရည်ရည် ပြေပြေပြစ်ပြစ် စကားပြောတတ်ပါရဲ့ရှင်၊ ဟိုလူကတော့ဖြင့် အသက် ၂၅ နှစ်လောက်၊ အသားက ဖြူစပ်စပ်နှင့် အမြင်ကပ်ဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲရှင်၊ ဒါနှင့် အဲ့ဒီလူ ခပ်ကြီးကြီး ဦးလင်းဆိုတဲ့သူက ကျွန်မတို့သားအမိနှစ်ယောက်မှာ ဘွိုင်းကောက်တွေ ဘာတွေကြောင့် အလုပ်မရှိ အကိုင်မရှိတဲ့အကြောင်း ကြားသိလေတော့ သူ့မှာ သမီးကလေး တစ်ယောက် ရှိပါတယ်တဲ့၊ ယခုသူနေတော့ သမိုင်းမှာ ခေတ္တ တည်းခိုနေပါတယ်တဲ့၊ သုံးလလောက်ကြာမှ ပြန်ပါမယ်တဲ့၊ သည်တော့ကာ သူတို့ မိုးကုတ် မပြန်ခင် သူ့သမီးကလေးကို

အင်္ဂလိပ်စာကလေးနှင့် အတွက်အချက်ကလေးများ သင်ကြားပြသရင် တစ်လကို ငါးဆယ် ပေးပါမယ်လို့ ပြောတာကိုးရှင့်၊ သည်တော့ ကျွန်မက အမေကြီးနှင့် မခွဲနိုင်တဲ့ အကြောင်းပြောတော့ ဦးလင်းက နေတော့ သူ့သမီးကလေးနှင့် နေ့ရော ညပါ နေစေချင်ပါတယ်တဲ့၊ ၇ ရက်ကို တစ်ခေါက် ရန်ကုန်ကို ပြန်ပြီး လည်နိုင်ပါတယ်တဲ့ ပြောတော့ ကျွန်မတို့မှာလဲ အလုပ်အကိုင်က ပြတ်လတ်တုန်း ဖြစ်လေတော့ နောက်တစ်ခေါက် ဦးလင်းအလာမှာ အလုပ်ကို လက်ခံပြီး သူတို့အိမ်ကို ကျွန်မရောက်သွားပါရောရှင်၊ ရောက်သွားတော့ ဦးလင်းကလဲ မုဆိုးဖိုကြီးရှင့်၊ သူ့အိမ်မှာတော့ ထမင်းချက်တဲ့ ရှမ်းမကြီး တစ်ယောက်ရယ် ၊ တောက်တိုမယ်ရခိုင်းတဲ့ ကောင်ကလေးတစ်ယောက်ရယ်၊ သူ့သမီးကလေးရယ်၊ သူရယ် ဒါပဲ ရှိတယ်ရှင့်၊ သည်တော့ ကျွန်မရောက်သွားပြီး တစ်လကျော်ကျော်လောက်ဖြင့် ချောချောမောမောပါပဲရှင်၊ ဘာမှ ပြောစရာ မရှိပါပေဘူး၊ ကလေးမကလေးကလဲ ကျွန်မကို အင်မတန် ခင်ရှာပါတယ်ရှင်၊ ကျွန်မလဲ စနေနေ့ညကို ရန်ကုန် မိခင်ဆီပြန်၊ တနင်္ဂနွေနေ့ တစ်နေ့နေပြီး တနင်္လာနေ့မနက်ကျတော့ ပြန်ပြန်လာတာကိုးရှင့်'

**မ။** ။'သည်လိုနှင့်နေတုန်း တစ်လကျော်လောက်ရှိလို့ တစ်နေ့သ၌တော့ ရေးဦးစွာ ဦးလင်းနှင့် အတူတူလာတဲ့ ကိုအဲရီဆိုတဲ့ လူက အိမ်လာပြီးလည်တာကိုးရှင့်၊ သည်လူက အိမ်ကို အလည်လာရင်ပဲ ဖြီးစပ်စပ်လုပ်ချင်တယ်၊ ကျွန်မလဲ ကျွန်မအိန္ဒြေနှင့် ကျွန်မနေတာပါပဲ၊ ဒါနှင့် တစ်ခေါက်က နှစ်ခေါက်၊ နောက်တော့ နေ့တိုင်းတိုင်းလိုလိုလာပြီး တစ်နေ့တော့ ဦးလင်းမရှိတုန်း သူကကျွန်မကိုချစ်ကြိုက်စကားပြောပါရောရှင်၊ သူက မိုးကုတ်မှာလူရတတ်တစ်ယောက်ပါပဲတဲ့၊ ကျောက်တွင်းတွေ အများကြီး ရှိပါတယ်တဲ့၊ သူ့ကို ယူရင် မော်တော်ကားနှင့် တိုက်ကြီးနှင့် ထားပါမယ်တဲ့ ရှင်၊ ကျွန်မမှာ သူ့မော်တော်ကား စီးချင်ရမှာ အသာထားလို့ အော့တောင်အော့ချင်သေးရဲ့၊ သည်တော့ ကျွန်မက မချစ်ကြိုက်နိုင်ကြောင်းပြောတော့ သူက ကျွန်မကို အတင်းအဓမ္မကြံစည်မယ်လုပ်တုန်း ဖြုန်းခနဲဆို ဦးလင်း ရောက်ပြီးလာ၊ လာတော့ မတော်ကြောင်း၊ ကောင်းကောင်းမွန်မွန် အကျိုးအကြောင်း ပြောတော့ မောင်အဲရီက ဦးလင်းကိုတောင် ထော်လော်ကန့်လန့် ပြောပြီး ကြိမ်းလား မောင်းလားနှင့် ထွက်ပြီး သွားပါရောရှင်'

'သည်အကောင်လဲ ထွက်သွားရော ဦးလင်းက ကျွန်မကို သည်းခံပါမည့်အကြောင်း နှင့် တောင်းပန်ပြီး သည်မှာသာ ဆက်လက်ပြီး အလုပ်လုပ်ပါတဲ့၊ သည်အကောင်လဲ နောက်ကို မလာစေရပါဘူးတဲ့ ၊ ကောင်းကောင်းမွန်မွန် လူကြီးပီပီ ပြောလေတော့ ကျွန်မလဲ အရှက်မကွဲချင်တာနှင့် ကြေအေးလိုက်တာပေါ့ရှင်၊ ကိုင်း ဒါထက် ထူးခြားတဲ့ အကြောင်းတစ်ခု ရောက်ပါပြီရှင်၊ သည်လိုရှင့်၊ ကျွန်မတို့ အိမ်က ကျောက်ဝိုင်းဘုရားနား နီးလေတော့ စနေနေ့ညနေတိုင်း ဘူတာရုံ အသွားမှာ လူပြတ်တဲ့ လမ်းကဖြတ်ပြီး လာရပါတယ်၊ ဒါနှင့် လွန်ခဲ့တဲ့ တနင်္ဂနွေနှစ်ပတ်လောက်က ခါတိုင်းလို ကျွန်မတစ်ယောက်တည်း ဘူတာရုံ လျှောက်ပြီးလာတော့ နောက်ကို ဖြုန်းခနဲ လှည့်ပြီးအကြည့်လိုက်မှာ ခပ်လှမ်းလှမ်းက လူတစ်ယောက် ကျွန်မနောက်က လိုက်လာတာ မြင်ရတာကိုးရှင့်၊ အရပ်က ခပ်ပြတ်ပြတ်၊ ခေါင်းမှာ တဘက်ကြီး ခြုံလို့ရှင့်၊ သို့ပေမဲ့ ကျွန်မ သည်လောက်တောင် အမှတ်မထားသေးပါဘူး၊ အပြန်တော့မှ တစ်ခါ သည်နေရာရောက်ပြန်တော့ သည်လိုပဲ တဘက်ကြီး ခြုံလို့ နောက်က မနီးမဝေး လိုက်လာတာ မြင်ပြန်တော့ နည်းနည်း အံ့သြသွားမိတာကိုးရှင်၊ ဒါထက် တစ်ခါ နောက်စနေနေ့ ရန်ကုန်ပြန်၊ ပြန်တော့လဲ သည်နေရာမှာ သည်လူကိုပဲ ထပ်တွေ့ပြန်၊ နောက် ရန်ကုန်က တနင်္လာနေ့ ပြန်လာတော့လဲ သည်လိုပဲ ထပ်ပြီး နောက်က လိုက်လာတာ တွေ့ပြန်တာကိုးရှင့်၊ ဒါနှင့် ကျွန်မ နည်းနည်း စိတ်မကောင်းတာနှင့် ဦးလင်းကို ပြောပြတယ်၊ ပြောပြတော့ ဦးလင်းက နောက်ကို ရန်ကုန်သွားရင် မြင်းလှည်းကလေးနှင့် ဘူတာထိအောင် သွားပါတဲ့၊ ဘူတာက ပြန်တော့လဲ သည်လိုပဲ မြင်းလှည်းကလေး ငှားစီးပါတဲ့ ပြောတယ်ရှင့်၊ ဒါနှင့် တစ်ခါ သည်စနေရောက်ပြန်တော့ မြင်းလှည်းက မှာမထားမိဘူးရှင့်၊ သည်ေ တာ့ ကျွန်မလဲ ခါတိုင်းစီးနေကျ ရထား စီးချင်တာနှင့် မစောင့်ဘဲ ခြေကျင်ပဲ လျှောက်ပြီးလာခဲ့၊ လူပြတ်တဲ့ နေရာရောက်ပြန်တော့ သည်လိုပဲ တဘက်ခေါင်းမြီးခြုံနှင့် လူတစ်ယောက် နောက်က လိုက်လာ ပြန်တာ မြင်ပြန်တာကိုးရှင့် ။ အဲဒါ မနေ့ညနေကပါပဲရှင်၊ ဒါနှင့် ကျွန်မလဲ တယ်ပြီး မကြောက်တတ်လေတော့ ဘယ်လို လူမျိုးများ ကျွန်မနောက်က တကောက်ကောက် လိုက်ပြီး နေနိုင်ပါလိမ့်လို့ အကဲသိရအောင် အသာကလေးရပ်ပြီးစောင့်နေ ။ ကျွန်မလဲ ရပ်၊ သူလဲရပ်ပါရောရှင်၊ ကျွန်မက ဖြည်းဖြည်းကလေးလျှောက်ပြန်တော့ သူကလဲ ဖြည်းဖြည်းပဲ လျှောက်တယ်ရှင့်၊ ဒါနှင့် ကျွန်မက သူ့ကိုနှပ်မယ်လို့ လမ်းအကွေ့တစ်ခုမှာ အသာကလေး ခိုတဲ့ပြီး စောင့်နေ၊ သူလွန်ပြီး သွားလိုက်မယ် မှတ်တယ်၊ မပေါ်လာဘူးရှင့်၊ ဒါနှင့် ကျွန်မ ပုန်းနေရာက ထွက်လာပြီးနောက် လမ်းကို ပြန်ပြီးကြည့်တော့ လူတစ်ယောက်မှ မရှိဘူးရှင့်၊ ဘယ်ပျောက်သွားတယ် မဆိုနိုင်ဘူး'

**ရှား။** ။'လမ်းကွဲများရှိသလား'

**မ**။ ။'မရှိဘူးရှင့်'

**ရှား**။ ။'သည်လမ်းတစ်ခုပဲ ရှိတယ် ဟုတ်စ၊ အဝေးကြီး မျှော်ကြည့်သေးသလား'

**မ**။ ။'ကြည့်ပါတယ်ရှင်၊ လမ်းကြီးမှ ဖုန်လို့'

**ရှား**။ ။'သည်အနားမှာ အိမ်များ မရှိဘူးလား'

**မ**။ ။'မြောက်ဘက်ကတော့ဖြင့် လယ်ပြင်တွေပဲရှင့်၊ တောင်ဘက်ကတော့ သည်အနားမှာ အိမ်ကြီးတစ်လုံးမြင်တယ်၊ သို့ပေမဲ့ လူတော့ ရှိဟန် မတူဘူး၊ ကိုင်း ဒါပါပဲရှင်၊ သည်အကြောင်း ကျွန်မ မဝေခွဲတတ်အောင် ရှိလေတော့၊ ဦးတို့ တဆိတ် တတ်နိုင်မလားလို့ လာခဲ့ပါတယ်ရှင်'

ဟု ပြောလျှင် မောင်စံရှားလည်း ခေတ္တမျှ စဉ်းစားစိတ်ကူးနေပြီးနောက်

**ရှား**။ ။'ကျုပ် တစ်ခုမေးမယ် မိန်းကလေး ၊ ရှက်တတ်မှာလား'

**မ**။ ။'မရှက်ပါဘူးရှင်၊ မေးသာမေးပါ'

**ရှား**။ ။'မိန်းကလေး ရည်းစားများ ရှိသလား'

**မ**။ ။(မျက်နှာပျက်လျက် ရှက်ရှက်နှင့်) 'ရှိတော့ ရှိပါတယ်ရှင်၊ သို့သော် ဘယ်နည်းနှင့်မှ ကိုတင်အောင် တော့ မဟုတ်နိုင်ပါဘူး'

**ရှား**။ ။(ပြုံးလျက်) 'သြော် ကိုတင်အောင် တဲ့လား၊ ဒါထက် သည့်ပြင် မိန်းကလေးကို ပိုးနေတဲ့လူများ ရှိသလား'

**မ**။ ။'မရှိပါဘူးရှင်၊ ခုနင်က ပြောတဲ့ ကိုအဲရီ တစ်ယောက်ပဲ ရှိပါတယ်'

**ရှား**။ ။'စဉ်းစားပါဦးဗျာ၊ သည့်ပြင်များ မရှိဘူးလား'

**မ**။ ။(မျက်နှာနီလျက်) 'ကျွန်မ ကျွန်မ အထင်ပြောရမှာဖြင့် ဦးလင်းကလဲ ကျွန်မကို မေတ္တာရှိတဲ့ လက္ခဏာတော့ ရှိတယ်ရှင့်၊ သို့သော်လဲ သည်အကြောင်းကို တစ်လုံးမျှ ဖွင့်ပြီး မပြောဖူးရှာပေဘူးရှင်၊ ဒါပေမဲ့ မိန်းမဆိုတာမျိုးဟာ ယောကျ်ား မျက်နှာ မြင်ရင် ကိုယ့်ကို ချစ်ခင်တယ် မချစ်ခင်ဘူးဆိုတာ အသိသားဟာကိုးရှင့်'

**ရှား**။ ။'သြော် ဟုတ်ကဲ့လား၊ သည်လူက ဘာများ လုပ်ကိုင် စားသောက်သလဲ'

**မ**။ ။'မိုးကုတ်မှာတော့ ကျောက်ပွဲစားပဲရှင့်၊ သည်မှာတော့ ဘာမှ မလုပ်ဘူး၊ အလည်သက်သက် လာတယ် ပြောတယ်'

**ရှား**။ ။'ကိုင်း ကိုင်း တော်လောက်ပါပြီ၊ ပြန်ပေဦးတော့ မိန်းကလေးရယ်၊ ကျုပ်လဲယခုတော့ဖြင့် နည်းနည်း အလုပ်ရှုပ်သေးတယ်၊ နောက်များမှ သည်အကြောင်း ထပ်လောင်းပြီး စုံစမ်းရသေးတာပ၊ သို့သော် ကျုပ်ကို မတိုင်ပင်ဘဲ ဘာတစ်ခုမှ မလုပ်နှင့်နော်၊ တကယ်လို့ အကြောင်းထူးရင်လဲ ကျုပ်ကို အကြောင်းကြားလိုက် ကြားလား'

**မ**။ ။'ဟုတ်ကဲ့ရှင့်'

**ရှား**။ ။'မိန်းကလေး နာမည် ဘယ်သူတဲ့လဲ'

**မ**။ ။'မတင်ဦးပါတဲ့ရှင်'

**ရှား**။ ။'ကိုင်း ပြန်ပေဦးတော့ မတင်ဦး'

မိန်းကလေး ပြန်သွားလျှင် မောင်စံရှားလည်း ဆေးတံကို သောက်ရှူရင်း

**ရှား**။ ။'ကြည့်ရပုံတော့ဖြင့် ကြိတ်ပြီးနောက်ပိုးပိုးတဲ့ ငနဲထဲကနှင့် တူတာပဲဗျ၊ ပိုးမယ်ဆိုလဲ ပိုးကြပေမယ် ကိုသိန်းမောင်ရဲ့၊ မိန်းကလေး ရုပ်ကလေးကလဲ သနားကမား ၊ အရွယ်ကလေးကလဲ ကောင်း၊ ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့၊ သို့သော် နည်းနည်း ထူးခြားတဲ့အချက်ကလေး တစ်ခု နှစ်ခုတော့ဖြင့် ပါတာပဲဗျ'

**ကျွန်တော်။** ။‘သည်နေရာရောက်မှချည်း ပေါ်ပေါ်လာတဲ့ အချက်ဟာလားဗျာ’

**ရှား။** ။‘အစစ်ပေါ့ဗျာ၊ ကျုပ်တို့ လက်ဦး ဘာလုပ်ရမလဲဆိုတော့ သည်လူ ပျောက်သွားတယ်ဆိုတဲ့ အနားက အိမ်ကြီးမှာ ဘယ်သူများ နေတယ်ဆိုတာ ကျုပ်တို့ စုံစမ်းဖို့ ရှိတယ်’

**ကျွန်တော်။** ။‘မိန်းကလေးက ပြောတော့ လူမရှိဘူး ပြောပါလားဗျ’

**ရှား။** ။‘လူရှိပုံ မပေါ်ဘူး ပြောတယ်ဗျ၊ လူမရှိဘူးလို့ အတပ် မပြောဘူးဗျ၊ ပြီးတော့ သည့်ပြင်တစ်ချက် ဦးလင်းနှင့် မောင်အဲရီဆိုတဲ့ လူနှစ်ယောက်ဟာ သည်လောက် သဘောချင်းကွဲလွဲရက်နှင့် ဘယ်လိုများ ဆက်သွယ်ခြင်းရှိလို့ ပေါင်းသင်း ဆက်ဆံနေကြတယ်ဆိုတာ ကျုပ်တစ်ခု သိချင်တယ်၊ ပြီးတော့ တစ်ခါ သူတို့ နှစ်ယောက်စလုံးက ဘာပြုလို့ မတင်ဦးကလေး ကို အရေးတယူ အပင်ပန်းခံလိုက်ရှာပြီး နှစ်ယောက်စလုံး ချစ်ကြိုက်ကြ၊ ပိုးပန်းကြသလဲဆိုတာ ကျုပ် တစ်ချက် သိချင်တယ်၊ ပြီးတော့နောက်ဆုံးတစ်ချက်ကတော့ သူတို့ကျောက်ကုန်သည်မိုးကုတ်သားဆိုတဲ့လူမျိုးဟာ သမီးကိုမဆိုထားနှင့် သားကလေး များတောင် အင်္ဂလိပ်ပညာကို သင်ကြားဖို့ ဝါသနာ မရှိတတ်ဘဲလျက် ယခု သမီးကလေးအတွက် တစ်လ ၅၀ိ အကုန် ခံပြီး သင်ပေးတဲ့အချက်ဟာ ကျုပ် နည်းနည်းကလေး ထူးဆန်းတယ် ထင်တယ်၊ ဘယ့်နှယ်လဲဗျာ၊ ကိုသိန်းမောင်’

**ကျွန်တော်။** ။‘ဟုတ်ပါရဲ့ဗျာ၊ ဒါထက် ခင်ဗျား သွားပြီး မစုံစမ်းတော့ဘူးလား’

**ရှား။** ။‘ကျုပ်ကိုယ်တိုင် မသွားသေးပါဘူးဗျာ၊ ခင်ဗျားပဲ သွားပြီး စုံစမ်းချေပါတော့၊ သည်ကိစ္စက တယ်ပြီး အရေးကြီးပုံ မပေါ် လေတော့ သည့်ပြင် ကိစ္စကြီးကို ဖျက်ပြီး ကျုပ်ကိုယ်တိုင် သွားဖို့ မတော်ဘူး ထင်ပါရဲ့၊ သည်တော့ မနက်ဖြန် တနင်္လာနေ့ မနက်စောစော ခင်ဗျားက သမိုင်းဘူတာကို လိုက်သွားပြီး ခုနင်က ပြောတဲ့ အိမ်ကြီးနားက အသာချောင်းပြီး ကြည့်နေ၊ ကြည့်ပြီး ခင်ဗျား ဉာဏ်ရှိသလောက် ကြည့်ပြီးခရီးသွားစမ်းပေတော့ဗျာ၊ ကျုပ် နည်းတွေလဲ ခင်ဗျား တော်တော် အသိသားကပဲ မဟုတ်လား၊ ခင်ဗျား ဘာလုပ်မလဲ၊ မြင်ရသမျှ မှတ်သားပြီး ဟိုအိမ်ကြီးမှာ ဘယ်သူများ နေတယ်ဆိုတာ ထောက်လှမ်းမေးမြန်းခဲ့ရမယ်၊ မေးမြန်းပြီး ကျုပ်ဆီကို ခင်ဗျား ကြားသိတွေ့မြင်ခဲ့ရသမျှ အစီရင်ခံစာ တင်သွင်းရမယ် ဟုတ်လား’

ဟု ပြောလျှင် ကျွန်တော်မှာ မောင်စံရှားသည် ကျွန်တော့်အား ဤအမှု၌ အတော်အတန် ယုံကြည်သဖြင့် လွှဲအပ် နေပြီတကားဟု များစွာ အားတက်လျက် ခိုင်းသည့်အတိုင်း တနင်္လာနေ့နံနက် ၇ နာရီခန့်တွင် အိမ်မှ ထွက်၍ သမိုင်းဘူတာသို့ လိုက်လာခဲ့လေ၏။

၎င်းနောက် ကျွန်တော်သည် ဘူတာရုံမှ ကျောက်ဝိုင်းဘုရားသို့ သွားသော လမ်းတလျှောက် လိုက်လာခဲ့၍ လူသွားလူလာပြတ်ရာ အိမ်ကြီးတစ်ဆောင်သို့ ရောက်လေလျှင် လမ်းနံဘေးရှိ ခြုံပုတ်ငယ်တစ်ခုမှ ချောင်းမြောင်းစောင့်ဆိုင်း လျက် ရှိရာ နာရီတစ်ဝက်ခန့်မျှ ရှိလျှင် လူတစ်ယောက်သည် ယောလုံချည်နှင့် အင်္ကျီနက်ကို ဝတ်လျက် ကျောက်ဝိုင်း ဘုရားဆီမှ ဘူတာဘက်သို့ လျှောက်လာပြီးလျှင် ကျွန်တော်၏ အနီးသို့ ရောက်လာကာ ကျွန်တော်နှင့် မနီးမဝေးရှိသော အိမ်ကြီးအနီး ဝင်းထရံနား၌ ရှိသော ချုံငယ်တစ်ခု၌ ပုန်းအောင်းကာ စောင့်ဆိုင်းနေလေ၏။

၎င်းနောက် ၁၅ မိနစ်ခန့်ကြာလတ်သော် ဆရာမ မတင်ဦးသည် ဘူတာရုံဘက်မှ ကျွန်တော်တို့ ရှိရာသို့ လျှောက်လာရာ ကျွန်တော်ရှိရာ ချုံအနီးသို့ ရောက်သည့်ကာလ တောင်မြောက်လေးပါးကို ကြည့်ရှုလျက် လျှောက်သွားသဖြင့် အနည်းငယ်ကျော်လွန်လေလျှင် ယခင်ကလူလည်း ချုံမှ ထွက်လာ၍ မိန်းကလေး၏နောက်မှ လိုက်သည်ကို တွေ့မြင်ရလေ၏။ အတန်ငယ် သွားမိလျှင် သူငယ်မသည် နောက်သို့လှည့်၍ အကြည့်တွင် ထိုသူကို မြင်သည်နှင့် ခပ်ဖြည်းဖြည်းမျှ လျှောက်ရာ ထိုသူလည်း ခပ်ဖြည်းဖြည်းသာလျှင် လျှောက်လေ၏။

၎င်းနောက် သူငယ်မလည်း ရုတ်တရက် ရပ်လိုက်ရာ ထိုသူလည်း သူငယ်မ၏ အနီးသို့ မရောက်စေလိုမှု၍ ရပ်လေ၏။ ထိုအခါ သူငယ်မသည် ဖြုန်းခနဲ နောက်သို့ လှည့်၍ ထိုသူ ရှိရာသို့ ပြန်လာရာ ထိုသူလည်း ရုတ်တရက် နောက်သို့ လှည့်၍ ထွက်ပြေးလေ၏။ ၎င်းနောက် သူငယ်မလည်း ဤမျှလောက် သူရဲဘောနည်းသော သူတစ်ယောက်အား အရေး မလုပ်မှု၍ နောက်သို့မျှ လှည့်၍ မကြည့်ဘဲ မိမိသွားရာလမ်းကို ဆက်လက် လျှောက်သွားလေ၏။ ထိုအခါ ထိုသူလည်း ရှေးကကဲ့သို့ သူငယ်မ၏ နောက်မှ မနီးမဝေး လိုက်သွားပြန်လေရာ လမ်းကွေ့တစ်ခုကို ကျော်လွန်ပြီးနောက် နှစ်ယောက်သားတို့သည် ပျောက်ကွယ်၍ သွားကြလေ၏။

ထိုအခါ ကျွန်တော်လည်း ညောင်းညာလှသည် ဖြစ်၍ ပုန်းအောင်းနေရာ ချုံငယ်မှ ထွက်မည်အပြုတွင် ထိုသူလည်း တဖြည်းဖြည်း ကျွန်တော်ရှိရာဘက်သို့ ပြန်လာသည်ကို မြင်သည်နှင့် တစ်ဖန် ပုန်းအောင်းရပြန်လေရာ ထိုသူလည်း ယခင်က အိမ်ကြီးအနီးတွင် မိမိ၌ ခြုံထားသော တဘက်ကို ဖြုတ်ပြီးနောက် သူငယ်မ သွားသော လမ်းအတိုင်း တဖြည်းဖြည်း လျှောက်၍ ပျောက်သွားလေ၏။

ထိုအခါ ကျွန်တော်လည်း ယနေ့မနက်အတွက် အတော်အတန် တွေ့မြင်ခဲ့ရသဖြင့် မောင်စံရှားထံ အစီရင်ခံရန် လုံလောက် ချေပြီဟု ဝမ်းသာအားရနှင့် ဘူတာရုံသို့ ပြန်လာခဲ့ပြီးလျှင် ၎င်းအိမ်ကြီး၌ မည်သူများ နေထိုင်ပါသနည်းဟု မေးမြန်းရာ ၎င်းအိမ်၌ မည်သူ နေထိုင်သည် မသိ၊ အိမ်ရှင်မှာမူ ရန်ကုန်မြို့ ကုန်ဈေးတန်း၌ ရှိကြောင်းညွှန်လိုက်သည်ဖြစ်၍ ကျွန်တော်လည်း သွားရောက်မေးမြန်းလေ၏။ အိမ်ရှင်နှင့်တွေ့သဖြင့် ကျွန်တော်လည်း ၎င်းအိမ်ကို ငှားလိုကြောင်း ပြောရာ အိမ်ရှင်က ၎င်းအိမ်ကြီးမှာ ယခု မအားလပ်ကြောင်း၊ လွန်ခဲ့သည့် လကပင် ငှားရမ်းလိုက်ကြောင်း၊ အမည်မှာ ဦးဖေမောင် ဖြစ်ကြောင်း၊ ထို့ပြင် ထိုသူ၏ အကြောင်းကို တစ်စုံတစ်ရာ မသိကြောင်းများနှင့် ကောင်းမွန်စွာပြန်ပြောလိုက်လေ၏။

ကျွန်တော်သည် အိမ်သို့ရောက်သည်တွင် မောင်စံရှားအား ကျွန်တော်တွေ့မြင်ခဲ့ရသည့် အခြင်းအရာတို့နှင့်တကွ မေးမြန်း စုံစမ်းသိရှိခဲ့ရသမျှများကို ဝမ်းသာအားရနှင့် ပြန်ပြောလေရာ မောင်စံရှားသည် စိတ်ရှည်လက်ရှည် နားထောင်ပြီးနောက် ကျွန်တော် မျှော်လင့်သည့်အတိုင်း ကျွန်တော့်အား ချီးမွမ်းစကား ပြောကြားခြင်း မပြုဘဲ စိတ်ပျက်သော မျက်နှာထားနှင့်

**ရှား။** ။'ခင်ဗျား ပုန်းတဲ့ နေရာကိုက တယ်ပြီး ဝေးတာကိုးဗျ၊ တကယ်ဆိုတော့ သည်လူ့ မျက်နှာကို သေသေချာချာ မြင်ရအောင် ဝင်းထရံနားက ကပ်ပြီး ပုန်းနေပါတော့လားဗျာ၊ မတင်ဦးက သည်လူကို မမြင်ဖူးဘူးမှတ်တယ်၊ ကျုပ်ကတော့ သည်လူဟာ ဧကန္တ မတင်ဦးသိတဲ့ လူထဲကပဲလို့ ကျုပ်ထင်တယ်၊ တကယ်လို့သာ အသိမဟုတ်ရင် မိန်းကလေး အနား ရောက်မှာကို ဘာပြုလို့ သူသည်လောက် ကြောက်ရမှာလဲဗျ၊ ခေါင်းမှာ တဘက်ကြီးခြုံထားတယ် ဆိုတဲ့ တစ်ချက်ကလဲ မျက်နှာသိမှီ့လို့ မျက်နှာကို မိန်းကလေးမမြင်အောင် ဖုံးထားတဲ့ လက္ခဏာပဲ၊ ခင်ဗျား လုပ်ပုံတွေက တယ်ပြီး ရှော်တာကိုးဗျ၊ သည်အိမ်ကြီးမှာ ဘယ်သူများနေတုန်းလို့ သိချင်တဲ့ဟာ ရန်ကုန်က အိမ်ရှင်လာပြီး မေးရတယ်၊ တော်ပါပေရဲ့ဗျာ'

ထိုအခါ ကျွန်တော်က စိတ်ပေါက်ပေါက်နှင့်

**ကျွန်တော်။** ။'ဒါဖြင့် ဘယ့်နှယ် လုပ်ရမလဲဗျာ'

**ရှား။** ။'လက်ဖက်ရည်ဆိုင်သွားရတယ်ဗျ၊ သမိုင်းတစ်ခုလုံးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှ မရှိဘူးလား၊ လက်ဖက်ရည် ဆိုင်မှာမှ စကားစုံ ကြားရတယ်ဗျ၊ လူလဲစုံတယ်၊ သည်အိမ်မှာနေတဲ့လူက ကိုဖေမောင်တဲ့၊ ကိုဖေမောင်ဆိုလို့ ကျုပ်တို့ ဘာသိ မှာလဲဗျာ၊ လတ်စသတ်တော့ ခင်ဗျားကိုလွှတ်လိုက်ရတာဟာ ဘာများထူးခဲ့သလဲဆိုတော့ သူငယ်မကလေး ပြောတဲ့အချက်များ ဟာ မှန်ကန်တယ် ဆိုတာဖြင့် သိရပေရဲ့၊ ဒါတော့ ခင်ဗျားမသွားပေမယ့် မှန်တယ်ဆိုတာ ကျုပ်လဲ အသိသားကပဲဗျာ၊ ကဲ ကဲ သို့သော် စိတ်ပျက်မနေပါနှင့် ကိုသိန်းမောင်၊ နောက်တစ်ခါတော့ဖြင့် ခင်ဗျား သည်ထက် လိမ္မာလာမှာပေါ့၊ ကိုင်း သို့သော် နောက်စနေထိအောင် စောင့်ကြရသေးတာပေါ့လေ၊ သည်အတွင်း ကျုပ်လဲပဲ အချက်ကလေး တစ်ခုနှစ်ခု ရှင်းလင်းအောင် လုပ်ပြီးထားနှင့် ရမှာပဲ'

နောက်တစ်နေ့နံနက်၌ ကျွန်တော်တို့သည် မတင်ဦးထံမှ စာတစ်စောင် ရရှိလေရာ ၎င်းစာမှာ ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရသော အကြောင်းအရာများ ပါရှိသည့်ပြင် အခြားအကြောင်းများမှာ

**"ကျွန်မအား လခပေး၍ ငှားရမ်းသူ ဦးလင်းသည် ကျွန်မအား ယခုနေ့လည်က ချစ်ကြိုက်ကြောင်း ပြောဆိုသည်ဖြစ်၍ ကျွန်မမှာ ဤအိမ်၌ ဆက်လက်နေထိုင်ရန် ခဲယဉ်းလှပါတော့သည်"**

စသည်ဖြင့် အဆုံးသတ်၍ ပါရှိလေသည်။ မောင်စံရှားလည်း ၎င်းစာကို ဖတ်ပြီးနောက် စဉ်းစားစိတ်ကူးလျက် ရှိသောမျက်နှာထားနှင့်

'အင်း သူငယ်မကလေးကဖြင့် ဘေးအန္တရာယ်တွေ တော်တော်ဝိုင်းနေပြီ မှတ်တယ်ဗျို့၊ သတင်းကြားရပုံ တယ်ပြီး အကဲမရဘူး၊ သည်အမှုက ကျုပ်အစတုန်းက ထင်သလောက် မကဘူး၊ တော်တော်ကလေး ရှုပ်ပုံပေါ်တယ်၊ ကိုင်း ခင်ဗျားလဲ အလုပ် သွားပေတော့၊ ကျုပ်လဲ အညောင်းပြေ သမိုင်းကို ခဏလောက် လျှောက်သွားပြီး ကျုပ်ထင်ချက်ကလေး တစ်ခုနှစ်ခု ကိုက်ရဲ့လား လို့ သွားပြီး စုံစမ်းချေဦးမယ်'

ငင်းနေ့ညနေ၌ မောင်စံရှားသည် အိမ်ပေါ် သို့ တက်လာရာ ကျွန်တော်မှာ ၎င်း၏ အဖြစ်ကို မြင်သဖြင့် အံ့သြလျက်ရှိရလေ၏။ ကျွန်တော် အံ့သြရခြင်းအကြောင်းမှာ မောင်စံရှားသည် နှုတ်ခမ်းပြတ်လျက် နဖူး၌လည်း ဇီးဖြူသီးခန့် ပမာဏရှိသော အဖုကြီးတစ်ခုသည် ညိုမည်းစွာ ထလျက် တစ်ကိုယ်လုံးမှာလည်း မောပန်းနွမ်းနယ်သည့် အမူအရာနှင့် ရှိနေသောကြောင့် ဖြစ်လေသည်။

ထိုအခါ ကျွန်တော်သည် အကြောင်းမည်သို့ ရှိလေသနည်းဟု မေးမြန်းရာ မောင်စံရှားသည် အဝတ်များလဲလှယ်ပြီးနောက် ကုလားထိုင်တစ်ခုပေါ်တွင် ဟက်ဟက်ပက်ပက် ရယ်မောကာ ထိုင်လျက်

**ရှား**။ ။'အလုပ်ကြမ်းများ ချွေးထွက်အောင် မလုပ်ရတာ ကြာလှပြီ၊ သည်တစ်ခါဖြင့် တယ်နေရာကျသဗျာ၊ ကျုပ်ကျောင်းမှာ နေတုန်းက လက်ဖွေ့သတ်တဲ့ အတတ်မှာ တော်တော်ကျွမ်းကျင်ခဲ့လို့ ဆုတွေဘာတွေ ရတာ ခင်ဗျားကို ပြောဖူးသလား၊ တစ်ခါတစ်ခါတော့ ကျုပ်တို့ စုံထောက်များမှာ သည်အတတ်ဟာ အင်မတန် အသုံးကျတယ်ဗျ ၊ ဥပမာ သည်ကနေ့များ ကျုပ် သည်အတတ် မတတ်လို့ရှိရင် ဧကန္တ ဆေးရုံတက်ရပြီးသားပဲ'

**ကျွန်တော်**။ ။'အခုတောင် တက်ရပုံ ပေါ်နေပါပြီဗျာ'

**ရှား**။ ။'ဟုတ်တယ်ဗျာ၊ တော်တော် ကျင်လည်တဲ့အကောင်ပဲ၊ ဒါနှင့် ပြောရဦးမယ်၊ ကျုပ်က သည်ကသွားရော၊ သွားပြီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဝင်၊ ဝင်ပြီး စကား ခပ်များများ လူတစ်ယောက်ကို ကျုပ်က လက်ဖက်ရည်ကလေးများတိုက်ပြီး မေးလို့ ဟိုလူက ကျုပ်သိချင်တဲ့ အချက်တွေ ပြောပြီးနေတာပေါ့ဗျာ၊ သည်အိမ်မှာ ပွဲစားဦးဖေမောင်ဆိုတဲ့ လူတစ်ယောက်က ငှားနေတယ်တဲ့၊ သည်လူက ရှမ်းခပ်ဆန်ဆန်ပဲတဲ့၊ ပွဲစားဆိုပေမဲ့ ဘာပွဲစားလဲ မသိဘူးတဲ့၊ ပျော်တော့ဖြင့် တော်တော်ပျော်တဲ့ လူတစ်စုနှင့် သဏ္ဍာန်တူတယ်တဲ့၊ သူတို့အထဲမှာ အပျော်ဆုံးကတော့ ကိုအဲရီဆိုတဲ့ လူတစ်ယောက်ပဲတဲ့၊ သည်လူကဖြင့် တစ်ခါ တစ်ခါ မူးပြီဆိုမှဖြင့် အရပ်ထဲလျှောက် သီချင်းတွေဆို၊ အင်မတန်ဆူတဲ့သူတစ်ယောက်ပဲလို့ ပြောနေတုန်း ရှိသေး၊ ဖြုန်းခနဲဆို ကိုအဲရီကိုယ်တိုင် လက်ဖက်ရည်ဆိုင်ထဲဝင်လာပြီး သူ့အကြောင်းပြောနေကြတာ ဘယ်သူများလဲတဲ့၊ ခင်ဗျားတို့နှင့် ဘာဆိုင်သလဲတဲ့၊ ဘာကောင်တွေမို့ သူများအကြောင်း ဘာသာမနေဘဲ တောင်လျှောက်မေး မြောက်လျှောက်မေး မေးရတာလဲတဲ့၊ တကတည်းဗျာ၊ ရန်ထောင်တဲ့ပြီး ကျုပ်ကို လက်သီးနှင့် တစ်ချက်သတ်လိုက်တာကိုးဗျ၊ ကျုပ်လဲ အမှတ်တမဲ့မို့ မရှောင်နိုင်လို့ နှုတ်ခမ်းထိသွားတယ်၊ သည်ဟာ သူ့လက်ချက်ဗျ၊ ဒါနှင့် ကျုပ်လဲ သူက အရင်စပြီး ထိုးလေတော့ စိတ်ကလေးက နဲနဲထွက်လာတာနှင့် ဘယ်ရောညာရောတင်လိုက်တာ ကျုပ်မှာတော့ နဖူးမှာ တစ်ချက်၊ နှုတ်ခမ်းမှာ တစ်ချက်၊ ဒါပဲ၊ ခင်ဗျားလူဖြင့် လှည်းနှင့်ကို တိုက်ပြီးထုတ်ရတာပဲ၊ ကဲ ကဲ ဒါပါပဲဗျာ၊ ကျုပ်လဲပဲ နှုတ်ခမ်းပြတ်တာလောက်ပဲ သာပါတယ်၊ သည့်ပြင်ဖြင့် အတူတူလိုပါပဲဗျာ၊ တယ်ပြီး မထူးလှပါဘူး'

ငင်းနောက် ၂ ရက်မျှ ကြာလတ်သော် ကျွန်တော်တို့လည်း မတင်ဦးထံမှ စာတစ်စောင် ရရှိပြန်လေရာ ၎င်းစာမှာ

"ကျွန်မမှာ ဤအိမ်၌ ဆက်လက်နေထိုင်၍ အလုပ်လုပ်ကိုင်ရန် ဖြစ်နိုင်တော့မည် မဟုတ်ပါ။ သို့ဖြစ်၍ ယခုစနေနေ့ ကျွန်မ ရန်ကုန်သို့ ပြန်လာသောအခါ တစ်ဖန် ပြန်၍ သွားတော့မည် မဟုတ်ပါ။ သို့ရာတွင် ကျွန်မပြန်သောအခါ မြင်းလှည်းနှင့် ပြန်မည် ဖြစ်ပါ၍ ယခင်က ဘေးရန်အတွက် စိုးရိမ်ရန် ရှိမည်မဟုတ်တော့ပါ။

ကျွန်မသည် ဤအလုပ်မှ ထွက်ရခြင်း အကြောင်းမှာ ဦးလင်းက ချစ်ကြိုက်စကား ပြောရုံမျှမက ယခင်က ကျွန်မ ရွံ့မုန်းတဲ့ ကိုအဲရီလည်း အိမ်သို့ ဝင်ထွက်သွားလာနေသောကြောင့် ဖြစ်ပါသည်။ ကျွန်မမျက်စိ၌ ကြည့်၍မရသည့်အပေါ်မှာ ယခုမူကား တစ်မျက်နှာလုံး အညိုမဲစွဲနေသည်ဖြစ်၍ သာ၍ပင်အကြည့်ရခက်လှပါသေးသည်။ ၎င်းကိုအဲရီသည် ဦးလင်းနှင့် အတန်ကြာ အောင်တိုင်ပင်နေကြပြီးနောက် ကိုအဲရီပြန်သွားသည့်အခါ ဦးလင်းမှာ အခါတိုင်းနှင့်မတူ တုန်လှုပ်သည့် အမူအရာ ရှိသည်ကို ကျွန်မ တွေ့မြင်ရပါသည်။ သို့ရာတွင် ကျွန်မမှာ သူတို့အတွက် စိုးရိမ်ရန် ရှိတော့မည် မဟုတ်ပါ။ ယခု စနေနေ့တွင် ရန်ကုန်သို့ အပြီးပြန်လာတော့မည် ဖြစ်ပါကြောင်း"

**ရှား**။ ။(စာရွက်ကို ကိုင်ကာ စဉ်းစားလျက်)'အင်း စိုးရိမ်ဖို့မရှိဘူးလို့ မျှော်လင့်ရတော့တာပ လေ၊ သို့သော်လဲ ကျုပ်ဖြင့် တယ်ပြီး စိတ်မအေးလှဘူးဗျ၊ သည်သူငယ်မကလေးအတွက် စိုးရိမ်စရာ အများကြီးရှိတယ် မှတ်တယ်၊ ကိုင်း သည်လို ပစ်ထားလို့တော်မယ်မထင်ဘူး၊ သည်စနေနေ့ ခင်ဗျားအလုပ်ကစောစောပြန်ခဲ့ဗျာ၊ ကျုပ်တို့နှစ်ယောက် သမိုင်းကို သွားကြ

မယ်၊ သတိဆိုတာ လွှန်နိုင်တယ်မရှိဘူး၊ လိုတယ်သာရှိသတဲ့၊ သည်တော့ သည်သူငယ်မကလေးဟာ ကျုပ်တို့ဆီ လာရှာ လျက်နှင့် တစ်စုံတစ်ရာ မဖြစ်ရအောင် ကျုပ်တို့ စောင့်ရှောက်ချေစို့ဗျာ'

ကျွန်တော်မှာ ဤအမှု၌ အစမှ အဆုံးတိုင် သိရှိခဲ့ပါသော်လည်း အနည်းငယ်မျှ ထူးခြားသည်ဟူ၍သာလျှင် မှတ်ထင်လျက် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြဖွယ်ရှိသည် ဟူ၍ မှတ်ထင်ခဲ့သည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မိန်းကလေးချောချော တစ်ယောက်အား ယောကျ်ားကလေး တစ်ယောက်က နောက်မှ လိုက်ခြင်းသည် တရားစွဲဆိုနိုင်သည့် အမှုမျိုး မဟုတ်၊ ကမ္ဘာ လောက၏ ထုံးစံဓမ္မတာမျှသာ ဖြစ်လေရာ ထိုသူသည် မိန်းကလေးအား အနီးသို့ အချဉ်းမခံသည်မှာလည်း ကြောင့်ကြ စိုးရိမ်ဖွယ် မဟုတ်၊ သွေးမရှိသော လူမျိုးမျှသာ ဖြစ်သောကြောင့် ဖြစ်တန်ရာချေသည်။ သို့ရာတွင် စနေနေ့ညနေ သွားခါနီး အချိန်၌ မောင်စံရှားက 'ကိုသိန်းမောင်၊ ခင်ဗျား တုတ်မာမာယူခဲ့ဗျို့၊ နောင် အသုံးကျကောင်း ကျလိမ့်မယ်၊ ဟန်တိန်တုတ်ဟာ ကောင်းတယ်ဗျ'

ဟု ပြောသည့်အခါမှ ဘေးဥပါဒ် အန္တရာယ်အတွက် စိုးရိမ်ဖွယ်ရှိကြောင်း တွေးတောမိလေ၏။

ကျွန်တော်တို့လည်း သမိုင်းဘူတာရုံသို့ ရောက်ကြလေလျှင် ကျောက်ဝိုင်းဘုရားဘက်သို့ ခြေလျင်လျှောက်လာကြရာ လူပြတ်ရာလမ်းသို့ ရောက်လေလျှင် မောင်စံရှားက

'ဟောဟိုရှေ့က လာတဲ့ မြင်းလှည်းဟာ သူငယ်မ စီးလာတဲ့ မြင်းလှည်းပဲ မှတ်တယ်ဗျို့၊ မြန်မြန်လာဗျာ၊ ကိုသိန်းမောင် မြန်မြန် လျှောက်ပါဗျ၊ မြင်းက ကဆုန်ချပြီး လာပါကလားဗျ၊ တယ်ပြီး အခြေမလှဘူးထင်တယ်၊ ဟော ကြည့်ပါလား၊ လူလဲ မပါဘူးဗျို့၊ မောင်းတဲ့လူလဲ မပါဘူး၊ ခိုးပြေးကြပြီဗျို့၊ ခိုးပြေးကြပြီ၊ ကိုင်း ကိုသိန်းမောင် ခင်ဗျားက ဟိုဘက်က ဆီး၊ ကျုပ်က သည်ဘက်က ဆီးမယ်၊ မြင်းဇက်ကို ဆွဲနော်'

ဟု ပြောပြီးနောက် ကျွန်တော်တို့လည်း လမ်းတစ်ဖက်တစ်ချက်မှ စောင့်နေကြပြီးလျှင် မြင်းသည် ကျွန်တော်တို့ အနီးသို့ရောက်လာသည်နှင့် တစ်ပြိုင်နက် မြင်းဇက်ကို နှစ်ယောက်သား ခုန်၍ ဆွဲလိုက်ကြရာ မြင်းလည်း ရပ်တန့်လေ၏။

ထိုအခါ ကျွန်တော်တို့လည်း လှည်းပေါ် သို့ တက်ကြပြီးလျှင် မြင်းကို လှည့်၍ ဘုရားဘက်သို့ တစ်ဖန် မောင်းလာခဲ့ကြရာ လမ်းခရီးတွင် ကျွန်တော်တို့ရှိရာသို့ ပျာရိပျာယာ လာနေသည့်လူတစ်ယောက်နှင့် တွေ့၍ ကျွန်တော်က

'ဟောဟို လူပဲဗျို့၊ မတင်ဦးနောက်က တစ်နေ့က လိုက်တဲ့လူဟာ၊ ဟိုလူပဲဗျို့'

ဟု ပြောဆဲတွင် ထိုသူက လမ်းလယ်တွင် ရတ်တရက် ရပ်တန့်၍

'အလို သူငယ်မကလေးကော၊ သူငယ်မကလေးကော၊ မတင်ဦးကော၊ ရပ်ဗျို့နော်၊ ရပ်စမ်း၊ မရပ်ရင် ခင်ဗျားတို့ မြင်းခေါင်းကို ကျုပ် တုတ်နှင့် ချလိုက်မယ်'

ဟု ပြော၍ လက်မှကိုင်ထားသော ရှားနှစ်တုတ်နှင့် ရွယ်လေလျှင် မောင်စံရှားလည်း မြင်းလှည်းကို ရပ်၍ လှည်းပေါ်မှ ခုန်ဆင်းပြီးလျှင်

'ကျုပ်တို့ ခင်ဗျားကို တွေ့ချင်လို့ လာတာပဲ၊ မတင်ဦး ဘယ်မှာလဲ ပြောစမ်း'

**ထိုသူ**။ ။'အလို ခက်ချေပြီ၊ မတင်ဦး ဘယ်မလဲ ဆိုတာ ကျုပ်က ခင်ဗျားတို့ကို မေးတာဗျ၊ သည်လှည်းဟာ ကျုပ် ငှားပေးလိုက်တဲ့ လှည်းပဲ၊ မိန်းကလေးကော ဘယ်မှာလဲ အခု ပြောစမ်းပါဗျ'

**ရှား**။ ။'သည်လှည်းကို ကျုပ်တို့ လမ်းမှာ တွေ့တယ်၊ လှည်းပေါ်မှာ ဘယ်သူမှ မပါလေတော့ မိန်းကလေးကို ကယ်ဆယ်ဖို့ ကျုပ်တို့ လာခဲ့တယ်'

**ထိုသူ**။ ။'အလိုလေးဗျာ၊ ပြီးပါပြီ၊ ဒါဖြင့် မတင်ဦးကလေး ဟိုခွေးမသား ငအဲရီလက်ထဲ ရောက်သွားပါပြီ၊ ကိုင်း ခင်ဗျားတို့ မတင်ဦး မိတ်ဆွေတွေလား၊ ဒါဖြင့် မြန်မြန်လာကြဗျာ၊ တဆိတ် မြန်မြန်လာကြပါဗျာ'

ဟုပြောလျက် တုတ်ကြီးရမ်းကာ ရှေ့မှ လျှောက်ပြေးလေလျှင် ကျွန်တော်တို့လည်း နောက်မှ ပြေး၍ လိုက်ပါသွားကြလေ၏။ မြင်းလှည်းမှာမူ လမ်းပေါ်၌ ကျန်နေရစ်ခဲ့လေ၏။

ယခင်က အိမ်ကြီးနှင့် မနီးမဝေး ချုံပုတ်တစ်ခုသို့ ရောက်လေလျှင် ကျွန်တော်တို့လည်း ချုံတွင်းမှ ခြေနှစ်ချောင်း ထွက်နေသည်ကို မြင်သဖြင့် ကြည့်ရှုကြရာ ထိုသူက

'ဟော ကြည့်ကြပါဦးတော့ဗျာ၊ ဟောသည်ဟာ လှည်းမောင်းတဲ့ သူငယ်ကလေးပဲ'

ဟု ပြော၍ သေချာစွာ ကြည့်ရှုသည်တွင် သူငယ်မှာ ဦးခေါင်း၌ ဒဏ်ရာတစ်ခုတွေ့ရှိလျက် မူးမေ့၍ နေသည်ကို တွေ့ရှိရလေ၏။

ငင်းနောက် ထိုသူက

'ကိုင်း သူငယ်အတွက် ကိစ္စမရှိပါဘူးဗျာ၊ မသေနိုင်ပါဘူး၊ သူငယ်မနောက်ကို လိုက်ကြပါဦးစို့ဗျာ'

ဟု ပြော၍ ရှေ့မှ လျှောက်ပြေးပြန်လျှင် ကျွန်တော်တို့လည်း နောက်မှ လိုက်သွားကြရာ ယခင်က အိမ်ကြီးအနီးသို့ ရောက်ကာလ သူငယ်မတစ်ယောက်၏ အော်သံကို ကြားရသည်နှင့် ကျွန်တော်တို့လည်း အစွမ်းကုန် ပြေးသွား၍ ဝင်းအတွင်းသို့ ဝင်သွားကြလေ၏။

အိမ်လှေကားရင်းတွင် လူတစ်ယောက်လည်း တုတ်တစ်ချောင်းကို ကိုင်လျက် စောင့်နေရာ ကျွန်တော်တို့လာသည်ကို မြင်သဖြင့် ခုခံမည်အပြုတွင် ကျွန်တော်တို့နှင့် လာသူလည်း ရှားနှစ်တုတ်နှင့် ဦးခေါင်းကို ချလိုက်သဖြင့် ထိုသူလည်း မြေသို့ စိုက်၍ လဲသွားလေ၏။

ငင်းနောက် ကျွန်တော်တို့ သုံးယောက်သားလည်း အော်သံကြားရာ အိမ်ပေါ် သို့ တက်ပြေးကြရာ အိမ်ပေါ် သို့ ရောက်လျှင် သုံးယောက်သားတို့သည် ပိတ်၍ထားသည့် တစ်ခုသော အခန်းတံခါးကို တစ်ပြိုင်နက် တွန်းလိုက်ကြသည်တွင် တံခါးလည်း ပွင့်သွားလေ၏။ အခန်းတွင်း၌ကား ထောင်ထောင်မောင်းမောင်း ရှိသော လူတစ်ယောက်သည် မတင်ဦးအား ပွေ့ဖက်လျက် ရှိသည်ကို တွေ့မြင်ရသည်ဖြစ်ရာ ကျွန်တော်တို့နှင့် လာသူသည် မောင်စံရှားက တားချိန်မရမီ ထိုသူ၏ ဦးခေါင်းကို တုတ်နှင့် တစ်ချက် ချလိုက်လေ၏။ သို့ရာတွင် တုတ်တစ်ချက်သည် ဦးခေါင်းသို့ တည့်တည့်မထိဘဲ အနည်းငယ်မျှ ချော်၍ သွားရကား နောက်တစ်ချက်ထပ်၍ ချမည်အပြုတွင် မောင်စံရှားက တုတ်ကိုဆွဲ၍

'တော်ပြီဗျာ တော်ပြီ၊ အပြစ်ဒဏ်ပေးဖို့က ကျုပ်တို့ ခင်ဗျားတို့ အလုပ်မဟုတ်ဘူး၊ အစိုးရအလုပ်ဖြစ်တယ်'

'ခင်ဗျား ဘယ်သူလဲ'

'ကျုပ် စုံထောက် မောင်စံရှားပဲ၊ ခင်ဗျားကော ဦးလင်း မဟုတ်လား'

'ဟုတ်တယ်'

'ကိုင်း ကိုင်း ၊ ခင်ဗျားတို့ကို ကျုပ် ဝတ္တရားအတိုင်း ဌာန ပို့ရလိမ့်မယ်၊ ဘယ်သူ့များ လွှတ်ရပါမယ်'

ဟုပြောလျက် အိမ်ရှေ့သို့ လှမ်း၍ အကြည့်တွင် သူငယ်တစ်ယောက်ကို မြင်သည်နှင့် မောင်စံရှားလည်း သူငယ်ကို ခေါ်၍ မုန့်ဖိုးငွေ နှစ်ကျပ် ပေးပြီးလျှင် စာတစ်စောင်ကို ရေး၍ ပုလိပ်ဌာနသို့ စေလွှတ်လိုက်လေ၏။

သူငယ်ထွက်သွားလျှင် မောင်အဲရီက

'ဦးလင်း ခင်ဗျားတော့ သိကြရောပဗျာ၊ ဟိုတုန်းကတော့ နှစ်ယောက် သဘောတူ လုပ်ကြပြီး၊ အခုတော့ ခင်ဗျားက ကျုပ် အကြံကို ဖျက်ဆီးတယ်ပေါ့လေ၊ နေနှင့်ဦး၊ ခင်ဗျားတော့ ထောင်ကျရင် ကျုပ်တို့နှစ်ယောက် အတူတူ ကျမှာပဲ၊ ထောင်ထဲကျမှ ခင်ဗျားကို ကျုပ် စီရင်ရမယ်'

**လင်း။** ။'မင်း တတ်နိုင် ကိုင်တာပေါ့ကွာ'

**ရှား။** ။'ကိုင်း ကိုင်း ဦးလင်း၊ ခင်ဗျား သိသလောက် ခင်ဗျားတို့အကြောင်း ပြောပြစမ်း၊ ခင်ဗျား ကြည့်ရတာ တော်ပုံရတယ်၊ သည်အမှုမှာ ဘယ်လို ကြံစည်လို့ ဘယ်လို ဖြစ်ပျက်တယ် ဆိုတာ ခင်ဗျားက ပြောပြစမ်း'

**လင်း**။ ။'ပြောပါ့မယ်ဗျာ၊ ကျုပ်လဲပါမှာပဲ၊ ကြည့်ပါ ခင်ဗျာ၊ ကျုပ်မှာ သည်သူငယ်မကလေးကို စောင့်ရှောက်ပြီး ၊ ကိုင်းလေ ရှည်မနေပါဘူး၊ ရှက်လဲ မရှက်နိုင်ပါဘူး၊ ကျုပ်က သည်သူငယ်မကလေးကို စုံမက်လေတော့ သည်အကောင်က နှောင့်ယှက် လိမ့်မယ် ဆိုတာ သိတာမို့ နောက်က အမှတ်တမဲ့ လိုက်ပြီး စောင့်ရှောက်ရပါတယ်ဗျာ'

**ရှား**။ ။'ကျုပ် ထင်ပါရဲ့၊ သို့သော် ဘာပြုလို့ တိတ်တိတ်ပုန်း လိုက်ရသလဲဗျ'

**လင်း**။ ။'ကျုပ်လိုက်ပို့တယ်ဆိုရင် သူငယ်မကလေး ကြိုက်မယ်မဟုတ်ဘူးဗျ၊ သည်သူငယ်မ သဘောကို ကျုပ်သိတယ်၊ လိုက်ပို့ပြန်ရင်လဲ သည်လမ်းဟာ စိုးရိမ်ဖို့ ရှိကြောင်း ဖွင့်ပြောသလို ဖြစ်နေဦးမယ်၊ သည်လို စိုးရိမ်ဖို့ရှိကြောင်း သူ သိရင်လဲ သည်အလုပ်က ထွက်ပြီးသွားမှာ စိုးရိမ်ရသေးတယ်ဗျ၊ သည်သူငယ်မ ကျုပ်အိမ်က ထွက်ပြီး သွားမှာလဲ ကျုပ် မခံနိုင်ဘူး၊ မရနိုင်သောလဲ သူ့ မျက်နှာကလေး မြင်နေရရင် တော်သေးတာကိုးဗျ'

**ရှား**။ ။'ခင်ဗျားနယ်ဗျာ၊ အရွယ်နှင့်မှ မလိုက်'

**လင်း**။ ။'ကျုပ်က အသက်ကြီးတယ်၊ သူငယ်မက ငယ်တယ်၊ ဒါကြောင့်လား၊ ဒါမတော့ဗျာ၊ သည့်ထက်မက ဟာတွေတောင် အကြောင်းဆုံဆည်းတော့ အကြောင်းပါကြသေးတာပဲဗျာ၊ ဒါနှင့် တစ်နေ့က မိုးကုတ်ကသံကြိုးရတော့ဖြင့် သည်အကောင်တွေ သည်တစ်ခါဖြင့် ကိစ္စပြီးအောင် ကြံကြတော့မယ်ဆိုတာ ကျုပ် ရိပ်မိပါရဲ့ဗျာ'

**ရှား**။ ။'ဘာသံကြိုးလဲဗျ'

ဟု မေးသဖြင့် ဦးလင်းလည်း သံကြိုးစာတစ်စောင်ကို ထုတ်၍ ပြရာ ၎င်းမှာ

**အဘိုးကြီးသေပြီ**

ဟူ၍သာ ပါရှိလေ၏။ ၎င်း စာကို ဖတ်ပြီးနောက်

**ရှား**။ ။'သြော် ကျုပ် ရိပ်မိပြီ၊ ဒါ့ကြောင့်ကိုးဗျ၊ ကိုင်း ပြောပြစမ်းပါဦးဗျာ'

ဟု ပြောလျှင် မောင်အဲရီက

'ဟော့ အကောင်ကြီး မင်းအကြောင်းတွေ မင်း ပြောချင်ပြော မပြောချင်နေ၊ ငါ့ အကြောင်းများ မင်းမပြောနှင့်နော်၊ ပြောရင် မင်း ဒုက္ခပဲ၊ ဒါပဲ ငါပြောလိုက်မယ်'

**ရှား**။ ။'အေးအေးနေပါမောင်၊ မောင်တို့အကြောင်းကျုပ်သိပြီးပါပြီ၊ ကျုပ်က မရှင်းလင်းတဲ့အချက်ကလေး တစ်ခုနှစ်ခုလောက် ရှိလို့ မေးကြည့်တာပါ၊ ကိုင်း ကိုင်း ဒါလောက်တောင်မှ ရှိတာ၊ ကျုပ်က ပြောပါတော့မယ်မောင်၊ မောင် ကွယ်နိုင်သေး ရဲ့လား၊ နားထောင်စမ်း၊ မောင်နှင့် ဦးလင်းနှင့် မိုးကုတ်က ဆင်းပြီးလာကြတယ်၊ လာစဉ်အခါက သည်က မတင်ဦးရဲ့ ဦးလေးဟာ အသည်းအသန်ဖြစ်ပြီးနေတယ်၊ တကယ်လို့ သည်လူကြီးသေရင် သူ့ပစ္စည်းတွေကို မတင်ဦးတို့ ရမယ်ဆိုတာ မောင်တို့ သိကြတယ်၊ ဘယ့်နယ်လဲမောင်'

**လင်း**။ ။'ဟုတ်တယ် အမှန်ပဲ၊ သည်အတိုင်းပဲ'

**ရှား**။ ။'သည်တော့ မောင်တို့ နှစ်ယောက် ရန်ကုန်ကို ဆင်းပြီးလာ၊ လာပြီး မိန်းကလေးကို မတွေ့ တွေ့အောင်ရှာ၊ ရှာပြီး ဘာလုပ်ဖို့ကြံစည်သလဲ၊ နှစ်ယောက်အနက်က တစ်ယောက်က မိန်းကလေးနှင့် လက်ထပ်ပြီး သည့်ပြင်တစ်ယောက်ကို ပစ္စည်း ထဲက ဝေစု ခွဲပြီးပေး၊ သည်လိုမဟုတ်လား'

**လင်း**။ ။'ဟုတ်တယ်'

**ရှား**။ ။'သည်တော့ ပထမ စီမံစဉ်အခါကတော့ မောင်အဲရီက မိန်းကလေးကို လက်ထပ်ယူဖို့ ကြံစည်ကြတယ်'

**လင်း**။ ။'ကျုပ်တို့ မဲချပြီး ကံအတိုင်းဝေကြတယ်'

**ရှား။** ။'သြော် ဟုတ်လား၊ သည်တော့ သည်အကြံအတိုင်း ဦးလင်းက မိန်းကလေးကို အိမ်ရောက်အောင် ခေါ်ပြီး မောင်အဲရီက လူပျိုလှည့်၊ လှည့်ပေမဲ့ မောင်အဲရီက နေရာမကျ၊ နေရာမကျတုန်းဆဲဆဲမှာ ခက်ချင်တော့ ဦးလင်းက မိန်းကလေးကို စုံမက်ပြန်ရော၊ စုံမက်ပြန်တော့ သည်လို သူငယ်မမျိုးနှင့် သည်လူမျိုးနှင့် မတန်ဘူးလို့ ဦးလင်းက ထင်ပြန်ရော ဟုတ်စ'

**လင်း။** ။'ဘယ်တော့ တန်လိမ့်မလဲခင်ဗျာ၊ ဒင်းနှင့် အဖက်မှ မဟုတ်ဘဲ'

**ရှား။** ။'သည်တော့ ခင်ဗျားတို့နှစ်ယောက် စကားများရော၊ စကားများပြီး မောင်အဲရီက ခင်ဗျား အိမ်က ထွက်သွား၊ ထွက်သွားပြီး သူလဲ သူ့နည်းနှင့်သူ အကြံထုတ်ကရော၊ ဟုတ်စ'

**လင်း။** ။'ဟုတ်ပါတယ်ခင်ဗျာ၊ ကိုင်း အဲရီရေ၊ ငါတို့ ပြောဖို့တောင် မရှိဘူး၊ မင်း ကွယ်ချင်ရင်လဲကွယ်တော့၊ ငါတော့ မကွယ်ဘူး၊ သည်လူကအကုန် သိပြီးသားဖြစ်နေပြီ၊ ဟုတ်ပါတယ် ခင်ဗျာ၊ သူက ကျုပ်နှင့် ရန်ဖြစ်ပြီး ထွက်သွား၊ ထွက်သွားပေမဲ့ သည်အကောင် အကြံတစ်ခု ရှိလိမ့်မယ်ဆိုတာ ကျုပ်ရိပ်မိတယ်၊ သည်တော့ မျက်စိဖွင့် နားဖွင့်ပြီးနေလိုက်တာ ဘာသိရသလဲ၊ သည်အိမ်ငှားပြီး မိန်းကလေးကို လမ်းကနေပြီး ကြံစည်မယ်ဆိုတာ ကျုပ်သိရတယ်၊ သူက ကြည့်မြင်တိုင် စမ်းချောင်းက ရှမ်းပွဲစား မောင်ဖေမောင်နှင့် သွားပြီး ပူးပေါင်းတယ်ဗျ၊ တစ်နေ့ကတော့ သူတစ်ခေါက်လာပြီး ကျုပ်ကို ပူးပေါင်းပြန်သေးတယ်၊ ပူးပေါင်းပေမယ့် သည်သူငယ်မကို သူ့လက်အပ်ရမယ်ဆိုရင် ကျုပ်အသက် ဆယ်ပြန် သေပစ်လိုက်မယ်ဗျ၊ ပြီးရော၊ သည်တော့ သူက ကြိမ်းဝါးပြီး ပြန်သွားတယ်၊ ပြန်သွားပြီးနောက် မိုးကုတ်က သံကြိုးအရမှာ သည်ကနေ့ နောက်ဆုံးနေ့ပဲကိုးလို့ သူတို့ ကြံစည်မယ်ဆိုတာ သိတာနှင့် ကျုပ်လဲ ရထားတွေဘာတွေ ငှားပေးပြီး နောက်က စိတ်မချလို့ လိုက်လာ၊ ကံကောင်းလို့သာပဗျာ၊ သူ့ လက်ချက် ဦးတော့မယ်လို့ ၊ ကိုင်း ဒါပါပဲဗျာ'

ဟု ပြောလျှင် မောင်စံရှားလည်း ထိုင်ရာမှ ထလျက် စကြံလျှောက်ပြီး

'ကျုပ်လဲပဲ အ ပါတယ်ဗျာ၊ တဘက်ကြီး ခေါင်းမြီးခြုံတယ် ဆိုကတည်းက ကျုပ် ရိပ်မိဖို့ ကောင်းပါတယ်၊ ဟောဟိုက အင်စပိတ်တော်များ လာကြပြီ၊ ကိုင်း ဦးလင်း၊ ခင်ဗျားတော့ မိုက်တုန်းက မိုက်ပေမယ့် နောက်တော့ နောင်တရတဲ့အတွက် အပြစ်ကြီးစွာ ရမယ်မဟုတ်လှပါဘူး၊ ယခု မိန်းကလေးကို အတင်းအဓမ္မ ကြံစည်တဲ့အထဲမှာ ခင်ဗျားမပါဘူးဆိုတာ ကျုပ်လိုက်ပြီး သက်သေခံဖို့ လိုရင်လဲ ခံပါမယ်၊ အစစ်ခံတဲ့ နေ့ကျတော့ ကျုပ်ကို ပြောသလို မှန်မှန်သာ ပြောတာပေါ့ဗျာ'

ငင်းနောက် ကျွန်တော်တို့လည်း အကျဉ်းသမားများကို ပုလိပ်လက်သို့ အပ်လိုက်ပြီးလျှင် အိမ်သို့ ပြန်လာခဲ့ကြလေ၏။ ငင်းအမှုကို စစ်ဆေးသည့်နေ့၌ မောင်စံရှားလည်း သက်သေလိုက်ရလေရာ မောင်အဲရီမှာ ထောင်သုံးနှစ် ကျခံရ၍ ဦးလင်းမှာမူ မိုက်ပြစ်နှင့် ထောင်ဒဏ်တစ်လမျှသာ ကျခံရလေသည်။ မတင်ဦးမှာမူ ဦးလေး၏ အမွေအနှစ်များကို ခံစံရလျက် ရည်းစားမောင်တင်အောင်နှင့် သင့်မြတ်ကြလေရာ ငင်းတို့ လင်မယားမှာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရလျက် ကျွန်တော်တို့ နေအိမ်သို့ ရံဖန်ရံခါ လာရောက်လည်ပတ်ပြီးလျှင် မောင်စံရှားနှင့် ကျွန်တော့်အားလည်း ငွေ ၃၀၀ိ မျှစီ အဖိုးထိုက်တန်သော မိုးကုတ်ကျောက်လက်စွပ်တစ်ကွင်းစီ လက်ဆောင်အဖြစ်နှင့် ပေးကမ်းလေ၏။

**ပြီးပါပြီ။**

× × × × × ×

# ၂၁။ အသက်အာမခံ ကုမ္ပဏီ အမှု

တစ်နေ့သ၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် တိုက်ရှေ့ဧည့်ခန်းတွင်စကားပြောဆိုလျက် ရှိကြစဉ် တယ်လီဖုန်းမှ နှိုးစက်ကျသည်နှင့် မောင်စံရှားသည် သွားရောက်နားထောင်ပြီးလျှင် အေရှာတစ် အသက်အာမခံကုမ္ပဏီ မန်နေဂျာ မစ္စတာလူတယ်က ၎င်းအားတိုင်ပင်ရန် ကိစ္စကလေးတစ်ခု ရှိသည်ဖြစ်၍ အားလပ်ပါက အလုပ်တိုက်သို့ ခေတ္တလာရောက်ရန် မှာထားလိုက်ကြောင်းနှင့် ပြောဆိုလေ၏။

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ လိုက်ဦးမယ် မဟုတ်လား'

**ကျွန်တော်**။ ။'စုံထောက်မှုဆိုရင်တော့ လိုက်ချင်ပါရဲ့ဗျာ၊ ခင်ဗျားကို အသက်ပေါင်ထားဖို့ တရားဟောမှဖြင့်'

**ရှား**။ ။'စိတ်ချပါဗျာ၊ စုံထောက်မှုဖြစ်မှာပါပဲ၊ ကျုပ် အသက်ကို အပေါင်ထားဖို့ ဆိုရင် အခုတလော ကျုပ်မှာ ရန်သူတွေ ပေါပုံနှင့်တော့ ငါးကျပ်တောင် အပေါင်ခံမယ် မထင်ပါဘူး၊ ကိုင်း အဝတ်လဲဗျာ'

ကျွန်တော်တို့သည် အသက်အာမခံကုမ္ပဏီတိုက်သို့ ရောက်ကြ၍ မန်နေဂျာ၏ အခန်းတွင်း၌ နေရာထိုင်ခင်းပေး၍ ကုလားထိုင်၌ အသီးသီး ထိုင်မိကြလေလျှင် အင်္ဂလိပ်ဘာသာဖြင့်

**မန်နေဂျာ**။ ။'ရွှေတောင်တန်းက ဦးမြနှင့် ဦးလှ ကုမ္ပဏီက အမှုအကြောင်းကို ခင်ဗျား ကြားပီးပြီလား'

**ရှား**။ ။'စပါးပွဲစားကို ဦးမြကို ရေနှစ်ပြီး သတ်တဲ့ အမှု မဟုတ်လား၊ သတင်းစာထဲမှာတော့ တွေ့လိုက်ပါတယ်'

**ဂျာ**။ ။'သည်လိုဗျ၊ လွန်ခဲ့တဲ့လေးလလောက်က ဦးမြဆိုတဲ့လူက ကျွန်ုပ်တို့ ကုမ္ပဏီမှာ သူ့အသက်ကို သုံးသောင်းနှင့် အပေါင်ထားတယ်၊ လူကြီးက မုဆိုးဖို ၊ သားတစ်ယောက် မောင်ချစ်ဆွေတဲ့ ရှိတယ်၊ အကယ်၍ သူသေခဲ့လို့ရှိရင် သည်ငွေကို မောင်ချစ်ဆွေအား ပေးအပ်ဖို့ စာချုပ်မှာပါတယ်၊ လွန်ခဲ့တဲ့ လက ဦးလှနှင့် ဦးမြဟာ အလုပ်တိုက်ထဲမှာ အချင်း ဖြစ်ပွား ကြတယ်၊ ပထမတော့ တစ်ယောက် တစ်ခွန်း စကားများကြရာကနေပြီး ထိုးလားကြိတ်လား ဖြစ်ကြလေတော့ တိုက်ထဲမှာ ရှိတဲ့ ဧည့်သည်တွေရော အလုပ်သမားတွေရော ဝိုင်းပြီး ဖျန်ဖြေလိုက်ရတယ်'

**ရှား**။ ။'ရန်ဖြစ်တဲ့ အခါမှာ ဘယ်သူနာသွားသလဲ'

**ဂျာ**။ ။'နာတော့ဖြင့် ဦးမြပဲ နာသွားတယ်လို့ ပြောတယ်၊ ဦးလှက ဗလကောင်းလေတော့ လက်သီးနှင့် ထိုးလိုက်တာ ဦးမြဟာ ကြမ်းပေါ်မှာ လဲသွားတယ်လို့ ပြောတယ်'

**ရှား**။ ။'ပြောပါဦး'

**ဂျာ**။ ။'အဲဒီညမှာပဲ ပွဲစားကြီး ဦးမြ ပျောက်သွားပါလေရောတဲ့ခင်ဗျ၊ နောက်တစ်နေ့ နံနက်စောစောကျတော့မှ မော်တော်ကား မောင်းသမား တစ်ယောက်က ဌာနာလာပြီး တိုင်သတဲ့၊ သူပြောပုံတော့ဖြင့် လူသုံးယောက်က ခါးမြှောင်နှင့် ခြိမ်းခြောက်ပြီး မြစ်ဆိပ်ကို မောင်းစေသတဲ့၊ ဆူးလေဘုရား ရေဆိပ်ရောက်တဲ့ အခါမှာ လူနှစ်ယောက်က ကျန်တစ်ယောက်ကို ပွေ့ယူပြီး ရေထဲပစ်ချတာကို သူမြင်လိုက်ရသတဲ့'

**ရှား**။ ။'သူပြောပုံ ရုပ်လက္ခဏာကို ချင့်ချိန်ပြီး ကြည့်လိုက်တော့ ပွဲစားကြီး ဦးမြနှင့် တူတယ်ဆိုပါတော့'

**ဂျာ**။ ။'ဟုတ်တယ်၊ ပြီးတော့ သတင်းအရ ဌာနာက ပုလိပ်အရာရှိများသွားပြီး ရေဆိပ်မှာ စုံစမ်းပြန်တော့လဲ လက်ကိုင်ပုဝါ တစ်ထည်ကို ရခဲ့တယ်၊ ပုဝါမှာ နာမည်အတိုကောက်လဲ ပါတယ်၊ မောင်ချစ်ဆွေကို ပြပြန်တော့ သူ့အဖေ လက်ကိုင်ပုဝါ ပါပဲလို့ ပြောတယ်'

**ရှား**။ ။'ဦးမြက အသက်ဘယ်လောက် ရှိပြီလဲ'

**ဂျာ**။ ။'၄၈ နှစ်ရှိပြီ၊ သူ့သားက ၂၆ နှစ်ရှိပြီ'

**ရှား**။ ။'ဘယ်အရပ်မှာ နေသလဲ'

**ဂျာ**။ ။'နေတော့ ကန်တော်ကလေးမှာ နေတယ်၊ အလုပ်တိုက်ကတော့ ရွှေတောင်တန်းမှာ ရှိတယ်'

**ရှား။** ။'ဆိုပါဦးဗျာ'

**ဂျာ။** ။'ယခု သူ့သားမောင်ချစ်ဆွေက သူဟာ စာချုပ်မှာ ပါရှိတဲ့အတိုင်း အမွေခံအမွေစား ဖြစ်တဲ့အတွက် ငွေငွေ ၃၀၀၀၀ ကို သူ ရထိုက်ကြောင်းနှင့် တောင်းခံပြီး နေတယ်၊ သေကြောင်းဟာကလဲ တော်တော် ထင်ရှားနေလေတော့ ငြင်းပယ်နိုင်ဖို့ တော်တော်ပဲ ခဲယဉ်းနေတယ်၊ သို့သော်လည်း ကျွန်ုပ်က ငွေငွေကို မပေးအပ်မီ ကျေနပ်လောက်အောင် ထောက်လှမ်းစုံစမ်းပြီး ကြည့်လိုတယ်'

**ရှား။** ။'နေဦးဗျ၊ ဦးလှကော ဘယ်မှာလဲ'

**ဂျာ။** ။'ဦးလှလည်း ဟိုနေ့ကထဲက တစ်ခါတည်း ပျောက်သွားတော့တာပဲ၊ သည်တော့ ကျွန်ုပ်က အကယ်၍ အလောင်းကို မတွေ့စေကာမူ ဦးလှကို ဖမ်းမိပြီး ငွေသတ်ကြောင်း ထင်ရှားမှသာလျှင် ငွေငွေကို ပေးအပ်ဖို့ ရှိတယ်လို့ ထင်တယ်၊ သို့သော် မိသည်ဖြစ်စေ မမိသည်ဖြစ်စေ ဦးမြဟာ တကယ်စင်စစ် သေမသေကို အသေအချာ သိရအောင် ခင်ဗျား တတ်နိုင်သလောက် စုံထောက်စေလိုတယ် ဦးစံရှား'

**ရှား။** ။'ပုလိပ်ဘက်က ဘယ်သူ စုံထောက်နေသလဲ'

**ဂျာ။** ။'စုံထောက် အင်စပိတ်တော် မောင်အုန်းဖေ စုံထောက်တယ်လို့ ကြားတယ်၊ သို့သော်လည်း ကျွန်ုပ်က သူတို့ကို စိတ်မချသည့်အတွက် ခင်ဗျားကို ခေါ်ရခြင်း ဖြစ်ပါတယ်'

ငွေနောက် မောင်စံရှားသည် ဦးမြ၏ အသက်ကို အာမခံထားသည့်အခါက ချုပ်ဆို၍ ထားသော စာချုပ်ကို တောင်းယူ၍ ကြည့်ရှုပြီးလျှင် မိမိတတ်အားသမျှ ကြိုးစားအားထုတ်ပါမည်ဟု ပဋိညာဉ်ပေးပြီးနောက် ကျွန်တော်နှင့်အတူ ထွက်လာခဲ့ကြလေ၏။ ဌာနသို့ ရောက်ကြသောအခါ မောင်စံရှားသည် ဦးမြ၏သား မောင်ချစ်ဆွေ၏ နေအိမ်နံပါတ်နှင့်တကွ ထိုညက တိုင်ချက်ပေးခဲ့သော မော်တော်ကားမောင်းသမား၏ အမည်၊ နေရပ် တို့ကို မေးမြန်းမှတ်ယူခဲ့လေ၏။

ဌာနမှ ထွက်လာကြသောအခါ ကျွန်တော်တို့သည် ရွှေတောင်တန်းရှိ ဦးမြနှင့် ဦးလှကုမ္ပဏီ အလုပ်တိုက်သို့ သွားရောက်ကြလေရာ အလုပ်ခန်းအတွင်း၌ မောင်ချစ်ဆွေနှင့် အခန့်သင့်ပင် တွေ့ဆုံကြလေ၏။ ကျွန်တော်တို့ ရောက်သွားသောအခါ၌ မောင်ချစ်ဆွေသည် ငွေးတိုက်သားများနှင့် ဦးမြနှင့် ဦးလှတို့ ပျောက်ဆုံးခြင်းအကြောင်းကို ပြောဆို တိုင်ပင်လျက် ရှိသည်ဖြစ်ရာ မောင်စံရှားက မိမိ၏ အမည်ကို ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မောင်ချစ်ဆွေသည် အလုပ်သမားများကို အခန်းပြင်သို့ ထွက်စေပြီးနောက် ကျွန်တော်တို့အား နေရာထိုင်ခင်းပေးလေ၏။

မောင်ချစ်ဆွေ ဆိုသူမှာ အသက် ၂၆ နှစ်ခန့်ရှိ၍ ပိန်ပိန်ပါးပါး အသားဖြူဖြူ နှာခေါင်းချွန်ချွန်နှင့် ဖြစ်ပေ၏။ သွက်လက်သော အမူအရာ ရှိသည့်ပြင် မိမိ၏ ဖခင် သေဆုံးသည်အတွက် စိတ်ပူပင်သောကြောင့်လေလော မသိ၊ နေမထိ ထိုင်မထိ ရှိလျက် ဂနာမငြိမ်သည့် ဟန်ပန်လက္ခဏာ ရှိလေ၏။ ကုလားထိုင်၌ အသီးသီး ထိုင်မိကြပြီးနောက်

**ဆွေ။** ။'ဦးစံရှား ကိုယ်တိုင် စုံထောက်မယ်ဆိုတာ ကြားရလို့ ဝမ်းမြောက်လှပါတယ် ခင်ဗျာ၊ တတ်နိုင်သမျှ ကြိုးစားတော်မူပါ၊ ကုန်သမျှစရိတ်ကို ကျွန်တော်ကပဲ ခံရခံရ၊ ခံပါတယ်ခင်ဗျာ၊ ကိုင်း မေးစရာရှိတာ မေးပါတော့၊ ကျွန်တော် သိသလောက်တော့ အကုန်အစင် ဖြေပါမယ် ခင်ဗျာ'

**ရှား။** ။'ဦးမြနှင့် ဦးလှ သိကျွမ်းကြတာ ဘယ်လောက်ကြာသွားပြီလဲ'

**ဆွေ။** ။'ကျွန်တော် ငယ်ငယ်ကလေးက သိတာပဲ ခင်ဗျာ၊ ၁၅ နှစ်လောက် ရှိမလား မဆိုနိုင်ပါဘူး၊ အလုပ်စပ်တူ လုပ်ကြတာတော့ ၅ နှစ်ပဲ ရှိပါသေးတယ်'

**ရှား။** ။'လွန်ခဲ့တဲ့ စနေနေ့က သူတို့နှစ်ယောက် ရန်ဖြစ်ကြတယ်လို့ ကြားတယ်၊ သည်လို ခဏခဏ ရန်ဖြစ်တတ်သလား'

**ဆွေ။** ။'အလုပ်တူတူ လုပ်ကြတဲ့ အထဲမှာ သူတို့ နှစ်ယောက်လောက် ရန်ဖြစ်တဲ့ လူနှစ်ယောက် ကို ကြားပဲ မကြားဖူးပါဘူး ခင်ဗျာ၊ သို့သော်လဲ ရှေးတုန်းကတော့ ရန်ဖြစ်တယ် ဆိုပေမဲ့ စကားများကြတာလောက်ပဲ ရှိပါတယ်၊ ယခုလို ထိုးလား ကြိတ်လား လက်ထိလက်ရောက် ဆိုလို့တော့ သည်တစ်ခါပဲ ဖြစ်ဖူးပါတယ် ခင်ဗျာ၊ သူတို့နှစ်ယောက် ဟာလဲ တစ်ယောက်

သဘောကို တစ်ယောက် သိကြလေတော့ မျက်နှာချင်းဆိုင် အလုပ်လုပ်ကြတယ်လို့ မရှိဘူးခင်ဗျ၊ ကျွန်တော့်ဖခင်က ရန်ကုန်မြို့ပေါ်က ထိုင်ပြီး အလုပ်လုပ်တယ်၊ ဦးလှကတော့ များသောအားဖြင့် တောနယ် တစ်လျှောက်မှာ ခရီးသွားပြီး အလုပ်လုပ်လေ့ရှိပါတယ် ခင်ဗျာ၊ ရတဲ့ အမြတ်တွေကိုသာ တစ်ယောက်နှင့် တစ်ယောက် မသာရ မနာရအောင် ညီညီညွတ်ညွတ် ခွဲဝေလေ့ရှိပါတယ်'

**ရှား**။ ။'ရန်ဖြစ်တဲ့အခါတိုင်း ဘယ်သူက လွန်တယ်လို့ ထင်သလဲ'

**ဆွေ**။ ။'ကျွန်တော့် အဖေကလဲ တစ်မျိုးပဲ ခင်ဗျ၊ ဦးလှကလဲ တစ်မျိုးပဲ၊ အဖေကလဲ ဘယ်အခါမဆို စကားပြောရင် တစ်ဖက်သား မခံချင်အောင် ခပ်ထေ့ထေ့ကလေး ပြောတတ်တယ်ခင်ဗျ၊ သို့သော်လည်း စကားများရင် အငြိုးမထားတတ်ဘူး ခင်ဗျ၊ သည်နေရာတွင်ဖြစ် သည်နေရာတွင် ပျောက်တာပဲ ခင်ဗျာ၊ ဦးလှကတော့ တစ်ခါ စိတ်ဆိုးမိရင် တော်တော်နှင့် စိတ်ကြေတတ်သည် မရှိဘူးခင်ဗျ၊ ဖွဲမီးလို တငွေ့ငွေ့ လောင်တဲ့ စိတ်သဘောမျိုး ခင်ဗျ'

**ရှား**။ ။'စနေနေ့က ရန်ဖြစ်ကြတာက ဘယ်အကြောင်းနှင့် ပတ်သက်ပြီး ဖြစ်ကြတာလဲ'

**ဆွေ**။ ။'ကျွန်တော်တို့တော့ လူငယ်မို့လို့ ရေရေလယ်လယ်ကြီးတော့ မသိရပါဘူးခင်ဗျာ၊ ကျွန်တော် သိသလောက်မှာတော့ ဦးလှနှင့်ဆိုင်တဲ့ကိစ္စမှာ ကျွန်တော့်အဖေက ဝင်ပြီးစွာတဲ့အတွက် ဖြစ်ကြဟန်တူတာပါပဲ၊ တစ်ယောက်တစ်ခွန်း အော်ကျယ် အော်ကျယ် နှင့် ပြောနေကြရာက ဦးလှကစပြီး ကျွန်တော့်အဖေကို လက်သီးနှင့် ထိုးလိုက်တယ် ခင်ဗျ၊ ထိုးလိုက်တုန်း ယိုင်ပြီး လဲသွားတယ်ခင်ဗျ၊ ယိုင်ပြီးလဲသွားရာက ကပျာကယာထလာပြီး ဦးလှကိုအဖေကခြေထောက်နှင့်ကန်တယ်ခင်ဗျ၊ သည်တော့မှ စပါးကုန်သည် ဧည့်သည်တွေရော စာရေးတွေရော ကျွန်တော်ရော အဖေ့ကို ဆွဲသူကဆွဲ ဖျန်ဖြေကြရတယ်ခင်ဗျ၊ ဒါတောင် သူတို့က စိတ်မကျေနိုင်ဘဲ တစ်ယောက်ကို တစ်ယောက် ကြိမ်းလားမောင်းလား လုပ်နေသေးတယ် ခင်ဗျ'

**ရှား**။ ။'ဘယ့်နှယ်များ ကြိမ်းဝါးသလဲ'

**ဆွေ**။ ။'ဦးလှက ကျွန်တော့်အဖေကို လက်သီးနှင့် ရွယ်ပြီး မင်းလားကွယ် ငါ မကျေဘူး၊ သိစေမယ်တဲ့ ခင်ဗျ'

**ရှား**။ ။'ဦးမြ ပျောက်ကြောင်းကို မောင် ဘယ်တော့ သိသလဲ'

**ဆွေ**။ ။'အဖေက စနေနေ့ညမှာ ဧည့်သည်နှစ်ယောက်နှင့် ပြည်မြို့ကို လိုက်ဖို့ စ နာရီခွဲမှာ ကွမ်းခြံဘူတာ ရောက်အောင် လာမယ်လို့ ပြောပြီး ဧည့်သည်များလည်း အဖေမပေါ်လာလေတော့ ရထားထွက်ပြီးမှ အိမ်ပြန်လာကြပါရောခင်ဗျ'

**ရှား**။ ။'ဦးလှနှင့်ကော နောက်ထပ်ပြီး တွေ့သေးသလား'

**ဆွေ**။ ။'နောက်ထပ်လို့တော့ မတွေ့ရဘူးခင်ဗျ၊ ဟိုနေ့ကတော့ ရန်ဖြစ်ပြီး ထွက်အသွားမှာ ကျွန်တော်က တိုက်ရှေ့လိုက်ပြီး လူကြီးချင်း ဖြစ်တဲ့အတိုင် ပြီးပြီးပျောက်ပျောက် ဖြစ်ကြဖို့ ပြောပြတော့ စကားပြန်လဲ မရဘူး ခင်ဗျ၊ မှုန်မှုန်သုန်သုန်နှင့်ပဲ ထွက်သွားလေရဲ့'

**ရှား**။ ။'မောင့်သဘောအရ ဦးမြက ဦးလှကို သတ်ပစ်တယ်လို့ ထင်သလား'

**ဆွေ**။ ။'ထင်လဲ မထင်ကောင်းပါဘူး ခင်ဗျာ၊ လွဲစေ ဖယ်စေ၊ မဟုတ်ပါစေနှင့်၊ သို့သော်လဲ ကျွန်တော်ဖြင့် သည်အကြောင်းကို စဉ်းစားမိတိုင်း သူပဲသတ်တယ်လို့ ထင်မိတာပဲ ခင်ဗျ'

**ရှား**။ ။'ဦးလှအကြောင်းကို မောင် သိသလောက် ပြောပြစမ်းပါ'

ထိုအခါ မောင်ချစ်ဆွေသည် အတန်ငယ် စဉ်းစားပြီးနောက်

**ဆွေ**။ ။'သည်လိုပါ ခင်ဗျာ၊ ဦးလှနှင့် ကျွန်တော်တို့နှင့် သိကျွမ်းလာခဲ့ကြတာ နှစ်ပေါင်းများစွာ ရှိတာတော့ မှန်ပါတယ်၊ သို့သော် လူကြီးက အင်မတန် သိုသိပ်တတ်တဲ့ စိတ်သဘောရှိတဲ့ လူကြီးခင်ဗျ၊ သူ့အကြောင်းကို ဘယ်သူမှ ကောင်းကောင်း သိကြတယ်လို့ မရှိဘူး၊ စကားလဲ ခပ်နဲနဲ၊ သူ့အတ္တုပတ္တိကိုလဲ ထုတ်ဖော်ပြီး ပြောတတ်တဲ့ ဝါသနာ မရှိဘူးလို့ ကြားဖူးပါတယ်၊ သို့သော် ဘယ်အရပ်သားဖြစ်တယ် ဆိုတာကိုတော့ ကျွန်တော်ဖြင့် မပြောတတ်နိုင်အောင် ရှိနေပါတယ်ခင်ဗျာ'

**ရှား**။ ။'ရန်ကုန်လာတဲ့အခါ ဘယ်မှာ တည်းသလဲ'

**ဆွေ**။ ။'အများအားဖြင့်တော့ ရှိုင်ရယ်ဟိုတယ်မှာ တစ်ရက်နှစ်ရက် တည်းပြီးတော့ ပြန်သွားတာပဲ ခင်ဗျ၊ သူ့အလုပ်ကလဲ တောမှာချည်း များပါတယ် ခင်ဗျာ'

**ရှား**။ ။'ဦးလှ ဓာတ်ပုံများကို မရနိုင်ဘူးလား'

**ဆွေ**။ ။'မရနိုင်ဘူးခင်ဗျ၊ လူဖြစ်ကတည်းက ဦးလှဟာ တစ်ခါပဲ ဓာတ်ပုံရိုက်ခံဖူးတယ်လို့ ပြောသံကြားဖူးတယ်၊ ဒါတောင်မှ သူ့သဘောအလျောက် ရိုက်ရတာ မဟုတ်ဘူးတဲ့၊ အမိရင်ခွင်ထဲမှာ ခြောက်လသားလောက်က ဓာတ်ပုံရိုက်ခံဖူးတယ်လို့ ကြားဖူးတယ်ခင်ဗျ'

**ရှား**။ ။'ဒါဖြင့် လူပုံပန်း ပြောစမ်းပါ မောင်ရယ်'

**ဆွေ**။ ။'လူကြီးကတော့ဖြင့် ထွားထွားကြိုင်းကြိုင်း တုတ်တုတ်ခိုင်ခိုင် ခွန်အားဗလလဲ တော်တော်ကောင်းပုံရတယ် ခင်ဗျ၊ ခေါင်းနှင့် ထိပ်နားက ဆံပင်စကလေး နဲနဲဖြူပြီ ခင်ဗျ၊ မျက်စိကလဲ နဲနဲစွေတယ်၊ ဝတ်ပုံစားပုံကတော့ အညာသား ခပ်ဆန်ဆန်၊ ဟန်ကြီးပန်ကြီး မရှိလှဘူး ခင်ဗျ'

**ရှား**။ ။'ယခုတစ်လော ဦးလှဟာ ရှေးကထက် စိတ်တိုတတ်တဲ့ နိမိတ်လက္ခဏာများ တွေ့ရသလား'

**ဆွေ**။ ။'တွေ့ရတယ်ခင်ဗျ'

**ရှား**။ ။'အလုပ်အကိုင်နှင့် ပတ်သက်ပြီး အနှောင့်အယှက်များ တွေ့ရလို့မှတ်တယ်'

**ဆွေ**။ ။'ကျွန်တော်သိရသလောက်မှာဖြင့် ကျွန်တော်တို့ အလုပ်ဟာလဲ တော်တော်တွင်ကျယ်သားပဲ ဗျ၊ သည်အတွက်လဲ ဟုတ်မယ်မထင်ဘူး'

ငင်းနောက် မောင်စံရှားသည် မောင်ချစ်ဆွေအား နှုတ်ဆက်ပြီးလျှင် ကျွန်တော်တို့သည် တိုက်ပြင်သို့ ထွက်လာခဲ့ကြ၍ မော်တော်ကား မောင်းသမား၏ နေအိမ်သို့ သွားရောက်ကြလေ၏။

ငင်းနေအိမ်သို့ ရောက်လျှင် တက္ကစီ မောင်းသမားမှာ နေ့အားဖြစ်သဖြင့်အခန့်သင့်ပင်တွေ့ရလေရာ ငင်းမှာ အသက် ၃၀ ကျော် ၊ အရုပ်ပုပြတ်ပြတ်နှင့် ဖျတ်လတ်သော အမူအရာ ရှိလေသည်။ အမည်မှာကား မောင်ဘိုးသီဟု ခေါ်တွင်လေ၏။ မောင်စံရှားက မည်သူဖြစ်ကြောင်းကို ပြောပြီးနောက် ကိစ္စကို ပြောပြ၍ ထိုညက အဖြစ်အပျက်ကို မေးမြန်းသည်တွင် မောင်ဘိုးသီက ထိုညတွင် မိမိအား လူတစ်ယောက်က ပဲခူးသို့ အရေးကြီးသော ကိစ္စတစ်ခုနှင့် လိုက်ပို့ရန် ငှားရမ်းသဖြင့် သန်းခေါင်ကျော်အချိန်လောက်မှ ရန်ကုန်မြို့သို့ ပြန်၍ရောက်ကြောင်း၊ လမ်းမတော် မြင်းကွင်းဟောင်းအနီးသို့ ရောက်သော အခါ လူသုံးယောက်တို့သည် မှောင်ရိပ်မှ ရုတ်တရက်ထွက်လာပြီးလျှင် ကားကိုရပ်တန့်ရန် အမိန့်ပေးကြောင်း၊ ငင်းက ခရီးပန်းလာသောကြောင့် မလိုက်နိုင်ကြောင်းပြောသောအခါ တစ်ယောက်သူက အင်္ကျီအိတ်မှ ငွေများကို တချွင်ချွင်မြည်အောင် ပုတ်၍ပြပြီး တန်ဖိုးထက်သုံးဆမကပိုမို၍ပေးပါမည်ဟုပြောကြောင်း၊ ထိုအခါ မောင်ဘိုးသီက ငြင်းဆန်ရန် အားနာသည်ဖြစ်၍ တက်ခွင့်ပြုပြီးလျှင် ငင်းတို့ ကားပေါ်၌ ထိုင်မိသောအခါ မည်သည့်အရပ်သို့ မောင်းနှင်ရမည်ကို မေးမြန်းကြောင်း၊ ယင်းသို့ မေးမြန်းသည်နှင့် တစ်ပြိုင်နက် တစ်ယောက်သောသူက ဓားမြှောင်ဖြင့် နံဘေးသို့ နှိပ်ပြီးလျှင် ဆူးလေဘုရားလမ်း ဆိပ်ကမ်း တံတားသို့ မောင်းနှင်ရန် အမိန့်ပေးကြောင်း၊ အကယ်၍ အော်ခြင်း ဟစ်ခြင်း ပြုလုပ်ခဲ့လျှင် နံကြားသို့ ဓားမြှောင်သွား ဖ လက်မခန့် ဝင်အောင် ဆုံးမမည်ဟု ခြိမ်းခြောက်ကြောင်းနှင့် ပြောဆိုသောအခါ

**ရှား**။ ။'သုံးယောက်လုံး ကောင်းကောင်းမွန်မွန် လမ်းလျှောက်နိုင်သလား'

**သီ**။ ။'ခပ်ငယ်ငယ်နှစ်ယောက်ကတော့ လျှောက်နိုင်တယ် ခင်ဗျ၊ ခပ်ကြီးကြီး တစ်ယောက်ဟာကတော့ ယိုင်တီးယိုင်တိုင်နှင့် နှစ်ယောက်က တွဲပြီးတင်ရလေတော့ ကျွန်တော်က အရက်မူးလာသလားလို့ ထင်မိပေတယ်'

**ရှား**။ ။'သည်လူတွေကို အခုမြင်လျှင် မှတ်မိပါ့မလား'

**သီ**။ ။'နှာခေါင်းတို့ ပါးစပ်တို့ကို လက်ကိုင်ပုဝါနှင့် အုပ်ပြီး စည်းထားလို့ မျက်စိလောက်သာ မြင်ရတယ်ခင်ဗျ၊ ကောင်းကောင်း မမှတ်မိပေဘူး'

**ရှား**။ ။'သုံးယောက်လုံး စည်းထားသလား'

**သီ**။ ။'နှစ်ယောက်ကသာ စည်းတယ်ခင်ဗျ၊ အရက်မူးနေတဲ့ လူကြီးကတော့ မစည်းဘူးခင်ဗျ၊ ကားမောင်းလာကြတော့ ဓားမြှောင်နှင့် လူက ကျွန်တော်နှင့် အတူတူ ထိုင်တယ်ခင်ဗျ၊ မူးတဲ့လူကြီးနှင့် သည့်ပြင်တစ်ယောက်က နောက်က ထိုင်တယ် ခင်ဗျ၊ ကားမောင်းလာကြရင်းလဲ သူတို့နှစ်ယောက်က ခပ်ကျယ်ကျယ်ပဲ စကားပြောကြတယ် ခင်ဗျ၊ ကျွန်တော့်အနားမှာ ထိုင်တဲ့လူက ငနဲကြီးတော့ သည်လိုအဆုံးစီရင်လိုက်တာပဲကောင်းတယ်ဟေ့ တဲ့၊ အနို့မို့ သူက ခဏခဏ အနှောင့်အယှက် ပေးနေတဲ့ ခင်ဗျ၊ သည်တော့ကာ အရက်မူးကြီးနှင့် အတူတူ ထိုင်တဲ့ လူက မှန်တယ်ဆရာ၊ တစ်ယောက် အလုပ်ကို တစ်ယောက် မနှောင့်ယှက်တန်းလို့ ကတိထားပြီးလျက်နှင့် ခဏခဏလာပြီး ဆူညံဆူညံဖြစ်အောင်လုပ်တဲ့ ငနဲကြီးတော့ နောက်တစ်ခါ မဆူနိုင်အောင် စီရင်တာပဲကောင်းတယ်လို့ ပြောတယ်ခင်ဗျ၊ သည်တော့ ကျွန်တော့်အနားက လူက ဟေ့ကောင် ကျယ်လောင်ကျယ်လောင် မလုပ်နှင့်ကွ၊ ကိစ္စမပြီးခင် လူတွေသိကုန်မှဖြင့် ဒုက္ခဖြစ်ကုန်ကြလိမ့်မယ်လို့ ငေါက်ငန်းပြီး ပြောလိုက်တော့ ဟိုလူလဲတိတ်သွားရော ခင်ဗျ၊ ကျွန်တော်တော့ မှန်တာပြောရမှာဖြင့် ကြောက်ပြီကော ခင်ဗျ၊ ပို့ပြီးလို့ အိမ်ပြန်ပြီးပြေးချင်တာလောက်သာ ရှိတော့တာပဲ'

**ရှား**။ ။'လမ်းမှာ ပုလိပ်များ ဘာများနှင့် တွေ့လို့ ရပ်တန့်ဖို့ မကြိုးစားဘူးလား'

**သီ**။ ။'တွေ့လဲမတွေ့ပါဘူးခင်ဗျာ၊ တကယ်လို့ တွေ့ရင်တောင် ကျွန်တော်ဖြင့် ဓားမြှောင်ဦး နှိပ်လိုက်မှာကို ကြောက်လွန်းလို့ ရပ်ဝံ့မယ် မဟုတ်ပါဘူးခင်ဗျာ၊ ဒါနှင့် ဆူးလေဘုရား ရေဆိပ်နားရောက်တော့ ကားကို ရပ်ဖို့ အမိန့်ပေးလို့ ရပ်ရပါရော ခင်ဗျ၊ ကားလဲ ရပ်ရော တစ်ယောက်က ကျွန်တော့်အနီးမှာ ဓားမြှောင်နှင့် နေရစ်ပြီး တစ်ယောက်လူက ကားပေါ်က လူကြီးကို ထမ်းပြီး မြစ်ဘက်ကို လျှောက်သွားပါရော ခင်ဗျ၊ မြစ်ထဲကို ဖြုန်းခနဲ ပစ်ချလိုက်တဲ့ အသံကို ကြားတော့မှ ဓားမြှောင်နှင့်လူက ကိုင်း မင်းပြန်တော့၊ အေး ငါသတိပေးလိုက်ပါရဲ့နော်၊ ပုလိပ်များကို တိုင်လား တန်းလား လုပ်ရင်တော့ မင်းအသက်ကို ဖက်နှင့် ထုပ်ထားပေတော့ လို့ ပြောပြီး လွှတ်လိုက်တာနှင့် ကျွန်တော် ကားကို ခပ်သုတ်သုတ် မောင်းပြီး လာခဲ့ပါရောခင်ဗျ'

**ရှား**။ ။'အနီးအနားမှာ ဘယ်သူမှ မရှိဘူးလား'

**သီ**။ ။'အချိန်က နာရီပြန်နှစ်ချက်ကျော်နေလေတော့ အားကိုးလောက်တဲ့ တစ်ယောက်မှ မတွေ့ဘူးခင်ဗျ၊ တစ်ယောက်တစ်လေ တွေ့ပြန်တော့လဲ ခပ်မူးမူး ခပ်ရစ်ရစ်တွေပဲ တွေ့ရတယ်'

**ရှား**။ ။'ဆိုပါဦး'

**သီ**။ ။'တော်တော်ကလေး မောင်းလာမိတော့ သည်အမှုဟာ ဇကန္တ လူသတ်မှုပဲ ၊ ဌာနာကိုတော့ တိုင်ဦးမှ တော်မယ်လို့ သတိရပြီး ကျောက်တံတား ဌာနာဘက် ရှတ်တရက် လှည့်မောင်းပြီး ပုလိပ်အရာရှိတစ်ယောက်ကို တိုင်ချက်ပေးခဲ့ပါရော ခင်ဗျ'

**ရှား**။ ။'ပုလိပ်များနှင့် ထိုနေရာကို သွားပြီး ရှာကြတော့ ဘယ်သူမှ မတွေ့ဘူး ဟုတ်စ'

**သီ**။ ။'တစ်ယောက်မှ မတွေ့ပါဘူး ခင်ဗျာ'

၎င်းနောက် မောင်စံရှားက အရက်မူးနေသော လူကြီး၏ ပုံပန်းသဏ္ဌာန်ကို မေးမြန်းကြည့်ရှုရာ ၎င်းမှာ စပါးပွဲစားကြီး ဦးမြနှင့် ရုပ်လက္ခဏာ တူညီကြောင်းသိရှိရလေ၏။ သို့ရာတွင် ၎င်းအား ရေထဲသို့ ပစ်ချသူနှစ်ယောက်၏ အသွင်ကိုမူ လက်ကိုင်ပုဝါ စီး၍ထားသဖြင့် ထင်ရှားစွာ မမြင်နိုင်ဘဲ ရှိနေလေ၏။ သို့ရာတွင် တစ်ယောက်သောသူမှာ ထွားထွားကြိုင်းကြိုင်း ရှိသည်ဟု ဖြေဆိုသောကြောင့် ဦးလုပင် ဖြစ်ချေမည်ဟု ကျွန်တော်၏ စိတ်၌ မှတ်ထင်မိလေ၏။

မော်တော်ကား မောင်းသမား၏ နေအိမ်မှ ထွက်လာခဲ့ကြပြီးနောက် ကျွန်တော်တို့သည် ဦးလု တည်းခိုနေထိုင်ဖူးသည်ဆိုသော ရှိုင်ရယ်ဟိုတယ်သို့ သွားရောက်ကြပြီးလျှင် မန်နေဂျာနှင့် တွေ့ဆုံမေးမြန်းရာ မန်နေဂျာက ၎င်းဦးလုသည် လွန်ခဲ့သည် ငါးနှစ်ခန့်အခါက စ၍ နှစ်လလျှင် တစ်ကြိမ်၊ သုံးလလျှင် တစ်ကြိမ် လာရောက်တည်းခိုဖူးကြောင်း၊ တစ်ကြိမ်လျှင် သုံးရက်မှ

ဆယ်ရက်ခန့်အထိ ကြာဖူးကြောင်း၊ လွန်ခဲ့သည့် စနေနေ့ကမူ လေးငါးရက်နေဦးမည်ဟု ပြောပြီးမှ ရုတ်တရက် ထွက်သွားကြောင်း၊ ၎င်း၏ ပစ္စည်းကလေးများကို ယူသွား၍ နေထိုင်သည့် အခငွေကိုလည်း ရှင်းလင်း၍ ပေးခဲ့ကြောင်းနှင့် ဖြေဆိုလေ၏။ ၎င်းနောက် မောင်စံရှားက ဦးလှ တည်းခို၍ သွားသော အခန်း၌ ယခုအခါ အခြားဧည့်သည်များ နေထိုင်လျက် မရှိခဲ့ပါလျှင် ကြည့်ရှုလိုပါကြောင်းနှင့် ပြောဆိုသည်တွင် မန်နေဂျာက တနင်္ဂနွေနေ့ကပင် ၎င်းအခန်း၌ ဧည့်သည် ဘိုတစ်ယောက် တည်းခိုနေထိုင်လျက် ရှိသဖြင့် မအားလပ်ကြောင်းနှင့် ပြောဆိုသည့်အခါ ကျွန်တော်နှင့် မောင်စံရှားတို့မှာ ဟိုတယ်မှ ထွက်လာခဲ့ကြလေ၏။

ဟိုတယ်မှ ထွက်လာခဲ့ကြပြီးနောက် မောင်စံရှားသည် ရုတ်တရက် အကြံတစ်ခု ရလာသည့် လက္ခဏာနှင့် ကန်တော်ကလေး ရပ်ရှိ မောင်ချစ်ဆွေ၏ နေအိမ်သို့ သွားရောက်ကြပြန်ရာ မောင်ချစ်ဆွေနှင့် မတွေ့၊ ၎င်း၏ ဇနီးဖြစ်သူနှင့်သာလျှင် တွေ့ရှိရလေ၏။ မောင်စံရှားက ၎င်းအား မောင်ချစ်ဆွေ အလုပ်တိုက်မှ ပြန်၍ မလာသေးဘူးလားဟု မေးမြန်းသောအခါ မောင်ချစ်ဆွေမှာ လွန်ခဲ့သည် နာရီဝက်ခန့်အတွင်းတွင် အလုပ်တိုက်မှ ရုတ်တရက်ပြန်လာ၍ အရေးကြီးသော ကိစ္စတစ်ခုနှင့် ခရီးသွားရန် ရှိသဖြင့် အိပ်ရာလိပ်နှင့် သားရေသေတ္တာကို အလျင်အမြန် ပြင်ဆင်ယူဆောင်၍ ထွက်သွားကြောင်းနှင့် ပြောဆိုလေ၏။ မည်သည့်အရပ်သို့ ထွက်သွားသည်ကိုမူ ၎င်း၏ ဇနီးကိုယ်တိုင် မသိရှိအောင် ဖြစ်ခဲ့လေ၏။

၎င်း၏ အိမ်မှ ထွက်လာကြပြန်သောအခါ

**ကျွန်တော်။** ။'ဘယ့်နှယ်လဲ ကိုစံရှား၊ တကယ်ဆိုတော့ မောင်ချစ်ဆွေဟာ အဝေးသွားဖို့ ကိစ္စရှိခဲ့လို့ရှိရင် ကျွန်တော်တို့နှင့် တွေ့စဉ်က ခင်ဗျားကို ပြောဖို့ မကောင်းဘူးလားဗျာ'

**ရှား။** ။'ကျုပ်လဲ သည်ဟာ စဉ်းစားနေတာပဲ၊ ကိုင်း သို့သော် သူ့အလုပ်တိုက် သွားလိုက်ကြဦးစို့ဗျာ'

**ကျွန်တော်။** ။'သွားပေမဲ့ မောင်ချစ်ဆွေမှ မရှိဘဲ ၊ ဘယ့်နှယ်လုပ်မလဲ ဗျ'

**ရှား။** ။'လာသာ လာပါဗျာ၊ မရှိလေလေ ကောင်းလေလေပေါ့'

ရွှေတောင်တန်းရှိ ဦးမြနှင့် ဦးလှတို့၏ အလုပ်တိုက်သို့ ရောက်ကြသောအခါ တိုက်တွင်း၌ အခြားသူများ မရှိကြဘဲ စာရေး ဦးသာလှ ဆိုသူ လူကြီးတစ်ယောက်သာလျှင် စားပွဲ၌ စာရေးလျက် ရှိသည်ကို တွေ့ရသည် ဖြစ်ရာ မောင်စံရှားသည် မည်သည့်ပုဂ္ဂိုလ်မျိုးနှင့် မဆို တွေ့ဆုံသည့်အခါ၌ မိမိအလိုရှိသမျှကို မပေါ်လျှင် ပေါ်အောင် မေးမြန်းတတ်သူတစ်ယောက် ဖြစ်သည့်အားလျော်စွာ

**ရှား။** ။'တယ်ပြီး ဝီရိယ ကောင်းပါကလား ခင်ဗျာ၊ တိုက်ရှင်တွေ ပြန်လို့တောင် မပြန်သေးဘဲကိုး'

**လှ။** ။'ကိုယ့်ကိုယုံကြည်ပြီး လွှဲအပ်ထားခဲ့တဲ့ အလုပ်ကို မပြီးစီးမခြင်း နေရာက ထတတ်တဲ့ ဝါသနာမရှိလို့ မပြီးပြီးအောင် လုပ်နေရပါတယ်ခင်ဗျာ၊ ထိုင်ကြပါဦး ၊ ဘာကိစ္စလဲ ခင်ဗျာ'

**ရှား။** ။'မြန်မာလူမျိုးအချင်းချင်း ကုမ္ပဏီဖွဲ့စည်းပြီး လုပ်လို့ မဖြစ်နိုင်ဘူးလို့ လူမျိုးကွဲများက ကဲ့ရဲ့နေတုန်း ဦးလှနှင့် ဦးမြတို့ ယခုလို ဖြစ်သွားကြပြန်တော့ တယ်ပြီး ဝမ်းနည်းဖို့ကောင်းသဗျာ'

**လှ။** ။'ဝမ်းနည်းဆို ဘာပြောဖို့ကောင်းမလဲ ခင်ဗျာ'

**ရှား။** ။(ရုတ်တရက်) 'ဦးမြကို ဦးလှက သတ်တယ်လို့ ခင်ဗျား ထင်သလား'

**လှ။** ။'ထင်စရာ ဖြစ်နေပြီပေါ့ခင်ဗျာ'

**ရှား။** ။'သတ်ခဲ့လို့ ရှိရင် ဒေါသအလျောက် သတ်တာပဲနှင့်တူပါရဲ့၊ အကျိုးကျေးဇူး မျှော်လင့်စရာတော့ ရှိမယ် မထင်ပါဘူး'

**လှ။** ။'သည်လိုလဲ မဟုတ်လှဘူးခင်ဗျ၊ သူတို့အလုပ်က စပ်တူဆိုသော်လဲ တစ်ယောက် သေခဲ့လို့ရှိရင် ကျန်တစ်ယောက်က အလုပ်ကို တစ်ခါတည်း ခြုံပြီး သိမ်းပိုက်စတမ်းကိုး ခင်ဗျ'

**ရှား**။ ။'ဘယ့်နှယ်ဟုတ်နိုင်မလဲဗျ၊ တကယ်လို့ ဦးမြ သေစေကာမူ တွဲဘက်ဆက်ခံလုပ်မယ့် သူ့သား တစ်ယောက်လုံး ရှိသေးတာကပဲ ခင်ဗျာ'

**လူ**။ ။'မောင်ချစ်ဆွေလား ဟာ မောင်ချစ်ဆွေက အစုစပ်ပါတာ မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော်တို့လို စာရေးကပဲ'

**ရှား**။ ။'သည်တိုင်းမှန်ရင် မောင်ချစ်ဆွေ နာနေပြီပေါ့ဗျာ'

**လူ**။ ။'သူတို့လုပ်ပုံက တော်တော်ထူးဆန်းတယ် ခင်ဗျ၊ တစ်ယောက်သေရင် ကျန်တစ်ယောက်က အလုပ်ကို သိမ်းယူတန်း စာချုပ်ပြီး လုပ်ကြတယ်၊ မောင်ချစ်ဆွေ မနစ်နာရအောင်လဲ တစ်မျိုး စီမံပြန်တယ်'

**ရှား**။ ။'ဘယ်လိုများ စီမံပါသလဲ ခင်ဗျာ'

**လူ**။ ။'ဦးမြရဲ့အသက်ကို ငွေ ၃၀၀၀၀ိ နှင့် အပေါင်ထားရော ခင်ဗျ၊ ပေါင်တဲ့အတွက် အသက်အာမခံကုမ္ပဏီကို ပေးရတဲ့ ငွေကိုတော့အမြတ်ငွေထဲကအပတ်စဉ်ပေးသွင်းရောခင်ဗျ၊ တကယ်လို့ ဦးမြက ရုတ်တရက် သေဆုံးခဲ့လို့ရှိရင် မောင်ချစ်ဆွေက ငွေ ၃၀၀၀၀ိ ကိုယူ၊ ဦးလှက အလုပ်ကို သိမ်းရော၊ သည်လိုကိုး ခင်ဗျ'

**ရှား**။ ။'သင့်မြတ်ပါပေဗျာ၊ ဒါထက် မောင်ချစ်ဆွေ ဘယ်တော့ဆီလောက် ပြန်လာပါမလဲ'

**လူ**။ ။'ကျွန်တော် အမှန် မပြောနိုင်ဘူး ခင်ဗျာ'

**ရှား**။ ။'ကျေးဇူးတင်ပါတယ် ဗျာ၊ ကိုင်း ကျွန်တော်တို့ သွားဦးမယ်'

ငှင်းနေ့ညဉ့် မောင်စရှားသည် ခရီးသွားတော့မည့် လက္ခဏာနှင့် သားရေသေတ္တာကို လက်ဆွဲ၍ ဆင်းသွားပြီးလျှင် ၎င်းထံမှ ကြေးနန်း ရရှိက ကြေးနန်းတွင် ပါရှိသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ကျွန်တော်အား မှာထားခဲ့လေ၏။

မောင်စံရှား ထွက်သွားပြီးသည့်နောက် တတိယမြောက်နေ့၌ စုံထောက် အင်စပိတ်တော် မောင်အုန်းဖေသည် လူကြီးတစ်ယောက်နှင့် အိမ်ပေါ် သို့ တက်လာ၍

**ဖေ**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဆရာကြီး မပြန်လာသေးဘူးလား'

**ကျွန်တော်**။ ။'မပြန်လာသေးဘူးဗျ'

**ဖေ**။ ။'ဦးမြနှင့် ဦးလှ ကုမ္ပဏီအမှုအတွက် လိုက်သွားတယ် မှတ်တယ်'

**ကျွန်တော်**။ ။'သူ့သဘောကိုဖြင့် မပြောတတ်ဘူးဗျ၊ ကျွန်တော်တော့ ထင်တာပဲ'

**ဖေ**။ ။'ဟောဒါ ဦးလှပါပဲ ခင်ဗျ'

ထိုအခါ ကျွန်တော့်မှာ ပထမ၌ လှောင်ပြောင်၍ ပြောခြင်းဖြစ်သည်ဟု ထင်မှတ်ရာမှ ထိုလူကြီး၏ ရုပ်လက္ခဏာကို ကြည့်လိုက်သောအခါ ကျွန်တော်ကြားရဖူးသော ဦးလှ၏ ရုပ်အသွင်နှင့် တူညီသည်ဖြစ်၍ အံ့အားသင့်လျက် ရှိနေရလေ၏။

ထို့နောက်မှ မောင်အုန်းဖေက အကျိုးအကြောင်းကို ပြောပြရာ ဦးလှသည် မိမိအား ပုလိပ်ဘက်က ရှာဖွေလျက် ရှိကြောင်းကို သတင်းရရှိသဖြင့် ဌာနသို့ ကိုယ်တိုင်လာရောက် အပ်နှံကြောင်း၊ ဦးမြနှင့် ခိုက်ရန်ဖြစ်ပွားပြီးသည့်နောက် မောင်ချစ်ဆွေက မသင့်မတင့်ရှိကြသည့်အခါတွင် တစ်ယောက်နှင့်တစ်ယောက်ခွဲခွာ၍နေသင့်ကြောင်းနှင့်တောင်းပန်ပြောဆိုပြီးလျှင် မော်လမြိုင်သို့ ခေတ္တသွားရောက်ရောင်တိမ်း၍နေရန် အကြံပေးသည့်အတိုင်း ဦးလှက သွားရောက်နေထိုင်ရကြောင်း၊ ထိုမြို့၌ နေထိုင်စဉ် ဦးမြကို ဦးလှက သတ်ဖြတ်သည်ဟု သတင်းဖြစ်ပွားနေကြောင်း သိရှိရသဖြင့် ရန်ကုန်သို့ ပြန်လည်လာရောက် ရှင်းလင်းမည် ပြုဆဲတွင် လူတစ်စုတို့သည် ဦးလှ၏ အသက်ကို နှစ်ကြိမ်သုံးကြိမ်မျှ သတ်ဖြတ်ရန် ကြံစည်ကြကြောင်းများနှင့် ပြန်ပြောင်းပြောဆိုလေ၏။

ထို့ပြင် ဦးမြကို ဦးလုက သတ်ဖြတ်ခြင်း မဟုတ်ကြောင်း ထင်ရှားသော်လည်း ၎င်းအား မည်သူ သတ်သည်ကို ယခုတိုင် စုံထောက်၍ မပေါ်ပေါက်နိုင်သေးကြောင်းများနှင့်လည်း ပြောဆိုပြီးလျှင် မောင်စံရှား ပြန်လာသည်ကိုသာလျှင် မျှော်လင့် စောင့်ဆိုင်း လျက် ရှိကြကြောင်းနှင့် ပြောဆို၍ ပြန်သွားကြလေ၏။

၎င်းနေ့ညဉ့်၌ ကျွန်တော်သည် ကြေးနန်းတစ်စောင်ရရှိသဖြင့် ဖတ်ကြည့်ရာ ၎င်းမှာ မောင်စံရှားထံမှ ဖြစ်၍ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**"နက်ဖြန် ပြန်ခဲ့မည်၊ ယနေ့ညနေ ပဲခူးလော်ကယ်ရထား ကြိုပါ၊ ဆရာမကလေး တစ်ယောက် ပါခဲ့လိမ့်မည်၊ အရပ် ခပ်မြင့်မြင့် ဆံထုံးကြီးကြီး ဖဲစီးကြိုးအပြာ လိပ်ပြာရုပ်ပါတတ်သည်။ ၎င်းကို တွေ့လျှင် အမှတ်မဲ့ မျက်ခြေ မပြတ်အောင် နောက်က လိုက်၍ နေရာအရပ်ကို မှတ်သားထားပါလေ"**

ကြေးနန်းကို ဖတ်ပြီးနောက် ကျွန်တော်သည် နာရီကိုကြည့်လိုက်ရာ မီးရထားဆိုက်ချိန် နီးပြီဖြစ်၍ ပျာယီးပျာယာနှင့် ဘူတာရုံသို့ ထွက်လာခဲ့ရလေ၏။ ဘူတာသို့ ရောက်သောအခါ ပဲခူးလော်ကယ်ရထားသည် ဆိုက်နှင့်ပြီဖြစ်၍ ခရီးသည်တို့မှာ ဘူတာရုံမှ ထွက်သွားကြပြီးဖြစ်သဖြင့် စိတ်ပျက်ပျက် ရှိစဉ် မောင်အုန်းဖေနှင့် ရုတ်တရက်တွေ့ဆုံမိရာ

**ဖေ။** ။'စိတ်မပူပါနှင့်ဗျာ၊ ခင်ဗျား့ သူငယ်မ ရှိပါတယ်'

**ကျွန်တော်။** ။'ဘယ်က သူငယ်မလဲ ဗျ'

**ဖေ။** ။'ကိုစံရှား မှာလိုက်တဲ့ သူငယ်မလေ'

**ကျွန်တော်။** ။'ခင်ဗျား ဘယ့်နှယ်သိသလဲ'

**ဖေ။** ။'ကျွန်တော့်ဆီလဲ ကြေးနန်းရလို့ပေါ့၊ ကိုင်း လာလာ ဟောဒီက ကြည့်လှည့်'

ဟု ပြော၍ ဒုတိယတန်းစားပွဲခန်းသို့ ခေါ် သွားပြီးလျှင် အပေါက်မှ အမှတ်တမဲ့ပြရာ သူငယ်မတစ်ယောက်သည် တစ်ခုသော စားပွဲ၌ ထိုင်ကာ မောင်စံရှား ပြောသည့်အတိုင်း ဖဲကြိုးစည်းလျက် လက်ဖက်ရည်သောက်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်တော်တို့သည် စင်္ကြံမှ စောင့်ဆိုင်းလျက် ရှိကြရာ တစ်ခဏမျှ ကြာလျှင် သူငယ်မသည် မိန်းမကိုင် လက်ဆွဲ သားရေအိတ်ငယ်တစ်ခုကို ဆွဲလျက် အခန်းပြင်သို့ ထွက်လာ၍ ကားတစ်စီးပေါ် သို့ တက်ပြီးလျှင် မောင်းနှင်သွားရာ ကျွန်တော်နှင့် မောင်အုန်းဖေတို့လည်း အခြားကားတစ်စီးနှင့် နောက်မှ လိုက်ကြလေ၏။ ၁၈ လမ်းရှိ တိုက်အိမ်တစ်ခုသို့ ရောက်သောအခါ သူငယ်မသည် ကားပေါ်မှ ဆင်းသက်၍ ကားမောင်းသမားအား အခပေး၍ လွှတ်လိုက်ပြီးလျှင် တိုက်ပေါ် သို့ တက်သွားရာ ကျွန်တော်တို့သည် တိုက်နံပါတ်နှင့် အခန်းနံပါတ်ကို မှတ်သားပြီးနောက် ပြန်လာခဲ့ကြလေ၏။ ၎င်းနောက် မောင်အုန်းဖေသည် ပုလိပ်သားတစ်ယောက်ကို တိုက်ရှေ့မှ သွားရောက်စောင့်ဆိုင်းနေရန် စေလွှတ်လိုက်လေ၏။

နောက်တစ်နေ့နံနက်၌ ကျွန်တော်တို့ တိုက်ခန်းပြတင်းပေါက်မှ လမ်းဘက်သို့ မျှော်ကြည့်ရင်း မောင်စံရှားသည် ဘယ်အတွက်ကြောင့် ထိုဆရာမကလေး၏ နောက်သို့ ကျွန်တော်တို့အား လိုက်ရန် စေခိုင်းလိုက်သည့် အကြောင်းကို တွေးတောစိတ်ကူးလျက်ရှိရာ မောင်စံရှားသည် ကားတစ်စီးနှင့် ပျာယီးပျာယာ ဆိုက်ရောက်လာခဲ့လေ၏။

တိုက်ပေါ် သို့ ရောက်လျှင်

**ရှား။** ။'မောင်ချစ်ဆွေ ရောက်လာပြီဗျို့'

**ကျွန်တော်။** ။'ခင်ဗျား သူ့နောက် လိုက်နေတာလား'

**ရှား။** ။'အစစ်ပေါ့'

**ကျွန်တော်။** ။'ဘယ့်နှယ်ကြောင့်လဲဗျ'

**ရှား**။ ။'လာသာလာပါ နောင်တော့ သိပါလိမ့်မယ်'

ကျွန်တော်သည် အဝတ်များလဲလှယ်ပြီးလျှင် မောင်စံရှားနှင့်အတူ ကားနှင့်လိုက်သွားခဲ့ရာ ပုလိပ်ဌာနသို့ ရောက်လျှင် မောင်အုန်းဖေနှင့် တွေ့၍

**ဖေ**။ ။'ဆရာ ပြန်ခဲ့ပြီလား၊ ဘယ့်နှယ်လဲ နေရာကျလား ဆရာ'

**ရှား**။ ။'စိတ်ချပါ ၊ ခင်ဗျားလူ တိုက်ရှေ့မှာ စောင့်နေရဲ့နော်'

**ဖေ**။ ။'စောင့်နေပါတယ် ဆရာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် သွားစို့ဗျာ၊ လာပေတော့'

၁၈ လမ်းရှိ ယခင်က တိုက်ရှေ့သို့ရောက်ကြသောအခါ ယခင်က ပုလိပ်သားသည် မနီးမဝေးမှ အရပ်ဝတ် အရပ်စားနှင့် စောင့်ဆိုင်းလျက် ရှိသည်ကို တွေ့ရှိကြရသည်ဖြစ်ရာ မောင်စံရှား ခေါင်းညိတ်၍ ပြပြီးနောက် ကားကို လွှတ်လိုက်လေ၏။ ၎င်းနောက် ကျွန်တော်တို့သည် ဆရာမကလေး တက်သွားသော တိုက်ပေါ် သို့ ဖြည်းညင်းစွာ တက်သွားကြပြီးလျှင် တစ်ခုသော အခန်းမှ ချောင်းမြောင်း နားထောင်ကြလေရာ

**မောင်ချစ်ဆွေအသံ**။ ။'ဦးလှ ရောက်နေပြီဆိုပဲ၊ တစ်ခါဖြင့် ခက်ကြပြီ ထင်တယ်'

**ဆရာမ၏အသံ**။ ။'ရှင်တို့ဟာ ဘယ့်နှယ်အကြံလဲ'

**တတိယအသံ**။ ။'နေစမ်းပါကွယ်၊ မင်းက ဘယ့်နှယ်ကြောင့် မသုတ်သင်နိုင်သလဲ'

**မောင်ချစ်ဆွေအသံ**။ ။'သုံးခါတောင် ကြိုးစားတာပဲ၊ အဖေ့ကုသိုလ်ကံ ကိုက'

ထိုခဏ၌ မောင်စံရှားသည် အခန်းတံခါးကို ခေါက်ပြီးလျှင် ကုလားအသံလို အတုခိုး၍ ဟိန္ဒူစတန်နီဘာသာဖြင့် 'တားလ် ဆာဟစ်' (ကြေးနန်းရောက်တယ်) ဟု ပြောလိုက်ရာ ကျွန်တော်တို့သည် ခြေသံများကို ကြားရပြီးနောက် တံခါးသည် ရုတ်တရက် ပွင့်လာ၍ ဆရာမကလေးသည် တိုက်ပြင်သို့ ထွက်လာလေ၏။

ကျွန်တော်တို့ လူစုကို မြင်သောအခါ ဆရာမကလေးသည် မျက်နှာပျက်၍ သွားပြီးလျှင် တံခါးကို ပိတ်တော့မည် ပြုသော်လည်း မောင်အုန်းဖေသည် တံခါးကြား၌ ဒူးသွင်းပြီးဖြစ်သောကြောင့် တံခါးကို ဖွင့်ပြီးလျှင် အခန်းထဲသို့ ဝင်သွားကြရာ ကျွန်တော်တို့လည်း နောက်မှ လိုက်သွားကြလေ၏။

အခန်းတွင်းသို့ ရောက်သောအခါ လူတစ်ယောက်မျှ မတွေ့ရဘဲရှိရာ မောင်စံရှားသည် ဗီရိုတစ်ခုနားသို့ သွား၍ တံခါးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်ချစ်ဆွေ ပေါ်လာခဲ့လေ၏။ ၎င်းကို ဆွဲ၍ထုတ်လိုက်လျှင် ၎င်း၏နောက်မှ လူကြီးတစ်ယောက် ပေါ်လာပြန်လေ၏။

**ရှား**။ ။'တယ်ဉာဏ်များတဲ့ သားအဖနှစ်ယောက်ပဲ လာကြ လာကြ'

**ဖေ**။ ။'ဦးမြလား ဆရာ'

**ရှား**။ ။'အစစ်ပေါ့ဗျ'

**ကျွန်တော်**။ ။'ဒါဖြင့် ဦးမြ မသေဘူးပေါ့'

**ရှား**။ ။'ဘယ်က သေရမှာလဲဗျာ၊ ရေထဲ ပစ်ချခြင်းပြုပြီး ပြန်တက်လာတာပေါ့၊ ငွေ ၃၀၀၀ဝ ရလိုမှုအတွက် ဉာဏ်ထုတ် ရရှာတာပေါ့ဗျ'

ဌာနသို့ ရောက်ကြသောအခါ မောင်စံရှားက သားအဖနှစ်ယောက်အား ချော့မော့မေးမြန်းသော်လည်း ဖြောင့်ချက် မပေးကြလဲ ရှိနေကြသည်တွင် မောင်စံရှားက

**ရှား**။ ။'ကိုင်း ကိုင်း၊ ခင်ဗျားတို့က မပြောချင်ရင် ကျုပ်က ပြောပြရမှာပေါ့ဗျာ၊ ခင်ဗျားတို့မှာ တစ်စုံတစ်ခု အတွက်ငွေကြပ်ကရော၊ ငွေကြပ်တော့ ဦးမြက အသက်ကို ၃၀၀၀၀ိ နှင့် အပေါင်ထားရော၊ ဦးလှကို ရန်မဖြစ် ဖြစ်အောင် စရော၊ ရန်ဖြစ်တဲ့နေ့ ညမှာပဲ မော်တော်ကားတစ်စီးကို ခေါ်ပြီး ဦးမြကို ရေထဲ ပစ်ချခြင်းပြုရော၊ မော်တော်ကား မောင်းသမားက တကယ်မှတ်လို့ တိုင်ချက်ပေးရော၊ ပုလိပ်က ဦးလှ သတ်တယ်လို့ ထင်ရော၊ ဦးလှကိုတော့ တစ်နည်းနည်း နှင့် ပြုတ်အောင်ကြံကြရော ၊ ကြံပေမယ့် ကျုပ်က အနားက စောင့်နေတဲ့အတွက် ခင်ဗျားတို့ အကြံမအောင်ဘူး၊ သည်လို မဟုတ်လားဗျာ'

**ဆွေ**။ ။'ဟုတ်ပါတယ်'

**ရှား**။ ။'ဆရာမက မောင့် မယားငယ် မဟုတ်လား'

**ဆွေ**။ ။'မှန်ပါတယ်၊ သူ ငွေဆာတဲ့အတွက် ကျွန်တော်တို့ သားအဖ ဒုက္ခ ရောက်ရတာပါပဲ ခင်ဗျာ'

ထိုအမှုကို စစ်ဆေးသည့် အခါ မောင်စံရှားက သနားသဖြင့် ဟုတ်သလောက် အစစ်မခံဘဲ ဖော့၍ထွက်ဆိုသည် ဖြစ်သောကြောင့် သားအဖ နှစ်ယောက်တို့မှာ ထောင်ဒဏ်အနည်းငယ်မျှသာ ကျခံကြရလေသတည်း။

## ပြီးပါပြီ။

× × × × × ×

## ၂၂။ မောင်စံရှားနှင့် ထူးဆန်းသော အိုးခြမ်းပဲ့ အထိမ်းအမှတ်အမှု

တနေ့သောနံနက်ခင်း အချိန်၌ ကျွန်တော်၏မိတ်ဆွေကြီးမောင်စံရှားသည် စာတိုက်မှရသော စာများကိုဖွင့်၍ ဖတ်နေစဉ် ကျွန်တော်မှာ အနီးမှသတင်းစာတစောင်ကို ဖတ်ရှုလျက်ရှိရာ မောင်စံရှားက ရုတ်တရက် ရယ်မောလိုက်သော အသံကို ကြားသည်နှင့်

**ကျွန်တော်။** ။ 'ဘာများသဘောကျနေလို့လဲဗျ၊ ကိုစံရှားရဲ့'

**ရှား။** ။ 'စက်ကလေးတို့လူစုက ကျုပ်ကိုသေကြောင်းကြံနေတယ်တဲ့ဗျ။ မတင်မြင့်က သတိပေးလိုက်ရှာတယ်။'

**ကျွန်တော်။** ။ 'ဘယ် မတင်မြင့်လဲ။ ဆိုးပေတို့ အသင်းထဲက မတင်မြင့်လား။'

**ရှား။** ။ 'အစစ်ပဲ ကိုသိန်းမောင်။ မတင်မြင့်လေးတယောက်က ကံဇာတာမကောင်းရှာလို့ လူဆိုးတွေနဲ့ ပေါင်းသင်းပြီး နေရရှာပေမယ့် ကျုပ်တို့အပေါ်မှာ အင်မတန် မေတ္တာ ထားပြီး လူဆိုးများက ကျုပ်အသက်ကိုလုပ်ကြံမယ်သတင်းရတိုင်း သတိပေးရှာတယ်ဗျ၊ ရော့ ရော့ သူ့စာကို ခင်ဗျားဖတ်ကြည့်စမ်းပါဦးဗျာ။'

ဟုပြော၍ စာတစောင်ကို ကျွန်တော့်အားလှမ်းပေးရာ အောက်ပါအတိုင်းတွေ့ရှိရလေ၏။

**မည်သည့်ကိစ္စနှင့်မျှ သာယာကုန်းရွာသို့ မလာပါနှင့်။ စက်ကလေးတို့က ဦးစံရှားကို ၄င်းရွာ၌ အဆုံးစီရင်ရန် ကြံနေကြပါသည်။**

**မတင်မြင့်**

**ကျွန်တော်။** ။ 'သာယာကုန်းရွာဆိုတာဘယ်မှာလဲဗျ။'

**ရှား။** ။ 'ဆိုနိုင်ဘူးလေ။ ကျုပ်လဲမကြားဖူးဘူး။ သွားစရာကိစ္စလဲမရှိပါဘူး။ သို့သော် အခွင့်ပေါ်လို့ရှိရင်လဲ သွားရမှာ ပေါ့လေ။ လူဆိုးဆိုတာ ကျုပ်လိုလူကို သေကြောင်းကြံစည်မယ်ဆိုတာ မယုံကြည်စရာမဟုတ်ပေဘူးပေါ့။ သို့သော် သူတို့ ကြောက်လို့ မသွားရ မလာရဘူးဆိုရင် ခက်မကုန်ဘူးလားဗျာ။'

'ခက်တာတော့ ဘာပြောစရာရှိသလဲဆရာ၊ အင်မတန်ခက်နေတာပေါ့'

ဟုပြောသံကြားသဖြင့်ကျွန်တော်တို့နှစ်ယောက်သည် တံခါးဆီသို့မော်၍ကြည့်ကြရာ အင်စပိတ်တော်မောင်အုန်းဖေသည် အခန်းတွင်းသို့ဝင်၍ လာလေ၏။

**ရှား။** ။ 'ခင်ဗျားက ဘာခက်လာပြန်ပြီလဲ၊ ဓါးပြမှုလား။'

**ဖေ။** ။ 'လူသတ်မှုဆရာရေ့၊ တော်တော်ကြပ်တဲ့ လူသတ်မှုပဲ။'

**ရှား။** ။ 'ဘယ်လမ်းမှာလဲ'

**ဖေ။** ။ 'ဝဇလမ်းမှာပဲဆရာ။ လူတယောက်က တိုက်ခန်းငှားပြီးနေသတဲ့၊ တလစေ့လို့ ဒရဝမ်က တိုက်လခ တောင်းမယ် လို့ သွားတော့ အိမ်ရှင်လဲမတွေ့ တိုက်ခန်းထဲမှာ လူတယောက် လောလောလတ်လတ်သေပြီးနေတာကိုတွေ့ရသတဲ့။ တိုက်ရှင် ကုလားကပြောတော့ သူ့တိုက်ခန်းကိုငှားတဲ့လူဟာ ပုပုဝဝ အသားဖြူဖြူတဲ့ဆရာ။ သေတဲ့လူက ပိန်ပိန်ရှည်ရှည် အသား ညိုညို တဲ့ ဆရာရဲ့'

**ရှား။** ။ 'အိမ်ရှင် ပြန်မလာပုံထောက်တော့ သူကပဲသတ်ပုံပေါ်တာပေါ့လေ။ သို့သော် ရန်ကုန်မြို့ပေါ်မှာ ပုပုဝဝ အသား ဖြူဖြူတွေပေါလေတော့ ရှာဖို့ရာ အကြပ်သားကလား'

**ဖေ။** ။ 'ဒါကြောင့်ဆရာ့ဆီကျွန်တော်ပြေးလာတာပေါ့ဆရာ။ အားလပ်လို့ရှိရင် တဆိတ်လောက်လိုက်ခဲ့ပါဦးဆရာ။'

၎င်းနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် မောင်အုန်းဖေနှင့်အတူ ၁၈လမ်းသို့ မော်တော်ကားတစီးနှင့်ထွက်ခဲ့ကြရာ တခုသော သုံးထပ်တိုက်ရှေ့၌ ကားကိုရပ်ပြီးနောက်အလောင်းရှိရာ ဒုတိယအထပ်သို့တက်ကြလေ၏။ အခန်းတွင်းသို့ ဝင်မိကြလျှင် ကုလားထိုင် အကျိုးအပဲ့ နှစ်ခု၊ စားပွဲဝိုင်းကလေးတခု၊ ရွက်ဖျင်ကုတင်တခုဖြင့်သာ စုပ်နုပ်စွာခင်းကျင်း၍ ထားသောညှော်ခန်းအတွင်း ကြမ်းပြင်ပေါ်တွင် လူတယောက်သည် ရင်ဝတွင် ဓါးမြှောင်တန်းလန်းနှင့် ပက်လက်လန်ကာ သေလျက်ရှိသည်ကိုတွေ့ရလေ၏။ မျက်နှာထားမှာလဲ တည်ငြိမ်အေးချမ်းစွာမရှိဘဲ မကြေမချမ်း မဆန့်မပြဲ အသက် ထွက်ရ ရှာသဖြင့် သုန်မှုံကာရှိနေရကား များစွာကြောက်ရွံ့ဖွယ်ကောင်းလှပေ၏။ အလောင်းကိုသေချာစွာကြည့်ပြီးနောက်

**ရှား။** ။ 'ဒီအခန်းထဲကိုဘယ်သူဝင်ကြသေးလဲ'

**ဖေ။** ။ 'ကျွန်တော်ရယ် တိုက်ရှင်ကုလားရယ် ဒရဝမ်ရယ် ဒါပဲဝင်ပါတယ်ဆရာ'

**ရှား။** ။ 'ခြေရာခံကြည့်ရအောင်ကလဲ တိုက်ရှင်ကုလားနဲ့ ဒရဝမ်ရဲ့ခြေရာကို ကျုပ်မမြင်ဖူးတော့ အခက်သားဖြစ်နေပြီဗျို့။ သို့သော် သေသူဟာ ဘယ်လိုလူစားဖြစ်တယ်ဆိုတာ အလောင်းကိုပဲသေသေချာချာကြည့်ရတော့မှာပဲဗျာ'

ဟုပြော၍ မောင်စံရှားသည် အလောင်း၏ ခြေလက်အင်္ဂါစသည်တို့နှင့် အင်္ကျီအိတ်များကိုလှန်လှောကြည့်ရှုလေသည်။ သေသူမှာ မောင်အုန်းဖေပြောသည့်အတိုင်း ပိန်ပိန်ရှည်ရှည်ဖြစ်လေရာ ယောလုံချည်တပတ်ရစ်၊ သက္ကလပ် အင်္ကျီအနက်၊ နောက်ပိတ်ဖိနပ် အညိုရောင်၊ ခေါင်းပေါင်း အုပ်ပေါင်း ခပ်စောင်းစောင်းနှင့်ရှိနေရှာလေ၏။

မောင်စံရှားသည် အလောင်း၏ အင်္ကျီအတွင်းရှိပစ္စည်းများကိုနှိုက်ထုတ်ကြည့်ရှုရာ ၎င်းတို့မှာ လက်ကိုင်ပုဝါတထည်၊ ပိုလိုစီးကရက်ဘူး တစ်ဘူး၊ မီးခြစ်ဘူး တစ်လုံး၊ ငွေသုံးကျပ်နှင့် မူးစေ့ မတ်စေ့ ၁၂ပဲမျှသာဖြစ်လေသည်။ လက်ကိုင်ပုဝါ နှင့်အတူ ပြာအနည်းငယ်ကပ်၍ပါလာသည်ကိုမြင်သဖြင့် မောင်စံရှားသည် အင်္ကျီအိတ်ကိုလှန်လှော ကြည့်ရှုလေရာ အတွင်းမှ စီးကရက်ပြာနှင့်တူသော ပြာမှုန်တို့သည် ထွက်ပေါ်၍လာလေ၏။ ၎င်းနောက်

**ရှား။** ။ 'အင်း … တယ်ချည်းပဲတော့ဖြင့်မသိနိုင်ဘူးဗျို့၊ သို့သော် တော်တော်တန်တန်လောက်ဖြင့် အကဲခတ်နိုင်ဖို့ရှိပါရဲ့'

**ဖေ။** ။ 'ဘာများအကဲခတ်နိုင်လဲဆရာ၊ ကြားပါရစေ'

**ရှား။** ။ 'သေသူဟာလက်နှိပ်စက်ရိုက်ခြင်းအားဖြင့် အသက်မွေးတဲ့ စာရေးတယောက်ဖြစ်ဟန်တူတယ်။ လက်နှိပ်စက် ရိုက်တတ်သော်ငြားလည်း ကျောင်းထွက်မဟုတ် မိမိဘာသာလေ့ကျင့်ခြင်းအားဖြင့် တတ်မြောက်ပြီး လခအနည်းငယ်နှင့် လုပ်ကိုင်ရဟန်ရှိတယ်။ ပိုက်ဆံကြေးငွေ ကြပ်တည်းတဲ့အတွက် ချွေတာသုံးစွဲတဲ့ အလေ့အကျင့်လဲရှိဟန်တူတယ်။ တော်တော်စေ့စေ့စပ်စပ်ရှိတဲ့ သားမယားလဲရှိဟန်တူတယ်'

**ဖေ။** ။ 'ဒီလောက်ဆိုရင်ပဲလွန်နေပြီကော ဆရာ၊ တဆိတ်လောက်ရှင်းလင်းပြီး ပြပါဦး ဆရာ'

**ရှား။** ။ 'ကျုပ်ကဖော်ပြီးပြောတာတောင် ခင်ဗျားမတွေးမိသေးဘူးလား။ သည်လိုဗျ၊ သေသူရဲ့လက်ထိပ်လေးတွေကို ကြည့်စမ်း၊ လက်ဝဲဘက်က လက်ခလယ်နှင့်လက်ညှိုး၊ လက်ယာဘက်က လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် တို့မှာ လက်ထိပ် ကလေးတွေ မာမနေဘူးလား၊ ဟုတ်စ'

**ဖေ။** ။ 'မှန်ပါတယ်ဆရာ၊ ဒါကြောင့် လက်နှိပ်စက်ရိုက်ခြင်းဖြင့် အသက်မွေးကြောင်းတော့ ထင်ရှားပါပြီ။ သို့သော် ကျောင်းထွက်မဟုတ်ကြောင်းကကော ဆရာ'

**ရှား။** ။ 'လက်နှိပ်စက်သင်တဲ့ကျောင်းဆိုရင် လက်ဝဲဘက်ကော လက်ယာဘက်ကော လက်ငါးချောင်းစလုံး ရိုက်တတ် အောင်သင်ရတယ်ဗျ။ ဒီလူကတော့ သူ့ဖာသာလေ့ကျင့်ပြီးတတ်တဲ့အတွက် တဘက်ကသုံးချောင်း တဘက်က နှစ်ချောင်း သာ အသုံးပြုတတ်တယ်'

**ဖေ။** ။ 'ကောင်းပါတယ်ဆရာ။ နို့ ခွေးတာသုံးစွဲတတ်တာကကောဆရာ'

**ရှား။** ။ 'သူ့အိတ်ထဲက ပြာတွေ တွေ့တယ်မဟုတ်လား။ သည်ပြာဟာတခြားမဟုတ် စီးကရက်ပြာတွေဗျ။ ဘယ်နှယ့်ကြောင့် သူ့အိတ်ထဲရောက်နေရသတဲ့လဲ၊ စီးကရက်ကို တဝက်လောက်သောက်ပြီး ကျန်တဲ့အတိုကလေးကို မီးငြိမ်းပြီး အိတ်ထဲမှာ ထည့်တတ်တဲ့ အကျင့်ရှိတယ်လို့ ကျုပ်ဆိုတယ်'

**ဖေ။** ။ 'စေ့စေ့စပ်စပ်ရှိတဲ့ သားမယားရှိပုံကကော ဆရာ'

**ရှား။** ။ 'သူ့ရှပ်အင်္ကျီကြည့်စမ်း၊ အောက်ဆုံးက အင်္ကျီသီးဟာ သည့်ပြင် အသီးတွေနဲ့မတူဘူး။ နောက်မှ တပ်ထားတဲ့ အသီးဗျ။ သုံးသီးက ခပ်ဖြူဖြူ၊ တစ်သီးက ခပ်ညိုညိုရှိနေတယ်။ မစေ့စပ်တဲ့ မိန်းမဆိုရင် ရှပ်အင်္ကျီသီးပြုတ်ရင် တပ်ဖော်မရဘူးဗျ၊ ပြီးတော့ သူ့လက်ကိုင်ပုဝါကိုကြည့်စမ်း၊ မီးလောင်ပေါက်လေတော့ အပ်ချည်ကလေးနဲ့ ယက်ပြီး ဖာထားတာတွေ့တယ်မဟုတ်လား'

**ဖေ။** ။ 'မှန်ပါတယ် ဆရာ'

**ရှား။** ။ 'အဲဒါဟာလဲ စေ့စပ်တဲ့ မိန်းမတယောက်ရဲ့ လက်ရာဗျ'

**ကျွန်တော်။** ။ 'ရှင်းပါပေ့ဗျာ။ မြင်လဲမြင်တတ်ပါတယ်'

**ရှား။** ။ 'ကိုင်း ကိုအုန်းဖေ၊ သတ်တဲ့လူကိုတွေ့ချင်ရင် သေသူဟာဘယ်သူဖြစ်တယ်ဆိုတာ ရှေးဦးစွာစုံထောက်ပြီးမှ ဘယ်သူနဲ့ရန်စရှိတယ်ဆိုတာသိနိုင်တာကိုးဗျ။ သည်တော့သေသူ့အကြောင်းသိရအောင် အလုပ်တိုက်တွေမှာ လျှောက်ပြီး စုံထောက်ချေပေတော့ဗျာ။ ခင်ဗျား အလောင်းကြီးလဲ ဆေးရုံကိုပို့လိုက်တော့၊ ကျုပ်တို့ပြန်ဦးမယ်'

ထို့နောက်နှစ်ရက်ခန့်ကြာလတ်သော် မောင်စံရှားသည် တိုက်ခန်းအတွင်း၌ ရန်ကုန်ဂေဇက် သတင်းစာကိုဖတ်ရှုရာမှ

**ရှား။** ။ 'ကိုသိန်းမောင်ကြည့်စမ်းဗျို့၊ ကျုပ်တို့လူတွေ့ပြီထင်တယ်'

ဟုပြော၍ သတင်းစာကိုကျွန်တော့အားပေးလိုက်ရာ သတင်းစာ၌ အလုပ်လစ်လပ်သောနေရာ ကြော်ငြာသည့် အပိုင်းတွင် အောက်ပါအဓိပ္ပာယ်အတိုင်းတွေ့ရှိရလေသည်။

**လက်နှိပ်စက်ရိုက်တတ်သူတယောက် အမြန်အလိုရှိသည်။ အလုပ်မှာ အမြဲဟူ၍ မုချမဆို။ ထိုနေရာ၌ လုပ်ကိုင်နေသောသူပြန်လာခဲ့လျှင် လုပ်ကိုင်သမျှရက်ကို ရှင်းလင်း၍ ပေးမည်။ အကယ်၍ ထိုသူပြန်မလာခဲ့လျှင် အလုပ်ကိုကျေနပ်က အမြဲတန်း ခန့်ထားလိမ့်မည်။**

**အီဇရာ၊ မန်နေဂျာ၊**

**ဒါလဟိုဇီလမ်း၊ ကုန်စုံဆိုင်ကြီး။**

၄င်းနောက် ကျွန်တော်နှင့်မောင်စံရှားတို့သည် အဝတ်များလဲလှယ်၍ အဆိုပါဆိုင်ကြီးသို့ သွားရောက်ကြလေ၏။ ဆိုင်တွင်းသို့ရောက်လျှင် ကုလားစာရေးတယောက်က မန်နေဂျာနှင့်တွေ့လိုလျှင် ခေတ္တမျှ ဆိုင်းငံ့ရန်ပြောဆိုလေရာ

**ရှား။** ။ 'နေပါစေကွယ်၊ ကိစ္စ အရေးမကြီးလှပါဘူး။ နေပါဦးကွယ်၊ ဒီတိုက်မှာ အရင်က လက်နှိပ်စက် အလုပ်လုပ်တဲ့လူတယောက်ရှိပါတယ်။ ကိုဘစံတဲ့မဟုတ်လား'

**စာရေး။** ။ 'ကိုဘစံလို့တော့မရှိဘူး၊ ကိုဘရှင်ဆိုတာတော့လုပ်ဖူးတယ်'

**ရှား။** ။ 'ပိန်ပိန်ရှည်ရှည် အသားခပ်ညိုညိုလေ'

**စာရေး**။ ။ 'ဟုတ်တယ်ဆပ်၊ အခုဘယ်သွားတယ်မသိဘူး၊ မလာတာ သုံးလေးရက်ရှိသွားပြီ၊ သူမလာတာ ကျွန်တော် အားကြီး ဒုက္ခ ရောက်တယ်'

**ရှား**။ ။ 'သူရှိတုန်းက လူတယောက် အသားဖြူဖြူတယောက် ခဏခဏ မလာဘူးလား'

**စာရေး**။ ။ 'ဟာ ခဏခဏ လာတယ်ဆပ်၊ ဘရားဆပ်က ဟိုနေ့က ဧည့်သည်တွေလက်မခံရဘူး ပြောလိုက်တော့ သူလဲ မလာတော့ဘူး။ ကိုဘရှင်လဲပျောက်သွားရော'

**ရှား**။ ။ 'ဒီလူ လာတဲ့အခါ ဘာစကားများပြောတတ်ကြသလဲ၊ မကြားမိဘူးလား'

**စာရေး**။ ။ 'ဘာပြောတယ်ကျွန်တော်မသိဘူး၊ တိုးတိုး တိုးတိုး အားကြီးပြောကြတယ်၊ ဟိုလူက တံခါးပေါက်ကနေပြီး တနင်္ဂနွေနေ့ သာယာကုန်းကိုလာခဲ့ဦးနော်လို့ မှာသွားတာကျွန်တော်ကြားလိုက်ရတယ်'

ထိုအခါမောင်စံရှားသည် သာယာကုန်းဟူသော အမည်ကို ကြားရသဖြင့် ကျွန်တော့်အားလှည့်၍ကြည့်ပြီးနောက်

**ရှား**။ ။ 'သည်တိုက်မှာ ဘာပစ္စည်းများပျောက်သလဲ'

**စာရေး**။ ။ 'ဟိုနေ့က မီးခံသေတ္တာသော့မှာ ဖယောင်းတွေကပ်နေတာကို ဘရားဆပ်က မြင်လို့ မသင်္ကာတာနဲ့ ရှိတဲ့ငွေကို ဘဏ်ပို့လိုက်တယ်ဆပ်၊ ဘာမှ မပျောက်ဘူးထင်တယ် ဆပ်'

၎င်းနောက်မောင်စံရှားသည် ကုလားစာရေးကလေးအား ကျေးဇူးတင်ကြောင်းပြော၍ တိုက်တွင်းမှထွက်လာခဲ့ကြရာ လမ်းခရီး တွင်

**ရှား**။ ။ 'ကျုပ်ထင်တဲ့ အတိုင်းပါပဲဗျာ၊ အလုပ်တိုက် သံသေတ္တာသော့ကို ဘရှင်က ဖယောင်းပုံနှိပ်ပြီး ပုပုဝဝလူကိုပေး၊ ဟိုလူကညလာပြီးသေတ္တာကို ဖွင့်အကြည့်မှာ သူလိုတာမတွေ့ရလေတော့ ညာရမလားလို့ အဆုံးစီရင်လိုက်ဟန်တူတယ်'

**ကျွန်တော်**။ ။ 'ဒါနဲ့တူတယ်၊ သို့သော် သာယာကုန်းရွာဆိုတဲ့ စကားက ထူးလှချေကလားဗျာ၊ မတင်မြင့်က ခင်ဗျားကို သတိပေးထားတာကလဲ သာယာကုန်း၊ ယခုလဲပဲ သာယာကုန်းပါပဲလား၊ မတော်တဆတူလေရော့သလားဗျာ'

**ရှား**။ ။ 'မတော်တဆမဟုတ်ဘူး ကိုသိန်းမောင်၊ ပုပုဝဝ အသားဖြူဖြူဆိုတာတခြားသူမဟုတ်ဘူး၊ ကျုပ်တို့ စက်ကလေး ဆိုတဲ့ အကောင်ပဲဗျ၊ ကိုင်း ကိုသိန်းမောင် ဒီအကောင် ဒီတခါတော့မိအောင်ဖမ်းရမယ်။ သာယာကုန်း ဆိုတာ ဘယ်မှာ ရှိတယ်တော့မဆိုနိုင်ဘူး။ မြေပုံထဲမှာရှာပြီးလိုက်ကြရလိမ့်မယ်'

နေအိမ်သို့ရောက်ကြသောအခါ မောင်စံရှားသည် မြန်မာပြည်မြေပုံကြီး၌ သာယာကုန်းဟူသောအမည်ကိုရှာဖွေရာ မတွေ့ သည်နှင့် ဒိစတြိတ်တခုစီ ပုံကြီးချဲ့၍ ရိုက်နှိပ်ထားသော မြေပုံများကိုတခုစီ ဖြန့်၍ရှာလေ၏။ နောက်ဆုံး၌ ပုသိမ် ဒိစတြိတ်အတွင်း တခုသောချောင်းငယ်၏ ကမ်းပါးပေါ်တွင် သာယာကုန်းဟူသောရွာအမည်ကိုတွေ့ရှိလေလျှင်

**ရှား**။ ။ 'ကိုင်း ကိုသိန်းမောင် ပစ္စည်းကလေးများပြင်ဆင်ပေတော့၊ အမြန်သင်္ဘောနှင့် ယနေ့ည ကျုပ်တို့လိုက်ကြရ လိမ့်မယ်'

ကျွန်တော်တို့သည် ပုသိမ်မြို့မှတဖန် သမ္ပာန်တစင်းငှားပြီးနောက် သာယာကုန်းရွာသို့ရောက်ကြလေလျှင် ၎င်းရွာမှာ တံငါရွာ ကလေးမျှဖြစ်၍ အိမ်ခြေငါးဆယ်ခန့်မျှသာလျှင်ရှိချေ၏။ မောင်စံရှားမှာ အရေးကြုံသည့်အခါ၌အသုံးပြုရန် အထည်အလိပ်များ

ဝယ်ချမ်းထားသည်ဖြစ်၍ ကျွန်တော်တို့နှစ်ယောက်သည် အထည်သည်များအဖြစ်နှင့် ရွာသူကြီးအိမ်သို့ သွားရောက် တည်းခိုကြလေ၏။

ကျွန်တော်တို့ဆိုက်ရောက်သော အချိန်သည်ကား ညစနာရီကျော်အချိန်ဖြစ်လေရာ ထိုရွာ၌ အငြိမ့်ပွဲတပွဲ တီးမှုတ်လျက်ရှိ၏။ ၎င်းပွဲမှာ မင်္ဂလာဆောင်ပွဲ ဖြစ်ကြောင်းကြားသိပြီးနောက် မောင်စံရှားက ရွာသူကြီးအား ရန်ကုန်မြို့မှ အခြားဧည့်သည်များ ဆိုက်ရောက်လျက်ရှိနေပါသလောဟု မေးမြန်းသည်တွင် အဘိုးကြီးတယောက်နှင့် ဇနီးငယ်ငယ်သည် တအိမ်၌လည်းကောင်း၊ တရုတ်ကပြား တယောက်သည် အခြားတအိမ်၌လည်းကောင်း ဆိုက်ရောက် လျက်ရှိကြောင်း၊ ၎င်းတို့မှာ ငါးရုံခြောက်များ ဝယ်ယူရန် လာကြကြောင်းနှင့် ကြားသိရကြောင်းကို ပြန်ပြောလေ၏။

ထိုညဉ့်၌ ကျွန်တော်မှာ သမ္ဘာန်ပေါ်၌ ရက်တရက် အအေးမိသဖြင့် ချမ်းစိမ့်စိမ့်ဖြစ်ပြီးလျှင် ဦးခေါင်းကိုက်သည့် ဝေဒနာ စွဲကပ်လျက်ရှိလေရကား မောင်စံရှားနှင့် အတူ မလိုက်ပါနိုင်ဘဲ အိမ်၌ ကျန်ရစ်ခဲ့လေရာ အောက်ပါအဖြစ်အပျက်များမှာ မောင်စံရှားက ပြန်ပြောင်းပြောပြ သဖြင့် သိရှိရသော အခြင်းအရာများသာဖြစ်ပေ၏။

မောင်စံရှားသည် ကျွန်တော့်အားကွီနိုင်ဆေးတခွက်ကို တိုက်ခဲ့ပြီးနောက် အငြိမ့်ပွဲသို့ ထွက်သွားလေရာ မုန့်ဟင်းခါး ဆိုင်အနီးတွင် အဘိုးကြီးတယောက်နှင့် ရုတ်တရက်တိုက်မိသဖြင့် အဘိုးကြီးက မိမိမှာ မျက်စိမှုန်သည်ဖြစ်သဖြင့် မတော်တဆတိုက်မိသည်ဖြစ်ကြောင်း တုန်တုန်ရီရီ ပြောဆိုကာ ထွက်သွားလေ၏။ မောင်စံရှားလဲ ၎င်းအဘိုးကြီးကို မမြင်ဖူးသော်လည်း အသံကို ကြားဖူးသည် ထင်မှတ်၍ တွေးတောပါသော်လည်း မပေါ်နိုင်ဘဲ ရှိလေ၏။ သို့ရာတွင် ဤသူကား ငါသိဖူးသောသူပင်ဖြစ်ရမည်ဟု မကျေမနပ်ဖြစ်သည်နှင့် မောင်စံရှားသည် အဘိုးကြီး၏ အရိပ်အကဲကို မနီးမဝေးမှ ချောင်းမြောင်းအကဲခတ်လျက်ရှိလေ၏။ နာရီတဝက်ခန့်မျှ ကြာလတ်သော် အဘိုးကြီးသည် ပွဲပြင်သို့ ထွက်သွားပြီးနောက် ရေဆိပ်ရှိရာသို့ သွားလေရာ မောင်စံရှားလဲ မလှမ်းမကမ်းမှ အမှတ်မဲ့လိုက်သွားလေ၏။ ထိုညဉ့်သည်ကား လဆန်း၁၃ရက်ည ဖြစ်သဖြင့် လရောင်မှာကောင်းစွာ ထွန်းလင်းလျက်ရှိရာ၊ အဘိုးကြီးသည် ရေဆိပ်အနီးသို့ ရောက်သောအခါ တောင်မြောက်လေးပါးကိုကြည့်ပြီးနောက် မည်သူ့ကိုမျှ မမြင်သည်နှင့် ကုန်း၍ထားသောခါးကို တည့်မတ်စွာရပ်လိုက်သည်နှင့် တပြိုင်နက် မောင်စံရှားက အနီးသို့ချဉ်းကပ်၍ 'မီးတစ်တို့ လောက်ပေးစမ်းဗျာ ကိုဆိုးပေ' ဟုပြောလိုက်သည်တွင် ထိုသူသည် ဆေးလိပ်တိုကို လွှတ်၍ ချလောက်အောင် အံ့သြ သွားလေသည်။

အကြောင်းမူကား ထိုသူသည် အခြားမဟုတ်၊ ရန်ကုန်မြို့ပေါ်၌ တိုက်ဖောက်မှုအကြိမ်ကြိမ်၊ လုယက်မှုအခါခါ၊ ပြန်ပေးမှုပေါင်းများစွာ ကျူးလွန်ခဲ့ဖူး၍ ပုလိပ်တို့ဖမ်းဆီးမမိနိုင်သော လူဆိုးကြီး ဆိုးပေ ပင်ဖြစ်သောကြောင့်ပေတည်း။

**ရှား**။ ။ 'သည်လောက်တောင်တုန်လှုပ်ရသလားကွဲ့ ဆိုးပေရဲ့'

**ပေ**။ ။ 'ကျွန်တော်လန့်သွားတာက ဖမ်းမှာကို လန့်တာ မဟုတ်ပါဘူးဆရာ၊ ဘယ်သူမှမရှိဘူး မှတ်နေတုန်း ဖြုန်းခနဲ ဆရာ့အသံကြားလိုက်ရလို့ လန့်ခြင်းဖြစ်ပါတယ် ဆရာ'

**ရှား**။ ။ 'ကိုင်း ဆိုးပေ၊ ဒီတခါ မင်းနဲ့ငါ တွေ့ကြရောပေါ့'

**ပေ**။ ။ 'ခုနကလဲ မုန့်ဆိုင်နားမှာတခါတွေ့ခဲ့ ပြီးပြီကော ဆရာ'

**ရှား**။ ။ 'ကိုင်း ဆိုးပေ၊ အသာတကြည် အဖမ်းခံမလား၊ လက်နက်နဲ့ ခြိမ်းခြောက်ရဦးမှာလား'

**ပေ**။ ။ 'တန်ပါဆရာ။ လူပါးချင်းပဲ၊ ဆရာ့မှာလက်နက်ပါရင် ကျွန်တော့်ကို ချိန်ထားတာ ကြာလှပြီ'

မောင်စံရှားမှာ ပွဲသို့ခေတ္တ အပျင်းပြေ သွားရောက်ခြင်း ဖြစ်သောကြောင့် ဆောင်မြဲဖြစ်သော ခြောက်လုံးပြူးသေနတ် မပါဘဲရှိခဲ့လေ၏။ ထိုအခါ မောင်စံရှားလည်း ရုတ်တရက်ချဉ်းကပ်၍ ဆိုးပေ၏လက်နှစ်ဘက်ကို ချုပ်နှောင်မည်ပြုရာ ဆိုးပေလည်း နောက်သို့ဖြတ်ခနဲဆုတ်ပြီးလျှင်

**ပေ။ ။** ‘ဒီလိုတော့ အချောင်မအုပ်ပါနဲ့ ဆရာ၊ ဆရာလက်နက်မပါဘူး။ ကျွန်တော့်မှာလဲ ခါးမြှောင်တော့ ပါပါရဲ့၊ နို့ပေမယ့် ဆရာက လက်ဝှေ့ထိုးကောင်းလှတယ်လို့ကြားဖူးတယ်၊ တချီတပွဲစမ်းကြစို့လားဆရာ၊ လကလေးက ကောင်းသနှင့်’

ဆိုးပေဆိုသူမှာ ဆိုးသွမ်းသောလူတယောက် ဖြစ်လင့်ကစား မောင်စံရှားအား များစွာရိုသေ ကိုင်းညွတ်ခြင်းရှိလျက် လက်ဝှေ့ သတ်ကောင်းတယောက်ဖြစ်ခဲ့ရာ နာမည်ကျော်ကြားလှသော မောင်စံရှားနှင့် လက်သီးချင်းဆိုင်ရသော် အလွန်ပျော်ရွှင်ဖွယ် ကောင်းစွတကားဟု အောက်မေ့ဟန် လက္ခဏာနှင့် မိမိ၏ခါးမြှောင်ကို အဝေးသို့ပစ်လိုက်လေ၏။ မောင်စံရှားလဲ ‘ဘောက်ဆင်’ ထိုးခြင်း၌ ကျွမ်းကျင်သောလူတယောက် ဖြစ်လေရာ ခါးမြှောင်နှင့်မခုခံပဲ လက်သီးချင်းဆိုင်လိုသော လူဆိုးကို လက်သီးချင်းပင် အနိုင်ရအောင် ဖမ်းချေအံ့ဟု အင်္ကျီကိုချွတ်လေ၏။ ဆိုးပေလည်း ထိုနည်းအတူ အပေါ် အင်္ကျီကို ချွတ်လေ၏။

ထိုလက်ဝှေ့ပွဲမှာ လူကျော်နှစ်ယောက်၏ လက်ဝှေ့ပွဲ ဖြစ်ရကား ကျွန်တော်ကိုယ်တိုင် မမြင်လိုက်ရသည်ကို များစွာ ဝမ်းနည်းမိပါ၏။

ထိုသူနှစ်ယောက်တို့သည် အင်္ကျီများကို ချွတ်ကြပြီးနောက် တယောက်မျက်နှာကို တယောက် စေ့စေ့ကြည့်ကာ သုံးစက္ကန့်မျှ ရှိနေကြရာ မောင်စံရှားမှာ အရပ်မြင့်၏။ ကျစ်လစ်သော ကိုယ်ပေါက်ရှိ၏။ အင်္ဂလိပ်လက်ဝှေ့ မြန်မာ့လက်ဝှေ့ နှစ်ခုလုံး၌ ကျင်လည်၏။ ဆိုးပေမှာကား တောင့်တင်းမာကြောသော ကိုယ်လုံးရှိ၏။ ခွန်အားလည်းကြီးသဖြင့် လက်သီးပြင်း၏။ အရပ် အနည်းငယ်နိမ့်သော်လည်း အရွယ်ငယ်သဖြင့် အစုစုပေါင်းလိုက်သော် ညီမျှရုံမျှဖြစ်၍ တဦးထက် တဦး အဆမတန် သာလွန်ခြင်းမရှိပေ။ နှစ်ဘက်လုံးပင် ကြိုက်လောက်ပေ၏။

ရင်ဆိုင်ရပ်နေကြပြီးနောက် ဆိုးပေက ရှေးဦးစွာ ဘယ်လက်သီးကိုလွှတ်လိုက်ရာ မောင်စံရှားမှာ မျက်တောင်မျှမခတ်ရသေးမီ နဖူးသို့ထိသွားလေ၏။ ဘယ်လက်သီးစွဲသဖြင့် ဆိုးပေသည် ဘယ်ရောညာပါ ဆက်ခါဆက်ခါ သွင်းလေရာ ဆိုးပေ၏ လက်သီးသုံးချက်ကို မောင်စံရှားက တချက်မျှသာ ပြန်၍ ထိုးနိုင်၏။ ဆိုးပေသည် အလွန်လျင်မြန်သည့်အတိုင်း မောင်စံရှား ကို ပတ်ချာလှည့်ပြီးလျှင် လက်ဝဲဖြင့် နံဘေးသို့လည်းကောင်း၊ လက်ယာဖြင့် မျက်နှာသို့လည်းကောင်း ဗလပွေရှုပ်အောင် လက်သီးမိုးရွာလေရာ မောင်စံရှားမှာ တချက် တချက်မျှ သာလျင်ထိုး၍ ဆိုးပေ၏လက်သီးများကို ခေါင်းငုံ့၍ လည်းကောင်း၊ နောက်သို့ခြေတလှမ်းဆုတ်၍ လည်းကောင်း၊ နံဘေးသို့ ရုတ်တရက် တိမ်းဖယ်၍လည်းကောင်း ရှောင်ရှားလေ၏။ ဆိုးပေ လည်း မိမိ၏လက်သီးများ ကောင်းကောင်းမစွဲသဖြင့် ရှေးကထက် အားထုတ်ပြီးလျှင် ခြာတပတ်လှည့်လျက် ခုန်လွှား ပြေးသွားရင်း အတင်းချဉ်းနင်းထိုးသတ်လေရာ မောင်စံရှားလဲ ခြေလှမ်းမပျက်စေဘဲ သိုင်းကွက်ကျနင်းပြီးလျှင် မတုန်မလှုပ် ခပ်အေးအေး ခုခံလေ၏။

သုံးမိနစ်ခန့်ကြာလတ်သော် ဆိုးပေသည် အတန်ငယ်ဟိုက်၍လာလေရာ မောင်စံရှားမှာ လူခွန်အားမထုတ်ရသေး၍ လတ်ဆတ် စွာပင် ရှိသေး၏။ ထိုအခါမှစ၍ မောင်စံရှားသည် ဘယ်ဖြင့်ထိုးဟန်ပြု၍ ညာလက်သီးဖြင့်လည်းကောင်း၊ ညာလက်သီးဖြင့် ခြောက်လှန့်၍ ဘယ်လက်သီးဖြင့်လည်းကောင်း ဆိုးပေ၏ နံဘေး တဘက် တချက်စီကို ထိုးလေရာ ဆိုးပေမှာ ဟိုက်သည်ထက် ဟိုက်၍ လာလေ၏။ ယခုအတိုင်းသွားခဲ့သော် ဆိုးပေသည် ကြာရှည်ခံတော့မည် မဟုတ်ချေ။

ထိုအကြောင်းကို ဆိုးပေလဲ သိဟန်ရှိ၏။ အကယ်၍ လက်သီးချင်းမဆိုင်ဘဲ လက်လွတ်ထွက်ပြေးသော် ပြေးနိုင်သေးသည် မှန်၏။ သို့ရာတွင် မောပန်းနေသော သူတယောက်သည် မမောသော သူတယောက်ကို လွတ်အောင်ပြေးနိုင်ရန် မတတ်နိုင်ကြောင်းကိုလဲ ဆိုးပေသိဟန်ရှိ၏။

သို့ဖြစ်၍ ဆိုးပေသည် ရှေးကကဲ့သို့ အတင်းနင်း၍ မထိုးတော့ဘဲ အမောပြေလောက်အောင် ခုခံရုံမျှ ပြုလျက်ရှိရာ မောင်စံရှားသည် လက်ဝဲဖြင့်ရင်ဝကိုထိုးယောင်ပြုပြီးနောက် လက်ယာဖြင့် ပါးချိပ်ကိုကော်၍သတ်လိုက်သည်တွင် ဆိုးပေသည် ချာလပတ်လည်၍ သွားလေ၏။ သို့ရာတွင် လဲလောက်အောင်ကား မရှိချေ။ မောင်စံရှားမှာ လဲလုမတတ် နာကျင်နေသော သူတယောက်ကို ဖိ၍ထိုးရန် အလိုမရှိသော်လည်း ဝတ္တရား အတိုင်းမရှောင်နိုင်သည်ဖြစ်၍ ဆိုးပေမှာ မူးဝေလျက်ရှိနေဆဲတွင် မောင်စံရှား၏ လက်ဝဲလက်သီးသည် ဆိုးပေ၏ နှာယောင်နှင့်ပြင်းစွာ ထိတွေ့လေ၏။ ဆိုးပေမှာ သဲထဲ၌ ကျွမ်းပြန်၍

လဲသွားလေ၏။ ဤကား နောက်ဆုံးလက်သီးချက်ပေတည်းဟု မောင်စံရှားက မျှော်လင့်နေဆဲတွင် ဆိုးပေသည် သဲထဲမှ ရုတ်တရက်လူးလဲ၍ ထပြီးနောက် အခြေမပျက် ခုခံပြန်လေ၏။

ထိုအခါ မောင်စံရှားမှာ အံ့ဩလျက်ရှိရာမှ ဤအကြိမ်သည်ကား နောက်ဆုံးအစစ် လက်သီးပေတည်းဟု အောက်မေ့လျက် ဆိုးပေ၏ မေးစေ့အောက်သို့ လက်ယာလက်သီးကို တအားလွှတ်တော့မည် အပြုတွင် ဆိုးပေ၏လက်ယာလက်သည် ရုတ်တရက်မြောက်လာပြီးလျှင် ရှဲခနဲကြားရပြီးနောက် မောင်စံရှားမှာ မျက်နှာကို လက်နှစ်ဘက်ဖြင့်ပိတ်၍ နေရလေ၏။ အကြောင်းသော်ကား ဆိုးပေသည် သဲထဲ၌ လဲသွားသည့်အခါက သဲကို ဆုပ်ယူလာခဲ့ပြီးနောက် မောင်စံရှား၏ မျက်နှာကို ပက်လိုက်သဖြင့် မျက်စိကိုသဲဝင်သောကြောင့်ပေတည်း။ ၎င်းနောက်

**ပေ။** ။ 'မတတ်နိုင်ဘူးဆရာရေ၊ မနိုင်တော့နိုင်ရာကိုင်ရတော့တာပဲ၊ ကိုင်း နေရစ်ပေဦးတော့ဆရာ' ဟုပြောပြီးနောက် ဆိုးပေသည် ထွက်၍ပြေးလေ၏။

မောင်စံရှားမှာ မြစ်ဆိပ်သို့ စမ်း၍လျှောက်လာပြီးလျှင် မျက်စိကိုရေထဲ၌ ဖွင့်ပြီးနောက် သဲများထွက်သည့်အခါမှ ရေဆိပ်မှ တက်ခဲ့ရလေ၏။

နေအိမ်သို့ရောက်သောအခါကျွန်တော်မှာအိပ်ပျော်လျက်ရှိပြီဖြစ်ရာ မောင်စံရှားမှာစိတ်မကျေနပ်သေးသည်ဖြစ်၍ ခြောက်လုံးပြူး သေနတ်ကို ယူပြီးနောက် ဆိုးပေကိုရှာဖွေရန် ရေဆိပ်သို့ သွားပြန်လေ၏။

ရေဆိပ်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ လူတယောက်သည် မြစ်ဘက်သို့မျက်နှာမူလျက် တစ်စုံတစ်ခုကို မျှော်ကြည့် နေသည်ကို လရောင်တွင်မြင်ရလေ၏။ ထိုသူမှာဆိုးပေလည်း မဟုတ်ချေ။ ဆိုးပေမဟုတ်စေကာမူ မည်သည့် အကြံအစည်နှင့် တယောက်တည်း လာရောက်စောင့်ဆိုင်းနေခြင်း ဖြစ်သည်ကို သိလိုသည်နှင့် ထိုသူမမြင်စေအောင် မြေပေါ်၌ အလျားမှောက် ကာ ချောင်းမြောင်း ကြည့်ရှုလျက်ရှိလေ၏။

ထိုသူသည် ဆေးလိပ် ညှိမည်ဟန်နှင့် မီးခြစ်ကိုခြစ်ပြီးလျှင် ဆေးလိပ်ကိုလဲ မီးမညှိဘဲ မီးခြစ်ဆံကို ရမ်း၍ ပြလေ၏။ ထိုနည်း အတိုင်း သုံးကြိမ်ပြုလုပ်သော် မြစ်ညာအရပ်မှ သမ္မာန်ခတ်သံကို ရုတ်တရက် ကြားရလေ၏။ ထိုအခါ မောင်စံရှားသည် မည်သို့သော အချိန်းအချက်ပေနည်းဟု တွေးတောလျက်ရှိသည်တွင် ဒိုင်းခနဲ သေနတ်သံကြားပြီးနောက် မိမိကြည့်နေသော သူသည် ရုတ်တရက်လဲသွားလေ၏။

မောင်စံရှားလဲ အနည်းငယ်မျှလှုပ်ရှားခြင်းမရှိဘဲ မိမိနေရာမှ ငြိမ်ဝပ်စွာရှိနေရာမှ လူတယောက်သည် ရေဆိပ်မှပြေးတက်လာ၍ လဲနေသောသူ၏ အနီးတွင် ဒူးထောက်ကာ လှန်လှောရှာဖွေလေ၏။ ထိုခဏ၌ မောင်စံရှားက 'ဟေ့၊ စက်ကလေး၊ လက်မြှောက် ဟေ့၊ မမြှောက်ရင် ပစ်လိုက်မယ်နော်' ဟုပြောကာ ခြောက်လုံးပြူးနှင့် ချိန်ရွယ်ထားလေ၏။ ထိုအခါ စက်ကလေးဆိုသူသည် လက်ကိုမမြှောက်ဘဲ ခြောက်လုံးပြူးကိုကိုင်လျက် အသံကြားရာကို ရှာဖွေလျက်ရှိလေ၏။ မောင်စံရှားမှာ ထိုအခါ၌ ပစ်ခွင့်သင့်ပြီ မှန်သော်လည်း မိမိက အလျားမှောက်နေသည့် အဖြစ်ကို အားကိုးသဖြင့် နောက်တကြိမ် ထပ်၍

'ဟေ့ကောင်၊ မင်းသေနတ်ကိုချလိုက်၊ မချရင် မင်းကို ငါ ချလိုက်မယ်'

စက်ကလေးမှာ သတ္တိကောင်းသူတယောက် ဖြစ်သဖြင့် လက်နက်ကိုမချဘဲ အသံကြားရာသို့ ရမ်းရော်၍ ပစ်လိုက်ရာ ကျည်ဆံသည် မောင်စံရှားနှင့် တမိုက်ခန့်အတွင်း ထိမှန်၍ သဲတို့သည် မောင်စံရှား၏ပါးကို ခတ်စင်၍ သွားလေ၏။ ထိုအခါမှ မောင်စံရှားသည် သေနတ်နှင့်သေချာစွာ ချိန်၍ စက်ကလေး၏ လက်ယာဘက် ပုခုံးကိုပစ်ချိုးလိုက်လေ၏။

စက်ကလေးလဲသွားသည်နှင့်တပြိုင်နက် မောင်စံရှားသည် ရန်သူကုန်ပြီဟု အထင်နှင့် ပြေးသွားလေရာ မြစ်ဖက်မှသေနတ်သံ နှစ်ချက်ကြားရပြီးနောက် ကျည်ဆံတို့သည် နားရွက်နား၌ ဝီခနဲ သီ၍သွားကြသဖြင့် တဖန် အလျားမှောက် လိုက်ရပြန် လေ၏။ ယင်းသို့ အလျားမှောက်လိုက်ပြီးနောက် မောင်စံရှားမှာ မိမိ၏နေရာကို ရန်သူများသိမည်စိုးသဖြင့် မြွေကဲ့သို့ တွန့်လိမ်ကာ တဖြည်းဖြည်း ရွေ့၍ သွားခဲ့ရာ ပေငါးဆယ်ခန့်သွားမိသောအခါ ကိုင်းပင်များ အတွင်းသို့ ရောက်လာသဖြင့် ငြိမ်ဝပ်စွာနေရပြန်လေ၏။

ထိုအခါ စက်ကလေး၏ အသံဖြင့် 'ဟေ့ကောင်များ၊ သတိထားဟေ့နော်၊ ကိုင်းတောထဲရောက်သွားပြီ' ဟု အော်ဟစ်ကာ သတိပေးရာ ထိုအခါ၌ကား လူနှစ်ယောက်တို့သည် မောင်စံရှားရှေးဦးစွာ ရှိနေသောနေရာကို နှစ်ယောက် ညှပ်ဖမ်းမည်ဟု တစ်ဖက်တစ်ချက်ဝိုင်းကာ လာလျက်ရှိကြပေ၏။ ထိုသူတို့လည်း မောင်စံရှားနည်းတူ မြေ၌ အလျားမှောက်ခါသာလျှင် လာဝံ့ကြလေ၏။

မောင်စံရှားမှာ ကိုင်းပင်များကြားမှ ချောင်မြောင်းလျက်ရှိရာ တွား၍လာနေသော အရာဝတ္ထု ကိုမြင်သဖြင့် သေနတ်နှင့် ပစ်လိုက်သော် အပြစ်ဆိုဖွယ်ရာမရှိသော်လည်း အချည်းနှီးသတ်ဖြတ်ခြင်းကို မနှစ်သက်သော လူတယောက်ဖြစ်သည့်အတိုင်း ချက်ကောင်းကို ချောင်း၍ တစ်ဟုန်တည်း ခုန်လိုက်ပြီးလျှင် ထိုသူ၏ သေနတ်ကိုရအောင် ဝင်လုလေ၏။ ထိုသူလဲခွန်အားဗလ ကြီးမားသည်ဖြစ်၍ မနိုင်မနင်းဘဲ ရှိနေသည်အတွင်း ရုတ်တရက်သေနတ်သံ ကြားပြီးနောက် မိမိနှင့် လုံးထွေး နေသောသူသည် ပျော့ခွေ၍ ကျသွားလေသည်။ အကြောင်းသော်ကား ပစ်လိုက်သောသေနတ်သည် မောင်စံရှားကို မထိဘဲ အချင်းချင်း ထိမှန်သွားသောကြောင့်ပေတည်း။

ထိုအခါ၌ မောင်စံရှား၌ ရန်သူတယောက်မျှသာကျန်တော့သည်ဖြစ်ရာ အသံကိုဖျက်၍ 'မိပြီဟေ့ ငါ့လူ၊ လာတော့ဟေ့' ဟု ပြောလိုက်သည်တွင် လူတယောက်သည် မိမိရှိရာသို့ ပြေး၍ လာလေ၏။ အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် သေနတ်နှင့် ခြေထောက်ကို ပစ်ချိုးလိုက်ရာ ထိုသူသည် ဒလိမ့်ကောက်ကွေး လဲသွားလေ၏။ မောင်စံရှားလဲ ရုတ်တရက်ထ၍ သေနတ်ကိုလုယူသည်နှင့် တပြိုင်နက် စက်ကလေးရှိရာ အရပ်မှ သေနတ်သံကြားပြန်လေရာ စက်ကလေးမှာ လက်ယာလက်ကျိုးနေသဖြင့် လက်ဝဲလက်ဖြင့် ပစ်ရသောကြောင့် မောင်စံရှားကို မထိမှန်တော့ချေ။

ထိုခဏ၌ အုတ်အုတ်ကြွက်ကြွက် ဖြစ်သွားသဖြင့် ကျွန်တော်သည် အိပ်ရာမှ လန့်နိုးပြီးလျှင် အကျိုးအကြောင်းမေးမြန်းရာ သေနတ်သံများ ကြားရကြောင်း သိရှိရသည်တွင် လက်နက်ကို ကိုင်စွဲလျက် ရွာသားများနှင့်အတူ သေနတ်သံကြားရာသို့ ပြေးသွားကြလေ၏။

ကျွန်တော်တို့ ရောက်သွားကြသောအခါ တယောက်သောသူမှာ ဦးခေါင်းတွင် သေနတ်ဒဏ်ရာနှင့် သေဆုံးလျက်၊ တယောက်မှာ ရင်ဝတွင် ဒဏ်ရာနှင့် အသက်ကုန်လျက်လည်းကောင်း၊ စက်ကလေးဆိုသူမှာ လက်ယာဘက် ပုခုံးတွင် ဒဏ်ရာနှင့်လည်းကောင်း၊ တယောက်မှာခြေထောက်ကျိုးလျက် ရှိကြသည်ဖြစ်ရာ၊ မောင်စံရှားမှာ ဆိုးပေက လက်သီးနှင့် ထိုးခဲ့သော ဒဏ်ရာမှတပါး အနာတရ ထိခိုက်ခြင်းမရှိချေ။ မောင်စံရှားမှာ ထိုသူများသည် တစုံတခုသော ဝတ္ထု ပစ္စည်းကို အကြောင်းပြု၍ အသက်ကို စွန့်လွှတ်တိုက်ခိုက်ကြခြင်း ဖြစ်ကြောင်းကို ကောင်းစွာယုံကြည်ပြီးဖြစ်၍ ပထမသေနတ်ပစ်ခြင်း ခံရသူ၏ အလောင်းမှ အင်္ကျီအိတ်တို့ကို စမ်းသပ် ရှာဖွေရာ အင်္ကျီအတွင်းအိတ်မှ စာတစောင်ကို တွေ့ရှိရလေ၏။

မောင်စံရှားသည် ၎င်းစာကို စိတ်အားကြီးစွာ ထုတ်ယူ၍ မီးရောင်တွင်ကြည့်လေရာ စာအိပ်ပေါ်၌ကား အင်္ဂလိပ်ဘာသာဖြင့် (လွှတ်လပ်ခြင်း) (စွန့်စားမှုရမည်) ဟူသော စာနှစ်လုံးကိုတွေ့ရှိရလေသည်။ ၎င်းနောက် အတွင်း၌ကား ဖောက်၍ ကြည့်သော အခါ မောင်စံရှားမှာ ကြက်သေသေမတတ် အံ့သြစွာ ငေးလျက်ရှိလေ၏။ အကြောင်းကိုဆိုသော် စာအိပ်အတွင်း၌ တွေ့ရှိရသော အရာဝတ္ထုမှာ အဖိုးတန်ပစ္စည်း မဟုတ်။ အိုးခြမ်းပဲ့ တခုသာ ဖြစ်သောကြောင့်ပေတည်း။

အံ့သြခြင်းပြေပျောက်ပြီးနောက် မောင်စံရှားသည် ရွာသားများအား အကျိုးအကြောင်းကို ပြောပြပြီးလျှင် အလောင်းများနှင့် လူနာများကို ပုသိမ်မြို့ ဆေးရုံသို့ တင်ပို့စေပြီးမှ ကျွန်တော်နှင့်အတူ ရွာသူကြီးအိမ်သို့ ပြန်လာခဲ့ကြလေ၏။

အိမ်သို့ရောက်သောအခါ

**ရှား။** ။ 'ဘိုးမသေဘဲနှင့် မြေးသေဆိုတဲ့စကားပုံဟာ စက်ကလေးမှာ လာပြီးဖြောင့်နေပြီ ကိုသိန်းမောင်ရဲ့၊ အင်း သူ့ရန်တော့ ဖြင့် အေးသွားပြီ၊ သို့သော် ဆိုးပေရဲ့ရန်ကလိုသေးတယ်'

**ကျွန်တော်။** ။ 'ဆိုးပေလဲ သည်အထဲမှာ ပါသလားဗျာ၊ ခင်ဗျား ဘယ်တုန်းက တွေ့လိုက်လို့လဲ' ဟုမေးလိုက်သည်တွင် မောင်စံရှားသည် ခပ်စောစောက ဆိုးပေနှင့် လက်သီးချင်း ယှဉ်ပြိုင်ထိုးသတ်ရခြင်းများကို ပြန်ပြောင်းပြောဆိုလေ၏။

**ကျွန်တော်**။ ။ 'နို့ နေပါဦးဗျာ၊ သည်အိုးခြမ်းပဲ့က ထူးဆန်းလှချည်ကလား၊ သည်အတွက်နှင့် အသက်အသေခံရအောင်ဟာ ဘာများအရေးကြီးနေလို့လဲဗျာ'

**ရှား**။ ။ 'နေဦးလေ ကိုသိန်းမောင်၊ အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေါ့ဗျာ၊ ညဥ့်လဲတော်တော်နက်ပြီ အိပ်ကြဦးစို့ဗျာ'

နက်ဖြန်မိုးလင်းသောအခါ ကျွန်တော့်မှာ ခေါင်းကိုက်သောဝေဒနာမှ သက်သာရာရ၍ ညဥ့်အခါက အကြောင်းများကို စဉ်းစားဆင်ခြင်လျက်ရှိရာ မောင်စံရှားမှာမူ နံနက်စောစောကပင် ထွက်သွားကြောင်း သိရှိရလေ၏။ ကိုးနာရီ အချိန်ခန့်တွင် မော်တော်ဘုတ်တစ်စင်း ဆိုက်လာသည့် အသံကို ကြားရပြီးနောက် မောင်စံရှားလည်း အိမ်ပေါ်သို့ တက်လာလေရာ

**ကျွန်တော်**။ ။ 'ဘယ်ပျောက်နေသလဲဗျ၊ ခင်ဗျားစီးလာတဲ့ မော်တော်ဘုတ်လား'

**ရှား**။ ။ 'ဘယ်ကဟုတ်ရမှာလဲဗျ၊ သို့သော် ကိုသိန်းမောင်ရေ၊ ကျုပ်ထင်တဲ့ အတိုင်းမှန်ရင် မော်တော်ဘုတ်ရှင်ဟာ အိုးခြမ်းပဲ့ကိစ္စနှင့်လာတာတူတယ်။ သို့သော် မကြာခင်သိရလိမ့်မပေါ့လေ။ သည်းခံပြီးစောင့် ကြဦးစို့ဗျာ'

မွန်းတည့်အချိန်ခန့်တွင် ကုလားလူမျိုးတစ်ယောက်သည် သူကြီးအိမ်သို့လာရောက်၍ ဧည့်သည်များနှင့် တွေ့လိုကြောင်း သူကြီးအား ပြောပြသည်တွင် ရွာသူကြီးသည် ကျွန်တော်တို့ရှိရာ အိမ်ပေါ်သို့ညွှန်ပြလိုက်သဖြင့် တက်လာလေသည်။

**ရှား**။ ။ 'ထိုင်ပါ မိတ်ဆွေ၊ ရန်ကုန်က ရောက်လာတယ်မှတ်တယ်'

**ကုလား**။ ။ 'ခင်ဗျား ဦးစံရှား မဟုတ်လား'

**ရှား**။ ။ 'ခင်ဗျားလဲ အီဇရာ မဟုတ်လား'

**ကုလား**။ ။ 'ခင်ဗျား စုံထောက်ပေါ့ ဟုတ်စ'

**ရှား**။ ။ 'ခင်ဗျားလဲ ဒါလဟိုဇီလမ်းက ကုန်စုံဆိုင် မန်နေဂျာပေါ့ ဟုတ်စ'

**ကုလား**။ ။ (ကျွန်တော့်အားကြည့်၍) 'ခင်ဗျားနဲ့ အတူတူလား'

**ရှား**။ ။ 'အတူတူပါ၊ ပြောစရာရှိရင် ပြောသာပြောပါ၊ ယုံကြည်ရပါတယ်'

**ကုလား**။ ။ 'ညက ခင်ဗျား ဘာရသလဲ'

**ရှား**။ ။ 'ကျုပ်ရတာ ခင်ဗျားသိပြီးမဟုတ်လား'

**ကုလား**။ ။ 'ခင်ဗျားရတဲ့ ပ စ္စည်းကို ကျုပ်ကိုရောင်းပါ၊ ငွေ ၅၀၀ ပေးပါ့မယ်'

**ရှား**။ ။ 'ဘယ်အတွက်'

**ကုလား**။ ။ 'ဘယ်အတွက်ဖြစ်ဖြစ် မမေးပါနှင့်၊ ခင်ဗျားငွေ ၅၀၀ ရရင်ပြီးရောမဟုတ်လား၊ ဟောဒီမှာ ငွေ၅၀၀' ဟုပြော၍ ကုလားကြီးသည် တရာတန် စက္ကူ ငါးချပ်ကို ထုတ်ပြလေ၏။ မောင်စံရှားသည် ဦးခေါင်းကို ရမ်းလျက်ရှိလေလျှင် ကုလားကြီးလဲ သားရေအိတ်အတွင်းမှ နောက်ထပ်ငွေစက္ကူ များထုတ်ပြီးနောက်

**ကုလား**။ ။ 'ကိုင်းဗျာ၊ ၁၀၀၀ ပေးပါ့မယ်၊ ပေးသာပေးပါ'

**ရှား**။ ။ 'ဘယ်အတွက် အသုံးကျကြောင်းပြောရင် ပေးချင်ပေးမယ်၊ နို့မဟုတ်ရင် တသောင်းသော်လည်း ကျုပ်မပေးဘူး'

**ကုလား**။ ။ 'အိုးကွဲကလေး ခင်ဗျားမှာ ဘာအသုံးကျလဲ၊ ငွေ ၁၀၀၀ ရရင် မတော်သေးဘူးလား၊ ကိုင်းဗျာ ၁၅၀၀ ပေးမယ်'

၎င်းနောက် ကုလားကြီးသည် မောင်စံရှားအား ချော့မော့၍ လည်းကောင်း၊ ဆလံပေး၍ လည်းကောင်း အမျိုးမျိုး ပြောသော်လည်း မောင်စံရှားသည် မည်သည့်နည်းနှင့်မျှပြန်၍မပေးနိုင်ကြောင်း၊ အကယ်၍ မိမိ၏ပစ္စည်းမှန်ခဲ့ပါလျှင် ရုံး၌ လျှောက်ထားတောင်းဆိုနိုင်ကြောင်းသာလျှင် ပြန်ပြောသည်ဖြစ်၍ ကုလားကြီးလဲ လက်လျှော့ကာပြန်သွားလေသည်။

၎င်းနေ့တနေ့လုံး မောင်စံရှားသည် ဆေးတံကို မပြတ်အောင် သောက်ရှုလျက် အကြံထုတ်ခါရှိနေရာ ညနေခင်းတိုင်ရောက်သည်နှင့် တပြိုင်နက် ထိုင်ရာမှ ရုတ်တရက်ထ၍ 'ကိုင်း တချက်တော့ စမ်းကြည့်လိုက်ဦးမယ်လေ' ဟုပြောပြီးလျှင် ရွာသူကြီးအားခေါ်၍ နှစ်ယောက်သား တိုင်ပင်လျက်ရှိနေကြလေ၏။

၎င်းည ကိုးနာရီ အချိန်ခန့်တွင် ကျွန်တော်နှင့် မောင်စံရှားတို့သည် စွမ်းရည် သတ္တိပြည့်စုံသော ရွာသားခြောက်ယောက်ခန့်တို့ကို ရွေးချယ်စုဆောင်းပြီးလျှင် ဆုလာဘ်အမြောက်အမြား ရဖို့ရှိကြောင်းနှင့် မောင်စံရှားကပြောဆို၍ တုတ်လုံ အစရှိသော လက်နက်တို့နှင့် ရေဆိပ်သို့ တိတ်တဆိတ် ဆင်းသက်လာကြလေ၏။ ရေဆိပ်အနီးသို့ရောက်လျှင် မောင်စံရှားသည် ရွာသားများကို ကိုင်းတောထဲတွင် ဝှက်ထားခဲ့၍ ရေစပ်သို့ ကျွန်တော်နှင့်အတူဆင်းပြီလျှင် မီးခြစ်ကိုခြစ်ပြီးနောက် ရမ်း၍ ပြလေ၏။

ဤနည်းအတူ သုံးကြိမ်မျှ ပြုလုပ်လေလျှင် မြစ်ညာမှ သမ္ဗာန်ခတ်သံကြားရသဖြင့် ငြိမ်ဝပ်စွာ စောင့်နေကြလေ၏။ သမ္ဗာန်ခတ်သောအသံသည် တဖြည်းဖြည်း နီးလာခဲ့၍ နောက်ဆုံး၌ လရောင်တွင် မြင်နိုင်လောက်အောင် ချဉ်းကပ်၍ လာလေသည်။ ထို့နောက်ကမ်း၌ ဆိုက်ကပ်၍ လာလေ၏။ ကမ်း၌ ဆိုက်ကပ်ပြီးလျှင် ကုလားကြီးတစ်ယောက်သည် ကျွန်တော်တို့ရှိရာသို့ လျှောက်လာ၍ အင်္ဂလိပ်ဘာသာဖြင့် 'လွတ်လပ်ခြင်း' ဟု ပြောလိုက်ရာ မောင်စံရှားက 'စွန့်စားမှ ရမည်' ဟုသွက်လက်စွာ ပြန်ပြောလေ၏။ ၎င်းနောက် ကုလားကြီးက အထိမ်းအမှတ်ပေးပါ ဟုပြောရာ မောင်စံရှားသည် အိုးခြမ်းပဲ့ငယ်ကို စာအိတ်မှထုတ်၍ ပြလေ၏။ ကုလားကြီးသည် မိမိ၏အိတ်မှ အိုးခြမ်းပဲ့ငယ်နှင့် ဆက်စပ်၍ ကြည့်သောအခါ စက်ဝိုင်းသဖွယ်ဖြစ်သွားသည်တွင် စိတ်ကျေနပ်သဖြင့် ခေတ္တ ဆိုင်းပါဦးဆို၍ ရေဆိပ်မှ သားရေအိတ်ကြီး တစ်လုံးကို ဆွဲကာတင်လာလေ၏။ ၎င်းကို မောင်စံရှား၏လက်သို့ ပေးအပ်သောအခါ မောင်စံရှားသည် ဖွင့်လှစ်ကြည့်ရှုသည်တွင် ဒန်ရောင်သုတ်ထားသော ခြောက်လုံးပြူး သေနတ်ကလေးများ မြောက်မြားစွာ ပါရှိကြောင်း တွေ့ရလေသည်။

ထိုခဏ၌ မောင်စံရှားက ကျွန်တော့်အား အချက်ပေးလိုက်သဖြင့် ကျွန်တော်သည် ထိုသူအား သေနတ်ဖြင့် ချိန်ရွယ်ပြီးလျှင် လက်မြှောက်လိုက်ဟု အမိန့်ပေးရာ ထိုသူလဲ လက်ကိုမြှောက်လိုက်လေ၏။ မောင်စံရှားမှာမူ ရွာသားများကို အချက်ပေးခေါ်ငင်ပြီးနောက် သမ္ဗာန်ရှိရာသို့ပြေးသွားကြ၍ ကုလားသုံးယောက်ကို ထပ်မံဖမ်းဆီး ရရှိလေသည်။

၎င်းအမှုကို ရုံး၌ စစ်ဆေးသော အခါ ကုလားများမှာ ဘောလ်ရှီဗစ် အသင်းသားများဖြစ်ကြောင်း၊ ၎င်းအသင်းသားများမှာ မြန်မာပြည်၌လည်း ရှိသည်ဖြစ်၍ မိမိတို့၏ ရည်ရွယ်ချက် ထမြောက်စေခြင်းငှာ လက်နက်များကို ရုရှပြည်မှ တိတ်တဆိတ် တင်ဆောင်လာခြင်း ဖြစ်ကြောင်း၊ ထိုကုလားတို့မှာ အိန္ဒိယ ပြည်ရှိ အသင်းသားများထံ လက်နက်များကို ဤရွာ၌ အပ်နှင်းမည်ဖြစ်ရာ မှား၍ အပ်နှင်းမိမည် စိုးရိမ်သဖြင့် အိုးခြမ်းကွဲတစ်ခုကို နှစ်ခုဖြစ်အောင်ဖဲ့ပြီးလျှင် တစ်ခုကို တင်ကူး၍ ပို့ထားနှင့်ကြောင်း၊ ဤနည်းဖြင့် အတုအပ ပြုလုပ်ခြင်းဘေးမှ လွတ်ကင်းနိုင်မည်ဖြစ်ရာ အိုးခြမ်းကွဲ ပြနိုင်သူအား လက်နက်လာအပ်သူက ကျေနပ်အောင်စစ်ဆေး၍ လွှဲအပ်ပေးထားခဲ့ရန် ဖြစ်ကြောင်းများ သိရလေသည်။ မြန်မာပြည်မှ အီဇရာနှင့်တကွ အခြားသုံးယောက်တို့မှာလည်း ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် အသီးသီး ကျခံရလေသတည်း။

**ပြီးပါပြီ**

× × × × × ×

## ၂၃။ အစိုးရ စာချုပ်များ ပျောက်ဆုံးမှု၌ ဦးစံရှား စုံထောက်ပုံ

ထိုနှစ်သည်ကား အထူးသဖြင့် နေပူပြင်း၍ မိုးနောက်ကျသော နှစ်ဖြစ်ရာ ရှာသွန်းသော အခါ၌မူကား ရန်ကုန်မြို့၏ ထုံးစံအတိုင်း နေ့ရောညဥ့်ပါ ရပ်စဲခြင်း မရှိဘဲ ဆက်ခါ ဆက်ခါ ဒလဟော ရွာသွန်းလျက် ရှိနေ၏။

ကျွန်တော်၏ မိတ်ဆွေကြီး ဦးစံရှားမှာမူ မိုးရွာသွန်းသော ရက်များအတွင်း အပြင်သို့ အလျဉ်းထွက်သွားခြင်း မရှိဘဲ လွန်ခဲ့သော အမှုတွဲများကို အစီအစဉ် ပြုလုပ်လျက် ဖိုင်တွဲကာ ရှိနေလေ၏။ သုံးရက်တိုင်တိုင် ထိုကဲ့သို့သော နည်းအားဖြင့် အလုပ်လုပ်ခဲ့၍ မိုးရပ်စဲခြင်းမရှိလေလျှင် ဦးစံရှားမှာ တလုပ်လုပ်နှင့် လုပ်ရသော အလုပ်မျိုးကို နှစ်သက်သူတစ်ယောက် မဟုတ်သည့်အတိုင်း တိုက်ခန်းတွင်း၌ ထိုမှဤမှ လူးလာခတ်ဖြစ်လျက် လက်သည်းများကို ကိုက်ကာ ဂဏှာမငြိမ်ဘဲ စကြံလျှောက်လျက် ရှိလေ၏။ ကျွန်တော်မှာမူ ပက်လက်ကုလားထိုင်၌ ထိုင်ကာ သတင်းစာ ဖတ်လျက် ရှိရာ

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဘာသတင်းများ ထူးသေးသလဲဗျို့'

ဦးစံရှား၏ သဘောအရ သတင်းထူးဆိုသည်မှာ ရာဇဝတ်မှုနှင့် ပတ်သက်သော သတင်းများကိုသာ ဆိုလိုကြောင်း ကျွန်တော် သိရှိသည် ဖြစ်၍ ဂရိပြည်၌ သူပုန်ထရန် ကြံစည်ခြင်း၊ အင်္ဂလန်ပြည်၌ အမတ်ချုပ်ကြီး ပြောင်းလဲရန် စီစဉ်ခြင်း အစရှိသော သတင်းများပင် သတင်းစာ၌ ပါရှိသော်လည်း သတင်းထူး မပါကြောင်းနှင့် ကျွန်တော်က ပြန်ပြောလိုက်သည်တွင် ဦးစံရှားသည် စိတ်ပျက်သော အမူအရာနှင့် ဆက်လက်၍ လမ်းလျှောက်လေ၏။ ၎င်းနောက် ရပ်တန့်၍

**ရှား**။ ။'ရန်ကုန်မှာ လူဆိုးပေါတယ် ပေါတယ်နှင့်၊ ဘယ်မှာ ပေါလို့လဲဗျာ၊ တကယ်ဆိုတော့ အခုလို ရာသီကြီးများမှာ လူဆိုးများအတွက် ဘယ်လောက် အခွင့်သာသလဲ ကြည့်စမ်းဗျာ၊ ဒါနှင့်တောင် အမှုကောင်းကောင်း တစ်ခုမှ မပေါ်ပေါက်တာ အံ့သြပါရဲ့'

**ကျွန်တော်**။ ။'ခိုးမှုကလေးတွေတော့ အပုံပဲ တွေ့ပါတယ်'

**ရှား**။ ။'ခိုးမှုလောက် ဘာလုပ်ဖို့လဲဗျ၊ ဒီရာသီမျိုးဆိုတာ ကြီးကြီးကျယ်ကျယ် ကြံစည်ဖို့ ကောင်းတဲ့ ရာသီမျိုးလားဗျာ၊ ကျုပ်လိုအကောင် လူဆိုးမဟုတ်တာ ရန်ကုန်တစ်မြို့လုံး အင်မတန် ကံကောင်းတယ်'

**ကျွန်တော်**။ ။'အစစ်ပဲ၊ ခင်ဗျားသာ ဆိုးလိုက်ရလျှင် ခြေရာဖျောက် ကောင်းလေတော့ ဘယ်က စုံထောက်မှ ပေါ်အောင် ခြေရာကောက်နိုင်မယ် မထင်ဘူး'

**ရှား**။ ။'ကျုပ် အသက်ကို သတ်ဖို့ ကြံစည်တဲ့ လူစုဟာလဲ ကျုပ်လို ဉာဏ်မျိုးနှင့် ထွင်ပြီးလုပ်ရလျှင် ကျုပ် သေတာ ကြာလှပြီ၊ အခုတော့ သူတို့ဟာက ၊ အလို စာတစ်စောင် ဆိုပါကလား၊ လိပ်တပ်တဲ့ လက်ရေးကတော့ နောင်တော်ကြီး လက်ရေးပဲ မှန်းစမ်း'

ထိုခဏ၌ သူငယ်တစ်ယောက်သည် စာတစ်စောင်ကို လာပေးရာ ဦးစံရှားသည် စာကို လှမ်းယူ ဖတ်ရှုပြီးနောက်

**ရှား**။ ။'ဟုတ်သားပဲ၊ နောင်တော်ကြီးက သူ လာခဲ့မယ်တဲ့ဗျ၊ သူ လာမယ်ဆိုလျှင်တော့ ဧကန်မုချ အရေးကြီးတဲ့ ကိစ္စ တစ်ခုခု ရှိပြီးသားပဲ၊ ကျုပ်အစ်ကိုကလဲ ထွက်ဖို့ အင်မတန် ပျင်းတဲ့ လူဗျ၊ ဒီအထဲကတောင် ဒီရာသီကြီးမှာ ကျုပ်တို့ဆီ လာခဲ့မယ် ဆိုခြင်းဟာ ဧကန္တ အရေးကြီးတဲ့ ကိစ္စ ရှိပြီ'

ဦးစံရှား၏ အစ်ကို ဦးစံထွားမှာ အတွင်းဝန်ရုံး၌ စာရေးကြီးတစ်ယောက်ဖြစ်၍ ကြည့်မြင်တိုင်၌ နေထိုင်လျက်ရှိရာ ဦးစံရှားနှင့် ကျွန်တော်တို့ နေထိုင်ခဲ့ကြသော နှစ်ပေါင်းများစွာ အတွင်း၌ အလည်သက်သက်ဟူ၍ မလာဖူးဘဲ သုံးကြိမ်မျှသာလျှင် ကိစ္စနှင့် လာရောက်ဖူးလေသည်။

**ကျွန်တော်**။ ။'ဘာကိစ္စတဲ့လဲဗျ'

ဦးစံရှားသည် ဦးစံထွား၏ စာကို ကျွန်တော့်အား လှမ်းပေးလိုက်ရာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

***ယနေ့ညနေ သုံးနာရီ ဆက်ဆက်လာခဲ့မည်။ အတွင်းဝန်ရုံးစာရေး မောင်ကြည် အကြောင်းကို တိုင်ပင်ရန် ရှိသည်။***

**ကျွန်တော်။** ။'စာရေး မောင်ကြည်ဆိုတာ ကျွန်တော် မသိပါကလား'

**ရှား။** ။'ကျုပ်လဲ မသိဘူး၊ သူ လာတော့ ရှင်းပြောလိမ့်မပေါ့ဗျာ'

**ကျွန်တော်။** ။'နေဦးဗျို့ ၊ ကျွန်တော် သတိရပြီ၊ ဟိုတစ်နေ့က သတင်းစာထဲမှာ မစ်ရှင် ဘူတာအနီး မီးရထားလမ်းဘေးမှာ တွေ့တယ်ဆိုတဲ့ အလောင်းဟာ အတွင်းဝန်ရုံး စာရေးကြီး မောင်ကြည် ဆို ၊ မဟုတ်လား'

**ရှား။** ။'ဟုတ်ပေသားပဲ၊ ခင်ဗျားက သတိရသေးတယ်၊ မောင်ကြည် သေပုံကတော့

တယ်ပြီး မထူးလှပါဘူးဗျာ၊ မီးရထားပေါ်က လိမ့်ကျပြီး သေတဲ့ လက္ခဏာနှင့် တူပါရဲ့၊ ပစ္စည်းအတွက်လည်း ဟုတ်ဟန်မတူဘူး ဆိုတယ်မဟုတ်လား၊ ဒီပြင်ကော'

**ကျွန်တော်။** ။'အသက် ၂၇ နှစ်၊ လူပျို၊ အတွင်းရုံး စာရေးတဲ့ဗျ၊ ဒီလိုတဲ့ဗျ၊ လွန်ခဲ့တဲ့ တနင်္လာနေ့ညက စမ်းချောင်းရပ်မှာ နေတဲ့ သူ့ရည်းစား မစိန်ရီနှင့် ကြည့်မြင်တိုင် ဘူတာနားမှာ ခွဲသွားပြီး သေတော့တာပဲ တဲ့၊ သူတို့ နှစ်ယောက်ဟာ ခိုက်ရန် ဖြစ်ခြင်းလည်းမရှိ၊ ဘယ်လို အကြောင်းကြောင့် မီးရထားပေါ်က ခုန်ချတယ်ဆိုတာ မစိန်ရီလဲ မပြောနိုင်ဘူးတဲ့ ဗျ၊ ည ၇ နာရီ လောက်မှာ ခွဲသွားပြီး မနက်ကျတော့ သေတယ်လို့ ကြားရတော့တာပဲဗျ'

**ရှား။** ။'ဘယ်တော့ သေသတဲ့လဲ'

**ကျွန်တော်။** ။'အင်္ဂါနေ့ နံနက်စောစော မစ်ရှင်လမ်း ဘူတာအနီးမှာ အလောင်းတွေ့သတဲ့၊ ဦးခေါင်းမှာလည်း ဒဏ်ရာကြီး တွေ့သတဲ့၊ ဒီဒဏ်ရာဟာ မီးရထားပေါ်က ကျတဲ့ ဒဏ်ရာလည်း ဖြစ်နိုင်သတဲ့ဗျ'

**ရှား။** ။'ဒီလူဟာ အရှင်လတ်လတ်ဖြစ်စေ၊ အသေဖြစ်စေ၊ မီးရထားပေါ်က ပစ်ချသည်ဖြစ်စေ၊ ခုန်ချသည် ဖြစ်စေ၊ ဖြစ်ရမယ်၊ ဒီလို မဟုတ်လား'

**ကျွန်တော်။** ။'ဒီလမ်းဟာ ပြည်ရထား၊ ပုသိမ်၊ ဟင်္သာတ ရထားများအပြင် လော်ကယ်ရထားတွေလဲ ခဏခဏ သွားတယ်၊ ဒီတော့ကာ ဘယ်ရထားပေါ်က ကျတယ်လို့တော့ ဘယ်သူမှ အမှန် မပြောနိုင်ဘူးတဲ့ဗျ'

**ရှား။** ။'လက်မှတ်ကောဗျာ၊ လက်မှတ်ကြည့်လျှင် သိမှာပေါ့'

**ကျွန်တော်။** ။'လက်မှတ်လဲ အလောင်းမှာ မတွေ့ဘူးတဲ့ဗျ'

**ရှား။** ။'ဘယ့်နှယ်လဲဗျာ၊ လက်မှတ် မဝယ်ဘဲတော့ စီးမယ့်လူ တစ်ယောက် ဟုတ်မယ် မထင်ပါဘူး၊ သူ လာခဲ့ရာ အရပ်ကို မသိစေလိုတဲ့အတွက် သူ့သတ်တဲ့လူက လက်မှတ်ကိုနုတ်ပြီး ယူထားလိုက်ဟန်တူတယ်၊ ပစ္စည်းလဲ ဘာမှမပျောက်ဘူးဆို'

**ကျွန်တော်။** ။'သူ့ အိတ်ထဲမှာ ငွေစက္ကူ ၁၀ တန် နှစ်ချပ်နှင့် ငွေ ၅ စဲ ပဲတွေ့ရတယ်၊ ရွှေလက်ပတ်နာရီလည်း လက်မှာ တွေ့ရတယ်၊ ပြီးတော့ ထူးဆန်းတာက ပြည်ပိုင် အစိုးရ၏ စာချုပ်စာတမ်းတွေလည်း တွေ့ရသတဲ့'

**ရှား။** ။'ဒါကြောင့် ကျုပ်နောင်တော်ကြီး လာမှာကိုးဗျ၊ ဟော ပြောရင်း ဆိုရင်း လှေကားက ခြေသံဟာ သူ့ခြေသံနှင့် တူတယ်ဗျို့'

တစ်ခဏမျှကြာလျှင် ဦးစံရှား၏ အစ်ကို စာရေးကြီး ဦးစံထွားသည် အခန်းတွင်းသို့ ဝင်လာလေ၏။ ဦးစံထွားမှာ ဦးစံရှားကဲ့သို့ပင် အရပ်မြင့်မားခြင်း ရှိသော်လည်း ဦးစံရှားကဲ့သို့ ကျစ်လစ်ဖြတ်လတ်သောကိုယ်ပေါက်မရှိဘဲ အတော်ပင် တုတ်ခိုင်သူ တစ်ယောက် ဖြစ်ချေ၏။ ၎င်းနှင့် အတူ စုံထောက် အင်စပိတ်တော် ကိုအုန်းဖေလည်း ပါလာ၏ ။

ထိုသူ နှစ်ဦးလုံးမှာ လက္ခဏ်ကြီးသော မျက်နှာထား ရှိနေကြလေ၍ ကုလားထိုင်၌ ထိုင်ကြပြီးနောက်

**ထွား။** ။'တယ်ခက်နေပြီ မောင်စံရှားရယ်၊ ငါကလဲ ဟိုဟိုဒီဒီ ပြေးလားလွှားလား လုပ်ချင်တဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ဝန်ထောက် စာမေးပွဲကလည်း ကပ်နေလေတော့ မင်းကြီးက ငါ့ကိုပဲ အပူကပ်နေတယ်၊ တစ်ဆိတ်လောက် ငါ့ညီ ကူစမ်းပါဦးကွယ်'

**ရှား။** ။'ဘယ်ပုံ ကူရမှာလဲ အစ်ကိုကြီးရဲ့'

**ထွား။** ။'မောင်ကြည်အမှု အကြောင်း မင်း ဖတ်ပြီးပြီ မဟုတ်လား'

**ရှား။** ။'ဟုတ်ကဲ့ ၊ ခုနင်ကတင် ကိုသိန်းမောင်နှင့် နီးနှော ကြည့်ကြပါတယ်၊ သို့သော် အစိုးရ စာချုပ်တွေ အကြောင်း ဆက်ပြောပါဦး'

**ထွား။** ။'စာချုပ်က ဒီလိုကွဲ့၊ မြန်မာပြည် အစိုးရနှင့် ယိုးဒယားပြည်အစိုးရတို့ ကုန်ရောင်းကုန်ဝယ်မှုနှင့် ပတ်သက်ပြီး လျှို့ဝှက်စွာ ချုပ်ထားတဲ့ စာချုပ်ကွဲ့၊ ဒီစာချုပ်တွေဟာ ယိုးဒယားပြည် အစိုးရဆီမှာ တစ်ခု၊ မြန်မာပြည်အစိုးရဆီမှာ တစ်ခု ရှိတယ်'

**ရှား။** ။'ဒီစာချုပ်က လျှို့ဝှက်တဲ့ စာချုပ်ဖြစ်လေတော့ ဒီပြင်နိုင်ငံက မသိဘူး ဆိုပါတော့'

**ထွား။** ။'မသိရဘူး၊ သိနိုင်ခဲ့လျှင် ဂျပန်အစိုးရတို့ ဂျာမနီပြည်အစိုးရတို့က ငွေအများကြီးပေးပြီး ကြည့်ကြမယ် အမှန်ပဲ'

**ရှား။** ။'ယခုတော့ ပြန်ရပြီ၊ မဟုတ်လား'

**ထွား။** ။'အားလုံး မရဘူး၊ ၃ ခုအနက် အရေးကြီးတဲ့ စာချုပ်တစ်ခု ပျောက်နေတယ်'

**ရှား။** ။'ဒီဟာ ပြန်မရလျှင်ကော'

**ထွား။** ။'ပြန်မရလျှင် တစ်ပြည်နှင့် တစ်ပြည် စာချုပ်ခြင်းဟာ ပျက်တော့မလို ဖြစ်ရတော့မှာပေါ့ကွဲ့၊ အရေးအကြောင်းရှိလို့ မြန်မာပြည်အစိုးရက အကြောက်အကန် ပြောချင်တယ် ဆိုရင် စာချုပ်လက်ကိုင် မရှိလို့ မပြောနိုင်ဘဲ ရှိမှာပေါ့ကွဲ့'

**ရှား။** ။'ဒီလိုဖြင့် စာချုပ်ကို ပြန်ရဖို့ အရေးကြီးတာပေါ့'

**ထွား။** ။'ဒါကြောင့် မင့်ဆီကို လာတယ် မဟုတ်လား၊ အတွင်းဝန်ကြီးရော ပြည်ထဲရေးဝန်ကြီးရော ခေါင်းချင်း ရိုက်ကုန်ကြပြီ၊ ဒီအချက်မှာ ငါ့ညီက ပြန်ရအောင် လုပ်ပေးနိုင်လျှင် ဘယ်လိုဘွဲ့မျိုး လိုချင်သလဲ၊ ကြက်သရေဆောင် ရွှေစလွယ်လား၊ သူရဲကောင်း ...'

**ရှား။** ။(ဦးခေါင်းခါလျက်) 'တော်ပါပြီ အစ်ကိုကြီး၊ ကျွန်တော်က ဒီအလုပ်လုပ်ခြင်းဟာ ဝါသနာအလျောက် ဉာဏ်ကစား ရတာ ပျော်လို့လုပ်ခြင်းဖြစ်ပါတယ်၊ ဂုဏ်ထူးဘွဲ့ထူးလိုချင်လို့မဟုတ်ပါဘူး၊ လိုချင်လို့ ကျွန်တော် ကြံစည်လျှင် ကြာလှပြီပေါ့ ခင်ဗျား၊ အစိုးရအတွက် ကျွန်တော် ဆောင်ရွက်ပေးခဲ့တာ ဘယ်နှစ်ခါ ရှိပြီလဲ၊ ကိုင်း ဒါထက် အရေးကြီးတဲ့ အချက်လောက် ရွေးပြီး ပြောစမ်းပါဦး ခင်ဗျာ'

**ထွား။** ။'ဒီလိုကွဲ့၊ ဒီစာချုပ်ကို အတွင်းဝန်ကြီး ရုံးခန်းထဲက မီးခံသေတ္တာထဲမှာ ထားရတယ်၊ မီးခံသေတ္တာသော့ကတော့ အတွင်းဝန်ကြီးဆီမှာ တစ်ချောင်း၊ အပါးတော်မြဲဆီမှာ တစ်ချောင်း၊ ဒီ နှစ်ချောင်းပဲရှိတယ်'

**ရှား။** ။'အပါးတော်မြဲက ဘယ်သူလဲ၊ ဘိုလား မြန်မာလား'

**ထွား။** ။'ခါတိုင်းတော့ ဒီနေရာမှာ ဘိလပ်သား ထားတယ်၊ ဒီတစ်ခါ မြန်မာကိုစမ်းပြီး အထားမှာ ဒီလိုဖြစ်ရတော့ သာပြီး ငါတို့ အရေးကြီးနေတာပေါ့ကွဲ့၊ တနင်္လာနေ့ ညနေက မီးခံသေတ္တာကို ပိတ်ကြရာမှာ ဒီစာချုပ်ကို အတွင်းဝန်ကြီးရော၊ အပါးတော်မြဲရော ၂ယောက်လုံးက မြင်မိသေးတယ်လို့ သေသေချာချာ ထွက်ဆိုကြတယ်'

**ရှား။** ။'သူတို့နှစ်ယောက် အပြင် ဘယ်သူ့မှာမှ ဒီသော့ မရှိဘူးပေါ့'

**ထွား။** ။'မရှိပါဘူး'

**ရှား။** ။'မောင်ကြည့်အကြောင်း ပြောပါဦးဗျာ'

**ထွား**။ ။'ဒီသူငယ်က အမှုထမ်းတာ ငါးနှစ်ကြာသွားပြီ၊ စိတ်ခပ်တိုတိုနှင့်ဒေါသတော့ ကြီးတယ်၊ နို့ပေမယ့် အလုပ်လုပ်ရာမှာ အင်မတန်စေ့စပ်ရိုးသားဖြောင့်မတ်လို့ စာရေးကြီးများက ချီးမွမ်းကြတဲ့ သူငယ်ကွဲ့၊ ဒီစာချုပ်ဟာက သူနှင့် ဆိုင်တဲ့ အလုပ် ဖြစ်တယ်'

**ရှား**။ ။'ဟိုနေ့က စာချုပ်ကို ဘယ်သူ ထုတ်ကြည့်သေးသလဲ'

**ထွား**။ ။'အပါးတော်မြဲ ကြည့်တယ်'

**ရှား**။ ။'ဒီစာချုပ်တွေကို မောင်ကြည် ထုတ်ယူသွားကြောင်းဟာကတော့ ထင်ရှားတယ် မဟုတ်ဘူးလား'

**ထွား**။ ။'ထူးတာပဲ၊ သို့သော် ဘယ်အတွက် သူ ယူရသလဲ'

**ရှား**။ ။'နိုင်ငံခြားကုန်သည်ကြီးများ မြင်ရလျှင် ငွေပေးကြည့်မယ် မဟုတ်ဘူးလားဗျာ'

**ထွား**။ ။'ဒါတော့ မှန်တယ်'

**ရှား**။ ။'ငွေရဖို့ နည်းအပြင် ဒီ့ပြင် နည်းလမ်းများ ခင်ဗျာ၊ တွေးနိုင်သေးသလား'

**ထွား**။ ။'မတွေးနိုင်ဘူးကွဲ့'

**ရှား**။ ။'ကောင်းပြီ ၊ ဒါဖြင့် မောင်ကြည်ဟာ စာချုပ်ကို ငွေရမှုအတွက် ယူလာခဲ့တယ် ဆိုပါတော့၊ သူ့မှာ သော့မရှိတဲ့ အတွက် သော့တူ လုပ်ရလိမ့်မယ် မဟုတ်လား'

**ထွား**။ ။'အခန်းသော့ကိုပါ သော့တူ လုပ်ရမယ်'

**ရှား**။ ။'ကောင်းပြီ၊ အခန်းသော့ရော၊ သေတ္တာသော့ရော၊ သော့တူလုပ်ပြီး စာချုပ်ကို ထုတ်ယူတယ် ဆိုပါတော့၊ သူ့အကြံက တစ်ညတည်း ထုတ်ယူပြီး ငွေပေးတဲ့လူ ပြပြီးတဲ့နောက် လူကြီးတွေ မသိခင် ပြန်ထားဖို့နှင့် တူပါရဲ့၊ သို့သော် ဒီအတွင်းမှာ အသက် ဆုံးရှုံးခြင်း ဖြစ်ဟန်တူတယ်'

**ထွား**။ ။'သို့သော်လည်း တစ်ခုတွေးဖို့ ရှိတယ်၊ ဘာလဲဆိုတော့ အကယ်၍ မောင်ကြည်ဟာ စာချုပ်နှင့် ပတ်သက်တဲ့ ကိစ္စ ကို သူ ဆောင်ရွက်ရမယ်ဆိုတာ သိလျက်နှင့် သူ့ ရည်းစားကို ဘိုင်စကုတ်ပြဖို့ တာဝန်ခံမယ် မဟုတ်ဘူး၊ အခုတော့ သူ့ရည်းစား မစိန်ရီကို ဟိုညက ဘိုင်စကုတ်ပြဖို့ တာဝန်ခံထားသတဲ့ကွဲ့၊ တာဝန်ခံထားတဲ့ အတိုင်း သူ့ ရည်းစားနှင့် ထွက်အလာမှာ ဖြုံးဆို ရုတ်တရက်ပြေးသွားပြီး သေတယ်လို့ သတင်းကြားရတော့တာပဲတဲ့ကွဲ့'

**ဖေ**။ ။'ဒါကတော့ ခြေရာဖျောက်နည်း တစ်မျိုး ထင်ပါရဲ့ဗျာ'

**ထွား**။ ။(ဦးခေါင်းရမ်းလျက်) 'ဒီ့ပြင်တစ်ချက်ကတော့ အကယ်၍ မောင်ကြည်သည် စာချုပ်များကို ပြရုံပြဖို့ အကြံရှိလျှင် ပြပြီးတဲ့နောက် ပြန်ယူခဲ့ရမယ်၊ ယခုတော့ စာချုပ် ၃ ခုအနက် ၂ ခုသာ တွေ့ရတယ်၊ တစ်ခု လုံးလုံးပျောက်သွားတယ်၊ ဒီပြင် တစ်ချက်လည်း စာချုပ်ကို ငွေရလို့ ပြတယ်ဆိုလျှင် ဒီငွေဟာ ဘယ်မှာလဲ၊ သူ့ အိတ်ထဲမှာ တွေ့တဲ့ ငွေကလေး ၂၅ နှင့်တော့ ဒီလောက်ဟာကြီး သူ လုပ်မယ် မထင်ဘူး'

**ဖေ**။ ။'ဒီလိုထင်ပါရဲ့ဗျာ၊ စာချုပ်တွေ ယူလာပြီးမှ အဖိုးမတဲ့လေတော့ ပြန်ယူခဲ့ရာမှာ ဟိုလူက ငွေမပေးဘဲနှင့် အချောင် ကြည့်ရ လေအောင် မီးရထားပေါ်လိုက်ပြီး သတ်ယူ ထိုးချတယ် ထင်ပါရဲ့'

**ရှား**။ ။'လက်မှတ်ကကော ဗျာ'

**ဖေ**။ ။'သတ်တဲ့လူက ခြေရာပျောက်အောင်ဟာ လက်မှတ်ကိုပါ နှုတ်ယူထားတယ် ထင်ပါရဲ့'

**ရှား**။ ။'ခင်ဗျား တွေးပုံတော့ အအေးသားပဲ၊ ဟိုလူလဲ သေပြီ၊ စာချုပ်လဲ ဆုံးပြီ၊ ကျုပ်တို့ ဘာလုပ်ဖို့ ရှိတော့သလဲ'

**ထွား**။ ။'ဘယ့်နှယ် ဒီလိုလဲဟုတ်မလဲကွယ်၊ ညီရယ်၊ ဆိုင်ရာလူတွေဆီသွားပြီး စစ်လားကြောလား မေးလားမြန်းလား လုပ်ပြီး ဒီစာချုပ်ကို ပြန်မရ ရအောင်လုပ်ပေးပါဦးမှပေါ့ကွယ်'

**ရှား**။ ။'ဒီလိုဖြစ်လျှင်လည်း လုပ်ရတာပေါ့လေ၊ ကိုင်း လာဗျာ ကိုသိန်းမောင်၊ မစ်ရှင်လမ်း ( ယခု အလုံလမ်း ) ဘူတာကို ရှေးဦးစွာ သွားကြစို့၊ ကိုအုန်းဖေလဲ လိုက်ခဲ့ဗျာ၊ သို့သော် တယ်ကြီးတော့ မျှော်လင့်မထားလေနှင့်နော် အစ်ကိုကြီး'

ကျွန်တော်တို့ သုံးဦးသည် မစ်ရှင်လမ်းဘူတာသို့ သွားရောက်ကြ၍ ရုံပိုင်ကို ခေါ်ပြီးလျှင် အလောင်းတွေ့သော နေရာကို ပြစေ၏။ အလောင်းတွေ့သော နေရာမှာ တံတားနှင့် ကိုက်ပေါင်း ၂၀ ခန့် ဝေး၍ မီးရထားသံလမ်းသည် ထိုနေရာ၌ လက်ဝဲဘက်သို့ ခပ်ဆတ်ဆတ်ကွေ့သွား၏။

**ရှား**။ ။'မီးရထားတွဲများကို ခင်ဗျား၊ ကြည့်ပြီးပြီလား၊ သွေးစက်များ ဘာများ မတွေ့ဘူးလား'

**ဖေ**။ ။'ကျွန်တော် သေသေချာချာ ကြည့်ပြီးပါပြီ၊ ဘာမှ မတွေ့ပါ'

**ရှား**။ ။(ရုံပိုင်အား) 'တံခါးကြီး ပွင့်လျက် ဆိုက်လာတဲ့ တွဲများ မတွေ့ဘူးလား'

**ပိုင်**။ ။'သတိ မထားမိပါ'

**ဖေ**။ ။'ဒီကနေ့ မနက်တုန်းကတော့ သက်သေတစ်ယောက်က တနင်္လာနေ့ည ၁၁ နာရီခွဲလောက် လော်ကယ်ရထားနှင့် ရန်ကုန်ကို လိုက်အလာမှာ မစ်ရှင်ဘူတာက အထွက် အုံးခနဲ အသံတစ်ခု ကြားလိုက်ရတယ်လို့ ပြောတယ်၊ မှောင်နေလေတော့ ဘာမှတော့ မမြင်လိုက်ရဘူးတဲ့၊ အလို ဦးစံရှားက ဘာများ လုပ်နေတာလဲဗျ'

ဦးစံရှားမှာမူ စိတ်အားကြီးစွာသော မျက်နှာထားနှင့် ထိုနေရာ၌ရှိသော မီးရထား သံလမ်းများကို ကြည့်ရှုလျက် ရှိနေလေ၏။ မီးရထားလမ်းသည် အထက်ဖော်ပြခဲ့ပြီးသည့်အတိုင်း ထိုနေရာ၌ လက်ဝဲဘက်သို့ ရုတ်တရက် ကောက်သွားသည် ဖြစ်ရာ ကျွန်တော်သည် ဦးစံရှား၏ မျက်နှာထားကို မြင်ခြင်းအားဖြင့် ထူးခြားသော အချက်တစ်ခု တွေ့ရှိနေကြောင်းကို သိရှိရလေ၏။

**ကျွန်တော်**။ ။'ဘာများ တွေ့လို့လဲဗျ'

**ရှား**။ ။'လမ်းခွဲတဲ့ နေရာ ကြည့်တာပါဗျ၊ ဒီနေရာမှာ ရထားလမ်းဟာ ကွေ့လဲ ကွေ့တယ်၊ လမ်းခွဲလဲ ရှိတယ်၊ ဒီအချက်ဟာ အရေးကြီးတယ် ကိုသိန်းမောင်ရဲ့'

**ဖေ**။ ။'ဘာဆိုင်သလဲဗျာ၊ လမ်းခွဲနှင့် ဒီအမှုနှင့် ဘယ်လိုများ သက်ဆိုင်လို့လဲ'

**ရှား**။ ။'ရထားစီးတဲ့အခါမှာ ကွေ့လဲကွေ့၊ လမ်းခွဲလဲ ရှိတယ်ဆိုလျှင် ရထားပေါ်က လူဟာ ဘယ်လိုဖြစ်သွားမလဲ'

**ကျွန်တော်**။ ။'ညိတ်ခနဲ ညိတ်ခနဲ ဖြစ်သွားတာပေါ့ဗျာ'

**ရှား**။ ။'အဲဒါ ကျုပ်လိုချင်တာပဲ၊ ဟုတ်ပြီဗျို့ ဟုတ်ပြီ၊ ဒါကြောင့် ကျတဲ့နေရာမှာ သွေးစက်တွေ ဘာတွေ မတွေ့ရတာကိုးဗျ'

**ဖေ**။ ။'ဘာဆိုင်သလဲ ဆရာရယ်'

**ရှား**။ ။'အလောင်းမှာ ဦးခေါင်းကြေသွားတယ်ဆို'

**ဖေ**။ ။'ဟုတ်တယ်'

**ရှား**။ ။'ဒါနှင့်တောင် သွေးစက်မတွေ့ဘဲကိုးဗျ၊ မီးရထားတွဲကို ကျုပ် ကြည့်ရလျှင် ကောင်းမယ် ထင်တယ်'

**ဖေ**။ ။'စိတ်ချပါ ဆရာ ဘာမှ မတွေ့ပါဘူး၊ ကျွန်တော် ကိုယ်တိုင် ကြည့်ပြီးသားပါ'

**ရှား**။ ။'ကိုင်း ဒါဖြင့် ရှိစေဗျား၊ ကိုအုန်းဖေ ခင်ဗျား ပြန်ချင် ပြန်ပေတော့လေ၊ ကျုပ်တို့တော့ ကြည့်မြင်တိုင်ရော အတွင်းဝန်ကြီး ရုံးတွေရော လျှောက်ကြည့်ဦးမယ်၊ လုပ်စရာအဖို့တော့ ခင်ဗျား တတ်နိုင်တာ တစ်ချက်ရှိတယ်၊ နိုင်ငံခြား ကုန်သည်ကြီးတွေ စာရင်းကိုအမည်၊ နေရပ်နှင့် တကွ ရအောင် ကူးထားပြီး ကျုပ်အိမ်က စောင့်နေစမ်းဗျာ၊ ဒါထက် အတွင်းဝန်ရဲ့ အပါးတော်မြဲက ဘယ်သူတဲ့ဗျာ'

**ဖေ**။ ။'ဦးသိန်းဟန်တဲ့'

**ရှား**။ ။'ဘယ်လမ်းလဲ'

**ဖေ**။ ။'ဘောင်ဒရီလမ်း'

**ရှား**။ ။'ကောင်းပြီ၊ ကျုပ်ပြောတာ ခင်ဗျား လုပ်ထားနှင့်ဗျာ'

ကိုအုန်းဖေ ပြန်သွားပြီးနောက် ကျွန်တော်တို့သည် တက္ကစီတစ်စီးနှင့် ဘောင်ဒရီလမ်းသို့ ထွက်လာကြရာ လမ်းခရီး၌

**ရှား**။ ။'တစ်ခါဖြင့် တော်တော်ကလေး ရှင်းသွားပေပြီဗျာ'

**ကျွန်တော်**။ ။'ခင်ဗျားမှာသာ ရှင်းတယ်၊ ကျွန်တော်ဖြင့် မီးရထားလမ်းအကြောင်းကို ခင်ဗျား ပြောလိုက်တာ သာပြီးတောင် ရှုပ်သွားသေးတယ်'

**ရှား**။ ။'ကျုပ်မှာလဲ ရှင်းတာက ရှင်းပေမယ့် ရှုပ်နေသေးတာတွေ အပုံကျန်ပါသေးတယ်၊ ရှင်းတာ တစ်ချက်ကတော့ မောင်ကြည်၏ အလောင်းဟာမီးရထားတွဲအတွင်းက ကျတာ မဟုတ်၊ အမိုးပေါ်က ကျတာဗျ'

**ကျွန်တော်**။ ။'ဘယ့်နှယ် ဆရာရယ်၊ အမိုးပေါ်က တက်စီးတဲ့လူလို့ ဘယ်မှာ ကြားဖူးသလဲ'

**ရှား**။ ။'တက်စီးတာ မဟုတ်ဘူးဗျ၊ သူ့အလောင်းကို မီးရထား အမိုးပေါ်မှာ တင်လွှတ်လိုက်ခြင်းဖြစ်တယ်'

**ကျွန်တော်**။ ။'ဟင်'

**ရှား**။ ။'ဆန်းတယ်၊ ဟုတ်စ၊ အကွေ့လဲဖြစ်ပြန်၊ လမ်းခွဲလဲ ရှိပြန်ဆိုတော့ ခင်ဗျား ပြောတဲ့အတိုင်း ညိတ်ခနဲ ဖြစ်သွားတယ် မဟုတ်လား၊ ဒီနေရာမျိုးမှာမှ အမိုးပေါ်က ပစ္စည်းတစ်ခုခုဟာ ကျမယ်မဟုတ်ဘူးလား၊ တစ်ခြားမှာသေပြီး အလောင်းကို အမိုးပေါ် တင်လွှတ်လိုက်ခြင်း ဖြစ်တဲ့အတွက် လမ်းဘေးမှာ သွေးစက် မတွေ့တာပေါ့ဗျ၊ လက်မှတ်မတွေ့တာလဲ ဒါကြောင့်ပေါ့ဗျ'

**ကျွန်တော်**။ ။'ဟုတ်တော့ ဟုတ်ပြီဗျို့၊ နို့ပေမဲ့ ဒီအချက် သိရတာက ဒီအမှု ရှင်းပြီး မသွားတဲ့အပြင် သာပြီးတောင် ရှုပ်သွားပါပြီကောဗျ'

**ရှား**။ ။'မှန်တယ်၊ ဒါတော့ မှန်တယ်'

ဟု ပြောပြီးနောက် ဦးစံရှားသည် စကားဆက်လက်၍ မပြောတော့ဘဲ မော်တော်ကားပေါ်၌ စဉ်းစားစိတ်ကူးကာဖြင့် ဆိတ်ဆိတ်လိုက်လာလေ၏။

ကျွန်တော်တို့သည် ဘောင်ဒရီလမ်းသို့ ဆိုက်ရောက်ကြ၍ အပါးတော်မြဲ ဦးသိန်းဟန်၏ နေအိမ်သို့ ဝင်သွားကြရာ ထိုအရပ်၌ ဥရောပတိုက်သားများနေထိုင်သော ဘိုအိမ်ကြီးများသည် စီတန်းကာ ရှိနေ၍ ဦးသိန်းဟန်၏ အိမ်မှာလည်း အခြား ဘိုအိမ်များကဲ့သို့ပင် ခမ်းနားစွာ ရှိပေ၏။

ထွက်လာသော အစေခံတစ်ယောက်အား အိမ်ရှင် ဦးသိန်းဟန် အကြောင်းကို မေးရာ အစေခံသည် အိမ်တွင်းသို့ ဝင်သွား၍ လူတစ်ယောက်ကို ခေါ်လာခဲ့၏။ ထိုလူက မိမိသည် ဦးသိန်းဟန်၏ ဦးသိန်းစံဖြစ်ကြောင်း၊ ဦးသိန်းဟန်မှာ မကျန်းမာသဖြင့် ယနေ့နံနက်ပင် ဆေးရုံသို့ တက်နေကြောင်းနှင့် ပြောပြလေ၏။

ဦးသိန်းစံ၏ ဖိတ်ကြားချက်အရ ကျွန်တော်တို့သည် ဧည့်ခန်း၌ ခေတ္တထိုင်၍ ဦးစံရှားက လာရောက်ခြင်းကိစ္စကို ပြောပြရာတွင် ဦးသိန်းစံသည် အစ်ကိုအတွက် ပူပန်စိုးရိမ်ခြင်း ဖြစ်သော မျက်နှာထားနှင့် ဧည့်ခံလျက် ရှိရာမှ မိမိ၏ အစ်ကိုမှာ အလွန်တရာ စိတ်နှလုံးနူးညံ့သိမ်မွေ့သော လူတစ်ယောက် ဖြစ်ခြင်းကြောင့်နဂိုရ် အခံရှိသော နှလုံးရောဂါသည် ဤစာချုပ်ပျောက်ဆုံးမှု ဖြစ်ပေါ်လာသောအခါ၌ရုတ်တရက် ဆေးရုံသို့ ပို့လိုက်ရကြောင်းနှင့် ပြောပြလေ၏။

ဦးစံရှားက စာချုပ်ပျောက်ဆုံးမှုအကြောင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ နည်းလမ်းညွှန်ပြနိုင်ပါသလောဟု မေးမြန်းရာ ဦးသိန်းစံက မိမိမှာ အစ်ကို မကျန်းမာသည့် အတွက်ကြောင့် စိတ်နှလုံး မချမ်းမသာဖြစ်၍ ဧည့်သည်များနှင့် စကားပြောရခြင်းကိုပင် ငြီးငွေ့လှကြောင်းနှင့် အရိပ်နမိတ် ပြောပြသည်တွင် ကျွန်တော်တို့သည် အခြေမလှသဖြင့် ထွက်လာခဲ့ကြလေ၏။

၎င်းနောက် ကျွန်တော်တို့သည် စမ်းချောင်းရပ်ရှိ မောင်ကြည်၏ရည်းစား မစိန်ရီ၏ နေအိမ်သို့ သွားရောက်ရာ မစိန်ရီမှာ သွက်လက်သော မိန်းကလေးတစ်ယောက်ဖြစ်၍ ဦးစံရှား၏ မေးခွန်းများကို မဆိုင်းမလင့် ဖြေဆိုလေ၏။

**ရီ။** ။'ကျွန်မဖြင့် ကိုကြည် သေပြီးကတည်းက တစ်မေးမှ အိပ်လို့ မပျော်နိုင်ပါဘူးရှင်၊ ကိုကြည်ကို ကျွန်မ ငယ်ငယ်ကတည်းက သိလာလေတော့ အင်မတန် ရိုးသားဖြောင့်မတ်တဲ့ လူတစ်ယောက် ဖြစ်ကြောင်းကို သေသေချာချာ ကျွန်မ ပြောနိုင်ပါတယ်၊ ဒီလိုဟာမျိုးကို ဘယ်နည်းနှင့်မှ ပြုမယ့်လူတစ်ယောက် မဟုတ်ပါဘူးရှင်'

**ရှား။** ။'သို့သော်လဲ သူ့ အိတ်ထဲမှာ စာချုပ်တွေ တွေ့ထားတယ် မိန်းကလေးရဲ့'

**ရီ။** ။'ဒါတော့လဲ ခက်တာပဲ'

**ရှား။** ။'သူ့မှာ ငွေကြပ်တည်းသလား'

**ရီ။** ။'မကြပ်ပါဘူးရှင်၊ သူ့လခကလဲ ကောင်း၊ အနေအထိုင်ကလဲ ကျစ်လစ်လေတော့ ဘဏ်မှာတောင် သူ့ငွေ အပ်ထားပါသေးတယ်'

**ရှား။** ။'သူ့ စိတ်ထဲမှာ တစ်စုံတစ်ရာ အနှောင့်အယှက်များ မရှိဘူးလား၊ မှန်မှန်ပြောနော် မိန်းကလေး'

**ရီ။** ။(အတန်ငယ် ဆိုင်းလင့်ပြီးမှ) 'အနှောင့်အယှက်တစ်ခုခုတော့ ရှိဟန်တူတယ်'

**ရှား။** ။'ကြာပြီလား'

**ရီ။** ။'မကြာသေးပါဘူးရှင်၊ လွန်ခဲ့တဲ့ ၄–၅–၆ ရက် အတွင်းမှာမှ ဖြစ်လာတာနှင့် တူပါတယ်၊ ကျွန်မက မေးကြည့်တော့လဲ ရုံးကိစ္စပါကွယ်၊ မင်းနှင့် မဆိုင်ပါဘူးတဲ့၊ ဒီ့ပြင်တော့ မေးလို့မရဘူးရှင်'

**ရှား။** ။'ပြောသာပြောပါ မိန်းကလေးရဲ့၊ သိသမျှကို အကုန်ဖွင့်ပြောမှ ရှင်းလင်းနိုင်လျှင်လဲ ရှင်းလင်းနိုင်ခွင့်ရမှာကိုး မိန်းကလေးရဲ့'

**ရီ။** ။'ဒီပြင်တော့ ပြောစရာ မရှိပါဘူးရှင်၊ သို့သော် တစ်ညနေတုန်းကတော့ သူက ဖွင့်ပြောတော့မလို လုပ်ပြီးမှ ရုတ်တရက် စကားဖြတ်ပစ်လိုက်တယ်ရှင့်၊ နိုင်ငံခြားကုန်သည်ကြီးတွေကလေ ဇကန်မုချ ငွေများများပေးမှာပဲ လို့တော့ တစ်ခွန်း ပြောဖူးတယ်ရှင့်'

**ရှား။** ။(ကျေနပ်ကြီးသော မျက်နှာ ဖြစ်ပေါ်လာလျက်) 'ဒီ့ပြင်ကော'

**ရီ။** ။'သစ္စာမရှိတဲ့ လူတစ်ယောက်ယောက်က ကြံစည်မယ်ဆိုလျှင် ဖြစ်နိုင်တယ်လို့လဲ ပြောဖူးတယ်၊ ဘာအကြောင်းမှန်းတော့ မသိရဘူး'

**ရှား။** ။'ဒီလိုပြောတာ မကြာသေးဘူး ဟုတ်စ'

**ရီ။** ။'မကြာလှသေးပါဘူးရှင်'

**ရှား။** ။'နောက်ဆုံး မောင်ကြည်နှင့် တွေ့တဲ့ညက အကြောင်းပြောစမ်းပါဦး'

**ရီ။** ။'တနင်္လာနေ့ညက ကိုကြည်က ကျွန်မကို ဂလုပ်ဘိုင်စကုတ်ရုံမှာ ဘိုင်စကုတ်ပြဖို့ ခေါ်လာပြီး အိမ်က ထွက်လာကြတော့ ကြည့်မြင်တိုင်ဘူတာရုံနားမှာ ဖြုန်းဆို ကိုကြည် ပျောက်သွားတယ်ရှင့်'

**ရှား။** ။'ဘယ်ပုံပျောက်တာလဲ'

**ရီ။** ။'ဘာတစ်ခွန်းမှ မပြောဘဲ ကျွန်မ နံဘေးက ရုတ်တရက် ထွက်သွားပါတယ်'

**ရှား**။ ။'ဘာမှ မမှာထားခဲ့ဘူးလား'

**ရီ**။ ။'ဘာမှ မမှာခဲ့ဘူးရှင့်၊ ဒါနှင့် ကျွန်မလဲ အံ့သြပြီး အိမ်ပြန်သွား၊ မနက်ကျတော့ ကိုကြည် သေတယ်လို့ ကြားရတာပါပဲရှင်'

**ရှား**။ ။'ကိုင်း၊ တော်လောက်ပါပြီဗျာ၊ လာဗျို့ ကိုသိန်းမောင်၊ အတွင်းဝန်ကြီးရုံး တဆိတ် သွားကြည့်ရအောင်ဗျာ'

လမ်းခရီး၌ ...

**ရှား**။ ။'အစကတည်းက မောင်ကြည်အပေါ်မှာ မသင်္ကာစရာ ဖြစ်နေတဲ့အထဲ ယခု ထောက်လှမ်းပြီးကြည့်ပြန်တော့ သာပြီး မသင်္ကာဖို့ ဖြစ်နေပြန်ပြီဗျို့၊ ယောက်ျားဆိုတာမျိုးဟာ အိမ်ထောင်ပြုမယ်ဆိုတော့ ငွေလိုတာမျိုးကလားဗျာ၊ မိန်းကလေး ကိုတောင် ဖွင့်ပြောတော့မလို့ သူ လုပ်သေးတယ်၊ ခုပုံတော့ဖြင့် စာချုပ်ကို သူပဲ ထုတ်ယူတယ်လို့ ထင်ရှားသလို ဖြစ်နေပြီ ကိုသိန်းမောင်ရေ'

**ကျွန်တော်**။ ။'သို့သော် လူရိုးကလေး ဆိုတာပဲဗျာ၊ တစ်ကြောင်းကလဲ တကယ်ဆိုတော့ သူ့မှာ စာချုပ်တွေ ပါပြီး ဖြစ်လျှင် ဘယ့်နှယ်ကြောင့် မိန်းကလေးကို ခေါ်လာခဲ့ပြီးမှ ရုတ်တရက် ထွက်သွားရသလဲဗျာ'

**ရှား**။ ။'မှန်တယ်၊ ဒီတော့လဲ စဉ်းစားစရာရှိတယ်၊ သို့သော် ထောက်လှမ်းစရာရှိတာ အားလုံး ထောက်လှမ်းပြီးမှ ဆုံးဖြတ်ကြစို့ဗျာ'

၎င်းနောက် ကျွန်တော်တို့သည် အတွင်းဝန်ကြီးရုံးသို့ သွား၍ ရုံးအုပ်နှင့်အတူ စာချုပ်များထားသော မီးခံသေတ္တာကို ကြည့်ရှု ကြလေ၏။ ဦးစံရှားသည် သော့ပေါက်ကို မှန်ဘီလူးဖြင့် သေချာစွာကြည့်ရှုပြီးနောက် ရုံးအုပ်အား ကျေးဇူးတင်ကြောင်း ပြော၍ အပြင်သို့ ထွက်လာကြလေ၏။

၎င်းနောက် ရုံးပေါက်အနီးရှိ မြက်ခင်းများကို သေချာစွာ ကြည့်ပြန်ရာ ဦးစံရှားသည် ထူးခြားသော အခြင်းအရာတစ်ခုကို မြင်သည်နှင့် ကျွန်တော်အား ခေါ်၍ ပြလေ၏။ ၎င်းမှာ ထိုနေရာ၌ မြက်များမှာ အခြားနေရာများမှာထက် နွမ်းကြေလျက် ရှိသည်ကို တွေ့ရလေ၏။

**ကျွန်တော်**။ ။'ဘယ်လို ဆိုချင်သလဲ'

**ရှား**။ ။'ဒီနေရာမှာ လူနှစ်ယောက် ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ ထွေးလုံးသတ်ပုတ်ကြဖူးတယ် ဆိုလျှင် မဖြစ်နိုင် ပေဘူးလားဗျာ'

**ကျွန်တော်**။ ။'ဟုတ်ကဲ့ ဖြစ်နိုင်ဖို့ရှိပါရဲ့၊ သို့သော် ဒီအမှုဟာ ဘယ်သူနှင့်မှ ထွေးလုံးသတ်ပုတ်စရာ မရှိတာက ခက်တယ်ဗျာ'

**ရှား**။ ။'မဆိုနိုင်ဘူးလေ၊ ဖြစ်နိုင်တာလောက် ကျုပ်က ပြောပါတယ်'

**ကျွန်တော်**။ ။'ဟုတ်ကဲ့၊ ဖြစ်တော့ ဖြစ်နိုင်လောက်ပါတယ်'

၎င်းနောက် ကျွန်တော်တို့သည် အိမ်သို့ပြန်လာကြရာ လမ်းခရီး၌

**ရှား**။ ။'ကျုပ်တို့ ထောက်လှမ်းစုံစမ်းလို့ သိခဲ့ရသမျှဟာဖြင့် စာချုပ်ကို မောင်ကြည် ခိုးယူကြောင်း ထင်ရှားသည်ထက် ထင်ရှားဖို့ ဖြစ်နေပြီဗျို့၊ ရုံးပြင်မှာ မြက်ကလေးတွေ ကြေမွနေတဲ့ အချက်ကလေး တစ်ခုတည်းပဲ သူ့ဘက်က ရှိတော့တယ်'

**ကျွန်တော်**။ ။'စာချုပ်ကို သူ ယူကြောင်းကတော့ ထင်ရှားနေပါပြီဗျာ၊ ပြန်ရဖို့ အတွက်ကိုသာ ခင်ဗျား ကြိုးစားပါတော့'

**ရှား**။ ။'ပြန်ရဘို့ ကိစ္စနှင့် စင်စစ် သူ ယူတယ် ၊ မယူဘူး ဆိုတာကို သိဖို့ ကိစ္စဟာက တစ်ထပ်တည်းပဲဗျ၊ သူ တကယ်ယူသလား၊ မယူဘူးလား ဆိုတာ သေချာအောင် သိရမှ ပြန်ရဖို့ ကျုပ်တို့ လုပ်နိုင်မယ်၊ တွေးလုံး တစ်ခုရှိတာက ဘာလဲ ဆိုတော့ သူ့ကို စာချုပ်ထုတ်ပေးဖို့ လူတစ်ယောက်က နှိုးနေတယ်၊ သို့သော် သူက ငြင်းပယ်ခဲ့တယ်၊ သို့သော်

ဟိုညကတော့ ဒီလူကို သူက ရုတ်တရက် မြင်လိုက်ရလေတော့ ရုတ်တရက် နောက်ယောင်ခံပြီး လိုက်သွားရာမှာ စာချုပ်တွေ ခိုးနေတာ တွေ့လေတော့ လုလား ယက်လား လုပ်ရာမှာ မြက်ပင်တွေများ ကြေလေသလားလို့ တွေးရတာကိုးဗျ'

**ကျွန်တော်။** ။'ဆိုပါဦးဗျာ'

**ရှား။** ။'ဒီလိုဖြစ်ခဲ့လို့ရှိရင် မောင်ကြည်က အော်လားဟစ်လားလုပ်ပြီး ပုလိပ်လက်ကို ဒီလို အပ်လိုက်ဖို့ရှိတယ်၊ ယခုတော့ ဒီလိုမလုပ်ဘဲ ငြိမ်ငြိမ်ကလေး ပြန်လာခဲ့ခြင်းကို ထောက်တော့ စာချုပ်ကို ခိုးတဲ့လူဟာ သူ့အထက်က လူကြီးများ ဖြစ်လေရော့သလားလို့ တွေးဖို့ ရှိပြန်တယ်'

**ကျွန်တော်။** ။'သော့ရှိတာကတော့ အတွင်းဝန်ကြီးနှင့် အပါးတော်မြဲ ရှိတာပဲဗျာ၊ အတွင်းဝန်ကြီး ကိုယ်တိုင်တော့ ဟုတ်မယ် မထင်ပါဘူး၊ ဒီတော့ အပါးတော်မြဲများလေလားဗျာ'

**ရှား။** ။'သူကိုယ်တိုင် မဟုတ်သော်လဲ သူနှင့် ပတ်သက်တဲ့ လူထဲက ဖြစ်ချင် ဖြစ်နိုင်တယ်ပေါ့ဗျာ'

**ကျွန်တော်။** ။'သို့သော် ခင်ဗျားဟာ တွေးလုံးပဲ ရှိနေပါသေးတယ်နော်'

**ရှား။** ။'မှန်ပါတယ် တွေးလုံးပါပဲ၊ သို့သော် နိုင်ငံခြား ကုန်သည်ကြီးတွေ စာရင်းကြည့်အုံးမယ်ဗျာ'

ကျွန်တော်တို့သည် အိမ်သို့ ပြန်ရောက်ကြသောအခါ ကိုအုန်းဖေသည် နိုင်ငံခြား ကုန်သည်ကြီးများ၏ စာရင်းစာရွက်နှင့် အိမ်မှ စောင့်မျှော်လျက် ရှိနေလေ၏။

ဦးစံရှားသည် နိုင်ငံခြားကုန်သည်ကြီးများ၏ စာရင်းကို ကြည့်ရှု၍ မစ်ရှင်လမ်း၌ နေထိုင်သော ဂျပန်လူမျိုး ကာလာဝါး ဆိုသူ၏ အမည်ကို အထူးမှတ်သားထားလေ၏။ ၎င်းနောက် ထိုသူ၏ အကြောင်းကို ကိုအုန်းဖေအား မေးမြန်းကြည့်ရာ ၎င်းသိရှိရသလောက်မှာ ထိုသူမှာ ကုန်သည်ကြီးဟူ၍ ဆိုရသော်လည်း ကုန်ဆိုင်မရှိဘဲ မြန်မာပြည်မှ ထွက်ကုန် ဝင်ကုန်များအကြောင်းကို ထောက်လှမ်းစုံစမ်းနေသော ဂျပန်တစ်ယောက် ဖြစ်ကြောင်းနှင့် ပြောပြလေ၏။ ထိုအခါ ဦးစံရှားသည် ကြည်ရွှင်သောမျက်နှာထား ဖြစ်ပေါ်၍ လာ၏။ ၎င်းနောက် ဦးစံရှားသည် ၎င်း တစ်ယောက်တည်း စုံစမ်းရန် ကိစ္စ ရှိသည်ဟု ပြော၍ တိုက်ပေါ်မှ ဆင်းသွားလေ၏။ သွားခါနီး၌ ကျွန်တော့်အား ထိုညဉ့်အဖို့ အပြင်သို့ မထွက်နှင့်ရန်လည်း မှာထားခဲ့လေ၏။

ထိုညဉ့် ၉ နာရီ အချိန်ခန့်တွင် တယ်လီဖုန်း နှိုးစက်ကျ၍ ဦးစံရှား၏ အသံဖြင့် လက်နှိပ်ဓာတ်မီးတစ်ခုနှင့် ဆောက်တစ်လက်ကို ဆဗွိုင်းဟိုတယ်သို့ ယူလာခဲ့ရန် မှာထားသဖြင့် ကျွန်တော်သည် ၎င်းမှာထားသော ပစ္စည်းများကို အုံးသြစွာနှင့် ယူပြီးနောက် တိုက်မှ ဆင်းလာခဲ့လေ၏။

ဟိုတယ်သို့ ရောက်သောအခါ ဦးစံရှားသည် အခန်းငယ်တစ်ခုမှ စောင့်ဆိုင်းလျက်ရှိရာ

**ရှား။** ။'ပါလာခဲ့လားဗျို့'

**ကျွန်တော်။** ။'ပါခဲ့ပါတယ် ၊ ဘာလုပ်ဖို့လဲဗျာ'

**ရှား။** ။'သိလိမ့်မယ်ပေါ့ဗျာ၊ ဒါထက် ပြောရဦးမယ်၊ မောင်ကြည်ရဲ့ အလောင်းဟာ မီးရထားအမိုးပေါ်က ကျတယ်လို့ ကျုပ်ပြောခဲ့တယ် မဟုတ်ဘူးလား'

**ကျွန်တော်။** ။'မှန်ပါတယ် ၊ သို့သော် တံတားပေါ်က ကျတာကော မဖြစ်နိုင်ဘူးလားဗျာ'

**ရှား။** ။'တံတားနှင့် အလောင်းတွေ့တဲ့ နေရာနှင့်က ကိုက်ပေါင်းသုံးဆယ်လောက် ဝေးတယ်ဗျ၊ ဒီတော့ ဒီလောက် ဝေးဝေး ရောက်အောင် ပစ်ချဖို့ ခဲယဉ်းလိမ့်မယ်'

**ကျွန်တော်။** ။'ဒါဖြင့် အမိုးပေါ်ရောက်အောင် ဘယ်လို တင်မလဲဗျာ'

**ရှား။** ။'လူမမြင်အောင်တင်ဖို့ ဒီ့ပြင်နည်းတော့ မရှိဘူး၊ ညအခါမှာ တံတားပေါ်ကနေပြီး မီးရထားအမိုးပေါ် သို့ ပစ်ချဖို့ နည်းတစ်နည်းပဲရှိတယ်၊ ဒီအတွင်းမှာ ဂျပန်ကုန်သည် လူရှုပ်ကြီးတစ်ယောက်၏ အိမ်ဟာကလဲ မစ်ရှင်လမ်းမှာ ရှိတယ်ဆိုတော့ တွေးစရာတစ်ခု မရဘူးလားဗျာ'

**ကျွန်တော်**။ ။'အစစ်ပဲဗျို့'

**ရှား**။ ။'ဒါကြောင့်၊ ကျုပ်တို့ ဒီကနေ့ည သူ့အိမ်ကို သွားကြည့်မယ်၊ အိမ်မှာတော့ဖြင့် လူ မရှိဘူး၊ ကျုပ်တို့ ဖောက်ပြီး ဝင်ကြရလိမ့်မယ်'

**ကျွန်တော်**။ ။'လုပ်ပြန်ပြီဗျာ၊ ဖောက်ထွင်းမှုများ ဖြစ်နေပါဦးမယ်'

**ရှား**။ ။'အစိုးရကိစ္စပဲဗျာ၊ တကယ်ဆိုတော့ ကျုပ်တို့ အမှုမဖြစ်နိုင်ပါဘူး'

**ကျွန်တော်**။ ။'လုပ်ဗျာ၊ ဒါဖြင့် လိုက်တာပေါ့'

၎င်းနောက် ကျွန်တော်တို့သည် ဆဗ္ဗိုင်း ဟိုတယ်မှ မော်တော်ဘတ်စ်နှင့် လိုက်လာကြ၍ မစ်ရှင်လမ်း၌ ဆင်းကြလေ၏။ ဂျပန်လူမျိုး ကာလာဝါး၏ အိမ်မှာ မစ်ရှင်လမ်း၌ တည်ရှိ၍ အတော်ပင် ကြီးမားသော အိမ်ကြီးဖြစ်လေရာ လူမရှိသဖြင့် မှောင်နှင့်မဲမဲ ရှိနေလေ၏။

ကျွန်တော်တို့သည် အိမ်နောက်တံခါးသို့ သွား၍ တံခါးများဖွင့်ခြင်း အတတ်၌ လူဆိုးတစ်ယောက်ကဲ့သို့ ကျင်လည်သော ဦးစံရှားသည် ဆောက်တစ်လက်နှင့် တံခါးလက်ရက်ကို ဖွင့်လေ၏။

၎င်းနောက် ကျွန်တော်တို့သည် အိမ်တွင်းသို့ ဝင်ကြ၍ စာအုပ်ဗီရိုများ၊ စားပွဲအံဆွဲများကို မွှေနှောက်ရှာဖွေကြရာ စာအုပ်များမှတစ်ပါး အမှုနှင့် ပတ်သက်သော စာရွက်စာတမ်းဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရချေ။ ဦးစံရှားသည် လက်မလျှော့သေးဘဲ ဆက်လက်၍ ရှာဖွေသောအခါ အင်္ဂလိပ်သတင်းစာမှ ကပ်ကြေးနှင့်ညှပ်ယူထားသော ကြော်ငြာ စာရွက် ကလေးများကို စာတစ်အုပ်၏ အကြားမှ တွေ့ရှိရလေ၏။

၎င်းတို့မှာ လေးရွက်မျှ ဖြစ်၍ အောက်ပါအတိုင်း ပါရှိလေ၏။

*(၁) သဘောတူပါပြီ၊ အကြောင်းစုံ စာရေးလိုက်ပါ။ ကာလာဝါး။*

*(၂) နားမလည်ပါ၊ စုံလင်အောင် စာရေးထည့်ပါ၊ ရလျှင် ရခြင်း ငွေပေးပါမည်။ ကာလာဝါး။*

*(၃) အရေးကြီးသည်၊ အမြန်မရလျှင် ငွေမပေးနိုင်၊ စာရေးပါ၊ သတင်းစာမှ ကြော်ငြာထည့်၍ ပြန်ကြားပါမည်။ ကာလာဝါး။*

*(၄) တနင်္လာနေ့ည ဖွနာရီလာပါ၊ နှစ်ချက်ခေါက်ပါ၊ အခြားသူမရှိ။ စိတ်ချပါ၊ ယူခဲ့လျှင်ငွေချေပါမည်။ ကာလာဝါး။*

ဦးစံရှားသည် ၎င်းကြော်ငြာဖြတ်ပိုင်းကလေးများကို ဖတ်ရှုပြီးနောက် အတန်ကြာ စဉ်းစားစိတ်ကူးနေရာမှ

**ရှား**။ ။'ဟန်ပြီဗျို့၊ သတင်းစာတိုက်ကို သွားဖို့ အလုပ်ပဲ ရှိတော့တယ်'

နောက်တစ်နေ့ ညနေ၌ ဦးစံရှားသည် ညနေခင်းထုတ်ဝေသည့် ရန်ကုန်တိုင်း သတင်းစာတစ်စောင်ကို ကျွန်တော့်အား ပေးအပ်၍ အောက်ပါ ကြော်ငြာကို ပြလေ၏။

*ယနေ့ည ခါတိုင်းအချိန်လာပါ၊ နှစ်ချက်ခေါက်ပါ၊ အလွန်အရေးကြီးသည်။*

*ကာလာဝါး။*

ဎင်းကြော်ငြာကို တွေ့မြင်ရသောအခါ ကျွန်တော်သည် ဦးစံရှား၏ လက်ရာဖြစ်ကြောင်းကို တစ်ခါတည်း တွေးမိ၏။

**ကျွန်တော်**။ ။'လာပါ့မလားဗျာ'

**ရှား**။ ။'လာကောင်း လာပါလိမ့်မယ်ဗျာ၊ ဒီတစ်ခါတော့ ကိုအုန်းဖေကိုပါ ခေါ်မှ တော်မယ်၊ ဒီတစ်ခါတော့ ငနဲ မလွတ်စေရဘူးဗျို့'

ထိုညဉ့် ၈ နာရီခွဲသည်နှင့် တစ်ပြိုင်နက် ကျွန်တော် ၊ ဦးစံရှားနှင့် ကိုအုန်းဖေတို့သည် မစ်ရှင်လမ်းရှိ ကာလာဝါး၏ နေအိမ်အတွင်းသို့ ဝင်ပြီးလျှင် မှောင်ရိပ်ကြီးထဲ ထိုင်လျက် စောင့်နေကြလေ၏။ ကျွန်တော်သည် ဦးစံရှားနှင့် ထိုကဲ့သို့ စောင့်ဆိုင်းချောင်းမြောင်းရသော အမှုမျိုး များခဲ့ပြီဖြစ်သောကြောင့် တုန်လှုပ်ခြင်း မရှိတော့ချေ။

ကိုးနာရီ ထိုးသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့မှ ခြေသံများ ကြားရပြီးနောက် တစ်ခဏမျှ ကြာသောအခါတွင် တံခါးကို ခေါက်သံနှစ်ချက် ကြားရလေ၏။ ဦးစံရှားသည် ထိုင်ရာမှ ထသွား၍ တံခါးကို ဖွင့်ပေးပြီးလျှင် လူနှစ်ယောက်၏ ခြေသံသည် ကျွန်တော်တို့ထံ လျှောက်လာသည်ကို ကြားရ၏။ သို့ဖြစ်၍ ဦးစံရှားအပြင် အခြားသူတစ်ယောက် ပါလာကြောင်း ကျွန်တော်တို့ သိရ၏။

ထိုအခါ လူတစ်ယောက်၏ အသံက အင်္ဂလိပ်ဘာသာဖြင့်

'ဘယ့်နှယ်ကြောင့် မီးမထွန်းသလဲဗျ၊ မှောင်ရိပ်ကြီးထဲမှာ ဘယ့်နှယ်လုပ်မှာလဲ'

**ရှား**။ ။'ထွန်းပါ့မယ်၊ ထွန်းပါ့မယ်'

ဟု ပြောလျက် ဓာတ်မီးခလုပ်ကို ဖျတ်ခနဲ နှိပ်လိုက်ရာ တစ်ခန်းလုံး ဓာတ်မီးရောင်များ ထိန်လျက် ရှိလေ၏။ မီးလင်းသောအခါ ထိုသူသည် အံ့အားသင့်သောအမူအရာနှင့် ကျွန်တော်တို့အား ကြည့်လျက် ရှိရာ ကျွန်တော်တို့ကလည်း အံ့အားသင့်မိ၏။ အကြောင်းမူကား ထိုသူသည် အခြားမဟုတ်၊ အပါးတော်မြဲ ဦးသိန်းဟန်၏ညီ ဦးသိန်းစံ ဖြစ်နေကြောင်း တွေ့ရပေသောကြောင့်တည်း။

ဦးသိန်းစံသည် ကျွန်တော်တို့ကို မြင်သောအခါ၌ တစ်ခါဖြင့် ခက်ချေပြီဟူသော မျက်နှာထားမျိုးနှင့် ကုလားထိုင်ပေါ်တွင် ထိုင်လေ၏။ ထိုအခါ

**ရှား**။ ။'ကိုင်း ကိုသိန်းစံ၊ ကျွန်တော်တို့က ခင်ဗျား အဖြစ်အပျက်ကို အားလုံးသိပြီး ဖြစ်တယ်၊ ဒီတော့ ဟုတ်တိုင်းမှန်ရာ ကိုသာ ဖွင့်ပြောပေတော့၊ အကောင်းဆုံးမှာတော့ မှန်တဲ့အတိုင်းဖြောင့်ချက်ပေးလျှင်တော့ အပြစ်ဒဏ်ပေါ့ဖို့ကပါ ကူညီဆောင်ရွက်ပေးဖို့ အာမခံပါတယ်၊ တကယ်ဆိုတော့ဗျာ၊ စာချုပ်ကို ယူလျှင် ယူတာပေါ့၊ လူကလေးကိုတော့ သတ်ဖို့ မကောင်းပါဘူးဗျာ'

**စံ**။ ။'ကျွန်တော် မသတ်ပါဘူးဗျာ၊ ဒီတိုင်း မှန်ပါတယ်၊ သတ်တာက ကျွန်တော် မဟုတ်ရပါဘူး'

**ရှား**။ ။'ကိုင်း ဒါဖြင့် သူ့အလောင်းကို လော်ကယ်ရထားခေါင်မိုးပေါ် မတင်မီ အဖြစ်အပျက်ကို ပြောပြစမ်းဗျာ'

**စံ**။ ။'ပြောပါတော့မယ်ဗျာ၊ မှန်တဲ့အတိုင်း ကျုပ် ပြောပြပါတော့မယ်၊ မြင်းပွဲနှိပ်စက်လို့ ကြံမိကြံရာ ကြံစည်မိတာတော့ မှန်ပါတယ်၊ သို့သော် မောင်ကြည်ကိုတော့ ကျွန်တော် မသတ်ရပါဘူးခင်ဗျာ၊ ယုံပါတော့၊ ကျွန်တော် မဟုတ်ပါဘူး'

**ရှား**။ ။'ကာလာဝါးဆီက ခင်ဗျား ငွေဘယ်လောက်ရသလဲ'

**စံ**။ ။'၅၀၀၀ိ ရပါတယ်'

**ရှား။** ။'ဖြစ်ပွားပုံကို ပြောစမ်းဗျာ'

**စံ။** ။'မောင်ကြည်က ကျွန်တော့်ကို မသင်္ကာနေတာ တော်တော်ကြာပြီဗျ၊ ဒါကြောင့် သူက ဟိုညက ကျုပ်နောက်လိုက်ပြီး ချောင်းဟန်တူပါရဲ့၊ ကျုပ်က ဒီအိမ်ထဲ ဝင်လာတော့ သူက နောက် တစ်ခါတည်း ဝင်လိုက်လာပြီး စာချုပ်ကို လုတယ်၊ ဒီတော့ ကာလာဝါးက ဒေါသကြီးနှင့် မင်း ဘာဝင်ရှုပ်သလဲ ဆိုပြီး ဓာဝီဒုတ်နှင့် သူ့ခေါင်းချလိုက်တာ ပွဲချင်းပြီး သေပါရောဗျာ၊ ဒီတော့ ကာလာဝါးက သူ့အိမ်ထဲမှာ ဒီအလောင်းကြီးတွေ့လျှင် နှစ်ယောက်စလုံး အမှုပတ်လိမ့်မယ် ဆိုပြီး အလောင်းကို စွန့်ကြဖို့ စီမံတယ်၊ ဒါနှင့် တော်တော် ညဉ့်နက်လို့ လူပြတ်တဲ့ အချိန်မှာ မောင်ကြည့်အလောင်းကို ကျုပ်တို့နှစ်ယောက်ချီထုတ်ပြီး မစ်ရှင်တံတားဆီရောက်တော့ အင်းစိန်က လော်ကယ်ရထား အဆိုက်မှာ ရထားခေါင်မိုးပေါ် ပစ်ချလိုက်ကြတယ်၊ ကျုပ်တို့ကတော့ သူ့ အလောင်းဟာ မီးရထားပေါ် ပါသွားပြီး မှတ်ကြတာ၊ ဘယ့်နှယ်ကြောင့် ဒီအနားတွင် ကျနေရစ်ခဲ့တယ်လို့ မပြောတတ်ပါဘူးဗျာ၊ ကျုပ်တို့ ခြေရာပေါ်ချင်လို့ ထင်ပါရဲ့'

**ရှား။** ။'စာချုပ်တွေကကောဗျာ'

**စံ။** ။'ဩော် ဟုတ်တယ်၊ စာချုပ်သုံးခု ကျွန်တော် ယူလာခဲ့တဲ့အနက် တစ်ခုသာ အရေးကြီးတယ်လို့ ကာလာဝါးက ယူပြီး နှစ်ခုကိုတော့ မောင်ကြည်အပေါ် အထင်ရောက်လေအောင် သူ့အိတ်ထဲ ထည့်ပြီး ထားလိုက်ကြတယ်'

**ရှား။** ။'သော့ကော ခင်ဗျား ဘယ်က ရသလဲ'

**စံ။** ။'ကိုကို့သော့ကို ဖယောင်းပုံနှိပ်ပြီး ယူထားတယ်၊ ကိုကိုလဲ ဒီအကြောင်း ရိပ်မိလေတော့ စိတ်မကောင်းပြီး သူ့ ရောဂါ သာပြီး တိုးသွားရှာတာ ထင်တာပါပဲ၊ ကျွန်တော် မိုက်တာပါပဲ၊ မြင်းပွဲ နှိပ်စက်လို့ ဒီလိုဖြစ်ရတာပါပဲ'

ဟု ညည်းညူပြောဆိုလေ၏။

**ရှား။** ။'ကိုင်း သို့သော် လွန်ပြီကို လွန်ပြီးစေဗျာ၊ ကာလာဝါးကို ဖမ်းဆီးဖို့အတွက် ခင်ဗျား ကူညီရလိမ့်မယ်၊ သူ ယခု ဘယ်မှာလဲ'

**စံ။** ။'မန္တလေး တက်သွားတယ်'

**ရှား။** ။'သူ့ လိပ်စာကို ခင်ဗျား သိသလား'

**စံ။** ။'သိပါတယ်'

**ရှား။** ။'ကိုင်း ဒါဖြင့် စာတစ်စောင် ရေးစမ်းဗျာ'

၎င်းနောက် ဦးသိန်းစံသည် ဦးစံရှား စေခိုင်းသည့်အတိုင်း စာတစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားလေရာ မြန်မာအဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

**မိတ်ဆွေကာလာဝါး**

**စာချုပ်မှာ မစုံလင်သေး၊ အရေးကြီးသော စာရွက်တစ်ခုလိုနေပါသေးသည်၊ သို့ရာတွင် ငွေ ၅၀၀ ထပ်မံ၍ ပေးမှ ကျွန်တော် ပေးနိုင်ပါမည်၊ သို့ဖြစ်၍ ဤစာရလျှင် ရချင်း ငွေ ၅၀၀ နှင့် ကမ်းနားလမ်း ဟိုတယ်သို့ လာခဲ့ပါ၊ စနေနေ့နံနက် မြင်းပွဲမီအောင် လာခဲ့ပါ။**

**သိန်းစံ**

ဦးစံရှားနှင့် ဦးအုန်းဖေတို့သည် ဦးသိန်းစံကို ဖမ်းဆီးသော်လည်း အထက်အရာရှိကြီးများအား အကျိုးအကြောင်းပြောပြ၍ ထိုသတင်းကို အုပ်ထားခဲ့ရာ ကာလာဝါးသည် ဦးသိန်းစံ ချိန်းဆိုသည့်အတိုင်း စနေနေ့၌ ကမ်းနားလမ်းဟိုတယ်သို့ ဆိုက်ရောက် လာသည်နှင့် အဆင်သင့် စောင့်ဆိုင်းလျက်ရှိသော ပုလိပ်များ၏ လက်သို့ တည့်မတ်စွာ ဝင်၍ တိုးလေ၏။ သို့ရာတွင် ထိုသူသည် ဖမ်းဆီးခြင်း မခံလိုသည်ဖြစ်၍ ပုလိပ်များက လက်နှင့် မထိမကိုင်နိုင်မီ အင်္ကျီအိတ်၌ ပါသော အဆိပ်ပုလင်းကို သောက်လိုက်ရာ တစ်ခဏချင်းတွင် စင်းစင်းကြီး သေလေတော့သတည်း။

**ပြီးပါပြီ။**

× × × × × ×

## ၂၄။ ရေနံချောင်းတွင်းစားရိုးတစ်ယောက်၏ အမှု

တစ်နေ့သော နံနက်ခင်းအချိန်၌ ကျွန်တော်မောင်သိန်းမောင်နှင့် မိတ်ဆွေကြီး စံထောက်မောင်စံရှားသည် ယခုကာလ မိန်းကလေးတို့မှာ ပရိယေသန ဝမ်းစာ ရှာမှီးရခြင်း ကျပ်တည်းသည့်အတွက်ကြောင့် ပျက်စီးသူမှာလည်း ပျက်စီး၊ တရုတ် ကုလား စသော လူမျိုးကွဲတို့နှင့် ပေါင်းသင်း၍ ဘာသာအယူဝါဒ ပျက်ပြားသူကလည်း ပျက်ပြား၊ တောင်မကျ မြောက်မကျ 'ကပြားကကတစ်' ကလေးများ ပေါက်ဘွားရခြင်း အကြောင်းများကို ညည်းတွား ပြောဆိုလျက်ရှိကြစဉ်

**ရှား။** ။'စင်စစ်တွေးကြတော့ မိန်းကလေးများကိုချည်းလည်း အပြစ်တင်ဖွယ် မရှိပေဘူး ကိုသိန်းမောင်၊ ကျုပ်တို့ မြန်မာလူမျိုး ယောကျ်ားကလေးတွေ၏ အပြစ်ကလည်း ထက်ဝက်လောက် ပါပေတယ်ဗျာ့'

**ကျွန်တော်။** ။'ဘာလဲ ခင်ဗျားက မိန်းကလေးတွေ ဘက်က ရှေ့နေလိုက်ချင်လို့လား'

**ရှား။** ။'ဒါကြောင့် မဟုတ်ပါဘူးဗျာ၊ ကျုပ်က လူတစ်ဦးတစ်ယောက်ကို အပြစ်ဆိုတဲ့ အခါကျရင် အရင်းအမြစ်ကျအောင် စစ်စစ်ပေါက်ပေါက် တွေးဆတတ်တဲ့ ဝါသနာရှိတယ်ဗျ၊ ခင်ဗျားစဉ်းစားကြည့်လေ၊ တရုတ်ကုလား အစရှိတဲ့ နိုင်ငံခြားသား များကို ယူတဲ့ မိန်းကလေး တစ်ရာအနက်က အပျိုစင်စစ် ဘယ်နှစ်ယောက်ပါသလဲ၊ ပထမဦးစွာ ကျုပ်တို့ အမျိုးသားချင်း ဖျက်တဲ့ မြန်မာလူမျိုး ယောကျ်ားကလေးများက ချစ်ပါတယ်၊ ကြိုက်ပါတယ်၊ အတည်တကျ ပေါင်းသင်းပါ့မယ် အစရှိသဖြင့် ယုံကြည်လောက်အောင် ဖြားယောင်းသွေးဆောင်ပြီး ပြောပါရောဗျာ၊ မိန်းကလေးများက ယုံကြည်ပြီး ချစ်မိ၊ ကြိုက်မိ၊ မှောက်မှားမိရောဗျ၊ တော်တော်ကြာတော့ ဘသားများက သစ္စာဖောက်ပြားပြီး ဘာဖြစ်သလေး၊ ညာဖြစ်သလေးနှင့် ယူတော် မမူကြဘူးဗျ၊ ဒီလိုနှင့် တစ်ယောက်နှစ်ယောက်မှောက်မိလို့နာမည်တော်တော်ပျက်တဲ့အခါကျတော့ ဝမ်းစာအတွက် ကျပ်တည်း တာက တစ်မျိုး ၊ လူကောင်းသူကောင်းကို မရနိုင်တာက တစ်မျိုး ဖြစ်တဲ့အတွက် အချို့လဲ ပြုမိပြုရာ ပြုပြီး ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်ရပါရောဗျား၊ အချို့လဲ တရုတ်၊ကုလား အစရှိတဲ့ နိုင်ငံခြားသားများကို ယူမိယူရာ ယူရရှာပါရောဗျာ၊ ဒီလို မဟုတ်ဘူးလားဗျာ'

**ကျွန်တော်။** ။'ခင်ဗျား ပြောတာလဲ ဟုတ်ပါရဲ့ဗျာ၊ သို့သော် သစ္စာမရှိတဲ့ယောကျ်ားကလေး တစ်ယောက်က ရှေးဦးစွာ ဖျက်ဆီးစဉ် အခါက မိန်းကလေးက ဘာကြောင့် ယုံကြည်ပြီး မှောက်မှားရသလဲ'

**ရှား။** ။'သစ္စာမရှိဘူး ရှိတယ်ဆိုတာ ပြီးတော့မှ သိနိုင်တာမျိုးကိုဗျ၊ ယုံကြည်လောက်ပြောပြန်တော့လဲ ဟုတ်နိုးနိုး မှတ်ရှာကြတာပဲ၊ ပြီးတော့လဲ ဒီအမှုမျိုး ဆိုတာက ကာမဂုဏ်သားတွေ ဖြစ်လေတော့ အာသဝေါကလည်း မကင်းနိုင် ကြသေးတာနှင့် အကြိုက်ကို လိုက်ပြီး ပြောပြန်ပြီ ဆိုမှဖြင့် ယုံမှားတတ်တာမျိုးကလားဗျ၊ ဒီပြင်တစ်ချက်ကလဲ ကျုပ်တို့ မြန်မာလူမျိုး ယောကျ်ားကလေးများမှာ ဗုဒ္ဓဘာသာဝင်ဖြစ်သော်လဲ လင်သားမရှိတဲ့ မိန်းမပျိုကလေး ဆိုလို့ရှိရင် ဖျက်ဆီး ကောင်းတယ်လို့ပဲ မှတ်ထင်ကြတယ်၊ လင်သားရှိတာလောက်ကိုပဲ နည်းနည်း ရှောင်ကြတယ်၊ သနသာရုပ်ပနှင့် လင်သား မရှိတဲ့ မိန်းမပျို တစ်ယောက်ကို မြင်တဲ့အခါမှာ ဆူဆူဖြိုးဖြိုးရှိတဲ့ သားကောင်းတစ်ကောင်ကို တောသားမုဆိုးတို့ မြင်လိုက် သော အခါ ပစ်ချင်ခတ်ချင် ရှိသလိုပဲ၊ သူတို့စိတ်ထဲမှာ'

**ကျွန်တော်။** ။'ပစ်ချင်ခတ်ချင် ရှိတာပဲလားဗျာ'

**ရှား။** ။'ဆိုပါတော့ဗျာ၊ အဲဒီတော့ မိန်းကလေးများကို ရှုတ်ချကဲ့ရဲ့တဲ့ လူများဟာ ယောကျ်ားကလေးများမှာလဲ ခုနင်က ကျုပ်ပြောတဲ့ အကျင့်ဆိုးများ ပျောက်ကင်းအောင်ဟာ ကြပ်ကြပ်ကြီး ကဲ့ရဲ့ဖို့ ကောင်းတယ်ဗျာ'

**ကျွန်တော်။** ။'ခင်ဗျား ပြောတာလဲ မှန်ပေတယ်'

ထိုခဏ၌ လှေကားမှ တက်လာသော ခြေသံကို ကြားပြီးလျှင် အခန်းတံခါးကို ခေါက်သံကြားရသဖြင့် မောင်စံရှားက 'ဝင်ခဲ့လေ' ဟု ပြောလိုက်ရာ၊ အသက်သုံးဆယ် အရွယ်ခန့်ရှိ၍ အလုံးအရပ် ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် အတော်အတန်ခန့်ငြားသော လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုသူမှာ ဘန်ကောက်ပုဆိုးရှည်၊ တာဖယ်တာ အင်္ကျီရင်ဖုံး၊ ခေါင်းပေါင်းအုပ်ပေါင်းနှင့် ပြောင်လက်သော 'ပေတင်' ရှူးဖိနပ်များကို ဝတ်ဆင်ထားသည့်ပြင် ရတီနှစ်ဆယ်ကျော်ခန့်ရှိသော စိန်လက်စွပ်ကြီးကို ဘယ်တစ်ကွင်း၊ ညာတစ်ကွင်း ဝတ်လျက် လက်သန်းခန့်မျှ တုတ်ခိုင်သော ရွှေနာရီကြိုးကြီးတွင် စိန်စီသော ဒေါ်လာပြားကြီး တပ်ဆင်၍ ဆွဲထားသည် ဖြစ်သောကြောင့် ရန်ကုန်သားလည်း မဟုတ်၊ မန္တလေးသားလည်း မဟုတ်၊ ပိုက်ဆံ 'ဝါလား' မြေလတ်သားတစ်ယောက် ဖြစ်ကြောင်းကို ကျွန်တော်တို့ အကဲ ခတ်မိကြလေ၏။

ထိုသူသည် မောင်စံရှား ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်ပြီးနောက် ကျွန်တော်တို့ နှစ်ယောက်အား တစ်ယောက်စီ ကြည့်ပြီးမှ မောင်စံရှားအား စိုက်ကြည့်၍ 'ကိုစံရှားဆိုတာ မှတ်တယ်' ဟု မေးလေ၏။ ထိုအခါ မောင်စံရှားက ဟုတ်ကြောင်းကို ပြောသောအခါ ထိုသူသည် မည်သို့မျှ မပြောသေးဘဲ ခပ်ဆိုင်းဆိုင်း အမူအရာနှင့် ရှိနေစဉ်

**ရှား**။ ။'ပြောစရာ ရှိတဲ့စကားကို ပြောသာပြောပါဗျာ၊ ဒီဟာက ကျွန်တော့် မိတ်ဆွေ ကိုသိန်းမောင်ပါ၊ ကျွန်တော့်ကို ယုံကြည်ဘိ သကဲ့သို့ သူ့ကိုလဲ ယုံကြည်စိတ်ချနိုင်ပါတယ်'

**ထိုသူ**။ ။'ကျွန်တော့် ကိစ္စကနည်းနည်း ရှက်စရာကောင်းလို့ လူမသိစေချင်တဲ့ ကိစ္စမို့လို့ပါခင်ဗျာ၊ သို့သော်လဲ ဒီပြင်လူ မသိစေပါဘူးလို့ စိတ်ချရရင်လဲ ပြီးတာပါပဲ'

**ကျွန်တော်**။ ။'စိတ်ချပါခင်ဗျာ'

**ထိုသူ**။ ။'ကျွန်တော်က ရေနံချောင်းက တွင်းစားရိုး၊ အမည်မှာတော့ မောင်ဘကြိုင် ပါတဲ့၊ ခပ်ငယ်ငယ်က မိဘများနှင့် နေစဉ်အခါမှာ ကျွန်တော်တို့အိမ်မှာ အခိုင်းအစေ ဖြစ်တဲ့ အထက်သား ဦးပေါ်သိုင်း ရဲ့ သမီး မငွေယုံနှင့် ချစ်ကြိုက်မိကြတာကိုး ခင်ဗျ၊ ဦးပေါ် သိုင်းက ကျွန်တော်တို့ ငယ်ငယ်ကလေးကပဲ တူကလေးတစ်ယောက် မောင်သာခ၊ သမီးကလေး မငွေယုံနှင့် ကျွန်တော်တို့ အိမ်ရောက်လာတော့ ကျွန်တော်နှင့် မငွေယုံမှာ မောင်လိုနှမလို ချစ်ခင်ကြရာမှ အိုးချင်းထား အိုးချင်းထိ ဆိုတဲ့စကားလို သမီးရည်းစား ဘဝသို့တိုင် ရောက်ခဲ့ကြတာကိုး ခင်ဗျ၊ ကျွန်တော့်စိတ်ကတော့ အိမ်မှာ ခိုင်းစေတဲ့ အစေခံရဲ့ သမီးပင်ဖြစ်စေကာမူ ယူမယ်လို့ ကြံတာပါပဲ၊ သို့သော် ကျွန်တော်၏ မိဘများက ကျွန်တော်တို့ တွင်းစားရိုး အချင်းချင်း စေ့စပ်ထားတယ်ဆိုပြီး သဘောမတူဘဲ ရှိခဲ့တာကိုးခင်ဗျ၊ ပြီးတော့ မရှိသေ့စကား ပြောရစေတော့၊ မငွေယုံ မှာလဲ ပေါ့ပေါ့ပါးပါး မဟုတ်တဲ့ အခြေရောက်နေလေတော့ သူ့အဖေ ဦးပေါ်သိုင်း က ဆူမယ်၊ ပူမယ်၊ အရှက်ခွဲမယ်နှင့် ကြုံးဝါးတဲ့ အတွက် သူ စိတ်ကျေနပ်အောင်ဟာ ရေနံတွင်းရာ သုံးလေးကွက် ပေးပြီး ကျွန်တော့်ကိုလဲ ဘကြီးများ ရှိတဲ့ မန္တလေးမြို့ ပို့ထားလိုက်တာကိုး ခင်ဗျား၊ ဒီတော့ ဦးပေါ်သိုင်း သားအဖ၊ တူအရီးတို့ တစ်စုတို့လဲ စိတ်ကျေနပ်ပြီး ကျွန်တော်တို့ အိမ်က ခွာပြီးတဲ့နောက် ကျွန်တော်တို့ ပေးတဲ့ ရေနံတွင်းရာများက ပထမတန်း ရေနံတွင်းကြီးတွေ ပေါက်ပြီး တော်တော်ပဲ ခိုင်လုံကြွယ်ဝတဲ့ အဖြစ်ကို ရောက်သွား ကြတယ်'

**ရှား**။ ။'ကလေးကော အဖတ်မတင်ဘူးလား'

**ကြိုင်**။ ။'ကံအားလျော်စွာ ကလေးဟာလဲ အဖတ်မတင်ရာဘူး ခင်ဗျာ၊ ဒါနှင့် တစ်နှစ်ကျော် နှစ်နှစ်ရှိလို့ ကျွန်တော် စိတ်ပြေပျောက်လောက်ပြီရယ်လို့ ကျွန်တော့် မိဘများက မန္တလေးမှ ပြန်ခေါ်တဲ့အခါ မငွေယုံမှာ အမေရိကန်ပြည်သား အင်ဂျင်နီယာ တစ်ယောက်နှင့် အကြောင်းပါနှင့်ပြီး နေတာကိုး ခင်ဗျာ'

ထိုခဏ၌ မောင်စံရှားသည် ဘယ့်နယ်ရှိစ ဟူသော မျက်နှာထားမျိုးနှင့် ကျွန်တော့်အား ကြည့်သဖြင့် ကျွန်တော်က ပြုံးရယ် မိသည်တွင် မောင်ဘကြိုင်သည် မလုံသော မျက်နှာထားနှင့် ဆက်လက်၍

**ကြိုင်**။ ။'ဒီလိုပါ ခင်ဗျာ၊ ကျွန်တော့် သဘောအတိုင်းမှာတော့ မိဘများ သဘောမတူလို့ မယူရစေကာမူ မိဘများလက်က လွတ်တဲ့အခါမှာ တင့်တင့်တယ်တယ် တောင်းရမ်း ပြောဆိုပြီး ယူမယ်လို့ အားခဲပြီး ဘယ်အခါမှ အချစ်လဲ မပြယ်၊ သနား ကရုဏာလဲ များစွာ ဖြစ်ပေါ်ခဲ့ပါတယ် ခင်ဗျာ၊ အဲဒါကြောင့် မိဘများက သူတို့ စေ့စပ်ထားတာနှင့် ပေးစားမည်ဆိုတာတောင်၊ ကျွန်တော် မကြိုက်တာနှင့်လဲ မပေးစားစတမ်း၊ မိဘများ သဘောမတူတာကိုလဲ မယူစတမ်းဆိုပြီး အပြန်အလှန် ခံဝန်ချက် ပေးထားကြပါတယ် ခင်ဗျာ၊ ကျွန်တော်က ဒီလို စိတ်ထားပေမယ့် မငွေယုံက ကျွန်တော့်သဘောကို မသိလို့ လူမျိုးကွဲ သွားပြီး ယူမိတာကိုး ခင်ဗျာ့'

**ရှား။** ။'သူ့အဖေကြီးကကော လူမျိုးကွဲနှင့် သဘောတူတာပေါ့လေ'

**ကြိုင်။** ။'အောင်မယ်၊ အာဂလူကြီးခင်ဗျား၊ သူများအိမ်မှာ အစေခံလုပ်ဖူးခဲ့ပေမယ့် အသိအလိမ္မာနည်းတဲ့ လူကြီး မဟုတ်ဘူး ခင်ဗျာ့၊ မိစ္ဆာဒိဋ္ဌိ မျက်နှာဖြူကုလားနှင့် မပေးစားပါဘူး ဆိုပြီး အတင်းခံနေလို့ တိတ်တိတ်ကလေး ထွက်ပြေးကြတယ်ဆိုပါကလား ခင်ဗျား၊ အဲဒါနှင့် လူကြီးက သူ့သမီးအပေါ်မှာ အနာကြီးနာပြီး သေခန်းပြတ်ပြီးတဲ့နောက် သူ့တူ မောင်သာခ ကို လူကြီးစုံရာနှင့် ခေါ်ပြီး ဆိုးမွေခံ ကောင်းမွေခံ ကိတ္တိမသားအဖြစ်နှင့် မွေးစားပါရော့ ခင်ဗျာ၊ နောက် များမကြာမီအတွင်းမှာပင် ဦးပေါ်သိုင်း မှာ ၉၆ ပါးသော ဝေဒနာ ဖိစီးနှိပ်စက်ပြီး သေခါနီးဆဲဆဲမှာ လူကြီးစုံရာရှေ့၌ ရှိသမျှ ရေနံတွင်း များကို မောင်သာခ တစ်ယောက်ထဲ အကုန်လွှဲပြီးပေးတာကိုး ခင်ဗျာ့'

**ရှား။** ။'ဆိုပါဦးဗျာ'

**ကြိုင်။** ။'ဒါနှင့် မောင်သာခက ကျန်ရစ်သမျှ အမွေအနှစ်ကို ဆက်ခံပြီး စားသောက်နေထိုင်ခဲ့တော့ လွန်ခဲ့တဲ့နှစ်က မင်္ဂယုံယောက်ျား အမေရိကန်သား အင်ဂျင်နီယာမှာ ဘီ-အို-စီ ကုမ္ပဏီက အလုပ်ပြုတ်ပြီး ရန်ကုန် ဆင်းသွားကြပါရော့ ခင်ဗျ'

**ရှား။** ။'မင်္ဂယုံလဲ ပါသွားတာပေါ့'

**ကြိုင်။** ။'ပါသွားတယ်ခင်ဗျ၊ ကျွန်တော့်မှာလဲ ကိုယ်နှင့် အကြောင်းမဆုံစည်းလို့ သူတစ်ပါးနှင့် ညားခဲ့စေကာမူ ချစ်ဦးခင်ဦး ဖြစ်သည့်အတိုင်း ကရုဏာ စိတ်မကုန်နိုင်ဘဲ မေးမြန်းစုံစမ်းမိတာပေါ့ ခင်ဗျား၊ သူတို့ လင်မယားဟာ ရန်ကုန်မြို့မှာ အလုပ်မရှိ၊ အကိုင်မရှိနှင့် တော်တော်ဆင်းရဲနေတယ်လို့ ကြားတယ်၊ လွန်ခဲ့တဲ့ လထဲကတော့ မောင်သာခက ကျွန်တော့်အိမ် လာပြီး သူ့နှမဆီက မကျန်းမမာ ဖြစ်နေတဲ့အတွက် အမြန်လိုက်ခဲ့ဖို့ စာတစ်စောင်ရလေတော့၊ သဘော်ာ ဆင်းခါနီးမှာ ကျွန်တော့်ကို နှုတ်ဆက်လာတယ် ခင်ဗျ၊ ဒီတော့ ကျွန်တော်ကလဲ ရန်ကုန် ရောက်ရောက်ခြင်း မင်္ဂယုံသက်သာသည်၊ မသက်သာသည် ဆိုတဲ့အကြောင်း အမြန်စာထည့်လိုက်ဖို့ မှာထားလိုက်တာကိုး ခင်ဗျ'

**ရှား။** ။'နို့ ထည့်လိုက်ကဲ့လား'

**ကြိုင်။** ။'တစ်စောင်မှ မထည့်ဘူးခင်ဗျ၊ သူ သွားတာ တစ်လလောက် ရှိပြီ၊ လူလဲ မပေါ်လာ၊ စာလဲ တစ်စောင်မှ မထည့်ဘူးခင်ဗျာ၊ တစ်ခါတည်း စုံးစုံးမြုပ်ပါရော'

**ရှား။** ။'ခင်ဗျားက စာရေးပြီး မမေးဘူးလား'

**ကြိုင်။** ။'စာရေး မေးရအောင် သူတို့ နေတဲ့ အရပ်လဲ ကျွန်တော် မသိဘူး ခင်ဗျ'

**ရှား။** ။'မင်္ဂယုံ ယောက်ျားနေတဲ့ နေရာကော မသိဘူးလားဗျ'

**ကြိုင်။** ။'မသိဘူး ခင်ဗျ၊ ဒါကြောင့် တွေ့အောင် ရှာပေးစေချင်လို့ ခင်ဗျားဆီ ကျွန်တော်လာခဲ့တာပဲ'

**ရှား။** ။'နာမည် ဘယ့်နှယ်ခေါ် သလဲ'

**ကြိုင်။** ။'မစ္စတာ ကဲလီ တဲ့ခင်ဗျာ'

**ရှား။** ။'ခင်ဗျား စိတ်ထဲမှာ ဘယ်လို ထင်လို့လဲ၊ ရိုးရိုးသားသား ဟုတ်တယ် မထင်လို့လား'

**ကြိုင်။** ။'ဒီစက်ဆရာက ရေနံချောင်းမှာ နေကတည်းက လူလိမ်လူကောက် တစ်ယောက်ရယ်လို့ သူတို့ အချင်းချင်းထဲမှာ တော်တော်နာမည်ကြီးတဲ့ လူပဲ၊ ယခုတော့ အလုပ်အကိုင်ကလဲ မရှိဘူးလို့ သိရပြန်တော့ ကျွန်တော်ဖြင့် မောင်သာခ အတွက် အသက်ဘေးအန္တရာယ်ကိုတောင် အင်မတန် စိုးရိမ်မိပါတယ် ခင်ဗျာ'

**ရှား။** ။'မောင်သာခ မှာ သားမယား မရှိဘူးပေါ့'

**ကြိုင်။** ။'မရှိဘူး ခင်ဗျ၊ လူပျိုကြီးပဲ'

**ရှား။** ။'ဒါဖြင့် အကယ်လို့ မောင်သာခ သေဆုံးခဲ့လို့ရှိရင် သူ့အမွေအနှစ်ကို မင်္ဂယုံ ရမယ်ပေါ့လေ'

**ကြိုင်**။ ။'ရင်းရင်းချာချာဆို သူတစ်ယောက်ပဲ ရှိတယ် ခင်ဗျ၊ သူပဲ ရဖို့ ရှိတာပဲ'

**ရှား**။ ။'မစ္စတာ ကဲလီ ရဲ့ လူပုံပန်း တဆိတ်လောက် ပြောစမ်းပါဗျာ'

**ကြိုင်**။ ။'အမြင့် ခြောက်ပေကျော်ကျော်၊ ကိုင်ဇာဘုရင် နှုတ်ခမ်းမွေးမျိုးနှင့် အဖျားထောင်ထောင်၊ မျက်ခုံးတုတ်တုတ်နှင့် တော်တော်ခန့်တဲ့ ဘိုတစ်ယောက်ပဲ ခင်ဗျာ၊ အသက်တော့ ၃၀ နှင့် ၄၀ အတွင်းပါပဲ'

**ရှား**။ ။'မြန်မာစကား ကောင်းကောင်း တတ်သလား'

**ကြိုင်**။ ။'ကောင်းကောင်းကြီးတော့ မတတ်ဘူးခင်ဗျ၊ နည်းနည်းပါးပါးပဲ ပြောတတ်တယ်'

**ရှား**။ ။'ကိုင်း တော်လောက်ပါပြီဗျ၊ တတ်နိုင်သမျှ ကျုပ်က ကြိုးစားပြီး ရှာပါဦးမယ်၊ မကြာမကြာဝင်ပြီးမေးတာပေါ့၊ တည်းတော့ ဘယ်မှာ တည်းသလဲ'

**ကြိုင်**။ ။'ရှိုင်ရယ်ဟိုတယ်မှာ တည်းပါတယ်'

**ရှား**။ ။'ကောင်းပါပြီ၊ ကိစ္စထူးရင်လဲ အကြောင်းကြားပါမယ်၊ ခင်ဗျားကလဲ မကြာမကြာ ဝင်ပြီး မေးလာတာပေါ့'

ထိုနေ့မှစ၍ ကျွန်တော်၏ မိတ်ဆွေ စုံထောက်မောင်စံရှားသည် ရန်ကုန်မြို့ အတွင်း တွေ့လောက်မည် ထင်သောနေရာများ၌ ထောက်လှမ်းမေးမြန်း စုံစမ်းခြင်း ပြုပါသော်လည်း မတွေ့နိုင်ဘဲ ရှိနေခဲ့ရာ တစ်နေ့သ၌ အောက်ပါကြော်ငြာ တစ်ခုကို ရန်ကုန်မြို့ရှိ အင်္ဂလိပ်သတင်းစာတိုက် အားလုံးတို့သို့ ထည့်သွင်းကြော်ငြာရန် ပေးပို့လေ၏။

**တရားဥပဒေနှင့်လျော်ညီအောင် ဘာသာအမျိုးမျိုးဖြင့် စာချုပ်စာတမ်းများ ရေးသားတတ်သူ တစ်ယောက်က အလုပ်အကိုင် အလိုရှိသည်။ ၎င်းရမ်းလိုသူတို့မှာ အောက်ပါလိပ်စာအတိုင်း မေးမြန်းစုံစမ်းနိုင်သည်။**

ကြော်ငြာအောက်၌ကား မောင်စံရှားသည် မိမိအမည်ကို လွှဲပြောင်းထည့်သွင်း၍ နေရပ်မှာမူ ဟုတ်မှန်သည့်အတိုင်း ဖော်ပြလိုက်လေ၏။

ထိုကြော်ငြာများ ထွက်ပေါ်လာပြီးသည့်နောက် ၃ ရက်ခန့် ကြာရှိသောအခါ မောင်စံရှားသည် အောက်ပါစာတစ်စောင်ကို ရရှိလေ၏။

**အလုပ်အကိုင် အလိုရှိခဲ့လျှင် ၃၂ လမ်း တိုက်နံပါတ် ၅၇ သို့ ၁၀ နာရီနှင့် ၁၁ နာရီအတွင်းလာစေလိုသည်။ အလုပ်တိုက်မှာ သုံးထပ်၌ ဖြစ်လေသည်။**

**"ကလေတင်"**

ထိုစာကို ရရှိပြီးသည့်နောက်

**ရှား**။ ။'ချော်မလား တည့်မလားတော့ မဆိုနိုင်ဘူးဗျို့၊ ကိုသိန်းမောင် ၊ ပြန်စာတော့ဖြင့် ရပြီ၊ ကိုင်း သို့သော် မတည့်ရင်လဲ လျှော်ရတာမျိုးမှ မဟုတ်ဘဲလေ၊ သွားပြီးကြည့်လိုက်စမ်းဦးမယ်၊ ဘယ်နှစ်နာရီ ရှိပြီလဲဗျို့ ကိုသိန်းမောင်'

**ကျွန်တော်**။ ။'၈ နာရီ ခွဲသွားပြီ ခင်ဗျ'

**ရှား**။ ။'ဒါဖြင့် ထမင်းပြင်ပါစေ ခင်ဗျာ၊ ထမင်းစားပြီး သွားမှပဲ တော်မယ်'

နံနက်စာ ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် အခန်းတွင်းသို့ ဝင်သွား၍ တစ်ခဏမျှကြာလျှင် လည်ပင်းကော်လာ ဖွာလျက်နေသော ရှပ်အင်္ကျီ၊ မွဲယောင်ယောင် ရှိသော သက္ကလပ် အင်္ကျီအနွမ်း၊ ရေစီးကြောင်းများ ပေါ်လျက်ရှိသော ပုဝါ၊ တစ်ပတ်ရစ် ဆေးဆိုးလုံချည်၊ နောက်ပိတ်ဖိနပ် အစုတ်များကို အလုပ်ပြုတ်နေသော စာရေးစာချီတစ်ယောက်သဖွယ် ဝတ်ဆင်၍ထွက်လာရာ ကျွန်တော်မှာ ၎င်းအားကြည့်၍ ရယ်မောမိလေ၏။

**ရှား။** ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ တော်တော်နေရာကျသလား'

**ကျွန်တော်။** ။'ခုနေများ ခင်ဗျားကို လူများ မြင်ရရင် နိုင်ငံကျော် စုံထောက်ကြီး ဦးစံရှားရယ်လို့ ဘယ်သူကမှ ထင်မှာ မဟုတ်ဘူး၊ အလုပ်ပြုတ်ပြီး သုံးလေးဆယ်စားအလုပ်ကို ရှာနေတဲ့ စာရေးတစ်ယောက်ပဲလို့ ထင်ပြီးသားပဲ'

ဟု ပြောသည်တွင် မောင်စံရှားသည် ကျွန်တော့်အား ရယ်မောကာ နှုတ်ဆက်၍ ထွက်သွားလေ၏။

မောင်စံရှားသည် ထိုနေ့တစ်နေ့လုံး မပေါ်လာ၊ နောက်တစ်နေ့ အချိန်ကုန်၍လည်း မပြန်လာဘဲ ရှိနေလေရကား ကျွန်တော်သည် ၎င်းအတွက် စိုးရိမ်မကင်းဖြစ်သည်နှင့် ၎င်းနှင့် မကြာမကြာ တွဲဖက်စုံထောက်ခဲ့ဖူးသော အင်စပိတ်တော် မောင်အုန်းဖေအား အကျိုးအကြောင်းပြောပြရာ မောင်အုန်းဖေမှာလည်း ထိုရက်အတွင်း လူလည်း မပေါ်လာ၊ တယ်လီဖုန်းဆက်၍လည်း ကျန်းကျန်းမာမာ ရှိကြောင်း မပြောကြားခဲ့သဖြင့် ကျွန်တော်ကဲ့သို့ပင် စိုးရိမ်မကင်းဖြစ်ခဲ့လေ၏။ သို့ဖြစ်သောကြောင့် မောင်အုန်းဖေ၏ အကြံပေးချက်အရ ကျွန်တော်တို့သည် ၃၂ လမ်း တိုက်နံပါတ် ၅၇ သို့ သွားရောက်ကြလေ၏။ တတိယအထပ်သို့ တက်မိကြသောအခါ တစ်ဖက်သော အခန်းမှာ လူရှိ၍ တစ်ဖက်သောအခန်းမှာမူ လူနေဟန်လက္ခဏာမရှိဘဲ သော့ပိတ်လျက်ရှိသည်ကို တွေ့ရှိရလေ၏။ ထိုအခါ ကျွန်တော်တို့သည် လူရှိသော အခန်းကို ခေါက်၍ဝင်ရာ ဘာဘူလူမျိုးတစ်ယောက် ထွက်လာ၍ ကိစ္စကို မေးမြန်းလေ၏။ မောင်အုန်းဖေလည်း ကိစ္စကို ပြောနိုင်သမျှ စုံစမ်းရင်း ပြောကြားပြီးနောက် ကောင်းမွန်စွာ လုပ်ကိုင်စားသောက်သူတစ်ယောက်ဖြစ်ကြောင်း သိရှိရသည်နှင့် အခြားအခန်း၌ နေထိုင်သူများရှိပါသလောဟု မေးမြန်းရာတွင် လွန်ခဲ့သည့်သုံးလေးရက်အခါက ဘိုနှစ်ယောက်တို့သည် အိမ်ရှင်ထံမှ သော့များရလာသည့် လက္ခဏာနှင့် အခန်းသို့လာရောက် ဖွင့်လှစ်ကြည့်ရှုကြောင်း၊ ယင်းသို့ရှိစဉ် အရပ်ခပ်မြင့်မြင့် မြန်မာလူမျိုးတစ်ယောက် ရောက်လာ၍ တစ်ခဏမျှ စကားပြောပြီးလျှင် သုံးယောက်သား အတူတကွ ဆင်းသွားကြသည်ကို မိမိက အိမ်ရှေ့ဝရန်တာမှ တွေ့မြင်လိုက်ရကြောင်းများနှင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်က မြန်မာလူမျိုး၏ လူပုံပန်းကို မေးမြန်းသောအခါ ကျွန်တော်၏ မိတ်ဆွေ မောင်စံရှားနှင့် တဆိုက်တည်းဖြစ်၍ နေကြောင်းကို သိရှိရလေ၏။ သို့ရာတွင် ထိုသူတို့သည် မည်သည့်အရပ်သို့ ထွက်သွားကြသည်ကိုမူ မေးမြန်း၍ မရချေ။

ထိုအခါ ကျွန်တော်တို့သည် ၎င်းတိုက်ရှင်၏ အမည်နေရပ်တို့ကို ဘာဘူကုလားထံ မေးမြန်းပြီးနောက် သွားရောက်၍ စုံစမ်းကြရာ အိမ်ရှင်ကုလားကြီးက မိမိသည် ထိုသုံးလေးရက်အတွင်းတွင် ၃၂ လမ်းရှိ မိမိ၏ တိုက်ခန်းသော့ကို မည်သူအားမျှ မပေးအပ်ရကြောင်း၊ အကယ်၍ တိုက်ငှားရန် လူတစ်ဦးတစ်ယောက် လာရောက်ခဲ့လျှင် မိမိ၏ ထုံးစံမှာ မိမိ၏စာရေးကို သော့နှင့်တကွ ထည့်လိုက်မြဲသာလျှင် ဖြစ်ကြောင်းနှင့် ပြောဆိုရာတွင် တစ်စုံတစ်ယောက်သောသူသည် တစ်ခုသော အကြံအစည်နှင့် အခန်းတံခါးသော့ကို ဖယောင်း ပုံနှိပ်ပြီးနောက် သော့တူနှင့် သွားရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရလေ၏။ ထိုအခါ ကျွန်တော်နှင့် အင်စပိတ်တော် မောင်အုန်းဖေတို့သည် စုံထောက်မောင်စံရှား ပျောက်ဆုံး၍ နေသည့်အတွက် စိုးရိမ်မကင်းဖြစ်သည်နှင့် အနှံ့အပြား လိုက်လံထောက်လှမ်းကြရာ တစ်နေ့နှင့် တစ်ည ရှာဖွေ၍ မတွေ့ရှိသောအခါကား ကျွန်တော်တို့မှာ များစွာ ပူပန်သောက ဖြစ်ကြရလေ၏။ တတိယနေ့ နံနက် အရုဏ်တက်ချိန်တွင်မှ မောင်စံရှားသည် ဦးခေါင်းတွင် ဒဏ်ရာအကြီးအကျယ်နှင့် တိုက်ခန်းသို့ ပြန်လာ၍ ကျွန်တော်အား အောက်ပါ အဖြစ်အပျက်များကို ပြောပြသဖြင့် သိရှိရလေ၏။

× × × × × ×

မောင်စံရှားသည် ထိုနေ့နံနက် ၁၀ နာရီအချိန်တွင် ၃၂ လမ်း တိုက်နံပါတ် ၅၇ သို့သွားရောက်၍ သုံးထပ်သို့ တက်မိသည်နှင့် တစ်ပြိုင်နက် ဘိုတစ်ယောက်သည် အခန်းတစ်ခုမှ ထွက်လာ၍ မိမိအား အခန်းတွင်းသို့ ခေါ်ငင်သွားကြောင်း၊ အတွင်းသို့ ရောက်သောအခါ အခန်းမှာ မြူမှုန်များ ဖုံးအုပ်လျက် အိမ်ထောင်ပစ္စည်း ဟူ၍လည်း တစ်စုံတစ်ရာမျှ မတွေ့ရှိရကြောင်း၊ အတွင်းခန်း၌ကား စားပွဲဟောင်းတစ်ခုနှင့် ကုလားထိုင်ကျိုးနှစ်ခု ရှိရာ၊ တစ်ခုသော ကုလားထိုင်၌ကား ဘိုတစ်ယောက် ထိုင်နေသည်ကို တွေ့သဖြင့် မိမိရှာနေသော မစ္စတာကဲလီပင် ဖြစ်သည်ကို သိရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ မောင်စံရှားအား နေရာထိုင်ခင်းပေးပြီးနောက် ၎င်းဘိုကြီးက မိမိမှာ အိမ်များကို အပေါင်အနှံခံခြင်း၊ ငွေတိုးချေးငှားခြင်း အစရှိသောအလုပ်မျိုးတို့ကိုပြုလုပ်ရသဖြင့် စာချုပ်စာတမ်းများကို မြန်မာလိုဖြစ်စေ၊ အင်္ဂလိပ်လိုဖြစ်စေ၊ ရေးသားတတ်သည့် လူတစ်ယောက် လိုနေကြောင်းများနှင့် ပြောဆိုသောအခါ မောင်စံရှားက ၎င်းစာချုပ်မျိုးကို ရေးသားတတ်ပါကြောင်းနှင့် ပြောဆိုကြောင်း၊ ထို့ပြင် ဤတိုက်ခန်းမှာ မိမိ၏ တိုက်ခန်းမဟုတ်သဖြင့် မိမိ၏ အလုပ်တိုက်သို့ ခေါ်ငင်သွားမည်ဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင် အမည်နေရပ်ကို မေးမြန်းရာ မောင်စံရှားက ကြော်ငြာတွင် ပါရှိသော အမည်နှင့်နေရပ်တို့ကို ထုတ်ဖော်ပြောဆိုကြောင်း၊ ၎င်းနောက် သုံးဦးသားတို့သည် ကားတစ်စီးပေါ် သို့ တက်ကြပြီးလျှင် မောင်းနှင်စေကြောင်း၊ ၎င်းကားမှာ 'ဆီဒင်' ကား ဖြစ်သည့်ပြင် အိမ်တွင်းပုန်းကုလားမများ အသုံးပြုသည့်ကားကဲ့သို့ ပြတင်းပေါက်များ၌ ကန့်လန့်ကာများ ချထားသည် ဖြစ်သောကြောင့် အတွင်းမှ ထိုင်၍ လိုက်ရသော မောင်စံရှားသည် အပြင်သို့ မမြင်နိုင်သည်ဖြစ်၍ မည်သည့်အရပ်သို့ ကားကို မောင်းနှင်၍ သွားသည်ကိုပင် မသိရှိလိုက်ရကြောင်း။

မောင်စံရှားမှာ ၎င်းဘိုများသည်ကား လူဆိုးများ ဖြစ်ကြောင်းကို သိရှိ၍ မိမိအား ယင်းကဲ့သို့ ခေါ်ဆောင်သွားခြင်းမှာလည်း ကောင်းသော အကြံအစည်နှင့် ခေါ်ဆောင်ခြင်း မဟုတ်ကြောင်းကို ရိပ်မိသော်လည်း ၎င်းဘိုများသည် မောင်သာစုအား မည်သည့်အရပ်၌ ဝှက်ထားသည်ကို သိလိုသည်ဖြစ်၍ သတိဝိရိယကို မပေါ့မလျော့စေဘဲ နားမျက်စိများကို ဖွင့်လျက် လိုက်သွားရခြင်း ဖြစ်ကြောင်း။

နာရီဝက်ခန့်မျှ မောင်းနှင်မိကြသောအခါ မော်တော်ကားသည် ရုတ်တရက် ရပ်တန့်ပြီးလျှင် ဘိုနှစ်ယောက်တို့သည် မောင်စံရှားအား ကားပေါ်မှ ဆင်းစေကြောင်း၊ မောင်စံရှားသည် ကားပေါ်မှ ဆင်းသောအခါ အိမ်ကြီးတစ်ဆောင်၏ ဆင်ဝင်အောက်၌ ရောက်နေကြောင်း သိရှိရသဖြင့် အရပ်လေးမျက်နှာသို့ အမှတ်မဲ့ မျှော်ကြည့်လိုက်ရာ ထိုအိမ်ကြီးမှာ ပြည်လမ်းကြီးပေါ်၌ ဆောက်လုပ်ထားသော အိမ်ကြီးဖြစ်ကြောင်းကို သိရှိရကြောင်း။ အိမ်တွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် မဆလာနှင့် မွှေးကြိုင်စွာ ချက်ပြုတ်ထားသည့် အမဲဟင်းလျာတို့၏ အနံ့အသက်များကို ရရှိကြောင်း။

၎င်းနောက် ဘိုနှစ်ယောက်တို့သည် မောင်စံရှားအား တစ်ခုသော စားပွဲခန်းသို့ ခေါ်ငင်သွားပြီးလျှင် ဘိစတိတ်တစ်ပွဲနှင့် လက်ဖက်ရည် ပေါင်မုန့် အစရှိသည်တို့ကို ကျွေးမွေးပြီးနောက် အိမ်အပေါ် ထပ်ရှိ အခန်းတစ်ခန်းသို့ ခေါ်သွားကြောင်း၊ အခန်းတွင်း၌ကား စားပွဲတစ်ခု ၊ ကုလားထိုင် သုံးလေးလုံး၊ စာအုပ်အနည်းငယ်တို့ အပြင် စားပွဲပေါ်၌ စာရေးရန် မင်အိုး၊ ကလောင်တံများ ရှိလေရာ ဘိုနှစ်ယောက်တို့သည် ကုလားထိုင်တွင် ထိုင်ကြပြီးနောက် မောင်စံရှားအားလည်း တစ်ခုသော ကုလားထိုင်၌ ထိုင်စေကြောင်း။

၎င်းနောက် နှုတ်ခမ်းမွေးကောင်းကောင်းနှင့် အကြီးအမှူးလုပ်သောဘိုက မောင်စံရှားသည် အင်္ဂလိပ်စာ မည်မျှလောက်တတ်ကျွမ်းကြောင်းကို စမ်းသပ်လိုသည်ဟု ပြောပြီးလျှင် အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ထုတ်ပေး၍ မြန်မာဘာသာဖြင့် ပြန်ဆိုရန် အမိန့်ပေးပြီးလျှင် ဘိုနှစ်ယောက်လုံးတို့သည် အခန်းပြင်သို့ ထွက်သွားကြ၍ တံခါးကို အပြင်မှ ပိတ်ထားလိုက်ကြောင်း၊ မောင်စံရှားသည် စားပွဲတွင် ထိုင်ပြီးနောက် အခန်း၏ အခြေအနေကို ကြည့်ရှုရာ အခန်းမှာ တစ်လက်မခန့် ထုရှိသော သံတိုင်များ စိုက်ထူ၍ ထားသည့်အပြင် အခန်းတံခါးမှာလည်း အပြင်မှ သော့ခတ်၍ထားပြီးဖြစ်သောကြောင့် မိမိအား အချုပ်ချ၍ထားကြောင်းကို သိရှိရကြောင်း၊ ဘာသာပြန်အလုပ်မှာ ဥပါယ်တမည်မျှ ခိုင်းစေခဲ့သော အလုပ်ဖြစ်ကြောင်းကို မောင်စံရှား ရိပ်မိသော်လည်း မိမိရိပ်မိသည့်အဖြစ်ကို ထိုသူများ မသိစေခြင်းငှာ ဘာသာပြန်လုပ်ငန်းကို သည်းသည်းမည်းမည်း ပြန်ဆိုရေးသားလျက်ရှိကြောင်း။

လုပ်ငန်းကို နေဝင်သည့်တိုင်အောင် ဆောင်ရွက်သဖြင့် ဖူးစကတ်စက္ကူနှင့် ၁၀ မျက်နှာခန့် ပြီးစီးလတ်သော် မောင်စံရှားသည် ထိုင်ရာမှ ထ၍ ပြတင်းပေါက်နှင့် တံခါးတို့ကို စမ်းသပ်ဖွင့်လှစ်ပါသော်လည်း ခိုင်မြဲစွာ ပိတ်ထားသည်ကို တွေ့ရှိရကြောင်း။ ထိုခဏ၌ ခြေသံကြားသဖြင့် မိမိနေရာသို့ အခြေမပျက်ပြန်၍ ထိုင်နေစဉ် ယခင်က ဘိုတစ်ယောက်သည် စားစရာ

သောက်စရာများကို လင်ပန်းနှင့်ထည့်လျက် အခန်းတွင်းသို့ ယူလာခဲ့၍ စားသောက်ရန်ပြောပြီးလျှင် ဖယောင်းတိုင် တစ်တိုင်ကို ထွန်းညှိပေးခဲ့ပြီးနောက် အပြင်သို့တစ်ဖန်ထွက်သွား၍ ရှေးနည်းအတူ တံခါးကို ပိတ်ထားခဲ့ကြောင်း။ မောင်စံရှားမှာ ဆာလောင်မွတ်သိပ်သည်ဖြစ်၍ လင်ပန်းတွင်ပါရှိသော ကတ်တလိပ်များ၊ ပေါင်မုန့်တစ်လုံးနှင့် ကော်ဖီများကို ဝမ်းပြည့်အောင် စားသောက်ပြီးနောက် ဆေးတံကိုသောက်ရင်း ထိုဘိုများသည် မငွေယုံနှင့် မောင်သာစု မောင်နှမနှစ်ယောက်တို့အား မည်သည့်အရပ်၌ သိုဝှက်၍ ထားသည်မျးကို တွေးတော စိတ်ကူးလျက် ရှိခဲ့ကြောင်း။

တစ်နာရီခန့်မျှ ကြာသောအခါ မငွေယုံ၏ယောက်ျား မစ္စတာကဲလီသည် အခန်းတွင်းသို့ ဝင်လာ၍ မောင်စံရှားအား ယခုကဲ့သို့ ကျပ်တည်းစွာ ချုပ်နှောင်၍ ထားရသည်ကို ဝမ်းနည်းကြောင်း၊ သို့ရာတွင် မိမိ၏ကိစ္စမှာ အလွန်တရာ အရေးကြီးသော ကိစ္စဖြစ်၍ မလွဲသာသောကြောင့် ပြုလုပ်ရကြောင်း၊ ယင်းကဲ့သို့ ချုပ်နှောင်ခြင်းခံရသဖြင့် ဆင်းရဲဒုက္ခရောက်သည့် အတွက်ကိုလည်း အလုပ်ဝတ္တရား ပြီးစီးသော အခါ၌ အခကြေးငွေ ပိုမိုပေးကမ်းမည်ဖြစ်ကြောင်းနှင့် ပြောဆိုကြောင်း။

၎င်းနောက် အိပ်ချိန်တန်သောအခါ ၎င်းအခန်းနှင့် ကပ်လျက်ရှိသော အခန်းတံခါးကို ဖွင့်ပေး၍ မောင်စံရှားအား ထိုအခန်းသို့ ဝင်စေရာ၊ ၎င်းအခန်းမှာ အိပ်ခန်းတစ်ခု ဖြစ်၍ ကုတင်မွေ့ရာ ခြင်ထောင် အစရှိသည်တို့နှင့် အပြည့်အစုံ ရှိသည်ကို တွေ့ရကြောင်း။

၎င်းနောက် မစ္စတာကဲလီသည် မောင်စံရှားအား နှုတ်ဆက်ပြီးလျှင် အခန်းပြင်သို့ ထွက်သွား၍ အခန်းတံခါးကို အပြင်မှ သော့ခတ်ထားခဲ့ကြောင်း၊ မောင်စံရှားသည် အိပ်ရာသို့ မဝင်မီ အခန်း၏အခြေအနေကို ကြည့်ရှုပြန်ရာ ၎င်းအခန်းမှာလည်း အလုပ်လုပ်သောအခန်းကဲ့သို့ပင် ပြတင်းပေါက်များတွင် သံတိုင်များဖြင့် လုံခြုံစွာ ကာရံလျက် ရှိသည်ကို တွေ့ရှိရကြောင်း။

မောင်စံရှားသည် အိပ်ရာသို့ ဝင်ပြီးသော်လည်း အိပ်မပျော်နိုင်သေးဘဲ ၎င်းအမှုနှင့် စပ်လျဉ်း၍ တွေးတော စိတ်ကူးလျက် ရှိနေရာ ၁၂ နာရီ အချိန်ခန့် ကြာသောအခါ ၎င်းအိမ်ကြီးအတွင်း တစ်ခုသောအခန်းမှ လူတစ်ယောက် ညည်းညူသည့် အသံကို ကြားရကြောင်း။ ထိုအခါ မောင်စံရှားသည် အိပ်ရာမှ ငေါက်ခနဲ ထ၍ထိုင်ပြီးလျှင် နားစွင့်လျက်ရှိရာ ညည်းညူသောအသံသည် ခပ်ရှည်ရှည်ဆွဲလျက် ရှိရာမှ တစ်စုံတစ်ယောက်သောသူက ညည်းညူသူ၏ ပါးစပ်ကို ပိတ်လိုက်ဘိသကဲ့သို့ ရုတ်တရက် အသံ ရပ်စဲ၍ သွားကြောင်း။

ထိုအခါ မောင်စံရှားမှာ ညည်းညူသောသူသည်ကား မောင်သာစုပင်ဖြစ်မည့်အကြောင်းကို ယုံမှားသံသယမရှိသော်လည်း မိမိကိုယ်တိုင်မှာ ထိုအချိန်အခါ၌ ချုပ်နှောင်ခြင်းခံရလျက်ရှိသည်ဖြစ်သောကြောင့် မည်သို့မျှမတတ်နိုင်သေးဘဲ နောင်အချက်ကောင်း ပေါ်ပေါက်မည်ကိုသာလျှင် စောင့်ဆိုင်းမျှော်လင့်လျက် နေခဲ့ရကြောင်း။

ထို့နောက် ဆက်လက်၍နားထောင်ပါသော်လည်း မည်သည့်အသံကိုမျှ မကြားရဘဲ တစ်အိမ်လုံး တိတ်ဆိတ်စွာ ရှိနေသောကြောင့် မောင်စံရှားသည် နိုးနိုးကြားကြားရှိအောင် သတိပြုပြီးလျှင် အိပ်ရာသို့ ဝင်ကြောင်း။

နံနက်လင်းသောအခါ၌ မစ္စတာကဲလီကိုယ်တိုင် အိပ်ခန်းသို့ ဝင်လာ၍ မောင်စံရှားအား အလုပ်ခန်းသို့ ခေါ် သွားပြီးလျှင် ကော်ဖီနှင့်မုန့် များကို ပြင်ဆင်ကျွေးမွေးကြောင်း။ ၎င်းနောက် ယမန်နေ့က ဘာသာပြန်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ပြောဆိုပြီးလျှင် မစ္စတာကဲလီသည် အပြင်သို့ ထွက်သွားပြန်ကြောင်း။

၁၁ နာရီအချိန်ခန့်တွင် နံနက်စာကျွေးမွေးပြီးနောက် မောင်စံရှားသည် ၎င်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက် ရှိရာ ၃ နာရီထိုးသည်နှင့် တစ်ပြိုင်နက် မစ္စတာကဲလီသည် စာရွက်တစ်ရွက်ကိုကိုင်၍ အခန်းတွင်းသို့ ဝင်လာပြီးလျှင် မောင်စံရှားအား စာရွက်ကိုပေး၍ ၎င်းအတိုင်း တိတိကျကျ မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားရန် ပြောဆိုပြီးလျှင် မောင်စံရှားရေးရန်အတွက် တံဆိပ်တော် 'ခေါင်း' စက္ကူစာရွက်ကိုလည်းပေးအပ်ကြောင်း။ မောင်စံရှားသည် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာရွက် ကို ဖတ်ရှုရာ ၎င်းမှာ ရေနံချောင်းမြို့၌ ရှိသော မောင်သာစုပိုင် ရေနံတွင်း ၃ တွင်းနှင့် နေအိမ်များကို အဘိုးငွေ သုံးသောင်းနှင့် ရောင်းချကြောင်း၊ ၎င်းပစ္စည်းများအတွက် အဘိုးငွေ သုံးသောင်းကိုလည်း တစ်ပါတည်း ရရှိပြီးဖြစ်ကြောင်း။

မောင်စံရှားသည် ၎င်းစာချုပ်ကို တွေ့မြင်ရသောအခါ ယခင်အခါက မစ္စတာကဲလီ၏ အကြံအစည်ကို သို့လော သို့လောဟု စိတ်ထဲ၌ ဒွိဟဖြစ်ခဲ့ပါမူ ထိုအခါ၌ကား မောင်သာစုသည် မစ္စတာကဲလီလက်တွင်းသို့ ကျရောက်လျက် ရှိနေပြီဖြစ်ကြောင်းကို

အနည်းငယ်မျှ ယုံမှားသံသယ ဖြစ်ဖွယ်ရာ မရှိချေ။ ထိုစာချုပ်ကို မြင်သဖြင့် မောင်စံရှား၌ ဝမ်းမြောက်ဖွယ်အကြောင်းတစ်ခု ဖြစ်ပေါ် သည်မှာ မောင်သာစုသည် ထိုအချိန်အခါ၌ အသက်ရှင်လျက်ပင် ရှိနေသေးကြောင်း ထင်ရှားပေသောကြောင့်တည်း။

မောင်စံရှားသည် ခိုင်းစေသည့်အတိုင်း ယခင်က စာချုပ်ကို တံဆိပ်တော် 'ခေါင်း' စက္ကူပေါ်တွင် မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားလျက်ရှိစဉ် မစ္စတာကဲလီသည် အနီးမှာထိုင်၍ စီးကရက်များ သောက်ရှူလျက်ရှိရာ ပြီးစီးသည်နှင့်တစ်ပြိုင်နက် မစ္စတာကဲလီသည် ထိုင်ရာမှထ၍ မောင်စံရှားအား မိမိနှင့်အတူ လိုက်ခဲ့ရန်ခေါ် သွားကြောင်း။

မောင်စံရှားသည် ၎င်း၏ နောက်မှ လိုက်သွား၍ အိမ်အောက်ထပ်ရှိ တစ်ခုသောအခန်းတွင်းသို့ ရောက်သောအခါ မစ္စတာကဲလီနှင့် ကြံဖော်စည်ဘက်ဖြစ်သောဘိုသည် တစ်ခုသောစားပွဲတွင်ထိုင်လျက် ၎င်း၏အနီး၌ကား မြန်မာမိန်းမ တစ်ယောက် နှင့် ယောကျ်ားတစ်ယောက်သည် ကုလားထိုင်တစ်ခုစီ၌ ထိုင်လျက် ရှိကြသည်ကို တွေ့ရှိရကြောင်း။

ယောကျ်ားဖြစ်သူမှာ အလွန်တရာ ကြုံလှီဖျော့တော့၍ အားအင်ကုန်ခမ်းနေသည့် လက္ခဏာရှိလေရာ မိန်းမဖြစ်သူမှာမူ မစ္စတာကဲလီအားလည်းကောင်း၊ ကြံဖော်ဖြစ်သော ဘိုကြီးအားလည်းကောင်း အလွန်တရာ ကြောက်ရွံ့ထိတ်လန့်သည့် လက္ခဏာရှိကြောင်း၊ ထိုသူနှစ်ယောက်တို့မှာ အခြားမဟုတ်၊ မောင်သာစုနှင့် မငွေယုံ တို့ပင် ဖြစ်သည်ကို မောင်စံရှား တွေးတောမိကြောင်း၊ မောင်စံရှားနှင့် မစ္စတာကဲလီတို့ အခန်းတွင်းသို့ ဝင်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် မောင်သာစုသည် သနားစဖွယ်အားငယ်သော မျက်နှာထားနှင့် ငံ့လျက်ရှိရာမှ လှန်၍ကြည့်လိုက်ရာ မငွေယုံမှာလည်း မစ္စတာကဲလီကို မြင်လျှင် အရိုက်အနှက်ခံရဖူးသော ခွေးသည် ကြာပွတ်ကိုင်၍ လာသော မိမိ၏သခင်ကို မြင်သည့်အခါ ကြောက်ရွံ့လှဘိသကဲ့သို့ ကြောက်ရွံ့ဟန် လက္ခဏာ ရှိကြောင်း။

အခန်းတွင်းသို့ ဝင်မိလျှင် မစ္စတာကဲလီက ချိုသာသော မျက်နှာနှင့် မောင်သာစုအား မြန်မာဘာသာဖြင့် 'ဘယ့်နှယ်လဲ မောင်သာစု ၊ နေကောင်းပါစ' ဟု မေးသောအခါ မောင်သာစုသည် စကားပြောရန်မှ အင်အားမရှိသည့်လက္ခဏာနှင့် မည်သို့မျှ မပြောဘဲ မျက်လုံးကလေးကို လှန်၍ ကြည့်ကြောင်း။ ထိုအခြင်းအရာကို မောင်စံရှားတွေ့မြင်ရသောအခါ မောင်သာစုမှာ ညှင်းပန်းနှိပ်စက်ခြင်း ခံနေရသည်ကို သနားကရုဏာ အားကြီးလှသည်ဖြစ်သောကြောင့် တစ်ယောက်နှင့် နှစ်ယောက်မျှ ဖြစ်သည်ဟု အမှန်သိခဲ့ရပါလျက် ထွားကျိုင်းသော ဘိုများပင်ဖြစ်သော်လည်း မိမိက ဦးအောင် ခုခံနှိပ်စက်လိုသော စိတ်ဆန္ဒဖြစ်ပေါ်ခဲ့ကြောင်း။

သို့ရာတွင် ၎င်းအိမ်အတွင်း၌ ထိုသူနှစ်ယောက်အပြင် အခြားသော ကြံဖော်စည်ဖက်များ ရှိသေးလေသလောဟု အသေအချာ မပြောနိုင်သည် ဖြစ်သောကြောင့် အကယ်၍ မိမိက အရေးနိမ့်ခဲ့ပါမူ မိမိ၏ ကြံရွယ်ချက် အထမမြောက်ဘဲ ဆိုးဝါးသော အခြေအနေသို့ ကျရောက်မည်ကို စိုးရိမ်သောကြောင့်သာလျှင် မိမိ၏ စိတ်ကို အနိုင်နိုင်ချုပ်တည်း၍ ထားခဲ့ရကြောင်း။ ၎င်းနောက် မစ္စတာကဲလီသည် ၎င်းတံခါးကို ဖွင့်လိုက်ရာ မဆလာ အစရှိသည့် မွှေးကြိုင်သောအနံ့တို့ဖြင့် ထည့်ခတ်ချက်ပြုတ်ထားသော အမဲဟင်းလျာတို့၏ ရနံ့သည် ၎င်းအခန်းအတွင်းသို့ တိုးဝင်လာရာ မောင်သာစုမှာ ၎င်းအနံ့တို့ကို ခံစားရလေသဖြင့် သွားရည်များကျလျက် ညည်းညူမိလေကြောင်း။

ထိုအခြင်းအရာကို မောင်စံရှားတွေ့မြင်ရသောအခါ ထိုသူတို့သည် မောင်သာစုအား အစာအငတ်ထားပြီးလျှင် မိမိတို့၏ အလိုသို့ပါအောင် စားချင်ဖွယ်ကောင်းသော အနံ့တို့ဖြင့် ဆွဲငင်ခြင်းဖြစ်ကြောင်းကို ရိပ်မိခဲ့ကြောင်း။

မောင်သာစုမှာမူ စားပွဲပေါ်၌ လက်တင်၍ လက်ပေါ်၌ ဦးခေါင်းချကာ မလှုပ်မရှား ရှိလေရာ မစ္စတာကဲလီက မောင်စံရှားအား အင်္ဂလိပ်ဘာသာဖြင့် 'အင်မတန် ညစ်ပတ်တဲ့ သူငယ်တစ်ယောက်ပဲ ခင်ဗျာ၊ ကျုပ်တို့ဆီက ငွေသုံးသောင်းကိုတော့ ယူပြီး ဒီစာချုပ်ကိုတော့ လက်မှတ်မထိုးချင်ဘူး၊ တယ်ဆိုးတဲ့ လူတစ်ယောက်ပဲ၊ သို့သော် ယခု မထိုးရင် နက်ဖန်တော့ ထိုးပါလိမ့်မယ်၊ ခင်ဗျားကိုလဲ သက်သေအဖြစ်နှင့် အောက်က လက်မှတ်ထိုးစေဖို့ ကျုပ်တို့ ကြံရွယ်ခြင်းဖြစ်တယ်၊ တစ်ရက်လောက် စောင့်ပါဦး ခင်ဗျ' ဟု ပြောပြီးလျှင် မောင်စံရှားကို ရှေးနည်းအတူ အပေါ် ထပ်ရှိ အခန်းတွင်းသို့ ခေါ် သွား၍ လုံခြုံစွာတံခါးပိတ်ထားခဲ့ကြောင်း။ ထိုအချိန် ထိုအခါ တိုင်အောင် မောင်စံရှားသည် ထိုအိမ်မှ ထွက်ပြေးရန် အကြံအစည် မပြုဖြစ်ခဲ့ရာ ယခုမှာမူ မိမိသိလိုသမျှကို သိရှိရပြီဖြစ်၍ မိမိကိုယ်တိုင် ရှေးဦးစွာ ထွက်ပြေးတိမ်းရှောင်ရန် အရေးကြီးခဲ့ပြီဖြစ်ရကား မောင်စံရှားသည် ထွက်ပြေးရန် နည်းလမ်းကို အကြံထုတ်ခဲ့ကြောင်း။ သို့ဖြစ်သောကြောင့် မောင်စံရှားသည် ထိုညဉ့်၌ သော့ပိတ်၍ထားသော တံခါးများကို ဖွင့်သောအရာဌာန၌ သူခိုးများကဲ့သို့ ကျင်လည်သူ တစ်ယောက် ဖြစ်သောကြောင့် ၁၀ နာရီကျော်လွန်၍ လူခြေတိတ်သည်နှင့် တစ်ပြိုင်နက် မိမိ၏ အခန်းတံခါးကို ဖွင့်ပြီးလျှင်

ခြေသံမကြားအောင် အိမ်နောက်သို့ လာခဲ့ရာ တံခါးကို တွေ့သဖြင့် စမ်းသပ်စုံစမ်းကာ ရှိနေသည်နှင့် တစ်ပြိုင်နက် ၊ မောင်စံရှားသည် ဦးခေါင်း၌ လေးလံသော အရာဝတ္ထုတစ်ခုနှင့် ပြင်းထန်စွာ ရိုက်နှက်လိုက်သည်ကို သိရှိရပြီးနောက် မျက်လုံးထဲ၌ မီးပွဲများ ကြည့်ရဘိသကဲ့သို့ ဝင်းဝင်းပြောင်ပြောင် တောက်လောင်သည်များကို တွေ့မြင်ရပြီးလျှင် မူးဝေမေ့မြော၍ သွားကြောင်း။

သတိရလာသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ...

သတိရလာသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ မှောင်နှင့်မည်းမည်း ရှိနေသည်ကိုသာလျှင် တွေ့မြင်ရပြီးနောက် တစ်ခုသောအခန်းမှ တယ်လီဖုန်းနှိုးစက် ဘဲလ်ပေးသံကြားရသဖြင့် မောင်စံရှားသည် အကြံရပြီးလျှင် အသံကြားရာသို့ လက်ဖြင့်စမ်းသပ်သွားရောက်ကြောင်း၊ တယ်လီဖုန်းကို တွေ့သောအခါ နားကြပ်ကို ကောက်ယူနားထောင်၍ တယ်လီဖုံးရုံးသို့ ဒီအိမ်မှာ လူတွေ ဒုက္ခဖြစ်နေတယ်၊ ဒီနံပါတ်နှင့် အနီးဆုံး ပုလိပ်ဌာနနှင့် မြန်မြန်ဆက်ပေးစမ်းပါဟု ပြောလိုက်သောအခါ တယ်လီဖုန်းရုံးမှ မိန်းကလေးသည် ရိပ်မိသည့် လက္ခဏာနှင့် ကောင်းပြီဟု ပြောပြီးလျှင် ဌာနနှင့် ဆက်သွယ်လျက် ရှိကြောင်း။

တစ်ခဏမျှ ကြာသောအခါ

'ဘယ်သူလဲ ဘာကိစ္စလဲ '

ဟု မေးသဖြင့်

'ကျုပ် မောင်စံရှားလေ၊ ဘယ်ဌာနကလဲ'

ဟု ပြန်မေးသောအခါ

'မြေနီကုန်းဌာနကပဲ ၊ ဘာကိစ္စလဲ ဆရာ '

ဟု မေးကြောင်း။

ထိုအခါ မောင်စံရှားက ဤနံပါတ်ကို စုံစမ်း၍ ပုလိပ်လေးငါးယောက် ချက်ချင်း လိုက်ခဲ့ရန် မှာထားပြီးလျှင် မောင်စံရှားသည် ယခင်က လဲနေသော နေရာသို့ သွား၍ အခြေမပျက် လှဲလျက် ရှိကြောင်း။

ထိုသို့ ရှိသည့်အခိုက်တွင် မောင်စံရှားသည် တိုက်ပေါ်မှ ဆင်းလာသည့် ခြေသံများကို ကြားရပြီးနောက် မစ္စတာကဲလီနှင့် အခြားဘိုတစ်ယောက်သည် မီးတစ်တိုင်ကို ကိုင်လျက် ဆင်းလာကြသည်ကို တွေ့မြင်ရလေရာ မောင်စံရှားသည် မျက်စိကို မှိတ်၍ သတိမရယောင်ဆောင်လျက်ရှိကြောင်း။

ထိုသူနှစ်ယောက်တို့သည် အနီးတွင်ရပ်လျက် မောင်စံရှားမှာမူ မိမိတို့၏ အကြံအစည်ကို သိသွားပြီဖြစ်သောကြောင့် ၎င်း၏အသက်ကို မည်သည့်နည်းဖြင့် ဆုံးရှုံးအောင် စီရင်ရမည်ကို တိုင်ပင်လျက် ရှိကြရာ မောင်စံရှားမှာမူ လဲလျက်ရှိရာမှ ထိုစကားများကို ကြားရသဖြင့် ပုလိပ်များ လာရောက်ပါစေ ဟူ၍သာလျှင် ဆုတောင်းလျက် ရှိနေခဲ့ရကြောင်း၊ နောက်ဆုံး၌ ထိုသူနှစ်ယောက်တို့သည် မောင်စံရှား၏ လည်မျိုကို လက်ဖြင့် ညှစ်သတ်ကြပြီးလျှင် အလောင်းကို အိမ်နှင့် ဝေးရာ လမ်းပေါ်သို့ ပစ်ထားရန် သဘောတူညီကြပြီးနောက် ၎င်းအကြံအတိုင်း အသေသတ်ပစ်တော့မည်ဟု မောင်စံရှား၏ အနီးသို့ လာရောက်ကြသည်တွင် အိမ်ရှေ့၌ ကားတစ်စီးဆိုက်ရောက်လာပြီးနောက် တံခါးကို ဆူညံစွာ တီးခေါက် ထိုးနှက်လျက် ရှိသည့် အသံများကို ကြားရကြောင်း။ နောက်တစ်ခဏ၌ တံခါးကို လေးလံသော အရာဝတ္ထုတို့ဖြင့် ရိုက်နှက်ချိုးဖဲ့ပြီးနောက်

ခြေသံ အမြောက်အမြားတို့သည် အိမ်ထဲသို့ ပြေးဝင်လာကြရာ မောင်စံရှားအား သတ်မည်ဆဲဆဲ ရှိနေသော ဘိုနှစ်ယောက်တို့သည် အိမ်နောက်မှ ထွက်ပြေးမည်ပြုသည်တွင် အဆင်သင့် စောင့်စားလျက် ရှိသော ပုလိပ်သား လေးယောက်တို့၏ လက်တွင်းသို့ ကျရောက်ကြလေ၏။

ငင်းနောက် မောင်စံရှားနှင့် ပုလိပ်အရာရှိတို့သည် အိမ်အတွင်း၌ အနှံ့အပြားရှာဖွေကြရာ တစ်ခုသော အခန်းတွင်း၌ မောင်သာခုတို့ မောင်နှမကို တွေ့ရှိရကြောင်း။

ထိုသူအားလုံးတို့အား ဌာနာသို့ ခေါ်ဆောင်သွားပြီးလျှင် ဘိုနှစ်ယောက်တို့ကို အချုပ်ခန်းသို့ သွင်းထားပြီးနောက် ရက်ပေါင်းများစွာ အစာမစားရသဖြင့် ချည့်နဲ့လျက် ရှိသော မောင်သာခုအား စားစရာများ ကျွေးမွေးကြရကြောင်း။ မောင်စံရှားသည် အထက်ပါ အကြောင်းအရာများကို ပြန်ပြောပြီးနောက်

'စုံထောက်ခဲ့ရတာ အမှုပေါင်း များလှပါပြီဗျာ၊ ဒီတစ်မှုကျမှ ထိပ်ကွဲပြီး ပြန်ခဲ့ရတယ် ကိုသိန်းမောင်'

**ကျွန်တော်**။ ။'ထိပ်ကွဲပေတဲ့၊ ကွဲရကျိုး နပ်ပါသေးရဲ့ဗျာ၊ ခင်ဗျားသာ ထိပ်ကွဲခံပြီး မစုံထောက်ရင် ဟိုခမြာမှာ အသက် ဆုံးရှုံးရာတော့မှာပဲ'

နောက်တစ်နေ့ မောင်ဘကြိုင်သည် မေးမြန်းစုံစမ်းမြဲတိုင်း ကျွန်တော်တို့၏တိုက်သို့ ရောက်လေရာ မောင်သာခု မောင်နှမတို့ ရန်သူ့လက်တွင်းမှ လွတ်ကင်းခဲ့ရသည့်အကြောင်းနှင့်တကွ မစ္စတာကဲလီတို့ကိုလည်း လက်ရ ဖမ်းဆီးမိကြောင်း သိရှိရသောအခါ တစ်ရာတန် စက္ကူငွေချပ်ကို အိတ်ထဲမှ ထုတ်ပေး၍ အဆင်းရဲ အပင်ပန်းခံပြီးလျှင် ထောက်လှမ်းစုံစမ်း၍ ပေးသည့်အတွက် ကျေးဇူးများစွာ တင်ပါကြောင်းနှင့် ပြောဆိုလေ၏။ ဘိုလူဆိုးနှစ်ယောက်တို့မှာမူ အင်တာနေရှင်လော ဟု ခေါ်သော ဥပဒေအရ နိုင်ငံခြားသားများဖြစ်သဖြင့် ထိုက်သင့်သည့်အားလျော်စွာ စီရင်ရန် အမေရိကန်ပြည်သို့ ပြန်လည် ပို့သ လိုက်ရလေသတည်း။

## ပြီးပါပြီ။

× × × × × ×

# ၂၅။ နန်းစဉ်ပတ္တမြားအမှု၌ မောင်စံရှားစုံထောက်ပုံ

ကျွန်တော်၏ မိတ်ဆွေ စုံထောက်ကြီးမောင်စံရှားသည် အရေးကြီးသော အမှုတစ်ခု၌ မန္တလေးမြို့သို့ ထွက်သွားသဖြင့် ကျွန်တော်တစ်ယောက်တည်း ရန်ကုန်မြို့၌ နေရစ်ခဲ့ရာ တစ်နေ့သ၌ မောင်စံရှားထံမှ အမြန်လာရောက်ရန် ကြေးနန်း တစ်စောင်ကို ရရှိသည်ဖြစ်၍ ကျွန်တော်လည်း မီရာ စာပို့ရထားနှင့် မန္တလေးမြို့သို့ လိုက်ပါသွားခဲ့လေ၏။

မန္တလေးဘူတာရုံသို့ ဆိုက်ရောက်သောအခါ မောင်စံရှားသည် ကျွန်တော်အား ကြိုဆိုလျက်ရှိရာ ပစ္စည်းများကို မြင်းရထား တစ်စီးပေါ် သို့ တင်ပြီးနောက် မောင်စံရှားသည် မြင်းရထားကို ဂေါဝိန်ဆိပ်ကမ်းသို့ မောင်းနှင်စေလေ၏။ လမ်းခရီးတွင်

**ကျွန်တော်**။ ။'ဂေါဝိန်ဆိပ်ကမ်း ဘယ်သူ့အိမ်မှာတည်းသလဲဗျာ'

**ရှား**။ ။'ဘယ်သူ့အိမ်မှ တည်းဖို့ မဟုတ်ဘူးဗျ၊ စာပို့မီးသင်္ဘောနှင့် ဗန်းမော်ကို ကျုပ်တို့ လိုက်ကြရမယ်'

**ကျွန်တော်**။ ။'နန်းစဉ်ပတ္တမြား အမှုပဲ မဟုတ်လားဗျ'

**ရှား**။ ။'မှန်ပါတယ်၊ သည်အမှုပါပဲ'

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲဗျ၊ မန္တလေးရောက်ရင် အသာယူရုံပဲဆို ၊ ဘာဖြစ်ပြန်လို့လဲ'

**ရှား**။ ။'အသာယူရုံရှယ်လို့ လာခဲ့တာ၊ သည်ရောက်တော့ အမှုက တော်တော်ရှုပ်နေပြီဗျ၊ သို့သော် သင်္ဘောပေါ်ကျမှ သည်ကိစ္စကို အကုန်အစင် ကျုပ်ပြောပြီးပြဦးမယ်ဗျာ'

သင်္ဘောဆိပ်ကမ်းသို့ ရောက်ကြသောအခါ မောင်စံရှားသည် ကျွန်တော်၏ ဝန်စည်ပစ္စည်းများကို ဒုတိယခန်းဖြစ်သည့် သင်္ဘောပဲ့ပိုင်းသို့ မသယ်ယူစေဘဲ သင်္ဘောဦးခန်း ပထမတန်းသို့ ကူလီများအားသယ်ယူတင်ပို့စေရာ ...

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲ ဆရာကြီးရဲ့၊ လွန်လွန်းလှချေကလားဗျာ၊ ပထမခန်း စီးမယ်လို့လား'

**ရှား**။ ။'အသာနေစမ်းပါလေ၊ သူများစရိတ်နှင့် သွားရတဲ့ အခါမှာ ကောင်းကောင်းမွန်မွန် ချောင်ချောင်ချိချိ သွားလာရရင် မကောင်းဘူးလား'

ဟု ရယ်မောကာ ပြောဆိုသော်လည်း မောင်စံရှားသည် ပထမတန်း၌ စီးနင်းခြင်းမှာ ရယ်ရွယ်ချက် တစ်စုံတစ်ခု ရှိသည်ဟူ၍ ကျွန်တော်၏ စိတ်၌ ရိပ်မိလေ၏။

'တာပင်' ခေါ် စာပို့သည် နောက်တစ်နေ့၌ မန္တလေးမြို့ ဆိပ်ကမ်းမှ ထွက်သွားမည်ဖြစ်၍ လိုက်ပါမည့် ခရီးသည်တို့သည် ထိုနေ့ညနေခင်း အချိန်ကပင် သင်္ဘောသို့ ဆင်းသက်၍ သင်္ဘော၌အိပ်ကြသည်ဖြစ်ရာ ကျွန်တော်နှင့် မောင်စံရှားတို့မှာ သင်္ဘောဦးရှိ တစ်ခုသောချောင်၌ ထိုင်ပြီးလျှင် မောင်စံရှားသည် ဆင်းလာသော ခရီးသည်များကို အမှတ်မဲ့ ကြည့်ရှုလျက် ရှိလေ၏။ ညစာ ထမင်းစားချိန်ရောက်သောအခါခရီးသည်ဖြစ်သော ဘိုမနစ်ယောက်နှင့် ဘိုသုံးယောက်တို့သည် ဆင်းလာ ကြရာ မောင်စံရှားသည် ညစာထမင်းကို ၎င်းတို့နှင့် အတူ မစားလိုသည်ဖြစ်၍ အခန်းတွင်းသို့ ပြင်ဆင်ယူခဲ့ရန် ဘတ်တလာ ကို အမိန့်ပေး၍ မှာယူ စားသောက်ကြလေ၏။

ညစာ စားသောက်ပြီးစီး၍ ကျွန်တော်တို့သည် အခန်းပြင်သို့ ထွက်လာကြသောအခါ တရုတ်ကပြားတစ်ယောက်၊ အရာရှိကတော်နှင့်တူသော မြန်မာမိန်းမကြီးတစ်ယောက်၊ ၎င်း၏ သမီးတစ်ယောက်၊ ပေါင်းသုံးယောက်တို့သည် သင်္ဘောသို့ ဆင်းလာကြ၍ ပထမခန်းဖြင့် စီးနင်းလိုက်ပါရန် အခန်းများတောင်းဆိုလျက် ရှိကြလေ၏။ တရုတ်ကပြားမှာ အသက် ၃၀ ကျော် အရွယ်ခန့်ရှိ၍ ဥရောပတိုက်သားကဲ့သို့ ဝတ်ဆင်လျက် စတိုင်ကောင်းကောင်းနှင့် အတော်အတန် ဟန်ကြီးပန်ကြီး ရှိသော သူ တစ်ယောက် ဖြစ်ပေ၏။ ၎င်းမှာ တရုတ်အစေခံ တစ်ယောက်၊ မြန်မာလူမျိုး အစေခံ သူငယ်ကလေးတစ်ယောက် ပါရှိလေ၏။

မင်းကတော်ကြီးနှင့် တူသော မိန်းမကြီးမှာ ခန့်ခန့်ညားညား ဣန္ဒြေသိက္ခာနှင့် ပြည့်စုံလျက် ခပ်ရိုးရိုးပင် ရှိဟန်တူပေ၏။ ၎င်း၏ သမီးမှာကား အသက် ၁၈ နှစ်အရွယ်ခန့် ရှိ၍ အင်္ဂလိပ်ကျောင်းထွက် ဖြစ်ဟန်သဏ္ဍာန်တူလေရာ အရုပ်အရည် ဖြူဖြူစင်စင် သေးသေးသွယ်သွယ် ရှိလျက် ကျွန်တော်တွေ့မြင်ဖူးခဲ့သမျှသော သူငယ်မ အပေါင်းတို့တွင် အချောဆုံးအလှဆုံး ထဲ၌ တစ်ယောက် အပါအဝင်ဖြစ်သည်ဟု ဆိုရချေမည်။ ၎င်း၏ အရုပ်အရည်ချောမောလှပခြင်းထက် ဝတ်စားပုံ၊ ဖီးလိမ်းပုံ ကျနပြေပြစ်ခြင်း၊ ပါးနပ်ဖျတ်လပ်ခြင်း၊ အလွန်တရာ လူရည်လယ်ခြင်း အစရှိသော ဂုဏ်အခြင်းအရာတို့ကပင်လျှင် သာလွန် ထူးကဲချေ၏။ စီးကရက်ကလေးကို နှုတ်ခမ်းဖျားတွင် မခို့တရို့ညှပ်လျက် မျက်ခုံးကလေးကို ချီကာ ကြာမဆန့်တဆန် မျက်နှာပေးဖြင့် ပြုံးပြုံးကလေးလုပ်ကာ စကားပြောသည်ကို မြင်သော ယောကျ်ားတိုင်းတို့မှာ ၎င်းမိန်းကလေးသည်ကား အူတူတူ ထိုင်းတိုင်းတိုင်း မဟုတ်ကြောင်းကို ကောင်းကောင်းကြီး အကဲခတ်နိုင်ရန် ရှိပေ၏။ ၎င်းတို့ သားအမိနှင့် တရုတ်ကပြားမှာ အတော်အတန် အကျွမ်းတဝင်ရှိကြသည့် လက္ခဏာ ရှိရာ အခန်းမှာမူ မျက်နှာချင်းဆိုင် တစ်ခန်းစီ လိုက်ပါလာကြလေ၏။

မောင်စံရှားမှာမူ ၎င်းတို့ သုံးဦးရောက်လာကြသည်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် သားနံ့ရသော အမဲလိုက်ခွေးကဲ့သို့ နားရွက်တစွင့်စွင့် ရှိလေ၏။ သို့ရာတွင် ၎င်း၏ အမူအရာမှာမူ ၎င်းတို့အား အရေးယူသည့် လက္ခဏာ မရှိသည့်ပြင် ထိုသူများ ဝင်လာသည့် တစ်ခဏ၌ တစ်ချက်မျှ စိုက်ငေးကာ ကြည့်လိုက်ပြီးနောက် ၎င်းတို့ရှိရာသို့ ကျောခိုင်းလျက် ဆေးတံကို အငွေ့တချောင်းချောင်းထွက်အောင် သောက်ဖွာပြီးလျှင် ၎င်းမှ ထွက်သော မီးခိုးများသည် လူ့ပြည်၌ ကြည့်ရှုဖွယ်အကောင်းဆုံးဖြစ်သည်ဟု ထင်မှတ်သည့် လက္ခဏာနှင့် လက်ပိုက်စိုက်ငေးကာ ကြည့်နေလေ၏။

၎င်းတို့ ရောက်လာပြီးသည့်နောက် တစ်ခဏမျှကြာသောအခါ မြန်မာအရာရှိပေါက်စကလေးနှင့် တူသော လူတစ်ယောက် သည် သဘော်သို့ဆင်းလာရာ တရုတ်ကပြားနှင့် လည်းကောင်း၊ မင်းကတော်ကြီး သားအမိနှင့်လည်းကောင်း သိကျွမ်းဟောင်း ဖြစ်သည့်လက္ခဏာနှင့် အနည်းငယ်နှုတ်ဆက်ပြီးနောက် ကျွန်တော်တို့ ထံသို့ လျှောက်လာ၍

'အလို ဦးစံရှား ပါကလား ခင်ဗျား၊ ဘယ်ကြွမယ်လို့ပါလိမ့်မယ်၊ ဝမ်းမြောက်တယ် ခင်ဗျား၊ တွေ့ရတာ'

**ရှား**။ ။'ဗန်းမော်ကို ခဏ သွားမယ်လို့ပါပဲ'

**ထိုသူ**။ ။'ဘာကိစ္စပါလဲ ခင်ဗျာ'

**ရှား**။ ။'လည်ရင်းပတ်ရင်းပါပဲ မောင်၊ မောင်ကော ဘယ်သွားမလို့လဲ'

**ထိုသူ**။ ။'ကျွန်တော်လဲ ဗန်းမော်ကို သစ်တောဝန်ထောက်အလုပ်နှင့် သွားရတယ် ခင်ဗျာ'

၎င်းနောက် မောင်စံရှားနှင့် ထိုသူတို့သည် စကားအနည်းငယ် ဆက်လက်ပြောဆိုကြပြီးနောက် ထိုသူသည် အောက်သို့ ဆင်းသွားသောအခါ

**ရှား**။ ။'ဝှကျလိုက်လေဗျာ၊ အသိနှင့် လာတွေ့နေပြန်ပါပြီ၊ ကျုပ်မိတ်ဆွေ တစ်ယောက်ရဲ့သား မောင်ထွန်းအောင်တဲ့၊ ဒါထက် ဦးစံရှားလို့ သူက ခေါ်လိုက်တဲ့အခါမှာ တရုတ်ကပြားက ဖျတ်ခနဲလန့်သွားတာ ခင်ဗျား မြင်လိုက်ကဲ့လား'

**ကျွန်တော်**။ ။'ကျွန်တော်လဲ သတိထားလိုက်မိတယ်၊ သည်ကတည်းက သူဟာ ကျွန်တော်တို့ကို အကဲခတ်နေမှန်းလဲ ကျွန်တော် ရိပ်မိတယ်'

**ရှား**။ ။'ဝှကျတယ်ဗျာ၊ သို့သော် မတတ်နိုင်ဘူးလေ၊ ဉာဏ်သာသူက ရကြမှာပ'

ထိုညဉ့် မောင်ထွန်းအောင်ဆိုသော သစ်တော ဝန်ထောက်ကလေးမှာ အခန်းသီးသန့် မရနိုင်သည်ဖြစ်၍ ကျွန်တော်တို့နှင့်အတူ တစ်ခန်းတည်း အိပ်ကြရသည်ဖြစ်ရာ မောင်စံရှားနှင့် ကျွန်တော်တို့မှာ ထိုအကြောင်းကို ထပ်လောင်း၍ တိုင်ပင်ကြရန် အခွင့်မရကြတော့ချေ။

× × × × × ×

နံနက်လင်းသဖြင့် သင်္ဘောသည် မန္တလေးမြို့ ဆိပ်ကမ်းမှ ထွက်ခဲ့ပြီးနောက် ကျွန်တော်တို့သည် လက်ဖက်ရည် သောက်ကြပြီးလျှင် မောင်စံရှားသည် သင်္ဘောအောက်ထပ် ဦးပိုင်း၌ ကပ္ပိတန်၏ အခန်းအနီးသို့ ကျွန်တော့်အားခေါ်ပြီးလျှင် ပြောပြသည်မှာ

**ရှား။** ။'ကျုပ်တို့ ယခုလိုက်ပါရခြင်းဟာ နန်းစဉ်ပတ္တမြား အမှုနှင့် ပတ်သက်ပြီး လိုက်ကြရခြင်းဖြစ်ကြောင်းကို အမြွက်လောက်တော့ ခင်ဗျား သိပြီးပြီ၊ သို့သော် စုံစုံလင်လင် ပြောပြီးပြဦးမယ်၊ သည်လိုဗျ၊ 'ရန်ကြီးအောင် ဝတ္ထု' ကို ခင်ဗျား ရေးစဉ်အခါက ရွှေဘိုတောင်လက် မကျည်းတုံရွာနေ မဂွမ်းဖြူလက်သို့ ဘကြီးတော်ဘုရားက လက်ဝတ်လက်စား ကျောက်သံပတ္တမြားများကို ချီးမြှင့် ပေးသနားတော်မူတယ် ဆို မဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်ကဲ့၊ ဘကြီးတော်ဘုရား အိမ်နိမ့်တော် စံတော်မူသည့်အခါက တောသူတစ်ယောက်နှင့် အကြောင်းပါခဲ့ပြီး မွေးဖွားခဲ့တဲ့ သမီးတော်ဖြစ်လို့ နန်းတော်ခေါ်ပြီး တစ်ဆောင်တစ်ယောင်ထား၍ ဘုရင့်သမီးတော် တစ်ယောက်ဖြစ်သည်နှင့် လျော်ညီစွာ ချီးမြှင့်မြှောက်စားစဉ်က လက်ဝတ်လက်စား ကျောက်သံပတ္တမြားများကို ပေးဖူးပါတယ်'

**ရှား။** ။'ဟုတ်ပြီ၊ နောက်ပြီးတော့ မဂွမ်းဖြူဟာ လူဆိုးကြီး မောင်မိုးလုံးနှင့် အကြောင်းပါပြီး၊ သား ခင်မောင်ညွန့် ကို မွေးတယ်ဆို မဟုတ်လား'

**ကျွန်တော်။** ။'သည်လို မဟုတ်ဘူးဗျ၊ မဂွမ်းဖြူက ရွှေဘိုမြို့ဝန်မင်းနှင့် ချစ်ကြိုက်ပြီး သား ခင်မောင်ညွန့်ကို မွေး၊ နောက်ပြီးမှ မသူဇာလို့ နာမည်ပြောင်းပြီး မောင်မိုးလုံးနှင့် ရပြန်တယ်'

**ရှား။** ။'အော် ဟုတ်ပေတယ်၊ ကျုပ်က ခင်ဗျား စာအုပ်ဖတ်ထားတာ ကြာလေတော့ ခပ်မေ့မေ့ဖြစ်နေတယ်၊ ကောင်းပြီ၊ သည်တော့ သူ့ခမည်းတော် ချီးမြှင့်တဲ့ ကျောက်သံပတ္တမြားဟာ ခင်မောင်ညွန့်တို့ မနှင်းမြိုင်တို့ လက်ထဲကို ရောက်တယ်ဆို မဟုတ်ပါလား'

**ကျွန်တော်။** ။'မှန်ပါတယ်'

**ရှား။** ။'အဲဒီကျောက်သံပတ္တမြားများအနက် ယခုနေအခါဆိုရင် အဖိုးငွေ တစ်သိန်းခန့် ထိုက်တန်တဲ့ မြကြီးတစ်လုံးပါတယ်ဗျ၊ ၎င်းမြကြီးဟာ ခင်မောင်ညွန့် မနှင်းမြိုင်တို့ သားမြေး အစဉ်အဆက် ကူးပြောင်းပြီးလာခဲ့တာ တော်တော်ကြာအောင် တိမ်မြုပ်နေပြီး နောက်ဆုံးသတင်းအရမှာ ရွှေဘိုမြို့က မောင်သာလှဆိုတဲ့ လူရဲ့ လက်ထဲကို ရောက်သွားသတဲ့၊ ၎င်း မောင်သာလှ လက်က တစ်ခါ ဓားပြများ တိုက်ခိုက်ယူသွားပြန်တော့ သတင်းငုတ်သွားပြန်ရော၊ ငုတ်သွားရာက တစ်ခါ ရန်ကုန်မြို့က မဂိုလမ်း ပတ္တမြားကုန်သည် လာလာဆိုင် ဆိုတဲ့ ဘာဘူကြီးက သတင်းရလို့ ၎င်းမြကြီးကို အဖိုးငွေ ၈၀၀၀၀ နှင့် စကားပြောပြီး ဖြစ်တယ်၊ သူတို့ စကားပြောထားပုံက သည်လိုတဲ့၊ ဘာဘူကြီးက ကိုယ်စားလှယ်လွှတ်ပြီး မန္တလေးက ငွေ ၈၀၀၀၀ နှင့်စောင့်၊ သူတို့က မြကြီးကို လာပြီးအပ်၊ အပ်တဲ့အခါငွေချေ၊ သည်လိုဆိုကိုးဗျ'

**ကျွန်တော်။** ။'ကောင်းပါရဲ့ဗျ'

**ရှား။** ။'သည်တော့ ဘာဘူကြီး ကိုယ်စားလှယ်ဆိုတာ တခြားသူ မဟုတ်ဘူး၊ ကျုပ်ပဲဗျ၊ ဒါနှင့် ကျုပ်က ငွေ ၈၀၀၀၀ ကို ဘာဘူကြီးဆီက ယူလာခဲ့ပြီး မန္တလေးကိုလာ၊ လာပြီး သူတို့ချိန်းတဲ့နေရာသွား၊ သွားပြီးစောင့်နေတော့ လူတစ်ယောက် မောကြီးပန်းကြီးနှင့် အခန်းထဲ ပြေးဝင်လာပြီး မြကြီးကို သူ့လက်က လူခိုးသွားပြန်ပြီတဲ့ ပြောပြန်ရော့၊ ပြောလို့ ကျုပ်က ပျောက်ဆုံးပုံကို မေးမြန်းတုန်းပဲ ရှိသေး၊ ဟိုလူက ပွက်ကနဲ သွေးတွေ အန်ပြီး ကျုပ်ရှေ့တွင်ပဲ သေပြန်ပါလေရောဗျ'

**ကျွန်တော်။** ။'ဖြစ်ရလေဗျာ၊ နို့ ဘယ်လိုများ သတင်းရသေးသလဲ'

**ရှား။** ။'ကျုပ်လဲ အဲဒီလူ ပြောနိုင်သလောက် ပြောပြလို့ ကြားရတဲ့သတင်း အတိုင်း ထောက်လှမ်းကြည့်လိုက်တော့၊ ၎င်းမြကြီးဟာ ယခု စာပို့ သင်္ဘောမှာပါတယ်လို့ ကျုပ်တွက်ကိန်း ရတယ်'

**ကျွန်တော်။** ။'တရုတ်ကပြားနှင့် မင်းကတော် လိုလို သားအမိနှစ်ယောက် ဟာ မှတ်တယ်'

**ရှား**။ ။'အင်း သူတို့လက်မှာပဲ ပါသလား၊ ဘယ်နည်းနှင့် ယူခဲ့သလဲတော့ အမှန်မပြောနိုင်ဘူး၊ သို့သော် သည်အမှုမှာ တရုတ်ကပြားဟာ ဧကန္တ တစ်နည်းနည်း ဆက်သွယ်ခြင်း ရှိကြောင်းကိုတော့ ကျုပ် ရိပ်မိတယ်'

**ကျွန်တော်**။ ။'သူတို့က ဘယ်သွားမှာတဲ့လဲ'

**ရှား**။ ။'တရုတ်ကပြားက အင်းရွာ ဆိုတဲ့ ဆိပ်ကမ်းမှာ ဆင်းလိမ့်မတဲ့၊ သားအမိနှစ်ယောက်ကတော့ ဗန်းမော်ထိအောင် လိုက်မယ်လို့ သင်္ဘောစာရေးကြီးက ပြောတယ်၊ အင်းရွာဆိုတော့ နက်ဖြန်မွန်းတည့်လောက်မှ ရောက်လိမ့်မယ်၊ သည်အတောအတွင်း ကြံဖို့စည်ဖို့ အချိန်တော်တော် ရှိပါရဲ့လေ၊ သို့သော် ကိုသိန်းမောင် မင်းကတော်ကြီးရဲ့ သမီး မစိန်ကြည်နှင့် တဆိတ် အကျွမ်းဝင်အောင် လုပ်ပြီး ခင်ဗျား တတ်နိုင်သလောက် တီးခေါက်ပြီး ကြည့်စမ်းဗျာ'

**ကျွန်တော်**။ ။'ဘာမင်းကတော်ကြီးတဲ့လဲဗျ'

**ရှား**။ ။'သူ့ယောက်ျားက ဗန်းမော်မြို့မှာ နယ်ခြား အရေးပိုင် လုပ်ဖူးတယ်၊ အခုတော့ မရှိပါဘူး၊ သေရှာပါပြီ'

၎င်းနောက် ကျွန်တော်တို့သည် သင်္ဘောအပေါ် ထပ်သို့ တက်လာခဲ့ကြလေ၏။ တာပင်ခေါ် စာပို့သင်္ဘောကြီးသည် မြစ်ကြောင်းတလျှောက် ဆန်တက်၍ လာခဲ့စဉ် ခရီးသည်တို့သည် တစ်ဦးနှင့် တစ်ဦး အသိမိတ်ဆွေဖွဲ့၍ ရောနှောကာ စကားစမြည် ပြောဆိုလျက်ရှိရာ နေ့တစ်ဝက်မျှ ကြာရှိလျှင် ဥရောပတိုက်သား သုံးယောက်တို့သည်လည်းကောင်း၊ သစ်တော ဝန်ထောက်ကလေး မောင်ထွန်းအောင်သည် လည်းကောင်း၊ တရုတ်ကပြားသည် လည်းကောင်း၊ ကျွန်တော်သည် လည်းကောင်း မစိန်ကြည်၏ နောက်သို့ တကောက်ကောက် လိုက်ပါကြ၍ မစိန်ကြည်နှင့် အကျွမ်းတဝင် ရောနှော ပြောဆိုခွင့် ရစေခြင်းငှာ သူ့ထက်ငါ ကြိုးစားလျက် ရှိနေကြလေ၏။ ကျွန်တော်မှာ မောင်စံရှား၏ မှာထားချက်ကြောင့် ယင်းသို့ ပြုလုပ်ရခြင်းဖြစ်ရာ တရုတ်ကပြားမှာမူ ကျွန်တော်တို့ အားလုံးကို ရန်သူကဲ့သို့ မှတ်ထင်ဟန်ဖြင့် ငြူစူစောင်းမြောင်းကာ ရှိနေခဲ့လေ၏။

၎င်းနေ့ညနေ၌ ကျွန်တော်သည် သင်္ဘောအောက်ထပ် ဦးပိုင်းအနီးတွင် ကံအားလျော်စွာ မစိန်ကြည်နှင့်တွေ့၍ မစိန်ကြည်က ချမ်းအေးလှသဖြင့် ၎င်း၏ တဘက်ကို သွားရောက်ယူ၍ပေးရန် ပြောသည်နှင့် ကျွန်တော်သည် ၎င်း၏ မိခင်ထံ သွားရောက်တောင်းယူ ပေးကမ်းပြီးလျှင် စကားပြောဆိုလျက်ရှိကြစဉ် မစိန်ကြည်က ရုတ်တရက် ကျွန်တော်၏ ဘက်သို့ လှည့်၍

**ကြည်**။ ။'ရှင့် မိတ်ဆွေ ဦးစံရှား ဆိုတာက စုံထောက်ကြီး ဦးစံရှားဆိုတာ မှတ်တယ်၊ ဟုတ်လားရှင်'

**ကျွန်တော်**။ ။'မှန်ပါတယ် မစိန်ကြည်'

**ကြည်**။ ။'ရှင်တို့ အခုလာကြတာ အမှုစုံထောက်ဖို့ လာခဲ့ကြတာဆို'

**ကျွန်တော်**။ ။'ဟုတ်ကဲ့ ၊ လည်ရင်းပတ်ရင်း ဆိုတာလို'

**ကြည်**။ ။(ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်လျက်) 'ရှင်တို့အမှုက နန်းစဉ်ပတ္တမြား အမှု မဟုတ်လားရှင့်'

ဟု ရုတ်တရက်မေးလိုက်သဖြင့် ကျွန်တော့်မှာ မထင်သည့် မေးခွန်းကို မေးလိုက်သည့်အတွက် အံ့သြခြင်းမှ မပြေပျောက်မီ အတွင်းတွင် မစိန်ကြည်သည် စီးကရက်ကလေးကို ဖွာကာ ကျွန်တော့်အား ခပ်ပြုံးပြုံးမျက်နှာထားနှင့် မျက်စိတစ်ဖက် မှိတ်၍ ပြီးသလိုလိုပြုပြီးလျှင် သင်္ဘောအပေါ်ထပ်သို့ တက်ပြေးလေ၏။ ကျွန်တော်မှာ ၎င်း၏အမူအရာကိုလည်းကောင်း၊ မေးခွန်း၏ ရည်ရွယ်ချက်ကို လည်းကောင်း နားမလည်ဘဲ တွေးတောစိုက်ငေးကာ ကျန်ရစ်နေရ၏။

ကျွန်တော်သည် ထိုအကြောင်းကို မောင်စံရှားအားပြောပြရန် သင်္ဘောအပေါ် ထပ်သို့ တက်လာသောအခါ မစိန်ကြည်သည် တရုတ်ကပြားနှင့် ရယ်မောကာ စကားပြောဆိုနေကြသည်ကို တွေ့မြင်ရ၏။ တရုတ်ကပြား၏အမည်မှာ လောစိန် ဖြစ်လေသည်။

မောင်စံရှားသည် ကျွန်တော်ပြောပြသော စကားကို ကြားရသောအခါ ဣန္ဒြေကြီးသော မျက်နှာထားနှင့် ဆေးတံကို သောက် ရှူလျက် စကားတစ်ခွန်းမှ မပြောဘဲ ရှိနေလေ၏။

စာပို့သင်္ဘောသည် သပိတ်ကျင်းမြို့၌ အစိုးရအရာရှိများ တက်ကြသည်ဖြစ်၍ အချိန်ကြန့်ကြာခဲ့သည်ဖြစ်သောကြောင့် ညဉ့်အိပ်ရာစခန်းဖြစ်သော ကြာညှပ်မြို့သို့ အချိန်စောစော မရောက်နိုင်ဘဲ မလယ်ရွာမှ ထွက်သည်နှင့် တစ်ပြိုင်နက် ဓာတ်မီးထွန်း၍ ခုတ်ရလေ၏။ ယင်းကဲ့သို့ ညခရီးဖြင့် ခုတ်နှင်လျက် ရှိစဉ် ကျွန်တော်သည် သင်္ဘောဦးတည့်တည့်မှာ ကုလားထိုင်ပေါ်တွင်ထိုင်လျက် လောစိန်နှင့် မစိန်ကြည်တို့ သားအမိ၏ အကဲကို ခတ်ရင်း သင်္ဘောဦးမှ တန်း၍ ထိုးသော ဓာတ်မီးရောင်ကို ကြည့်ရှုလျက်ရှိစဉ် မောင်စံရှားသည် ကျွန်တော်၏အနီးသို့လာ၍ လက်ကုတ်ကာ ခေါ်သွားသဖြင့် ထ၍ လိုက်သွားရလေ၏။ သင်္ဘောအောက်ထပ်သို့ ရောက်သောအခါ

**ရှား**။ ။'ကံကောင်းလို့ ချမ်းချမ်းစီးစီးနှင့် ရေကူးမနေရတယ်ဗျာ'

**ကျွန်တော်**။ ။'ဘာကြောင့်လဲဗျ'

**ရှား**။ ။'သင်္ဘောပဲ့ပိုင်းနားမှာ ကျုပ်က သံတိုင်ကို လက်ထောက်ပြီး ဆေးပြင်းလိပ်တစ်လိပ်ကို သောက်ရင်း အမှုအကြောင်းကို စဉ်းစားနေတုန်း ဖြုန်းဆို ကျုပ်ခေါင်းပေါ် တည့်တည့်က ဓာတ်မီးရောင် ထိုးလိုက်တယ်ဗျ၊ ဒါနှင့် ကျုပ်က အပေါ်ကို မော်လို့လဲ ကြည့်လိုက်ကရော၊ ဓာတ်မီးရောင်လဲ ပျောက်သွားရော၊ ဒါနှင့် ကျုပ်က ဘယ်လိုအကြောင်းပါလိမ့်မလဲလို့ စဉ်းစားနေတုန်း လူတစ်ယောက်က ဖြုန်းဆို နောက်က လာတဲ့ပြီး ကျုပ်ကို ပေါင်နှစ်ချောင်းကနေ ထမ်းကြွလိုက်ပါရောဗျ၊ ကျုပ်လဲ ခင်ဗျားသိတဲ့အတိုင်း တော်တော်တော့ ဗလကောင်းတဲ့လူပဲ၊ နို့ပေတဲ့ ဟိုလူ့လက်ထဲမှာတော့ ကလေးကလေးလိုဖြစ်ပြီး ရုန်းလဲမရုန်းနိုင်၊ ဖယ်လဲ မဖယ်နိုင် ဖြစ်နေပါရောဗျ၊ သူ့အကြံက ဘာလဲ ဆိုတော့ ကျုပ်ကို သံတိုင်ပေါ် ကျော်အောင်ထမ်းပြီး ရေထဲပစ်ချမလို့ကိုးဗျ၊ ကျုပ်က သံတိုင်ကို ဆွဲထားမယ်လုပ်တော့လည်း မဆွဲမိလိုက်ဘူး၊ အာဂလူ၊ ကျုပ်တစ်ကိုယ်လုံးကို သံတိုင်ပေါ် ကျော်အောင်ထမ်းပြီး ရေထဲ ပစ်တော့မယ် ဆဲဆဲမှာ ကျုပ်က အကြံရပြီး လက်က ဆေးပြင်းလိပ်ကို မီးရဲရဲနှင့် သူ့မျက်နှာ သိပ်ထိုးစိုက်လိုက်တာကိုးဗျ၊ သည်တော့မှ "အူဟိ" ဆို အော်ပြီး ကျုပ်ကို လွှတ်ချပြေးသွားတာကိုးဗျ'

**ကျွန်တော်**။ ။'သည်ဟာ ဘယ်သူ့လက်ချက်ထင်လဲ'

**ရှား**။ ။'လောစိန်နှင့်တူတာပဲ၊ သို့သော် သူကိုယ်တိုင် လုပ်တာမဟုတ်ဘူး၊ သူ့တပည့် ပေါက်ဖော်နှင့်တူတယ်၊ သို့သော် အင်းရွာ မရောက်ခင် တစ်စောင်းက ချောင်းပြီး ကြည့်ကြသေးတာပလေ'

နောက်တစ်နေ့၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် လောစိန်၏ အစေခံတရုတ်ကို ဂရုစိုက်၍ ကြည့်ကြပါသော်လည်း မတွေ့မြင်ကြဘဲ ရှိနေကြလေ၏။

စာပို့သင်္ဘောသည် ကြာညှပ်မှ ထွက်ခွာပြီးနောက် ကျွန်တော်နှင့် မောင်စံရှားတို့သည် ထိုကိစ္စနှင့် ပတ်သက်၍ မည်ကဲ့သို့ ပြုလုပ်ရမည်ကို တိုင်ပင်လျက်ရှိကြစဉ် သစ်တောဝန်ထောက် မောင်ထွန်းအောင်သည် အခန်းတွင်းသို့ ဝင်လာ၍ စိတ်ဆိုးသော အမူအရာနှင့်

**အောင်**။ ။'တယ်လူပါးဝတဲ့ တရုတ်ခင်ဗျာ'

**ရှား**။ ။'ဘာလဲ မောင်ထွန်းအောင်ရဲ့၊ ဘယ်က တရုတ်လဲ'

**အောင်**။ ။'လောစိန်ဆိုတဲ့ အကောင်ပ ခင်ဗျာ၊ မိန်းမပြင်တိုင်း ပိုးရမယ်ချည်း သူက အောက်မေ့နေတယ်၊ တော်နိုင်မလား ခင်ဗျာ'

**ရှား**။ ။'ကာယကံရှင်က စုံမက်လို့ ရှိရင်လဲ အောက်မေ့ထိုက်ပေတာပမောင်'

**အောင်**။ ။'ဟာ၊ ဘယ့်နှယ်ခံနိုင်မလဲ ခင်ဗျာ'

**ရှား**။ ။'မခံလို့ မောင် ဘယ့်နှယ်တတ်နိုင်သလဲ'

**အောင်**။ ။'ရန်ဖြစ်အောင် ရန်စပြီး ပါးချမှာပေါ့ ခင်ဗျာ၊ လူပါးဝတဲ့ ပေါက်ဖော်'

**ရှား**။ ။'အရာရှိတစ်ယောက် လုပ်နေပြီး ကိုယ့်ကိုယ်ကို အရူးဖြစ်အောင် မလုပ်ပါနှင့်မောင်ရယ်၊ စုံမက်လို့ ရှိရင်လဲ စုံမက်ကြောင်းကို ဖွင့်ဟပြီး ပြောလို့ ကိုယ့်ဖက်ပါရင်လဲ ပါတာပေါ့၊ မပါရင်လဲ သူ့စုံမက်ရာပေပ မောင်'

**အောင်**။ ။'ဟုတ်တော့ ဟုတ်ပါရဲ့ ခင်ဗျာ၊ နို့ပေမယ့် ပေါက်ဖော်က ကိုယ့်အပေါ် တစ်ပန်းသာသွားမှာ ကျွန်တော် ရှက်လုတယ်ခင်ဗျာ'

ဟု ပြောပြီးနောက် မောင်ထွန်းအောင်လည်း အခန်းပြင်သို့ ထွက်သွားလေ၏။ ၎င်း ထွက်သွားလျှင်

**ကျွန်တော်**။ ။'ကိုယ့်လူတော့ အတော်စွဲနေပြီ ထင်တယ်'

**ရှား**။ ။'အမှန်ပဲ၊ နေရာကျလျှင်ကျ မကျလျှင်တော့ ပေါက်ဖော်နှင့် သူနှင့် စစ်ထိုးတာ ကြည့်နေကြရလိမ့်ဦးမယ် ထင်သဗျာ'

၎င်းနောက် ကျွန်တော်တို့သည် အခန်းပြင်သို့ ထွက်လာကြပြီးလျှင် သင်္ဘောပဲ့ပိုင်းသို့ လျှောက်သွားကြရာ ဒုတိယတန်းဖြစ်သော ပဲ့ပိုင်း၌ လောစိန်သည် လူတစ်ယောက်နှင့် တိုင်ပင်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းမှ အမှတ်မဲ့ ကြည့်နေကြလေ၏။ တစ်ခဏမျှကြာလျှင် လောစိန်သည် သင်္ဘောဦးခန်းသို့ ပြန်သွားရာ မောင်စံရှားသည် ပဲ့ပိုင်း အခန်းဘက်သို့ ဝင်သွား၍ တောင်မြောက်လေးပါးတို့ကို ကြည့်ရှုဟန်နှင့် လောစိန်နှင့် စကားပြောသူကို အကဲခတ်ခဲ့လေ၏။ ထို့နောက်မှ ကျွန်တော်ရှိရာသို့ ပြန်လာပြီးလျှင်

**ရှား**။ ။'ပဲ့ခန်းက အကောင်ဟာ လက်ဝဲဖက်လက်က လက်သန်းကလေးနှင့် လက်သူကြွယ် မပါဘူးဗျ'

**ကျွန်တော်**။ ။'သည်လူကို ခင်ဗျား မြင်ဖူးသလား'

**ရှား**။ ။'မြင်ဖူးတယ် ထင်တယ်၊ ရုပ်ဖျက်ထားလို့လား မဆိုနိုင်ဘူး၊ ကျုပ် အထင်တော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က လိမ်လည်မှုနှင့် ထောင်ကျတဲ့ ပေါကြွယ်ပဲလို့ ထင်တယ်၊ ပေါကြွယ်လဲ လက်ကလေးနှစ်ချောင်း ပြတ်နေတာပဲ'

**ကျွန်တော်**။ ။'ပေါကြွယ်က အသားဖြူပါတယ်၊ သည်အကောင်က မည်းလှချေကလားဗျ'

**ရှား**။ ။'ကိုသိန်းမောင်ကလည်း ဖြူတာကို မည်းအောင်လုပ်ဖို့ဟာ ဘာခက်သလဲဗျ၊ သို့သော် သူတို့အကဲကို ကြည့်ရသေးတာပလေ'

စာပို့သင်္ဘောသည် ထီးချိုင့်ကို ကျော်လွန်၍ အင်းရွာသို့ ဆိုက်လုနီးသောအခါ မောင်ထွန်းအောင်သည် ကျွန်တော်နှင့် မောင်စံရှားတို့ စကားပြောနေကြရာဖြစ်သော စက်ခေါင်းအနီးသို့ ပျာယီးပျာယာ လာ၍

**အောင်**။ ။'ဂွကျကုန်ပါပြီ ဦးခင်ဗျာ၊ ကျွန်တော့် အကြံတွေ အကုန် ပျက်ကုန်ပါပြီ ခင်ဗျာ'

**ရှား**။ ။'ဘာအကြံလဲ မောင်ရဲ့'

**အောင်**။ ။'ကျွန်တော် ကြံထားတာက အင်းရွာကျလို့ ပေါက်ဖော်ကောင် ဆင်းသွားရင် မစိန်ကြည်ကို ချစ်ကြိုက်ကြောင်း ဖွင့်ဟပြီးပြောမယ်လို့ ကြံထားတာ အခုတော့ သူတို့ သားအမိလဲ အင်းရွာမှာ ဆင်းမယ်လို့တဲ့ ခင်ဗျ'

**ရှား**။ ။'ဘာကိစ္စ'

**အောင်**။ ။'လောစိန်က ကျွန်းချောင်းဆိုတဲ့ ရွာနှင့် အင်ကြင်းပင်ဆိုတဲ့ ရွာအကြားမှာ ရော်ဘာပင်တွေ စမ်းပြီး စိုက်ပျိုးနေတယ် ဆိုပဲ ခင်ဗျ၊ မင်းကတော်သားအမိကို သူ့ရော်ဘာခင်း ကြည့်ဖို့ ဖိတ်လေတော့ လိုက်ကြည့်ကြမယ်လို့တဲ့'

**ရှား**။ ။'ကျွန်းချောင်းဆိုတော့ ရွှေလီချောင်းမှာပေါ့လေ၊ ဟုတ်တ်စ'

**အောင်**။ ။'ဟုတ်သတဲ့ ခင်ဗျ၊ မိုင် ၄၀ လောက် ဝေးသတဲ့၊ မော်တော်ဘုတ်နှင့် သွားကြမယ်လို့တဲ့'

**ရှား**။ ။'ကိုင်း ကိုသိန်းမောင်၊ ကျုပ်တို့လဲ အင်းရွာမှာပဲ ဆင်းကြရမယ်'

**အောင်**။ ။'ကျွန်တော်လဲ လိုက်ပါရစေခင်ဗျာ'

**ရှား**။ ။'မောင့်အလုပ်မပျက်ရင် လိုက်ချင် လိုက်တာပေါ့လေ၊ သို့သော် ကျုပ်တို့ ဆင်းမယ့်အကြောင်း ဘယ်သူမှ မသိစေနှင့်၊ သင်္ဘောစာရေးကြီးတစ်ယောက်ကိုသာ ကြိတ်ပြီးသင်္ဘောခ ငွေများကို ရှင်းလင်းထားကြပေတော့၊ သင်္ဘောဆိုက်လို့ ထွက်ခါနီး ကုန်းပေါင်ဖြုတ်တော့မယ် လုပ်မှ ကျုပ်တို့ သုံးယောက်လုံး ဆင်းကြရမယ်၊ သို့သော် သူတို့က မော်တော်ဘုတ်နှင့်သွားရင် ကျုပ်တို့က ဘာနှင့် လိုက်ကြရပါ့မယ်'

**အောင်**။ ။'သည်အတွက်တော့ မပူပါနှင့် ဦးခင်ဗျာ၊ အင်းရွာမှာ ကျွန်တော့်ဦးလေးက တီပီတီစီ (T.P.T.C) သူဌေး ကိုယ်စားလှယ်ကြီး ဖြစ်ပါတယ်၊ သူဌေးသင်္ဘောကလေးကို ကျွန်တော်ရအောင် ငှားပြီး လိုက်ကြတာပေါ့ ခင်ဗျာ'

**ရှား**။ ။'ကိုင်း စိန်လိုက်'

သင်္ဘောသည် အင်းရွာသို့ ဆိုက်ရောက်သောအခါ မင်းကတော်ကြီး သားအမိ နှစ်ယောက်နှင့် လောစိန်တို့သည် သင်္ဘောမှ ဆင်းသွားကြရာ ပေါကြွယ်ဆိုသူလည်း ၎င်းတို့နောက်မှ ပါသွားလေ၏။ ၎င်းဆိပ်ကမ်း၌ ကသာမြို့မှ အရေးပိုင်သည် နယ်လှည့်လာရာက တက်စီးသည်ဖြစ်သောကြောင့် အချိန်အနည်းငယ် ကြန့်ကြာလျက်ရှိရာ မကြာမီအတွင်းတွင် မော်တော်ဘုတ်တစ်စီးသည် သင်္ဘောအနီးသို့ ကပ်၍ ခုတ်လာလေ၏။ မော်တော်ဘုတ်ပေါ်၌ကား မင်းကတော်ကြီး သားအမိ နှစ်ယောက်တို့သည် ကုလားထိုင်တစ်ခုစီနှင့် ထိုင်လျက် ၎င်းတို့၏ နောက်၌ကား လောစိန်နှင့် ပေါကြွယ်တို့သည် ခါးထောက်ကာ ရပ်၍ လိုက်ကြလေ၏။ သင်္ဘောအနီးသို့ ရောက်သောအခါ ကျွန်တော်တို့လည်း ဆင်းမည့်လက္ခဏာမပြဘဲ ဦးတည့်တည့်မှ ရပ်ကာ စကားပြောလျက် ရှိကြရာ လောစိန်သည် မောင်ထွန်းအောင်ကို မြင်သောအခါ လှောင်ပြောင်လိုသော မျက်နှာထားနှင့် လက်ကိုင်ပုဝါကို ယမ်းကာ ပြလေ၏။ ၎င်းနောက် မော်တော်ဘုတ်လည်း ရွှေလီချောင်းကို ဝင်သွားလေ၏။

တစ်ခဏမျှကြာလျှင် အရေးပိုင်၏ ပစ္စည်းများကို သင်္ဘောပေါ်သို့ တင်ပြီးပြီဖြစ်၍ သင်္ဘောလည်း ကုန်းပေါင်နုတ်တော့မည်ဟု ဥသြပေးလေရာ ကျွန်တော်တို့သည် မိမိ၏ ဝန်စည်ကလေးများကို ကိုယ်တိုင်ထမ်းပိုး၍ သင်္ဘောမှ ပျာယီးပျာယာ ဆင်းလာခဲ့ကြလေ၏။

ကုန်းပေါ် သို့ ရောက်သောအခါ ကူလီများ ငှားရ၍ သူဌေးကိုယ်စားလှယ်၏ အိမ်သို့သွားကြရာ များစွာမခဲယဉ်းဘဲ 'မင်းသမီး' အမည်ရှိသော သူဌေးသင်္ဘောကလေးကို ကိုယ်စားလှယ်ထံ ငှားရမ်း၍ရလေ၏။ ၎င်းနောက် အချိန်များစွာ မဖြုန်းတီးဘဲ ကျွန်တော်တို့သုံးဦးသားသည် သင်္ဘောနှင့် ရွှေလီချောင်းကို ဆန်၍ မော်တော်ဘုတ်နောက်သို့ လိုက်ကြလေ၏။

ထိုအခါ၌ကား နေ့လည်နာရီပြန် တစ်ချက်ထိုးပြီးပြီ ဖြစ်လေသည်။ ရွှေလီချောင်းဝနှင့် ကျွန်းချောင်းရွာမှာ မိုင်လေးဆယ်ခရီးခန့် ဝေးကွာသည် ဖြစ်ရာ အကယ်၍ ကျွန်တော်တို့သည် သင်္ဘောကို စက်ကုန်ခုတ်နှင်ခဲ့သည်ရှိသော် မော်တော်ဘုတ်ကို လမ်းခရီးတွင် မီနိုင်မည် ဖြစ်ပေ၏။ သို့ရာတွင် မောင်စံရှား၏ ကြံရွယ်ချက်မှာ လမ်း၌လည်း မမီလို၊ ကျွန်းချောင်းသို့လည်း နေမဝင်မီ မရောက်လိုသည်ဖြစ်၍ သင်္ဘောကို ခပ်မှန်မှန်သာလျှင် မောင်းနှင်စေလေ၏။

သင်္ဘောခုတ်နှင်သွားစဉ် ချောင်းတစ်ဖက်တစ်ချက်၌ စိမ့်ကြီးမြိုင်ကြီး တောကြီးတောင်ကြီး တို့သည် အလွန်တရာ ရှုခင်းသာယာစွာ ရှိသည်မှန်သော်လည်း ကျွန်တော်နှင့် မောင်ထွန်းအောင်တို့မှာ သာယာသည့် တောတောင်အခမ်းအနားသို့ မကြည့်ရှုနိုင်ဘဲ ရောက်လိုသော ဇောဆန္ဒသာလျှင် ထက်သန်လှသည်ဖြစ်ရာ မောင်စံရှား တစ်ယောက်တည်းသာလျှင် တောတောင်တို့၏ သာယာခြင်း၊ တင့်တယ်ခြင်း အရသာကို ခံစားနိုင်ဟန် ရှိလေ၏။

၆ နာရီထိုး၍ နေဝင်လတ်သော် ကျွန်တော်တို့သည် ကျွန်းချောင်းရွာနှင့် ငါးမိုင်ခရီးခန့်သာလျှင် ကွာဝေးတော့သည်ဖြစ်ရာ မောင်စံရှားသည် သင်္ဘောကို စက်လျှော့၍ ခပ်နှေးနှေးမောင်းနှင်စေလေ၏။ ၇ နာရီထိုး၍ မှောင်နှင့်မည်းမည်း ရှိလတ်သော် သင်္ဘောသည် ကျွန်းချောင်းသို့ ဆိုက်ကပ်လေရာ မနီးမဝေး၌ မော်တော်ဘုတ်တစ်စင်း ဆိုက်ထားသည်ကို တွေ့မြင်ကြရလေ၏။

ကမ်းပေါ် သို့ တက်ကြပြီးနောက် ရွာသားများအား မေးမြန်းကြသည်တွင် လောစိန်တို့လူစုသည် မကြာသေးမီကပင် လှည်းတစ်စီးနှင့် ရော်ဘာခြံစခန်းသို့ သွားရောက်နှင့်ကြပြီ ဖြစ်ကြောင်း သိရှိကြရလေ၏။

လဆန်း ၈ ရက် လကလေးသည်လည်း ကောင်းကင်မှ မသာ့တသာ ထွက်ပေါ်လျက်ရှိရာ ရော်ဘာခြံစခန်းသည်လည်း ခရီးသုံးမိုင်ခန့်မျှသာ ဝေးကွာသည်ဖြစ်သောကြောင့် ကျွန်တော်တို့ သုံးဦးသားသည် ခြေလျင်ခရီးဖြင့် သွားရောက်ကြရလေ၏။

ရော်ဘာခြံနှင့် မိုင်တစ်ဝက်မျှ ဝေးကွာသောအရပ်သို့ ရောက်ကြသောအခါ တီးမှုတ်သံများကို ကြားကြရလေရာ အနီးသို့ ရောက်သောအခါ၌ကား အရပ်အငြိမ့်တီးလျက် ရှိကြောင်း သိရှိကြရလေ၏။

ကျွန်တော်တို့သည် ခြံတွင်းသို့ အမှတ်မဲ့ ဝင်ပြီးလျှင် ခြောင်းမြောင်းကြည့်ရှုလျက် ရှိစဉ် အစေခံတစ်ယောက်သည် စားစရာများကို ပြင်ဆင်၍ နောက်ဖေးရှိ တဲငယ်မှ အိမ်ကြီးပေါ် သို့ ယူသွားသည်ကို မြင်သည်နှင့် မောင်စံရှားသည် ထိုသူ၏နောက်သို့ လိုက်ပြီးလျှင် မိမိအလိုရှိသော သတင်းကို မေးမြန်းစုံထောက်ရာ၌ ကျင်လည်လှသော သူတစ်ယောက် ဖြစ်သည့်အတိုင်း ငွေစက္ကူ ၁ဝ တန်တစ်ချပ်ကို လာဘ်ထိုးပြီးနောက် မေးမြန်းသိရှိရသည်မှာ ထိုအငြိမ့်သည် အခြားမှ ငှားရမ်းသော အငြိမ့်မဟုတ်၊ လောစိန် စည်းစိမ်ခံရန်အတွက် မွေးမြူထားသော တပည့်များသာ ဖြစ်ကြောင်း၊ မင်းကတော်ကြီးမှာ ခရီးပန်းလာသည်ဖြစ်သောကြောင့် အိပ်ပျော်လျက်ရှိကြောင်း၊ အငြိမ့်တီးသော သူများမှာ အိမ်ရှေ့ဝါးရန်တာမှ တီးမှုတ်လျက် မစိန်ကြည်နှင့် လောစိန်တို့မှာ ဧည့်ခန်းမှ နေ၍ နားထောင်လျက် ရှိကြောင်းကို ပြောပြသဖြင့် သိရှိကြရလေ၏။

လောစိန်၏အိမ်ကြီးမှာ ရော်ဘာခြံအလည်၌ တည်ရှိ၍ အလွန်တရာ ကြီးကျယ်ခမ်းနားလျက် ဓာတ်မီးများ တထိန်ထိန်ထွန်းလျက် ရှိရာ မောင်စံရှားသည် အိမ်ကြီးကို လှည့်ပတ်၍ အတန်ကြာစုံစမ်းကြည့်ရှုပြီးနောက် ပြတင်းပေါက် တစ်ခုအနီးရှိ သစ်ပင်ကြီး တစ်ပင်ပေါ် သို့ တက်လေ၏။ အပေါ် သို့ ရောက်သောအခါ ကျွန်တော်တို့အား လက်ယပ်ခေါ် သဖြင့် တက်သွားကြ၍ ကျွန်တော်သည် သစ်ပင်ပေါ်မှ အိမ်ထဲသို့ လှမ်း၍ကြည့်လိုက်ရာတွင် လောစိန်နှင့် မစိန်ကြည်တို့သည် ဧည့်ခန်းအတွင်း နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် ထိုင်ပြီးလျှင် ရှေ့တည့်တည့်၌ စားသောက်ဖွယ်ရာများ ပြင်ဆင်၍ တင်ထားသော စားပွဲကလေးကို တည်ခင်းလျက် ရယ်ကာမောကာဖြင့် အငြိမ့်တီးမှုတ်သံများကို နားထောင်လျက် ရှိကြလေ၏။ အတန်ကြလတ်သော လောစိန်သည် အစေခံအား ခေါ်ငင်၍ တီးတိုး အမိန့်ပေးသည်တွင် အစေခံသည် ဖန်ခွက်နှင့် ဝိုင်အရက် တစ်ပုလင်းကို ယူခဲ့၍ စားပွဲပေါ်၌ တည်ထားလေ၏။

လောစိန်သည် ဖန်ခွက်နှစ်ခွက်ကို ဝိုင်အရက်ပြည့်အောင် ငှဲ့ပြီးနောက် တစ်ခွက်ကို မစိန်ကြည်အားပေး၍ သောက်အောင် တိုက်တွန်းလေရာ မစိန်ကြည်သည် တစ်ကြိမ်နှစ်ကြိမ် ငြင်းဆန်ပြီးလျှင် နောက်ဆုံး၌အားနာသည့်လက္ခဏာနှင့် အနည်းငယ် ကြိုက်၍ချသည်တွင် ကျွန်တော့်အနီး၌ ရှိသော မောင်ထွန်းအောင်က 'ပျက်စီးကုန်ပါပြီဗျာ' ဟု တီးတိုးညည်းညူလေ၏။

မစိန်ကြည်သည် ဝိုင်အရက်တစ်ခွက်ကို မသောက်ချင် သောက်ချင်နှင့် တဖြည်းဖြည်းကုန်အောင် သောက်ပြီးနောက် ငါးမိနစ်ခန့်ကြာသောအခါ လောစိန်သည် တဖြည်းဖြည်း အနီးသို့ တိုး၍ ထိုင်လေရာ မစိန်ကြည်သည် နောက်သို့ တဖြည်းဖြည်း ရွှေ့၍ ရွှေ့၍ ထိုင်လေ၏။ သို့ရာတွင် မျက်နှာထားမှာမူ ချိုချိုပြုံးပြုံးပင် ရှိလေ၏။

ကျွန်တော်တို့ နေသော နေရာမှာ မစိန်ကြည်တို့ ထိုင်နေသော နေရာနှင့်များစွာ မကွာဝေး၍ တီးမှုတ်သံ ရပ်စဲသော တစ်ခဏ၌ ၎င်းတို့ ပြောဆိုသော စကားများကို ပီသစွာ ကြားကြရသည်ဖြစ်ရာ

**ကြည်**။ ။'ဒါထက် နေပါဦး ကိုလောစိန်ရယ်၊ သင်္ဘောပေါ်မှာတုန်းက ဦးစံရှားရဲ့ မိတ်ဆွေ ကိုသိန်းမောင် ဆိုတဲ့ လူကို ဟိုလို အမေးခိုင်းတာက ဘာကြောင့် အမေးခိုင်းတာလဲ ရှင့်'

**စိန်**။ ။(မျက်မှောင်ကြုတ်လျက်) 'ဒါတွေ မေးမနေစမ်းပါနှင့် မစိန်ကြည်၊ သူတို့ သဘောသိရအောင် အလကားလျှောင်ပြောင်ပြီး အမေးခိုင်းတာပါဗျာ၊ တစ်ခွက်လောက် သောက်ဦးလေ မစိန်ကြည်'

**ကြည်**။ ။'မသောက်ပါရစေနှင့်တော့ရှင်၊ မေမေသိမှဖြင့် အဆူခံရပါလိမ့်မယ်၊ အခုတောင် ခေါင်းထဲက နောက်ကျိကျိ ရှိနေပါပြီရှင်'

**စိန်**။ ။'တစ်ခွက်ထဲ သောက်ပါဦးတော့ဗျာ'

ဟု ပြောလျက် လောစိန်သည် အရက်ဖန်ခွက်ကို ယူ၍ မစိန်ကြည်၏ နှုတ်ခမ်းအနီးသို့ ကပ်ပြီးလျှင် တစ်ဖက်သောလက်ဖြင့် မစိန်ကြည်၏ ပုခုံးကို ကိုင်တွယ်မည်ပြုရာ မစိန်ကြည်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ မျက်နှာထားတင်းတင်းနှင့် 'ရှင်က လူကို ဘာမှတ်လို့လဲ'

ဟု ငေါက်ဆတ်ဆတ်ပြောလိုက်သည်ကို ကျွန်တော်တို့ တွေ့မြင်ရသောအခါ ထင်သလောက် သဘောမလွယ်သည့် အဖြစ်ကို သိရှိကြရလေ၏။ လောစိန်လည်း မိမိ ရှေ့အားကြီးသည့် အဖြစ်ကို ရိပ်မိသည့် လက္ခဏာနှင့် ရှိသေသော မျက်နှာထားတစ်မျိုး ပြောင်းလဲ၍ ချော့မော့တောင်းပန်ပြီးလျှင် မစိန်ကြည်အား ကုလားထိုင်၌ တစ်ဖန် ထိုင်စေပြန်လေ၏။ ၎င်းနောက် အစေခံအား မျက်ရိပ်ပြလိုက်သည်နှင့် အစေခံသည် အပြင်သို့ ထွက်သွားပြီးလျှင် ကာဖီများကို ပြင်ဆင်ယူလာခဲ့၍ တည်ခင်းထားသည်တွင်

**စိန်**။ ။'ကိုင်းဗျာ ၊ ဝိုင်မသောက်လို့ ရှိရင် ကာဖီရိုးရိုး သောက်ပါတော့ဗျာ'

**ကြည်**။ ။'ကာဖီပူပူ တစ်ခွက်တော့ ကျွန်မ သောက်ပါမယ်၊ ဒါထက် ကိုလောစိန် ပြမယ်ဆိုတဲ့ ကျောက်သံပတ္တမြားတွေ ဘယ်မှာလဲ'

**စိန်**။ ။'အင်မတန် ကြည့်ချင်သလား'

**ကြည်**။ ။'မမြင်ဖူးလို့ ကြည့်ချင်ပါတယ်ရှင်'

ထိုအခါ လောစိန်သည် ထိုင်ရာမှ ထသွားပြီးလျှင် မီးခံသေတ္တာကို ဖွင့်ပြီးနောက် ဆင်စွယ်ဖြင့် ထုလုပ်ထားသော သေတ္တာကလေးတစ်လုံးကို ယူခဲ့၍ သော့နှင့် ဖွင့်ပြီးမှ အတွင်း၌ပါရှိသော အရာဝတ္ထုများကို စားပွဲပေါ် သို့ သွန်မှောက်၍ ချလိုက်ရာ စိန်ကြီး မြကြီး ပတ္တမြားကြီး တို့သည် မီးရောင်၌ အရောင်တလက်လက် ပြိုးပြိုးပြက်ပြက်ရှိနေလေ၏။ မစိန်ကြည်လည်း မိန်းမသားဖြစ်သည့်အတိုင်း ကျောက်သံပတ္တမြားတို့၏ တောက်ပ ပြောင်လက်သော အရောင်ကို ချီးမွမ်းလျက်ရှိစဉ်

**စိန်**။ ။'လှရဲ့လား မစိန်ကြည်'

**ကြည်**။ ။'လှပါပေတယ်ရှင်'

**စိန်**။ ။'သည်ဟာတွေထက် အများကြီးလှတဲ့ မြကြီးရှိသေးတယ်၊ ကြည့်မလား'

**ကြည်**။ ။'ကြည့်ပါရစေရှင်'

ထိုအခါ လောစိန်သည် ဆင်စွယ်သေတ္တာငယ်၏ အံဖုံးအတွင်းမှာ စက္ကူနှင့် ထုပ်ထားသော အရာဝတ္ထုငယ်တစ်ခုကို ထုတ်ယူ၍ စက္ကူကို ဖြေပြီးလျှင် အတွင်းမှပါသော အရာဝတ္ထုကို စားပွဲပေါ် သို့ တင်လိုက်ရာ စားပွဲပေါ်၌ ရှိနှင့်ပြီးဖြစ်သော စိန်ကျောက် အစရှိသည့် ပတ္တမြားတို့သည် ချက်ခြင်းပင် အရောင်မှိန်၍ သွားကြလေကုန်၏။ အကြောင်းသော်ကား ၎င်းမှာ နန်းစဉ်ပတ္တမြားဟု ခေါ်သော မြကြီးပင်ဖြစ်သောကြောင့်ပင်တည်း။

မစိန်ကြည်လည်း မြကြီး၏ အရည်ကောင်းမွန်ကြောင်းကို ချီးမွမ်းလျက်ရှိစဉ်

**စိန်**။ ။'ကာဖီပူပူ သောက်ချင်တယ်ဆိုတာ သောက်လေ မစိန်ကြည်၊ အေးကုန်မယ်ဗျ'

ဟု ပြောသဖြင့် မစိန်ကြည်သည် ကာဖီခွက်ကို ယူ၍ သောက်လေ၏။ တစ်ကျိုက်နှစ်ကျိုက်မျှ သောက်မိသည်နှင့် တစ်ပြိုင်နက် မစိန်ကြည်၏ လက်မှ ကာဖီခွက်သည် လွတ်၍ကျပြီးလျှင် မစိန်ကြည်သည် မျက်နှာကို လက်နှစ်ဖက်နှင့်

အုပ်ကာ ယိမ်းယိုင်လျက်ရှိရာ လောစိန်သည် အစေခံအား အတီးအမှုတ်သမားများကို သိမ်းစေရန် အမိန့်ပေးပြီးနောက် မစိန်ကြည်၏ လက်နှစ်ဖက်ကို ကိုင်ကာ အတွင်းခန်းသို့ ပွေ့ချီမိသည်နှင့် တစ်ပြိုင်နက် 'ကိုင်း တော်လောက်ပြီဗျို့ ' ဟု ပြောလျက် မောင်စံရှားသည် သစ်ကိုင်းပေါ်မှ ပြတင်းပေါက်သို့ ခုန်၍ကူးလေ၏။ ကျွန်တော်နှင့် မောင်ထွန်းအောင်တို့သည် ၎င်း၏နောက်မှ ခုန်ကူး၍ လိုက်ကြလေ၏။

လောစိန်သည် ကျွန်တော်တို့ကို မြင်လျှင် အံ့သြခြင်း၊ အမျက်ထွက်ခြင်း ထိတ်လန့်ခြင်း အစရှိသော လက္ခဏာတို့ ရောပြွန်းလျက်ရှိသော မျက်နှာထားနှင့် တစ်ခဏမျှ ကြည့်ပြီးလျှင် ကျောက်သံပတ္တမြားများကို ဆင်စွယ်သေတ္တာငယ် အတွင်းသို့ သိမ်းကျုံး၍ထည့်ပြီးနောက် သေတ္တာငယ်ကို ပွေ့လျက် ထွက်ပြေးမည်ပြုလေ၏။ မောင်စံရှားလည်း ပေါ့ပါး ဖျတ်လတ်သော လူတစ်ယောက်ဖြစ်သည့်အတိုင်း ၎င်းထွက်ပြေးမည်ပြုရာ အပေါက်မှ ကြို၍ဆီးကာထားလေရာ လောစိန်လည်း ထွက်ပေါက်မရှိသည်ဖြစ်၍ စားပွဲကို လှည့်ပတ်ကာ ပြေးလေ၏။ မောင်ထွန်းအောင်မှာမူ အခန်းတွင်းသို့ ဝင်မိသည့်အခါမှစ၍ မူးမေ့လျက်ရှိသော မစိန်ကြည်အား ပွေ့ချီကာ သတိရအောင် ခေါ်ငင်လျက်ရှိရာ ကျွန်တော်မှာ တိမ်းရှောင်လှည့်ပတ် ပြေးလွှားလျက်ရှိသော လောစိန်အား ကူညီဝန်းဝိုင်းဖမ်းဆီးမည် ပြုသည်နှင့် တစ်ပြိုင်နက် ပေါကြွယ်ဆိုသူသည် အခန်းတွင်းမှ ရုတ်တရက်ထွက်လာလေ၏။

ပေါကြွယ်၏လက်၌ကား ဓားမြောင်တစ်လက် ကိုင်လျက် ရှိရာ ၎င်းသည် ကျွန်တော့်ကို ရန်မမူဘဲ မောင်စံရှားကို ပြေးဝင်ထိုးသတ်မည် အပြုတွင် ကျွန်တော်သည် ၎င်း၏လက်မှ ဓားမြောင်ကို လုယူ၍ နှစ်ယောက်သားတို့သည် ကြမ်းပေါ်၌ ထွေးလုံးသတ်ပုတ်ကာ ရှိနေကြလေ၏။ ကျွန်တော်နှင့် ပေါကြွယ်တို့မှာ သူတစ်ပြန် ငါတစ်ပြန် အထက်သို့ ရောက်ချည်၊ အောက်သို့ ရောက်ချည် ရှိနေကြဆဲတွင် လောစိန်သည် အပြင်သို့ ထွက်ပြေးသဖြင့် မောင်စံရှားလည်း ၎င်း၏နောက်မှ လိုက်ပြေးသည်ကို မြင်လိုက်ရလေ၏။

တစ်ခဏမျှကြာလျှင် မောင်စံရှားသည် အခန်းတွင်းသို့ ပြန်လာပြီးလျှင် အောက်သို့ကျလျက်ရှိသော ကျွန်တော်အား ပေါကြွယ်၏ အပေါ်သို့ရောက်အောင် ဆွဲ၍တင်ထားပြီးမှ အခန်းဆီးများကို ဖြုတ်ယူ၍ ပေါကြွယ်ကို လက်ပြန်ကြိုး ချည်နှောင်လေ၏။ ၎င်းနောက်

**ရှား။** ။'ပစ္စည်းလည်းဆုံး ၊ လူလဲ လွတ်သွားလေရဲ့ဗျို့၊ ကိုင်း မောင်ထွန်းအောင် က ပေါကြွယ်ကို စောင့်ရင်း မစိန်ကြည်ကိုလဲ ပြုစုရင်း နေရစ်ပေဦးတော့ ၊ ကျုပ်တို့ လောစိန်နောက်ကို လိုက်ကြဦးမယ်၊ လာဗျာ ကိုသိန်းမောင်'

ကျွန်တော်နှင့် မောင်စံရှားတို့သည် အိမ်ပေါ်မှ ဆင်းလာကြပြီးနောက် လောစိန် ပုန်းအောင်းမည်ထင်သော ကျွန်းချောင်းရွာသို့ လျင်မြန်စွာ ပြေးလာကြရာ ၁၀ မိနစ်ခန့် ပြေးမိကြလျှင် လမင်း၏အရောင်တွင် ပြောင်ပြောင်နှင့်ပြေးနေသော လောစိန်ကို အဝေးမှ မြင်ကြရလေ၏။ ထိုအခါ ကျွန်တော်တို့လည်း အားထုတ်၍မိအောင် လိုက်ကြလေရာ လောစိန်သည် သစ်ပင်များ စုရုံး၍ပေါက်နေရာ မှောင်ရိပ်ကြီးတစ်ခုအောက်သို့ ဝင်ပြေးလေ၏။ ကျွန်တော်တို့သည် ရုတ်တရက် ချောင်းမြောင်း သတ်ဖြတ်ခြင်းမှ ကွယ်ကာနိုင်စေခြင်းငှာ ခြောက်လုံးပြူးသေနတ်များကို လက်မှကိုင်လျက် သစ်ပင်ရိပ်အောက်သို့ ပြေးဝင် သွားကြလေရာ လောစိန်သည် မှောင်ရိပ်မှ ထွက်ပြေးပြီးနောက် ချောင်းငယ်တစ်ခု ရှိရာသို့ တန်း၍ပြေးပြန်လေ၏။ ကျွန်တော်တို့လည်း မီအောင်လိုက်ကြပြန်ရာ လောစိန်သည် ချောင်းငယ်ကမ်းပါးပေါ်၌ တစ်ခဏမျှ ရပ်လျက်ရှိသည်ကို လရောင်တွင် မြင်လိုက်ရပြီးနောက် လက်နှစ်ဖက်ကို မြှောက်ပြီးလျှင် ခုန်၍ဆင်းလိုက်ဘိသကဲ့သို့ တစ်ခါတည်း ပျောက်ကွယ်၍ သွားလေ၏။ ကျွန်တော်တို့လည်း မရပ်မနား ၎င်းရှိရာ အရပ်သို့ တစ်ဟုန်တည်းပြေးသွားကြပြန်ရာ ချောင်းငယ်၏ ကမ်းပါးသို့ ရောက်သောအခါ လောစိန်ကိုလည်း မမြင်၊ မည်သည့်အသံကိုမျှလည်း မကြား၊ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်ကို သာလျှင် တွေ့ရှိကြရလေ၏။

ထိုအခါ မောင်စံရှားသည် ဝါးတစ်ချောင်းကို ဝါးရုံပင်မှ ခုတ်ယူ၍ ချောင်းငယ်ကို ထောက်ကြည့်ရာ အစဉ်ပင်လျှင် ကမ်းပါးဖြစ်သဖြင့် ခြောက်ပေကျော်ကျော်လောက် နက်ကြောင်းကို တွေ့ရှိရလေ၏။ ထိုအခါ ...

**ကျွန်တော်။** ။'ဘယ့်နှယ်လဲဗျာ၊ အဖမ်းမခံချင်တာနှင့် ခုန်ဆင်းပြီး သေရှာပြီ ထင်ပါရဲ့ဗျာ'

**ရှား**။ ။'ဒါနှင့် တူပါရဲ့ဗျာ၊ ဟိုဖက်ကူးသွားရင်လဲ ကျုပ်တို့ မြင်ဖို့ကောင်းတယ်'

ဟု ပြော၍ မောင်စံရှားသည် သားကောင်ပျောက်၍ သွားသော အမဲလိုက်ခွေးကဲ့သို့ တောင်မြောက်လေးပါးတို့ကို စိတ်မကျေနပ်သေးသည့် အမူအရာနှင့် ကြည့်ပြီးလျှင် နစ်ယောက်သားတို့သည် ရော်ဘာခြံစခန်းသို့ တဖြည်းဖြည်း ပြန်လာကြရလေ၏။

လမ်းခရီး၌ မောင်စံရှားသည် ကောင်းစွာ စိတ်မကျေနပ်သေးသည့် လက္ခဏာနှင့် နှုတ်ခမ်းမွေးကို ဆွဲကာ စဉ်းစားစိတ်ကူးကာ လိုက်လာခဲ့ရာ ကျွန်တော်က အကျိုးအကြောင်းကို မေးသော်လည်း မည်သို့မျှ ပြန်မပြောဘဲ ရှိနေလေ၏။ အိမ်ကို ရောက်သောအခါ ပေါကြွယ်မှာ အနှောင်အဖွဲ့တွင်း၌ ရှိလျက် မောင်ထွန်းအောင်မှာမူ သတိရစ ပြုလာသော မစိန်ကြည်ကို အားပေးစကား ပြောကြားလျက် ရှိလေ၏။ မစိန်ကြည်လည်း မောင်စံရှားအား ကျေးဇူးတင်စကား ပြောကြားမည်ပြုသည်တွင် မောင်စံရှားမှာ မိမိအား ကျေးဇူးတင်စကား ချီးမွမ်းစကားများ ပြောကြသည်ကို ကြာရှည်စွာ နားထောင်၍ မနေတတ်သော ဝါသနာ ရှိသည့်အတိုင်း မစိန်ကြည်၏ စကားကို ဖြတ်၍

**ရှား**။ ။'မင်းကတော်ကြီးကော ဘယ်မှာလဲ'

**အောင်**။ ။'ဘာဆေးများ တိုက်ထားတယ် မဆိုနိုင်ဘူး ခင်ဗျာ၊ နိုးလို့ကို မရဘူး'

**ရှား**။ ။'ကိုင်း မောင်ထွန်းအောင်၊ မစိန်ကြည် သားအမိနစ်ယောက်ကို လှည်းနှင့်တင်ပြီး ကျွန်းချောင်းရွာကို မောင်ပြန်နှင့်ရမယ်'

**အောင်**။ ။'ဦးတို့ကော ခင်ဗျာ'

**ရှား**။ ။'ကျုပ်နှင့် ကိုသိန်းမောင်မှာလောစိန်ကို တွေ့အောင်ရှာဖို့ ကိစ္စရှိသေးတယ်၊ နက်ဖြန်မှ ကျုပ်တို့ရောက်အောင် လာခဲ့မယ်'

**အောင်**။ ။'လှည်းက ဘယ်မှာ ရနိုင်မလဲ ခင်ဗျာ'

**ရှား**။ ။'အစေခံတွေတော့ ပြေးကုန်ပြီ၊ လှည်းနှင့်နွားတော့ အိမ်နောက်မှာ မြင်တယ်၊ လှည်းမောင်းတတ်ကဲ့လား'

**အောင်**။ ။'ကြံဖန်ပြီးမောင်းရတာပေါ့ ခင်ဗျာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် ကိုသိန်းမောင်နှင့် မောင်ထွန်းအောင်က မင်းကတော်ကြီးကို ပွေ့တင်ခဲ့ကြပေတော့၊ ကျုပ်က လှည်းပြင်ချေဦးမယ်'

ငင်းနောက် ကျွန်တော်တို့သည် ပေါကြွယ်ကို မြဲခိုင်စွာ တုတ်နှောင်ထားခဲ့၍ မင်းကတော်ကြီးကို လှည်းပေါ် သို့ ပွေ့ချီ၍ တင်ပြီးလျှင် မစိန်ကြည် သားအမိနစ်ယောက်နှင့် မောင်ထွန်းအောင်တို့သည် လှည်းနှင့် ကျွန်းချောင်းသို့ ပြန်သွားကြရာ ကျွန်တော်နှင့် မောင်စံရှားတို့လည်း လောစိန်ကို ရှာဖွေရန် ယခင်က ချောင်းငယ်ရှိရာသို့ ရှေ့ရှုထွက်လာခဲ့ကြလေ၏။

အတန်ငယ် သွားမိကြလျှင် ကျွန်တော်တို့နှင့် မနီးမဝေးမှ ဇီးကွက်တစ်ကောင်၏ မြည်သံကို ကြားကြရလေရာ ငင်းအသံရပ်စဲသည်နှင့် တစ်ပြိုင်နက် တစ်ဖာလုံခရီးခန့်မှ နောက်ထပ်၍ ဇီးကွက်တစ်ကောင် မြည်ပြန်ပြီးလျှင် တစ်ဖာလုံလျှင် ဇီးကွက်တစ်ကောင်ကျ သုံးလေးဖာလုံတိုင်အောင် ဆက်လက်မြည်အော်ကြလေ၏။ ထိုအခါ

**ရှား**။ ။'ဘယ့်နှယ်လဲဗျို့ ကိုသိန်းမောင်၊ သည်အရပ်မှာ ဇီးကွက်တစ်ကောင် မြည်တယ်ဆိုရင် တော်စေဦးတော့ ၊ ယခုတော့ ဇီးကွက်တွေ ပေါလှချေကလားဗျာ၊ ခင်ဗျား ဘယ့်နှယ်ထင်သလဲဗျို့'

**ကျွန်တော်**။ ။'ကျွန်တော်ဖြင့် တယ်ဟန်မရဘူး ထင်တယ် ခင်ဗျာ၊ ဇီးကွက်သံမှ ဟုတ်ပါလေစ၊ အချက်ပေးတဲ့ အသံများလားဗျာ'

**ရှား။** ။'ဒါနှင့်တူတယ်၊ သို့သော် သတိမလစ်စေနှင့်နော်၊ ခြောက်လုံးပြူးကို ထုတ်ထားဗျို့၊ မည်းခနဲ မြင်ရင် ပစ်သာပစ် ၊ ချမ်းသာမပေးနှင့်'

ငင်းနောက် ကျွန်တော်တို့သည် အလျင်စလို မသွားကြဘဲ လမ်းစခန်းကို ကြည့်လျက် ခပ်ဖြည်းဖြည်းလျှောက်သွားကြစဉ် ဒိုင်းခနဲ သေနတ်သံတစ်ချက်ကို ကြားပြီးနောက် ကျည်စေ့သည် ကျွန်တော်တို့ နှစ်ယောက် အကြားမှ ဗိုခနဲ ဖြတ်သွားသည်ကို ကြားလိုက်ရလေ၏။

'ဝပ်ဗျို့ ကိုသိန်းမောင် ၊ ဝပ်အိပ်လိုက်'

ဟု မောင်စံရှားက ပြောပြောဆိုဆိုနှင့် ဝပ်၍နေသည်တွင် ကျွန်တော်လည်း ငင်းနည်းတူ ဝပ်မိသည်နှင့် တစ်ပြိုင်နက် 'ဒိုင်း ဒိုင်း ဒိုင်း' စသည်ဖြင့် သေနတ်သံ သုံးလေးချက်တို့သည် ဆက်လက်၍ မြည်ဟိန်းလျက် ကျည်ဆံတို့သည်လည်း 'ဗို ဗို ဗို' ဟု မြွေတွန်သကဲ့သို့ ဦးခေါင်းပေါ်မှ တွန်မြည်ပြေးသွားကြပြီးလျှင် ကျွန်တော်တို့အနီး မြေကြီး၌ ထိမှန်ကြလေ၏။

သေနတ်သံစဲသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ဦးခေါင်းကို အနည်းငယ် ထောင်၍ကြည့်လိုက်ရာ တစ်ဖာလုံ မရှိတရှိ ခရီး၌ လူတစ်ယောက်သည် ကုန်းများ ချိုင့်များကို ကျော်လွှားပြေးသွားလျက် ရှိနေသည်ကို တွေ့မြင်ရသဖြင့် မောင်စံရှားအား လက်ကုတ်၍ ပြသည်တွင် မောင်စံရှားက

'လောစိန်ပဲဗျို့၊ ကံစွန့်ကံစမ်း တစ်ချက်တော့ ပစ်ကြည့်စမ်းမယ်ဗျာ'

ဟု ပြော၍ ခြောက်လုံးပြူးသေနတ်ဖြင့် ကောင်းစွာချိန်လျက် တစ်ချက်မျှ ပစ်ဖောက်လိုက်လေ၏။

ဒိုင်းခနဲ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသူသည် မြေ၌ ဒလိမ့်ခေါက်ကွေး လဲသွားသဖြင့် ကျွန်တော်တို့လည်း ထ၍လိုက်ကြသည်တွင် လောစိန်လည်း ထ၍ပြေးပြန်လေ၏။

ကျွန်တော်တို့ကလည်း အစွမ်းကုန် ပြေး၍လိုက်၊ လောစိန်ကလည်း အစွမ်းကုန် ပြေးလေရာ ၁၀ မိနစ်ခန့် ရှိလျှင် လောစိန်သည် မီလုမီကာနီး ရှိပြီးမှ ရှေးကနည်းတူ ပျောက်သွားပြန်လေ၏။ 'မရဘူးမောင်၊ သည်တစ်ခါတော့ မင့်ဉာဏ်ကို ငါသိပြီ'

ဟု ပြောလျက် မောင်စံရှားလည်း ထိုအရပ်သို့ ရောက်သောအခါ မြေပေါ်၌ အနှံ့အပြားရှိနေသော ချိုင့်များ ၊ ကျင်းများ ၊ ကျောက်လုံးကြီးများကို တစ်ခုပြီးလျှင် တစ်ခု စေ့ငအောင် ရှာဖွေလေ၏။ တစ်ခုသော ကျောက်လုံးကြီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လောစိန်သည် ကျောက်လုံးနောက်မှ ရုတ်တရက် ထွက်လာ၍ ကျွန်တော်အား လက်ခြေတို့ဖြင့် သိမ်းကျုံး၍ ဖက်လိုက်ရာ ငင်း၏အဟုန်ကြောင့် ကျွန်တော်ရော လောစိန်ပါ မြေပေါ်၌ ဒလိမ့်ခေါက်ကွေးကျသွားကြလေ၏။ ကျွန်တော်တို့နှစ်ဦးမှာ လက်လျှင် လက်ချင်း၊ ခြေလျှင် ခြေချင်း ချိတ်တွယ် ရစ်ပတ်လျက် သူ့ထက်ငါ အနိုင်ရအောင် အားထုတ်လုံးထွေးလျက် ရှိကြစဉ် မောင်စံရှားသည် လောစိန်၏ခြေနှစ်ဖက်ကို ကိုင်ထားသည်တွင်မှ ကျွန်တော့်မှာ အနိုင်ရ၍ လဲရာမှ ထရလေ၏။

ထမိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အချိန်ကို မဖြုန်းတီးဘဲ လောစိန်၏အိတ်များကို ရှာဖွေရာ အပေါ် အင်္ကျီအတွင်းအိတ်မှ ဆင်စွယ်သေတ္တာငယ်ကို စမ်းမိသဖြင့် 'ရပြီဗျို့ သေတ္တာရပြီ' ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုယူငင်လေ၏။ နောက်တစ်ခဏ၌ကား မောင်စံရှားသည် ဒူးထောက်လျက်ရှိရာမှ နောက်သို့ ပက်လက်လန်၍ လဲပြီးလျှင် ဦးခေါင်းကို ကျောက်လုံးနှင့် ဆောင့်မိသဖြင့် သတိလစ်သွားလေ၏။ လောစိန်မှာမူ လဲရာမှ လူးလဲကာ ထပြီးလျှင် ထွက်ပြေးပြန်လေ၏။ ကျွန်တော်မှာမူ မောင်စံရှားကိုလည်း ပစ်မထားခဲ့နိုင်။ သေတ္တာကိုလည်း ရပြီးဖြစ်သောကြောင့် လောစိန်နောက်သို့ မလိုက်နိုင်ဘဲ ရှိခဲ့ရလေ၏။

သတိရ၍လာသောအခါ မောင်စံရှားက

'တိုင်းပြည်မှာ တရုတ်တွေ ကြီးစိုးနေတာ အံ့ဩစရာ မရှိဘူးဗျို့၊ အပွဲပွဲမှာ နွှဲခဲ့လုပြီ၊ သည်တစ်ခါမှ ပါးချိတ်ကို တရုတ်ခြေ ကန်ခံရသဗျာ၊ နို့ ဘယ့်နှယ်လဲ၊ သေတ္တာတော့ ရလိုက်တယ် မဟုတ်လား'

**ကျွန်တော်**။ ။'ရလိုက်ပါသေးရဲ့ဗျာ၊ လောစိန်တော့ မမိလိုက်ဘူး'

**ရှား**။ ။'ခင်ဗျားအပြစ်မဟုတ်ပေဘူး၊ ကျုပ်က လိုသွားပေတယ်၊ သို့သော် သည်အကောင်နှင့် ကျုပ်နှင့် လွဲနိုင်သေးရိုးလားဗျာ'

၎င်းနောက် ကျွန်တော်တို့သည် ရော်ဘာခြံဝအနီးသို့ ပြန်သွားကြ၍ အိမ်ပေါ် သို့ တက်လျှင် ကျွန်တော်တို့ ချည်နှောင်ထားခဲ့သော ပေါက်ကြွယ်မှာ မရှိတော့ချေ။ ကြိုးများကို ဓားဖြင့် ခုတ်ထစ်ထားကြောင်းကိုကား တွေ့ရှိရ၏။ အခြားသောလူသံသူသံများကိုလည်း မကြားရတော့ချေ။ ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ

**ရှား**။ ။'တတ်နိုင်ဘူးလေဗျာ၊ လိုချင်တာ ရရင်လဲ စိတ်ကျေနပ်ရတော့မှာပဲ၊ သို့သော် ကျုပ်တို့ နန်းစဉ်ပတ္တမြားမှ ပါပါလေစ၊ ကြည့်ရဦးမယ်'

ဟု ပြောလျက် သေတ္တာငယ်ကို ဖွင့်ကြည့်ရာ လောစိန်ပိုင်ဖြစ်သော ကျောက်သံပတ္တမြားများအပြင် နန်းစဉ်ပတ္တမြား ကျောက်လည်း ပါရှိကြောင်း တွေ့ရှိရလေ၏။ ၎င်းနောက်

**ရှား**။ ။'ကိုင်း ကိုသိန်းမောင် ၁၂ နာရီတော့ ထိုးပြီ၊ သို့ပေမယ့် ကျုပ်တို့ သည်မှာအိပ်လို့ မဖြစ်ပေဘူး၊ ကျွန်းချောင်းရောက်အောင် ပြန်ရလိမ့်မယ်၊ တတ်နိုင်ပါ့မလား'

**ကျွန်တော်**။ ။'သူများတတ်နိုင်ရင် တတ်နိုင်ရတာပဗျာ'

၎င်းနောက် ကျွန်တော်တို့သည် ရော်ဘာခြံစခန်းမှ ထွက်ခွာခဲ့၍ ကျွန်းချောင်းရွာသို့ ရှေးရှုလာခဲ့ကြရာ နာရီတစ်ဝက်ခန့်မျှ ကြာရှိလျှင် လမ်းလည်တည့်တည့်၌ လှည်းတစ်စီး ရပ်လျက်ရှိသည်ကို မြင်ကြသဖြင့် ဒိတ်ခနဲ ဖြစ်၍သွားလေ၏။ သေချာစွာ ကြည့်ရှုသော အခါ၌မူ မောင်ထွန်းအောင်မှာ လှည်းပေါ်၌ တုတ်နှောင်လျက် သတိမရရှိနေရာ မင်းကတော်ကြီးသားအမိ နှစ်ယောက်မှာမူ အစအနမျှ မမြင်ရတော့ချေ။

ထိုအခါ မောင်စံရှားလည်း အနှောင်အဖွဲ့တို့ကို ဖြေပြီးနောက် အကျိုးအကြောင်းကို မေးမြန်းမည်ဟု မောင်ထွန်းအောင်အား သတိရအောင် ပြုလုပ်၍ ပေးနေစဉ် ကျွန်တော်တို့ နောက်မှ မြင်းခွာသံများ ကြားရသည့်ပြင် လက်နှိပ်ဓာတ်မီးလည်း လက်ခနဲ လက်ခနဲ ထိုးသည်ကို တွေ့မြင်ကြရလေ၏။ တစ်ခဏမျှ ကြာလျှင် လူတစ်ယောက်သည် မြင်းတစ်စီးနှင့် ရောက်လာရာ

**ရှား**။ ။'ရှေ့မတိုးနှင့်နော်၊ တိုးရင် ပစ်လိုက်မယ်၊ မင်း ဘယ်သူလဲ'

**ထိုသူ**။ ။'ထောင်ကဲစာ ပါတယ် ဆရာကီး၊ စာပေးဖို့ ကျွန်ုပ်လာတယ်'

**ရှား**။ ။(သေနတ်နှင့်ချိန်ရွယ်ထားလျက်) 'ယူခဲ့ မင်းစာ'

စာပေးလာသောသူမှာ ပေါက်ဖော် တစ်ယောက်ဖြစ်လေရာ လက်ျာဖက်ပါးပြင်၌ကား မီးလောင်ဖုကဲ့သို့ ဒဏ်ရာတစ်ခု ရှိလေ၏။ မောင်စံရှားလည်း စာကို လှမ်းယူပြီးနောက် လက်နှိပ်ဓာတ်မီးရောင်၌ စာကို ဖွင့်၍ဖတ်ကြည့်ရာ ၎င်းစာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပါရှိလျက် မြန်မာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**"မိတ်ဆွေကြီး ဦးစံရှား၊ လှည်းနှင့် ခင်ဗျား၏ လူကို မြင်သဖြင့် မင်းကတော်ကြီးသားအမိနှစ်ယောက်တို့မှာ ကျွန်ုပ်လက်တွင်းသို့ ရောက်ပြီးကြောင်း ခင်ဗျား တွေးနိုင်ပေလိမ့်မည်။ ခင်ဗျား၏ မိတ်ဆွေများအသက်ကို နှမြောခဲ့ပါလျှင် ကျွန်ုပ်၏ ပစ္စည်းများ ယခုလာရောက်သူ၏ လက်သို့ ပြန်၍ပေးလိုက်ပါ။ နန်းစဉ်ပတ္တမြားလည်း ချန်၍မထားပါနှင့်။ အားလုံးပြန်၍ ရလျှင် မစိန်ကြည် သားအမိကို ကျွန်ုပ်လွှတ်လိုက်ပါမည်။ ပြန်၍မရလျှင် တစ်နာရီအတွင်း ကိစ္စတုံးအောင် စီရင်လိုက်မည်။ အချည်းနှီးခြိမ်းခြောက်သည်ဟု မထင်မှတ်ပါလေနှင့်။ တကယ်စီရင်ပါလိမ့်မည်"**

မောင်စံရှားသည် ထိုစာကို ဖတ်ပြီးနောက် နှုတ်ခမ်းကိုက်ကာ အတန်ငယ် စဉ်းစားပြီးလျှင် အောက်ပါအတိုင်း စာတစ်စောင်ကို ပြန်၍ရေးလိုက်လေ၏။

**"စာပါ ပစ္စည်းများကို တစ်ခါတည်း ပြန်မပေးလိုက်နိုင်၊ သို့ရာတွင် မင်းကတော်ကြီးသားအမိနှင့် လဲလှယ်လိုက ရော်ဘာ ခြံဝင်း တံခါးအနီးမှ စောင့်၍နေမည်။ ချက်ချင်း လာခဲ့ပါ။"**

၎င်းနောက် စာကို ပေါက်ဖော်အား ပေးလိုက်ရာ ပေါက်ဖော်လည်း မြင်းနှင့် စိုင်းသွားလေ၏။ မောင်စံရှားလည်း ဖြုတ်ထားသော နွားများကို လှည်းသို့ပြန်၍တပ်ပြီးနောက် သတိအနည်းငယ်ရလာသော မောင်ထွန်းအောင်ကို လှည်းနှင့်တင်၍ ရော်ဘာခြံစခန်းသို့ ပြန်ကြရပြန်လေ၏။

ဝင်းတံခါးသို့ ရောက်ကြသောအခါ လောစိန်သည် မင်းကတော်ကြီး သားအမိနှစ်ယောက်နှင့် စောင့်ဆိုင်းလျက်ရှိရာ မောင်စံရှားသည် တစ်ဖက်သောလက်ဖြင့် သေတ္တာငယ်ကို လှမ်းပေး၍ တစ်ဖက်သောလက်ဖြင့် သားအမိနှစ်ယောက်ကို ခေါ်ပြီးလျှင် လှည်းပေါ် သို့ တက်စေလေ၏။ လှည်းပေါ် သို့ တက်မိလျှင်

**ရှား**။ ။'သွားသေးပြီ၊ လောစိန်၊ နောက်များမှ တွေ့ကြဦးစို့'

**စိန်**။ ။'ခင်ဗျားလိုလူနှင့် ဖက်ပြိုင်ရတာ ဝမ်းမြောက်သဗျာ၊ နို့နေဦး၊ ကျုပ်လှည်းကို ယူသွားမယ်လို့လား'

**ရှား**။ ။'နက်ဖြန်တော့ ပြန်ပို့လိုက်ပါ့မယ်'

၎င်းနောက် ကျွန်တော်တို့သည် ကျွန်းချောင်းရွာသို့ ပြန်လာခဲ့ကြရလေ၏။

× × × × × ×

ကျွန်တော်မှာ ညဉ့်အခါက အအိပ်ပျက်သည်ဖြစ်၍ သူကြီးအိမ်၌ အိပ်ပျော်နေဆဲတွင် မောင်စံရှားသည် ကျွန်တော်၏ ပုခုံးကို လှုပ်နှိုး၍

'ကိုသိန်းမောင် မြန်မြန်လုပ်ဗျာ၊ ကာဖီသောက်ပြီး အဝတ်လဲစမ်းဗျ၊ သွားကြရအောင်'

**ကျွန်တော်**။ ။'ဘယ်ကိုလဲဗျ'

**ရှား**။ ။'ဘယ်ဖြစ်ဖြစ်လေ၊ လုပ်စမ်းပါ မြန်မြန်'

ကာဖီသောက်ပြီးနောက် မောင်စံရှားသည် ကျွန်တော်အား အခန်းတွင်းသို့ ခေါ်ပြီးလျှင် ကျွန်တော်၏မျက်နှာကိုလည်းကောင်း၊ သူ၏မျက်နှာကို လည်းကောင်း ဆေးများခြယ်လှယ်၍ အဝတ်များ လဲလှယ်ကြရာ အပြင်သို့ ထွက်လာသောအခါ၌ကား မိုင်းသာ လူမျိုးနှစ်ယောက်၏ အဖြစ်သို့ ရောက်ကြလေ၏။

ကျွန်တော်သည် မောင်စံရှားပြင်ဆင်၍ ထားသော လှည်းပေါ် သို့ တက်ပြီးနောက် မောင်စံရှားသည် လှည်းဦးမှ နွားများကို မောင်းနှင်၍လာကြရာ လမ်းခရီးတွင်

**ကျွန်တော်**။ ။'လှည်းကို ပြန်အပ်ဖို့ ရပ်ဖျက်ပြီး လာကြတာပေါ့လေ၊ ဖြစ်ပါ့မလားဗျာ'

**ရှား**။ ။'ဖြစ်ချင်ဖြစ် ၊ မဖြစ်ချင်နေဗျာ၊ နုနုနှင့် မရရင်လဲ ကြမ်းကြမ်းပေါ့၊ ညကတုန်းကတော့ မိန်းမသားတွေ ပါနေတဲ့အတွက် လျှော့ပေးလိုက်ရတယ်၊ သည်တစ်ခါတော့ အတင်းကြံရလိမ့်မယ်ဗျို့'

ရော်ဘာခြံစခန်းသို့ရောက်လျှင် ကျွန်တော်တို့သည် ဝင်းတံခါးမှ ဝင်ကြ၍ အိမ်ရှေ့၌ လှည်းကို ရပ်မိသည်နှင့် တစ်ပြိုင်နက် လောစိန်နှင့် ပေါကြွယ်တို့သည် ပြတင်းပေါက်မှ ထွက်၍ကြည့်ကြရာ

**ရှား**။ ။(မိုင်းသာကဲ့သို့ ဝဲတဲတဲ လုပ်လျက်) 'ဟေး လှည်းယူခဲ့ပြီဟေ့၊ ယူလှာ ယူလှာ'

**စိန်**။ ။'ဦးစံရှားက စကား အတည်သားကပဲ၊ အေးအေး ထားခဲ့ထားခဲ့၊ လောဟူရေ လှည်းယူလိုက်ပါဟေ့'

ပေါက်ဖော်တစ်ယောက်လည်း အိမ်နောက်မှ ထွက်လာ၍ လှည်းကို လက်ခံလေလျှင် မောင်စံရှားသည် အိတ်မှ စာတစ်စောင်ကို ထုတ်၍

'ဟေး ပေါက်ဖော်၊ နင်တို့ ဆရာကြီး ပေးပါ'

ဟု ပြောပြီးလျှင် ပေးအပ်ရာ အစေခံလည်း စာကို ယူ၍ အိမ်ပေါ် သို့ တက်သွားလေ၏။ ၎င်းစာမှာ မောင်စံရှား ကိုယ်တိုင်က လောစိန်ထံ ရေးလိုက်သော စာဖြစ်ရာ ၎င်းမှာ

**"ကတိထားသည့်အတိုင်း မိုင်းသာနှစ်ယောက်ကို လှည်းနှင့်တကွ စေလွှတ်လိုက်သည်။ ထိုသူနှစ်ယောက်မှာ အလုပ်အကိုင် မရှိကြ၍ သင်၏ ရော်ဘာခြံ၌ အလုပ်များ ပေးနိုင်က ကျေးဇူးကြီးပါ၏။**

**စံရှား"**

တစ်ခဏမျှကြာလျှင် အစေခံပေါက်ဖော်လည်း ဆင်းလာ၍ ကျွန်တော်တို့ နှစ်ယောက်ကို အိမ်ပေါ်သို့ တက်ရန် ခေါ်ငင်ရာ မောင်စံရှားက

'ရိပ်မိသလားတော့ မဆိုနိုင်ဘူး၊ သို့သော် လက်နက်ကိုတော့ သတိနှင့် ကိုင်ဗျို့'

ဟု ကျွန်တော့်အား သတိပေး၍ အိမ်ပေါ် သို့ တက်သွားကြလေ၏။

လောစိန်နှင့် ပေါကြွယ်တို့လည်း ကျွန်တော်တို့ကို အိမ်ရှေ့၌ဧည့်ခံ၍ လောစိန်သည် စကားနှစ်ခွန်းသုံးခွန်းမျှ မေးသဖြင့် အပြန်အလှန် ပြောဆိုလျက် ရှိကြစဉ် ဝုန်းခနဲ အသံကြားပြီးနောက် ကျွန်တော်တို့၏ လက်များမှာ ကြိုးကွင်းများ စွပ်၍ ချည်နှောင်ပြီး ဖြစ်ကြလေ၏။ နောက်တစ်ခဏ၌ လူလေးငါးယောက်တို့သည် ကျွန်တော်တို့အား ကြမ်းပေါ် သို့ တွန်းလှဲလိုက်သဖြင့် မည်သို့မျှ မခုခံနိုင်ဘဲ လဲလျက် ရှိနေကြရလေ၏။

ထိုအခါ လောစိန်နှင့် ပေါကြွယ်တို့လည်း ကာဖီများကို စည်းစိမ်ခံ၍ သောက်ကြပြီးလျှင် ကျွန်တော်တို့ကို လှောင်ပြောင်ရယ်မောနေကြပြီးနောက်

**စိန်**။ ။'ကိုင်း ကိုင်း၊ ကိုယ့်ဆရာများကို အငြိမ့်ကလေးနှင့် ဖျော်ဖြေရဦးမယ်၊ ဘယ်မှာလဲ မင်းသမီးသစ်ရောက်လာတယ်ဆို၊ ခေါ်ခဲ့စမ်းပေစေ'

ဟု အစေခံတစ်ယောက်အား ပြောလိုက်သည်တွင် ဇာတ်ဝတ်ဇာတ်စားနှင့် ပြင်ဆင်၍ထားသော မိန်းမတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာရာ ကျွန်တော်နှင့် မောင်စံရှားတို့မှာ အံ့အားသင့်ကာ ငေးလျက် ရှိနေကြရလေ၏။ အကြောင်း သော်ကား ထိုမိန်းမမှာ မစိန်ကြည်ပင် ဖြစ်သောကြောင့်တည်း။

လောစိန်လည်း မစိန်ကြည်ဖြစ်ကြောင်းကို သိသည်နှင့် တစ်ပြိုင်နက် ကြောင်တောင်ငေးလျက် ရှိစဉ် မစိန်ကြည်သည် ဖခင်လက်ထက်က ရခဲ့သော ခြောက်လုံးပြူးသေနတ်ကို ရုတ်တရက်ထုတ်လိုက်ပြီးနောက် ထိုသူနှစ်ယောက်တို့အား ချိန်ရွယ်ရင်း ကျွန်တော်တို့အား တုတ်ထားသော ကြိုးများကို လက်တစ်ဖက်က ဓားမြှောင်ဖြင့် ဖြတ်တောက်လေ၏။

လွတ်မြောက်ကြသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် လောစိန်၏ ပခုံးကို ကိုင်ပြီးလျှင် 'ကိုင်း ငါ့လူ ... ' ဟု ပြောဆဲတွင် လောစိန်သည် ရုတ်တရက်ထ၍ မောင်စံရှားနှင့် ထွေးလုံးလျက် ရှိလေ၏။ ထိုခဏ၌ ပေါကြွယ်လည်း မောင်စံရှားကို ဓားမြှောင်နှင့် ပြေးဝင်၍ထိုးပြီးလျှင် အိမ်ပေါ်မှ ခုန်ဆင်းပြေးလေရာ မောင်စံရှားကိုကား မထိုးမိ၊ လောစိန်၏ ရင်ဝကို ထိုးမိသဖြင့် ပွဲချင်းပြီး သေဆုံးလေ၏။

ဆင်စွယ်သေတ္တာကိုမူ လောစိန်၏ မီးခံသေတ္တာတွင်းမှ ရရှိလေရာ ကျွန်တော်တို့သည် ၎င်းကို ယူငင်၍ ဆိုင်ရာသို့ လောစိန်၏ အကြောင်းတိုင်တန်းပြီးနောက် မင်းသမီးသင်္ဘောနှင့် အင်းရွာသို့ ပြန်လာကြလေ၏။

အင်းရွာသို့ ရောက်ကြသောအခါ မင်းကတော်ကြီး သားအမိနှစ်ယောက်တို့မှာ ဗန်းမော်သို့ မသွားတော့ဘဲ ရန်ကုန်သို့ ပြန်လိုကြောင်းပြောကြရာ မောင်စံရှားက မိမိမှာ လောစိန် သေဆုံးသည့် အတွက် ကသာ၌ သက်သေခံရန် ကိစ္စရှိသေးသည်ဖြစ်၍ ဆင်စွယ်သေတ္တာကို မစိန်ကြည်လက်သို့ ပေးအပ်ပြီးလျှင် မိမိပြန်လာသည့်တိုင်အောင် ကောင်းမွန်စွာ ထိန်းသိမ်းရန် မှာထားလိုက်လေ၏။

ကျွန်တော်နှင့် မောင်စံရှားတို့သည် နန်းစဉ်ပတ္တမြားကို တရုတ်ကပြား လောစိန်၏လက်မှ ပြန်လည် ရရှိလာပြီးနောက် ၎င်းပတ္တမြားကို မစိန်ကြည်၏လက်ဝယ် ပေးအပ်၍ မောင်စံရှားမှာ လောစိန်သေဆုံးသည့် ကိစ္စနှင့် ပတ်သက်၍ ကသာမြို့၌ သက်သေခံရန် နေရစ်ရလေရာ ကျွန်တော်မှာ မိဘရပ်ထံသို့ မရောက်သည်မှာ အတန်ကြာပြီဖြစ်၍ ရွှေဘိုတောင်လက်သို့ သွားရောက်လည်ပတ်လျက် ရှိနေခဲ့လေ၏။ မောင်စံရှားမှာ ကသာမြို့၌ ပထမက ထင်မြင်သလောက် ကြာရှည်စွာ မနေရသည်ဖြစ်သောကြောင့် ကျွန်တော်အား ဝင်ရောက်ခေါ်ငင်ရန် အားနာသည် တစ်ကြောင်း၊ အကယ်၍ ရက်ကြန့်ကြာခဲ့ပါက ပတ္တမြားကြီးကို စိန်ဘာဘူ၏လက်သို့ အပ်နှင်းရန် ကိစ္စမှာ နှောင့်နှေးကြန့်ကြာမည်လည်း တစ်ကြောင်းကြောင့် ကျွန်တော်ရှိရာသို့ မဝင်လာဘဲ ရန်ကုန်မြို့သို့ တိုက်ရိုက်ပြန်သွားနှင့်လေ၏။ သို့ဖြစ်ရကား ပတ္တမြားအမှု၌ ဆက်လက်စုံထောက်ရခြင်းမှာ ယခင်က အမှုများကဲ့သို့ ကျွန်တော်ကိုယ်တိုင် မပါရှိဘဲ မောင်စံရှား၏ ဒိုင်ယာရီမှတ်တမ်းများမှ ကြည့်ရှုရေးသားရခြင်း ဖြစ်ပါသောကြောင့် ကိုယ်တိုင် ကြားသိရသည့် အနေဖြင့် မဟုတ်ဘဲ ဝတ္ထုသွားကဲ့သို့ စီရင်ရေးသားရခြင်း ဖြစ်ပါသည်။

မစိန်ကြည်နှင့် ၎င်း၏မိခင် နယ်ခြားအရေးပိုင်ကတော်ကြီးတို့သည် မိမိတို့ မူလ ရည်ရွယ်ရင်းအတိုင်း ဗန်းမော်မြို့သို့ မသွားဘဲ ရွှေလီချောင်းမှ ရန်ကုန်မြို့သို့ ပြန်လာကြပြီးနောက် မိမိတို့ နေရပ်ဖြစ်သော ကြို့ကုန်းရွာ၌ နေထိုင်လျက်ရှိကြစဉ် တစ်ညနေ၌ မစိန်ကြည်သည် စာပို့ကုလားထံမှ မိမိ၏နာမည်နှင့် စာတစ်စောင်ကို ရရှိရာတွင် ဖခင်ရှိစဉ်အခါက အပျင်းပြေအင်္ဂရုတ်ထိုးရန် ဆောက်လုပ်၍ ထားခဲ့သော သနပ်ဖက် တဲအတွင်းသို့ စာကို ယူ၍ဝင်သွားလေ၏။ တဲတွင်းသို့ ရောက်လျှင် ကြိမ်ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်လျက် စာကိုဖောက်၍ဖတ်ရာ အောက်ပါအတိုင်းတွေ့ရှိရလေ၏။

ကသာမြို့

အောက်တိုဘာလ ၂၈ ရက်

**စာရေးလိုက်ပါသည်။ တူမကြီးတို့ သားအမိနှစ်ယောက် ရန်ကုန်သို့ ကောင်းမွန်စွာ ဆိုက်ရောက်ကြောင်း ကြေးနန်း ရရှိ၍ များစွာ ဝမ်းမြောက်ပါသည်။ ဦးမှာလည်း လောစိန်၏ကိစ္စပြီးလျှင် ပြီးချင်း ပြန်လာခဲ့ပါမည်။ အမှုမှာ**

**ထင်သလောက် မကြန့်ကြာဘဲ နက်ဖြန်သဘက်လောက် ပြန်ရလိမ့်မည်ဟု တရားသူကြီးက ပြောပါသည်။ အထူးမှာ နန်းစဉ်ပတ္တမြားကို အထူးသတိပြု၍ သိမ်းဆည်းထားပါလေ။ ဤမျှလောက် ကြီးလေးလှသော တာဝန်ကို တူမကြီးသို့ လွှဲအပ်မိသည်မှာ မှားချေပြီဟု နောင်တရမိပါသည်။ သို့ရာတွင် တူမကြီးအစွမ်းသတ္တိကို စိတ်ချမိသည်ဖြစ်၍ ချီးမြှင့်လိုသောသဘောနှင့် မူလက လွှဲအပ်လိုက်မိခြင်း ဖြစ်ပါသည်။ ပေါက္ကွယ်လည်း မမိသေးပါ။ အမှုမှာ ပေါက္ကွယ်နှင့်လည်း မပြီးသေး၊ လောစိန်နှင့်လည်း မဆုံးသေး၊ ၎င်းတို့၏အထက်မှ ကြိုးဆွဲ၍နေသော ဆရာကြီးများ ရှိသေးသည်ဟု သတင်းရရှိပါသည်။ သို့ဖြစ်၍ နေ့ရောညဉ့်ပါ အသွားအလာ အအိပ်အနေ အစခပ်သိမ်းတို့ကို ဝီရိယနှင့် နေထိုင်ပါလေ တူမကြီး မစိန်ကြည်။**

**စံရှား။**

၎င်းစာကို ဖတ်၍ဆုံးသည်နှင့် တစ်ပြိုင်နက် အစေခံဦးပြားသည် တဲတွင်းသို့ ဝင်လာ၍ ဧည့်သည်တစ်ယောက် ရောက်နေသဖြင့် မစိန်ကြည်နှင့် တွေ့လိုကြောင်းနှင့် လာရောက်ပြောဆိုလေ၏။ ထိုအခါ မစိန်ကြည်က လာခဲ့မည်ဟု ပြောလိုက်ပြီးလျှင် မောင်စံရှား၏စာကို ကုလားထိုင်နှင့် ဖုံ၏ အကြား၌ ဝှက်ထားပြီးမှ အိမ်ပေါ်သို့ တက်သွားလေ၏။ အိမ်နောက်လှေကားရင်း၌ ပန်းခူး၍နေသော မိခင်နှင့်တွေ့၍ မစိန်ကြည်၏ ကျောင်းနေဖက်သူငယ်ချင်းလေလောမသိ၊ မိန်းကလေးချောချော တစ်ယောက် အိမ်ရှေ့ဧည့်ခန်း၌ စောင့်နေကြောင်း ပြောသဖြင့် မစိန်ကြည်သည် အိမ်ပေါ် သို့ တက်သွား၍ ဧည့်ခန်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ငေးမောကြည့်ရှု၍ နေမိလေ၏။

ဧည့်ခန်းတွင်း အကောင်းဆုံးသော ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေး ရှိသော အမူအရာနှင့် ထိုင်လျက် အသက်သုံးဆယ်ခန့်မျှ ရှိ၍ အပြစ်ဆိုဖွယ်ရာမရှိအောင် ချောမောလှပသော မိန်းမတစ်ယောက်သည် နောက်ဆုံး ပေါ်ပေါက်သော အဝတ်အထည်တို့ဖြင့် စတိုင်ကျနစွာ ဝတ်ဆင်လျက် စီးကရက်တစ်လိပ်ကို သောက်ရှူကာနေသည်ကို တွေ့မြင်ရလေ၏။ ၎င်းမိန်းမမှာ မိမိ၏ အသိအကျွမ်းမဟုတ်သည့်အတွက် အံ့သြခြင်းထက် မိန်းမတို့ ဓမ္မတာသဘောအတိုင်း ဂိုက်ကျအောင် ဝတ်ဆင်တတ်သော မိန်းမတစ်ယောက်သည် မိမိထက်ပင် ပိုမို၍ ဂိုက်ကျအောင် ဝတ်ဆင်၍ထားသော အခြားမိန်းမတစ်ယောက်ကို မြင်ရသောအခါ၌ အံ့သြခြင်းက သာလွန်ထူးကဲ ခဲ့လေ၏။

၅ စက္ကန့်အတွင်းတွင် ဤမိန်းမသည်ကား သာမညမိန်းမတစ်ယောက် မဟုတ်ကြောင်းကို အကဲခတ်မိပြီးနောက် မစိန်ကြည်သည် အနီးရှိ ကုလားထိုင်ပေါ်၌ ထိုင်မိလျှင်

**မိန်းမ။** ။'မစိန်ကြည် မဟုတ်ပါလား'

**ကြည်။** ။'မှန်ပါတယ်၊ ဘာကိစ္စပါလဲရှင်'

**မ။** ။'မင်းကတော် မိမိလေး ဆိုတာ ကျွန်မပါပဲ'

**ကြည်။** ။'သည်းခံပါရှင်၊ ကျွန်မက ကောင်းကောင်းမမှတ်မိဘူး၊ ကျွန်မတို့ ဘယ်မှာတွေ့ဖူးကြပါသလဲရှင်'

**မ။** ။'မတွေ့ဖူးကြပါဘူး ၊ မစိန်ကြည်၊ သို့သော် နှစ်ယောက်စလုံးအတွက် အရေးကြီးတဲ့ ကိစ္စတစ်ခုနှင့် ကျွန်မ လာရခြင်းဖြစ်ပါတယ်၊ သည်နေရာမှာ စကားပြောလို့ လူများကြားနိုင်သလား၊ တစ်ဆိတ်လောက်တံခါးပိတ်လိုက်ပါရှင်'

ဟုပြောသဖြင့် မစိန်ကြည်က တံခါးကို ထ၍ ပိတ်ပြီးနောက်

**မ**။ ။(မစိန်ကြည်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးမှ) 'ကျွန်မမိတ်ဆွေများက မစိန်ကြည်ကို အင်မတန်ခေါင်းမာလိမ့်မယ်လို့ ပြောနေကြတယ်ရှင့်၊ ဒါကြောင့် ကျွန်မကိုယ်တိုင် အကျိုးအကြောင်းပြောပြရင် နားလည်ပါလိမ့်မယ် လို့ ပြောပြီး ကိုယ်တိုင် လာခဲ့ရခြင်း ဖြစ်ပါတယ်'

**ကြည်**။ ။'ကျွန်မ ကောင်းကောင်း နားမလည်ပါဘူးရှင်၊ ဘယ်က ... '

**မ**။ ။'ကိုင်း တိုတိုတုတ်တုတ် ပြောလိုက်တော့မယ်၊ မစိန်ကြည်တို့မှာ ဖခင်ဆုံးပြီးတဲ့နောက် ထင်သလောက် ကြေးငွေ မကျန်ရစ်တဲ့ အတွက် ကျပ်တည်းနေတယ် မဟုတ်လား၊ ကျွန်မပြောတာ တစ်ခုလုပ်ရင် ၅၀၀၀ ပေးပါမယ်ရှင်'

**ကြည်**။ ။(အလွန်အံ့ဩလျက်ရှိနေပြီးမှ မောင်စံရှားက သတိပေးလိုက်သော စာကို သတိရသဖြင့် ထိုမိန်းမ၏ ကိစ္စကို ရိပ်မိ၍) 'ကျွန်မ နားမလည်နိုင်အောင် ရှိနေပါတယ်ရှင်'

**မ**။ ။(နားလည်ပြီးဖြစ်ကြောင်းကို ရိပ်မိသော်လည်း) 'ဦးစံရှား အပ်လိုက်တဲ့ အထုပ်ကလေးကို ကျွန်မကို ပေးပါ၊ ငွေ ၅၀၀၀ ယခုချက်ချင်း ကျွန်မ ပေးပါမယ်'

**ကြည်**။ ။(ထိုင်ရာမှ ထလျက်) 'ရှင်ဘာတွေ ပြောနေမှန်းကို ကျွန်မ နားမလည်ပါဘူးရှင်၊ သို့သော် နားလည်အောင်လည်း ပြောမနေပါနှင့်တော့၊ မသွားခင် လက်ဖက်ရည်တစ်ခွက်လောက်သောက် ... '

**မ**။ ။(စူးရှသောမျက်လုံးတို့ဖြင့် စေ့စေ့ကြည့်လျက်) 'သတိထားပါနော် မစိန်ကြည်၊ ကျွန်မတို့ အထဲမှာ ရှင်ဝင်ပြီး မရှုပ်ချင်ပါနှင့်၊ အကျိုးလဲ မရှိ၊ ဘေးအန္တရာယ်လည်း ရောက်တတ်သေးရဲ့၊ ငွေ ၅၀၀၀ ကိုသာ အေးအေးယူပါရှင်'

**ကြည်**။ ။'အိုရှင့် ဦးပြား၊ ဧည့်သည်ဖို့ လက်ဖက်ရည် တစ်ခွက် ဖျော်ခဲ့ပါရှင်'

**မ**။ ။'သယ် မိမိလေးဆိုတာ မကြားဖူးလေရော့လား၊ ရှိစေ ရှိစေ၊ သတိထားရစ်ပါ မစိန်ကြည်၊ ကျုပ် သွားဦးမယ်'

၎င်းနောက် မိမိလေးသည် အိမ်ပေါ်မှ ဆင်းသွား၍ အိမ်ရှေ့၌စောင့်နေသော ကားကြီးပေါ် သို့ တက်မိသည်နှင့် တစ်ပြိုင်နက် ကားလည်း ထွက်သွားလေ၏။

၎င်းနောက် မစိန်ကြည်သည် မိခင် စိတ်ပူပင်မည်ကို စိုးသဖြင့် ထိုအကြောင်းကို မိခင်အား မပြောဘဲ မောင်စံရှား၏ စာကို ယူငင်ရန် သနပ်ဖက်တဲသို့ ဝင်သွားလေ၏။ ထိုအချိန်ကားနေဝင်စဖြစ်၍ မှောင်တော့မည်ဆဲဆဲ ရှိနေရာ မစိန်ကြည်သည် တဲတွင်းသို့ ဝင်၍ ကုလားထိုင်ပေါ်တွင် တင်ထားသော ဖုံကိုလှန်လိုက်ရာ မျက်လုံးပြာ၍ သွားလေ၏။ အကြောင်းသော်ကား မောင်စံရှား၏ စာသည် မရှိတော့ချေ။

ထို့နောက် မစိန်ကြည်သည် မိမိပင် အထားမှားလေသလောဟု မိမိ၏ အင်္ကျီအိတ်၌လည်းကောင်း၊ ကုလားထိုင်အောက်၌လည်းကောင်း၊ အကြိုအကြားတို့၌လည်းကောင်း ရှာဖွေပါသော်လည်း မတွေ့မရှိတော့ချေ။ ယင်းသို့ ဖြစ်ရကား မစိန်ကြည်မှာ များစွာ တုန်လှုပ်လျက် အစေခံဦးပြားကို ခေါ်ငင်မေးမြန်းမည်ဟု ဦးပြား၏အမည်ကို ခေါ်မည်ပြုသည်နှင့် လက်ကြီးတစ်ဖက်သည် မစိန်ကြည်၏ ပါးစပ်ကို ပိတ်ထားပြီးလျှင် လက်တစ်ဖက်သည် မစိန်ကြည်ကို ပွေ့ချီပြီးနောက် နှာဝ၌ ပြင်းထန်သော အနံ့တစ်ခုကို ရရှိ၍ သတိမေ့လျော့ နစ်မြောသွားလေ၏။

မောင်စံရှားသည် ကသာမြို့မှ ပြန်လည်ဆိုက်ရောက်ရာ မိမိနာမည်နှင့် ဆိုက်ရောက်နှင့်သော ကြေးနန်းများ၊ စာများကို ဖတ်ရှုလျက်ရှိစဉ် အောက်ပါကြေးနန်းတစ်စောင်ကို ဖတ်ရှုရလေ၏။

**"မစိန်ကြည် မနေ့က ပျောက်သွားလေပြီ။ အဒေါ် ရူးရချေရဲ့။ မြန်မြန်လာပါ။"**

ကြေးနန်းကို ဖတ်ရှုပြီးသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ကြို့ကုန်းသို့ ခရီးပြင်း မောင်းနှင်လာခဲ့၍ မင်းကတော်ကြီး၏ နေအိမ်သို့ ဆိုက်ရောက်လေလျှင် မင်းကတော်ကြီးမှာ နန်းစဉ်ပတ္တမြားအမှုနှင့် ပတ်သက်၍ ရေလည်အောင် မသိသော်လည်း

သမီးပျောက်သွားသည့်အတွက် ရင်ဘတ် စည်တီး ရှိနေနှင့်လေ၏။ ထိုအခါ မောင်စံရှားက စိုးရိမ်ရန် မရှိကြောင်း၊ မိမိ တွေ့အောင် ရှာပေးမည့်အကြောင်း ပြောဆိုပြီးနောက်

**ရှား။** ။'နေပါဦး ဒေါ်ဒေ ါ် အစေခံ ဘယ်နှစ်ယောက် ရှိသလဲ'

**တော်။** ။'မောင်ပြားရယ် ၊ ထမင်းချက်တဲ့ မယ်မိရယ်၊ ဥယျာဉ်မှူးလုပ်တဲ့ လူကလေး ဖိုးဆောင်းရယ် သုံးယောက်ရှိပါတယ် တူရယ်'

**ရှား။** ။'သူတို့ ယုံကြည်စိတ်ချရရဲ့လား'

**တော်။** ။'ငယ်မွေးခြံပေါက်ချည်းပါ မောင်ရယ် ၊ စိတ်ချရပါတယ်'

**ရှား။** ။'ဘယ်အချိန်လောက် ပျောက်သွားသလဲ'

**တော်။** ။'ညနေလောက် ပျောက်သွားပါတယ် တူရယ်'

**ရှား။** ။'ဧည့်သည် အဝင်အထွက်များ ရှိသလား'

**တော်။** ။'သြော် မိန်းမ တစ်ယောက်တော့ လာတယ် မောင်ရေ့၊ ဒေါ်ဒေါ် နှင့်တော့ မတွေ့လိုက်ရပါဘူး၊ မစိန်ကြည်ကို တွေ့ချင်တယ်ဆိုပြီး သူတို့နှစ်ယောက် အိမ်ပေါ် ထပ်မှာ စကားပြောနေကြရာမှ ထမင်းစားမယ်လို့ ဦးပြားကို အရှာခိုင်းတော့ တဲထဲဝင်သွားတာ မြင်တယ်ဆိုလို့ ရှာစေတာ မတွေ့ပါဘူး မောင်ရယ်'

ငင်းနောက် မောင်စံရှားသည် ဦးပြားကို ခေါ်၍ တဲငယ်သို့ ဝင်ပြီးလျှင် တဲ၏ အခြေအနေကို ကြည့်ပြီးနောက် အိမ်ပေါ် သို့ တက်လာ၍

**ရှား။** ။'မနေ့က လာတဲ့ မိန်းမကို ဒေါ်ဒေါ် မမြင်လိုက်ဘူးလား'

**တော်။** ။'ဟုတ်ကဲ့ ၊ ခဏကလေးတော့ မြင်လိုက်မိပါတယ်၊ မိန်းမ ပုပုပျပ်ပျပ် ချောချောလှလှ အဝတ်သစ် အစားသစ် နှင့်ပါပဲ မောင်'

**ရှား။** ။'လက်ျာဖက် ပါးမှာ မျက်ရည်ခံမှဲ့ကလေး မပါဘူးလား'

**တော်။** ။'ဒါတော့ သတိမထားမိဘူး မောင်ရယ်'

**ရှား။** ။'ဝတ်ပုံစားပုံကတော့ မစိန်ကြည်တို့လို ဘိုခတ်ဆန်ဆန် မဟုတ်လား'

**တော်။** ။'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သူတို့ ဝတ်ပုံမျိုးပါပဲ'

**ရှား။** ။'တန်တော့ မိမိလေးတို့ လူစုပဲ၊ ကိုင်း၊ ဘာမှ မပူနှင့် ဒေါ်ဒေ ါ် ကျွန်တော် ရအောင် ရှာပေးမယ်၊ သို့သော် ရက်တရက် မတွေ့ပေမယ့် သိပ်ပြီးမပူနှင့်နော် ဒေါ်ဒေ ါ် နှစ်ရက် သုံးရက် စသည်ကြာလျှင် မုချတွေ့စေမယ်၊ စိတ်သာချနေပါ ဒေါ်ဒေါ်'

ငင်းနောက် မောင်စံရှားသည် တဲ၏ ပတ်ဝန်းကျင် အရပ်တို့၌ လှည့်ပတ်ကာ ကြည့်ရှုရာ နောက်ဖေးလမ်းကြား၌ လူတစ်ယောက်၏ သွားခြေရာနှင့် ပြန်ခြေရာတို့ကို တွေ့ရှိလေ၏။ လာခဲ့သော ခြေရာထက် ပြန်သွားသော ခြေရာမှာ စူးဝင်ထင်ရှားသည် ဖြစ်သောကြောင့် မစိန်ကြည်ကို ပွေ့ချီ၍ ခေါ်ဆောင်သွားကြောင်း သိရှိရလေ၏။ ငင်းခြေရာအတိုင်း လိုက်သွားပြန်သော် ခြေရာတစ်ခုသည် မြေပေါ်၌ ကောင်းကောင်းကြီး စူးဝင်နေသည်ကို တွေ့ရှိရသဖြင့် ဤနေရာ၌ လူတစ်ယောက်သည် ရပ်၍စောင့်နေကြောင်း သိရှိရလေ၏။ ငင်းနောက် ခြေရာနှစ်ခုသည် ခြေလှမ်းမမှန်သည်ကို မြင်သဖြင့် ဤနေရာမှစ၍ မစိန်ကြည်ကို နှစ်ယောက် ပွေ့ချီ၍ယူသွားကြောင်း သိရှိရလေ၏။ ငင်းနောက် ကျောက်လမ်းပေါ် သို့ ရောက်သဖြင့် ခြေရာများ ပျောက်သွားလေ၏။

၎င်းနောက် မောင်စံရှားသည် မင်းကတော်ကြီး၏ နေအိမ်သို့ အစဉ်တိုင်းပြန်လာခဲ့ပြီးလျှင် စာတစ်စောင် မရရှိပါသလောဟု မေးမြန်းသဖြင့် မင်းကတော်ကြီးက မည်သူ၏ ထံမှ မသိ၊ ဟိုနေ့က စာတိုက်မှ စာတစ်စောင်ရရဏာစိုးကြောင်း ပြောဆိုသည်တွင် ၎င်းစာကို ရှာဖွေစေရာ မည်သည့်နေရာ၌မျှ မတွေ့ဘဲ ရှိနေလေ၏။ ယင်းသို့ရှိစဉ် ကြေးနန်းစာပို့ကုလားသည် စက်ဘီးနှင့်လာ၍ ကြေးနန်းတစ်စောင် ပေးပို့လာရာ မင်းကတော်ကြီးက ကျေးဇူးပြု၍ ကိုစံရှားပေးရန် ဟု လိပ်တပ်ထားသဖြင့် စာအိတ်ကို ဖွင့်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

**"အသင်ရှာနေသော သူကို တွေ့လိုလျှင် ကြို့ကုန်းမှာ အချိန်ဖြုန်းမနေပါနှင့်။ သင်၏ အိမ်သို့ ပြန်ပါ။ စာတစ်စောင် တွေ့ပါလိမ့်မည်။ ၎င်းစာတွင် ပါသည့်အတိုင်း ဆောင်ရွက်ပါလေ"**

ကြေးနန်းမှာ ရန်ကုန်မြို့ ကြေးနန်းရုံးကြီးမှ ရိုက်လိုက်သော ကြေးနန်းဖြစ်လေသည်။ ကြေးနန်းကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် မင်းကတော်ကြီးအား သင့်လျော်အောင် ပြောခဲ့၍ မော်တော်ကားနှင့် လမ်း ၄၀ သို့ အဆောတလျင် မောင်းနှင်လာခဲ့လေ၏။ အိမ်သို့ရောက်သောအခါ စားပွဲပေါ်၌ မိမိ၏အမည်နှင့် စာတစ်စောင်ကို တွေ့ရှိရာ ၎င်းမှာ ...

**"အမှုပေါင်းများစွာတို့၌ နာမည်ရခဲ့သော်လည်း ယခုတစ်ခါ အရှုံးပေးလိုက်ပါတော့ ဦးစံရှား။ ပတ္တမြားကို ကျွန်ုပ်တို့လက်သို့ ရောက်အောင် နည်းမျိုးစုံနှင့် စစ်မေးတော့မည်။ ဝှက်ထားသော နေရာကို မပြောခဲ့လျှင် ပြောအောင် စစ်ဆေးနည်းများစွာ ရှိသည်။ ထိုအတောအတွင်း ဦးစံရှားက ကျွန်ုပ်တို့ကို မနှောင့်ယှက်ပါနှင့်။ စကားကို နားမထောင်လျှင် အဆုံးစီရင်လိုက်မည်"**

၎င်းစာကို မည်သို့ရကြောင်း အစေခံအား မေးသောအခါ သူငယ်တစ်ယောက် လာရောက်ပေးကြောင်းနှင့် ပြောဆိုလေ၏။ ၎င်းနောက် နာရီကို ကြည့်လိုက်သောအခါ ငါးနာရီခွဲပြီးပြီဖြစ်၍ မောင်စံရှားသည် သားရေသေတ္တာကို လျင်မြန်စွာ ပြင်ပြီးလျှင် ဘူတာရုံသို့ သွား၍ ၆ နာရီစာပို့ရထားနှင့် မန္တလေးသို့ လိုက်လေ၏။

နောက်တစ်နေ့ နေ့လည်တွင် မန္တလေးဘူတာရုံသို့ ဆိုက်ရောက်သောအခါ မောင်စံရှားသည် ကားတစ်စီးနှင့် အာဠဝီလမ်းရှိ ဟိုတယ်သို့ရောက်၍ ပစ္စည်းများကို ချမိလေလျှင် ဧည့်ခန်း၌ လူတစ်ယောက်သည် သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိရာ ခြေသံကြားသည်နှင့် သတင်းစာကို ချ၍ မော်ကြည့်လိုက်သည်တွင် မောင်စံရှားက သစ်တောဝန်ထောက်ကလေး မောင်ထွန်းအောင်ဖြစ်ကြောင်း သိရှိရလေ၏။ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြပြီးနောက် မောင်ထွန်းအောင်က မိမိမှာ သစ်တောမင်းကြီး နယ်လှည့်လာခိုက်တွင် အထူးကိစ္စနှင့် မန္တလေးမှ လာရောက်တွေ့ဆုံရန် သံကြိုးရသဖြင့် လာရောက်ရခြင်းဖြစ်ကြောင်း ပြောဆိုပြီးလျှင် မစိန်ကြည်၏ အကြောင်းကို မေးမြန်းရာ မောင်စံရှားလည်း အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်၍ ပြောရလေ၏။

မောင်ထွန်းအောင်မှာ မစိန်ကြည်အပေါ်၌ စွဲလမ်းတပ်မက်လျက်ပင် ရှိသေးရကား အိမ်မြှောင်အမြီးပြတ် ဖြစ်ပြီးလျှင် လူးလာခတ်လျက် 'လုပ်စမ်းပါဦးခင်ဗျာ၊ ကြိုးစားစမ်းပါခင်ဗျာ၊ မတော်တဆ လက်လွန်သွားမှဖြင့် အကျိုးနည်းပါရောလား ခင်ဗျာ' စသည်ဖြင့် ရေရွတ်မြည်တမ်းလျက် ရှိလေ၏။ မောင်စံရှားလည်း တတ်နိုင်သမျှ ကြိုးစားပါမည်ဟု ဝန်ခံပြီးလျှင် ပစ္စည်းများကို နေရာချထား၍ ညောင်ပင်ဈေးဂတ်ဌာနသို့ သွားပြီးနောက် ဌာနာအုပ်နှင့် အချိန်အတန်ကြာ တိုင်ပင်ကြလေ၏။

ထိုနေ့ညဉ့်၌ မောင်စံရှားသည် ရုပ်ဖျက်ပြီးလျှင် လူဆိုးများ နေထိုင်စုရုံးရာ ဖဲဝိုင်းများသို့လည်းကောင်း၊ အရက်ဆိုင်များသို့လည်းကောင်း၊ ဘိန်းခန်းများသို့ လည်းကောင်း သွားရောက် စုံစမ်းပါသော်လည်း သတင်းမရဘဲ ရှိနေခဲ့လေ၏။

နောက်တစ်နေ့ နံနက် အိပ်ရာမှထ၍ မောင်စံရှားသည် ဧည့်ခန်းသို့ ဆင်းလာသောအခါ မိမိ၏ အမည်နှင့် စာတစ်စောင်ကို တွေ့ရှိရလေရာ ၎င်းမှာ

**"ဦးစံရှားမှာ 'ပညာရှိသော်လည်း သတိဖြစ်ခဲ့သည်' ဆိုသော စကားပုံကဲ့သို့ ရှိချေပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ စကားကို နားမထောင်ဘဲ လိုက်လာခဲ့မိပြီ။ သို့သော် ရှိစေဦး၊ ယခုတစ်ကြိမ်ထပ်လောင်း၍ သတိပေးဦးမည်။ ယနေ့ နေ့လည် ၁၂ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ လူတစ်ယောက် ဟိုတယ်သို့ လာရောက်လိမ့်မည်။ ထိုသူအား စာတစ်စောင်ရေး၍ ပေးလိုက်ပါ။ ရေးရန်စာမှာ မစိန်ကြည်အား ပတ္တမြားဝှက်ထားသော နေရာကို ကျွန်ုပ်တို့အား ပြောလိုက်ပါတော့ဟု ခွင့်ပြုလိုက်ပါ။ ထိုစာကို ကျွန်ုပ်တို့ ရလျှင် မစိန်ကြည်ကို ည ၁၀ နာရီတိုင်အောင် စစ်မေးမည်။ ၁၀ နာရီထိုး၍ ခေါင်းမာနေသေးခဲ့လျှင် စီရင်လိုက်ရတော့မည်။ ဤစာသည် နောက်ဆုံးစာ ဖြစ်သည်။ မစိန်ကြည်အသက်ကို နမြောခဲ့လျှင် ပေးဖြစ်အောင် ပေးလိုက်ပါ ဦးစံရှား။"**

စာကို ဖတ်ပြီးနောက် မောင်ထွန်းအောင်လည်း ဧည့်ခန်းသို့ ဝင်လာရာ မောင်စံရှားသည် ထိုစာကို မောင်ထွန်းအောင်အား ပြသည်တွင် ရှေးကထက်ပင် ဆွေ့ဆွေ့ခုန် ဖြစ်ပြန်လေ၏။

**အောင်**။ ။'ဘယ့်နှယ်လုပ်ပါ့မယ် ခင်ဗျာ'

**ရှား**။ ။'သူတို့ လိုချင်တာ ပေးရုံ ရှိတာပေါ့ မောင်'

**အောင်**။ ။'ကောင်းပါရဲ့ ခင်ဗျာ'

**ရှား**။ ။'ကိုင်း သို့သော်၊ နေရစ်ဦး၊ ဌာနာအုပ်နှင့် စီမံစရာကလေး ရှိသေးတယ်၊ ကျုပ် မပြန်လာခင် ဘယ်မှ မသွားနှင့်နော်'

**အောင်**။ ။'စိတ်ချပါ ခင်ဗျာ'

ဌာနာသို့ ရောက်သောအခါ မောင်စံရှားအား ဌာနာအုပ်အား ၁၁ နာရီခွဲသည်နှင့် တစ်ပြိုင်နက် ဌာနာအုပ်နှင့် ပုလိပ်သား သုံးယောက်ပါ အရပ်ဝတ်အရပ်စားနှင့် ဟိုတယ်ရှေ့မှ မယောင်မလည် စောင့်နေကြရန် မှာထားခဲ့ပြီးလျှင် ဟိုတယ်သို့ ပြန်သွားလေ၏။ ရောက်သောအခါ စိုးရိမ်ကြီးစွာနှင့် စောင့်နေသော မောင်ထွန်းအောင်အား

**ရှား**။ ။'၁၂ နာရီ ထိုးတော့ သူတို့အထဲက ဘယ်သူ လာမယ် မဆိုနိုင်ဘူး၊ တစ်ယောက်တော့ လာလိမ့်မယ်၊ လာတဲ့အခါမှာ မောင်က တိုက်ပေါ်က စောင့်နေ၊ ကျုပ်မရှိသေးဘူး ပြောပြီး လာသူကို အစောင့်ခိုင်းထား ၊ ကြားလား'

**အောင်**။ ။'ကောင်းပါပြီ ခင်ဗျာ'

**ရှား**။ ။'သို့သော် ပြန်မသွားစေနှင့်နော်၊ ဘယ်နည်းနှင့်မဆို ရအောင် တားထား ၊ ကြားလား'

**အောင်**။ ။'စိတ်ချပါ ခင်ဗျာ'

၁၁ နာရီခွဲအချိန်တွင် မောင်စံရှားသည် ဟိုတယ်ရှေ့သို့ ထွက်၍ မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်သို့ ဝင်ပြီးလျှင် မယောင်မလည် ကြည့်လျက်ရှိရာ ကားတစ်စီးနှင့် လူလေးယောက် ဆိုက်ရောက်လာကြလေ၏။

၎င်းတို့အနက် တစ်ယောက်သော သူမှာ ဌာနာအုပ်ပင်ဖြစ်လေသည်။ ၎င်းတို့သည် ကားပေါ်မှ ဆင်းကြပြီးနောက် တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်ဟန်ပြု၍ တစ်ယောက်တစ်ကွဲ ထွက်သွားကြလေ၏။ မောင်စံရှားသည် ဌာနာအုပ်နောက်မှ လိုက်ပြီးလျှင် အတန်ငယ်ဝေးကွာသော အရပ်သို့ ရောက်သကာလ ရုတ်တရက် ချဉ်းကပ်၍

**ရှား**။ ။'ခင်ဗျားက ဟိုတယ်ရှေ့ လက်ဖက်ရည်ဆိုင်မှာနေပါ၊ ပြောစရာရှိရင် ကျုပ်လာပြောမယ်၊ ခင်ဗျားလူများကိုလည်း အကြောင်းရှိရင် ရုတ်တရက် စုရုံးဖို့ အချက်ပေးထားပြီးပြီလား'

**အုပ်**။ ။'ပြီးပါပြီ ဆရာ'

**ရှား**။ ။'ကောင်းပြီ၊ ကျုပ် ပြန်မယ်၊ ခင်ဗျား ခပ်လှမ်းလှမ်းက လိုက်ခဲ့'

၎င်းနောက် မောင်စံရှားသည် ဟိုတယ်တွင်းသို့ တစ်ဖန်ဝင်၍ အခန်းတစ်ခန်းမှ လျှို့ဝှက်စွာ ချောင်းမြောင်းကြည့်ရှုလျက် ရှိရာ ၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ကားတစ်စီးဆိုက်ရောက်၍ လူတစ်ယောက်သည် ကားပေါ်မှ တုတ်ကလေးကို ဝင့်ကာ ခပ်အေးအေး ဆင်းလာလေ၏။ ၎င်းမှာ ပေါ်ကြွယ်ပင် ဖြစ်လေသည်။ ဟိုတယ်တွင်းသို့ ဝင်မိလျှင် ပေါ်ကြွယ်သည် ဘွိုင်ကုလားတစ်ယောက်အား ဦးစံရှားဆပ် မရှိပါသလောဟု မေး၍ တိုက်ပေါ် သို့ ညွှန်လိုက်သည်နှင့် လေချွန်ကာ တိုက်ပေါ် သို့ တက်သွားလေ၏။

**ရှား**။ ။'တော်တော်လာတဲ့အကောင်ပဲ၊ သို့သော် ငါ့အကြံကို ရိပ်မိဟန်တော့ မတူဘူး'

ဟု တီးတိုး တစ်ယောက်တည်း ပြောပြီးနောက် လက်ဖက်ရည်ဆိုင်သို့ လျင်မြန်စွာ ကူးသွားပြီးလျှင် ဌာနာအုပ်အား ပေါ်ကြွယ် စီးလာသော ကားကို ညွှန်ပြလျက်

**ရှား**။ ။'ဟောဟိုကားက ဒရိုင်ဘာကို အကြောင်းတစ်ခုခု ရှာပြီး ဌာနာကို ဖမ်းသွားပေ့စေဗျာ၊ ပြီးတော့ တက္ကစီတစ်စီး အခန့်သင့် ရှာထား၊ ပေါ်ကြွယ်ဆင်းလာတော့ မြင်သာလောက်အောင် နေရာက နေပေစေ၊ သူ့ကို ခေါ် စီးတဲ့အခါကျတော့ ပေါ်ကြွယ် ဘယ်မှာ ဆင်းတယ် ဆိုတာ သိရအောင် ဒရိုင်ဘာကို မှာထား၊ ကြားလား'

**အုပ်**။ ။'ကောင်းပါပြီ ဆရာ'

၎င်းနောက် မောင်စံရှားသည် ဟိုတယ်သို့ ဝင်ပြီးလျှင် အပေါ် ထပ် သို့ တက်သွားလေ၏။ ထိုခဏ၌ ပုလိပ်သားတို့သည် ပေါ်ကြွယ်၏ ကားဒရိုင်ဘာကို ဖမ်းဆီးနေသဖြင့် ဆူညံဆူညံ ရှိနေသည်ကို ကြားရလေ၏။

တိုက်ပေါ် သို့ ရောက်သောအခါ မောင်ထွန်းအောင်သည် ပေါ်ကြွယ်အား လက်ခံစကားပြောလျက် ရှိရာ မောင်စံရှားသည် ပေါ်ကြွယ်ကို မြင်၍ အံ့အားသင့်ယောင် ပြုလျက်

**ရှား**။ ။'အလို၊ ငါ့မှာ တခြားလူ မှတ်တယ်၊ ပေါ်ကြွယ်လားဟေ့'

**ကြွယ်**။ ။'ဟုတ်တယ် ဆရာ'

**ရှား**။ ။'ဘာကိစ္စလဲ ကွဲ့'

**ကြွယ်**။ ။'၁၂ နာရီထိုးလို့ ကျွန်တော် လာခဲ့တာပဲ ဆရာ'

**ရှား**။ ။'အော် ဒီလိုကိုး၊ ဒါဖြင့် မင်းက မိမိလေး လူ ဖြစ်နေပြီပေါ့လေ'

**ကြွယ်**။ ။'ဒီလိုပေါ့ ဆရာ၊ ကိုင်း ဘယ့်နှယ်လဲ ဆရာ'

**ရှား**။ ။'နို့ နေပါဦးကွဲ့၊ တကယ်လို့ မင်းတို့ ပြောတဲ့အတိုင်း ငါက စာရေးပြီး ပေးပါပြီတဲ့ကွယ်၊ မင်းတို့က မစိန်ကြည်ကို ပြန်ပြီးလွှတ်လိုက်မယ်လို့ ငါဘယ်နည်းနှင့် စိတ်ချရအောင် မင်းတို့ လုပ်မလဲ'

**ကြွယ်**။ ။'လူဆိုးပေမယ့် သစ္စာမဖောက်ပါဘူး ဆရာ၊ စိတ်ချပါတော့၊ ပစ္စည်းကို ကျွန်တော်တို့ လက်ဝယ်ရောက်ရင် ရောက်ချင်း လွှတ်လိုက်ပါမယ်'

**ရှား**။ ။'အေး အေး၊ ဒါပဲကွဲ့နော်၊ မင်းတို့စကား တည်ပေ့စေ၊ တကယ်လို့များ မစိန်ကြည် သေဖို့ မပြောနှင့်၊ လက်ဖျားနှင့် မင်းတို့ ထိခဲ့လို့ ရှိရင် မြန်မာပြည်တစ်ပြည်လုံးက ပုလိပ်တပ်နှင့် နင်းပြီး ပေါကြွယ်သော၊ မိမိလေးသော၊ ယက္ခမယ်သော ဘယ်သူ့မှမချန် အကုန် ကြိုးကွင်းစွပ်စေရမယ် ၊ ဟေ့ ကြားလား'

မောင်စံရှားသည် ယက္ခမယ်ဟူသော အမည်ကို စမ်းသပ်၍ ထည့်သွင်းခြိမ်းခြောက်ရာ ပေါကြွယ် မျက်နှာပျက်သည်ကို မြင်သဖြင့် ၎င်းလည်း ပါဝင်ကြောင်း ရိပ်မိသိရှိရလေ၏။

**ကြွယ်**။ ။'စိတ်ချပါ ဆရာ၊ ပျက်ကွက်ခဲ့ရင် ထင်သလို စီမံပါတော့'

၎င်းနောက် မောင်စံရှားသည် မိမိ စီစဉ်၍ထားသော စာကို အိတ်မှ ထုတ်၍ ပေါကြွယ်အား ပေးအပ်ရာ ပေါကြွယ်သည် စာကို ဖတ်၍ကြည့်သည်တွင် အောက်ပါအတိုင်း တွေ့ရလေ၏။

**"စာရေးလိုက်သည် တူမကြီး မစိန်ကြည်၊ ခုခံငြင်းပယ်၍ အချည်းနှီးဖြစ်တော့သည်။ လျှို့ဝှက်ရာ အရပ်ကို ပြောလေတော့။ ဦး၏လက်ရေးကို တူမကြီး သိပြီ မဟုတ်ပါလား။ ထုတ်ဖော်ပြောရန် ဦးက ခွင့်ပေးပါသည်။ ယုံကြည်လောက်စေရန် ဦး၏ လက်စွပ်ကိုလည်း ထည့်ပေးလိုက်သည်။ ပြောဖြစ်အောင် ပြောလိုက်ပါ။ လွှတ်လိုက်သောအခါ အာဠဝီလမ်း ဟိုတယ်သို့ လာခဲ့ပါ။ ဦးစောင့်နေမည်။**

**စံရှား "**

စာကို ဖတ်ပြီးနောက်

**ရှား**။ ။'ဘယ့်နှယ်လဲ'

**ကြွယ်**။ ။'တော်လောက်ပါပြီ ဆရာ'

**ရှား**။ ။'ကိုင်း မြန်မြန် သွားပေတော့၊ ငါပြောတာ သတိထားနော် ဟေ့ကောင်'

× × × × × ×

မစိန်ကြည်သည် သတိရလာသဖြင့် မျက်စိများကို ဖွင့်၍ကြည့်လိုက်သောအခါ မီးရထား ဒုတိယတန်း တွဲတစ်တွဲ အတွင်း ရောက်လျက် ရှိသည်ကို သိရှိရလေရာ အနီး၌ကား မိမိလေး ဆိုသော မိန်းမတစ်ယောက်တည်း သာလျှင် ထိုင်လျက် ရှိလေ၏။ မိမိလေးလည်း မစိန်ကြည် သတိရလာကြောင်းကို တွေ့မြင်ရသောအခါ ဆူဆူညံညံ ပြုလုပ်သော်လည်း အကျိုးမရှိကြောင်း၊ တိတ်ဆိတ်စွာ လိုက်ပါက ဘေးဥပါဒ်အန္တရာယ် တစ်စုံတစ်ခုမျှ ဆိုက်ရောက်ရမည် မဟုတ်ကြောင်း၊ စုံထောက် ဦးစံရှားမှာ မိမိတို့ လက်တွင်းသို့ ကျရောက်နေပြီဖြစ်ကြောင်း၊ အကယ်၍ အုတ်အော်သောင်းတင်း ပြုသဖြင့် မိမိပင်လျှင် ရန်သူလက်က လွှတ်စေကာမူ မောင်စံရှားကို သတ်၍ ပစ်လိုက်မည်ဖြစ်ကြောင်း၊ အကယ်၍ ကောင်းမွန်

ဆိတ်ငြိမ်စွာ လိုက်ပါခဲ့ပါမူ မောင်စံရှားနှင့် နှစ်ဦးတွေ့ဆုံစေပြီးနောက် နှစ်ယောက်လုံးကို လွှတ်လိုက်မည်ဖြစ်ကြောင်း ပြောဆိုရာတွင် မစိန်ကြည်သည် အဆုံးတိုင်ကြည့်ဦးမည်ဟု တိတ်ဆိတ်စွာ လိုက်ပါ လာခဲ့လေ၏။

မီးရထားသည် မန္တလေးဘူတာရုံသို့ ရောက်သောအခါ မိမိလေးသည် မစိန်ကြည်ကို မော်တော်ကားနှင့် တင်၍ မြောက်ပြင်သို့ ခေါ်ဆောင်သွားပြီးလျှင် တစ်ခုသော အိမ်သို့ ရောက်သကာလ မောင်စံရှားနှင့် တွေ့စေမည်ဟုပြော၍ မြေတိုက်ကြီး တစ်ခုအတွင်း သွတ်သွင်းထားလိုက်လေ၏။ မြေတိုက်တွင်းသို့ ရောက်သောအခါ မောင်စံရှားနှင့်ကား မတွေ့ရှိဘဲ မိမိလေး ဆိုသူက ပတ္တမြား ဝှက်ထားရာအရပ်ကို မိမိအား ပြောပြရန် အဖန်ဖန်ချော့မော့၍လည်းကောင်း၊ ခြောက်လှန့်၍ လည်းကောင်း မေးမြန်းလေရာ မစိန်ကြည်သည် အကယ်၍ ဦးစံရှားက ပတ္တမြားကို မိမိအား အပ်ထားခဲ့စေကာမူ ယုံကြည်၍ အပ်နှံထားသော ပစ္စည်းကို မည်သည့်နည်းနှင့်မျှ ထုတ်ဖော်၍ မပြောနိုင်ကြောင်းနှင့် တင်းမာစွာ ငြင်းပယ်လျက် ရှိလေ၏။

တစ်ညသ၌ မစိန်ကြည်သည် မြေတိုက်ကြီးအတွင်း စိတ်ညစ်ညူးစွာနှင့် အိပ်ရာ၌လှဲလျက် မွေးသမိခင်ကြီး ပူပင်ရာမည့်အကြောင်းကို တွေးတောလျက် မျက်ရည်များ မဆည်နိုင်အောင် ရှိနေစဉ် မြေတိုက်တံခါးကို ဖွင့်သံကြားပြီးနောက် လူတစ်ယောက်သည် မီးခွက်ကို ကိုင်၍ ဝင်လာလေ၏။ ၎င်း၏ နောက်၌ကား မိန်းမနှစ်ယောက် ဝင်လာရာ တစ်ယောက်မှာ မိမိလေး ဖြစ်၍ အခြားတစ်ယောက်ကို မြင်ရသောအခါ၌ကား မစိန်ကြည်မှာ ကြက်သီးမွေးညင်း ထ၍သွားမိလေ၏။

တုတ်တုတ်ပြဲပြဲ မည်းမည်းသည်းသည်း ရှိလျက် မျက်နှာထား အလွန်တရာ ဆိုးဝါးလှသော မိန်းမကြီး တစ်ယောက်သည် စိန်နားကပ် စိန်လက်ကောက် အစရှိသော လက်ဝတ်လက်စားတို့ကို ဝတ်ဆင်လျက် မျက်ထောင့်နီကြီးဖြင့် မိမိအား စိုက်၍ကြည့်နေရာ သွားတို့မှာလည်း တစ်ဖက်တစ်ချက် အတက်များ ပေါက်နေသဖြင့် ရယ်လိုက်သည့်အခါမှာ ဘီလူးမနှင့် တူလှသောကြောင့် ယက္ခမယ် ဟူ၍ နာမည်ရသော မိန်းမဆိုးကြီးပင် ဖြစ်လေရာ မြေတိုက်တွင်း၌ ရှိသော ခုံရှည်တစ်ခုပေါ်တွင် ထိုင်မိကြလျှင် ယက္ခမယ် ဆိုသူက စကားမပြောဘဲ မိမိလေးက ကိုယ်စားလှယ်အဖြစ်နှင့် စကားပြောသည်မှာ

**လေး။** ။'ဘယ့်နယ်လဲ မစိန်ကြည်၊ ကျုပ်တို့ စောင့်ရတာ ကြာလှပြီ၊ နောက်ထပ်ပြီး အချိန်မဖြုန်းနိုင်ဘူး မစိန်ကြည်ရဲ့၊ ဒါကြောင့် သည်ကနေ့ည သခင်မကြီးကိုယ်တိုင် လိုက်လာခဲ့တယ်၊ ပြောတော့မှာလား'

**ကြည်။** ။'မပြောနိုင်ဘူး'

**လေး။** ။'တယ်ခေါင်းမာပါကလား၊ အာဂ မိန်းကလေးပဲ၊ ကျွန်မတို့ အသင်းထဲပါရရင် ကောင်းမှာနော် သခင်မ'

ဟု ယက္ခမယ်ဖက်သို့ လှည့်၍ပြောသောအခါ ယက္ခမယ်သည် ဦးခေါင်းညိတ်၍ ပြလေ၏။ ၎င်းနောက် ဆက်လက်၍

**လေး။** ။'နေပါဦး၊ သည်လောက်တောင် ခေါင်းမာတာက ဦးစံရှားထံမှ ပြောခွင့်မရလို့ ဟုတ်စ၊ ကိုင်း ကိုင်း ဟောဒီမှာ ဦးစံရှား ကိုယ်တိုင် ရေးလိုက်တဲ့ စာလဲ ပါတယ်၊ လက်စွပ်လဲ ပါတယ်၊ သူ့လက်ရေးကို မစိန်ကြည် သိတယ် မဟုတ်လား၊ ရော့ ဖတ်ကြည့်စမ်း'

ဟု ပြော၍ မောင်စံရှားထံမှ စာနှင့်လက်စွပ်ကို ပေးအပ်ရာ မစိန်ကြည်သည် စာကို ယူ၍ ဖတ်လေ၏။ ၎င်းနောက် ...

**လေး။** ။'ကိုင်း ဘယ့်နယ်လဲ၊ ယုံကြည်ပြီလား ပြောတော့မလား'

**ကြည်။** ။'ကျွန်မ မပြောနိုင်ဘူး'

**လေး။** ။(ယက္ခမယ်ကို ကြည့်လျက်) 'ခက်လှပါကလား ကရို့၊ စီရင်လိုက်မှ ထင်တယ်'

**ယက္ခမယ်။** ။'တစ်ခါတည်း မစီရင်နှင့်၊ အသက်မသေခင် အပျိုရည်ပျက်အောင် ဘိုးထွားတို့ လူစု လက်ကို အပ်လိုက်'

**လေး။** ။'ပြောလိုက်ပါ မစိန်ကြည်ရယ်'

မစိန်ကြည်သည် ဦးခေါင်းကိုသာလျှင် ယမ်း၍ပြသဖြင့် မိမိလေးတို့ လူစုလည်း ထွက်သွားကြလေ၏။ တစ်ခဏမျှကြာလျှင် အရပ်အမောင်း ထွားကြိုင်း ကြမ်းတမ်းလှသော လူတစ်ယောက်သည် မြေတိုက်တွင်းသို့ ဝင်လာလေ၏။

× × × × × ×

မောင်စံရှားသည် လက်ဖက်ရည်ဆိုင်သို့ ကူးသွားပြီးလျှင် ဌာနာအုပ်နှင့် တွေ့ဆုံလေရာ မိမိ စီမံထားသည့်အတိုင်း အထမြောက်သဖြင့် တက္ကစီမောင်းသမား ပြန်လာမည်ကို စောင့်ဆိုင်းလျက် ရှိကြလေ၏။ နာရီတစ်ဝက်ခန့်မျှ ကြာလျှင် တက္ကစီမောင်းသမား ပြန်လာ၍ မြောက်ပြင် သားရဲဈေးအနီး အိမ်ကြီးတစ်ဆောင် အနီး၌ ထိုသူကို ချထားခဲ့ရကြောင်း၊ အိမ်ကြီးအတွင်းသို့ ဝင်သွားသည်ကို မိမိက စောင့်၍ ကြည့်ခဲ့ကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်စံရှားက ဌာနာအုပ်အား မစိန်ကြည်၏ အမည်ပါရှိနေ၍ သိမ်မွေ့သော အမှုမျိုးဖြစ်သဖြင့် ပုလိပ်အရာရှိတို့ ပါရှိပါက အုတ်အော် သောင်းတင်း ဖြစ်ပြီးလျှင် တိုင်းသိပြည်သိဖြစ်သွားမည်ကို မိမိ စိုးရိမ်ကြောင်း၊ သို့ဖြစ်၍ မိမိကိုယ်တိုင်သာလျှင် ဆောင်ရွက်လိုကြောင်း၊ သို့ရာတွင် ည ၁၂ နာရီထိုး၍မှ မိမိတို့ ပြန်၍ မလာခဲ့လျှင် တက္ကစီမောင်းသမားနှင့်အတူ ပုလိပ်သားများပါ ထိုအိမ်ကြီးသို့ လိုက်လာခဲ့ကြရန် အကြောင်းနှင့် မှာထားသဖြင့် ဌာနာအုပ်လည်း နိုင်ငံကျော် စုံထောက်ကြီး၏ အာဏာကို မဖီဆန်ဝံ့သည်ဖြစ်၍ ခိုင်းစေသည့်အတိုင်း ဆောင်ရွက်ပါမည်ဟု ဝန်ခံပြီးလျှင် ဌာနာသို့ ပြန်သွားလေ၏။

၎င်းနောက် မောင်စံရှားသည် တက္ကစီမောင်းသမားကို စောင့်ဆိုင်းစေ၍ ဟိုတယ်သို့ တက်ပြီးလျှင် မောင်ထွန်းအောင်နှင့် တိုင်ပင်ရာ မောင်ထွန်းအောင်က မစိန်ကြည်အတွက် ဆောင်ရွက်ရမည်ဆိုလျှင် တစ်သက်မျှ မက ဆယ်သက်ပင် သေစေကာမူ ဝမ်းမြောက်စွာ ဆောင်ရွက်ပါမည် အကြောင်းနှင့် ပြောဆိုလေ၏။

၎င်းနောက် တက္ကစီနှင့် မြောက်ပြင်သို့ နှစ်ယောက်သား သွားကြပြီးလျှင် အိမ်ကြီးနှင့် မနီးမဝေး ရောက်သကာလ ရပ်စေ၍ ဒရိုင်ဘာအား ထိုအိမ်ကြီးနှင့် ကပ်လျက်ရှိသော အိမ်မှ အိမ်ရှင်ကို အကြောင်းတစ်ခုနှင့် လှည့်ပတ်၍ ခေါ်ခဲ့ရန် စေလွှတ်လိုက်လေသည်။ မောင်စံရှားတို့လည်း ကားပေါ်မှ ထိုင်၍စောင့်နေကြရာ အတန်ကြာသော် ဒရိုင်ဘာသည် အဘိုးကြီး တစ်ယောက်ကို ခေါ်၍လာလေ၏။ ကားပေါ် သို့ တက်ပြီးလျှင် အဘိုးကြီးအား ချော့မော့ မေးမြန်းလေရာ မိမိ အလိုရှိသော အရာကို ချော့မော့တန်လျှင် ချော့မော့၍ ခြိမ်းခြောက်တန်လျှင်လည်း ခြိမ်းခြောက်၍ မေးမြန်းရာ၌ အထူးကျင်လည်သူ တစ်ယောက် ဖြစ်သည့်အတိုင်း ထိုအိမ်ကြီးမှာ မြေတိုက်တစ်ခု ရှိကြောင်း၊ မိမိအိမ်မှာလည်း မြေတိုက်ရှိကြောင်း၊ ၎င်းတို့ကို ယွန်းထည်များ သိုလှောင်ရန် အသုံးပြုကြောင်းနှင့် သိရှိရလေ၏။ ၎င်းနောက် အဘိုးကြီးအား ကိစ္စကို အကျဉ်းချုပ်ပြော၍ နေဝင်သည်နှင့် တစ်ပြိုင်နက် ၎င်း၏ အိမ်သို့ မိမိတို့ လာခဲ့မည့်အကြောင်း ပြောပြီးလျှင် ငွေ ၁၀ဝ ကို ပေးအပ်၍ အဘိုးကြီးကို လွှတ်လိုက်လေ၏။

နေဝင်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားနှင့် မောင်ထွန်းအောင်တို့သည် အဘိုးကြီး၏ အိမ်သို့ သွားရောက်ကြပြီးလျှင် မြေတိုက်တွင်းသို့ ဆင်း၍ အိမ်ကြီးဘက်ရှိ မြေတိုက်သို့ ပေါက်အောင် တဖြည်းဖြည်း တူးဖောက်ကြလေ၏။

× × × × × ×

မစိန်ကြည်သည် ထိုသူ ဝင်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် အသက်ကို မနှမြောသော်လည်း အပျိုရည်ပျက်မည်ကို ကြောက်လှသဖြင့် သေသည်တိုင်အောင် ခုခံတော့အံ့ဟု လက်သည်းနှင့်လည်းကောင်း၊ သွားနှင့် ကိုက်၍လည်းကောင်း အမျိုးမျိုး ကုတ်ခြစ်ကိုက်ဖဲ့၍ ကန်ကြောက်ရန်းဖယ်လေ၏။ သို့ရာတွင် ခွန်အားဗလ ကြီးမားလှသော ဘိုးထွားသည် မစိန်ကြည်၏ ခွန်အားလောက်မျှကို ပမာဏမပြုဘဲ ကလေးကို ပွေ့ရဘိသကဲ့သို့ ပွေ့ချီပြီးလျှင် ကွပ်ပျစ်ပေါ် သို့ တင်လေရာ မစိန်ကြည်၏ အော်ဟစ်ကန်ကြောက်ခြင်းကြောင့် အခြားသော အသံကို မကြားရဘဲ အော်သံ ငိုသံ တို့ဖြင့်သာလျှင် မြေတိုက်

တစ်ခုလုံး ဆူညံလျက်ရှိလေ၏။ ဘိုးထွားသည် မစိန်ကြည်ကို ပွေ့ဖက် နမ်းရှုတ်မည် ပြုသည်နှင့် တစ်ပြိုင်နက် မြေတိုက်သည် တစ်ဘက်မှ ပြိုလာ၍ လူနှစ်ယောက်တို့သည် ခြောက်လုံးပြူးများနှင့် ဘွားခနဲ ပေါ်လာလေ၏။ မောင်ထွန်းအောင်လည်း လဲနေသော မစိန်ကြည်အား ပွေ့ချီလေရာ မောင်စံရှားမှာမူ ထွက်ပြေးသွားသော ဘိုးထွား၏ နောက်သို့ တက်လိုက်လေ၏။

အိမ်တွင်းသို့ ရောက်သောအခါ မင်းကတော် မိမိလေးနှင့် တကွ ယက္ခမယ်တို့မှာ ထွက်ပြေးကြပြီဖြစ်၍ မမိလိုက်ဘဲ ရှိခဲ့ရာ မောင်စံရှားမှာ ၎င်းကိစ္စသည် မပြီးသေးချေဟု စိတ်၌ အောက်မေ့မိလေ၏။ ယင်းသို့ အောက်မေ့သည့်အတိုင်းလည်း မှန်ကန်ကြောင်းကို နောက်ထပ်၍ သိရှိရလေရာ အခွင့်ကြုံကြိုက်သည့်အခါ ဆက်လက်၍ ရေးသားဖော်ပြဦးမည် ဖြစ်ပါသတည်း။

**ပြီးပါပြီ။**

× × × × × ×

## ၂၆။ ကော်ပိုရေးရှင်း ဥက္ကဋ္ဌပျောက်မှု စုံထောက်ပုံ

တစ်နေ့သ၌ ကျွန်တော်နှင့် စုံထောက်မောင်စံရှားတို့သည် နန်းစဉ်ပတ္တမြား ပျောက်ဆုံးမှု၌ စုံထောက်ခဲ့ရသည့် အကြောင်းများကို ပြန်ပြောင်းပြောဆိုလျက် ရှိကြစဉ် တယ်လီဖုန်းမှ နှိုးစက်ကျသဖြင့် ကျွန်တော်က သွားရောက်နားထောင်သည်တွင် မြူနီစီပါယ် ကော်ပိုရေးရှင်းအဖွဲ့တွင် လူကြီးတစ်ဦးအဖြစ်ဖြင့် အပါအဝင်ဖြစ်သော ဦးကံတော်က မောင်စံရှားအား အလွန်အရေးကြီးသော ကိစ္စတစ်ခုနှင့် တိုင်ပင်ရန် ရှိသည်ဖြစ်၍ အလျင်အမြန် ကြွရောက်ပါမည့်အကြောင်းနှင့် ခေါ်ငင်ခြင်း ဖြစ်ကြောင်း သိရှိရလေ၏။ ၎င်းအကြောင်းကို ကျွန်တော်သည် မောင်စံရှားအား ပြန်ပြောသောအခါ မောင်စံရှားက ယင်းသို့ အရေးတကြီး ခေါ်ခြင်းမှာ အမှုစော် နံသည်ဖြစ်၍ ကျွန်တော်အား အိမ်မှ ထွက်ခွာမသွားနှင့်ဘဲ စောင့်ဆိုင်းနေရစ်ရန် မှာထားခဲ့ပြီးလျှင် အဝတ်များ လဲလှယ်၍ ထွက်သွားလေ၏။

ကျွန်တော်မှာ ပျင်းရိလှသည်နှင့် စာတစ်အုပ်ကို ကောက်ယူဖတ်ရှုလျက် ရှိရာ နာရီဝက်ခန့်မျှ ကြာလျှင် မောင်စံရှားသည် ပြန်လာ၍

**ရှား**။ ။'ကျုပ်ထင်တဲ့ အတိုင်းပဲဗျို့၊ ကိုသိန်းမောင် ၊ လာဗျာ ဝင်ဒါမီယာလမ်းကို သွားကြရအောင်'

**ကျွန်တော်**။ ။'ဘာမှုလဲဗျာ'

**ရှား**။ ။'လာသာ လာပါလေ၊ လမ်းကျတော့ ကျုပ်ပြောပြမယ်'

ကျွန်တော်တို့သည် ကားနှင့် ထွက်လာခဲ့ကြလေရာ လမ်းခရီး၌

**ရှား**။ ။'သည်လိုဗျ၊ မနေ့က မြူနီစီပါယ် ကော်ပိုရေးရှင်းအဖွဲ့အတွက် ဥက္ကဋ္ဌ ရွေးပါလေကော'

**ကျွန်တော်**။ ။'ဟုတ်တယ်၊ ဦးသာဖဲ ရတယ်ဆို မဟုတ်လား'

**ရှား**။ ။'ဟုတ်ကဲ့၊ ရတော့ရတယ်၊ မနေ့က ဥက္ကဋ္ဌရာထူးရတယ် ၊ ဒီနေ့ မရှိဘူး'

**ကျွန်တော်**။ ။'ဘယ်ရောက်သလဲဗျာ၊ သေရှာလို့လား'

**ရှား**။ ။'ဟာ သည်လူကလဲဗျာ၊ ကျုပ်မှာ အမှုကောင်း ရစေချင်တိုင်း လူတကာ သေစေချင်နေပြီမှတ်တယ်၊ မဟုတ်ပါဘူးဗျ၊ ပျောက်သွားတာပါ၊ မနေ့က ဥက္ကဋ္ဌလုပ်ပွဲမှာလည်း မဲဆန္ဒလက်မှတ်များရေတွက်လို့ ဥက္ကဋ္ဌဖြစ်ကြောင်း သိရသည်နှင့် တစ်ပြိုင်နက် မူးပြီး လဲသွားသတဲ့'

**ကျွန်တော်**။ ။'ဝမ်းသာလုံး ဆို့သွားတာ ထင်ပါရဲ့ဗျာ'

**ရှား**။ ။'တွေးစရာပဲ၊ သို့သော် သူနှင့် ဥက္ကဋ္ဌ လုဘက်ဖြစ်တဲ့ ဟာဇီမဟာမက် ဆိုတဲ့ ကုလားကြီးက သူ့ကားနှင့် တင်ပြီး အိမ်ရောက်အောင် လိုက်ပို့လိုက်ရသတဲ့၊ အိမ်ရောက်လို့ အမူးပြေပြီး ညမှာ အိပ်ရာထဲ ခပ်စောစော ဝင်သွား၊ တော်တော်ကြာတော့ အိပ်ရာထဲက ဘယ်ရောက်သွားတယ် မဆိုနိုင်ဘူးတဲ့ ၊ လုံးလုံး ရှာမတွေ့ဘူး'

**ကျွန်တော်**။ ။(စိတ်ခပ်ပျက်ပျက်နှင့်) 'သည်အမှုလောက်များဖြင့်ဗျာ၊ ပုလိပ်တိုင်လိုက်ရင် ပြီးရောပေါ့၊ ပုလိပ်တွေလဲ အရှာတတ်သားကပဲ'

**ရှား**။ ။'ကျုပ်ကလဲ ဦးကံဘော်ကို သည်လိုပဲ ပြောပါတယ်၊ နို့ပေမဲ့ ဦးကံဘော်က ပုလိပ်ကို တိုင်လိုက်ရင် အားလုံးလူတွေသိပြီး အုတ်အော်သောင်းတင်းနှင့် ရှက်စရာကြီး ဖြစ်ပါလိမ့်မယ်တဲ့၊ အဲဒါကြောင့် ကျုပ်ကို တိုးတိုးတိတ်တိတ် ကြိတ်ပြီး ရှာပေးစေချင်ပါတယ် တဲ့'

**ကျွန်တော်**။ ။'ဩော် သည်လိုလား၊ ဒါထက် ဝင်ဒါမီယာလမ်း ဆိုပြီး ဘယ်မောင်းမလို့လဲ ဗျ'

**ရှား**။ ။'နေဦးလေ၊ ကျုပ်တို့ချည်း မပြီးဘူး၊ နံပိန် ပါဦးမှ ဖြစ်မယ်'

နံပိန် ဆိုသည်မှာ ကြည့်မြင်တိုင်ကမ်းနားလမ်း၌ တံငါသည် ကုလားတစ်ယောက် မွေး၍ထားသော ခွေးသမင်ကြီး ဖြစ်လေရာ မောင်စံရှားသည် ရှေးအရင်အမှုများ၌လည်း ၎င်းကို အသုံးပြုခဲ့ဖူးလေသည်။

ကြည့်မြင်တိုင်ကမ်းနားလမ်းမှ ကျွန်တော်တို့သည် နံပိန်ကို ငှားရမ်း ယူဆောင်ခဲ့ပြီးလျှင် ဝင်ဒါမီယာလမ်း ဦးသာဖံ၏ နေအိမ်သို့ ရောက်ကြသောအခါ ဦးသာဖံ၏ဇနီး ဒေါ်ဖြူဝင်းသည် ကျွန်တော်တို့အား ခရီးဦးကြို ပြုပြီးနောက် လာရောက်သည့် ကိစ္စကို သိရသည့် အခါ၌

**ဝင်း**။ ။'ကြိုးစားစမ်းပါဦး ဦးစံရှားရှင် ၊ ဘယ်နည်းနှင့် ဘယ့်နှယ် ပျောက်သွားရတယ်လို့ ပြောပဲ မပြောတတ်ပါဘူး၊ တစ်ခါမှ သည်လို မဖြစ်ဖူးပါဘူးရှင်'

**ရှား**။ ။'ဖြစ်ပုံကို တစ်ဆိတ် သိပါရစေ အစ်မ ခင်ဗျား'

**ဝင်း**။ ။'သည်လိုပါရှင် ၊ မနေ့က ဟာဇီကြီး လိုက်ပို့ပြီး ဆရာဝန်ခေါ် ၊ ဆရာဝန်က ညအိပ်ရာဝင်မှာ အိပ်ပျော်ဆေး တိုက်ရစ်ပါ လို့ ပြောပြီး ဆေးတစ်ခွက်ပေးသွား၊ ၈ နာရီလောက်မှာ ဆေးတိုက်ပြီး အိပ်ရာထဲ ဝင်အိပ်ပါရောရှင်၊ ကျွန်မ လဲ သားသမီးတစ်စုနှင့် လုပ်ကိုင်စရာလေးတွေ လုပ်ကိုင်ပြီးနေ၊ ၉ နာရီခွဲလောက်ကျတော့ မရှိချေဘူးရှင့်၊ တစ်ခြားတစ်ပါးများ သွားလေသလားလို့ အစေခံတွေ အရှာခိုင်း၊ ကျွန်မတို့ ကိုယ်တိုင်ရှာ၊ ဘယ်မှာမှ မတွေ့ပါဘူးရှင်၊ ယခုထက်တိုင်ပါရော'

**ရှား**။ ။'ဦးသာဖံ အိပ်တဲ့ အိပ်ရာကို တဆိတ်လောက် ကြည့်ပါရစေခင်ဗျာ'

အိပ်ခန်းတွင်းသို့ ရောက်သောအခါ မောင်စံရှားသည် အိပ်ရာကို လှန်လှောကြည့်ရှုသည်တွင် ခေါင်းအုံးအောက်၌ လက်ကိုင်ပုဝါတစ်ထည်ကို တွေ့သဖြင့်

**ရှား**။ ။'သည်ဟာက ဦးသာဖံကိုင်တဲ့ လက်ကိုင်ပုဝါပဲလား ခင်ဗျာ'

**ဝင်း**။ ။ (ပုဝါဖြူကို ကိုင်ကြည့်၍) 'မဟုတ်ဘူး ထင်တယ်ရှင့်၊ ဦးသာဖံက သူ့သမီးများ ချုပ်ပေးတဲ့ လက်ကိုင်ပုဝါမှ ကိုင်တယ်၊ သည်ဟာ ဈေးထဲက လက်ကိုင်ပုဝါနှင့်တူတယ်'

ထိုအခါ မောင်စံရှားသည် လက်ကိုင်ပုဝါကို ကောက်ယူနမ်းရှုတ်ပြီးနောက် ကျွန်တော်အား လှမ်းပေးရာ ကျွန်တော်သည် ၎င်းကို နမ်း၍ကြည့်သည်တွင် "ကလိုရိုဖောင်း" ခေါ် မေ့ဆေးစော် နံကြောင်း သိရှိရလေ၏။ ၎င်းနောက် မောင်စံရှားလည်း ဦးသာဖံ၏ အဝတ်အစားများကို စစ်ဆေး၍ ကြည့်စေရာ သက္ကလတ်အင်္ကျီတစ်ထည်သာလျှင် ပျောက်နေ၍ ဘွတ်ဖိနပ် ၊ ခေါင်းပေါင်း အစရှိသည့် အခြားအဝတ်အစားတို့မှာ တစ်ထည်မျှ မလျော့ဘဲ စေ့ငှစွာ ရှိနေကြောင်း သိရှိရလေ၏။

အိပ်ခန်းမှာ တိုက်ခံအိမ်၏ အောက်ထပ်၌ရှိ၍ ပြတင်းပေါက်မှာ ဥယျာဉ်ဖက်သို့ မျှော်လျက်ရှိရာ မောင်စံရှားသည် ပြတင်းပေါက်ကို ဖွင့်၍ အတန်ကြာအောင် မျှော်ကြည့်ရင်း စဉ်းစားပြီးနောက်

**ရှား**။ ။'ညတုန်းက သည်က ပြတင်းပေါက် ပွင့်နေတယ် မဟုတ်လား'

**ဝင်း**။ ။'ဟုတ်ပါတယ်၊ ပွင့်လျက် တွေ့ပါတယ်ရှင်'

**ရှား**။ ။'ကိုင်း ဦးသာဖံရဲ့ ဘွတ်ဖိနပ် တစ်ရံပေးစမ်းပါ ခင်ဗျာ'

၎င်းနောက် မောင်စံရှားသည် ဦးသာဖံ၏ ဘွတ်ဖိနပ်ကို နံပိန်အားပြပြီးလျှင်

'ကိုင်း ငါ့လူ ၊ တတ်နိုင်သမျှ ကြိစမ်းလေကွာ'

ဟု ပြောလေရာ နံပိန်သည် နားလည်သည့်လက္ခဏာနှင့် မောင်စံရှား၏ မျက်နှာသို့ မော်၍ကြည့်ပြီးနောက် ဘွတ်ဖိနပ်ကို နှစ်ကြိမ်သုံးကြိမ် နမ်းပြီးမှ တီးတိုးအူမြည်လျက် ပြတင်းပေါက်ကို ခုန်တက်မည် ပြုလေ၏။ ထိုအခါ မောင်စံရှားလည်း လည်ပတ်၌ တပ်ဆင်ထားသော သံကြိုးကို ကိုင်လျက် ခွေးအလိုရှိတိုင်း သွားစေရာ ခွေးသည် ပြတင်းပေါက်မှ ခုန်ထွက်လျှင် မောင်စံရှားလည်း ခွေးနောက်မှ လိုက်သဖြင့် ကျွန်တော်လည်း နောက်မှ လိုက်သွားရလေ၏။

နံပိန်သည် ဥယျာဉ်လမ်းတစ်လျှောက် လျှောက်သွားသဖြင့် မောင်စံရှားလည်း နောက်မှ လိုက်ရင်း လမ်းကို ကြည့်သွားရာ အိမ်နောက် ဝင်းတံခါးအနီးသို့ ရောက်သောအခါ ခွေးကို ရပ်တန့်စေပြီးနောက် စံပယ်ရုံ တစ်ရုံ၏ အောက်သို့ သွား၍ ကြည့်ပြီးလျှင် ကျွန်တော့်အား ခေါ်၍ ပြသည်တွင် လူနှစ်ယောက်တို့၏ ခြေရာနှစ်စုံကို တွေ့မြင်ရလေသည်။

**ရှား။** ။'လူနှစ်ယောက် အိမ်နောက် လာချောင်းပြီး သည်နေရာက ထိုင်စောင့်၊ အရိပ်အကဲကိုကြည့်၊ အိပ်ခန်းထဲဝင်၊ အိပ်ပျော်နေတဲ့ ဦးသာဇံကို မေ့ဆေးပေး၊ ပြတင်းပေါက်က ပွေ့ထုတ်၊ အိမ်ပြင်ရောက်တော့ နှစ်ယောက်တွဲပြီးယူ၊ သည်လို မဟုတ်ပေဘူးလားဗျ'

၎င်းနောက် မောင်စံရှားသည် နံပိန်ကို သွားစေသဖြင့် နံပိန်သည် နှာခေါင်းကို မြေကြီးနှင့်ကပ်၍ အနံ့ခံလျက် ဝင်းပေါက်မှ ထွက်သွားလေ၏။

ပေ ၁၀၀ ခန့်မျှ သွားမိကြသောအခါ ခွေးသည် ထိုမှ ဤမှ လူးလာခပ်ပြီးနောက် မောင်စံရှား၏ မျက်နှာကို မော်ကြည့်လေရာ မောင်စံရှားသည် မြေကြီးကို သေချာစွာ ကြည့်သည်တွင် ကတ္တရာစေးခင်းပြီးဖြစ်သော လမ်းပေါ်၌ ကားတစ်စီး ရပ်ထားသော ဘီးရာကိုတွေ့လေ၏။

**ရှား။** ။'သြော် ဒီကျတော့ ကားနှင့် တင်သွားရောကိုး၊ သို့သော် သည်လမ်းက အသွားအလာ နည်းပါးတယ်ဗျ၊ လမ်းက ပြင်ပြီးဖြစ်လေတော့ ကတ္တရာစေးမှာ ဘီးရာ ထင်နေသားကပဲ၊ လိုက်ကြည့်ကြဦးစို့ဗျာ'

၎င်းကား၏ နောက်ဘီးမှာ ဖာ၍ထားသော အရာတစ်ခု ပါရှိသည်ဖြစ်၍ ကျွန်တော်တို့သည် အလွယ်တကူနှင့် ဘီးကြောင်း တစ်လျှောက် လိုက်ကြလေရာ ပေငါးရာ ခန့်မျှ သွားမိသောအခါ ဘီးရာ ပျောက်ပြီးနောက် သစ်ကိုင်းများကို ဒရွတ်ဆွဲသော အရာကဲ့သို့ ထင်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

**ရှား။** ။'အလို့ အာဂ လူတွေပါကလား'

**ကျွန်တော်။** ။'ဘာလဲဗျာ'

**ရှား။** ။'ဘီးရာ မခံနိုင်အောင် သစ်ကိုင်းကို ဒရွတ်ဆွဲပြီး ဖျက်ထားတယ်ဗျ၊ နေဦး ကျုပ်ကြည့်စမ်းဦးမယ်'

ဟု ပြော၍ လမ်းနံဘေးရှိ သစ်ပင်များကို ကြည့်ရှုရာ တစ်ခုသော သရက်ပင်ကြီးမှာ အကိုင်းတစ်ကိုင်း မကြာမီက ခုတ်ထစ်၍ ဖဲ့ယူသွားကြောင်း တွေ့မြင်ရလေ၏။

ကျွန်တော်တို့သည် ၎င်းသစ်ကိုင်းရာ တစ်လျှောက်ကို ဆက်လက်၍လိုက်ကြပြန်ရာ တိုက်ဂါးအလီလမ်း (ယခု ဦးဝိစာရလမ်း) သို့ ရောက်ပြီးနောက် အတန်ငယ်လျှောက်မိသကာလ ခြေရာပျောက်၍ သွားလေ၏။ ထိုအခါ မောင်စံရှားသည် သစ်ပင်တစ်ပင်ကို မှီကာ ဆေးတံကို ဖွာရင်း စဉ်းစားပြီးနောက်

**ရှား။** ။'ကိုသိန်းမောင်၊ ကျုပ် အကြံတစ်မျိုး ပေါ်လာပြန်ပြီဗျာ၊ ဦးသာဇံကို ဘယ်လို ရည်ရွယ်ချက်နှင့် ခိုးပြီးသွားတယ် ဆိုတာ မြို့ထဲမှာ ကျုပ်သွားပြီး စုံထောက်ချေဦးမယ်၊ ခင်ဗျားက နံပိန်နှင့် ခင်ဗျား ဉာဏ်ရှိသလောက် စီမံရစ်ကြစမ်းဗျာ၊ အခု လေးနာရီ ထိုးသွားပြီ၊ ညမတိုင်မီ ပြန်ရောက်အောင် ကျုပ် ပြန်လာခဲ့မယ်'

ထိုအခါ ကျွန်တော်မှာ တစ်ယောက်တည်း နေရစ်ရခြင်းကို များစွာ မနှစ်သက်သော်လည်း မောင်စံရှား၏ အမိန့်ကို မပယ်ဝံ့သည်ဖြစ်၍ ခွေးကို ယူထားပြီးလျှင် တတ်အားသမျှ ကြိုးစားရစ်ရန် ဝန်ခံလိုက်ရာ မောင်စံရှားလည်း ဦးသာဇံ၏ အိမ်သို့ ပြန်၍ ကားနှင့် မြို့တွင်းသို့ ပြန်သွားလေ၏။

မောင်စံရှား ပြန်သွားပြီးနောက် ကျွန်တော်သည် စဉ်းစားဆင်ခြင်မိသည်မှာ အကယ်၍ ဦးသာဇံကို တင်ထားသော ကားသည် ဤနေရာ၌ တစ်အိမ်အိမ်သို့ ချိုးဝင်၍ သွားရန်မှာ အိမ်လည်း မရှိချေ။ ခြေရာကို ပျောက်လောက်အောင် ဉာဏ်ရှိသော လူများသည် မိမိတို့ ခရီးဆုံးတိုင်အောင် သစ်ကိုင်းရာကြီးကို ထင်စေမည်မဟုတ်။ မိမိတို့ လိုရာသို့ သွားပြီးလျှင် လူတစ်ယောက်က သစ်ကိုင်းကို ခြေကျင်လျှောက်၍ ဒရွတ်ဆွဲဟန် လက္ခဏာတူသည်ဟု အောက်မေ့ပြီးလျှင် လမ်းနံဘေးရှိ မြောင်းထဲတွင် ပစ်ထားသော သစ်ကိုင်းကြီးကို ကြည့်ပြီးနောက် နောက်သို့ အတန်ငယ်လျှောက်လာခဲ့ပြန်လေ၏။

အတန်ငယ်လျှောက်မိလျှင် ဘိုအိမ်ကြီးတစ်ဆောင်ကို တွေ့ရှိရာ ၎င်းအိမ်ကြီးမှာ တခြားသော အိမ်များနှင့် မနီးသည်ဖြစ်၍ လူတစ်ယောက်ကို ဖက်ထားရန် အလွန်ပင် သင့်လျော်လေသည်။ အလွန်တရာလည်း တိတ်ဆိတ်သည်ဟု အောက်မေ့ပြီးလျှင် အိမ်၏ အခြေအနေကို ကြည့်ရှုရာ ဝင်းတံခါးကို လုံခြုံစွာ ပိတ်ဆို့ထားလျက် ဝင်းမှာ သံဆူးပါသော ကြေးနန်းကြိုးတို့ဖြင့် ကာရံလျက် ရှိသည်ကို တွေ့ရှိရလေ၏။ ထိုအခါ ကျွန်တော်သည် ဝင်းအတွင်းသို့ လျှို့ဝှက်စွာ ဝင်ရောက်ကြည့်ရှုလိုသော စိတ်ဖြစ်ပေါ်လာခဲ့ရာ အကယ်၍ နံပိန်ကို ခေါ်သွားပါမူ အရေးရှိက ပြေးလွှားရန် ခက်ခဲမည်ဖြစ်သောကြောင့် ချော့မော့၍ လမ်းနံဘေး၌ ထားခဲ့ပြီးနောက် ကျွန်တော်သည် ကြေးနန်းကြိုးကို ငုံ့လျှိုး၍ ဝင်းအတွင်းသို့ ဝင်လေ၏။

အိမ်ကြီးမှာ လူသူနေထိုင်ခြင်း မရှိဘိကဲ့သို့ တိတ်ဆိတ်စွာ ရှိနေရာ ကျွန်တော်သည် အိမ်ကို လှည့်ပတ်ကာ ကြည့်ပြီးနောက် အိမ်နောက်၌ တဲငယ်တစ်ခုကို မြင်သည်နှင့် ချဉ်းကပ်လေ၏။ တဲနှင့် မနီးမဝေးသို့ ရောက်သောအခါ အလွန်တရာ အရပ်ဆိုးလှသော သစ်သားရုပ်ကြီးနှစ်ရုပ်ကို တွေ့ရှိလေရာ တစ်ရုပ်မှာ ရုစ်ပေခန့်ရှိ၍ တစ်ရုပ်မှာ လူ၏ အရပ်မျှသာ ရှိလေ၏။ ထိုအခါကျွန်တော်မှာ မည်သည့်အရပ်က ယူဆောင်လာခဲ့သော သစ်သားရုပ်ကြီးများ ဖြစ်ကြောင်းကိုလည်း စဉ်းစားရင်း ၎င်းတို့ကို ကျော်လွန်၍ တဲရှိရာသို့ သွားမည်ပြုလုပ်သည်တွင် ငယ်သောအရုပ်သည် ကျွန်တော်၏ အနီးသို့ တစ်ခုန်တည်းဖြင့်ရောက်လာ၍ ကျွန်တော်မှာ အံ့အားသင့်လျက် ခုခံဖို့ကိုမျှ စိတ်မကူးနိုင်မီ လက်ဝဲဘက်လက်သီးသည် ကျွန်တော်၏နံဘေးသို့ အွတ်ခနဲမြည်အောင် ထိုးလိုက်၍ လက်ျာဘက်လက်သီးသည် ကျွန်တော်၏ ပါးချိတ်ကို ကော်၍ သတ်လိုက်ရာ ကျွန်တော်မှာ မီးပွဲများ အကြီးအကျယ် မြင်လိုက်ရပြီးနောက် လူမှန်းမသိ ဖြစ်သွားရလေ၏။

သတိရလာသဖြင့် မျက်စိကို ဖွင့်၍ ကြည့်လိုက်သောအခါ ညအချိန်ဖြစ်နေကြောင်း သိရှိရ၍ တဲငယ်တစ်ခုအတွင်း မီးအိမ်တစ်ခုသည် စားပွဲငယ်တစ်ခုပေါ်၌ ထွန်းလျက်ရှိရာ ကျွန်တော်မှာမူ ကြိုးခုတင်တစ်ခုပေါ်၌ ကြိုးများနှင့် တုတ်နှောင်ထားကြောင်း တွေ့ရှိရလေ၏။ အတန်ငယ် စဉ်းစားပြီးနောက် ကျွန်တော်သည် အကျိုးအကြောင်းကို သိသဖြင့် ချောင်းဟန့်လိုက်ရာ ကုလားတစ်ယောက်သည် တဲတွင်းသို့ ဝင်လာ၍

**လား။** ။'ဟရေး ဆရာကြီး သတိရပြီးလား၊ အခန့်သင့်ပဲ၊ ကားလဲ ရောက်လာပြီ၊ ကိုင်း ထပေတော့'

**ကျွန်တော်။** ။'ဘယ်ကို သွားရမှာလဲ'

**လား။** ။'ရောက်တော့ သိလိမ့်မယ်၊ လမ်းမှာ အော်လားဟစ်လား မလုပ်နှင့်နော်၊ ရင်ဝကို ဟောဒီဓားနှင့် စိုက်လိုက်မယ်၊ နားလည်လား'

၎င်းနောက် ကုလားသည် ကျွန်တော်၏ လက်ပြန်ကြိုးများကို မြဲခိုင်သည်ထက် မြဲခိုင်အောင် ချုပ်နှောင်ပြီးလျှင် တဲပြင်သို့ ခေါ် သွား၍ ရပ်လျက် ရှိသော မော်တော်ကားပေါ်သို့ တက်စေလေ၏။ ကားပေါ် သို့ ရောက်လျှင် ထိုသူသည် ကျွန်တော်နှင့် ယှဉ်ကာ ထိုင်လျက် ကားကို မောင်းနှင်ရန် အမိန့်ပေးလေ၏။ လမ်းခရီး၌ ကျွန်တော်မှာ လွတ်မြောက်ရန်နည်းလမ်းကို စဉ်းစားပါသော်လည်း ကားမှာ အားလုံးကုန် အလုံပိတ်၍ထားသည့်ပြင် ကန့်လန့်ကာများ ချထားသည်ဖြစ်သောကြောင့် မည်သည့်လမ်းက မောင်းနှင်သည်ကိုမျှ မသိရဘဲ ရှိနေခဲ့လေ၏။

နာရီဝက်ခန့်မျှ မောင်းနှင်မိသောအခါ ကားသည် ရပ်တန့်လေရာ ကုလားသည် ကျွန်တော်၏ ခံတွင်းသို့ လက်ကိုင်ပုဝါ တစ်ထည်ကို မအော်ဟစ်နိုင်အောင် ဆို့ရင်း

'ယီးတားယားတား မလုပ်နှင့်နော်၊ ကောင်းကောင်း လိုက်ပါ၊ ကောင်းကောင်းလိုက်ရင် ဘာမှ မဖြစ်ဘူး၊ ကောင်းကောင်း မလိုက်ရင် ထိုးလိုက်မယ်၊ မြင်ရဲ့လား'

ဟု ခြိမ်းခြောက်၍ ဓားမြှောင်ကို ပြလေ၏။

ကားပေါ်မှ ဆင်းမိကြလျှင် ကျွန်တော်တို့သည် ကြည့်မြင်တိုင် ဇေတဝံတားသို့ ရောက်နေကြကြောင်း သိရှိရလေရာ တံတား၌ကား မော်တော်ဘုတ်ကြီးတစ်စင်း ဆိုက်ကပ်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ကုလားလည်း ကျွန်တော်၏ လက်ပြန်ကြိုးကို ကိုင်လျက် တံတားကို လျှောက်စေပြီးလျှင် မော်တော်ဘုတ်ပေါ် သို့ တက်စေရာ ကျွန်တော်မှာ ခုခံခြင်း၏ အကျိုးကျေးဇူးကို တွေး၍ မမြင်သဖြင့် ဆိတ်ငြိမ်စွာ လိုက်လာခဲ့ရလေ၏။

မော်တော်ဘုတ်ပေါ် သို့ ရောက်သောအခါ ကျွန်တော်အား အနှောင်အဖွဲ့တို့ကို မဖြေဘဲ အခန်းငယ်တစ်ခု တွင်းသို့ သွတ်သွင်းပြီးနောက် တံခါးကို မင်းတုန်းချခဲ့ပြီးလျှင် မော်တော်ဘုတ်လည်း စက်နှိုး၍ ထွက်သွားလေ၏။

ကျွန်တော်သည် ရေးယခင်အခါများက မောင်စံရှား၏ ဝတ္ထုများကို ရေးသားစဉ်အခါက ကျွန်တော်ကိုယ်တိုင် အစဉ်အမြဲ ပါရှိသည်ဖြစ်၍ ဒိဋ္ဌမျက်မြင်ကဲ့သို့ ရေးသားရသည်ဖြစ်ရာ ယခုအမှု၌မူ မောင်စံရှားနှင့် ကွဲကွာ၍ နေလေရကား မောင်စံရှား စီမံဆောင်ရွက်ပုံများကို မျက်မြင်မဟုတ်ဘဲ မောင်စံရှားက ပြန်ပြောင်းပြောပြသည့်အတိုင်း ပြင်ရေးပေးရချေတော့မည်။ သို့ရာတွင် ဝတ္ထုသွားအစီအစဉ် မပျက်စေမူ၍ အဖြစ်အပျက်များကို မောင်စံရှားနှင့် ပြန်လည် တွေ့ဆုံသည့်အခါတိုင်အောင် မစောင့်ဆိုင်းဘဲ ဖြစ်စဉ်အတိုင်းသာလျှင် ကျွန်တော်မြင်ရဘိသကဲ့သို့ ရေးသားပေးအံ့။

မောင်စံရှားသည် ကျွန်တော်နှင့် ခွဲခွာပြီးနောက် မြူနီစီပါယ်လူကြီးဖြစ်သော ဦးကံဘော်၏ နေအိမ်သို့ လျှင်မြန်စွာ မောင်းနှင် သွားလေ၏။ ဦးကံဘော်နှင့် အခန့်သင့်ပင် တွေ့ဆုံလေလျှင် အကျိုးအကြောင်း အကျဉ်းချုပ် ပြောပြပြီးနောက်

**ရှား**။ ။'နေပါဦးခင်ဗျာ၊ သည်အမှုဟာ သာမည လူဆိုးများ လက်ချက်ကယ်လို့ ကျွန်တော် မထင်ဘူး၊ အကယ်၍ ဦးသာဇံ ပြန်မလာခဲ့လို့ရှိရင် ဘယ်သူ့မှာ အကျိုး ခံစားရမလဲ၊ ဦး မတွေးနိုင်ဘူးလား'

**ဘော်**။ ။'သဘက်ခါ နေ့လည် ၁၂ နာရီ တိတိမှာ ဘုရင်ခံကိုယ်တိုင် မြူနီစီပါယ် အဆောက်အဦးကို လာပြီး ဦးသာဇံကို ဥက္ကဋ္ဌအဖြစ်သို့ အခမ်းအနားနှင့် တင်မြှောက်ပါလိမ့်မယ်၊ သည်အခါမှာ ဦးသာဇံမရောက်ခဲ့လို့ ရှိရင် ဝွကျတော့မှာပဲ'

**ရှား**။ ။'သူ မရောက်ရင် ဘယ်သူ့ကို မြှောက်မလဲ'

**ဘော်**။ ။'အရင်ကလဲ တစ်ခါမှ သည်လိုမဖြစ်ဖူးတော့ မပြောတတ်ဘူး၊ သို့သော် ကျုပ်အထင်တော့ သူနှင့် ယှဉ်ပြိုင်ပြီး လုတဲ့ ဟာဇီမဟာမက်ကို မြှောက်ရလိမ့်မယ် ထင်တယ်'

**ရှား**။ ။'ဒါဖြင့် ဟာဇီမဟာမက်မှာ အကျိုး ရှိမှာပေါ့'

**ဘော်**။ ။'သည်အလုပ်မျိုးဟာ ဂုဏ်ထူးဆောင် သက်သက်ကလား ခင်ဗျာ၊ ဟာဇီကြီးတို့လို ခနငွေကြေး ခိုင်လုံတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးကိုတော့ မစွပ်စွဲဝံ့ပါဘူး ခင်ဗျာ၊ ဘယ်နည်းနှင့်မှ မဟုတ်နိုင်ပါဘူး'

**ရှား**။ ။'ဟာဇီကြီးက ဘာအလုပ်လုပ်သလဲ'

**ဘော်**။ ။'ရှန်ဟဲက ပိုးထည်တွေ တင်ပြီး မြန်မာပြည်မှာ လက်ကား ရောင်းပါတယ် ခင်ဗျာ'

၎င်းနောက် မောင်စံရှားသည် ဟာဇီမဟာမက်၏ အိမ်နံပါတ်နှင့် လမ်းကို မေးမြန်းပြီးလျှင် ၎င်းရှိရာ ကုန်စျေးတန်းသို့ မောင်းနှင်လေ၏။ အလုပ်တိုက်တွင် ဟာဇီကြီး ရှိသေးရာ ဧည့်သည်တစ်ယောက်နှင့် စကားပြောနေခိုက်ဖြစ်၍ ၎င်း၏ အခန်းအတွင်းသို့ ဝင်ခွင့်မရသေးမီ မောင်စံရှားသည် တိုက်စာရေးကြီးနှင့် စကားပြောဆိုလျက် ရှိလေ၏။

**ရှား**။ ။'အရောင်းအဝယ်များ ကောင်းပါစ ခင်ဗျာ'

**စာရေး**။ ။'ခပ်ပါးပါးပါပဲ ဆပ်'

**ရှား**။ ။'သည်တိုက်မှာ စာရေးကြီး လုပ်တာ ဘယ်လောက်ကြာပြီလဲ'

**စာရေး**။ ။'ကြာလှပြီကော ခင်ဗျာ၊ အခုရှိတဲ့ ဟာဇီကြီးတို့ အဖေ ဟာဇီမော်စတော်ဖား လက်ထက်ကတည်းက လုပ်လာခဲ့တာပဲ၊ ဒါထက် ဦးသာဇံ တွေ့ပြီလား ခင်ဗျာ၊ ဦးစံရှားပဲ စုံထောက်နေတယ်ဆို'

**ရှား**။ ။'ခင်ဗျား ဘယ်က ကြားသလဲ'

**စာရေး**။ ။'နေ့လည်က ပွဲစားကြီး ဦးကံဘော်ဆီက လူတစ်ယောက် လာလို့ ကြားပါတယ်၊ သည်တစ်ခါ ကျွန်တော်တို့ ဟာဇီကြီးကို ခိုဒါရှင်က မ တော်မမူဘူးခင်ဗျာ၊ နို့မို့ရင် ငွေတစ်သိန်းတောင် ရရှာမှာ'

**ရှား**။ ။'ဘယ့်နှယ် ငွေတစ်သိန်းလဲ'

**စာရေး**။ ။'ဟာဇီမော်စတော်ဖားက သေတမ်းစာ ရေးစေခဲ့တယ် ခင်ဗျ၊ ရှိသမျှ ပစ္စည်းတွေကို သားသမီးတွေ ခွဲဝေပြီးတဲ့နောက် ငွေတစ်သိန်းတိတိ ဘဏ်တိုက်မှာ ထားရမယ်၊ ၎င်းငွေ သူ့သားစဉ်မြေးဆက်ထဲက ဘယ်သူမဆို အသက်လေးဆယ်မကျော်မီ မြို့နီစီပါယ် ဥက္ကဋ္ဌဖြစ်တဲ့လူ ... '

'ဟာဇီကြီးက ကြွပါတဲ့ ခင်ဗျာ'

ဟု သူငယ်တစ်ယောက် လာရောက်ခေါ် သည်တွင် မောင်စံရှားသည် ဟာဇီကြီး၏ အခန်းတွင်း လိုက်သွားလေ၏။ ဟာဇီကြီးလည်း ပျူငှာသော အမူအရာနှင့် မောင်စံရှားအား နေရာထိုင်ခင်း ပေးပြီးလျှင်

**ဇီ**။ ။'ဘယ့်နှယ်လဲ ဦးစံရှား ခင်ဗျာ၊ ကိစ္စ ချောမောပါစ'

**ရှား**။ ။'မချောမောအောင် ရှိနေပါသေးခင်ဗျာ၊ ဒါထက် ဟာဇီကြီးတို့တော့ ဦးသာဇံနှင့် မိတ်ရင်းဆွေရင်းဖြစ်တဲ့အတွက် ဦးသာဇံကို ပျက်လိုပျက်စီး ကြံစည်မဲ့ လူများရှိရင် သိမှာပေါ့'

**ဇီ**။ ။'ရှိမထင်ပါဘူး ခင်ဗျာ၊ ဦးသာဇံက အင်မတန် လူချစ်လူခင် ပေါများတဲ့ လူတစ်ယောက်ကပဲ၊ သြော် သို့သော် နေဦးဗျို့၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ဦးသာဇံက မိတ်ဆွေတစ်ယောက်နှင့် မြို့ထဲ လမ်းလျှောက်သွားတုန်း ဖရေဇာလမ်းက ဆိုင်တစ်ဆိုင်ကို သူခိုးများ ဖောက်ထွင်းပြီး ဝင်နေတာကို ကံအားလျော်စွာ မြင်လေတော့ ပုလိပ်ကို ခေါ်ပြီး ပြလိုက်ရာမှာ သူခိုး သုံးယောက်က သိသွားတယ်၊ ၎င်းအမှုကို ဦးသာဇံက ရုံးမှာ သက်သေလိုက်စဉ်က တရားခံတစ်ယောက်က ထောင်ဒဏ်သုံးနှစ်ဆီ စီရင်ချက်ချသည်နှင့် တစ်ပြိုင်နက် ဦးသာဇံကို ကြိမ်းဝါးပြီးသွားသတဲ့၊ သည်အကောင်က ပုလိပ်များကိုတော့ ရန်ညိုးမဖွဲ့၊ ဦးသာဇံကိုတော့ စပ်ကြားဝင်ရှုပ်တယ်ဆိုပြီး ရန်ညိုးထားသွားသတဲ့၊ ကြားလိုက်ရဖူးတယ်'

**ရှား**။ ။'တရားခံ နာမည် ဘယ်သူတဲ့လဲ မှတ်မိသေးလား'

**ဇီ**။ ။'သာဦး ဆိုထင်ပါရဲ့ခင်ဗျာ၊ ထောင်ဒဏ် သုံးနှစ်ဆိုတော့ အခုနေအခါမှာ သည်အကောင် လွတ်လောက်ပြီ ထင်တယ်'

ထိုခဏ၌ ဟာဇီကြီး၏ စာရေးတစ်ယောက်သည် ကြေးနန်းတစ်စောင်ကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ကြေးနန်းကို ဟာဇီကြီးအား ပေးလေရာ ဟာဇီကြီးသည် အခွင့်တောင်း၍ ကြေးနန်းကို ဖတ်လေ၏။ မောင်စံရှားလည်း ဟာဇီကြီး၏ မျက်နှာထားကို အကဲခတ်လျက် ရှိရာ ကြေးနန်းကို ဖတ်မိသည်နှင့် တစ်ပြိုင်နက် မျက်နှာများ ညိုမဲ၍ သွားသည်ကို တွေ့မြင်လိုက်ရလေ၏။ ၎င်းနောက် မောင်စံရှားသည် ဦးသာဇံကို ပြန်၍တွေ့အောင် တတ်အားသမျှ ကြိုးစားပါမည်ဟု တာဝန်ခံပြီးလျှင် ဟာဇီကြီးကို နှုတ်ဆက်၍ ထွက်လာခဲ့လေ၏။

၎င်းနောက် မောင်စံရှားသည် မိမိ၏မိတ်ဆွေ ဝတ်လုံတော်ရ ဦးကျော်မြင့်ထံသို့ ကားနှင့် မောင်းနှင်သွားပြီးလျှင် အရေးကြီးသော သေတမ်းစာ တစ်ခုကို ကြည့်လို၍ မည်သည့်ရုံးသို့ သွားရောက်တောင်းခံ ကြည့်ရှုရမည်ကို မေးမြန်း စုံစမ်းရာ ဝတ်လုံတော်ရ ဦးကျော်မြင့်က ဦးစံရှားကိုယ်တိုင် သွားသည်ထက် မိမိစာရေးကို လွှတ်လိုက်၍ ကြည့်ရှုကူးယူစေက သာ၍လျင်မြန်မည်ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်စံရှားက ဟာဇီမော်စတော်ဖားဆိုသူ သေတမ်းစာကို ကူးယူစေခဲ့လိုကြောင်း ပြောပြသည်တွင် ဦးကျော်မြင့်လည်း မိမိ၏ စာရေးတစ်ယောက်ကို စေလွှတ်လိုက်လေ၏။

စာရေးထွက်သွားလျှင် မောင်စံရှားသည် တယ်လီဖုန်းကို ယူ၍ ဦးကံဘော်နှင့် ဆက်သွယ်စေပြီးလျှင်

**ရှား**။ ။'သည်မလေ ဦးကံဘော်၊ ကျွန်တော် မောင်စံရှားလေ၊ ကျွန်တော် သိချင်တာ တစ်ခုရှိလို့ပဲ၊ သည်မှာ၊ ဟာဇီမဟာမက်ဟာ အသက်ဘယ်လောက် ရှိပြီလဲ'

**ဘော်**။ ။'အမှန်တော့ မပြောနိုင်ဘူးဗျ၊ ကျွန်တော့်အထင်တော့ လေးဆယ်နီးနီးလောက် ရှိပြီ ထင်တယ်၊ ဘာကြောင့်လဲ'

**ရှား**။ ။'ကျွန်တော် သိချင်လို့ပါ ခင်ဗျာ၊ ဟုတ်ကဲ့ ဒါပါပဲ'

၎င်းနောက် မောင်စံရှားသည် အစိုးရစုံထောက် အင်စပိတ်တော် မောင်အုန်းဖေနှင့် ဆက်သွယ်ပြန်ပြီးလျှင်

**ရှား**။ ။'ကိုအုန်းဖေလားဗျို့'

**ဖေ**။ ။'ဟုတ်ပါတယ်၊ ဆရာလား'

**ရှား**။ ။'သည်မှာ ကိုအုန်းဖေ၊ သာဦး ဆိုတဲ့ တရားခံ တစ်ယောက်ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အိမ်ဖောက်မှုနှင့် ထောင်ကျသွားတယ်၊ သည်အကောင် လွတ်ပြီလား'

**ဖေ**။ ။'ဖရေဇာလမ်းမှာ တိုက်ကို ဖောက်တဲ့ အကောင်ဟာလား၊ လွတ်တာ တစ်လလောက် ရှိပြီကော ဆရာ၊ လွတ်ပေမယ့် ကောင်းကောင်း အပြင်မှာ မနေလိုက်ရရှာပါဘူး၊ လုယက်မှုနှင့် အချုပ်မှာ ကျနေပြန်ပြီကော'

**ရှား**။ ။'ဘယ်တော့ကလဲ'

**ဖေ**။ ။'လွန်ခဲ့တဲ့ သောကြာနေ့ကပဲ ဆရာ ၊ ငါးရက်လောက် ရှိသွားပြီ'

**ရှား**။ ။'ကောင်းပါပြီဗျာ၊ ဒါပါပဲ'

ထို့နောက် မောင်စံရှားသည် ဦးကျော်မြင့်နှင့် စကားပြောဆိုလျက်ရှိရာ နာရီတစ်ဝက်ခန့်မျှ ကြာလျှင် စာရေးသည် ပြန်လာ၍ မော်စတော်ဖား၏ သေတမ်းစာကို ကူးယူခဲ့သော စာရွက်ကို ပေးကမ်းလေ၏။ ၎င်းသေတမ်းစာအနက် အရေးကြီးသော အချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**"ငင်းအပြင် ဘန်ဂေါ်ဘဏ်တိုက်၌ အပ်နှံ၍ထားသော ငွေတစ်သိန်းကို ကျွန်ုပ်၏ အနွယ်အဆက်အနက်မှ ပထမဦးစွာ အသက်လေးဆယ်မကျော်လွန်မီ ရန်ကုန်မြို့ မြူနီစီပါယ် ဥက္ကဋ္ဌရာထူး၌ ခန့်ထားခြင်း ခံရသော သူအား အတိုးရော အရင်းပါ ပေးအပ်စေရမည်။"**

ငင်းနောက် မောင်စံရှားသည် ဦးကျော်မြင့်အား ကျေးဇူးတင်ကြောင်း ပြောကြားနှုတ်ဆက်၍ ကားနှင့် ထွက်လာခဲ့ပြီးလျှင် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) မှ ပလာတာများကို ဝယ်ယူခဲ့၍ လမ်း၌တဖြည်းဖြည်း စားသောက်ရင်း ကျွန်တော့်အား ထားခဲ့ရာ တိုက်ဂါးအလီလမ်းသို့ မောင်းနှင်လာခဲ့လေ၏။

ကျွန်တော်တို့ကို ထားခဲ့သော နေရာသို့ ရောက်လျှင် မောင်စံရှားသည် ကားကို လမ်းနံဘေး၌ ရပ်ထားခဲ့ပြီးလျှင် ခြေလျင်လျှောက်၍ ကျွန်တော်တို့ကို ရှာဖွေရာ ခွေးရော လူပါ ရှာမတွေ့အောင် ရှိခဲ့လေ၏။ ငင်းနောက် ခရီးစဉ်အတိုင်း လျှောက်လာခဲ့၍ မဒီနာ အမည်ရှိသော အိမ်ကြီးကိုတွေ့လေလျှင် ထိုအချိန်မှာ ၈ နာရီကျော်ပြီဖြစ်သော်လည်း အိမ်ကြီးမှာ ဓာတ်မီးများ ထွန်းညှိခြင်း မရှိဘဲ မှောင်နှင့်မဲမဲ ရှိလျက် တိတ်ဆိတ်စွာ ရှိနေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ မောင်စံရှားသည် အိမ်ဝင်းအတွင်းသို့ ဝင်၍ စုံစမ်းဦးမည်ဟု ကြေးနန်းကြိုးအောက် ငုံ့လျှိုး၍ ဝင်လာခဲ့ပြီးလျှင် မှောင်ရိပ်ကိုခိုလျက် တောင်မြောက်လေးပါးကို ရှုမြော်လျက် ရှိစဉ် ကားတစ်စီးသည် ဆိုက်ရောက်၍ လာပြီးလျှင် ကားပေါ်မှ ဟာဇီမဟာမက် ဆင်းလာ၍ အိမ်တွင်းသို့ ဝင်သွားသည်ကို မြင်လိုက်ရလေ၏။ ထိုအခါမှ ဓာတ်မီးများကို ဖွင့်၍ တစ်အိမ်လုံး ထိန်ထိန်လင်းလျက် ရှိလေ၏။ ထိုအခါ မောင်စံရှားသည် သစ်ပင်ကြီးများ၏ အရိပ်အောက်မှ ခို၍ အိမ်နောက်ဘေး၌ရှိသော အစေခံတဲအနီးသို့ သွားပြီးလျှင် ချောင်းမြောင်းကြည့်ရှုလျက် ရှိရာ မော်တော်ကား မောင်းသမားသည် ကားကို တဲတွင်းသို့ သွင်းပြီးနောက် တစ်ယောက်သော အစေခံနှင့် စကားပြောဆိုလျက် ရှိကြသည်ကို မောင်စံရှား ကြားရလေ၏။

**အစေခံ။** ။'ဘယ့်နှယ်လဲဟေ့ ဟာမစ်၊ သည်ကနေ့ည ကားသိမ်းပြီလား'

**မစ်။** ။'မပြောတတ်သေးဘူးကွယ့်၊ ဟာဇီကြီးက သွားချင်ရင် ချက်ချင်း ထွက်သွားတာ၊ စိတ်မချရသေးဘူး'

**အစေခံ။** ။'မင်းအလုပ်ကတော့ အေးပါရဲ့လေ၊ ငါတို့သာ အလုပ်ရှုပ်တာပါ'

**မစ်။** ။'အလုပ်ရှုပ်တာကို ကျေးဇူးတင်ဦး ဘိုင်၊ တော်ကြာရင် အလုပ်မရှိဘဲ ဖြစ်နေမှာတောင် စိုးရသေးတယ်'

**အစေခံ။** ။'ဘာကြောင့်လဲကွယ်'

**မစ်။** ။'ဟာဇီကြီးက တယ်ဟန်မရဘူး၊ အင်ဆော်လမန် လုပ်ပုံပေါ်နေပြီ၊ ရှန်ဟဲမြို့မှာ ဖဲထည်တွေ ဝယ်ထားတာ တရုတ်စစ်သားတွေက မီးရှို့ပစ်လိုက်လို့ အကုန်ဆုံးကုန်ပြီတဲ့ ၊ သည်ကနေ့ ကြေးနန်းရတယ်လို့ ကျုပ်ကြားခဲ့ရတယ်'

**အစေခံ။** ။'ခိုဒါအရှင် သဘောတော်အတိုင်းပေါ့ကွယ်၊ တတ်နိုင်ပါဘူး'

ငင်းနောက် အစေခံတို့နှစ်ယောက် ခွဲခွာ၍သွားကြလေရာ မောင်စံရှားမှာ မိမိရှိစဉ်က ရောက်လာသော ကြေးနန်းမှာ ငင်းကြေးနန်းပင်တည်းဟု တွေးတောမိလေ၏။ ဟာဇီမဟာမက်မှာ စီးပွားပျက်သောကြောင့် ငွေကို အလွန်လိုချင်၏။ ငွေရမှ သာလျှင် မိမိ၏ အခြေအနေကို ဆယ်နိုင်လောက်၏။ သို့ဖြစ်၍ သေတမ်းစာတွင် ပါရှိသော ငွေတစ်သိန်းကို ရဖို့ရန် ကြံစည်၏။ ကြံစည်သည့်အတိုင်း ဥက္ကဋ္ဌရာထူးကို လုသော်လည်း အထမမြောက်ခဲ့ချေ။ သို့ရာတွင် တစ်နည်းနှင့် မရက တစ်နည်းနှင့်ရအောင် ကြံစည်ကြောင်းကား စင်စစ်အားဖြင့် ထင်ရှား၏။ သို့သော်လည်း ငင်းထင်မြင်ချက်သည် တရားမဝင် တွေးတောထင်မြင်ခြင်းမျှသာ ဖြစ်သည်။ သို့ဖြစ်၍ငါသည် ရှေးဦးစွာ ဦးသာဇံကို တွေ့အောင် ရှာဖွေအံ့ဟု အောက်မေ့လျက် မောင်စံရှားသည် အိမ်၏အခြေအနေကို တစောင်းမှ ချောင်းမြောင်းကြည့်ရှုနေပြန်လေ၏။

နာရီတစ်ဝက်ခန့်မျှ ကြာသောအခါ မော်တော်ဆိုင်ကယ်တစ်စီး၏ အသံကို အဝေးမှ ကြားရပြီးနောက် အိမ်နှင့်မနီးမဝေးတွင် ရပ်ထားခဲ့ပြီးမှ လူတစ်ယောက်သည် အိမ်နောက်မှ လျှို့ဝှက်စွာ ဝင်လာ၍ လေချွန်လိုက်သည်ကို မောင်စံရှားက မှောင်ရိပ်မှ

တွေ့မြင်ရလေ၏။ အတန်ငယ်ကြာသောအခါ လူတစ်ယောက်သည် အိမ်တွင်းမှ ထွက်လာပြီးလျှင် ထိုသူနှင့် တွေ့ဆုံရာ ထွက်လာသောသူမှာ မဟာမက်ပင် ဖြစ်လေသည်။ မောင်စံရှားမှာ ၎င်းတို့နှင့် ဆယ်ပေခန့်မျှသာ ဝေးကွာသည်ဖြစ်၍ ၎င်းတို့ပြောစကားများကို ကြားရလေရာ

**မက်**။ ။'ကိစ္စ ပြီးခဲ့ပြီလားဟေ့'

**လူ**။ ။'ပြီးပြီ ဆပ်'

**မက်**။ ။'တစ်ယောက် တစ်ခန်းစီ ထားခဲ့ရဲ့လား'

**လူ**။ ။'ထားတယ် ဆပ်'

ထို့နောက်၌မူကား မဟာမက်သည် ထိုသူအား တီးတိုးမျှသာလျှင် ပြောဆိုခိုင်းစေတော့သည်ဖြစ်၍ မောင်စံရှားသည် ထပ်လောင်း၍ တစ်ခွန်းမျှ မကြားရတော့ချေ။ သို့ရာတွင် ကြားရသမျှနှင့် စဉ်းစားချက် ထုတ်သည်မှာ ကျွန်တော်ပါ လက်တွင်းသို့ ကျရောက်သွားပြီဖြစ်၍ ဦးသာဖုံနှင့် အတူ ထားသလော၊ တစ်ယောက်စီ တစ်ခန်းစီခွဲ၍ ထားသလောဟု မေးမြန်းခြင်း ဖြစ်တန်ရာသည်။ ထိုသူသည် ဦးသာဖုံတို့ရှိရာ အရပ်မှ လာဟန်တူသည်။ ၎င်း၏ နောက်မှ လိုက်ရသော် ၎င်းတို့ ရှိရာ အရပ်သို့ ဆိုက်ရောက်အံ့ဟု အကြံဖြစ်လေ၏။

ယင်းသို့ ကြံမိသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် မိမိ၏ ကားကို သွား၍ယူဖို့ အချိန်ရနိုင်စေရန် မော်တော်စက်ဘီးကို ဖောက်၍ထားခဲ့အံ့ဟု တိတ်တဆိတ် ဝင်းပြင်သို့ ထွက်လာခဲ့လေ၏။ စက်ဘီးကို ထောင်ထားရာ အရပ်သို့ ရောက်သောအခါ မောင်စံရှားသည် ဆူးတစ်ချောင်းကို ရှာ၍ စက်ဘီးတိုင်ယာကို ထိုးဖောက်ပြီးလျှင် မိမိ၏ကား ရှိရာသို့ လျှောက်လာခဲ့လေ၏။

ကားသို့ ရောက်သောအခါ အပေါ် သို့ တက်၍ စက်နှိုးမည် ပြုသည်တွင် ကားသည် တစ်ဘက်မှ နိမ့်လျက် ရှိသည်ကို တွေ့ရှိရလေ၏။

ထိုအကြောင်းကို စုံစမ်းသည့်အခါ မောင်စံရှား၏ ကားမှာလည်း ရှေ့ဘီးတစ်ဖက်ပေါက်၍ လေမရှိတော့သည့် အကြောင်းကို သိရှိရလေ၏။ ကား၏ နောက်ဘီး၌ ဘီးအပိုတစ်ခု ပါရှိသော်လည်း ဘီးနှစ်ခု လဲလှယ်ရခြင်းမှာ မော်တော်ဆိုင်ကယ် ဆူးပေါက်ကို ဖာရသည်ထက် အချိန်ကြာဦးမည်ဖြစ်၍ မောင်စံရှားမှာ ဆိုင်ကယ်၏နောက် လိုက်နိုင်တော့မည်မဟုတ်ဟု စိတ်ပျက်ပျက်နှင့် ပေါက်သောဘီးကို ချွတ်လျက်ရှိစဉ် လူတစ်ယောက်သည် မော်တော်ဆိုင်ကယ်ကို တွန်း၍ မိမိရှိရာလမ်းသို့ လျှောက်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် မိမိလိုက်လိုသော သူဖြစ်ကြောင်း သိရှိရလေ၏။

ထိုသူမှာ ဖေဒဇာရီ ကုလားလူမျိုးတစ်ယောက် ဖြစ်လေရာ မောင်စံရှားက အဘယ်ကြောင့် ဆိုင်ကယ်ကို တွန်း၍ လာပါသနည်းဟု မေးမြန်းပြီးလျှင် မိမိ၌ ကျွတ်ဖာထေးရန် ကရိယာတန်ဆာ အစုံအလင် ပါရှိကြောင်း၊ မိမိအား ကူညီလျှင် မိမိကလည်း ကူညီ၍ ဖာထေးပေးမည်ဖြစ်ကြောင်းနှင့် ပြောဆိုသည်တွင် ထိုသူလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူညီလေ၏။

၎င်းနောက် တစ်ယောက်အား တစ်ယောက် ကူညီလျက် နာရီဝက်ခန့်အတွင်းတွင် နှစ်ယောက်စလုံး ပြင်ဆင်ပြီးစီးကြလေရာ မော်တော်ဆိုင်ကယ်သမားသည် နှုတ်ဆက်၍ စီးသွားလျှင် မောင်စံရှားလည်း မလှမ်းမကမ်းမှ လိုက်လေ၏။ ထိုသူသည် လျင်မြန်စွာ စီးလျှင် မောင်စံရှားကလည်း လျင်မြန်စွာ လိုက်၍ နှေးနှေး စီးသောအခါ၌လည်း နှေးနှေးပင် မောင်းနှင်လေ၏။ တစ်နေရာသို့ ရောက်သောအခါ ထိုသူသည် ရပ်တန့်၍ စောင့်ပြီးလျှင် မသင်္ကာသော လက္ခဏာနှင့် မောင်စံရှားအား အဘယ်သို့ သွားမည်နည်းဟု မေးမြန်းရာ အပျင်းပြေ ကားမောင်းနေသည်ဟု ပြန်ပြောသဖြင့် ထိုသူလည်း ဆက်လက်၍ စီးသွားပြန်လေ၏။

ဗားကရာလမ်းနှင့် ရှမ်းလမ်းအဆုံးသို့ ရောက်သောအခါ ထိုသူသည် ဗားကရာ လမ်းတစ်လျှောက် စီးသွားလေရာ မောင်စံရှားသည် မိမိအား မသင်္ကာသည့်အဖြစ်ကို ရိပ်မိ၍ ရှမ်းလမ်းဘက်သို့ ချိုးခဲ့လေ၏။ သို့ရာတွင် ထိုသူ ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ကားကို လှည့်ပြီးလျှင် ဆိုင်ကယ်နောက်မှ လိုက်ပြန်လေ၏။ ယင်းသို့ အစဉ်အတိုင်း လိုက်လာခဲ့ရာ

အလုံရပ်သို့ ရောက်သောအခါ ထိုသူသည် ကမ်းနားလမ်းဘက်သို့ ချိုးဝင်သွားပြီးလျှင် အိမ်တစ်အိမ်သို့ ဝင်သွားလေ၏။ မောင်စံရှားလည်း ကားကို လွန်၍ မောင်းသွားပြီးနောက် လမ်းနံဘေး၌ ရပ်ထားခဲ့၍ ခြေလျင် ပြန်လာပြီးလျှင် အခြေအနေကို တစောင်းမှ ကြည့်နေလေ၏။

တစ်ခဏမျှကြာသောအခါ ထိုသူသည် အိမ်ပြင်သို့ ထွက်လာပြီးလျှင် ရေဆိပ်သို့ ဆင်းသွား၍ သမ္ဗန်တစ်စင်းပေါ် သို့ တက်သွားလေရာ မောင်စံရှားမှာ အနီးအနား၌ အခြားသမ္ဗန် မရှိသဖြင့် ကမ်းမှ သာလျှင် မျှော်ကြည့်ရစ်နေရစ်ရလေ၏။ ရေလယ်၌ကား မီးရောင်ကလေး တစ်လက်လက် ရှိနေရာ အတန်ငယ်ကြာလတ်သော် မော်တော်ဘုတ် စက်နှတ်သံကို ကြားရပြီးနောက် သမ္ဗန်မှာမူ ထိုသူမပါဘဲ သမ္ဗန်ချည်းသာလျှင် ပြန်လာခဲ့သည်ကို တွေ့ရလေ၏။ ၎င်းနောက် မောင်စံရှားလည်း ကားသို့ ပြန်သွား၍ မြို့တွင်းသို့ မောင်းနှင်လေ၏။

× × × × × ×

ကျွန်တော်မှာ မော်တော်ဘုတ်ပေါ်ရှိ အခန်းတွင်း၌ တုတ်နှောင်ခြင်းကို ခံနေရာမှ လွတ်မြောက်ဖို့ အရေးကို အမျိုးမျိုး အကြံထုတ်လျက်ရှိစဉ် အခန်း၏ အခြားဘက်မှ ညည်းညူသံကို ကြားရသဖြင့် မည်သူလေနည်းဟု စုံစမ်းလိုသဖြင့် ထရံကိုခြစ်လိုက်သည်တွင် ညည်းညူသံလည်း ရပ်စဲလေ၏။ ၎င်းနောက် လေသံဖြင့်

**ကျွန်တော်**။ ။'ဟိုဘက်က ဘယ်သူလဲ၊ တိုးတိုး ပြန်ပြောစမ်းပါ'

**ထိုသူ**။ ။'ဦးသာဇံပဲ ၊ ခင်ဗျား ဘယ်သူလဲ'

**ကျွန်တော်**။ ။'ကျွန်တော်လည်း သည်လိုထင်လို့ မေးတာပါပဲ၊ ကျွန်တော်က စုံထောက်ကြီး ဦးစံရှားရဲ့ မိတ်ဆွေ မောင်သိန်းမောင် ပါတဲ့၊ ဦးကို တွေ့အောင် ဦးစံရှားနှင့် နှစ်ယောက် စုံထောက်ကြတုန်းမှာ မိသွားပါရော ခင်ဗျာ၊ ကျွန်တော်တို့ကို ဘယ်သူက ဖမ်းထားတာလဲ၊ ဦး သိရဲ့လား'

**ဇံ**။ ။'မသိပေါင်ဗျာ'

**ကျွန်တော်**။ ။'သိတာ မသိတာ အပထား ၊ သူတို့ လက်က လွတ်အောင် ကျွန်တော် ကြံမယ်'

ထိုခဏ၌ ကျွန်တော်၏ အခန်းတွင်းသို့ ဖေဒဗာရီ ကုလားတစ်ယောက်သည် စားစရာများကို ယူလာ၍ အနီး၌ ချထားလေ၏။ ကျွန်တော်၏ လက်နှစ်ဖက်ကိုလည်းကောင်း၊ ခြေနှစ်ဖက်ကိုလည်းကောင်း တုတ်နှောင်၍ ထားရာ ထိုသူသည် ကျွန်တော့်အား စားသောက်နိုင်အောင် ထူမ၍ ပေးပြီးနောက် စားစရာပါသော လင်ဗန်းကို ကျွန်တော်၏ ပေါင်ပေါ် သို့ တင်ပေးပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။ စားစရာများမှာ ပေါင်မုန့်တစ်လုံး၊ ကြက်သားဟင်းနှင့် ရေတစ်ခွက် ဖြစ်လေသည်။

ထိုသူ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ဖန်ခွက်ကို ပါးစပ်နှင့် ကိုက်ပြီးလျှင် ကြမ်းပေါ် သို့ ချလိုက်ရာ ချွမ်ခနဲ မြည်၍ ကွဲသွားသဖြင့် ထိုသူလည်း ပြန်၍ ဝင်လာလေ၏။ ထိုအခါ ကျွန်တော်က မတော်တဆ ခိုက်မိ၍ ဖန်ခွက်ကွဲသွားကြောင်း ပြောရာတွင် ထိုသူသည် ရေတစ်ဖန်ခွက်နှင့် တံမြက်စည်းတစ်ချောင်းကို သွား၍ ယူခဲ့လေ၏။ ထိုအတောအတွင်း ကျွန်တော်သည် ဖန်ခွက်ကွဲ တစ်ခုကို ဖွက်ထားပြီးဖြစ်လေ၏။

ထိုသူ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် စားသောက်ခြင်းဖြင့် အချိန်မကုန်လွန်စေဘဲ ဖန်ခွက်ကွဲတစ်စကို ခြေကြား၌ ညှပ်ပြီးလျှင် လက်၌ ချည်ထားသော ကြိုးကို ပွတ်တိုက်၍ ဖြတ်လေ၏။ ထိုသို့ ပြုခြင်းအားဖြင့် ကျွန်တော်၏ လက်များကို မတော်တဆ ထိခိုက်မိ၍ သွေးရဲရဲ ထွက်သော်လည်း ကျွန်တော်သည် နာကျင်ခြင်းကို ပမာဏမပြုဘဲ ပွတ်တိုက်လေရာ မကြာမီအတွင်း လက်များသည် အနှောင်အဖွဲ့မှ လွတ်လေ၏။ ၎င်းနောက် ဖန်ကွဲကို လက်ဖြင့် ကိုင်၍ ခြေမှ ကြိုးများကို ဖြတ်တောက်ရန်မှာ အချိန်များစွာ မကြာတော့ချေ။

အလျဉ်းလွတ်ကင်းသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ခြေမှ သံခွာ ဘွတ်ဖိနပ်ကို ချွတ်ထားပြီးလျှင် တရုတ်ကပ်အကြားမှ ဦးသာဖံထံ ဖန်ကွဲစကို ပစ်ချပေး၍ ကျွန်တော်ကဲ့သို့ ပြုလုပ်ရန် မှာထားလေ၏။ အတန်ငယ်ကြာသောအခါ တံခါးသည် ပွင့်၍အလာတွင် ကျွန်တော်သည် တံခါးကြားမှ စောင့်နေ၍ ဝင်လာသူ ကုလား၏ ဦးခေါင်းကို သံခွာဘွတ်ဖိနပ်နှင့် အားကုန်လွှဲ၍ ခုတ်လိုက်ရာ ကုလားသည် ဂျွမ်းစိုက်၍ ကျသွားလေ၏။ ကုလားသည် သတိမေ့လျော့မူးဝေနေသဖြင့် ကြမ်းပေါ်၌ မလှုပ်မရှား ရှိနေသည်။ ကျွန်တော်သည် နားစွင့်ထောင်နေရာ မည်သူမျှ လာသံမကြားသဖြင့် ကုလား၏ ခါးကြားမှ ဓားမြှောင်ကို နှုတ်ယူပြီးလျှင် အပြင်သို့ ထွက်ပြီးနောက် ဦးသာဖံ၏ အခန်းသို့ ကူးလေ၏။

ဦးသာဖံမှာ ဖန်ကွဲဖြင့် ကြိုးစား၍ ဖြတ်တောက်ပါသော်လည်း ကြိုးများမှာ မပြတ်သေးဘဲ ရှိနေရာ ကျွန်တော်သည် ဓားမြှောင်နှင့် လှီးဖြတ်ရာမှ ဦးသာဖံလည်း အနှောင်အဖွဲ့မှ လွတ်လေ၏။ အခန်းပြင်သို့ နှစ်ယောက်သား ထွက်လာကြပြီးလျှင် မော်တော်ဘုတ်ပဲ့၌ သမ္ဗန်ကလေး ချိတ်ထားသည်ကို မြင်သည်နှင့် လျင်မြန်စွာ သွားရောက်ခုန်ဆင်း၍ ကြိုးကို ဖြတ်မည်ပြုသည်နှင့် တစ်ပြိုင်နက် အခန်းတွင်းမှ ကုလားသည် သတိရလာ၍ အသံကုန်ဟစ်အော်လေ၏။ ထိုခဏ၌ ကုလားနှစ်ယောက်တို့သည် ကျွန်တော်တို့ ရှိရာသို့ ပြေးလာ၍ သမ္ဗန်ကြိုးကို ဆွဲထားလေ၏။ ကျွန်တော်သည် ဓားမြှောင်နှင့် ကြိုးကို ဖြတ်ဆဲတွင် တစ်ယောက်သော ကုလားသည် လေးလံသောအရာဝတ္ထု တစ်ခုနှင့် ကျွန်တော့်အား ပစ်လိုက်ရာ ဦးခေါင်းကို ထိမှန်သဖြင့် ထိုး၍ လဲကျသွားလေ၏။

မောင်စံရှားသည် အလုံရပ်ကွက် ရေဆိပ်မှ မော်တော်ကားနှင့် မြို့တွင်းသို့ ပြန်သွားပြီးနောက် စုံထောက် အင်စပိတ်တော် အရာရှိ မောင်အုန်းဖေကို ခေါ်ပြီးလျှင် အကျိုးအကြောင်းကို အတိုချုပ် ပြောပြ၍ ရေဝန်၏ နေအိမ်သို့ မောင်းနှင် သွားကြလေ၏။ ၎င်းအရာရှိနှင့်တွေ့ဆုံသောအခါ ရေဝန်သည် မောင်စံရှားကို သိသည်ဖြစ်၍ အရေးမကြီးဘဲနှင့် ဒုက္ခမပေးသည့် သဘောကို သိပြီးဖြစ်သည်နှင့် မောင်စံရှား အလိုရှိတိုင်း ဆောင်ရွက်၍ပေးလေ၏။ မောင်စံရှားလည်း ရန်ကုန်မြို့ ရေဆိပ်၌ မော်တော်ဘုတ် ပိုင်ရှင်တို့၏ အမည်စာရင်းကို ကြည့်ရှုလိုကြောင်းနှင့် ပြောဆိုလေရာ ရေဝန်သည် စာရင်းစာအုပ်ကို စေလွှတ်ယူငင်၍ မောင်စံရှားက ရှာဖွေကြည့်ရှုသည်တွင် မက်ကား အမည်ရှိသော မော်တော်ဘုတ်ကို ဟာဇီမဟာမက် ပိုင်ဆိုင်ကြောင်း သိရှိရလေ၏။ ၎င်းမော်တော်ဘုတ်မှာ ရိုးရိုးမော်တော်ဘုတ် မဟုတ်ဘဲ ချောင်ချိစွာ ခရီးသွားလာနိုင်စေရန် အခန်းများဖွဲ့၍ ဆောက်လုပ်ထားသော သမ္ဗန်ကြီးကို မော်တော်ဘုတ်စက် တပ်ဆင်၍ ထားခြင်းဖြစ်ကြောင်းနှင့်လည်း သိရှိလေ၏။

ရေဝန်အား ကျေးဇူးတင်ကြောင်း ပြောဆို၍ မောင်စံရှားသည် မောင်အုန်းဖေနှင့် ရေပုလိပ်ဌာနသို့ သွားရောက်ကြပြီးလျှင် ရေပတ်တယောင်လှည့်သော မော်တော်ဘုတ်ကြီး တစ်စင်းကို တောင်းယူပြီးနောက် တစ်မြစ်လုံးကို ဓာတ်မီးထိုး၍ ရှာဖွေကြလေ၏။ မနက်ဖြန်သည်ကား ဘုရင်ခံကိုယ်တိုင် ဥက္ကဋ္ဌတင်မြှောက်မည်ဖြစ်သော နေ့ဖြစ်လေရာ မောင်စံရှားမှာ တစ်ညဉ့်ပတ်လုံး မတွေ့လျှင် မနေဟူသော သဘောနှင့် စုန်ဆန်လူးလာခတ်လျက် တစ်မြစ်လုံးကို နှံ့အောင် ရှာဖွေလေ၏။ မိုးလင်းသော်လည်း မတွေ့နိုင်အောင် ရှိရကား တစ်ယောက်အား သတင်းမေးမြန်းသည်တွင်မှ မော်တော်ဘုတ်ကြီးသည် အောက်သို့ ခုတ်သွားကြောင်း သတင်းရရှိလေ၏။

ဓာတ်ဆီများကို ထပ်လောင်းတင်ယူပြီးနောက် မောင်စံရှားနှင့် မောင်အုန်းဖေတို့သည် သတင်းရရာအရပ်သို့ မော်တော်ဘုတ်နှင့် လိုက်ကြပြန်ရာ သံလျင်ဆိပ်ကမ်းအနီး တစ်ခုသော ချောင်းကွေ့သို့ ရောက်သောအခါ ရေထဲသို့ ညွှတ်ကိုင်း၍ ပေါက်နေသော သစ်ပင်ကြီးတစ်ပင်၏ အကိုင်းများ အောက်၌ ခိုအောင်း၍နေသော မော်တော်ဘုတ်တစ်စင်းကို တွေ့ရှိကြသဖြင့် ချဉ်းကပ်ကြလေ၏။

× × × × × ×

ကျွန်တော်မှာ သတိရလာသည်နှင့် မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ မော်တော်ဘုတ်အခန်းတွင်းသို့ ပြန်ရောက်နေကြောင်း သိရှိရလေရာ ဦးခေါင်းမှ ဒဏ်ရာမှာ အတော်ပင်ကြီးကျယ်၍ ကြပ်စည်းထားရသည့်အဖြစ်ကိုလည်း သိရှိရလေ၏။

ထိုအခါ၌ကား ကျွန်တော်၏ လက်များကို သံကြိုးများနှင့် ချည်နှောင်၍ထားလေရာ လွတ်မြောက်ဖို့အရေးမှာ ရေးကထက်ပင် ကြပ်တည်းခဲယဉ်းလေ၏။ သတိရလာပြီးနောက် ဤနေ့သည်ကား ဦးသာဇံအတွက် အရေးကြီးသော နေ့ဖြစ်၍ မောင်စံရှားမှာ မည်မျှလောက် ကြိုးစားအားထုတ်၍ ရှာဖွေနေမည်ကို တွေးတောလျက်ရှိနေစဉ် ရုတ်တရက် သေနတ်သံတစ်ချက်ကို ကြားရပြီးနောက် မော်တော်ဘုတ်ပေါ်ရှိ ကုလားများ လှုပ်ရှားထကြွပြကြသည်ကို ကြားသိရလေ၏။ ၎င်းနောက် လူနှစ်ယောက် သုံးယောက် ဗျုံးဗျုံး ဟု ရေထဲသို့ ခုန်ဆင်းသံ ကြားရလေ၏။

တစ်ခဏမျှ ကြာလျှင် မော်တော်ဘုတ်တစ်စင်း ကပ်လာ၍ ကိုသိန်းမောင်ဟု မောင်စံရှား၏ အသံဖြင့် ခေါ်လိုက်ရာ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ပြန်၍ ထူးပြီးနောက် မောင်စံရှားနှင့် မောင်အုန်းဖေတို့လည်း ပြေးဝင်လာကြ၍ ကျွန်တော်နှင့် ဦးသာဇံကို အနှောင်အဖွဲ့မှ ဖြေကြလေ၏။

**ရှား။** ။'လွတ်တဲ့လူ လွတ်ပေ့စေဦးတဲ့ဗျာ၊ ကိုအုန်းဖေ ကျုပ်တို့မှာ လိုက်ဖမ်းနေဖို့ အချိန်မရှိဘူး၊ ဘုရင်ခံရောက်ဖို့ အချိန်ကလည်း နီးလှပြီ၊ ကိုင်း ပြန်မောင်းကြစို့ဗျာ'

၎င်းနောက် ကျွန်တော်တို့သည် အစိုးရမော်တော်ဘုတ်ပေါ် သို့ တက်ကြပြီးလျှင် ရန်ကုန်ဘက်သို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ စက်ကုန်ခုတ်၍ မောင်းနှင်ကြလေ၏။

၁၀ နာရီခွဲသော်လည်း ဆိပ်ကမ်းနှင့် အတော်ပင် ဝေးကွာလျက် ရှိသေးရာ မောင်စံရှားမှာ နာရီကို ခဏခဏ ကြည့်လျက် စက်မောင်းသမားအား နှိုးဆော်လျက်ရှိလေ၏။ ၁၂ နာရီထိုးခါနီးတွင် ကုန်းပေါ်မှ ကားတစ်စီးကို မြင်သဖြင့် မော်တော်ဘုတ် ကို ကမ်းသို့ အတင်းကပ်ပြီးလျှင် ကားမောင်းသမားအား လက်ယပ်ခေါ်ငင်၍ ကားနှင့် အတင်းမောင်းလာကြလေ၏။

ဝင်ဒါမီယာလမ်းရှိ ဦးသာဇံနေအိမ်သို့ ရှေးဦးစွာ မောင်းနှင်စေပြီးလျှင် ဦးသာဇံအား အဝတ်များ လဲလှယ်စေ၍ ထိုမှတစ်ဖန် မြူနီစီပါယ် အဆောက်အဦးသို့ မောင်းနှင်ကြလေ၏။

ဘုရင်ခံနှင့်တကွ ပရိသတ်အစုံအညီ ရောက်နှင့်ကြပြီးဖြစ်သဖြင့် ဘုရင်ခံက နောက်ငါးမိနစ်အတွင်း ဦးသာဇံ မလာရောက်ခဲ့လျှင် ဥက္ကဋ္ဌရာထူးကို လက်မခံလိုဟု သဘောယူဆရန် ရှိ၍ ၎င်းနှင့် ယှဉ်ပြိုင်လုယက်သူ ဟာဇီမဟာမက်အား ဥက္ကဋ္ဌလျှောက်ရန် နည်းလမ်းရှိကြောင်းနှင့် ပြောဆိုလျက် ရှိသည်။ ကျွန်တော်တို့လည်း အခန်းတွင်းသို့ ဝင်သွားကြလေ၏။ ထိုအခါ ဦးကံဘော်က ဝမ်းသာအားရ ထိုင်ရာမှ ထ၍ ဦးသာဇံလာရောက်ကြောင်း ညွှန်ပြပြောဆိုလေရာ မဟာမက်သည် ကျွန်တော်တို့ ရှိရာသို့ တစ်ချက်မျှ မျှော်ကြည့်ပြီးနောက် မိမိ၏လက်ကို ပါးစပ်ရှိရာသို့ သယ်ယူသည်ကို မြင်လိုက်ရ၍ ကြမ်းပေါ် သို့ ဦးခေါင်းငိုက်စိုက် လဲသွားလေ၏။

ဟာဇီမဟာမက်မှာ မိမိ၏ အကြံသည် အထမမြောက်သည်ဖြစ်၍ အဆိပ်ရည်ကို သောက်သုံး၍ အဆုံးစီရင်လိုက်ရှာခြင်း ဖြစ်သတည်း။

**ပြီးပါပြီ။**

× × × × × ×

## ၂၇။ ကုလားစားပြအသင်းကြီးနှင့် စုံထောက်မောင်စံရှား

ကျွန်တော် မောင်သိန်းမောင်သည် စုံထောက်မောင်စံရှား၏ စုံထောက်ပုံ အမှုသွားတို့ကို ရေးသားဖော်ပြခဲ့ပြီးသော်လည်း မောင်စံရှားနှင့် ရှေးဦးစွာ သိကျွမ်းခဲ့ပုံနှင့် အခြားအရာတို့ကို ထည့်သွင်းဖော်ပြခြင်း မပြုခဲ့ရသေးသည်ဖြစ်ရာ ပထမဦးစွာ မောင်စံရှားနှင့် တွေ့ရပုံမှာ အောက်ပါအတိုင်းဖြစ်လေသည်။

အင်္ဂလိပ်ကျောင်းမှ ထွက်ပြီးသည့်နောက် ကျွန်တော်မှာ မိမိဆည်းပူးခဲ့သော ပညာကလေးနှင့် အမိအဖတို့အား လုပ်ကျွေးမွေးမြူပါတော့မည် ဟူသော အကြံအစည်နှင့် အစိုးရဘက်၌လည်းကောင်း၊ သူဌေးတိုက်များ၌လည်းကောင်း အလုပ်အကိုင် ရှာဖွေခဲ့ရာ အစိုးရဘက်၌ ဘိုသခင်များက ဒူးထောက်ရှိခိုးခြင်းတည်းဟူသော လက်ဆောင် မပါ မရှိ၍လည်းကောင်း၊ သူဌေးတိုက်များ၌လည်း ရုံးထိုင်စာရေးကြီးများက အလုပ်မရမီကပင် နှစ်လတွက် လခကို စားပေါ် ပေးရမည်၊ သုံးလတွက် လခငွေကို လက်ဆောင်ပေးနှင့်ရမည် စသည်ဖြင့် ပြောဆိုကြသည်နှင့်သာလျှင် တွေ့ကြုံခဲ့ရလေကား ပိုက်ဆံလည်း မတတ်နိုင်၊ အမိအဖနှင့် ရတနာသုံးပါးမှလွဲ၍ လက်အုပ်မိုးလျက် ရှိခိုးပူဇော်ခြင်းတည်းဟူသော အမှုမျိုး ကိုလည်း မပြုလိုသော ကျွန်တော်မှာ အလုပ်အကိုင် မရနိုင်ဘဲ တဝဲလည်လည်နှင့် ရှိနေခဲ့လေ၏။ ယင်းသို့ရှိသည့် ကျွန်တော်သည် သတင်းစာ ကြော်ငြာပိုင်းများတွင် လစ်လပ်သော အလုပ်များကို ရှာဖွေလျက်ရှိရာ တစ်နေ့သ၌ အင်္ဂလိပ် သတင်းစာ တစ်စောင်တွင် အောက်ပါကြော်ငြာကို တွေ့ရှိရလေ၏။

**"စာသင်ဆရာ တစ်ယောက် အလိုရှိသည်**

**ဘင်္ဂါလီလူမျိုး တစ်ယောက်ကို မြန်မာစကား သင်ကြားပေးရန် အတွက် ဆရာတစ်ယောက် အလိုရှိသည်။ အင်္ဂလိပ်နှင့် ဟိန္ဒူစတန်နီ စကားတတ်သော မြန်မာလူမျိုးများ လျှောက်ထားနိုင်သည်။ စာသင်ချိန်မှာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိဖြစ်ရာ လုပ်ကိုင်လိုသူများမှာ အောက်ပါ လိပ်စာအတိုင်း လာရောက်လျှောက်ထား၍ အလိုရှိသော လခကိုလည်း ပြောပြနိုင်သည်။**

**ဘီ–စီ–ဘနာဂျီ**

**ပဂိုးဒါးဗျူး၊ ဘောင်ဒရီလမ်း၊**

**ရန်ကုန်မြို့။"**

အထက်ပါ ကြော်ငြာကို တွေ့ရှိရပြီးနောက် ကျွန်တော်မှာ ၎င်းအလုပ်သည် ခေတ္တအလုပ်ဖြစ်၍ ကြီးပွားနိုင်သော အလုပ်ပင် မဟုတ်စေကာမူ 'သစ်မရမီအကြား ဝါးပေါင်းကွပ်' ဟူသော စကားကဲ့သို့ အတည်တကျအလုပ်ကို မရမီ အတွင်း ဝမ်းစာ အတွက်ပင် ရစေတော့ဟု အောက်မေ့၍ ကြော်ငြာပါလိပ်စာအတိုင်း သွားရောက် လျှောက်ထားလေ၏။

အဆိုပါနေအိမ်သို့ ရောက်သောအခါ ဘနာဂျီဆိုသူမှာ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိ ဘင်္ဂါလီလူမျိုး တစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရလေ၏။ ကျွန်တော်၏ အင်္ဂလိပ်စာ တတ်ခြင်းအကြောင်းနှင့် ဟိန္ဒူစတန်နီစကား ပြောတတ်ကြောင်းကို အနည်းငယ်စမ်းသပ်ကြည့်ရှုပြီးနောက် လခအကြောင်းနှင့် ပတ်သက်၍ မေးမြန်းလေ၏။ ထိုအခါ ကျွန်တော်က ၎င်းအိမ်သည် မြို့၏အစွန်အဖျား၌ တည်ရှိသည်ဖြစ်၍ အကုန်အကျများမည် ဖြစ်သောကြောင့် တစ်လလျှင် ၁၂၀ ကျပ်မျှ တောင်းခံရာ နောက်ဆုံး၌ တစ်လလျှင် ၁၀၀ ကျပ်နှင့် ဈေးတည့်ကြလေ၏။

၎င်းနောက် ဘနာဂျီက ကျွန်တော်၏ အလုပ်မှာ ၎င်း၏သားအား မြန်မာစာ အနည်းငယ်နှင့် မြန်မာစကားကို သင်ကြား ပေးရမည်ဖြစ်ကြောင်း၊ ၎င်း၏သားမှာလည်း အင်္ဂလိပ်စာ အနည်းငယ်မျှသာ တတ်သည်ဖြစ်၍ စာသင်သည့်အခါ ဟိန္ဒူ စကားဖြင့် အများအားဖြင့်ပြော၍ သင်ကြားရမည်ဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင် အစေခံတစ်ယောက်ကို ခေါ်၍

၎င်း၏သားကို ခေါ်ခဲ့စေလေ၏။ မကြာမီအတွင်း ဘနာဂျီကလေးလည်း အခန်းတွင်းသို့ ဝင်လာရာ ဘနာဂျီကြီးက ကျွန်တော်တို့ နှစ်ဦးအား အသိအကျွမ်းဖွဲ့၍ပေးလေ၏။

ဘနာဂျီကလေးသည် အသက် ၁၈ နှစ် အရွယ်ခန့်ရှိ၍ သေးသေးသွယ်သွယ်နှင့် လူချောလူလှကလေး တစ်ယောက် ဖြစ်လေရာ သိမ်မွေ့နူးညံ့သော အမူအရာရှိလျက် အရက်အကြောက်အားကြီးသော သူငယ်တစ်ယောက်ဖြစ်၍ မိန်းမလျာကလေးနှင့် တူလှပေ၏။ ကျွန်တော်နှင့် ဘနာဂျီကလေးမှာ ဆရာတပည့်ပင် ဆိုရသော်လည်း အသက်ခြင်းမှာ များစွာ မခြားနားသည်ဖြစ်၍ ကျွန်တော်တို့ နှစ်ဦးသည် ရက်ပေါင်းအနည်းငယ် သင်ကြားပြသမိကြလေလျှင် များစွာ ကျွမ်းဝင်သောအဖြစ်သို့ ဆိုက်ရောက်ခဲ့လေ၏။

ဘနာဂျီကြီးမှာ များစွာ ကြွယ်ဝချမ်းသာသော ကုလားကုန်သည်ကြီးတစ်ဦးဖြစ်၍ ကာလကတ္တားမြို့၌ ကုန်တိုက်ကြီးများ ဖွင့်လှစ်တည်ထောင်ခဲ့ရာ မြန်မာပြည်မှ ကုန်စည်များကို အိန္ဒိယပြည်သို့ တင်ပို့ရန်လည်းကောင်း၊ အိန္ဒိယပြည်မှ ကုန်စည်များကို မြန်မာပြည်သို့တင်ပို့ရန် လည်းကောင်း လာရောက်စုံစမ်းခြင်းဖြစ်လေသည်။ ထို့ပြင်အကယ်၍ ၎င်း၏မှန်းခြေအတိုင်း ထမြောက်ခဲ့မူ မြန်မာပြည်၌လည်း အလုပ်တိုက်ကြီး ဖွင့်လှစ်၍ ၎င်းအလုပ်တိုက်တွင် မိမိ၏သား ဘနာဂျီကလေးအား ဦးစီး၍ လုပ်ကိုင်စေမည်ဖြစ်သောကြောင့် ၎င်းအား မြန်မာစကားကို တတ်ကျွမ်းနှင့်အောင် သင်ကြား စေခြင်း ဖြစ်လေသည်။

ဒုတိယနေ့၌ ကျွန်တော်သည် ၁၀ နာရီထိုးသည်နှင့် တစ်ပြိုင်နက် စာသင်ရန် အခန်းသို့ ရောက်နှင့်၍ ဘနာဂျီကြီးနှင့် စကားပြောဆိုရင်း ဘနာဂျီကလေးကို စောင့်ဆိုင်းလျက်ရှိစဉ် အတွင်းခန်းတံခါးသည် ရုတ်တရက်ပွင့်လာ၍ အလွန်တရာ ချစ်ခင်ဖွယ်ကောင်းသည့် ကုလားမကလေးတစ်ယောက်သည် အရုပ်ကြီး တစ်ရုပ်ကို ပွေ့လျက် အခန်းတွင်းသို့ ဝင်လာလေ၏။ ကုလားမလေးသည် ကျွန်တော့်ကို မြင်သောအခါ မျက်နှာစိမ်းသည်ဖြစ်၍ ရှက်ကြောက်သောအမူအရာနှင့် ရှိနေလျှင် ၎င်း၏ ပါပါက

'ဘေဘီတို့ ဆရာလေ ဘေဘီရဲ့၊ လာလာ ပါပါဆီလာ'

ဟု ပြော၍ သူငယ်မအား ကောက်ယူနမ်းရှုတ်လေ၏။ ၎င်းနောက် ဘနာဂျီကြီးမှာ မိမိမှာ မုဆိုးဖိုဖြစ်၍ သမီးကလေးတစ်ယောက်နှင့် သားကလေးတစ်ယောက်အား မိခင်၏ ကြင်နာချစ်ခင်ခြင်းဖြင့် လည်းကောင်း၊ ဖခင်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် လည်းကောင်း အလုပ်နှစ်ခု လုပ်ခဲ့ရကြောင်းများနှင့် ပြောဆိုလျက်ရှိစဉ် ဘနာဂျီကလေး ဝင်လာသည်ဖြစ်သောကြောင့် ကျွန်တော်တို့သည် စာသင်ရန် ပြင်ဆင်ကြရာ ဘနာဂျီကြီးလည်း သမီးကို လက်ဆွဲလျက် အခန်းပြင်သို့ ထွက်သွားလေ၏။

ဘနာဂျီတို့ နေထိုင်သော အိမ်မှာ တိုက်ခံအိမ်ကြီးဖြစ်၍ ပရိဘောဂ အသုံးအဆောင်တို့မှာလည်း ဥရောပတိုက်သား အရာရှိကြီးများနှင့် မခြားမနား သားနားတင့်တယ်စွာ ရှိသည်ဖြစ်ရာ ကျွန်တော်တို့ စာသင်သောအခန်းမှာ အိမ်၏ အောက်ထပ်၌ တည်ရှိလေ၏။ ကျွန်တော်သည် ရက်အနည်းငယ်မျှ သင်ကြားပြသမိသောအခါ ထူးခြားသော အခြင်းအရာ တစ်ခုကို တွေ့မြင်ရသည်မှာ ထိုအိမ်၏ အောက်ထပ်တွင် နံရံ၊ ပြတင်းပေါက် အစရှိသည်တို့၌ ကျီးဥရောင်ရှိသော ဆေးများနှင့် သုတ်လိမ်းလျက်ရှိရာ တစ်ခုသောအခန်း၏ တံခါးမှာမူ ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီသော သင်္ဘောဆေးများနှင့် သုတ်လိမ်းလျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ထို့ပြင် နံရံမှဆေးတို့မှာ ရက်ပေါင်းများစွာ ကြာပြီဖြစ်ရာ ၎င်းတံခါးမှ သင်္ဘောဆေးမှာမူ သုတ်ပြီးခါစနှင့် တူ၍ ဆေးမအိပ်တအိပ်မျှသာ ရှိသေးလေ၏။ တစ်အိမ်လုံး၌မူ စိမ်းလဲ့လဲ့ ရှိသော ဆေးရောင်ဖြင့် သုတ်လိမ်း၍ ထိုတံခါး တစ်ခုတည်း၌မူကား ရဲရဲနီသော အရောင်ရှိသည်ဖြစ်သောကြောင့် ဆေးရောင်ချင်း မဟတ်သည့်အကြောင်းကို ကျွန်တော်၏ စိတ်၌ တွေးတောမိရာ တစ်ခုသောနံနက်၌ ကျွန်တော်သည် ဝတ္တရားအတိုင်း စာသင်ရန် ရောက်လာသောအခါ ထိုတံခါးသည် အနီရောင်မှ အပြာရောင်သို့ ပြောင်းလဲ သုတ်လိမ်းပြီးဖြစ်ကြောင်းကို တွေ့မြင်ရလေ၏။

ထိုအကြောင်းကို ကျွန်တော်က ဘနာဂျီကလေးအား မေးမြန်း၍ကြည့်သောအခါ ဘနာဂျီကလေးက မိမိ၏ဖခင်သည် ရဲရဲနီသော အရောင်ကို မျက်စိစူး၍ မကြိုက်သည်ဖြစ်သောကြောင့် အရောင်ပြောင်းလဲ သုတ်လိမ်းထားကြောင်းနှင့် ပြန်ပြောလေ၏။

ကျွန်တော်သည် ၎င်းအလုပ်၌ တနင်္ဂနွေ နှစ်ပတ်ခန့်မျှ လုပ်ကိုင်မိခဲ့လေလျှင် သားအဖနှစ်ယောက်လုံးတို့နှင့် များစွာ အကျွမ်းတဝင်ဖြစ်၍ ရံဖန်ရံခါ ညနေခင်းအချိန်များတွင် ဘနာဂျီကြီးနှင့် လက်ဖက်ရည်သောက်ရင်း စကားနီးနှော ပြောဆို ကြရာ ဘနာဂျီကြီးသည် ခနဥစ္စာ ကြွယ်ဝချမ်းသာရုံမျှမက ဗဟုသုတအကြားအမြင်နှင့်လည်း များစွာပြည့်စုံသော သူ တစ်ယောက်ဖြစ်ရာ၊ တိုင်းရေးပြည်ရေးဘက်ဆိုင်ရာ ပညာရပ်တို့၌လည်း နှံ့စပ်ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ကြောင်းကို သိရှိရလေ၏။ ထိုကဲ့သို့ စကားပြောဆိုကြသည့်အခါ ဘနာဂျီကြီးက အိန္ဒိယပြည်သားတို့၏ ထူးဆန်းသော စိတ်ထားနှင့် တကွ ဓလေ့ထုံးစံများကို ပြန်ပြောင်းပြောဆိုလေ့ရှိရာ ကျွန်တော့်ထံမှလည်း မြန်မာပြည်နှင့် သက်ဆိုင်ရာ ဗဟုသုတများ၊ ဓလေ့ထုံးစံများ၊ ဥစ္စာခနကြွယ်ဝသူတို့၏အမည်နေရပ်များကိုလည်း စုဆောင်းသိမှီးလေ့ရှိလေ၏။ ယင်းကဲ့သို့ နီးနှော ပြောဆို ကြသည့် အခါများ၌ ကျွန်တော်၏စိတ်၌ ဖြစ်ပေါ်သည်မှာ ဘနာဂျီကြီးသည် ဥစ္စာကြေးငွေနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်ငြား သော်လည်း ၎င်း၏စိတ်၌ ဒုက္ခတစ်စုံတစ်ခုနှင့်ကြုံတွေ့လျက်ရှိရာ အစဉ်မပြတ် ပူပန်ကြောင့်ကြခြင်း မကင်းဖြစ်နေသည် ဟု မှတ်ထင်မိလေ၏။ အကြောင်းကို ဆိုသော် ဘနာဂျီကြီးသည် မိမိ၏ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းပြောဆိုသည့် အခါတို့၌ နဖူးပြင်ကို လက်ဝါးနှင့်တီးရိုက်ပြီးလျှင် မသာယာသောမျက်နှာထားသည် ရံဖန်ရံခါ ဖြစ်ပေါ်လာသည်ကို တွေ့မြင် ရ သောကြောင့်ပေတည်း။

အချို့သော သူတို့သည် ဘေးဥပါဒ်အန္တရာယ်တစ်စုံတစ်ရာကို တွေ့ကြုံရမည့် ဆဲဆဲရှိသည့်အခါ စိတ်လေးလံခြင်း အစ ရှိသော နမိတ်လက္ခဏာ အထိမ်းအမှတ်တို့ကို ကြိုတင်၍ဖြစ်ပေါ်တတ်ကြသည်ဖြစ်ရာ ကျွန်တော်မှာလည်း ဘနာဂျီသားအဖ ပေါ်၌ တစ်စုံတစ်ရာ အပြစ်ဆိုဖွယ်ရာ မရှိခဲ့သော်လည်း မည်သို့သော အကြောင်းကြောင့် မသိ၊ ကျွန်တော်၏ ကိုယ်၌ ဘေးထိ ချေတော့မည် ဟူ၍ စိုးရိမ်မကင်းသည့် စိတ် ဖြစ်ပေါ်လာခဲ့လေ၏။

ယင်းကဲ့သို့ရှိစဉ် ကျွန်တော်သည် ထိုအိမ်ကြီး၌ လူဝင်လူထွက်များကို သတိနှင့် ကြည့်ရှုမိရာ အသက်သုံးဆယ်အရွယ်ခန့် ရှိသော ဘာဘူလူမျိုးတစ်ယောက်သည် ထိုအိမ်သို့ မကြာမကြာ လာရောက်လည်ပတ်ကြောင်း တွေ့ရှိရလေ၏။ ၎င်းဘာဘူ သည် ဘနာဂျီကလေးနှင့်လည်း များစွာ အကျွမ်းဝင်သည့် လက္ခဏာနှင့် ကျွန်တော်တို့ စာသင်ရာ၌ လာရောက်ကာ နားထောင်လေ့ရှိရာ ဘနာဂျီကလေးက အသိအကျွမ်းဖွဲ့ပေးပြီး ကျွန်တော်နှင့်လည်း ရောနှောကာ စကားလက်ဆုံဝင်လျက် ရှိကြလေ၏။ ၎င်းဘာဘူသည် ကျွန်တော့်အား လက်အောက်ခြေသား အစေခံကဲ့သို့ သဘောမထားဘဲ ယဉ်ကျေးဖွယ်ရာသော စကားတို့ကို ခန့်ငြားတည်ငြိမ်သော အိန္ဒြေနှင့် ပြောဆိုတတ်သည်ဖြစ်ရာ ဘနာဂျီကြီးသည် ၎င်းအား အထူးသဖြင့် အရိုအသေ ပေး၍ စကားပြောဆိုသည်ကိုလည်း တွေ့မြင်ရလေ၏။ ၎င်း၏ အမည်မှာ ဘာဘူချန္ဒရာ ဟု ခေါ်တွင်ကြောင်း သိရှိရလေသည်။

တစ်ခုသော ညနေခင်းအချိန်၌ ကျွန်တော်သည် ဘနာဂျီကြီးနှင့် ဘာဘူချန္ဒရာ ၏ အကြောင်းကို ပြောဆိုလျက် ရှိကြရာ ...

**ဂျီ**။ ။'ခင်ဗျားမို့ ပြောရဦးမယ်၊ ဘာဘူချန္ဒရာက အင်မတန် ပိုက်ဆံချမ်းသာတဲ့လူဗျ၊ ခင်ဗျားတို့ မြန်မာပြည်လို ပြည်ကလေး မျိုးကို သူက ဝယ်မယ်ဆိုရင် ဝယ်နိုင်တဲ့လူဗျ၊ သည်လောက်ပဲ ချမ်းသာတယ်'

**ကျွန်တော်**။ ။(အံ့သြလျက်) 'သည်လောက်ပဲလား ခင်ဗျ'

**ဂျီ**။ ။'လယ်ဧက ၃ သိန်းကျော်ဗျ၊ သင်္ဘောက ၁၅ စင်း၊ ရေနံတွင်းက ၁၀၀ ကျော်၊ တိုက်ပေါင်း ခြံပေါင်းဆိုတာ မရေမတွက်နိုင်ဘူးဗျ၊ ဘင်္ဂလားမှာ သူပိုင်တွေ လက်ညှိုးထိုးလို့ မလွဲဘူး'

**ကျွန်တော်**။ ။'သည်လူက ရာဇာမျိုးထဲက မှတ်တယ်၊ ဟုတ်လား ဘာဘူကြီး'

ထိုအခါ ဘနာဂျီသည် သင်္ကာမကင်းသော မျက်နှာထားနှင့် ကျွန်တော့်အား စိုက်၍ကြည့်ပြီးလျှင်

**ဂျီ**။ ။'ခင်ဗျား ဘယ်နည်းနှင့် သိသလဲ'

**ကျွန်တော်**။ ။'သူ့ကြည့်ရတာ ခန့်ခန့်ညားညားနှင့် ရာဇမာန်ပါလွန်းလို့ တွေးမိတာပါ၊ ဘာဘူကြီး'

**ဂျီ**။ ။(တုန်လှုပ်သော အမူအရာနှင့်) 'ပြောစမ်း ပြောစမ်း၊ မှန်မှန်ပြောစမ်း၊ ခင်ဗျားသူ့အကြောင်းကိုသိသလား၊ သူ့ကို ခင်ဗျား ဘယ်မှာ တွေ့ဖူးသလဲ ပြောစမ်း'

**ကျွန်တော်**။ ။(ဘနာဂျီ၏ အမူအရာကို အံ့ဩလျက်) 'မတွေ့ဖူးပါဘူး ခင်ဗျာ'

ထိုခဏ၌ ဘနာဂျီ၏ မျက်နှာထားသည် တစ်မျိုးတစ်မည်ပြောင်းလဲ၍ သွားသည်ကို မြင်လိုက်ရလေရာ ကျွန်တော်မှာ ထိုမျက်နှာထားကို မြင်သည်နှင့် မည်သို့သော အကြောင်းကြောင့် မသိ၊ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်၍သွားလေ၏။

ထိုနေ့မှစ၍ ကျွန်တော်သည် အလုပ်ဝတ္တရားအတိုင်းပင် ၁၀ နာရီ အချိန်တွင် လာရောက်၍ ၄ နာရီအချိန်တွင် အိမ်သို့ ပြန်ခဲ့ရာ ဘနာဂျီသည် ကျွန်တော့်အား ရှေးကကဲ့သို့ လက်ဖက်ရည်တိုက်ခြင်း၊ စကားစမြည်ရောနှော ပြောဆိုခြင်းမရှိ၊ ကျွန်တော်နှင့်လည်း မျက်နှာခြင်းမဆိုင်ဘဲ ရှိနေခဲ့လေ၏။ ထိုအခြင်းအရာကိုတွေ့မြင်ရသောအခါ ကျွန်တော့်အား ဘနာဂျီသည် အမှန်မုချ ထိုနေ့က ပြောသောစကားအတွက် မနှစ်သက်သောကြောင့်ဖြစ်သည်ဟူ၍ တွေးထင်မိသော်လည်း ကျွန်တော်ပြောသော စကားတွင် ဘယ်အချက်ကို ဘယ်အတွက်ကြောင့် မနှစ်သက်ရသည်ကို တွေးတော၍ မရနိုင်ဘဲ ရှိနေခဲ့လေ၏။

ဘနာဂျီ၏ မျက်နှာထားပြောင်းလဲခြင်းကို တွေ့မြင်ရသောအခါ ကျွန်တော်မှာ ယခင်က စိုးရိမ်မကင်းဖြစ်သောစိတ် ဖြစ်ပေါ်ခဲ့သည် မှန်သော်လည်း တစ်လလျှင် ၁၀၀ ကျပ်မျှသော လခငွေကို မက်မောခဲ့သည့်အတွက် ဆက်လက်၍သာလျှင် လုပ်ကိုင်ခဲ့လေ၏။ သို့ရာတွင် ကျွန်တော်သည် နားမျက်စိတို့ကို ရှေးကထက် ကျယ်စွာ ဖွင့်လျက် ထစ်ခနဲဖြစ်ခဲ့လျှင် အဆင်သင့်ပြင်ဆင်ပြီးရှိစေရန် ဖျတ်လတ်သော အမူအရာနှင့် အစဉ်မပြတ် စောင့်ကြပ်ကြည့်ရှုလျက် ရှိနေခဲ့လေ၏။

တနင်္ဂနွေတစ်ပတ်ခန့် ကြာပြန်သောအခါ ဘနာဂျီကြီးသည် ကျွန်တော့်အား ရှေးကကဲ့သို့လက်ဖက်ရည်သောက် ဖိတ်ခြင်း၊ စကားစမြည် နှီးနှောပြောဆိုခြင်းတို့ကို မပြုမလုပ်သော်လည်း ရံဖန်ရံခါ ကျွန်တော်တို့ စာသင်ခန်းသို့ ဝင်လာပြီးလျှင် ကျွန်တော်တို့အား စောင့်ကြပ်ကြည့်ရှုလေ့ရှိလေ၏။ ကျွန်တော်သည်၎င်းအားတိုက်ရိုက်မကြည့်ဘဲ စောင်းပါးရိပ်ခြေ ကြည့်ရှုသောအခါ ဘနာဂျီသည် ကျွန်တော်အား ခက်ထန်သော မျက်နှာထားနှင့် စိုက်၍ကြည့်နေသည်ကို ရိပ်မိသိရှိသည်ဖြစ်ရာ ကျွန်တော်နှင့် မျက်လုံးချင်းဆိုင်မိသည့် အခါ၌မူကား ချိုသာသော မျက်နှာထားနှင့် ရှိနေသည်ကိုသာလျှင် တွေ့မြင်ရလေ၏။ ဘနာဂျီ၏ ဦးခေါင်းမှာ အလည်၌ ပြောင်လျက် မျက်ခုံးတို့မှာလည်း ခပ်ကုတ်ကုတ်၊ မျက်လုံးမှာလည်း မှင်၏ အသွေးကဲ့သို့ မည်းမည်းမှောင်အောင် နက်လှသည်ဖြစ်ရာ ပြုံးရယ်ခြင်းမပြုဘဲ ခက်ထန်သောမျက်နှာထားနှင့် ရှိနေသည့်အခါ၌မူ အမှန်ပင် ကြောက်မက်ဖွယ် ကောင်းသော အသွင်ကို ဆောင်တတ်လေ၏။

၎င်း၏ သား ဘနာဂျီကလေးမှာမူ ကျွန်တော်၏ အပေါ်၌ ကျွန်တော်၏အပေါ်၌ စိတ်သဘောထား ပြောင်းလဲခြင်းမရှိဘဲ တစ်နေ့တစ်ခြား အကျွမ်းဝင်သည်ထက် ဝင်ခဲ့ပြီးလျှင် ကျွန်တော် သင်ကြားပြသသော စာများကို ဝီရိယစိုက်ထုတ်၍ သင်အံလေ့ကျက်ရုံမျှမက မြန်မာတို့၏ ထုံးစံ အလေ့အလာများကိုလည်း မှတ်သားဆည်းပူးလျက် ရှိလေ၏။

ထိုအတောအတွင်း ထူးဆန်းသော အခြင်းအရာတစ်ခု ဖြစ်ပေါ်ပြန်သည်မှာ မူလက အနီရောင်ဆေးသုတ်ထားသော တံခါးသည် အပြာရောင်သို့ ပြောင်းပြီးနောက် တစ်ဖန် အဝါရောင်သို့ ပြောင်းလဲလာပြန်ရာ နောက်ဆုံး၌ အနက်ရောင်သို့ တစ်ဖန်ပြောင်းလဲ၍ သုတ်ထားပြန်သည်ကို တွေ့ရှိရလေ၏။ ထိုအခြင်းအရာကို ဘနာဂျီကလေးအား မေးမြန်းခဲ့မူ ကျွန်တော်၏ စိတ်၌ မသင်္ကာရှိနေသည့် အဖြစ်ကို ရိပ်မိမည် စိုးသောကြောင့် ဖွင့်ဟမေးမြန်းခြင်းမပြုဘဲ မျက်စိကို ကျယ်စေလျက် နားတို့ကို စွင့်၍သာလျှင် စောင့်ကြပ်ကြည့်ရှု နေခဲ့လေ၏။

ဘနာဂျီကြီးသည် ကျွန်တော်၏ အပေါ်၌ အမူအရာပြောင်းလဲပြီးသည့်နောက် တနင်္ဂနွေနှစ်ပတ်ခန့် ရှိသောအခါ တစ်နေ့သော ညနေစောင်းအချိန်စာသင်၍အပြီးတွင် ကျွန်တော်အား ရှေးကကဲ့သို့ ဖော်ရွေသော မျက်နှာထားနှင့် လက်ဖက်ရည်သောက်ပြီးမှ ပြန်ရန် ဖိတ်ကြားပြန်လေသည်။ ထိုအခါ ကျွန်တော်သည် ငြင်းဆန်လိုသော်လည်း စိတ်ဆိုးမည်ကို စိုးရိမ်သဖြင့် စိတ်မပါ့တပါနှင့် စောင့်ဆိုင်းရန် သဘောတူလိုက်ရလေ၏။

လေးနာရီခွဲသည်နှင့် တစ်ပြိုင်နက် ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်ဆင်လျက် အောက်တန်းစားဖြစ်သော ဘာဘူလူမျိုး တစ်ယောက်သည် ရောက်လာလေရာ ဘနာဂျီသည် ၎င်းဧည့်သည်ဘာဘူနှင့်တကွ ကျွန်တော်ပါ လက်ဖက်ရည်စားပွဲ၌ ထိုင်စေလေ၏။ ဧည့်သည်ဘာဘူသည်ဂုဏ်မငြိမ်သောအမူအရာနှင့် ဖင်တကြွကြွရှိရှာလေရာ ရံဖန်ရံခါသတိလစ်၍ ကြမ်းပေါ်၌ တံတွေးများကို ထွေး၍ချသည်ကို မြင်သဖြင့် ကျွန်တော်တွေးထင်သည့်အတိုင်း အောက်တန်းစားကျသောသူ ဖြစ်ကြောင်း ထင်ရှားစေ၏။

လက်ဖက်ရည်သောက်လျက် ရှိကြစဉ် ဘနာဂျီသည်လည်း တစ်စုံတစ်ယောက် လာမည်ကို လည်းကောင်း၊ တစ်စုံတစ်ခု ဖြစ်ပျက်မည်ကိုလည်းကောင်း ကြောင့်ကြစိုးရိမ်သည့် လက္ခဏာနှင့် နာရီကို မကြာခဏ လှမ်း၍ ကြည့်လေရာ ၅ နာရီခွဲ ပြီးသည့်နောက်မှ ၎င်း၏မျက်နှာထားသည် စိုးရိမ်ကြောင့်ကြခြင်း ကင်းသည့်လက္ခဏာနှင့် ရယ်မောကာ စကားပြောဆိုနိုင်လေ၏။ ၆ နာရီထိုးလတ်သော် ဧည့်သည်ဘာဘူသည် ပြန်မည်ပြုသဖြင့် ကျွန်တော်လည်း ပြန်တော့မည်ဟု နှုတ်ခွန်းဆက်သလေရာ ဘနာဂျီက ကျွန်တော့်အား မျက်ရိပ်ပြကာ တားဆီးသဖြင့် တစ်ဖန်ပြန်၍ ကုလားထိုင်၌ ထိုင်ရလေ၏။

ဧည့်သည်ထွက်သွားပြီးသည့်နောက် ဘနာဂျီသည် ရှေးယခင်က တွေ့ခါစအခါကကဲ့သို့ ရွှင်ပျသောအမူအရာနှင့် စကားပြောဆိုလျက်ရှိရာ ကျွန်တော်လည်း ၆နာရီခွဲပြီဖြစ်၍ အိမ်သို့ပြန်လိုသောကြောင့် မည်သို့အကြောင်းပြ၍ ပြန်ရမည်ကို ကြံစည်တွေးတောလျက်ရှိစဉ် အိမ်ဝင်းအတွင်း၌ကားတစ်စီးဆိုက်သံကိုကြားရပြီးနောက်ပုလိပ်အရာရှိသုံးယောက်တို့သည် အခန်းတွင်းသို့ ပြေးဝင်လာ၍ ကျွန်တော်တို့အား ခြောက်လုံးပြူးများနှင့် ချိန်ရွယ်ထားလေ၏။ ထိုခဏ၌ ဘနာဂျီကလေးနှင့် သမီးငယ်ဘေဘီတို့လည်း ထိတ်လန့်သောအမူအရာနှင့် အခန်းတွင်းသို့ပြေးဝင်လာကြရာ ဘနာဂျီကလေးသည် ပုလိပ်များကို မြင်သောအခါ အခန်းဝတွင် တန့်ကာရပ်လျက် သူငယ်မကလေးမှာမူ ကျွန်တော်၏ ဒူးကို လာ၍ဖက်လေ၏။ ထိုအခါ ဘနာဂျီကြီးက စိတ်ဆိုးသော အမူအရာနှင့်

**ဂျီ**။ ။'ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ကျုပ်အိမ်ထဲ ဝင်နိုင်သလဲ'

**ပုလိပ်အရာရှိတစ်ယောက်**။ ။'ခင်ဗျားအိမ်ကို ကျွန်ုပ်တို့ရှာဖို့ ဝါးရမ်းပါတယ်'

**ဂျီ**။ ။'ဘာကို ရှာဖို့လဲ'

**လိပ်**။ ။'မိုင်ဆိုးနယ်က မဟာရာဇာ စော်ဘွားကြီးနှင့် အင်္ဂလိပ်အစိုးရမင်းနှင့် စာချုပ်ချုပ်ထားတာ ခင်ဗျား ခိုးသွားတယ် ၊ ဘယ်မှာ ထားသလဲ'

**ဂျီ**။ ။'ကြံကြံစည်စည်ဗျာ၊ ဘယ်က စာချုပ်ကို ဘယ်သူက ခိုးလို့လဲဗျ'

**လိပ်**။ ။'နားမလည်ဘူး၊ မခိုးသည်ဖြစ်စေ၊ ခိုးသည်ဖြစ်စေ၊ ကျုပ်တို့ ဝတ္တရား အတိုင်း ရှာရလိမ့်မယ်'

**ဂျီ**။ ။'ရှာဖို့ ဝါးရမ်း ပါသလား'

**လိပ်**။ ။'ပါတယ်'

**ဂျီ**။ ။'ပြစမ်း'

ထိုအခါ ဘနာဂျီသည် ပုလိပ်၏ လက်မှ ဝါးရမ်းစာရွက်ကို ယူငင်ကြည့်ရှုပြီးလျှင် ဥပဒေအတိုင်း ဖြစ်ကြောင်း သိရှိသည်နှင့် ရှာဖွေရန် ခွင့်ပြုရလေရာ ကျွန်တော်မှာမူ ကုန်သည်ကြီးနှင့် မဟာရာဇာစော်ဘွားကြီး၏ စာချုပ်သည် မည်သို့ သက်ဆိုင်သည်ကို တွေးတော အံ့သြလျက်ရှိလေ၏။

ပုလိပ်အရာရှိတို့လည်း စားပွဲများမှ အံဆွဲများကိုလည်းကောင်း၊ ဗီရိုများမှ အတွင်းရှိ စာရွက်တို့ကိုလည်းကောင်း၊ စာအုပ်များ အကြား၌ တစ်ရွက်စီလှန်လှော၍လည်းကောင်း ရှာဖွေလျက်ရှိကြရာ ဘနာဂျီကြီးသည် လက်ပိုက်ကာရပ်လျက် ဘနာဂျီကလေးမှာလည်း မုန်းထားသော မျက်နှာထားနှင့် နှုတ်ခမ်းကို ကိုက်ကာ ပုလိပ်များအား ကြည့်လျက် ရှိလေ၏။ ကလေးမကလေး ဘေဘီမှာ ပုလိပ်တို့က အခန်းကို ရှာဖွေမည်ပြုကြသည်နှင့် တစ်ပြိုင်နက် မိမိ၏ အရုပ်ကြီးကိုပွေ့လျက်

'ကျွန်မ အရုပ် မယူကြပါနှင့်ရှင်၊ ကျွန်မ အရုပ်ပါရှင်၊ မယူကြပါနှင့်ရှင်'

ဟု မိမိ၏ဘာသာဖြင့် ငိုယိုပြောဆိုလျက် ရှိရာ ပုလိပ်အရာရှိ တစ်ယောက်က သူငယ်မအား ကရုဏာရှိသည်ဖြစ်၍ မိမိတို့မှာ စာရွက်များကိုသာ အလိုရှိကြောင်း၊ သူငယ်မ၏ အရုပ်ကို ယူမည်မဟုတ်ကြောင်း ချော့မော့ပြောဆိုလေ၏။

၎င်းနောက် ပုလိပ်အရာရှိတို့သည် အိမ်ကြီးအတွင်း အထက်ထပ်ရော အောက်ထပ်ပါမကျန် နံ့စပ်အောင် လှန်လှောရှာဖွေပြီးနောက် မိမိတို့အလိုရှိသော အရာကို မတွေ့သည်ဖြစ်၍

**လိပ်**။ ။'တယ်ပြီး လုံခြုံပါပေတယ်ဗျာ၊ တယ်အဝှက်ကောင်းပါကလား'

**ဂျီ**။ ။'ရှိမှ မရှိတာ၊ ဘာဝှက်ရမှာလဲဗျာ'

**လိပ်**။ ။'ရှိစေဗျား၊ ရှိစေ'

၎င်းနောက် ပုလိပ်အရာရှိတို့လည်း အိမ်ပြင်သို့ ထွက်သွားကြ၍ ကားနှင့်ပြန်သွားကြလေ၏။ ၎င်းတို့၏ကား ထွက်သွားသော အခါ ဘနာဂျီကြီးသည် နဖူးမှ စီး၍ကျသော ချွေးများကို လက်ကိုင်ပုဝါနှင့် သုတ်လျက် ထိတ်လန့်သောအမူအရာနှင့် ရှိနေသော အစေခံများအား စိုးရိမ်ရန် မရှိကြောင်း ပြောဆို၍ အခန်းပြင်သို့ထွက်သွားစေရာ သူငယ်မကလေးမှာ အရုပ်ကြီးကို ဖက်လျက်ပင် ရှိသေးလေ၏။

**ဂျီ**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျား ဘယ့်နှယ် ထင်သလဲ'

**ကျွန်တော်**။ ။'စာချုပ်ကို သူတို့ လိုချင်တယ် ဆိုတာပဲ၊ သည်စာချုပ်က အရေးကြီးတဲ့ စာချုပ်မို့လားဗျာ'

ထိုအခါ ဘနာဂျီသည် ကျွန်တော်၏မေးခွန်းကို ဖြေကြားခြင်း မပြုသေးဘဲ သူငယ်မကလေးကို ပွေ့ယူနမ်းရှုတ်လျက်

'တယ်လိမ္မာတဲ့ သမီးကလေးကွယ်၊ ငါ့ သမီးကြောင့် ပါပါ အသက်ချမ်းသာရာ ရတော့တယ်'

**သူငယ်မ**။ ။'ပါပါ သင်ထားတဲ့ အတိုင်း ကျွန်မ လုပ်တာပဲ ပါပါရဲ့'

**ဂျီ**။ ။'အေးကွယ်၊ လိမ္မာတယ်'

၎င်းနောက် ဘနာဂျီသည် ကလေးမ၏ လက်မှ အရုပ်ကြီးကို ယူပြီးလျှင် အဝတ်များကို ဆုတ်ဖြဲလိုက်ရာ အတွင်းမှ လွှစာမှုန့်တို့သည် ကြမ်းပေါ် သို့ ကျလာလေ၏။ လွှစာမှုန့်များ ကုန်လတ်သော် ဘနာဂျီသည် ဘနာဂျီသည် အရုပ်၏ ဝမ်းတိုက်တွင်းသို့ လက်နှင့်နှိုက်၍ယူလိုက်ရာ ကြပ်တည်းသေးနုတ်စွာ ခေါက်၍ထားသော စာရွက်တို့သည် အပြင်သို့ ထွက်လာလေ၏။ ၎င်းနောက် ..

**ဂျီ**။ ။'ကိုင်း ကိုသိန်းမောင်၊ ကျွန်ုပ်မှာ ခင်ဗျားလက်ခုပ်တွင်းကရေ ကဲ့သို့ ဖြစ်ပါပြီဗျာ၊ ခင်ဗျား ပြုသ၍ပါပဲ၊ သို့သော် ခင်ဗျားဟာ ကြင်နာတတ်သော သဘောရှိတဲ့လူတစ်ယောက်ဖြစ်တယ်လို့ အစကတည်းက ကျွန်ုပ်ထင်မိပါတယ်၊ ကျွန်ုပ် ထင်တဲ့အတိုင်း ညှာတာတဲ့ သဘောရှိလို့ သားသမီးတစ်ကွဲ၊ အဖတစ်ကွဲ မဖြစ်စေလိုခဲ့လို့ရှိလျှင် ကျွန်ုပ်အတွက် သည်ကိစ္စမှာ ကူညီပါဗျာ၊ ခင်ဗျားကျေးဇူးကို ကျွန်ုပ် မမေ့ပါဘူး၊ ခင်ဗျားကတော့ မြန်မာလူမျိုးဖြစ်တဲ့အတွက် သည်ကိစ္စမှာ ခင်ဗျားကို ဘယ်သူကမှ မသင်္ကာစရာ မရှိပါဘူးဗျာ၊ သည်တော့ သည်စာရွက်ကို ခင်ဗျားက တဆိတ်လောက် လုံခြုံအောင် ထိန်းသိမ်းပြီး ထားစေချင်ပါတယ်ဗျာ'

**ကျွန်တော်**။ ။'ဘယ်လို စာချုပ်မျိုးလဲဗျ'

**ဂျီ**။ ။'တိုင်းရေးပြည်ရေးနှင့် ဆိုင်တဲ့ စာချုပ်ပါဗျာ၊ သည်စာချုပ်ကို နေရာတကျ သုံးတတ်လျှင် အိန္ဒိယပြည်လည်း ဟုမ္မရူးရမယ်၊ ခင်ဗျားတို့ မြန်မာပြည်လည်း ဟုမ္မရူးရမယ်၊ ဘယ့်နှယ်လဲ ကူညီမလား'

ထိုအခါ ကျွန်တော်သည် ဟုမ္မရူး ရမည် မရမည်ကို များစွာ အယုံအကြည် မရှိသော်လည်း မိမိအား အလုပ်မရှိသည့်အခါတွင် လခကြေးငွေ မှန်ကန်စွာ ပေးကမ်းလျက်ရှိသော သူတစ်ယောက်သည် ကျေးဇူးရှင်တစ်မျိုးပင်ဖြစ်သည်ဟု ထင်မြင်သည် တစ်ကြောင်း၊ မောင်နှမ နှစ်ယောက်တို့အားလည်း သနားကရုဏာဖြစ်သည် တစ်ကြောင်းကြောင့် သိုဝှက်ထိန်းသိမ်းရန် သဘောတူညီလေ၏။ ထိုအခါ ဘနာဂျီသည် ကျွန်တော်၏လက်ကို ဝမ်းသာအားရနှင့် ကိုင်ဆွဲလျက်

**ဂျီ။** ။‘ကျေးဇူးပါပဲ မိတ်ဆွေ၊ အင်မတန် ကျေးဇူးပါပဲ၊ ဘယ်တော့မှ ကျွန်ုပ် မမေ့ပါဘူး၊ ကိုင်း ကိုင်း သည်စာရွက်တွေကို ချိပ်တံဆိပ်ခတ်ပြီး ပိတ်လိုက်မယ်နော်၊ ဘေးအန္တရာယ်ကို စိုးရိမ်ဖွယ်မရှိတဲ့ အခါကျတော့မှ ကျွန်ုပ်လက်ကို ပြန်အပ်ပေတော့’

၎င်းနောက် ဘနာဂျီသည် စာရွက်များကို စာအိတ်တစ်အိတ်တွင် ထည့်ပြီးလျှင် ချိပ်တံဆိပ် ငါးချက်မျှ ရိုက်၍ မိမိ၏ လက်စွပ်နှင့် နှိပ်ပြီးလျှင် ကျွန်တော်၏လက်သို့ စာအိတ်ကို ပေးအပ်၍

‘သတိကြပ်ကြပ်ပြုပါ မိတ်ဆွေ၊ အိန္ဒိယတစ်နိုင်ငံလုံး လွတ်လပ်ရေးနှင့် မြန်မာပြည်တစ်ပြည်လုံး လွတ်လပ်ရေးဟာ မိတ်ဆွေလက်တွင်းမှာ ရှိနေပါတယ်၊ ကြပ်ကြပ်သတိပြုပြီး သိုဝှက်ပါ မိတ်ဆွေ၊ သူလျှိုတွေကလည်း အင်မတန် ပေါပါတယ်၊ နေ့ရောညရော မိတ်ဆွေလက်တွင်းက သည်စာအိတ်ကို ဘယ်အခါမှ မခွဲခွာပါနဲ့၊ အသက်လို ထိန်းသိမ်းပါလေ၊ ကိုသိန်းမောင်’

ထိုအခါ ကျွန်တော်သည် စာအိတ်ကိုလှမ်းယူပြီးနောက် ချိပ်တံဆိပ်ကိုကြည့်ရှု၍ ကျွန်တော်၏အင်္ကျီအတွင်းအိတ်၌ ထည့်ထားလိုက်လေ၏။ ၎င်းနောက် ကျွန်တော်က အိမ်သို့ပြန်ရန် ခွင့်ပြုပါမည့်အကြောင်းနှင့် ပြောသောအခါ ဘနာဂျီက ညဉ့်လည်း အတော်နက်ပြီဖြစ်သောကြောင့် ပုလိပ်တို့က လမ်းမှ ချောင်းမြောင်း ဖမ်းဆီးပြီးလျှင် ရှာဖွေမည်ကို စိုးရိမ်ရသည်ဖြစ်၍ ထိုည၌ ၎င်း၏အိမ်၌ပင် အိပ်ရန်ပြောဆိုလေရာ ကျွန်တော်မှာ ငြင်းပယ်ရန် နည်းလမ်းမမြင်သည်နှင့် သဘောတူညီရလေ၏။ သို့ဖြစ်၍ ကျွန်တော်သည် ထိုည၌ ပေါင်မုန့်အနည်းငယ်နှင့် ငါးသေတ္တာတစ်ဘူးကို ညစာအဖြစ်နှင့် စားသောက်ပြီးလျှင် ကျွန်တော့်အတွက် ပြင်ဆင်ထားသော အိပ်ခန်းသို့ ဝင်၍ အိပ်ရလေ၏။

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် တနင်္ဂနွေတစ်ပတ် အတွင်း၌ ကျွန်တော်သည် ရှေးကကဲ့သို့ အချိန်မှန်မှန်လာရောက်၍ အချိန်မှန်မှန် အိမ်ကို ပြန်လေရာ ထိုစာအိတ်ကိုမူ ကျွန်တော်၏ အပေါ်အင်္ကျီ အတွင်းအိတ်၌ အပ်နှင့်သီချုပ်၍ လုံခြုံစွာ သိုဝှက်ထားလေ၏။ ထိုရက်အတောအတွင်း၌ ကျွန်တော်သည် စာချုပ်၏အကြောင်းကို ဘနာဂျီအား စကားစပ်၍ ပြောမိသောအခါ ဘနာဂျီသည် စိတ်ညစ်ညူးနေသော လက္ခဏာနှင့် ထိုအကြောင်းကို ထပ်လောင်း၍မပြောဘဲ သက်ပြင်းချကာ ခေါင်းရမ်းကာဖြင့် သာလျှင် ရှိနေသည်ကို တွေ့ရလေ၏။ ပုလိပ်အရာရှိတို့လည်း နောက်တစ်ကြိမ် လာရောက်ရှာဖွေခြင်း မပြုသော်လည်း ဘနာဂျီ၏အိမ်၌ လူဝင်လူထွက်ကို အဝေးမှ စောင့်ကြပ်ကြည့်ရှုနေသည်ဟု ဘနာဂျီကပြော၍ ကျွန်တော် သိရှိရလေ၏။ ၎င်း၏သား မိန်းမလျာနှင့်တူသော ဘနာဂျီကလေးမှာလည်း ပုလိပ်များ လာရောက်ရှာဖွေပြီးသည့် နေ့မှစ၍ စိတ်မချမ်းမသာ ရှိနေသည့် လက္ခဏာနှင့် ရှေးကကဲ့သို့ စာပေသင်ကြားခြင်း၌ များစွာ စိတ်အားထက်သန်ရန် လက္ခဏာမရှိဘဲ ဝတ်ကျေဝတ်ကုန်မျှသာလျှင် သင်အံလျက် ရှိလေ၏။ တံခါး၏ ဆေးရောင်မှာလည်း ထိုရက်အတောအတွင်း၌ နှစ်ကြိမ်သုံးကြိမ်မျှ ပြောင်းလဲ သုတ်လိမ်းထားရှိကြောင်း တွေ့ရှိရလေ၏။

ယင်းကဲ့သို့ တံခါး၏ ဆေးရောင်ကို မကြာခဏပြောင်းလဲ သုတ်လိမ်းခြင်းမှာ တစ်စုံတစ်ခု အဓိပ္ပာယ်ရှိကြောင်းကိုမူ ကျွန်တော် တွေးမိပေ၏။ သို့ရာတွင် မည်သို့သော အဓိပ္ပာယ်နှင့် ပြောင်းလဲသည်ကိုကား တတ်အပ်သေချာ မတွေးထင်နိုင်ချေ။ ဘနာဂျီကြီးသည် မိမိ၏စိတ်၌ စိုးရိမ်မကင်းရှိနေသည့် အကြောင်းတစ်ခု ရှိကြောင်း တစ်နေ့ထက်တစ်နေ့ ထင်ရှား၍လာလေရာ ၎င်း၏အစေခံတို့မှာလည်း တစ်ကြိတ်တည်း တစ်ညဏ်တည်းဖြစ်သည့် လက္ခဏာနှင့် ရုံဖန်ရံခါ ဆရာနှင့် တီးတိုးတိုင်ပင်ကြလေ၏။

တစ်နေ့သော ညနေ၌ ကျွန်တော်သည် ၄ နာရီထိုးပြီးနောက် ဘနာဂျီ့အိမ်မှ ပြန်လာရာ ၃၂ လမ်းရှိ မိတ်ဆွေ တစ်ယောက်ထံ ကိစ္စတစ်ခုနှင့် ဝင်ခဲ့ပြီးလျှင် လွစ္စလမ်း ရှိ ကျွန်တော်၏ နေအိမ်သို့ ပြန်လာရာ ကျွန်တော်၏အိမ်ရှင် မိန်းမကြီးသည် ကျွန်တော့်အား ကုလားတစ်ယောက်က စာတစ်စောင် လာရောက်ပေးသွားကြောင်း ပြောဆို၍ စာကို ကျွန်တော့်အား ပေးလေ၏။ ကျွန်တော်သည် စာကို မြင်သည်နှင့် တစ်ပြိုင်နက် ဘနာဂျီထံမှဖြစ်ကြောင်းကို သိရှိသဖြင့် စာအိတ်ကို ဖောက်လိုက်ရာ အတွင်း၌ စာတစ်စောင်နှင့် အခြားစာအိတ်ကို တွေ့ရှိရလေ၏။ စာကို ဖတ်၍ကြည့်သောအခါ ဤစာနှင့်အတူ ပါလာသော စာအိတ်ကို လိပ်စာတပ်ပါရှိသည့်အတိုင်း ချက်ချင်းသွားရောက် ပေးပို့ရန် မှာထားသည်ကို တွေ့ရလေ၏။ အတွင်းစာအိတ်၌ ပါရှိသော လိပ်စာမှာကား

## မစ္စက်ချက်တာဂျီ

## ၁၇၊ လန်ကက်စတာလမ်း (ယခု ဗိုလ်ရာညွန့်လမ်း)၊ ရန်ကုန်မြို့။

ထိုအခါ ကျွန်တော်သည် ညစာထမင်းကို လျှင်မြန်စွာစားပြီးလျှင် လန်ခြားတစ်စီးနှင့် လန်ကက်စတာလမ်းသို့ သွားရောက်လေ၏။ မစ္စက်ချက်တာဂျီ၏ နေအိမ်မှာ သပ်ရပ်ကောင်းမွန်စွာ ဆောက်လုပ်၍ ဓာတ်မီးများနှင့် ထိန်ထိန်လင်းလျက်ရှိရာ ကျွန်တော်လည်း အစေခံတစ်ယောက်အား စာကို ပေးပြီးနောက် ဧည့်ခန်းမှ ထိုင်၍ စောင့်နေလေ၏။ ကျွန်တော်သည် အလွန်ကောင်းမွန်၍ စည်းစိမ်ရှိသော အဖုံးကြီးများ တပ်ဆင်ထားသည့် ကုလားထိုင်ကြီးပေါ်၌ ထိုင်ပြီးလျှင် အခန်း၏ ပြင်ဆင်ပုံအခမ်းအနားကို ကြည့်ရှုရင်း ကျွန်တော့်အား မည်သို့သောကိစ္စနှင့် ဤကဲ့သို့ အရေးတကြီး စေလွှတ်ရသည်ကို စဉ်းစားစိတ်ကူးလျက်ရှိစဉ် အလွန်ပြောင်လက်သော ဖဲဂါဝန်ကြီးကို ဝတ်ဆင်လျက်၊ အသက် ၃၀ အရွယ်ခန့်ရှိ၍ ရုပ်ရည်ချောမောလှပသော ကုလားမ တစ်ယောက်သည် အခန်းပြင်သို့ ထွက်လာလေ၏။ ၎င်းလက်၌ကား ကြိုးနှင့် ကြပ်တည်းစွာ စည်းနှောင်၍ထားသော သေတ္တာငယ်တစ်ခု ပါလာခဲ့လေ၏။

၎င်းထွက်လာသည်ကို မြင်သဖြင့် ကျွန်တော်သည် ထိုင်ရာမှ ထလိုက်ရာ ကုလားမက ဖော်ရွေသော မျက်နှာထားနှင့် အင်္ဂလိပ်ဘာသာဖြင့်

'ထိုင်ပါ ထိုင်ပါ၊ မစ္စက်ချက်တာဂျီ ဆိုတာ ကျွန်မပါပဲ၊ ကိုသိန်းမောင် ဆိုတာ ရှင် မဟုတ်လား၊ မစ္စတာဘနာဂျီက ရှင့်အကြောင်းကို ခဏခဏ ပြောလို့ လူကို မမြင်ဖူးသော်လည်း နာမည်ကိုတော့ ကြားရဖူးလှပါပြီရှင်၊ ယခု လူကိုယ်တိုင် တွေ့ရတဲ့ အတွက်လည်း အများကြီး ဝမ်းမြောက်ပါတယ်'

ဟု ပြောသောအခါ ကျွန်တော်မှာ ဘနာဂျီသည် ကျွန်တော်၏ အကြောင်းကို အရေးတယူလုပ်၍ သူတစ်ပါးအား ပြောကြားထားနှင့်သည်ကို အားရနှစ်သက်ရှိသည်နှင့် ပြုံးရယ်ကာ ထိုက်သင့်သောစကားများကို ပြန်၍ ပြောသည်တွင် မစ္စက်ချက်တာဂျီက

'ကျွန်မက ရှင်လာမယ်ဆိုတာ သိနှင့်လို့ တစ်ညနေလုံး မျှော်နေပါတယ်ရှင်၊ အားလုံး အဆင်သင့် ပြင်ဆင်ပြီးထားပါတယ်၊ သို့သော် သည်အကြောင်းကို ဘယ်သူ့မှ မပြောပါနဲ့ရှင့်နော်၊ လူများသိလျှင်ဖြင့် ကျွန်မမှာ အရှက်ကွဲ အကျိုးနည်း ဖြစ်ရပါလိမ့်မယ်ရှင်'

ဟု ပြောပြန်သောအခါ ကျွန်တော်မှာ ၎င်း၏စကားအဓိပ္ပာယ်ကို မရိပ်မိသော်လည်း မိမိ မရိပ်မိသည့် အကြောင်းကို မသိစေခြင်းငှာ သိပြီးဟန်နှင့် ပြုံးရယ်လျက် 'မှန်ပါတယ်' ဟု ပြောရလေ၏။ ၎င်းနောက် ..

**မ**။ ။'ရှင်က ဘယ်သူ့ကိုမှ မပြောဘူးဆိုတာ ယုံကြည်ရပ့ါမလားရှင်'

**ကျွန်တော်**။ ။'ယုံကြည်ပါတော့ဗျာ'

**မ**။ ။'စိတ်ချရတော့မလား'

**ကျွန်တော်**။ ။'စိတ်ချပါတော့ ခင်ဗျာ'

**မ**။ ။'ကိုင်း ဒါဖြင့် ရော့၊ ဟောဒီသေတ္တာကလေးကို မစ္စတာဘနာဂျီ့လက်သို့ ရောက်အောင် သည်ယနေ့ ပို့ပေးပါရှင်၊ သတိထားနော်၊ အထဲမှာ အဖိုးတန်ပစ္စည်းတွေ ပါတယ်၊ ပြီးတော့လဲ မစ္စတာဘနာဂျီကို သူ့ကတိအတိုင်း နံနက် ၆ နာရီကို ရောက်အောင်လာပါလို့ ပြောလိုက်ပါရှင်'

ဟု ပြော၍ ၆ လက်မ ပတ်လည်ခန့်ရှိသော စက္ကူသေတ္တာငယ်တစ်ခုကို ကျွန်တော့်အား ပေးအပ်လေရာ ကျွန်တော်သည် သေတ္တာကို ကိုင်မိသည်နှင့် တစ်ပြိုင်နက် အရွယ်နှင့် မလိုက်အောင် လေးလံသည့် အကြောင်းကို သိရှိရလေ၏။ ထိုအခါ

ကျွန်တော်မှာ ဤဇာတ်ရှုပ်ကြီးအတွင်း၌ 'ဘုမသိ ဘမသိ' ပါဝင်မိသည့်အတွက် စိတ်လေးလျက် ရှိခဲ့လေ၏။ အကြောင်းကို ဆိုသော် ကျွန်တော်၏ အင်္ကျီအတွင်းအိတ်၌ အလွန်တရာ အရေးကြီးလှသော စာချုပ်ကြီးတစ်ခုကို သိုဝှက်၍ ထားရသည့် အပြင် ယခုတစ်ဖန် မည်သည့်အရာဝတ္ထုမျိုးမသိ၊ အဖိုးများစွာ ထိုက်တန်သည်ဆိုသော အထုပ်ငယ်တစ်ခုကို လက်ခံ သိမ်းပိုက်ရပြန်ချေပြီ။ သို့ရာတွင် ထိုအချိန်သည်ကား နောက်သို့ဆုတ်ရန် အချိန်မဟုတ်သဖြင့် ကျွန်တော်သည် အထုပ်ငယ် ကို လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး ပေးအပ်ခဲ့ပြီးလျှင် မစ္စက်ချက်တာဂျီအား နှုတ်ဆက်၍ ၎င်း၏ အကြံပေးချက်အရ ဘနာဂျီ၏ အိမ်သို့ ကားတစ်စီးနှင့် ထွက်လာခဲ့လေ၏။

ဘနာဂျီ၏အိမ်သို့ ရောက်သောအခါ သားအဖနှစ်ယောက်တို့သည် အခန်းတွင်း၌ ကျွန်တော့်အား မျှော်လင့်စောင့်ဆိုင်းလျက် ရှိကြရာ ဘနာဂျီကြီးသည် ကျွန်တော့်ကို မြင်လျှင် စိတ်အားကြီးသော အမူအရာနှင့် ထိုင်ရာမှထ၍ အထုပ်ငယ်ကို လှမ်းယူ ပြီးလျှင် ကျေးဇူးများစွာ ကြီးလှကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်သည် အထုပ်ငယ်ကို ကျွန်တော့်ရှေ့တွင် ဖွင့်လှစ်ကြည့်ရှုလိမ့်မည်ဟု မျှော်လင့်လျက် ရှိရာ ဘနာဂျီသည် အထုပ်ငယ်ကို လက်တွင်ထား၍ ကြည့်ပြီးလျှင် ဖွင့်လှစ်ခြင်း မပြုဘဲ စားပွဲပေါ်၌ ချထားပြီးနောက် ကော်ဖီတစ်ခွက်ကို ကိုယ်တိုင်ဖျော်၍ ကျွန်တော့်အား ပေးလျက် ...

**ဂျီ**။ ။'ဝမ်းနွေးသွားအောင် ကော်ဖီပူပူလေး တစ်ခွက်သောက်စမ်းပါဦးဗျာ၊ ပြီးတော့ ခင်ဗျားနှင့် စကားကလေး နည်းနည်း ပြောစရာလဲ ရှိပါသေးတယ်'

**ကျွန်တော်**။ ။'အိမ်ရှေ့မှာ ကားစောင့်နေတယ်ဗျ'

**ဂျီ**။ ။'လွှတ်လိုက်ပါဗျာ၊ ကျုပ် ကားနှင့် လိုက်ပို့ပါမယ်'

ဟု ပြောပြီးလျှင် ၎င်း၏သားအား ကားမောင်းသမားကို အခပေး၍ လွှတ်လိုက်ရန်ပြောလေ၏။

ထိုအခါ ကျွန်တော်သည် အထုပ်ငယ်၌ ပါရှိသော အရာဝတ္ထုကို မြင်ရချေဦးတော့မည်ဟု မျှော်လင့်သဖြင့် အနည်းငယ် ဝမ်းသာလျက် ကုလားထိုင်တွင် ထိုင်ပြီးလျှင် ဘနာဂျီပေးသော ကော်ဖီကို သောက်လိုက်ရာ ကော်ဖီသည် အလွန်ခါးသည် ဖြစ်သောကြောင့် ကော်ဖီမှုန့်များလွန်းလှသည်ဟု အောက်မေ့မိလေ၏။ သို့ရာတွင် အတန်ငယ် ချမ်းအေးသည်ဖြစ်၍ ကျွန်တော်သည် ပူနွေးစေခြင်းအလို့ငှာ ကော်ဖီခွက်ကို ကုန်အောင် သောက်ချလိုက်ရာ ခွက်၌ ကော်ဖီကုန်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ တစ်ကိုယ်လုံးသည် ရှိန်းခနဲ ပူ၍ သွားပြီးလျှင် နောက်တစ်ခဏ၌ကား ခိုက်ခိုက်တုန်အောင် ချမ်း၍ လာခဲ့လေ၏။ ထိုအခါမှ ကျွန်တော်သည် ကော်ဖီ မူမမှန်သည့် အကြောင်းကိုရိပ်မိ၍

'သည် ... သည်ကော်ဖီ မကောင်းဘူး ထင်တယ်ဗျာ၊ ကျွန်တော် ... အဆိပ်ပါတယ် ထင်တယ်'

ဟု တုန်တုန်ရီရီ ထစ်ထစ်အအနှင့် ပြောမိပြီးနောက် ကျွန်တော်သည် ကုလားထိုင်မှ ထရန် ကြိုးစားလေရာ အကြောတို့သည် တစ်ကိုယ်လုံး ဆိုင်းလျက် ရှိသည် ဖြစ်သောကြောင့် မထနိုင်ဘဲ ရှိလေ၏။ ကျွန်တော်၏ မျက်စိတို့မှာလည်း ပြာ၍ ကုန်ပြီဖြစ်သောကြောင့် မမြင်မကန်းနှင့် လေကိုဖမ်းလျက်ရှိရာ ကျွန်တော်၏ နားထဲ၌ တဝီဝီတဝုန်းဝုန်း တဂျုံးဂျုံးတဒိုင်းဒိုင်း နှင့် ကြားရပြီးနောက် ဘနာဂျီ၏ ရက်စက်စွာ ရယ်မောလိုက်သော အသံကို ကြားလိုက်ရသည်တွင် ကျွန်တော်မှာ မှားခြင်းကြီး မှားသည်ကို သိရှိရလေ၏။

ထိုအခါ ကျွန်တော်သည် အော်ဟစ်ရန် ကြိုးစားပြန်ရာ ကျွန်တော်၏လျှာသည် အာခေါင်တွင် ကပ်လျက် ခွာမရအောင် ရှိသဖြင့် မအော်နိုင်ဘဲရှိလေ၏။ ၎င်းနောက် ကျွန်တော်သည် ရှိသမျှ ခွန်အားကို ညှစ်ထုတ်၍ ထိုင်ရာမှ ထမည် ပြုပါ သော်လည်း ထနိုင်မည်ကို မဆိုထားဘိ၊ လက်တစ်ဖက်ကိုမျှ မြှောက်ပင့်ခြင်းငှာ မစွမ်းနိုင်ဘဲ ရုတ်တရက် ခွန်အား ကုန်ခမ်း လျက် ရှိလေ၏။ ထို့နောက် မိတ်လုမတတ်ရှိသော မျက်စိများကို အားခဲ၍ ဖွင့်ကြည့်လိုက်ရာ ဘနာဂျီ၏ ရက်စက်သော မျက်နှာသည် ပြုံးရယ်လျက်ရှိသည်ကို နောက်ဆုံးအကြိမ် တွေ့မြင်လိုက်ရပြီးနောက် အသူတရာနက်သော ချောက်ထဲသို့ ပစ်ချ လိုက်ဘိသကဲ့သို့ မဲမဲမိုက်မိုက်ဖြစ်ပြီးလျှင် သတိမေ့လျော့ မြောနစ်၍ သွားလေ၏။

ကျွန်တော်သည် မည်မျှလောက် ကြာအောင် နစ်မြောလျက်ရှိ၍ ထိုအတောအတွင်း၌ မည်သို့ဖြစ်ပျက်လျက်ရှိသည်ကို မသိရှိနိုင်ခဲ့ချေ။ သတိရလာသဖြင့် မျက်စိများကို ဖွင့်၍ကြည့်လိုက်သောအခါ နေမင်း၏ အရောင်သည် ကြည်လင်စွာ ထွန်းတောက်လျက် ရှိသည်ကို တွေ့မြင်ရပြီးလျှင် ကျွန်တော်သည် အေးစက်မာကြောသော အရာဝတ္ထုတစ်ခုပေါ်၌ ပက်လက်လန်လျက်ရှိနေသည့်အဖြစ်ကို သိရလေ၏။ ၎င်းနောက် သေချာစွာ ကြည့်ရှုပြန်သည့်အခါ အခန်း၏ နံရံသည် မှန်များဖြင့် ကာရံလျက်ရှိသည်ကို လည်းကောင်း၊ အမိုးသည်လည်း ထိုနည်းတူစွာ အလင်းရောင် ဝင်နိုင်စေခြင်းငှာ မှန်များ တပ်ဆင် လျက်ရှိသည်ကို လည်းကောင်း တွေ့မြင်ရသည့်ပြင် နှာခေါင်းမှလည်း ဆေးနံ့တို့ကို ရှူရှိုက်ရသည်ဖြစ်သောကြောင့် ကျွန်တော်မှာ ဆေးရုံကြီးအတွင်း ရင်ခွဲရုံ၌ ဆိုက်ရောက်လျက် ရှိကြောင်းကို သိရှိရလေ၏။ ကျွန်တော်အား သေဆုံးပြီ ထင်မှတ်၍ ရင်ခွဲရုံ၌ တင်ထားခြင်းဖြစ်လေသည်။

ထိုအခြင်းအရာကို သိရှိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် စားပွဲပေါ်၌ ငေါက်ခနဲ ထ၍ထိုင်ပြီးလျှင် ကျွန်တော်၏ ကိုယ်ကို ငုံ့၍ကြည့်ရာ အဝတ်တို့မှာ ရွှံ့နွံများ ပေကျံလျက် စက်ဆုပ်ဖွယ် ရှိနေသည့်ပြင် ဆံပင်မှာလည်း သွေ့ခြောက်သော ရွှံ့ခဲတို့ကြောင့် အစိုင်အခဲဖြစ်၍နေသည့် အဖြစ်ကို တွေ့ရှိရလေ၏။ ထိုခဏ၌ ဆရာဝန်ကြီးသည် ၎င်း၏ တပည့်တစ်ယောက်နှင့် အခန်းတွင်းသို့ ဝင်လာရာ ကျွန်တော်ထိုင်နေသည်ကို မြင်သဖြင့် လန့်၍သွားကြပြီးမှ သေရာက ရှင်လာသောသူ ဟူ၍ လက်ကိုဆွဲကာ ဝမ်းသာကြောင်း ပြောကြလေ၏။

၎င်းနောက် ဆရာဝန်ကြီးသည် ဘရန်ဒီအနည်းငယ်ကို ကျွန်တော့်အား သောက်စေ၍ စွတ်ပြုတ်တစ်ခွက်ကိုလည်း ပေးရာ ကျွန်တော်သည် ၎င်းတို့ကို သောက်ပြီးနောက် အားအင် ပြည့်တင်းလာသည်နှင့် ကျွန်တော့်အား အကောက်ကြံသော ကုလားသားအဖတို့ကို ဆောလျင်စွာ လက်စားချေအံ့ဟု အောက်မေ့၍ ဆရာဝန်ကြီးအား နှုတ်ဆက်ပြီးလျှင် ပုလိပ်ဌာနသို့ လန်ခြားတစ်စီးနှင့် ထွက်လာခဲ့လေ၏။ လန်ခြားကုလားလည်း ကျွန်တော်၏ အခြေအနေကို မြင်သောအခါ လက်မခံလိုကြောင်းနှင့် ငြင်းပယ်လျက်ရှိရာ အင်္ကျီအိတ်၌ ကပ်လျက်ရှိသော ငွေ ၁ ကျပ်ကို ထုတ်၍ အရင်ပေးသောအခါမှ ဌာနသို့ ဆွဲသွားလေ၏။

ဌာနသို့ ရောက်သောအခါ ကျွန်တော်သည် တိုင်ချက်ပေးမည်ဟု ဌာနအုပ်ကို စောင့်ဆိုင်းလျက် ရှိစဉ် ပြက္ခဒိန်တစ်ခုကို လှမ်း၍ကြည့်မိရာ ကျွန်တော် နစ်မြောသော နေ့သည် တနင်္ဂနွေနေ့ ဖြစ်၍ ထိုနေ့မှာ ဗုဒ္ဓဟူးနေ့ ဖြစ်ကြောင်းတွေ့မြင်ရသဖြင့် ကျွန်တော်မှာ နှစ်ရက်လုံးလုံး နစ်မြောလျက် ရှိခဲ့ကြောင်း အံ့သြစွာနှင့် သိရှိရလေ၏။

ဌာနအုပ်ရောက်လာသောအခါ ကျွန်တော်သည် ကျွန်တော်၏ အဖြစ်အပျက်များကို တိုင်တန်းပြောဆိုလေရာ ပထမ၌ ဌာနအုပ်သည် ကျွန်တော်ပြောသည်များကို အနည်းငယ်ရေးသားပြီးလျှင်၊ နောက်ဆုံး၌ ကလောင်တံကိုကိုင်လျက် မယုံကြည်သော မျက်နှာထားနှင့် ကျွန်တော့်အား ခပ်ပြုံးပြုံးလုပ်၍ ကြည့်နေလေ၏။ ထိုအခါ ကျွန်တော်သည် ခွန်အားနည်းလျက်ပင်ရှိသေးသည် ဖြစ်၍ ဤကဲ့သို့ ပြုကျင့်သည်ကို စိတ်တိုသော အမူအရာနှင့် ငေါက်ငန်းလျက်ရှိစဉ် အခန်းတံခါးသည် ပွင့်လာ၍ ဘနာဂျီ၏ အိမ်၌ သိက္ခမ်းခဲ့ဖူးသော ဘာဘူချန္ဒရာသည် မည်သည့်ကိစ္စနှင့် လာရောက်သည်ကို တွေးတောအံ့သြလျက် ရှိရာ ချန္ဒရာသည် ကျွန်တော်၏ အံ့သြသော မျက်နှာထားကို မြင်သည်နှင့် ရယ်မောကာ အနီးသို့ ချဉ်းကပ်ပြီးလျှင် ကျွန်တော်၏ လက်ကို ကိုင်ဆွဲလျက်

'ကျွန်ုပ်ကို သည်မှာ တွေ့တာ အံ့သြနေသလား၊ ကျွန်ုပ်က စုံထောက်ဘက်ဆိုင်ရာ အင်စပိတ်တော်ပဲ'

**ကျွန်တော်။** ။'ခင်ဗျားက စုံထောက်လား၊ သူဌေးကြီးဆို'

**ချန္ဒရား။** ။'စုံထောက်ဆိုတာမျိုးဟာ အခု သူဌေးကြီး ၊ တော်တော်ကြာ သူတောင်းစား၊ တော်တော်ကြာ ကုန်သည်ကြီး၊ သည်လို အမျိုးမျိုး လုပ်ဖြစ်နေတာမျိုးကလားဗျ၊ တွေ့ရတာ ဝမ်းသာသဗျ၊ ကျွန်ုပ်မှာ ခင်ဗျား တစ်ယောက် မရှိရှာဘူးလို့ အောက်မေ့မိတယ်'

**ကျွန်တော်။** ။'မရှိရှာရာက ရှိရှာလာရပြန်တယ်ဗျ၊ ခင်ဗျားတွေးတဲ့ အတိုင်းပဲ၊ ကံကောင်းလို့ မသေတယ်'

ဟု ပြောပြီးနောက် ကျွန်တော်သည် အဖြစ်အပျက်များကို တစ်ဖန်ပြန်၍ ပြောပြလေ၏။ ကျွန်တော်၏ စကားအဆုံး၌ ...

**ချန္ဒရား။** ။'အိန္ဒိယတစ်ပြည်လုံးမှာ နာမည်ကြီးပြီးလာခဲ့တဲ့ သူခိုးကြီးလက်တွင်းက ခင်ဗျားလွတ်ပြီး လာခဲ့တာ အင်မတန် ကံကောင်းတယ်ဗျာ'

**ကျွန်တော်။** ။'ဘယ့်နယ်ဗျ၊ ဘနာဂျီက သူခိုးလား'

**ချန္ဒရား။** ။'သူခိုးလဲ ဟုတ်တယ်၊ ဓားပြလဲ ဟုတ်တယ်၊ ပြန်ပေးဆရာကြီးလဲ ဟုတ်တယ်'

**ကျွန်တော်။** ။'ဟုတ်ကဲ့လားဗျာ၊ ပြောစမ်းပါဦးဗျာ၊ ကြားပါရစေ'

ထိုအခါ ဘာဘူချန္ဒရားသည် စားပွဲ၏အစွန်းတွင် ထိုင်လျက် ဘနာဂျီ၏ အကြောင်းများကို ပြန်ပြောင်းပြောဆိုလေ၏။ ကာလကတ္တား၊ ဘုံဘေ၊ မဒရပ် အစရှိသော မြို့ကြီးများ၌ ၎င်းဘနာဂျီသည် တိုက်ခိုက်ခိုးဝှက်ခြင်း အကြီးအကျယ်တို့ကို ဆရာကြီးလုပ်၍ စီမံလာခဲ့ရာ ၎င်း၏တပည့်ငယ်သားတို့ကို ရံဖန်ရံခါ လက်ရဖမ်းမိသော်လည်း ပုလိပ်တို့သည် ၎င်း ပါဝင်သည့်အကြောင်းကို သက်သေသာဓက လုံလောက်အောင် မဖော်ပြနိုင်သည်ဖြစ်သောကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ ရှိခဲ့ကြောင်း။ သို့ရာတွင် ၎င်းပါဝင်သည့် အကြောင်းကိုမူ တပ်အပ်သိရှိရကြောင်း။ သို့ဖြစ်ရာ၌ ပုလိပ်တို့သည် ၎င်းအား အထူးဂရုစိုက်၍ စောင့်ကြပ်ကြည့်ရှုခဲ့ရာ ထိုအကြောင်းကို ဘနာဂျီ ရိပ်မိသည်နှင့် အတော်အတန် ခြေကြို့၍ မြန်မာပြည်သို့ စားပေါက်စားလမ်းအသစ် ဖွင့်လှစ်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။ ဘနာဂျီတို့လူစု မြန်မာပြည်သို့ ဆိုက်ရောက် လာကြောင်းကို အိန္ဒိယပြည် ပုလိပ်များထံမှ သံကြိုးနှင့် အကြောင်းကြားလိုက်သည်ဖြစ်၍ စုံထောက်ဘက်ဆိုင်ရာက ဘနာဂျီကို စောင့်ကြပ်ကြည့်ရှုရန် စုံထောက် အင်စပိတ်တော် ဘာဘူချန္ဒရားအား တာဝန်လွှဲ၍ ထားခဲ့ကြောင်း။ ထိုအခါ ချန္ဒရားသည် မိမိကိုယ်ကို သူဌေးကြီး တစ်ယောက်အသွင် ဟန်ဆောင်ပြီးလျှင် ဘနာဂျီနှင့် အသိအကျွမ်းဖြစ်အောင် ပေါင်းသင်းဆက်ဆံ၍ ၎င်း၏အိမ်၌ မိတ်ဆွေတစ်ယောက်အဖြစ်နှင့်ဝင်ထွက်သွားလာလျက်ရှိခဲ့ကြောင်း။ သို့ရာတွင် တံခါးကို မကြာခဏ ဆေးရောင် ပြောင်းလဲ သုတ်လိမ်းခြင်းမှတစ်ပါး အခြားမသင်္ကာစရာအခြင်းအရာတို့ကိုမတွေ့ရှိခဲ့ရကြောင်း။ မကြာမီအတွင်း ချာတာဘဏ် တိုက်မှ ငွေကိုင်စာရေး ကုလားလူမျိုးတစ်ယောက် ပျောက်ခြင်းမလှပျောက်ဆုံး၍သွားသည်တွင် ဘနာဂျီတို့လူစု၏ လက်ချက် ဖြစ်သည်ဟု သင်္ကာမကင်းရှိကြောင်း။ သို့ရာတွင် ဘနာဂျီ၏ နေအိမ်ကို အထင်အရှား ရှာဖွေခဲ့မူ ဘနာဂျီသည် ပြောင်းရွှေ့၍ သွားမည်ကို စိုးရိမ်ရသဖြင့် မရှာဖွေဘဲ အဝေးမှသာလျှင် စောင့်ကြပ်ကြည့်ရှုလျက် ရှိနေခဲ့ရကြောင်း။ ငွေကိုင်စာရေးမှာ ဥပါယ် တမည်နှင့် ထိုအိမ်အတွင်း သွေးဆောင်ခေါ်ငင် သတ်ဖြတ်ပြီးလျှင် အဖိုးတန်ရှယ်ယာ လက်မှတ်များကို ယူငင် လိုက်သည်ဟု ပုလိပ်တို့က ထင်မြင်သဘောရရှိကြောင်း။ လွန်ခဲ့သည့် တနင်္ဂနွေအပတ်တွင်မှ ပုလိပ်တို့သည် ဘနာဂျီ၏ အိမ်သို့ သွားရောက်၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မည့် အထိမ်းအမှတ်ကို တွေ့ရှိမည်အထင်နှင့် ရှာဖွေခဲ့ကြောင်း။ လျှို့ဝှက်သော စာချုပ်ကို ရှာဖွေသည် ဆိုသည်မှာ ပုလိပ်တို့က ဉာဏ်ဆင်ခြင်းမျှ ဖြစ်ကြောင်း။ စင်စစ်အားဖြင့်မူကား ၎င်းတို့သည် ငွေကိုင် စာရေးအား သတ်ဖြတ်သည့် အထိမ်းအမှတ် တစ်စုံတစ်ရာကိုသာလျှင် ရှာဖွေခြင်းမျှ ဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။ ၎င်းနောက် ...

**ချန္ဒရား။** ။'ဒါထက် ခင်ဗျားကို စာရွက်တွေ အပ်ထားတယ်လို့ ကျွန်ုပ်တို့ ကြားပါတယ်၊ ပြစမ်းဗျာ၊ ဘာစာရွက်တွေလဲ'

ဟု မေးသဖြင့် ကျွန်တော်သည် ကျွန်တော်၏ အင်္ကျီအိတ်တွင် စမ်းသပ်ကြည့်ရှုရာ ယခင်က စာအိတ်မှာ အတွင်းအိတ်၌ တွေ့ရှိသဖြင့် ထုတ်ယူ၍ ချန္ဒရားအား ပေးအပ်လေ၏။ ချန္ဒရားသည် စာအိတ်ကို ဖောက်ပြီးနောက် အတွင်းမှ စာရွက်များကို နှုတ်ယူကြည့်ရှုရာ ၎င်းတို့မှာ ဘနာဂျီပြောဆိုသော အဖိုးတန် စာချုပ်ကြီးမဟုတ်။ ဝတ္ထုစာအုပ်တစ်အုပ်မှ ဆုတ်၍ယူထားသော စာရွက်များဖြစ်ကြောင်းကို သာလျှင် တွေ့ရှိရလေ၏။ ထိုအခါ ...

**ချန္ဒရား။** ။'ကျုပ်လဲ အထင်သားကပဲ၊ ခင်ဗျားကို သူတို့က ယုံကြည်ချင်ယောင်ဆောင်ပြီး သည်စာရွက်တွေကို စာချုပ်လုပ်ပြီး အပ်ထားတာကိုးဗျ၊ သူတို့အကြံက ဘယ်လိုလဲဆိုတော့ ခင်ဗျားကို သူတို့က ယုံကြည်ချင်ယောင်ဆောင်ပြီး အရေးကြီးတဲ့ကိစ္စများမှာ ခိုင်းစေခဲ့လို့ရှိလျှင် ခင်ဗျားက ကိုယ့်ကို ယုံကြည်တဲ့အတွက် အားနာပြီး ဆောင်ရွက်ပေးအောင်လို့ ယုံချင်ယောင်ဆောင်ခြင်းဖြစ်တယ်ဗျ၊ ဉာဏ်တော့ တော်တော်သွားပါရဲ့၊ သို့သော် မစ္စချက်တာဂျီ တစ်ယောက်ကို သူတို့သွားပြီး နှပ်တာက နည်းနည်း အတွက်လွဲသွားတယ်'

**ကျွန်တော်။** ။'ဘယ်လို နှပ်ပုံလဲဗျာ'

**ချန္ဒရား။** ။'သည်လိုဗျ၊ ဘနာဂျီက စိန်ကုန်သည်ယောင်ဆောင်ပြီး မစ္စချက်တာဂျီဆီက လက်ဝတ်လက်စားများကို ဝယ်ယူတယ်၊ ဝယ်ယူပြီး ငွေချေတော့ ဘယ်လိုချေမလဲ၊ ငွေကိုင်စာရေးဆီက ခိုးယူထားတဲ့ အဖိုးတန်စက္ကူတွေနှင့် ချေတယ်၊

ပြီးတော့ ခင်ဗျားကို လက်ဝတ်လက်စားတွေ ယူဘို့ စေလွှတ်ကရော၊ သည်တော့ ခင်ဗျားက မစ္စချက်တာဂျီ ဆီကို စာနှင့် သွားပြီးပို့။ ဘနာဂျီလက်ကို အပ်၊ ဘနာဂျီ့အကြံက သည်ဟာတွေ ရလျှင် နံနက်စောစော သင်္ဘောနှင့် ဘင်္ဂလားကို ပြေးဖို့ကိုး ဗျ၊ သို့သော် သည်ကိစ္စမှာ ခင်ဗျားက အောင်သွယ်ဖြစ်တဲ့အတွက် နောင်ခါ သက်သေထွက်မှာ စိုးလေတော့ ခင်ဗျားကို အဆုံးစီရင်ဖို့ အကြံနှင့် အဆိပ်ခပ်ပြီး သတ်လိုက်တာကိုးဗျ၊ သတ်ပြီး သေပြီမှတ်လို့ အလောင်းကို ကန်တော်ကြီးထဲ ပစ်ချ၊ ကံအားလျော်စွာ ပုလိပ်တစ်ယောက်က ခင်ဗျားအဝတ်စကို မြင်တာနှင့် ကန်တော်ကြီးထဲက ဆည်ပြီး ခင်ဗျားကို ရင်ခွဲရုံပို့၊ ရင်ခွဲရုံကမှ ခင်ဗျား မသေဘဲနှင့် ပြန်ရှင်လာခဲ့တာ မဟုတ်လားဗျာ၊ သို့သော် ခင်ဗျားက ဘနာဂျီထက်တော့ ကုသိုလ်ကောင်းပါသေးရဲ့ဗျာ'

**ကျွန်တော်။** ။'ဘယ်လို ကုသိုလ်ကောင်းပုံလဲဗျ၊ ဘနာဂျီ ဘာဖြစ်လို့လဲ'

**ချန္ဒရား။** ။'မစ္စက်ချက်တာဂျီက သာမညပုဂ္ဂိုလ် မဟုတ်ဘူးဗျ၊ အိန္ဒိယပြည်က လျှို့ဝှက်တဲ့ နဟီလစ်အသင်းသား တစ်ယောက်ပဲ၊ ဘနာဂျီလည်း ဟိုတုန်းက အသင်းသားဖြစ်ဖူးတယ်လို့ ကြားတယ်၊ နောက်မှ အသင်းကို ပုန်ကန်ပြီး သူထွက်ပစ်လိုက်တယ်လို့ ကြားတယ်၊ အသင်းဥပဒေကလဲ အသင်းက ထွက်တဲ့လူများကို အသက်အရှင် မထားဘူးဗျ၊ ဒါကြောင့် ဘနာဂျီကို အသင်းသားများက ဘယ်နည်းနှင့် သတ်ရပ့ါမလဲလို့ ကြံစည်ပြီး နေတုန်း ဘနာဂျီက ခြသေ့ံခံတွင်းထဲကို သွားပြီးဝင်တယ်၊ သည်တော့ မစ္စက်ချက်တာဂျီ ဘယ့်နှယ်လုပ်သလဲ၊ လက်ဝတ်လက်စားကို မပေးဘဲနှင့် အထုပ်ထဲကို နိုက်ထရိုဂလိုင်ဆရောင်ဆိုတဲ့ ဓာတ်တွေကို ထည့်ပေးလိုက်တာကိုးဗျ၊ သည်ဓာတ်က ချုပ်ထားတဲ့ကြိုးကို ဖြေလိုက်လျှင် တစ်ခါတည်း ပေါက်ပြီး ကွဲတာကိုးဗျ'

**ကျွန်တော်။** ။'ကံကောင်းလို့ဗျာ၊ ကျွန်တော့်ရှေ့မှာ ဖြေမကြည့်ပေလို့သာ ၊ ဒါထက် ဘနာဂျီ သေရော့လား'

**ချန္ဒရား။** ။'သေလား၊ မသေလားတော့ မဆိုနိုင်ဘူး၊ သူ့ကို တစ်ပိုင်းစီ ကောက်ပြီး ယူရတယ်၊ သူသေပြီးတဲ့နောက်မှ အိမ်အောက်မှာ မြေတိုက်တစ်ခုတွေ့လို့ မြေတိုက်ထဲမှာ ငွေကိုင်စာရေးရဲ့ အလောင်းကို တွေ့တာကိုးဗျ၊ လက္ခဏာတော့ ဘနာဂျီသမီးက စာရေးကို သွေးဆောင်ပြီး ခေါ်လာခဲ့ဟန်တူတယ်'

**ကျွန်တော်။** ။'ဘနာဂျီသမီးက ငယ်ငယ်ကလေး ရှိပါသေးကလားဗျ'

**ချန္ဒရား။** ။'အငယ် မဟုတ်ဘူးဗျ၊ အကြီးပြောတာ'

**ကျွန်တော်။** ။'ဘယ်မှာ သမီးအကြီး ရှိသေးလို့လဲဗျာ'

**ချန္ဒရား။** ။'ခင်ဗျား စာသင်ပေးနေတဲ့ ဘနာဂျီကလေး ဆိုတာ သမီးအကြီးပေါ့ဗျ၊ ယောကျ်ားလို ဝတ်ပြီးထားတယ်'

**ကျွန်တော်။** ။'သြော် သည်လိုကိုး၊ နို့ နေပါဦး၊ သူကော ဘာဖြစ်သွားသလဲ'

**ချန္ဒရား။** ။'အထုပ်ကို ဖြေတဲ့အခါမှာ သူက အနားမှာ ရှိလေတော့ ဒဏ်ရာတွေ ရပြီး ဆေးရုံပို့လိုက်တာ မနေ့ကပဲ သေရှာတယ်၊ သမီးအငယ်ကလေးတော့ သည်ဘေးက လွတ်သွားရှာတယ်၊ အစေခံတစ်ယောက်ကိုလဲ မသင်္ကာလို့ ဖမ်းပြီး စစ်တော့ အကုန်ဖော်ပြီး ပြောတာကိုးဗျ၊ လက်စသတ်တော့ အခန်းကို ဆေးရောင်အမျိုးမျိုး ပြောင်းလဲပြီး သုတ်တဲ့ အဓိပ္ပာယ် က အပြင်မှာရှိတဲ့ သူတို့လူစုကို အချက်ပေးတာကိုးဗျ၊ အိမ်ထဲဝင်ပြီး တိုင်ပင်လို့ ရှိနေလျှင် ပုလိပ်က ရိပ်မိမှာစိုးလို့ အဝေးက နေပြီး ဘနာဂျီက အချက်ပေးရတာ'

**ကျွန်တော်။** ။'နို့ မစ္စက်ချက်တာဂျီကော ခင်ဗျာ'

**ချန္ဒရား။** ။'လန်ကက်စတာလမ်းကို ကျွန်ုပ် မနေ့က ရောက်တော့ ဘင်္ဂလားကို ပြန်သွားပြီတဲ့၊ သို့သော် ကျွန်ုပ်တာဝန် ကုန်ပြီ၊ ဘင်္ဂလားက ပုလိပ်တာဝန်ပဲ ရှိတော့တယ်၊ ဥပဒေအရမှာတော့ မစ္စက်ချက်တာဂျီဟာ လူသတ်မှုပေါ့ဗျ၊ သို့သော် ဘနာဂျီတစ်ယောက်ကို ဖြုတ်ပစ်လိုက်တာတော့ ပုလိပ်တွေ တာဝန်ကြီးတစ်ခု အေးသွားတာပဲဗျ'

ငင်းနောက် ဘာဘူချန္ဒရားသည် ၎င်း၏နေအိမ်သို့ အားလပ်သည့်အခါ လာရောက်လည်ပတ်ရန် ကျွန်တော့်ကို ဖိတ်ကြား၍ ၎င်း၏ လိပ်စာများကို ပေးပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။ နောက်တစ်နေ့၌ ကျွန်တော်သည် လမ်း ၄၀ ရှိ

ဘာဘူချန္ဒရား၏ နေအိမ်သို့ သွားရောက်လည်ပတ်ရာ အရပ်ခပ်မြင့်မြင့် ပိန်ပန်ပါးပါး ရှိသော မြန်မာတစ်ယောက်သည် သတင်းစာဖတ်လျက် ရှိသည်ကို တွေ့သဖြင့် ဘာဘူချန္ဒရား မရှိပါသလောဟု မေးမြန်းရာ ထိုသူက မိမိမှာ ယမန်နေ့က ဘာဘူချန္ဒရားဖြစ်၍ ယနေ့မှာ မောင်စံရှား ဖြစ်ကြောင်းနှင့် ပြောသဖြင့် များစွာ အံ့သြမိလေ၏။ ထိုနေ့မှစ၍ ကျွန်တော်သည် မောင်စံရှားနှင့် ရင်းနှီးစွာ သိကျွမ်းခဲ့ပြီးလျှင် တစ်နေ့ထက် တစ်နေ့၊ တစ်ခေါက်ထက် တစ်ခေါက် ပိုမို၍ အကျွမ်းဝင်ခဲ့သည်ဖြစ်သောကြောင့် နောက်ဆုံးတစ်နေ့၌ ၎င်း၏ နေအိမ်သို့ ပြောင်းရွှေ့ကာ အတူတကွ နေထိုင်ခဲ့ကြလေ၏။

**ပြီးပါပြီ။**

× × × × × ×

# ၂၈။ ဣတ္ထိယသိုက်သမား တစ်ယောက်အမှု

(မူရင်းမှာ The Illustrious Client ဖြစ်သည်။ စုံထောက်မောင်စံရှား ပေါင်းချုပ်များတွင် မဖော်ပြရသေးသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဤဝတ္ထုအစပိုင်း အနည်းငယ်မှာ မူရင်းမဂ္ဂဇင်း စာအုပ်တွင် ပျောက်နေသဖြင့် တွေ့ရသလောက်ကိုသာ ဖော်ပြလိုက်ပါသည်။ ဝတ္ထုအမည်ကို ဤစာအုပ်စီစဉ်သူက ပေးထားခြင်းဖြစ်သည်။)

*(ဒီတစ်ပုဒ်က အစပိုင်း ပျောက်နေလို့ စာအုပ်မှာ ပါတဲ့ဖြေရှင်းချက်ကို ပြန်ကူးပေးလိုက်တာပါ။*

*ဖတ်ရတဲ့သူတွေ ကသိကအောက် ဖြစ်နေမှာစိုးလို့ပါ။ အရှေ့ပိုင်း နည်းနည်း လွတ်နေပေမယ့် ဝတ္ထုရဲ့ အရသာ မပျက်ပါဘူးရှင်။ – ဇီတာ)*

× × × × × ×

.....

'တကယ်ချောလို့ နာမည်ကျော်ခဲ့တယ် ဆိုရင် သူနှင့် မကြိုက်ဘူးတာ မရှိသလောက်တောင် ပြောကြပါကလား ခင်ဗျ၊ မိန်းမ တစ်ယောက် ဖျက်ဆီးဖို့ဟာ သူ့မှာ ဘာမှ ဦးမလေးလေတော့ ပြောတဲ့အတိုင်း ဟုတ်လဲ ဟုတ်ပုံ ပေါ်နေတယ် ခင်ဗျာ'

**ရှား**။ ။'သည်လို အကောင်နှင့် ခင်မိမိနှင့် ဘယ်လိုများ တွေ့သွားကြသလဲဗျာ'

**မောင်**။ ။'မြေပိုင်သူဌေး ဦးဘိုးတာက လွန်ခဲ့တဲ့ သုံးလေးလလောက်က သန်လျင်ဘက်မှာ သင်္ဘောစင်းလုံးငှားပြီး ပျော်ပွဲစား ထွက်ကြပါလေရော ခင်ဗျာ၊ သည်တုန်းက မြို့ပေါ်က ဂုဏ်အသရေရှိ လူကြီးလူကောင်းတွေ အားလုံးလိုလိုပဲ ဖိတ်ကြားတယ်၊ မောင်ဘဆယ်က အတွင်းသဘော ဘယ်လိုပင် ဆိုသော်လည်း လူပေါင်းသူပေါင်း အင်မတန် ကောင်းလေတော့ ဖိတ်ကြားတဲ့ အထဲမှာ သူလည်း ပါတယ်ခင်ဗျာ၊ ဦးသက်ရှည်တို့ မိသားစုလည်း ပါတယ်ခင်ဗျ၊ သည်အခါတုန်းက တွေ့သွားကြပြီး မောင်ဘဆယ်က ဉာဏ်ရှိသလောက် လှော်ခတ်လေတော့ သမီးရည်းစားအဖြစ်သို့ ရောက်ကြရုံမျှမက ခင်မိမိက အင်မတန် အစွဲအလန်းကြီးပြီး မိဘများက အနည်းနည်းနှင့် ဖျက်တာတောင် မရပါဘူးခင်ဗျာ၊ လူကြီးများက သဘောတူချင်တူ မတူချင်နေ သည်လကုန်လို့ ရှေ့လဆန်းရင် မိဘများ မပေးစားရင်လဲ မောင်ဘဆယ်နောက်ကို လိုက်တော့မယ်တဲ့ ခင်ဗျာ၊ မိန်းကလေးကလဲ အင်္ဂလိပ်စာတတ်လို့ စိတ်ခပ်ထက်ထက် ဖြစ်လေတော့ အင်မတန်ခေါင်းမာပြီး မိဘများမှာ ဘယ်နည်းနှင့်မှ မကြံတတ်အောင် ဖြစ်နေကြရှာပါတယ် ခင်ဗျာ'

**ရှား**။ ။'မန္တလေးတုန်းက အမှုအကြောင်းကို ခင်မိမိ မသိဘူးလား'

**မောင်**။ ။'သည်အမှုအကြောင်းကိုလည်း မောင်ဘဆယ်က သူ့အပြစ်မဟုတ်၊ ကံဆိုးသည့်အတွက် အစိုးရက မဟုတ်မတရား လည်ဆည်ပြီး ဖမ်းဆီးစစ်ဆေးခြင်းဖြစ်ရကြောင်းနှင့် ဉာဏ်ဆင်ပြီး ယုံကြည်လောက်အောင် ပြောထားနှင့်လေတော့ သူ့စကား နားဝင်ပြီး ဘယ်သူပြောလို့မှ နားမဝင်ပါဘူး ခင်ဗျာ'

**ရှား**။ ။'သည်အမှုဟာ ခင်ဗျား လက်ထဲ ဘယ့်နှယ်ရောက်သလဲ'

**မောင်**။ ။'သည်လိုပါခင်ဗျာ၊ ကျွန်တော့် မွေးသဖခင်နှင့် ဦးသက်ရှည်နှင့်ဟာက အင်မတန်ချစ်ကြတဲ့ မိတ်ဆွေ သူငယ်ချင်းဖြစ်လေတော့ ကျွန်တော်က သူတို့အိမ်မှာ သွားလာဝင်ထွက်ပြီး နေခဲ့မိပါတယ်၊ တစ်နေ့သ၌တော့ ခင်မိမိရဲ့ မိခင် ဒေါ်အေးမြက ကျွန်တော့်ကို တူကလေး သားကလေးကို အောက်မေ့ပြီး တိုင်ပင်ရမဲ့လူရယ်လို့ သဘောရလေတော့ တိုင်ပင်ရှာပါတယ်၊ တိုင်ပင်တဲ့အခါမှာ ကျွန်တော်က သည်အမှုဟာ ပုလိပ်အရေးပိုင်တဲ့ အမှုမျိုးမဟုတ်လို့ ပုလိပ်ကို တိုင်လို့လဲ အကျိုးမရှိ၊ သို့သော် ဦးစံရှား တစ်ယောက်ဟာဖြင့် ယခုလို သိမ်မွေ့တဲ့အမှုမျိုးမှာ တိုင်ပင်ကြည့်ရရင် နေရာကျစရာရှိတယ်လို့ ကျွန်တော် အကြံပေးတဲ့အတိုင်း သဘောတူပြီး အမည်နာမကို တတ်နိုင်သမျှ လျှို့ဝှက်ပြီး တိုင်ပင်ပါ

လေတော့လို့ အခွင့်ပြုသည့်အလျောက် လာရောက် တိုင်ပင်ရခြင်း ဖြစ်ပါတယ်ခင်ဗျာ၊ အဖိုးအခမှာတော့ ကျွန်တော်၏ တာဝန်ပဲ ရှိပါစေ၊ တတ်နိုင်သလောက် ကြိုးစားပြီး ဆောင်ရွက်တော်မူပါ ခင်ဗျာ'

**ရှား**။ ။'ကောင်းပါပြီဗျာ၊ ဒါထက် အကြောင်းကြီးငယ် ရှိလို့ ခင်ဗျားနှင့် တွေ့ချင်လျှင် ဘယ်မှာ တွေ့နိုင်သလဲ'

**မောင်**။ ။'ပန်းဆိုးတန်းလမ်း ၊ တိုက်နံပါတ် ၄၆၊ တယ်လီဖုန်းနံပါတ် ၁၂၄၉ ၊ တဆိတ်ရေး၍ မှတ်လိုက်ပါခင်ဗျာ'

**ရှား**။ ။'မောင်ဘဆယ်ကကော ဘယ်မှာနေသလဲ'

**မောင်**။ ။'မြို့ပတ်လမ်း၊ နံကင်ဟောက်စ် ဆိုသော အိမ်ကြီးမှာ နေပါတယ်၊ ဒီလူက စီးပွားရှာတဲ့ အရာဌာနမှာ တော်တော်ညဏ်သွားတဲ့လူ ခင်ဗျ၊ ဒါကြောင့်လဲ သူနှင့် ဖက်ပြိုင်ရတာ တော်တော်ခဲယဉ်းတယ်'

**ရှား**။ ။'ယခု သူအိမ်မှာ ရှိပါ့မလား'

**မောင်**။ ။'ရှိပါတယ်'

**ရှား**။ ။'သူ့အကြောင်းကို ခင်ဗျား သည့်ပြင် ဘာများ သိသေးသလဲ'

**မောင်**။ ။'ပြိုင်မြင်းများလည်း မွေးတယ်ခင်ဗျ၊ ဘောလုံးလည်း ကန်တတ်တယ်၊ တင်းနစ်လဲ ကစားတတ်တယ်၊ အတိုင်းတိုင်းအပြည်ပြည်က ခုနစ် သင်္ကရာဇ် အမျိုးမျိုးနှင့်ဒင်္ဂါးဟောင်းများ ကိုလည်း စုတတ်တယ်လို့ ကျွန်တော် ကြားဖူးပါတယ် ခင်ဗျာ'

**ရှား**။ ။'ကိုင်း၊ တော်ပါပြီဗျာ၊ ခင်ဗျား မိတ်ဆွေ ဦးသက်ရှည်ကိုလည်း ကျုပ် တတ်နိုင်သမျှ ကြိုးစားပြီး ဆောင်ရွက်ပါမည်လို့ ပြောလိုက်ပါတော့'

မောင်ချစ်မောင် ပြန်သွားသောအခါ မောင်စံရှားသည် ကုလားထိုင် အလွတ်တစ်ခုပေါ်တွင် ခြေတင်ပြီးလျှင် မိမိဆေးတံကို အတန်ကြာအောင် သောက်ဖွာလျက်ရှိရာ ကျွန်တော်မှာ ကျွန်တော်ရှိသည်ကို သတိမရလေရော့သလားဟု အောက်မေ့မိလေ၏။ နောက်ဆုံး၌ ဆေးတံကို ချထား၍

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဘာများ ထင်မြင်ချက်ပေးဖော် ရသေးသလဲ'

**ကျွန်တော်**။ ။'ကျွန်တော့်အထင်ဖြင့် ခင်မိမိကို ခင်ဗျား ကိုယ်တိုင် သွားတွေ့ဖို့ လိုတယ်လို့ ထင်ပေတယ်ဗျာ'

**ရှား**။ ။'ဟုတ်ပါ့မလားဗျာ၊ အမိရော အဖရော နေ့ရောညဉ့်ပါ တတွတ်တွတ်လို့ နားသွင်းလို့မှ မရတာ၊ ကျုပ်လို သူစိမ်းတစ်ယောက်က ခဏကလေးသွားပြီးပြောလို့ နားဝင်နိုင်ပါ့မလား ကိုသိန်းမောင်ရယ်၊ ခင်ဗျား ပြောတဲ့ အကြံလည်း သင့်တော့သင့်ပါရဲ့၊ သို့သော် ကျုပ်နည်းလောက် နေရာမကျပေဘူးထင်တယ်၊ ကျုပ်ထင်မြင်ချက်ကတော့ ဒီအမှုဟာ အောက်လမ်းဘိုးထွား နှင့် သက်ဆိုင်တဲ့ အမှုလို့ ကျုပ်ထင်တယ်'

အောက်လမ်းဘိုးထွားဆိုသောသူမှာ ခိုးမှုနှင့်တစ်ကြိမ်၊ လိမ်လည်မှုနှင့် တစ်ကြိမ်၊ ထောင်ဒဏ်အပြစ်ရပြီးနောက် ထောင်မှလွတ်လာသော အခါ၌ မြို့ပေါ်တွင် ရှိသော ဘိန်းသမား၊ မာဖီးယားသမား၊ ကတ်ကြေးကိုက် ဓားပြမှုစ၍ လူဆိုးသူခိုးအမျိုးမျိုးတို့နှင့် ပေါင်းသင်းဆက်ဆံခဲ့ပြီးလျှင် အောက်တန်းစားလူမျိုးတို့၏ အကြောင်းကို ကောင်းကောင်းကြီးသိ၍ ကျွန်တော်၏ မိတ်ဆွေ စုံထောက်ကြီးမောင်စံရှား၌ ရံဖန်ရံခါ အထောက်အပံ့ များစွာ ရရှိခဲ့သည်ဖြစ်၍ အောက်လမ်းဘိုးထွားဟု ကျွန်တော်တို့အချင်းချင်း အမည်ပေး၍ထားခြင်းဖြစ်ပေသည်။ ၎င်းဘိုးထွားသည် မကောင်းမှုပြုကျင့်ခြင်း၌ နောင်တကောင်းစွာ ရခဲ့သည်ဖြစ်၍ မောင်စံရှား၏ လစာကို စားပြီးလျှင် လူအမျိုးမျိုးတို့နှင့် ရောနှော၍ ၎င်းအလိုရှိသည့် သတင်းများကို ထောက်လှမ်းစုံစမ်း၍ ပေးတတ်လေသည်။ ယခင်အခါက ပြစ်ချက်ရဖူးသည့် အရှိန်ကြောင့် လူဆိုးတို့သည် ၎င်းအပေါ်၌ သင်္ကာယနမကင်း မရှိခဲ့ကြချေ။

ကျွန်တော်သည် ကျွန်တော်၏ ကိစ္စအနည်းငယ် ဆောင်ရွက်ရန် ရှိသဖြင့် ၎င်းအမှု၌ မောင်စံရှား စီမံပုံများကို ကိုယ်တိုင်မလိုက်ပါနိုင်ဘဲ ရှိခဲ့ရာ နောက်တစ်နေ့ညနေတွင်မှ ရှိုင်ရယ်ဟိုတယ်၌ မောင်စံရှားနှင့် အချိန်းအချက်ပေး၍ ချိန်းဆိုကြလေ၏။ လက်ဖက်ရည်သောက်ကြရင်း အမှုအကြောင်းနှင့် ပတ်သက်၍ မောင်စံရှားက ပြောပြသည်မှာ

**ရှား**။ ။'ကျုပ်တို့လူ ဘိုးထွားကတော့ဖြင့် လိုက်လေရဲ့ဗျို့၊ လူတစ်ယောက်ရဲ့ မကောင်းသတင်းကို သိချင်လျှင် ဘိုးထွား လက်ကိုသာ အပ်လိုက်၊ စုတ်စုတ်ပွဲပွဲ မကောင်းသတင်းမှန်သမျှကို ကြိုကြိုကြားကြား လိုက်ပြီး ရှာတတ်တဲ့ လူတစ်ယောက်ပဲ'

**ကျွန်တော်**။ ။'သိပြီးသတင်းလောက်ကိုမှ ခင်မိမိ မယုံကြည်ခဲ့လို့ ရှိလျှင် နောက်ထပ်ပြီး စုံစမ်းလို့ သိပေမဲ့ မယုံကြည်တော့ ဘယ့်နှယ်လုပ်မလဲဗျာ'

**ရှား**။ ။'မိန်းမတို့ စိတ်သဘောဆိုတာ အင်မတန် ခက်သဗျ၊ လူသတ်မှုကြီးတစ်ခုလုံးကို အရေးမကြီးသလောက်ဖြစ်အောင် အပြောကောင်းခဲ့လျှင် ယုံချင်ယုံတာပဲဗျ၊ ဘာမဟုတ်တဲ့ အပြစ်ကလေးကျလျှင် သူတို့ အရေးကြီးချင် ကြီးနေတာပဲ၊ မောင်ဘဆယ် ကလဲ ပြောတယ်'

**ကျွန်တော်**။ ။'အလို ... ခင်ဗျား မောင်ဘဆယ်နှင့် တွေ့ခဲ့ပြီ'

**ရှား**။ ။'ကျုပ်က တစ်ခုခု လုပ်ရလျှင် မျက်နှာချင်းဆိုင်ပြီး တော့တော့တင်တင် လုပ်တတ်တဲ့ ဝါသနာ ရှိတယ်၊ ဒါကြောင့် သူ့ကို ကျုပ် သွားပြီးတွေ့တယ်'

**ကျွန်တော်**။ ။'ခင်ဗျားမှန်း သူက သိသလား'

**ရှား**။ ။'မသိဘဲ နေမလားဗျာ၊ ကျုပ်က အတိအလင်းပြောပြီး တွေ့တာပဲ၊ အာဂလူ တစ်ယောက်ပဲဗျို့၊ အပြောအဆိုက သာယာနာပျော် ရှိပါဘိသနှင့် ဝမ်းတွင်းက ကောက်ပြီး တော်တော် ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်ပဲ၊ ရှူးရှူးရှားရှား နှင့် ဒေါသအလျှောက်ပြောတတ်တဲ့လူဟာ ဒီလောက်ကိစ္စမရှိဘူး၊ နူတ်ကလေးချိုပြီး ဝမ်းထဲက ကောက်နေတဲ့လူ အင်မတန် သတိထားရတယ်ဗျ'

**ကျွန်တော်**။ ။'ဆိုစမ်းပါဦးဗျာ'

**ရှား**။ ။'ကျုပ်ကို မြင်လို့ ဘယ်သူဘယ်ဝါဆိုတာ သိကာရှိသေး၊ ပျူပျူငှာငှာ ဧည့်ခံပြီး ခင်ဗျားနှင့် တစ်နေ့နေ့တော့ တွေ့ရ လိမ့်မယ်ဆိုတာ မျှော်လင့်ဆဲပါပဲတဲ့၊ ခင်မိမိနှင့်ကျုပ်နှင့်ချစ်ကြိုက်တဲ့ကိစ္စမှာ ဖျက်ဆီးရအောင်လို့ ဦးသက်ရှည်က ခင်ဗျားကို ငှားလွှတ်လိုက်တာ မဟုတ်လားတဲ့၊ ကျုပ်က ဟုတ်ကြောင်းကို ပြောတော့ သူက အချိန်ကုန်မခံပါနှင့် ဦးစံရှားရယ် တဲ့၊ ခင်ဗျား နာမည်ကြီးလေသမျှ ဘာမဟုတ်တဲ့အမှုကလေးမှာ ခင်ဗျား ဝင်ရှုပ်မိတဲ့အတွက် ခင်ဗျား နာမည်ပျက်မှာ ခင်ဗျား မကြောက်ဘူးလား တဲ့၊ ခင်ဗျား ဆောင်ရွက်ပေမဲ့ ဥပါဒ်သာ ရမှာပါဗျာ၊ ဘာမှ အကျိုးကြီးမှာ မဟုတ်ပါဘူးတဲ့ ခြောက်လိုက် ချည် သေးရဲ့ဗျာ၊ သည်တော့ ကျုပ်က ခင်ဗျား ပြောရေးဆိုစနှင့် ရုပ်လက္ခဏာကို ကြည့်ရတာ တော်တော်ဉာဏ်ရှိပုံရတဲ့ လူတစ်ယောက်ပါဗျာ၊ ကျုပ်ပြောတာကိုစဉ်းစားကြည့်ပါ၊ ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ် ဆိုတဲ့ စကားပုံလည်း ရှိပါတယ်၊ ဒီအကြံကို မလျှော့ဘဲ ပြုမြဲအတိုင်း ပြုမယ်ဆိုခဲ့လျှင် ခင်ဗျားအကြောင်း မကောင်းသတင်းတွေကို လူမသိတန်ဘဲနှင့် သိကုန်ပါလိမ့်မယ်၊ သည်တော့ ရပ်တန်းကရပ်ပြီး သည်အကြံကိုလက်လျှော့လိုက်ပါတော့ လို့ ကျုပ်က တောင်းပန်တာကိုးဗျ၊ သည်တော့ မင်းဘုရားက ဟက်ဟက်ပက်ပက် ရယ်မောပြီး အံ့ဩပါရဲ့ဗျာ၊ ဖဲသမားပြောတာမျိုးလို ကိုယ့်ဖဲက ဘူကျ နေလျက်သားနှင့် လောင်းကြေးတွေ သိမ်းပြီးစားဝံ့တာ အံ့ဩပါရဲ့ဗျာ တဲ့၊ ကျုပ်ကို သည်လို လှန့်လို့မရဘူး တဲ့ဗျ၊ ကျုပ်ဖဲက ကုလားကျနေတာ ဘယ်သူလှန့်လို့မှ ကျုပ် မလန့်ဘူး တဲ့၊ ကျုပ်တို့ နှစ်ဦးနှစ်ဝ ချစ်ခင်စုံမက်ကြလို့ လက်ထပ်ထိမ်းမြားမယ့် ကိစ္စမှာ စပ်ကြားကလူတွေ ဘယ်လိုပင် ဖျက်သော်လည်း ကျုပ်တို့ မပျက်ဘူး တဲ့၊ သည်တော့ ကျုပ်လဲ မပျက်ဘူး၊ ခင်မိမိလဲ မပျက်ဘူး၊ ခင်ဗျား တတ်နိုင်ဖျက်ချေပေရော့ တဲ့ဗျာ'

**ကျွန်တော်**။ ။'ဒါနှင့် ခင်ဗျား ပြန်ခဲ့ရရောတဲ့လား'

**ရှား**။ ။'ဘယ့်နှယ်လုပ်မလဲဗျ၊ ပြန်ခဲ့ရတာပေါ့၊ ဒါနှင့် ကျုပ်က မျက်နှာထားတင်းတင်းထားပြီး အိမ်ထဲက ထွက်လာမယ် လုပ်တော့ ဘသားက ကျုပ်ကို လှမ်းခေါ်တဲ့ပြီး မန္တလေးမြို့စုံထောက် မောင်ဘသန်းဆိုတဲ့လူ ခင်ဗျားသိသလားတဲ့ မေးလို့

ကျုပ်က ငါးပိတန်းလက်ကြားထဲမှာ လူဆိုးတွေ ဝိုင်းရိုက်လို့ ခါးကျိုးသွားတယ်လို့ ကြားဖူးကြောင်း ပြောတော့သူက အဲဒီမောင်ဘသန်းဟာလဲ ဒီလိုပဲ သူ့အထဲ ဝင်စွက်လို့ အရိုက်ခံရဖူးပါတယ် တဲ့၊ သူ့အထဲဝင်စွက်တဲ့လူ မုန်သမျှဖြင့် တစ်ခုခု တစ်ရာရာ ဘေးတွေ့တတ်ပါတယ် တဲ့၊ နိမိတ် မကောင်းပါဘူး တဲ့၊ ဒါကြောင့် ဝင်မစွက်ဖို့အကြောင်း တောင်းပန်ပါရစေဗျာ တဲ့၊ ပြောလိုက်သေးဗျာ'

**ကျွန်တော်။** ။'အာဂလူပါလားဗျို့၊ ခင်ဗျားများတောင် ခြောက်လားလှန့်လား လုပ်ဝံ့တဲ့လူပါလား '

**ရှား။** ။'သူများလို ခြောက်ရုံခြောက်တဲ့ လူမျိုး မဟုတ်ဘူးဗျ၊ လုပ်မယ်ဆို တကယ်လုပ်တဲ့ လူမျိုးပဲ၊ ကျုပ်သိတယ်'

**ကျွန်တော်။** ။'ဒါဖြင့် ခင်ဗျား ဝင်ပါလို့ တော်ပါ့မလားဗျာ၊ ခင်မိမိနှင့် ဒီအကောင်နှင့် လွဲဖို့ဟာ တကယ်ပဲ အရေးကြီးသလား'

**ရှား။** ။'ပထမ မယားကြီးကို သူတကယ်သတ်တာ မုန်လေတော့ ခင်မိမိနှင့် လွဲဖို့ဟာ အရေးကြီးတယ်ဗျ၊ ဒီအပြင် တစ်ကြောင်းကလဲ ကိုယ့်ဆီလာတဲ့ အမှုသည်ပေကိုးဗျ၊ ကိုင်းဗျာ၊ ဒါတွေ စဉ်းစားမနေပါနှင့်၊ အိမ်ကို ဘိုးထွားရောက်ကောင်း ရောက်နေပါရော့မယ်၊ ပြန်ကြဦးစို့ဗျာ'

ကျွန်တော်တို့သည် ဟိုတယ်မှ ထွက်လာကြ၍ အိမ်သို့ရောက်သောအခါ ဘိုးထွားဆိုသော သူသည် အသက်သုံးဆယ် အရွယ်ခန့်ရှိ မိန်းမတစ်ယောက်နှင့် ထိုင်၍ စောင့်နေကြသည်ကို တွေ့ရှိရလေ၏။ ၎င်းမိန်းမမှာ ငယ်ရွယ်စဉ်အခါက ရုပ်ဆင်းသဏ္ဍာန်နှင့် ပြည့်စုံဖူးသော်လည်း ယခုမှာမူ အလွန်ကြုံလှီလျက် မျက်ကွင်းများ ညိုနေသည်ဖြစ်ရာ အဝတ်အစား တို့မှာလည်း အထည်ကောင်းပင်ဖြစ်သော်လည်း ဖာထေးချုပ်စပ်၍ထားရသဖြင့် ပင်ပန်းနွမ်းနယ်သည့် အဖြစ်ကို သိရှိနိုင်ပေ၏။

ကျွန်တော်တို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘိုးထွားက ...

'ကိုင်း ဟောတာ မသိန်းမြိုင်ပါတဲ့ ခင်ဗျာ၊ သိချင်တာရှိ သူ့ကိုသာ မေးပါတော့၊ ကိုဘဆယ်အကြောင်းကို ခင်ဗျား အကုန်သိတယ် မဟုတ်လားဗျို့ မသိန်းမြိုင်'

**မြိုင်။** ။'ဒီအကောင့် အကြောင်းတော့လား၊ အူသိမ်အူမ မကျန်သိပါရဲ့ရှင်၊ ဒင့်လည်မျိုကို ဟောဒီခြေထောက်နှင့် မနင်းရမခြင်း မနေသေးဘူးလို့ ငြိုးလာခဲ့တာ ကြာလှပြီ၊ ဒီတစ်ခါ နင်းရကောင်းပါလားရှင်၊ နင်းများ နင်းရလျှင်လေ စိစိညက်ညက် ကြေအောင် ဟောဒီလို နင်းစမ်းချင်ရဲ့ရှင်'

ဟု ပြော၍ ဒေါသကြီးစွာနှင့် ကြမ်းကို ခြေနှင့်ဆောင့်၍ ပြလေ၏။

**ရှား။** ။'ကိုဘိုးထွားက အဖြစ်အပျက်ကို ပြောပြပြီးပြီလား'

**မြိုင်။** ။'ပြောပြပြီးပါပြီရှင်၊ ဒီအကောင်က မနူးမနပ်လို့ သူ့အကြောင်းမသိရှာတဲ့ မိန်းကလေး တစ်ယောက်ကို ဖြားယောင်းပြီး လက်ထပ်ဖို့ ကြံစည်ရာမှာ ဦးစံရှားတို့က ဖျက်ဆီးလိုတယ်၊ ဒီလို မဟုတ်လား'

**ရှား။** ။'ဟုတ်ပါတယ်'

**မြိုင်။** ။'ဒီအကောင် အကြောင်းကို မိန်းကလေး နားလည်အောင် ပြောမပြဘူးလား'

**ရှား။** ။'ပြောပြီးပြီ၊ ပြောသော်လည်း နားမဝင်ဘူး'

**မြိုင်။** ။'လူသတ်မှုအကြောင်းကော ပြောပြီးပြီလား'

**ရှား။** ။'ပြောပြီးပြီ၊ ဒါလဲ မယုံဘူး'

**မြိုင်။** ။'ယုံလောက်အောင် သက်သေများ မပြနိုင်ဘူးလား'

**ရှား။** ။'သက်သေပြဖို့ ခင်ဗျား ကူညီနိုင်သလား'

**မြိုင်**။ ။'ကျွန်မတစ်ယောက်လုံး သက်သေကြီးမဟုတ်လားရှင်၊ ကျွန်မကိုယ်တိုင် ဒီမိန်းကလေးကိုသွားတွေ့ပြီး ကျွန်မအပေါ်မှာ သူလုပ်ညဲ့စားပုံတွေကို ပြောပြရလျှင် … '

**ရှား**။ ။'ခင်ဗျား လုပ်ဝံ့ပါ့မလား'

**မြိုင်**။ ။'ဘာပြုလို့ မလုပ်ဝံ့ရမလဲ'

**ရှား**။ ။'အင်း စမ်းတော့စမ်းဖို့ကောင်းတာပဲဗျို့၊ သို့သော်လည်း ငနဲက သူ့အဖြစ်အပျက်ကို တင်ကြိုပြီး ပြောထားနှင့်လေတော့ ခင်ဗျား ပြောလို့ ထူးမှ ထူးပါတော့မလား မဆိုနိုင်ဘူး'

**မြိုင်**။ ။'သည့်အပြင် အကြောင်းသာ သူပြောမှာပါရှင်၊ ကျွန်မအကြောင်းတော့ သူပြောဝံ့မှာ မဟုတ်ပါဘူး၊ ဒီလူက အင်မတန်ယုတ်မာတဲ့လူရှင့်၊ သူ့အကြောင်းကို ကျွန်မလောက် သေသေချာချာ ဘယ်သူမှ မသိဘူး၊ သူ့မှာ စာအုပ်ကလေး တစ်အုပ်ရှိတယ်'

**ရှား**။ ။'အင်း ဆိုပါဦးဗျာ၊ ဘာတွေများလဲ'

**မြိုင်**။ ။'ဒီလူက အင်မတန် ထူးဆန်းတဲ့လူတစ်ယောက်ပဲ၊ သူ ဖျက်ဆီးခဲ့ဖူးတဲ့ မိန်းမမှန်သမျှကို ဓာတ်ပုံနှင့်တကွ စုဆောင်းပြီး သူလုပ်ညဲ့စားပုံ၊ သူ့လက်ဝယ်ကို ဘယ်နေ့ဘယ်ရက်က ရောက်ပုံများကို အမည်နာမနှင့်တကွ အတ္ထုပတ္တိလေးတွေ ရေးပြီး စုဆောင်းထားတယ်ရှင့်၊ သို့သော်လည်း သည်စာအုပ် အကြောင်းပြောလို့ အပိုပါပဲရှင်၊ ရှင်လည်း ရအောင် ယူနိုင်မှာ မဟုတ်ပါဘူး'

**ရှား**။ ။'သည်စာအုပ်ကို သူဘယ်မှာ ထားသလဲ'

**မြိုင်**။ ။'ယခုတော့ သူဘယ်မှာ ထားတယ် မပြောတတ်ဘူးရှင့်၊ ကျွန်မနှင့် နေတုန်းကတော့ အိပ်ခန်းထဲက ဘီရိုကလေးအောက်ဆင့်မှာ သော့ခပ်ပြီး ဝှက်ထားတယ်၊ သူ့အိမ်ကို ရှင်ရောက်ဖူးရဲ့လား'

**ရှား**။ ။'ဒီကနေ့ပဲ ရောက်ခဲ့ပါတယ်'

**မြိုင်**။ ။'အိပ်ခန်းကော မြင်ခဲ့တယ် မဟုတ်လား၊ အဲသည်အခန်းထဲ ခုတင်အောက်မှာ ဘီရိုကလေး ရှိတယ်၊ ဘီရိုလေးအောက်ထပ် အံဆွဲထဲမှာ ထားလေရဲ့ရှင်'

**ရှား**။ ။'ကိုင်း တော်ပါပြီဗျာ မသိန်းမြိုင်၊ နက်ဖြန်ညနေ ငါးနာရီလောက်တော့ တစ်ခေါက်လျှောက်လာခဲ့ပေဦးတော့လေ၊ သည်အတောအတွင်းမှာ မိန်းကလေးနှင့် ခင်ဗျားနှင့်တွေ့ဖို့ ဖြစ်နိုင်မဖြစ်နိုင် ကျုပ် စဉ်းစားဦးမယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီအမှု ယခုလို ကူညီတဲ့အတွက်မှာလည်း အချည်းနှီးမဖြစ်စေရပါဘူး'

**မြိုင်**။ ။'ရှိပါစေရှင်၊ ငွေကို လိုချင်လို့ ကျွန်မ လာတာ မဟုတ်ပါဘူး၊ ဒီအကောင် ဒုက္ခဖြစ်တာကို မြင်ရလျှင် ကျွန်မကျေနပ်တာပါပဲ၊ ကိုင်း ကျမ ပြန်ပါဦးမယ်'

နောက်တစ်နေ့၌ ကျွန်တော့်မှာ မအားမလပ်သည်ဖြစ်၍ မောင်စံရှားစီမံဆောင်ရွက်ပုံများကို ကိုယ်တိုင်လိုက်ပါ ကြည့်ရှုရန် မတတ်နိုင်ခဲ့သည်ဖြစ်ရာ ၎င်းနေ့ ညအချိန်မှ မောင်စံရှားနှင့် တွေ့ရှိ၍ ၎င်းထံမှ အောက်ပါအတိုင်း ကြားသိရလေ၏။

'သည်လိုဗျ၊ ကိုသိန်းမောင်ရဲ့၊ မသိန်းမြိုင်နှင့် ခင်မိမိနှင့် နှစ်ဦးဆုံစည်းဖို့ရာတော့ အလွယ်တကူနှင့်ပဲ စီမံလို့ဖြစ်ခဲ့ပေပြီ၊ ကျုပ်အကြံအစည်ကို ဝတ်လုံတော်ရ မောင်ချစ်မောင်ကို ပြောပြပြီး သူတို့က အဆင်သင့်စီမံထားရာ ကျုပ်ကလဲ သည်က မသိန်းမြိုင်နှင့် သွားကြရော၊ နေအိမ်သို့ရောက်တော့ ကျုပ်တို့နှစ်ယောက်က ကားပေါ်ကဆင်းပြီးအိမ်ပေါ်တက်၊ ဧည့်ခန်းထဲမှာ အချိန်းအချက်အတိုင်း ခင်မိမိ တစ်ယောက်တည်းပဲ တွေ့ရပေရောဗျာ၊ တော်တော်ချောတဲ့ မိန်းကလေးဗျို့၊ ဖြူဖြူသေးသေး၊ မာနက ကြီးပါဘိသနှင့်၊ တော်တော့ လူဆိုလျှင် ကျုပ်က ဦးအောင် နှိမ်လိုက်တာချည်းပဲ၊ ခင်ဗျားသိတယ် မဟုတ်လား၊ သူတစ်ယောက်တော့ နှိမ်ကို မနှိမ်နိုင်ဘူးဗျို့၊ ကြီးလိုက်တဲ့ မာန၊ မြင့်မြတ်လိုက်တဲ့ သဘောထား၊ ကြံခိုင်လိုက်တဲ့ စိတ်၊ သည်မိန်းကလေးမျိုးများ သည်အကောင့်လက်ဝယ် ရောက်လာတာ အံ့ဩလို့ မကုန်နိုင်ဘူးဗျာ'

**ကျွန်တော်**။ ။'ကြားစမ်းပါရစေဦးဗျာ'

**ရှား။** ။‘အခန်းထဲကို ကျုပ်တို့ ဝင်သွားကြတော့ မချောက ထိုင်ရာကတောင် မထဘူးဗျ၊ မိဘုရားကြီးများက လက်အောက် ကျေးကျွန်များကို ဧည့်ခံတဲ့အတိုင်း မလှုပ်တလှုပ်နှင့် ဧည့်ခံတော်မူရှာတယ်၊ တော်တော်များ စိတ်ကြီးဝင်တဲ့လူဖြင့် ခင်မိမိထံသာ ပို့လိုက်ဗျာ၊ စိတ်ကြီးဝင် ပျောက်သွားလိမ့်မယ် ထင်တယ်၊ ကျုပ်တို့ ထိုင်မိသည်နှင့် တစ်ပြိုင်နက် ခင်မိမိက ရှင် ဦးစံရှား မဟုတ်လား တဲ့၊ ရှင်လာလိမ့်မယ် ဆိုတာ ကိုဘဆယ်က ပြောနှင့်လို့ ကျွန်မ သိပါတယ် တဲ့၊ သို့သော် ကျွန်မ မိဘများကို သနားလို့သာ ရှင့်ကို လက်ခံပြီး စကားပြောရပါတယ်တဲ့၊ ကိုဘဆယ် မကောင်းကြောင်းကို ရှင်ဘယ်လိုပင် လည်ဆယ်ပြီး ပြောသော်လည်း အကျိုးမရှိပါဘူးတဲ့ ပြောချည်ပါရောဗျာ၊ ဒီတော့ ကျုပ်က လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တတေတေ ဆိုတဲ့ စကားပုံအတိုင်း သူယုတ်မာများကို အထင်မှားပြီး လင်သားပြုမိတဲ့ မိန်းမများ၏ အတိဒုက္ခများကိုစိတ်ကူးရှိသလောက်လျှောက်ပြီးပြောတော့ စိတ်လည်းမဆိုးဣန္ဒြေလည်းမပျက် အေးအေးကလေးပဲ နားထောင်နေတယ်ဗျာ့၊ ကျုပ်စကားဆုံးတော့မှ သူက ရှင်ပြောသမျှကို ကျွန်မသည်းခံပြီး စကားမဆုံးမခြင်း နားထောင်ခဲ့ပါတယ်ရှင် တဲ့၊ နားထောင်သော်ငြားလည်း ကျွန်မ အခုတင်က ပြောသည့်အတိုင်း အချည်းနှီးမျှသာ ဖြစ်ပါတယ်တဲ့၊ ကျွန်မ ရည်းစား ကိုဘဆယ်ဟာ အကုသိုလ်ကံ ဖိစီးနှိပ်စက်တဲ့အတွက် စိတ်နေသဘောထား မြင့်မြတ်ပါလျက် သူတစ်ပါးတို့၏ ကဲ့ရဲ့ ရှုတ်ချခြင်းကို ခံရရှာပါတယ်၊ ယခုမှာတော့ တစ်ဦးအပေါ်မှာ တစ်ဦးမေတ္တာ အင်မတန် စူးရှတဲ့အတွက် အကယ်၍ ကိုဘဆယ်ဟာ အရင်က တစ်ကြိမ်တစ်ခါ မှားယွင်းခဲ့စေကာမူ လူကောင်းသူကောင်းတစ်ယောက် ဖြစ်အောင် ပြုပြင်ပြီး ပေးဖို့ သူ့မှာ တာဝန်ရှိပါတယ်တဲ့၊ ရှင်ယခု လာရောက်ခြင်းဟာလဲ ကောင်းမြတ်သော စိတ်ထားနှင့် လာရောက်ခြင်း ဖြစ်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်တဲ့၊ သို့သော် ရှင်နှင့်အတူလာတဲ့မိန်းမက ဘယ်ကမိန်းမပါလဲတဲ့ မေးချည်တော့ ကျုပ်က အကျိုးအကြောင်း ပြောမလို့ လုပ်တုန်း မသိန်းမြိုင်က ကျုပ်အပြောကိုတောင်မစောင့်ပါဘူး၊ ထိုင်ရာကထတဲ့ပြီး ဝင်တောပါရောဗျား၊ ကိုသိန်းမောင်၊ ခင်ဗျား မီးနှင့် ရေခဲတုန်းတွေ့တာ မြင်ဖူးသလား၊ ကျုပ်ဖြင့် မြင်ခဲ့ရပါရဲ့ဗျာ၊ တစ်ယောက်ကလဲ အေးလိုက်တဲ့အအေး လွန်ပါရော့၊ တစ်ယောက်က ရှူးရှူးရှားရှား ဝူးဝူးဝါးဝါးနှင့် ဝင်းဝင်းကို တောက်သွားတာပါပဲဗျာ၊ ပွက်လိုက်တဲ့ အပွက် လွန်ပါရော၊ ထိုင်ရာက ဖြုန်းခနဲ ထတဲ့ပြီး ခင်မိမိအနားမှာ လက်ညှိုးထိုးကာ ထိုးကာနှင့် ကျွန်မဘယ်သူလဲ ဆိုတာ ရှင်သိချင်သလား ဟင်း .. ကျွန်မဟာ ငဘဆယ်ရဲ့ မယားငယ်ရှင့်၊ ကျွန်မလို မယားငယ်တွေ မှိုလိုပေါက်နေတာပဲ ရှင်သိရဲ့လား ဟင်၊ ရှင်လဲ မယားငယ် လုပ်ချင်သေးသလားဟင်၊ မိန်းမချင်းကိုယ်ချင်းစာလို့ ရှင့်ကို ကျွန်မ သနားလို့ အပင်ပန်းခံပြီး တမင်လာပြောတာ၊ ရှင်က မယုံဘူးလားဟင်၊ အောင်မယ် ရှင်က အခုတော့ ရယ်လားပြုံးလားနှင့် တော်တော်ကြာတော့မှ ငိုရအုံးမှာတွေမတွေးမိရောသလားတဲ့၊ ရန်တွေ့သလိုပြောချည်ပါရောဗျား၊ သည်တော့ခင်မိမိက ကိုဘဆယ်ဟာ မကောင်းသော မိန်းမများဖြားယောင်းတဲ့အတွက် တစ်ကြိမ်နှစ်ကြိမ် မှားယွင်းခဲ့ဖူးတဲ့ အကြောင်းပြောတော့ မသိန်းမြိုင်က အောင်မယ် တစ်ကြိမ်နှစ်ကြိမ်တဲ့၊ အလိုက်တဲ့ မိန်းမကွယ်၊ နှာခေါင်းများ မပါလျှင် မစင်တောင် စားဦးမယ် ဆိုတာ ဒါကြောင့်လဲ ပြောကြပေတာပဲ၊ ထူလိုက်တဲ့ မိန်းမ၊ အလိုက်တဲ့မိန်းမ၊ ပိန်းလိုက်တဲ့မိန်းမ လို့ ကြမ်းကိုခြေနှင့်ဆောင့်ကာဆောင့်ကာ ရန်တွေ့ ပြန်ပါရောဗျာ၊ သည်တော့ ခင်မိမိက ကျုပ်ဘက်လှည့်ပြီး မိခင်ဖခင်များကို သနားတဲ့အတွက် ရှင်နှင့် တွေ့ဖို့ သဘောတူမိတာ ဘယ့်နှယ် မိန်းမများ ရှင်ခေါ်လာခဲ့တာလဲရှင် တဲ့ ပြောလေတော့ မသိန်းမြိုင်က ဒေါသတကြီးနှင့် ခင်မိမိဆံပင်ကို ဆွဲဆောင့်မယ် လုပ်လို့ ကျုပ်မှာ မနည်းဆွဲပြီး အိမ်ပေါ်က ချသွားရပါလေရောဗျ၊ မသိန်းမြိုင် စိတ်ဆိုးလဲ ဆိုးပေမှာပဲ၊ ကျုပ်တောင် သူအေးစက်စက်လုပ်ပုံတွေ တွေးပြီး ဝမ်းထဲက ဒေါသ ဖြစ်မိသေးရဲ့ဗျာ၊ ကိုင်း သို့သော် ဒီလိုနေလို့ မပြီးသေးဘူးဗျို့၊ ကြံရေးဖန်ရေးက ရှိပေသေးတယ်၊ နောက်တစ်လှည့်ကျရင်ဖြင့် ခင်ဗျားတောင် ပါကောင်း ပါရလိမ့်မယ်လို့ မှတ်တယ်၊ သူတို့ အကြံကပဲ ဦးမလား မပြောတတ်သေးပေဘူးဗျို့’

နောက်တစ်နေ့၌ ကျွန်တော်သည် ယခင်က ကျွန်တော်၏ ကိစ္စမပြီးပြတ်သေးသည်နှင့် ပဲခူးမြို့သို့ သွားရောက်ရလေရာ ၎င်းမြို့တွင် တစ်ညအိပ်ပြီးနောက် မီးရထားနှင့်ပြန်၍အလာ လမ်းခရီးတွင် သူရိယသတင်းစာ တစ်စောင်ကို ဝယ်ယူဖတ်ရှုမိသည်တွင် အောက်ပါအတိုင်း တွေ့ရှိရသဖြင့် ကျွန်တော်၏ မိတ်ဆွေအတွက် များစွာ တုန်လှုပ်မိခဲ့လေ၏။

### စုံထောက်ဦးစံရှားကို သတ်ဖြတ်ရန် ကြံစည်ခြင်းအကြောင်း

**အများပြည်သူတို့သိရှိပြီးဖြစ်သော စုံထောက်ကြီး ဦးစံရှားသည် ယမန်နေ့ညနေ ၃ နာရီအချိန်ခန့်တွင် လူဆိုးတို့၏ လက်ချက်ဖြင့် ဒဏ်ရာ အနာတရနှင့် ဆေးရုံသို့ ပို့လိုက်ရသည်ဟု ကြားသိရသဖြင့် များစွာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပေကြောင်း၊ ဖြစ်ပျက်ပုံအခြင်းအရာမှာ ဦးစံရှားသည် ရှိုင်ရယ်ဟိုတယ်မှ ထွက်၍အလာတွင် လူဆိုးနှစ်ယောက်**

**တို့သည် စပါတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) ထောင့်မှ တုတ်လက်နက်များနှင့် ချောင်းမြောင်းစောင့်ဆိုင်း ရိုက်နှက်ကြသဖြင့် ဦးခေါင်းနှင့် လည်ပင်းတို့တွင် ဒဏ်ရာအကြီးအကျယ်ရရှိသည်ဟု ကြားသိရကြောင်း၊ ၎င်းအား ရိုက်နှက်သော လူဆိုးတို့မှာမူ ရိုက်နှက်ပြီးနောက် လက်လွတ်ထွက်ပြေးကြသဖြင့် ဆိုင်ရာမှ စုံစမ်း ထောက်လှမ်း လျက် ရှိသည်ဟု သိရှိရကြောင်း။**

**ကျွန်ုပ်တို့၏ သဘောအရမှာ ဦးစံရှားရှိသည့်အတွက် အနေအထိုင် ကြပ်တည်းသော လူဆိုးတို့က မိမိတို့ ကွယ်ကာရေးအတွက် အသက်ကိုရန်ရှာသည်ဟု ထင်မြင်သဘော ရရှိပေကြောင်း။**

၎င်းသတင်းကို ဖတ်ပြီးသည့်နောက် ကျွန်တော်မှာ ရန်ကုန်သို့ ရောက်လိုသော စိတ်ဇောသည် ထက်သန်လှသည် ဖြစ်သောကြောင့် မီးရထားကိုပင် နှေးလှသည်ဟု အားမရနိုင်အောင် ရှိလှပေ၏။

ရန်ကုန်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် ဆေးရုံသို့ တိုက်ရိုက်သွားပြီးလျှင် မောင်စံရှား၏အကြောင်းကို စုံစမ်း မေးမြန်းရာ မောင်စံရှားမှာ ပထမတန်းအခန်း၌ ကုသလျက်ရှိ၍ ဒဏ်ရာများမှာမူ အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ် ဖြစ်လောက်အောင် မကြီးကျယ်သော်ငြားလည်း မေ့ဆေးတင်၍ ဖြတ်တောက်ခွဲစိတ် ချုပ်စပ်ကုသရသည်ဖြစ်သောကြောင့် ဧည့်သည်များနှင့် တွေ့ဆုံခွင့် မရနိုင်ကြောင်းကို ဆရာဝန်ကြီးထံမှ ကြားသိရလေ၏။ သို့ရာတွင် ကျွန်တော်က အတန်တန် တောင်းပန်သဖြင့် ငါးမိနစ်ခန့်တွေ့ဆုံခွင့်ရသည်နှင့် ကျွန်တော်သည် မောင်စံရှားထားသော အခန်းတွင်းသို့ ခြေဖျားထောက်၍ ဝင်သွားပြီးလျှင် ခုတင်ပေါ်တွင် တစ်ကိုယ်လုံးစည်း၍ ထားသော မောင်စံရှား၏ အနီးသို့ သွား၍ ကုလားထိုင်ပေါ်၌ထိုင်ကာ ဦးခေါင်းကို ငုံ့၍ကြည့်သည်တွင် ...

**ရှား**။ ။'ကိစ္စမရှိပါဘူး ကိုသိန်းမောင်ရဲ့၊ ဒီလောက်တောင် တုန်လှုပ်ဖို့ မဟုတ်ပါဘူးဗျ၊ ခင်ဗျား ထင်သလောက် မဆိုးပါဘူးဗျာ'

**ကျွန်တော်**။ ။'သည်လိုဖြင့် ကောင်းပါလေရဲ့ဗျာ'

**ရှား**။ ။'ကျုပ်က ခင်ဗျား သိတဲ့အတိုင်း တုတ်သိုင်းကလေး တတ်လေတော့ တစ်ယောက်ချင်းဆိုရင်တော့ ဒီလောက် အရေးမကြီးပါဘူးဗျာ၊ နောက်ကနေပြီး တစ်ယောက်က အမှတ်မဲ့ ဝင်ရိုက်တဲ့ အတွက် သည်လောက် ထိသွားတာပါပဲ'

**ကျွန်တော်**။ ။'ခွေးမသား ဘဆယ် ဉာဏ်ပဲဖျို့၊ နေနှင့်ဦးဗျာ၊ ဒီအကောင်ကို ကျွန်တော်ကိုယ်တိုင် သွားရိုက်မယ်၊ ဘယ့်နှယ်လဲ မတော်ပေဘူးလား'

**ရှား**။ ။'နေဦးဗျ၊ သည်လောက် ဒေါသ မကြီးပါနှင့်၊ ကျုပ်နည်းနှင့် ကျုပ် လုပ်ပြပါ့မယ်ဗျာ၊ ခင်ဗျား အသာနေနေပါ၊ သို့သော် တစ်ခုတော့ ကျုပ် မှာလိုက်မယ်ဖျို့ ကိုသိန်းမောင်၊ ကျုပ်မှာ ရောဂါ ဘယ်လောက်သည်းတယ်ဆိုတာကို သိချင်တဲ့အတွက် ခင်ဗျားဆီကို တစ်နည်းနည်းနှင့် လာလိမ့်မယ်၊ ခင်ဗျားက ကျုပ်ရောဂါကို မကြီးကျယ် ကြီးကျယ်အောင် ဆေးကုလို့ မရသလောက် ရှိအောင် ချဲ့ထွင်ပြီး ပြောထားပေတော့ဗျာ'

**ကျွန်တော်**။ ။'စိတ်ချပါဗျာ၊ နို့ ဆရာဝန်ကြီးဆီကို သူတို့ မေးရင်ကောဗျာ'

**ရှား**။ ။'ဒီအတွက်တော့ ခင်ဗျား မပူနှင့်၊ ကျုပ် တာဝန်ထားလိုက်ပေတော့'

**ကျွန်တော်**။ ။'ဒီအပြင် ဘာများ မှာဦးမှာလဲဗျာ'

**ရှား**။ ။'ဘိုးထွားကိုလည်း တဆိတ်ပြောလိုက်ပါဗျာ၊ မသိန်းမြိုင်ကို တော်ရာမှာရှောင်နေပါစေ၊ ကျုပ်တစ်ယောက်လုံး ကြံစည် ဝံ့တဲ့ လူတွေ သူ့ကိုလဲ ညှာမှာ မဟုတ်ဘူး၊ ဒီကနေ့ည ပြောဖြစ်အောင် ပြောလိုက်ပါဗျာ'

**ကျွန်တော်**။ ။'စိတ်ချပါဗျာ၊ ဒို့ပြင်ကော'

**ရှား**။ ။'ဆေးတံနှင့် ဆေးဘူးကလေးသာ စားပွဲပေါ် တင်ထားခဲ့ပါတော့ဗျာ၊ အဲ ဟုတ်ပြီ၊ ပြီးတော့ မနက်တိုင်းလည်း လာခဲ့ဗျာ၊ အမှုအတွက် တိုင်ပင်ကြရအောင်ဖျို့'

ဆေးရုံမှ ပြန်လာခဲ့ပြီးနောက် ကျွန်တော်သည် ဘိုးထွားကို တွေ့အောင်ရှာပြီးလျှင် မသိန်းမြိုင်ကို ချောင်ကျသော ရပ်ကွက် တစ်ခု၌ လျှို့ဝှက်၍ထားရန် စီမံရလေ၏။

ခြောက်ရက်ပတ်လုံး မြို့သူမြို့သားတို့သည် စုံထောက်ဦးစံရှားမှာ ဆေးရုံ၌ အသက်မြော့မြော့နှင့် ရှိနေရှာသည်ဟု မှတ်ထင် ကြရလေ၏။ အသီးသီးသော သတင်းစာတို့သည်လည်း ဦးစံရှားမှာ ၎င်းဒဏ်ရာနှင့်ပင် အသက်ဆုံးရှုံးရရှာတော့မည်ကဲ့သို့ နေ့တိုင်းရေးသားကြလေ၏။ ကျွန်တော်မှာမူ ဆေးရုံသို့ နေ့တိုင်းရောက်သူဖြစ်၍ ယင်းကဲ့သို့ မဟုတ်ကြောင်းကို သိရှိရသည် ဖြစ်ရာ ၇ ရက်မြောက်သောနေ့၌ မောင်ဘဆယ်မှာ အရေးကြီးသော ကိစ္စတစ်ခု နှင့် ဘင်္ဂလားသို့ သွားရန်ကြံစည်လျက် ရှိသည် ဟု မောင်ဘိုးထွားထံမှ သတင်းရရှိသည်ဖြစ်၍ မောင်စံရှားထံ သွားရောက်ပြီးလျှင် ထိုအကြောင်းကို ပြောကြားလေ၏။ ထိုသတင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် အိပ်ရာမှ ထ၍ထိုင်ပြီးလျှင်

**ရှား**။ ။'သယ် … သည်လို အလွတ်ရုန်းလို့ ရရှော့မတဲ့လားဗျာ၊ ဘင်္ဂလားသင်္ဘော ဘယ်နေ့ထွက်မလဲဗျို့ ၊ ဟောဟိုမှာ သတင်းစာ၊ ယူလိုက်စမ်းဗျာ'

ကျွန်တော်သည် သတင်းစာကို ကောက်ယူကြည့်ရှု၍ စနေနေ့၌ထွက်ကြောင်း သိရှိရသဖြင့် မောင်စံရှားအား ပြောပြရာတွင် ..

**ရှား**။ ။'ဒီကနေ့ ဗုဒ္ဓဟူး ဟုတ်စ၊ ကိုသိန်းမောင် တစ်ခု လုပ်စမ်းဗျာ'

**ကျွန်တော်**။ ။'ခိုင်းပါဗျာ'

**ရှား**။ ။'ဘားနတ်ပိဋကတ်တိုက်ကို သွားပြီး ဒင်္ဂါးဟောင်းများ စုဆောင်းခြင်း အကြောင်းနှင့် စပ်လျဉ်း၍ရေးသားထားတဲ့ စာအုပ် တစ်အုပ်နှစ်အုပ် တွေ့အောင်ရှာပြီး ဒီကနေ့ည တစ်ညလုံးမအိပ်ဘဲ ဖတ်စမ်းဗျာ၊ ဖတ်သမျှ အကြောင်းကိုလည်း တတ်နိုင်သမျှ မှတ်မိအောင် ခင်ဗျားခေါင်းထဲမှာ ထားစမ်းဗျာ၊ ကိုင်း သွားပေတော့'

ကျွန်တော်မှာ မောင်စံရှား၏ သဘောကို သိရှိပြီးဖြစ်သဖြင့် ၎င်းအလုပ်သည် ထိုအမှုနှင့် မည်သို့ သက်ဆိုင်သည့်အကြောင်းကို မောင်စံရှားအား မေးသော်လည်း ပြောမည်မဟုတ်ကြောင်းကို သိရှိသည်ဖြစ်၍ မေးမြန်းခြင်း မပြုဘဲ ဆေးရုံမှ ဆင်းလာပြီးလျှင် ပိဋကတ်တိုက်သို့ သွားရောက်၍ စာနှစ်အုပ်ကို ရွေးချယ်ပြီးနောက် အိမ်သို့ ပြန်ခဲ့လေ၏။ ၎င်းနေ့တစ်ဝက်နှင့် ညတစ်ဝက်လုံး ကျွန်တော်သည် မောင်စံရှား၏ စေခိုင်းချက်အရ စာနှစ်အုပ်၌ ပါသမျှအကြောင်းကို ကြိုးစားအားထုတ်ကာ ဖတ်ရှုမှတ်သား၍ နေခဲ့လေ၏။ နောက်တစ်နေ့၌ ကျွန်တော်သည် ဆေးရုံသို့ သွားရောက်၍ မောင်စံရှားနှင့် တွေ့ရသောအခါ မောင်စံရှားမှာ အခါတိုင်းထက်ပင် သက်သာ၍နေသည်ကို မြင်သဖြင့်

**ကျွန်တော်**။ ။'သတင်းစာတွေထဲ ရေးလိုက်ပုံကဖြင့် ဦးစံရှားဟာ အသက်ပဲ ငင်နေတော့သလိုလို ၊ လူကြည့်တော့ဖြင့် ပျောက်တောင် ပျောက်လုပါပြီကောဗျ'

**ရှား**။ ။'သည်လိုရေးအောင် ကျုပ်က တမင်ဉာဏ်ဆင် ထားတာပါဗျာ၊ ဘယ့်နှယ်လဲ ကျုပ်ခိုင်းတာ လုပ်ခဲ့ပြီလားဗျာ'

**ကျွန်တော်**။ ။'တစ်ရေးမှ မအိပ်ခဲ့ရပါဘူးဗျာ၊ တစ်ညလုံး ဖတ်လာခဲ့ပါတယ်'

**ရှား**။ ။'ဒင်္ဂါးဟောင်းစုဆောင်းခြင်းနှင့် စပ်လျဉ်းပြီး စကားပြောကြရင် ခင်ဗျားတော်တော် ပြောနိုင်ပြီပေါ့'

**ကျွန်တော်**။ ။'ပြောနိုင်လောက်ပါပြီဗျာ'

**ရှား**။ ။'ကိုင်း ဒါဖြင့် ဟောတာ ကြည့်စမ်းဗျာ'

ဟု ပြော၍ မောင်စံရှားသည် စက္ကူသေတ္တာငယ် တစ်ခုကို ဖွင့်ပြီးလျှင် ရွှေဒင်္ဂါးတစ်ပြားနှင့် ငွေဒင်္ဂါးတစ်ပြားကို ကျွန်တော့်အား ပြလေ၏။ ၎င်းတို့ကို သေချာစွာ ကြည့်ရှုသောအခါ ရွှေဒင်္ဂါးမှာ ဂရိပြည်တွင် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်က သုံးစွဲသော ရွှေဒင်္ဂါးမျိုး ဖြစ်၍ ငွေဒင်္ဂါးမှာမူ အမေရိကန်ပြည်သည် အင်္ဂလိပ်အစိုးရ၏လက်အောက်မှ လွတ်လပ်ခြင်းရသောနှစ်၌ ရှေးဦးစွာ သွန်းလုပ်သော ဒေါ်လာ ဒင်္ဂါးဖြစ်လေ၏။ ၎င်းအကြောင်းကို ကျွန်တော်က မောင်စံရှားအား ပြောပြသောအခါ

**ရှား**။ ။'ဒီဟာ နှစ်ခုဟာက ခင်ဗျားတို့လို ကျုပ်တို့လို လူမှာတော့ ရွှေဖိုးနှင့် ငွေဖိုးလောက်ပဲ တန်တာပဲဗျ၊ ဒင်္ဂါးဟောင်းစုတဲ့ လူများမှာ ဆိုရင်ဖြင့် အင်မတန် ရခဲတဲ့ဟာမျိုးဖြစ်လို့ မြင်မြင်ချင်းပဲ နှစ်သက်စွဲလမ်းလောက်အောင် ရှိပေမယ်'

**ကျွန်တော်**။ ။'ဟုတ်မှာပဗျာ၊ ဒါထက် ဒီဟာတွေကို ကျွန်တော် ဘယ့်နှယ်လုပ်ရမှာလဲ'

**ရှား**။ ။'လုပ်ရမှာက ဒီလိုဗျ၊ ခင်ဗျားက ဦးကျော်ကြားဆိုတဲ့ အမည်နှင့် မောင်ဘဆယ်အိမ်ကို ဒီကနေ့ည သွားရလိမ့်မယ်၊ ခင်ဗျားလာမယ့်အကြောင်းကိုလည်း မောင်ဘဆယ်ထံ ကျုပ် အကြောင်းကြားထားနှင့်မယ်၊ ရောက်တဲ့အခါကျတော့ ခင်ဗျားက ဒင်္ဂါဟောင်းများ စုဆောင်းခြင်းကို ဝါသနာပါကြောင်း၊ ကြေးငွေ ကျပ်တည်းတဲ့အတွက် ၎င်းဒင်္ဂါးနှစ်ခုကို ရောင်းချလို၍ ကိုဘဆယ်၏ ဝါသနာကိုသိရှိသဖြင့် သင့်လျော်သောအဖိုးနှင့် ရောင်းချဖို့ လာရောက်ခြင်းဖြစ်ကြောင်း ပြောပေတော့၊ အဖိုးမှာ ထိုက်တန်သလောက် ရွှေဒင်္ဂါးကို အဖိုးငွေ ၃၀၀၊ ငွေဒင်္ဂါးကို အဖိုးငွေ ၅၀ နှင့် ရောင်းလိုတယ်လို့ ပြောပေတော့'

**ကျွန်တော်**။ ။'နေပါဦးဗျာ၊ တကယ်လို့များ သူက ကျွန်တော်နှင့် အတွေ့မခံချင်ဘူး ဆိုရင်ကောဗျာ၊ ဘယ့်နှယ်လုပ်မလဲ'

**ရှား**။ ။'ဒီအတွက်တော့ မပူပါနှင့် စိတ်ချပါ၊ အတွေ့ခံချင်အောင် ကျုပ် စီစဉ်ထားလိုက်ပါ့မယ်၊ ချဉ်သီးမြင်တော့ သရေကျ ဆိုတဲ့ စကားလိုပေါ့ဗျာ၊ ဒီဟာမျိုး စုဆောင်းတတ်တဲ့လူဟာ ဒီလို ဒင်္ဂါးမျိုး ရမယ်ဆိုလျှင် မမြင်ရမနေနိုင်အောင် အရေးကြီး ပြီးသားပါဗျ၊ စိတ်ချပါ၊ ကိုင်း ပြန်ပေတော့ဗျာ၊ ညနေ ၅ နာရီခွဲနှင့် ၆ နာရီအတွင်းလောက် ရောက်အောင်သာသွားပေတော့'

၎င်းနေ့ညနေ၌ ကျွန်တော်သည် ဒင်္ဂါးနှစ်ပြားကို အိတ်၌ထည့်ပြီးလျှင် မောင်စံရှား ခိုင်းစေသည့်အတိုင်း မြို့ပတ်လမ်းရှိ မောင်ဘဆယ်၏ နေအိမ်သို့ သွားရောက်လေ၏။ နန်ကင်းဟောက်စ် အမည်ရှိ မောင်ဘဆယ်၏ နေအိမ်မှာ တိုက်ခံအိမ်ကြီး ဖြစ်၍ ဥရောပတိုက်သားအရာရှိကြီးများနေထိုင်ဘိသကဲ့သို့ပင်ခမ်းနားတင့်တယ်စွာပြင်ဆင်၍ထားသည်ဖြစ်ရာ ကျွန်တော်သည် ကားပေါ်မှ ဆင်းပြီးနောက် အစေခံတစ်ယောက်အား ကျွန်တော်၏ အမည်ကို ပြော၍ ကိုဘဆယ်နှင့် တွေ့လိုကြောင်း ပြောလိုက်သည်တွင် အစေခံသည် အိမ်ပေါ်သို့ တက်သွားလေ၏။

ခဏမျှကြာလျှင် အစေခံသည် အိမ်ပေါ်မှ ဆင်းလာ၍ ကျွန်တော်အား ခေါ်ငင်သဖြင့် ၎င်းနှင့်အတူ အိမ်ပေါ်သို့ တက်သွားရာ မောင်ဘဆယ်သည် ဧည့်ခန်းအတွင်း၌ ကြေးနီပိုက်ဆံအမျိုးမျိုး၊ မူးစေ့ မတ်စေ့ ငွေဒင်္ဂါးဟောင်း အမျိုးမျိုးတို့ကို စားပွဲပေါ်၌ စီတန်းကာ ကြည့်ရှုလျက် ရှိသည်ကို တွေ့ရလေ၏။ ကျွန်တော့်ကို မြင်သောအခါ မောင်ဘဆယ်သည် ထိုင်ရာမှ ထ၍

**ဆယ်**။ ။'ခင်ဗျား လာမယ်ဆိုလို့ သွားစရာကိစ္စကလေးတွေ ရှိတာတောင် မသွားဘဲ စောင့်နေပါတယ်ခင်ဗျာ၊ ခင်ဗျား စာရေး လိုက်တဲ့ ဒင်္ဂါးများ ပါရဲ့လား'

ဟု မေးသဖြင့် ကျွန်တော်သည် အိတ်ထဲမှ ဒင်္ဂါးနှစ်ခုကို ထုတ်၍ပြရာ မောင်ဘဆယ်သည် ၎င်းတို့ကို သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။ ယင်းသို့ ရှိစဉ် ကျွန်တော်သည် မောင်ဘဆယ်၏ ရုပ်လက္ခဏာကို ကြည့်ရှုအကဲခတ်လျက်ရှိရာ အသားဝါဝါ၊ မျက်ခုံးသွယ်သွယ်၊ နုနယ်ပြေပြစ်သော ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၍ စေ့စေ့ကြည့်လေလေ ချောသည်ထက် ချော၍ လာလေလေ ဖြစ်သော ရုပ်လက္ခဏာမျိုးဖြစ်ပေ၏။ အသက်မှာလည်း သုံးဆယ်ကျော်ကလေးမျှ ရှိသေးသည်ဖြစ်ရာ ခြေဟန်လက်ဟန်၏ သိမ်မွေ့ခြင်း၊ အမူအရာ၏ ယဉ်ကျေးခြင်း၊ အပြင်အဆင်၏ တင့်တယ်ခြင်း အစရှိသော အခြင်းအရာ အမျိုးမျိုးတို့နှင့်လည်း ပြည့်စုံပေ၏။

**ဆယ်**။ ။'ဆန်းပေ့ဗျာ၊ တယ်ဆန်း၊ ကျုပ်မှာ ဒီဟာမျိုး မရှိသေးပေဘူး၊ ဒီဟာတွေ ခင်ဗျား ဘယ်သူ့လက်က ရသလဲ'

**ကျွန်တော်**။ ။'ဘယ်သူ့လက်က ရသလဲဆိုတာ ပြောဖို့ အရေးကြီးသေးသလားဗျာ၊ ကျုပ်လက်ထဲရောက်တာ ၁၅ နှစ်လောက် ရှိလို့ ခပ်မှေ့မှေ့တောင် ဖြစ်နေပါပြီ'

**ဆယ်**။ ။'ရောင်းမယ်ဆိုလျှင် အဖိုးကလေး တော်တော်မျက်မျက် ရမှ ရောင်းမှာ ဖြစ်လေတော့ ဇာစ်မြစ်ကိုလည်း သိဦးမှ ကောင်းတာကိုးဗျ'

**ကျွန်တော်**။ ။'မဝယ်ထိုက်တဲ့ ပစ္စည်းကို ဝယ်မိလျှင် အဖိုးငွေဆုံးမှာ စိုးလို့လား၊ ဒီအတွက်တော့ မပူပါနှင့်ဗျာ၊ ဈေးတည့်တဲ့ တစ်နေ့ကျတော့ ဂုဏ်အသရေရှိ လူကြီးလူကောင်းထဲက ကျွန်တော့် မိတ်ဆွေများ ရှိပါတယ်'

**ဆယ်**။ ။'ရှိတာတော့ ဟုတ်ပါရဲ့၊ ဒီပစ္စည်းမျိုး ဆိုတာ မူလဆိုင်သူကို သိရပြန်တော့ အကဲတစ်မျိုး ရောက်တာကိုးဗျ'

**ကျွန်တော်**။ ။'ဒါဖြင့်လည်း မဝယ်ချင် နေဗျာ၊ အသုံးလိုလို့သာ ရောင်းရမယ်၊ ကျွန်တော်ကလည်း နမြောမြောပါပဲ'

**ဆယ်**။ ။'ဒီဟာမျိုး ကျွန်တော် ဝါသနာပါကြောင်း ခင်ဗျား ဘယ့်နှယ် သိသလဲ'

**ကျွန်တော်**။ ။'မိတ်ဆွေတစ်ယောက်ပြောဖူးလို့ သိပါတယ်'

**ဆယ်**။ ။'ဒီမိတ်ဆွေ နာမည် ဘယ်သူတဲ့လဲ'

**ကျွန်တော်**။ ။'ကိုဘဦး ပါတဲ့'

**ဆယ်**။ ။'ဘယ်က ကိုဘဦးလဲဗျာ၊ ကျွန်တော် မသိပါလား'

**ကျွန်တော်**။ ။'ခင်ဗျား မသိပေမယ့် သူက ကြားဖူးလို့ဟာပေါ့'

**ဆယ်**။ ။'ဒင်္ဂါးဟောင်း စုဆောင်းခြင်း အကြောင်းကို ခင်ဗျား နားလည်ရဲ့လား'

**ကျွန်တော်**။ ။'တော်တော် နားလည်ပါတယ်'

**ဆယ်**။ ။'စုလာတာ ဘယ်နှစ်နှစ်လောက် ရှိပြီလဲ'

**ကျွန်တော်**။ ။'ဆယ့်ငါးနှစ်လောက် ရှိပါပြီ'

**ဆယ်**။ ။'ဟောဒီ ဒေါ်လာဒင်္ဂါးဟာ အင်္ဂလိပ်အစိုးရလက်အောက်မှ အမေရိကန်ပြည်ကြီး လွတ်လပ်ရေး ရတဲ့အခါမှာ သွန်းလုပ်တဲ့ ဒင်္ဂါးကိုး၊ အဘယ်ကို အစွဲပြု၍ သွန်းလုပ်ပါသလဲ၊ ခေါင်းဘက်က အထိမ်းအမှတ်သည် ဘယ်လို အဓိပ္ပာယ် ရပါသလဲ၊ ပန်းဘက်က တံဆိပ်သည် ဘယ်လိုသဘောနှင့် စီစဉ်ပါသလဲ၊ ၎င်းပုံစံကို မည်သည့် ဆရာကြီး စီမံပါသလဲ၊ ဒီပုစ္ဆာများကို ခင်ဗျား ဖြေနိုင်ပါရဲ့လား'

ထိုအခါ ကျွန်တော်သည် စိတ်ဆိုးအောင်ပြု၍ ထိုင်ရာမှ ထပြီးလျှင်

'ဒီပစ္စည်းမျိုးကို ခင်ဗျား ဝယ်လိုတယ် မှတ်လို့ ယူခဲ့မိတဲ့ဟာ ကြိုက်လျှင် ဝယ်တာပေါ့ဗျာ၊ မကြိုက်လျှင်လည်း မဝယ်ဘဲ နေရုံပေါ့၊ တွေ့ကရ မေးခွန်းတွေ လျှောက်ပြီး မေးနေဖို့ မရှိပါဘူးဗျာ'

ထိုအခါ မောင်ဘဆယ်သည် ကျွန်တော်၏ မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်ပြီးလျှင် ရုတ်တရက် မျက်နှာထား တစ်မျိုး ပြောင်း၍ သွားသည်ကို မြင်လိုက်ရလေ၏။

**ဆယ်**။ ။'ဆက်ပြောပါဦး ဦးကျော်ကြားရဲ့၊ ခင်ဗျား နာမည် ဦးကျော်ကြား ဟုတ်ပါလေစ၊ ခင်ဗျား ဘယ်လို အကြံအစည်နှင့် လာခဲ့တာလဲ မှန်မှန်ပြောစမ်းပါ၊ ခင်ဗျား သူလျှို မဟုတ်လား၊ ဦးစံရှားက လွှတ်လိုက်တယ် ထင်တယ်၊ ကျုပ်အိမ်ထဲကို ဝင်ဖို့ လွယ်သော်လည်း ထွက်ဖို့ မလွယ်ဘူးဗျနော်၊ ပြောနေကြာရော့ ... '

ယင်းကဲ့သို့ ပြောဆိုရင်း မောင်ဘဆယ်သည် ထိုင်ရာမှ ရုတ်တရက် ထ၍ ကျွန်တော်၏ လည်ကုတ်ကို ညှစ်တော့မည် အပြုတွင် တစ်စုံတစ်ခုသော အသံသည် ကြားရသည့် လက္ခဏာနှင့် ရုတ်တရက် တန့်ရပ်ကာ နားထောင်လျက် ရှိလေသည်။

နောက်တစ်ခဏ၌ကား မောင်ဘဆယ်သည် ကျွန်တော်ရှိရာမှ ရုတ်တရက် ထွက်ပြေးပြီးလျှင် တစ်ခုသော အခန်းတွင်းသို့ ဝင်ပြေးလေ၏။ ကျွန်တော်သည် ထိုင်ရာမှ ထ၍ ၎င်းဝင်ပြေးရာ အခန်းပေါက်သို့ သွားပြီးလျှင် အတွင်းသို့ မျှော်ကြည့် လိုက်ရာ အောက်ပါ အံ့ဩဖွယ် အခြင်းအရာများကို တွေ့ရှိရလေ၏။

၎င်းအခန်းမှာ အိပ်ခန်းဖြစ်၍ ပြတင်းပေါက်အနီးတွင် ဦးခေါင်း မျက်နှာ အစရှိသည်တို့၌ ကြပ်စည်းလျက်ရှိသော လူတစ်ယောက် သည် ရပ်လျက် ရှိရာ ၎င်း၏မျက်နှာကို ကျွန်တော် ကြည့်လိုက်သောအခါ မောင်စံရှားပင်ဖြစ်ကြောင်း ကျွန်တော် အံ့ဩစွာ သိရှိရလေ၏။

နောက်တစ်ခဏ၌ကား မောင်စံရှားသည် ပြတင်းပေါက်သို့ ခုန်၍တက်ပြီးလျှင် အောက်သို့ ခုန်ချလိုက်ရာ မောင်ဘဆယ် လည်း ဒေါသကြီးစွာနှင့် ပြတင်းပေါက်ရှိရာသို့ ပြေးသွားလေ၏။ ထိုခဏ၌ အိမ်အောက်မှ မိန်းမတစ်ယောက်၏ အသံဖြင့် မှတ်ကရောဟဲ့ အကောင် ဟု အော်လိုက်သံကို ကြားလိုက်ရပြီးနောက် အခန်းတွင်းသို့ ရေစက်များ လွင့်စင်၍လာသည်ကို တွေ့မြင်ရလေရာ မောင်ဘဆယ်မှာ မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် ဖုံးအုပ်ကာ ရှိလေ၏။ မောက်တစ်ခဏ၌ကား မောင်ဘဆယ် သည် အောင်မယ်လေး ပူလှချည်ရဲ့ဗျ ဟု ဟစ်အော်လျက် ကြမ်းပေါ်သို့ ပစ်လဲပြီးလျှင် လူးလိမ့်လျက် ရှိရာ ကျွန်တော်သည် မည်သို့ဖြစ်လေသနည်းဟု ကြည့်ရှုရန် အနီးသို့ ချဉ်းကပ်မည်ပြုသည်တွင် 'ဖောင်း ဖောင်း' ဟု နှစ်ချက်မျှ ထပ်ဆင့်၍ ပေါက်ကွဲသံများကို ကြားရပြီးနောက် မောင်ဘဆယ်ကလည်း အောင်မယ်လေး ဗျာတို့ ဟု ငယ်သံပါအောင် ဟစ်အော်လိုက်သည်ကို ကြားရလေ၏။ ထိုအခါ ကျွန်တော်သည် မျက်နှာ၌ဖုံးထားသော လက်များကို ဖယ်၍ကြည့်လိုက်ရာ မောင်ဘဆယ်မှာ မျက်လုံးနှစ်ဖက်လုံး ပေါက်ကွဲ၍ ဟောက်တွင်းကြီးဖြစ်လျက် နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်တော်သည် မောင်ဘဆယ်အကြောင်းကို ရှေးဦးစွာ ကြားရစဉ်ကပင် ၎င်းအပေါ်၌ မေတ္တာကင်းမဲ့ခဲ့၍ မကြာသေးမီ အတွင်းကလည်း ကျွန်တော်၏ လည်ပင်းကိုပင် ညှစ်မည်ကြံစည်ခဲ့သူ တစ်ယောက်ဖြစ်ပါသော်လည်း ၎င်းအခြင်းအရာကို မြင်ရသော အခါ၌မူကား သနားကရုဏာ ဖြစ်ပေါ်လာသည်ဖြစ်၍ အစေခံများကို ခေါ်ငင်ပြီးလျှင် တတ်အားသမျှ ပြုစုရလေ၏။ ရေစက်များကို လက်ဖြင့် တို့၍ နှာခေါင်းဖြင့် နမ်းရှုတ်ကြည့်သည့်အခါ ကျွန်တော် တွေးထင်မိသည့်အတိုင်း ရှာစောင်းကြီး အနံ့ဖြစ်ကြောင်းကို သိရှိရလေ၏။ ထိုအတောအတွင်း၌ မောင်ဘဆယ်က 'သပေါက်မ၊ သရဲမ၊ မိသိန်းမြိုင်၊ နင်တော့ နေနှင့်ဦးဟဲ့နော်၊ သိစေမဟဲ့၊ သေစေမဟဲ့၊ ငါ့လို ဒုက္ခနင်ခံရစေမဟဲ့' စသည်ဖြင့် မြည်တန်းရေရွတ်လျက် ရှိလေ၏။ ၎င်းနောက် ကျွန်တော်တို့သည် မောင်ဘဆယ်ကို ကားပေါ်သို့ တင်ပြီးလျှင် ဆေးရုံသို့ ပို့လိုက်ကြရလေ၏။

နေအိမ်သို့ ပြန်ရောက်သော အခါ မောင်စံရှားသည် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရှိရလေရာ ကျွန်တော်က မောင်ဘဆယ်၏ အကြောင်းကို ပြန်ပြောင်းပြောပြသည်တွင်

**ရှား**။ ။'မကောင်းမှု ပြုတဲ့ လူဆိုတာ တစ်နေ့နေ့တော့ ဘေးတွေ့မြဲပဲကိုး ကိုသိန်းမောင်ရဲ့၊ တစ်ချို့လည်း လက်ငင်း အကျိုးပေးတယ်၊ တစ်ချို့လည်း သံသရာ မှ ခံရတယ်၊ အမြန်နှင့် အနှေးပါပဲဗျာ၊ ပြေးလို့တော့ လွတ်နိုင်တာကြီး မဟုတ်ဘူး'

**ကျွန်တော်**။ ။'အခန်းထဲမှာ ခင်ဗျား ဘာလုပ်နေတာလဲ'

**ရှား**။ ။'မသိန်းမြိုင်ပြောတဲ့ စာအုပ် ခိုးနေတာပေါ့ဗျ၊ ဒီစာအုပ်အကြောင်း မသိန်းမြိုင်ပြောလို့ ကြားရကတည်းက ဒီအမှု အတွက် အင်မတန် အသုံးဝင်မယ့် စာအုပ်ပဲကိုး လို့ ကျုပ်တွေးမိတယ်၊ တွေးမိလို့ ဘယ်နည်းနှင့် ရအောင် ယူရပါမယ်လို့ ကြံစည်တုန်း အရိုက်ခံရပါရောဗျား၊ ခံရလို့ ဆေးရုံတက်နေရတော့ ကျုပ်အတွက် စိတ်ချလက်ချ နေကြအောင်ဟာ အသည်းအသန် မဖြစ်ဘဲနှင့် အသည်းအသန်ဖြစ်တယ်လို့ သတင်းစာဆရာတွေပါ အထင်လွဲအောင် ကျုပ် လုပ်ပြီး ထားခဲ့ တာကိုးဗျ၊ မူလကတော့ ကောင်းကောင်း ကျန်းမာအောင် စောင့်ဦးမယ်လို့ဟာ သူက ဘင်္ဂလားသွားမယ် ဆိုပြန်တော့ မစောင့်နိုင်အောင် အရေးကြီးလာတာကိုး၊ စာအုပ်ကို ညမှာ ခိုးဖို့လည်း မဖြစ်နိုင်၊ အဲဒါကြောင့် ခင်ဗျားကို ဒင်္ဂါးဟောင်းနှင့်

သူ့အိမ်လွှတ်ပြီး အိမ်ရှေ့ခန်းမှာ စကားပြောနေကြတုန်း အိပ်ခန်းတွင်းကို ကျုပ်ကိုယ်တိုင် ဝင်ယူဖို့ စီမံခဲ့တာကိုဗျ၊ စီမံတဲ့အတိုင်းလဲ အထမြောက်ပေတယ်'

**ကျွန်တော်**။ ။'မသိန်းမြိုင်ကို ခင်ဗျား ခေါ်လာခဲ့တာလား'

**ရှား**။ ။'မခေါ်ရပါဘူးဗျာ၊ သူကလည်း သူ့အကြံနှင့်သူ ရောက်နေတာပဲ'

**ကျွန်တော်**။ ။'ကိုဘဆယ်က တော်တော် ပါးတဲ့လူပဲဗျို့၊ ကျွန်တော့်ကို ခင်ဗျားက လွှတ်လိုက်မှန်း သူရိပ်မိတယ်ဗျို့'

**ရှား**။ ။'ရိပ်မိလိမ့်မယ်လို့ ကျုပ်လည်း ထင်ပါရဲ့၊ နို့ပေမယ့် မရိပ်မိခင် ကိစ္စပြီးစီးအောင် လုပ်ဖို့ကိုသာ ကြံရွယ်ပြီး ထားတဲ့အတိုင်း အထလည်း မြောက်ခဲ့ပါပြီဗျာ၊ လှေကားက ခြေသံဟာ ကိုချစ်မောင် မှတ်တယ်ဗျို့'

နောက်တစ်ခဏ၌ မောင်ချစ်မောင်သည် အခန်းတွင်းသို့ ဝင်လာရာ မောင်စံရှားက အဖြစ်အပျက် အကျိုးအကြောင်း ပြန်ပြောင်းပြောဆိုသည်များကို အံ့သြစွာ နားထောင်လျက် ရှိလေ၏။ စကားအဆုံး၌

**မောင်**။ ။'တော်ပါပေ့ဗျာ၊ တော်ပါပေ့၊ နို့ပေမယ့် ဦးသိန်းမောင် ပြောတဲ့အတိုင်း မျက်စိပေါက်လောက်အောင် ဆိုးခဲ့လို့ရှိလျှင် သည်စာအုပ်ကို အသုံးပြုဖို့ လိုမယ်တောင် မထင်ပါဘူးဗျာ'

**ရှား**။ ။'မထင်နဲ့ဗျို့ ကိုချစ်မောင်၊ ခင်မိမိတို့လို စိတ်သဘော မြင့်မြတ်တဲ့ မိန်းမမျိုးကတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်ပေမယ့် အချစ်ပျက်မယ် မဟုတ်လှဘူး၊ သာလို့တောင် ကရုဏာ ပိုတတ်သေးတယ်၊ အကျင့်မကောင်းကြောင်း၊ သေသေချာချာ သိမှ သူစိတ်ပျက်မယ်၊ သေသေချာချာ သိအောင် ဟာလည်း သည်စာအုပ်ထက် သက်သေခံ လုံလောက်တာဖြင့် မရှိဘူး'

၎င်းနောက် မောင်ချစ်မောင်သည် စာအုပ်ကို ယူ၍ သင့်လျော်သလို အသုံးပြုပါမည်ဟု ဝန်ခံပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေ၏။

၎င်းနောက် သုံးရက်ခန့်ကြာသောအခါ မောင်ချစ်မောင်သည် ထိုစာအုပ်ကို သူငယ်မ၏ မိခင်လက်သို့ ပေးအပ်၍ မိခင်က သမီးအား ပြသသည်တွင် ခင်မိမိသည် မောင်ဘဆယ်အပေါ်၌ ယခင်က ချစ်ခင်ကြင်နာခဲ့သော မေတ္တာစိတ်သည် ရွံရှာစက်ဆုပ်သော အဖြစ်သို့ ပြောင်းလဲခဲ့ကြောင်းနှင့် မောင်ချစ်မောင် ထံမှ ကြားသိရလေ၏။ မသိန်းမြိုင်မှာမူ အထက်ပါအမှုနှင့် စပ်လျဉ်း၍ စစ်ဆေးသည့်အခါ တရားသူကြီးသည် မောင်ဘဆယ်၏ လိမ်လည်ခြင်းကို ခံခဲ့ရသော တရားခံမ အပေါ်၌ သနားထောက်ညှာခြင်း ရှိသည်ဖြစ်၍ အမှုပင်ကြီးသော်လည်း ပေါ့လျော့သော အပြစ်ဒဏ်ကိုသာလျှင် ကျခံစေသည် ဖြစ်လေသတည်း။

**ပြီးပါပြီ။**

× × × × × ×

## ၂၉။ ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေနှင့် ရင်ဆိုင်ရခြင်း

တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် ကမ်းနားလမ်းတစ်လျှောက် အညောင်းပြေ လမ်းလျှောက်လျက် ရှိကြစဉ် ဓာတ်ရထားပေါ်မှ လူတစ်ယောက်သည် ကျွန်တော်တို့ကို မြင်သည်နှင့်တစ်ပြိုင်နက် ဓာတ်ရထားကို ရပ်စေပြီးလျှင် ခုန်ဆင်းခဲ့၍ သတင်းစာ တစ်စောင်ကို ကိုင်ကာ ကျွန်တော်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာလေ၏။ ထိုသူမှာ အခြားမဟုတ်၊ အစိုးရစုံထောက် အင်စပိတ်တော် မောင်အုန်းဖေပင်ဖြစ်လေသည်။ အနီးသို့ ရောက်သကာလ သတင်းစာကို ဖွင့်ပြလျက် ...

**ဖေ။** ။'ဒီအကြောင်းအရာ တွေ့ပြီးပြီ မဟုတ်လား ဆရာ'

**ရှား။** ။(သတင်းစာကို လှန်ကြည့်၍) 'ဓာတုဗေဒဆရာကြီး ဦးထွန်းဖေ အကြောင်းလားဗျ၊ တွေ့လိုက်ပါပြီဗျာ၊ အစိုးရလဲ ငွေတော်တော် နှမြောတယ်လို့ အောက်မေ့တာ ဒီတစ်ခါ တယ်ကြဲလိုက်ပါကလား၊ ဆုငွေ ၅၀၀၀ ကျပ်တောင် ထုတ်လိုက်တယ် ဟုတ်စ'

**ဖေ။** ။'မထုတ်ရင် ဘယ့်နှယ်လုပ်မလဲ ဆရာ၊ တပည့်တပန်း အပေါင်းအသင်းက များလေတော့ သူ့နေရပ်ကို စုံထောက်လို့ကို မရဘူးဆရာ၊ ငွေကလေးနှင့် မြှားယူရရင်ဖြင့် သစ္စာဖောက်ချင်တဲ့ တပည့်များ ပေါ်ပေါက်လာမလားလို့ မျှော်ရတာပါပဲ ဆရာ'

ဤနေရာ၌ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေ၏ အကြောင်းကို အကျဉ်းမျှ ရေးသားဖော်ပြပေအံ့။ ၎င်းဦးထွန်းဖေဆိုသူမှာ ဂျာမနီမြို့သို့ သွားရောက်ပြီးနောက် လောကဓာတ်ပညာဆိုင်ရာများကို အထူးတတ်ကျွမ်းအောင် သင်ကြားလေ့လာခဲ့ပြီးနောက် ရန်ကုန်မြို့ ကောလိပ်ကျောင်း၌ ဓာတုဗေဒဘက်ဆိုင်ရာတွင် ပရော်ဖက်ဆာ ဆရာကြီးအဖြစ်နှင့် လုပ်ကိုင်ခဲ့ဖူးကြောင်း၊ ယင်းသို့ရှိစဉ် ကောလိပ်ကျောင်း၌ လူသတ်မှု တစ်ခု ဖြစ်ပွားခဲ့ရာ ၎င်းဆရာကြီးအား သင်္ကာမကင်းဖွယ်ရာ အချက်များ ရှိခဲ့သည်ဖြစ်၍ ၎င်းအား ဖမ်းဆီးစစ်ဆေးသည်တွင် ရုံးမင်းနှင့်တကွ ဂျူရီလူကြီးအားလုံးတို့က တရားခံမှာ ပြစ်မှုထင်ရှားကြောင်း သဘောတူညီကြသည်ဖြစ်ရာ ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် တရားသူကြီးက စီရင်ချက် ချမှတ်ခဲ့ဖူးကြောင်း၊ ၎င်းဦးထွန်းဖေသည် ထောင်၌ ၁၀ နှစ်လောက် ကျခံပြီးမှ ဦးထွန်းဖေ မသတ်ကြောင်းကို လုံလောက်သော သက်သေများ ထွက်ပေါ်လာသည့်အပြင် သတ်သောသူ အစစ်မှာလည်း မည်သူမည်ဝါဖြစ်ကြောင်း ပေါ်ပေါက်လေရကား အစိုးရမင်းတို့သည် အကျဉ်းခံနေရသူ ဦးထွန်းဖေကို ကောင်းစွာ လွှတ်ပြီးလျှင် မိမိတို့မှားယွင်းသည့်အတွက် ဝမ်းနည်းကြောင်းများနှင့် ပြောဆိုလိုက်ကြောင်း၊ ၎င်းပြင် ကောလိပ်ကျောင်း၌လည်း ပရော်ဖက်ဆာ အလုပ်ကို ပြန်၍ခန့်အပ်ကြောင်း၊ သို့ရာတွင် ဦးထွန်းဖေသည် မိမိအား မတရားသဖြင့် ထောင်ကို သွင်း၍ အကျဉ်းချထားခဲ့သည့် အချက်ကို စိတ်တွင် စွဲလမ်းခဲ့ပြီးလျှင် မကျေချမ်းနိုင်အောင် ဖြစ်လျက် အလုပ်ကိုလည်း လက်မခံဘဲ မိမိအား စီရင်ချက်ချသော တရားသူကြီးအား လည်းကောင်း၊ ဂျူရီလူကြီးများအားလည်းကောင်း၊ အစိုးရဘက်မှ သက်သေလိုက်သောလူများအားလည်းကောင်း လက်စားချေအံ့ဟု အတိအလင်း ကြုံးဝါးခဲ့လေ၏။ ယင်းသို့ ကြုံးဝါးပြီးသည့်နောက် များမကြာမီအတွင်းတွင် သက်သေတစ်ယောက်သည် အိပ်ရာ၌ ရင်ဝတွင် ဓားမြှောင်စိုက်လျက် တွေ့ရှိရလေရာ ပုလိပ်အရာရှိတို့က ၎င်းသည်ကား ဦးထွန်းဖေ၏ လက်ချက်ပေတည်းဟု ယူဆသည့်အလျောက် သွားရောက်ဖမ်းဆီးကြလေ၏။ သို့ရာတွင် ဦးထွန်းဖေသည် နေအိမ်၌ မရှိတော့ဘဲ ထိုနေ့မှစ၍ ပျောက်ကွယ်သွားလေ၏။ ပုလိပ်တို့လည်း သာ၍ပင် သင်္ကာမကင်းဖြစ်ရန် အကြောင်းရှိသည်ဖြစ်၍ ဦးထွန်းဖေကို လက်ရဖမ်းမိရန် ကြိုးစားပါသော်လည်း နေ့ရက်သာလျှင်ကုန်လွန်လျက် ဦးထွန်းဖေကိုကား မမိခဲ့ချေ။ ထိုအတောအတွင်း လူသတ်မှုဖြစ်စဉ်က ခေါင်းဆောင်ဂျူရီလုပ်ဖူးသော လူကြီးတစ်ယောက်လည်း ဓားဒဏ်ရာနှင့် သေဆုံးပြန်လေရာ ကျန်ဂျူရီလူကြီးအပေါင်းလည်း ဤမြို့၌ မနေဝံ့အောင် ထိတ်လန့်တုန်လှုပ် ဖြစ်ကြပြီးလျှင် ပုလိပ်အရာရှိများ ညံ့ဖျင်းကြောင်းနှင့်လည်း သတင်းစာများ၌ များစွာ ပြစ်တင်ကဲ့ရဲ့ ရေးသားကြလေ၏။ သို့ဖြစ်သောကြောင့် ပုလိပ်မင်းကြီးက ဦးထွန်းဖေကို မိအောင် သတင်းပေးနိုင်သူအား ဆုငွေ ၅၀၀၀ ကျပ် ထုတ်ပေးမည်ဟု ကြော်ငြာ၍ ထားရခြင်းဖြစ်လေသည်။

မောင်အုန်းဖေသည် ဦးထွန်းဖေ၏ အကြောင်းကို ပြောပြပြီးလျှင် ၎င်းအမှုမျိုးမှာ ဦးစံရှား စုံထောက်နေကျဖြစ်သော အမှုမျိုး မဟုတ်ဖြစ်စေကာမူ မိမိတို့အား ပြည်သူတို့က အပြစ်တင်ကဲ့ရဲ့ခြင်းမှ လွတ်ကင်းစေနိုင်ခြင်းငှာ ကူညီဆောင်ရွက်ပါရန်

အကြောင်းနှင့် တောင်းပန်သည်တွင် မောင်စံရှားက တတ်နိုင်သမျှ ကြည့်လိုက်ပါဦးမည်ဟု ဝန်ခံပြီးနောက် မောင်အုန်းဖေကို နေအိမ်သို့ လက်ဖက်ရည်သောက်ရန် ဖိတ်ကြားခေါ်ငင်ခဲ့လေ၏။

အိမ်ပေါ်သို့ ရောက်ကြသောအခါ မောင်စံရှားသည် စားပွဲပေါ်၌ မိမိ၏ အမည်နှင့် စာတစ်စောင် တွေ့သည်နှင့် ကောက်ယူ ဖွင့်ကြည့်လေရာ ၎င်းမှာ အောက်ပါအတိုင်းဖြစ်လေ၏။

**စာရေးလိုက်ပါသည် မောင်စံရှား**

**ကိုထွန်းညွှန့် လာရောက်သောအခါ ငွေ ၃၀၀၀၀ ကျပ် ရမှ ကျေနပ်နိုင်တော့မည်ဟု ပြောလိုက်ပါတော့ဗျာ။ ယနေ့ အကျေပေးလျှင် ငွေ ၂၀၀၀၀ ကျပ်နှင့် ကျေနပ်မည်ဟု ၎င်းထံ စာရေး၍တောင်းထားရာ ယနေ့မပေးသောကြောင့် ငွေ ၁၀၀၀၀ ကျပ် တက်၍ သွားချေပြီ။ ထိုကဲ့သို့ မပေးဘဲနေခဲ့လျှင် တစ်နေ့ ငွေ ၁၀၀၀၀ကျပ် တက်၍ သွားလိမ့်မည်ဖြစ်ကြောင်းကိုလည်း ၎င်းအား ပြောလိုက်ပါလေ ဦးစံရှား ခင်ဗျား။**

**ထွန်းဖေ**

ထိုစာကို ဖတ်၍ကြည့်ကြရသောအခါ စာရေးသူသည် ဓာတုဗေဒဆရာကြီး ဦးထွန်းဖေပင် ဖြစ်မည်အကြောင်းကို ကျွန်တော်တို့ သုံးဦးလုံးပင် တွေးမိကြသည်ဖြစ်၍ များစွာ အံ့အားသင့်လျက် ရှိနေကြလေ၏။ သို့ရာတွင် မောင်ထွန်းညွှန့် ဆိုသူသည် မည်သူဖြစ်မည် အကြောင်းကိုမူ မတွေးတော နိုင်ကြသေးချေ။

**ရှား။** ။'ကောင်းလိုက်လေဗျာ၊ ကျုပ်က ဒီအမှုမှာကူညီလို့ကောင်းပါ့မလားလို့ စဉ်းစားပြီးနေတုန်း၊ ကျုပ်ကိုလာပြီး ကိုထွန်းဖေ ကိုယ်တိုင်က အကဲစမ်းလာတယ်၊ ကိုင်း ဒီတစ်ခါ သိကြရမှာပါဗျ'

**ဖေ။** ။'ကိုထွန်းညွှန့် ဆိုတာက ဆရာ့ဆီ လာဖူးသလား'

**ရှား။** ။'မလာဖူးသေးပါဘူးဗျာ၊ သို့သော် လှေခါးက ကြားရတဲ့ ခြေသံဟာ သူ့ခြေသံပဲနှင့်တူတယ်၊ ကိုသိန်းမောင် တဆိတ်လောက် တံခါးဖွင့်ပေးပါဗျာ'

ကျွန်တော်သည် တံခါးကို ထ၍ ဖွင့်ပေးလိုက်သောအခါ အသက်လေးဆယ်အရွယ်ခန့် ရှိသော လူတစ်ယောက်သည် များစွာ တုန်လှုပ်သော အမူအရာနှင့် အခန်းတွင်းသို့ ဝင်လာ၍ မည်သူသည် ဦးစံရှား ဖြစ်လေသနည်းဟု အကဲခတ်လျက် ရှိသည်။

**ရှား။** ။'ထိုင်ပါဗျာ၊ ကိုထွန်းညွှန့် ၊ တကယ်ဆိုတော့ ခင်ဗျား ငွေ ၃၀၀၀၀ ကျပ် ပေးနိုင်ပါ့မလား'

**ညွှန့်။** ။(အံ့အားသင့်လျက်) 'ခင်ဗျားက ဘယ်က ကြားနှင့်သလဲ၊ ၃၀၀၀၀ ကျပ် မဟုတ်ပါဘူး ခင်ဗျာ၊ ၂၀၀၀၀ ကျပ်သာ တောင်းပါတယ်'

**ရှား။** ။'တောင်းတုန်းက ၂၀၀၀၀ ကျပ်၊ အခုတော့ ၃၀၀၀၀ ကျပ် ဖြစ်သွားပြီတဲ့ ၊ ဟောဒီမှာ စာကြည့်ပါလား'

ထိုသူသည် ယခင်က ကျွန်တော်တို့ ကြည့်နေသောစာကို ကောက်ယူဖတ်ရှုပြီးလျှင် အလွန်တရာ စိတ်ရှုပ်ထွေးသော အမူအရာနှင့် ကုလားထိုင်တွင် ထိုင်လျက် ရှိလေ၏။

**ရှား။** ။'ခင်ဗျားက ဦးထွန်းဖေနှင့် ဘယ်လို ရန်စရှိသလဲ'

**ညွန့်**။ ။'ဟိုတုန်းက သူ့ကို လူသတ်မှုနှင့် စစ်ဆေးစဉ်အခါ ကျွန်တော်က ဂျူရီလူကြီးတစ်ယောက် အဖြစ်နှင့် ပါသွားပါတယ် ခင်ဗျာ၊ ဝကျလိုက်လေတယ် ဦးစံရှားခင်ဗျာ၊ ကျွန်တော့်မှာ ဟိုတုန်းက သူ့အပေါ်မှာ ရန်ညိုးလည်း မရှိရပါဘူး ခင်ဗျာ၊ အပြစ်ရှိတယ်ထင်လို့ ထင်တဲ့အတိုင်းထွက်တာ တစ်ခုရှိတာပါပဲ၊ သည်ဟာကို သူထောင်က လွတ်လာတော့ မတရားသဖြင့် လုပ်ကြံတယ်ဆိုပြီး လက်စားချေဖို့ ကြံစည်သတဲ့ ခင်ဗျ၊ သတ်တဲ့လူကိုလည်း သတ်၊ ကျွန်တော့်ကိုတော့ ငွေတောင်းသတဲ့ ခင်ဗျ၊ တော်ရော့လား ခင်ဗျာ'

**ရှား**။ ။'ငွေ ၃၀၀၀၀ ခင်ဗျား ပေးနိုင်သလား'

**ညွန့်**။ ။'သူ့ကို ငွေ ၃၀၀၀၀ ပေးရရင် ကျွန်တော့်မှာ တောင်းစားရုံ ရှိတော့တာပဲ ခင်ဗျာ'

**ရှား**။ ။'ခင်ဗျားက ပေးမယ်လို့ အောက်မေ့သလား'

**ညွန့်**။ ။'ဒါတော့ ဦးစံရှားက ပေးလိုက်ဆိုရင်လဲ ပေးလိုက်ရုံ ရှိတာပါပဲ ခင်ဗျာ၊ ကူညီဖို့များ တတ်နိုင်မလားလို့ ဦးစံရှားဆီ လာရခြင်းဖြစ်ပါတယ် ခင်ဗျာ'

**ရှား**။ ။'မပေးရင် ဘယ့်နှယ်လုပ်မတဲ့လဲ'

**ညွန့်**။ ။'မပေးရင် ကျွန်တော့်ကို လူစဉ်မမီအောင် လုပ်မယ်တဲ့ ခင်ဗျ၊ ဟောဒီမှာ စာကြည့်ပါတော့ခင်ဗျာ'

ထိုအခါ ကျွန်တော်တို့သည် ၎င်းစာကို ကောက်ယူ ဖတ်ရှုကြရာ ၎င်းပြောသည့်အတိုင်းပင် ပါရှိ၍ လက်ရေးမှာမူ မောင်စံရှား အမည်နှင့် ရထားသော စာနှင့် အတူတူပင်ဖြစ်ကြောင်း တွေ့မြင်ကြရလေ၏။

**ရှား**။ ။'သူ့စာထဲမှာ စာပြန်ဖို့ အကြောင်း ပါပါကလားဗျ၊ ဘယ်လိုနည်းနှင့် ဘယ်နေရာကို စာပြန်ရမှာတဲ့လဲ'

**ညွန့်**။ ။'တော်တော် ဉာဏ်များတဲ့လူ ခင်ဗျ၊ ဟောဒီက ခိုရဲ့ ခြေထောက်ကို ငွေပေးနိုင်မပေးနိုင်အကြောင်း စာဆွဲပြီး လွှတ်လိုက်ရမယ်တဲ့ ခင်ဗျ'

ဟု ပြောပြီးနောက် မောင်ထွန်းညွန့်သည် စက္ကူနှင့် ပတ်၍ထားသော အထုပ်တစ်ခုကို ဖြေ၍ပြရာ ၎င်းအတွင်း၌ကား ခိုတစ်ကောင်နှင့်တကွ လှောင်အိမ်တစ်ခုကို တွေ့ရှိရလေ၏။

မောင်စံရှားသည် ချီးမွမ်းသော မျက်နှာထားနှင့် ခိုအိမ်ကို လှမ်းယူ၍ခိုကိုကြည့်ရင်း ...

**ရှား**။ ။'ခင်ဗျား အလုပ်အကိုင်ကတော့ ဘာလုပ်သလဲ'

**ညွန့်**။ ။' ကျွန်တော်က နေရှင်နယ် မီးအာမခံကုမ္ပဏီမှာ မန်နေဂျာ လူကြီးပါ ခင်ဗျာ'

**ရှား**။ ။'အစုစပ်ကုမ္ပဏီပေါ့'

**ညွန့်**။ ။'မှန်ပါတယ်'

**ရှား**။ ။'ကိုင်း ခင်ဗျား ခိုအိမ်ကို ကျုပ်အိမ်မှာ ထားခဲ့ဗျာ၊ ကျုပ်တတ်နိုင်သလောက် ကြည့်ရသေးတာပေါ့၊ ရတ်တရက်လည်း ခင်ဗျားကို လူစဉ်မမီအောင် သူတတ်နိုင်သေးမယ် မထင်ပါဘူး၊ အကြောင်းထူးပြန်လို့ ရှိရင်လဲ ကျုပ်တို့ဆီကို အကြောင်းပြန်သေးတာပေါ့၊ ဟုတ်စ'

**ညွန့်**။ ။'ကောင်းပါပြီခင်ဗျာ၊ ရေတစ်ခွက်လောက် သောက်ပါရစေခင်ဗျာ'

ထိုအခါ ကျွန်တော်သည် အစေခံကိုခေါ်၍ ရေတစ်ခွက်ကို ယူခဲ့စေပြီးနောက် ကိုထွန်းညွန့်အား ပေးစေရာ ကိုထွန်းညွန့်သည် ဖန်ခွက်ကို အစေခံ၏ လက်မှ ယူ၍ သောက်တော့မည့်ဆဲဆဲတွင် ချွင်ခနဲ အသံကို ကြားလိုက်ရပြီးနောက် ဖန်ခွက်မှာ အစိတ်စိတ်အမြွှာမြွှာ ပဲ့ကြေပြီးလျှင် ကိုထွန်းညွန့်၏ လက်မှ လွတ်၍ကျသွားလေ၏။ ကျွန်တော်တို့သည် ထိုအခြင်းအရာကို

မြင်သဖြင့် အံ့သြ၍ မပြီးသေးမီ ကိုထွန်းညွန့်၏ ခြေရင်းမှ မီးတောက်ကလေး တစ်တောက် ထ၍တောက်ပြီးနောက် ရုတ်တရက်ပင် ငြိမ်းသွားလေ၏။

ထိုအခါ ကိုထွန်းညွန့်မှာ ပြင်းထန်စွာ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် သွေးမရှိသလောက် ဖြစ်၍သွားပြီးလျှင် ထိုင်ရာမှ ရုတ်တရက် ခုန်၍ ထလိုက်လေရာ မောင်စံရှားမှာမူ ပြတင်းပေါက်သို့ လျင်မြန်စွာ ပြေးသွားပြီးလျှင် တိုက်ရှေ့ လမ်းတစ်လျှောက် အထက်အောက် မျှော်၍ကြည့်လိုက်ရာ ..

**ကျွန်တော်**။ ။'တိုက်ရှေ့မှာ ဘာများ မြင်ခဲ့သလဲဗျာ'

**ရှား**။ ။'ဘာမှ မတွေ့ရပါဘူးဗျာ၊ ကားတစ်စီးမောင်းသွားတာ မြင်လိုက်ရရဲ့၊ ကိုင်း ကိုထွန်းညွန့် ပြန်ချင်ပြန်ပါတော့ဗျာ၊ အကြောင်းထူးရင်လည်း တယ်လီဖုန်းဆက်လိုက်တာပ၊ ကျုပ်တို့လည်း တတ်နိုင်သလောက် စောင့်ရှောက်ပါမယ်၊ ဒီအတော အတွင်း အနေအထိုင် အသွားအလာကိုသာ တဆိတ်ဆင်ခြင်ပြီး နေပေတော့၊ ဒါထက် ရေတစ်ခွက် ပေးလိုက်ပါဦးဗျာ ကိုသိန်းမောင်'

**ညွန့်**။ ။'ရှိပါစေတော့ခင်ဗျာ၊ တော်ပါပြီ'

ဟု ပြောပြီးလျှင် မောင်ထွန်းညွန့်မှာ ဤတိုက်၌ ထိုင်နေရခြင်းပင်လျှင် ဘေးဥပါဒ်အန္တရာယ် မကင်းဖြစ်သည်ဟု ထင်မှတ်သည့် လက္ခဏာနှင့် တိုက်ပေါ်မှ ပျာယီးပျာယာ ဆင်းသွားလေ၏။ ထိုသို့ ဆင်းသွားပြီးနောက် ...

**ဖေ**။ ။'ဘယ့်နှယ်လဲ ဆရာ ၊ ခုနင်က ဘယ့်နှယ်လဲ'

**ရှား**။ ။'ကျုပ်လည်း မစဉ်းစားတတ်သေးဘူး၊ ဖန်ခွက်လည်း ကွဲတယ်၊ မီးလည်း တောက်တယ်၊ လမ်းမှာလဲ လူမတွေ့ဘူး'

**ကျွန်တော်**။ ။'မျက်လှည့်ပြတာနှင့် တူလိုက်လေတယ် ခင်ဗျာ၊ ဘယ့်နှယ်ဟာပါလိမ့်၊ ဦးထွန်းဖေ လက်ချက်ပေလား မဆိုနိုင်ဘူး'

**ရှား**။ ။'အစစ်ပေါ့ဗျာ၊ သို့သော် ဘယ်လိုနည်းနှင့် စီမံထားတယ်တော့ မပြောတတ်သေးဘူး၊ ကြည့်ရသေးတာပေါ့လေ'

ထိုခဏ၌ တယ်လီဖုန်းနှိုးစက်ပေးသံကြားသဖြင့် ကျွန်တော်သည် သွားရောက်နားထောင်လေရာ ကျွန်တော်မသိသော အသံဖြင့် လူတစ်ယောက်က မောင်စံရှားနှင့်တကွ ကျွန်တော်နှင့် မောင်အုန်းဖေတို့ကိုပါ ထိုညဉ့်ခြောက်နာရီအချိန်တွင် ရှိုင်ရှယ်ဟိုတယ်သို့ ညစာထမင်းစား ကြွရောက်ပါမည့်အကြောင်း ပင့်ဖိတ်သည်ကို ကြားရလေ၏။ ထိုအခါ ကျွန်တော်က ဖိတ်ကြားသူသည် မည်သူဖြစ်သည်ကို မေးမြန်းသောအခါ 'ဦးထွန်းဖေလေ၊ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေပေါ့၊ လာဝံ့လျှင် လာပါလို့ ဦးစံရှားကို ပြောလိုက်ပါဗျာ' ဟု ပြောပြီးနောက် အသံရပ်စဲ၍ သွားလေ၏။

ထိုအခါ ကျွန်တော်မှာမူ လူသတ်မှုနှစ်မှုနှင့် ဝရမ်းပြေး၍နေရသောသူ တစ်ဦးတစ်ယောက်က အစိုးရစုံထောက် အင်စပိတ်တော်ကိုမျှ မကသေး ကျွန်တော်၏ မိတ်ဆွေ စုံထောက်ကြီးဦးစံရှားကိုပါ မထီလေးစားပြုဝံ့လေရော့သလားဟု အောက်မေ့လျက် မောင်စံရှားအား အကျိုးအကြောင်းကို ပြန်ပြောသည်တွင် မောင်စံရှားသည် လာဝံ့လျှင် ဟူသော စကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ဆတ်သောမြင်းကို ကြိမ်နှင့် တို့လိုက်ဘိသည့်အလား မခံချင်သော မျက်နှာထားနှင့် ..

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုအုန်းဖေ၊ သွားမှထင်တယ်'

**ဖေ**။ ။'ရာဇဝတ်ကောင်က ကျွေးတဲ့ ထမင်းကို သွားပြီးစားလို့ တော်ပါ့မလားဆရာ၊ သို့သော် ဆရာသွားချင်လို့ ရှိရင် ကျွန်တော်တော့ လိုက်ရတာပေါ့ဆရာ'

**ရှား**။ ။'သွားစမ်းကြစို့လေဗျာ၊ ဒီလူကြီး လုပ်ပုံဟာ တယ်ပြီး ယားကျိကျိ ရှိလှတယ်၊ ဘယ့်နှယ်ရှိရှိ သွားကြစို့ဗျာ'

၎င်းနေ့ည ၈ နာရီ တိတိအချိန်၌ ကျွန်တော်နှင့် မောင်စံရှားတို့သည် ရှိုင်ရယ်ဟိုတယ်ရှေ့၌ မော်တော်ကားကို ရပ်စေပြီးနောက် ကားပေါ်မှဆင်းသက်ကြ၍ မောင်စံရှားသည် ကုန်သည်လမ်းအထက်အောက် မျှော်ကြည့်လိုက်သည်တွင် အရပ်ဝတ်အရပ်စားနှင့် ပုလိပ်အရာရှိများသည် ဈေးဆိုင်ရှေ့လမ်းကြားအနီး၊ ကွမ်းယာဆိုင် စသည်တို့၌ မလိမ့်တစ်ပတ် တန့်ရပ်ကာ စောင့်ဆိုင်းလျက် ရှိနေကြသည်ကို တွေ့မြင်ရသဖြင့် 'ကျုပ်တို့လူ ကိုအုန်းဖေကဖြင့် တော်တော်စီစဉ်ထားလိုက်ပေသကိုးဗျ' ဟု ပြောပြီးနောက် ဟိုတယ်တွင်းသို့ ဝင်သွားကြလေ၏။

အတွင်းသို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် ကိုအုန်းဖေနှင့်တွေ့၍ ကိုအုန်းဖေက မိမိ၏ တပည့်များအား ဦးထွန်းဖေ၏ ရုပ်လက္ခဏာကို ဓာတ်ပုံနှင့်တကွ သေချာစွာ ပေးထားခဲ့ပြီးလျှင် လမ်းဆုံလမ်းခွပြီးတို့မှ စောင့်ဆိုင်း၍ ဖမ်းဆီးရန် မှာထားခဲ့ကြောင်းနှင့် ပြောဆိုပြီးနောက် မန်နေဂျာ၏အခန်းသို့ သွားရောက်မေးမြန်းကြလေ၏။ ဟိုတယ်မန်နေဂျာလည်း ကျွန်တော်တို့ လာရောက်သောအခါ ကောင်းမွန်စွာ ဧည့်ခံပြုစု၍ထားနှင့်ရန် လူတစ်ယောက်က ကြေးနန်းငွေနှင့်တကွ အပ်နှင်း မှာထားခဲ့ကြောင်းနှင့် ပြောဆို၍ ဘွိုင်ကုလားတစ်ယောက်ကို ခေါ်ပြီးလျှင် ကျွန်တော်တို့ကို ဟိုတယ်၏ တစ်ခုသောထောင့်၌ သီးသန့်ပြင်ဆင်၍ထားသော စားပွဲ၌ နေရာထိုင်ခင်းပေးလေ၏။

ကျွန်တော်တို့သည် စားပွဲတွင်ထိုင်ကာ အရက်အနည်းငယ်ကို သောက်ကြရင်း နာရီကို ကြည့်လိုက်သောအခါ ၈ နာရီနှင့် ၁၅ မိနစ် ရှိနေကြောင်းကို တွေ့မြင်ရသဖြင့် ...

**ဖေ။** ။'ဘယ့်နှယ်လဲ၊ ကျုပ်တို့လူ လာပါဦးမလားဗျာ၊ တစ်ပတ်ရိုက်လိုက်တာများဖြစ်နေပါ့မယ်၊ ကျွန်တော်တို့က ဒီမှာနေတုန်း သူက ကိုထွန်းညွန့်ကို ကြံချင်သလို ကြံစည်နေမှဖြင့် အကျိုးနည်းတော့တာပဲ ဆရာ'

**ရှား။** ။'မထူးပါဘူး ကိုသိန်းမောင်၊ ကျုပ်တို့တော့ အိမ်မှာပဲ နေနေ၊ ဟိုတယ်မှာပဲ ထမင်းစားနေနေ၊ သူကြံချင်တာ ကြံစည်နေနိုင်တာပါပဲ၊ သို့သော် ကျုပ်တော့ ကျုပ်တို့လူ လာလိမ့်မယ်လို့ ထင်တယ်'

ထိုခဏ၌ ဘွိုင်ကုလားသည် အခန်းငယ်အတွင်းသို့ ဝင်လာ၍ တယ်လီဖုန်းမှ စံရှားဆပ်နှင့် စကားပြောလိုကြောင်း ပြောသည်နှင့် မောင်စံရှားသည် တယ်လီဖုန်း ရှိရာသို့ လိုက်သွားလေ၏။ ၎င်းပြန်လာသောအခါ ဦးထွန်းဖေက အရေးကြီးသောကိစ္စကလေး တစ်ခု မပြီးသေးသဖြင့် ထမင်းစားနှင့်ကြရန်၊ အကြောင်းကိစ္စမှာ ငါးမိနစ်ထက်ပို၍ မကြာနိုင်မည်ဖြစ်၍ ပြီးလျှင် ပြီးချင်း လာရောက်မည့် အကြောင်းကို မှာကြားလိုက်ကြောင်းနှင့် ပြန်ပြောလေ၏။

**မောင်။** ။'ဒါဖြင့် တကယ်များ လာဦးမှာလား ဆရာ'

**ရှား။** ။'ကျုပ်တော့ဖြင့် လာလိမ့်မယ် ထင်တယ်၊ ကိုင်း စားနှင့်ကြစို့ဗျာ'

ကျွန်တော်တို့သည် ဘွိုင်ကုလားကို အမိန့်ပေးပြီးနောက် စွတ်ပြုတ်တစ်ပွဲကို သောက်မိကြသည်နှင့် တစ်ပြိုင်နက် ဟိုတယ်တွင်းမှ 'ဖောင်း ဖောင်း ဂွမ်း ဒိုင်း' အစရှိသော အသံများကို မရပ်မနား ကြားရပြီးနောက် ကျွန်တော်တို့၏ ဦးခေါင်းပေါ်မှ ဓာတ်မီးများသည် ကွဲ၍ တစ်ခန်းလုံး မှောင်နှင့်မည်းမည်း ရှိနေလေ၏။ အခန်းမကြီးအတွင်း၌လည်း ဥရောပတိုက်သား ယောကျာ်း၊ မိန်းမများ ထမင်းစားလျက် ရှိကြရာ အဆိုပါအသံများကို ကြားရသည်နှင့် တစ်ပြိုင်နက် မိန်းမတို့သည် ထိတ်လန့်သောအမူအရာနှင့် အော်ဟစ်ခုန်ပေါက်ကာ ရှိနေကြသည်ကို မှောင်မိုက်ကြီးအတွင်း ကြားကြရလေ၏။

အောက်ပါ အဖြစ်အပျက်တို့မှာ မောင်စံရှားက ကိစ္စပြီးစီးသော အခါမှ ကျွန်တော့်အား ပြော၍ပြသော အဖြစ်အပျက်များ ဖြစ်လေသည်။

ယင်းကဲ့သို့ ဟိုတယ်တစ်ခုလုံး မှောင်နှင့်မည်းမည်း ရှိနေသည့်အခိုက်တွင် မောင်စံရှားသည် ကျွန်တော်တို့နှစ်ယောက်အား ထိုင်ရာမှ မထဘဲ ငြိမ်ဝပ်စွာထိုင်နေကြရန် အမိန့်ပေးပြီးလျှင် အိတ်တွင်း၌ မီးခြစ်ကို နှိုက်ယူမည်ပြုသည်နှင့် တစ်ပြိုင်နက် အေးစက်စက်ရှိသော အရာဝတ္ထုတစ်ခုသည် မောင်စံရှား၏ လည်ကုပ်ကို ရုတ်တရက် ထိကပ်၍

'ကိုင်း၊ ကျုပ်ရောက်ပါပြီ ကိုစံရှားဗျား၊ မလှုပ်နဲ့နော်၊ တဆိတ်ကလေး၊ လှုပ်ရင် ပစ်လိုက်မယ် ကြားလား'

ဟု မောင်စံရှား၏ နားသို့ကပ်၍ တီးတိုးပြောသောအသံကို ကြားရလေလျှင် မောင်စံရှားမှာ ထိုသူကား အခြားလူမဟုတ်၊ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေပင် ဖြစ်ကြောင်းကို သိရှိရလေ၏။

မောင်စံရှားမှာလည်း အသက်ဘေးအတွက် စိုးရိမ်ခြင်းထက် အံ့သြခြင်းက ပိုမိုသည်ဖြစ်၍ မလှုပ်မရှားဘဲ ငြိမ်ဝပ်စွာ ရှိနေလေရာ ဦးထွန်းဖေက ဆက်လက်၍

**ထွန်း။** ။'အပြင်မှာ ဆူနေကြတာတွေ ကြားရဲ့လား၊ ဒီဟာ ကျုပ်လူများ လက်ချက်ပဲ၊ ခင်ဗျားတို့တော့ ဒီမှာ အချုပ်မိနေပြီ၊ မလှုပ်နှင့်နော် ကိုစံရှား၊ ခင်ဗျားလူများကို လက်ကုတ်လား ဘာလား မလုပ်လေနှင့်၊ လုပ်ရင် ကျုပ်က ညှာမှာ မဟုတ်ဘူး၊ ခင်ဗျား လည်ချောင်းထဲကို ကျည်ဆန်နှစ်တောင့်ပြူး သွင်းလိုက်မယ် သိလား၊ ပြောတာကိုသာ နားထောင်၊ ခင်ဗျားက ဘာမှ ပြန်ပြီး မဖြေနှင့် ကြားရဲ့လား'

ထိုခဏ၌ ခန်းမကြီးအတွင်း စားပွဲထိုင်လျက်ရှိကြသော အင်္ဂလိပ်များသည် အင်္ဂလိပ်ဘာသာဖြင့် ထိတ်လန့်ကာ 'နားသန်သီးကို လူဖြုတ်ပါပြီ၊ လက်ကောက်ကို လုယူသွားပါပြီ၊ ရင်ထိုးကို လုသွားပါပြီ' စသည်ဖြင့် ဆူညံစွာ ဟစ်အော်လျက် ရှိကြသည်ကို ကြားကြရလေ၏။ ကျွန်တော်မှာမူ မောင်စံရှား၏ ပထမအမိန့်အတိုင်း ကုလားထိုင်၌ မလှုပ်မရှား ငြိမ်ဝပ်စွာ ထိုင်၍စောင့်နေရလေ၏။

ထိုခဏ၌ အင်စပိတ်တော် ကိုအုန်းဖေသည် ထိုင်ရာမှ ရုတ်တရက်ထ၍ 'အခန်းမကြီးထဲမှာ လုကုန်ပြီတဲ့ဆရာ၊ အို ဆရာ၊ ဆရာ ဘယ်ကလဲ' ဟု ဟစ်အော်ခေါ်ငင်လေရာ မောင်စံရှားသည် ယောင်ရမ်းကာ ထူးလိုက်တော့မည် ပြုသည်တွင် ခြောက်လုံးပြူး သေနတ်သည် လည်ကုပ်၌ ရှေးကထက် နီးကပ်စွာ ဖိနှိပ်လိုက်သည်ကို ခံစားရသဖြင့် သတိရ၍ တိတ်ဆိတ်စွာ ရှိနေရပြန်လေ၏။ ထိုအခါ ဦးထွန်းဖေက ဆက်လက်၍

**ထွန်း။** ။'ကိုစံရှားရဲ့၊ ခင်ဗျားလူ ကိုထွန်းညွန့်ဟာ ကျုပ်တို့ တောင်းတဲ့ငွေကို မြန်မြန်ပေးပါစေဗျ၊ တစ်နေ့ထက်တစ်နေ့ ဈေးတက်တက်ပြီး သွားလို့ နောက်ဆုံးတစ်နေ့ကျတော့ မပေးဘဲလည်း မနေရဘဲနှင့် အမျိုးသား မီးအာမခံကုမ္ပဏီလေး အလကား ပျက်စီးသွားလိမ့်မယ်ဗျ'

ထိုခဏ၌ အင်စပိတ်တော် ကိုအုန်းဖေသည် မီးခြစ်ဘူးကို တွေ့ရှိသဖြင့် မီးခြစ်တစ်ဆံကို ရုတ်တရက်ခြစ်ပြီးလျှင် မောင်စံရှား ရှိရာသို့ ကြည့်လိုက်ရာ မောင်စံရှား၏နောက်တည့်တည့်၌ကပ်ကာ ရပ်လျက်ရှိသောသူကို မြင်သဖြင့် 'အောင်မယ် ကိုထွန်းဖေ ပါကလားဗျို့' ဟု ယောင်ရမ်းကာ အော်လိုက်လေ၏။

ယင်းကဲ့သို့ အော်ဟစ်၍မျှ အသံမဆုံးမီ မောင်စံရှားသည် မိမိ၏ ဘေးကို မြင်သည်ဖြစ်၍ ကုထားထိုင်မှ မထဘဲ နံဘေးလိုက် ကြမ်းပေါ်သို့ ပစ်လှဲပြီးလျှင် ဦးထွန်းဖေ၏ ခြေထောက်ရှိလောက်ရာသို့ လက်နှစ်ဖက်ဖြင့် သိမ်းကြုံး၍ဖက်လိုက်ရာ ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားရပြီးနောက် ကျည်ဆံသည် မောင်စံရှား၏ ပါးပြင်ကို ရှပ်၍သွားလေ၏။

ထိုအခါ မောင်စံရှားသည် မှောင်မိုက်ထဲ၌ ခြေနှစ်ဖက်ကို ကိုင်ဖမ်းမိသဖြင့် စေ့စေ့ပါအောင် ညှစ်ပြီးလျှင် ထိုသူကို ကြမ်းပေါ်သို့ ဘိုင်းခနဲ လဲစေလေရာ ကိုအုန်းဖေက မီးခြစ်ဆံကို ထပ်မံခြစ်ကြည့်သော အခါမှ ဦးထွန်းဖေမဟုတ် ဘွိုင်ကုလား ဖြစ်နေကြောင်း သိရသဖြင့် လွှတ်လိုက်ရလေ၏။

၎င်းနောက် ဘွိုင်ကုလားများ၊ စာရေးများနှင့် မန်နေဂျာတို့ပါ မီးအိမ်များနှင့် အခန်းမကြီးတွင်းသို့ ရောက်လာကြ၍ အကျိုးအကြောင်း မေးမြန်းကြသောအခါ ဓာတ်မီးများသည် အားလုံးကွဲလျက် ရှိသည်ကို တွေ့ကြရသည့်ပြင် များစွာသော အင်္ဂလိပ်မတို့မှာ လက်ဝတ်လက်စားများ လုယူခြင်း ခံရသဖြင့် ပျောက်ဆုံးလျက် ရှိကြောင်း သိရှိရလေ၏။

ကျွန်တော်နှင့် မောင်စံရှား၊ မောင်အုန်းဖေတို့လည်း ဟိုတယ်မှ စိတ်ပျက်ပျက်နှင့် ထွက်၍လာကြသောအခါ ၄၂ လမ်း၌ တိုက်ကြီးတစ်တိုက်ကို မီးလောင်လျက် ရှိကြောင်းတွေ့ရှိကြရလေ၏။ မီးလောင်ရာသို့ သွားရောက်ကြ၍ မောင်အုန်းဖေသည် တိုက်ရှင်ကို တွေ့အောင်ရှာပြီးလျှင် အကျိုးအကြောင်းမေးမြန်းသည့်အခါ တိုက်ရှင်က မီးလောင်ခြင်း၏ အစမှာ အလွန်တရာ ထူးဆန်းကြောင်း၊ မိမိတို့သည် ညစာထမင်းစားပြီးသဖြင့် အိမ်ရှေ့ခန်း၌ ထိုင်၍နေကြစဉ် မီးလုံးကြီးတစ်လုံး ပြတင်းပေါက်မှ

ဝင်လာပြီးလျှင် တစ်ခန်းလုံး အနံ့အပြား လောင်ကျွမ်းသွားသဖြင့် မည်သည့်ပစ္စည်းကိုမျှ မယူငင်နိုင်ဘဲ လက်မဲ့ ထွက်ပြေးကြရကြောင်း။ သို့ရာတွင် မိမိတိုက်မှာ မီးအာမခံထားသဖြင့် အရေးမကြီးလှကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ မောင်စံရှားက မည်သည့်မီးအာမခံကုမ္ပဏီ၌ မီးပေါင်ထားပါသနည်းဟု မေးမြန်းသောအခါ တိုက်ရှင်က အမျိုးသားမီးအာမခံကုမ္ပဏီ၌ မီးပေါင်ထားကြောင်း ပြန်ပြောသည်တွင် မောင်စံရှားက 'ကျုပ် အထင်သားပဲ' ဟု ပြန်ပြောလိုက်သဖြင့် တိုက်ရှင်လည်း အံ့အားသင့်စွာနှင့် ကျန်နေရစ်လေ၏။

လမ်းခရီးသို့ ရောက်သောအခါ မောင်စံရှားက မောင်အုန်းဖေအား ဤအမှုအကြောင်းကို စဉ်းစားလိုသေးသည်ဖြစ်၍ မနက်ဖြန်မှ တွေ့ကြရန် ပြောဆိုသည်တွင် မောင်အုန်းဖေလည်း မိမိအစောင့်ထားခဲ့သော လူများကို စစ်ဆေးရန် ထွက်သွားလေ၏။

ထိုည၌ မောင်စံရှားသည် ကျွန်တော့်အားလည်း စကားတစ်ခွန်းမျှ မပြောဘဲ ဖန်ခွက်တစ်ခုကို စားပွဲပေါ်တွင် တင်ပြီးလျှင် အနီး၌ ကုလားထိုင်ပေါ်မှ တယောကို ကြိုးအမျိုးမျိုးညှိ၍ ထိုးနေသည်ကိုသာလျှင် မြင်ရသည်ဖြစ်သောကြောင့် ကျွန်တော်သည် နားငြီးလှသည်နှင့် အိပ်ရာသို့ ဝင်၍ အိပ်လေ၏။

နံနက်လင်း၍ အိပ်ရာမှ ထ၍လာသောအခါ မောင်စံရှားသည် စားပွဲ၌ထိုင်လျက် ယမန်နေ့ညက အဝတ်အစားနှင့်ပင် ရှိနေသေးရာ

**ကျွန်တော်**။ ။'ဘယ့်နှယ်လဲ ကိုစံရှား၊ ခင်ဗျား တစ်ညလုံး မအိပ်ဘူးလား'

**ရှား**။ ။(ဦးခေါင်းယမ်းလျက်) 'ဟင့်အင်း'

**ကျွန်တော်**။ ။'ဘာလုပ်နေတာလဲဗျ'

**ရှား**။ ။'စုံစမ်းစရာကလေး တစ်ခု ရှိနေလို့ဗျာ'

**ကျွန်တော်**။ ။'နေရာကျပြီလား'

**ရှား**။ ။'ကျပါပြီ၊ ကြည့်ချင်ရင် ဖန်ခွက်တစ်ခု ယူခဲ့စမ်းဗျာ'

ထိုအခါ ကျွန်တော်သည် ဖန်ခွက်တစ်ခုကို ယူခဲ့၍ စားပွဲပေါ်၌တင်ထားရာ မောင်စံရှားသည် တယောကိုကောက်ယူ၍ လေးချောင်းသော ကြိုးတို့အနက် နှစ်ချောင်းကို ခပ်အအ အသံဖြစ်အောင် လက်ဖြင့် မထိတထိပိတ်၍ လေးကြိုးပြိုး တစ်ပြိုင်နက် ထိုးလိုက်ရာ ဖန်ခွက်သည် ဖျတ်ခနဲမြည်၍ ကွဲသွားလေ၏။ ထိုအခြင်းအရာကို ကျွန်တော်သည် အံ့သြစွာနှင့် ကြည့်နေသည်။

**ရှား**။ ။'ဂျာမနီပြည်က ပရော်ဖက်ဆာကြီးတစ်ဦးရေးတဲ့ စာအုပ်တစ်အုပ်ကို ကျုပ်ဖတ်ရဖူးတယ်၊ ဖတ်တုန်းကတော့ မယုံ့တယုံပဲ၊ ခုတော့မှ တစ်ညလုံးစမ်းကြည့်မိလို့ ယုံပေပြီဗျာ'

**ကျွန်တော်**။ ။'သြော် ဦးထွန်းဖေတို့က ဒီဉာဏ်ကိုးဗျ၊ နို့ ဟိုတုန်းက ဘာသံမှ မကြားရပါကလားဗျ'

**ရှား**။ ။'အသံဆိုတာ ကြားရတဲ့ အသံလည်း ရှိတယ်ဗျ၊ မကြားရတဲ့ အသံလည်း ရှိတယ်ဗျ၊ ကျုပ်တို့ ခင်ဗျားတို့ နားက အင်မတန် ထင်ရှားလာတဲ့ အသံကိုမှ ကြားရတာကိုး ... သို့သော် ... '

ထိုခဏ၌ တံခါးကို ခေါက်သံကြားသဖြင့် ကျွန်တော်သည် သွားရောက်ဖွင့်ပေးလေလျှင် ယမန်နေ့က ကိုထွန်းညွန့်သည် တုန်လှုပ်သော အမူအရာနှင့် အိမ်ခန်းတွင်းသို့ တိုးဝင်လာရာ ၎င်း၏နောက်မှ အင်စပိတ်တော် မောင်အုန်းဖေလည်း ထက်ကြပ်ပါလာလေ၏။

ကုလားထိုင်တွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ကိုထွန်းညွန့်က ဦးစံရှား၏စကားကို နားထောင်မိသည့်အတွက် မိမိမှာ အကျိုးကျေးဇူး နစ်နာဆုံးရှုံးရခြင်း ခံရပြီဖြစ်ကြောင်း၊ ယမန်နေ့ညက ၄၂ လမ်း၌ တိုက်ကို မီးလောင်ခြင်းမှာ ဦးထွန်းဖေတို့ လူစု၏ လက်ချက်ဖြစ်၍ ၎င်းတိုက်မှာ ငွေ ၅၀၀၀၀ိ နှင့် မိမိ၏ ကုမ္ပဏီ၌ မီးပေါင်ထားပြီးဖြစ်ကြောင်း၊ အကယ်၍ ဦးထွန်းဖေ တောင်းခံသည့်အတိုင်း မူလက ပေးလိုက်ရပါမူ ဤမျှလောက်နစ်နာဆုံးရှုံးခြင်း ဖြစ်ရမည်မဟုတ်ကြောင်းများနှင့် ညည်းညူ ပြောဆိုလေ၏။ မောင်စံရှားလည်း ကိုထွန်းညွန့်၏ မြည်တွန်ခြင်းတို့ကို ခပ်ပြုံးပြုံးမျက်နှာထားနှင့် နားထောင်လျက်ရှိရာ အင်စပိတ်တော် မောင်အုန်းဖေက ..

**ဖေ**။ ။'ကျွန်တော် အကြံတစ်ခု ပေါ်လာတယ် ဆရာ '

**ရှား**။ ။'ဘာများလဲဗျာ'

**ဖေ**။ ။'မနေ့က အင်္ဂလိပ်လေယာဉ်ပျံ တစ်စင်း ရန်ကုန်မှာ ဆိုက်ရောက်လာတယ် ဆရာ'

**ရှား**။ ။'သည်တော့ ဦးထွန်းဖေဆီက ခိုကို လွှတ်ကြည့်ပြီး လေယာဉ်ပျံနှင့် လိုက်ကြည့်ရရင် ဦးထွန်းဖေတို့ ပုန်းနေတဲ့ နေရာကို သိနိုင်ရဲ့လို့ ခင်ဗျားက ဆိုချင်တယ် မဟုတ်လား'

**ဖေ**။ ။'ဟုတ်တယ်ဆရာ'

**ရှား**။ ။'လေယာဉ်ပျံကို ခင်ဗျား ရအောင် ငှားနိုင်ရင် စမ်းကြည့်တာပေါ့ဗျာ'

**ဖေ**။ ။'ပုလိပ်မင်းကြီးကိုယ်တိုင် စာရေးပြီးငှားရင် ရလောက်ပါရဲ့ဆရာ၊ ဒါဖြင့် ဘယ်တော့ စမ်းကြည့်မလဲ'

**ရှား**။ ။'ဒီကနေ့ရရင် ဒီကနေ့ စမ်းတာပေါ့ဗျာ'

**ဖေ**။ ။'ကောင်းပြီဆရာ၊ ဒါဖြင့် ကျွန်တော် ပြေးပြီး စီမံလိုက်ဦးမယ်'

**ရှား**။ ။'ကိုထွန်းညွန့်ကော လိုက်ကြည့်ဦးမယ် မဟုတ်လား'

**ညွန့်**။ ။'ခိုလွှတ်တဲ့ အချိန်ကျတော့မှ ကျွန်တော် လာခဲ့မယ်၊ ယခုတော့ ကိစ္စကလေး တစ်ခု ရှိသေးလို့ ပြန်ပါရစေဦးခင်ဗျာ'

၎င်းနောက် မောင်အုန်းဖေနှင့် ကိုထွန်းညွန့်တို့သည် တိုက်ပေါ်မှ ဆင်းသွားကြလေ၏။

၎င်းနေ့ နာရီပြန် တစ်ချက် အချိန်ခန့်တွင် မောင်အုန်းဖေနှင့် မောင်ထွန်းညွန့်တို့သည် ကျွန်တော်တို့ထံ ပြန်လာကြလေရာ မောင်အုန်းဖေက ပုလိပ်မင်းကြီးအမိန့်နှင့် လေယာဉ်ပျံကို ငှားရမ်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားလေ၏။ ထိုအခါ မောင်စံရှားက ခို၏ခြေထောက်တွင် ချည်၍လွှတ်ရန် စာကို မောင်ထွန်းညွန့်အား ရေးသားစေရာ မောင်ထွန်းညွန့်က အောက်ပါအတိုင်း စာတစ်စောင် ရေးသားလေ၏။

**"တောင်းခံသည့်ငွေကို ပေးပါတော့မည်။ မည်သို့နည်းနှင့်မည်သည့်နေရာသို့ ငွေပို့ရမည်ကို အကြောင်းပြန်ကြားပါ"**

၎င်းနောက် ကျွန်တော်တို့ လေးဦးသည် လေယာဉ်ပျံ ထားရာဖြစ်သော မြင်းတာပါတ်ကွင်းသို့ ခိုနှင့်တကွ သွားရောက်ကြလေ၏။ လေယာဉ်ပျံ မောင်းသမားလည်း အဆင်သင့်စောင့်ဆိုင်းလျက် ရှိရာ မောင်စံရှားသည် ခိုကို လှောင်အိမ်မှ ထုတ်ယူပြီးနောက် ယခင်က စာကို ခြေထောက်တွင် ချည်နှောင်ကာ အသင့်ပြီးစီးအောင် စီမံ၍ထားလေ၏။ ထို့နောက် လေယာဉ်ပျံသည် ကောင်းကင်သို့ပျံတက်လေရာ ကောင်းကင်သို့ ရောက်၍အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ခိုကို လွှတ်လိုက်လေ၏။ လက်မှ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခိုသည် အနည်းငယ် ရစ်ဝဲကာ ပျံသန်းပြီးနောက် မြောက်စူးစူး အရပ်သို့ ပျံသွားလေ၏။ လေယာဉ်ပျံလည်း ၎င်း၏နောက်သို့ မီအောင် လိုက်လေ၏။ ထိုအခါ ကျွန်တော်တို့မှာ ဤတစ်ကြိမ်၌ကား ဦးထွန်းဖေ ပုန်းအောင်းရာ အရပ်ကို သိရချေတော့မည်ဟု အောက်မေ့မျှော်လင့်လျက် မောင်အုန်းဖေ မှာလည်း ဝမ်းမြောက်ဝမ်းသာဖြင့် လက်နစ်ဖက်ကိုပွတ်ကာ

'နေရာကျပြီ ဆရာရေ့၊ နေရာကျပြီ ကိုသိန်းမောင်ရေ'

ဟု ပြောဆိုလျက် ရှိသည်။ ခိုသည် လွှတ်ရာအရပ်မှ နှစ်မိနစ်ခန့် ပျံမိသည်နှင့် တစ်ပြိုင်နက် ခို တစ်ကောင် နှစ်ကောင် သုံးကောင် စသည်တို့သည် ကောင်းကင်၌ ပေါ်၍လာကြလေ၏။ ကျွန်တော်တို့ ကြည့်၍နေသည့် အတွင်း ခိုအရေအတွက်သည် တိုး၍တိုး၍လာလေရာ နောက်ဆုံး၌ ကောင်းကင်တစ်ပြင်လုံး ခိုများနှင့် ပြည့်၍နေသည်ဖြစ်သောကြောင့် လေယာဉ်ပျံမောင်းသမားသည် မျက်စိရှုပ်ထွေးပြီးလျှင် မည်သည့်နောက်သို့ လိုက်ရမည် မသိနိုင်ဘဲ တာပတ်ကွင်းသို့ ပြန်လာခဲ့ရလေ၏။

**ရှား**။ ။(ခပ်ပြုံးပြုံးမျက်နှာနှင့်) 'ဘယ့်နှယ်လဲ ကိုအုန်းဖေ'

**ဖေ**။ ။'ဟုတ်ပါရဲ့ ဆရာ၊ လေယာဉ်ပျံနှင့် လိုက်မယ့်အကြောင်းကို ဘယ်သူကများ သွားပြီး သတင်းပေးလိုက်ပါလိမ့်မယ်ဆရာ'

**ညွန့်**။ ။'ခက်လိုက်လေတယ် ခင်ဗျာ၊ တစ်ခါဖြင့် ကျွန်တော်တို့ ကုမ္ပဏီမှာ ငါးပါးကြီး မှောက်တော့မှာပဲ ခင်ဗျာ၊ ဘယ့်နှယ်လုပ်ရပါမယ် ခင်ဗျာ၊ ခိုလွှတ်ဖို့လည်း မရှိဘူး၊ တစ်နေ့ထက်တစ်နေ့ ကြေးတိုးတိုးပြီးတောင်းတော့မှာပါပဲ ခင်ဗျာ'

**ရှား**။ ။'နေပါဦးလေ၊ ကိစ္စမရှိပါဘူး၊ ကျုပ်တို့ ကြံပါဦးမယ်'

**ညွန့်**။ ။'ခင်ဗျားတို့ကြံတာက နောက်၊ ကျွန်တော် ပျက်စီးတာက အရင် ဖြစ်နေလိမ့်မယ် ထင်တယ်၊ ဒီကနေ့ဆိုရင် ဘယ်တိုက်ကို သူတို့ မီးရှို့ဦးမယ် မဆိုနိုင်ဘူး'

**ရှား**။ ။'မရှို့သေးပါဘူးဗျာ၊ ခင်ဗျား စာထဲမှာ တောင်းတဲ့အတိုင်းပေးပါ့မယ်လို့ ရေးလိုက်တယ် မဟုတ်လား၊ ပြန်စာရပါလိမ့်ဦးမယ် ထင်တယ်၊ ကိုင်း ကိုင်း ပြန်ကြဦးစို့ဗျာ၊ ပြန်စာ ရရင်လဲ ကိုထွန်းညွန့်က ကျုပ်တို့ အိမ်ကို ချက်ချင်းရောက်အောင် လာခဲ့ပေတော့ '

ကျွန်တော်တို့ လေးဦးသည် မြို့တွင်းသို့ အတူတကွ ပြန်လာကြရာ စတော့ကိတ်လမ်း ( ယခု သိမ်ဖြူလမ်း ) သို့ ရောက်သောအခါ ခွဲခွာ၍ သွားကြလေ၏။ အတန်ငယ် သွားမိသောအခါ မောင်စံရှားသည် ရုတ်တရက် အကြံတစ်ခု ရ၍ တန့်ရပ်ပြီးလျှင် ..

**ရှား**။ ။'ကိုသိန်းမောင်၊ တစ်ခု လုပ်ပေးစမ်းဗျာ'

**ကျွန်တော်**။ ။'ဘာလဲဗျာ'

**ရှား**။ ။'ကိုထွန်းညွန့် နောက်ကို မယောင်မလည်လိုက်သွားပြီး တိုက်ရှေ့ကို ရောက်တော့ လူဝင်လူထွက်များကို အမှတ်မဲ့ကြည့်ခဲ့စမ်းဗျာ'

ထိုအခါ ကျွန်တော်သည် ကိုထွန်းညွန့်က မော်တော်ကား တစ်စင်းသို့ တက်သွားသည်ကို မြင်သဖြင့် အခြားကားတစ်စင်းနှင့် လိုက်လေ၏။

ကိုထွန်းညွန့်၏ မော်တော်ကားရပ်၍ ကိုထွန်းညွန့် ကားပေါ်မှ ဆင်းသောအခါ ကျွန်တော်သည် မော်တော်ကားကို အနည်းငယ် ကျော်လွန်၍ မောင်းစေပြီးမှ ရပ်စေပြီးလျှင် ကားပေါ်မှ ဆင်း၍ ကိုထွန်းညွန့်၏ တိုက်ရှေ့မှ ရပ်၍ စောင့်နေလေ၏။

နာရီဝက်ခန့် စောင့်ဆိုင်းပါသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ထွက်ခြင်းပြုသည်ကို မတွေ့မြင်ရလေရာ ကိုထွန်းညွန့်သည် တိုက်ပြင်သို့ ရုတ်တရက် ထွက်လာပြီးလျှင် လန်ချားတစ်စီးကို ခေါ်၍ စီးနင်းသွားလေ၏။ ကျွန်တော်လည်း အခြားလန်ခြားတစ်စီးနှင့် မနီးမဝေးမှ လိုက်လေ၏။ ကျွန်တော်တို့ နေထိုင်ရာ လမ်း ၄၀ သို့

ရောက်သောအခါ ကိုထွန်းညွန့်သည် လန်ချားပေါ်မှ ဆင်း၍ တိုက်ပေါ်သို့ တက်သွားလေရာ ကျွန်တော်လည်း လန်ချားကို လွှတ်လိုက်ပြီးနောက် တိုက်ပေါ်သို့ တက်လာခဲ့လေ၏။

ကိုထွန်းညွန့်လည်း မောင်စံရှားအား စာတစ်စောင်ကို ပြသလျက် ရှိရာ ၎င်းမှာ ဦးထွန်းဖေထံမှ ဖြစ်၍ အောက်ပါအတိုင်း ပါရှိလေ၏။

**ပြန်စာကိုရပါ၏။ ငွေကိုယနေ့ညနာရီပြန်တစ်ချက်အချိန်တွင် ပြည်လမ်းအရှေ့ဘက်ဂေါက်ကလပ်အနီး စစ်ကွင်းကြီး အလည်ဗဟိုရှိ ဂေါက်ရိုက်သော တွင်းငယ်သို့ တစ်ယောက်တည်း လာ၍ထည့်ပါ။ အဖော်ပါလျှင်လည်း အတွက်မရှိ။ သို့ရာတွင် ငွေထားရမည့် နေရာနှင့် ကိုက် ၃၀၀ အတွင်းသို့ လူအဖော်မပါဘဲ တစ်ယောက်တည်း လာရမည်။ အဖော်ပါလျှင် နစ်နာလောက်အောင် စီရင်လိမ့်မည်။**

စာကိုဖတ်ကြပြီးနောက် ...

**ရှား**။ ။'ဒီစာဟာ ခင်ဗျားလက်ကို ဘယ်နည်းနှင့် ရောက်သလဲ'

**ညွန့်**။ ။'အိမ်ကို ကျွန်တော်ပြန်ရောက်ပြီးတဲ့နောက် ပြတင်းပေါက်က မျှော်ကြည့်နေတုန်း တိုက်ရှေ့မှာ ကားတစ်စီးရပ်ပြီး လူတစ်ယောက် ကားပေါ်က ဆင်းလာ၊ ကျွန်တော့်မျက်နှာ မော့ကြည့်ပြီး စာကို တိုက်ရှေ့မှာ ချသွားတယ်'

**ရှား**။ ။(ကျွန်တော့်အား ကြည့်လျက်) 'ဒီတော့ကာ ကိုထွန်းညွန့်က တိုက်ပေါ်ကဆင်းပြီး ကောက်ယူရောလား'

**ညွန့်**။ ။'ဟုတ်ပါတယ်'

**ရှား**။ ။'သူတို့တောင်းတဲ့ငွေကို ဒီကနေ့ ခင်ဗျားရအောင် ရှာနိုင်ပါ့မလား'

**ညွန့်**။ ။'ရအောင် မရှာရင် ဘယ့်နှယ်လုပ်မလဲ ခင်ဗျာ၊ ကုမ္ပဏီက ဒါရိုက်တာ လူကြီးများက ကုမ္ပဏီနစ်နာဆုံးရှုံးခြင်းဖြင့် မခံပါရစေနှင့်၊ သူတို့ တောင်းတဲ့ငွေကို ကုမ္ပဏီကပဲ စိုက်ထုတ်ပြီး ပေးပါရစေတော့လို့ အတန်တန် တိုက်တွန်းပြီးနေပါတယ်၊ ဦးစံရှားဆီ ကျွန်တော် တိုင်ပင်ဖို့ လာတာတောင် သူတို့က အချိန်ကုန်တယ်ဆိုပြီး ကောင်းကောင်း သဘောမတူကြဘူးခင်ဗျ၊ ငွေကိုတောင် မနေ့ကတည်းက ဘဏ်တိုက်က အသင့်ထုတ်ပြီးထားပါတယ်'

**ရှား**။ ။'ငွေစက္ကူလား ၊ ငွေသားလား'

**ညွန့်**။ ။'ငွေစက္ကူပါပဲ ခင်ဗျာ'

**ရှား**။ ။'နံပါတ်များ မှတ်ယူပြီးပြီလား'

**ညွန့်**။ ။'ဒါရိုက်တာ လူကြီးများကတော့ ကိစ္စအေးသွားအောင်ဟာ မှတ်တောင် မမှတ်ပါနှင့်တော့လို့ ပြောနေတယ်၊ နို့ပေမယ့် ကျွန်တော်ကတော့ မှတ်ထားပါတယ် ခင်ဗျာ'

**ရှား**။ ။'ကိုင်း ကောင်းပြီ၊ ဒီကနေ့ည ၁၀ နာရီလောက်ကို ငွေနှင့်တကွ ခင်ဗျား ရောက်အောင် လာခဲ့ပေတော့ဗျာ၊ ကိုအုန်းဖေကိုလဲ ကျုပ်ခေါ်ပြီးထားနှင့်မယ်၊ ကျုပ်တို့ ကိုယ်တိုင်လိုက်ပြီး လမ်းပေါ်က စောင့်နေရစ်မယ်၊ ခင်ဗျားက သူမှာတဲ့အတိုင်း သွားပြီး ထားပေတော့ ၊ ပြန်ရဖို့တော့ ကျုပ်တို့တာဝန် ရှိပါစေတော့ဗျာ၊

**ညွန့်**။ ။'ကောင်းပါပြီဗျာ'

၎င်းနောက် ကိုထွန်းညွန့်လည်း တိုက်ပေါ်မှ ဆင်းသွားလေ၏။ ထိုသူ ထွက်သွားသောအခါ

**ရှား**။ ။'ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ သူ ပြောတဲ့အတိုင်းပဲလား'

**ကျွန်တော်။** ။'ကျွန်တော်ဖြင့် မမြင်ပေါင်ခင်ဗျာ၊ တိုက်ရှေ့ မနီးမဝေးကနေပြီး စောင့်ကြည့်နေလိုက်တာ၊ ဘယ်က မော်တော်ကားမှ ရပ်တာမမြင်ဘူး'

**ရှား။** ။'သေချာရဲ့နော်'

**ကျွန်တော်။** ။'သေချာပါရဲ့ခင်ဗျာ၊ ဘယ့်နှယ်ကြောင့် ကိုထွန်းညွန့်က လိမ်ပြောပါလိမ့်မယ်'

**ရှား။** ။(ပြုံးရယ်လျက်) 'သိချိန်တန်တော့ သိပါလိမ့်မယ်ဗျာ'

၎င်းည ၁၀ နာရီအချိန်ခန့်တွင် အင်စပိတ်တော် မောင်အုန်းဖေ ရောက်လာလေရာ မကြာမီအတွင်းတွင် မောင်ထွန်းညွန့်လည်း ငွေထုပ်နှင့် တကွ ရောက်လာလေ၏။

ထို့နောက် မောင်စံရှားနှင့် မောင်အုန်းဖေတို့လည်း ထိုညအတွက် ဆောင်ရွက်ရန် ကိစ္စကို စီစဉ်လျက် ရှိကြရာ ကိုထွန်းညွန့်မှာ အလွန်နှမြောသည့် လက္ခဏာနှင့် ငွေထုပ်ကို ခဏခဏ ကြည့်၍နေလေ၏။

၁၂ နာရီထိုးသည်နှင့်တစ်ပြိုင်နက် မောင်စံရှား အသင့်မှာ၍ထားသော မော်တော်ကားသည် ဆိုက်ရောက်၍လာလေရာ ကျွန်တော်တို့ လေးဦးသည် တိုက်ပေါ်မှ ဆင်းပြီးနောက် ကားပေါ်သို့တက်ကြသဖြင့် ကားလည်းမောင်းနှင်၍ သွားလေ၏။

ပြည်လမ်းရှိ အရှေ့ဘက် ဂေါက်ကလပ်အနီးသို့ ရောက်ကြသောအခါ ကားကို ရပ်စေ၍ ကျွန်တော်တို့သည် ကားပေါ်မှ ဆင်းသက်ကြလေရာ ထိုညမှာ လပြည့်ကျော် ၄ရက်မျှ ရှိသေးသည်ဖြစ်သောကြောင့် လမင်းသည် ကောင်းကင်၌ ကြည်လင်စွာ ထွန်းပလျက် ရှိလေ၏။ ထိုအချိန်သည်ကား ၁၂ နာရီခွဲအချိန် ဖြစ်လေ၏။

ကျွန်တော်တို့သည် စစ်ကွင်းကြီးအနီး သစ်ပင်ကြီး တစ်ပင်အောက်၌ စောင့်ဆိုင်း၍နေကြသဖြင့် နာရီပြန် တစ်ချက်ထိုးသည်နှင့် တစ်ပြိုင်နက် ကိုထွန်းညွန့်ကို ငွေထုပ်နှင့် စေလွှတ်လိုက်လေ၏။

ကျွန်တော်တို့သည် ၎င်းအား မျက်ခြေမပြတ်ရအောင် ကုန်းမြင့်တစ်ခုမှ တက်၍မျှော်ကြည့်နေကြရာ ကိုထွန်းညွန့်သည် ကုန်းမြင့်များ ချိုင့်များကို ကျော်လွန်ပြီးနောက် ငွေထုပ်ကို ကွင်းကြီး၏ အလယ်၌ရှိသော တွင်းငယ်၌ ထည့်ထားခဲ့ပြီးလျှင် ကျွန်တော်တို့ ရှိရာသို့ တစ်ဖန်လှည့်၍ ပြန်လာခဲ့လေ၏။

ကျွန်တော်တို့သည် ကုန်းမြင့်မှ တက်ပြီးလျှင် ငွေထုပ်ထားရာ အရပ်ကိုလည်းကောင်း၊ ကိုထွန်းညွန့်ကိုလည်းကောင်း မျှော်ကြည့်၍နေကြရာ ၎င်းကွင်းကြီး ပတ်ပတ်လည်၌လည်း ပုလိပ်သားတို့ ဝိုင်းရံချောင်းမြောင်းလျက် ရှိကြောင်းကို မောင်အုန်းဖေပြောသဖြင့် သိရလေ၏။ ၎င်းတို့၏ အကြံမှာ ငွေထုပ်ကို တစ်စုံတစ်ယောက်သောသူက ယူရန် ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် လေးမျက်နှာသော အရပ်တို့မှ ပုလိပ်တို့က တစ်ပြိုင်တည်း ပြေးလာပြီးလျှင် ထိုသူကို ဖမ်းဆီးရန်ဖြစ်လေသည်။

ကိုထွန်းညွန့်သည် ကျွန်တော်တို့ထံ ပြန်၍ ရောက်လာပြီးသည့်နောက် ငါးမိနစ်ခန့် ကြာသော်လည်း တစ်စုံတစ်ယောက်သော သူမျှ ငွေထုပ်ကိုယူရန် မထွက်ပေါ်လာဘဲ ရှိနေရာ ကျွန်တော်တို့မှာ တိတ်ဆိတ်စွာ အသက်ကိုပင် အောင့်၍ စောင့်ကြည့်နေရသည်ဖြစ်သောကြောင့် ရင်ဖိုလှိုက်လျက် ရှိနေကြလေ၏။

တစ်ခဏမျှကြာလျှင် ငွေထုပ်ထားသော အရပ်မှ မှိုင်း၍မှိုင်း၍ လာလေရာ ကိုအုန်းဖေက ဆောင်းရာသီ မဟုတ်ပါဘဲလျက် ဆီးနှင်းများ ကျ၍လာလေသလားဟု အံ့သြကာ နှာခေါင်းကို ပြင်းစွာ ရှုရှိုက်လျက် ရှိလေ၏။

ထိုအတောအတွင်း ငွေထုပ်ရှိရာ အရပ်မှ မှိုင်းသည်ထက်မှိုင်း၍ တက်လာပြီးလျှင် နောက်ဆုံး၌ မီးခိုးများ အူ၍ထွက်ဘိသကဲ့သို့ တလိပ်လိပ်နှင့် တက်လာ၍ ထက်ဝန်းကျင်အရပ်ကို မမြင်နိုင်ဘဲ ရှိလေရာ မောင်စံရှားသည်

'လာကြဗျို့၊ ကိုအုန်းဖေ၊ ဆီးနှင်း မဟုတ်ဘူးဗျို့၊ မီးခိုးတွေဗျို့'

ဟု ပြောပြီးနောက် ငွေထုပ်ရှိရာ အရပ်သို့ တစ်ဟုန်ထိုး ပြေးသွားလေ၏။

ကျွန်တော်နှင့် မောင်အုန်းဖေတို့လည်း ၎င်း၏နောက်သို့ လိုက်ကြလေရာ အတန်ငယ်ပြေးမိကြလျှင် မီးခိုးအတိဖြစ်လျက် မည်သည်ကိုမျှ မမြင်ရဘဲ ရော်ယမ်းကာသာလျှင် ပြေးကြရလေ၏။ မောင်စံရှားမှာမူ အပြေးလျှင်မြန်သည့်အပြင် မှန်းခြေလည်း ကောင်းသဖြင့် ငွေထုပ်ရှိရာသို့ ရှေးဦးစွာ ရောက်သွားလေရာ ကျွန်တော်တို့မှာ သူ့နောက်သို့ အလဲလဲ အကွဲကွဲနှင့် လိုက်ကြရလေ၏။

မောင်စံရှားသည် စိတ်အားကြီးနှင့် ပြေးသွား၍ ငွေထုပ်ရှိရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဂေါက်ရိုက်သော တွင်းငယ်ကို လက်ဖြင့်နှိုက်လိုက်ရာ ငွေထုပ်ကို စမ်းမိသဖြင့် နောက်မကျသေးဟူ၍ ဝမ်းမြောက်မိလေ၏။ နောက်တစ်ခဏ၌ကား ခပ်အေးအေးရှိသော လက်တစ်ဖက်သည် မောင်စံရှား၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်မိလိုက်ပြီး ဒေါသကြီးလှသော လက္ခဏာနှင့် အံကြိတ်ကာ လေသံဖြင့် ကြိမ်းဝါးလိုက်ရာ မောင်စံရှားသည် လက်ဝဲလက်သီးဖြင့် ထိုသူ၏ ပါးချိတ်ရှိလောက်ရာသို့ ကော်၍ သတ်လိုက်လေ၏။

မောင်စံရှားမှာ လက်သီးပြင်းသူ တစ်ယောက် ဖြစ်သည့် အပြင် အသတ်အပုတ်၌လည်း ကျင်လည်သောကြောင့် ၎င်းလက်သီးချက် စွဲခဲ့လျှင် ထိုသူမှာ တုံးခနဲ လဲရမည်ဖြစ်ရာ ယခုမှာမူ လူကို မမြင်ရဘဲ ရော်ယမ်း၍ထိုးရခြင်းမျှ ဖြစ်သောကြောင့် ပခုံးကိုသာလျှင် ထိုးမိလေ၏။ ထိုအခါ ထိုသူကလည်း လက်စားချေသည့်အနေဖြင့် မောင်စံရှား၏ ရင်ဝကို လက်သီးဖြင့် ထိုးလိုက်ရာ ကျွန်တော်တို့မှာ လူကို မမြင်ရသော်လည်း အွတ်ခနဲ ကြားလိုက်ရလေ၏။

ထိုအခါ၌ကား မောင်စံရှားသည် စိတ်ကောင်းကောင်း ထွက်ပြီဖြစ်၍ ထိုသူ၏လည်ပင်းကို ညှစ်ပြီးလျှင် မြေပေါ်သို့ ကိုင်၍ပေါက်မည်ပြုရာ ထိုသူမှာလည်း ခွန်အားကောင်းသူဖြစ်၍ နှစ်ယောက်လုံး မြေပေါ်သို့ လိမ့်သွားကြလေ၏။

ထိုအခါ မောင်အုန်းဖေနှင့် ကျွန်တော်တို့ ရောက်လာကြ၍ မောင်စံရှားကို ကူညီကာ ထိုသူကို ဖမ်းဆီးကြရာ ပုလိပ်သားတို့လည်း အရပ်လေးမျက်နှာမှ ရောက်လာကြသဖြင့် ထိုသူကို လက်ထိပ်ခတ်လိုက်လေ၏။ ထိုသူသည်ကား အခြားမဟုတ်။ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေပင်ဖြစ်လေသည်။

မောင်စံရှားသည် အကျဉ်းသမားကို ပုလိပ်များနှင့် ထားခဲ့၍ လက်နှိပ်ဓာတ်မီးတစ်ခုနှင့် ကွင်းပတ်လည်သို့ လျှောက်၍ကြည့်ရာ တွင်းနှင့် ပေ ၁၅၀ ခန့် ဝေးသော အရပ်၌ မြေကြီးများကို လူတစ်ယောက် ပုန်းအောင်းလောက်အောင် တူး၍ထားသည်ကို တွေ့ရှိရလေ၏။

**ရှား။** ။'ဓာတုဗေဒနားလည်တိုင်း ဉာဏ်ကို အလွဲသုံးစား ပြုတဲ့ လူတစ်ယောက်ပဲဗျို့၊ ကံကောင်းလို့ဗျာ၊ နည်းနည်း ကလေး လောက် နောက်ကျသွားလို့ရှိရင် ငွေထုပ်ကိုယူပြီး သည်တွင်းမှာ ပုန်းပြီး အပေါ်က သည်ကပ်ကို ဖုံးထားလိုက်ရင် ဘယ်နည်းနှင့်မှ ကျုပ်တို့တွေ့အောင် ရှာနိုင်တော့မယ် မဟုတ်ဘူးဗျ၊ အောင်မယ် ဒါထက် တစ်ခု မေ့နေပါသေးတယ်ဗျာ'

ဟု ပြောပြီးနောက် မောင်စံရှားသည် ပုလိပ်များ ရှိရာသို့ သွားလေ၏။

ထိုအခါ၌ကား ကိုထွန်းညွန့်သည် အကျဉ်းသမားကို ထိုးတော့မည် ကြိတ်တော့မည်ကဲ့သို့ ပြုနေရာ ..

**ရှား။** ။'ဟန်လုပ်မနေပါနှင့်၊ ကိုယ့်အဖေကို ကိုယ်ထိုးလို့ သတ်လို့ တော်နိုင်ပ့ါမလား ကိုထွန်းညွန့်ရယ်'

ဟု ပြောသည်တွင် ကိုထွန်းညွန့်မှာ မျက်လုံးများ ပြူးလျက် ရှိလေ၏။ ထိုအခါ ..

**ရှား။** ။'ကိုင်း ကိုအုန်းဖေ၊ နှစ်ယောက်စလုံး ဖမ်းဗျို့၊ အာဂဉာဏ်သွားတဲ့ သားအဖဗျာ လွန်ရော'

ထိုအခါ ပုလိပ်တို့လည်း နှစ်ယောက်လုံးကို ဖမ်းပြီးလျှင် ဌာနသို့ ဆောင်ယူသွားကြလေ၏။ လမ်းခရီး၌ မောင်အုန်းဖေက

**ဖေ။** ။'သားအဖမှန်း ဆရာ ဘယ့်နှယ်သိသလဲ ဆရာ'

**ရှား။** ။'ခိုလွှတ်ကတည်းက ကျုပ်က ကိုထွန်းညွှန့်ဟာ တကယ်မဟုတ်၊ သူတို့နှင့် ကြံဖော်စည်ဘက်ပဲလို့ ရိပ်မိတာကိုးဗျ၊ ရိပ်မိတဲ့အတိုင်း ကိုသိန်းမောင်ကို တိုက်ပေါက်က စောင့်ပြီးကြည့်စေ၊ ကျုပ်ကိုယ်တိုင်ကလဲ သူ့အကြောင်း စုံထောက် ကြည့်လိုက်တော့ ဦးထွန်းဖေနှင့် ကိုထွန်းညွှန့်ဟာ သားအဖဖြစ်ကြောင်း ကျုပ် သိခဲ့ရတာကိုးဗျ'

**ဖေ။** ။'အဖေက သားကို ငွေညှစ်တောင်းနေရသေးသလား ဆရာ'

**ရှား။** ။'ကိုအုန်းဖေက ဝေးသေးတာကိုးဗျ၊ ကိုထွန်းညွှန့် ပေးတဲ့ငွေဟာ သူ့ငွေမဟုတ်ဘူးဗျ၊ ကုမ္ပဏီက ထုတ်ပြီးပေးရတာဗျ၊ '

**ဖေ။** ။'ဩော် ဟုတ်ပါပေ့ ဆရာ'

**ရှား။** ။'ဦးထွန်းဖေမှာ သားတစ်ယောက် မကသေးဘူးဗျ၊ ရာထူးဌာနန္တရကြီးတွေမှာ လုပ်ကိုင်နေတဲ့ သားကြီးတွေ ရှိသေး တယ်၊ ဦးထွန်းဖေ မိပေတဲ့ ကျုပ်ကတော့ ဒီအမှု အေးသေးမယ် မထင်ပါဘူးဗျာ'

(မောင်စံရှား တွေးထင်သည့်အတိုင်း ဟုတ်မှန်ကြောင်းကို နောင် အခွင့်သာသည့်အခါ ဆက်လက်ရေးသား ဖော်ပြရပေဦးအံ့)

**ပြီးပါပြီ။**

× × × × × ×

## ၃၀။ ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေနှင့် မောင်စံရှား

ပရော်ဖက်ဆာ ဆရာကြီးဦးထွန်းဖေကို စုံထောက်မောင်စံရှားက လက်ရဖမ်းမိသဖြင့် အချုပ်ထောင်၌ သွင်းထားပြီးလျှင် ရုံးတွင်တင်၍ စစ်ဆေးမည့်နေ့၌ ရန်ကုန်မြို့သူမြို့သားတို့သည် နာမည်ကျော်ကြားသော တရားခံတစ်ဦးဖြစ်သည်နှင့် အမှုနားထောင်ရန် ရုံးသို့ လာရောက်ကြလေရာ နံနက် ၁၀ နာရီ မထိုးမီ အချိန်ကပင်လျှင် တစ်ရုံးလုံး ပြည့်နှက်လျက်ရှိနေကြလေ၏။ အချို့သော သတင်းစာတို့ကလည်း ဦးထွန်းဖေ၏ အတ္ထုပ္ပတ္တိကို ဂျာမနီပြည်သို့ ပညာသင် သွားရောက်သည်မှ စ၍ လူသတ်မှုနှင့် မှားယွင်းဖမ်းဆီးခြင်းများ၊ သတ်သူ ထင်ရှားပေါ်ပေါက်လာသော အခါ၌ ဦးထွန်းဖေက မိမိအားမတရားသဖြင့် ထောင်သို့သွင်း၍ အကျဉ်းခံရသည့်အတွက် မကျေနပ်သည်ဖြစ်၍ ဂျူရီလူကြီးများနှင့် သက်သေများအပေါ်၌ လက်စားချေပုံများ၊ ၎င်း၏သားများက ကူညီဆောင်ရွက်ပုံများ၊ နောက်ဆုံး၌ မောင်စံရှားက လက်ရဖမ်းဆီးမိပုံများကို ဓာတ်ပုံနှင့်တကွ ရေးသားထုတ်ဝေကြလေရာ ပရိသတ်တို့မှာ ရုံးဝင်းအတွင်းတွင် သတင်းစာကိုယ်စီနှင့် ကြိုးမိန့်ကျမည် မကျမည် များကို အသီးသီး ထင်မြင်ချက် ပေးကြသဖြင့် ဆူညံစွာ ရှိနေကြလေသတည်း။

မောင်စံရှားမှာလည်း ထိုအမှု၌ အရေးကြီးသော သက်သေကြီးတစ်ဦးဖြစ်လေရကား အစိုးရစုံထောက် အင်စပိတ်တော်မောင်အုန်းဖေနှင့် ကျွန်တော်တို့သည် မောင်စံရှားနှင့်အတူ အစိုးရရှေ့နေကြီး မစ္စတာပေါ်ရီဆင်နှင့် ၁၀ နာရီအချိန်တွင် ၎င်း၏အလုပ်တိုက်၌ တွေ့ဆုံရန် ချိန်းဆိုထားသည်ဖြစ်၍ သုံးယောက်သား သွားရောက်ကြလေ၏။

ကျွန်တော်တို့သည် လမ်း ၄၀ မှ ထွက်လာ၍ ဆူးလေဘုရားသို့ ရောက်ကြသည်နှင့်တစ်ပြိုင်နက် လူအမြောက်အမြား စုရုံးကာရပ်လျက် စကားဆူညံစွာ ပြောဆိုနေကြသည်နှင့် တွေ့ကြလေရာ မောင်အုန်းဖေက ၎င်းတို့အလယ်သို့ တိုးဝင်ပြီးနောက် အကျိုးအကြောင်းကို မေးမြန်းစုံစမ်းသောအခါ အောက်ပါအခြင်းအရာတို့ကို တွေ့မြင်ရသဖြင့် အံ့သြမိလေ၏။ အကြောင်းသော်ကား ဆူးလေဘုရား၏ အုတ်တံတိုင်းတွင် ထင်ရှားလှစွာသော စာလုံးကြီးများဖြင့် စာရွက်ကြီးတစ်ရွက်တွင် အောက်ပါအတိုင်း ရေးသား၍ကပ်ထားသည်ကို တွေ့မြင်ရပေသောကြောင့်ပင်တည်း။

### "ပရော်ဖက်ဆာကြီး ဦးထွန်းဖေ၏ အမှုတွင် အစိုးရဘက်မှ ပါဝင်အစစ်ခံသော သက်သေများအားလုံးကို ကြိုးဆွဲချ၍ သတ်ပစ်လိမ့်မည်"

၎င်းစာကို ဖတ်ပြီးနောက် မောင်အုန်းဖေသည် နေ့လည်ကြောင်တောင်တွင် ဤကဲ့သို့ ရဲဝံ့စွာ မြို့လယ်၌ ၎င်းကြော်ငြာကပ်ထားဝံ့သည့်အတွက် စိတ်ဆိုးလျက် အနီး၌ရှိသော လမ်းစောင့်ပုလိပ်ကို ခေါ်၍မေးမြန်းရာ ၎င်းပုလိပ်က လွန်ခဲ့သည့်နာရီဝက်လောက်အချိန်က လူတစ်ယောက်သည် ဗလာစာရွက်ကြီး တစ်ရွက်ကို အုတ်နံရံ၌ လာရောက်ကပ်သွားသည်ကိုမြင်လိုက်ရကြောင်း၊ ထိုအခါက မိမိသည် ဗလာစာရွက်ကြီး ကပ်သွားသည်ကို မြင်သော်လည်း ထူးဆန်းသော ကြော်ငြာနည်းတစ်မျိုးပင် ထင်မှတ်၍ မည်သို့မျှ အရေးမယူလိုက်ကြောင်း။ လွန်ခဲ့သည့် ငါးမိနစ်ခန့် အတွင်းတွင်မှ စာလုံးများသည် တဖြည်းဖြည်းပေါ်၍ လမ်းသွားခရီးသည်များနှင့် မိမိမှာ အံ့သြစွာနှင့်ကြည့်နေကြရကြောင်းများနှင့် ပြန်ပြောလေ၏။ ကြော်ငြာကပ်သောသူမှာမူ မည်သည့်အရပ်သို့ထွက်သွားကြောင်း အစစ်မခံနိုင်အောင် ရှိနေရာ၊ မောင်အုန်းဖေမှာ မည်သို့မျှ အရေးမယူနိုင်ဘဲ ကြော်ငြာကိုသာလျှင် ဆွဲ၍ဆုတ်ပစ်ပြီးလျှင် ကျွန်တော်တို့နှင့်အတူ ရှေ့နေကြီး မစ္စတာပေါ်ရီဆင်၏ အလုပ်တိုက်သို့ ဆက်လက်သွားရောက်ကြလေ၏။ လမ်းခရီးတွင် ...

**ဖေ။** ။'ဘယ့်နှယ့်လဲ ဆရာ၊ တယ်ပြီး ခြိမ်းခြောက်လိုက်ပါကလား၊ ဦးထွန်းဖေရဲ့ တပည့်များ လက်ချက်ထင်တယ်'

**ရှား။** ။'အစစ်ပေါ့ ကိုအုန်းဖေ၊ ဒီအမှုဟာ အေးအေးချမ်းချမ်းနှင့် စီရင်ချက်ချနိုင်မယ့် အမှုမဟုတ်ဘူး၊ ကျုပ်ထင်တယ်'

**ဖေ။** ။'ဆရာက တကယ်လုပ်လိမ့်မယ် ထင်ပြီး ကြောက်လို့လား'

**ရှား။** ။'ကြောက်တာ မကြောက်တာ အပထား၊ အလကားတော့ ခြိမ်းခြောက်မယ့် လူတွေမဟုတ်ဘူး လို့ ကျုပ်ထင်တယ်၊ ကျုပ်တွင်မကဘူး၊ ခင်ဗျားလည်း သက်သေပါနေတယ်၊ အသွားအလာ အနေအထိုင် သတိထားနော် ကိုအုန်းဖေ'

**ဖေ။** ။'ကျောချမ်းအောင် မလုပ်စမ်းပါနှင့် ဆရာ'

**ရှား။** ။'တကယ်ပြောတာဗျ၊ ကိုအုန်းဖေရဲ့၊ ဆရာကြီး မိပေမယ့် တပည့်ကောင်းတွေ သားကောင်းတွေ အပုံကြီး ပေါ်တဲ့လူဗျ၊ တစ်သင်းလုံး မမိဘဲ ကျုပ်တို့ စိတ်မအေးရပေဘူး'

**ဖေ။** ။'ဒါထက် ဘယ့်နှယ်ကြော်ငြာမျိုးလဲ ဆရာ၊ ကပ်တုန်းကတော့ စာရွက်အလွတ်တဲ့၊ တော်တော်ကြာမှ စာလုံးတွေ ပေါ်လာသတဲ့ ၊ ဘယ့်နှယ်လဲ ဆရာ'

**ရှား။** ။'ဓာတုဗေဒက ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်မျိုးကို ခင်ဗျ၊ ပထမတုန်းက မထင်ရှားဘဲ တော်တော်ကြာမှ ပေါ်လာတဲ့ မင်မျိုးကို ခင်ဗျ'

**ဖေ။** ။'သည်ဘက်ကဖြင့် တဖက်ကမ်းခပ် တတ်မြောက်ပါပေ့ ဆရာ'

ထိုမှ ဆက်လက်သွားရောက်ကြ၍ ကျွန်တော်တို့သည် ကုန်သည်လမ်းရှိ အစိုးရရှေ့နေကြီး မစ္စတာပေါ်ရီဆင်၏ အလုပ်တိုက်သို့ ရောက်ကြသောအခါ ၎င်း၏စာရေးကြီးနှင့် အလုပ်ခန်းတွင် တွေ့ဆုံမိသဖြင့် မေးမြန်းကြည့်ရှုမိသည်တွင် မစ္စတာ ပေါ်ရီဆင် မလာမရောက်သေးကြောင်း သိရှိရလေ၏။ နာရီဝက်ခန့် စောင့်ဆိုင်း၍ နေပါသော်လည်း ရှေ့နေကြီး မလာမရောက်သေးဘဲ ရှိနေလေလျှင် စာရေးကြီးက ရှေ့နေကြီးသည် ယခုမျှလောက် အရေးကြီးသောနေ့၌ မဆိုထားဘိ၊ ခါတိုင်း၌ပင် ၁၀ နာရီတိတိ လာရောက်တတ်သည်ဖြစ်၍ အရေးကြီးသော ကိစ္စတစ်စုံတစ်ခု ရှိနေပြီဟု တွေးတောပူပင်မိလေ၏။ ၎င်း၏ အကြံပေးချက်အရ ကျွန်တော်တို့သည် ဘောင်ဒရီလမ်း (ယခု ဓမ္မစေတီလမ်း) ရှိ ၎င်း၏နေအိမ်သို့ သွားရောက်ကြလေရာ အိမ်၌လှုပ်လှုပ်ရှားရှား လူအများသွားလာနေသည်ကို မြင်ရသဖြင့် တစ်စုံတစ်ခု ဖြစ်နှင့်ကြောင်း ခန့်မှန်းမိကြလေ၏။ အိမ်တွင်းသို့ ဝင်မိကြသည်နှင့် တစ်ပြိုင်နက် ရှေ့နေကြီး မစ္စတာပေါ်ရီဆင်မှာ မိမိ၏ အိပ်ခန်းအတွင်း၌ ကြိုးဆွဲချ၍ သေဆုံးလျက် ရှိကြောင်း သိရှိရလေ၏။

အလောင်းကို ဝင်ရောက်ကြည့်ရှုပြီးနောက် မောင်စံရှားသည် မောင်အုန်းဖေနှင့် တီးတိုးတိုင်ပင်လျက် ရှိကြရာ ...

**ဖေ။** ။'ဘယ့်နှယ်လဲ ဆရာ၊ ခက်နေကုန်ပါပြီကော'

**ရှား။** ။'ဒါကြောင့် ကျုပ် မပြောဘူးလား၊ သူတို့လူစုဟာ ခြောက်တာ မဟုတ်ဘူး၊ တကယ်လုပ်တဲ့ လူစုတွေလို့ ကျုပ်ပြောတယ် မဟုတ်လား'

**ဖေ။** ။'စိတ်ညစ်လို့များ'

**ရှား။** ။'ဘယ်က ဟုတ်ရမှာလဲဗျာ၊ မနက်က ကြော်ငြာ မမြင်ခဲ့ရဘူးလား'

**ဖေ။** ။'တကယ်လား ဆရာ'

**ရှား။** ။'အို မလွဲပါဘူးဗျာ၊ သူတို့ လက်ချက်ပါ၊ ကိုင်း ဒါထက်၊ သူတို့အကြံက ဒီအမှုကို ဒီကနေ့ မစစ်ဆေးဖြစ်ဘဲ ရက်လွှဲရအောင် ကြံစည်တာနှင့်တူတယ်၊ ကျုပ်တို့ကလဲ ရက်မလွှဲဘဲ ဒီကနေ့စစ်ဖြစ်အောင် စစ်ဆေးဖို့ ကြိုးစားရလိမ့်မယ်'

**ဖေ။** ။'ရှေ့နေကြီးမှ မရှိဘဲ ဘယ့်နှယ်တတ်နိုင်မလဲ ဆရာ'

**ရှား။** ။'ရှေ့နေကြီး မရှိရင် လက်ထောက် အစိုးရရှေ့နေ ရှိသေးသားကပဲဗျာ၊ လာပါ၊ အကျိုးအကြောင်း ကျုပ်ပြောပြပြီး ဒီအမှု ဒီကနေ့စစ်ဖြစ်အောင် ကျုပ် ကြံစည်ပါ့မယ်'

၎င်းနောက် ကျွန်တော်တို့သည် လက်ထောက်အစိုးရရှေ့နေ၏ နေအိမ်သို့ အရေးတကြီး သွားရောက်ကြလေ၏။

လက်ထောက် အစိုးရရှေ့နေကြီး မစ္စတာပက္ကားသည် မစ္စတာပေါ်ရီဆင် သေဆုံးသည့်အတွက် အလွန်တရာ တုန်လှုပ်သည်ဖြစ်၍ ၎င်းအမှုကို ထိုနေ့၌ ဆက်လက်ဆောင်ရွက်ရန် စိတ်လေးလှသော်လည်း မောင်စံရှားက ထိုသူများသည် ထိုအမှု ယနေ့ မစစ်ဆေးဖြစ်အောင် ကြံဆောင်၍နေကြခြင်းမှာ အမှန်မုချ ရည်ရွယ်ချက် တစ်ခုရှိသောကြောင့် ဖြစ်မည်၊ သို့ဖြစ်၍

၎င်းတို့၏ ရည်ရွယ်ချက် အထမမြောက်စေခြင်းငှာ ထိုအမှုကို ရက်မလွဲစေဘဲ ထိုနေ့၌ပင် ပြီးစီးအောင် စစ်ဆေးသင့်ကြောင်းနှင့် အကြောင်းပြန် ပြောဆိုသည်တွင် ရှေ့နေကြီးသည် နောက်ဆုံး၌ မစ္စတာပေါ်ရီဆင်၏ ကိုယ်စား ဆောင်ရွက်ရန် သဘောတူညီလေ၏။

ယင်းကဲ့သို့ ဝန်ခံချက် ရခဲ့ပြီးနောက် ကျွန်တော်တို့သည် ရုံးသို့ သွားရောက်ကြရာ ရုံးဝင်းအတွင်း၌ အမှုနားထောင်ရန် လာရောက်ကြသော ပရိသတ်တို့လည်း ပြည့်နှက်လျက် ရှိကြလေ၏။ ကျွန်တော်နှင့် မောင်စံရှား၊ မောင်အုန်းဖေတို့သည် နားထောင်လာသူ ပရိသတ်များနှင့် ရောနှောလျက် ၎င်းတို့၏ ထင်မြင်ချက်များကို အမှတ်မဲ့ နားထောင်လျက်ရှိကြရာ ၁၁ နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် တရားသူကြီးမစ္စတာဆောင်းဒါး၏ ကားသည် ဆိုက်ရောက်၍လာလေ၏။

ပရိသတ်တို့လည်း ၎င်းကားသည် ဆောင်းဒါး၏ ကားဖြစ်သဖြင့် အတွင်း၌ပါလာသူကို မမြင်ကြရသော်လည်း တရားသူကြီး၏ ကားဖြစ်ကြောင်း သိရှိကြသည်နှင့် အချို့လည်း နေရာရအောင် ရုံးခန်းတွင်းသို့ တိုးဝှေ့ကာ ဝင်ကြလျက် အချို့မှာလည်း တရားသူကြီးနှင့်မှ အတူလို လိုက်ကြအံ့ဟု ခပ်ဆိုင်းဆိုင်း ရှိနေကြလေ၏။

မော်တော်ကားမောင်းသမားလည်း ကားကိုဆိုက်ပြီးနောက် ကားပေါ်မှ ဆင်း၍ တံခါးကို ဖွင့်ပေးလေရာ အတွင်းမှ တရားသူကြီးမစ္စတာဆောင်းဒါးသည် ကျွန်တော်တို့ မျှော်လင့်သည့်အတိုင်း ကောင်းမွန်စွာ ဆင်းသက်၍ လာမည့်အစား တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် လမ်းပေါ်သို့ ဂျွမ်းပြန်၍ကျလာလေ၏။ ထိုအခါ မောင်စံရှားနှင့် မောင်အုန်းဖေတို့သည် ပျာယိပျာယာ ပြေးသွားကြည့်ရှုကြရာ မစ္စတာဆောင်းဒါးမှာ အသက်မရှိတော့ဘဲ လည်ပင်း၌ ကြိုးကွင်းတစ်ခု စွပ်လျက်ရှိသည်ကို တွေ့ကြရလေ၏။ ထိုအခါ၌ကား မောင်စံရှားနှင့် မောင်အုန်းဖေ နှစ်ယောက်လုံးတို့မှာ ပြင်းစွာ တုန်လှုပ်ကြသည်ဖြစ်၍ ဒရိုင်ဘာအား စစ်ဆေးမေးမြန်းခြင်း ပြုကြလေရာ ဒရိုင်ဘာက မိမိသည် အခါတိုင်းကဲ့သို့ ကားကို စင်ကြယ်အောင် ထိုနံနက်၌ ဆေးကြောပြီးလျှင် ရုံးသွားချိန် ရောက်သည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့၌ ဆိုက်၍စောင့်နေကြောင်း၊ ကားကို မောင်းလာသည့်အခါ ကားတွင်း၌ မည်သူတစ်ဦးတစ်ယောက်မျှ ပုန်းအောင်း၍ မနေနိုင်ကြောင်းကို ကျမ်းကိုင်၍ ပြောဝံ့ကြောင်း၊ သို့ရာတွင် လမ်းခရီး၌ မည်သည့်နေရာများတွင် ဆိုက်ရပ်ခြင်း ရှိပါသနည်းဟု မောင်စံရှားက မေးမြန်းသောအခါ ကော်မရှင်နာလမ်းနှင့်ဘုရားလမ်းအဆုံတွင် ဓာတ်ရထားများ ကားများ ရှုပ်၍နေသည်ဖြစ်သောကြောင့် လမ်းစောင့်ပုလိပ်၏ အမိန့်အရ မိနစ်ဝက်မျှခန့် ရပ်၍စောင့်ရကြောင်း၊ ထိုအတောအတွင်း တစ်စုံတစ်ယောက်သောသူသည် ကားပေါ်သို့ ခုန်တက်၍ မစ္စတာဆောင်းဒါးကို သေကြောင်းကြံပြီးလျှင် လမ်းသို့ ရောက်ကာမှ ခုန်ဆင်း၍ပြေးခဲ့ပါမူ မိမိမှာ နောက်သို့လည်း လှည့်၍မကြည့်မိ၊ ကားမှာလည်း ဆီဒင်ကား ဖြစ်သောကြောင့် အပြင်ကလူများကလည်း မြင်နိုင်မည် မဟုတ်ကြောင်းနှင့် ထွက်ဆိုလေ၏။ ဒရိုင်ဘာကို စစ်ဆေး၍ ပြီးသောအခါ မောင်စံရှားသည် မောင်အုန်းဖေနှင့် ခေါင်းချင်းဆိုင်လျက် ရှိကြပြန်ရာ ...

**ရှား။** ။'ကြည့်ပါဦးတော့ဗျာ၊ ရဲလဲ ရဲတဲ့ အကောင်တွေပဲ၊ နေ့လည်ကြီး ကြောင်တောင် ရန်ကုန်မြို့ကြီးထဲမှာ ဒီလို ကြံစည်ဝံ့တာများ ကျုပ်ဖြင့် ကြုံတောင် မကြုံဖူးပါဘူးဗျာ'

**ဖေ။** ။'တစ်ခါဖြင့် ခက်ပြီဆရာရေ့၊ အမှုကို ရက်လွှဲရတော့မှာပဲ'

**ရှား။** ။'လွှဲကို မလွှဲရဘူးဗျာ၊ ပုလိပ်မင်းကြီးရော၊ တရားဝန်ကြီးချုပ်ရော ကျုပ်ကိုယ်တိုင် သွားပြီး ပြောပြမယ်၊ တရားသူကြီး တစ်ယောက်တည်း ရှိတာမှ မဟုတ်ဘဲ၊ တစ်ယောက်သေ တစ်ယောက်ပေါ့ဗျ၊ ဒီအမှုကို ဒီကနေ့ စစ်ဖြစ်အောင် ကျုပ်ကြိုးစားမယ်'

ထိုခဏ၌ ရှေ့နေကြီး မစ္စတာပက်ကား ဆိုက်ရောက်၍လာရာ ရှေ့နေကြီးသည် မောင်စံရှားနှင့် မောင်အုန်းဖေတို့ ပြောပြသည့် အခြင်းအရာများကို တုန်လှုပ်စွာ ကြားသိရပြီးနောက် မောင်စံရှား၏ တောင်းပန် တိုက်တွန်းချက်အရ ပုလိပ်မင်းကြီးထံသို့ သွားရောက်ကြလေ၏။ မောင်စံရှားလည်း ပုလိပ်မင်းကြီးအား ဤမျှလောက် ဆိုးသွမ်း၍ တပည့်နောက်လိုက် ပေါများသော တရားခံတစ်ယောက်ကို ရက်ချိန်းမလွှဲဘဲ ထိုနေ့ပင် ပြီးမြောက်အောင်စစ်ဆေးမှသာလျှင် ၎င်းတို့၏ ရည်ရွယ်ရင်း အကြံအစည် ပျက်၍ စိတ်ချနိုင်ဖွယ်ရှိကြောင်းကို ကျေနပ်လောက်အောင် ပြောပြလေရာ ပုလိပ်မင်းကြီးလည်း မောင်စံရှား ပြောသည့်အတိုင်း သဘောကျသည်ဖြစ်၍ တရားဝန်ကြီးချုပ်ထံမိမိကိုယ်တိုင်လိုက်၍ပြောရန်သဘောတူညီလေ၏။ ၎င်းနောက်ကျွန်တော်တို့သည်

ပုလိပ်မင်းကြီးနှင့်တကွ တရားဝန်ကြီးချုပ်ထံ သွားရောက်ကြပြီးလျှင် မောင်စံရှားနှင့် ပုလိပ်မင်းကြီးတို့က အရေးကြီးသော အမှုဖြစ်သောကြောင့် အရေးတကြီးစီမံသင့်ကြောင်းနှင့် ပြောပြပြီးလျှင် ထိုအမှုကို ယနေ့ပင် စစ်ဆေးနိုင်ရန် တရားသူကြီး တစ်ဦး ယနေ့ချက်ချင်း ခန့်ထားလွှဲအပ်သင့်ကြောင်းနှင့် ပြောဆိုကြသည်တွင် တရားဝန်ကြီးချုပ်လည်း နားဝင်သည်ဖြစ်၍ မစ္စတာဘွန်းဖီး ဆိုသူ ရာဘက်တရားသူကြီးကို ထိုအမှု၌ စစ်ဆေးရန် အဆောတလျင် ခန့်ထား လွှဲအပ်လိုက်လေ၏။

ယင်းကဲ့သို့ အမိန့်ချမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့နေကြီးနှင့်တကွ ကျွန်တော်တို့သည် ရုံးသို့ ပြန်လာကြရာ ပရိသတ် တို့မှာ မစ္စတာဆောင်းဒါး သေဆုံးသည့်အတွက် အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးလျှင် ထိုအမှုကို ယနေ့ စစ်ဆေး ဖြစ်တော့မည်မဟုတ်ဟု ညည်းတွားလျက် အချို့ကား ပြန်ကုန်ကြ၏။ အချို့မှာလည်း စိတ်မကျေနပ်သေးသည်ဖြစ်၍ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင် စသည်တို့မှ စောင့်ဆိုင်းကာပင် ရှိနေကြသေးလေ၏။

၁၂ နာရီခွဲလတ်သော် တရားသူကြီးအသစ်လည်း ဆိုက်ရောက်၍လာလေရာ မောင်စံရှားသည် တရားသူကြီးနှင့်တိုင်ပင်ပြီးလျှင် အကျဉ်းသမားကို ထောင်မှ ထုတ်ယူခဲ့ရန် ထောင်မှူးအား တယ်လီဖုန်းဆက်၍ အကြောင်းကြားလိုက်လေ၏။

ယင်းသို့ အကြောင်းကြားပြီးနောက် ငါးမိနစ်ခန့် ကြာသောအခါ ပရိသတ်တို့လည်း အမှုကို ဆက်လက် စစ်ဆေးမည်ဖြစ်ကြောင်း သိရှိကြသဖြင့် ရုံးခန်းသို့ တိုးဝှေ့ကာ ဝင်လာကြဆဲတွင် လမ်းတစ်လျှောက်မှ ခေါင်းလောင်းများ ဆူညံစွာ လှုပ်၍လာနေသည်ကို ကြားကြရသဖြင့် အံ့အားသင့်လျှက် ရှိနေကြလေ၏။ တစ်ခဏမျှကြာလျှင် မီးစက်နှစ်စီးသည် ရုံးဝ၌ဆိုက်ရပ်ပြီးလျှင် မီးစက်အရာရှိတို့သည် ပျာယီးပျာယာ ဝင်လာကြ၍ မီးလောင်တာ ဘယ်မှာလဲ၊ ဘယ်အခန်းကလဲ စသည်ဖြင့် မေးမြန်းလျက် မီးသတ်ကိရိယာ အစုံအလင်နှင့် ပြေးတက်လာကြလေ၏။ ပရိသတ်တို့က မီးမလောင်ကြောင်း ပြောဆိုလျက် ရှိကြစဉ် မီးစက်တို့သည် အရပ်လေးမျက်နှာတို့မှ ခေါင်းလောင်းများကို လှုပ်ကာလှုပ်ကာ ဆူညံစွာသော အသံဖြင့် ဆိုက်ရောက်လာကြပြီးလျှင် တစ်စီးပြီးလျှင် တစ်စီး ရုံးဝ၌ဆိုက်ရောက်ကြလေ၏။

ထိုအခါ ရုံးစာရေးအပေါင်းတို့လည်း အလုပ်ခန်းအသီးသီးမှ ထွက်လာကြ၍ ရုံး၌ မီးမလောင်ကြောင်း ပြောဆိုကြရာ မီးစက်အရာရှိကြီးက ရုံး၌ မီးလောင်ကြောင်း တယ်လီဖုန်းနှင့် တစ်စုံတစ်ယောက်က ပြောလိုက်သည်ဖြစ်၍ မိမိတို့မှာ အပြေးအလွှား လာခဲ့ရခြင်းဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင် မိမိ၏ တပည့်ငယ်သားများအား စုဝေးကာ အကျိုးအကြောင်း ပြောပြလျက် ရှိလေ၏။

မောင်စံရှားသည် ထိုအခြင်းအရာတို့ကို တွေ့မြင်ရသောအခါ မောင်အုန်းဖေနှင့် ကျွန်တော်တို့ကို လက်တို့ကာ ခေါ်ငင်ပြီးလျှင် မော်တော်ကား တစ်စီးပေါ်သို့ အဆောတလျင် ခုန်တက်၍ ဒရိုင်ဘာအား ထောင်ကြီးသို့ အလျင်အမြန်မောင်းနှင်စေလေ၏။ လမ်းခရီး၌ မောင်စံရှားက မီးစက်များကို အကြောင်းမရှိဘဲလျက် ခေါ်ငင်ခြင်းမှာ ဦးထွန်းဖေတို့လူစု ၏ ဉာဏ်ဖြစ်မည် ထင်ကြောင်း၊ ၎င်းတို့၏ အကြံမှာ လမ်း၌ မီးစက်များ ရှုပ်ထွေးနေသဖြင့် ထောင်မော်တော်ကားကြီး ရပ်ဆိုင်း၍နေရာတွင် ဦးထွန်းဖေကို ကားတွင်းမှ အတင်းလုစ၍ယူမည် ကြံစည်သည်ဟု မိမိထင်မြင်ကြောင်း၊ ယခုပင်လျှင် မိမိတို့မှာ နောက်ကျ၍ နေမည် ထင်ကြောင်းနှင့် ပြောဆိုပြီးလျှင် ကားမောင်းသမားကို လျှင်မြန်စွာ မောင်းနှင်ရန် တိုက်တွန်းလေ၏။

ကျွန်တော်တို့သည် ရုံးမှ ထွက်လာခဲ့ကြ၍ မောင့်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) တစ်လျှောက် မောင်းနှင်ကြသဖြင့် ဈေးသစ်ကြီးသို့ ရောက်ကြသည်နှင့်တစ်ပြိုင်နက် ဘုရားလမ်းဆုံတွင် ထောင်မော်တော်ကားကြီး ရပ်လျက် ရှိသည်ကို တွေ့မြင်ကြရလေ၏။ အနီး၌ကား လူစုလူဝေးကြီးသည် အတော်ပင်ကြီးမားစွာ ရပ်ဆိုင်းကြည့်ရှုလျက် ရှိနေလေ၏။ ကားကို ရှေးကထက် လျင်မြန်စွာ မောင်းနှင်စေ၍ ထိုနေရာသို့ ရောက်ကြသောအခါ ထောင်မော်တော်ကားကြီးမှာ တံခါးများ ကျိုးပွဲ့လျက် လည်းကောင်း၊ ဒရိုင်ဘာနှင့် ပုလိပ်သား လေးယောက်တို့မှာ ဦးခေါင်းတွင် ဒဏ်ရာများနှင့် စကားမေးမရအောင် လည်းကောင်း ရှိနေကြသည်ကိုသာလျှင် တွေ့မြင်ကြရလေ၏။ ကားတွင်း၌မူ အကျဉ်းသမား ဦးထွန်းဖေ မရှိတော့ချေ။

၎င်းနောက် ကျွန်တော်တို့သည် မူးဝေလဲခွေလျက်ရှိသော ပုလိပ်သားတစ်ယောက်ကို နှာနှပ်၍ သတိရအောင် လုပ်ပြီးလျှင် မေးမြန်းကြသဖြင့် သိရှိရသည်မှာ မော်တော်ကားကြီးသည် ထောင်မှထွက်လာပြီးနောက် ကော်မရှင်နာလမ်းတစ်လျှောက် မောင်းနှင်လာခဲ့ရာ ဆေးရုံကြီးရှေ့သို့ ရောက်သောအခါ မီးစက်တစ်စီးသည် ခေါင်းလောင်းများကို ဆူညံစွာ တီးလှုပ်လျက် အရေးတကြီးနောက်မှ မောင်းနှင်လာသည်ကို တွေ့မြင်သဖြင့် ဒရိုင်ဘာသည် နံဘေးသို့ကပ်ကာ ရှောင်တိမ်း၍ ထုံးစံအတိုင်း ရပ်ဆိုင်းကာ စောင့်နေရကြောင်း။ မီးစက်သည် အနီးသို့ ရောက်သောအခါ ဆက်လက်၍မောင်းနှင်ခြင်း မပြုဘဲ ထောင်မော်တော်ကားနှင့် ယှဉ်တွဲကာ ဆိုက်ကပ်၍ရပ်ကြောင်း။ ပုလိပ်တို့လည်း အံ့သြစွာနှင့် ကြည့်နေမိကြကြောင်း။

မီးစက်ပေါ်မှ ပါလာသော မီးစက်အလုပ်သမားနှင့် အရာရှိတို့သည် ကားပေါ်သို့ ခုန်တက်ပြီးနောက် အံ့အားသင့်လျက်ရှိနေသော ပုလိပ်သားတို့က ခုခံခြင်းမပြုနိုင်မီ ဒရိုင်ဘာနှင့် ပုလိပ်တို့ကို မူးဝေယိုင်လဲသည့်တိုင်အောင် ရိုက်နှက်ကြကြောင်း၊ တံခါးကိုလည်း အချို့က ချိုးဖွဲ့ရိုက်နှက်ပြီးလျှင် အကျဉ်းသမားကို ထုတ်ယူ၍ မီးစက်ပေါ် တင်ပြီးမှ ရွှေတိဂုံဘုရားဘက်သို့ မောင်းနှင်၍သွားကြကြောင်း။ ထိုသူတို့မှာ ကြေးဝါခမောက်ကြီးများကို ဆောင်းလျက်ရှိကြသည်ဖြစ်၍ မီးစက်အရာရှိများပင် မှတ်ထင်မိကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ မောင်စံရှားသည် ကျွန်တော်တို့ စီးနင်းလာကြသည့် ကားပေါ်သို့ ခုန်တက်၍ ကျွန်တော်တို့အားလည်း လျင်မြန်စွာတက်စေပြီးလျှင် ၎င်းကိုယ်တိုင် ရွှေတိဂုံဘုရားဘက်သို့ အပြင်းအထန်မောင်းနှင်လေ၏။

ကျွန်တော်နှင့်မောင်စံရှားမှာယှဉ်လျက်ထိုင်နေကြသည်ဖြစ်သောကြောင့် မောင်စံရှားက လမ်းခရီး၌ပြောပြသည်မှာ လမ်းမတော်မီးစက်ဌာန၌ မြန်မာလူမျိုးတစ်ယောက်ကို မကြာသေးမီက လက်ထောက်အရာရှိအဖြစ်နှင့် ခန့်ထားလိုက်ရာ ၎င်းမှာ ဦးထွန်းဖေ၏သားတစ်ယောက်သော်လည်းကောင်း၊ တပည့်တစ်ယောက်သော်လည်းကောင်း ဖြစ်ရမည်ဟု သတင်းရရှိကြောင်း။ တစ်ယောက်သောတပည့်က ရုံးမှနေ၍ မီးလောင်ကြောင်းကို တယ်လီဖုန်းဆက်၍ ပြောလိုက်ခြင်းဖြစ်ကြောင်း။ ထိုမီးစက်သည် အခြားမီးစက်များနှင့် အတူမရောက်ဘဲ ခွဲ၍ထွက်လာပြီးလျှင် မီးစက်သမားငယ်သားများမှာလည်း ၎င်းတို့၏ လူချင်းသာလျှင်ဖြစ်သောကြောင့် မော်တော်ကားကို မီအောင်လိုက်၍ ပုလိပ်များကို ရိုက်နှက်ပြီးနောက် ဦးထွန်းဖေကိုလုယူခြင်းဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ကျွန်တော်တို့သည် ရွှေတိဂုံဘုရားသို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် မီးစက်တစ်ခု ခြေတော်ရင်း၌ ဆိုက်ထားသည်ကို တွေ့မြင်ကြရာ မောင်စံရှားနှင့် မောင်အုန်းဖေတို့သည် ကားအနီးရှိ ဈေးသည်များကို မေးမြန်းခြင်းအားဖြင့် မီးစက်ပေါ်မှ လူများသည် မီးစက်ပေါ်မှ ဆင်း၍ ကားတစ်စီးပေါ်သို့ တက်ပြီးလျှင် ကန်တော်ကြီးဘက်သို့ မောင်းနှင်သွားသည်ကို တွေ့မြင်လိုက်ရကြောင်းနှင့် ထွက်ဆိုကြလေ၏။ ထိုအခါ မောင်စံရှားလည်း ကားကို ကန်တော်ကြီးဘက်သို့ လှည့်၍ မောင်းနှင်ပြန်လေ၏။

အင်္ဂလိပ်ဘုရားရှိခိုးကျောင်းအနီးသို့ရောက်သောအခါ လမ်းနံဘေး၌ မီးစက်သမားတို့၏ ကြေးဝါခမောက်၊ ကုတ်အင်္ကျီ စသော ယူနီဖောင်းတို့ကို တွေ့မြင်ရခြင်းအားဖြင့် ထိုသူတို့သည် ထိုအဝတ်များနှင့် ကားစီး၍သွားကြသော် တွေ့မြင်ရသူအပေါင်းတို့က ထင်ရှားလွယ်ကူစွာ မှတ်သားမိနိုင်မည့်အကြောင်းကို သိရှိရသဖြင့် ထိုအဝတ်များကို ချွတ်ခွာစွန့်ပစ်၍ သွားကြကြောင်း သိရှိရလေ၏။

ကျွန်တော်တို့သည် မော်တော်ကားကို လျင်မြန်စွာ ဆက်လက် မောင်းနှင်ကြသဖြင့် ကန်တော်ကြီး အလယ်ကျွန်း၌လည်းကောင်း၊ ထိုမှတစ်ဖန် ပတ်ပတ်လည်၌လည်းကောင်း ရှာဖွေပါသော်လည်း လူဆိုးတို့၏ အစအနကိုမျှ မမြင်ရတော့ဘဲ နောက်ဆုံး၌ ကန်တော်ကလေးဘက်သို့ မောင်းနှင်ခဲ့ကြလေ၏။ လမ်းခရီး၌ တွေ့သောလူများကို မေးမြန်းရာမှ ထိုမော်တော်ကားမှာ အခြားသောမော်တော်ကားများထက် ထူးခြားသော အခြင်းအရာ ပါရှိမည်ကို မသိနိုင်သည်ဖြစ်၍ မေးမြန်းခြင်းမပြုဘဲ မောင်စံရှားနှင့် မောင်အုန်းဖေ နှစ်ယောက်လုံးတို့မှာ အကြီးအကျယ် စိတ်ပျက်လျက် အိမ်သို့ ပြန်လာကြရလေ၏။

ထို့နောက် ညနေ၌ ပုလိပ်မင်းကြီးက မောင်စံရှားအား အမြန်လာရောက်ရန် တယ်လီဖုန်းဆက်၍ ခေါ်ငင်သဖြင့် ကျွန်တော်လည်း အတူတကွ လိုက်ပါ၍သွားရာ မင်းကြီး၏ နေအိမ်သို့ ရောက်သောအခါ ပုလိပ်မင်းကြီးနှင့် ပြည်ထဲရေးဝန်ကြီးချုပ်တို့သည် ခေါင်းချင်းဆိုင်လျက် တိုင်ပင်နေကြသည်နှင့် တွေ့ကြရလေ၏။ ကျွန်တော်တို့အား ထိုင်စေပြီးနောက် ပြည်ထဲရေးဝန်ကြီးချုပ်က ယခုကဲ့သို့သော အမှုမျိုးသည် မြန်မာပြည်၌ တစ်ခါဖူးမျှ ဖြစ်ပေါ်ဖူးသည် မရှိဘဲ မိမိ၏ လက်ထက်ကျမှ ဖြစ်ပေါ်ရခြင်းဖြစ်၍ ညံ့ဖျင်းရာကျနေသည်ဖြစ်၍ ရှက်ဖွယ်လိလိ ဖြစ်၍နေကြောင်း၊ မကြာမီအခါက မိတ္ထီလာနယ်ပယ်၌ စံဖဲတစ်ယောက် ထကြွပုန်းရှောင်၍ နေခြင်းမှာ တောစွန်တောဖျား၌ ဖြစ်ရခြင်းဖြစ်၍ ဤအမှုနှင့် နှိုင်းစာလိုက်သော် ခုခံပြောဆို အကြောင်းပြနိုင်ဖွယ်ရာ ရှိကြောင်း၊ ယခုမှာမူ လူသတ်မှုနှင့် ဖမ်းဆီးထားသော လူတစ်ယောက်သည် စစ်ဆေးမည့်နေ့တွင်မှ နေ့လည်ကြီးကြောင်တောင်တွင် တရားသူကြီးကို သတ်ခြင်း၊ ရှေ့နေကြီးကို သတ်ခြင်း၊ နောက်ဆုံး၌ ထောင်မော်တော်ကားမှ တရားခံကို အတင်းလုယူခြင်းတို့မှာ ဤပြည်မျှမက အခြားသော တိုင်းပြည်များတွင်ပင် မကြုံဖူး

မကြားဖူးလောက်အောင် ရှိနေသည်ဖြစ်၍ ပုလိပ်အရာရှိများနှင့် တကွ တိုင်းပြည်အုပ်ချုပ်စီမံခြင်းဆိုင်ရာ အရာရှိအားလုံးတို့မှာ ဦးခေါင်းမော်၍မျှ မကြည့်ဝံ့လောက်အောင် ရှက်ဖွယ်ရာကြီးတစ်ခု ဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးချုပ်၏ စကားအဆုံးတွင် ပုလိပ်မင်းကြီးက ဝန်ကြီးမင်း ပြောသွားသည့်အတိုင်း ထိုအမှုသည် အမှန်ပင်ကြီးကျယ်လေးနက်သောအမှုဖြစ်ပေရာ မိမိတို့တွင်မက မောင်စံရှားကိုယ်တိုင်လည်း ပါဝင်၍နေသည်ဖြစ်သောကြောင့် နာမည်ပျက်လျှင် အတူတူပင်ပျက်ရန်ရှိသည် မှန်သည့်အတိုင်း မိမိတို့၏ ဂုဏ်သရေနှင့်တကွ အားလုံးသော အစိုးရအရာရှိကြီးတို့၏ ဂုဏ်သရေကို ဆည်နိုင်စေခြင်းငှာ မောင်စံရှားကလည်း တတ်အားသမျှ ကြိုးစားအားထုတ်ပါမည်အကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ မောင်စံရှားက မိမိသည် ထိုအမှု၌ ဦးထွန်းဖေကို လက်ရဖမ်း၍ မမိမခြင်း အိပ်ခြင်း၊ စားခြင်း၊ ရပ်နားခြင်း မရှိဘဲ နေ့ရောညပါ အားထုတ်ပါမည့်အကြောင်းနှင့် ဝန်ခံကတိထားပြီးလျှင် မင်းကြီး၏ နေအိမ်မှ ထွက်လာခဲ့ကြလေ၏။

လမ်း ၄၀ ၌ ရှိသော ကျွန်တော်တို့၏ နေအိမ်သို့ ရောက်သောအခါ မောင်စံရှားမှာ စားသောက်ရန်ကိုမျှ သတိမရနိုင်ဘဲ ပက်လက်ကုလားထိုင်ပေါ်၌ ပစ်လှဲကာ ဆေးတံကို အငွေ့တစ်ထောင်းထောင်း ထွက်အောင် ရှူဖွာလျက် အကြံထုတ်၍ နေရာ ကျွန်တော်မှာမူ မိမိနှင့် ကောင်းကောင်းကြီး မသက်ဆိုင်သည်ဖြစ်၍ အမှုမှာ သည်မျှပင် အရေးကြီးသော်လည်း ဆာလောင်မွတ်သိပ်ခြင်းကို မမေ့နိုင်သည်ဖြစ်၍ အစေခံအား ထမင်းပြင်ရန်ပြောအံ့ ဟု ခေါ်ငင်လေ၏။ သို့ပါသော်လည်း အစေခံ မပေါ်လာဘဲ ရှိလေလျှင် ကျွန်တော်သည် ဆာလောင်လှပြီဖြစ်၍ မီးဖိုခန်းသို့ ဝင်ပြီးလျှင် စားသောက်ဖွယ်များ အဆင်သင့်ရှိလေပြီလောဟု ကြည့်ရှုမည်အပြုတွင် မီးဖိုတံခါး၏ အကြားမှ လူနှစ်ယောက်တို့သည် ရုတ်ခနဲ ထွက်လာပြီးနောက် တစ်ယောက်က ကျွန်တော်၏ ပါးစပ်ကိုပိတ်လျက် တစ်ယောက်သည် ဓားမြှောင်နှင့် ခြိမ်းခြောက်ပြီးမှ ကျွန်တော့်ကို လက်ပြန်ကြိုး ချည်နှောင်ကြလေ၏။

အိမ်ရှေ့ခန်း၌ ကျွန်တော်မရှိစဉ်ဖြစ်ပျက်သော အောက်ပါအခြင်းအရာတို့မှာမူ မောင်စံရှားက နောက်မှ ပြောပြသဖြင့် သိရှိရသော အဖြစ်အပျက်များ ဖြစ်လေသည်။

ကျွန်တော် ထသွားပြီးနောက် တစ်ခဏမျှ ကြာသောအခါ တယ်လီဖုန်းမှ နှိုးစက်ကျသည်ဖြစ်၍ မောင်စံရှားသည် ထိုင်ရာမှ ထပြီးလျှင် တယ်လီဖုန်းကို ကောက်ယူနားထောင်ရာ ...

**ရှား**။ ။'ဘယ်သူလဲ၊ ဘယ်က စကားပြောတာလဲ'

**အသံ**။ ။'ဦးထွန်းဖေ မရှိဘူးလား'

**ရှား**။ ။'ဘယ်က ဦးထွန်းဖေလဲ'

**အသံ**။ ။'ဓာတုဗေဒဆရာကြီး ဦးထွန်းဖေလေ၊ ကျုပ်က တွေ့ချင်တယ်လို့ ပြောလိုက်စမ်းပါ'

ထိုအခါ မောင်စံရှားမှာ ဦးထွန်းဖေ၏ တပည့်ငယ်သားတစ်ယောက်က မိမိအား ယင်းကဲ့သို့ လှောင်ပြောင်ရသည်ကို အမျက်ပြင်းစွာ ထွက်သဖြင့် လူချင်းနီးခဲ့လျှင် ခြေနှင့်ကန်ကျောက်လိုသည်ဖြစ်သော်လည်း အသံကိုမူ မည်သို့မျှ မပြုနိုင်သည်ဖြစ်၍ 'တယ် ခွေးမသား 'ဟု ကြိမ်းဝါး ရေရွတ်ပြီးနောက် တယ်လီဖုန်းကို ချိတ်ထားလိုက်လေ၏။

'ဖရုသဝါစာဖြစ်အောင် ဘာလုပ်မဲ့ တိုင်းထွာ ဆဲရေးချင်သလဲဗျာ'

ဟု မိမိ၏ နောက်မှ ဦးထွန်းဖေ၏ အသံဖြင့် ကပ်၍ ပြောလိုက်ရာ မောင်စံရှားမှာ ဒိတ်ခနဲဖြစ်၍ သွားကြောင်း ဝန်ခံခဲ့လျှင် အံ့သြဖွယ်ရာ ရှိမည်မဟုတ်ချေ။

အံ့သြခြင်း ပြေပျောက်ပြီးသည့်နောက် မောင်စံရှားသည် နောက်သို့ လှည့်၍ကြည့်လိုက်ရာ ဦးထွန်းဖေသည် ခြောက်လုံးပြူး တစ်လက်ကို မိမိ၏ ရင်ဝသို့ ချိန်ရွယ်လျက် ခပ်ပြုံးပြုံးမျက်နှာထားနှင့်

**ထွန်း**။ ။'ခုန်လား ပေါက်လား၊ အော်လား ဟစ်လားတော့ မလုပ်နှင့်နော် ၊ တစ်ခါတည်း သေအောင်ပစ်လိုက်မယ်'

ဟု ခြိမ်းခြောက်လေ၏။

မောင်စံရှားမှာ အမှုအခင်းများစွာ တို့ကို လိုက်လံစုံထောက်ရသဖြင့် ဘေးဥပါဒ်အန္တရာယ် အမျိုးမျိုးတို့နှင့် တွေ့ဆုံခဲ့ရသည်မှန်သော်လည်း ယခုတစ်ကြိမ်ကဲ့သို့ ဘယ်အခါကမျှ မအံ့သြဖူးချေ။

စင်စစ်အားဖြင့် ဆိုမူ မောင်စံရှားမှာ အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်ခြင်းထက် မိမိ မရှိသည့်အခိုက်တွင် မိမိ၏ နေအိမ်အတွင်းသို့ ဝင်နေခဲ့၍ မိမိ၏အလစ်ကို စောင့်ပြီးလျှင် အနိုင်ရအောင် ကြံစည်နိုင်ခြင်းကို အံ့သြခြင်းက သာလွန်ခဲ့သည် မှန်ပေ၏။

ဦးထွန်းဖေမှာ အခြားသော ရာဇဝတ်ကောင်များကဲ့သို့ ခက်ထန်ကြမ်းကြုတ်သော မျက်နှာထားဖြင့် ခြိမ်းခြောက်ခြင်းမပြုဘဲ ခပ်ပြုံးပြုံးမျက်နှာထားဖြင့် သာလျှင် ရှိနေသော်လည်း မောင်စံရှားအား ညှာတာလိုသော သဘောဖြင့် ပြုံးရယ်ခြင်းမဟုတ်။ ထိုသူသည် ငါ၏လက်တွင်းမှ မလွတ်နိုင်ချေပြီတကားဟု ဝမ်းမြောက်သောစိတ်ဖြင့် သာလျှင် ပြုံးရယ်ခြင်း ဖြစ်လေရာ မောင်စံရှားကို သတ်တော့မည်ကား အမှန်မလွဲဖြစ်ပေ၏။

**ထွန်း**။ ။'တစ်ခွန်းပြင် နှစ်ခွန်းထပ်ပြီး မပြောဘူးဗျနော်၊ ကိုင်း လက်မြှောက်လိုက်၊ အော်မယ် ဟစ်မယ်များ မကြံနှင့်၊ တစ်ခါတည်း ပစ်လိုက်မယ်၊ ပစ်လိုက်ရင် သေနတ်သံကြားပြီး ပုလိပ်များ လာလိမ့်မယ်လို့ မမျှော်လင့်နှင့်၊ ဒီသေနတ်က အသံမထွက်အောင် ကိုယ်တိုင်စီမံပြီး ထားတဲ့ သေနတ်၊ ကြားလား'

ထိုအခါ မောင်စံရှားမှာ ထိုသူ၏လက်တွင်းသို့ ကျရောက်နေသည့်အခါတွင် ခုခံသော်လည်း အချည်းနှီးပင်ဖြစ်မည်ကို မြင်သဖြင့် ခိုင်းစေသည့်အတိုင်း ငြိမ်သက်စွာ လိုက်နာရလေ၏။ သို့ရာတွင် မောင်စံရှားသည် အချိန်ကို ဆွဲ၍နေခြင်းမျှဖြစ်ရာ အကြံကိုကား မလျှော့ဘဲ အလစ်ကို သာလျှင် ချောင်း၍နေလေ၏။

**ရှား**။ ။'ဒီအိမ်ထဲကို ခင်ဗျား ဘယ့်နှယ်ဝင်သလဲ'

**ထွန်း**။ ။'ခင်ဗျားတို့က ပုလိပ်မင်းကြီး၏အိမ် သွားနေတုန်း ကျုပ်တို့က အိမ်ထဲဝင်၊ အစေခံကို မီးဖိုထဲမှာ ချည်တုတ်ပြီးထား၊ ကျုပ်ကတော့ ညောင်းညောင်းရှိတာနှင့် ခင်ဗျားအိပ်ရာမှာ အသာဝင်ပြီးအိပ်နေ၊ တယ်လီဖုန်းနှိုးစက်ကျတော့မှ ခင်ဗျား ရောက်ကြောင်း သိတာနှင့် ကျုပ် ထပြီး လာခဲ့တာကိုးဗျ၊ အိမ်ကို ခင်ဗျား ပြန်လာတာမြင်ရင် တယ်လီဖုန်းကို နှိုးစက်ပေးဖို့ ကျုပ်က တပည့်များကို မှာထားခဲ့တယ်ဗျ၊ တစ်ရေးလောက် အိပ်လိုက်ရ၊ အိပ်ရေးတော်တော် ဝပေဗျာ'

ထိုအခါ မောင်စံရှားမှာ ဤမျှလောက် အေးအေးဆေးဆေး စီမံနိုင်သော လူဆိုးတစ်ယောက်အဖြစ်ကို အံ့သြသည်ထက် တိုး၍ပင် အံ့သြမိပြန်လေ၏။ ၎င်းနောက် ...

**ရှား**။ ။'ခင်ဗျား စိတ်နောက်ပြီထင်တယ်၊ ကျုပ်အိမ်ထဲကို ခင်ဗျား ဘယ်လို အကြံနှင့် လာခဲ့သလဲ'

**ထွန်း**။ ။'အကြောင်းကတော့ အမျိုးမျိုးပါပဲ၊ ပထမအကြောင်းကတော့ တစ်မြို့လုံးရှိ ပုလိပ်တွေဟာ ကျုပ်ကိုတွေ့အောင် လိုက်ပြီး ရှာနေတုန်း စုံထောက်ကြီးဦးစံရှား နေအိမ်မှာ ဝင်ပြီးပုန်းနေတာလောက် လုံတဲ့နေရာ ဘယ်မှာ ရှိမှာလဲ ၊ မြို့က မြေလှန်ပြီး ရှာလျှင်သာရှာမယ်၊ ဦးစံရှားအိမ်ကိုတော့ ဘယ်နည်းနှင့်မှလာပြီး ရှာမယ်မဟုတ်ဘူးလို့ ကျုပ်သိတာက တစ်ကြောင်း၊ ဒုတိယအကြောင်းကတော့ ခင်ဗျားဟာ ကျုပ်ကို နေရာတိုင်းမှာ လိုက်ပြီးနှောင့်ယှက်နေတာ အတော်ကြာပြီ၊ ဒီတစ်ခါတော့ မနှောင့်မယှက်နိုင်လောက်အောင် အဆုံးစီရင်တော့မယ်လို့ ကြံစည်ခြင်းက တစ်ကြောင်း ၊ ဒီနှစ်ကြောင်းကြောင့် ကျုပ်လာခဲ့ခြင်း ဖြစ်တယ်'

ယင်းသို့ ပြောဆိုလျက် ရှိစဉ် မောင်စံရှားသည် အလစ်ကိုချောင်းလျက်ရှိရာ တစ်ကြိမ်နှစ်ကြိမ်မျှ လှုပ်ရှားရန် ကြိုးစားပါသော်လည်း ဦးထွန်းဖေက ခေါင်းကိုယမ်းကာ ပြုံးရယ်လျက် သေနတ်ကို ပြသောကြောင့် မလှုပ်မရှားနားထောင်၍ နေရလေ၏။ ၎င်းနောက်

**ထွန်း။** ။'ကိုစံရှား၊ ခင်ဗျား မြန်မြန်သေတဲ့နည်း ကြိုက်သလား၊ တဖြည်းဖြည်းနဲ့ သေတဲ့နည်း ကြိုက်သလား'

**ရှား။** ။'လှောင်မနေပါနှင့်လေ၊ ခင်ဗျား ကြိုက်သလိုသာ လုပ်ပါ'

**ထွန်း။** ။'အင်း ကျုပ်ကြိုက်သလို လုပ်ရမှာဖြင့် ခင်ဗျားဟာ ကျုပ်က တစ်စုံတစ်ရာ ထိခိုက်နစ်နာအောင် မလုပ်ပါဘဲလျက် ကျုပ်ကို နေရာတကာ လိုက်ပြီး ရန်ရှာတဲ့အတွက် သက်သာတဲ့နည်းနှင့် မသေစေရဘူးဗျာ၊ အခံရအခက်ဆုံးနည်းနှင့် သေစေရမယ်၊ နေဦး ကျုပ်ကြည့်စမ်းဦးမယ်'

ဟု ပြော၍ အခန်းတွင်းရှိ ဝတ္ထုပစ္စည်းများကိုလှည့်၍ ကြည့်မည်အပြုတွင် မောင်စံရှားက ချောင်း၍နေသည်ကို မြင်သဖြင့် ...

**ထွန်း။** ။'အာဂလူပါကလား၊ ကိုင်း ဒါဖြင့် ဒီလိုလုပ်ရမယ်၊ ဟေ့ နောက်ဖေးက လူများ လာကြဟေ့'

ဟု ခေါ်လိုက်သည်တွင် တပည့်နှစ်ယောက်တို့လည်း မီးဖိုးခန်းမှ ထွက်လာကြလေ၏။

၎င်းနောက် ထိုသူတို့သည် ဦးထွန်းဖေ၏ အမိန့်အရ လေမီးဖိုနှင့် ဓာတ်ဆီတစ်ပုံးကို ယူခဲ့ကြလေ၏။ ထို့နောက် လေမီးဖိုကို လေထိုး၍ မီးမွှေးပြီးလျှင် မီးကောင်းစွာ တောက်သောအခါ ထိုသူနှစ်ယောက်တို့သည် မီးဖိုချောင်၌ ချည်တုပ်ကာထားသော ကျွန်တော်နှင့် အစေခံတို့ကို အိမ်ရှေ့ခန်းသို့ ပွေ့ချီ၍ထုတ်ကြလေ၏။ ၎င်းနောက်မှ ထိုသူတို့သည် ဦးထွန်းဖေ၏ အမိန့်အရ မောင်စံရှားကို ကြပ်တည်းစွာ ချည်နှောင်ကြလေ၏။ ထိုသို့ ချည်နှောင်လျက်ရှိစဉ် မောင်စံရှားသည် တစ်စုံတစ်ခုသော အရာဝတ္ထုကို ထိုသူများ မမြင်ရအောင် လက်ထဲ၌ ကြပ်တည်းစွာ ဆုပ်ကိုင် ကပ်ဝှက်၍ ထားလေ၏။ မောင်စံရှားကို စားပွဲ၌လည်းကောင်း၊ ကျွန်တော်နှင့် အစေခံကို ပက်လက်ကုလားထိုင်ကြီး တစ်လုံးစီ၌ လည်းကောင်း၊ လက်ရောခြေပါ မလှုပ်မရှားနိုင်လောက်အောင် ကြပ်တည်းစွာ ချည်နှောင်ကြလေ၏။ အလုံးစုံ ပြင်ဆင်ပြီးစီးသည့်နောက် ...

**ထွန်း။** ။'ကိုင်း တစ်ခါဖြင့် ခင်ဗျားတို့ လွတ်နိုင်စရာ မရှိဘူး၊ အစေခံရော မိတ်ဆွေရော တစ်ပြိုင်တည်း အတူသေစေရမယ်၊ သေပေမယ့် ချမ်းချမ်းသာသာနှင့်တော့ မဟုတ်လှဘူး ဆရာကြီးရေ့၊ ပူပူလောင်လောင်ပဲ၊ ဓာတ်ဆီပုံးကို မီးပေါ်မှာတင်ရင် ငါးမိနစ်လောက်ကြာရင် ဆူမယ်၊ ဆူရင် ပေါက်ကွဲပြီး တစ်ခန်းလုံးအနှံ့အပြား ဓာတ်ဆီတွေစင်ပြီး ဓာတ်ဆီကျရာ မီးတောက်မယ်၊ ကိုင်း သည်တော့ ဓာတ်ဆီပုံး မပေါက်ကွဲမီ ဘုရားတရားအောက်မေ့တတ်ရင် အောက်မေ့ကြပေတော့ဗျာ၊ ဓာတ်ဆီပုံးကို မီးပေါ်တင်လိုက်ဟေ့'

တပည့်များလည်း ခိုင်းစေသည့်အတိုင်း ပြုလုပ်ကြပြီးလျှင် ဆရာတပည့်အားလုံးတို့သည် မောင်စံရှားအား ပြောင်လှောင်ကာ နှုတ်ဆက်ပြီးနောက် တိုက်ပေါ်မှ ဆင်းသွားကြလေ၏။

၎င်းတို့ ဆင်းသွားသည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် လက်တွင်ဆုပ်ကိုင်၍ ထားသော အရာဝတ္ထုကို ထုတ်လေရာ ၎င်းမှာ မီးခြစ်ဘူး တစ်လုံး ဖြစ်လေ၏။ လက်များကို ကြိုးနှင့်ကြပ်တည်းစွာ ချည်နှောင်၍ထားသော်လည်း မောင်စံရှားသည် မီးခြစ်ကို မဖြစ်ဖြစ်အောင် ခြစ်ပြီးလျှင် မီးခြစ်မှ မီးတောက်နှင့် လက်ကောက်ဝတ်တွင် ချည်နှောင်၍ထားသော ကြိုးများကို ရှို့လေ၏။ ယင်းကဲ့သို့ တစ်ချောင်းပြီးလျှင် တစ်ချောင်း ခြစ်၍ခြစ်၍ ရှို့သဖြင့် လက်တို့မှာ မီးလောင်သည့် ဒဏ်ရာကြောင့် အသား နီနီရဲရဲ ရှိသော်လည်း မောင်စံရှားသည် ရှုံ့မဲ့တွန့်လိမ်ခြင်း မရှိဘဲ အံကြိတ်ကာ စိတ်ကို တင်းပြီးလျှင် တစ်ချောင်းပြီး တစ်ချောင်း မရပ်မနား ရှို့လျက် ရှိလေ၏။

ထိုအတောအတွင်း လေမီးဖိုပေါ်၌ ရှိသော ဓာတ်ဆီပုံးသည် မီးပူ၍ ပူ၍ လာသည်ဖြစ်သောကြောင့် ဆေးများကွာပြီးလျှင် အချို့သော နေရာများမှ ပူဖောင်း၍ ထွက်သဖြင့် တဝွမ်ဝွမ် တဖောင်ဖောင်နှင့် နေလေ၏။ ကျွန်တော်နှင့် အစေခံတို့မှာ ထိုအခြင်းအရာများကို တွေ့မြင်ကြရသောအခါ ပေါက်တော့မည့်ဆဲဆဲ ရှိနေပြီကို သိသဖြင့် ဇောချွေးများပြန်သည့်တိုင်အောင် ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်ကြလေ၏။

မောင်စံရှားမှာမူ မီးဖိုရှိရာသို့ အလျှင်းမကြည့်ဘဲ မီးခြစ်များကို တစ်ချောင်းပြီးလျှင် တစ်ချောင်း ခြစ်၍ခြစ်၍ ရှို့လေရာ မီးခြစ်မှာ အဆံကုန်ကာနီးလာလေ၏။ နောက်ဆုံးမီးခြစ်ဆံ တစ်ချောင်း ရှို့ပြီးသော်လည်း ကြိုးသည် မပြတ်သေးဘဲ ရှိနေရာ မောင်စံရှားသည် ရှိသမျှ ခွန်အားကို ညှစ်၍ ထုတ်ပြီးလျှင် အသားနီနှင့်ရဲရဲရှိသော အသားတွင်းသို့ ကြိုးများနစ်၍ဝင်သဖြင့် နာကျင်လှသည့်ဝေဒနာကို ပမာဏမပြုဘဲ အတင်းအကန် တွန့်လိမ်၍ ရုန်းလိုက်ရာ ကြိုးသည် ထောင်းခနဲ ပြတ်၍ သွားလေ၏။

လက်မှ ကြိုးပြတ်လေလျှင် ခြေမှ ကြိုးများကို ဖြေရန်မှာမူ လွယ်ကူပြီး ဖြစ်လေရကား မောင်စံရှားသည် တုန့်နေးဖင့်နွှဲ့ခြင်း မရှိဘဲ ခြေမှ ကြိုးများကို လျင်မြန်စွာ ဖြေလိုက်လေ၏။

အနှောင်အဖွဲ့မှ လွတ်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် ထိုင်ရာမှ ထ၍ တုတ်ကောက်ကို ယူပြီးလျှင် မီးပေါ်မှ ဓာတ်ဆီပုန်းကို ချိတ်ယူပြီးနောက် ရေဘုံဘိုင်ရှိရာသို့ ပြေးသွားပြီးမှ ဓာတ်ဆီပုံးပေါ်သို့ ရေကို ဖွင့်၍ချလိုက်ရာ တရှဲရှဲမြည်သွားသော အသံများကို ကြားကြရလေ၏။ ထိုအခါမှ ကျွန်တော်မှာ ဆိုးဝါးလှသော သေခြင်းမှ လွတ်ကင်း ချမ်းသာပေပြီ တကားဟု သက်ပြင်းကြီး ချမိလေ၏။

ထို့နောက်မှ မောင်စံရှားသည် ကျွန်တော်နှင့် အစေခံကို အနှောင်အဖွဲ့မှ လွတ်စေပြီးလျှင် တစ်ခဏမျှ ဆိုင်းတွ နားနေခြင်း မရှိဘဲ

'လာဗျာ ကိုသိန်းမောင်၊ ဒီအကောင်တွေ မီလိုမီငြား လိုက်ကြဦးစို့ဗျာ'

ဟု ပြော၍ အဆောတလျင် တိုက်ပေါ်မှ ဆင်းပြေးလာခဲ့ကြလေ၏။ လှေခါးရင်းတွင်မှ တိုက်ပေါ်သို့ တက်၍လာနေသော အင်စပိတ်တော် မောင်အုန်းဖေနှင့် အခန့်သင့်တွေ့၍ မောင်စံရှားက တစ်ခါတည်း ခေါ်ဆောင်ခဲ့ပြီးလျှင် မော်တော်ကားနှင့် လိုက်ရန် ပြင်ဆင်ကြလေ၏။

တိုက်အောက်ထပ်၌နေသော သူများအား လူသုံးယောက်တို့ မကြာမီက ဆင်းသွားသည်ကို မမြင်ပါသလောဟု မေးမြန်းရာ ၊ လူသုံးယောက်တို့သည် တိုက်ပေါ်မှ ဆင်းကာ မော်တော်ကားတစ်စီးနှင့် ကမ်းနားဘက်သို့ မောင်းနှင်သွားကြကြောင်းနှင့် ပြောဆိုသဖြင့် ကျွန်တော်တို့သည် ကမ်းနားဘက်သို့လိုက်ကြလေ၏။
သို့ရာတွင် ၎င်းတို့ကို မီနိုင်ရန် မရှိတော့သည်ဖြစ်ရာ ဓာတုဗေဒဆရာကြီးဦးထွန်းဖေသည် ဤမျှမကသေး၊ နောက်နောင် စွန့်စွန့်စားစား ကြံစည်သော အမှုပေါင်းများစွာလည်း ရှိသေးသည် ဖြစ်ရကား ဤအပတ်တွင် အဆုံးသတ်ရန် မတတ်နိုင်သည်ဖြစ်၍ မောင်စံရှားနှင့် ၎င်းဆရာကြီးတို့ အကြိတ်အနယ် သူတစ်ပြန် ငါတစ်လှည့် ကြံစည်ကြပုံများကို နောင်အပတ်များတွင် ဆက်လက်ရေးသား ဖော်ပြရဦးမည် ဖြစ်ပေသတည်း။

**ပြီးပါပြီ။**

× × × × × ×

## ၃၁။ စုံထောက်မောင်စံရှားသည် လူဆိုးတို့ လက်တွင်းသို့ သက်ဆင်းရပုံ

ကျွန်တော် မောင်သိန်းမောင်သည် စုံထောက်မောင်စံရှားနှင့် ရန်ကုန်မြို့၌ ရှေးဦးစွာ တွေ့ဆုံသိကျွမ်းခဲ့ပုံနှင့်တကွ ၎င်း၏ စိတ်နေသဘောထား ရှိပုံကိုလည်းကောင်း၊ ထူးဆန်းသော အလေ့အကျင့်များကို လည်းကောင်း၊ ကျွန်တော်နှင့် ပထမ အတူတကွ လိုက်လံစုံထောက်ကြသည့် ကြိုးကြာကန်ရှာ လူသတ်မှု အကြောင်းကိုလည်းကောင်း၊ ၁၉၁၇ ခုနှစ် ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် ရှေးဦးစွာ ထည့်သွင်းဖော်ပြခဲ့ရာ ထို့နောက် ၎င်းမဂ္ဂဇင်းနှင့်တကွ ဗြိတိသျှဘာမား မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ မန္တလေးမဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း တို့တွင် ၎င်း၏ ထူးကဲသော အရည်အချင်းနှင့် ဆင်ခြင် စဉ်းစားပုံ တို့ကို ၁၅ နှစ်တိုင်တိုင် တတ်နိုင်သမျှ အချိန်မှန်ကန်စွာ ထည့်သွင်းရေးသား ဖော်ပြခဲ့ဖူးလေပြီ။ ဤလောက၏ ဓမ္မတာသဘာဝမှာ မည်မျှပင် ကြီးပွားချမ်းသာသည် ဆိုစေကာမူ ကုန်ခန်းခြင်းသည်သာလျှင် အဆုံးသတ်ချေ၏။ ကျွန်ုပ်၏ မိတ်ဆွေမောင်စံရှားမှာလည်း အမှုစုံထောက်ခြင်းကိစ္စတွင် နာမည်ရခဲ့၍ လူဆိုးမှန်သမျှကို နှိမ်နင်းအောင်မြင်ခဲ့သည်သာလျှင် ဖြစ်သောကြောင့် ဤမြန်မာပြည်အတွင်းရှိ အထက်တန်းစားလူကြီးများနှင့်တကွ အစိုးရအရာရှိကြီးများ ကိုယ်တိုင်ကပင် ၎င်း၏ အကူအညီအထောက်အပံ့ကို ရံဖန်ရံခါ အသုံးပြုကြသည်သာမက ယိုးဒယားပြည်၊ အိန္ဒိယပြည် မဟာရာဇာ စော်ဘွားကြီးများအနက်မှ ကျွန်ုပ်၏မိတ်ဆွေ မောင်စံရှား၏ ကူညီစောင်မခြင်းကို ရံဖန်ရံခါ လျှို့ဝှက်စွာ အသုံးပြုကြ ရသည့်အလျောက် နာမည်ကောင်း လက်မှတ်များသည်လည်းကောင်း၊ အဖိုးတန်လက်ဆောင် ပစ္စည်းများသည် လည်းကောင်း စုဆောင်း၍ ထားခဲ့လျှင် ဗီရိုနှင့် တစ်လုံးပင် ပြည့်လောက်ပါပေ၏။

သို့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေ မောင်စံရှားမှာ လက်မှတ်ဂုဏ်ထူး ဘွဲ့တံဆိပ် စသည်တို့ကို နှစ်သက်မြတ်နိုးခြင်း မရှိ။ ခွန်အားကြီးသောသူသည် ခွန်အားမရှိသောသူအား နှိပ်စက်ညှင်းပန်းခြင်းမှလည်းကောင်း၊ ဆိုးမိုက်သောသူသည် လူကောင်း တစ်ယောက်အား မတရားပြုကျင့်ခြင်းမှလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရခြင်းကိုသာလျှင် အရင်းခံထား၍ အမှုခပ်သိမ်း တို့ကို ဆောင်ရွက်ခဲ့သည်ဖြစ်သောကြောင့် အဆိုပါ လက်ဆောင် ဘွဲ့တံဆိပ်လက်မှတ် စသည်တို့ကို သိမ်းဆည်းစုဆောင်း၍ ထားသော အလေ့အကျင့် မရှိခဲ့ချေ။ အခါတစ်ပါး၌ မောင်စံရှားသည် အိန္ဒိယပြည်ကုလားမဟာရာဇာ စော်ဘွားကြီး၏ အမှုကို လိုက်လံဆောင်ရွက်ပေးခဲ့သဖြင့် စော်ဘွားကြီးသည် မောင်စံရှား တောင်းဆိုသော အဖိုးအခကို ပေးကမ်းပြီးနောက် အထက်သံပါပါနှင့် ...

'ရော့ ဒီမှာ ကျုပ်လို လူတစ်ယောက်က အသုံးပြုဖူးကြောင်း သက်သေလက်မှတ်တစ်ခု ပေးလိုက်မယ်၊ ထိုက်သင့်တဲ့ နေရာမှာ အသုံးပြုချေတော့'

ဟု ပြောလျက် လက်မှတ်တစ်ခု ပေးလိုက်လေ၏။ မောင်စံရှားသည် ထိုလက်မှတ်ကို လှမ်းယူ၍ အိတ်ထဲသို့ ထည့်ခဲ့သော်လည်း မော်တော်ကားပေါ်သို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် သက်သေခံလက်မှတ်ကို မီးရှို့၍ မိမိ၏ဆေးတံကို မီးညှိလိုက်လေ၏။ ယင်းကဲ့သို့ အပြည်ပြည်အနယ်နယ်၌ ထိပ်တန်းကျသော လူများ၏အမှုကို ဆောင်ရွက် ခဲ့ရ၍ လူဆိုးတကာတို့၏ ကြောက်ရွံ့ရိုသေခြင်းကို ခံခဲ့ရသော ကျွန်ုပ်၏ မိတ်ဆွေကြီးပင်လျှင်လည်း လောက၏ သဘာဝဓမ္မကို မလွန်ဆန်နိုင်ခဲ့သည်ဖြစ်ရကား လူဆိုးတို့ကို နိုင်နင်းခဲ့သော သူသည် နောက်ဆုံး၌ လူဆိုးတို့၏ လက်ချက်ဖြင့်ပင် အသက်ဆုံးရှုံးခဲ့ရှာလေ၏။

ကျွန်ုပ်မှာ မောင်စံရှား၏ အကြောင်းကို နောက်ဆုံးဖော်ပြခြင်း ဖြစ်သော ဤအဖြစ်အပျက်ကို ရေးသားရခြင်း၌ လွန်ခဲ့သော အဖြစ်အပျက်များကို ရေးသားခြင်းကဲ့သို့ စိတ်၏ ပျော်ရွှင်ခြင်းမရှိ။ ရေးနေသည့် အတွင်း၌ပင် နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ခဲ့သော မိတ်ဆွေကြီး၏ မျက်နှာကို တရေးရေး ထင်မြင်လျက် ရှိသည်ဖြစ်သောကြောင့် စိတ်၏ လေးလံထိုင်းမှိုင်းခြင်း ဖြစ်ခဲ့ရပေ၏။

မောင်စံရှားသည် စုံထောက်ခဲ့ရသော အမှုပေါင်းတို့တွင် ၎င်း၏ ဉာဏ်ရည်တူသော လူဆိုးတစ်ယောက်ကို တွေ့ခဲလှသည်ဖြစ်ရာ ဓာတုဗေဒဆရာဖြစ်သော ပရော်ဖက်ဆာ ဦးထွန်းဖေ ဆိုသူနှင့် ရှေးဦးစွာ တွေ့စဉ်ကမူ ထိုသူကား ဉာဏ်ပညာအရာ၌ မိမိထက် အောက်ကျနောက်ကျ မရှိကြောင်းကို မောင်စံရှားကိုယ်တိုင်ကပင် ဖွင့်ထုတ်၍ ပြောဆိုခဲ့ဖူးလေသည်။ ထိုကဲ့သို့ ဝန်ခံသည့်အတိုင်းလည်း မောင်စံရှားသည် ၎င်းပရော်ဖက်ဆာ ဦးထွန်းဖေကို မိဖို့ရန်

အကြိမ်ကြိမ်အဖန်ဖန် ကြံစည်အားထုတ်ပါလျက်နှင့် ဘယ်အခါ မဆို လက်မတင်ကလေးမျှ လွဲ၍ လွဲ၍ သွားသည်ပင် ဖြစ်ပေတော့သည်။

ကျွန်တော်သည် ပရော်ဖက်ဆာ ဦးထွန်းဖေနှင့် မောင်စံရှားတို့၏ အကြောင်းကို လွန်ခဲ့သော သုံးနှစ်ခန့်အခါက ကဝိမျက်မှန် မဂ္ဂဇင်းတွင် တစ်ကြိမ်မျှ ရေးသားဖော်ပြခဲ့ဖူးသော်လည်း ဦးထွန်းဖေ၏ အကျင့်စာရိတ္တတို့ကို မသိဘဲ ရှိနေကြမည် စိုးသဖြင့် အနည်းငယ် ထပ်မံရေးသား ဖော်ပြရမည်ဖြစ်ပေသည်။

၎င်းဦးထွန်းဖေမှာ ပရော်ဖက်ဆာဆရာကြီးတစ်ဦး ဖြစ်သည့်ပြင် ဓာတုဗေဒပညာ၌ အလွန်တရာ ထူးကဲပေါက်ရောက်သူ တစ်ယောက် ဖြစ်ရကား လူတို့၏ အသက်ဝိညာဉ်နှင့် သစ်ပင်များ၏ အသက်တို့ ခြားနားပုံအကြောင်းကို လောကဓာတ် ပညာနည်းအားဖြင့် ထင်ရှားအောင် ဥပမာ ဥပမေယျနှင့်တကွ စာအုပ်ကြီး တစ်အုပ်ဖြစ်အောင် အင်္ဂလိပ်ဘာသာဖြင့် စီရင်ရေးသား ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ၎င်းတွင် ဖော်ပြပါရှိသော စဉ်းစားဆင်ခြင်ချက်တို့မှာ အလွန်တရာ နက်နဲဆန်းကြယ်ခြင်း ရှိကြောင်းနှင့် ဂျာမနီပြည်၊ အင်္ဂလန်ပြည်၊ ဆွစ်ဇာလန်ပြည်ရှိ လောကဓာတ်ဆရာကြီးများကပင် ဝန်ခံ၍ အသိအမှတ်ပြုကြရလေသည်။ သို့ရာတွင် ဘယ်ရွေ့ဘယ်မျှပင် ဉာဏ်ကြီးသည် ဖြစ်စေကာမူ အကျင့်စာရိတ္တဖြင့် အခြေခံမပြုခဲ့ပါလျှင် ပြည့်စုံလုံလောက်ခြင်း မရှိနိုင်သည့်ပြင် အကျင့်မကောင်းခဲ့ပါလျှင် ဉာဏ်ကြီးသည့် အတွက်ကြောင့်ပင် သူတစ်ပါးအား သာလွန်၍ဒုက္ခပေးနိုင်သော အစွမ်းရှိတတ်ကြောင်းမှာ ဦးထွန်းဖေ၏ အဖြစ်အပျက်ကို ဖတ်ရှုခြင်းအားဖြင့် ထင်ရှားလှပေသည်။ ၎င်းဆရာကြီး၏ အယူဝါဒမှာ အသစ်မွေးဖွားသော သတ္တဝါများသည် သတ္တဝါအသစ်များဖြစ်ကြ၍ သေဆုံးသောအခါ၌လည်း ကွယ်ပျောက်ကြ၏။ သို့ဖြစ်၍ ဤဘဝ၌ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ စသည်တို့သည် တစ်ဖန်ဘဝသစ်၌ အကျိုးပေးဖို့ရန် မရှိဘဲ ထိုသတ္တဝါ သေဆုံးသည်နှင့် တစ်ပြိုင်နက် သတ္တဝါနှင့်အတူ ကွယ်ပျောက်ကြ လေသည်။ ယင်းသို့ဖြစ်ရကား ၎င်း၏ အယူဝါဒအရမှာ သတ္တဝါ တစ်ဦးတစ်ယောက်သည် မကောင်းမှုမှ ရှောင်ကြဉ်ရန် လည်းကောင်း၊ ကောင်းမှုကုသိုလ် ပြုရန်လည်းကောင်း၊ အလုပ်ဝတ္တရား တာဝန်မရှိချေ။ ထိုသို့သော အယူဝါဒမျိုး ကြောင့်လည်း ဤမျှလောက် ဉာဏ်ပညာကြီးရင့်သော လူတစ်ယောက်သည် မကောင်းသော နည်းလမ်းဖြင့် လောက၌ ခေတ္တခဏ ကြီးပွားမှုအတွက် ရက်ရက်စက်စက် ပြုမူဆောင်ရွက်ဝံ့ဟန် လက္ခဏာ ရှိပေသည်။

ဦးထွန်းဖေမှာ မကောင်းသော အလေ့အကျင့်ရှိကြောင်းနှင့် ကျောင်းအုပ်ကြီးသိရှိသဖြင့် ကျောင်းမှ နှုတ်ပယ်ခြင်း ခံခဲ့ရပြီးနောက် ရန်ကုန်မြို့၌ ရှိသော လူဆိုးလူမိုက် ကပ်ကြေးကိုက်မှစ၍ ဓားပြကြီးများတိုင်အောင် တပည့်အဖြစ်နှင့် မွေးမြူစေခိုင်းပြီးလျှင် ရသမျှသောငွေတို့ကို လက်ဝါးကြီးအုပ်၍ အစုကြီးစားလာခဲ့သော လူတစ်ယောက် ဖြစ်လေသည်။ လူဆိုးများကို မွေးမြူသည်ဆိုရာ၌ ထိုသူသည် လူဆိုးလူမိုက်များကို မိမိ၏နေအိမ်၌ ကျွေးမွေး၍ထားသည်ဟု ဆိုလိုသည် မဟုတ်။ မည်သည့်အမှုကိစ္စတွင် ဖြစ်စေ အကြံပေး ဉာဏ်ပေးအလုပ်၊ စီမံခန့်ခွဲခြင်း အလုပ်ကို လုပ်၍ တစ်ဆင့်မှတစ်ဆင့်သို့ လွှဲအပ်စေခိုင်းခြင်းမျှသာ ဖြစ်သောကြောင့် စင်စစ်အားဖြင့် သေနတ်ကို ကိုင်လျက် စိန်တိုက်ကို ဖောက်သောသူသည် လည်းကောင်း၊ စာပို့မီးရထား၌ အဖိုးတန် ပါဆယ်ထုပ်ကို ထုတ်ယူသောသူသည် လည်းကောင်း၊ ညဉ့်အခါ၌ လူပြတ်သော လမ်းကြားတွင် ခရီးသွား၏ကျောကို ဓားမြှောင်နှင့် စိုက်သောသူသည် လည်းကောင်း၊ မီးအာမခံကုမ္ပဏီမှ ငွေကို လိမ်လည်ရန် စက်ရုံကို မီးနှင့်ရှို့သော သူသည်လည်းကောင်း မည်သူ၏ အကြံဖြစ်သည်ကိုလည်း မသိ၊ ထမြောက်သောအခါ၌ မည်သူ့ထံမှ ငွေရကြောင်းကိုလည်း မသိ။ မိမိတို့အလုပ်ကိုသာလျှင် ပြီးစီးအောင် မျက်စိမှိတ်လျက် ဆောင်ရွက်ကြရလေသည်။ အကယ်၍ လူမိုက်တစ်ယောက်သည် တစ်ခုသောကိစ္စတွင် ဆောင်ရွက်ပြီးနောက် မည်သူက စေခိုင်းခြင်းဖြစ်သည်ကို သိလိုသဖြင့် ထောက်လှမ်းစုံစမ်းခြင်းပြု၍ အရိပ်အမြွက်မျှ သိရှိခဲ့ပါလျှင် ထိုလူမိုက်သည် လောက၌အချိန်တာရှည်စွာ နေဖို့ရန် မျှော်လင့်ဖို့ မရှိ။ အခြားလူမိုက်တစ်ယောက်၏ လက်ချက်ဖြင့် မကြာမီအတွင်း အသက်ဆုံးရှုံးရသည်သာလျှင် ဖြစ်ခဲ့လေသည်။

ဦးထွန်းဖေ အလုပ်လုပ်ပုံကို ဥပမာဆောင်ရသော် ယင်ကောင်များကို ဖမ်းရန် မိမိ၏အစေးဖြင့် ပိုက်ကွန်ဖြစ်အောင် ဖွဲ့သော ပင့်ကူတစ်ကောင်သည် ပိုက်ကွန်၏အလယ်၌ ငြိမ်ဝပ်စွာ ထိုင်နေသော်လည်း ပိုးမွှားများငြိတွယ်သည်နှင့် တစ်ပြိုင်နက် မည်သည့်အရပ်၌ ငြိတွယ်ကြောင်းကို သိနိုင်ဘိသကဲ့သို့ ဦးထွန်းဖေမှာလည်း မိမိ၏ အခန်းအတွင်း ပက်လက်ကုလားထိုင် ပေါ်တွင် ငြိမ်ဝပ်စွာထိုင်နေသော်လည်း ရန်ကုန်မြို့တွင်း လူဆိုးလူမိုက်များနှင့်ပတ်သက်၍ဖြစ်ပျက်သမျှကို အလုံးစုံ သိရှိသည် သာလျှင် ဖြစ်ပေ၏။ ပင့်ကူသည် ပိုက်ကွန်၌ ငြိတွယ်သောယင်ကောင်၏ ဦးနှောက်ကို ဖောက်စားသည့် နည်းတူ ဦးထွန်းဖေ သည်လည်း ဖြစ်ပွားသမျှသော အမှုတို့မှ ဝင်ငွေကို အစုကြီးရလိုက်သည်သာလျှင် ဖြစ်ချေ၏။ ထိုကဲ့သို့ နှစ်ပေါင်းအတန်ကြာ လူဆိုးလူမိုက်များလို တိုက်ခိုက်နည်းဖြင့် မဟုတ်ဘဲ အဝေးမှ အုပ်ချုပ်စီမံခဲ့ခြင်းအားဖြင့် ဦးထွန်းဖေမှာ ပိုက်ဆံကြေးငွေ

မြောက်မြားစွာ စုဆောင်းရရှိခဲ့ပြီဖြစ်ချေရာ ရုံဖန်ရံခါ တရားခံများကို လက်ပူးလက်ကြပ် မိသွားပြန်ပါလျှင်လည်း ၎င်းတို့အတွက် ဦးထွန်းဖေက အကောင်းဆုံးသော ဝတ်လုံတော်ရများကို ငှားရမ်းလျှောက်လဲ စေသည့်ပြင် မရိုးဖြောင့်သော တရားသူကြီး၏ ရုံးသို့ရောက်သောအမှုများမှာလည်း တရားသူကြီးအား တနင်စိုးလက်ဆောင်ထိုးခြင်းအားဖြင့် လျှော့ပစ်အောင် ပြုနိုင်ခဲ့လေသည်။

မောင်စံရှားသည်လည်း ၎င်း၏ အဖြစ်အပျက်ကို သိရှိသည်ဖြစ်၍ ဦးထွန်းဖေကို အမှုတစ်မှုနှင့် ငြိစွန်းကြောင်းထင်ရှားအောင် ကြိုးစားခဲ့ပါသော်လည်း လက်အောက်ငယ်သားကိုသာလျှင် ပြစ်မှုထင်ရှားအောင် ပြုလုပ်နိုင်၍ ဦးထွန်းဖေသို့ တိုင်အောင် အပြစ်ထင်ရှားစေဖို့မှာကား မတတ်နိုင်ဘဲ ရှိနေခဲ့လေ၏။ သို့ရာတွင် ယခုနောက်ဆုံးဖြစ်သော အမှု၌ကား မောင်စံရှားသည် လူဆိုးတစ်မြုလုံးကို ပုလိပ်လက်တွင်းသို့ရောက်အောင်ဆောင်ရွက်ရုံမျှမက တရားသူကြီး၏ရှေ့သို့ရောက်အောင် ငယ်သားများနှင့်တကွ ဦးထွန်းဖေပါ ပြစ်မှုထင်ရှားအောင် စီမံနိုင်ခဲ့ပြီဖြစ်ရကား ဦးထွန်းဖေသည် ထိုအကြောင်းကို သိရှိသည်ဖြစ်၍ မောင်စံရှားကို အနည်းနည်းအားဖြင့် သေကြောင်းကြံစည်လျက်ရှိလေ၏။ ယခုရှိနေသော အခြေအနေအရမှာ မောင်စံရှားသည် လူသတ်မှုတစ်ခု၌ တပည့်ငယ်သား ဆယ်ယောက်ခန့်နှင့်တကွ ဆရာကြီးဖြစ်သော ဦးထွန်းဖေကိုပါ ငြိစွန်းအောင် သက်သေခံများ စုဆောင်းပြီးနောက် မြုံးပါချီ၍ဖမ်းဆီးရန်ဖြစ်လေရာ ထိုသို့ ဖမ်းဆီးရန်မှာ သုံးရက်ခန့်မျှ အချိန်လိုနေသေး၏။ အကယ်၍ ယခုချက်ချင်း ဖမ်းဆီးခဲ့သော် လူဆိုးများကို မိနိုင်မည်မှန်သော်လည်း သက်သေခံ မလုံလောက်သေးသည်ဖြစ်၍ တရားသူကြီးရှေ့သို့ ရောက်သောအခါ၌ အကောင်းဆုံးသော ရှေ့နေများက အပြစ်အနာအဆာ ရှာ၍ လျှောက်လဲခဲ့ပါလျှင် ကွင်းလုံးကျွတ် ရှင်းရှင်းကြီးလွတ်သွားမည်ကို စိုးရိမ်ရသည်ဖြစ်၍ အချိန် စောင့်ဆိုင်း နေရခြင်း ဖြစ်လေသည်။

ထိုသုံးရက်အတောအတွင်း၌ ဦးထွန်းဖေသည် မောင်စံရှားအား အကြိမ်ပေါင်းများစွာ သေကြောင်းကြံခဲ့လေသည်။

ပမာဆိုသော် ကျွန်တော်နှင့်မောင်စံရှားတို့သည် တစ်နေ့သောညနေ၌ လမ်းလျှောက်ရန် ထွက်သွားကြသောအခါ ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) နှင့် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ထောင့် အကူးတွင် မော်တော်ကားတစ်စီးသည် ဈေးသစ်ကြီးဘက်မှ လျှင်မြန်စွာ မောင်းလာ၍ ဖရေဇာလမ်းကို ကူးကျော်သည်တွင် ထုံးစံအတိုင်း လက်ဝဲဘက်မှ ကပ်၍မမောင်းဘဲ လက်ျာဘက်သို့ လှည့်၍ချိုးလိုက်ရာ မောင်စံရှားမှာ ဖြတ်လတ်လျင်မြန်သူတစ်ယောက်ဖြစ်သည့်အတိုင်း လမ်းနံဘေးသို့ ရုတ်တရက် ခုန်တက်လိုက်သောကြောင့် သာလျှင် ရှေ့ဝင်ရိုးစွန်းနှင့် တစ်လက်မ၏ သုံးပုံတစ်ပုံခန့် လွတ်သွား၍ အသက်ချမ်းသာရခဲ့လေ၏။ ကျွန်တော်မှာ ထိုသူသည် မော်တော်ကားကို အရမ်းမောင်းသည်ဟု မှတ်ထင်သဖြင့် ကားနံပါတ်ကို မှတ်ယူလျက်ရှိရာ မောင်စံရှားကမူ ဒရိုင်ဘာကို တစ်ချက်မျှ လှမ်း၍ကြည့်ပြီးနောက်

'မှတ်မနေပါနဲ့ဗျာ၊ ကိုသိန်းမောင်၊ တနင်္လာနေ့ကျတော့ ဦးထွန်းဖေနှင့်အတူ ပုလိပ်လက်ထဲ ရောက်မယ့်အကောင်ပါ၊ မတော်တဆဖြစ်တဲ့ဟာ မဟုတ်ဘူးဗျ၊ ကျုပ်ကို တမင်တိုက်သတ်တာပဲ၊ သို့သော် ရှိပါစေလေ၊ ဒီအကောင်တွေ လွတ်လပ်ခြင်း ရရင် အလွန်ဆုံး သုံးရက်ပေါ့ဗျာ'

ဟု ပြောလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ဖရေဇာလမ်းတစ်လျှောက် လျှောက်သွားကြ၍ တိုက်သစ်တစ်လုံးဆောက်လုပ်နေရာ အနီးသို့ ရောက်ကြသောအခါ ကျွန်တော်သည် ဖုံးခနဲ အသံကြားသဖြင့် လန့်၍ခုန်လိုက်ရာ စက်အုတ်ခဲတစ်လုံးသည် ကျွန်တော်နှင့် မောင်စံရှားတို့၏ အကြား ခြေထောက်နားတွင် ကျ၍ လမ်းပေါ်၌ စိစိညက်ညက်ကြေမွသွားသည်ကို တွေ့မြင်လိုက်ရလေ၏။ ထိုသို့ဖြစ်သည်နှင့် တစ်ပြိုင်နက် မောင်စံရှားသည် တုတ်ကောက်ကို ကိုင်ကာ တစ်ပိုင်းတစ်စပြီးစီးနေသော တိုက်ပေါ်သို့ တက်ပြေး၍ ကျွန်တော်နှင့်အတူ ရှာဖွေပါသော်လည်း ပန်းရံသမားနှစ်ယောက်ကိုသာလျှင် တွေ့ရ၍ ၎င်းတို့က ဤတိုက်ပေါ်တွင် မိမိတို့မှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်မျှ မရှိရပါကြောင်းနှင့် ကျိန်ဆို၍ ပြောကြသော်လည်း မောင်စံရှားကမူ ကျေနပ်ခြင်းမရှိဘဲ မိမိ၏အသက်ကို ကြံစည်သည့် ဦးထွန်းဖေ၏ တပည့်များလက်ချက် ဖြစ်ကြောင်းနှင့် ကျွန်တော့်အား ပြောပြလေ၏။

သိမ်ကြီးဈေးအနီးသို့ ရောက်ကြပြန်သောအခါ လူတစ်ယောက်သည် ကုလားဆိုင် တစ်ဆိုင်မှ ရုတ်တရက် ထွက်လာ၍ လက်တွင်ပါသော ဓာဝီတုတ်ကြီးတစ်ချောင်းနှင့် မောင်စံရှား၏ ဦးခေါင်းကို ရိုက်လိုက်ရာ ရည်ရွယ်ထားသည့်အတိုင်း ထိခဲ့ပါမူ မောင်စံရှားမှာ ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးချေမည်ဖြစ်၏။ သို့ရာတွင် မောင်စံရှားမှာ အလွန်တရာပင် မျက်စိလျှင်၍ ဖြတ်လတ်လျင်မြန်သူ တစ်ယောက်ဖြစ်သည့်အတိုင်း ဦးခေါင်းကို ငုံ့လျှိုး၍ လက်မှ တုတ်ကောက်ဖြင့် ထိုသူ၏မျက်နှာကို

ဖြန်းခနဲချလိုက်ရာ ထိုသူသည် ပက်လက်ပက်လက်နှင့် ဖြစ်သွားပြီးနောက် အဓမ္မလက်ကြားလမ်းသို့ ဖြတ်ဝင်ပြေးသွားလေ၏။ ထိုသူမှာလည်း ဆရာကြီးဦးထွန်းဖေ၏ များစွာသော တပည့်များအနက်တွင် တစ်ယောက်အပါအဝင်ဖြစ်ကြောင်းနှင့် မောင်စံရှားက ပြောပြလေ၏။

ထိုအခါ ကျွန်တော်က ဤမျှလောက် ရန်သူပေါများသည့် နေရာတွင် ခြေကျင်လမ်းလျှောက်ကြရန် မသင့်လျော်ကြောင်းနှင့် ပြောပြ၍ တက္ကစီတစ်စီးကို ခေါ်ပြီးလျှင် အိမ်သို့ ပြန်လာကြရာ မောင်စံရှားက ထိုနေ့သည် သောကြာနေ့ဖြစ်၍ ထိုနေ့မှ သုံးရက်လွန်မြောက်သော် တနင်္လာနေ့တွင် ဦးထွန်းဖေနှင့်တကွ ၎င်း၏ ငယ်သားတစ်စုကို ဖမ်းဆီးနိုင်တော့မည် ဖြစ်သောကြောင့် ဤသုံးရက်သာလျှင် သတိဝီရိယနှင့် နေထိုင်ဖို့ရန် လိုတော့သည်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

အိမ်သို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် ဦးထွန်းဖေနှင့် ၎င်း၏ တပည့်များအကြောင်းနှင့်တကွ ရာဇဝတ်မှု ကျူးလွန်ရန် စီမံသော အရာဌာန၌ ဦးထွန်းဖေသည် တစ်ဘက်ကမ်းခတ် တတ်မြောက်သူ တစ်ယောက် ဖြစ်ပေကြောင်းကို လည်းကောင်း၊ ထိုသူမှာ ဉာဏ်ပညာအရာဌာန၌လည်း မောင်စံရှားနှင့် အတန်းတူ ဖြစ်သည့်အကြောင်းကို လည်းကောင်း၊ ထိုသူကို ဖမ်းဆီးရမိ၍အပြစ်ထင်ရှားလေအောင် သက်သေခံများတင်ပြပြီး၍ အပြစ်အလျောက် စီရင်ခြင်း ခံစေပြီးသော အခါ၌ မောင်စံရှားမှာ လောက၌ မိမိတာဝန်ဝတ္တရားကို ဆောင်ရွက်ပြီးစီးလေပြီဟူ၍ မှတ်ယူကြောင်းကို လည်းကောင်း၊ အကယ်၍ မိမိမျှော်လင့်သည့်အတိုင်း ဦးထွန်းဖေကို အပြစ်ရအောင် ဆောင်ရွက်ပြီးသောအခါ၌ မိမိ၏ တာဝန်ကုန်ချေပြီဖြစ်၍ ထိုသို့ဆောင်ရွက်ရာတွင် မိမိ၏ အသက်ပင်ဆုံးရှုံးရစေကာမူ ဝမ်းမြောက်ဝမ်းသာ စွန့်လွှတ်နိုင်မည်ဖြစ်ကြောင်းကို လည်းကောင်း ပြောဆိုလျက် ရှိကြစဉ် လှေကားမှ တက်လာသော ခြေသံများကို ကြားရပြီးနောက် အသက်လေးဆယ်နှင့် ငါးဆယ်အတွင်းရှိနေသော လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုသူသည်ကား အခြားမဟုတ်၊ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေပင် ဖြစ်နေလေတော့သတည်း။

ဦးထွန်းဖေသည် အခန်းတွင်းသို့ ဝင်လာပြီးနောက် ခပ်ပြုံးပြုံးမျက်နှာထားနှင့် မောင်စံရှားအား ကြည့်လျက် ရှိလေရာ မောင်စံရှားနှင့် ထိုသူမှာ အသက်အရွယ်အားဖြင့် လည်းကောင်း၊ မြင့်မားသော အရပ်အမောင်း ရှိခြင်း၌ လည်းကောင်း၊ ကျယ်ပြန့်သော နဖူးရှိခြင်း၌ လည်းကောင်း၊ စူးရှသောမျက်လုံးများ၊ ဖျတ်လတ်သော အမူအရာ ရှိခြင်း၌လည်းကောင်း တူညီကြသည်ဖြစ်ရာ ထင်ရှားစွာ ခြားနားသော အချက်တစ်ခုမှာ မောင်စံရှားကို မြင်ရသူအပေါင်းတို့သည် ထိုသူ၌ ဖြောင့်မတ်တည်ကြည်သော သမာဓိရှိကြောင်းကို တစ်ကြိမ်မြင်သည်နှင့် တစ်ပြိုင်နက် သိနိုင်ကြသည်ဖြစ်၍ ဦးထွန်းဖေကို မြင်ရသူအပေါင်းတို့မှာမူ ထိုသူ၌ ရက်စက်သော စိတ်သဘောရှိကြောင်းကို တစ်ခါတည်း သိမြင်ဆုံးဖြတ်နိုင် ကြမည်ဖြစ်လေသည်။

ကျွန်တော်နှင့် မောင်စံရှားတို့မှာ ဦးထွန်းဖေ၏ အကြောင်းကို ပြောလျက်ရှိစဉ်အတွင်း ဦးထွန်းဖေ ကိုယ်တိုင် တက်လာ သည်ကို မြင်ရသောအခါ ကျွန်တော်မှာ များစွာ တုန်လှုပ်အံ့သြခြင်း ဖြစ်ရလေရာ မောင်စံရှားမှာမူ ကျွန်တော်ကဲ့သို့ပင် အံ့သြမည်ဟူ၍ မုချပြောနိုင်သော်လည်း အံ့သြခြင်းကိုလည်းကောင်း၊ တုန်လှုပ်ခြင်းကိုလည်းကောင်း အလျှဉ်းဖော်ပြခြင်း မရှိဘဲ ဖိတ်ကြားထားသော ဧည့်သည်တစ်ယောက်ကို လက်ခံသည့်အလား အေးအေးဆေးဆေးရှိသော အမူအရာနှင့် ကုလားထိုင်တစ်ခုကို လက်ညှိုးညွှန်လျက် 'ထိုင်ပါ ထိုင်ပါ' ဟု ပြောလေ၏။

**ထွန်း**။ ။(ပြုံးစေ့စေ့မျက်နှာထားနှင့် မောင်စံရှားအားကြည့်လျက်) 'ထိုင်တာတော့ ဟုတ်ပါရဲ့၊ အင်္ကျီအိတ်ထဲကနေပြီး လူတစ်ဖက်သားကို ခြောက်လုံးပြူးနှင့် ချိန်ထားတော့ ထိုင်ရတာ ယားကျိကျိ ရှိလှတယ်ဗျာ'

**ရှား**။ ။(အင်္ကျီအိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ စားပွဲပေါ်၌ တင်ထားပြီးနောက်) 'ကိုင်း ခင်ဗျားကို ကျုပ် ငါးမိနစ် အချိန်ပေးမယ်၊ ပြောစရာ ရှိတဲ့ စကားကို ငါးမိနစ်အတွင်း ပြီးအောင် ပြောဗျာ၊ ဘာပြောချင်သလဲ'

**ထွန်း**။ ။'ကျုပ်ပြောတဲ့ စကားကို ခင်ဗျား သိပြီးပဲ'

**ရှား**။ ။'ကျုပ် ဖြေတဲ့ အဖြေကို ခင်ဗျား သိပြီး မဟုတ်လား'

**ထွန်း**။ ။'ကျုပ် ထင်တဲ့ အတိုင်းပဲလား'

**ရှား**။ ။'ဒီအတိုင်းပါပဲ'

ထိုအခါ ဦးထွန်းဖေသည် အင်္ကျီအိတ်အတွင်းသို့ လက်နှိုက်လေရာ မောင်စံရှားသည်လည်း သေနတ်ကို စားပွဲမှ ကောက်ယူလိုက်လေ၏။ သို့ရာတွင် ဦးထွန်းဖေ အိတ်ထဲမှ ထုတ်ယူလိုက်သောအရာမှာ လက်နက်မဟုတ်။ စာရွက်တစ်ရွက်မျှသာ ဖြစ်လေသည်။ ၎င်းနောက် ...

**ထွန်း**။ ။'ခင်ဗျားနှင့် ကျုပ်နှင့် ဉာဏ်ချင်းပြိုင်နေကြတာ သုံးနှစ်လောက် ရှိသွားပြီ၊ သို့သော် ရှေးက အဖြစ်အပျက်တွေကို အသာထားပြီး အခုတစ်လော နောက်ဆုံးအမှုက အဖြစ်အပျက်ကို ပြောကြစို့၊ ကျုပ်အကြံကို ခင်ဗျား ဇူလိုင်လ ၄ ရက်နေ့က စပြီး နှောင့်ယှက်တယ်၊ ၂၅ ရက်နေ့မှာ ကျုပ်ကောင်းကောင်း ကျပ်အောင် ခင်ဗျားလုပ်လိုက်တယ်၊ ၂၁ ရက်နေ့ မှာတုန်းက များ ကံကောင်းလို့ လက်မတင်ကလေး ကျုပ်လွတ်သွားတယ်၊ လကုန်ကာနီးလောက်မှာ ကျုပ်ကို ခင်ဗျား ကျပ်သည်ထက် ကျပ်အောင်လုပ်ပြန်တယ်၊ ယခု ဩဂုတ်လဆန်းအခါမှာတော့ အင်မတိအင်မတန်အကျပ်အတည်းဖြစ်လာပြီး ကျုပ်မှာ လွတ်လပ်စွာ နေနိုင်ဖို့တောင် မရှိတော့ဘူးဗျ၊ ခင်ဗျားဟာ ကျုပ်ကို အလွန်တရာ နှောင့်ယှက်တဲ့လူတစ်ယောက် ဖြစ်တယ်'

**ရှား**။ ။'သို့မို့ကြောင့် ခင်ဗျားက ဘယ်လိုများ အကြံပေးဖို့ ရှိသလဲ'

**ထွန်း**။ ။'လျှော့လိုက်ပါ ဦးစံရှားရယ်၊ ကျုပ်ကို မနှောင့်ယှက်ပါနှင့်'

**ရှား**။ ။'တနင်္လာနေ့က လွန်ရင် ကျုပ် လျှော့ပါ့မယ်'

**ထွန်း**။ ။'ဒီလိုမလုပ်ပါနှင့်လေ၊ ခင်ဗျားလဲ ဉာဏ်ရှိတဲ့ လူတစ်ယောက်ကပဲ၊ ကျုပ်လို လူတစ်ယောက်ကို ကျပ်ကျပ်တည်းတည်း ဖြစ်အောင်လုပ်ရင် ဘယ်လိုဖြစ်မယ်ဆိုတာ ခင်ဗျားသိလောက်ပါတယ်၊ ခင်ဗျားလုပ်ပုံတွေက ကျုပ်မှာ အင်မတန် အကျပ်အတည်း ဖြစ်ပြီး နောက်ဆုံးလုပ်စရာ လမ်းတစ်ခုပဲ ရှိတော့တယ်ဗျ'

**ရှား**။ ။'ဒီကနေ့ သုံးကြိမ်တောင် ခင်ဗျားလုပ်တာ၊ ဟောဒီက မိတ်ဆွေ ကိုသိန်းမောင်တောင် သိပါသေးတယ် ခင်ဗျ'

**ထွန်း**။ ။'ဒါက ကျုပ်အပြစ် မဟုတ်ဘူး၊ ခင်ဗျား အပြစ်ပဲဗျ၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ခင်ဗျား စီမံပုံတွေဟာ တကယ်ဆို နေရာကျပါပေတယ်၊ ဒီတော့ကာ ဒီလောက်တောင် နေရာတကျ စီမံနိုင်တဲ့ အရည်အချင်းရှိသူတစ်ယောက်ကို ...'

**ရှား**။ ။'အဆုံးစီရင်ရမှာ နှမြောတယ် ဆိုပါတော့'

**ထွန်း**။ ။'မှန်ပါတယ်၊ ဒီအတိုင်းပါပဲ'

**ရှား**။ ။'ဘေးအန္တရာယ်ဆိုတာမျိုးဟာ ကျုပ်တို့မှာတော့ ရိုးနေပါပြီဗျာ'

**ထွန်း**။ ။'ရိုးနေပေမယ့် ကျုပ်က သည့်ပြင်လူနှင့် မတူဘူးဗျ၊ ခင်ဗျားလဲ အသိသားကပဲ၊ ဒီအပေါ်မှာ ကျုပ်က တစ်ယောက်တည်းလဲ မဟုတ်ဘူး၊ ခင်ဗျားမှာတော့ တစ်ယောက်တည်း ဖြစ်တယ်၊ အများနှင့် တစ်ယောက်ဆိုတာ ...'

**ရှား**။ ။(ထိုင်ရာမှထလျက်) 'စကားပြောလို့တော့ကောင်းပါရဲ့ဗျာ၊ သို့သော် ကျုပ်မှာ သည့်ပြင်ကိစ္စလေးတွေက ရှိသေးတယ်'

**ထွန်း**။ ။(ထိုင်ရာမှ ထ၍ မောင်စံရှား၏ မျက်နှာအနီးတွင် လက်ညှိုးထောင်လျက်) 'သတိထားပါဗျာ ဦးစံရှား၊ နောင်ခါတော့ ကျုပ်ကို အဆိုးမဆိုနှင့်နော်၊ တနင်္လာနေ့ မတိုင်မီ ခင်ဗျား ကျုပ်ကို ဘာမှ မတတ်နိုင်သေးဘူး၊ ကျုပ် သိတယ်၊ ဟိုနေ့ကျရင် ခင်ဗျားက ကျုပ်ကို တရားသူကြီးလက် အပ်ပြီး အပြစ်အတိုင်း စီရင်စေဖို့ ခင်ဗျား မျှော်လင့်တယ် မဟုတ်လား၊ ဘယ်နည်းနှင့်မှ ကျုပ်ဟာ အပြစ်ပေးခံမယ့် လူတစ်ယောက် မဟုတ်ဘူးဗျ၊ ကျုပ်စကားကို ခင်ဗျား မြဲမြဲမှတ်ထားလိုက်၊ ခင်ဗျားက ကျုပ်ကို နိုင်မယ်လို့ ထင်တယ်၊ ဘယ်နည်းနှင့်မှ ခင်ဗျား ကျုပ်ကို မနိုင်စေရဘူး၊ ကျုပ် ပျက်စီးရင် ခင်ဗျားကိုယ်လည်း ပျက်စီးပြီမှတ်လိုက်'

**ရှား**။ ။'ခင်ဗျားက ကျုပ်ကို ချီးမွမ်းခဲ့တာ များပေပြီ၊ ကျုပ်ကလဲ ပြန်ပြီးချီးမွမ်းပါရစေဦး၊ သူတစ်ပါးကို မနှောင့်ယှက်နိုင်လောက်အောင် ခင်ဗျားပျက်စီးဖို့ ကျုပ်လုပ်နိုင်မယ်ဆိုရင် ကျုပ်ကိုယ်တိုင်ပျက်စီးသော်လည်း အတွက် မရှိပါဘူး၊ ကျုပ် ခံဝံ့ပါတယ်'

**ထွန်း**။ ။'ကျုပ် ပျက်စီးလား မပျက်စီးလားတော့ အမှန်မပြောနိုင်ဘူး၊ ခင်ဗျားတော့ ပျက်စီးပြီးသား မုချပဲ'

၎င်းနောက် ဓာတုဗေဒဆရာကြီး ဦးထွန်းဖေသည် အခန်းတွင်းမှ ထွက်သွားလေရာ ကျွန်တော်သည် ကုလားထိုင်တစ်လုံးကို ကောက်ယူပါသော်လည်း မောင်စံရှားက ဦးခေါင်းကို ယမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ပြန်၍ ချထားလိုက်ရလေ၏။

**ရှား**။ ။'နေပါစေ ကိုသိန်းမောင်၊ သူ့အပြစ်နှင့်သူ သွားဖို့ ကျုပ်စီမံထားတဲ့အထဲမှာ ခင်ဗျားက လက်ရောက်မှု ဝင်ဖြစ် မနေပါနှင့်ဦး'

**ကျွန်တော်**။ ။'ဒီကနေ့ တစ်နေ့အတွင်း ခင်ဗျားအသက်ကို သုံးကြိမ်တိုင်တိုင် သေကြောင်းကြံစည်တာ သိလျက်နှင့် ဒီအတိုင်း ကြည့်ပြီးနေရတာ ကျွန်တော် အခံရခက်လှတယ်ဗျာ'

**ရှား**။ ။'ဒီကရှေ့ကို သည့်ထက်ဆိုးအောင် ကြံစည်ဦးမှာ အမှန်ပဲဗျ၊ ဒီတော့ ကျုပ်တို့ ဒီသုံးရက်အတောအတွင်းမှာ ရန်ကုန်မြို့ ပေါ်မှာ မနေဘဲ ရှောင်ပြီးနေကြရင် ကောင်းမယ်ထင်တယ်'

**ကျွန်တော်**။ ။'ကျွန်တော်လည်း သည်လိုပဲ သဘောရတယ်ဗျာ'

**ရှား**။ ။'သို့သော် ရန်ကုန်က ထွက်သွားဖို့တောင် ကျုပ်တို့ အင်မတန် ကျပ်သေးတယ်၊ သူ့လူတွေက လမ်းတိုင်းမှာ စောင့်နေမှာ အမှန်ပဲ၊ သူတို့မသိအောင် ဘူတာရုံသွားဖို့တောင် မနည်းစီမံရလိမ့်မယ်၊ သို့သော် လူဆိုးတကာကို ဖမ်းလာခဲ့တဲ့ မောင်စံရှားကပဲ၊ ဒီလောက်တော့ ကြံနိုင်ကောင်းပါသေးရဲ့ဗျာ'

၎င်းနောက် ကျွန်တော်တို့သည် ရန်ကုန်မှ တိတ်တဆိတ် ထွက်သွားရန် အကြောင်းကို တိုင်ပင်စီမံကာ ရှိနေကြလေ၏။ နောက်ဆုံး၌ ကျွန်တော်တို့၏ အကြံမှာ ထိုနေ့ည ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်မှ ထွက်သော မန္တလေးစာပို့ရထားနှင့် လိုက်ပါသွား၍ သာစည်ဘူတာရုံမှ တစ်ဖန် တောင်ကြီးမြို့သို့ မီးရထားနှင့် ဆက်လက် လိုက်ပါကြရန် ဖြစ်လေသည်။ ဦးထွန်းဖေနှင့် ၎င်း၏ တပည့်များကို ဖမ်းဆီးရန် ကိစ္စမှာမူ အင်စပိတ်တော် မောင် အုန်းဖေနှင့် လွှဲအပ်ခဲ့ပြီးဖြစ်၍ မောင်စံရှား၏ အလုပ်မှာ ရန်သူများ၏ လက်ချက်မှ ထိုသုံးရက် အတောအတွင်း၌ လွတ်အောင် တိမ်းရှောင်၍ နေရန်မျှသာလျှင် ဖြစ်ပေသည်။ ဖမ်းဆီးရမိသောအခါ၌ ရှေ့နေများလျှောက်လဲ၍ မလွတ်နိုင်အောင် ခိုင်လုံသော သက်သေခံများကိုလည်း မောင်စံရှားကိုယ်တိုင် စုဆောင်းလွှဲအပ်ခဲ့ပြီး ဖြစ်လေသည်။

ထိုနေ့ ည ၈ နာရီအချိန်ခန့်တွင် မောင်စံရှားသည် တိုက်ရှေ့မှ လူဆိုးများ စောင့်နေသည့် အကြောင်းကို သိရှိသဖြင့် တိုက်နောက်ဖေးမှ ကြိုးတစ်ချောင်းနှင့် လျှောချပြီးလျှင် နောက်ဖေးလမ်းကြားတစ်လျှောက်မှ လျှောက်ထွက် ကွယ်ပျောက်၍ သွားလေ၏။ ၅ မိနစ်ခန့် ကြာသောအခါ ကျွန်တော်သည် မောင်စံရှား၏ အမိန့် အတိုင်း သားရေအိတ်နှင့် အိပ်ရာလိပ်ကို တိုက်ရှေ့လှေခါးမှ ချပြီးနောက် ရှေးဦးစွာ တွေ့သော မော်တော်ကားကိုလည်းကောင်း၊ ဒုတိယ ပေါ်လာသော မော်တော်ကားကိုလည်းကောင်း တက်၍ မစီးဘဲ တတိယ ရောက်လာသော မော်တော်ကားပေါ်သို့ တက်၍ ဒရိုင်ဘာအား သင်္ဘောဆိပ်သို့ မောင်းနှင်စေ၏။ ဒရိုင်ဘာလည်း ကျွန်တော်၏ အမိန့်အတိုင်း ကားကို လျှင်မြန်စွာ မောင်းနှင်လေရာ ဖရေဇာလမ်းထောင့်သို့ ရောက်သောအခါ တက္ကစီတစ်စီးသည် လမ်းထောင့်တွင် ရပ်လျက် စောင့်နေရာမှ ကျွန်တော်၏ ကားနောက်သို့ လိုက်ပါလာလေ၏။ ကျွန်တော်သည် ထိုကားမှာ ကျွန်တော်၏ နောက်သို့ တမင်လိုက်သော ကားဟုတ် မဟုတ်ကို သိလိုသဖြင့် ၃၂လမ်းသို့ ချိုးဝင်၍ ၃၃လမ်းမှ တဖန် ထွက်လာလေရာ နောက်မှ ကားသည်လည်း ထိုအတိုင်းပင် ပြုသည်ကို မြင်သဖြင့် ကျွန်တော်၏ နောက်သို့ တမင်လိုက်သော ကားဖြစ်ကြောင်း သိရှိရလေ၏။

သို့ဖြစ်၍ ကျွန်တော်သည် ဒရိုင်ဘာအား သင်္ဘောဆိပ်သို့ တည့်တည့်မောင်းစေ၍ ပုသိမ်သင်္ဘောဆိပ်တံခါးမှ ဝင်စေပြီးလျှင် မန္တလေးသင်္ဘောဆိပ်တံခါးမှ လျင်မြန်စွာ ထွက်လာစေပြီးနောက် ဘူတာရုံသို့ တပ်နိုင်သမျှ လျင်မြန်စွာ မောင်းနှင်စေလေ၏။ ပုသိမ်သင်္ဘောဆိပ်၌ကား သင်္ဘောထွက်မည် ဆဲဆဲရှိနေသဖြင့် ခရီးသည်များသည် သူ့ထက်ငါ နေရာရအောင် တိုးဝှေ့တွန်းဖယ်လျက် ရှိနေကြသည်ဖြစ်ရာ နောက်မှ လိုက်လာသော ကားသည် ဤသင်္ဘောဆိပ်၌ ကျွန်တော်ဆင်းတော့မည် မှတ်ထင်သဖြင့် ခပ်အေးအေး ဆိုင်းနေမိသည်အတွက် မျက်ခြေပြတ်သွားခြင်း ဖြစ်ဟန်လက္ခဏာ ရှိလေသည်။

ကျွန်တော်သည် ဘူတာရုံသို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် လက်မှတ်ခံယူပြီးလျှင် မောင်စံရှားနှင့် ချိန်းချက်ပြီး ဖြစ်သော ဒုတိယတန်း တွဲတစ်တွဲသို့ လျင်မြန်စွာ တက်သွားလေရာ ထိုတွဲမှာ မောင်စံရှား စီစဉ်ထားသည့်အတိုင်း သီးသန့်ဟူ၍ စာကပ်ဆွဲထားသော တွဲဖြစ်လေသည်။ ထိုတွဲမှာ လေးယောက် စီးတွဲဖြစ်၍ ကပ်ထားသော စာရွက်တွင် ပါရှိသည့် အမည်များမှာကား ကျွန်တော်တို့၏ အမည် မဟုတ်ချေ။ တွဲပေါ်သို့ ကျွန်တော် တက်မိသောအခါ တွဲအတွင်းတွင် လူတစ်ယောက်မျှ မရှိဖြစ်လေရာ ကျွန်တော်သည် ပစ္စည်းများကို နေရာတကျ ထားပြီးနောက် အချိန်ကို ကြည့်လိုက်သောအခါ ၈ နာရီနှင့် မိနစ် လေးဆယ် ရှိပြီဖြစ်သောကြောင့် မီးရထားထွက်ရန် ငါးမိနစ်မျှသာလျှင် ကျန်တော့၏။ ထိုခဏ၌ မီးရထားထွက်ဖို့ ပထမခေါင်းလောင်းထိုးသော်လည်း ကျွန်တော်၏ မိတ်ဆွေမောင်စံရှားမှာမူ အစအနမျှ မမြင်ရသဖြင့် ကျွန်တော်သည် မီးရထား ပြတင်းပေါက်မှ ဦးခေါင်းပြူလျက် ပလက်ဖောင်းတလျှောက်သို့ မီးရထားခေါင်းဘက် နောက်ဘက် စသည်တို့ မျှော်ကြည့်ပါသော်လည်း မောင်စံရှား၏ အရိပ်နိမိတ်ကိုမျှ မမြင်ရချေ။ ၎င်းနောက် ဒုတိယ ခေါင်းလောင်း ထိုးပြန်လေရာ ထိုအခါ၌မူကား မီးရထား ထွက်ဖို့ နှစ်မိနစ်မျှသာလျှင် ကျန်တော့၏။ မောင်စံရှားမှာမူကား မပေါ်လာသေးချေ။

ယင်းကဲ့သို့ အချိန် နီးကပ်စွာ ရှိလာသောအခါ၌ကား ကျွန်တော်၏ မိတ်ဆွေမှာ တစ်နေရာရာ၌ လူဆိုးတို့၏ လက်ချက်မိချေပြီတကားဟု များစွာ ပူပန်စိုးရိမ်ခြင်း ဖြစ်ခဲ့ရလေ၏။

တစ်မိနစ်ခန့်မျှ လိုတော့သည် ဖြစ်၍ ဂါတ်ဗိုလ်က အလံကို ကိုင်ကာ မီးရထား နောက်ပိုင်း၌ မတ်တတ်မတ်တတ်နှင့် ရှိနေစဉ်။ ပန်ချာပီကုလားတစ်ယောက်သည် တွဲပေါ်သို့ တက်လာသဖြင့် ကျွန်တော်က ဤတွဲမှာ သီးသန့်ထားသော တွဲဖြစ်ကြောင်းနှင့် မောင်းနှင်၍ ချမည်အပြုတွင် 'ကိစ္စမရှိပါဘူးဗျာ၊ ထိုင်သာ ထိုင်ပါ' ဟု ပြောသံကို ကြားသောအခါမှ မိတ်ဆွေ မောင်စံရှား ဖြစ်ကြောင်းကို ဝမ်းမြောက်စွာနှင့် သိရလေ၏။

မောင်စံရှားသည် ကျွန်တော်အား စကားမပြောရန် မျက်ရိပ်ပြပြီးနောက် တွဲ၏တစ်ခုသော ထောင့်၌ ထိုင်တော့မည် ပြုသည်နှင့် တစ်ပြိုင်နက် ဂါတ်ဗိုလ်သည် မီးရထားထွက်စေရန် ဝီစီကို မှုတ်လျက် အချက်ပေးလိုက်သဖြင့် မီးရထားသည် တရွေ့ရွေ့နှင့် ထွက်စပြုလေ၏။ ထိုခဏ၌ အရပ်မြင့်သော လူတစ်ယောက်သည် ဘူတာရုံတံခါးပေါက်၌ စောင့်နေသော လက်မှတ်စစ်များကို တွန်းဖယ်ကာ ထွက်လာပြီးနောက် မီးရထားကို ရပ်တန့်စေလိုဘိသကဲ့သို့ လက်များကို မြှောက်လျက် မီးရထားရှိရာသို့ ပြေးလာလေ၏။ သို့ပါသော်လည်း မီးရထားမှာ အတော်အရှိန်ရပြီဖြစ်သောကြောင့် ထိုသူသည် နောက်ဆုံးဖြစ်သော ဂါတ်တွဲသို့ မီရုံမျှလိုက်ရသဖြင့် တက်တော့မည်ပြုဆဲတွင်ပင် ကျော်လွန်၍သွားလေ၏။ ထိုကဲ့သို့ လက်မတင်ကလေးမျှ လွဲသွား၍ ပလက်ဖောင်းပေါ်တွင် ခုန်ပေါက်ကာ ကျန်ရစ်နေသော သူမှာ အခြားမဟုတ်၊ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေ ပင် ဖြစ်လေသည်။

**ကျွန်တော်**။ ။'တော်သေးတယ်ဗျာ၊ နည်းနည်းကလေး လွဲသွားတယ်'

**ရှား**။ ။'တယ်မထင်နှင့် ဆရာကြီး၊ ဒီရထားမှာ ကျုပ်တို့ ပါသွားမှန်းသိရင် ဘယ်နည်းနှင့်မဆို မမီ မီအောင် သူလုပ်မှာပဲ '

**ကျွန်တော်**။ ။'ဘယ်လိုများ လုပ်မလဲဗျာ'

**ရှား**။ ။'ဘာခက်သလဲဗျ၊ ကားတစ်စီးကိုငှားပြီး ပဲခူးက နေပြီး ကြိုလိုမှာပေါ့'

**ကျွန်တော်**။ ။'မီပါ့မလားဗျာ'

**ရှား**။ ။'မောင်းဝံ့ရင် မီတာပေါ့ဗျာ'

မီးရထားသည် ပဲခူးဘူတာသို့ ဆိုက်ခါနီးတွင် မောင်စံရှားသည် ပစ္စည်းများကို ပြင်စေ၍ ဘူတာသို့ ဆိုက်သည်နှင့် တစ်ပြိုင်နက် ရထားပေါ်မှ ဆင်းပြီးလျှင် ရထားလမ်းပေါ်မှ ဖြတ်ကျော်သော တံတားအောက်မှ မှောင်ရိပ်တွင် ခိုကာ စောင့်နေကြလေ၏။ ကျွန်တော်တို့၏ အကြံမှာ အကယ်၍ ဦးထွန်းဖေက မော်တော်ကားနှင့် လိုက်ပါလာသဖြင့် ရထားကို မီခဲ့လျှင် ပဲခူး၌ ချန်နေရစ်ခဲ့ရန်၊ မမီခဲ့လျှင် ထိုရထားနှင့် ဆက်လက်လိုက်သွားကြရန် ဖြစ်လေသည်။

မီးရထားမှာ ပဲခူးဘူတာ၌ ၁၅ မိနစ်ခန့်မျှ ရပ်တန့်လေရာ ထိုအတောအတွင်း ကျွန်တော်တို့သည် တံတားအောက်မှ ပုန်းလျက် ဘူတာရုံတံခါးသို့ မျှော်ကြည့်ကာ ရှိနေကြလေ၏။ ၁၅ မိနစ်စေ့ကုန်သော်လည်း ဦးထွန်းဖေ မပေါ်လာသဖြင့် မီးရထားလည်း

ထွက်တော့မည် အလံပြသည်တွင် ကျွန်တော်သည် ဦးထွန်းဖေ မလာတော့ပြီဟု တွဲပေါ်သို့ တက်တော့မည်ပြုသည်နှင့် တစ်ပြိုင်နက် မောင်စံရှားက ပခုံးကို ဆွဲထားလိုက်လေ၏။ ထိုခဏ၌ ကျွန်တော်သည် ဘူတာရုံတံခါးသို့ လှမ်း၍ကြည့်လိုက်ရာ ဦးထွန်းဖေသည် တံခါးပေါက်မှ ပျာယီးပျာယာ ပြေးထွက်လာပြီးနောက် လှုပ်ရှားစပြုနေသော မီးရထားပေါ်သို့ ခုန်တက်လိုက်ပါသွားသည်ကို တွေ့မြင်လိုက်ရလေ၏။

**ရှား။** ။'ကိုင်း ကျုပ်ပြောတာ ဘယ့်နှယ်ရှိစ၊ ခင်ဗျားက တော်သေးတယ်ဆို၊ အမှတ်တမဲ့ လိုက်သွားကြရင် ကွိခနဲ မိနေမယ် မဟုတ်လားဗျ'

**ကျွန်တော်။** ။'ဟုတ်ပါပေတယ်ဗျာ၊ ကျွန်တော်က ဒီလောက်တောင် မစွန့်ပေဘူး မှတ်မိပေတယ်'

**ရှား။** ။'ဒီလောက် မကဘူး ဆရာ၊ ကျုပ်ကို ဆော်ဖို့ဆိုရင် ဒီထက်မကတောင် သူက စွန့်သေးတယ်'

**ကျွန်တော်။** ။'ကိုင်း ဒါဖြင့် ကျွန်တော်တို့ ဘယ့်နှယ်လုပ်မလဲ၊ ရန်ကုန်ကို ပြန်ကြမလား'

**ရှား။** ။'ရန်ကုန်မှာ သူ မရှိပေမယ့် သူ့တပည့်တွေ ရှိတယ်ဗျာ'

**ကျွန်တော်။** ။'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ'

**ရှား။** ။'ဒီကနေ့ည ပဲခူးမှာ အိပ်ပြီး နက်ဖြန်ခါကျမှ ဒီလက်မှတ်နှင့် ဆက်လိုက်ရုံပေါ့'

နောက်တစ်နေ့၌ ကျွန်တော်တို့သည် စာပို့ဖြင့် မဟုတ်ဘဲ လူစီးရထားဖြင့် သာစည်သို့လိုက်သွားကြ၍ ၎င်းမှ တစ်ဖန် တောင်ကြီးသို့သွားသော မီးရထားနှင့် လိုက်သွားပြီးလျှင် ဘူတာ၌ ဆင်းကြလေ၏။ ထိုဘူတာမှ တစ်ဖန် ခရီးနှစ်မိုင်ခန့် ခြေလျင်လျှောက်ကြသောအခါ ရှမ်းရွာကလေးတစ်ရွာသို့ ဆိုက်ရောက်ကြလေ၏။ ၎င်းရွာသူရွာသားတို့မှာ အာလူး၊ ပဲ စသည့် အသီးအနှံတို့ကို စိုက်ပျိုးခြင်းဖြင့် အသက်မွေးမြူကြသော ရှမ်းလူမျိုးများဖြစ်ကြလေရာ အလွန်တရာ တိတ်ဆိတ်အေးချမ်း သာယာစွာ ရှိသည်ဖြစ်၍ ကားသံ၊ ဓာတ်ရထားသံ၊ လူသံ စသည်တို့ဖြင့် တညံညံနေခဲ့ရသော ကျွန်တော်တို့နှစ်ယောက်လုံးမှာ အလွန်တရာ စိတ်ချမ်းသာခြင်း ရှိကြလေ၏။ သုံးရက်စေ့ကုန်သော်လည်း မောင်စံရှားသည် ရန်ကုန်သို့ ပြန်လိုသော ဆန္ဒမရှိသေးသည် တစ်ကြောင်း၊ ဦးထွန်းဖေတို့ကိစ္စမှာ မောင်စံရှားကိုယ်တိုင် မပြန်စေကာမူ ပြီးစီးအောင် စီမံခဲ့ပြီးဖြစ်သည် တစ်ကြောင်းကြောင့် တနင်္ဂနွေတစ်ပတ်မျှ ဆက်လက်နေထိုင်ကြရန် စီမံကြလေ၏။

ငါးရက်မြောက်သော ညနေတွင် ကျွန်တော်နှင့် မောင်စံရှားတို့သည် အညောင်းပြေလမ်းလျှောက်ရန် ရှမ်းရွာကလေးမှ ထွက်လာကြ၍ တောင်ကမ်းပါးယံတစ်လျှောက် ဖောက်လုပ်၍ထားသော လမ်းမှလိုက်၍ နှစ်မိုင်ခရီးလောက် ရောက်ကြသောအခါ တစ်ခုသော တောင်စွန်းသို့ ဆိုက်ရောက်ကြလေ၏။ ထိုတောင်စွန်းမှ မျှော်၍ကြည့်လိုက်သောအခါ ချောက်ကြီး တစ်ခုကို ကျော်လွန်၍ အခြားဘက်တောင်ကမ်းပါးယံ၌ ဆူညံစွာစီးဆင်းလျက်ရှိသော ရေတံခွန်တစ်ခုကို တွေ့မြင်ရသည် ဖြစ်ရာ ကျွန်တော်နှင့်မောင်စံရှားတို့သည် ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်လျက် အမောအပန်းဖြေရင်း တသွင်သွင် စီးဆင်းလျက် ရှိသော ရေတံခွန်ကို ညနေခင်းနေမင်း၏ အရောင်တွင် ငေးမျှော်ကာ ကြည့်နေကြလေ၏။

တစ်ခဏမျှကြာသောအခါ ရှမ်းလူမျိုး သူငယ်တစ်ယောက်သည် မြင်းတစ်စီးနှင့် ကျွန်တော်တို့ရှိရာသို့ စိုင်းလာ၍ မကျန်းမမာရှိနေသော မိခင်ကို ကုသပါရန် ကျွန်တော်အား တောင်းပန်ခေါ်ငင်လေ၏။ ထိုသူငယ်မှာ ကျွန်တော်တို့ နေထိုင်ရာရွာမှ သူငယ်တစ်ယောက်ဖြစ်လေရာ ဆေးဝါးကုသခြင်းအတတ်၌ ကျွန်တော်နားလည်သည့် အကြောင်းကို သိရှိသဖြင့် စေလွှတ်ခေါ်ငင်ခြင်းဖြစ်လေသည်။ ကျွန်တော်မှာ ဧည့်သည်တစ်ယောက်ဖြစ်သဖြင့် ၎င်းရွာသား တစ်ဦးတစ်ယောက်အား ကူညီရန် အခွင့်အရေးပေါ်ပေါက်လာသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ချက်ချင်းပင်လိုက်ပါမည်ပြုရာ ထိုသူငယ်က ၎င်း၏မိခင် အသက်မမီမည်ကို စိုးရိမ်သဖြင့် ကျွန်တော်အား မြင်းနှင့်သွားရန် ၎င်း၏မြင်းကို ပေးသောကြောင့် ကျွန်တော်သည် ထိုသူငယ်နှင့် မောင်စံရှားကို နောက်မှလိုက်လာရန် ထားခဲ့၍ တစ်ယောက်တည်း မြင်းနှင့်စိုင်းလာလေ၏။

တည်းအိမ်သို့ ရောက်သောအခါ ကျွန်တော်က အိမ်ရှင်ရှမ်းကြီးအား မကျန်းမာသော မိန်းမ၏အိမ်ကို မေးရာ ရှမ်းကြီးမှာ အံ့အားသင့်လျက် ထိုရွာ၌ မကျန်းမာသော မိန်းမဟူ၍ တစ်ယောက်မျှမရှိကြောင်းနှင့် ပြန်ပြောလေ၏။ ထိုအခါ ကျွန်တော်သည် အကြောင်းမဲ့သက်သက် တစ်ပတ်ရိုက်၍ လှည့်ဖျားခေါ်ငင်ခြင်းဖြစ်လေမည်လောဟု တွေးတောမိသည်နှင့် တစ်ပြိုင်နက်

တစ်စုံတစ်ခုကို တွေးမိသည်နှင့် ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်လျက် ကျွန်တော်တို့ မရှိခိုက်တွင် ဤရွာသို့ မည်သူများ လာရောက်လေသနည်းဟု အိမ်ရှင်ရှမ်းကြီးအား မေးမြန်းမိလေ၏။ ရှမ်းကြီးက ကျွန်တော်တို့ ထွက်သွားပြီးနောက် ၁၀ မိနစ်ခန့် ကြာသောအခါတွင် အရပ်မြင့်မြင့်နှင့် မြန်မာလူမျိုးတစ်ယောက် ရောက်လာ၍ ကျွန်တော်တို့ အကြောင်းကို မေးမြန်းစုံစမ်းကြောင်းနှင့် ပြောသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ၎င်း၏ စကားဆုံးအောင် မစောင့်ဘဲ မောင်စံရှားအား ထားခဲ့ရာ ဖြစ်သော တောင်စွန်းသို့ ချက်ချင်းပင် မြင်းနှင့်လှည့်၍ စိုင်းသွားလေ၏။

ထိုကဲ့သို့ ပြန်သွားစဉ် ကျွန်တော်မှာ လမ်းခရီး၌ အလွန်တရာ စိတ်လေးလှ၏။ တစ်ခုသောကွေ့ကို ကျော်လွန်မိ၍ တောင်စွန်းကို မြင်ရသည်နှင့် တစ်ပြိုင်နက် မောင်စံရှားကို မမြင်ရသောအခါ၌ကား ကျွန်တော်မှာ ထင်သည့်အတိုင်း ဟုတ်ချေပြီဟု အောက်မေ့လျက် မြင်းကဆုန်ချကာ စိုင်းသွားလေ၏။ တောင်စွန်းသို့ရောက်၍ မောင်စံရှားကိုလည်း မမြင်၊ ရှမ်းကလေးကိုလည်း မမြင်ရသောအခါ ကျွန်တော်သည် မောင်စံရှား၏အမည်ကို ဟစ်အော်၍ ခေါ်လိုက်ရာ ကျွန်တော်၏အသံမှာ ငိုသံပါလျက် ရှိလေ၏။ သို့ပါသော်လည်း ကျွန်တော်ခေါ်သည်ကို ထူးသံကား မကြား။ ကျွန်တော်၏အသံသာလျှင် တောင်စွန်းတစ်ဘက်မှ ပဲ့တင်ရိုက်၍ 'ကိုစံရှားရေ့' ဟု ပြောင်လှောင်သလို ပြန်လာလေ၏။ ၎င်းနောက် ကျွန်တော်သည် မြင်းပေါ်မှဆင်း၍ တောင်မြောက်လေးပါးကို မျှော်ကြည့်လိုက်ရာတွင် ယခင်က မောင်စံရှားနှင့်အတူ ထိုင်နေခဲ့သော ကျောက်တုံးကြီးပေါ်တွင် မောင်စံရှား၏ ဆေးအိတ်နှင့် ဖိထားသော စာတစ်ရွက်ကို တွေ့မြင်ရလေ၏။ ကျွန်တော်သည် ရင်ဘတ်၌ ခွက်နှစ်ဆယ်ခန့်မျှသော အလေးချိန်ဖြင့် ဖိထားသကဲ့သို့ လေးလံလှသော စိတ်ဖြင့် စာရွက်ကို ကောက်ယူဖြန့်ကြည့်ရာ မောင်စံရှား၏လက်ရေးဖြင့် အောက်ပါစာကို တွေ့ရှိရလေ၏။

**စာရေးခဲ့ပါသည် မိတ်ဆွေကိုသိန်းမောင်။ ဦးထွန်းဖေ၏ ခွင့်ပြုချက်အရ နောက်ဆုံးပြဿနာကို သူနှင့် မရှင်းလင်းမီ ဤစာကို ရေးသားခဲ့ရပါသည်။ ဦးထွန်းဖေက ပဲခူးဘူတာတွင် ကျွန်တော်တို့နှင့် လွဲသွားပြီးနောက် ကျွန်တော်တို့ ခြေရာကောက်ယူပုံကို ပြော၍ပြရာ ကျွန်တော်နှင့် စင်စစ်ဉာဏ်တူသော လူတစ်ယောက်ဖြစ်ကြောင်း ထပ်မံ ထင်ရှားပြန်လေသည်။ ခင်ဗျားနှင့် တကွ ကျွန်တော့်အားချစ်ခင်သူ မိတ်ဆွေအပေါင်းတို့က ကျွန်တော့်အတွက် ဝမ်းနည်းကြမည်ဖြစ်သော်လည်း လူအများတို့ကို ဆင်းရဲဒုက္ခရောက်အောင် ကြံဆောင်လျက်ရှိသော ဤလူကြီး တစ်ယောက် လူ့ပြည်မှ လျော့သွားသည့်အတွက် ကျွန်တော် ဝမ်းမြောက်ပါ၏။ ဦးထွန်းဖေမှာ တရားသူကြီးက စီရင်ချက် ချရန် မလိုတော့ပြီ။ ၎င်း၏တပည့်များကိုသာ ထင်ရှားအောင် လျှောက်လဲဖို့နှင့် စပ်လျဉ်းသည့် စာရွက်များမှာ ကျွန်တော်၏စာရေးစားပွဲ အောက်ဆုံးအံဆွဲ၌ ရှိရစ်ပါသည်။ ၎င်းတို့ကို အင်စပိတ်တော် ကိုအုန်းဖေ၏ လက်သို့ အပ်လိုက်ပါလေ။ ကျွန်တော် သွားဦးတော့မည် မိတ်ဆွေကိုသိန်းမောင်။**

**စံရှား**

ကျွန်တော်သည် မောင်စံရှား၏ အလောင်းကိုလည်းကောင်း၊ ဦးထွန်းဖေ၏ အလောင်းကိုလည်းကောင်း မတွေ့ရသော်လည်း ထိုသူနှစ်ယောက်တို့သည် တစ်ဦး၏လည်ပင်းကို တစ်ဦးဖက်လျက် အဆိုးဆုံးသောလူမိုက်ကြီးနှင့် အကျော်ဇောဆုံးသော စုံထောက်ကြီးသည် ထိုတောင်စွန်း၏ အောက်ချပ်ကြားထဲ၌ အတူတကွလိမ့်ကျ သေဆုံးကြသည့် အကြောင်းမှာကား ယုံမှားဖွယ်ရာမရှိ ဖြစ်ပေသတည်း။

**ပြီးပါပြီ။**

× × × × × ×

# ၃၂။ စုံထောက်မောင်စံရှားအား လုပ်ကြံကြပုံ

ကျွန်တော် မောင်သိန်းမောင်သည် စုံထောက်ကြီးဦးစံရှား သေဆုံးသည့် အကြောင်းကို ၁၉၃၂ ခုနှစ်၊ အောက်တိုဘာလထုတ် ကဝိတံခွန် မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီးနောက် ၎င်း၏ထူးကဲသော ပညာကြီး မတိမ်မြုပ်မပပျောက်စေရန်က တစ်ကြောင်း၊ စုံထောက်ဝတ္ထုများ ဖတ်ရှုသူ မိတ်ဆွေများက စာနှင့်ဖြစ်စေ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ တောင်းဆိုတိုက်တွန်းကြသည်က တစ်ကြောင်းကြောင့် ဦးစံရှား၏ နည်းစနစ်များကို အတုခိုးနည်းယူ၍ ကျွန်တော်ကိုယ်တိုင် စုံထောက်ခဲ့သော အမှုများကို သူရိယရုပ်စုံမဂ္ဂဇင်းများ၌ ဆက်လက်ရေးသား ထည့်သွင်းခဲ့ဖူးလေ၏။ သို့ရာတွင် ကျွန်တော်၏ စုံထောက်ပုံနည်းစနစ်များမှာ ဦးစံရှားထံမှ အတုခိုးနည်းယူထားသည် ဆိုစေကာမူ ဘုရားလောင်းခြသေ့်မင်း၏ အပြုအမူကို အားကျပြီး တောသတ္တဝါများကို ဟောက်သတ်စားသောက်ရာမှ ဆင်ပြောင်ကြီးကို ဖမ်းဆီးရန်ကြိုးပမ်းဖူးသော ဒေဝဒတ်လောင်းမြေခွေးကဲ့သို့ ရှိလေရကား ဆင်ပြောင်ကြီး၏ နင်းခြင်းကို ခံရသော မြေခွေးပမာ ကျွန်တော်ကိုယ်တိုင် ရန်သူများ၏ လက်ချက်ဖြင့် အသက်မသေမီ ထိုအကြံအစည်ကို လက်လျှော့လိုက်ရပေ၏။

သို့ဖြစ်၍ မည်သည့်အမှုကိုမျှ စုံထောက်ခြင်းမပြုတော့ဘဲ လုပ်ရိုးလုပ်စဉ်ဖြစ်သော အသက်မွေးဝမ်းကြောင်း အလုပ်ဖြင့် လုပ်ကိုင်စားသောက်ခဲ့ရာ အားလပ်ခွင့်မယူသည်မှာ အတန်ကြာခဲ့ပြီဖြစ်၍ အခွင့်သုံးလမျှ ခံယူပြီးလျှင် ဇာတိဖြစ်သော အညာမြို့ကျေးရွာသို့ ပြန်လည်သွားရောက်ခဲ့ပါသည်။ ထိုမှတစ်ဖန် အကြံရပြန်သည်နှင့် စစ်ကိုင်းတောင်ရိုးရှိ ပဲစားချောင် သို့မဟုတ် ကဿပချောင် ဟု နှစ်မည်တွင်သည့် လူကောင်း၊ ရဟန်းကောင်းများ သီတင်းသုံးရာဌာနသို့ သွားရောက်ပြီးလျှင် ဥပုသ်ရက်ရှည်စောင့်လျက် ကမ္မဋ္ဌာန်း ဘာဝနာ စသည့် လောကုတ္တရာရေးရာ၌ အထုံဝါသနာပါသည့်အတိုင်း ဖြည့်ကျင့်ဆည်းပူးခဲ့ပါသည်။

၎င်းပဲစားချောင်၌ ဆယ်ရက်ခန့်မျှ နေထိုင်မိလေလျှင် ကျွန်တော်သည် အခြားသော ဥပါသကာ တစ်ယောက်နှင့် အနတ္တလက္ခဏာသုတ်အကြောင်းကို နှီးနှောလေရာ ထိုသူက လက္ခဏာရေးသုံးပါးတို့အနက်တွင် အနတ္တလက္ခဏာသည် အထူးသဖြင့် အဓိပ္ပာယ်ပေါ်လွင်၍ အထူးသဖြင့်လည်း အဓိပ္ပာယ်နက်နဲကြောင်း၊ မိမိသည်လည်း ဗုဒ္ဓတရားတော်က အဆီအနှစ်ဖြစ်သော ထိုအနတ္တလက္ခဏာအကြောင်းကို ကိုယ်တိုင်လည်း ဆင်ခြင်စီးဖြန်း၍ သူတစ်ပါးနှင့်လည်း ဆွေးနွေးဖူးကြောင်း၊ မိမိနှီးနှောဖူးသမျှသော သူအပေါင်းတို့တွင် မကြာသေးမီက တွေ့ဆုံနှီးနှောရသော ရသေ့ကြီးတစ်ပါးမှာ အနတ္တ၏ သဘောအနက်ကို အထိရောက်အနက်နဲဆုံး၊ အစူးရှဆုံး ဟောပြောပေးကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ ကျွန်တော်မှာ လောကုတ္တရာနှင့်ဆိုင်ရာ တရားအပေါင်းတို့တွင် အနတ္တလက္ခဏာတည်းဟူသော တရားကို အနှစ်ခြိုက်ဆုံးဖြစ်လေရကား ထိုရသေ့ကြီး၏တရားကို ကြားနာလိုပါကြောင်းနှင့် ထိုဥပါသကာအား ပြန်ကြားပြောဆိုလေ၏။ ထိုအခါ ၎င်းက ထိုရသေ့ကြီးမှာ အရိယာမဂ္ဂင်ချောင်နှင့် ဂန္ဓမာဒနချောင်တို့၏ အကြားရှိဂူကြီးတစ်ဂူ၌ သီတင်းသုံးကြောင်း၊ လူသူများနှင့် အတွေ့မခံလို၊ မဂ်ဖိုလ်၏ အခြေဖြစ်သော ဝိပဿနာတရားကိုသာလျှင် ကြိုးစား၍ပွားများကြောင်း၊ သို့သော် မနက်ဖြန်မှာ သီတင်းနေ့ဖြစ်သဖြင့် ဥပါသကာများနှင့် တွေ့ဆုံဆွေးနွေးခွင့်ပြုတတ်ကြောင်းနှင့် ပြန်ပြောလေ၏။

သို့ဖြစ်၍ နောက်တစ်နေ့ ညနေခင်းအချိန်တွင် ကျွန်တော်သည် အဆိုပါ ဥပါသကာနှင့် ရသေ့၏ဂူသို့ သွားရောက်ကြလေရာ ကျွန်တော်တို့ ရောက်သွားသောအချိန်၌ ရသေ့ကြီးမှာ ဂူတွင်း၌ရှိနေသဖြင့် ကျွန်တော်တို့သည် ဂူဝ၌ရှိသော ကွပ်ပြစ်ပေါ်၌ ထိုင်ကာ အာဂန္တုများရောက်နေကြောင်း သိစေရန် ချောင်းတဟန့်ဟန့်နှင့် ရှိနေကြလေ၏။

ငါးမိနစ်ခန့်ကြာရှိသောအခါ ဂူတွင်းမှ ခြေသံကြားရပြီးနောက် ဒေါက်ချာကိုဆောင်းလျက် လက်၌စိပ်ပုတီးကိုကိုင်ကာ ထွက်လာသောရသေ့ကြီးကို ကျွန်တော်မြင်ရသောအခါ ပါးစပ်ကိုဟလျက် မျက်တောင်မခတ်ဘဲ ကြောင်တောင်ကြီး စိုက်ငေးကာ ကြည့်နေမိလေ၏။ အကြောင်းသော်ကား ထိုရသေ့သည် အခြားမဟုတ်၊ ကျွန်တော်၏ မိတ်ဆွေကြီး ဦးစံရှားပင် ဖြစ်ပေသောကြောင့်တည်း။

ရသေ့ကြီး သို့မဟုတ် ဦးစံရှားမှာမူ ကျွန်တော့်ကို မြင်လိုက်သည့် တစ်ခဏ၌ မျက်ခုံးသည် အပေါ်သို့ တစ်လက်မ၏ လေးပုံတစ်ပုံခန့်မျှ တက်သွားသည်မှတစ်ပါး အံ့ဩခြင်း၊ ဝမ်းမြောက်ခြင်း၊ တုန်လှုပ်ခြင်းတည်း ဟူသော အမူအရာ တစ်စုံတစ်ခုမျှ မတွေ့ရချေ။ အံ့ဩသမျှသည် ဝမ်းတွင်း၌သာ ရှိနေ၍ အပြင်၌မူကား မထင်ရှားပေ။ ထို့ကြောင့်လည်း ဦးစံရှားဟူ၍ နာမည်ကြီးခြင်းဖြစ်ပါပေသည်။

ကျွန်တော်မှာမူ ဦးစံရှားအား မြင်လိုက်သည့်ခဏ၌ ဟုတ်နိုင်ပါမည်လောဟု ယုံမှားခြင်းဖြစ်သွားသော်လည်း မသိမသာ တက်သွားသော မျက်ခုံးကို မြင်လိုက်ရသည့်အခါမှ စိတ်ချ နှလုံးချ ဦးစံရှားအစစ်ပေပင်တည်းဟု သိရှိရလေ၏။ ကျွန်တော်၏ အဖော်မှာမူ ကျွန်တော်တို့ နှစ်ယောက်၏ အမူအရာကို အကဲမခတ်မိသည်ဖြစ်သောကြောင့် ကျွန်တော်၏ အမည်နေရပ်တို့ကို ရသေ့ကြီးအားလျှောက်ထားပြီးနောက် အနတ္တလက္ခဏာ၏ သဘောအနက်ကို မိန့်မြွက် ဟောကြားတော်မူပါမည့်အကြောင်းနှင့် တောင်းပန်လေ၏။

ထိုအခါ ဦးစံရှားသည် အလွန့်အလွန်သိမ်မွေ့လှသော ပြုံးခြင်းဖြင့် ပြုံးပြီးနောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးတို့၏အကြုံးဝင်ပုံ၊ အဓိပ္ပာယ်ထပ်တူထပ်မျှဖြစ်ပုံ၊ သို့သော် အနတ္တ ဟူသောစကားသည် မြတ်စွာဘုရား၏ လိုရင်းအဓိပ္ပာယ်ကို တိုက်ရိုက်ဖော်ပြရာရောက်ပုံ စသည်တို့ကို သွက်လက်စွာ ဟောပြောလေရာ ကျွန်တော်မှာမူ မည်သည့် တရားကိုမျှ စဉ်းစားကြားနာခြင်းငှာ မစွမ်းနိုင်ဘဲ ဦးစံရှားသည် ပရော်ဖက်ဆာ ဦးထွန်းဖေနှင့်အတူ ချောက်ကမ်းပါးမှ ကျသွားသဖြင့် သေဆုံးရာမှ မည်ကဲ့သို့ တစ်ဖန် ပြန်၍ ရှင်လာသည့်အကြောင်းသာလျှင် တွေးတောကာ ရှိနေလေ၏။

တရားဆွေးနွေးပြီးသည်၏ အဆုံး၌ ကျွန်တော်၏အဖော် ဥပါသကာသည် ချောင်သို့ပြန်တော့အံ့ဟု ထိုင်ရာမှထလေရာ ကျွန်တော်ကမူ ရသေ့ကြီးနှင့် နီးနီးနေရန်ကျန်သေးသဖြင့် နေရစ်ဖို့ ခွင့်ပြုမည့်အကြောင်းနှင့် ကျွန်တော်၏အဖော်အား ပြောသည်တွင် ၎င်းက 'ရသေ့ကြီးတရားကို နာမိရင် စွဲပါလိမ့်မယ်လို့ ကျုပ်မပြောဘူးလား' ဟု ပြုံးရယ်ကာ ပြောပြီးနောက် ပြန်သွားလေ၏။

ထိုသူပြန်သွား၍ မျက်ခြေပြတ်လောက်သော နေရာသို့ ရောက်လေလျှင် ဦးစံရှားသည် ထိုင်ရာမှထ၍ 'ကိုင်း ကျုပ်တို့ ပြောစရာရှိတဲ့စကားကို ဂူထဲမှာ ပြောကြရအောင်' ဟု ပြောလျက် ဂူတွင်းသို့ ဝင်သွားလေရာ ကျွန်တော်လည်း နောက်မှ လိုက်ပါသွားလေ၏။

**ကျွန်တော်။** ။'တပည့်တော်ဖြင့် အံ့သြလို့ မဆုံးနိုင်ဘူးဘုရား၊ တစ်ခါဖြင့် မိတ်ဆွေကြီးမျက်နှာကို မမြင်ရတော့ဘူးလို့ အောက်မေ့ပြီး ...'

**ရှား။** ။'ကျုပ်အကြောင်းကို ကိုသိန်းမောင် နောက်ဆုံးရေးလိုက်တဲ့ ဝတ္ထုကို ကဝိတံခွန်မဂ္ဂဇင်းမှာ မြင်လိုက်ပါတယ်'

**ကျွန်တော်။** ။'ဒါနှင့်များ မြဲပဲ မြဲပြီးနေနိုင်လွန်းလှတယ်၊ တကယ်ဆိုတော့ ..'

**ရှား။** ။'ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတဲ့ စကား ရှိတယ်မဟုတ်လား ကိုသိန်းမောင်၊ မိတ်ဆွေများ ဝမ်းနည်းကြတယ်ဆိုတာတော့ သိပါရဲ့၊ သို့သော် ကျုပ်ကို တကယ်သေပြီလို့ မှတ်ထင်နေကြလျှင် ကျုပ်မှာ အကျိုးရှိတဲ့အချက်တွေက ရှိတယ်ဗျ'

**ကျွန်တော်။** ။'ဒီအချက်တွေ အသာထားပြီး ချောက်ထဲက ဘယ်ပုံဘယ်နည်းနှင့် တက်လာနိုင်တယ်ဆိုတဲ့ အကြောင်း ကြားပါရစေဦးဘုရား'

**ရှား။** ။'ချောက်ထဲကျတယ်ဆိုတာက ခင်ဗျားတွေးထင်ချက်အရကိုး ကိုသိန်းမောင်ရဲ့၊ ကျုပ်က တကယ်ကျတာမှ မဟုတ်ဘဲ၊ နေဦး ကျုပ်ပြောပြမယ်၊ ဒီလိုဗျ၊ ခင်ဗျားဆီကို နောက်ဆုံးစာတစ်စောင် ရေးထားခဲ့ဖို့ ဦးထွန်းဖေဆီက ခွင့်တောင်းပြီး ဟိုစာကိုရေး၊ ရေးသည့်အခါမှာ ဦးထွန်းဖေက ဆေးပြင်းလိပ်ကြီးခဲပြီး အနားကစောင့်နေတယ်၊ စာရေးပြီးတော့ ကျောက်ခဲနှင့် ဖိထားခဲ့ပြီး ကျုပ်က ရှေ့က ဦးထွန်းဖေက နောက်က လမ်းလျှောက်သွားကြလို့ ချောက်အစွန်းကို ရောက်ကရောဗျ၊ ရောက်တဲ့ အခါမှာ ဦးထွန်းဖေအကြံက ခင်ဗျားသိတဲ့အတိုင်း လူ့ပြည်မှာ သူနေခွင့်မရှိတဲ့တူတူ သူတစ်ယောက်တည်းတော့ မသွားဘူး၊ ကျုပ်ပါ ခေါ်သွားမယ်ဆိုတဲ့ အကြံကိုးဗျ၊ ကျုပ်ကလဲပဲ ဟိုအခါတုန်းကတော့ သူခေါ်ရာကိုလိုက်ရလိမ့်မယ်လို့ ထင်မိပေတာပဲ၊ ဒါကြောင့်လဲ ကျုပ်အသင့် ပြင်ဆင်ပြီးထားခြင်းဖြစ်တယ်၊ ဒါနှင့် ကျုပ်က ရှေ့က သူကနောက်က လျှောက်သွားကြလို့ ချောက်စွန်း ရောက်တော့ ကျုပ်က ရပ်တဲ့ပြီး သူ့ဘက်ကို ရုတ်တရက်လှည့်လိုက်တယ်၊ ဒီအခါမှာ သူက ဆေးပြင်းလိပ်တိုကို ပစ်ထည့်ပြီး ကျုပ်ကို လက်နှစ်ဖက်နှင့် သိမ်းဖက်လိုက်ပြီး ပြေးတွန်းတွန်းလိုက်တာကိုးဗျ ...

... သို့သော် ကျုပ်က ခင်ဗျားသိတဲ့အတိုင်း သိုင်းအတတ် သင်ဖူးသူတစ်ယောက် ဖြစ်လေတော့ သူက ဖက်မယ်လို့ ရွယ်လိုက်တဲ့ လက်အတွင်းက မြုံးဆို လျှိုထွက်ပြီး ရှောင်လိုက်ပါရောဗျ၊ သူကတော့ ဒီလိုရှောင်လိမ့်မယ်လို့ မထင်တဲ့အတွက် တအား ပြေးဝင်ပြီး ဖက်လိုက်ရာမှာ ကျုပ်ကို မဖက်မိ၊ လေကိုသာ ဖက်မိပြီး ချောက်ကမ်းပါးစွန်းမှာ တတွန့်တွန့် တလိမ်လိမ်နှင့်

မကျရ လေအောင် အားယူပြီးတန့်နေလိုက်တာ တစ်စက္ကန့်အချိန်ဟာ ကျုပ်စိတ်ထဲမှာ သေတောင်မမေ့ဘူး၊ စွဲလျက်သား ပါလိမ့်မယ်ထင်တယ်၊ ဦးထွန်းဖေ စိတ်ထဲမှာတော့ ဒီတစ်စက္ကန့်ဟာ အနှစ်တစ်ရာလဲမက အနှစ်တစ်ထောင်လဲမက ကြာလိမ့်မယ် ထင်တယ်၊ နောက်ဆုံးကျတော့ ဦးထွန်းဖေဟာ လေကိုလက်ကိုင်ပြုပြီး တတ်နိုင်သမျှ တွန့်လိမ်ရုန်းကန်သော်လည်း မူလက ပြေးဝင်လိုက်သောအရှိန်ကို မသတ်နိုင်ဘဲ ကျုပ်ဘက်ကိုရုတ်တရက် မျက်နှာလှည့်ပြီး ပက်လန်ပက်လန်နှင့် ဂျွမ်းပစ်ပြီး ကျသွားပါလေရောဗျာ၊ ကျုပ်ဟာ သွေးနည်းတဲ့ လူတစ်ယောက်မဟုတ်ဘူးဆိုတာ ခင်ဗျားသိသားပဲ၊ သို့သော်လဲ နောက်ဆုံး ချောက်ကမ်းပါးမှာ ကျုပ်မြင်လိုက်ရတဲ့ ဦးထွန်းဖေ မျက်နှာဟာ ယခုထက်ထိ တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို အိမ်မက်ထဲမှာ မြင်မက်ရတုန်း ရှိပါသေးရဲ့ဗျာ'

**ကျွန်တော်**။ ။'တပည့်တော် လိုက်လာတော့ အရှင်ဘုရားကို မတွေ့ပါဘဲကလား ဘုရား'

**ရှား**။ ။'နေဦး၊ ကျုပ်ပြောပြမယ်၊ ဒါထက် ဦးထွန်းဖေဟာ ချောက်ကမ်းပါးမှာ မတက်နိုင်ဘဲ ပက်လက်လန်ကျသွားတော့ ကျုပ်က ချောက်စွန်းကို ပြေးပြီး ကြည့်လိုက်တယ်၊ ခမြာမှာ ချာလပတ် လည်တဲ့လည်တဲ့ပြီး ကျောက်စွန်းတွေနှင့် တစ်ချက်နှစ်ချက်ရိုက်ပြီး ကျသွားလိုက်တာ အောက်ဆုံးကချောင်းထဲ ဝုန်းကနဲမြည်ထဲ့ပြီး ကျသွားပါလေရောဗျာ၊ ဒီလို ကြည့်နေသည့် အတွင်းမှာ ကျုပ်က ဘယ့်နှယ်စဉ်းစားသလဲ ဆိုတော့ ရေးထားခဲ့တဲ့စာအတိုင်း ဆိုရင်ဖြင့် နှစ်ယောက်စလုံးသေကြပြီလို့ အားလုံးက ထင်ကြမှာပဲ၊ ထင်ကြလျှင် ငါ့ရန်သူတွေဟာက တစ်ခါဖြင့် ငါတို့အေးပြီ၊ ထင်သလိုလုပ်လို့ရပြီ အထင်နှင့် ဝမ်းမြောက်ကြလိမ့်မယ်၊ ငါ့အသက်ကိုလဲ ရန်ရှာဖို့ ကြံစည်ကြတော့မယ်မဟုတ်ဘူး၊ ဒီတော့ သေပြီလို့ထင်ကြတဲ့အတိုင်းပဲ နေပေစေ၊ ငါလဲပဲ ယခုဘဝအရေးထက် သံသရာရေးအတွက် ကုသိုလ်တရားများ ဆည်းပူးဦးမယ်လို့ စဉ်းစားမိတယ်၊ စိတ်ဟာ ဘယ်လောက်များလျင်မြန်သလဲဆိုတော့ ဦးထွန်းဖေလေထဲမှာ ချာလပတ် ချာလပတ်နှင့် ဝဲခနဲ ဝဲခနဲ ကျသွားတာကြည့်ရင်း ဒီစိတ်ကူးဖြစ်ပေါ်လာပြီး ဦးထွန်းဖေ အောက်ကို မရောက်မီအတွင်းမှာ ခုနင်က အတိုင်း ဆုံးဖြတ်ချက်ချလိုက်တယ်'

**ကျွန်တော်**။ ။'တကယ်ဆိုတော့ တပည့်တော် တစ်ယောက်လောက်တော့ ဖွင့်ပြောခဲ့ဖို့ကောင်းပါရဲ့ဗျာ'

**ရှား**။ ။'ခင်ဗျားကို ကျုပ်မယုံကြည်နိုင်ဘူး၊ သို့သော် မယုံကြည်ပုံက ဒီလိုပါ၊ ခင်ဗျားကတော့ ကျုပ်ကလိမ်ပြီးရေးပါဆိုလျှင် ရေးမှာမှန်ပါရဲ့၊ သို့သော် ခင်ဗျားကိုယ်တိုင်က ကျုပ်သေပြီလို့ ထင်မှတ်ပြီး ရေးတာလောက် ယုတ္တိရှိလောက်အောင် သူတစ်ပါးလဲ ယုံကြည်နိုင်လောက်အောင် ရေးနိုင်မယ်မဟုတ်ဘူး၊ ဒီတော့ကာ ခုအတောအတွင်းမှာဖြင့် ခင်ဗျားကိုပါ မရှင်းလင်းသေးဘဲ သေပြီလို့ထင်မှတ်နေတဲ့အတိုင်း ထင်မှတ်နေစေဖို့ ကျုပ်ထားခဲ့ခြင်းဖြစ်တယ်'

**ကျွန်တော်**။ ။'ကောင်းပါပေဘုရား၊ တပည့်တော်မှာဖြင့် နေ့စဉ်အမျှ အောက်မေ့လိုက်ရတာ မပြောပါနှင့်တော့၊ နေပါဦးဘုရား၊ ဒါထက် တပည့်တော်လာတော့ ဘယ်နေရာက ပုန်းနေသလဲ'

**ရှား**။ ။'ဦးထွန်းဖေ ကျသွားတဲ့နေရာမှာ တစ်ဖက်က ချောက်ကြီး၊ တစ်ဖက်က တောင်ကြီး ရှိတယ်မဟုတ်လား'

**ကျွန်တော်**။ ။'မှန်ပါ'

**ရှား**။ ။'တောင်ကတော့ တော်တော်တဲ့ တောင်ပဲ နို့ပေမယ့် ကျုပ်အစွမ်းကိုလဲ ခင်ဗျားသိတယ်၊ ဒို့ပြင်လူဆိုလျှင် တက်ဖို့ရန် စိတ်ကူးမျှ မထည့်ဝံ့တဲ့ တောင်ကို ကျောက်စွန်းကျောက်စကလေးများ ခြေနှင့်တွယ်ပြီး တက်လိုက်တာ ၁၅ ပေလောက်လဲ တက်မိရော သုံးပေခန့်ရှိတဲ့ ကျောက်စွန်းတစ်စွန်းကို ကျုပ်ရောက်ပါရောဗျာ၊ ရောက်လို့ မောမောနှင့် ကျောက်စွန်းမှာ အလျားမှောက်ပြီး အရိပ်အခြည်ကြည့်နေတုန်း လား လား ခင်ဗျားရောက်လာပါရောဗျား၊ ခင်ဗျားက တောင်ကြည့် မြောက်ကြည့်နှင့် ကျုပ်ကို မမြင်လေတော့ ဧကန္တ သေရှာပြီမှတ်ပြီး မျက်နှာငယ်ငယ်ကလေးနှင့် ပြန်သွားတာ ကျုပ်မြင်လိုက်ပါတယ် ကိုသိန်းမောင် ရဲ့'

**ကျွန်တော်**။ ။'မျက်နှာငယ်ရုံ ဘာကမလဲ၊ တပည့်တော် အော်ဟစ်ပြီးတောင် ခေါ်သေးတာပဲ'

**ရှား**။ ။'ဒါလဲ ကျုပ် ကြားပါတယ်၊ ဒါနှင့် ခင်ဗျားပြန်သွားလို့ ကျုပ်လဲပဲ ကျောက်စွန်းပေါ်က ဆင်းမယ်လို့ ထိုင်လဲ ထိုင်လိုက်ကရော ကျောက်တုံးကြီးတစ်လုံး ကျုပ်အထက်က တောင်ပေါ်က လိမ့်ကျလာလိုက်တာ ကျုပ်မှာ ရှောင်လဲ မရှောင်သာ၊ တည့်တည့်များကျလျှင်တော့ ဦးထွန်းဖေနောက် ကျုပ်လိုက်ရပြီးသားပေါ့ဗျာ၊ ကျောက်လုံးဟာက တစ်ထောက်နှစ်ထောက် သုံးထောက်ထောက်ပြီး ဒလိန့်ဒလိန့်နှင့် ကျလာလိုက်တာ ကျုပ်အနားက ကျောက်စွန်းမှာ ကျုပ်နှင့် ခြောက်လက်မလောက် လွတ်ရုံကလေး ဝင်ထောက်ပြီး ချောက်ထဲကျသွားပါလေရောဗျား'

**ကျွန်တော်**။ ။'မတော်တဆဖြစ်တာလား ဘုရား'

**ရှား**။ ။'ဘာဟုတ်လိမ့်မလဲဗျာ၊ ကျုပ်က တောင်ပေါ်လှမ်းကြည့်လိုက်တော့ ဟိုအဝေးက တောင်ထိပ်ပေါ်မှာ မျက်နှာ ကလေး တစ်ခု ကွက်ကွက်ကလေး မြင်လိုက်ရတာကိုးဗျ၊ မြင်မြင်ချင်းပဲ ဒီအကောင်က ဦးထွန်းဖေ တပည့်ပဲ၊ တော်ရာက စောင့်ကြည့် နေပြီး ကျုပ်ကား မသေ၊ သူ့ဆရာသာသေကြောင်း တွေ့မြင်လေတော့ ကျောက်လုံးနှင့်တမင် လိမ့်ချတာပဲ ဆိုတာ ကျုပ် သိရ တာပေါ့ဗျ၊ ဒီတော့ ကျုပ်လဲ ပျာယီးပျာယာနှင့် ကျောက်စွန်းကဆင်းမယ်လို့လုပ်တုန်း နောက် ကျောက်တစ်လုံး ကျလာ လိုက်တာက ကျုပ်နှင့်ကို တည့်တည့်ကြီးပဲဗျာ၊ ကျောက်ကြီးက ဒလိန့်ဒလိန့်နှင့်ကျလာလို့ ကျုပ်အထက်နားက ကျောက်စွန်း ကို ဝင်ထောက်ပြီး လွှားခနဲကျုပ်ဆီ ခုန်လာလိုက်တာ ကျုပ်ခေါင်းပေါ်က တစ်လက်မ လောက်ကလေး ဝင်ပြီး ကျော်သွား လိုက်လို့ ဝီခနဲမြည်သွားတဲ့အသံကို ကျုပ်နားနှင့် ဆတ်ဆတ်ကြားလိုက်ပါသဗျာ'

**ကျွန်တော်**။ ။'ကံကောင်းလို့ဗျာ၊ အဲလေ ဘုရား'

**ရှား**။ ။(ပြုံးလျက်) 'တော်တော်ကြာလျှင် ထူးရမယ် မထင်ဘူး'

**ကျွန်တော်**။ ။'ဒါဖြင့် ဝမ်းမြောက်တယ်ဘုရား၊ ဝအောင် ထူးလိုက်ပါရစေ၊ တော်တော်ကြာလျှင် လူထွက်ဖို့ ... '

**ရှား**။ ။'သို့သော် အမှန်မပြောနိုင်သေးဘူး၊ လူထွက်သင့် မသင့် ဒီကနေ့အဖြစ်အပျက်ကို ကြည့်ပြီး ဆုံးဖြတ်ရမယ်၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ဒီကနေ့ အရမ်းတမ်းတမိတယ်လို့ ကျုပ်ခုနင်က ပြောမိတယ်မဟုတ်လား'

**ကျွန်တော်**။ ။'ခုနင်က အကြောင်း ဆက်ပါဦးဘုရား'

**ရှား**။ ။'ဒုတိယကျောက်လုံး လိမ့်ကျပြီးသည်နှင့်တစ်ပြိုင်နက် ကျောက်တုံးတွယ်ပြီးလမ်းရှိရာသို့ ဆင်းအလာမှာ လမ်းတစ်ဝက် ရောက်တော့ ကတိုက်ကရိုက်လဲဆင်းရပြန်၊ မှောင်ကလဲ မှောင်လှဆဲဆဲဖြစ်ပြန်လေတော့ ခြေချော်ပြီးကျလိုက်တာ လမ်းပေါ်မှာ ပုံလျက်ကလေးကျသွားပါရောကိုးဗျား၊ သို့သော်လဲ ၁၀ ပေလောက် အမြင့်က ကျတာမို့ ပွန်းပဲ့ရုံလောက်အပြင် တယ်ကြီး မထောင်းတာလှသေးဘူး၊ လဲရာက ဖုတ်ဖက်ခါထပြီး တောင်ပေါ်က အကောင်နှင့်လဲ လွဲလေအောင် ခင်ဗျားနှင့်လဲ လွဲလေ အောင် နှစ်ရက်သုံးရက်လောက် တောပုန်းလုပ်ပြီး နေခဲ့ရတာကိုးဗျ၊ ခင်ဗျားရော ခုနင်ကရန်သူရော ပြန်သွားကြပြီ ဆိုတော့မှ ကျုပ်လဲပဲ တောင်ပေါ်က ဆင်းလာပြီး မီးရထားစီး၊ သာစည်ရောက်၊ မြင်းခြံလိုက်၊ ကူးတို့နှင့်တစ်ဖန် စစ်ကိုင်းလိုက်၊ သမ္မာန်နှင့် ဒီချောင်လာ၊ လာပြီး ဒီအဝတ်လဲနေခဲ့တာကိုး ကိုသိန်းမောင်ရဲ့'

**ကျွန်တော်**။ ။'လူထွက်ဖို့အကြောင်း ပြောတော့ဘုရား'

**ရှား**။ ။'ဒီအဝတ် ဝတ်စဉ်ကတော့ အစမ်းသဘောပဲ၊ အကယ်၍ ပျော်ပိုက်နိုင်လို့ရှိလျှင် ရာဇဝတ်ကောင်သော ရာဇဝတ်မှုသော ဂရုမစိုက်တော့ဘဲ ပဉ္စင်းခံဖို့ ကျုပ်အကြံရှိခဲ့တယ်၊ သို့သော် အခုတလောမှာ ကျုပ်ရန်သူများက ကျုပ်ကို အေးအေးဆေးဆေး နေတာ မကြည့်နိုင်တဲ့ လက္ခဏာနှင့်လာပြီး ရန်စကြပြန် ရှိပြန်တယ်'

**ကျွန်တော်**။ ။'တယ်ပြီး စော်ကားတယ် ဘုရား ...'

**ရှား**။ ။'ဒီကနေ့မနက် ကျုပ် ဆွမ်းခံသွားလို့ စစ်ကိုင်းမြို့ထဲက အပြန်မှာ ဥမင်သုံးဆယ်အလွန် တောင်ကြားလမ်းရောက်တော့ တောင်ပေါ်က ကျောက်တစ်လုံး ကျလာပြန်တယ်၊ ဖြုံးဆို အထက်မော့ကြည့်လိုက်တော့ ဟိုတုံးက ဦးထွန်းဖေသေဆုံးတဲ့ ချောက်ကမ်းပါးမှာ ကျုပ်ကို ကျောက်နှင့် လိမ့်သတ်ဖို့ ကြံစည်တဲ့ အကောင်မျက်နှာကို ကျုပ်မြင်လိုက်ရပြန်တယ်'

**ကျွန်တော်**။ ။'တယ်မိုက်တဲ့ လူစုဘုရား၊ အေးအေးနေလို့ အေးအေး မနေရဘူး'

**ရှား**။ ။'ဒါကြောင့် ပြောတယ်မဟုတ်လား၊ ကိုင်း သို့သော် လူထွက်သင့် မထွက်သင့်အကြောင်း ဒီကနေ့ည ဆုံးဖြတ်နိုင်ဖို့ အဖြေပေါ်လာလိမ့်မယ်ထင်တယ်၊ ကျုပ်က အေးအေးနေပါလျက်နှင့် တမင်လိုက်ပြီး နှောင့်ယှက်မယ်ဆိုလျှင် ကျုပ် သည်းမခံ နိုင်သေးဘူး ရှိလိမ့်မယ်၊ မခံချင်တတ်တဲ့ စိတ်က တစ်ကြောင်း၊ တတ်တဲ့ပညာ မနေသာ ဆိုတဲ့စကားက တစ်ကြောင်း၊ ဒီနှစ်ကြောင်းကို အစွဲပြုပြီး ကျုပ် လူထွက်ရပြန်ဦးတော့မယ် ထင်တယ်၊ ကိုင်း သို့သော် ကိုသိန်းမောင် ပြန်ပေဦးတော့၊ ဒီကနေ့ည ကိုးနာရီလောက်မှာ အဝတ်တစ်စုံရယ် ဆေးတံနှင့် ဆေးတစ်ဘူးရယ် ယူခဲ့ဗျာ၊ ကျုပ် ဒီကစောင့်နေမယ်'

ဟု ပြောဆိုမှာထားလိုက်သည်တွင် ကျွန်တော်မှာ ဝမ်းမြောက်ဝမ်းသာနှင့်ပင် ပဲစားချောင်သို့ ပြန်လာခဲ့လေ၏။

ထိုည ၈ နာရီခွဲသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ဦးစံရှားအတွက် အဝတ်တစ်စုံနှင့် ဆေးတံ ဆေးဘူးများပါ ယူ၍ထွက်လာခဲ့ရာ ဂူနှင့်ကိုက်သုံးရာခန့် ဝေးသောအရပ်တွင် ဦးစံရှားနှင့်တွေ့လေ၏။ ထိုအခါ ကျွန်တော်က အဝတ်အစားများနှင့်တကွ ဆေးတံဆေးဘူးများကို ဦးစံရှားအား ပေးသည်တွင် ၎င်းက

'နေဦးလေ၊ ကျုပ် ညနေက ပြောတဲ့စကားအတိုင်းပဲ ၊ ထွက်သင့်လျှင်လဲ ထွက်ဖို့ မထွက်သင့်လျှင်လဲ နေသေးဖို့ တော်တော်ကြာမှ ဆုံးဖြတ်ပါရစေ'

ဟု ပြန်ပြောလေ၏။ ၎င်းနောက် ဦးစံရှားသည် ကျွန်တော်အား ဂူအနီးသို့ခေါ်သွား၍ ဂူဝနှင့် ပေတစ်ရာခန့်ဝေးသော နေရာသို့ရောက်ကြသောအခါ ကျွန်တော်တို့သွားသောလမ်းမှာ လက်ျာဘက်မှာ တောင်ကမ်းပါးယံရှိ၍ လက်ဝဲဘက်၌ ချောက်ကြီးရှိလေရာ ဦးစံရှားသည် ကျွန်တော်အား ရုတ်တရက် ရပ်တန့်စေ၍ လမ်း၏လက်ျာဘက်၌ရှိသော တောင်ကမ်းပါးယံသို့ နှစ်ယောက်သား တက်ကြလေ၏။ လမ်းနှင့် ခြောက်ပေခန့်အကွာတွင် မိုးနှံချုံကလေးတစ်ခု ရှိရာ ကျွန်တော်သည် ထိုချုံ၏နောက်မှ ကွယ်လျက် ဂူဘက်သို့ မျှော်ကြည့်ကာ ထိုင်နေလေ၏။

ကျွန်တော်နှင့် ဦးစံရှားတို့သည် ပုန်းကွယ်နေရာအရပ်မှ ဂူဘက်သို့ မျှော်ကြည့်လိုက်သော ဂူဝကို မြင်နိုင်ရုံမျှမက ဂူတွင်းသို့ပင် တည့်တည့်မြင်နိုင်လေရကား ထိုအတွင်းမှ ဖယောင်းတိုင်မီးရောင် တလက်လက် ရှိနေသည်ကို တွေ့မြင်ရလေ၏။ ကျွန်တော်မှာ ဦးစံရှားအနီးမှ ထိုင်လျက် ဂူဘက်သို့ မျှော်ကြည့်နေစဉ် ဂူတွင်းရှိ ဖယောင်းတိုင်အနီးတွင် လူတစ်ယောက် ငုတ်တုတ်ကြီးထိုင်နေသလို ရုတ်တရက်မြင်မိသည်ထင်၍ မျက်စိများကို ပွတ်ပြီးနောက် သေချာစွာကြည့်ရှုပြန်ရာတွင် မီးတိုင်အနီး၌ ထိုင်နေသူကား အခြားမဟုတ်၊ ဦးစံရှား၏ပုံပင်ဖြစ်ကြောင်း သိရှိရလေ၏။ ထိုပုံသည် မီးရောင်ဘက်သို့ မျက်နှာမူလျက် ဂူဘက်သို့ ကျောခိုင်းကာ တင်ပြင်ခွေ၍ထိုင်နေသည်ကို မြင်ရာ လျှော်တေသကၤန်း ဒေါက်ချာ အစရှိသည့် အဝတ်တို့ဖြင့် ဝတ်ဆင်ထားသည့်ပြင် ကိုယ်ပေါက်ကိုယ်ရောက် အရပ်အမောင်းမှစ၍ လူနေလူဟန်တို့မှာလည်း ဦးစံရှားနှင့် တစ်သဝေမတိမ်းအောင် တူညီလှပေ၏။ ထိုအခါမှ ကျွန်တော်သည် ဦးစံရှား၏အကြံအစည်ကို ရုတ်တရက်ရိပ်မိ၍ ရယ်မောကာဖြင့် ...

**ကျွန်တော်**။ ။'ဘာနှင့်လုပ်ထားသလဲ ဘုရား'

**ရှား**။ ။'ရွှံ့နှင့်ပေါ့ဗျာ၊ ကတိုက်ကရိုက် လုပ်ရသော်လဲ အဝေးက ကြည့်တော့ဖြင့် တူပါရဲ့ ထင်ပါရဲ့'

**ကျွန်တော်**။ ။'တခြားလူ မပြောနှင့်တော့ ၊ တပည့်တော်တောင် မှားလောက်ပါတယ်ဘုရား'

**ရှား**။ ။'ဒါဖြင့် တော်ပြီ၊ ကိုင်း သို့သော် ချောင်တွေမှာတော့ တော်တော်ကလေး လူခြေတိတ်ပြီ၊ လာမယ်ဆိုလျှင် လာလောက်ပြီ၊ တိတ်တိတ်နေဗျာ၊ စကားမပြောနှင့်တော့'

ထိုညသည်ကား လပြည့်ကျော် ၈ ရက်နေ့ည ဖြစ်လေရာ အချိန်မှာ ၁၀ နာရီကျော်ခန့်မျှ ရှိသည်နှင့် လမင်းလည်း မထွက်သေးသဖြင့် တောင်ရိပ်ထူထပ်သော ထိုအရပ်တွင် ကြီးစွာသော မှောင်ကြီးကျလျက် ရှိလေ၏။ ကျွန်တော်တို့ ထိုင်ခါစ၌ အဝေးရှိ မယ်သီလရှင်ချောင်များမှ သီလရှင်များ စာပြန်သည့်အသံ၊ ဝတ်တက်သည့်အသံ ကြေးစည်သံမှစ၍ ရံဖန်ရံခါ ကြားရသေးသည်ဖြစ်ရာ ၁၀ နာရီခွဲခန့် ရှိသောအခါ၌ကား ရပ်နီးရပ်ဝေးမကျန် တိတ်ဆိတ်ကြီး တိတ်ဆိတ်လျက် ရှိနေလေ၏။

ထိုအခါ ကျွန်တော်မှာ ရှေးအခါက ဦးစံရှားနှင့် အတူတကွ စောင့်နေခဲ့ဖူးသော အမှုများအကြောင်းကို သတိရ၍ အချို့သော အမှုများ၌ အိမ်တွင်းတွင် အလောင်းကို ထားလျက်၊ အိမ်ပြင်မှ လျှို့ဝှက်စွာ ပုန်းအောင်းစောင့်ဆိုင်းရသော အမှုများကို ပြေး၍ အောက်မေ့မိလေ၏။

၁၁ နာရီကျော်လတ်သော် လွန်မင်းစွာ တိတ်ဆိတ်လျက် ရှိနေရကား ကျွန်တော်တို့နှစ်ယောက်၏ အသက်ရှူသံနှင့် ရင်တွင်းမှ ရင်ခုန်သံများကိုပင် တရှူးရှူး၊ တဒိန်းဒိန်းနှင့် ကြားရသည့်ပြင် တံတွေးမြိုလိုက်လျှင်ပင် ဂွတ်ခနဲ မြည်သံကို ကြားနိုင်ပေ၏။

၁၁ နာရီနှင့် ၁၅ မိနစ်ရှိလတ်သော် ဦးစံရှားသည် ကျွန်တော်အား ရုတ်တရက်လက်ကုတ်လိုက်သဖြင့် ကျွန်တော်သည် ရှေးကထက် နားစိုက်၍ထောင်မိရာ အဝေးအရပ်မှ လမ်းပေါ်တွင် ကျောက်ခဲကလေးများကို ခြေနှင့်ခတ်မိသည့် အသံများကို ကြားရလေ၏။ ထိုသို့နားစွင့်လျက် ရှိစဉ် ထိုအသံသည် နီး၍နီး၍လာလေရကား လမ်းပေါ်မှ လူတစ်ယောက် လျှောက်လာသော ခြေသံဖြစ်ကြောင်းကို သိရလေ၏။

တစ်ခဏမျှကြာလျှင် အတော်အတန်အရပ်မြင့်မား၍ မျက်နှာသုတ်ပုဝါကို ခေါင်းမြီးခြုံထားကာ လျှောက်လာသော လူတစ်ယောက်ကို တွေ့မြင်ရလေရာ ထိုသူသည် လမ်းကွေ့ကို ကျော်လွန်၍ ကျွန်တော်တို့ပုန်းနေသော ချုံနှင့်တည့်တည့်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဂူတွင်း၌ထိုင်နေသော ရသေ့ဦးစံရှား၏ ပုံကိုမြင်ဟန်ရှိ၍ 'ခွေးသားရသေ့ မအိပ်သေးဘဲကိုး' ဟု တီးတိုးကြုံးဝါးလိုက်သံကို ကြားရလေ၏။ ထိုအခါ၌ကား ထိုသူသည် မိမိ တွေးထင်သည့်အတိုင်း ဦးစံရှားမအိပ်သေးသည့် အဖြစ်ကို တွေ့ရ၍ အကြံတစ်မျိုးပြောင်းလဲသည့် အဟန်နှင့် ဆုတ်ဆိုင်းလျက်ရှိရာ တစ်ခဏမျှ ကြာပြန်လျှင် တစ်မျိုး အကြံရလာသည့် လက္ခဏာနှင့် ဖြေးညှင်းစွာ ရှေ့သို့ဆက်လက် လျှောက်သွားပြန်လေ၏။

ထိုအချိန်အခါ၌ မှောင်မိုက်လျက်ပင် ရှိနေသေးသော်လည်း ထိုသူသည် မီးရောင်နှင့် ကျွန်တော်တို့၏အကြားမှ လျှောက်လာ လျက် ရှိသည်ဖြစ်သောကြောင့် ထိုသူ၏ အပြုအမူအားလုံးတို့ကို ကျွန်တော်တို့ တွေ့မြင်နိုင်ပေ၏။ ထိုသူသည် ဂူဝနှင့် ၂၅ ပေ ခန့်သို့ ရောက်သောအခါ ခါးမှတစ်စုံတစ်ခုကို နှိုက်ယူ၍ ခပ်ကုန်းကုန်းလျှောက်သွားရာ ဂူဝသို့ ရောက်သောအခါ၌ လက်ခနဲသော အရာကို မြင်လိုက်ရသဖြင့် လက်တွင်ရှိသောအရာမှာ ဓားမြှောင်ဖြစ်ကြောင်း သိရှိရလေ၏။

ဂူဝသို့ရောက်လေလျှင် ထိုသူသည် ခဏကလေးမျှရပ်တန့်ပြီးနောက် ဓားမြှောင်ကို လကျ်ာဘက်တွင် မြှောက်ကိုင်လျက် ဂူတွင်းသို့ ခြေဖျားထောက်ဝင်သွားပြီးလျှင် မီးရောင်တွင် ငုတ်တုတ်ထိုင်နေသော ဦးစံရှား၏ ရွှံ့ရုပ်ပုံကို ကျောဘက်မှနေ၍ ဓားမြှောင်နှင့်ထိုးစိုက်လိုက်ရာ ရွှံ့ရုပ်လည်း လဲသွားလေ၏။ ထိုအခါ ၎င်းလူသည် မိမိ၏အမှားကို မြင်သည်နှင့် စက်ဆုပ်စွာနှင့် ပြန်ထွက်လာ၍ ကျွန်တော်တို့ပုန်းနေရာဖြစ်သော လမ်းဘက်သို့ လာလေရာ ကျွန်တော်က ထတော့မည် ပြုသော်လည်း ဦးစံရှားက လက်ကုတ်ထားသဖြင့် ထိုင်မြဲထိုင်နေရလေ၏။ ထိုသူသည် သူ၏အကြံအစည်ကို ဦးစံရှား ရိပ်မိကြောင်း သိကာမျှနှင့် အကြောက်ကြီးကြောက်လာသည့် လက္ခဏာနှင့် တားမနိုင်ဆီးမရ တဟုန်ထိုး ပြေးသွားလေရာ တစ်ခဏချင်းတွင် ကျွန်တော်တို့ ပုန်းအောင်းနေသော ချုံကို ကျော်လွန်ပြီးနောက် မကြာမီအတွင်း ခြေသံမကြားနိုင်သော အရပ်သို့ ရောက်သွားလေ၏။

**ကျွန်တော်**။ ။'ဘယ့်နှယ်ကြောင့် လွှတ်လိုက်သလဲဘုရား'

**ရှား**။ ။'ဒီအဝတ်ကြီးနှင့် မကောင်းပါဘူးဗျာ၊ ကိုင်း လူဝတ်ပေးပေတော့၊ ကျုပ် လူထွက်မယ်၊ ကျုပ်ဇာတာကိုက ကောင်းရာ ကောင်းကြောင်း အားထုတ်ပြီး အေးအေးဆေးဆေး နေလို့ မဖြစ်ဘဲဟာကိုးဗျ၊ ကျုပ်က အေးအေးဆေးဆေး နေပြန်လျှင်လဲ သူတို့က လာပြီးရန်စပြန်တယ်၊ ဒီလိုဆိုရင်တော့ တစ်ဖက်သတ်ကြီး သည်းခံပြီးလဲ မနေနိုင်ပြန်ဘူးလေ၊ ပါးကိုက်လျှင်လဲ နားကိုက်ရလိမ့်မယ်၊ ကိုင်း ကျုပ်အဝတ်လဲမယ်၊ ပေးစမ်း'

၎င်းနောက် ဦးစံရှားသည် ကျွန်တော်ယူခဲ့သော ရုပ်အင်္ကျီများကို လှမ်းယူလဲဝတ်ပြီးနောက် ဆေးတံကို ဆေးပြည့်အောင် ထည့်ပြီးမှ အားရပါးရ ရှူရှိုက်ရင်း ...

**ရှား**။ ။'ဘယ်လိုပြောပြော၊ ဟောဒီ ဆေးတံတစ်ခုတော့ဖြင့် ကျုပ်အလွမ်းဆုံးပဲဗျာ၊ ထမင်းမစားရတာ ကျုပ်က ဒီလောက် အရေးမကြီးဘူး၊ ဆေးတံမသောက်ရတာ သိပ်ပြီးနစ်နာတယ်'

**ကျွန်တော်**။ ။'သောက်ချင်လဲ သောက်ရသားကပဲ ဘုရား၊ အဲလေ ဗျာ၊ ဘုန်းကြီးများတောင် သောက်သေးတာကပဲ'

**ရှား**။ ။'ကျုပ်သဘောက မလုပ်ရင်လဲ ရှင်းရှင်း၊ လုပ်ရင်လဲ ရှင်းရှင်းပဲဗျ၊ သင်္ကန်းအဝတ်ကြီးနှင့် ဆေးတံကြီးငေါ်ငေါ်ဆိုလျှင် ကြည့်လို့ကို မရဘူး'

**ကျွန်တော်**။ ။'ဒါတော့လည်း ဟုတ်ပါရဲ့၊ ဒါထက် ခုနင်က လူဟာ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျား မြင်လိုက်သလား'

**ရှား**။ ။'မြင်လိုက်ပြီလားဗျာ၊ ဓာတုဗေဒဆရာကြီး ဦးထွန်းဖေရဲ့ တပည့်ရင်း၊ ဘထွန်းခေါင်းကြီး ဆိုတာ သူပေါ့'

**ကျွန်တော်**။ ။'ဒါဖြင့် ရန်ကုန်ကျတော့ တွေ့ကြဦးမှာပေါ့လေ'

**ရှား**။ ။'မတွေ့မှာတော့ မပူပါနှင့်ဗျာ၊ ကိုင်း ညဉ့်လဲနက်ပြီ၊ ခင်ဗျားချောင် ပြန်ပြီး အိပ်လိုက်ကြဦးစို့ ၊ မနက်မှ စောစောထပြီး စစ်ကိုင်းဘက်သွား၊ သမ္မာန်နှင့် မန္တလေးကူးပြီး ရန်ကုန်ပြန်ကြစို့ဗျာ'

**ပြီးပါပြီ။ ။**

× × × × × ×

# ၃၃။ ကျားလော လူလော

ယခုအခါ မိတ်ဆွေကြီးဦးစံရှားသည် အားလပ်ခွင့်ယူ၍ အနားယူခိုက် ခဏခေတ္တမျှ ကျွန်တော်နှင့်အတူ နေထိုင်ရန် ကသာမြို့သို့ လာရာ မိတ်ဆွေရင်းချင်းတွေ့ကြရသည်နှင့် အားရပါးရ စကားစမည် စပ်မိစပ်ရာ ပြောဆိုကြရင်း ရှေးအနှစ် ၂၀ ကျော်လောက်က အတူတူ ပျော်ပျော်ပါးပါး နေထိုင်လာခဲ့ကြသော အကြောင်းများကို ပြောဆိုရာမှ ထိုစဉ်အခါက ပျဉ်လေးပင်ရွာတွင် ထူးဆန်းသော လူသတ်မှုတစ်မှုအကြောင်းကို သတင်းစာများတွင်သော်လည်းကောင်း၊ ဦးစံရှား၏ စုံထောက်ဝတ္ထုများတွင်သော်လည်းကောင်း ရေးသားဖူးပါသလား ဟု မေးလိုက်ရာ ဦးစံရှားသည် ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ပြီး ပါးစပ်တွင်ကိုက်ထားသော ဆေးတံကို ပြင်းစွာဖွာ၍ မီးခိုးများကို တဖြည်းဖြည်းထုတ်ကာ မိမိစိတ်ထဲတွင် တစ်ခုခုကို စဉ်းစားနေဟန်နှင့် အတန်ကြာကြာ ခွေရစ်တက်နေသော မီးခိုးများကို မော့ကြည့်နေလေ၏။

တစ်အောင့်ကြာမှ သတိရလာသော လက္ခဏာနှင့် ဦးစံရှားက

'ဟုတ်ကဲ့၊ ကြာလဲ အတော်ကြာသွားပြီ၊ ကျွန်တော် မှတ်မိသလောက်ဖြင့် သတင်းစာများထဲမှာရော ဝတ္ထုထဲမှာရော မရေးမိဖူးသေးဘူး'

ဟု ပြန်ပြောလေ၏။

ကျွန်တော်ကလည်း

'ဟုတ်တယ်ဗျာ၊ ကျွန်တော်လဲ ဒီလူသတ်မှုအကြောင်းကို ဘယ်မှာမှ မဖတ်မိဘူး၊ အဲဒီလူသတ်မှုကို စဉ်းစားမိတိုင်း ကျောချမ်းမိတယ်၊ ခင်ဗျားတို့ စုံထောက်များဟာလဲ ဘယ်လောက်စဉ်းစားဉာဏ်ကြီးတယ် ဆိုတာ အံ့သြမိတယ်၊ ကျွန်တော်တို့ အတိုင်းသာဖြစ်လျှင် အဲဒီကိုဘတင်ဟာ လင့်ပေါ်က လိမ့်ကျပြီး ကျားကိုက်ပြီး သေတယ်လို့သာ ယူထားကြမှာပဲ'

'ဒီလိုပါ ကိုသိန်းမောင်ရယ်၊ ကျွန်တော်လဲ ခင်ဗျားတို့ အရေးမကြီးဘူးထင်တဲ့ စကားကလေးများပေါ်က ရတဲ့ စိတ်ကူးပါပဲ၊ သိပ်ပြီးတော့ ကြံစည်ရတာတော့ မဟုတ်ပါဘူး'

'သို့ပေမယ့်ဗျာ၊ ဒီလို ထူးဆန်းတဲ့ အမှုမျိုးကိုတော့ ဦးစံရှားစုံထောက်ဝတ္ထုထဲမှာ ပါစရာကောင်းတယ်၊ ဘယ်သူမှ မရေးသေးလျှင် အလွန်ထူးဆန်းလွန်းလို့ စုံထောက်ဝါသနာပါတဲ့လူများ ဖတ်ရအောင် ခင်ဗျားအခွင့်ပြုရင် ကျွန်တော်ပဲ စုံထောက်မောင်စံရှား ဝတ္ထုထဲမှာ ရေးထည့်ချင်ပါတယ် '

'ဒီအမှုအကြောင်းကိုတော့ ခင်ဗျား အစအဆုံး သိတာပဲ၊ အမှုသွား အားလုံးကုန် မှတ်မိရင် ရေးထည့်တာပေါ့၊ ကျွန်တော် အခွင့်မပြုစရာ အကြောင်း မရှိပါဘူး'

ဟု ဦးစံရှားကိုယ်တိုင်က အခွင့်ပြု၍ အောက်ပါအဖြစ်အပျက်တို့ကို စုံလင်စွာ ရေးလိုက်ရပါသည်။

× × × × × ×

အင်းရွာမြို့ အထက်သုံးမိုင်ကွာ ရွှေလီမြစ်ကမ်းပေါ်ရှိ ပျဉ်လေးပင် ရွာကလေးသည် ရှေးနှစ်ပေါင်း ၂၀ ကျော် ၂၅ နှစ်လောက်က ယခုတည်ရှိနေသော ရွာကလေးနှင့် များစွာ ကွာခြားခဲ့၏။ ထိုစဉ်အခါက ရွှေလီနယ်တစ်ဝိုက်တွင် အလွန်ကြီးသော ဆိပ်ကမ်းတစ်ခုဖြစ်၍ လူနေအိမ်ခြေ အထူးပင်စည်ကားလှပေသည်။ ၎င်းရွာတွင် နေထိုင်ကြသော ကုန်သည်ကြီးတို့မှာ ရွှေလီနယ်သားများသာ မဟုတ်၊ သစ်လုပ်ငန်းကြီးကျယ်သော ဒေသဖြစ်သဖြင့် ဗန်းမော်၊ ကသာ၊ မန္တလေး အစရှိသော မြို့ကြီးများက သစ်ကုန်သည်များပင် လာရောက်ရွှေ့ပြောင်း နေထိုင်ကြရလေ၏။ သစ်တောဖက် အရာရှိများနှင့် မန္တလေးမြို့ သစ်ပွဲစားကြီးများလည်း မကြာခဏ လာရောက်တတ်ကြ၏။ ရွာပတ်လည်ရှိ လယ်ကွင်းများမှာလဲ လယ်မလုပ်ရဘဲ မျက်စေ့တဆုံး သစ်များနှင့်ပြည့်နှက်နေသော သစ်ကွင်းကြီးများသာ ဖြစ်နေလေ၏။ ညနေချမ်းအချိန်တွင်လဲ ကျွဲခလောက်သံ များနှင့် ဆူညံလျက်ရှိနေလေ၏။

ယခုဖော်ပြမည့် လူသတ်မှုဖြစ်ပျက်သော အချိန်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်လောက် တန်ခူးလ သင်္ကြန်တွင်း အချိန် ဖြစ်ပျက်၍ ကျွန်တော်မှာ ရွှေလီနယ် အကောက်တောအုပ်အဖြစ်နှင့် အစိုးရအမှုထမ်းတစ်ယောက် ဖြစ်ပါသည်။ ၎င်းသင်္ကြန် အကြတ်နေ့က သစ်ကုန်သည်များက ဖိတ်ကြား၍ သွားရောက်ပျော်ပွဲစားပြီး ရေလောင်း ကစားခဲ့ပါသည်။

ပျဉ်လေးပင်ရွာတွင် ရေပက်ကစားကြသည်မှာ အခြားတောရွာကလေးများနှင့် မတူ၊ အထူးပင် ပျော်ရွှင်ဖွယ်ကောင်းလှပေ၏။ အကြောင်းသော်ကား အထက်က ဖော်ပြထားသည့်အတိုင်း ၎င်းရွာတွင် နေထိုင်ကြသောသူများမှာ ရွာသူရွာသားများသာ မဟုတ်ဘဲ အခြားမြို့ကြီးများမှ ပြောင်းရွှေ့လာသော ကုန်သည်များ ဖြစ်ကြသဖြင့် အောက်မြို့ကျေးရွာများတွင် ပြုလုပ်လေ့ ရှိသော ထုံးစံအတိုင်း ရွာလည်တွင် မဏ္ဍပ်ကြီးဆောက်လုပ်၍ ရေအိုးကြီးငယ်များတွင် ရေအပြည့်ခတ်ထားကြ၏။ လာသမျှ ဧည့်သည်တို့ကို ယောကျာ်းတစ်ဖက် မိန်းမတစ်ဖက် စားကောင်းသောက်ဖွယ်တို့နှင့် ဧည့်ခံကြပြီးလျှင် ရေအနည်းငယ်ပက်၍ လွှတ်တတ်ကြ၏။

ယခုကဲ့သို့ ဧည့်ခံကျွေးမွေးရာမှ တဖြည်းဖြည်းနေမြင့်လာသဖြင့် ဧည့်သည်အသွားအလာ ရပ်စဲသွားသည်နှင့်တစ်ပြိုင်နက် မဏ္ဍပ်အတွင်းရှိ လူပျိုအပျိုတို့က စ၍ အချင်းချင်း ရေပက်စ ပြုကြလေ၏။ နေ့ ၁၁ နာရီ အချိန်လောက် ရောက်သောအခါ မဏ္ဍပ်အတွင်းရှိလူများမှာ ရေမစိုသူမရှိအောင် ဖြစ်ရုံမျှမက အကစား ကြမ်းသည်ထက် ကြမ်းလာလေ၏။ ရယ်ရွှင်ဖွယ် အကောင်းဆုံး တစ်ခုမှာ အသတ်ခံရသူ ကုန်သည်ကိုဘတင်၏ မယား ဗန်းမော်သူ ရှမ်းစပ်မကလေး၊ အသက် ၂၅ နှစ်လောက် ရှိ မအေးရှင်က ခေါင်းဆောင်ပြီး အပျိုကလေး လေးငါးယောက်နှင့် လာ၍ ကျွန်တော်၊ ကိုဘတင်၊ ကိုအံ့ကြီးနှင့် အခြားသူ သုံးလေးယောက် ထိုင်နေသော စားပွဲကို လာပြီးလျှင် ကုန်သည်ကိုအံ့ကြီးအား အတင်းဖမ်း၍ သူတို့မိန်းမများ နေသောဘက်သို့ ခေါ်သွားကြလေ၏။

ကိုအံ့ကြီးမှာ မိန်းမလေးငါးယောက် လက်တွင် မရုန်းနိုင်ဘဲ လိုက်ပါသွားရရှာ၏။ ကိုအံ့ကြီးသည် ဆံပင်ကောင်းသူဖြစ်၍ ဘီးဆံထုံးကြီးကို ထုံးပေးလေ၏။ ထို့နောက် မျက်နှာတွင် သနပ်ခါးလိမ်းခြင်း၊ ရင်ဖုံးအင်္ကျီကိုချွတ်၍ နောက်ပြန်ဝတ်ပေးခြင်း၊ လုံချည်ကို မိန်းမထဘီကဲ့သို့ ဝတ်ပေးခြင်း၊ ပါးတွင် အိုးမည်းပါးကွက်များ ကွက်ပေးခြင်းတို့ကို ပြုလုပ်ပေးပြီးမှ ဆွဲကြိုး တစ်ကုံးကို လည်ပင်းမှာ ဆွဲပြီး ကျွန်တော်တို့ရှိရာ ကုလားထိုင်အလွတ်တွင် ထိုင်စေလေ၏။ ၎င်းအလုပ်ကို မအေးရှင် ကိုယ်တိုင် မိန်းကလေးများ အကူအညီဖြင့် လုပ်ကိုင်နေသည်ကို သူ၏ ယောကျာ်းဖြစ်သူ ကိုဘတင်သည်လည်း စိတ်မချမ်း သာသော မျက်နှာနှင့်သာ ကြည့်နေရလေ၏။ ကိုအံ့ကြီး၏ မယားဖြစ်သူ မမကြီးမှာလည်း မိမိ၏လင် ဖြစ်ပျက်နေရပုံကို မကြည့်နိုင်ဘဲ ရှက်၍ ဒေါပွသဖြင့် မဏ္ဍပ်ထဲမှ ထွက်သွားလေ၏။ ကိုအံ့ကြီးမှာမူ ယခုကဲ့သို့ မိမိခံနေရ ခြင်းကို မရှက်သည့် အပြင် ရယ်မော၍ လူပရိသတ်အလည်တွင် ထိုင်နေလေ၏။ မြင်ရသူ ယောကျာ်း မိန်းမ တို့မှာ မည်သူမျှ မရယ်မောဘဲ မနေနိုင်ကြချေ။ ကျွန်တော်လည်း တစ်အောင့်နေပြီးမှ မိတ်ဆွေများကို နှုတ်ဆက်ပြီး အင်းရွာရုံးသို့ ပြန်ခဲ့လေ၏။

နောက်တစ်နေ့တွင် သင်္ကြန်အတက်နေ့ဖြစ်၍ အလုပ်မလုပ်ဘဲ မိမိအိမ်တွင် နားနေရလေ၏။ ၎င်းည ၉ နာရီလောက်တွင် ပျဉ်းလေးပင်ရွာဖက်မှ သေနတ်သုံးချက် ပစ်သံကြားရ၍ ဘယ်အတွက် ပစ်သည်ကို ကျွန်တော်မှာ တွေးတော၍မရနိုင်ပေ။

နောက်တစ်နေ့ နံနက်စောစော ငါးနာရီလောက်တွင် အလုပ်ရှိသည်နှင့် ပျဉ်လေးပင်သို့ ကျွန်တော် မြင်းနှင့်ထွက်လာခဲ့ရာ ခြောက်နာရီလောက်တွင် ကုန်သည် ဦးပန်တို့အိမ်သို့ ရောက်လေ၏။ သူကြီးအိမ်ရှေ့တွင် ရွာသားများစုနေသည်ကို တွေ့ရသဖြင့် ဦးပန်အား အကြောင်းကို မေးရာ မနေ့ညက ကျွဲကို ကျားကိုက်သဖြင့် ကိုဘတင်နှင့် ကိုအံ့ကြီးတို့ ကျားပစ်ရန် လင့်သွားစောင့်ရာ ကိုဘတင်မှာ ကျား လင့်အောက်သို့အရောက်တွင် သစ်ပင်ပေါ်က လိမ့်ကျ၍ ကျားဆွဲသွားကြောင်း၊ ယခုနံနက် အလောင်းရှာရန် လူများစုနေကြောင်း၊ ပုလိပ်ဖက်သို့တိုင်ရန် အင်းရွာသို့ ခေတ္တနယ်လှည့်လာသော အင်စပိတ်တော် ဦးခန့်ထံသို့ ရွာသားတစ်ချို့ စောစောက သွားကြပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ အဖြစ်အပျက်များကို ပြောပြလေ၏။

'သင်္ကြန်အကြတ်နေ့က ကျွန်တော်၏ ကျွဲများလိုက်ရာ ကျွဲတစ်ကောင်မတွေ့သဖြင့် အတက်နေ့နံနက် ဆက်လက်ရှာရာ နေ့လည်လောက်မှ ကျားကိုက်ထားသည့် ကျွဲသေတစ်ကောင်ကို တွေ့ရပါတယ်၊ ခင်ဗျားထံ ကျားစောင့်ပေးရန် အပြောလွှတ်ရမှာကလဲ ကျွန်တော်မှာ ဥပုသ်စောင့်နေလျက် ဖြစ်၍ မလွှတ်ရပါ၊ ရွာသားများ ဒီအကြောင်းကို ကြားတော့ ကိုအံ့ကြီးက ကျားကို သူပစ်မယ်၊ လင့်စင်သာထိုးပေးပါဆို၍ ရွာသားများက လင့်ထိုးပေးတယ်၊ ကိုအံ့ကြီးလည်း ကိုဘတင်တို့အိမ်တွင် လည်ပတ်နေခိုက်ဖြစ်၍ ဒီအကြောင်းကို ကိုဘတင်တို့အိမ်မှာပဲ ပြောတယ်၊ ပြီးတော့ ကိုအံ့ကြီးက "ကိုဘတင် ကျားပစ်တာကြည့်ချင်ရင် ကျွန်တော်နှင့်လိုက်ခဲ့ပါလား" ဟု ပြောသောအခါ ကိုဘတင်က "မလိုက်ချင်ဘူးဗျာ ၊

ကြောက်တယ်” ဟု ငြင်းဆန်ပါတယ်။ ထိုအခါ မယားဖြစ်သူ မအေးရှင်က ‘ယောကျ်ားဖြစ်ပြီး သည်လောက် သူရဲဘောနည်းရသလား၊ လင့်စင်ပေါ်ကနေ ကြည့်ရတာပဲ ၊ ကျွန်မတောင် လိုက်ကြည့်ဝံ့ပါတယ်’ ဟု ပြောရာ ကိုအံ့ကြီးက ‘ ဟုတ်သားပဲဗျာ၊ လင့်ပေါ်ကပဲ ဘာကြောက်စရာ ရှိသလဲ၊ ရဲဆေးတင်သွားတာပေါ့’ ဟု ပြောလိုက်ရာ မအေးရှင်မှာ သဘောကျဟန်နှင့် ပြုံး၍နေလေ၏။ ကိုဘတင်ကလည်း

‘ဒါဖြင့် လိုက်တာပေါ့ဗျာ၊ ခင်ဗျားမှာ ဘာရှိသလဲ’

**ကြီး**။ ။‘ကျွန်တော့်မှာ ဝီစကီပိုင့်ပုလင်းကလေး တစ်လုံးရှိပါတယ်၊ တစ်ယောက်တစ်ဝက်စီသောက်လျှင် ကြောက်စိတ်မရှိတော့ပါဘူး၊ ခုတော့ မသောက်ရသေးဘူးဗျ၊ လင့်ပေါ်ကျမှ သောက်ရမယ်’

**တင်**။ ။‘ကောင်းပြီဗျာ၊ ခင်ဗျားသာ ယူခဲ့ပါတော့’

ဆိုပြီး ကိုဘတင်လည်း သူ့အိမ်မှ နာရီပြန်တစ်ချက်လောက် ပြန်ခဲ့တယ်ဗျ ...

... ကိုအံ့ကြီးလဲ သူ့အိမ်သို့ရောက်လျှင် ရောက်ခြင်းပဲ သေနတ်ယမ်းထောင့်၊ လွယ်အိတ်တို့ကို ပြင်တာပဲဗျ၊ ဝီစကီကိုတော့ ပုလင်းနှစ်လုံးမှာ တစ်ဝက်စီခွဲထည့်ပြီး ဆော်ဒါနှင့် အပြီးရောထားသတဲ့၊ နောက် ညနေ ၆ နာရီလောက်ကျတော့ သူတို့ နှစ်ယောက်ဆုံပြီး ရွာသားသုံးလေးယောက်နှင့် ကျွဲသေကောင်ရှိရာကို သွားကြတယ်ဗျ၊ လင့်စင်ပေါ်ရောက်တော့ ကိုအံ့ကြီးက “ရော့ ခင်ဗျားအတွက်” ဆိုပြီး အရက်ပုလင်းတစ်လုံးကို ကိုဘတင်ကို ပေးလိုက်တာကို လိုက်ပို့တဲ့ ရွာသားကလေးများက မြင်ရတယ်တဲ့ဗျ၊ ပြီးတော့ မင်းတို့ ပြန်ကြတော့၊ ကျားလာခါနီးပြီ ဟု ပြော၍ ရွာသားကလေးများ ပြန်လာကြရသတဲ့ဗျ၊ သည်နောက်တော့ဖြင့် သူတို့နှစ်ယောက်တည်း လင့်စင်ပေါ်မှာ စောင့်နေကြတာပဲ၊ ကျွန်တော်တို့လဲ နားတစွင့်စွင့်နှင့် နားထောင်နေကြတာပဲ ....

... ညလူခြေတိတ် ၉ နာရီအချိန်လောက်ကျတော့ သေနတ်သံးချက်ပစ်သံ ဆက်ခါ ဆက်ခါ ကြားရတယ်ဗျ၊ ကျွန်တော်လဲ ချက်ချင်း ရွာသားများကို ခေါ်ပြီး မီးတုတ်များလုပ်၊ ဓားလှံများယူပြီး လင့်စင်ဆီကို လိုက်သွားတာပေါ့၊ ဟိုကျတော့ ကိုဘတင်ကို မတွေ့၊ နတ်ပူးနေသလို ကတုန်ကယင်ဖြစ်နေတဲ့ ကိုအံ့ကြီးကိုသာ တွေ့ရသဗျ၊ ကျွန်တော်တို့လင့်စင်အောက် ရောက်မှ သူလဲ ဆင်းတော့တာပဲ၊ ကိုဘတင်ကော ဘယ်မှာလဲ မေးတော့ စကားပြန်မပြောနိုင်ဘဲ ရွာဖက်ကို ပြန်ရန် လက်ကိုသာ ပြနိုင်တော့တယ်၊ သူ့အိမ်ရောက်သည်အထိ စကားတစ်ခွန်းမှ မပြောဘူးဗျ၊ အိမ်ပေါ်ရောက်ရောက်ခြင်း ပက်လက်ကုလားထိုင်ပေါ် ပက်လက်လှန်ပြီး လွယ်အိတ်ထဲပါလာတဲ့ ဝီစကီပုလင်းကိုထုတ်၊ ဖန်ခွက်ထဲ ပုလင်းတစ်ဝက်ကျအောင် ငှဲ့၊ ဖန်ခွက်တစ်ဝက်လောက် ကျအောင် သောက်ပြီးမှ မအေးရှင်ကို အမြန်ခေါ်ပေးပါ ခိုင်း၍သွားခေါ်ရာ မအေးရှင်လဲ ခဏခြင်းပဲ ကိုအံ့ကြီးအိမ်ကို ရောက်လာတယ်ဗျ၊ မအေးရှင်ရောက်မှ ကိုအံ့ကြီးလဲ စကားပြောနိုင်တော့တာပဲဗျ ...

**ကြီး**။ ။ ‘မအေးရှင်ရယ်၊ ဝမ်းလည်း မနည်းနှင့်တော့၊ ဖြစ်ပြီးအမှုဟာတော့ မတတ်နိုင်တော့ဘူး၊ သူ့အကြောင်းနှင့် သူ့ကံပဲ၊ ကျွန်တော်တို့ လင့်စင်ပေါ်ရောက်ပြီး မကြာခင်မှာပဲ နေဝင်သွားတယ်၊ ရှစ်နာရီလောက်ကျတော့ အတော်ပဲ မှောင်မိုက်သွားတယ်၊ ဒီတော့ ကိုဘတင်က သူကြောက်တယ်၊ လင့်ပေါ်မှာ မနေဝံ့ဘူးလို့ ပြောတာကိုး၊ သည်တော့ ကျွန်တော်က ကြောက်စရာမဟုတ်ပါဘူး၊ ဝီစကီကိုသာ နည်းနည်းသောက်လိုက်ပါ ပြောတော့ သူက တစ်ပုလင်းလုံး မော့သောက်လိုက်တယ်ဗျ၊ သောက်ပြီးတစ်အောင့်နေတော့ ကျားလာသံကြားရတာကိုး၊ သည်တော့ သူ့မှာ ဒူးတွေတုန်ပြီး သိပ်ကြောက်လာတာပေါ့၊ ကျွန်တော်က မကြောက်ပါနှင့် ဆိုပေတဲ့ မရတော့ဘူး၊ လကလေးကလဲ မှုံမှုံသာနေတော့ ကျားလင့်စင်အောက် ရောက်လာတာ သူမြင်ရတော့ အငြိမ်မနေဘဲ လင့်ပေါ်မှာ မတ်တပ်ရပ်ပြီး အပေါ်က သစ်ကိုင်းပေါ်ကို တက်တာပေါ့၊ လူက တုန်တုန်ရီရီဖြစ်နေတော့ ခြေလက်တွေက ဘယ်မြဲတော့မလဲ၊ ချော်ကျသွားတာပေါ့၊ သူလဲ မြေကြီးပေါ် ဗုန်းခနဲကျသွားရော ကျားကြီးကလဲ ကြောက်စရာ အသံကြီးနှင့် ဟိန်းပြီးသူ့အပေါ် ခုန်အုပ်လိုက်တာပဲ၊ သည်တော့ ကျွန်တော်လဲ ဘယ်လိုမှ မကြံတတ်တော့ဘူး၊ ကျားကို သေနတ်နှင့်ပစ်ရင်လဲ လူကိုပါမှန်မယ်၊ မပစ်ဘဲ နေရင်လဲ လူကို ကိုက်သတ်တော့မယ်၊ ဒီလို နေတုန်း ရုတ်တရက် အကြံရပြီး ကျားလန့်ထွက်ပြေးအောင် သေနတ်နှင့် တခြားကို ချော်ပစ်ရတာပေါ့၊ ပထမ နှစ်ချက် ပစ်လိုက်တော့ မပြေးသေးဘူးဗျ၊ နောက်တစ်ချက်ပစ်တော့မှ ထွက်ပြေးတာပေါ့၊ သို့ပေမယ့် အလွတ်ထွက်မပြေးဘူး၊ လူကိုဆွဲပြီး တောထဲဝင်သွားတော့ ကျွန်တော်လဲ ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူး၊ လင့်စင်ပေါ်ကသာ ရွာကလူတွေ

ရောက်အောင် စောင့်နေရတာပဲ၊ ရွာသားတွေဆူညံလာတော့မှ သူလဲ ဂွတ်ဂွတ် ဂွတ်ဂွတ်နှင့် ထပြေးထွက်သွားသံကြားရတယ်၊ အားကြီးရဲတဲ့ ကျားပဲဗျာ၊ ကျုပ်မိတ်ဆွေကို ကိုက်တဲ့ကျားတော့ ချမ်းသာမပေးဘူး၊ နက်ဖန်တွေ့အောင်ရှာပြီး ပစ်သတ်မယ် လို့ပြောတယ်ဗျ'

ကိုပန်က ယခုလိုပြောနေခိုက် ကျွန်တော်၏ စိတ်တွင် ရုတ်တရက်သတိရလာ၍

'သည်လိုပြောနေတော့ မအေးရှင်က ဘယ်လိုနေသလဲ၊ ဘာများပြောသေးသလဲ'

ဟု ထောက်၍ ကိုပန်အား မေးလိုက်ရာ ကိုပန်က ..

'အောင်မယ် အတော်တော်တဲ့ မိန်းမဗျ၊ မျက်နှာတောင် ... ' ဆို၍ စကားလက်စ မသတ်မီ သူကြီးအိမ်က လူတစ်ယောက် ရောက်လာ၍

'တောအုပ်မင်း၊ တောအုပ်မင်း၊ သူကြီးအိမ်မှာ အင်စပိတ်တော်မင်း ရောက်နေ၍ လက်ဖက်ရည်သောက် ကြွပါ'

ဟု ခေါ်လာသောကြောင့် ကျွန်တော်ရော ကိုပန်ပါ သူကြီးအိမ်သို့ စကားလက်စ မသတ်ဘဲ ထွက်ခဲ့ကြလေ၏။

သူကြီးအိမ်ပေါ်သို့ ရောက်ကြသောအခါ အင်စပိတ်တော်မင်း ဦးခန့်၊ ကိုအံ့ကြီး၊ မအေးရှင်နှင့် အခြားလူကြီး လေးငါးယောက် ကို အိမ်ပေါ်မှာတွေ့၍ ရွာသားဆယ်ယောက် ကိုးယောက်ခန့်တို့မှာ အိမ်အောက်တွင် ဝိုင်းဖွဲ့စကားပြောနေသည်ကို တွေ့ရလေ၏။

အိမ်ပေါ်သို့ရောက်လျှင် အင်စပိတ်တော်မင်းကပင် စကားစ၍

**ခန့်**။ ။'တောအုပ်မင်းနှင့် တွေ့ရတာ အဆင်သင့်လိုက်တာဗျာ၊ အတော်ပဲ ညက ကိုဘတင်ကို ကျားကိုက်သွားတာ ကြားပြီးပြီလားဗျ'

**ကျွန်တော်**။ ။'ကိုပန် ပြောပြ၍ ကြားရပါပြီ၊ ဒီအကြောင်းကို ပြောနေတုန်း သူကြီးမင်းက ခေါ်၍ ချက်ချင်းပဲ လာခဲ့ပါတယ်'

**ခန့်**။ ။'ကြားပြီးရင်လဲ ထပ်ပြောဖို့ မလိုတော့ပါဘူး၊ သည်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်ကို အနည်းငယ် ကူညီစေချင်ပါတယ်'

**ကျွန်တော်**။ ။'တတ်အားသရွေ့ ကူညီလိုပါတယ်၊ ဘယ်လိုများ ကျွန်တော်ကူညီနိုင်ပါသလဲ'

**ခန့်**။ ။'ကျွန်တော့်မှာ ဝတ္တရားရှိတဲ့အတိုင်း ဖြစ်ပွားသော နေရာများကို လိုက်ကြည့်ရပါတယ်၊ ကျားကိုက်၍ သေတာ ဟုတ်မဟုတ် အလောင်းကို စစ်ဆေးဖို့ တာဝန်ရှိပါတယ်၊ ကျားကြီးကလဲ လူသားစားကျား၊ အတော်လဲ သောင်းကျန်းနေတယ် ဆိုတော့ ရွာသားများကလဲ ကိုဘတင်အလောင်းကိုတောင် လိုက်မရှာဝံ့ကြဘူးတဲ့ဗျ၊ မိတ်ဆွေကတော့ ကျားပစ်နေကြမို့ မိတ်ဆွေကိုယ်တိုင် ရှေ့ဆောင်သွားမယ်ဆိုရင် ရွာသားအားလုံး လိုက်ကြမှာပါပဲ၊ သည်တော့ မိတ်ဆွေကြီးက ကျွန်တော့်ကို ကူညီတဲ့ သဘောနှင့် သည်အလောင်းကို လိုက်ရှာပေးစေလိုပါတယ်'

**ကျွန်တော်**။ ။( ကိုအံ့ကြီးဖက် လှည့်၍ ) 'မိတ်ဆွေကော လိုက်မယ် မဟုတ်လား'

**ရှင်**။ ။'လိုက်လို့ မဖြစ်ဘူး ထင်ပါရဲ့ရှင်၊ ဒီကနေ့ သစ်တိုက်သမားတွေနှင့် စာရင်းရှင်းစရာ ရှိပါသေးတယ်၊ ကိုဘတင် မရှိတော့ သူ့အလုပ်တွေကို ကျွန်မလဲ ကောင်းကောင်း နားမလည်ဘူး၊ ကိုအံ့ကြီး ရှင်းပေးမှ ဖြစ်ပါလိမ့်မယ်'

**ခန့်**။ ။'လူတစ်ယောက်လုံး သေနေတာပဲဗျာ၊ အလုပ်ကို ဘာဂရုစိုက်စရာ ရှိသလဲ ၊ ခင်ဗျားမြှောက်ပေးလို့ သူ့ခများ သေရရှာတာပဲ ၊ အတူသွားတဲ့ လူ မပါရင် ခင်ဗျားယောက်ျားအလောင်းကို ဘယ်သူက ရှာပေးဦးမှာလဲ'

ဟု ဦးခန့်က ငေါက်ဆတ်ဆတ် ပြောလိုက်ရာ မအေးရှင်လည်း သူကြီးအိမ်ပေါ်မှ ဆောင့်အောင့်၍ ဆင်းသွားလေ၏။ ကိုအံ့ကြီးကလဲ စိတ်မပါ့တပါနှင့်

'ကျွန်တော်လဲ လိုက်ပါ့မယ်'

ဟု ဆိုကာ ရွာသားဆယ်ယောက်လောက်နှင့် သူကြီး၊ ဦးခန့်၊ ကိုအံ့ကြီးနှင့် ကျွန်တော်တို့သည် သူကြီးအိမ်မှ ထွက်ခဲ့ကြလေ၏။

ကျွန်တော်လဲ သေနတ်ကို ယူ၍ ကိုအံ့ကြီးနှင့်အတူ လင့်စင်ရှိရာ တောထဲသို့ ရှေ့ဆောင်သွားရာ များမကြာမီခပ်လှမ်းလှမ်းကပင် သစ်ပင်ကြီးပေါ်မှာ ထိုးထားသော လင့်စင်ကို မြင်ရလေ၏။

ကျွန်တော်သည် လင့်စင်အနားသို့ ရောက်သောအခါ စိုးရိမ်မကင်းရှိသည်နှင့် ရွာသားများအား ရှေ့သို့ မတိုးစေဘဲ အင်စပိတ်တော်မင်း ဦးခန့်၊ ကိုအံ့ကြီး၊ သူကြီးနှင့် အခြားရွာသား မုဆိုးနှစ်ယောက်ကို ခေါ်ပြီး လင့်စင်အောက်သို့ ဝင်သွားကြလေ၏။

လင့်စင်အောက်သို့ရောက်လျှင်ရောက်ခြင်း ကျားခြေရာများနှင့် လူသေကောင်ကို ဆွဲသွားသော စွပ်ကြောင်းကို ဝိုင်း၍ကြည့်ရာမှ ကိုအံ့ကြီးက မော့၍ လက်ညှိုးထိုးပြီး

'ဟောဟို သစ်ကိုင်းပေါ်က ကျတာပဲ၊ မြေကြီးပေါ်တော့ ဒီနေရာမှာ ကျတယ်'

ဟု ပြောပြီး ကိုဘတင်လိမ့်ကျသောနေရာကို လက်ညှိုးထိုးပြလေ၏။ ဦးခန့်ကလည်း 'ဟုတ်တယ်ခင်ဗျာ၊ သူ မကြောက်ရင် လင့်စင်ပေါ်က ကျလိမ့်မယ် မဟုတ်ဘူး၊ ခုတော့ ခင်ဗျား ပြောသလို ကြောက်ပြီး သစ်ကိုင်းပေါ် တက်တော့ ကျသွားမှာပေါ့၊ ကဲဗျာ သူကျတဲ့နေရာကို ငုတ်ကလေးတစ်ခု ရိုက်ထားပါ'

ဟု ဆို၍ ရွာသားတစ်ယောက်က သစ်သားတစ်ခုကို ချွန်ပြီး ပြသောနေရာတွင် ငုတ်ရိုက်ထားလေ၏။

ထိုကဲ့သို့ ငုတ်ရိုက်ရင်း စကားပြောကြစဉ် ကျွန်တော့်မှာ ကျားပစ်ဝါသနာပါသည့်အတိုင်း ၎င်းသစ်ပင်ကြီးအောက် နေရာတကာကို စေ့စေ့စပ်စပ်လှည့်လည် ကြည့်ရှုရာ လူသေကောင်ကို ကျားဆွဲသွားသော နေရာနှင့် သေနတ်ကျည်ဆံများမှန်ထားသော နေရာမှာ နှစ်လံလောက် ကွာသည်ကိုလည်းကောင်း၊ ကျားခြေရာနှင့် လူသေကောင် ဆွဲထားသော စွပ်ကြောင်းကိုသာ တွေ့ရ၍ သွေးဟူ၍ တစ်စက်မျှ မတွေ့ရကြောင်း၊ သို့သော် ၎င်းတို့မှာ မထူးဆန်းချေ။ ထူးဆန်းသော အချက်တစ်ခုမှာ ကျားခြေရာကို အသေအချာကြည့်ရာ ကျား၏ဘယ်ဘက်လက် ခြေရာများမှာ အခြားသော ခြေရာများကဲ့သို့ ခြေကြောင်းလေးခုရာ မထင်ဘဲ သုံးခုသာထင်သည်ကို တွေ့ရသဖြင့် ၎င်းခြေရာများကို သေချာသည်ထက်သေချာအောင် လေးငါးခုအထိ ကျွန်တော်လိုက်၍ မြေကြီးနားကပ်ပြီး သေချာအောင် ငုံ့ကြည့်နေစဉ် ဦးခန့်က

'တောအုပ်မင်းကတော့ တယ်ဝါသနာပါတာကိုး၊ ဘာတွေ့နေလို့လဲဗျ၊ သည်လောက် သေသေချာချာ ကြည့်ရတာ'

ဟု ပြောလိုက်ရာမှ ကျွန်တော်သူတို့ကို ကြည့်လိုက်ရာ သူတို့ငါးယောက်မှာ တစ်ယောက်နှင့် တစ်ယောက် ထိလုမတတ် ကပ်ပြီး ကျွန်တော့်ကို စောင့်ကြည့်နေသည်ကို တွေ့ရလေ၏။

ထိုအခါ ကျွန်တော်က

'တစ်ခြားမဟုတ်ပါဘူး ခင်ဗျား၊ သည်ကျားဟာ ဘယ်ဘက်လက်ချောင်း သုံးချောင်းရှိလို့ ကြည့်နေပါတယ်'

**ခန့်**။ ။'ဘယ်မှာလဲဗျ ကျားသေကောင် ခင်ဗျား တွေ့နေပြီလား၊ ဘယ်နားမှာလဲ'

ဟု ထိတ်လန့်သော အမူအရာနှင့် မေးလေ၏။

**ကျွန်တော်**။ ။'သေမှာတော့ ဝေးပါသေးတယ်၊ လာပါဗျ သည်မှာ ... '

**ခန့်**။ ။'ဟာ ... မလာဝံ့ဘူးလေ ဆရာ၊ ပစ်ပါဗျ .. ကိုက်ကုန်လိမ့်မယ်'

**ကျွန်တော်**။ ။'လာသာ လာပါဗျ၊ မကိုက်နိုင်ပါဘူး၊ ခြေရာတွေပါ၊ ကျား ဒီနားမှာ မရှိပါဘူး'

ဟု ပြောမှ အားလုံး ကျွန်တော့်အနီးသို့ လာပြီး ကျွန်တော့် သေနတ်ပြောင်းနှင့် ပြသော ခြေရာများကို ကြည့်လေ၏။ ကျွန်တော်တို့နှင့် အတူပါလာသော မုဆိုးမောင်မဲက ဒီတော့မှ ...

'ဒီကျားဟာ မနှစ်က ကျွဲကိုက်လို့ ကျွန်တော်လင့်စောင့်ပြီး ပစ်ထားတဲ့ ကျားပါ၊ အဲဒီတုန်းက ဘယ်ကိုမှန်သွားတယ် မသိဘူး၊ သွေးတော့ နဲနဲကျသွားတာ တွေ့ရတယ်၊ ခြောက်လလောက် ပျောက်သွားပြီး သူချည်း မွေနေတာ အတော်ကြာပြီ၊ ခြေတို ခြေတို နှင့် နာမည်ရနေတယ်၊ ဒီနားတဝိုက် ကိုက်လေသမျှ သူချည်းပါပဲ ဆရာ ၊ သူ့ခြေရာတော့ လူတိုင်းမှတ်မိပါတယ်'

ဟု ပြောပြလေ၏။

ထိုသို့ ပြောပြီးနောက် ကျွန်တော်က ဦးခန့်အား

'ဒီနေရာက ကိစ္စ ပြီးပါပြီလား'

ဟု မေးရာ

'ပြီးပါပြီ၊ လူသေကောင် ရာဖို့သာ လိုပါတော့သည်' ဟု ပြောသဖြင့် ကျွန်တော်ပင် ရှေ့ဆောင်၍ စွပ်ကြောင်းအတိုင်း လိုက်သွားကြလေ၏။

ဝါးတစ်ရိုက်လောက် သွားမိတိုင်း ချုံများအောက်သို့ ငုံ့ကြည့်ပြီး သွားကြရာ ချွတ်ခနဲ အသံကြားတိုင်း နောက်က လူများသည် ထွက်ပြေးမည် ပြုကြ၏။ ထိုအခါ ကျွန်တော်မှာ အကြံရ၍

'ခင်ဗျားတို့ တိတ်တိတ်မလာကြနှင့်၊ ဆူညံစကားပြောပြီး လာကြပါ၊ ကျားအနားမှာ ရှိရင်လဲ ထွက်ပြေးပါလိမ့်မယ်'

ဟု ပြောမှ သူတို့လည်း ရဲတင်းစွာ နောက်က လိုက်ခဲ့ကြလေ၏။

လင့်စင်နှင့် ကိုက်တစ်ရာလောက် ကွာသော နေရာသို့ရောက်လျှင် ယင်မမဲရိုင်းများ ထပျံသောအသံကို ကြားရသဖြင့် ကျွန်တော်လည်း ရှေ့သို့ ဆက်လက်မသွားဘဲ ရပ်လိုက်ရာ နောက်ကပါသော လူများမှာလည်း ကျွန်တော့်အနီးတွင် အားလုံးရပ်တန့်လျက် ကျွန်တော့်ကို စောင့်ကြည့်နေကြလေ၏။

ကျွန်တော်က

'တွေ့တော့ တွေ့မယ်ဗျို့၊ ရှေ့ ဝါးသုံးရိုက်လောက်မှာ တွေ့လိမ့်မယ်၊ ခင်ဗျားတို့အားလုံး ညာသံပေးပြီး လိုက်ခဲ့ပါ၊ ကျွန်တော် ရှေ့က တိုးပါမယ်'

ဟု ဆို၍ အားလုံးညာသံပေးကြ၍ ကျွန်တော်က ရှေ့က တိုးသွားရပြန်၏။

ကျွန်တော်ပြောသည့်အတိုင်း ဝါးနှစ်ရိုက်ခွဲ သုံးရိုက်လောက် သွားမိသောအခါ ချုံကြီးတစ်ခုအောက်တွင် ကိုဘတင်၏ အလောင်းကို တွေ့ရလေ၏။

'တွေ့ပြီဗျို့၊ လာသာလာကြပါ'

ဟု ကျွန်တော်က ခေါ်လိုက်သောအခါ လူထုကြီးသည် ရှေ့သို့ မတိုးဝံ့ဘဲ ရပ်၍ကြည့်နေကြလေ၏။ ကျွန်တော်က သေနတ်တစ်ချက် ချုံထဲသို့ ပစ်လိုက်ပြီး

'လာသာလာကြပါ၊ ကျား မရှိပါဘူး'

ဆိုမှ တဖြည်းဖြည်း တိုးလာကြပြီး အလောင်းနားသို့ ကပ်ကြလေ၏။

အလောင်းကို သေသေချာချာ ကြည့်ကြသောအခါ လက်မောင်းတစ်ဖက်မှာ ကျားကိုက်ထားသော ဒဏ်ရာနှင့် ဝမ်းဗိုက်ကို ဖောက်ပြီး အူအသည်းများကို စားထားသည်ကို တွေ့ရလေ၏။ အခြားနေရာများ၌ကား ကျားကိုက်ထားသော ဒဏ်ရာ မတွေ့ရချေ။

**ကျွန်တော်**။ ။'ဒီကျားတော့ မကြာဘူး၊ သေတော့မှာပဲ၊ နားသာ ထောင်ကြပေတော့'

**ခန့်**။ ။'ဘာကြောင့်လဲဗျ'

**ကျွန်တော်**။ ။'ကျားတို့ထုံးစံမှာ လူကိုစားလျှင် မှောက်ရက် စားလေ့ရှိတယ်၊ လူ့မျက်နှာကို ကြည့်မစားဝံ့ဘူးတဲ့ဗျ၊ ပက်လက် စားရင် ကျားအစားမှားတယ် ဆိုကြတယ်၊ မကြာခင် သေတတ်သတဲ့'

**ခန့်**။ ။'ယုံဖို့တော့ အခက်သားပဲဗျာ၊ ခင်ဗျားတို့နှင့် တွေ့ရင်တော့ သေကောင်းပါလိမ့်မယ်'

ဟု ရယ်မောကာ ပြောပြီးလျှင်

'ကိုင်း အလောင်းကို ရွာကို ယူရအောင် စီမံကြပါ'

ဟု ပြောလေ၏။

**ကျွန်တော်**။ ။'ခဏဆိုင်းပါဦး၊ ကိုအုံ့ကြီး ခင်ဗျား သည်ကျားကို ဆက်စောင့်ဦးမလား ၊ သည်ညတော့ အမှန်လာမှာပဲ'

**အုံ့**။ ။(မျက်နှာပျက်ပြီး) 'ကျွန်တော် မစောင့်လိုပါ၊ တခြားတိရစ္ဆာန်ကို ကိုက်လို့ စောင့်ရလျှင်တော့ စောင့်ဝံ့ပါရဲ့၊ ခုလို လူကို ကိုက်ထားတဲ့ အလောင်းပေါ်က နေပြီးတော့ မစောင့်ဝံ့ဘူးဗျာ'

**ကျွန်တော်**။ ။'ဒါဖြင့် ကောင်းပြီ၊ ကျွန်တော် စောင့်မယ်၊ အလောင်းကို နေရာမဖျက်ကြပါနှင့်၊ ရှေးလူကြီးများ ပြောတဲ့ စကားအတိုင်း သည်လိုဟာကို ရွာထဲလဲ မသွင်းရဘူးတဲ့'

**သူကြီး**။ ။'ဟုတ်တယ် အင်စပိတ်တော်မင်း၊ ရွာထဲတော့ မသွင်းရဘူး၊ ရွာပြင်ဖက်မှာ ထားရတယ်၊ ပြီးတော့ သည်ကျားသေမှ အေးကြမယ်၊ တောအုပ်မင်း စောင့်မယ်ဆိုရင်တော့ စိတ်ချရပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်ဗျာ၊ ရွာသားများလဲ ဒီကျားမသေရင် ကွဲလိုက်နွားလိုက်တောင် တောထဲမသွားဝံ့ကြဘူး၊ ကျွန်တော်တို့ လင့်စင်ထိုးပေးပါ့မယ်'

ဟု ဆိုပြီး

'မောင်မဲတို့ လင့်စင်ထိုးပေးလိုက်ကြကွယ်၊ တောအုပ်မင်းကို ကူညီကြပါဦး၊ ဝိုင်းလုပ်ပေးလိုက်ကြပါ၊ မင်းတို့ အကျိုးပါပဲ'

**မဲ**။ ။'လင့်တော့ ထိုးပေးမယ်ဗျာ၊ စောင့်တော့ မစောင့်ဝံ့ဘူး၊ အရင်တစ်ခါ ကျွန်တော်ပစ်တုန်းက ဟိန်းသွားတဲ့ အသံကြီး ခုထက်ထိ နားထဲက မထွက်သေးဘူး'

**ကျွန်တော်**။ ။'ဒီလောက်လဲ မကြောက်နှင့်လေ၊ လင့်သာ ထိုးပေးပါ၊ မင်း စောင့်ဖို့ မလိုပါဘူး၊ ကျုပ် တစ်ယောက်တည်း စောင့်ပါမယ်၊ ကိုင်း ထမင်းစားပြီး လာထိုးကြပါ၊ ညနေ ကျွန်တော် လာစောင့်ပါ့မယ်၊ ကိုင်း သွားကြစို့'

ဆိုပြီး အားလုံး ရွာဖက်သို့ ပြန်ခဲ့ကြလေ၏။

သူကြီးအိမ်သို့ ရောက်ကြလျှင် ဦးခန့်က မိမိမှတ်တမ်းစာအုပ်ကလေး ထုတ်၍ ရေးမှတ်ပြီးလျှင်

'ယခုသေသူ ကိုဘတင်မှာ ကျားကိုက်၍သေရခြင်း အမှန်ပင်ဖြစ်ကြောင်း၊ သည်ကျားမှာလဲ ဆိုးသော လူသားစားကျားဖြစ်၍ ပစ်သတ်သူအား ရုံးတော်က ဆုငွေထုတ်ပေးရန် ကျွန်တော် အစီရင်ခံပါမည်'

ဟု ပြောဆိုပြီး အင်းရွာမှာ ကိစ္စအနည်းငယ် ရှိသေးသည်၊ နှစ်ရက်လောက်နေရဦးမည် ဟု ပြောဆိုနှုတ်ဆက်ပြီး ဆင်းသွားလေ၏။

ကျွန်တော်လည်း သူကြီးအိမ်မှ ဆင်းလာပြီး ပျဉ်လေးပင်နယ် တောခေါင်းအိမ်သို့ ပြန်ခဲ့လေ၏။ နံနက်စာ စားပြီး တောခေါင်းမောင်ကျော်က တစ်ရေးတစ်မောအိပ်ရန် ပြောသဖြင့် ကျွန်တော့်အတွက် ပြင်ထားသော ခုတင်ပေါ်မှာ ခေတ္တလှဲ၍ ကျားကို မည်ကဲ့သို့ ပစ်ရမည်ကို စဉ်းစားလျက် အိပ်ပျော်သွားလေ၏။

အိပ်ရာမှနိုး၍ နာရီကိုကြည့်လိုက်သောအခါ နာရီပြန် တစ်ချက်ထိုးပြီဖြစ်၍ ပြန်မအိပ်ဘဲ တောခေါင်းမောင်ကျော်အား အနားသို့ ခေါ်ပြီး

'မောင်ကျော်ရေ၊ ည ဆရာနှင့် မင်းအတူလိုက်ပြီး လင့်စောင့်ဝံ့ပါ့မလား'

ဟု မေးရာ မောင်ကျော်က

'ဆရာ ၊ မဖြစ်ဘူး၊ ကျွန်တော် ကျားပစ်တော့ မလိုက်ဝံ့ဘူး ဆရာ၊ တခြားဟာ ဘာပဲ ခိုင်းခိုင်း ကျွန်တော်လုပ်ပေးပါ့မယ်'

ဟု ပြန်ပြောလေ၏။ ကျွန်တော်ကလည်း

'ဟုတ်တယ်ကွာ၊ ကြောက်တဲ့လူနှင့်တော့ မသွားချင်ဘူး၊ ဟိုနေ့ကလဲ ကြောက်တဲ့လူနှင့်သွားလို့ တစ်ယောက် အသေခံရပြီ၊ တော်ပြီကွာ၊ ငါ တစ်ယောက်တည်းပဲ သွားတော့မယ်၊ ကျားတော့ မကြောက်ပါဘူး၊ တစ်ညလုံး လူသေကောင်ကြီးနှင့် နေရမှာတော့ ကျောနည်းနည်းစိမ့်သကွာ၊ လင့်ထိုးကော သွားကြပြီလား'

ဟု မေးရာ

'ဟုတ်ကဲ့ သွားကြပြီ ဆရာ၊ အတော်ကလေး ကြာသွားပြီ၊ ပြန်လာခါတောင် နီးနေပြီ'

ဟု မောင်ကျော်က ပြန်ပြောလေ၏။

**ကျွန်တော်**။ ။'ဟေ့ ဒါနှင့် မောင်ကျော်ရေ ၊ ငါ မေးစမ်းပါရစေဦးကွာ၊ မင်း မအေးရှင်နှင့် ကိုအံ့ကြီးတို့ကို ဘယ်လိုများ အကဲခတ်မိသလဲ'

**ကျော်**။ ။'ပြောမကောင်းပါဘူး ဆရာ၊ ကျွန်တော့်အိမ်ကတော့ ရွာအပြင်ဘက်ကျနေတော့ သူတို့ အသွားအလာတွေ နေ့တိုင်း မြင်နေရတာပေါ့ဆရာ၊ မအေးရှင်ယောကျ်ား အခုသေတဲ့ကိုဘတင်ကတောင် ရိပ်မိတယ် ထင်တယ်၊ တယ် သင်္ကာစရာ မကောင်းဘူး ဆရာ ၊ သူတို့ လင်မယားရော ကိုအံ့ကြီးတို့ လင်မယားရော ခဏခဏရန်ဖြစ်ကြတယ်'

**ကျွန်တော်**။ ။'အေးကွယ်၊ ငါလဲ တယ်မသင်္ကာဘူး၊ အကြိန်အကြတ်နေ့က သူတို့နေပုံ ထိုင်ပုံတွေကြည့်ရတာ မဟန်ဘူး၊ နို့ပေတဲ့ ခု ကိုဘတင်သေတာနှင့်တော့ ဘာမှမဆိုင်ဘူး ထင်ပါရဲ့ကွာ'

**ကျော်**။ ။'မဆိုင်ပါဘူးဆရာ၊ ကိုဘတင်က ကျားကိုက်လို့ သေတာပဲ၊ ကိုအံ့ကြီးက သေနတ်နှင့်ပစ်လို့ သေပြီး မတော်တဆမှန်တယ် ပြောတာမှ မဟုတ်ဘဲ ဆရာ၊ ဘာမှမဆိုင်ပါဘူး'

ဆရာတပည့်နှစ်ယောက် စကားပြောနေခိုက် လင့်စင်ထိုးသွားသော ရွာသားများ ပြန်လာပြီး လင့်စင်ထိုးပြီးကြောင်း ကျွန်တော့်အား လာပြောကြပြီးလျှင် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ကာ စကားပြောနေကြရာမှ လေးနာရီထိုးပြီဖြစ်၍ စောစောသွား၍ လင့်စောင့်လိုသဖြင့် ရွာသားများအား

'ကျွန်တော့်ကို လင့်ဆီကို စောစောပို့ကြ၊ မိုးချုပ်ရင် ခင်ဗျားတို့ မပြန်ဝံ့ဘဲ နေလိမ့်မယ်'

ဟု ပြောလိုက်လျှင် ပြောလိုက်ခြင်း

'ဝမ်းသာလှပါပြီ ဆရာ၊ သွားကြပါစို့၊ ကြာရင် နေဝင်သွားရင် ကျွန်တော်တို့ လိုက်မပို့ဝံ့ပါဘူး'

ဟု ဆိုပြီးလျှင် ထကြလေ၏။

ကျွန်တော်လည်း သေနတ်၊ လက်နှိပ်ဓာတ်မီး၊ ယမ်းတောင့်၊ ရေဘူး တို့ကို အားလုံး အလောက် ယူပြီးလျှင် ရွာသားများ နှင့်အတူ ထွက်ခဲ့ရာ ငါးနာရီမထိုးမီ လင့်ပေါ်သို့ ရောက်လေ၏။ လင့်ပေါ်သို့ ရောက်လျှင်ရောက်ခြင်းပင် ရွာသားများအား ပြန်လွှတ်လိုက်သဖြင့် သူတို့လည်း တေးချင်းများ အော်ဆိုကာ ပြန်သွားကြလေ၏။

ကျွန်တော်မှာ လူသားစားကျားကို ပစ်ရတော့မည်၊ ရလျှင် ဆုငွေတောင် ရကောင်းရလိမ့်မည် ဟု စိတ်ကူးရင်းတွင် နေလုံးပျောက်၍ မှောင်စပြုလေ၏။ လင့်ပေါ်ကနေကြည့်ရာ ကိုဘတင်အလောင်းမှာ တဖြည်းဖြည်း ပျောက်လုမတတ် မှိန်သွားလေ၏။ တစ်ခါတစ်ခါ ဓာတ်မီးနှင့် ထိုးကြည့်မှ ထင်ရှားစွာ မြင်ရလေ၏။

အလောင်းမှာ နံနက်က ကျွန်တော်တို့ မြင်ထားခဲ့သည့်အတိုင်း မဟုတ်ဘဲ ဖောရောင်၍လာသဖြင့် ပို၍ ခြေလက်များ ကားလာပြီးလျှင် ကြောက်စရာကောင်းလာသည့်ပြင် အပုပ်နံ့တို့မှာလည်း မခံနိုင်အောင် ထွက်လာလေ၏။ ၈ နာရီအချိန် လောက်ကစပြီးလျှင် ကျွန်တော်လည်း အထူး နားစွင့်ထောင်နေရ၏။ တစ်ခါတစ်ရံ ယင်ကောင်များ ထပျံသံကြားရ၍ ဓာတ်မီးထိုးကြည့်ရာ ကျားလာ၍မဟုတ်၊ အခြားအကောင်ကလေးများကို လန့်၍ ပျံကြသည်ကို တွေ့ရ၏။ အတော်ညဉ့်နက်

ချိန်တွင် ယင်ကောင်များပျံသံကြား၍ မီးထိုးကြည့်ရာ ရွာတွင်းက ခွေးတစ်ကောင်လာ၍ အလောင်းကို နမ်းနေသည်ကို တွေ့ရ၏။ ၎င်းကို ထောက်ခြင်းအားဖြင့် ကျားသည် အနီးအနားတွင် ရှိဟန်မရှိ။ လာဖို့ရန် ဝေးသေးသည်ကို သိရ၏။ နာရီကိုကြည့်လိုက်ရာ ၁၀ နာရီထိုးပြီးသည်ကို တွေ့ရသဖြင့် အတော်ပင် စိတ်ပျက်မိ၏။ အကြောင်းမူကား ကျားတို့မည်သည် ညဉ့်နက်နာရီမထိုးမီသာ လာတတ်၏။ ၎င်းအချိန်ထက် မိုးချုပ်လျှင် များသောအားဖြင့် မလာတတ်ချေ။

ယခုကဲ့သို့ စဉ်းစားရင်း စောင့်နေရာ စိတ်ထဲတွင် ရှေးက မုဆိုးကြီးများ ပြောဖူးသော စကားများကို သတိရမိ၏။ ကျားကိုက်သေသော လူသေကောင်ပေါ်မှ နေ၍ လင့်စောင့်ရခြင်းများမှာ အထူးကြောက်မက်ဖွယ်ကောင်းကြောင်း၊ တစ်ခါ လူသေကောင်ကို သစ်ပင်မှာ မတ်တတ်ချည်၍စောင့်ရာ ကျားကြီးဝင်လာသည်ကို မုဆိုးတစ်ယောက် မြင်ဖူး၏။ ကျားကြီး သစ်ပင်နားသို့ ရောက်အောင် စောင့်နေခိုက် ကျားသည် လူသေနား ရောက်လျှင်ရောက်လာခြင်း လူသေက ကျားဦးခေါင်းကို ပုတ်ပြီး အပင်ပေါ်က စောင့်နေသော မုဆိုးကို လက်ညှိုးထိုးပြရာ ကျားကြီးက မော့ကြည့်သဖြင့် ထိုမုဆိုးမှာ ကျားကို သေနတ်နှင့် မပစ်ဝံ့ဘဲ ငယ်သံပါအောင် အော်ရလေ၏။ ရွာသားများသည် အော်သံကြား၍လာကြည့်ကြရာ မုဆိုးမှာ လင့်ပေါ်တွင် ဆတ်ဆတ်တုန်၍ စကားမပြောနိုင်၊ အောက်ကိုလည်း ဆင်းဖို့ရာ ခေါ်မရသဖြင့် ရွာသားတစ်ယောက်က သစ်ပင်ပေါ်တက်ပြီး ကျောပိုး၍ ချခဲ့ရ၏။ အိမ်သို့ရောက်သောအခါ သုံးရက်သာဖျား၍ သေသွားရသော အကြောင်းများကို သတိရမိသောအခါ ကျွန်တော်မှာ ကြက်သီးများ ထလာမိသေး၏။ သို့သော် ကိုယ့်စိတ်ကို ကိုယ်တင်း၍ ငါမကြောက်ဘူး ဟု ဆိုကာ ဆက်လက်၍သာ ထိုင်စောင့်နေရတော့၏။

လမင်းသည်လည်း ထွက်ပေါ်လာ၍ အတော်မြင့်သောအခါ အောက်၌ရှိသော အလောင်းကို တစ်ဖန်ကောင်းစွာ မြင်ရပြန်၏။ တစ်ခါတစ်ခါ ကြည့်ရင်း ကြည့်ရင်း ကြီးလာသလိုလို လှုပ်လာသလိုလို ထင်ရ၏။ တစ်ခါ၌လည်း ဦးခေါင်းပင် ကြွ၍လာသည် ထင်လိုက်ရ၏။ ကျွန်တော်လည်း ကြောက်လျက်ပင် ယခုလို သန်းခေါင်အချိန်၌ အောက်ကိုဆင်း၍ ရွာကိုလည်း မပြန်ဝံ့။ ရွာသားများကို ဟစ်ခေါ်ရန်လည်း ညဉ့်နက်လှပြီဖြစ်၍ မည်သူမျှကြားမည်မဟုတ်။ ကြားသော်လည်း လာဝံ့ကြမည်မဟုတ်။ ကျွန်တော်ကလည်း သေနတ်နှစ်ချက်သံထက် မနည်းကြားမှ လာခဲ့ကြဟု မှာထားခဲ့သဖြင့် ကိုယ့်ဒုက္ခကိုယ်ရှာသည့် အပြစ်ဒဏ်ခံရင်း နံနက်မိုးသည့်တိုင်အောင် ကြောက်ကြောက်နှင့် ငုတ်တုတ်ထိုင်၍ စောင့်နေရ၏။

နံနက်နေရောင်ခြည် ပေါ်လာသည်နှင့် တစ်ပြိုင်နက် လင့်ပေါ်က ဆင်းပြီးလျှင် တောခေါင်းမောင်ကျော်တို့အိမ်သို့ သွားပြီး 'တစ်ညလုံး မအိပ်ခဲ့ရဘူးကွာ၊ ဘယ်သူမှ လာမနှိုးစေနှင့်၊ ခဏအိပ်ဦးမယ်' ဆိုပြီး ခုတင်ပေါ်တွင် အိပ်လိုက်ရာ ချက်ခြင်းပင် ပျော်သွားလေ၏။

'ဆရာ၊ ဆရာ .. ထပါဦး၊ ဆရာရဲ့ မိတ်ဆွေဦးစံရှား လာတယ်၊ ဆရာ့ကို တွေ့ချင်တယ်၊ အောက်မှာ မြင်းပေါ်ကတောင် မဆင်းသေးဘူး' ဟု ပြောဆိုကာ မောင်ကျော်က နှိုး၍ နာရီကြည့်လိုက်ရာ ကိုးနာရီထိုးပြီဖြစ်၍ သုံးနာရီလောက် ကောင်းကောင်း အိပ်ရကြောင်း သိရ၏။

**ရှား**။ ။'အိုင်ဆေး ကိုသိန်းဖေ၊ ဘယ်မှာတုန်းဗျ၊ ကျားကော'

**ကျွန်တော်**။ ။'အိမ်ပေါ်ကိုသာ တက်ပါဦးဗျာ၊ ကျားမရပါဘူး'

**ရှား**။ ။'မြင်းမောသေးလို့ပါ ၊ တက်ပါမယ်'

ဟု ဆိုပြီး မြင်းပေါ်က ဆင်း၍ ဝင်းထရံတွင် မြင်းချိတ်ထားပြီး အိမ်ပေါ်သို့ တက်ခဲ့လေ၏။

ကျွန်တော်လည်း မျက်နှာသစ်ပြီး လက်ဖက်ရည်သောက်ရန် ကိုစံရှားနှင့်အတူ ထိုင်ပြီး လက်ဖက်ရည်သောက်ရင်း စကားပြောကြလေ၏။

**ရှား**။ ။'ဘယ့်နှယ်လဲ ခင်ဗျားက လင့်စောင့်တယ် မဟုတ်လား၊ မပစ်ရဘူးလား'

**ကျွန်တော်။** ။'ညက တစ်ညလုံး စောင့်တာပေါ့ဗျာ၊ ကျွန်တော် ဘာကိုမှ မကြောက်တတ်ပေမယ့် တစ္ဆေတော့ အတော်ကြောက်တတ်တယ်ဗျ၊ ကြောက်ပေမယ့် စွန့်ပြီး လူစားကျား မပစ်ဖူးလို့ တစ်ညလုံး မအိပ်ဘဲ စောင့်တာပဲ၊ ဘာဖြစ်သလဲ မဆိုနိုင်ဘူး'

**ရှား။** ။'နေစမ်းပါဦးဗျာ၊ ဘယ့်နှယ်ကြောင့် မလာရမှာလဲ ၊ ဘာနေရာ မကျလို့လဲ၊ အစအဆုံးပြောစမ်းပါဦး'

**ကျွန်တော်။** ။'ပြောပါမယ်ဗျာ၊ လက်ဖက်ရည်သာ သောက်ပါဦး၊ သောက်ရင်း နားထောင်တာပေါ့'

ဆိုပြီး သကြ်န်အကြတ်နေ့က ပျော်ပွဲစား ရေပက်ကစားသည်က စပြီး ပြောပြရလေ၏။ နောက်အတက်နေ့တွင် ကိုပန်ပြောပြသည့်အတိုင်း ကိုအုံကြီးတို့ ကိုဘတင်တို့ ကျားစောင့်ပုံနှင့် ကိုဘတင် သေရပုံကိုလည်းကောင်း၊ နောက်တစ်နေ့ နံနက် ပုလိပ်အင်စပက်တော်နှင့် သွား၍ အလောင်းပုံစံယူရပုံ၊ ၎င်းနောက် ကျွန်တော် တစ်ညလုံးစောင့်၊ နံနက်လင်းမှ ပြန်လာပြီး ယခု ကိုစံရှားနှင့် တွေ့ပုံတို့ကို သေချာစွာ ပြောပြလေ၏။

လက်ဖက်ရည်သောက်ပြီး၍ ပန်းကန်များကို သိမ်းပြီးသောအခါ ကျွန်တော်တို့နှစ်ယောက်စလုံး ပက်လက်ကုလားထိုင်ပေါ် ပြောင်းထိုင်ပြီး ဆက်လက်စကားပြောကြလေ၏။

**ရှား။** ။'နေပါဦးဗျာ၊ ခင်ဗျား ပြောတဲ့အထဲမှာ သေသူ ကိုဘတင်မယားနှင့် လင့်အတူစောင့်တဲ့လူနှင့် မသက်ဘူးတဲ့'

**ကျွန်တော်။** ။'ကျွန်တော်ချည်းတောင် မဟုတ်ပါဘူးဗျာ၊ ဟောဒီ မောင်ကျော်ကတောင် ဒိဋ္ဌ ပြောနေပါတယ်၊ ဘာကြောင့်လဲဗျ ကိုအုံကြီး သတ်တယ်လို့ ထင်လို့လား၊ မဟုတ်ပါဘူးဗျာ၊ သူ့ခမြာ သစ်ပင်ပေါ်က လိမ့်ကျပြီး ကျားကိုက်လို့ သေရတာပါ'

**ရှား။** ။'ခင်ဗျား ခုနင်က ပြောတုန်းက ကိုဘတင်ကျားကိုက်တဲ့နေရာ ဆွဲသွားတဲ့ လမ်းကြောင်းတွေမှာ သွေးမတွေ့ဘူးလို့ ဆိုတယ်ဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်တယ်ဗျာ၊ ဒါတော့ အတော်ထူးဆန်းတာပဲ၊ သွေးတော့ နည်းနည်းဖြစ်ဖြစ်တော့ ကျစရာကောင်းတာပဲ'

**ရှား။** ။'ပြီးတော့ ခင်ဗျား ပြောတဲ့အတိုင်း လူသေမှာ လက်မောင်းမှာသာ ကျားကိုက်တဲ့ ဒဏ်ရာရှိတယ်၊ တခြား ဒဏ်ရာမရှိဘူး၊ ဗိုက်ဖောက်ပြီး အူအသည်းကိုသာ စားသွားတယ်၊ ဟုတ်ကဲ့မို့လား၊ ပြီးတော့ ညက ခင်ဗျားစောင့်တာလဲ ကျားမလာဘူး ဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်တယ်ဗျာ၊ တယ်လာစရာကောင်းတာပဲ၊ ဘာကြောင့် မလာတယ်မသိဘူး'

**ရှား။** ။'လူသေဆီကို မလာဘဲ ပထမနေ့က ကိုအုံကြီးတို့ စောင့်တဲ့လင့်ဆီသွားပြီး ကျွဲသေကောင်များ သွားစားနေတယ် ထင်ပါရဲ့'

**ကျွန်တော်။** ။'ဒါတော့ ကျွန်တော် သတိရတယ်၊ အဲဒီကျွဲသေကောင်တော့ မြှုပ်ပြီးပီ၊ တစ်ခြား အသေကောင်များ သူကိုက်ထားတာ ရှိသေးရင်ဖြင့် မပြောတတ်ဘူး၊ ဒါပေမယ့် လူသားစားဖူးတဲ့ အကောင်ဟာ လူသားထက် ဘာကိုမှ မမက်ဘူး၊ တောပြောင်းသွားလို့ မလာတာထင်ပါတယ်'

**ရှား။** ။'ကျားသေနေရင်ကော ဘာလာနိုင်မလဲ၊ သေချင်သေနေရောပေါ့'

**ကျွန်တော်။** ။'ကျား ဘယ်မှာ သေမှာလဲဗျာ၊ ပစ်တဲ့လူကိုကလဲ ကျားထိအောင် မပစ်ဘူးတဲ့၊ ကျားနေတဲ့ နေရာနှင့် ကျည်ဆံမှန်တဲ့ နေရာနှင့် အဝေးကြီးပါ'

**ရှား။** ။'ခင်ဗျား ပြောတာပဲကိုး၊ ကျားဟာ လူကို ပက်လက်စားရင် သေတတ်တယ်ဆို'

**ကျွန်တော်။** ။'ဒါတော့လဲ မြန်လွန်းတယ်ဆရာ၊ တဖြည်းဖြည်းတော့ သေကောင်းပါရဲ့'

**ရှား။** ။'တောခြောက်ပြီး ပစ်ရရင် မရနိုင်ဘူးလား၊ သူ ဒီနားမှာ နေမှာပါပဲ'

**ကျွန်တော်။** ။'နေလဲ နေတတ်တယ်၊ မရရင်လဲ ဒီညဆက်ပြီး ကျွန်တော် လင့်စောင့်ပေးပါဦးမယ်'

**ရှား။** ။'ဒါဖြင့် လုပ်ဗျာ၊ လူစုပါ၊ တောခြောက်ရအောင် ရေနံဆီပုန်းအလွတ်တစ်ခုလည်း ယူခဲ့ဗျာ'

**ကျွန်တော်။** ။'ဘာလုပ်ဖို့လဲဗျ၊ သံပုံးတီး ခြောက်ဖို့လား၊ လူတွေအော်ပြီး ခြုံတွေကို ခဲနှင့်ပေါက် တုတ်နှင့်ရိုက်ဆိုရင်တော့ ထွက်မှာပါပဲ၊ ခင်ဗျားက ယူခဲ့ဆိုရင်လဲ ယူခဲ့ရတာပေါ့၊ ကိုင်း မောင်ကျော်ရေ လူစုကွာ၊ တောခြောက်ရအောင် သံပုံးတစ်ပုံးလဲ ယူခဲ့ဟေ့'

မောင်ကျော်လည်း ဆန်ထည့်ရန် အဖုံးလုပ်ထားသော သံပုံးကိုယူ၍ ရွာသားဆယ်ယောက်လောက်ကို စုပြီး

'ကိုင်း ဆရာ၊ လူစုံပြီ၊ သွားကြစို့'

ဟု ဆို၍ ကိုစံရှားလည်း ကျွန်တော်နှင့်အတူ ပထမလင့်စင်သို့ ထွက်သွားကြလေ၏။ ကိုအံ့ကြီးမှာမူ ယနေ့စာပို့သင်္ဘောနှင့် မန္တလေးမြို့သို့သွားပြီး မေမြို့ (ပြင်ဦးလွင်) သစ်တောမင်းကြီးရုံးသွားရန် ရှိသည်ဆိုပြီး ကျွန်တော်တို့နှင့် မလိုက်ဘဲ အိမ်တွင်နေရစ်ခဲ့လေ၏။

ရှေးဦးစွာ လူကို ကျားကိုက်သော လင့်ကိုရောက်၍ လင့်အောက်သို့ ကျွန်တော်တို့ရောက်သောအခါ ကိုစံရှားက 'ဒီငုတ်က ဘာငုတ်လဲဗျ' ဟု ကျွန်တော်အား မေးသဖြင့် ကျွန်တော်က 'ကိုဘတင်လိမ့်ကျသောနေရာ' ဟုပြောရာ 'ဘယ်နေရာက လိမ့်ကျသလဲ' ဟု ထပ်မံမေးပြန်လေ၏။ ကျွန်တော်ကလည်း ကိုအံ့ကြီး ဟိုတုန်းက ပြသလို 'ဟိုကိုင်းပေါ်ကတဲ့ဗျာ' ဟု ဆိုပြီး လက်ညှိုးထိုးပြရပြန်၏။ ပြပင်ပြသော်လည်း ကိုအံ့ကြီးသော်လည်းကောင်း ကျွန်တော်သော်လည်းကောင်း လက်ညှိုးထိုးပြသောနေရာတွင် သစ်ကိုင်းမရှိချေ။ သစ်ပင်မကြီးမှာ တည့်မတ်စွာပေါက်နေလေ၏။

ကိုစံရှားသည် ထိုရိုက်ထားသော ငုတ်ကလေးကို ခွာကာ မတ်တပ်ရပ်ပြီး အပေါ်သို့ တည့်တည့်မော့ကြည့်ပြီးမှ ကျေနပ်သောမျက်နှာထားနှင့်

'ကိုင်း၊ ခင်ဗျား ညက စောင့်တဲ့ အလောင်းဆီ သွားရအောင်ဗျာ'

ဟု ဆိုသဖြင့် ဆက်လက်သွားကြရာ များမကြာမီပင် အလောင်းရှိရာသို့ ရောက်လေ၏။

အလောင်းကို စေ့စေ့ကြည့်ပြီးမှ ကိုစံရှားက

'ကျားတစ်ကောင်ဟာ တစ်ခါစားလျှင် ဘယ်လောက်များများ စားနိုင်တတ်သလဲ'

ဟု မေးရာ ကျွန်တော်က

'ကျွဲတစ်ကောင်၏ အူအသည်းကို ကုန်အောင်စားနိုင်တတ်တယ်၊ လူဆိုရင်တော့ဗျာ၊ လေးယောက်လောက်တော့ အူအသည်းချည်းဆိုရင် ကုန်မှာပေါ့'

ဟု ပြောလိုက်ရာ တစ်ဖန် ကျေနပ်သော မျက်နှာထားနှင့်

'ကိုင်း ခင်ဗျားတို့ ကျားရှိမယ်ထင်တဲ့တော မောင်းစမ်းပါဗျာ'

ဟု ပြောလေ၏။

ကျွန်တော်လည်း မုဆိုးမောင်မဲကိုခေါ်၍ တောမောင်းရန် ငန်းဆင်ပြီးလျှင် ကျွန်တော်နှင့် ကိုစံရှားမှာ မနီးမဝေးရှိ အိုင်နားကနေ၍ စောင့်မည့်အကြောင်းပြောထားခဲ့ပြီး ၎င်းနေရာသို့ ကျွန်တော်တို့ ထွက်လာခဲ့ကြလေ၏။

အိုင်နားသို့ရောက်သောအခါ ရွှံ့ပျော့တွင်နင်းထားသော ကျားခြေရာတို့ကို တွေ့သဖြင့် ဦးစံရှားအား ပြလိုက်ရာ

'ဘယ်တုန်းက သွားထားတာလဲ'

ဟု မေးသဖြင့် ကျွန်တော်က

'အနည်းဆုံး ၂၄ နာရီလောက်တော့ ရှိလောက်ပြီ၊ ရွှံ့တောင် တော်တော်ခြောက်နေပြီ'

'ဒါဖြင့် သူတို့မောင်းတဲ့တောထဲမှာ ကျားရှိပါဦးမလား'

ဟု မေးပြန်ရာ

'အပြန်ခြေရာ မရှိတော့သဖြင့် ကျားရှိနိုင်မည် မထင်'

ဟု ပြောနေခိုက် တောမောင်းလာနေကြသော လူသံများကို ကြားရလေ၏။

ကျွန်တော်တို့မှာ ကျားထွက်လာမည် မထင်သဖြင့် စကားပြောရင်း ဟိုဟိုဒီဒီကြည့်မိလေရာ ကျွန်တော်တို့ စောင့်နေသော နေရာနောက်က လင်းတတစ်စုနားနေသော သစ်ပင်တစ်ပင်ကို ကိုစံရှားမြင်လျှင်

'ကိုသိန်းမောင် ဟိုပင်ပေါ်မှာ ကြည့်စမ်းဗျာ၊ နည်းတဲ့ လင်းတတွေ မဟုတ်ဘူး'

ဟု ဆိုကာ ကျွန်တော်အား ပြရာ လင်းတအကောင် အစိတ်သုံးဆယ်နားသော သစ်ပင်ခြောက်ကြီးကို မြင်ရလေ၏။

'အောက်မှာ ဘာသေကောင်များ ရှိမလဲ မသိ၊ သွားကြည့်ရအောင်'

ဟု ပြောနေခိုက် တောမောင်းသောသူများလည်း ကျွန်တော်တို့ အနားသို့ ရောက်လာကြ၏။

လူအားလုံး စုမိမှ ကျွန်တော်က လင်းတများကို လူများအား ပြပြီး

'အဲဒီ သွားရအောင်၊ တိတ်တိတ် ခင်ဗျားတို့က မနီးမဝေးက လိုက်ခဲ့ကြ'

ဟု မှာပြီး ကျွန်တော်နှင့် ကိုစံရှားတို့က ရှေ့က ၎င်းသစ်ပင်ခြောက်ကြီးရှိရာသို့ သွားကြလေ၏။

သစ်ပင်နှင့် အတောင် ၃၀ လောက် ကွာသောအခါ သစ်ပင်၏အောက်တွင် ကျားကြီးကို မြင်လျှင်မြင်လိုက်ခြင်း ကျွန်တော်၏ လက်တွင်ပါသော သေနတ်ပြောင်းကို တန်းလိုက်၏။ တစ်အောင့် သေချာအောင် ကြည့်ပြီးမှ ကျားအိပ်နေသည့်နောက်ပိုင်းက ဖြစ်နေသည်ကို သိရသဖြင့် ကိုစံရှားအား

'မကြောက်နှင့်နော် ၊ နောက်ပိုင်းကို ပစ်လို့ အလကားပဲ၊ ကျားနာဖြစ်နေရင် သာဆိုးလိမ့်မယ်၊ ရှေ့ပိုင်းခေါင်းကို ပစ်ရအောင်၊ ဟိုဘက်ကို ခြေသံမကြားအောင် သွားစို့၊ သည်အကောင်မျိုး အလွန်အအိပ်ကြီးတယ်'

ဟု ဆိုပြီးနောက် လူများနောက်ထပ်မလိုက်လာအောင် လက်ပြလိုက်သောအခါ သူတို့လည်း သစ်ပင်ကို တက်သူတက်၊ နောက်သို့ ပြန်ပြေးသူပြေး ဖြစ်ကုန်ကြ၏။

ကျွန်တော်တို့နှစ်ယောက်မှာ ခြေသံမကြားအောင် အသာ ကျားဘေးက ကွင်းပြီး ကျားဦးခေါင်းဘက်သို့ လှည့်သွားစဉ် လေအောက်သို့ရောက်လာသည်နှင့် တစ်ပြိုင်နက် အပုပ်နံ့တို့ကို ရလေ၏။

ဦးခေါင်းဘက်ကနေ၍ အနီးသို့ ကပ်နိုင်သရွေ့ကပ်စဉ် အပုပ်နံ့လည်း ပို၍နံလာလေ၏။ သေသေချာချာ ကြည့်သောအခါ ကျားမှာ ဝမ်းဗိုက်အလွန်ဖောင်းနေသည်ကို တွေ့ရသဖြင့် သေနေကြောင်းကို သိရ၏။ ကျားသေနေသည်ကို သိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့သည် ကျားကြီးအနားသို့ တိုး၍သွား၏။ ကျွန်တော်တို့ ကျားနားသို့ ရောက်နေသည်ကို မြင်ကြသောအခါ ပါလာသောလူအားလုံးတို့သည် ဝိုင်း၍လာကြ၏။

မုဆိုးမောင်မဲက

'ဒီကျား အစစ်ပါပဲဗျာ၊ ဟောဟို ဘယ်လက်က လက်တစ်ချောင်း မရှိဘူး၊ သူ အမှန်ပါပဲ'

ဟု ပြောလေ၏။ ကိုစံရှားကမူ ကျားကို သေချာအောင် စိုက်ကြည့်ပြီး

'သည်ဘက်ကတော့ ဒဏ်ရာမရှိဘူး၊ ဟိုဘက်ကို လှန်လိုက်စမ်းပါ'

ဟု ခိုင်း၍ ကြည့်ရာ အထက်ကနည်းတူပင် ဒဏ်ရာများ မတွေ့ရကြချေ။

ကိုစံရှားက ဝမ်းကိုခွဲပြီး ကျားအူတွေကို ကျွန်တော်တို့ ယူခဲ့သည့် သံပုံးထဲမှာ ထည့်စမ်းပါဟု ဆို၍ ဝမ်းဗိုက်ကိုခွဲပြီး အူများအားလုံးကို သံပုံးထဲသို့ ထည့်ပြီး ကျွန်တော်က တခြားဘာများ လိုချင်သေးသလဲဟု မေးရာ

'ဘာမျှ မလိုချင်တော့ဘူး၊ ရွာကိုသာ ပြန်ကြစို့'

ဟု ပြော၍ ကျွန်တော်တို့အားလုံး ရွာသို့ ပြန်ခဲ့လေ၏။

ရွာသို့ရောက်သောအခါ ကိုစံရှားက ကိုအံ့ကြီးကို ခေါ်စမ်းပါ ခိုင်းသဖြင့် မောင်ကျော်သွား၍ ခေါ်ရာ ၎င်း၏မိန်းမက ကိုအံ့ကြီး ယနေ့စာပို့သင်္ဘောနှင့် မန္တလေးလိုက်ပြီး မေမြို့ (ပြင်ဦးလွင်) သို့ သွားမည့်အကြောင်း ပြောလိုက်ရာ ကိုစံရှားသည် နာရီကိုကြည့်၍

'ခု ၁၀ နာရီထိုးပြီ၊ လှေတစ်စင်း အမြန်ငှားပါ၊ ကျွန်တော် အင်းရွာအမြန်သွားချင်တယ်' ပြော၍ လှေတစ်စင်းကို အမြန်ငှားပြီး ကျားအူထည့်သော သံပုံးကို အဖုံးနှင့်ပိတ်၍ လှေထဲထည့်ပြီးလျှင် ကျွန်တော်တို့နှင့် အတူ အင်းရွာသို့ စုန်ခဲ့ကြ၏။

တစ်နာရီလောက်စုန်၍ အင်းရွာသို့ ရောက်ခါနီး၌ ဧရာဝတီမြစ်အတွင်း အထက်က စုန်လာသော စာပို့သင်္ဘောကြီးကို မြင်ရလေ၏။

ဦးစံရှားက လှေကို ကမ်းပါးသို့ အမြန်ကပ်ခိုင်းပြီး ဘိုတဲတွင် အင်စပိတ်တော်မင်း ရှိနေသေးသလား စုံစမ်းပြီး ရှိနေကြောင်း သိရသဖြင့် ကျွန်တော်အား လိုက်ခဲ့ရန်လက်ပြပြီး ဘိုတဲပေါ်သို့ တက်သွားလေ၏။

ဦးခန့်တွေ့သည်နှင့် တစ်ပြိုင်နက်

'ကိုင်း ဆရာ ၊ ကိုဘတင်ကို သတ်တဲ့ တရားခံတွေ လာဖမ်းပေတော့'

ဟု ပြောလိုက်ရာ ဦးခန့်က

'မလုပ်ပါနှင့်ဆရာ၊ ကျားကို ဖမ်းရမှာလား၊ ဒါတော့ မစွမ်းဘူးဆရာ'

ဟု ပြန်ပြောလေ၏။

**ရှား**။ ။'ရယ်စရာ ပြောတာ မဟုတ်ဘူးဗျ၊ မြန်မြန်လုပ် လွတ်သွားကုန်လိမ့်မယ်၊ ခု သင်္ဘောပေါ်ရောက်ကုန်ကြပြီ'

**ခန့်**။ ။'အဟုတ်လားဗျာ၊ ဟေ့ ပုလိပ်သားနှစ်ယောက် လိုက်ခဲ့ကြ'

ဟု ခေါ်ပြီး ကျွန်တော်တို့နှင့်အတူ ဘိုတဲပေါ်က ဆင်းပြီး သင်္ဘောသို့ သွားကြလေ၏။

သင်္ဘောမှာ အင်းရွာဆိပ်ကမ်းတွင် ခေတ္တသာဆိုက်၍ ထွက်ခွာရန် ဥသြပေးနေလေ၏။ ကျွန်တော်တို့ သင်္ဘောပေါ်သို့တက်မည်အပြုတွင် သင်္ဘောကုန်းဘောင် တစ်ချပ်သာကျန်၍ ကုန်းဘောင်ထိပ်တွင် မတ်တပ်ရပ်နေသော ကပ္ပီတန်အား လက်ပြပြီး တက်သွားကြရ၏။ ကပ္ပီတန်အား ကျွန်တော်တို့ အလိုရှိသော တရားခံများ ယခု သင်္ဘောပေါ်မှာ ရှိ၍ ဖမ်းလိုပါသည်၊ သင်္ဘောခဏမျှစောင့်ပေးရန် ဦးခန့်က ပြောသဖြင့် ကပ္ပီတန်နှင့် မာလိန်တို့လည်း ကျွန်တော်တို့ သွားရာ ဒုတိယခန်းသို့ လိုက်လာလေ၏။

အကာမရှိသော သင်္ဘောပဲ့ ဒုတိယခန်း စားပွဲခန်းမှ ကိုအံ့ကြီးမှာ ကျွန်တော်တို့ တက်လာသည်ကို မြင်လျှင် ရေလယ်ဘက်သို့ ပြောင်း၍ သံတိုင်ကို ကိုင်ကာ ကြည့်နေလေ၏။ မအေးရှင်မှာလည်း ကိုအံ့ကြီးအနားမှာ ရပ်လျက် နေလေ၏။ ကျွန်တော်တို့ ပဲ့ပိုင်းသို့ရောက်သောအခါ ကိုစံရှားသည် မယောင်မလည်လုပ်ပြီး ကိုအံ့ကြီး အနားသို့ ကပ်သွားလေ၏။

ဦးခန့်က 'ကိုအံ့ကြီးတို့ ဘယ်ကို လိုက်မလဲ' ဟု မေးလိုက်ရာ 'ကျွန်တော်တို့ မေမြို့ (ပြင်ဦးလွင်) ကို သွားမလို့ပါ' ဟု ပြန်ပြောလေ၏။ ထိုအခါ ဦးခန့်က 'မလိုက်ပါနှင့်ဦးဗျာ၊ ကိုဘတင်ကို သတ်သည့်အမှုမှာ ခင်ဗျားကို တရားခံအဖြစ်နှင့် ကျွန်တော်ဖမ်း ... ' ဟူ၍မှ စကားမဆုံးမီ မီနေသော ဝရန်တာကို ကျော်၍ ရေလယ်ဘက်သို့ ခုန်ချလိုက်ရာ ကိုစံရှားမှာ လက်မြန်သူတစ်ယောက်ဖြစ်၍ လက်တစ်ဘက်ကို ဖမ်းမိလိုက်လေ၏။

ကိုအံ့ကြီး သင်္ဘောခန်းဘေးတွင် တွဲလောင်းနေစဉ် 'လာပါ ၊ လာပါ ၊ ဆွဲတင်ပါ' ဟု ကိုစံရှားက အော်သဖြင့် ကျွန်တော်၊ ဦးခန့်တို့ပါ ကူညီဆွဲတင်ရာ သင်္ဘောပေါ်သို့ ပြန်ရောက်လေ၏။ ဦးခန့်ကလဲ ပါလာသော အမှုထမ်းပုလိပ်တို့လက်သို့ အပ်လိုက်ရာ လက်ထိပ်ခတ်၍ မအေးရှင်ကိုပါ ခေါ်ခဲ့ကြ၏။

သင်္ဘောပေါ်က ဆင်း၍ ဘိုတဲပေါ်သို့ ရောက်ကြသောအခါ ကိုစံရှားက 'ဒီသံပုံးဟာ သက်သေပါပဲ၊ ဒါကို ဓာတုဗေဒရုံးသာ ပို့လိုက်ပါတော့' ဟု ပြောပြောဆိုဆိုနှင့် ဆင်းခဲ့ကြ၏။

ကျွန်တော်၏ အိမ်သို့ ကိုစံရှားနှင့် အတူ ရောက်ကြသောအခါ မောပန်းလှကြ၍ လက်ဖက်ရည်သောက်ရင်း ယခုအဖြစ်အပျက်တို့ကို ကိုစံရှားအား မေးရတော့၏။

**ကျွန်တော်။** ။'ကိုစံရှားရယ်၊ ခင်ဗျား လုပ်ပုံက ဘယ့်နှယ်ဟာလဲ၊ ကျွန်တော်ဖြင့် နားမလည်နိုင်ဘူး၊ ကျားကိုက်သေပါတယ် ဆိုတာ ကိုအံ့ကြီးနှင့် မအေးရှင် သတ်ပါတယ်ဆိုပြီး ဖမ်းတယ်၊ ဘာဆိုင်သလဲဗျာ'

**ရှား။** ။'ကျားကိုက်လို့ သေတာမဟုတ်ဘူး၊ အဆိပ်သောက်သေတဲ့ လူကို စားမိလို့ ကျားသေတာဗျ'

**ကျွန်တော်။** ။'အင်း ဟုတ်လိမ့်မယ်ဗျို့၊ ကျားမှာ ဒဏ်ရာမရှိဘူး၊ ဒါပေမဲ့ဗျာ ကိုဘတင်ကို ကိုအံ့ကြီးက အဆိပ်တိုက်တယ် ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ်သိနိုင်သလဲ'

**ရှား။** ။'တစ်ခုစီ မေးမနေရအောင် ကျွန်တော် အကုန်စီစဉ်ပြီး ပြောပါမယ်၊ ဟုတ်နိုင် မဟုတ်နိုင်ကို ခင်ဗျား စဉ်းစားနားထောင်ပေတော့ဗျာ ...

.. ကိုအံ့ကြီးနှင့် မအေးရှင် ကြိုက်နေကြတယ်ဆိုတာ အမှန်ပဲ မဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်ကဲ့ ဆိုပါတော့'

**ရှား။** ။'ကိုအံ့ကြီးက ကိုဘတင် မလိုက်ချင်ဘဲနှင့် ကျားပစ်ရအောင်ဆိုပြီး ခေါ်သွားတယ် မဟုတ်လား၊ သူ့မိန်းမကလဲ လိုက်ရအောင် မြှောက်ပေးတယ်မဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်ကဲ့'

**ရှား။** ။'အတူသွားတော့ ကိုအံ့ကြီးအိမ်က ဝီစကီယူခဲ့တယ် မဟုတ်လား၊ ဒီ ဝီစကီကို နှစ်ပုလင်း အိမ်က ကတည်းက ခွဲယူသွားတယ် မဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်ကဲ့'

**ရှား။** ။'အဲဒီကတည်းက ကိုဘတင်ကို ပေးမယ့်ပုလင်းထဲကို အဆိပ်ခတ်လိုက်တာပေါ့၊ ပြီးတော့ လင့်ပေါ်မှာ ကြောက်တယ်ဆိုတော့ ကိုအံ့ကြီးကပဲ အရက်သောက်ခိုင်းသေးတယ်မဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်ပါတယ်'

**ရှား။** ။'အဆိပ်က အမျိုးမျိုး ရှိတယ်ဗျ၊ တစ်ချို့က ခွေးအမဲလုံးပစ်တဲ့ အဆိပ်များဟာ သောက်ပြီး နှစ်မိနစ်အတွင်း သေနိုင်တယ်၊ နဲနဲကလေး သုံးရတယ်၊ အရသာလဲ မရှိဘူး၊ အရောင်လဲ မရှိဘူး၊ အရက်နှင့်ရောထားရင် ဘယ်သူမှ မသိနိုင်ဘူး၊ နောက် လင့်အောက် ကျွန်တော်က ဘယ်နေရာက လိမ့်ကျသလဲလို့ မေးတော့ ခင်ဗျားကလဲ ကိုအံ့ကြီး ပြတဲ့အတိုင်း ဒီသစ်ကိုင်းပေါ်က ကျတယ်ဆိုပြီး လက်ညှိုးထိုးပြတယ်၊ ခင်ဗျား ပြတဲ့နေရာမှာ သစ်ကိုင်းလဲ မရှိဘူးဗျ ...

... ပြီးတော့ ကျွန်တော်က ငုတ်ကလေးပေါ်က ခွပြီး မော့ကြည့်တယ် မဟုတ်လား၊ အဲဒါတစ်ခြား မဟုတ်ဘူး၊ သူ ကျတဲ့နေရာ အမှတ်ပေါ်က တည့်တည့်မော့ကြည့်တော့ ဘယ်နေရာက ကျခဲ့တယ်ဆိုတာ သိတာပေါ့ဗျာ၊ ကြည့်လိုက်တော့ တခြားနေရာက မဟုတ်ဘူးဗျ၊ ကိုဘတင် ထိုင်စောင့်နေတဲ့ နေရာတည့်တည့် လင့်စင်ပေါ်က ကျတာပဲဗျ၊ ဘယ်သစ်ကိုင်းပေါ်က ချော်ကျတာမှ မဟုတ်ဘူးဗျ'

**ကျွန်တော်။** ။'ဟုတ်လိမ့်မယ်ဗျို့'

**ရှား။** ။'ပြီးတော့ ကျားကိုက်တဲ့နေရာမှ သွေးတစ်စက်မှ မတွေ့ဘူးလို့ ခင်ဗျား ပြောတယ်'

**ကျွန်တော်။** ။'ဟုတ်တယ်'

**ရှား။** ။'လူအရှင်ကိုသာ ကျားမဆိုထားနှင့် ကြောင်ကိုက်ရင်တောင်မှ သွေးတော့ ထွက်ရဦးမှာပေါ့ဗျ'

**ကျွန်တော်။** ။'ဟုတ်တယ်ဗျာ၊ ကျုပ်လဲ စဉ်းစားတော့ စဉ်းစားပါသေးတယ်၊ တွေးလို့ကို မရဘူး'

**ရှား။** ။'အဲဒီတော့ ကျခဲ့တာ အရှင်ကောင် မဟုတ်နိုင်ဘူး၊ အသေကောင်ဖြစ်ရမယ်'

**ကျွန်တော်။** ။'ဟုတ်မှာပဲဗျို့'

**ရှား။** ။'ဒီနောက် ခင်ဗျားစောင့်တဲ့ လင့်ရောက်တော့ အလောင်းမှာ ဒဏ်ရာကြည့်ကြတယ် မဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်တယ်'

**ရှား။** ။'လက်မောင်းကလွဲပြီး ဒဏ်ရာမရှိဘူး ဟုတ်လား'

**ကျွန်တော်။** ။'ဟုတ်တယ်'

**ရှား။** ။'ခင်ဗျားပဲ ပြောတယ်မဟုတ်လား၊ ကျားများဟာ ဘာကောင်ကို မဆို ကိုက်ရင် လည်ပင်းကို ကိုက်သတ်တယ်လို့ ဆိုတယ် မဟုတ်လား'

**ကျွန်တော်။** ။'ဒီလိုပဲ ကျုပ်တော့ သိတာပဲ'

**ရှား။** ။'ဟုတ်ပါတယ်ဗျ၊ ဒီကျားကျမှ လက်မောင်းကို ကိုက်သတ်တာမဟုတ်ပါဘူး၊ လက်မောင်းဒဏ်ရာကတော့ အသေကောင်ဆွဲယူခဲ့တာပါ၊ စားတာကတော့ အူအသည်းကလေးတွင် စားပြီး တစ်ကောင်လုံးထားခဲ့တယ်၊ တကယ်လို့ ဝသွားရင်တောင် ခင်ဗျားစောင့်တဲ့ ညထိအောင်တော့ အစာမစားဘဲ မနေနိုင်ပါဘူး၊ ဒီကျား မသေသေးရင် ဒီအသေကောင် လာစားလို့ ဒီကျား ခင်ဗျား ပစ်ရမှာပေါ့၊ ခင်ဗျား တစ်ညလုံးစောင့်တာ မလာဘူးဆိုတော့ ကျုပ်က ဒီကျား အမှန်သေနေပြီ၊ သေရင်လဲ သေနတ်မှန်လို့ မဟုတ်၊ ဟိုတုန်းက ကိုအံ့ကြီးပစ်တုန်းကလဲ လူကိုမှန်မှာစိုးလို့ တစ်ခြားကို ချော်ပစ်ရတယ် ပြောတယ် မဟုတ်လား ...

... ဒီတော့ ဒီကျားဟာ အမှန် အဆိပ်သောက်သေတဲ့လူကို စားမိလို့ သေတယ်လို့ တွေးရတာပေါ့၊ ကျုပ်တွေးတဲ့အတိုင်း မှန်နေတယ် မဟုတ်ဘူးလား'

**ကျွန်တော်။** ။'ဟုတ်ပါတယ်'

**ရှား။** ။'ကျားလင့်အောက် မရောက်ခင်ကတည်းက ကိုဘတင် သေနေတယ်၊ ကျားလာတော့ ကန်ချလိုက်တာပေါ့၊ ဘာခက်သလဲ၊ ကျားကလဲ အလွယ်တကူ ကောက်ယူသွားမှာပေါ့'

**ကျွန်တော်။** ။'ခင်ဗျားတွက်တဲ့ အစီအစဉ်ကတော့ မှန်ပါပြီဆိုပါတော့၊ သို့သော် ကိုအံ့ကြီးဟာ မအေးရှင်ကို ကြိုက်လို့လုပ်ပြီ ထားပါတော့၊ မအေးရှင်ကို ဘာကြောင့် နှစ် တရားခံ ထားသလဲဗျ'

**ရှား။** ။'သူကိုယ်တိုင်က လင့်စောင့်သွားဖို့ရာ တိုက်တွန်းတယ် မဟုတ်လား၊ ဒီအကြံ သူသိမှာပေါ့၊ ကိုင်း ခုကြည့်ပါလား၊ လင့်အလောင်းကို မသင်္ဂြိုဟ်ခဲ့ဘဲ တောထဲထားပစ်ခဲ့ပြီး ကိုအံ့ကြီးနှင့် မေမြို့ (ပြင်ဦးလွင်) ကို လိုက်သွားမလို့တဲ့ဗျ၊ သူတို့ကို ဖမ်းမယ်လုပ်တော့ ရေထဲခုန်ဆင်းသေမယ် လုပ်သေးတာပဲ၊ ကျွန်တော် စောစောထဲက သူ နေရာပြောင်းတာကို ရိပ်မိလို့ သူ့အနားကို ကပ်နေတာပေါ့ဗျ၊ ကျွန်တော်သာ သူ့အနားမှာ မရှိရင် ခုနေခါ သည်အမှု ပိတ်လိုက်ရတော့မှာပဲ'

ဟု ရှင်းလင်းအောင် ပြောပြမှပဲ ကျွန်တော်မှာ နားလည်နိုင်တော့သတည်း။

**ပြီးပါပြီ။**

× × × × × ×